# မျက်မှောက်ကာလ
# မှ
# ထာဝရကာလသို့



# မျက်မှောက်ကာလမှထာဝရကာလသို့

Ellen G. White ရေးသားပြုစုသော From Here to Forever (The Great Controversy) စာအုပ်ကို သိက္ခာတော်ရဓမ္မဆရာဦးရဲကိုက "မျက်မှောက်ကာလမှထာဝရကာလသို့" အမည်ဖြင့် မြန်မာပြန်ဆိုသည်။

အသင်းတော်တွင်းကန့်သတ်

| အခန်း | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | ယေရှုရှုလင်မြို့ကြီး၏ကံကြမ္မာကိုခန့်မှန်းခြင်း ........................ | ၁ |
| ၂။ | သစ္စာရှိ–ရှေးဦးခရစ်ယာန်အစစ်အမှန်များ ................................ | ၂၀ |
| ၃။ | ရှေးဦးအသင်းတော်တွင်းဝိညာဉ်ရေးအမှောင်ထု ........................ | ၃၀ |
| ၄။ | ယုံကြည်ခြင်းကိုထိန်းသိမ်းကာကွယ်သူဝေါလ်ဒင်းဆီးများ ........ | ၄၅ |
| ၅။ | အင်္ဂလန်၌သမ္မာတရားအလင်းထွန်းလင်းလာခြင်း ...................... | ၆၄ |
| ၆။ | သေမင်းနှင့်ရင်ဆိုင်ခဲ့ရသောသူရဲကောင်းနှစ်ဦး .......................... | ၈၃ |
| ၇။ | လူသား–သူ့ခေတ်အတွက်လူသားတစ်ဦး ...................................... | ၁၁၁ |
| ၈။ | သမ္မာတရားကိုခုခံကာကွယ်သူ ...................................................... | ၁၄၁ |
| ၉။ | ဆွစ်ဇာလန်တွင်ထွန်းတောက်နေသောအလင်း ............................ | ၁၇၃ |
| ၁၀။ | ဂျာမနီပြည်တွင်အမှုတော်တိုးတက်ခြင်း ........................................ | ၁၈၇ |
| ၁၁။ | မင်းညီမင်းသားများ၏ဆန္ဒပြကန့်ကွက်မှု ...................................... | ၂၀၁ |
| ၁၂။ | ပြင်သစ်နိုင်ငံတွင်ရောင်နီဦးထွက်ပေါ်လာခြင်း ................................ | ၂၁၅ |
| ၁၃။ | နယ်သာလင်နိုင်ငံနှင့်စကင်ဒီနေးဗီးယား ........................................ | ၂၄၆ |
| ၁၄။ | ဗြိတိန်သို့အမှန်တရားရောက်ရှိလာခြင်း ............................................ | ၂၅၅ |
| ၁၅။ | ပြင်သစ်ပြည်၏ကြောက်စရာ့ကာလ .................................................. | ၂၇၇ |
| ၁၆။ | ကမ္ဘာသစ်တွင်လွတ်လပ်မှုကိုရှာဖွေခြင်း .......................................... | ၃၀၃ |
| ၁၇။ | ခရစ်တော်ပြန်လည်ကြွလာမည်ဟူသောကတိတော်များ ................ | ၃၁၅ |
| ၁၈။ | ကမ္ဘာသစ်တွင်အလင်းသစ်ထွန်းလင်းခြင်း ...................................... | ၃၃၄ |
| ၁၉။ | အဘယ်ကြောင့်အကြီးအကျယ်စိတ်ပျက်ခဲ့ရသနည်း .................... | ၃၆၄ |
| ၂၀။ | ခရစ်တော်ကြွလာခြင်းကိုမြတ်နိုးခြင်း ................................................ | ၃၇၈ |
| ၂၁။ | လေပွေစပါးကိုရိတ်သိမ်းခြင်း ............................................................ | ၄၀၁ |
| ၂၂။ | အနာဂတ္တိစကားများပြည့်စုံခြင်း ........................................................ | ၄၁၉ |
| ၂၃။ | ဗိမာန်တော်၌ဖွင့်ဟထားသောနက်နဲသည့်အရာ .............................. | ၄၃၅ |

| အခန်း | မာတိကာ | စာမျက်နှာ |
| --- | --- | --- |


၂၄။ ခရစ်တော်သည် မည်သည့်အမှုတော်ကို
ယနေ့ဆောင်ရွက်နေသနည်း ............................................... ၄၅၃
၂၅။ ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောပညတ်တော် ............ ၄၆၄
၂၆။ သမ္မာတရားအတွင်ခုခံကာကွယ်သူများ ............................ ၄၈၆
၂၇။ ခေတ်သစ်ဝိညာဉ်ရေးနိုးကြားမှုများ
မည်သို့အောင်ပွဲဆင်နေသနည်း ............................................ ၄၉၅
၂၈။ အသက်တာမှတ်တမ်းများနှင့်ရင်ဆိုင်ခြင်း .......................... ၅၁၆
၂၉။ အဘယ်ကြောင့်အပြစ်တရားကိုခွင့်ပြုတော်မူခဲ့ရသနည်း ...... ၅၃၃
၃၀။ စာတန်နှင့်လူသားများတိုက်လှန်ခြင်း .................................. ၅၄၉
၃၁။ မကောင်းသောနာမ်ဝိညာဉ်များ
(ဆိုးယုတ်သောကောင်းကင်တမန်များ).................................. ၅၅၅
၃၂။ စာတန်အပေါ်အောင်ပွဲဆင်ခြင်း ............................................ ၅၆၃
၃၃။ သေလွန်ခြင်း၏နောက်ကွယ်တွင် ............................................ ၅၇၉
၃၄။ နံဝိညာဉ်ဝါဒတွင်လျှပ်ရှားနေသောဝိညာဉ်များ ...................... ၆၀၀
၃၅။ အခြိမ်းခြောက်ခံနေရသည့်သြတ္တပ္ပစိတ်လွတ်လပ်မှု ................ ၆၁၃
၃၆။ ဖြစ်ပျက်အံ့ဆဲဆဲအငြင်းပွားမှုကြီး ........................................ ၆၃၅
၃၇။ ကျွန်ုပ်တို့အတွက်တစ်ခုတည်းသောကွယ်ကာရာ ...................... ၆၄၈
၃၈။ ဘုရားသခင်ထံမှလာသောနောက်ဆုံးသတင်းစကား ................ ၆၅၈
၃၉။ ဒုက္ခဆင်းရဲခြင်းကာလ .......................................................... ၆၆၉
၄၀။ ဘုရားသခင်၏သားသမီးများကယ်လွှတ်ခြင်းခံရခြင်း .............. ၆၉၁
၄၁။ ဤကမ္ဘာကြီးပျက်စီးသွားခြင်း .............................................. ၇၁၂
၄၂။ ထာဝရငြိမ်သက်ခြင်း (တိုက်လှန်ပွဲကြီးအဆုံးသတ်ခြင်း) ......... ၇၂၃

# အခန်း (၁)
# ယေရုရှလင်မြို့ကြီး၏ကံကြမ္မာကိုခန့်မှန်းခြင်း

သခင်ယေရှုဟာ သံလွင်တောင်ပေါ်မှနေပြီးတော့ ယေရုရှလင်မြို့ကိုကြည့်ရှုတော်မူ၏။ သလင်းကျောက်ဖြင့်တည်ဆောက်ထားတဲ့ မြို့ရိုးများ၊ ခမ်းနားကြီးကျယ်တဲ့ ဗိမာန်တော်အဆောက်အအုံများ၊ ရွှေရောင်ထနေတဲ့ နန်းမျှော်စင်နှင့်ပြဿဒ် စသည့်မြင်ကွင်းများကို မြင်တွေ့ရသူအစ္စရေးအမျိုးသားများဟာ ပီတိဖြာဝေကာ ဂုဏ်ယူမဆုံး တပြုံးပြုံးဖြစ်နေကြပါတယ်။ သို့ရာတွင် ထိုမြင်ကွင်းကိုကြည့်တော်မူသည့်သခင်ယေရှုသည် စိတ်တော်တွင် အထွေးတစ်ခုဝင်လာကာ " ငိုကြွေးတော်မူ၏ " လုကာ ၁၉း၄၁။

မကြာမီအချိန်အတွင်းရင်ဆိုင်ရမည့် ဂေသရေမန်ဝေဒနာနှင့် ကရာနီကပ်တိုင်တို့ကြောင့် မျက်ရည်ကျတော်မူသည်မဟုတ်။ ထောင်ပေါင်းများစွာသောယေရုရှလင်မြို့သားများ၏အနာဂတ်ကံကြမ္မာကို ကြိုတင်မြင်တွေ့နေရသောကြောင့် ကိုယ်တော်မျက်ရည်ကျတော်မူခြင်းဖြစ်သည်။

နှစ်ပေါင်းတစ်ထောင်မကရွေးချယ်ခြင်းခံရသောအစ္စရေးလူမျိုးများအပေါ် ရစ်ပတ်ခဲ့သည့် ဘုရားသခင်၏မစကရုဏာခြင်းဆိုင်ရာမြင်ကွင်းကြီးသည် သခင်ယေရှုရှေ့မှောက်တွင် ထင်ဟပ်လာပါသည်။ ယေရုရှလင်မြို့ဟာ အခြားမြို့များထက် ဂုဏ်ပြုတော်မူခြင်းကိုခံခဲ့ရသည်။ " ထာဝရဘုရားသည် ဇိအုန်မြို့ကိုရွေးကောက်၍ အမြဲနေတော်မူရာဖို့ အလိုတော်ရှိသည်။" ဆာလံ ၁၃၂း၁၃။ သန့်ရှင်းသောပုရောဖက်များသည် သတိပေးစကားများကိုသုံးကာ ခေတ်အဆက်ဆက် ဆုံးမ

ခဲ့ကြသည်။ ဘုရားသခင်၏သိုးသငယ်ကိုပြည့်ညွှန်သည့် ယဇ်ကောင်များ၏အသွေးကိုလည်း နေ့စဉ်ပူဇော်ခဲ့ကြပြီ။

အစ္စရေးများသည် ဘုရားသခင်အပေါ် ကျေးဇူးသစ္စာစောင့်သိခဲ့ကြမည်ဆိုလျှင် ယေရုရှလင်မြို့တည်းဟူသောဘုရားသခင်ရွေးချယ်ထားသောထိုမြို့သည် ထာဝရတည်ရှိနေပေလိမ့်မည်။ သို့သော် ဖခင်တစ်ဦး၏မေတ္တာမက ကြီးမားသောမေတ္တာနှင့် ရစ်ပတ်ခဲ့သော်လည်း ထိုလူမျိုး၏အတိတ်ရာဇဝင်သည် ဖေါက်ပြန်မှု၊ ပုန်ကန်မှုများနှင့်သာပြည့်ဝနေ၏။ တောင်းပန်ခယ၊ ဆုံးမသွန်သင်ခြင်းများနှင့် မအောင်မြင်သည့်အဆုံးတွင် ဘုရားသခင်သည် ခေါင်းမာသောထိုမြို့ကို အသနားခံရန် နှလုံးသည်းပွတ်ဖြစ်တော်မူသည့်သားတော်ကို စေလွှတ်တော်မူခဲ့သည်။

သခင်ယေရှုသည် လောကတွင်ရှိစဉ်အခါ "မာရ်နတ်ညှဉ်းဆဲသောသူအပေါင်းတို့အား ချမ်းသာကိုပေးလျက်၊ ကျေးဇူးပြုလျက်။" "မျက်စိကန်းသောသူတို့အား အလင်းကိုပေးလျက်၊ ခြေမစွမ်းသောသူတို့အား လှမ်းသွားနိုင်သောအခွင့်ကိုပေးလျက်၊ နူနာစွဲသောသူများအား သန့်ရှင်းခြင်းအခွင့်ကိုပေးလျက်၊ နားမကြားသောသူများအား သောတအာရုံကိုပေးလျက်၊ သေသောသူများအား ထမြောက်ခြင်းအခွင့်ကိုပေးလျက်၊ ဆင်းရဲသောသူတို့အား ဝမ်းမြောက်စရာသတင်းကိုကြားပြောလျက်" ထိုလူမျိုးတို့တွင် သုံးနှစ်သုံးမိုးထွက်ဝင်တော်မူခဲ့၏။

ကိုယ်ပိုင်အိမ်ရာဟူ၍ ပြစရာမရှိခဲ့သောကိုယ်တော်သည် လူသားများ၏လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက်၊ လူသားများပေါ်ကျရောက်မည့်ဆိုးကျိုးများကို ဖေါ်ပြရန်အတွက်၊ ထာဝရအသက်

ဆုကျေးဇူးကိုလက်ခံကြဖို့ လူသားများအား အသနားခံရန်အတွက် လောကတွင် အသက်ရှင်နေထိုင်တော်မူခဲ့ရသည်။ စိတ်နှလုံးခိုင်မာသောထိုသူများ၏တုံ့ပြန်မှုများသည် မဟာမေတ္တာတော်အရှင်၏ စိတ်နှလုံးကို အထူးထိခိုက်စေပါသည်။ အကြောင်းမှာ ထိုသူတို့သည် အကောင်းဆုံးမိတ်ဆွေနှင့် တစ်ပါးတည်းသောမစရှင်အား ကျောခိုင်းကာ မဟာမေတ္တာတော်အရှင်၏တောင်းဆိုချက်များကို မထီမဲ့မြင်ပြုခဲ့ကြပါသည်။

မျှော်လင့်ခြင်းနှင့် ခွင့်လွှတ်ခြင်းအတွက် သတ်မှတ်ထားသော အချိန်များသည် အလျင်အမြန်ကုန်ဆုံးလျက်ရှိသည်။ အယူဝါဒလွဲမှားခြင်းနှင့် ပုန်ကန်ခြင်းများကျူးလွန်ခဲ့သောရာစုနှစ်အဆက်ဆက်စုစည်းခဲ့သည့် ဒုက္ခဆင်းရဲခြင်းတိမ်တိုက်ကြီးသည် ထိုဒုစရိုက်လူစုအပေါ်ကျရောက်အံ့ဆဲဆဲရှိချေပြီ။ ကျရောက်တော့မည့်ကြမ္မာဆိုးမှကယ်တင်နိုင်သည့် တစ်ပါးတည်းသောကယ်တင်ရှင်ကို ငြင်းပယ်စော်ကားကာ မကြာမီတွင် ကပ်တိုင်တင်၍ သတ်ကြပေတော့မည်။

သခင်ယေရှုသည် ယေရုရှလင်မြို့ကြီးကိုကြည့်နေစဉ်တွင်ပင် ထိုမြို့နှင့်တကွ အစ္စရေးလူမျိုးတစ်မျိုးလုံးအပေါ်သို့ ကျရောက်တော့မည့်ကြမ္မာဆိုးကိုမြင်တွေ့တော်မူ၏။ မကြာမြင့်မီအချိန်မှစ၍ ဘုရားသခင်စံမြန်းရာနေရာအဖြစ်မှ ရပ်စဲခြင်းခံရတော့မည့် ယေရုရှလင်မြို့ပေါ်သို့ ဓါးများဖြင့်လွှမ်းမိုးထားသည့် အဖျက်ကောင်းကင်တမန်ကို ကိုယ်တော်မြင်တွေ့တော်မူ၏။ မကြာမြင့်မီအချိန်အတောအတွင်း၌ ဗိုလ်ချုပ်တိုက်တပ်စ်နှင့် ၎င်း၏စစ်တပ်က သိမ်းပိုက်တော့မည့်နေရာမှနေ၍ သန့်ရှင်းရာဌာနတော်ကို ကိုယ်တော်လှမ်းကြည့်လိုက်ရာ မြို့တော်၏မြို့ရိုးများကို တိုင်းတစ်ပါးသားများဝန်းရံနေသည်ကို

မျက်ရည်စို့နေသောမျက်ဝန်းတွင် ခပ်မွှားမွှားမြင်တွေ့နေရပြီး တိုင်းတစ်ပါးစစ်တပ်များ၏စစ်ချီသံများကိုလည်းကောင်း၊ ရန်သူများ ဝန်းရံထားသည့် မြို့တော်တွင်းရှိ မိခင်များ၏အော်ဟစ်ငိုကြွေးသံများ နှင့်အစာတောင်းနေသည့်ကလေးငိုသံများကိုလည်းကောင်း နားတော် တွင်ကြားယောင်နေရပါသည်။ ၎င်းပြင် သန့်ရှင်းရာအိမ်တော်၊ လှပ သောနန်းတော်၊ တင့်တယ်သောမျှော်စင်ပြင်သဿဒ်များသည် မီးဟုန်းဟုန်း တောက်ကာ ပျက်စီးသွားသည်ကိုလည်း အမြင်ရူပါရုံတွင် အထင်သား ပေါ်လွင်နေပါသည်။ ကိုယ်တော်သည် နိုင်ငံအရပ်ရပ်သို့ ခေတ်အဆက် ဆက်ကွဲလွင့်သွားကြမည့် ပဋိညာဉ်နှင့်စပ်ဆိုင်သောအစ္စရေး များကို အမြင်အာရုံတွင်တွေ့မြင်ကာ သနားကြင်နာသောစိတ်ဖြင့် "အိုယေရုရှလင်မြို့၊ သင်သည် ပုရောဖက်တို့ကိုသတ်မြဲရှိ၏။ သင်ရှိ ရာသို့စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့်ပစ်မြဲရှိ၏။ ကြက်မ သည်မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သား တို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာငါအလိုရှိပြီ။ သင်မူကား အလိုမရှိ" ဟုဝမ်းနည်းပက်လက်မြွက်ဆိုခဲ့၏။

မယုံကြည်ခြင်းနှင့် ပုန်ကန်ခြင်းနားခြင်းများအားဖြင့် စိတ်ခိုင်မာ သောလောကသားများ၊ ဘုရားသခင်၏ပြစ်ဒဏ်စီရင်မှုကို ပြေးတွေ့ နေသောလောကီသားများ၏သင်္ကေတများကို ယေရုရှလင်မြို့၏ဖြစ်ရပ် များတွင် ကိုယ်တော်မြင်တွေ့နေရပါသည်။ ထို့ကြောင့် ဆင်းရဲဒုက္ခ နှင့်ရင်ဆိုင်ကြရတော့မည့် လောကသားတစ်ဦးစီအတွက် ကိုယ်တော် သည်စိတ်နှလုံးညှိုးငယ်တော်မူ၏။ ထိုဒုက္ခဆင်းရဲခြင်းများမှ ၎င်းတို့ ကင်းလွတ်သွားကာ ကယ်တင်ခြင်းရရှိသွားစေဖို့ရန် မိမိ၏အသက် တော်ကိုပင် စွန့်ရန်ဆန္ဒပြင်းပြနေတော်မူပါသည်။

ကောင်းကင်ဗိုလ်ခြေအရှင်သည် မျက်ရည်ကျတော်မူ၏။ အပြစ်ကျူးလွန်သူတစ်ဦးအား ပညတ်တော်လွန်ကျူးခြင်း၏ဆိုးကျိုးများမှကယ်တင်ရန် မည်မျှခက်ခဲသည်ဆိုသည့်အချက်ကို ဤမြင်ကွင်းကဖော်ပြနေပါသည်။ ယေရုရှလင်မြို့ကြီးအား ဘုရားသခင်ဖျက်ဆီးပစ်လိုက်အောင် ကျူးလွန်ခဲ့သည်ဒုက္ခမျိုးကို ဤကမ္ဘာကြီးကလည်းကျူးလွန်နေသည်ကို ယေရှုရှင်မြင်တွေ့တော်မူခဲ့သည်။ ယုဒများ၏အကြီးမားဆုံးသောအပြစ်ဒုစရိုက်မှာ ခရစ်တော်ကို ငြင်းပယ်ခြင်းဖြစ်သကဲ့သို့ ဤကမ္ဘာကြီး၏အကြီးမားဆုံးသောဒုစရိုက်မှုမှာ နိုင်ငံတော်၏အုတ်မြစ်ဖြစ်သောပညတ်တော်ကို ငြင်းပယ်ခြင်းဖြစ်လိမ့်မည်။ အပြစ်၏ချုပ်နှောင်မှုအောက်တွင် ဒုတိယသေခြင်းကို ရင်ဆိုင်ရန်စီရင်ချက်ချခြင်းခံရမည့်လူများစွာတို့သည် သမ္မာတရား၏ဖွင့်ဆိုချက်များကို နားထောင်လိုက်လျှောက်ရန် ငြင်းဆန်ကြလိမ့်မည်။ Rom, 7:12, John 14:15. ယေရှုခရစ်အသက်ပေးပြီးချစ်တဲ့သောတရင်များခင်ဗျား– ချစ်ခြင်းမေတ္တာကို အခြေခံထားတဲ့ပညတ်တော်များကိုအမွန်အမြတ်ထားသူများဖြစ်အောင် ဘုရားသခင်ကောင်းချီးချပေးပါစေလို့ ဆုတောင်းပေးရင်း – နိဂုံးချုပ်– (ဆုတောင်း)။

## ပြစ်ဒဏ်စီရင်ခြင်းခံရသော ခမ်းနားကြီးကျယ်သည့်ဗိမာန်တော်ကြီး

ယေရုရှလင်မြို့ကြီးဘာကြောင့်ပျက်စီးခဲ့ရသလဲ။ pp, 17.18 တောင်ပေါ်သို့ရောက်တယ်ဆိုရင်ပဲ– အလွန်တင့်တယ်တဲ့ဗိမာန်တော်ကြီးကိုလှမ်းပြီးမြင်နေရပါတယ်။

ခရစ်တော်သည် ယေရုရှလင်မြို့ကို အပေါ်စီးမှမြင်တွေ့ရသည့် သံလွင်တော်ပေါ်သို့ ပသခါပွဲမတိုင်မီ (၂) ရက်အလိုတွင်တပည့်တော်များနှင့်အတူ တစ်ဖန်သွားရောက်တော်မူခဲ့သည်။ ယုဒဘုရင်များတွင် ပညာအရှိဆုံးဖြစ်သောရှောလမုန်ဘုရင်ကြီး အပြီးသတ်တည်ဆောက်ခဲ့တဲ့ အရောင်အဝါများတောက်ပပြီး တင့်တယ်လှပတဲ့ဗိမာန်တော်တော့မဟုတ်ပါဘူး။ မူလဗိမာန်တော်ကြီးကို နေဗုခဒ်နေဇာမင်းကြီးက ဖျက်ဆီးခဲ့ရာ၊ ခရစ်တော်မတိုင်မီ နှစ်ပေါင်း (၅၀၀) လောက်တွင် ပြန်လည်တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ခမ်းနားမှုအရာတွင် ဒုတိယဗိမာန်တော်သည် ပထမဗိမာန်တော်ကိုမမီပါချေ။ ဘုရားသခင်၏ဘုန်းရောင်ခြည်တော် မိုးတိမ်ကိုလည်းကောင်း၊ ယဇ်ပလ္လင်ပေါ်သို့ကျရောက်လာသည့် ကောင်းကင်မီးကိုလည်းကောင်း ဒုတိယဗိမာန်တော်တွင် မတွေ့ရချေ။ ၎င်းပြင် ပဋိညာဉ်သေတ္တာ၊ ကရုဏာပလ္လင်တော်နှင့် သက်သေခံရာ စားပွဲများကိုလည်းမတွေ့ရပါချေ။ ဘုရားသခင်၏အလိုတော်ကို ယဇ်ပုရောဟိတ်များအား ဖွင့်ဆိုသည့် ကောင်းကင်မှမည်သည့်အသံကိုမျှလည်း ဒုတိယဗိမာန်တော်တွင်မကြားရချေ။ သို့ရာတွင် ဒုတိယဗိမာန်တော်ကို ဘုရားသခင်၏မိုးတိမ်အားဖြင့် ဂုဏ်မပြုသော်လည်း အသွေးအသားအားဖြင့် ထင်ရှားစွာဖော်ပြသည့် ဘုရားသခင်ကိုယ်တော်တိုင်အတူရှိခြင်းအားဖြင့် ဂုဏ်ပြုတော်မူခဲ့ပါသည်။ နာဇရက်မြို့သားယေရှုသည် သန့်ရှင်းရာဗိမာနင်တော်ပရဝဏ်ထဲသို့ ကြွမြန်းတော်မူခဲ့ပြီးလူသားများကို သွန်သင်တော်မူခဲ့သည်၊ ကုသပေးတော်မူခဲ့သည်။ သို့ရာတွင် ကမ်းလှမ်းတော်မူသည့်ထိုဆုမင်္ဂလာကို အစ္စရေးများက မျက်နှာလွှဲခဲ့ကြပါသည်။ ထို့ကြောင့် ရွှေဝါရောင်ဂိတ်တံခါးမှထွက်ခွါ

သွားသည့်ထိုသခင်နှင့်အတူ ကောင်းကင်မှဘုန်းရောင်ခြည်တော်များ သည်လည်း ဗိမာန်တော်မှ အစဉ်အမြဲခွဲခွါသွားပါတော့သည်။ "သင်တို့ နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက်ကျန်ရစ်ရ၏။" ဟုဖွင့်ဆို ထားနှင့်ပြီးသောသခင်ယေရှု၏မိန့်ဆိုချက်သည် ဤအချိန်တွင် ပြည့်စုံ ခြင်းသို့ရောက်ခဲ့ပါသည်။ မဿဲ ၂၃း၃၈။

ဗိမာန်တော်ကြီးသည် ပျက်စီးလိမ့်မည်ဟူသောခရစ်တော်၏ အနာဂတ္တိစကားကို ကြားရသောတပည့်တော်များသည် အံ့ဩထိတ်လန့် သွားကာ အဓိပ္ပါယ်ကိုလည်းသိလိုကြသည်။ ဟေရုဒ်မင်းကြီးသည် ရောမများနှင့် ယုဒများထံမှစုဆောင်းရသမျှဘဏ္ဍာများကို ဗိမာန် တော်တည်ဆောက်ရာတွင် အသုံးပြုခဲ့သည်။ ကြီးမားသောစကျင် ကျောက်တုံးကြီးများကို ရောမမှသယ်ဆောင်ကာ တည်ဆောက်ခဲ့သည်။ ထိုကြောင့် "တပည့်တော်တစ်ယောက်က ကိုယ်တော်၊ ကြည့်ရှုတော် မူပါ။ ရောမကျောက်ကြီးတကား။ ရောမတိုက်ဆောင်ကြီးတကားဟု လျှောက်၏။" မာကု ၁၃း၁။

ထိုအခါ ယေရှုခရစ်က "ငါအမှန်ဆိုသည်ကား မဖြိုမချဘဲ ကျောက်တစ်ခုပေါ်မှာ တစ်ခုမျှတည်မနေရ" ဟုအံ့ဩထိတ်လန့်စရာ မိန့်ဆိုတော်မူ၏။ မဿဲ ၂၄း၂။ "ထိုအမှုအရာတို့သည် အဘယ် ကာလမှာဖြစ်မည်ကိုလည်းကောင်း၊ ဤကပ်ကမ္ဘာကုန်သောပုဗ္ဗနိမိတ် သည် အဘယ်နိမိတ်ဖြစ်မည်ကိုလည်းကောင်း အမိန့်ရှိတော်မူပါဟု လျှောက်ကြ၏။" မဿဲ ၂၄း၃။

ခရစ်တော်သည် ကပ်ကမ္ဘာမကုန်မီတွင် ဖြစ်ပျက်မည့်အထင် ကရအဖြစ်အပျက်များအကြောင်းကို အကြမ်းဖျင်းသာမိန့်ဆိုတော်မူခဲ့ သည်။ ကိုယ်တော်၏အနာဂတ္တိစကားတွင် အနက် (၂) မျိုးပါဝင်

နေရာယေရုရှလင်မြို့ကြီးပျက်စီးသွားခြင်းအပြင် နောက်ဆုံးသော နေ့ရက်ကြီးတွင် ရင်ဆိုင်ရမည့်ကြောက်လန့်စရာများကိုလည်းအရိပ် နိမိတ်ပေးလျက်ရှိသည်။

မေရှိယကိုငြင်းပယ်ခြင်းနှင့် ကပ်တိုင်တင်၍ သတ်ခဲ့ခြင်းတို့ ကြောင့် အစ္စရေးများအပေါ်သို့ ပြစ်ဒဏ်စီရင်တော်မူသည်မှာ "ပုရောဖက်ဒံယေလဟောသည်အတိုင်း ဖျက်ဆီးတတ်သောရွံရှာဖွယ် အရာသည် သန့်ရှင်းသောအရပ်ဌာန၌ စိုက်နေသည်ကိုသင်တို့မြင် ရလျှင် ကျမ်းစာကိုကြည့်သောသူသည် နားလည်ပါစေ။ ထိုသို့မြင် ရလျှင် ယုဒပြည်၌ရှိသောသူတို့သည် တောင်ပေါ်သို့ပြေးကြစေ" ဟူ၍ဖြစ်၏။ မဿဲ ၂၄:၁၅–၁၆ (လုကာ ၂၁:၂၀–၂၁)။ ရောမများ၏ ရုပ်တုဆိုင်ရာလုပ်ဆောင်မှုများသည် သန့်ရှင်းရာဌာနတော်၌ရောက်ရှိ လာသောအချိန်တွင် ခရစ်တော်၏နောက်လိုက်များသည် ဘေးလွတ် ရာသို့ပြေးကြရန်ဖြစ်သည်။ မနှောင့်နှေးမှသာလျှင် အသက်လွတ်ကြ ပေလိမ့်မည်။ ယေရုရှလင်မြို့သည် မိမိ၏အပြစ်ဒုစရိုက်များကြောင့် အမျက်တော်သင့်ကာ မိမိ၏ယုံကြည်မှုကြောင့် ပြစ်ဒဏ်စီရင်မှုကို ခံခဲ့ရပါသည်။ မိက္ခာ ၃:၉–၁၂။

ယေရုရှလင်မြို့သားများသည် မိမိတို့ကျူးလွန်ခဲ့သောအပြစ် ကြောင့် ဖြစ်ပေါ်လာသည့်ဒုက္ခများကို ခရစ်တော်ကြောင့် မိမိတို့ဒုက္ခ နှင့်ရင်ဆိုင်ရသည်ဟု စွပ်စွဲပြောဆိုလာကြသည်။ ကိုယ်တော်၌အပြစ် တစ်စုံတရာမျှမရှိကြောင်းသိလျက်နှင့် အစ္စရေးတစ်မျိုးသားလုံး၏ လုံခြုံရေးအတွက် ကိုယ်တော်အသေခံမှဖြစ်မည်ဟု သူတို့ကြေညာခဲ့ သည်။ နိုင်ငံတစ်ခုလုံးပျက်စီးသွားခြင်းနှင့်နှိုင်းစာလျှင် လူတစ်ဦးသေ သွားခြင်းက ပို၍ကောင်းသည်ဟူသောယဇ်ပုရောဟိတ်တို့၏ဆုံးဖြတ် ချက်ကို သူတို့သဘောပေါက်ခဲ့ကြသည်။

မိမိတို့၏အပြစ်များကို ဖေါ်ပြဆုံးမသောကြောင့် ကယ်တင်ရှင်ကိုသူတို့ကပ်တိုင်တင်၍ သတ်ပစ်စဉ်မှာပင် မိမိတို့သည် ဘုရားသခင်သားသမီးများဖြစ်ကြသည်ဟု ဖွင့်ဆိုကာ မိမိတို့အားရန်သူများလက်မှ သခင်ဘုရားလာရောက်ကယ်ဆယ်မည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ **Rom 5:6,8.** ယုဒများ၏အပြစ်များကြောင့် ယေရှုရှလင်၏ ဗိမာန်တော်ပျက်ပြီး ခရစ်တော်ရဲ့အသေခံခြင်းကြောင့် – **Isa, 53:3.**

## ထာဝရဘုရား၏စိတ်ရှည်တော်မူခြင်း

ထာဝရဘုရားသည် ၎င်းတို့အား အပြစ်ဒဏ်စီရင်သင့်သော်လည်း အနှစ် (၄၀) စောင့်ဆိုင်းတော်မူခဲ့သည်။ ခရစ်တော်၏ ဇာတိတော်နှင့် အမှုတော်အကြောင်းကို မသိနားမလည်သေးသည့် ယုဒလူအရေအတွက်မှာလည်း များပြားစွာရှိနေသေး၏။ မိဘများက လက်ခံရန် ငြင်းဆန်ခဲ့သောအလင်းတော်ကို ယုဒလူငယ်များမခံစားရသဖြင့် ဘုရားသခင်သည် တမန်တော်များအားဖြင့် ၎င်းတို့အား အလင်းပြတော်မူခဲ့သည်။ ထိုယုဒလူများသည် ခရစ်တော်၏လူဇာတိခံယူခြင်း၌သာမက အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းများတွင် အနာဂတ္တိစကားများပြည့်စုံနေသည်ကိုတွေ့မြင်ကြရသည်။ ထိုလူငယ်များသည် မိဘများ၏အပြစ်ကြောင့် တရားစီရင်ခြင်းခံကြရမည်မဟုတ်သော်လည်း ပြတော်မူသောအလင်းကို လက်ခံရန်ငြင်းဆန်ပါလျှင် သူတို့သည်လည်း မိမိတို့၏မိဘများနှင့်အတူ အမျက်တော်စပျစ်ရည်ကိုသောက်ကြရလိမ့်မည်။

ထိုယုဒများသည် ကရုဏာတော်၏နောက်ဆုံးဖိတ်ခေါ်မှုကို ခေါင်းမာစွာဖြင့်ငြင်းဆန်ခဲ့ကြသည်။ ထိုနောက် ဘုရားသခင်သည်

မိမိ၏အကာအကွယ်ပေးမှုကို ရုပ်သိမ်းတော်မူလိုက်ကာ မိမိတို့ကြိုက်ရာခေါင်းဆောင်၏အုပ်ချုပ်မှုအောက်တွင် နေထိုင်ရန် ထိုသူများအား စွန့်ပစ်တော်မူ၏။ စာတန်ကလည်း ကြမ်းတမ်း၍နိမ့်ကျသောအာသာရမ္မက်များဖြစ်ပေါ်လာစေရန် ထိုသူများ၌နှိုးဆွလိုက်ရာ ဆင်ခြင်တုံမဲ့ကြမ်းတမ်းခက်ထန်စွာ လုပ်ဆောင်လာကြပါသည်။ မိတ်ဆွေအချင်းချင်း၊ ဆွေမျိုးအချင်းချင်း၊ တစ်ယောက်အပေါ်တစ်ယောက် သစ္စာဖေါက်လာကြသည်။ မိဘက သားသမီးကိုသတ်ဖြတ်သကဲ့သို့ သားသမီးများကလည်း မိဘရင်းကိုလုပ်ကြံကြသည်။ အုပ်ချုပ်သူများ၌ အာဏာတန်ခိုးမရှိတော့ဘဲ ကိလေသာဇောအလိုအတိုင်း မင်းမဲ့စရိုက်ကို ကျင့်သုံးနေကြသည်။ ယုဒများသည် မမှန်သောသက်သေများကို လက်ခံကာ အပြစ်ကင်းသောခရစ်တော်ကို ကွပ်မျက်ခဲ့ကြရာ ယခုတွင်မူမမှန်သောစွပ်စွဲမှုများကြောင့် ၎င်းတို့၏အသက်တာများသည် မသေချာမရေရာတော့ချေ။ ဘုရားသခင်ကိုကြောက်ချစ်သည့်စိတ် မလွှမ်းမိုးတော့သည့် ၎င်းတို့၏အသက်တာကို စာတန်သည် မင်းမူလာခဲ့ချေပြီ။

ဆန့်ကျင်ဘက်ဂိုဏ်းဂဏများအကြား ရက်စက်သောလူသတ်ပွဲများဖြစ်ပွားခဲ့သည်။ ရွံ့ရှာဖွယ်ရက်စက်မှုသည် ဗိမာန်တော်ပရဝုဏ်၌ပင်ဖြစ်ပွားလာခဲ့သည်။ သန့်ရှင်းသောဗိမာန်တော်သည် အလောင်းများကြောင့် ညစ်ညမ်းခဲ့ရသည်။ သို့စေကာမူ အလွန်ဆိုးရွားသောဤဖြစ်ရပ်၏ လက်သည်များကမူ ယေရုရှလင်မြို့ကြီးပျက်စီးသွားမှာကိုစိုးရိမ်ဖို့မလိုကြောင်း၊ ဤမြို့သည် ဘုရားသခင်၏မြို့တော်ဖြစ်ကြောင်း ရောမစစ်တပ်က ဗိမာန်တော်ကိုဝိုင်းထားသည့်တိုင် ထာဝရဘုရားသခင်သည် ရန်သူများကိုချေမှုန်းပစ်မည်ကို ယုံကြည်သင့်ကြ

ကြောင်း လူသိရှင်ကြားဖွင့်ဆိုကြသော်လည်း ဘုရားသခင်၏အကာအကွယ်ကို အလေးမထားသောထိုမြို့သည် ယခုတွင်မူ အကာအကွယ်မဲ့လျက်ရှိချေပြီ။

## နိမိတ်ဆိုးများ

ယေရုရှလင်မြို့ကြီးသည် ခရစ်တော်အနာဂတ္တိပြုတော်မူသည့်အတိုင်း တစ်သဝေမတိမ်းပျက်စီးသွားခဲ့ပါသည်။ ပုဗ္ဗနိမိတ်များလည်းထင်ရှားခဲ့ပေပြီ။ လူတစ်ယောက်သည် ခုနစ်နှစ်ခနစ်လီ ယေရုရှလင်မြို့ရှိလမ်းများပေါ်မှာ သတိပေးဟောကြားခဲ့သည်။ ထိုသူတို့ ဖမ်းဆီးချုပ်နှောင်ကာ ကြိမ်ဒဏ်၊ ထောင်ဒဏ်များပေးခဲ့သော်လည်း "ယေရုရှလင်မြို့သည် အမင်္ဂလာရှိ၏" ဟုထင်ခါတလဲလဲဟစ်ကြွေးနေသဖြင့် အဆုံးတွင် ထိုသူကိုအဆုံးစီရင်ပစ်လိုက်ကြသည်။

ယေရုရှလင်မြို့ ကြီးပျက်စီးသွားသောအချိန်တွင် ခရစ်ယာန်တစ်ဦးတစ်ယောက်မျှ သေကြေပျက်စီးခြင်းမရှိခဲ့ချေ။ ရောမစစ်ဗိုလ်ချုပ်စက်စ်တီးရပ်သည် မြို့ကိုဝိုင်းထားခဲ့သော်လည်း မဖျက်ဆီးဘဲ ပြန်ဆုတ်သွားခဲ့ပါသည်။ ထိုဗိုလ်ချုပ်သည် ခိုင်လုံသောအကြောင်းပြချက်တစ်စုံတရာမရှိဘဲ တပ်ဆုတ်သွားခြင်းသည် စောင့်မျှော်နေသောခရစ်ယာန်များအတွက် ကတိတော်နှင့်ယှဉ်သည့် ပုဗ္ဗနိမိတ်တစ်ခုဖြစ်သည်။ လုကာ ၂၁း၂၀–၂၁။

အဖြစ်အပျက်များသည် ထင်မှတ်ထားသည့်အတိုင်း ဖြစ်မလာသဖြင့် ယုဒများသာမက ရောမများပင်လျှင် ခရစ်ယာန်များထွက်ပြေးမသွားနိုင်အောင် မဟန့်တားနိုင်ကြချေ။ ရောမစစ်တပ်ကို ပြန်လည်

ရုပ်သိမ်းသွားခြင်းအပေါ် အခွင့်ကောင်းယူကာ ယုဒများသည် ဆုတ်ခွာသွားသည့် ထိုရောမစစ်တပ်ကို နောက်မှလိုက်၍ တိုက်ခိုက်နေချိန်တွင် ခရစ်ယာန်များသည် အဟန့်အတားမရှိ၊ လုံခြုံရာပဲလာမြို့သို့ ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ကြသည်။

ယုဒများက ရောမစစ်တပ်အား နောက်မှလိုက်လံတိုက်ခိုက်နေသဖြင့် စက်စ်တီးရပ်သည် ခက်ခက်ခဲခဲဆုတ်ခွာသွားခဲ့ရသည်။ အောင်ပွဲဆင်လာသည့် ယုဒစစ်တပ်ယေရုရှလင်မြို့ထဲသို့ ရင်ကော့ကာချီတက်လာနိုင်ခဲ့သော်လည်း ထိုအောင်ပွဲသည် ၎င်းတို့အတွက် မကောင်းမှုကိုဆောင်လာပါသည်။ ရောမများအပေါ် ခေါင်းမာစွာတုံ့ပြန်ခဲ့ကြသည့်၎င်းတို့၏လုပ်ရပ်သည် စီရင်ချက်ချခြင်းခံရသောမြို့တော်အပေါ်သို့ မဖော်ပြနိုင်လောက်အောင် ဆိုးရွားသည့်အမင်္ဂလာများကို ကျရောက်စေခဲ့ပါသည်။

ရောမစစ်ဗိုလ်ချုပ်တိုက်တပ်စ်၏စစ်တပ်က ယေရုရှလင်မြို့ကို ဝိုင်းထားသောအချိန်တွင် ဖြစ်ပေါ်လာသည့်ကပ်များသည် ကြောက်လန့်စရာအလွန်ကောင်းပါသည်။ သန်းနှင့်ချီသောယုဒလူထုကြီးသည် တံတိုင်းတော်အတွင်း ပသခါပွဲကျင်းပရန် စုရုံးနေစဉ်တွင် မြို့တော်ကိုဝိုင်းခဲ့ကြပါသည်။ ပြိုင်ဘက်ဂိုဏ်းဂဏများ၏ကလဲ့စားချေမှုကြောင့် ရိက္ခာဂိုဒေါင်များ အဖျက်ဆီးခံခဲ့ရပါသည်။ ထိုကြောင့် ပြင်းထန်သောငတ်မွတ်ခေါင်းပါးခြင်းဘေးကိုရင်ဆိုင်ကာ ခါးပတ်သားရေ၊ ဖိနပ်သားရေနှင့် ဒိုင်းလွှားတပ်ဆင်ထားသည့် သားရေများကိုပင် စားရသည့်အခြေသို့ရောက်ခဲ့ပါသည်။ လူများစွာတို့သည် မြို့ပြင်တွင်ပေါက်နေသည့်တောရိုင်းပင်များကို စားစရာဖို့စုသိမ်းရန် တိတ်တခိုးသွားခဲ့ကြရာ တချို့မှာ ရက်စက်စွာအသတ်ခံကြရပါသည်။ တချို့

မှာမူ ၎င်းတို့စုသိမ်းရရှိခဲ့သောရိက္ခာများကို အလုခံကြရပါသည်။ ဇနီးသည်ကို ခင်ပွန်းက လုယက်သကဲ့သို့ ခင်ပွန်းကလည်း မိမိ၏ ဇနီးကိုလုယက်တိုက်ခိုက်ကြရုံမက သားငယ်သမီးငယ်များသည် မိမိတို့၏အဘိုးအဘွားများထံမှ လုစွဲစားသည်အထိ အခြေအနေဆိုးလာပါသည်။

ယုဒလူများကြောက်လန့်လာကာ အရှုံးပေးလက်မြှောက်လာရန် ရောမခေါင်းဆောင်များက ရက်စက်ပြကြပါသည်။ အကျဉ်းသားများကိုကြိမ်ဒဏ်ပေးခြင်း၊ ညှဉ်းပန်းခြင်း၊ ကပ်တိုင်တင်ခြင်းများကို တံတိုင်းတော်အတွင်းမှာပင် ပြုလုပ်ခဲ့ကြသည်။ ယောရှဖတ်လွင်ပြင်နှင့်ကရာနီကုန်းတို့တွင် ကပ်တိုင်များနှင့်ပြည့်နှက်နေသည်အထိ "သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ခေါင်းပေါ်၌လည်းကောင်း တည်ရှိပါစေ" ဟု ပိလတ်မင်း၏တရားရုံးတွင် ဖွင့်ဆိုခဲ့သောယုဒတို့၏ကျိန်ဆိုမှုသည် ပြည့်စုံခဲ့ပါသည်။

ဗိုလ်ချုပ်တိုက်တပ်စ်သည်ပင် ကွင်းပြင်ကြီး၌စုပုံနေသည့် အလောင်းများ၏မြင်ကွင်းများကြောင့် တုန်လှုပ်ချောက်ချားသွားပါသည်။ သူသည် ဗိမာန်တော်ကြီး၏ကြီးကျယ်ခမ်းနားမှုကို ကြည့်မြင်ကာ နှလုံးပီတိဖြစ်လျက် ဗိမာန်တော်အား လက်ဖျားနှင့်ပင်မတို့ရန် လူအပေါင်းတို့အား အမိန့်ပေးခဲ့သည်။ သန့်ရှင်းရာဌာနတော်ကို သွေးထွက်သံယိုမှုဖြင့် ညစ်ညမ်းမှုဖြစ်အောင် မိမိအား တိုက်တွန်းခဲ့ဖိအားမပေးကြရန်လည်း ယုဒခေါင်းဆောင်များအား တိုက်တွန်းခဲ့ပါသည်။ မည်သည့်ရောမစစ်သားကမျှ ဗိမာန်တော်၏သန့်ရှင်းခြင်းကိုမညစ်ညူးစေလိုသည်မှာ ၎င်း၏ဆန္ဒဖြစ်၏။ ဗိမာန်တော်နှင့်တကွ ယေရုရှလင်မြို့ကြီးကို ကာကွယ်ပေးရန် ဂျိုးဇက်ဖတ်စ်ကိုယ်တိုင်လည်း

၎င်းတို့အား အနူးအညွတ်တောင်းပန်ခဲ့ပါသည်။ သို့ရာတွင် နောက်ဆုံးသောလူသားဖျန်ဖြေရေးသမားသည် ခါးသီးသောကျိန်ဆဲမှုများနှင့်အတူ မြားဒဏ်သင့်၍ သေပွဲဝင်ခဲ့ရပါသည်။ ဗိမာန်တော်ကိုကာကွယ်ရန် ကြိုးစားခဲ့သည့် ဗိုလ်ချုပ်ကြီးတိုက်တပ်စ်၏အားထုတ်မှုများသည်လည်း အရာမထင်ခဲ့ချေ။ အကြောင်းမှာ ၎င်းထက် ကြီးမြတ်သောသခင်ယေရှုက ကျောက်တစ်လုံးအပေါ်မှာ တစ်တုံးမတည်မရှိရဟုကျိန်ဆိုခဲ့သောကြောင့်ဖြစ်သည်။

တိုက်တပ်စ်သည် ဗိမာန်တော်ကြီးအား အဖျက်ဆီးမခံရစေဖို့တရကြမ်းစီနင်းသိမ်းပိုက်ရန် နောက်ဆုံးတွင် ဆုံးဖြတ်ခဲ့သော်လည်း၎င်း၏အမိန့်ကို မည်သူကမျှ မနာခံခဲ့ချေ။ စစ်သားတစ်ဦးကပစ်လိုက်သည့် မီးဒုတ်တစ်ခုသည် ဆင်ဝင်တစ်ခုပေါ်သို့ကျရောက်ကာသစ်သားဖြင့်တည်ဆောက်ထားသည့်အခန်းများ၌ ချက်ချင်းမီးစွဲလောင်ခဲ့ပါသည်။ မီးစွဲလောင်ရာသို့ တိုက်တပ်စ်ရောက်ရှိလာပြီး မီးကိုအလျင်အမြန်ငြိမ်းသတ်ရန် အမိန့်ပေးခဲ့သော်လည်း မည်သူကမျှ သူ့အမိန့်ကိုမနာခံခဲ့ချေ။ စစ်သားများသည် ကပ်လျက်ရှိသောဗိမာန်တော်အဆောင်များပေါ်သို့မီးဒုတ်များကို စိတ်ဆိုးမာန်ဆိုးဖြင့် ပစ်လွှတ်ကြရာ ထိုအဆောင်များထဲတွင် ခိုလှုံနေသူများသည် မီးသင့်လောင်ကျွမ်းကာသေွးချောင်းစီးခဲ့ပါသည်။

ဗိမာန်တော်ကြီးအဖျက်ဆီးခံရပြီးသည့်နောက် ယေရုရှလင်မြို့ကြီးသည် ရောမလက်အောက်သို့ကျရောက်သွားပါသည်။ ယုဒခေါင်းဆောင်များသည်လည်း ဖြိုဖျက်ရန်မဖြစ်နိုင်အောင် ခိုင်ခံ့လုံခြုံသည်ဟု အထင်ရှိခဲ့သော၎င်းတို့၏မျှော်စင်များကို စွန့်ခွာထွက်ပြေးသွားကြပါသည်။ ထာဝရဘုရားသခင်သည် မိမိ၏လက်ထဲသို့ ထိုသူ

များအား ပေးအပ်တော်မူလိုက်ပြီဟု တိုက်တပ်စ်ကကြေညာခဲ့သည်။ အကြောင်းမှာ မည်သည့်အရာကမျှ ထိုအဲ့ဖွယ်လိလိတိုက်ခိုက်မှုကို မကျော်လွှားနိုင်တော့ချေ။ မြို့တော်နှင့်တကွ ဗိမာန်တော်၏အုတ်မြစ်များသည် မြေလှန်ဖျက်ဆီးခြင်းခံရသည်။ သန့်ရှင်းသောအိမ်တော်တည်ဆောက်ထားသည့်မြေကိုလည်း လယ်ထွန်သကဲ့သို့ အထွန်ခံခဲ့ရသည်။ ယေရမိ ၂၆း၁၈။ ယုဒလူများသန်းနှင့်ချီ၍ သေပွဲဝင်ခဲ့ရပြီး အသက်မသေဘဲ ကျန်ရစ်သူများမှာလည်း စစ်သုံ့ပန်းအဖြစ်အဖမ်းခံရသူရှိသလို ကျွန်အဖြစ်ရောင်းစားခြင်းခံခဲ့ရသူများလည်းရှိသည်။ ထိုကျွန်များကို ရောမသို့ခေါ်သွားကာ ခြင်္သေ့စာ၊ ကျားစာကျွေးခဲ့ကြပါသည်။ တချို့မှာလည်း အိုးအိမ်မဲ့ဘဝဖြင့် အရပ်ရပ်ကွဲလွင့်သွားကြပါသည်။

ဟောရှေ ၁၃း၉ နှင့် ၁၄း၁ တွင် "အိဿရေလ၊ သင့်ကို ကယ်တင်နိုင်သောအရှင်၊ ငါ့ကို သင်သည် ဆန့်ကျင်ဘက်ပြုသောကြောင့် အကျိုးနည်းရှိ၏။" "အိဿရေလ၊ သင်သည် ကိုယ်ပြုသောဒုစရိုက်အပြစ်အားဖြင့် အကျိုးနည်းရှိ၏" ဟု ဖွင့်ဆိုထားသကဲ့သို့ ယုဒများသည် အမျက်တော်ခွက်ဖလားကို ကိုယ်တိုင်ဖြည့်ခဲ့ကြသည်။ နောက်ဆက်တွဲဖြစ်ပေါ်လာသောဆိုးကျိုးအသီးများသည် မိမိတို့ကိုယ်တိုင်စိုက်ခဲ့သည့်အပင်မှ ဆွတ်ခူးခဲ့ရသောအသီးများဖြစ်သည်။ သူတို့ခံစားခဲ့ရသည့်အခက်အခဲများကို ဘုရားသခင်က တိုက်ရိုက်ချမှတ်သည့်အပြစ်ဒဏ်များကဲ့သို့ မကြာခဏသူတို့ဖော်ပြခဲ့ကြပါသည်။ ထိုနည်းအားဖြင့် စာတန်သည် သူ၏လုပ်ဆောင်မှုများကို ဖုံးကွယ်ခဲ့သည်။ အမှန်မှာ ယုဒများသည် ဘုရားသခင်၏ချစ်ခြင်းနှင့်ကရုဏာတော်ကို ခေါင်းမာစွာငြင်းဆန်ခြင်းဖြင့် သူတို့အား ကွယ်ကာတော်မူသည့်ဘုရားသခင်၏လက်တော်ကို ရုပ်သိမ်းစေခဲ့ကြခြင်းသာဖြစ်သည်။

ကျွန်ုပ်တို့သည်လည်း ခံစားရသောငြိမ်သက်ခြင်းနှင့် အကွယ်အကာများအတွက် ခရစ်တော်အား မည်မျှအကြွေးတင်နေသည်ကို မသိရှိနိုင်ကြချေ။ ဘုရားသခင်၏အနိုင်အထက်ပြုသောတန်ခိုးတော်သည် စာတန်၏ထိန်းချုပ်မှုမှ လုံးလုံးကင်းလွတ်လာအောင် လူသားများအား ကာကွယ်တော်မူသည်။ နားထောင်မှုမရှိသူများနှင့် ကျေးဇူးမသိတတ်သူများပင် ဘုရားသခင်၏ကရုဏာတော်အတွက် ကျေးဇူးတင်သင့်သည်ဟု နည်းလည်သိရှိကြသည်။ သို့ရာတွင် လူသားများသည် ဘုရားသခင်၏သည်းခံမှုအတိုင်းအတာကို ကျော်လွန်သွားပါလျှင် ဘုရားသခင်၏အနိုင်အထက်ပြုသောတန်ခိုးတော်သည် ပယ်ရှားပျောက်လွင့်သွားပါသည်။ ဘုရားသခင်သည် ကျူးလွန်သောဒုစရိုက်များအတွက် အပြစ်သားများကိုစီရင်သည့် အာဏာပါးကွက်သားတစ်ဦးမဟုတ်ဘဲ ကရုဏာတော်ကိုငြင်းဆန်သူများအား မိမိတို့စိုက်သည့်အတိုင်းရိတ်စေရန် စွန့်ပစ်ထားတော်မူခြင်းသာဖြစ်သည်။ ၎င်းတို့ငြင်းပယ်သောအလင်းတန်းတစ်ခုစီသည် မဖြစ်မနေရိတ်သိမ်းမှုကိုဖြစ်စေသည့် အစေ့တစ်ခုစီဖြစ်သည်။ ထပ်ခါတလဲငြင်းဆန်နေပါလျှင် ဘုရားသခင်၏ ဝိညာဉ်တော်သည် အဆုံးတွင် တပ်ဆုတ်ရုပ်သိမ်းသွားမည်သာတည်း။ ထိုအချိန်တွင် ကျွန်ုပ်တို့၌ မကောင်းသောကိလေသာစိတ်ကိုထိန်းချုပ်နိုင်သည့် တန်ခိုးမရှိတော့ချေ။ စာတန်၏ရန်ညှိုးဖွဲ့မှုမှ ကာကွယ်ပေးသည့် အကာကွယ်လည်းရှိတော့မည်မဟုတ်ချေ။

ယေရုရှလင်မြို့ကြီး ပျက်စီးသွားခြင်းအကြောင်းအရာများသည် ဘုရားသခင်၏ကရုဏာတော်ကိုလက်ခံရန် ငြင်းဆန်နေသူများအားလုံးအတွက် ပြင်းထန်သောသတိပေးချက်တစ်ရပ်ဖြစ်သည်။ ခရစ်တော်ဖွင့်ဆိုသည့် ယေရုရှလင်မြို့ပေါ်သို့ကျရောက်မည့် တရားစီရင်

ခြင်းဆိုင်ရာ အနာဂတ္တိစကား၌ အခြားပြည့်စုံစရာတစ်ခုရှိနေသေးသည်။ ကျွန်ုပ်တို့သည် ထိုမြို့တော်ရင်ဆိုင်ခဲ့ရသောကြမ္မာဆိုးတွင် ဘုရားသခင်၏ကရုဏာတော်ကိုငြင်းပယ်သူများနှင့် ပညတ်တော်ကို နင်းခြေသူများတွင် ကျရောက်မည့်ပြစ်ဒဏ်ကိုတွေ့မြင်ရသည်။ မှောင်မိုက်ခြင်းသည် ကမ္ဘာကြီးတွေ့မြင်ခဲ့သောလူသားများ၏ဒုက္ခမှတ်တမ်းဖြစ်ပြီး ကြောက်လန့်ဖွယ်ရာများသည် ဘုရားသခင်၏အာဏာတော်ကို ငြင်းဆန်ခြင်းရလဒ်များဖြစ်သည်။ သို့ရာတွင် ပို၍မှောင်မိုက်သော မြင်ကွင်းကို အနာဂတ်ဗျာဒိတ်တော်တွင် တင်ပြထားပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်ကို ရုပ်သိမ်းသွားသောအချိန်တွင် လူသားများ၏ ကိလေသာစိတ်နှင့် စာတန်၏အမျက်ကို ဆက်လက်မထိန်းချုပ်နိုင်တော့ဘဲ ကမ္ဘာကြီးသည် စာတန်အုပ်ချုပ်မှု၏ရလဒကို ထူးခြားစွာ တွေ့မြင်ရလိမ့်မည်။

ထိုနေ့ရက်တွင် ယေရုရှလင်မြို့ကြီးပျက်စီးသွားတုန်းကကဲ့သို့ပင် ဘုရားသခင်၏သားသမီးများသည် ကယ်မခြင်းကိုခံရလိမ့်မည်။ (ဟေရှာယ ၄း၃။ မဿဲ ၂၄း၃၀–၃၁ ကိုကြည့်ပါ)။ ခရစ်တော်သည် မိမိအပေါ်သစ္စာစောင့်သိသူများအား ကယ်တင်ရန် ဒုတိယအကြိမ်ကြွလာလိမ့်ဦးမည်။ “မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍ လူသားသည် ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကို ဆောင်လျက် မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကိုမြင်ရကြလိမ့်မည်။ လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့် သူတို့သည် ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလိမ့်မည်။” မဿဲ ၂၄း၃၀–၃၁။

ခရစ်တော်၏မိန့်မှာချက်များကို လျစ်လျူရှုမိမည်စိုးသဖြင့် လူအပေါင်းတို့ကိုသတိပေးကြပါ။ ယေရုရှလင်မြို့သားများအား အသက်ဘေးမှလွတ်မြောက်အောင် အချိန်မီလုပ်ဆောင်နိုင်ရန် ယေရုရှလင်မြို့ကြီးပျက်စီးမည့်အရေးကို သတိပေးတော်မူသကဲ့သို့ နောက်ဆုံးသောနေ့ရက်များအကြောင်းကို ကမ္ဘာကြီးအား ကိုယ်တော် သတိပေးနေပါသည်။ ဆန္ဒရှိသူအပေါင်းသည် ရောက်ရှိလာတော့မည့် အမျက်တော်မှရှောင်ပြေးနိုင်ကြပါသည်။ "ထိုအခါ နေ၊ လ၊ ကြယ် နက္ခတ်တို့၌ ပုဗ္ဗနိမိတ်ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာလည်း လူအမျိုးမျိုးမငြိမ်မသက်စိုးရိမ်ကြောင့်ကြခြင်း---ဖြစ်ကလိမ့်မည်။" လုကာ ၂၁း၂၅။ ထိုကြောင့် "သင်တို့---သတိနှင့်စောင့်နေကြလော့" ဟု ခရစ်တော်မိန့်မှာခဲ့သည်။ မာကု ၁၃း၃၅။ ထိုသတိပေး စကားကို ဂရုထားသောသူများသည် အမှောင်တွင်ထားခဲ့ခြင်းခံရမည် မဟုတ်ချေ။

ယေရုရှလင်မြို့နှင့်ပတ်သက်သောသတိပေးစကားကို ယုဒများ လက်ခံရန် အဆင်သင့်မဖြစ်သကဲ့သို့ ယနေ့ကမ္ဘာကြီးသည်လည်း ယခုခေတ်အတွက်ပေးသည့်သတင်းစကားကိုလက်ခံရန် အဆင်သင့် မရှိကြသေးချေ။ ဘုရားတရားမကိုင်းရှိုင်းသောသူများထံသို့ ဘုရား သခင်၏နေ့ရက်ကြီးသည် မထင်မှတ်သောအချိန်တွင် ရောက်လာ လိမ့်မည်။ အသက်တာများသည် ပုံမှန်အနေအထားဖြင့် ဆက်လက် လှုပ်ရှားနေသောအချိန်၊ လူသားများသည် အပျော်အပါးတွင် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများတွင်လည်းကောင်း၊ ငွေရှာခြင်း တွင်လည်းကောင်း နစ်မြုပ်နေသောအချိန်၊ ဉာဏရေးခေါင်းဆောင် များသည် ကမ္ဘာ့တိုးတက်မှုကို ပုံကြီးချဲ့ဟောကြားနေသောအချိန်၊

လူအပေါင်းတို့သည် မစစ်မှန်သောလုံခြုံမှုတွင် ငြိမ်သက်အိပ်ပျော်နေသောအချိန်၊ ထိုအချိန်တွင် အစောင့်အကြပ်မဲ့အိမ်ထဲသို့ ညသန်းခေါင်အချိန်သူခိုးဝင်သကဲ့သို့ ပျက်စီးခြင်းသည်လည်း ဘုရားတရားမရှိသူများနှင့် နမော်နမဲ့နေသူများထံသို့ရောက်ရှိလာလိမ့်မည်။ မည်သူမျှ "လွတ်ခြင်းအခွင့်မရှိရကြ။" ၁သက်၊ ၅း၃။

–ဝ–

# သစ္စာရှိ–ရှေးဦးခရစ်ယာန်အစစ်အမှန်များ

ခရစ်တော်သည် မိမိကောင်းကင်သို့တက်ကြွသွားပြီးသည့် အချိန်မှစ၍ ဒုတိယအကြိမ်ကြွလာမည့်အချိန်အထိ မိမိလူတို့ရင်ဆိုင်ရမည့်အရာများကို တပည့်တော်များအား ဖော်ပြတော်မူခဲ့သည်။ ကိုယ်တော်သည် နှိပ်စက်ညှဉ်းပန်းခြင်းကာလအတွင်း မိမိနောက်လိုက်များအပေါ်ကျရောက်မည့် ပြင်းထန်သည့်ဒုက္ခလှိုင်းတံပိုးများကိုလည်း အနာဂတံသဉာဏ်တော်အားဖြင့် သိမြင်တော်မူခဲ့သည်။ မဿဲ ၂၄း၉၊ ၂၁၊ ၂၂။ ခရစ်တော်၏နောက်လိုက်အပေါင်းသည် မိမိတို့၏သခင်လျှောက်လှမ်းခဲ့သောပြစ်တင်ဝေဖန်ခြင်းနှင့် ဒုက္ခဆင်းရဲခြင်းလမ်းကို လျှောက်ကြရမည်။ ကယ်တင်ရှင်အပေါ်ထားသည့် စာတန်၏ရန်ငြိုးသည် နာမတော်ကိုယုံကြည်သူအပေါင်းအပေါ်၌လည်း ထင်ရှားလိမ့်မည်။

ဧဝံဂေလိသတင်းစကားပျံ့နှံ့သွားခဲ့ပါလျှင် မိမိတို့၏ဘုရားကျောင်းများနှင့် ယဇ်ပလ္လင်များသည် ဖယ်ရှားခြင်းခံရမည်ကို ဗာဟီရဝါဒီများကသိထားသောကြောင့် နှိပ်စက်ညှဉ်းပန်းခြင်းမီးကို မွှေးပေးခဲ့ကြပါသည်။ ခရစ်ယာန်များသည် ဥစ္စာပစ္စည်းများအသိမ်းခံရရုံသာမက မိမိတို့နေအိမ်များမှလည်း နှင့်ထုတ်ခြင်းခံခဲ့ကြရသည်။ သခင်ခရစ်ယာန်နှင့် ကျွန်ခရစ်ယာနများ၊ သူဌေးခရစ်ယာန်နှင့် ဆင်းရဲသားခရစ်ယာန်များ၊ ပညာတတ်ခရစ်ယာန်နှင့် ပညာမဲ့ခရစ်ယာန်များ စသည့်ခရစ်ယာန်များစွာတို့သည် အကြင်နာမဲ့သတ်ဖြတ်ခြင်းခံခဲ့ကြရသည်။

နီရိုးဘုရင်မှအစပျိုးလိုက်သည့် နှိပ်စက်ညှဉ်းပန်းခြင်းများသည် ရာစုနှစ်များစွာဆက်လက်တည်ရှိသွားခဲ့ပါသည်။ ခရစ်ယာန်များကြောင့် ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ရောဂါများခံစားရခြင်း၊ မြေငလျင်လှုပ်ခြင်းများဖြစ်ရသည်ဟု မှားယွင်းစွာစွပ်စွဲကာ သူခိုးဓါးပြများကိုပြုသကဲ့သို့ နှိပ်စက်ညှဉ်းပန်းရန် သတင်းပေးသူများအဆင်သင့်ရှိခဲ့ကြပါသည်။ ခရစ်ယာန်များစွာတို့သည် ဘဲဥပုံအားကစားကွင်းကြီးများ၌ အရှင်လတ်လတ်ခြသေ့်စာ၊ ကျားစာအကျွေးခံခဲ့ကြရပါသည်။ တချို့မှာကပ်တိုင်တင်၍အသတ်ခံရပြီး တချို့မှာမူ သားရိုင်းအရေခွံများခြုံပေးကာ တောခွေးများအကြားအချခံရသဖြင့် တောခွေးကိုက်ခြင်းကိုခံရကာ အသေဆိုးနှင့်သေခဲ့ရပါသည်။ ကြီးမားသောလူထုကြီးသည် လဟာပြင်ပျော်ပွဲရွှင်ပွဲ ကျင်းပသောနေရာများတွင် ထိုအနိဋ္ဌာရုံမြင်ကွင်းများကိုကြည့်ပြီး သေမင်းတမန်ဟစ်အော်ငိုကြွေးသံများကို နားသောတဆင်ကာ ရယ်မောပျော်ရွှင်စွာဖြင့် အရသာခံကြပါသည်။

ခရစ်တော်၏နောက်လိုက်များသည် လုံခြုံဆိတ်ငြိမ်ရာနေရာများကို မဖြစ်မနေရှာဖွေခိုလှုံရပါတော့သည်။ ရောမမြို့အပြင်ဘက်ရှိမြို့ရိုးမှ မိုင်ပေါင်းများစွာဝေးကွာသောနေရာများ၌ တည်ရှိသောတောင်ကုန်းများတွင် လိုဏ်ဂူများတူးဖေါ်တည်ဆောက်ကာ ခရစ်ယာန်များနေထိုင်ခဲ့ကြရပါသည်။ သေသောအခါတွင်လည်း ထိုနေရာများတွင်ပင် မြှုပ်နှံကြပါသည်။ "ခရစ်တော်၏နာမကြောင့် နှိပ်စက်ညှဉ်းပန်းခြင်းခံရသောအခါ ဝမ်းမြောက်ခြင်းရှိကြလော့။ ကောင်းကင်ဘုံ၌ ၎င်းတို့အတွက် အကျိုးသည် ကြီးလှ၏။ ရှေးအခါက ပေါ်ထွန်းခဲ့သောပုရောဖက်များသည်လည်း ဤနည်းအတူညှဉ်းဆဲခြင်းခံခဲ့ရပြီ"

ဟူသောဘုရားသခင်၏နှုတ်ထွက်စကားများကို ထိုနေရာများ၌ပင် သူတို့ပြန်လည်အောက်မေ့သုံးသပ်ခဲ့ကြပါသည်။

မီးတောက်မီးလျှံများကြားမှ ထွက်ပေါ်လာသောအောင်မြင်ခြင်း သီချင်းသံများသည် ကောင်းကင်သို့တက်လျက်ရှိသည်။ ၎င်းတို့၏ တည်ကြည်သစ္စာရှိမှုကို စိတ်ဝင်တစားကျေကျေနပ်နပ်ကြည့်နေသော ခရစ်တော်နှင့်တကွ ကောင်းကင်တမန်များကိုလည်း ယုံကြည်ခြင်း အားဖြင့် သူတို့မြင်တွေ့ခဲ့ရသည်။ "သေသည်တိုင်အောင် သစ္စာရှိလော့။ သို့ဖြစ်လျှင် အသက်သရဖူကိုငါပေးမည်" ဟူသောကောင်းကင်မှ အသံကိုလည်း သူတို့ကြားခဲ့ရသည်။

ဘုရားသခင်၏အသင်းတော်ကို အကြမ်းဖက်၍ ဖျက်ဆီးရန် စာတန်ကြိုးစားခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့၏။ ဘုရားသခင်၏ လုပ်သားများသည် အသတ်ခံခဲ့ကြရသော်လည်း ဧဝံဂေလိသတင်း စကားသည် ဆက်လက်ပျံ့နှံ့နေသကဲ့သို့ ယုံကြည်သူများသည်လည်း ဆက်လက်တိုးပွားနေပါသည်။ "ကျွန်ုပ်တို့အား အဖန်တလဲလဲချိုးနှိမ် သတ်ဖြတ်သည်နှင့်အမျှ ပို၍များပြားသောယုံကြည်သူများသည် ပို၍ တိုးပွားမည်သာတည်း။ ခရစ်တော်၏အသွေးတော်သည် မျိုးစေ့ဖြစ် တော်မူ၏။" ဟု ခရစ်ယာန်တစ်ဦးက ဖွင့်ဆိုခဲ့ပါသည်။

ထို့ကြောင့် စာတန်သည် အကြမ်းနည်းအားဖြင့် မအောင်မြင် ခဲ့သည့် မိမိ၏လုပ်ငန်းစဉ်ကို အနုနည်းအားဖြင့် အောင်ပွဲဆင်ရန် ခရစ်ယာန်အသင်းတော်တွင် အလံထူခြင်းအားဖြင့် ဘုရားသခင်ကို အောင်မြင်စွာဆန့်ကျင်တိုက်ခိုက်ရန် စီမံကိန်းများချမှတ်ခဲ့ရပါ သည်။ နှိပ်စက်ညှဉ်းပန်းခြင်းစနစ်ကိုအသုံးမပြုတော့ဘဲ လောက ကြီးပွားချမ်းသာမှုနှင့် ဂုဏ်အသရေများကိုစွဲလန်းတပ်မက်သောစိတ်များ

ပေါက်ဖွားစေခြင်းအားဖြင့် အစားထိုးတိုက်ခိုက်ခဲ့ပါသည်။ ခရစ်ယာန်ဘာသာ၏သမ္မာတရားအနှစ်ကိုလက်ခံရန် ငြင်းပယ်သည့်တိုင်အောင် ခရစ်ယာန်ဘာသာဝင်အဖြစ်ခံယူရန် ရုပ်တုကိုးကွယ်သူများကို သူသွေးဆောင်ခဲ့ပါသည်။ ထိုသူတို့သည် ခရစ်တော်ကိုလက်ခံသည်ဟု ဝန်ခံဖွင့်ဆိုကြသော်လည်း အပြစ်ဒဏ်စီရင်ခြင်းအပေါ်အရေးမထားရုံသာမက နောင်တရစရာမလို (သို့မဟုတ်) စိတ်နှလုံးပြောင်းလဲစရာမလိုဟုပင် ယူဆခဲ့ကြသည်။ လူသားအပေါင်း "ခရစ်တော်၌ယုံကြည်ခြင်း" စင်မြင့်ပေါ်တွင် စုစည်းနိုင်ရန်အလို့ငှါ ခရစ်ယာန်များဘက်မှလည်း တချို့အရာများကို လျော့ပေးသင့်သည်ဟု သူတို့ကတောင်းဆိုလာပါသည်။

ယခုအချိန်တွင် အသင်းတော်ကြီးသည် ကြောက်လန့်စရာအန္တရာယ်နှင့်ရင်ဆိုင်နေရပါသည်။ ယခုဖြစ်နေသည့်အခြေအနေနှင့်နှိုင်းယှဉ်လျှင် ထောင်ချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မီးရှို့သတ်ခြင်းနှင့်ဓါးဖြင့်ကွပ်မျက်ခြင်းများကမှ ပို၍သက်သာဦးမည်ဖြစ်သည်။ တချို့ခရစ်ယာန်များသည် ခိုင်မာစွာရပ်တည်ခဲ့ကြသော်လည်း တချို့မှာမူ မိမိတို့၏ယုံကြည်ခြင်းကို ပြုပြင်မွမ်းမံလာကြပါသည်။ ဟန်ဆောင်ခရစ်ယာန်ဘာသာဝက်ရုံအောက်တွင် စာတန်သည် ခရစ်ယာန်ယုံကြည်ခြင်းကို ပုံအသွင်ပြောင်းပစ်ရန် အသင်းတော်ထဲသို့ ကိုယ်တိုင်မသိမသာဝင်လာခဲ့ပါသည်။

တချို့ခရစ်ယာန်များသည် ယုံကြည်ခြင်းအဆင့်အတန်းကိုနှိမ့်ပေးရန် အဆုံးတွင် သဘောတူလာပါသည်။ သို့နှင့် ခရစ်ယာန်ဘာသာနှင့် ဗာဟီရဝါဒတို့၏ပူးပေါင်းအဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ ဗာဟီရဝါဒီများသည် အသင်းတော်နှင့်ပူးပေါင်းစည်းရန်

ဝန်ခံခဲ့ကြသော်လည်း ယေရှု၏ရုပ်တု၊ မေရီ၏ရုပ်တုနှင့် သူတော်စင်များ၏ရုပ်တုများကိုဦးချဝတ်ပြုရင်း ရုပ်တုကိုးကွယ်ခြင်းကို ငြိတွယ်ဆဲရှိနေပါသည်။ ကျိုးကြောင်းမခိုင်လုံသောယုံကြည်ချက်များ၊ အယူသီးသောဝတ်ပြုကိုးကွယ်ပွဲများနှင့် ရုပ်တုကိုးကွယ်မှုဆိုင်ရာအခမ်းအနားများသည် အသင်းတော်၏ယုံကြည်ခြင်းနှင့် ဝတ်ပြုကိုးကွယ်မှုများတွင် ပါဝင်လာပါသည်။ သို့နှင့် ခရစ်ယာန်ဘာသာသည် ပျက်ယွင်းလာကာ အသင်းတော်သည် ၎င်း၏စင်ကြယ်မှုနှင့် တန်ခိုးအာဏာများဆုံးရှုံးလာခဲ့ပါသည်။ သို့သော်ငြားလည်း တချို့မှာလမ်းလွဲမသွားကြဘဲ ထာဝရဘုရားသခင်အပေါ် ဆက်လက်သစ္စာစောင့်သိခဲ့ကြပါသည်။

## အသင်းတော်ထဲမှလူတန်းစား (၂) ခု

ခရစ်တော်၏နောက်လိုက်များတွင် အတန်းအစား (၂) ခုရှိပါသည်။ တစ်ဖွဲ့မှာ ကယ်တင်ရှင်၏အသက်တာကို လေ့လာသုံးသပ်ကာ မိမိတို့၏အမှားများကိုပြင်လျက် ခရစ်တော်နှင့်တူသောအသက်တာကိုရအောင် ကြိုးစားနေသကဲ့သို့ ကျန်တစ်ဖွဲ့မှာမူ မိမိတို့၏အပြစ်များ၊ အမှားများကို ထင်ရှားပေါ်လွင်စေသည့် လက်တွေ့ကျသောသမ္မာတရားမှရှောင်ရှားရန် ကြိုးစားနေကြပါသည်။ အကောင်းဆုံးအခြေအနေတွင်ရှိသည်ဟု ဆိုသောအချိန်မှာပင် အသင်းတော်၌ဖြောင့်မှန်၊ ရိုးသားသောအသင်းသားချည်းရှိခဲ့သည်တော့မဟုတ်ပါ။ ယုဒရှကာရုတ်သည် ခရစ်တော်ထံမှ ကြားရသည့်သွန်သင်ချက်များနှင့်မြင်ရသည့်ပုံသက်သေများအားဖြင့် မိမိ၏အမှားများကိုပြုပြင်ရန်

တမန်တော်များနှင့်ပူးပေါင်းလာခဲ့ပါသည်။ သို့သော် သူသည် အပြစ်ဒုစရိုက်တွင်ကျင်လည်ကာ စာတန်၏စုံစမ်းခြင်းများကိုဖိတ်ခေါ်ခဲ့ပါသည်။ အမှားများကိုဖော်ပြဆုံးမခံလာရသောအချိန်တွင် သူသည် အမျက်ဒေါသထွက်ကာ သခင်ဘုရားကို ရန်သူလက်သို့အပ်နှံခဲ့ပါသည်။ (မာကု ၁၄း၁၀–၁၁)။

အာနနိနှင့်ရှဖိရေသည် ဥစ္စာတချို့တစ်ဝက်ကို မိမိတို့အတွက်ယူထားစဉ်မှာပင် ဘုရားသခင်အတွက် အပြည့်အဝဆက်ကပ်အပ်နှံသယောင်ဟန်ဆောင်ခဲ့ပါသည်။ ထိုစဉ်တွင် ဝိညာဉ်တော်ဘုရားသခင်သည် ဟန်ဆောင်သူများ၏ဇာတိရုပ်မှန်ကို တမန်တော်များအားဖော်ပြကာ အသင်းတော်၏စင်ကြယ်မှုကို ပျက်စီးစေသည့် ညစ်ညမ်းမှုကိုပယ်ရှင်းတော်မူခဲ့ပါသည်။ (တမန် ၅း၁–၁၁)။ နှိပ်စက်ညှဉ်းပန်းရာကာလတွင် သမ္မာတရားကိုလိုလားသူများသည် အရာခပ်သိမ်းကိုစွန့်ကာ ခရစ်တော်၏တပည့်တော်ဖြစ်လာကြသော်လည်း နှိပ်စက်ညှဉ်းပန်းခြင်းကာလမဟုတ်သောအချိန်တွင် ရိုးစင်းမှုအပြည့်အဝမရှိသူများပါ ခရစ်ယာန်ဖြစ်လာကြသဖြင့် စာတန်အတွက် ခြေကုပ်ယူစရာလမ်းပွင့်ခဲ့ပါသည်။

ခရစ်ယာန်များသည် တစ်ပိုင်းတစ်စသာပြောင်းလဲသည့် ဗာဟီရဝါဒီများနှင့်ပေါင်းစည်းရန် သဘောတူသောအချိန်တွင် စာတန်သည် ပီတိဖြာဝေနေပါသည်။ ထိုသူများကိုအသုံးချကာ ခရစ်ယာန်အစစ်များကို စာတန်ညှဉ်းပန်းခဲ့ပါသည်။ ဖောက်ပြန်သောခရစ်ယာန်များသည် ဗာဟီရဝါဒီကပြားများနှင့် ပေါင်းဖက်ကာ ခရစ်တော်သွန်သင်ခဲ့သောယုံကြည်ချက်များ၏အနှစ်သာရများကို ပျက်ပြားအောင် ကြိုးစားခဲ့ကြပါသည်။ ထိုကြောင့် အသင်းတော်၌ အစပျိုးလာပြီဖြစ်သည့်

မှားယွင်းမှုများနှင့် စက်ဆုပ်ရွံရှာစရာများကို တွန်းလှန်နိုင်ရန် အတော်ကြိုးစားလုပ်ဆောင်ရပါမည်။ သမ္မာကျမ်းစာအား ယုံကြည်ခြင်း၏စံတစ်ခုအဖြစ် လက်မခံခဲ့ကြချေ။ ဘာသာရေးလွတ်လပ်မှုဆိုင်ရာယုံကြည်ချက်များကို အယူဝါဒဖေါက်ပြန်မှုတစ်ခုဟုမှတ်ယူခဲ့ကြသည်။ ထိုယုံကြည်ချက်များကို စွဲကိုင်သူများအားလည်း မတရားသင်းကြေညာခဲ့ကြသည်။

ခရစ်တော်ကိုသစ္စာစောင့်သိသူများသည် ခွဲရေးကိုမဖြစ်မနေကျင့်သုံးကြရတော့မည်ဖြစ်ကြောင်း အချိန်အတော်ကြာတိုက်လှန်ပြီးသည့်နောက်တွင် သဘောပေါက်လာကြသည်။ သူတို့သည် မိမိတို့၏အသက်ဝိညာဉ်ကိုသာမက သားမြေးများ၏အသက်ဝိညာဉ်များကိုပါဒုက္ခရောက်စေမည့် အမှားအယွင်းများကို သည်းခံနိုင်စွမ်းမရှိကြတော့ချေ။ အသက်တာစည်းမျဉ်းများကိုစွန့်လွှတ်မှသာလျှင် ငြိမ်းချမ်းရေးရနိုင်မည်ဆိုသည့်အချက်ကိုလည်း သူတို့သိရှိလာကြသည်။ စည်းလုံးညီညွတ်မှုရှိရန် သမ္မာတရားကိုအလျော့အတင်းလုပ်ရမည်ဆိုလျှင် စည်းလုံးမှုမရလျှင်ရှိပါစေ၊ တိုက်ပွဲကိုသာဝင်လျှင်ဝင်မည်၊ သမ္မာတရားကို အရောင်းအဝယ်မလုပ်နိုင်ကြောင်း သူတို့ရပ်တည်ကြသည်။

ရှေးဦးခရစ်ယာန်များသည် အလွန်ထူးခြားပြောင်မြောက်သောပုဂ္ဂိုလ်များဖြစ်ကြသည်။ အရေအတွက်အားဖြင့် မများသကဲ့သို့ဥစ္စာစည်းစိမ်၊ ရာထူးဂုဏ်ဒြပ်ရှိကြသူများမဟုတ်သော်လည်း ကာဏ္ဍန၏အမုန်းကို အာဗေလခံရသကဲ့သို့ လူယုတ်မာများ၏အမုန်းဒဏ်သင့်သူများဖြစ်ခဲ့ကြရသည်။ ကိုယ်တော်၏သစ္စာရှိတပည့်တော်များသည် ခရစ်တော်အချိန်မှစ၍ ယနေ့တိုင်အောင် ဒုစရိုက်သားများ၏ဆန့်ကျင်ခြင်း၊ မုန်းတီးခြင်းများကိုခံကြရသည်။

သို့ဆိုလျှင် ဧဝံဂေလိသတင်းစကားကို ငြိမ်သက်ခြင်းသတင်းစကားဟု အဘယ်သို့ခေါ်ဆိုနိုင်သနည်း။ "ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်မှာလည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်း" ဟု ဗက်လင်မြို့၏လွင်ပြင်များထက်ဝယ် ကောင်းကင်တမန်များဝဲပျံသီဆိုခဲ့ကြပါသည်။ လုကာ ၂း၁၄။ ထိုကျူးအေးခြင်းများသည် ခရစ်တော်ကိုယ်တိုင်မိန့်ဆိုခဲ့သော "မြေပေါ်သို့ငြိမ်သက်ခြင်းကိုစေလွှတ်အံ့သောငှါ ငါလာသည်ဟုမထင်ကြနှင့်။ ဓါးကိုစေလွှတ်အံ့သောငှါ ငါလာသတည်း" ဟူသောစကားများနှင့် ဆန့်ကျင်သယောင်ဖြစ်နေပါသည်။ မဿဲ ၁၀း၃၄။သို့ရာတွင် အမှန်အတိုင်းနားလည်လျှင် ထိုဖွင့်ဆိုချက်နှစ်ခု လုံးဝမဆန့်ကျင်ကြောင်းတွေ့ရသည်။ ဧဝံဂေလိသတင်းစကားသည် ငြိမ်သက်ခြင်းသတင်းစကားတစ်ခုဖြစ်၏။ လက်ခံလိုက်လျှောက်သည့် ခရစ်တော်၏အယူဝါဒသည်မြေကြီးတပြင်လုံး၌ ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်မှုကိုဖြစ်စေသည်။ ခရစ်တော်၏အမှုတော်မှာ ဘုရားသခင်နှင့်လူသားအကြားပြန်လည်အဆင်ပြေအောင်လုပ်ဆောင်ပေးရန်ဖြစ်သည်။ သို့ရာတွင် တစ်ကမ္ဘာလုံးလိုလိုမှာ ခရစ်တော်အား ခါးခါးသီးသီးရန်မူနေသောစာတန်၏ထိန်းချုပ်မှုအောက်တွင်ရှိနေကြသည်။ ဧဝံဂေလိတရားတော်သည် ထိုလူများ၏အကျင့်နှင့်လည်းကောင်း၊ ဆန္ဒနှင့်လည်းကောင်း ကွဲပြားခြားနားသောအသက်တာစည်းမျဉ်းများကို ဖွင့်ဆိုလာသောအခါ ၎င်းတို့သည် ထိုတရားတော်ကိုဆန့်ကျင်လာပါသည်။ သူတို့သည် အပြစ်ဒုစရိုက်ကို ပြစ်ဒဏ်စီရင်သည့် စင်ကြယ်ခြင်းကို မုန်းတီးကြသဖြင့် ထိုတရားတော်ကိုစွဲလမ်းသောသူများအား နှိပ်စက်ညှဉ်းပန်း

ကြ၏။ ထိုကြောင့် ဧဝံဂေလိတရားတော်ကို ခါးဟုခေါ်ဝေါ်သမုတ် ခြင်းဖြစ်သည်။ မဿဲ ၁၀း၄၃။

ယုံကြည်ခြင်းအားနည်းသည့်လူများစွာတို့သည် ဘုရားသခင် ကိုယုံကြည်စိတ်ချမှုလျော့ပါးသွားမည့်အခြေတွင်ရှိရခြင်းအကြောင်းမှာ ကိုယ်တော်သည် လူယုတ်မာများအား ကြီးပွားချမ်းသာစေ၍ သူတော် စင်များအား ဒုက္ခဆင်းရဲမှုနှင့် ရင်ဆိုင်စေတော်မူသည်ဟု သူတို့ယူဆ နေခြင်းကြောင့်ဖြစ်သည်။ တရားမျှတ၍ ကရုဏာနှင့် ပြည့်စုံကာ အနန္တ တန်ခိုးတော်ရှင်ဖြစ်တတ်မူသောကိုယ်တော်သည် ထိုကဲ့သို့သော မတရားမှုကို မည်သို့သည်းခံခွင့်လွှတ်နိုင်ပါမည်နည်း။ ဘုရားသခင် သည် ကြီးမားသောမေတ္တာတော်နှင့်ပတ်သက်သည့် လုံလောက်သော သက်သေများကို ကျွန်ုပ်တို့အားဖေးပြထားပြီးဖြစ်ရာ အသိတရား မပြည့်စုံသောကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်၏ကောင်းမြတ်ခြင်းအပေါ် သံသယမဖြစ်သင့်ပါချေ။ “ကျွန်ုပ်သည် မိမိသခင်ထက်သာ၍ ကြီးမြတ် သည်မဟုတ်ဟု ငါပြောခဲ့ပြီးသောစကားကို အောက်မေ့ကြလော့။ သူတို့သည် ငါ့ကိုညှဉ်းဆဲလျှင် သင်တို့ကိုညှဉ်းဆဲကြလိမ့်မည်။” ယောဟန် ၁၅း၂၀။ ညှဉ်းဆဲသတ်ဖြတ်ခြင်းနှင့် ရင်ဆိုင်နေရသည့် ခရစ်ယာန်အပေါင်းသည် သခင်ယေရှု၏ခြေတော်ရာကို လိုက်လျှောက် နေကြခြင်းဖြစ်သည်။

ဖြောင့်မတ်သူများသည် မိမိတို့ကိုယ်တိုင်စင်ကြယ်မှုရရှိစေရန် အတွက်သော်လည်းကောင်း၊ ၎င်းတို့၏အသက်တာပုံစံများအားဖြင့် ယုံကြည်ခြင်းနှင့် ဘုရားဝတ်၌မွေ့လျော်ခြင်း၏အနှစ်သာရကို အခြား သူများအား သဘောပေါက်စေရန်အတွက်သော်လည်းကောင်း၊ ၎င်းတို့ ၏စိုက်လိုက်မတ်တတ်ရပ်တည်မှုအားဖြင့် ဘုရားတရားမဲ့၊ မယုံကြည်

ကြည်သူများကို ပြစ်တင်ရှုတ်ချရန်အတွက်သော်လည်းကောင်း ဒုက္ခ ဆင်းရဲခြင်းမီးအိုင်ထဲသို့ အချခံရတတ်ပါသည်။ လူယုတ်မာများပျက်စီး ဆုံးပါးမှုတွင် ဘုရားသခင်သည် တရားမျှတ၍ ကရုဏာရှိကြောင်း လူအများသိမြင်နိုင်ရန် ကိုယ်တော်သည် ထိုသူများအား ကြီးပွားချမ်းသာ ခွင့်ပေးထားတော်မူပါသည်။ မိမိအားရန်ငြိုးဖွဲ့ခွင့်ပြုထားတော်မူပါ သည်။ သို့ရာတွင် ဘုရားသခင်၏သားသမီးတစ်ဦးစီအပေါ် ကျူးလွန် သည့်ရက်စက်မှုများကို ခရစ်တော်အပေါ်ကျူးလွန်သောအပြစ်ကဲ့သို့ မှတ်ယူကာ အပြစ်ပေးစီရင်တော်မူလိမ့်မည်။

"ယေရှုခရစ်၏တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်၍ နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကိုခံရကြ လိမ့်မည်" ဟု ပေါလုပြောထားရာ အဘယ်ကြောင့် ညှဉ်းပန်းနှိပ်စက် ခြင်းသည် ယခုတွင် ကင်းရှင်းနေရသနည်း။ အသင်းတော်သည် ကမ္ဘာသူကမ္ဘာသားများနှင့် လိုက်လျောညီထွေနေထိုင်သဖြင့် အတိုက် အခံမပေါ်သောကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းမရှိရခြင်းဖြစ်ပါသည်။ ယနေ့ခေတ်တွင် ကျွန်ုပ်တို့လက်ခံကျင့်သုံးနေသောဘာသာအယူဝါဒ သည် ခရစ်တော်နှင့်တမန်တော်များခေတ်က ယုံကြည်ခြင်းလောက် မစင်ကြယ်မသန့်ရှင်းတော့ချေ။ အကြောင်းမှာ နှုတ်ကပတ်တော်မှ သမ္မာတရားများကို ထူးထူးခြားခြားအလေးမထားကြတော့ချေ။ ခရစ်ယာန်ဘာသာသည် ကမ္ဘာနှင့်ယှဉ်၍ ရေပန်းစားလာသဖြင့် အသင်းတော်တွင် ဘုရားတရားရှိခြင်းကို အရေးထားမှုနည်းပါလာ သည်။ သို့ဖြစ်၍ အသင်းတော်တွင် ရှေးဦးအသင်းတော်၏ယုံကြည် ခြင်းမျိုးပြန်လည်ရှင်သန်လာစေပါ။ ညှဉ်းပန်းခြင်းမီးများကို ပြန်လည် တောက်လောင်လာစေပါ။

# အခန်း (၃)
## ရှေးဦးအသင်းတော်တွင်းဝိညာဉ်ရေးအမှောင်ထု

ခရစ်တော်၏ "နေ့ရက်မရောက်မီ ဖေါက်ပြန်သင်းခွဲခြင်းသည် အလျင်ဖြစ်၍ ဒုစရိုက်လူတည်းဟူသောပျက်စီးခြင်း၏သားသည် ပေါ်လာရလိမ့်မည်။ ထိုသူသည် ဘုရားသခင်ဟူ၍လည်းကောင်း၊ ဘုရားဟူ၍လည်းကောင်း ခေါ်ဝေါ်သမျှသောအရာတို့ကို ရန်ဘက်ပြု၍ ကိုယ်ကိုကိုယ်ချီးမြှောက်သောအားဖြင့် ဘုရားသခင်၏ဗိမာန်တော်၌ ဘုရားသခင်ကဲ့သို့ထိုင်၍ ဘုရားသခင်ဖြစ်ယောင်ဆောင်လျက် ကိုယ်ကိုပြသောသူဖြစ်သတည်း။" "ဝှက်ထားလျက်ရှိသောထိုအဓမ္မအရာသည် ယခုပင်ပြုပြင်ဆဲရှိ၏" ဟူ၍ ပေါလုဖွင့်ဆိုခဲ့ပါသည်။ ၂သက် ၂း၃–၄၊ ၇။ ရဟန်းမင်းကြီး၏အာဏာတန်ခိုးကြီးထွားရန် လမ်းဖွင့်ပေးသည့်မှားယွင်းမှုများသည် ရှေးဦးအချိန်များမှစ၍ပင် အသင်းတော်ထဲသို့ဝင်ရောက်ခဲ့ကြောင်း ထိုတမန်တော်ကြီးတွေ့မြင်ခဲ့သည်။

"ဝှက်ထားလျက်ရှိသောအဓမ္မအရာ" သည် ၎င်း၏လှည့်ဖြားမှုဆိုင်ရာလုပ်ဆောင်မှုများကို တဖြည်းဖြည်းချင်းလုပ်ဆောင်လာပါသည်။ ဗာဟီရဝါဒ၏စိုးမိုးမှုအောက်တွင် ဖြစ်ပေါ်လာသောကြမ်းတမ်းသည့်နှိပ်စက်ညှဉ်းပန်းမှုများကြောင့် အခိုက်အတန့်အားဖြင့် ထိန်းချုပ်ထားနိုင်ခဲ့သောတစ်ပါးအမျိုးသားများ၏အကျင့်ဓလေ့များသည် ခရစ်ယာန်အသင်းတော်ထံသို့ရောက်ရှိလာပါသည်။ နှိပ်စက်ညှဉ်းပန်းခြင်းကာလကျော်လွန်သွားသောအချိန်တွင် ခရစ်တော်၏ရိုးစင်းမှုကို ဘေးဖယ်ကာ ဗာဟီရယဇ်ပုရောဟိတ်များ၏ဟန်ပန်များကို အတုခိုးကျင့်သုံးလာပါသည်။ ကွန်စတန်တင်း၏အမည်ခံသက်သက်ပြောင်း

ပြောင်းလဲမှုကြောင့် ဗာဟီရဝါဒီများဝမ်းမြောက်ခဲ့ကြပါသည်။ ယခုတွင် မူအသင်းတော်၏စင်ကြယ်မှုများအလျင်အမြန်ပျက်ယွင်းကာ ဗာဟီရဝါဒသည် အောင်ပန်းဆင်နေပါသည်။ သူမ၏ယုံကြည်ချက်များနှင့် အယူသီးမှုများကို ခရစ်ယာန်ယုံကြည်ခြင်းနှင့် ပူးပေါင်းလက်ခံကျင့်သုံးနေကြပါသည်။ ဗာဟီရဝါဒနှင့် ခရစ်ယာန်အယူဝါဒအကြား အလျော့အတင်းလုပ်ကာ ပူးပေါင်းလိုက်သဖြင့် ကြိုတင်အနာဂတ်ပြုထားသည့် "ဒုစရိုက်လူ" ပေါ်ထွန်းလာခဲ့ပါသည်။ ကမ္ဘာပလ္လင်ပေါ်တွင်ထိုင်ကာ အလိုရှိသည့်အတိုင်းလုပ်ဆောင်ရန် စာတန်ကြိုးစားခဲ့သောအရာများတွင် မှားယွင်းသောဘာသာအယူဝါဒကို တည်ထောင်နိုင်ခြင်းသည် စာတန်၏အထူးခြားအပြောင်မြောက်ဆုံးလက်ရာဖြစ်သည်။

ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် အသင်းအုပ်များအပေါ် အုပ်ချုပ်ခွင့်အာဏာကို ပုပ်ရဟန်းမင်းကြီး၌ အပ်နှင့်ထားသည်ဆိုသည့် အချက်မှာ ရောမအသင်းတော်၏အဓိကယုံကြည်ချက်များတွင် တစ်ချက်အပါအဝင်ဖြစ်သည်။ ထိုမျှသာမက ပုပ်ရဟန်းမင်းကြီးအား ထာဝရပုပ်ဘုရားသခင် (**Lord God the Pope**) ဟူ၍လည်းကောင်း၊ အမှားအယွင်းနှင့် အမြဲတမ်းကင်းသူဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်ကြပါသည်။ တောထဲတွင် ခရစ်တော်အား စုံစမ်းစဉ်က စာတန်တောင်းဆိုခဲ့သောအရာများကို ယခုအချိန်တိုင် ရောမအသင်းတော်မှတစ်ဆင့် ရဟန်းမင်းတောင်းဆိုလျက်ရှိရာ လူထုကြီးက သူ့အား ဝတ်ပြုကိုးကွယ်နေကြပါသည်။

ထိုတောင်းဆိုချက်များနှင့် ရင်ဆိုင်နေရသောယုံကြည်သူ ခရစ်ယာန်များအနေဖြင့် စာတန်တောင်းဆိုသောအချိန်တွင် ခရစ်တော်

ဖြေရှင်းတော်မူခဲ့သလို "သင်၏ဘုရားသခင်၊ ထာဝရဘုရားကိုကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည်" ဟူ၍ ဖြေရှင်းကြပါသည်။ (လုကာ ၄း၈)။ ဘုရားသခင်သည် မည်သူ့ကိုမျှ အသင်းတော်ဦးခေါင်းအဖြစ် မခန့်အပ်ခဲ့ဖူးရာ ပုပ်ရဟန်းမင်း၏သြဇာလွှမ်းမိုးမှုသည် သမ္မာကျမ်းစာနှင့်ဆန့်ကျင်နေပါသည်။ သို့ဖြစ်၍ ပုပ်ရဟန်းမင်း၌ အသင်းတော်အပေါ်စိုးမိုးအုပ်ချုပ်ရန် မတရားရယူထားသည့် အာဏာမှလွဲ၍ အခြားမည်သည့်အာဏာတန်ခိုးမျှမရှိပါချေ။ သို့နှင့်ရောမယုံကြည်သူများသည် "သန့်ရှင်းသူတို့၌ အထက်မှအပ်ပေးခဲ့သောယုံကြည်ခြင်း" ကိုကျောခိုင်းကာ စစ်မှန်သောအသင်းတော်မှမိမိတို့သဘောအတိုင်းခွဲထွက်ခဲ့ကြပါသည်။

ရင်ဆိုင်တော်မူရသမျှတိုက်ခိုက်မှုတိုင်းကို "ကျမ်းစာလာသည်ကား" ဟုဖွင့်ဆိုလျက် သမ္မာကျမ်းစာကို ဒိုင်းလွှားအဖြစ် အစဉ်တစိုက်ခရစ်တော်အသုံးပြုသွားမည်ကို သမ္မာကျမ်းစာဖော်ပြချက်များအရ စာတန်သိရှိထားသည်။ ထိုကြောင့် လူအပေါင်းတို့အား လမ်းလွဲစေရန်နှင့် ပုပ်ရဟန်းမင်းသြဇာကြီးစိုးလာစေရန်အတွက် သမ္မာကျမ်းစာကိုလူအပေါင်းမသိကျိုးကျွံပြုအောင်လုပ်ရမည်ကို စာတန်သိထားသည်။ မွန်မြတ်သောသမ္မတရားများကို ဖုံးကွယ်နှိပ်ကွပ်ထားရမည်။ ထိုကြောင့် ရောမအသင်းတော်က သမ္မာကျမ်းစာပုံနှိပ်ထုတ်ဝေမှုကိုနှစ်ပေါင်းများစွာတားမြစ်ခဲ့သည်။ အသင်းသားများကိုလည်း ကျမ်းစာဖတ်ခွင့်မပြုခဲ့ချေ။ ၎င်းတို့၏ဟန်ဆောင်လှည့်ဖြားမှုကို ဆက်လက်ထိန်းသိမ်းရန် ဘုန်းတော်ကြီးများကသာ သမ္မာကျမ်းစာကိုဖတ်ကာအနက်ဖွင့်ပေးခဲ့ကြသည်။ ဤနည်းအားဖြင့် ကမ္ဘာကြီးတစ်ခုလုံးကပုပ်ရဟန်းမင်းအား ကမ္ဘာပေါ်ရှိဘုရားသခင်၏ကိုယ်စားလှယ်တော်ကြီးအဖြစ်အသိအမှတ်ပြုလာကြပါသည်။

## ဥပုသ်တော်နေ့ပြောင်းလဲလာပုံ

ပုပ်ရဟန်းအဖွဲ့သည် "ကာလအချိန်နှင့် ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှါ ကြံစည်လိမ့်မည်" ဟု အနာဂတ္တိစကားတွင် ဖေါ်ပြထားပါသည်။ ဒံ ၇း၂၅။ ရုပ်တုကိုးကွယ်ခြင်းအတွက် အစားထိုးရန်ကြိုးစားမှုများ၊ ရုပ်ကြွင်းများကိုကိုးကွယ်ခြင်းများသည် ခရစ်ယာန်ဝတ်ပြုကိုးကွယ်မှုများတွင် တဖြည်းဖြည်းဝင်ရောက်လာပါသည်။ အထွေထွေကောင်စီမှရုပ်တုကိုးကွယ်မှုကို နောက်ဆုံးတွင် အတည်ပြုခဲ့ပါသည်။ ရောမအသင်းတော်သည် ပညတ်တော်ဆယ်ပါးမှဒုတိယပညတ်တော်တည်းဟူသောရုပ်တုကိုးကွယ်ခြင်းကို တားမြစ်သည့်ပညတ်ကိုဖယ်ထုတ်ကာ ဒသမပညတ်တော်ကို ပညတ်နှစ်ခုဖြစ်အောင် ဖန်တီးလိုက်ခြင်းဖြင့် ပညတ်တော်အရေအတွက်ကို မပျက်အောင်စီစဉ်ခဲ့ပါသည်။

ဆက်ကပ်မှုမရှိသောအသင်းတော်ခေါင်းဆောင်များသည် ဘုရားသခင်ကောင်းချီးပေး၍ သန့်ရှင်းစေခဲ့သောဥပုသ်တော်နေ့ကို ဘေးဖယ်ထားရန် စတုတ္ထပညတ်တော်ကို ပြုပြင်ပြောင်းလဲပစ်ကာ သတ္တမနေ့ဥပုသ်အစား တစ်ပါးအမျိုးသားများစတ်ပြုကိုးကွယ်သည့် 'နေ' ကိုကိုးကွယ်သောနေ့ဖြင့် အစားထိုးမြှောက်စားခဲ့ပါသည်။ ဥပုသ်နေ့အစစ်အမှန်ကို ပထမရာစုနှစ်တစ်ခုလုံး ခရစ်ယာန်အားလုံးက စောင့်ထိန်းခဲ့ကြပါသည်။ တနင်္ဂနွေနေ့တွင်မူ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအတွက် ပွဲနေ့များကျင်းပခဲ့ပါသည်။ ထိုနေ့၌ ဘာသာရေးအခမ်းအနားများကိုကျင်းပခဲ့သော်လည်း ပျော်ပွဲများကျင်းပရာနေ့တစ်နေ့အဖြစ်သာသတ်မှတ်ခဲ့ကြပြီး သတ္တမနေ့ကိုမူ ဥပုသ်နေ့အဖြစ်ရိုသေစွာစောင့်ထိန်းခဲ့ကြပါသည်။

သခင်ယေရှုပထမအကြိမ် ကြွမလာမီအချိန်ကတည်းက ကျပ်တည်းသောစည်းမျဉ်းများကိုဖန်တီးကာ ဥပုသ်စောင့်ခြင်းကို ဝန်တစ်ခုအသွင်သို့ ယုဒချက်ကလေးကို အခွင့်ကောင်းယူကာ စစ်မှန်သောဥပုသ်ကို ယုဒဥပုသ်ဟုသူမထိမဲ့မြင်ဖွင့်ဆိုနေပါသည်။ ခရစ်ယာန်များသည် တနင်္ဂနွေနေ့ကို ပျော်ရွှင်စရာနေ့တစ်နေ့အဖြစ် ယေဘုယျအားဖြင့် ဆက်လက်စောင့်ထိန်းနေစဉ် ယုဒလူများ၏အမုန်းကို ထင်ရှားစေရန်အလို့ငှါ သတ္တမနေ့ဥပုသ်ကို ဝမ်းနည်းစိတ်ပျက်စရာနေ့တစ်နေ့ဖြစ်အောင် သူလမ်းပြခဲ့ပါသည်။

ရောမရောဖ်ကွန်စတန်တင်းသည် တနင်္ဂနွေနေ့အား လူထုပွဲနေ့တစ်ခုအဖြစ် ရောမအင်ပါယာအနှံ့ အမိန့်စာထုတ်ကြေညာခဲ့ပါသည်။ နေဘုရားနေ့ (တနင်္ဂနွေနေ့) ကို ဗာဟီရလူများက ရိုသေလေးစားကြသလို ခရစ်ယာန်များကလည်း အလေးအမြတ်ပြုကြပါသည်။ ထိုကြောင့် ဤကဲ့သို့အမိန့်စာများထုတ်ပြန်ကြေညာရန် အသင်းတော်မှဘုန်းတော်ကြီးများက ဘုရင်ကြီးအား တိုက်တွန်းခဲ့ကြပါသည်။ ခရစ်ယာန်များနှင့် တစ်ပါးအမျိုးသားများသည် နေ့ရက်တစ်ခုတည်းစောင့်ရှောက်ကြမည်ဆိုလျှင် အသင်းတော်သည် ဂုဏ်တန်ခိုးများတိုးပွားလာနိုင်သည်ဟု အာဏာတန်ခိုးကိုဆာငတ်သောစိတ်ဖြင့် သူတို့ယူဆခဲ့ကြသည်။ ဘုရားသခင်ကိုကြောက်ချစ်သောခရစ်ယာန်များသည် တနင်္ဂနွေနေ့ကို သန့်ရှင်းသောနေ့တစ်နေ့အဖြစ် မှတ်ယူဥပုသ်စောင့်ရန် သွေးဆောင်ခြင်းခံရစဉ်မှာပင် စတုတ္ထပညတ်ပါသတ္တမနေ့ဥပုသ်ကိုတွဲဖက်စောင့်ရှောက်ကြဆဲဖြစ်သည်။

စာတန်သည် ၎င်း၏လုပ်ငန်းစဉ်ကို ထိုမျှနှင့်အဆုံးမသတ်သေးပါချေ။ ခရစ်တော်၏ကိုယ်စားလှယ်များဖြစ်သည်ဟုဆိုကာ

စိတ်နေမြင့်နေသောအသင်းတော်ဘုန်းတော်ကြီးများအားဖြင့် သူ၏ အာဏာကိုအသုံးပြုခဲ့ပါသည်။ ကမ္ဘာအရပ်ရပ်မှဂုဏ်သရေရှိပုဂ္ဂိုလ် ကြီးများကိုဖိတ်ကြားကာ ကြီးကျယ်သောကောင်စီအစည်းအဝေးများ ကိုကျင်းပခဲ့ပါသည်။ အစည်းအဝေးတိုင်း၌ သတ္တမနေ့ဥပုသ်ကို နည်းနည်းချင်းချိုးနှိမ်ကာ တနင်္ဂနွေနေ့ကို ဖြည်းဖြည်းချင်းမြှင့်တင် ခဲ့ကြပါသည်။ ဤနည်းအားဖြင့် ဗာဟီရလူများ၏ပွဲနေ့သည် ဘုရား သခင်တည်ထောင်ထားသည့်အာတစ်ခုကဲ့သို့ အဆုံးတွင်ဂုဏ်ပြုခြင်း ခံရကာ စစ်မှန်သောဥပုသ်နေ့ကို ယုဒများ၏ဥပုသ်ဖြစ်ကြောင်း၊ ထိုဥပုသ်ကိုစောင့်ရှောက်ခြင်းကြောင့် ကျိန်ခြင်းကိုခံရမည်ဖြစ်ကြောင်း ဖွင့်ဆိုခဲ့ကြပါသည်။

ထိုမှားယွင်းသောသူသည် "ဘုရားသခင်ဟူ၍ ခေါ်ဝေါ်သမျှ သောအရာတို့" အထက်တွင် မိမိကိုယ်ကိုချီးမြှောက်နိုင်ခဲ့သည်။ ၂သက် ၂း၄။ သူသည် ဘုရားသခင်အား ဖန်ဆင်းရှင်အဖြစ်ပြည့္ဂန် သည့် တစ်ခုတည်းသော ပညတ်တော်တည်းဟူသောစတုတ္ထပညတ်ကို ပြောင်းလဲပစ်ရဲသူဖြစ်သည်။ ဘုရားသခင်၏ဖန်ဆင်းခြင်းကို သတိရ အောက်မေ့စေသည့် သတ္တမနေ့ကိုသန့်ရှင်းစေ၍ လူသားများအတွက် နားနေရန်နေ့အဖြစ် သတ်မှတ်တော်မူ၏။ လူသားများ၏စိတ်အာရုံ တွင် ထာဝရဘုရားသခင်အား ဝတ်ပြုစရာဝတ္ထုတစ်ခုအဖြစ် အမြဲတမ်း စွဲလမ်းနေစေရန် ထိုနေ့ကို စီစဉ်သတ်မှတ်တော်မူခဲ့သည်။ ထိုကြောင့် စာတန်သည် လူသားများအား ပညတ်တော်ကိုကျော်ခိုင်းကာ ဖန်ဆင်း ရှင်ကိုပြည့္ဂန်သည့် ထိုပညတ်ကိုလျစ်လျူရှုရန် အပြင်းအထန်ကြိုးစား ခဲ့ပါသည်။

ခရစ်တော်သည် တနင်္ဂနွေနေ့တွင် ရှင်ပြန်ထမြောက်ခြင်း အားဖြင့် ထိုနေ့အား ခရစ်ယာန်ဥပုသ်နေ့ဖြစ်စေခဲ့ပြီဟု ပရိုတက်စတင့်

များက ယခုတွင်ပြောဆိုနေကြသည်။ သို့ရာတွင် ခရစ်တော်နှင့်တကွ တမန်တော်များသည် ထိုနေ့ကို ၎င်းတို့ဖွင့်ဆိုသလို အထူးအလေးပေး မိန့်ဆိုခြင်းမရှိခဲ့ပါချေ။ တနင်္ဂနွေနေ့ဥပုသ်စောင့်ခြင်းသည် ပေါလု အချိန်ကတည်းကပေါ်ထွန်းခဲ့သော "ဝှက်ထားလျက်ရှိသောအဓမ္မ အရာ" မှအစပျိုးခဲ့ပါသည်။ ၂သက်၊ ၂း၇။ သမ္မာကျမ်းစာက ခွင့်မပြုထားသည့်ပြောင်းလဲမှုတစ်ခုအတွက် မည်သည့်အကြောင်း ပြချက်ပေးနိုင်မည်နည်း။

အေဒီ ၆ ရာစုတွင် ရောမတွင် ကျောင်းထိုင်သည့်ဘုန်းတော်ကြီး က မိမိသည် အသင်းတော်၏ဦးခေါင်းဖြစ်ကြောင်း ကြေညာလိုက် သည်။ "နဂါးသည် မိမိတန်ခိုးနှင့် မိမိပလ္လင်ကိုလည်းကောင်း၊ ကြီးစွာသောအာဏာစက်ကိုလည်းကောင်း သားရဲ၌အပ်ပေး" ခဲ့သကဲ့သို့ ဗာဟီရဝါဒသည် ပုပ်ရဟန်းမင်းအုပ်ချုပ်ရေးအတွက် နေရာပေးခဲ့ ပါသည်။ ဗျာ၊ ၁၃း၂။

ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့တွင် ဖော်ပြထား သောအနာဂတ္တိစကားများအတိုင်း ပုပ်ရဟန်းမင်းဖိနှိပ်ချုပ်ချယ်သည့် နှစ်ပေါင်း ၁၂၆၀ ကာလသည် ယခုတွင်အစပြုခဲ့ပါသည်။ မိမိတို့၏ ယုံကြည်ခြင်းကိုစွန့်ပစ်ကာ ပုပ်ရဟန်းမင်းကြီး၏ဝတ်ပြုအခမ်းအနား များကိုတက်မည် (သို့မဟုတ်) ထောင်အကျခံ၊ အသေခံမည်ဟူသော အချက်နှစ်ခုမှ တစ်ခုကိုရွေးချယ်ရန်မှာ ခရစ်ယာန်တို့၏အငန်းအတာ ဖြစ်လေ၏။ "သင်တို့မိဘ၊ ညီအစ်ကိုပေါက်ဘော်၊ ဆွေမျိုး၊ ခင်ပွန်း တို့သည် သင်တို့ကိုအပ်နှံကြလိမ့်မည်။ တချို့တို့ကိုလည်း သတ်ကြ လိမ့်မည်။ လူအပေါင်းတို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကို မုန်းကြလိမ့်မည်" ဟူသောခရစ်တော်၏အနာဂတ္တိစကားသည် ဤတွင် ပြည့်စုံခြင်းသို့ရောက်လေ၏။

ကမ္ဘာလောကကြီးသည် ကြီးမားကျယ်ပြန့်သောစစ်မြေပြင်ကြီးဖြစ်လာကာ အသင်းတော်သည် မထင်မရှား၊ ဆိတ်ငြိမ်သောနေရာများတွင် နှစ်ပေါင်းများစွာခိုအောင်းခဲ့ရပါသည်။ "မိန်းမသည် အရက်တစ်ထောင့်နှစ်ရာခြောက်ဆယ်ပတ်လုံး တောၔကျွေးမွေးခြင်းကိုခံရမည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသောအရပ်သို့ပြေးလေ၏။ ဗျာ၊ ၁၂း၆။

ရောမအသင်းတော်ကြီး တန်ခိုးအာဏာရလာသည့်အချိန်မှစ၍ အမှောင်ခေတ်သည် အစပျိုးခဲ့သည်။ ခရစ်တော်အစား အသင်းတော်ခေါင်းဆောင်အပေါ်ယုံကြည်လာကြသည်။ အပြစ်လွှတ်ခြင်းအခွင့်နှင့် ထာဝရအသက်ရရှိရေးအတွက် သားတော်ဘုရားကို ကိုးစားကြရမည့်အစား ထိုသားတော်က အာဏာပေးထားသောအသင်းတော်ခေါင်းဆောင်များအပေါ်ကိုးစားလာကြသည်။ ရောမအသင်းတော်ခေါင်းဆောင်ကြီးသည် ၎င်းတို့အတွက် ဘုရားသခင်ဖြစ်နေပါသည်။ ထိုသူတောင်းဆိုချက်များကို မဖြည့်စွမ်းခြင်းသည် ပြင်းထန်သောအပြစ်ဒဏ်စီရင်ရန်အတွက် လုံလောက်သောအကြောင်းပြချက်ဖြစ်နေသည်။ ဤသို့နည်းအားဖြင့် လူတို့၏စိတ်နှလုံးသည် ဘုရားသခင်ကိုအားကိုးရမည့်အစား မှားတတ်သော၊ ရက်စက်တတ်သောလူသားများကိုအားကိုးလာသည်။ ထိုမှတစ်ဆင့် ထိုလူများအားဖြင့် တန်ခိုးပြလုပ်ဆောင်နေသောစာတန်မာရ်နတ်ကို အားကိုးလာကြပါသည်။ ကျမ်းစာကိုဘေးဖယ်ထားကာ မိမိကိုယ်ကိုကြီးမြတ်သူဟု လူများအထင်ရောက်လာသောအချိန်တွင် မှားယွင်းမှု၊ လိမ်ညာမှုနှင့် ညစ်ညမ်းသောအပြစ်များကိုသာ ကျွန်ုပ်တို့တွေ့မြင်ကြရတော့မည်။

အသင်းတော်အတွက်အန္တရာယ်ကာလ

ကိုယ်တော်၏အလံတော်ကို သစ္စာရှိစွာသယ်ဆောင်သူမှာ နည်းပါးလှပါသည်။ တစ်ခါတစ်ရံတွင် အဆိုးကအောင်ပွဲဆင်နေသယောင်ဖြစ်ကာ မှန်ကန်သောဘာသာတရားသည် ကမ္ဘာကြီးထဲတွင် မရှိတော့သယောင်ဖြစ်နေပါသည်။ လူအများသည် ဝမ်းမြောက်ဖွယ်ရာသတင်းစကားကိုမျက်ခြည်ပြတ်ကာ အသေးစိတ်တိတ်ကျကျလုပ်ဆောင်ရမည့်ဝန်များအောက်တွင်ပိနေကြပါသည်။ အပြစ်လွှတ်ခြင်းအခွင့်ကိုရရန် ကိုယ့်အကျင့်ကိုကိုယ်အားကိုးရမည်ဟု အသွန်သင်ခံနေရပါသည်။ ဘုရားဖူးခရီးရှည်ထွက်ခြင်း၊ ခြိုးခြံစွာကျင့်ခြင်း၊ ရုပ်ကြွင်းများကိုကိုးကွယ်ခြင်း၊ ဘုရားကျောင်းများတည်ဆောက်ခြင်း၊ အသင်းတော်အတွက်အလှူငွေအမြောက်အမြားတည့်ခြင်း စသည့်ကောင်းမှုကုသိုလ်များဖြင့် ဘုရားသခင်အား အမျက်ပြေစေနိုင်ကြောင်း၊ ဘုရားသခင်ထံတွင် မျက်နှာရနိုင်ကြောင်း အသွန်သင်ခံနေရပါသည်။

ခရစ်ယာန်အသင်းတော်ခေတ်ဦး၌ ရောမဘုန်းတော်ကြီးရယူပိုင်ဆိုင်ခဲ့သောဝိညာဉ်တန်ခိုးကို ယခုတွင် မိမိတို့ပိုင်ဆိုင်ဆောင်ရွက်နေကြောင်း ရောမအသင်းတော်က အေဒီ (၈) ရာစုအနှောင်းပိုင်းတွင် ကြေညာခဲ့ပါသည်။ အသင်းတော်ဘုန်းတော်ကလေးများက ရှေးခေတ်စာပေများကို လီဆယ်ဖန်တီးခဲ့ကြပါသည်။ ကနဦးအချိန်များမှစ၍ ဗရင်ဂျီရဟန်းမင်း၏စကြဝဠာဆိုင်ရာကြီးမြတ်မှုကိုတည်ဆောက်ပေးသည့် ကောင်စီများ၏ဥပဒေပြဋ္ဌာန်းချက်များကိုလည်း ပြန်လည်တွေ့ရှိရပါသည်။

မှန်ကန်သောအုတ်မြစ်ပေါ်တွင် တည်ဆောက်ခဲ့သူအနည်းစသည် ကြံရာမရဖြစ်လာခဲ့ကြပါသည်။ စာတန်စီစဉ်ထားသည့်အခက်

အခဲများတည်းဟူသောနှိပ်စက်ညှဉ်းပန်းခြင်း၊ လိမ်လည်လှည့်ဖြား ခြင်းများနှင့် မနားနေရင်ဆိုင်ရှုန်းကန်ရင်း သစ္စာရှိသူတချို့သည် စိတ်ပျက်အားလျော့လာကြပါသည်။ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးခြင်းမခံရစေရန်အလို့ငှါ အမှန်တရားကို သူတို့ကျောခိုင်းခဲ့ ကြပါသည်။ သို့ရာတွင် တချို့မှာမူ ရန်မူသူများ၏ဆန့်ကျင်တိုက်ခိုက် မှုကြောင့် စိတ်ပျက်မသွားကြဘဲ ဆက်လက်တည်ကြည်ခဲ့ကြပါ သည်။

ရုပ်တုကိုးကွယ်ခြင်းကို လူအများစုလက်ခံလာပြီး ထိုရုပ်တု ရှေ့တွင် မီးတိုင်ထွန်းကာ ဆုတောင်းကြပါသည်။ လုံးဝအဓိပ္ပါယ် မရှိသောအကျင့်ဓလေ့များသည် ရေပန်းစားလာကာ လူအများသည် ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းများမရှိကြတော့ချေ။ အသင်းတော်မှ ဘုန်းတော်ကြီးများနှင့် ခေါင်းဆောင်များကိုယ်တိုင်က အပျော်အပါး လိုက်စားကာ ပျက်စီးနေသည့်အချိန်တွင် ၎င်းတို့အားလ လမ်းပြရှင် များအဖြစ် ဦးထိပ်တင်ထားကြသည့်အသင်းသားများသည် ဆိုးသွမ်း ညစ်ညမ်းမှုများနှင့် မသိနားမလည်မှုများတွင် နစ်မွန်းသွားခဲ့ကြပါ သည်။

ရဟန်းမင်းကြီးအင်္ဂမြောက်ဂရီဂိုရီက အသင်းတော်သည် သမ္မာကျမ်းစာအရ မည်သည့်အခါကမျှ မမှားယွင်းခဲ့ဖူးသကဲ့သို့ မည်သည့်အခါတွင်မှလည်း မှားယွင်းလိမ့်မည်မဟုတ်ကြောင်း လူသိ ရှင်ကြားကြေညာခဲ့ပါသည်။ သို့ရာတွင် ထိုကြေညာချက်ကို သမ္မာ ကျမ်းစာကမထောက်ခံပါချေ။ မာနထောင်လွှားသောထိုရဟန်းမင်းကြီး သည် ဧကရာဇ်ဘုရင်များကိုပင် နန်းချနိုင်သည့်တန်ခိုးအာဏာများ ရှိလာပါသည်။ ဂျာမနီပြည့်ရှင်ဧကရာဇ်ဘုရင်စတုတ္ထမြောက်ဟင်နရီ

ဘုရင်ကြီးအားလုပ်ဆောင်မှုတွင် ၎င်းဖွင့်ဆိုကြေညာခဲ့သောအရာများအတွက် သက်သေပြခဲ့ပါသည်။ ရဟန်းမင်းကြီး၏အာဏာတော်ကိုဂရုမမူလုပ်ဆောင်ခဲ့ခြင်းအတွက် ထိုဂျာမနီဘုရင်ကြီးနန်းအချခံခဲ့ရပါသည်။ ထိုမျှသာမက ရဟန်းမင်းကြီး၏အမိန့်ကြောင့် ဂျာမနီရှိပြည်နယ်မင်းသားများက ထိုဘုရင်ကြီးကိုပုန်ကန်ခြားနားခဲ့ကြပါသည်။

ထိုကြောင့် ရောမနှင့်ပြေလည်အောင်လုပ်ဆောင်မှဖြစ်မည်ကို ဟင်နရီဘုရင်သဘောပေါက်ရာ ရဟန်းမင်းကြီးရှေ့တွင်ဒူးထောက်အညံ့ခံရန် ဆောင်းရာသီကြီးတွင်ပင် မိမိ၏ဇနီးအပါအဝင် တပည့်လက်သားများဖြင့် အဲလ်ပ်စ်တောင်တန်းကြီးကိုဖြတ်ကျော်ခဲ့ပါသည်။ ရဟန်းမင်းကြီး၏ရဲတိုက်သို့ရောက်သောအခါ သူ့အား ရဲတိုက်အပြင်မှစောင့်စေခဲ့ပါသည်။ ခိုက်ခိုက်တုန်အောင်ချမ်းအေးနေရသည့်အချိန်တွင် ဦးထုပ်မဆောင်း၊ ဖိနပ်မစီးဘဲ ရဟန်းမင်းကြီးနှင့် တွေ့ခွင့်ရဖို့နှင်းတောထဲတွင် ဟင်နရီဘုရင်စောင့်နေရပါသည်။ သုံးရက်လုံးလုံးအစာရှောက်ကာ အပြစ်ဝန်ချတောင်းပန်းသည့်အခါမှသာအပြစ်လွှတ်ခြင်းအခွင့်ကို သူရခဲ့ပါသည်။ အပြစ်လွှတ်ခြင်းအခွင့်ရခဲ့သည့်တိုင်ဘုရင်ရာထူးကိုဆက်လက်ထမ်းဆောင်ခွင့်ရဖို့ ရဟန်းမင်း၏ခွင့်ပြုချက်ကို သူစောင့်ရပေဦးမည်။ ဤတွင် ဂရီဂိုရီသည် ဘုရင်တို့၏မာနကိုချိုးရန်မှာ မိမိ၏တာဝန်ဖြစ်သည်ဟူ၍ မိမိ၏အောင်မြင်မှုအတွက်ကြွားဝါခဲ့ပါသည်။

နှလုံးတံခါးရှေ့တွင် ဝင်ခွင်းရရန် တောင်းပန်နေသောတိုးလျှိုးသောခရစ်တော်နှင့် သွေးနားထင်ရောက်နေသောရဟန်းမင်းကြီးတို့၏လုပ်ဆောင်မှုများသည် ခြားနားလှပါတကား၊ သူတစ်ပါး၏အကြီးအကဲ ဖြစ်လိုသူများသည် သူတစ်ပါး၏အစေအပါးဖြစ်ရလိမ့်မည်ဟုတပည့်တော်တို့အား ခရစ်တော်မိန့်ကြားခဲ့ပါသည်။ မဿဲ ၂၀း၂၇။

## မှားယွင်းသောယုံကြည်ချက်များစိမ့်ဝင်လာခြင်း

ရှပန်းမင်းကြီး၏အုပ်ချုပ်မှုမတိုင်မီကပင် သာသနာပအတွေး အခေါ်ပညာရှင်များ၏သွန်သင်ချက်များသည် အသင်းတော်အပေါ် သြဇာသက်ရောက်ပြီးနှင့်ချေပြီ။ လူအများစုသည် ဗာဟီရဝါဒီများ၏ ဒဿနများကို စွဲလမ်းနေကြကာ သာသနာပလူများအလယ်တွင် သြဇာရှိရန် ထိုဒဿနများကို လေ့လာကြဖို့ အခြားလူများကိုတိုက်တွန်း ခဲ့ကြသည်။ ကြောက်စရာကောင်းသောမှားယွင်းမှုများသည် ဤနည်း အားဖြင့် ခရစ်ယာန်ယုံကြည်ချက်ထဲသို့ စတင်စိမ့်ဝင်လာခဲ့ပါသည်။

လူသေသောအခါတွင် လူသားသဘာဝနှင့် သြတ္တပ္ပစိတ်တို့ သည်မသေပါဟူသောယုံကြည်ချက်သည် စိမ့်ဝင်လာသောမှားယွင်းမှု များတွင် အထင်ရှားဆုံးဖြစ်သည်။ ရောမအသင်းတော်သည် ဤယုံကြည်ချက်ပေါ်တွင်အခြေပြုလျက် သေဆုံးပြီးသူတော်စင်များ ထံတွင် ဆုတောင်းခြင်းနှင့် မယ်တော်မာရိအား ကိုးကွယ်ကြည်ညို ခြင်းများကိုတည်ဆောက်ခဲ့ပါသည်။ ထိုအရာများမှတစ်ဆင့်နောင်တ မရသူများအား ထာဝရညှဉ်းဆဲခြင်းဆိုင်ရာ မှားယွင်းသောယုံကြည်မှု များပေါက်ပွားလာခဲ့ပါသည်။ အမှန်မှာ ဤယုံကြည်ချက်သည် ရှေးမဆွကပင် ထိုအသင်းတော်၏ယုံကြည်ချက်များတွင် ပါဝင်ထား ပြီးသားဖြစ်ပါသည်။

ထိုယုံကြည်ချက်သည် အယူသီးသူများအား ခြောက်လှန့်ရာတွင် အသုံးပြုသည့် Purgatory ဟုခေါ်သော "အပြစ်ငယ်ကလေးများ အတွက် ဒဏ်ခံရာငရဲငယ်ကလေး" ကိုတီထွင်ရန် လမ်းစပေါ်သွား ပါသည်။ မစင်ကြယ်မှုများပပျောက်သွားသောအချိန်တွင် ကောင်းကင်

သို့ဝင်ခွင့်ရရန် ထာဝရသေခြင်းကို ခံထိုက်လောက်အောင် မကြီးမား သောအပြစ်များကို ကျူးလွန်သူများအား ခေတ္တခဏအပြစ်ပေးရန် နေရာတစ်ခုတည်ရှိသည်ဟု မှားယွင်းသောထိုယုံကြည်ချက်က အတည် ပြုခဲ့ပါသည်။

အသင်းသားများ၏ဆိုးညစ်မှုများနှင့် ကြောက်ရွံ့မှုများကို အခြေ ပြု၍အမြတ်ထုတ်ရန် ရောမအသင်းတော်က လီဆယ်ဉာဏ်ဆင်ထား သည့်ယုံကြည်ချက်တစ်ခုမှာ Indulgence ဟုခေါ်သည့် ကျူးလွန် သောအပြစ်အတွက် အပြစ်ဒဏ်ခံခြင်းမှကင်းလွတ်ခွင်းပေးခြင်းဆိုင်ရာ ယုံကြည်ချက်ဖြစ်သည်။ ရဟန်းမင်း၏ရန်သူများကို အပြစ်ပေးရန် (သို့မဟုတ်) ရဟန်းမင်း၏ဝိညာဉ်ရေးဆိုင်ရာကြီးမြတ်မှုကို အန်တု ဝံ့သူများအားသုတ်သင်ရန် တိုက်ပွဲဝင်မည့်အဖွဲ့တွင် စာရင်းသွင်း သူများသည် ထိုယုံကြည်ချက်အရ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကျူးလွန်သည့်အပြစ်၊ ကျူးလွန်ဆဲအပြစ်နှင့် ကျူးလွန်မည့်အပြစ် များကို ချေဖျက်ပေးခြင်းခံရလိမ့်မည်။ လူတို့သည် ထိုယုံကြည်ချက် အရ အသင်းတော်အား ငွေကြေးများပေးဆောင်ခြင်းအားဖြင့် မိမိ ကိုယ်တိုင်ကျူးလွန်ခဲ့သောအပြစ်များသာမက ငရဲမီးတွင် ဒုက္ခခံနေ ရသည့် သေလွန်သူမိတ်ဆွေများ၏အပြစ်များကိုပင် လွှတ်ခြင်းအခွင့် ရရှိနိုင်ပါသည်။ ရောမအသင်းတော်သည် ဤငွေရှာနည်းအားဖြင့် ဘဏ္ဍာတော်တိုက်ကိုပြည့်စေလျက် ခေါင်းချစရာပင် မရှိခဲ့သည့် ခရစ်တော်ကို ကိုယ်စားပြုသူများ၏ကြီးကျယ်ခမ်းနားမှု၊ ဇိမ်ခံမှုနှင့် ညစ်ညမ်းဆိုးယုတ်မှုများကို ဆက်လက်တည်ရှိစေပါသည်။

ဘုရားသခင်၏ပွဲတော်မင်္ဂလာအစား မားစ်ဟုခေါ်သည့်ပွဲတော် တစ်ခုကိုကျင်းပသည်။ ရဟန်းမင်းလက်အောက်ရှိ ယဇ်ပုရောဟိတ်

များသည် အရာခပ်သိမ်းကိုဖန်ဆင်းသည့် ဖန်ဆင်းရှင်ဘုရားသခင်၏ တန်ခိုးများကို ၎င်းတို့ပိုင်ဆိုင်ကြောင်း ဘုရားသခင်ကိုစော်ကား သောစကားများဖြင့် ရဲရင့်သောဒုစရိုက်ကိုပြုလျက် မှန့်ရိုးရိုး၊ စပျစ် ရည်ရိုးရိုးကို ခရစ်တော်၏အသား၊ ခရစ်တော်အသွေးသို့ ပြောင်းလဲ ပစ်ဟန်ဆောင်ကြပါသည်။ ဘုရားသခင်ကိုစော်ကားသည့် ဤယုံကြည် ချက်များကို လက်ခံလိုက်လျှောက်ကြရန် ခရစ်ယာန်များကို နိုင်လို မင်းထက်ခိုင်းစေခဲ့ကြပါသည်။

၁၃ ရာစုနှစ်တွင် ရောမအသင်းတော်က ကြောက်စရာအကောင်း ဆုံးဖြစ်သည့် Inquisition ဟု အမည်တွင်သောစုံစမ်းအပြစ်ပေးခြင်း စနစ်တစ်ခုကိုချမှတ်တီထွင်ခဲ့ပါသည်။ စာတန်နှင့် ၎င်း၏ကောင်းကင် တမန်များသည် လျှို့ဝှက်စွာအစည်းအဝေးကျင်းပနေသောဒုစရိုက် သားများ၏စိတ်နှလုံးကိုထိန်းချုပ်ခဲ့ပါသည်။ လူတို့၏မျက်စိဖြင့်ပင် ကြည့်ဖို့မသင့်လျော်လောက်အောင် ရွံရှာဖွယ်ဖြစ်သည့် ထိုသူများ၏ စုံစမ်းအပြစ်ပေးခြင်းဆိုင်ရာအမိန့်များ၊ လုပ်ဆောင်ချက်များကို မှတ်တမ်းတင်နေသောဘုရားသခင်၏မျက်မြင်မရသောကောင်းကင် တမန်တစ်ပါးသည် ထိုအစည်းအဝေးအလယ်တွင် ရပ်ထပ်ခဲ့သည်။ “ဗာဗုလုန်မြို့ကြီးသည် သန့်ရှင်းသူတို့၏အသွေးနှင့် ယစ်မူးသည်ကို ငါမြင်၏။” ဗျာ၊ ၁၇း၅-၆။ အထူးထူးအပြားပြားသောမာတုရသေပွဲဝင် ခဲ့သူများသည် ဖေါက်ပြန်သောထိုလုပ်ဆောင်မှုများအပေါ် ပြစ်ဒဏ် စီရင်ပေးပါရန် ဘုရားသခင်ထံ၌ ဟစ်ကြွေးနေကြသည်။

ရဟန်းမင်းကြီးသည် ကမ္ဘာ့သက်ဦးဆံပိုင်ဘုရင်တစ်ပါးဖြစ် လျှာပါသည်။ လောကဘုရင်နှင့် ဧကရာဇ်များသည် ရဟန်းမင်းကြီး ၏အမိန့်ကိုနာခံလာကြသည်။ ရောမအသင်းတော်၏ယုံကြည်ချက်

များကိုလည်း နှစ်ပေါင်းများစွာလုံးလုံးလျားလျားယုံကြည်ကျင့်သုံးလာခဲ့ကြသည်။ သာသနာ့ဝန်ထမ်းများကိုလည်း ဂုဏ်ပြုချီးမြှောက်ကာလိုလေသေးမရှိအောင် ပံ့ပိုးခဲ့ကြရာ ရောမအသင်းတော်သည် မည်သည့်အခါကမှမရရှိခဲ့ဖူးသောဂုဏ်သိက္ခာ၊ တန်ခိုးအာဏာနှင့် ကြီးကျယ်ခမ်းနားမှုများကို ရယူပိုင်ဆိုင်ခဲ့ပါသည်။

သို့ရာတွင် "ရောမအသင်းတော်၏မွန်းတည့်ချိန်သည် ဤကမ္ဘာကြီးအတွက် ညသန်းခေါင်အချိန်ဖြစ်ခဲ့ရပါသည်။ သမ္မာကျမ်းစာကိုလူသိနည်းခဲ့ပါသည်။ အသင်းတော်ခေါင်းဆောင်များသည် ၎င်းတို့၏အပြစ်ကိုဖော်ပြသည့်အလင်းကိုမုန်းတီးကြရာ ဖြောင့်မတ်ခြင်းအတွက်စံဖြစ်သောဘုရားသခင်၏ပညတ်တော်ကို ဘေးဖယ်ထားကာ ညစ်ညမ်းဆိုးယုတ်သောအကျင့်များကို အထိန်းအကွပ်မဲ့ လိုက်စားခဲ့ကြပါသည်။ ရဟန်းမင်းနှင့် ဂိုဏ်းချုပ်များ၏စံနန်းများသည် ဆိုးရွားသောအပျော်အပါးလွန်ကျူးမှုမြင်ကွင်းများနှင့် ပြည့်ဝလျက်ရှိပါသည်။ တချို့သောအသင်းတော်ဝန်ထမ်းများသည် ပုန်ကန်ထကြွမှုကိုဖြစ်စေသည့် ရာဇဝတ်မှုများကို ကျူးလွန်ကြသည်ဖြစ်ရာ လောကီရှင်ဘုရင်များသည် ၎င်းတို့အားသည့်ခံခြင်းငှါ မစွမ်းဆောင်နိုင်ကြတော့ဘဲအန္တရာယ်ရှိသူများအဖြစ်သတ်မှတ်ကာ ရာထူးမှဖြုတ်ချခဲ့ကြပါသည်။ ထိုအကြောင်းများကြောင့် ဥရောပတစ်ခွင်၌ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုများသည် ရာစုနှစ်များစွာတိုးတက်မှုမရှိခဲ့ခြင်းဖြစ်သည်။ ခရစ်ယာန်များသည် ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ဆိုင်ရာ သွက်ချာပါဒရောဂါဆိုးကိုခံစားခဲ့ကြရပါသည်။

ဤဆိုးကျိုးများသည် နှုတ်ကပတ်တော်ကိုပစ်ပယ်ခြင်း၏ရလဒ်များဖြစ်သည်။

## ယုံကြည်ခြင်းကိုထိန်းသိမ်းကာကွယ်သူ ဝေါလ်ဒင်းဆီးများ

ရဟန်းမင်းကြီး တန်ခိုးအာဏာအထွတ်အထွတ်အထိပ်ရောက်နေသည့် ကာလရှည်ကြီးမှာပင် ခရစ်တော်အား လူနှင့်ဘုရားသခင်အကြား၊ ကြားဖျန်ဖြေပေးသူအဖြစ် ယုံကြည်ဆဲဖြစ်သောသက်သေခံများရှိခဲ့ပါသည်။ ၎င်းတို့သည် ကျမ်းစာကိုအသက်တာ၏စည်းမျဉ်းတစ်ခု အဖြစ်ကိုကိုင်စွဲကာ သတ္တမနေ့ဥပုသ်ကိုလည်း သန့်ရှင်းစွာတည်ဆောက် ခဲ့ကြပါသည်။ ၎င်းတို့အား ဘာသာရေးဖေါက်ပြန်သူများအဖြစ် သတ်မှတ်ကာ ထုတ်ဝေသောစာပေများကို ဟန့်တားဖျက်ဆီးခဲ့ သော်လည်း သူတို့သည် ခိုင်မာစွာရပ်တည်ခဲ့ကြပါသည်။

နှိပ်စက်ညှဉ်းပန်းသူများ၏စွပ်စွဲချက်မှတ်တမ်းများမှလွဲ၍ လူ့မှတ်တမ်းများတွင် သူတို့နေရာမရသလောက်ဖြစ်ခဲ့သည်။ ရောမ အသင်းတော်သည် မိစ္ဆာဒိဋ္ဌိဟု မိမိအထင်ရှိသည့်လူနှင့် စာပေများ ကိုဖျက်ဆီးပစ်ရန် ကြိုးပမ်းခဲ့သည်။ မိမိတို့အား ဆန့်ကျင်သူများ အပေါ် ကျူးလွန်ခဲ့သည့်ရက်စက်မှုမှတ်တမ်းများကိုလည်း ဖျောက်ဖျက် ပစ်ရန် သူမကြိုးစားခဲ့သည်။ ပုံနှိပ်စက်များမပေါ်မီက စာအုပ်အရေ အတွက်သည် အလွန်နည်းပါးသည်ဖြစ်ရာ ရောမအသင်းတော်သည် မိမိအကြံအစည်ကိုအကောင်အထည်ဖေါ်နိုင်ခဲ့ပါသည်။ အသင်းတော် သည် အာဏာတန်ခိုးများရရှိလာပြီးနောက် ဆက်တိုက်ဆိုသလိုပင် မိမိ၏လမ်းစဉ်များကို အသိအမှတ်ပြုရန်နှင့် ငြင်းဆန်သူများအားချေ မှုန်းပစ်ရန် ဆက်လက်ကြိုးစားလေ့လာခဲ့ပါသည်။

ဗြိတိန်နိုင်ငံတွင် ရောမအသင်းတော်၏ဖေါက်ပြန်သောအယူဝါဒကင်းရှင်းသည့် ရှေးဦးခရစ်ယာန်ဘာသာသည် ရှေးမဆွကပင် အမြစ်စွဲခဲ့ပါသည်။ သာသနာပဧကရာဇ်များကပြုလုပ်သောနှိပ်စက်ညှဉ်းပန်းခြင်းကို တစ်ခုတည်းသောဆုလာဘ်အဖြစ် ရောမထံမှ ဗြိတိသျှအသင်းတော်များရရှိခံစားခဲ့ကြပါသည်။ အင်္ဂလန်တွင် နှိပ်စက်ညှဉ်းပန်းခြင်းများနှင့်ရင်ဆိုင်ရသောခရစ်ယာန်များသည် စကော့တလန်ပြည်သို့ ထွက်ပြေးလွတ်မြောက်သွားကြပါသည်။ ထိုမှတစ်ဆင့် သမ္မာတရားသည် အိုင်ယာလန်ပြည်သို့ရောက်ရှိသွားရာထိုနိုင်ငံများသည် ထိုသမ္မာတရားကို ဝမ်းသာအားရလက်ခံခဲ့ကြပါသည်။

ဆက္ကဆင်လူမျိုးများ ဗြိတိန်ထဲသို့ကျူးကျော်ဝင်ရောက်လာသောအချိန်တွင် သာသနာပယုံကြည်မှုများက ထိုနိုင်ငံကိုအုပ်စိုးလာသဖြင့် ခရစ်ယာန်များသည် တောများ၊ တောင်များပေါ်သို့ ထွက်ပြေးကြရသည်။ ရာစုနှစ်တစ်ခုလွန်သောအချိန်တွင် အလင်းတရားသည် စကော့တလန်ပြည်အနှံ့၌ ထွန်းတောက်ခဲ့ပါသည်။ အိုင်ယာလန်မှထွက်ခွါလာသောကိုလမ်ဘာနှင့် ၎င်း၏လုပ်ဖေါ်ဆောင်ဖက်များသည် အိုင်အိုနာဟုအမည်ရှိသည့် ကျွန်းကလေးကို ၎င်းတို့၏သာသနာဌာနချုပ်အဖြစ်သတ်မှတ်ခဲ့ကြသည်။ ထိုသာသနာပြုများထဲမှ သာသနာပြုတစ်ဦးသည် သမ္မာကျမ်းစာမှ ဥပုသ်နေ့ကိုစောင့်ထိန်းသူဖြစ်ရာ ဤသမ္မာတရားသည် ၎င်းတို့အကြားတွင် စတင်အစပျိုးလာပါသည်။ ကျောင်းတစ်ကျောင်းကို အိုင်အိုနာကျွန်းတွင်တည်ထောင်ကာ ထိုကျောင်းမှထွက်လာသည့် သာသနာပြုများကို စကော့တလန်၊ အင်္ဂလန်၊ ဂျာမနီ၊ ဆွစ်ဇာလန်နှင့် အီတလီတိုင်းပြည်များသို့စေလွှတ်ခဲ့ကြပါသည်။

သို့ရာတွင် ရောမအသင်းတော်သည် ဗြိတိန်အား မိမိ၏ လက်အောက်သို့ဆွဲသွင်းရန် သန္နိဋ္ဌာန်ချထားပါသည်။ ၆ ရာစုတွင် သာသနာပြုများသည် ဆက္ကဆင်အမျိုးသားများကို ခရစ်ယာန် ဘာသာဝင်များဖြစ်အောင် လမ်းပြနိုင်ခဲ့သဖြင့် အမှုတော်သည် တိုးတက်လာရာ ရဟန်းမင်းအဖွဲ့မှခေါင်းဆောင်များသည် ရိုးစင်း ဖြောင့်မတ်၍ အနေအထိုင်နှင့်ယုံကြည်မှုတွင် ကျမ်းစာနှင့်ကိုက်ညီသည့် ရှေးဦးခရစ်ယာန်များကို တန်ပြန်တိုက်ခိုက်လာပါတော့သည်။ ရဟန်းမင်းနှင့်အဖွဲ့မှာမူ အယူသီးခြင်း၊ ဟန်ကြီးပန်ကြီးနိုင်ခြင်း၊ စိတ်ကြီးဝင်ခြင်းများဖြင့် ပြည့်ဝနေကာ ခရစ်ယာန်အသင်းတော် များအား ၎င်းတို့၏စိုးမိုးမှုအောက်တွင် အသက်ရှင်လှုပ်ရှားကြရန် တောင်းဆိုလာပါသည်။ ထိုအခါတွင် ရဟန်းမင်းသည် အသင်းတော် ၏အထွတ်အထိပ်မဟုတ်ကြောင်း၊ ခရစ်တော်မှတစ်ပါး မိမိတို့၌ အခြားသခင်မရှိတော့ကြောင်းဗြိတိသျှများက အကြောင်းပြန်ကြား ခဲ့ပါသည်။

ယခုတွင် ရဟန်းမင်းအဖွဲ့၏ဇာတိရုပ်မှန်သည်ပေါ်လာချေပြီ။ "ငြိမ်းချမ်းရေးကိုသယ်ဆောင်လာသောညီအစ်ကိုများကို သင်တို့ မကြိုဆိုလျှင် စစ်ချီလာသောရန်သူများကို သင်တို့ကြိုဆိုရလိမ့်မည်" ဟု ရောမခေါင်းဆောင်များကဖွင့်ဟလာကြသည်။ ဗြိတိသျှအသင်း တော်များသည် ရဟန်းမင်းထံတွင် အညွှံမခံမချင်း စစ်မက်နှင့်လိမ်ညာ မှုများကို အသုံးပြုခံခဲ့ကြပါသည်။

ရောမအုပ်ချုပ်မှုများနှင့် ကင်းလွတ်သောနိုင်ငံများတွင် ခရစ်ယာန် အဖွဲ့အစည်းများသည် ရဟန်းမင်း၏စာရိတ္တဖေါက်ပြန်မှုများနှင့် နှစ်ပေါင်းများစွာကင်းလွတ်ခဲ့ကြပါသည်။ သမ္မာကျမ်းစာကို ယုံကြည် ခြင်းအတွက် တစ်ခုတည်းသောစည်းမျဉ်းအဖြစ် သူတို့ဆက်လက်

မှတ်ယူခဲ့ကြပါသည်။ ပညတ်တော်၏ဆက်လက်တည်ရှိမှုကိုယုံကြည်ကာ သတ္တမနေ့ဥပုသ်ကို ဤခရစ်ယာန်များစောင့်ရှောက်ခဲ့ကြပါသည်။ ဤကဲ့သို့သောယုံကြည်ခြင်းမျိုးကို ကိုင်စွဲကျင့်သုံးခဲ့ကြသောခရစ်ယာန်အသင်းတော်များကို အာဖရိကအလယ်ပိုင်းနှင့် အာရှတိုက်မှအာမေးနီးယန်းများနေထိုင်သောနေရာများတွင် တွေ့ရပါသည်။

ရဟန်းမင်း၏အာဏာကိုအန်တုသူများထဲတွင် ဝေါလ်ဒင်းဆီးများသည် အပြင်းထန်ဆုံးဖြစ်သည်။ ရောမအသင်းတော်တည်ရှိရာတိုင်းပြည်မှာပင် Piedmont အသင်းတော်များသည် သီးခြားရပ်တည်ခဲ့ကြပါသည်။ သို့ရာတွင် အချိန်တန်လာသည့်အခါတွင် ရောမအသင်းတော်က ၎င်းတို့အားအညံ့ခံရန် တောင်းဆိုလာရာ တချို့တို့သည် ရဟန်းမင်းကိုအညံ့ခံရန်ငြင်းဆန်ကာ ၎င်းတို့လက်ခံထားသည့်ယုံကြည်ခြင်း၏ရိုးစင်းမှုနှင့် စင်ကြယ်မှုများကို ဆက်လက်ထိန်းသိမ်းထားကြရန် ဆုံးဖြတ်ချက်ချကြပါသည်။ ရှေးခေတ်ယုံကြည်ခြင်းကိုစွဲလမ်းဆုပ်ကိုင်ထားသူများသည် ယခုတွင်မူ အက်လ်ပ်စ်တောင်တန်းကြီးများကိုကျောခိုင်းကာ နိုင်ငံရပ်ခြားတိုင်းပြည်များသို့သွားရောက်ပြီး သမ္မာတရားအောင်လံကိုလွှင့်ထူကြပါသည်။ တချို့မှာမူ ထာဝရဘုရားသခင်ကို လွတ်လပ်စွာကိုးကွယ်ခွင့်ဆက်လက်ရရှိနိုင်မည့်ကျောက်တောင်များတွင် သွားရောက်နားခိုးကြပါသည်။

၎င်းတို့၏ယုံကြည်ခြင်းသည် သမ္မာကျမ်းစာနှုတ်ကပတ်တော်ပေါ်တွင်တည်ဆောက်ထားပါသည်။ လောကီသားများနှင့် အဆက်အသွယ်မရှိသောထိုသူများသည် မှားယွင်းသောအသင်းတော်၏သွန်သင်ချက်များနှင့် ဆန့်ကျင်သောအမှန်တရားကို ၎င်းတို့အစွမ်းအစနှင့်ရရှိလာကြသည်တော့မဟုတ်ပါချေ။ မိဘဘိုးဘေးများထံမှ

လက်ဆင့်ကမ်းရရှိလာကြသောတမန်တော်အသင်းတော်ကတည်းက သွန်သင်ခဲ့သည့် ထိုယုံကြည်ခြင်းနှင့် သူတို့ရောင့်ရဲတင်းတိမ်ခဲ့ကြပါသည်။ ကမ္ဘာ့မြို့တော်တွင် မြှောက်စားခြင်းမခံရဘဲ တောတွင်ကြီးပွားသောထိုအသင်းတော်သည် ခရစ်တော်၏စစ်မှန်သောအသင်းတော်၊ လောကကမ္ဘာကိုပေးရန် ဘုရားသခင်ကအပ်နှံတော်မူသည့် အမှန်တရားကိုအမွှန်အမြတ်ထားကာ ထိန်းသိမ်းသောအသင်းတော်ဖြစ်၏။

စစ်မှန်သောအသင်းတော်သည် ရောမအသင်းတော်မှခွဲထွက်လာရခြင်းတွင် ရောမများထားရှိသည့်မုန်းတီးမှုသည်လည်း အကြောင်းရင်းတစ်ခုဖြစ်နေပါသည်။ အနာဂတ္တိစကားတော်ရှိသည့်အတိုင်း ရဟန်းမင်း၏တန်ခိုးအာဏာသည် ဘုရားသခင်၏ပညတ်တော်ကို မြေတွင်ချ၍နင်းချေခဲ့ပါသည်။ ရဟန်းမင်း၏လက်အောက်တွင်ရှိသောအသင်းတော်များအား တနင်္ဂနွေနေ့ကို အလေးအမြတ်ပြုဖို့ အကျပ်ကိုင်နေရာအောင်ပွဲဆင်နေသောမှားယွင်းမှုများကြားတွင် ဘုရားသခင်၏ယုံကြည်သူအစစ်အမှန်များသည်ပင် စိတ်ဇဝေဇဝါဖြစ်လာကာ သတ္တမနေ့ဥပုသ်ကိုအလေးအမြတ်ပြုသောသူများကို ရောမအသင်းတော်က လူသိရှင်ကြားရှုတ်ချပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးကာလမတိုင်မီ နှစ်ပေါင်းများစွာကတည်းက ဝေါလ်ဒင်းဆီးများသည် ၎င်းတို့၏ဘာသာစကားနှင့်

ရေးသောသမ္မာကျမ်းစာကို ပိုင်ဆိုင်ထားကြပြီးဖြစ်သည်။ ဤအချက်ကြောင့် ၎င်းတို့သည် နှိပ်စက်ညှဉ်းပန်းခြင်း၏အထူးပစ်မှတ်များဖြစ်လာခဲ့သည်။ ရောမအသင်းတော်သည် ဗျာဒိတ်ကျမ်းတွင်ဖော်ပြထားသည့် ဖေါက်ပြန်သောဗာဗုလုန်ဖြစ်သည်ဟုလည်း သူတို့ကကြွေးကြော်လာပါသည်။ အသက်အန္တရာယ်ကိုစိုးရိမ်ရသည့်ကြားမှပင် သူတို့သည် ရောမအသင်းတော်၏အကျင့်ဖေါက်ပြန်ပျက်စီးမှုများကို လက်မခံဘဲ ဆန့်ကျင်ခဲ့ကြသည်။ ဝေါလ်ဒင်းဆီးများသည် ရောမအသင်းတော် ခေတ်တစ်လျှောက်လုံးတွင် ရောမအသင်းတော်၏အုပ်စိုးမှုကိုငြင်းဆန်ကာ ရုပ်တုကိုးကွယ်မှုကို လက်မခံခဲ့ရုံသာမက စစ်မှန်သောဥပုသ်ကိုလည်း စောင့်ရှောက်ခဲ့ပါသည်။

ဝေါလ်ဒင်းဆီးများသည် တောကြီးတောင်ကြီးများရှိ မြေကတုတ်ကျင်များတွင် ပုန်းအောင်းနေထိုင်ကြရသည်။ ထိုသစ္စာရှိတပည့်တော်များသည် ၎င်းတို့၏သားသမီးများအား မိုးထားသည့် ထည်ဝါလှသောကောင်းကင်ပြင်ကြီးကိုညွှန်ပြကာ ကတိတော်အရာ၌ တောင်များတမျှခိုင်ခံ့သောကိုယ်တော့်အကြောင်းကိုဖွင့်ဆိုကြပါသည်။ ကိုယ်တော်၏မဟာတန်ခိုးတော်မှလွဲ၍ မည်သူမျှရွေ့ပြောင်းခြင်းငှာ မတတ်နိုင်အောင်တောင်များကို ထာဝရဘုရားတည်ထောင်တော်မူခဲ့သည်။ ထိုနည်းအတူ ပညတ်တော်ကို ကိုယ်တော်ပြဋ္ဌာန်းတော်မူသည်။ လူသားတို့၏အစွမ်းဖြင့် တောင်များကိုမကာ ပင်လယ်ထဲသို့ပစ်ချခြင်းငှာမလုပ်နိုင်သကဲ့သို့ ဘုရားသခင်၏ပညတ်တော်တစ်ပါးကိုမျှ ပြောင်းလဲခြင်းငှာ မတတ်စွမ်းနိုင်ချေ။ သူတို့သည် ကြမ်းတမ်းသောဘဝခရီးလမ်းကြောင့် ယူကျုံးမရမဖြစ်ခဲ့ပါ။ အကြောင်းမှာ ဆိတ်ငြိမ်သောထိုတောင်များထက်ဝယ် သူတို့၏ဘဝသည် အထီးကျန်မဟုတ်ပါ။

ဘုရားသခင်ကိုလွတ်လပ်စွာကိုးကွယ်နေရသဖြင့် သူတို့ပျော်ရွှင်နေကြသည်။ မြင့်မားသောကျောက်ဆောင်ကြီးများပေါ်မှနေ၍ ဘုရားသခင်၏ဂုဏ်တော်ကို သူတို့ချီးမွမ်းနေကြရာ ရောမစစ်သည်များသည် သူတို့၏သီချင်းသံကိုတိတ်သွားအောင် လုပ်နိုင်စွမ်းမရှိကြတော့ချေ။

အမှန်တရား၏စည်းမျဉ်းများကိုတန်ဖိုးထားခြင်း

သူတို့သည် အမှန်တရားဆိုင်ရာစည်းမျဉ်းများကို အသက်အပါအဝင် အိမ်၊ လယ်၊ ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေများတို့ထက် ပို၍တန်ဖိုးထားသည်။ ပညတ်တော်၏အလိုအတိုင်း အသက်ရှင်နေထိုင်ကြရန် လူငယ်များအား ကလေးဘဝမှစ၍ သွန်သင်ခဲ့ကြသည်။ သမ္မာကျမ်းစာအုပ်သည် အလွန်ရှားပါးသည်ဖြစ်ရာ နှုတ်ကပတ်တော်ကိုအာဂုံဆောင်ထားကြပါသည်။ လူအများစုသည် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းနှစ်ကျမ်းစလုံးမှ ကျမ်းပိုဒ်များစွာကို အလွတ်ရွတ်နိုင်ကြပါသည်။

ကြမ်းတမ်းသောဘဝလမ်းကိုလျှောက်လှမ်းကာ ကိုယ့်ဘာသာကိုယ်တွေးခေါ်လုပ်ဆောင်တတ်ရန် ငယ်စဉ်အခါမှစ၍ သူတို့အား မိဘများကပညာပေးထားပါသည်။ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန်အတွက်သော်လည်းကောင်း၊ အပြောအဆိုဆင်ခြင်ရန်အတွက်သော်လည်းကောင်း၊ ဆိတ်ဆိတ်နေခြင်းနှင့်စပ်ဆိုင်သည့် ပညာကိုနားလည်ရန်အတွက်သော်လည်းကောင်း သူတို့ကိုသွန်သင်ထားပါသည်။ ဆင်ခြင်မှုကင်းသောစကားတစ်လုံးကို ရန်သူများကြားသွားပါလျှင် ရောင်းရင်းများ၏အသက်များ ရာနှင့်ချီ၍ဆုံးရှုံး

သွားနိုင်ပါသည်။ အကြောင်းမှာဝံပုလွေက သားကောင်ကိုလိုက်လံ ချောင်းမြောင်းနေသလို အမှန်တရားကိုရန်ဘက်ပြုသူများသည် ဘာသာရေးယုံကြည်မှုလွတ်လပ်ခွင့်တောင်းဆိုရဲသူများကို လိုက်လံ ဖမ်းဆီးနေသောကြောင့်ဖြစ်သည်။

ဖွဲ့နပဲနှင့်ပြည့်စုံသော ထိုဝေါလ်ဒင်းဆီးများသည် သမုဒ္ဒရာဝမ်းတစ်ထွာအတွက်လည်း တပင်တပန်းလုပ်ဆောင်ကြရပါသည်။ တောင်ပေါ်ရှိထွန်လို့ရသည့်မြေကွက်တိုင်းကို သတိကြီးစွာဖြင့် ထွန်ယက်စိုက်ပျိုးကြရပါသည်။ ချွေတာခြိုးခြံခြင်းနှင့် အပျော်အပါးများကိုရှောင်ကြဉ်ခြင်းသည် သူတို့ရရှိသောပညာရေး၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လုပ်ဆောင်မှုအဆင့်ဆင့်သည် ခက်ခဲပင်ပန်းစွာလုပ်ဆောင်ရသည့်အရာများဖြစ်သော်လည်း အပြစ်တွင်ကျဆုံးနေသောလူသားများ လိုအပ်နေသောကျန်းမာရေးခွန်အားများကိုမူ သူတို့ရရှိကြပါသည်။ မိမိတို့၌သောခွန်အားများကိုဘုရားသခင်ပိုင်တော်မူကြောင်း၊ ထိုခွန်အားများကို ကိုယ်တော်၏အမှုတော်မြတ်အတွက်အသုံးပြုရမှာဖြစ်ကြောင်းကိုလည်း လူငယ်များအား သွန်သင်ထားသည်။

ဗိုဒိုအာအသင်းတော်များ (The Voudois Churches) သည် တမန်ခေတ်ကအသင်းတော်များနှင့်တူနေပါသည်။ ၎င်းတို့သည် ရဟန်းမင်းကြီး၏တန်ခိုးအာဏာလွှမ်းမိုးကြီးစိုးခြင်းကို လက်မခံဘဲ သမ္မာကျမ်းစာကိုသာ တစ်ခုတည်းသောမမှားနိုင်သည့် အာဏာတန်ခိုးအဖြစ် သူတို့စွဲကိုင်ခဲ့ကြပါသည်။ ဗိုဒိုအာအသင်းတော်မှအသင်းအုပ်ဆရာများသည် ရဟန်းမင်းကြီး၏အသင်းတော်မှ ယဇ်ပုရောဟိတ်များကဲ့သို့ ဟန်ကြီးပန်ကြီးမလုပ်ကြဘဲ မိမိ၏သိုးများကို စိမ်းလန်း

သောကျက်စားရာအရပ်နှင့် နွတ်ကပတ်တော်အသက်စမ်းရေရှိရာ အရပ်များသို့ပို့ဆောင်ကာ ကျွေးမွေးပြုစုကြ၏။ သူတို့သည် ကြီးကျယ်ခမ်းနားသည့် ဘုရားကျောင်းများတွင် စုရုံးကြခြင်းမဟုတ်ဘဲ အယ်လ်ပ်စ်တောင်တန်းမှ လျှိုမြောင်များတွင်လည်းကောင်း၊ အန္တရာယ်ရှိသောအချိန်များတွင် ကျောက်ဆောင်ခိုအောင်းကျင်းများ၌လည်းကောင်း ခရစ်တော်၏ကျွန်များဟောကြားမည့်တရားတော်ကို နာကြားရန် စုရုံးကြပါသည်။ ထိုအသင်းအုပ်ဆရာများသည် တရားဟောရုံသက်သက်သာမက စည်းလုံးညီညွတ်မှုနှင့် ညီအစ်ကိုချစ်ခြင်း မေတ္တာများတိုးပွားလာရန် နာမကျန်းသူများထံ သွားရောက်လည်ပတ်ကြပါသည်။ တဲရှင်ချုပ်၍ အမှုတော်ထမ်းဆောင်သည့် ပေါလုကဲ့သို့ လူတိုင်းကိုယ်စီသည် ကိုယ်ထူကိုယ်ထစနစ်ဖြင့် အမှုတော်ဆောင်နိုင်ရန် အသက်မွေးဝမ်းကျောင်းအလုပ်များကိုလည်း လေ့ကျက်ကြပါသည်။

လူငယ်များသည် ၎င်းတို့၏အသင်းအုပ်များထံမှ ညွှန်ကြားချက်များကိုရယူကြပါသည်။ သမ္မာကျမ်းစာသည် ၎င်းတို့အဓိကထား၍လေ့လာသောအရာဖြစ်သည်။ ရှင်မဿဲခရစ်ဝင်နှင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းများကို အခြားဩဝါဒစာများနှင့်အတူ အလွတ်ကျက်မှတ်ကြပါသည်။

တစ်ခါတစ်ရံတွင် မြေလိုဏ်ဂူကြီးများတွင် မီးဒုတ်များကို ထွန်းကာ သမ္မာကျမ်းစာမှကျမ်းချက်တစ်ချက်စီကို မမောတမ်း မပန်းတမ်း ကူးယူရေးသားကြပါသည်။ ကောင်းကင်နိုင်ငံမှ ကောင်းကင်တမန်များသည် သစ္စာရှိ ဤလုပ်သားများအား ခြံရံလျက်ရှိနေကြပါသည်။

သမ္မာတရားဆိုင်ရာနှုတ်ကပတ်တော်ကို အယူသီးမှုများနှင့် မှားယွင်းသောယုံကြည်ချက်များဖြင့်ဖုံးအုပ်ပစ်ရန် ရဟန်းမင်းနှင့် အဖွဲ့အား စာတန်က အားပေးအားမြှောက်ပြုသော်လည်း အမှောင်ခေတ်အဆက်ဆက်တွင် သမ္မာကျမ်းစာကိုမပျောက်မပျက်ရအောင် အံ့သြဖွယ်ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။ လှိုင်းထနေသောပင်လယ်နက်၏ရေပြင်ပေါ်တွင် ခုတ်မောင်းသွားသောသင်္ဘောကြီးကဲ့သို့ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဖျက်ဆီးရန်ခြိမ်းခြောက်နေသောမုန်တိုင်းကိုဖြတ်ကျော်ခရီးနှင်နေပါသည်။ သတ္တုမိုင်းများရှိ ရွှေကြော၊ ငွေကြောများသည် မြေကြီးမျက်နှာပြင်အောက်ထဲတွင်ရှိနေသကဲ့သို့ နှုတ်ကပတ်တော်၌ရှိသော သမ္မာတရားရတနာများသည်လည်း စိတ်နှလုံးနှိမ့်ချ၍ ဆုတောင်းပတ္ထနာပြုသူများအတွက်သာဖြစ်၏။ ဘုရားသခင်သည် သမ္မာကျမ်းစာအား မိမိ၏အကြောင်းကိုဖေါ်ပြသည့် သင်ခန်းစာ စာအုပ်တစ်အုပ်အဖြစ် လူသားအားလုံးလေ့ကျက်ရန် ရည်ရွယ်တော်မူခဲ့ပါသည်။ သိမြင်နားလည်သမျှသမ္မာတရားတစ်ခုစီသည် ဘုရားသခင်၏အကျင့်တော်ကိုဖွင့်ဆိုထားသည့် နှစ်လိုဖွယ်သတင်းများဖြစ်၏။ ထိုတောင်တန်းသာသနာ ကျောင်းများမှ သချို့လူငယ်များသည် ပြင်သစ်၊ အီတလီတစာသင်ကျောင်းများသို့ သွားရောက်လေ့ကျက်ရန် စေလွှတ်ခြင်းခံကြရသည်။ ထိုတိုင်းပြည်များတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့်သူတို့လေ့လာခွင့်ရခဲ့ကြသော်လည်း စုံးစမ်းနှောင့်ယှက်ခြင်းများနှင့် ပိုမိုရင်ဆိုင်ခဲ့ကြရပါသည်။ ကောက်ကျစ်သောအယူမှားမှုများနှင့် အန္တရာယ်ကြီးသောလိမ်လည်မှုများကို သူတို့ရင်ဆိုင်ကြရသော်လည်း ငယ်စဉ်အရွယ်မှစ၍ ရရှိခဲ့သောပညာရေးကြောင့် သူတို့ကြံ့ကြံ့ခံနိုင်ခဲ့ကြပါသည်။

တက်ရောက်သင်ယူနေသောကျောင်းများတွင် သူတစ်ပါးအား အယုံသွင်းကြရန် သွားရောက်သင်ယူနေခြင်းမဟုတ်ကြပါ။ သို့ရာတွင် သမ္မာတရားကိုဆာငတ်နေသူများနှင့်ကြုံကြိုက်လျှင် ကျမ်းချက်တချို့ ကိုမျှဝေနိုင်ရန်အလို့ငှါ ကျမ်းစာများကိုဝှက်ထား၍ သယ်ဆောင်နိုင် မည့် ဝတ်ရုံများကိုပြင်ဆင်ချုပ်လုပ်ကာ ဝတ်ဆင်ကြပါသည်။ ထိုကျောင်းများမှကျောင်းသားများသည် ယုံကြည်ခြင်းဘက်သို့ များစွာ ပြောင်းလဲလာကြပြီး သမ္မာကျမ်းစာ၏အဓိကအချက်များသည်လည်း တစ်ကျောင်းလုံးတွင် နံ့နံ့စပ်စပ်စိမ့်ဝင်သွားခဲ့ပါသည်။ သို့စေကာမူ ရဟန်းမင်း၏ခေါင်းဆောင်များမှာ ဖေါက်ပြန်သူများဟု ၎င်းတို့က ကင်ပွန်းတပ်သည့် ထိုယုံကြည်ချက်များ၏လုပ်ဆောင်မှုများကို ခြေရာ မကောက်နိုင်ခဲ့ကြချေ။

## သာသနာပြုများအဖြစ် လေ့ကျက်ပညာပေးထားသည့် လူငယ်လူရွယ်များ

ထိုဗိုနီအာခရစ်ယာန်များသည် အလင်းတရားထွန်းလင်းရန် မိမိတို့၌ တာဝန်ရှိသည်ဟုသိရှိထားသည်။ သူတို့သည် နှုတ်ကပတ် တော်၏တန်ခိုးကိုအားပြုကာ ရောမအသင်းတော်ကဖန်တီးထားသည့် အနှောင့်အဖွဲ့များကိုချေဖျက်ပစ်ရန် ကြိုးစားခဲ့ကြပါသည်။ ဗိုဒိုအာ အသင်းအုပ်ဆရာများသည် မိမိနိုင်ငံရှိအသင်းတော်များတွင် အမှုတော် ထမ်းဆောင်ပြီး အခြားသာသနာနယ်များတွင် (၃) နှစ်လုံးလုံး အမှုတော်ဆောင်ကြရသည်။ ဝိညာဉ်ရိတ်သိမ်းရန် ကြိုးစားသည့် အသင်းအုပ်များအတွက် သင့်လျော်သောအမှုတော်အစပျိုးခြင်းပေး

တည်း။ လူငယ်များသည် မိမိတို့ရှေ့၌ လောကချမ်းသာကြွယ်ဝမှု နှင့်ဂုဏ်အသရေများမရှိဘဲ ရုန်းကန်မှုအန္တရာယ်များနှင့် သူရဲကောင်း သေခြင်းများရှိနေသည်ကိုလည်း သိထားကြသည်။ သို့ရာတွင် ထိုသာသနာပြုများသည် ခရစ်တော်အချိန်က တမန်တော်များကဲ့သို့ နှစ်ယောက်တစ်တွဲထွက်၍ အမှုတော်ဆောင်ကြပါသည်။

အမှုတော်ဆောင်နေသည်ကို အသိပေးလိုက်ခြင်းသည် ရှုံးနိမ့်မှု ကိုသေချာပေါက်ဖြစ်စေမည်သာတည်း။ ထို့ကြောင့် မိမိတို့တတ်မြောက် ထားသောအသက်မွေးဝမ်းကြောင်းလုပ်များဖြင့် အသက်မွေးရင်း ပိုးထည်များ၊ လက်ဝတ်ရတနာများနှင့် အခြားအသုံးအဆောင်များကို သယ်ဆောင်လာကြရာ သာသနာပြုများကို အမြင်ကပ်သောသူများက ၎င်းတို့အား ကုန်သည့်များအဖြစ် လက်ခံကြိုဆိုခဲ့ကြသည်။ သမ္မာ ကျမ်းစာတစ်အုပ်လုံးသော်လည်းကောင်း၊ တစ်ပိုင်းတစ်စကိုလည်း ကောင်း လျှို့ဝှက်စွာသူတို့သယ်ဆောင်သွားကြသဖြင့် နှုတ်ကပတ် တော်ကိုစိတ်ဝင်စားသောသူများနှင့် တွေ့ရှိသည့်အခါ ထိုကျမ်းစာများ ကို ၎င်းတို့ပေးထားတတ်ကြပါသည်။

ဤသာသနာပြုများသည် ဖိနပ်မပါခြေဗလာဖြင့် အကျိုးစုတ် များကိုသာဝတ်ဆင်နိုင်ကြသော်လည်း မြို့ကြီးများကိုသာမက ဝေးလံ သောအရပ်များထိအောင် ထိုးဖေါက်သာသနာပြုနိုင်ခဲ့ကြပါသည်။ သူတို့သွားရာလမ်းတစ်လျှောက်တွင် အသင်းတော်များပေါ်ထွန်းလာ ပြီးအာဇာနည်များ၏သွေးဖြင့် သမ္မာတရားကိုသက်သေခံခဲ့ပါသည်။ နှုတ်ကပတ်တော်ကို လူသားများက တိတ်တိတ်ဆိတ်ဆိတ်ဖုံးဖုံး ဖိဖိဖြင့် ကြိုဆိုလက်ခံခဲ့ကြပါသည်။

အရာခပ်သိမ်းတို့၏အဆုံးသည် မဝေးတော့သည်ကို ဝေါလ်ဒင်းဆီးများယုံကြည်လက်ခံထားပါသည်။ သမ္မာကျမ်းစာကို လေ့လာစဉ်ကယ်တင်ခြင်းသတင်းစကားကို လူအများထံသို့သွား ရောက်ဝေငှရန် ၎င်းတို့၏တာဝန်ရှိကြောင်း သိရှိလာကြပါသည်။ ခရစ်တော်ကိုယုံကြည်သောကြောင့် နှစ်သိမ့်ခြင်း၊ မျှော်လင့်ခြင်းနှင့် ငြိမ်သက်ခြင်းများကို ၎င်းတို့ခံစားကြရရာ စိတ်နှလုံးကိုဝမ်းမြောက် စေသည့် အလင်းတရားကို ရဟန်းမင်း၏မှားယွင်းမှုအမှောက်ထု လွှမ်းခြုံထားသောနေရာတွင် ထွန်းလင်းရန် ဆန္ဒပြင်းပြလျက်ရှိနေကြပါ သည်။

ရဟန်းမင်းနှင့် ၎င်း၏ဘုန်းကြီးများလမ်းပြမှုအောက်တွင် ကယ်တင်ခြင်းရစေသည့်အကျင့်ကို အားကိုးကြရန် လူထုကြီးအား သွန်သင်နေကြရာ လူတို့သည် ကိုယ့်ကိုကိုယ်သာကြည့်လျက် အပြစ်အနာဆာနှင့်ပြီးသော မိမိတို့၏ကိုယ်စိတ်နှစ်ပါးပေါ်တွင်သာ အားကိုးနေသဖြင့် သက်သာခြင်းမရကြပါ။ ထောင်ပေါင်းများစွာ သောလူတို့သည် သီတင်းသုံးသည့်အခန်းကလေးများတွင် အချိန် ဖြုန်းခဲ့ကြပါသည်။ လူများစွာတို့သည် ဘုရားသခင်၏ကလဲ့စားချေ မည့်ဒေါသကိုကြောက်သဖြင့် အထပ်ထပ်အခါခါအစာရှောင်ခြင်း၊ ခြိုးခြံစွာကျင့်ခြင်း၊တစ်ညလုံးမအိပ်ဘဲဆုတောင်းခြင်း၊ စိုထိုင်းအေး မြနေသောကျောက်တုံးများပေါ်တွင် ပျပ်ဝပ်နေခြင်း၊ ဘုရားဖူးခရီး ရှည်သွားခြင်းများကိုပြုကြသော်လည်း မျှော်လင့်ချက်ရောင်ခြည်တစ်ခု ကိုပင်မတွေ့ရဘဲ အရုပ်ကြိုးပြတ်ဖြစ်ကာ သေဆုံးသွားခဲ့ကြရပါသည်။

## ခရစ်တော်ကိုပြည့်နှုန်ခြင်းခံရသည့်အပြစ်သားများ

ဝေါလ်ဒင်းဆီးများသည် ဝိညာဉ်ရေးအစာငတ်မွတ်နေသူများ ရှေ့တွင် ကတိတော်နှင့်ဆိုင်သည့် ငြိမ်သက်ခြင်းသတင်းစကားကို ဖွင့်ပြကာ ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောမျှော်လင့်ချက် ဖြစ်သောခရစ်တော်ကို ပြည့်နှုန်လိုကြပါသည်။ ကောင်းသောအကျင့် များဖြင့် အပြစ်ဖြေနိုင်သည်ဟူသော လူအများကိုင်စွဲထားသောယုံကြည် ချက်သည် မှားယွင်းမှုအပေါ်တွင် အခြေပြုထားသည်။ အသေခံ၍ ထမြောက်တော်မူခဲ့သည့် ခရစ်တော်၏ကောင်းမှုကုသိုလ်သည်သာ ခရစ်ယာန်ယုံကြည်ခြင်း၏အခြေခံအုတ်မြစ်ဖြစ်သည်။ ခရစ်တော် ပေါ်အားကိုးမှီခိုခြင်းပြုနေသောအသက်ဝိညာဉ်သည် ခန္ဓာကိုယ်မှ အင်္ဂါအစိတ်အပိုင်းတစ်ခုနှင့်လည်းကောင်း၊ စပျစ်ပင်မှ အကိုင်း တစ်ကိုင်းနှင့်လည်းကောင်းတူပါသည်။

ရဟန်းမင်းနှင့် ၎င်းတို့၏ရဟန်းပျိုများ၏သွန်သင်ချက်များ သည် ဘုရားသခင်နှင့်ခရစ်တော်အား မာကျောခက်ထန်၍ ကြောက်စရာကောင်းသည့်ပုဂ္ဂိုလ်များအဖြစ် အမြင်ရောက်စေပါသည်။ ဘုရားသခင်နှင့် ခရစ်တော်တို့သည် လူသားများအပေါ် အကြင်နာ ကင်းလွန်းသဖြင့် ရဟန်းမင်း၏တပည့်လက်သားများ၏တရားအပေါ် တွင် ပတ္တနာပြုရမည်ဖြစ်ကြောင်း အမြင်ရှိစေပါသည်။ စိတ်နှလုံး၌ တရားတော်နှင့်ထိတွေ့ပြီးသားလူများမှာမူ အပြစ်သားများသည် မိမိ တို့၏အပြစ်များကို ဝန်ချတောင်းပန်ကာ အပြစ်လွှတ်ခွင့်ရရန် ဘုရား သခင်ထံတော်သို့ တိုက်ရိုက်ချဉ်းကပ်ရမည်ဟူ၍ စာတန်ချထားသော အဟန့်အတားများကို ရှင်းလင်းပစ်ရန် တောင့်တကြပါသည်။

ဏာတန်၏နိုင်ငံထဲသို့ကျူးကျော်ဝင်ရောက်ခြင်း

ဗိုဒိုအာသာသနာပြုများသည် သမ္မာကျမ်းစာမှကူးယူရေးသား ထားသောကျမ်းချက်များကို သတိကြီးစွာဖြင့် ဖြန့်ဝေခဲ့ကြသည်။ ဖြောင့်မတ်ခြင်းနေမင်းကြီးသည် အနာငြိမ်းစေသောတန်ခိုးများဖြင့် နှလုံးသားများတွင် ထွန်းလင်းလာသည့်အချိန်တိုင်အောင် သမ္မာတရား အလင်းများသည် အမှောင်ကျနေသောစိတ်နှလုံးများထဲသို့စိမ့်ဝင် သွားခဲ့ပါသည်။သူတို့သည် မှန်မှန်ကန်ကန်ကြားနာခဲ့ရကြောင်း သေချာအောင်လုပ်သည့်အလား ကျမ်းချက်တချို့ကို ထပ်ခါတလဲ နာကြားလိုကြပါသည်။

အပြစ်သားတစ်ယောက်ကိုယ်စား အခြားလူသားတစ်ဦးက ကမ္ဘဋ္ဌာန်းရှုနေခြင်းသည်အကျိုးမရှိကြောင်း လူအများမြင်တွေ့လာကြ ပါသည်။ “ခရစ်တော်သည် ငါရဲ့ယဇ်ပုရောဟိတ်မင်း၊ ကိုယ်တော် ၏အသွေးတော်သည် ငါ့အဖို့ယဇ်ပူဇော်စရာ၊ ကိုယ်တော်၏ယဇ်ပလ္လင် သည် ငါအပြစ်ဝန်ချရန်နေရာဖြစ်၏” ဟု ဝမ်းမြောက်ဝမ်းသာသူတို့ ဟစ်ကြွေးကြပါသည်။ ၎င်းတို့အပေါ်ကျရောက်လာသည့် အလင်း တော်မှာ ကြီးမားလွန်းလှသည်ဖြစ်ရာ သူတို့သည် ကောင်းကင်သို့ ယူဆောင်ခြင်းခံယူရသည့်အလား ခံစားကြရပါသည်။ သေမှာကို ကြောက်သည့်စိတ်များပျောက်လွင့်ကုန်ပြီး အကျဉ်းကျခြင်းဖြင့် ခရစ် တော်ကို ဂုဏ်ပြုရမည်ဆိုလျှင် ယခုတွင် ထောင်နန်းစံရန် အဆင်သင့် ရှိနေကြပါသည်။

တစ်ခါတစ်ရံတွင်မူ တစ်ဦးတစ်ယောက်တည်းထံသို့သွား၍ လည်းကောင်း၊ တစ်ခါတစ်ရံတွင် အလင်းကိုတောင့်တနေသောအဖွဲ့

များထံသို့သွားရောကလည်ပတ်၍လည်းကောင်း၊ ဆိတ်ကွယ်ရာအရပ်များတွင် နူတ်ကပတ်တော်ကို လေ့လာဖတ်ရှုကြပါသည်။ ဤသို့သောပုံစံများဖြင့် မကြာခဏတစ်ညလုံးအချိန်ကုန်လွန်စေတတ်ပါသည်။ "ဘုရားသခင်သည် ကျွန်ုပ်၏ဆက်ကပ်မှုကိုလက်ခံမည်လား။ ကိုယ်တော်သည် ကျွန်ုပ်ကိုမျက်နှာသာပေးတော်မူမည်လား။ ကျွန်ုပ်၏အပြစ်များကို ဖြေလွှတ်တော်မူလိမ့်မည်လား" ဟူသောမေးခွန်းကို မေးကာ "ဝန်လေး၍ပင်ပန်းသောသူများ၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်" ဟူသောကျမ်းချက်များကို မကြာခဏရွတ်ဆိုတတ်ကြပါသည်။

ထိုဝမ်းမြောက်ပျော်ရွှင်နေသောယုံကြည်သူများသည် မိမိတို့၏အတွေ့အကြုံသစ်များကို တတ်နိုင်သမျှပြန်လည်ပြောပြရန်နှင့် အလင်းများကိုထွန်းလင်းရန် နေရပ်ဌာနေသို့ပြန်လာခဲ့ကြပါသည်။ သူတို့သည်မှန်ကန်၍ အသက်ရှင်ခြင်းသို့ပို့ဆောင်သောလမ်းကိုတွေ့ခဲ့ကြလေပြီ။ သမ္မာတရားကိုဆာငတ်နေသောထိုသူများအား နူတ်ကပတ်တော်က အလင်းပေးခဲ့ချေပြီ။

သမ္မာတရားတမန်သည် လျှောက်ရမည့်လမ်းကိုဆက်လျှောက်ခဲ့သည်။ လုပ်ရမည့်အလုပ်ကိုဆက်၍လုပ်ခဲ့သည်။ တရားနာပရိသတ်ကလည်း သူ့အား ဘယ်ကလာ၍ဘယ်ကိုသွားမည်ကို မမေးခဲ့ကြချေ။ ထိုပရိသတ်ကြီးသည် ထိုတမန်ဟောသောတရားတော်ကြောင့် အကျေနပ်ကြီးကျေနပ်ကာ သူ့အပေါ်သံသယကင်းခဲ့ကြသည်။ ထိုတမန်သည် ကောင်းကင်နိုင်ငံမှလာသောကောင်းကင်တမန်တစ်ပါးများဖြစ်နေမလားဟူ၍တော့ မေးခွန်းထုတ်ခဲ့ကြပါသည်။

ထိုသမ္မာတရားတမန်သည် နယ်ခြားမြေဝေးများသို့တိုင် ခြေဆန့်ခဲ့ပါသည်။ တချို့အဖြစ်အပျက်များတွင် ထိုတမန်သည် မိမိ၏အသက်

ကိုမြေအောက်အချုပ်ခန်းများ၌ပင် အဆုံးသတ်ခဲ့ပါသည်။ သမ္မာတရား အကြောင်း သူသက်သေခံခဲ့သောနေရာများကိုလည်း ထိုတမန်၏အရိုး များက ဖြူဖွေးလှပစေပါသည်။

ရဟန်းမင်း၏ခေါင်းဆောင်များက ထိုခရီးသွားတရားဟော ဆရာများ၏အန္တရာယ်ကို မြင်တွေ့လာကြပါသည်။ သမ္မာတရား၏ အလင်းတော်သည် လူတို့အပေါ်မှာဖုံးအုပ်ထားသည့် မှားယွင်းမှု တိမ်တိုက်ကိုဖယ်ရှားလိုက်ကာ ၎င်းတို့အား ဘုရားသခင်တစ်ပါးတည်း ထံသို့သာ လမ်းညွှန်ခဲ့သည်ဖြစ်ရာ နောက်ဆုံးတွင် ရောမ၏အစိုးတရ ပြုမှုကိုချေဖျက်လိုက်ကြပါသည်။

ရှေးဦးအသင်းတော်၏ယုံကြည်ခြင်းကို ဆွဲကိုင်ထားသည့် ဤလူများသည် ရောမအသင်းတော်၏မှားယွင်းမှုအတွက် မပြောင်းလဲ သောသက်သေတစ်ခုဖြစ်နေရာ ၎င်းတို့အား မုန်းတီးမှု၊ နှိပ်စက် ညှဉ်းပန်းမှုများနှင့် ရင်ဆိုင်စေပါသည်။ သမ္မာကျမ်းစာကိုငြင်းပယ်ရန် သူတို့ငြင်းဆန်နေကြခြင်းသည်လည်း ရောမအသင်းတော်သည်းမခံ နိုင်သောပြစ်မှုတစ်ခုဖြစ်နေပါသည်။

## ဝေါလ်ဒင်းဆီးများကိုချေမှုန်းမည့်ရောမ၏ဆုံးဖြတ်ချက်

တောင်တန်းနေအိမ်များတွင်နေထိုင်သည့် ဘုရားသခင်၏ လူများအပေါ် တိုက်ခိုက်မှုများသည် ယခုတွင်အစပြုချေပြီ။ စုံစမ်းရေး သမားများသည် သူတို့ကိုခြေရာကောက်မိချေပြီ။ မကြာခဏဆိုသလို ၎င်းတို့သည် အိမ်များ၊ လယ်ယာများကိုစွန့်ပစ်ထားခဲ့ရပြီး ၎င်းတို့၏ ဘုရားဝတ်ပြုကျောင်းများလည်း အဖျက်ဆီးခံခဲ့ရပါသည်။ စာရိတ္တ

ပိုင်းဆိုင်ရာ အပြစ်တင်စရာမရှိသော်လည်း ရဟန်းမင်း၏အလိုနှင့် အညီ ဘုရားသခင်ကိုဝတ်မပြုနိုင်ခြင်းသည် ၎င်းတို့အတွက် မဟာ ပြဿနာကြီးဖြစ်နေပါသည်။ပြစ်မှုတစ်ခုအဖြစ် ကင်ပွန်းတပ်ခံရသည့် ထိုပြဿနာကြောင့် လူနှင့်နတ်ဆိုးတို့ တီထွင်နိုင်သမျှသောစော်ကား မှုများ၊ ညှဉ်းပန်းမှုများကို ၎င်းတို့ရင်ဆိုင်ခဲ့ကြရပါသည်။

ရောမအသင်းတော်သည် ၎င်းတို့မုန်းတီးသည့်ထိုအဖွဲ့ကို အမြစ် ပါမကျန် သုတ်သင်ပယ်ရှင်းရန် ဆုံးဖြတ်သောအချိန်တွင် ရဟန်းမင်း သည် ၎င်းတို့အား ဘာသာရေးဖေါက်ပြန်သူများအဖြစ် ရှုတ်ချကာ ဖမ်းဆီးသတ်ဖြတ်ရန် ပြန်တမ်းတစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ ဘုရား သခင်၏ထိုသားသမီးများကို ပျင်းရိသူများ၊ မရိုးသားသူများ၊`ငြိမ်သက် မှုကိုနှောင့်ယှက်သူများအဖြစ် စွဲချက်မတင်ဘဲ မှန်ကန်သောသိုးစုမှ သိုးများကို ဖြားယောင်းသည့် ဘုရားတရားရှိသည့်ပုံကိုပိုင်ဆိုင်ခြင်း ကြောင့် ထိုကဲ့သို့အမိန့်ပြန်တမ်းထုတ်ပြန်အရေးယူရကြောင်း ကြေညာ ခဲ့ပါသည်။ ၎င်းပြင် ရောမအသင်းဝင်အားလုံးကို ထိုဘာသာရေး ဖေါက်ပြန်သူများအား ချေမှုန်းခြင်းတွင် ပါဝင်ကြရန် ထိုအမိန့် ပြန်တမ်းကဆင့်ခေါ်ပါသည်။ ဤတိုက်ပွဲတွင် ပါဝင်သူအားလုံး အပေါ် ကျိန်ဆိုခဲ့သောအကျိန်စကားများကို ဖျက်သိမ်းပေးမည် ဖြစ်ကြောင်း၊ တရားမဝင်ပိုင်ဆိုင်ထားသည့်ပစ္စည်းများအပေါ် တရား ဝင်ပိုင်ဆိုင်ကြောင်း၊ ဥပဒေပြုပေးမည်ဖြစ်ကြောင်း၊ ဘာသာရေး ဖေါက်ပြန်သူများကို သတ်ခြင်းကဲ့သို့သောအပြစ်များကို ဖြေလွှတ် ခွင့်ပြုမည်ဖြစ်ကြောင်း စသည်ဖြင့် ထိုဘာသာရေးတိုက်ပွဲထဲသို့ အားလုံး ပါဝင်လာရန် တွန်းအားပေးခဲ့ပါသည်။ ထုတ်ပြန်ခဲ့သောအမိန့် ပြန်တမ်းအားဖြင့် ဗိုဒိုအာနှင့်ချုပ်ဆိုခဲ့သောသဘောတူညီချက်အားလုံး

ကိုဖျက်ဆီးကာ ဗိုဒိုအာများအား မည်သူမဆိုမည်သည့်အကူအညီမျှမပေးကြရန် တားမြစ်လိုက်သည်။ ၎င်းပြင် ဗိုဒိုအာများပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာများကို မည်သူမဆို ရယူပိုင်ဆိုင်နိုင်ကြောင်း အခွင့်ပြုလိုက်သည်။ ဤအမိန့်သည် ခရစ်တော်၏အသံမဟုတ်ဘဲ နဂါးကြီး၏ဟိန်းဟောက်သံသာဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။ ခရစ်တော်ကိုကပ်တိုင်တင်ခဲ့သူ၊ တမန်တော်များကိုလုပ်ကြံသတ်ဖြတ်ခဲ့သူ၊ သစ္စာရှိသူများကိုသတ်ရန် သွေးဆာနေသောနီရိုးဧကရာဇ်ကိုလှုံ့ဆော်ပေးခဲ့သူတည်းဟူသောထိုဝိညာဉ်သည် ဘုရားသခင်၏ချစ်သားသမီးများကို ဤကမ္ဘာမှ ရှင်းလင်းသုတ်သင်ပစ်ရန် လုပ်ဆောင်နေပါသည်။ ဘုရားသခင်ကိုချစ်သောဤလူစုသည် ၎င်းတို့အားဆန့်ကျင်ကာ တိုက်ပွဲဝင်သတ်ဖြတ်နေသည့်ကြားမှပင် သမ္မာတရားအလင်းများကိုဖြန့်ဝေရန် သာသနာပြုများကိုဆက်လက်စေလွှတ်ခဲ့ကြပါသည်။ သူတို့သည် လိုက်လံသတ်ဖြတ်ခြင်းကိုခံရသော်လည်း ၎င်းတို့၏အသွေးများသည် ကြဲထားသောမျိုးစေ့များကို အပင်ပေါက်စေ၍ အသီးအပွင့်များကို သီးပွင့်စေခဲ့ပါသည်။

ဤနည်းအားဖြင့် ဝေါလ်ဒင်းဆီးများသည် မာတင်လူးသာ မတိုင်မီနှစ်ပေါင်းများစွာအချိန်တွင် ဘုရားသခင်အကြောင်းသက်သေခံခဲ့ကြပါသည်။ ဝစ်ကလစ်အချိန်တွင်အစပျိုးပြီး၊ လူးသာအချိန်တွင်ကျယ်ကျယ်ပြန့်ပြန့်ကြီးထွားလာကာ ကမ္ဘာဆုံးသည့်အချိန်တိုင်အောင်လုပ်ဆောင်သွားရမည့် ဘာသာရေးပြုပြင်ပြောင်းလဲခြင်း၏မျိုးစေ့များကို သူတို့စိုက်ပျိုးပေးခဲ့ကြပါသည်။

## အခန်း (၅)
## အင်္ဂလန်၌သမ္မာတရားအလင်းထွန်းလင်းလာခြင်း

ဘုရားသခင်သည် နှုတ်ကပတ်တော်လုံးလုံးပျောက်ကွယ်သွားသည့်အဆင့်ထိ လက်ခံတော်မမူခဲ့ချေ။ ဥရောပနိုင်ငံအသီးသီးရှိလူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုကြောင့် သမ္မာတရားကို ဝှက်ထားသည့်ရတနာအလား ရှာဖွေလာကြပါသည်။

သူတို့သည်သန့်ရှင်းသောဝိညာဉ်တော်၏စီစဉ်လမ်းပြမှုကြောင့် အခက်အခဲများကြားမှအလင်းတော်ကို လက်ခံရန်ဆန္ဒပြင်းပြနေကြပါသည်။

ကျမ်းစကားအားလုံးကို အကုန်အစင်နားမလည်ခဲ့ကြသော်လည်း နှစ်ပေါင်းများစွာ မြှုပ်နှံထားသည့် သမ္မာတရားကို သိမြင်နိုင်စွမ်းရှိလာကြပါသည်။

လူတို့အား တိုင်းရင်းသားဘာသာစကားဖြင့် ရေးသားထားသောကျမ်းစာကိုပေးဂုန် အချိန်ကျရောက်လာပေပြီ။ ကမ္ဘာတစ်ဝန်းရှိတိုင်းနိုင်ငံများသည် သန်းခေါင်းယံအချိန်ကိုကျော်ကာ အာရုဏ်ဦးအလင်းတန်းများကို တွေ့နေရပေပြီ။

ခရစ်သက္ကရာဇ် ၄ရာစုတွင် "ဘာသာရေးပြုပြင်ပြောင်းလဲရေး၏ နံနက်သားကြယ်"သည် အင်္ဂလန်နိုင်ငံတွင်ပေါ်ထွန်းခဲ့ပါသည်။ ၄င်းမှာ ဝစ်ကလစ်ဖြစ်သည်။

သူသည် ကောလိပ်တက်တုန်းက စာတော်သူတစ်ဦးအဖြစ်ကျော်ကြားသကဲ့သို့ ဘုရားတရားရှိသူတစ်ဦးအဖြစ်လည်း လူသိများသူတစ်ဦးဖြစ်သည်။ သူသည် စာပေသင်ကြားရေးဆိုင်ရာ. . . .

ဘာသာရေးလွတ်မြောက်မှုများအတွက် တိုက်ပွဲဝင်ရန်ပြင်ဆင်ထားသူတစ်ဦးဖြစ်သည်။ သူသည် စာသင်ကျောင်းဆိုင်ရာ ပညာရေးစည်းမျဉ်းများကိုတတ်မြောက်ထားပြီး ကျောင်းဆရာများကျင့်သုံးရမည့် နည်းဗျူဟာများကိုနားလည်ထားပါသည်။

ထိုကဲ့သို့ ဗဟုသုတပိုင်းတွင် ကျယ်ပြန့်ကျေညက်မှုကြောင့် သူ၏မိတ်ဆွေများသာမက ရန်သူများကပင် လေးစားခြင်းခံရသူတစ်ဦးဖြစ်သည်။ သူသည် မိမိကိုရန်မူသူများအား ၎င်းတို့ကိုထောက်ခံနေသူ၏ အားနည်းချက်နှင့်အသိပညာ နည်းပါးမှုများကို ထောက်ပြကာ ဘာသာရေးပြန်လည်ထူထောင်ရေး လုပ်ငန်းအပေါ် မစော်ကားအောင်ကာကွယ်ခဲ့သည်။

ဝစ်ကလစ်သည် ကောလိပ်ကျောင်းသားဘဝမှစ၍ သမ္မာကျမ်းစာကိုစတင်လေ့လာခဲ့ပါသည်။ ထိုအချိန်သို့မရောက်မီ စာပေသင်ကြားမှုဆိုင်ရာလေ့လာမှုများနှင့် အသင်းတော်ဆိုင်ရာ သွန်သင်ခြင်းဘာသာရပ်များက ကျေနပ်မှုမပေးစွမ်းနိုင်သော လိုအင်ဆန္ဒကြီးတစ်ခုသူ့၌ရှိနေပါသည်။ နှုတ်ကပတ်တော်တွင် သူရှာဖွေနေသောအရာကိုတွေ့ခဲ့ပါသည်။

ဤတွင် ခရစ်တော်ကို တစ်ပါးတည်းသော ကြားဖျန်ဖြေသူတစ်ဦးအဖြစ် ဖော်ပြထားသည်ကိုသူတွေ့ရပါသည်။ သို့နှင့် သူတွေ့ရှိထားသောသမ္မာတရားကိုဟာစ်ကြွေးရန် သူဆုံးဖြတ်ခဲ့ပါသည်။

ဝစ်ကလစ်သည် အစဦးလုပ်ဆောင်မှုအပိုင်းတွင် ရောမအသင်းတော်ကိုဆန့်ကျင်ခဲ့ခြင်းမရှိသော်လည်း ရဟန်းမင်းအဖွဲ့၏ မှားယွင်းမှုများကို ပို၍သိရှိလာသည်နှင့်အမျှ သမ္မာကျမ်းစာ၏သွန်သင်ချက်များကို ပို၍ပို့ချခဲ့ပါသည်။ ရောမအသင်းတော်သည် ကျမ်းစာကိုစွန့်ကာ ရိုးရာဓလေ့နောက်သို့လိုက်နေပြီကိုလည်း သူမြင်. . . . .

ခဲ့သည်။ သမ္မာကျမ်းစာကိုစွန့်ပစ်ခြင်းအတွက် ရဟန်းပျိုအဖွဲ့ကို သူအပြစ်တင်ရုံသာမက အသင်းတော်အား ကျမ်းစာကိုပြန်လည်ဖတ်ရှုခွင့်ပြုပြီး ကျမ်းစာ၏ဖွင့်ဆိုချက်များဖြင့် အသင်းတော်ကို တည်ဆောက်ရန် သူတောင်းဆိုခဲ့သည်။

သူသည် စကားပြောကောင်းသောတရားဟောဆရာတစ်ဦးဖြစ်ရုံ သာမက သူ၏နေ့စဉ်အသက်တာသည်လည်း သူဟောသောတရားနှင့် ကိုက်ညီသူတစ်ဦးဖြစ်ပါသည်။ သူတတ်ကျွမ်းသော ကျမ်းပညာ၊ စင်ကြယ်သောသူ့အသက်တာ၊ သမ္မာသတ္တိ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောသူ့အသက်တာတို့ကြောင့် သူအများက သူ့ကိုလေးစားကြသည်။

လူအ များသည် ရောမအသင်းတော်တွင်ဖြစ်ပျက်နေသောအကောင်းမှုများကိုမြင်တွေ့လာကြကာ ဝစ်ကလစ်တင်ပြသောကျမ်းတရားများကို ပွင့်လင်းသောဝမ်းသာအားရမှုများဖြင့် ကြိုဆိုခဲ့ကြပါသည်။ မိမိတို့ထက် ထိုသူက လူအများပေါ်မှာ ပို၍ဩဇာရှိနေသောကြောင့် ရဟန်းမင်းအဖွဲ့မှ ခေါင်းဆောင်များသည် ဒေါသထွက်နေကြပါသည်။

## -မှားယွင်းမှုကို ထက်မြက်စွာဖော်ထုတ်သူ-

ဝစ်ကလစ်သည် မှားယွင်းမှုကို ထက်မြက်စွာဖော်ထုတ်သူတစ်ဦးအဖြစ် ရောမအသင်းတော်၏ခွင့်ပြုချက်ဖြင့် လုပ်ဆောင်နေသောမတရားစော်ကားမှုများကို မကြောက်မရွံ့တိုက်ခိုက်ခဲ့ပါသည်။ ဘုရင့်နန်းတော်တွင် တရားဟောဆရာအဖြစ် ဆောင်ရွက်စဉ်က ရဟန်းမင်းတောင်းဆိုသောလက်ဆောင်ပဏ္ဏာ (ဆက်ကြေး)ကို အင်္ဂလန်ဧကရာဇ်အနေဖြင့်မပေးရန် ရဲဝံ့စွာကန့်ကွက်ခဲ့ပါသည်။

တိုင်းပြည်ရှင်ဘုရင်များအပေါ် အာဏာပြရန် ရဟန်းမင်း၏လုပ်ဆောင်ချက်သည် ဆင်ခြင်တုံတရားနှင့်သာမက ဗျာဒိတ်တော်နှင့်လည်း ဆန့်ကျင်နေပါသည်။ ရဟန်းမင်း၏တောင်းဆိုချက်များသည် အမျက်ဒေါသကိုဖြစ်ပေါ်စေခဲ့ပြီး ဝစ်ကလစ်၏သွန်သင်ချက်များမှာမူ နိုင်ငံတော်ခေါင်းဆောင်များအပေါ် ဩဇာလွှမ်းမိုးသွားသဖြင့် ဘုရင်နှင့်တကွမျှုးမတ်သေနာပတိများသည် ရဟန်းမင်းတောင်းဆိုသည့် ဆက်ကြေးကိုမပေးဆောင်ရန် စည်းလုံးခဲ့ကြပါသည်။

သူဖုန်းစားရဟန်းပျိုများသည် အင်္ဂလန်တင်များပြားလာရာ နိုင်ငံတော်၏ဂုဏ်အသရေကိုပါထိခိုက်စေပါသည်။ ထိုရဟန်းပျိုများ၏ အလုပ်မလုပ်ဘဲ တောင်းစားသည့်ဘဝသည် လူသားအရင်းအမြစ်များ၏ဆုံးရှုံးမှုတစ်ခုသာမကဘဲ ကြိုးစားလုပ်ဆောင်နေခြင်းများကိုလည်း စော်ကားရာရောက်ပါသည်။

လူငယ်များသည် စိတ်ဓာတ်ရေးရာတွင် နိမ့်ကျလာကာ ပျက်စီးသွားကြပါသည်။ လူငယ်များစွာတို့မှာ မိဘများ၏သဘောတူညီချက်မပါရုံသာမက ၄င်းတို့ကိုယ်တိုင်လည်း သဘောမတူဘဲလျက်နှင့် ရဟန်းပျိုကျောင်းများတွင် ဘဝကို မြှုပ်နှံကြရန် ဆွဲဆောင်သိမ်းသွင်းခြင်းခံကြရပါသည်။ နောက်ပိုင်းတွင် လူးသာက "ထိုရဟန်းပျိုများ၏လုပ်ဆောင်ချက်သည် ခရစ်ယာန်နှင့် လူသားများ၏ပုံပန်းလက္ခဏာများထက် ဝံပုလွေနှင့်အာဏာရှင်ဘုရင်များ ပုံပန်းလက္ခဏာကိုပို၍ထင်ရှားစေပါသည်" ဟု ဖွင့်ဆိုခဲ့သည်။

ထိုအော့နှလုံးနာစရာ လူသားမဆန်စွာလုပ်ဆောင်မှုများကြောင့် သားသမီးများသည် မိဘများအပေါ်စိတ်နာကြည်းမှုများဖြစ်ပေါ်ခဲ့ကြသည်။ တက္ကသိုလ်ကျောင်းသားများသည်ပင်လျှင် ထိုရဟန်းပျိုကျောင်းများတွင် ဘဝကိုမြှုပ်နှံရန် ဆွဲဆောင်လှည့်ဖြားခြင်းကိုခံခဲ့

ကြရပါသည်။ ဖြားယောင်းမှုတွင် တစ်ကြိမ်ပါသွားမိလျှင် လွတ်မြောက်ရန်မလွယ်ကူတော့ချေ။ ထို့ကြောင့် မိဘများသည် မိမိတို့၏သားများကို တက္ကသိုလ်သို့မပို့လိုကြတော့ချေ။ ကျောင်းများသည် တိုးတက်မှုဆုတ်ယုတ်လျော့ပါးလာသည်နှင့်အမျှ စာမဖတ်မှုသည် များပြားလာပါတော့သည်။

ရဟန်းမင်းသည် ရဟန်းပျိုများအား အပြစ်ဝန်ခံမှုကို နာကြားခွင့်နှင့် အပြစ်ဖြေလွှတ်ခွင့်တို့ကိုအပ်နှင်းထားရာ ဤအချက်သည် ကြီးမားသောဒုစရိုက်၏အရင်းအမြစ်တစ်ခုဖြစ်နေပါသည်။ ထိုရဟန်းပျိုများသည် မိမိတို့၏အကျိုးကိုမျှော်ကိုးလျက် မိမိတို့အား အားကိုးတိုးလျှိုးသောရာဇဝတ်သားများ၏ပြစ်ဒဏ်များကို အလွယ်တကူ ဖြေလွှတ်ပေးတတ်ကြပါသည်။ ထို့ကြောင့် ရာဇဝတ်မှုများအလျှင်အမြန် များပြားလာပါသည်။ နာမကျန်းသူများနှင့် ဆင်းရဲသားများအား သက်သာခွင့်အမျိုးမျိုးပေးနိုင်သည့် ငွေကြေးဥစ္စာပစ္စည်းများသည် ထိုရဟန်းပျိုများထံသို့ရောက်သွားသည်။ ထို့ကြောင့် ၎င်းတို့သည် ပို၍ပို၍သာကြီးပွါးချမ်းသာလာပြီး ၎င်းတို့၏ခမ်းနားထည်ဝါသော နေအိမ်အဆောက်အအုံများနှင့် ဇိမ်ခံပစ္စည်းများသည် တိုင်းပြည်၏တိုးပွါးလာသည့်ဆင်းရဲမှုကိုထင်ရှားစေပါသည်။ သို့စေကာမူ ထိုရဟန်းပျိုများသည် အယူသီးသည့်လူထုကြီးအပေါ် ဆက်လက်ထိန်းချုပ်ထားပြီး ရဟန်းမင်းကြီးကို အထွတ်အထိပ်ထားခြင်း၊ သေဆုံးသွားပြီးဖြစ်သည့်သူတော်စင်များထံတွင် ချီးမွမ်းဆုတောင်းခြင်း၊ ရဟန်းများအားလက်ဆောင်ပနာပေးခြင်းသည် ဘာသာရေးဆိုင်ရာတာဝန်များပင်ဖြစ်ကြောင်း ထိုအကျင့်များသည် ကောင်းကင်နိုင်ငံတော်တွင် နေရာတစ်နေရာရှိဖို့ လုံလောက်ကြောင်း လူထုကြီးအားအယုံသွင်းကြပါသည်။

အမြင့်ရှင်းပြီးဖြစ်သောဝစ်ကလစ်ကမူ ဤယုံကြည်ချက်သည် မှားယွင်းသဖြင့် ပယ်ဖျက်ပစ်သင့်ကြောင်းဖွင့်ဆိုလျက် ထိုဒုစရိုက်လုပ်ငန်းကို အမြစ်မှလှန်ကာ တိုက်ခိုက်ခဲ့ပါသည်။

ထိုကြောင့် ဆွေးနွေး မှုများ၊ စုံစမ်းမှုများဖြစ်ပေါ်လာကာ ရောမအသင်းတော်အာဏာပိုင် များထံတွင် အပြစ်လွှတ်ခြင်းအခွင့် ကောင်းသည်ထက် ဘုရားသခင့် အထံတော်တွင် ပို၍တောင်းသင့်၊ မတောင်းသင့်စပ်စုလာကြပါသည်။ "ရောမအသင်းတော်မှရဟန်းပျို များနှင့်ဘုန်းတော်ကြီးများသည် ကင်ဆာလိုကျွန်ုပ်တို့ကိုစားနေသည်။ ဘုရားသခင်သာမစမှုမပြုလျှင် လူအပေါင်းတို့သည် ပျက်စီးကြရတော့မည်"ဟု သူတို့ပြောလာကြပါ သည်။ သူဖုန်းစားရဟန်းပျိုများကမူ မိမိတို့သည် ခရစ်တော်၏ လမ်းစဉ်ကိုလိုက်လျှောက်နေသူများ ဖြစ်ကြောင်း ခရစ်တော်နှင့်တပည့်တော် များကိုယုံကြည်သူများ၏အလှူငွေများဖြင့် ထောက်ပံ့ခဲ့သည်ဖြစ်ကြောင်း ဖွင့်ဆိုခဲ့ကြပါသည်။ ထိုဖွင့်ဆိုချက်ကြောင့် လူအများသည် အမှန်တရားကိုရှာရန် သမ္မာကျမ်းစာဘက်ကိုဦးလှည့်လာကြပါသည်။

ဝစ်ကလစ်သည် ထိုရဟန်းပျိုများအကြောင်း လက်ကမ်းစာစောင်များရေးသားထုတ်ဝေကာ သမ္မာကျမ်းစာ၏သွန်သင်ချက်များကိုလိုက်လျှောက်ပြီး ဘုရားသခင်ကိုသာကိုးကွယ်ကြဖို့ လူအများအား ဆင့်ခေါ်ခဲ့ပါသည်။

ရဟန်းမင်းကြီးတည်ဆောက်ထားသည့် ဤရောမအဆောက်အအုံအဖွဲ့အစည်းကြီးကိုဖြိုရန်အတွက် ဤနည်းထက်ပို၍ ထိရောက်သောအခြားနည်း လမ်းများမရှိတော့ပါချေ။ အကြောင်းမှာ သန်းပေါင်းများစွာသောလူတို့သည် ထိုအဖွဲ့အစည်းတွင် ပိတ်မိနေကြပေပြီ။

အင်္ဂလန်ပြည့်ရှင်၏လုပ်ပိုင်ခွင့်များကို ရောမအသင်းတော်၏လုယူစွက်ဖက်ခြင်းမှ ကာကွယ်ပေးရန် ဝစ်ကလစ်အား နယ်သာလင်ဆိုင်ရာအင်္ဂလိပ်သံအမတ်အဖြစ် ခန့်အပ်လိုက်သည်။

ဤတွင် သူသည် ပြင်သစ်၊ အီတလီနှင့်စပိန်တိုင်းပြည်များမှ ခရစ်ယာန်သာ သနာ့ခေါင်းဆောင်များနှင့်ဆက်သွယ်လာပြီး အင်္ဂလန်ပြည်၏ပြည်ပ၌ ဖြစ်ပျက်နေသောမြင်ကွင်းများကိုလည်း ကြည့်ရှုခွင့်ရလာပါသည်။ ရဟန်းမင်းအုပ်ချုပ်ရေး၏ ဇာတိရုပ်မှန်ကိုလည်း ထိုသာသနာ့ခေါင်းဆောင်များအားဖြင့် ပို၍နားလည်လာပါသည်။

ထို့ကြောင့် သူသည် အင်္ဂလန်သို့ပြန်ကာ မာနထောင်လွှားခြင်းနှင့် လိမ်လည်လှည့်ဖြားခြင်းများသည် ရေမြအသင်းတော်၏ဘုရားများဖြစ်ကြောင်းဖွင့်ဆိုလျက် သူ၏ယခင်သွန်သင်ချက်များကို စိတ်အားထက်သန်စွာ ဟောကြားပါတော့သည်။

အင်္ဂလန်သို့ပြန်လည်ရောက်ရှိလာပြီးနောက် ဝစ်ကလစ်သည် လပ်တာဝတ်တက္ကသိုလ်တွင် ပါမောက္ခချုပ်တာဝန်ကိုထမ်းဆောင်ရန် ဘုရင်၏ခန့်အပ်လွှာကိုရရှိခဲ့သည်။

ဤအချက်သည် ဘုရင်မင်းမြတ်အနေဖြင့် ဝစ်ကလစ်၏ ရှင်းလင်းသောဖွင့်ဆိုချက်များကို နှစ်သက်မှုရှိကြောင်း အာမခံချက်တစ်ခုဖြစ်သည်။ ဝစ်ကလစ်၏သြဇာသက်ရောက်မှုသည် ထိုတိုင်းပြည်၏ယုံကြည်မှုကို ပြုပြင်ပြောင်းလဲသွားစေခဲ့သည်။

မကြာမီမှာပင် ရဟန်းမင်းသည် သူ့အပေါ်တွင် ဒေါသအိုးပေါက်ကွဲပါတော့သည်။ ထို့ကြောင့် “ဖောက်ပြန်ရေးသမား ထိုကျောင်းဆရာ”ကို ချက်ချင်းသုတ်သင်ပစ်ရန် အမိန့်ပြတမ်း (၃)ခု ထွက်ပေါ်လာခဲ့ပါသည်။

ထိုအမိန့်ပြန်တမ်းများရောက်ရှိလာသည့် အင်္ဂလန်ပြည်တွင် ဘာသာရေးအယူဝါဒဖောက်ပြန်သူများအား ထောင်ချရန်ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ ဝစ်ကလစ်သည် ရောမအသင်းတော်၏ကလဲ့စားချေမှုကို မကြာမီတွင်ခံရတော့မည်ဖြစ်သည်။ သို့ရာတွင် "မကြောက်နှင့်။ . . . . . ငါသည် သင်၏ဒိုင်းလွှားဖြစ်သည်" (ကမ္ဘာဦးကျမ်း ၁၅း၁)ဟု ရှေးဘိုးဘေးတို့အား မိန့်တော်မူခဲ့သောဘုရားသခင်သည် ကိုယ်တော်၏ကျွန်ကိုကာကွယ်ရန် လက်တော်ကိုဆန့်တော်မူ၏။ သေခြင်းနှင့် ရင်ဆိုင်ခဲ့ရသူမှာ ဝစ်ကလစ်မဟုတ်ဘဲ ဝစ်ကလစ်ကိုသုတ်သင်ရန် အမိန့်ထုတ်ခဲ့သူဖြစ်နေပါသည်။

ဧကာဒသမမြောက် ဂရီဂိုရီသေဆုံးပြီးနောက် ပြိုင်ဘက်ရဟန်း (၂)ဦးအား သေဆုံးသွားသူ၏နေရာတွင် ရွေးချယ်တင်မြောက်ရန်ဖြစ်ပါသည်။ ထိုပြိုင်ဘက်ရဟန်းတို့သည် တစ်ဖွဲ့အပေါ်တစ်ဖွဲ့ ကြောက်စရာ့ကျိန်ဆဲခြင်းများဖြင့် ကျိန်ဆဲလျက်ထောက်ခံသူများအား ကောင်းကင်နိုင်ငံတွင် ဆုကျေးဇူးများပေးမည်ဟု ကတိပြုလျက် အခြားတစ်ဖက်မှ ပုဂ္ဂိုလ်များအပေါ် တိုက်ပွဲဝင်ကြရန် ယုံကြည်သူများကို ဆင့်ဆိုနေကြပါသည်။ ပြိုင်ဘက် (၂)ဖွဲ့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့အပြင်းအထန်တိုက်ခိုက်နေကြသဖြင့် ဝစ်ကလစ်သည် အခိုက်အတန့်အားဖြင့် ရန်ကင်းနေပါသည်။

စကားများရန်ဖြစ်တိုက်ခိုက်မှုများ၊ စာရိတ္တပျက်ပြားခြင်းများနှင့် ပြီးသောဂိုဏ်းဂဏကွဲပြားခြင်းများကြောင့် ရဟန်းမင်းအဖွဲ့၏ ဇာတိရုပ်မှန်ကိုပေါ်လွင်စေကာ ဘာသာရေးပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်ရန် လမ်းပွင့်သွားခဲ့ပါသည်။ ထိုရဟန်းမင်းနှစ်ပါးသည် တစ်ပါးကို တစ်ပါးခရစ်တော်အတုဟု ရှုပ်ချနေခြင်းအပေါ် အမှန်တရားဟုတ်သည်၊ . . . . . . . . . . . . . . . . . . . . . . . . . . . . .

မဟုတ်သည်ကိုသုံးသပ်ကြရန် လူထုကြီးကို ဝစ်ကလစ်ဖိတ်ခေါ်ခဲ့ပါသည်။

အင်္ဂလန်ပြည်အနှံ့အပြားသို့ အလင်းတရားဖြန့်ဝေရန် ဆုံးဖြတ်ချက်ချထားသောဝစ်ကလစ်သည် သမ္မာတရားကိုချစ်၍ အလင်းဖြန့်ဝေလိုသည့် ဆက်ကပ်မှုနှင့်ပြည့်ဝသော တရားဟောဆရာများအားစုစည်းကာ အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းလိုက်ပါသည်။

မြို့ရွာများမှ လမ်းမလမ်းကြားမှအစ ဈေးများထဲတွင် ဟောပြောလျက်ရှိသော ဤလူစုသည် လူအို၊ လူနာ၊ လူဆင်းရဲများကို ရှာဖွေစုစည်းကာ ကျေးဇူးတော်ဆိုင်ရာဝမ်းမြောက်ဖွယ်သတင်းစကားကိုဖြန့်ဝေကြပါသည်။

ဝစ်ကလစ်သည် အောက်စ်ဖို့တက္ကသိုလ်၏ခန်းမဆောင်ကြီးထဲတွင် နှုတ်ကပါတ်တော်ကိုဟောကြားခဲ့ရာ "ဧဝံဂေလိပါရဂူ" (The Gospel Doctor) ဟု ကင်ပွန်းတပ်ခြင်းကိုခံခဲ့ရပါသည်။

သို့ရာတွင် သူ့ဘဝတွင် အဓိကအထားဆုံးအလုပ်တစ်ခုမှာ သမ္မာကျမ်းစာကို အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ရန်ဖြစ်သည်။ သို့မှသာ အင်္ဂလန်တွင်နေထိုင်သူများသည် ဘုရားသခင်၏အံ့ဖွယ်လက်ရာတော်များကိုမြည်း စမ်းနိုင်ကြမည်ဖြစ်သည်။

## အသည်းအသန်ဖျားနာခြင်း

သို့သော် သူ၏လုပ်ဆောင်မှုများသည် ရုတ်တရက်ရပ်တန့်သွားပါသည်။ သူသည် မနားမနေလေ့လာလုပ်ဆောင်မှုများနှင့်ရန်သူများ ၏တိုက်လှန်မှုများကြောင့် အသက်(၆၀)အရွယ်မရောက်မီမှာပင် အတော်အိုစာသွားခဲ့ပြီး အသည်းအသန်ဖျားနာခဲ့ပါသည်။

ရောမအသင်းတော်နှင့်ဆန့်ကျင်သောသူ့လုပ်ရပ်များအတွက် နောင်တ ရမည်အထင်နှင့် သူ၏ဝန်ချတောင်းပန်မှုကို နားထောင်ရန် သူနေ ထိုင်သောအခန်းသို့ ရဟန်းပို့ျများအမြန်လာခဲ့ကြပါသည်။ "အမှားစ ကားတွေပြောတဲ့မင်းရဲ့နှုတ်ကြောင့် မင်းသေရလိမ့်မယ်။ အသင်းတော် ကိုထိခိုက်စေသမျှအရာအားလုံးကို တို့ရှေ့မှာ ပြန်လည်ရုပ်သိမ်းပါ"ဟု သူတို့က ဝစ်ကလစ်အားပြောခဲ့ကြပါသည်။

ဝစ်ကလစ်သည် ငြိမ်၍နားထောင်ခဲ့ပြီးနောက် သူ့အားပြုစု နေသောဆရာမအား အိပ်ရာမှမထူခိုင်းပြီး ထိုသူများအားစေ့စေ့ ကြည့်ကာ ခိုင်မာသောအသံဖြင့် "ကျွန်ုပ်မသေသေးပါဘူး။ ဆက်လက် အသက်ရှင်ရုံသာမက သင်တို့၏မကောင်းမှုလုပ်ရပ်များကို ဆက်လက် ကြွေးကြော်ဦးမည်" ဟု ပြန်လည်တုံ့ပြန်ခဲ့ပါသည်။ ထိုရဟန်းပို့ျများ သည်လည်း အံ့ဩထိတ်လန့်ရှက်ကြောက်ကာ ဝစ်ကလစ်အခန်းထဲမှ အမြန်ထွက်သွားခဲ့ကြပါသည်။

ဝစ်ကလစ်သည် ရောမအသင်းတော်ကိုတိုက်ခိုက်ရန် တန်ခိုး အရှိဆုံးလက်နက်ဖြစ်သောသမ္မာကျမ်းစာကို မိမိလူမျိုးများလက်ထဲ သို့ထည့်ပေးရန် အသက်ရှင်ခဲ့ပါသည်။

ထိုကျမ်းစာသည် လူများအား လွတ်ခြင်းအခွင့်ပေးရန် အ လင်းပေးရန်နှင့် တရားလမ်းသို့ပို့ဆောင်ရန် ဘုရားသခင်သတ်မှတ် ထားသော ကြားခံပစ္စည်းတစ်ခုဖြစ်သည်။ ဝစ်ကလစ်သည် ၄င်း၌အ လုပ်လုပ်ရန် အချိန်များများမကျန်တော့သည်ကိုလည်းကောင်း၊ ၄င်း ရင်ဆိုင်ရမည့်အတိုက်အခံများကိုလည်းကောင်း မြင်တွေ့ထားသော် လည်း နှုတ်ကပါတ်တော်၌ပါရှိသော ကတိတော်များကို အားပြုလျက် ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ဉာဏ်ပညာစွမ်းရည်နှင့် အတွေ့အ ကြုံပိုင်းတွင် ပြည့်ဝထက်မြက်သော...................

သူ့အား သမ္မာကျမ်းစာကို အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ခြင်းလုပ်ငန်းအတွက် ဘုရားသခင်ပြင်ဆင်တော်မူခဲ့ပါသည်။

ထိုဘာသာ ရေးပြုပြင်ပြောင်းလဲရေးသမားကြီးသည် လပ်တာဝတ်တက္ကသိုလ်၏ ပါမောက္ခချုပ်တာဝန်ထမ်းဆောင်နေစဉ်မှာပင် ပြင်ပ၌ ပြင်းထန်စွာ တိုက်ခတ်နေသောမုန်းတိုင်းများကို ဂရုမထားဘဲ မိမိရွေးချယ်ထား သောလုပ်ငန်းပြီးမြောက်ရန် မိမိကိုယ်ကိုအသုံးချခဲ့ပါသည်။

နောက်ဆုံးတွင် သမ္မာကျမ်းစာကို အင်္ဂလိပ်လိုဘာသာဖြင့် ဘာသာပြန်ခြင်းအလုပ်ကို ပြီးမြောက်အောင်လုပ်ဆောင်နိုင်ခဲ့ပါသည်။ မည်သည့်အခါမှ မငြိမ်းနိုင်တော့သည့်အလင်းတစ်ခုကို အင်္ဂလိပ်များလက်ထဲသို့ ဝစ်ကလစ်ထည့်နိုင်ခဲ့ချေပြီ။ သူသည် စစ်မျက်နှာပြင်၌ တိုက်ပွဲများအားဖြင့် အောင်ပွဲဆင်စေမည့်အလုပ်များထက် စာမတတ်မြောက်မှုကိုဖြိုခွင်းခြင်း၊ မိမိလူမျိုးတို့အနှောင်အဖွဲ့မှလွတ်မြောက်စေခြင်း၊ မိမိလူမျိုးတို့အား အဘက်ဘက်မှ မြှင့်တင်ပေးခြင်းဆိုင်ရာအလုပ်များကို ပို၍ဦးစားပေးလုပ်ဆောင်ခဲ့ပါသည်။

သမ္မာကျမ်းစာကို မိတ္တူကူးရေးသားရခြင်းအမှုသည် အလွန်ပင်ပန်းလှပါသည်။ ထိုအင်္ဂလိပ်ကျမ်းစာကို လူအများက အထူးစိတ်ဝင်စားကြရာ မိတ္တူကူးရေးသူများသည် လိုအပ်သောစာအုပ်အရေအတွက်ကိုရအောင် ကူးရေးခြင်းမှာမစွမ်းနိုင်ကြတော့ချေ။

ချမ်းသာသောသူများက ကျမ်းစာတစ်အုပ်လုံးကို ဝယ်လိုကြသည်။ တစ်ချို့မှာမူ ကျမ်းစာ၏အပိုင်းတစ်ပိုင်းလောက်ကိုသာဝယ်လိုကြပါသည်။ များသောအားဖြင့် မိသားစုများသည် ကျမ်းစာတစ်အုပ်ဝယ်ရန် စည်းလုံးခဲ့ကြသည်။ မကြာမီမှာပင် ဝစ်ကလစ်၏သမ္မာကျမ်းစာသည် နေအိမ်များသို့ ရောက်ရှိသွားခဲ့ပါသည်။

ယခုတွင် ဝစ်ကလစ်သည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သာ ကယ်တင်ခြင်းသို့ရောက်ရကြောင်း၊ သမ္မာကျမ်းစာ၏အမှားအယွင်း ကင်းမှုများအကြောင်းစသည့် ပရိုတက်စတင့်များ၏ထူးခြားသော ယုံကြည်ချက်များကို သွန်သင်ခဲ့ပါသည်။ အင်္ဂလိပ်လူမျိုးတစ်ဝက်နီး ပါးက ဤယုံကြည်ချက်အသစ်စက်စက်ကို လက်ခံခဲ့ကြပါသည်။

ထိုသမ္မာကျမ်းစာပေါ် ထွန်းလာခြင်းကြောင့်အသင်းတော်အာ ဏာပိုင်များသည် လာမည့်ဘေးအတွက် စိုးရိမ်ထိတ်လန့်လာကြပါ သည်။ ထိုအချိန်အထိ တိုင်းရင်းသားဘာသာဖြင့် ပုံနှိပ်ထုတ်ဝေသည့် သမ္မာကျမ်းစာဟူ၍ မရှိသေးရာ သမ္မာကျမ်းစာကိုတားမြစ်သည့် ဥပဒေလည်း ထိုအချိန်တွင် အင်္ဂလန်၌မရှိသေးပါချေ။ ဤဥပုသ်မျိုးကို နောက်ပိုင်းအချိန်များတွင်မှအတည်ပြုကာ ကျပ်တည်းစွာပြဋ္ဌာန်း ခဲ့ပါသည်။

ရဟန်းမင်း၏ခေါင်းဆောင်များသည် ဝစ်ကလစ်ကိုနှုတ်ပိတ် ပစ်ရန် တစ်ဖန်ကြံစည်ကြပြန်ပါသည်။ ရှေးဦးပထမအနေဖြင့် ဘိရှော့ များအစည်းအဝေးတစ်ခုတွင် ဝစ်ကလစ်၏စာပေများကို ဘာသာရေး ဖောက်ပြန်မှုများဟုကြေညာခဲ့ပါသည်။

ဒုတိယမြောက်ရစ်ချတ်ဘုရင်၏ထောက်ခံမှုကိုရယူလျက် အသင်းတော်၏ယုံကြည်ချက်များကို စော်ကားသူအားလုံးလည်း အကျဉ်းချနိုင်သည့်အမိန့်ထုတ်ပြန်ချက်တစ်ခုကို သူတို့ရယူနိုင်ခဲ့ပါ သည်။

ဝစ်ကလစ်သည် ထိုဘိရှော့အစည်းအဝေးမှတစ်ဆင့် ပါလီမန် သို့အယူခံဝင်ခဲ့ပါသည်။ သူသည် ရဟန်းမင်း၏အဆင့်အတန်းအ လိုက်အဆင့်ဆင့်ဖွဲ့စည်းပုံများကို နိုင်ငံတော်ကောင်စီရှေ့တွင် ဖော် ပြကာ ထိုအသင်းတော်၏ခွင့်ပြုချက်ဖြင့်လုပ်ဆောင်သော မတရားမှု

များကို ပြုပြင်ပေးရန်တောင်းဆိုခဲ့ပါသည်။ အထီးကျန်ဆန်ပြီး အသက်ထောက်နေပြီဖြစ်သော ဤဘာသာရေးပြုပြင်ပြောင်းလဲရေး သမားကြီးသည် မိမိတို့ရှေ့တွင် အညံ့ခံဒူးထောက်လာမည်ဟု အထင် ရှိခဲ့ကြသောသူ၏ရန်သူများမှာ ဤတွင်စိတ်ရှုပ်ကုန်ပါတော့သည်။ သူ၏အယူခံခြင်းကြောင့်နိုးနိုးကြားကြားရှိလာသောပါလီမန်သည် ရောမအသင်းတော်မျှော်လင့်ထားသည်နှင့်ဆန့်ကျင်လျက် နှိပ်စက်ညှဉ်းပန်းခြင်းဆိုင်ရာခွင့်ပြုမိန့်ကို ဖျက်သိမ်းလိုက်သဖြင့် ဝစ်ကလစ်သည် တစ်ဖန်လွတ်လပ်စွာလုပ်ဆောင်နိုင်ခဲ့ပါသည်။

တတိယအကြိမ်အဖြစ် ဝစ်ကလစ်သည် ခေါ်ယူစစ်ဆေးခြင်း ခံရပြန်ပါသည်။ ယခုအချိန်တွင်မူ အင်္ဂလန်ရှိအမြင့်ဆုံးရာထူးရှိသည့် ဘာသာရေးခေါင်းဆောင်များတရားခွင်တွင်ဖြစ်သည်။

ဝစ်ကလစ်၏ လုပ်ငန်းစဉ်ကိုရပ်တန့်သွားစေခဲ့ကြသည်။ သူတို့ကြံစည်ထားသည့် အတိုင်းဖြစ်မည်ဆိုလျှင် ဝစ်ကလစ်သည် တရားရုံးမှမီးရှို့သတ်သည့် စင်မြင့်ဆီသို့သွားရန်သာဖြစ်သည်။

## ပြန်လည်ရုပ်သိမ်းရန် ဝစ်ကလစ်ငြင်းဆိုခြင်း

သို့ရာတွင် ဝစ်ကလစ်သည် မိမိသွန်သင်ထားချက်များကို ပြန်လည်ရုပ်သိမ်းခြင်းမပြုသည့်အပြင် သူ့အားစွပ်စွဲချက်အားလုံးကို ပယ်ချပါသည်။ ထိုနောက် တရားနာပရိသတ်ကို ထိုတရားခွင်သို့ ဖိတ်ကြားကာ ၎င်းတို့၏စဉ်းလဲမှု၊ လိမ်လည်မှုများကို ထာဝရသမ္မာတရားနှင့် ချိန်ထိုးပြခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးသည် ထိုတရားနာပရိတ်သတ်အပေါ်သို့ကျရောက်ရာ ဝစ်ကလစ်၏နှုတ်ထွက်

စကားများသည် ဘုရားသခင်၏မြားအိမ်ထဲမှမြားများအလား ပရိသတ်ကြီး၏နှလုံးသားများကို ဖြိုခွင်းခဲ့ပါသည်။ ဘာသာရေးဖောက်ပြန်သည်ဆိုပြီး သူ့အပေါ်တွင်တင်ထားသည့်စွဲချက်များကို ထိုဘာသာရေးခေါင်းဆောင်များအပေါ်သို့ သူပြန်၍စွဲချက်တင်ခဲ့ပါသည်။

"မည်သူနှင့်ဆိုင်ပြိုင်တိုက်လှန်နေသည်ဟု သင်တို့ထင်ကြသလဲ။ သချိုင်းနှုတ်ခမ်းရောက်နေသည့်သက်ကျားရွယ် အိုတစ်ယောက်နှင့်လား၊ မဟုတ်ပါ။ သမ္မာတရားနှင့် သင်တို့တိုက်လှန်ကြခြင်းဖြစ်သည်။ သမ္မာတရားသည် သင်တို့ထက်စွမ်းအားကြီးသဖြင့် သင်တို့ကိုအောင်နိုင်သွားလိမ့်မည်"ဟု သူဖွင့်ဟခဲ့ပါသည်။ သူသည် ထိုသို့ပြောနေစဉ်မှာပင် ထိုအခန်းထဲမှထွက်သွားရာ မည်သူကမှတားဆီးရန်မကြိုးစားခဲ့ကြပါ။

ဝစ်ကလစ်လုပ်ဆောင်ရမည့်အလုပ်သည် ပြီးစီးလုနီးချေပြီ။ သို့ရာတွင် ဧဝံဂေလိတရားတော်ကို နောက်ထပ်တစ်ကြိမ်သူသက်သေခံရပေဦးမည်။ သူတော်စင်များများအသွေးသွန်းတတ်လေ့ရှိသောရောမရှိရဟန်းမင်း၏တရားရုံးတွင် အစစ်ဆေးခံရန် သူဆင့်ခေါ်ခြင်းခံခဲ့ရပါသည်။ တစ်ကြိမ်လေဖြတ်ခံထားရသောသူအနေဖြင့် ဤခရီးကိုသွားရန်မဖြစ်နိုင်ပါချေ။ သို့သော် သူသည် ထိုတရားရုံးတွင် အသံအားဖြင့် မပြောနိုင်သော်လည်း စာအားဖြင့်ပြောဆိုနိုင်ခဲ့သည်။ သို့နှင့်ဝစ်ကလစ်သည် ရဟန်းမင်း၏အဖွဲ့ချုပ်၏မာနထောင်လွှားမှုနှင့် ပကာသနဟန်ပြမှုများကို ထိထိရောက်ရောက်အပြစ်တင်ပြောဆိုထားသည့်စာတစ်စောင်ကို ရိုသေလေးစားတတ်သောခရစ်ယာန်စိတ်ဖြင့် ရဟန်းမင်းထံသို့ပေးပို့ခဲ့ပါသည်။

ရဟန်းမင်းကြီး၏အဖွဲ့နှင့်တကွ ခရစ်ယာန်ဘာသာဝင်များနှင့်၄င်းတို့ကိုယ်စားပြုနေသောခရစ်တော်အကြားရှိကွဲပြားခြားနားမှုများကို

ထင်ရှားစေသည့်ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းနှင့်နှိမ့်ချခြင်းများအကြောင်းကို ရဟန်းမင်းနှင့်တကွ ၎င်း၏ဂိုဏ်းချုပ်များအား သူတင်ပြခဲ့ပါသည်။

ဘာသာတရား၌ခိုင်မြဲမှုအတွက် သူ့အသက်ကိုအဖိုးအခအဖြစ်ပေးရမည်ဟု ဝစ်ကလစ်တထစ်ချမျှော်လင့်ထားပါသည်။ ရှင်ဘုရင် ရဟန်းမင်းနှင့် ဂိုဏ်းချုပ်များသည် သူ့အားသုတ်သင်ရန် ပူးပေါင်းလုပ်ဆောင်နေကြသည်ဖြစ်ရာ လအနည်းငယ်အတွင်း မီးရှို့တိုင်၌ အတင်ခံရပုံပေါ်နေပါသည်။ သို့စေကာမူ သူ၏ရဲစိတ်များသည် လျော့ပါးသွားခြင်းမရှိခဲ့ချေ။

အသက်တာတစ်လျှောက်လုံး သမ္မာတရားကိုရဲဝံ့စွာကာကွယ်စောင့်ရှောက်သူဝစ်ကလစ်သည် ရန်သူများ၏အမုန်းတရားအောက်တွင် သားကောင်တစ်ကောင်တော့မဖြစ်ခဲ့ပါချေ။

ဘုရားသခင်သည် သူတို့၏သားကောင်ဖြစ်ပြီဟု သေချာပေါက်တွက်ထားသောအချိန်တွင် ဘုရားသခင်သည် ၎င်းတို့လက်လှမ်းမမီသည့်နေရာသို့ သူ့အားရွှေ့ထားတော်မူခဲ့သည်။ လပ်တာဝတ်အသင်းတော်တွင် ပွဲတော်မင်္ဂလာ ပေးခါနီးဆဲဆဲ ကလေးမှာ သူသည် လေငန်းဖြတ်သွားကာ အချိန်အနည်းငယ်အတွင်းမှာပင် ခရစ်တော်၌အိပ်ပျော်သွားခဲ့ပါသည်။

## ခေတ်သစ်တစ်ခု၏ရှေ့တော်ပြေး

ဘုရားသခင်သည် သမ္မာတရားနှင့်ဆိုင်သည့် နှုတ်ကပါတ်တော်ကို ဝစ်ကလစ်နှုတ်တွင်သွင်းထည့်တော်မူ၏။ ဘာသာရေး. . .

ပြုပြင်ပြောင်းလဲရေးအတွက် အုတ်မြစ်ချထားပြီးသည့်အချိန်အထိ သူ့အသက်ကိုကာကွယ်ရန် သူ့လုပ်ငန်းများကိုအဓွန့်ရှည်စေခဲ့ပါသည်။ ဘာသာရေးပြုပြင်ပြောင်းလဲမှု၏ဖခင်သည် ဝစ်ကလစ်ပင်ဖြစ်သည်။ သူသည် ခေတ်သစ်တစ်ခု၏ရှေ့တော်ပြေးတစ်ဦးလည်းဖြစ်သည်။ သူဟောကြားခဲ့သောသမ္မာတရားတွင် စည်းလုံးမှု၊ ပြည့်စုံမှုများနှင့် ပြီးလျက်ရှိရာ နောက်ပိုင်းဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများ တွင် သူ့ထက်သာသောသူမရှိသည့်အပြင် တစ်ချို့မှာ သူ့ကိုပင်မမီကြ ချေ။ သူတည်ဆောက်ခဲ့သောအခြေခံမဏ္ဍိုင်သည် ခိုင်ခံ့၍ မှန်ကန် သည်ဖြစ်ရာ နောက်ပိုင်းလူများအနေဖြင့် ပြန်၍ပြင်ဆင်ရန်ပင်မ လိုတော့ပါချေ။

ရောမအသင်းတော်၏ ကာလကြာရှည်စွာထိန်းချုပ်ထားခြင်း မှ တိုင်းနိုင်ငံများလွတ်မြောက်ခွင့်ရရန် လုပ်ဆောင်ခဲ့သောဝစ်ကလစ်၏ မဟာလှုပ်ရှားမှုကြီး၏မူလအရင်းအမြစ်သည် သမ္မာကျမ်းစာမှ လာ ပါသည်။

၁၄ရာစုမှ ယနေ့တိုင်အောင် ခေတ်အဆက်ဆက်ခံစားရ သောကောင်းချီးမင်္ဂလာများ၏မြစ်ဖျားခံရာသည်လည်း ဤလှုပ်ရှား မှုကြီးပင်ဖြစ်ပါသည်။ ဝစ်ကလစ်သည် ရောမအသင်းတော်အား မမှား ယွင်းနိုင်သောအုပ်ချုပ်ရေးအာဏာရှိသည့်အဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ယူရန် ပညာပေးခြင်း၊ နှစ်ပေါင်းများစွာကတည်းက သွန်သင်ခဲ့ သောအရာများနှင့်ကျင့်ဆောင်ခဲ့သောဓလေ့များအပေါ် သံသယကင်း သောရိုသေကိုင်းရှိုင်းမှုဖြင့်လက်ခံခြင်းစသည်တို့မှ ဘုရားသခင်၏ နှုတ်ကပါတ်တော်ကို နားထောင်ခြင်းဘက်သို့ လူတို့အား လမ်းလွှဲပေး ခဲ့ပါသည်။ ဘုရားသခင်သည် ရဟန်းမင်းကြီးမှတ်တဆင့် အသင်း တော်အား မိန့်မြွက်နေခြင်းမဟုတ်ဘဲ နှုတ်ကပါတ်တော်မှ. . . . .

တစ်ဆင့်မိန့်မြွက်နေကြောင်း သူဖွင့်ဆိုခဲ့ပါသည်။ ကျမ်းစာ၏အနက် အဓိပ္ပါယ်ကို မစပေးသူမှာ သန့်ရှင်းသောဝိညာဉ်တော်သာဖြစ် ကြောင်းကိုလည်း သူသွန်သင်ခဲ့ပါသည်။

ဝစ်ကလစ်သည် ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားကြီး များတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ သူ့ခြေရာကိုနင်းနိုင်သူအလွန် နည်းပါးပါသည်။ အသက်တာစင်ကြယ်မှု၊ လေ့လာလုပ်ဆောင်ခြင်း များ၌ မမှိတ်မသုန်ကြိုးစားမှု၊ သမာဓိအပိုင်းတွင် ဖောက်ပြန်ခြင်းမ ရှိမှုနှင့် ခရစ်တော်ကဲ့သို့ချစ်ခင်တတ်မှုများသည် သူ၏ထူးခြားချက်များ ဖြစ်သည်။

သူ့အား ထိုကဲ့သို့သောလူတစ်ယောက်ဖြစ်စေခဲ့သောအရာမှာ သမ္မာကျမ်းစာပင်ဖြစ်သည်။ မြင့်မြတ်သောတွေးခေါ်မှု၊ ခံစားမှုနှင့် အာသီသပြင်းပြမှုစသည့်မည့်သည့်စာပေကမှ မဖြည့်စွမ်းနိုင်သော အ ရာများကို သမ္မာကျမ်းစာပေးစွမ်းနိုင်ပါသည်။ အကြံအစည်၊ ရဲရင့်ခြင်း နှင့်ဇွဲသတ္တိတို့ကို တည်ငြိမ်မှုရှိအောင်လည်း သမ္မာကျမ်းစာက တတ်နိုင် ပါသည်။ သမ္မာကျမ်းစာကို စိတ်ရောကိုယ်ပါလေ့လာခြင်း ရိုသေကိုင်း ရှိုင်းစွာလေ့လာခြင်းများအပြင် ကမ္ဘာကြီးတွင် ခိုင်မာသောဉာဏ်ပညာ များနှင့် ပြည့်စုံသူများကို ပေါ်ထွန်းစေပါသည်။ ထိုသူများသည် လူသား များ၏အတွေးအခေါ်မြော်မြင်မှုများကြောင့် ဖြစ်ပေါ်လာသောအ ကောင်းဆုံးသင်တန်းကျောင်းမှ အောင်မြင်လာသောသူများထက် အမြဲ တမ်းသာလွန်နေပါသည်။

ဝစ်ကလစ် (Wycliffites and Lollards) ဟု အမည်ရသော ဝစ်ကလစ် နောက်လိုက်များသည် တိုင်းပြည်အနှံ့သို့ရောက်ရှိသွားကြ ရာ ၎င်းတို့နှင့်အတူ ဧဝံဂေလိသတင်းစကားကို ယူဆောင်သွားခဲ့ကြပါ သည်။ ယခုတွင် ၎င်းတို့၏ ခေါင်းဆောင်ကြီးမရှိတော့ပြီဖြစ်သဖြင့်

သူတို့သည် ယခင်ကထက်ပို၍ ကြိုးစားလုပ်ဆောင်လာကြပါသည်။ လူအများသည် သူတို့၏တရားကိုနာကြားလာကြရာ ထိုသူများထဲတွင် ဘုရင့်မိဖုရားအပါအဝင် မှူးတော်မတ်တော်များပါဝင်ကြပါသည်။ ၎င်းတို့မှ တစ်ချို့သည် ခရစ်ယာန်ဖြစ်လာကြပါသည်။ ရောမအသင်းတော်၏ရုပ်တုကိုးကွယ်ခြင်းအထိမ်းအမှတ်များကို နေရာများစွာရှိ ဘုရားကျောင်းများမှ ဖယ်ရှားပစ်ခဲ့ကြပါသည်။

သို့ရာတွင် မကြာမီတွင်ပင် သမ္မာကျမ်းစာအား မိမိတို့၏ လမ်းပြအဖြစ် လက်ခံဝံ့သူများအပေါ်သို့ အကြင်နာမဲ့နှိပ်စက်ညှဉ်းပန်းခြင်းကျရောက်လာပါတော့သည်။ အင်္ဂလန်တွင် ဧဝံဂေလိတရားဟောဆရာများအား ကပ်တိုင်တင်သတ်ရန်အမိန့်သည် သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ထွက်ပေါ်လာခဲ့ပါသည်။ ဘာသာရေးအာဇာနည်များ တစ်ယောက်ပြီးတစ်ယောက်ခရစ်တော်၌ အိပ်ပျော်ခဲ့ကြရပါသည်။ ရဟန်းမင်း၏အသင်းတော်၏ရန်သူများ၊ သစ္စာဖောက်များအဖြစ် လိုက်လံသတ်ဖြတ်နေသည့်ကြားမှပင် သမ္မာတရားပို့ဆောင်သူများသည် ဆင်းရဲသားများ၏နေအိမ်များတွင် တည်းခိုလျက်၊ မြေတွင်းများ၊ ဂူများတွင်ခိုအောင်းလျက် လျှို့ဝှက်ချိန်းဆိုထားသည့်နေရာများတွင် တရားဟောကြားခဲ့ကြပါသည်။

ဘာသာရေးယုံကြည်မှုဖောက်ပြန်ပျက်စီးခြင်းများကို ငြိမ်သက်စိတ်ရှည်စွာကန့်ကွက်မှုများသည် ရာစုနှစ်များစွာဆက်လက်ဖြစ်ပွားခဲ့ပါသည်။ ထိုရှေးဦးခေတ်ခရစ်ယာန်များသည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို နှစ်ခြိုက်စွာလေ့ကျက်ခဲ့ကြပြီး သမ္မာတရားအတွက် အနစ်နာခံခဲ့ကြပါသည်။ လူပေါင်းမြောက်မြားစွာတို့သည် ခရစ်တော်အတွက် စည်းစိမ်ဥစ္စာများကို စွန့်လွှတ်ခဲ့ကြပါသည်။ မိမိ၏နေအိမ်. . . . . . . . . . . . . . . . . . . . . . . . . . . . . .

များတွင် ဆက်လက်နေထိုင်ခွင့်ရရှိကြသူများသည်လည်း ပြည်နှင်ဒဏ် ထိသောညီအစ်ကိုများကို အတူနေထိုင်ခွင့်ပေးကြကာ သူတို့ကိုယ်တိုင် အနှင်ထုတ်ခံကြရသောအခါတွင်လည်း အနှင်ခံဘဝကို ကျေနပ်စွာ လက်ခံခဲ့ကြပါသည်။ ကိုယ်တော်၏ဒုက္ခဝေဒနာများကို မျှဝေခံစား သူများဟုအခေါ်ခံရသည်ကို ဝမ်းမြောက်ဝမ်းသာစွာဖြင့်လက်ခံလျက် သမ္မာတရားကို ရဲရင့်စွာသက်သေခံခဲ့ခြင်းကြောင့် အချုပ်အနှောင်ခံရ သူများ၊ အညှဉ်းဆဲခံရသူများ၊ မီးလောင်တိုက်အသွင်းခံရသူများ မနည်းလှချေ။

ဝစ်ကလစ်၏အလောင်းကို သင်္ချိုင်းထဲတွင် မြှုပ်နှံနိုင်ရုံနှင့်ရ ဟန်းမင်းအဖွဲ့သည် မကျေနပ်သေးချေ။ သူသေဆုံးသွားပြီးသည် နောက် အနှစ် (၄၀) ကျော်အချိန်တွင် သူ၏အရိုးများကို လူသိ ရှင်ကြားမီးရှို့ကာ ပြာများကိုချောင်းတစ်ချောင်းထဲသို့ သွန်ပစ်ခဲ့ပါ သည်။ ဤချောင်းလေးက သူ၏ပြာများကို အာဗွန်မြစ်သို့လည်း ကောင်း၊ ထိုမှတစ်ဆင့် သမုဒ္ဒရာထဲသို့သယ်ဆောင်သွားကြ၏။ ဤနည်းအားဖြင့် ဝစ်ကလစ်၏ပြာများနှင့်တူသော သူ၏ယုံကြည်ချက် များသည် ယခုတွင် ကမ္ဘာအနှံ့သို့ပျံ့နှံ့သွားခဲ့သည်”ဟု ရှေးစာပေဆ ရာကြီးတစ်ဦးက ရေးသားခဲ့ဖူးသည်။

ဘူဟေးမီးယားမှ ဂျွန်ဟပ်စ်သည် ဝစ်ကလစ်၏စာများဖတ် ကာ ရောမအသင်းတော်၏မှားယွင်းမှုများကို စတင်ဆန့်ကျင်လာပါ သည်။ ဘူဟီးမီးယားမှတစ်ဆင့် အမှုတော်သည် အခြားတိုင်းပြည်များ သို့ပျံ့နှံ့သွားပါသည်။ ဘုရားသခင်၏လက်တော်သည် မဟာဘာသာ ရေးပြုပြင်ပြောင်းလဲမှုကြီးအတွက် လမ်းများကို ပြင်ဆင်တော်မူလျက် ရှိပါသည်။

-----ooo-----

## အခန်း (၆)
## သေမင်းနှင့်ရင်ဆိုင်ခဲ့ရသောသူရဲကောင်းနှစ်ဦး

ဘူဟေးမီးယားရှိ ယုံကြည်သူများသည် ဥရောပအစောပိုင်းမှာပင် တိုင်းရင်းသားဘာသာစကားဖြင့် လူထုဝတ်ပြုကိုးကွယ်ပွဲများကိုကျင်းပနေပေပြီ။ သို့ရာတွင် သတ္တမမြောက်ဂရီဂိုရီသည် ၎င်းတို့အားသိမ်းပိုက်ကျွန်ပြုရည်ရွယ်လျက် ဘူဟီးမီးယားတွင် လူထုဝတ်ပြုကိုးကွယ်ပွဲများကျင်းပခြင်းကို တားမြစ်သည့် အမိန့်တစ်ခုကိုထုတ်ပြန်လိုက်သည်။

"နားမလည်နိုင်သည့်ဘာသာစကားကိုအသုံးပြုကာ ဝတ်ပြုကိုးကွယ်ခြင်းဖြင့် ဘုရားသခင်ကျေနပ်အောင် ၎င်းတို့ လုပ်ဆောင်နေကြခြင်းဖြစ်သည်"ဟု ရဟန်းမင်းက ကြေညာခဲ့သည်။ သို့သော် ဘုရားသခင်သည် အသင်းတော်၏အခွန့်ရှည်မှုအတွက် ပြင်ဆင်ပေးတော်မူခဲ့သည်။ နှိပ်စက်ညှဉ်းပန်းမှုများကြောင့် ထွက်ပြေးလာကြသည့် ဝေါလ်ဒင်းဆီးများနှင့် အာဘီဂျီဆီးများသည် ဘူဟီးမီးယားသို့ရောက်လာကြ၍ လျှို့ဝှက်စွာကြိုးကြိုးစားစားအမှုတော်ဆောင်ခဲ့ကြသည်။ ဤနည်းအားဖြင့် စစ်မှန်သောယုံကြည်ခြင်းကို ဆက်လက်ထိန်းသိမ်းခဲ့ပါသည်။

ဂျွန်ဟပ်စ်ခေတ်မတိုင်မီကပင် ဘူဟီးမီးယားရှိလူတို့သည် ထိုအသင်းတော်၏ဖောက်ပြန်မှုများကို ရှုတ်ချခဲ့ကြပါသည်။ ထိုအသင်းတော်အာဏာပိုင်များသည် စိုးရိမ်မှုပေါ်ပေါက်လာကာ ဧဝံဂေလိတရားတော်ကို ဆန့်ကျင်ရန် နှိပ်စက်ညှဉ်းပန်းခြင်းကို အစပျိုးခဲ့ပါသည်။ ရောမအသင်းတော်၏ဝတ်ပြုကိုးကွယ်ခြင်းများမှ ခွဲထွက်သွားသူများကို

မီးရှို့သတ်သင့်သည်ဟူသောအမိန့်များသည် နောက်ပိုင်းတွင်ထွက်ပေါ်လာပါသည်။ သို့သော် အမှုတော်အောင်မြင်ရေးကိုသာ ခရစ်ယာန်များမျှော်လင့်ခဲ့ကြရာ "တန်ခိုးအာဏာမရှိသောပုဂ္ဂိုလ်တစ်ဦးသည် သာမန်လူတန်းစားမှထွက်ပေါ်လာလိမ့်မည်။ သူ့ကိုရောမအသင်းတော်ကမဟန့်တားနိုင်ရာ"ဟု သေခါနီးဆဲဆဲခရစ်ယာန်တစ်ဦးက ကြွေးကြော်ခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်သည်ပေါ်ထွက်ခဲ့ချေပြီ။ ရောမအသင်းတော်နှင့်ဆန့်ကျင်သည့်သူ၏သက်သေခံမှုများသည် တိုင်းနိုင်ငံများကိုလှုပ်ရှားစေခဲ့ပါသည်။

ဂျွန်ဟပ်စ်သည် သာမန်မိသားစုထဲမှပေါက်ဖွားလာပြီး ဖခင်သေဆုံးသွားပြီးနောက်ပိုင်းတွင် မိဘမဲ့တစ်ဦးဖြစ်ခဲ့ရပါသည်။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့်သိခြင်းပညာကို အမွန်အမြတ်ထားသောဘုရားတရားရှိသည့် မိခင်ကြီးသည် သာကလေးအား ဤအမွေ (ဘုရားသခင်ကိုချစ်တတ်သည့်သဘော)ကို ပေးထားခဲ့ပါသည်။ ဂျွန်ဟပ်စ်သည် တောကျောင်းကလေးတွင် စတင်ပညာသင်ယူခဲ့ပြီး နောက်ပိုင်းတွင် ပရပ်က်တက္ကသိုလ်သို့ရောက်သွားကာ အထောက်အပံ့ခံကျောင်းသားတစ်ဦးအနေဖြင့် ကျောင်းနေခဲ့ရပါသည်။

ဟပ်စ်သည် ၎င်း၏မြန်ဆန်သောတိုးတက်မှုကြောင့် မကြာမီမှာပင် တက္ကသိုလ်တွင်ထင်ရှားလာပါသည်။ နူးညံ့၍နှစ်လိုဖွယ်ကောင်းသောသူ့ဟန်ပန်များကြောင့် လူချစ်လူခင်ပေါများခဲ့ပါသည်။

သူသည် ရောမအသင်းတော်အပေါ်စွဲလမ်းချစ်ခင်သူတစ်ဦးဖြစ်ပြီး အသင်းတော်ကပေးရန် ဝန်ခံကတိရှိသောကောင်းချီးများကို ရယူရန် ကြိုးစားနေသူတစ်ဦးလည်းဖြစ်သည်။ ကောလိပ်အောင်ပြီးသောအခါ ရဟန်းပျိုအဖွဲ့ထဲသို့ သူဝင်ခဲ့ပါသည်။ သူသည် လျှင်မြန်စွာထင်ရှား . . . . . . . . . . . . . . . . . . . . . . . . . . . .

လာကာ ဘုရင့်နန်းတော်နှင့်ရင်းနှီးလာခဲ့ပါသည်။ မကြာမီမှာပင် ပါမောက္ခအဖြစ်ခန့်အပ်ခြင်းခံရကာ နောက်ပိုင်းတွင် ပါမောက္ခချုပ်ဖြစ်လာခဲ့ပါသည်။ အထောက်အပံ့ခံသာမန်ဆင်းရဲသားကျောင်းသားကလေးဘဝမှ တိုင်းပြည်အတွက် ဂုဏ်ယူစရာပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့ပါသည်။ အကြောင်းမှာ သူ့နာမည်သည် ဥရောပတစ်တိုက်လုံးတွင်ကျော်စောထင်ရှားနေချေပြီ။

နောက်ပိုင်းတွင် သူနှင့်အတူအမှုတော်ဆောင်ခဲ့သော ဂျရုမ်းသည် အင်္ဂလန်မှဝစ်ကလစ်၏စာပေများကိုယူ ဆောင်လာပါသည်။ ဝစ်ကလစ်၏စာပေများကြောင့် ပြောင်းလဲလာသူအင်္ဂလန်ဘုရင်မကြီးသည် ဘုဟီးမီးယားမှမင်းသမီးတစ်ပါးဖြစ်နေပါသည်။ သူမအရှိန်ဖြင့် ဝစ်ကလစ်၏စာပေများကို ဘုဟီးမီးယားတွင် ကျယ်ကျယ်ပြန့်ပြန့် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ ဟပ်စ်သည် ဘာသာရေးပြုပြင်ပြောင်းလဲရေးများအပေါ် စိတ်လည်နေပေပြီ။ သူကိုယ်တိုင်က မသိခဲ့သော်လည်း ရောမအသင်းတော်နှင့်အလှမ်းကွာဝေးနေပြီဖြစ်သောလမ်းတစ်ခုကို သူလျှောက်လှမ်းနေလေပြီ။

## ဟပ်စ်ကို စိတ်စွဲလမ်းသွားစေသည့်ဓါတ်ပုံနှစ်ပုံ

အင်္ဂလိန်မှပညာတတ်ဧည့်သည် (၂)ဦးသည် ပရပ်ဂ်တွင် ဖြန့်ဝေရန် အလင်းတရားများကို ထိုအချိန်လောက်တွင်ရယူသယ်ဆောင်လာပါသည်။

မကြာမီမှာပင် ထိုသူနှစ်ယောက်အားဟောကြားခွင့်မပေးတော့သော်လည်း ရည်မှန်းချက်ကိုအဆုံးမသတ်လိုသဖြင့် အခြားနည်းများဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ တရား . . . . . . . . . .

ဟောဆရာလည်းဟုတ်၊ ပန်းချီဆရာလည်းဟုတ်သောထိုသူများသည် ရုပ်ပုံနှစ်ခုကိုဆွဲ၍ လူထုရှေ့တွင်ပြခဲ့ကြပါသည်။

တစ်ပုံမှာ "မြည်း ပေါ်တွင်ထိုင်ကာ ယေရုရှလင်မြို့ထဲသို့ ဝင်လာသော နူးညံ့သိမ်မွေ့သည့် ခရစ်တော်၏ပုံဖြစ်ပါသည်။ ထိုပုံတွင် စုတ်ပြဲနေသောဝတ်ရုံများကို ဝတ်လျက် ဖိနပ်မပါဘဲ ထိုမြည်းနောက်မှ လိုက်လာသည့်တမန်တော်များ၏ပုံလည်းပါဝင်ပါသည်။ နောက်တစ်ပုံမှာ အဖိုးတန်သောဝတ်ရုံကို ဝတ်လျက် ဘုံသုံးဆင့်ပါသည့်ဦးရစ်သရဖူကိုဆောင်းလျက် တံပိုးခရာမှုတ်သူများ၊ လှပဆန်းကြယ်သောဝတ်ရုံများကို ဝတ်ထားသည့်ဘာသာ ရေးခေါင်းဆောင်များခြံရံလျက် လှပစွာ တန်ဆာဆင်ထားသော မြင်းကြီးကိုစီးလာသည့် ရဟန်းမင်းကြီး၏ ပုံဖြစ်ပါသည်။

လူထုကြီးသည် ထိုပုံများကိုလာရောက်ကြည့်ရှုကြပါသည်။ ပုံတွင်ဖော်ပြလိုသည့်သင်ခန်းစာကို မရိပ်မိသူမရှိသလောက်ဖြစ်ရာ ပရပ်ကတစ်မြို့လုံးတွင် ရုတ်ရုတ်သဲသဲဖြစ်သွားပါသည်။ ထိုကြောင့် ထိုဧည့်သည်နှစ်ဦးမှာ ထိုနေရာမှမဖြစ်မနေထွက်ခွါသွားခဲ့ကြသော်လည်း ၄င်းတို့ပြထားသည့်ရုပ်ပုံလွှာကြောင့် ဟပ်စ်၏စိတ်နှလုံးသည် လှုပ်ရှားထိခိုက်ခဲ့ရာ ဝစ်ကလစ်၏စာများကို အလေးထားကာသူလေ့လာခဲ့ပါသည်။

သူ့အနေဖြင့် ဝစ်ကလစ်ထောက်ခံထားသည့် ဘာသာရေး ပြုပြင်ပြောင်းလဲမှုအားလုံးကိုလက်ခံရန် အဆင်သင့်မဖြစ်သေးသော်ငြားလည်း ရဟန်းမင်းအုပ်စု၏ဇာတိရုပ်မှန်ကိုတွေ့မြင်လာကာ ၄င်းတို့၏မောက်မာမှုများ၊ ရည်မှန်းချက်ကြီးလွန်းမှုများနှင့် စာရိတ္တဖောက်ပြန်မှုများကိုမထောက်ခံခဲ့ပါချေ။

## တားမြစ်ပိတ်ပင်ခြင်းခံရသည့်ပရပ်ကမ်မြို့

သတင်းများသည် ရောမသို့ရောက်သွားသည်နှင့်တစ်ပြိုင်နက် ရဟန်းမင်းရှေ့တွင် လာရောက်ဖြေရှင်းရန် ဟပ်စ်အားဆင့်ခေါ်ခဲ့သည်။ ထိုဆင့်ခေါ်မှုကိုနာခံခဲ့လျှင် သေပွဲဝင်ရပေတော့မည်။ ဟပ်စ်အားပရပ်ကမ်တွင်နေခွင့်ပြုကာ ကိုယ်စားလှယ်ဖြင့်ဖြေရှင်းခွင့်ပြုရန် ဘူဟီးမီးယားဘုရင်နှင့်မိဖုရားအပါအဝင် တက္ကသိုလ်မှပုဂ္ဂိုလ်များ၊ ဂုဏ်အသရေရှိပုဂ္ဂိုလ်များနှင့် အစိုးရအရာရှိကြီးများက ရဟန်းမင်းကိုတောင်းပန်ခဲ့ကြပါသည်။ တောင်းပန်မှုကိုလိုက်လျောဖို့နေနေသာသာ ရဟန်းမင်းသည် ဟပ်စ်အား စစ်ဆေးအရေးယူရန် ဆက်လက်ဆောင်ရွက်ကာ ပရပ်ကမ်မြို့ကိုလည်း ကြဉ်သည့်စာရင်းတွင်ထည့်လိုက်ကြောင်းကြေညာခဲ့ပါသည်။

ထိုခေတ်ထိုအခါက ထိုပြစ်ဒဏ်စီရင်မှုသည် တုန်လှုပ်စရာဖြစ်ပါသည်။ ရဟန်းမင်းအား ကောင်းကင်နှင့်ငရဲပြည်ကိုပို့ဆောင်နိုင်သည့်သော့ကိုကိုင်ဆောင်ထားသူ၊ တရားစီရင်ခြင်းတန်ခိုးအာဏာရှိသူ ခရစ်တော်၏ ကိုယ်စားလှယ်အဖြစ်လက်ခံထားကြရာ ရဟန်းမင်းက ထိုအမိန့်ကိုပြန်လည်ရုပ်သိမ်းမှုမပြုမခြင်း သေသောသူများသည် ကောင်းကင်သို့ဝင်ခွင့်ရတော့မည်မဟုတ်ဟု ရှုမြင်ခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်မှုအခမ်းအနားများကိုရင်ဆိုင်ခဲ့ကြရသည်။ ဘုရားကျောင်းတွေကိုပိတ်ထားလိုက်ကြရသည်။ အသင်းတော်ခြံဝင်းများထဲမှာသာ လက်ထပ်ပွဲများကိုကျင်းပခွင့်ရှိတော့သည်။ သေဆုံးသွားသူများကို ဝတ်ပြုပွဲများမပါဘဲ သင်္ဂြိုလ်ခဲ့ကြရသည်။

ပရပ်ကမ်မြို့တွင် အုတ်အုတ်ကျက်ကျက်ဖြစ်လာသည်။ လူအများစုက ဟပ်စ်တို့ကို လက်မခံကြတော့ဘဲ ၄င်းအား ရောမ. . .

အသင်းတော်သို့အပ်နှံပေးလိုက်ရန် တောင်းဆိုလာပါသည်။

ဟပ်စ်သည် အခြေအနေလေးတည်ငြိမ်သွားစေရန် မွေးရပ်မြေသို့ခေတ္တပြန် လည်နေထိုင်ခဲ့ပါသည်။ လုပ်ဆောင်ဆဲလုပ်ငန်းများ ရပ်စဲပစ်လိုက်ခြင်းမရှိဘဲ နိုင်ငံအနှံ့သွားရောက်ကာ စိတ်အားထက်ကြွနေသော ပရိသတ်ကြီးများကို တရားဟောကြားခဲ့ပါသည်။ ပရပ်က်တွင် တည်ငြိမ်လာသောအခါ ဟပ်စ်သည်ပြန်လာပြီး နှုတ်ကပါတ်တော်ကို ဖွင့်ဆို ဟောကြားခဲ့ပါသည်။

ရန်သူအနေအထားမှာ မပေါ့တန်သော်လည်း ဘုရင်မကြီးနှင့်တကွ မှူးမတ်များသည် သူ၏မိတ်ဆွေများဖြစ်ကြရာ လူများစွာတို့သည် သူ့ဘက်သို့ယိမ်းလာခဲ့ပါသည်။

ဟပ်စ်တစ်ဦးသည် ယခင်ကအမှုတော်ဆောင်ခဲ့ဖြူးသော်လည်း ယခုတွင်မူ ဂျရုမ်းသည် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် သူနှင့်အတူပူးပေါင်းလာခဲ့ပါသည်။

ထိုနှစ်ဦးသည် ထိုအချိန်မှစ၍ သေအတူရှင်မခွဲခွါဘဲ အမှုတော်ကိုအတူဆောင်ရွက်ခဲ့ကြပါသည်။ အကျင့်ပိုင်းဆိုင်ရာ အစစ်အမှန်ခွန်အားများကိုဖြစ်စေသည့် အရည်အချင်းကိုမြင်ကာ ဟပ်စ်၏ အကြံပေးချက်များကို လက်ခံလုပ်ဆောင်ခဲ့ရာ အမှုတော်ကြီးသည် သိသိသာသာတိုးတက် ကြီးပွါးခဲ့ပါသည်။

ဘုရားသခင်သည် ဤပုဂ္ဂိုလ် (၂)ဦးအား ရောမအသင်းတော်၏မှားယွင်းသောလုပ်ရပ်များကိုဖော်ပြလျက် ကြီးမားသောအလင်းတရားများကို ပေးတော်မူခဲ့သော်လည်း ထိုသူနှစ်ယောက်သည် ကမ္ဘာကြီးအား ဘုရားသခင်ပေးတော်မူမည့် အလင်းတရားအားလုံးကိုတော့ ရရှိခဲ့သည်မဟုတ်ပါ။ ဘုရားသခင်သည်လူသားများခံနိုင်ရည်ရှိသလောက်

ဖြည်းဖြည်းချင်းအလင်းများကိုပြကာ ရောမအမှောင်ထုထဲမှဖော်ထုတ်လျက်ရှိပါသည်။ သို့မဟုတ်ပါလျှင် အမှောင်ထုထဲတွင် ကြာရှည်စွာနေခဲ့သူများသည် မွန်းတည့်နေအလင်းရောင်ကဲ့သို့ အလွန်ထွန်းလင်းသောအရောင်ကိုတွေ့ကာ ကျောပေးသွားမည်ကို စိုးရိမ်ရပါသည်။ ထိုကြောင့် ၄င်းတို့လက်ခံနိုင်သလောက်သောအလင်းတရားများကို ဘုရားသခင်သည် နည်းနည်းချင်းပေးသနားတော်မူခဲ့ပါသည်။

ဂိုဏ်းဂဏကွဲပြားခြင်းများသည် အသင်းတော်ထဲတွင် ဆက်လက်တည်တည်ရှိနေဆဲပင်ဖြစ်သည်။ ရဟန်းမင်း(၃)ပါးသည် ယခုတွင် အာဏာလုနေကြပါသည်။

ထိုကြောင့်ခရစ်ယာန်လောက တွင် ရှုတ်ရှုတ်သဲသဲဖြစ်နေပါသည်။ တစ်ဦးအပေါ်စကားစစ်ထိုးခြင်း နှင့်မကျေနပ်ဘဲ ရဟန်းမင်းတိုင်းက လက်နက်ဝယ်ခြင်း၊ စစ်သားစုဆောင်းခြင်းအမှုကို ဆောင်ရွက်နေကြပါသည်။ လိုအပ်သည့်ငွေကြေးများကိုရရှိရန် ၄င်းတို့ရရှိထားသောလက်ဆောင်များ၊ ရုံးအဆောက်အအုံများ၊ အသင်းတော်ကောင်းချီးများကို ရောင်းချခဲ့ကြပါသည်။

ဟပ်စ်သည် ဘာသာရေးအရေးခြုံကာ လုပ်ဆောင်နေသည့်ထိုရွံ့ရှာဖွယ်ကိစ္စများကို ရဲရဲတင်းတင်းဆန့်ကျင်ခဲ့ပါသည်။ ခရစ်ယာန်လောကအပေါ်ကျရောက်နေသော မကောင်းမှုတို့၏အကြောင်းအရင်းအဖြစ် ရောမအသင်းတော်ကို လူအများက အတိအလင်းစွပ်စွဲခဲ့ကြပါသည်။

ယခုတွင် တစ်ဖန်ပရပ်ဂ်မြို့တွင် သွေးချောင်းစီးမည့်တိုက်ပွဲတစ်ခုဖြစ်တော့မယောင်ဖြစ်နေပါသည်။ ရှေးခေတ်အချိန်များကကဲ့သို့ပင် ဘုရားသခင်၏ကျွန်ဖြစ်သောဂျွန်ဟပ်စ်သည် ပြဿနာကောင် အဖြစ် အစွပ်စွဲခံရပြန်ပါသည်။ (၃ရာ ၊ ၁၈း၁၇)။ ထိုမြို့သည်

တစ်ဖန်ကြဉ်ထားခြင်းခံရပြန်သဖြင့် ဟပ်စ်သည်လည်း မွေးရပ်မြေသို့ပြန်ခဲ့ပါသည်။ ဇီဝိန်မချုပ်မီ သမ္မာတရား၏သက်သေခံတစ်ဦးအဖြစ် ခရစ်ယာန်လောကကြီးတစ်ခုလုံးသို့ ကျယ်ကျယ်ပြန့်ပြန့်တရားဟောကြားရန် သူဆန္ဒရှိနေဆဲဖြစ်သည်။

ဧကရာဇ်ဘုရင်ဆီဂဲန်စမန်၏ဆန္ဒအရာ ပြိုင်ဘက်ရဟန်းမင်း (၃) ပါးမှတစ်ပါးဖြစ်သော ဂျွန် (၁၃)က ဂျာမနီပြည်အနောက်တောင်ပိုင်းရှိ ကွန်စတိန်းမြို့တွင် အထွေထွေညီလာခံကျင်းပရန် အစည်းအဝေးခေါ်ယူခဲ့ပါသည်။ ထိုရဟန်းမင်းကျွန်သည် အကျင့်ပိုင်းနှင့်ဝါဒရေးရာပိုင်းတွင် အားနည်းသည်ဖြစ်ရာ ထိုဧကရာဇ်၏အလိုကို မဆန့်ကျင်ရဲပါချေ။ ထိုညီလာခံ၏အဓိကရည်ရွယ်ချက်မှာ အသင်းတော်တွင် ဂိုဏ်းဂဏကွဲပြားမှုများကို ရင်ကြားစေ့ပေးရန်နှင့် "ဘာသာရေးဖောက်ပြန်မှု"ကို အမြစ်လှန်သုတ်သင်ပစ်ရန်ဖြစ်သည်။ ဂျွန်ဟပ်စ်နှင့်တကွ အခြားပြိုင်ဘက်ရဟန်းမင်း(၂)ပါးကိုလည်း ညီလာခံတက်ရန်ဆင့်ခေါ်ခဲ့သည်။ ထိုပြိုင်ဘက်ရဟန်းမင်း (၂)ပါးသည် ကိုယ်စားလှယ်များကိုသာစေလွှတ်ခဲ့သော်လည်း ရဟန်းမင်းဂျွန်မှာမူ မိမိကျူးလွန်ခဲ့သောဒုစရိုက်များကိုပေါ်မှာစိုးသောစိတ်ဖြင့် ဧကရာဇ်ဘုရင်ရှေ့မှောက်သို့ရောက်ရှိလာခဲ့ပါသည်။ သို့စေကာမူ သူသည် ဘာသာရေးခေါင်းဆောင်များ၊ နယ်အရာရှိကြီးများခြံရံလျက် ဟန်ပန်အပြည့်ဖြင့် ကွန်စတိန်းမြို့ထဲသို့ဝင်လာခဲ့ပါသည်။ သူ့ဦးခေါင်းပေါ်တွင် ရွှေသားဖြင့်ပြုလုပ်ထားသောဦးရစ်ကို ဆောင်းထားပါသည်။ ထိုဦးရစ်ကို တရားရေးအရာရှိချုပ်လေးဦးက ထိန်းကိုင်ထားပါသည်။ အိမ်ရှင်ဖြစ်သောဧကရာဇ်မင်းကို ထိုရဟန်းမင်းရှေ့သို့ ခေါ်ဆောင်လာခဲ့ပါသည်။ သာသနာခေါင်းဆောင်များ၏ လှပထည်ဝါသောဝတ်ရုံများသည် ခမ်းနားကြီးကျယ်လှပါသည်။

တစ်ချိန်တည်းမှာပင် အခြားခရီးသည်တစ်ဦးသည် ကွန်စတိန်းမြို့သို့လာနေပါသည်။ သူသည် မိတ်ဆွေများနှင့် နောက်တစ်ခေါက်ပြန်လည်တွေ့ဆုံရတော့မည်မဟုတ်။ ဤခရီးစဉ်သည် မိမိအားကပ်တိုင်သို့ပို့ဆောင်တော့မည့် ခရီးစဉ်ဖြစ်သည်ဟုခံစားလျက် ဟပ်စ်သည် မိတ်ဆွေသင်္ဂဟများကိုခွဲခွာလာခဲ့ပါသည်။

ဘူဟီးမီးယားဘုရင်နှင့် ဧကရာဇ်မင်းဆီဂျစ်စမန်တို့ထံမှ အစောင့်တပ်များ၏အကာအကွယ်ဖြင့် သူလာနေခြင်းဖြစ်သည်။ သို့စေကာမူ အချိန်မရွေးအသေ သတ်ခံနိုင်သည့်အခြေအနေတွင် ရောက်နေမှန်းသူသိသဖြင့် ပြင်ဆင်မှုအားလုံးကို သူလုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။

## ဧကရာဇ်မင်း၏စောင့်ရှောက်ခေါ်ယူခြင်း

"ညီအစ်ကိုတို့၊ များပြား၍အန္တရာယ်ရှိသောရန်သူများနှင့်တွေ့ဆုံရန် ဘုရင့်အစောင့်တပ်များနှင့်အတူ ကျွန်ုပ်ထွက်ခွါနေပါသည်။ ယေရှုခရစ်သည် ချစ်သောသားသမီးများအတွက် ဒုက္ခဝေဒနာကိုခံစားတော်မူခဲ့ပါသည်။

ကိုယ်တော်ထားခဲ့ သည့်နမူနာပုံသက်သေအတွက် ကျွန်ုပ်တို့အံ့သြနေသင့်ပါသလား။ ထိုကြောင့် ချစ်သူတို့ ကျွန်ုပ်အသေခံခြင်းကြောင့် ဘုန်းတော်ထင်ရှားလာမည်လာမည်ဆိုလျှင် ကျွန်ုပ်မြန်မြန်သေရန်အတွက်သော်၄င်း ဆုတောင်းပေးကြပါ။ လိုက်လျှောက်ရန်အကောင်းဆုံးပုံသက်သေများကို ကျွန်ုပ်၏ညီအစ်ကိုများအတွက်ချန်ထားနိုင်ရန်အလို့ငှါ ဧဝံဂေလိတရားတော်မှ မည်သည့်အမှန်တရား

တစ်ခုကိုမျှ မခွင်းချန်မိစေဖို့ ဘုရားသခင်ထံ၌ ဆုတောင်းကြပါစို့”ဟူ၍ မိတ်ဆွေများထံ ဟပ်စ်စာရေးခဲ့ပါသည်။

ထို့နောက် “ဝတ်ကောင်းစားလှများဝတ်လျက် သာယာမှုကို ခံစားခဲ့ခြင်း၊ အကျိုးမရှိသောအလုပ်များအတွက် အချိန်ဖြုန်းမိခဲ့ခြင်းများအတွက်” သူကိုယ်သူနှိမ့်ချပြစ်တင်သည့်စာတစ်စောင်ကိုလည်းရေးသားပေးပို့ခဲ့သည်။ ထိုစာတွင် “သင်တို့၏စိတ်တွင် ဥစ္စာလယ်ယာများကိုပိုင်ဆိုင်ဖို့လောက်သာ စိတ်ကူးမနေဘဲအသက်ဝိညာဉ်များကိုကယ်တင်ရန် အမြဲတမ်းစိတ်စောနေဖို့ ဘုရားသခင်၏ဘုန်းတော်ထင်ရှားပါစေ။ သင်၏အသက်ဝိညာဉ်အတွက်ပြင်ဆင်ရန်သတိပြုပါ။ ဝိညာဉ်ရေးတည်ဆောက်မှုကို အထူးဂရုပြုပါ။ ဆင်းရဲသားများနှင့်ဆက်ဆံရာတွင် နှိမ့်ချပါ။ ဘုရားတရားရှိပါ။ အပျော်အပါးအတွက် သင့်ဥစ္စာကိုမဖြုန်းပါနှင့်”ဟူ၍ ထပ်လောင်းဖော်ပြထားပါသည်။

ကွန်စတိန်းမြို့တွင် ဟပ်စ်သည် လွတ်လွတ်လပ်လပ်နေထိုင်ခွင့်ရခဲ့သည်။ ဘုရင့်လုံခြုံရေးတပ်အပြင် ရဟန်းမင်း၏ပုဂ္ဂိုလ်ရေးလုံခြုံမှုအာမခံချက်ကိုလည်း ရရှိထားပါသည်။

သို့ရာတွင် ထပ်တလဲလဲ အာမခံချက်များကိုချိုးဖောက်ကာ ရဟန်းမင်းနှင့်ဂိုဏ်းချုပ်များအမိန့်ဖြင့် ဟပ်စ်ကိုဖမ်းကာ ရွံစရာကောင်းသည့်အချုပ်ခန်းထဲတွင်လှောင် ထားပါသည်။ နောက်ပိုင်းတွင် ရိုင်းမြစ်တစ်ဖက်ကမ်းရှိ လုံခြုံသော ရဲတိုက်တစ်ခုတွင် အကျဉ်းသားတစ်ဦးအဖြစ်ချုပ်နှောင်ထားသည်။ မကြာမီတွင် ထိုရဟန်းမင်းဂွါန်သည်လည်း လူသတ်မှု၊ အသင်းတော်ငွေကိုအလွဲသုံးစားလုပ်မှု၊ သူများမယားနှင့်ဖောက်ပြန်သည့်အမှုစသည်ဖြင့် အခြားဖော်ပြဖို့ပင် မသင့်လျော်သည့်ပြစ်မှုများကို . . . . . . . . . . . . . . . . . . . . . . . . . . . . .

ကျူးလွန်သောကြောင့် ထိုရဲတိုက်၌ပင် အချုပ်ခံခဲ့ရပါသည်။ သူနှင့်တကွအခြားပြိုင်ဘက်ရဟန်းမင်းနှစ်ပါးစလုံးကို ရာထူးမှချကာ ရဟန်းမင်းအသစ်တစ်ပါးကိုရွေးချယ်ပေးခဲ့ပါသည်။

ရဟန်းမင်းအဖွဲ့အပေါ် ဟပ်စ်စွဲဆိုထားသည့်ပြစ်မှုများထက်ဆိုးရွားသောပြစ်မှုများကို ထိုရဟန်းမင်းဂျွန်ကိုယ်တိုင်ကျူးလွန်ခြားသော်လည်း ရဟန်းမင်းများကို ရာထူးမှချခဲ့သည့် ထိုကောင်းစီသည် ဟပ်စ်အား ဆက်လက်၍ဒုက္ခပေးနေပါသေးသည်။

ဟပ်စ်အား ဖမ်းဆီးချုပ်နှောင်မှုကြောင့် ဘူဟီးမီးယား၌ ရုတ်ရုတ်သဲသဲဖြစ်သွားပါသည်။ လုံခြုံရေးတပ်အပေါ် အကြမ်းပတမ်းပြုခြင်းကို စက်ဆုပ်သောဧကရာဇ်ဘုရင်က ဟပ်စ်အပေါ် လုပ်ဆောင်သည့်နည်းလမ်းများကို ကန့်ကွက်ကာ ဧကရာဇ်ဘုရင်များ၏လုံခြုံရေးတပ်များဖြင့် နေရာချထားခဲ့သော်လည်း ဟပ်စ်၏ရန်သူများက ဘာသာရေးဖောက်ပြန်သူများ (သို့) ဖောက်ပြန်သည်ဟုသံသယရှိသူများအား ယုံကြည်စိတ်ချရန် မသင့်လျော်ဟုဆိုကာ ၄င်းအားဆက်လက်အရေးယူဆောင်ရွက်နေပါသည်။

ဖျားနာမှုကြောင့် အားနည်းနေစဉ်တွင် စိုထိုင်းသောအချုပ်ခန်းကြောင့် သေလုမတတ်အဖျားတက်နေသောဟပ်စ်ကို နောက်ဆုံးတွင် ကောင်စီရှေ့သို့ခေါ်ထုတ်လာပါသည်။ မိမိအား အကာအကွယ်ပေးမည်ဟု ယုံကြည်ခဲ့ရသောဧကရာဇ်ဘုရင်၏ရှေ့မှောက်တွင် သံကြိုးအချည်အနှောင်ဖြင့် ဟပ်စ်ရပ်နေပါသည်။

သူသည် သမ္မာတရားဘက်တွင်ဆက်လက်ရပ်တည်ကာ ရဟန်းမင်းအဖွဲ့၏ ဖောက်ပြန်မှုများကို အကြီးအကျယ်ကန့်ကွက်ခဲ့ပါသည်။ မိမိ၏ယုံကြည်ချက်များ ကိုစွန့်ပယ်မည်လား(သို့မဟုတ်) အသေခံမည်လားဆိုသည့်.......................

အချက်ကိုရွေးချယ်ခိုင်းရာ သမ္မာတရားအတွက်အသေခံရန် သူဆုံးဖြတ်ခဲ့ပါသည်။

ဘုရားသခင်၏ကျေးဇူးတော်သည် သူ့အားထောက်မခဲ့ပါသည်။ နောက်ဆုံးစီရင်ချက်မချမီ အတိဒုက္ခရောက်နေစဉ်တွင် ကောင်းကင်မှငြိမ်သက်ခြင်းသည် သူတစ်ကိုယ်လုံး၌ ပျံ့နှံ့ယိုစီးခဲ့ပါသည်။

“မနက်ဖြန်မှာသေဒဏ်ပေးလိမ့်မည်ဟု အကျဉ်းထောင်ထဲမှနေပြီး ဒီစာကိုရေးလိုက်ပါတယ်။ ခရစ်တော်ရဲ့မစမှုဖြင့်တို့တတွေနောင်ဘဝမှာ ငြိမ်သက်သာယာစွာပြန်လည်တွေ့ဆုံကြတဲ့အခါမှာ ဘုရားသခင်ဟာငါ့အပေါ်မှာ ဘယ်လောက်ဂရုထားခဲ့တယ်။ ဒုက္ခပင်လယ်ဝေနေတဲ့အချိန်မှာ ငါ့ကိုဘယ်လောက်ထောက်မခဲ့တာဆိုတာတွေကို မင်းသိပါလိမ့်မယ်”ဟူ၍ မိတ်ဆွေတစ်ယောက်ထံ သူစာရေးခဲ့ပါသည်။

## ကြိုတင်မြင်တွေ့နေသည့်အောင်ပွဲ

သူသည် စစ်မှန်သောယုံကြည်ခြင်း၏အောင်ပွဲကို အချုပ်ခန်းထဲမှာပင် လှမ်း၍မြင်ခဲ့ပါသည်။ ရဟန်းမင်းနှင့် သူ၏ဂိုဏ်းချုပ်များသည် ပရပ်ဂ်မြို့ရှိဘုရားကျောင်းနံရံပေါ်တွင် ရေးဆွဲထားသောခရစ်တော်၏ရုပ်ပုံများကို ဖျက်ပစ်နေသည်ကိုလည်း သူအိပ်မက်မက်ခဲ့ပါသည်။

ထိုမြင်ကွင်းကြောင့် သူစိတ်ထိခိုက်ခဲ့ရသော်လည်း ပန်းချီဆရာများသည် နောက်တစ်နေ့တွင် ထိုနေရာသို့ရောက်လာကာ ပို၍များပြီး ပို၍ကောင်းသောခရစ်တော်ပုံများရေးဆွဲနေသည်ကို . . . . . . .

လည်းကောင်း၊ ထိုပန်းချီဆရာများကိုဝန်းရံထားသည့်လူအုပ်ကြီးက ရဟန်းမင်းတို့ ဂိုဏ်းချုပ်တို့အခုလာပါစေ။

သူတို့ဒီထက်ပိုပြီး မဖျက် နိုင်ကြတော့ပါဘူး”ဟု ဟစ်ကြွေးနေသည့်မြင်ကွင်းကိုလည်း သူတွေ့ ခဲ့ရပါသည်။ “ခရစ်တော်၏ရုပ်လုံးကို မည်သည့်အခါမှဖျက်ပစ်နိုင် လိမ့်မည်မဟုတ်ချေ။ သူတို့ဖျက်ပစ်လိုကြသော်လည်း ကျွန်ုပ်ထက်အများကြီးတော်တဲ့တရားဟော ဆရာတွေက စိတ်နှလုံးများပေါ်မှာ လတ်လတ်ဆတ်ဆတ်ရေးဆွဲထား ကြပြီ”ဟု ဟပ်စ်ကဖွင့်ဟခဲ့ပါသည်။

နောက်ဆုံးအကြိမ်အဖြစ် ဟပ်စ်အားအလွန်ကြီးကျယ်ခမ်းနားသောထူထုကြီးရှေ့မှောက်သို့ခေါ်သွင်း လာခဲ့ပါသည်။ ထိုလူအုပ်ကြီးထဲတွင် ဧကရာဇ်မှအစ မင်းညီမင်းသားများ၊ ဘုရင့်လက်ထောက်များ၊ ဂိုဏ်းချုပ်များ၊ ဂိုဏ်းအုပ်များ၊ ဗရင်ဂျီဘုန်းတော်ကြီးများနှင့် များပြားလှသောလူထုပရိသတ်များတို့ပါဝင်ပါသည်။

နောက်ဆုံးသောဆုံးဖြတ်ချက်များကိုပေးရန် တောင်းဆိုသောအခါ ဟပ်စ်သည် မိမိ၏ယုံကြည်ချက်အတိုင်း ဆက်လက်ရပ်တည်မည်ဟု ကြေညာခဲ့ပါသည်။ ရှက်စရာကောင်းလောက်အောင်ကတိပျက်ခဲ့သောဧကရာဇ်ဘုရင်ကြီး၏မျက် နှာကိုစူးစိုက်စွာကြည့်လျက် “ကျွန်ုပ်ဟာ လူထုကြီး၏ကာကွယ်မှုနှင့် ဒီမှာရောက်နေတဲ့ဧကရာဇ်ဘုရင်ကြီးကို ယုံကြည်စိတ်ဖြင့် မိမိသဘောအလျောက်ဒီကောင်စီရဲ့ရှေ့မှာ လာဖို့ဆုံးဖြတ်ခဲ့ပါတယ်”ဟု သူပြောလိုက်ပါသည်။ ထိုစဉ်တွင် လူအားလုံးက စိုက်ကြည့်နေကြသဖြင့် ဧကရာဇ်ဘုရင်ဆီဂျစ်စမန်၏မျက်နှာသည် နီရဲလာပါတော့သည်။

ပြစ်ဒဏ်စီရင်ပြီးဖြစ်သဖြင့် သိက္ခာတော်ချသည့်အခမ်းအနားကိုစတင်ခဲ့ပါသည်။ ယခုတစ်ဖန် မိမိပြောစကားများကိုပြန်လည် . . .

ရုပ်သိမ်းရန်အားပေးခဲ့သော်လည်း ဟပ်စ်သည် လူထုကြီးဘက်သို့ ကြည့်ကာ "ကောင်းကင်ကို ဘယ်မျက်နှာနဲ့ကျွန်တော်ကြည့်ရမှာလဲ။ ဧဝံဂေလိတရားစစ်ကို ကျွန်ုပ်ဟောကြားခဲ့တဲ့လူထုကြီးကို ကျွန်ုပ် ဘယ်လိုမျက်နှာထားရမလဲ။ ပြန်လည်မရုပ်သိမ်းဘူး။ သနားစရာ ကောင်းတဲ့ဒီခန္ဓာကိုယ်ထက် လူထုကြီးရဲ့ကယ်တင်ခြင်းကို ကျွန်ုပ် တန်ဖိုးထားတယ်"ဟု ဟစ်ကြွေးခဲ့ပါသည်။ ဂိုဏ်းအုပ်များသည် ဟပ်စ် ဝတ်ထားသောသာသနာ့ဝတ်ရုံများကို တစ်ခုချင်းချွတ်ချနေစဉ်မှာပင် ကျိန်ဆဲသည့်စကားများကိုရွတ်ဆိုနေကြပါသည်။ နောက်ဆုံးတွင် နတ်ဆိုးပုံပါပြီး ဘာသာရေး ဖောက်ပြန်ရေးသမားကြီး ဟု စာတန်းပါ သည့်စက္ကူဖြင့်ပြုလုပ်ထားသော ပိရမစ်ဦးရစ်သရဖူကို ဟပ်စ်အား ဆောင်းပေးလိုက်ပါသည်။ "ငါ့အတွက် ဆူးရစ်သရဖူကိုဆောင်းတော် မူခဲ့တဲ့ယေရှုအတွက် ဒီရှက်စရာသရဖူကို ဆောင်းရတာငါပျော် တယ်"ဟု ဟပ်စ်ဟစ်ကြွေးခဲ့ပါသည်။

## မီးဖောင်တိုက်အသွင်းခံရသောဟပ်စ်

ယခုတွင် သူ့အားမီးရှို့သတ်မည့်နေရာသို့သယ်ဆောင်သွား ကြရာ များပြားလှသောလူများသည် တန်းစီ၍လိုက်လာကြပါသည်။ မီးရှို့ရန်အဆင်သင့်ဖြစ်နေစဉ်မှာပင် သူ့အားမှားယွင်းသော လုပ်ရပ် များကို ပြန်လည်ရုပ်သိမ်းရန် တောင်းပန်ကြသောအခါ "ဘယ်အမှား ကိုငါကတောင်းပန်ရမှာလဲ။ ဘယ်အမှားကိုမှ ငါမကျူးလွန်ခဲ့ဘူး။ ငါးရေးခဲ့သမျှ၊ ဟောခဲ့သမျှတွေဟာ ဝိညာဉ်များကို အပြစ်နဲ့ငရဲမှ ကယ်ဖို့ဖြစ်တဲ့အကြောင်း ဘုရားသခင်ကို ငါသက်သေထားပြောချင်

တယ်။ ဒါကြောင့် ငါရေးခဲ့တာတွေနဲ့ဟောခဲ့တာတွေဟာ အမှန်တရား ဖြစ်တယ်ဆိုတာကို ငါ့အသွေးနဲ့ငါအတည်ပြုရတာကိုငါပျော်တယ်”ဟု သူတုံ့ပြန်ခဲ့သည်။

သူ့နံဘေးမှာရှိသည့်မီးတိုင်များကို ထွန်းညှိသောအချိန်တွင် “ဒါဝိတ်၏သားယေရှုသခင် ကျွန်ုပ်အားသနားပါ”ဟု အသက်မရှူနိုင်တော့သည်အချိန်ထိ သူကျူးဇခဲ့လေသည်။ တာတုရသေခြင်းဖြင့် ရင်ဆိုင်ခဲ့ရသောဟပ်စ်နှင့်ဂျရုန်းတို့အကြောင်းနဲ့ပတ်သက်ပြီး ရဟန်းမင်းအဖွဲ့မှဖွင့်ဆိုသည်မှာ “သူတို့ဟာ မီးအရှို့ခံဖို့လာတာကို မင်္ဂလာဆောင်ပွဲလာတာကျနေတာဘဲ။ တစ်ချက်မှလည်း မညည်းကြဘူး။ မီးတောက်လာတာနဲ့ ဓမ္မသီချင်းကိုဆိုတော့တာဘဲ။ သူတို့ရဲ့သီချင်းသံကို တိတ်သွားစေတဲ့မီးအရှိန်ကတော့ပြင်းတယ်”ဟူ၍ဖြစ်သည်။

ပဟ်စ်၏ခန္ဓာကိုယ်သည် မီးလောင်ကျွမ်းသွားသဖြင့် ရရှိသည့်ပြာများကိုစုသိမ်းကာ ရိုင်းမြစ်ထဲသို့ပစ်ချလိုက်ပါသည်။ ဤနည်းအားဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ပျံ့နှံ့သွား၍ မျိုးစေ့များသဖွယ် ပင်လယ်သမုဒ္ဒရာထဲသို့ရောက်ရှိသွားခဲ့ပါသည်။ အမှန်တရားကိုမသိရှိသေးသည့်နိုင်ငံများတွင် ထိုပြာများသည် သမ္မာတရားသက်သေများ၌ များစွာသောအသီးကိုသီးစေခဲ့ပါသည်။

ကွန်စတန်အစည်းအဝေးခန်း မထဲမှထွက်ပေါ်လာသည့်အသံများသည် နောင်ခေတ်အဆက်ဆက် ကြားရမည့်ပွဲ့တင်သံများကိုနှိုးထစေပါသည်။ နှိပ်စက်ခြင်းနှင့်သေခြင်းတို့ကို ခိုင်မာစွာရင်ဆိုင်ရန် သူပြခဲ့သောနမူနာပုံသက်သေက လူအများအား အားရစေခဲ့ပါသည်။ သူ့အား အဆုံးစီရင်ခြင်းကြောင့် ရောမ၏ သစ္စာမဲ့သောရက်စက်မှုကို တစ်ကမ္ဘာလုံးကမြင်တွေ့ခဲ့ရပါသည်။

သမ္မာတရား၏ထိုရန်သူများသည် ၎င်းတို့ဖျက်ဆီးပစ်လိုသော အမှုတော်ကို ပို၍ဖြစ်ထွန်းစေလျက်ရှိသည်။

အခြားသက်သေခံတစ်ဦး၏အသွေးသည်လည်း သမ္မာတရားအတွက်သက်သေခံခဲ့ပါသေးသည်။ ဒုက္ခရောက်လျှင် ကူညီမည်ဟု ဖွင့်ဆိုလျက် ဂျရုမ်းသည် ဟပ်စ်အား ရဲရင့်တည်ကြည်ဖို့ အားပေးခဲ့ပါသည်။

ဟပ်စ်ထောင်ကျနေသည်ကိုကြားသောအခါ ဤသစ္စာရှိတပည့်တော်သည် မိမိပေးသောကတိအ တိုင်းလုပ်ခဲ့ပါသည်။ အစောင့်အရှောက်မပါဘဲ ကွန်စတန်သို့ သူခရီးနှင်ခဲ့ပါသည်။ ဆိုက်ရောက်သွားသောအခါ အခြေအနေမှာ ဟပ်စ်ကိုမကူညီနိုင်တော့မည့်အပြင် မိမိကိုယ်တိုင်ပင် ဒုက္ခရောက်တော့မည်ကိုသိသဖြင့် ထွက်ပြေးခဲ့သော်လည်း အဖမ်းခံရကာ လက်ထိပ်နှင့်ခေါ် ဆောင်သွားခြင်းကိုခံခဲ့ရသည်။ ထိုကောင်စီရှေ့သို့ ပထမဦးဆုံးအကြိမ်ခေါ်ယူစစ်ဆေးခြင်းခံရသောအချိန်၌ "ဟပ်စ်နဲ့အတူ မီးသာရှို့လိုက်ပါ"ဟု အော်ဟစ်ကာသူတို့ပြန် ခဲ့၏။ သူ့ကို ပေါင်မုန့်နှင့်ရေကိုသာကျွေးပြီး အချုပ်ခန်းထဲတွင်ချုပ်ထားရာ အသက်အန္တရာယ်စိုး ရိမ်ရသည့်အခြေအနေအထိ ဖျားနာလာပါသည်။ သူ့ရန်သူများက သူလွတ်သွားမည်ကိုစိုးရိမ်သဖြင့် အချုပ်ထဲတွင် တစ်နှစ်ချုပ်ထားကာ ရက်စက်စွာပြုမူဆက်ဆံခဲ့ပါသည်။

## ကောင်စီ၌ ဂျရုမ်းအောက်ကျို့ခံခြင်း

ဟပ်စ်၏လုံခြုံရေးကို တာဝန်ယူသူများ၏ကတိဖျက်မှုကြောင့် လူထုကြီးသည် ဒေါသထွက်နေကြရာ ထိုကောင်စီသည် ဂျရုန်းအား

မီးရှို့သတ်မည့်အစား ၄င်း ပြောသည့်စကားများ ကိုပြန်လည် ရုပ်သိမ်းအောင် ဖိအားပေးခဲ့သည်။ မိမိယုံကြည်ခြင်းကို စွန့်ပယ်ခြင်းနှင့်ကပ်တိုင်တွင် အသေခံခြင်းအနက် တစ်ခုခုကို သူရွေးချယ်ရတော့မည်။ ဖျားနာမှုများ၊ အကျဉ်းထောင် ၏ကြမ်းကြုတ်ခြင်း၊ စိုးရိမ်မှုနှင့် ဝေခွဲမရအောင် ဇဝေဇဝါဖြစ် နေသည့်စိတ်ဒုက္ခ၊ ဟပ်စ်သေသွားခြင်းအတွက် ခံစားရ သည့် စိတ်ထိခိုက်မှုများကြောင့် အားနည်းနေသော ဂျရုမ်း၏ခိုင်ခံ့မာ ကျောမှုများသည် ပြိုပျက်သွားခဲ့ပါသည်။ ရောမအသင်း တော်မှသွန်သင်ခဲ့သည့် "သန့်ရှင်းသော သမ္မာတရားများ" ဟုဆိုသည့်အရာများကိုလက်ခံလျက် သူသည် ထိုအသင်း တော်၏ ယုံကြည်ချက်များကိုလိုက်လျှောက်ရန် ကတိပြုခဲ့ပါသည်။ ဝစ်ကလစ်နှင့်ဟပ်စ်တို့အား သေဒဏ်အမိန့်ပေး ခဲ့သည့် ကောင်စီ၏အရေးယူဆောင်ရွက်ချက်ကိုလည်း သဘော တူလက်ခံခဲ့ပါသည်။

သို့သော် မိမိဘာလုပ်ခဲ့သည်ကို အချုပ်ခန်းထဲတွင် တစ် ကိုယ် တည်းနေရသည့်အချိန်ကျမှ ရှင်းရှင်း လင်းလင်း သူမြင်တွေ့ခဲ့ရသည်။ ဟပ်စ်၏သတ္တိရှိခြင်းနှင့် ဘုရားတရား ရှိမှုအကြောင်းကို သူစဉ်း စားမိသကဲ့သို့ အမှန်တရားကိုငြင်းပယ်မိသည့် မိမိအဖြစ်ကိုလည်း သူအလေးအနက်သုံးသပ်မိသည်။ မိမိအတွက် ကပ်တိုင်၏ ဒဏ်ရာဒဏ်ချက်များကို ခံစားခဲ့ရသော ဘုရားသခင် အကြောင်း ကို လည်း သူစဉ်းစားမိသည်။ မိမိ၏ပြောစကားများကို ပြန်လည် မရုပ်သိမ်းမီက ဘုရားသခင်၏မစမှုကြောင့် ဒုက္ခများနှင့် ရင်ဆိုင်နေ စဉ်မှာပင် စိတ်သက်သာမှုရခဲ့သော်လည်း ယခုတွင်မူ သံဝေဂစိတ်၊ သံသယစိတ်များကြောင့်စိတ်ဒုက္ခရောက်နေပါသည်။ ရောမအသင်း တော်နှင့်အဆင်ပြေစေရန်နောက်ထပ်ရုပ်သိမ်း မှုများလုပ် ရဦးမည်ကိုလည်း

ရဦးမည်ကိုလည်း သူသိထားရာ လျှောက်လှမ်းနေသည့်ထိုလမ်းသည် လုံးလုံးဖောက်ပြန်ခြင်းနှင့် အဆုံးသတ်တော့မည်ဖြစ်၏။

ဂျရုမ်းတွေ့ရှိသည့်နောင်တစိတ်နှင့်ရဲစိတ်အသစ်

မကြာမီတွင် သူ့အားတစ်ဖန်ခေါ်ယူစစ်ဆေး မေးမြန်းပြ ပန်ပါသည်။ သူ၏ဝန်ခံမှု၊ အညှံ့ခံမှုကို တရားသူကြီးများက မကျေ နပ်ကြသေးချေ။ သမ္မာတရားကို မခြွင်းမချန်လက်လွှတ်ခြင်း အားဖြင့်သာ ဂျရုမ်းသည် ဆက်လက်အသက်ရှင်ခွင့်ကို ရရှိစေလိမ့်မည်။ သို့သော် ဂျရုမ်းသည် မိမိ၏ယုံကြည်ခြင်း ၌သာတည်ကြည်၍ မိမိညီအစ်ကိုများ၏ မီးလောင်တိုက် ခရီးစဉ်အတိုင်းလိုက်ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

သူသည် မိမိ၏ယခင်ရုပ်သိမ်းမှုများကိုငြင်းဆိုကာ မိမိကိုယ်ကို ကာကွယ်ခွင့်ပေးပါရန် ဦးတိုက်လျှောက်ထားလေသည်။ စွဲဆိုချက်များအပေါ်အတည်ပြုခြင်းနှင့်ငြင်းဆိုခြင်းအနက် တစ်ခုခုကိုသာရွေးချယ်ရန် သူ့အားကောင်စီများကတိုက်တွန်းရာ ထိုကဲ့သို့သောရက်စက်သည့်မတရားမှုများကို ဂျရုမ်းကန့်ကွက်ခဲ့သည်။ ''ခင်ဗျားတို့ဟာ ကျွန်ုပ်ကိုကြောက်လန့်စရာ ကောင်းတဲ့ အကျဉ်းထောင်ထဲမှ ရက်ပေါင်း (၃၄၀)လုံးလုံး အလုံပိတ်လှောင်ထား ခဲ့ပြီးမှ ရုံးတော်ကိုထုတ်လာတယ်။ ကျွန်ုပ်ပြောတာ ကိုတော့ နားမထောင်ဘဲ ကျွန်ုပ်ရန်သူများပြောတာကိုတော့ တစ်ဖက်သတ်ယုံတယ်။ မတရားမလုပ်မိအောင်ကြိုးစားပါ။ ကျွန်ုပ်ဘဝက ဘာမှတန်ဖိုးမရှိပါဘူး။ မတရားပြစ်ဒဏ် မစီရင်ပါနဲ့လို့တောင်းပန်နေတာ ကျွန်ုပ်အတွက်မဟုတ်ပါ။ ခင်ဗျားတို့အတွက်ဖြစ်ပါတယ်''ဟု သူဖွင့်ဟခဲ့ပါသည်။

ဂျရုမ်း၏လျှောက်ထားတောင်းဆိုချက်ကို အဆုံးတွင် သဘောတူခဲ့ပြီး သူသည် တရားသူကြီးရှေ့မှောက်တွင် ဒူးထောက်လျက် သူ၏အတွေးအခေါ်များကို ဘုရားသခင်ထိန်းချုပ်ရန် သမ္မာတရားကိုဆန့်ကျင်၍ မည်သည့်စကားကိုမျှမပြောမိရန် ဆုတောင်းခဲ့ပါသည်။ "သင်တို့ကိုအပ်နှံသောအခါ အဘယ်သို့ပြောရမည်ကို မစိုးရိမ်ကြနှင့်။ ပြောရသောစကားကို ထိုစကားခြင်းတွင် သင်တို့သည် ရကြလိမ့်မည်။ အကြောင်းမူကား၊ သင်တို့အလိုအလျောက်ပြောကြသည်မဟုတ်။ သင်တို့အဘ၏ဝိညာဉ်တော်သည် သင်တို့အားဖြင့် ပြောတော်မူ၏"ဟူသော ကတိတော်သည် သူ့အတွက်ထိုနေ့တွင် ပြည့်စုံခြင်းသို့ရောက်၏။

ဂျရုမ်းသည် တစ်နှစ်ပတ်လုံးအချုပ်ခံထားရရာ စက္ကူအာရုံပျက်စီးကာ စာမဖတ်နိုင်သည့် အခြေအနေသို့ရောက်သွားခဲ့ပါသည်။ သို့စေကာမူ ထိုပြဿနာမရှိသည့်အလား သူ့တင်ပြချက်များသည် ရှင်းလင်းကောင်းမွန်လှပါသည်။ မတရားသောတရားသူကြီးများက သေဒဏ်ပေးခဲ့သည့် သန့်ရှင်းသူများစာရင်းရှည်ကြီးကို သူဖော်ပြခဲ့ပါသည်။ လူသားများအားမြှင့်တင်ရန် ကြိုးစားခဲ့သူများသည် လူသားမျိုးဆက်ဆိုင်းမှာလိုလို အသတ်ခံခဲ့ကြရပါသည်။ ခရစ်တော်ကိုယ်တော်တိုင်လည်း မတရားသော တရားသူကြီးများ၏တရားရုံးတွင် ရာဇဝတ်သားတစ်ဦးကဲ့သို့ သေဒဏ်စီရင်ခြင်းခံခဲ့ရပါသည်။

ယခုတွင် ဂျရုမ်းသည် နောင်တရကြောင့်ဖွင့်ဆိုကာ ဂျွန်ဟပ်စ်၏အပြစ်ကင်းခြင်းနှင့် သန့်ရှင်းခြင်းများ အကြောင်းကို သက်သေခံခဲ့ပါသည်။ "ကလေးဘဝမှ စ၍ သူဟာ လူတော်

တစ်ယောက်ဖြစ်တယ်၊ တရားမျှတတယ်၊ အပြစ်ကင်းတယ်၊ ဒါပေမယ့် သူအသတ်ခံခဲ့ရတယ်။ ကျွန်တော်လည်း ရန်သူတွေနဲ့ မတရားသက်သေတွေက ပြင်ဆင်ထားတဲ့ ပရိဒေဝမီးကိုရင်ဆိုင်တော့မယ်။ တစ်နေ့နေ့မှာတော့ ဖုံးကွယ်လှည့်ဖြားလို့မရတဲ့ ထာဝရဘုရားသခင်ရှေ့မှာ သူတို့ရဲ့လိမ်ညာမှုတွေအတွက် ဖြေရှင်းကြလိမ့်မယ်”ဟု သူပြောခဲ့ပါသည်။

“ဝစ်ကလစ်တို့၊ ကျွန်တော့ဆရာလည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်တဲ့ အာဇာနည်၊ သန့်ရှင်းသူ ဂျွန်ဟပ်စ်တို့အပေါ် ချမှတ်တဲ့စီရင်ချက်ကိုမှန်တယ်လို ဒီနေရာမှာ ကျွန်တော်ဝန်ခံခဲ့မိတဲ့အပြစ်ဟာ ကျွန်တော်လူငယ်ဘဝမှစပြီး ကျူးလွန်ခဲ့မိတဲ့အပြစ်တွေထဲမှာ အဆိုးဆုံးပါဘဲ။ ကျွန်တော်ရဲ့နှလုံးသားကို အလွန်နာကျဉ်စေခဲ့ပါသည်။ ဒီအတွက် ကျွန်တော်မှားခဲ့ပါတယ်လို့ စိတ်နှလုံးပါပါဝန်ချတောင်းပန်ပါတယ်။ သေရမှာကြောက်လို့ သူတို့ရဲ့ယုံကြည်ချက်တွေကို ငြင်းပယ်စဉ်ကလည်း အလွန်ထိတ်လန့်ခဲ့ကြောင်း တုန်လှုပ်ချောက်ချားစွာ ကျွန်တော်ဖွင့်ဟခဲ့ပါတယ်။ အဖထာဝရဘုရားသခင်၊ ကျွန်တော်လွန်ကျူး မိခဲ့တဲ့ အပြစ်တွေကိုခွင့်လွှတ်တော်မူပါ။ အထူးသဖြင့် ရွံရှာဖွယ်အကောင်းဆုံး၍အပြစ်ကိုခွင့်လွှတ်ပါလို့ ကျွန်တော်အသနားခံပါတယ်”ဟု ဂျရုမ်းကဆက်လက်၍ လျှောက်လဲသွားပါတယ်။

ထိုနောက် တရားသူကြီးများကို လက်ညှိုးထိုးလျက် “ခင်ဗျားတို့ဟာ ဝစ်ကလစ်တို့ကို သေဒဏ်စီရင်ခဲ့တယ်။ မှားယွင်းတယ်လို့ အထောက်အထားမပြနိုင်တဲ့ သူတို့အခိုင်အမာပြောဆိုသွားတဲ့အရာတွေကို သူတို့လိုဘဲ ကျွန်တော်လည်းခံယူတယ်”ဟု အခိုင်အမာသူဖွင့်ဆိုခဲ့ပါသည်။

"ဖောက်ပြန်ရေးသမားရဲခေါင်းမာမှုကို တို့မျက်စိနဲ့ ကိုယ်တိုင်မြင်တွေ့ရတဲ့နောက် ဘာသက်သေလိုသေးသလဲ"ဟူသော ဒေါသတကြီးအောက်ဟစ်သံများဖြင့် သူ၏လျှောက်လဲချက်ကို ကြားဖြတ်ပစ်လိုက်ကြပါသည်။

သို့ရာတွင် ဂျရူမ်းသည် လိုသူများ၏ကြမ်းတမ်းမှုများကြောင့် လှုပ်ရှားသွားခြင်းမရှိဘဲ "ဘာလဲ၊ ကျွန်တော်ဟာ သေမှာကြောက်တဲ့လူလို့ ခင်ဗျားတို့ထင်နေသလား၊ သေတာ ထက်တောင်ဆိုးရွားပြီးထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့အချုပ်ခန်းထဲမှာ ခင်ဗျားတို့ ကျွန်တော့်ကို တစ်နှစ်လောက်ချုပ်ထားခဲ့ပြီးပြီ။ ခရစ်ယာန်တစ်ယောက်အပေါ် ဒီလောက်ရက်စက်ခဲ့တာကို အံ့သြတာကလွဲပြီး ကျွန်တော်ဘာပြောနိုင်မှာလဲ" ဟု ဟစ်ကြွေးခဲ့ပါသည်။

## ထောင်ဒဏ်နှင့်သေဒဏ်အချခံရခြင်း

ဒေါသမုန်တိုင်းသည် တစ်ဖန်ပြင်းထန်လာရာ ဂျရူမ်းကို အကျဉ်းထောင်တွင် ချုပ်ထားပြန်သည်။ သူ၏ဖွင့်ဟချက်အပေါ် အကြီးအကျယ်ခံစားချက်ရှိသွားသူများရှိသကဲ့သို့ သူ့ကိုကယ်ဆယ်ချင်သူများလည်း ရှိလာခဲ့ပါသည်။ ဂုဏ်အသရေရှိပုဂ္ဂိုလ်များသည် သူ့ထံသို့လာရောက်တွေ့ဆုံကာ ထိုကောင်စီကို အလျှော့ပေးလိုက်ရန် တိုက်တွန်းခဲ့ကြပါသည်။ ထိုသို့ အလျှော့ပေးလိုက်ပါက ရရှိမည့်အနာဂတ် အလားအလာကောင်းများကိုလည်း ပြောပြကြပါသည်။

"ကျွန်တော်မှားကြောင်း သမ္မာကျမ်းစာ နဲ့သက်သေပြမယ်ဆိုရင် ကျွန်တော် အလျှော့ပေးလိုက်မယ်"ဟု သူကပြောဆိုရာ-

"သမ္မာကျမ်းစာ" အရာခပ်သိမ်းကို သမ္မာကျမ်းစာအားဖြင့် တရားစီရင်မှာလား၊ အသင်းတော်က အနက်ပြန်မပေးရင် ဘယ်သူဟာ ကျမ်းစာကိုနားလည်နိုင်မှာလဲ"ဟု သူ့ကိုသွေးဆောင်သူထဲမှတစ်ဦးက ထိတ်လန့်တကြားပြောလိုက်ပါသည်။

ထိုအခါ ဂျရုမ်းက "လူတွေရဲ့ဓလေ့ထုံးစံဟာ ကယ်တင်ရှင်ရဲ့ဧဝံဂေလိတရားထက် ယုံထိုက်တဲ့အရာဖြစ်သလား"ဟု တုံ့ပြန်လိုက်ရာ-

"ဘာသာရေးဖောက်ပြန်ရေးသမားပါလား၊" မင်းကို အကြာကြီးအချိန်ကုန်ခံပြီးတောင်းပန်မိတာ ငါနောင်တရမိပါတယ်။ တကယ်တော့ မင်းဟာ နတ်ဆိုးရဲ့စေစားမှုအောက်မှာ ရောက်နေပါကလား"ဟု တုံ့ပြန်ကြပြန်ပါသည်။

မကြာမတင်မီ ဟပ်စ်အသက်ဆုံးရှုံး ခဲ့ရသော နေရာသို့သူ့အားခေါ်သွားကြပါသည်။ လိုက်ပါသွားစဉ် သူသည် ဓမ္မတေးကိုကျူးဧလျက် မျက်နှာပေါ်တွင်လည်း ငြိမ်သက်ခြင်း နှင့်ဝမ်းမြောက်ခြင်းများထင်ရှားလျက်ရှိသည်။ သေမှာကို သူမကြောက်တော့ပြီ။ အာဏာပါးကွက်သားများသည် သူ့နောက်နားသို့ဆုတ်ကာ မီးတိုင်များကိုမီးရှို့ရန်အပြုတွင် "ငါ့ရှေ့မှာမီးရှို့ကြပါ၊ ကြောက်မယ်ဆိုရင် ဒီနားကိုငါ ရောက်မလာသင့်ဘူး"ဟု အာဇာနည်ကြီးကဖွင့်ဟလိုက်ပါသည်။

သူ၏နောက်ဆုံးစကားများမှာ "တန်ခိုးတော် နှင့်ပြည့်စုံသောထာဝရဘုရားသခင်၊ ကိုယ်တော်၏သမ္မာတရားကို ကျွန်တော်အမြဲချစ်ကြောင်း ကိုယ်တော်သိတော်မူသောကြောင့် ကျွန်ုပ်၏ အပြစ်များကို လွှတ်တော်မူပါ။ ကျွန်ုပ်ကို သနား တော်မူပါ"ဟူသော ဆုတောင်းချက်ပင်ဖြစ်သည်။ ထို အာဇာနည်၏ ပြာများကို စုသိမ်းကာ ဟပ်စ် ၏

ပြာများကဲ့သို့ပင် ရိုင်းမြစ်ထဲသို့ပစ်ချခဲ့ကြပါသည်။ ဤနည်းအားဖြင့် ဘုရားသခင်၏သစ္စာရှိအလင်းဆောင်သူများသည် သေပွဲဝင်ခဲ့ကြရပါသည်။

ဟပ်စ်ကိုသေဒဏ်ပေးသည့်အတွက် ဘူဟီးမီးယားတစ်ပြည်လုံးတွင် ဒေါသအမျက်ခြောင်း ခြောင်းထွက်ခဲ့ပြါသည်။ ဟပ်စ်အား သမ္မာတရား၏ဆရာသမားကောင်းတစ်ဦးအဖြစ် တစ်နိုင်ငံလုံးက ကြေညာခဲ့ပါသည်။ ထိုကောင်စီကို လူသတ်မှုဖြင့်တရားစွဲသည်။ ဟပ်စ်တင်ပြသောယုံကြည်ချက်များကို ယခင်ကထက်ပို၍ စိတ်ဝင်စားလာကြကာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာယုံကြည်ခြင်းကို လက်ခံလာကြသည်။ ထိုလှုပ်ရှားမှုကိုချေမှုန်းရန် ရဟန်းမင်းနှင့်ဧကရာဇ်ဘုရင်တို့ပူးပေါင်းခဲ့ပြီး ဆီဂျစ်မန်ဘုရင်၏ စစ်တပ်များကို ဘူဟီးမီးယားသို့စေလွှတ်ခဲ့ပါသည်။

သို့ရာတွင် ကယ်ဆယ်မည့်သူတစ်ဦးကို လူထုကြီးက တင်မြှောက်ခဲ့ပါသည်။ သူ၏အမည်မှာ ဇစ်ကာဖြစ်ပြီး ဟပ်စ်နှင့်သက်တူရွယ်တူဖြစ်သည်။ သူသည် အတော်ဆုံးဗိုလ်ချုပ်ကြီးများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ဘူဟီးမီးယားခေါင်းဆောင်ဖြစ်သည်။ လူထုကြီးသည် ၄င်းတို့အားလာရောက်တိုက်ခိုက်မည့်စစ်တပ်ကြီးကို ဘုရားသခင်၏မစမှုကိုအားကိုးလျက် ရင်ဆိုင်ခဲ့ကြပါသည်။ ဧကရာဇ်ဘုရင်သည် ဘူဟီးမီးယားသို့ အဖန်ဖန်ကျူးကျော်တိုက်ခိုက်ခဲ့သော်လည်း တွန်းလှန်မှုကိုသာခံခဲ့ရပါသည်။ ဟပ်စ်ဆိုက်များ (ဟပ်စ်၏နောက်လိုက်များ)သည် သေမှာကိုအမှုမထားကြတော့ချေ။ မည်သည့်အရာကမှ ၄င်းတို့အား ဟန့်တားနိုင်စွမ်းမရှိတော့ချေ။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောဇစ်ကာသေဆုံးသွားသောအခါ ၄င်း၏နေရာ

တွင် အချို့နေရာများ၌ ဇစ်ကာထက်ပင် ပို၍တတ်စွမ်းနိုင်သည်ဟု ထင်ရသည့် ပရိုကိုပီးဟပ်စ်ဆိုသူနှင့် အစားထိုးခဲ့ကြပါသည်။

ရဟန်းမင်းက ဟပ်ဆိုက်များအပေါ် ဘာသာရေး စစ်ပွဲဆင်နွှဲရန် ကြေညာလိုက်ပါသည်။ မဟာတပ်မကြီးတစ်တပ်သည် ဘူဟီးမီးယားသို့စစ်ချီလာကြပါသည်။ သို့ရာတွင် အရှုံးနှင့်သာရင်ဆိုင်ခဲ့ကြရသည်။ နောက်ထပ်ဘာသာရေး စစ်ပွဲဆင်နွှဲရန် ကြေညာပြန်သည်။ သို့နှင့် ရဟန်းမင်း၏ သာသနာထွန်းကားနေသည့်ဥရောပနိုင်ငံအားလုံးတွင် လူ၊ငွေနှင့်စက်ပစ္စည်းများကို ပို၍စုဆောင်းလာကြပါသည်။ လူများစွာတို့သည် ရဟန်းမင်း၏အလံတော်တွင် စုရုံးလာခဲ့ကြပါသည်။

ထိုမဟာတပ်မကြီးသည် ဘူဟီးမီးယားသို့ ဝင်ရောက် လာခဲ့သည်။ ၎င်းတို့အား တွန်းလှန်တိုက်ထုတ်ရန် ဘူဟီးမီးယားပြည်သူများသည်လည်း စုရုံးနေကြပြီး မဟာအင်အားကြီးတပ်မကြီး (၂)ခုအကြားတွင် မြစ်ကလေး တစ်မြစ်သာခြားနေသည်။ "ရဟန်းမင်း၏ တပ်မသည် ပို၍သာလွန်အင်အား ရှိသော်လည်း ထိုမြစ်ကိုဖြတ်၍ တစ်ဟုန်ထိုးချီတက်တိုက်ခိုက်ရမည့်အစား ဟပ်ဆိုက်များနှင့်ဝေးရာသို့ ထွက်ပြေးကြပါသည်။ ဟပ်ဆိုက်များသည် မိမိတို့အားတိုက်ခိုက်ရန် အဝေးကြီးမှလာခဲ့သောထိုစစ်တပ်၏လုပ်ပုံကို မှင်သေမိပြီး ရပ်ကြည့်နေကြပါသည်။

ဘူဟီးမီးယားလူထုကြီးသည် ရုတ်တရက်မဝေခွဲနိုင်တော့ဘဲ ကြောက်စိတ်များပင်ဝင်လာပါသည်။ ထိုမဟာတပ်မကြီးသည် တစ်ချက်မှမပစ်မခတ်လိုက်ရဘဲနှင့် မျက်မြင်မရသော တန်ခိုးတစ်ခု၏တိုက်ထုတ်မှုကိုခံရသကဲ့သို့ ပြိုပျက်လွင့်စင်ကုန်ပါသည်။ ဟပ်ဆိုက်

များသည် ထွက်ပြေးသွားသည့်ထိုတပ်မအား လိုက်လံချေမှုန်းကြရာ အများအပြားကျဆုံးခဲ့ကြရပါသည်။ ထိုစစ်ပွဲသည် ဘူဟီးမီးယားများအား ဆင်းရဲသွားစေရမည့်အစား ပို၍ပင် ချမ်းသာလာစေခဲ့ပါသည်။

နောက်ပိုင်းနှစ်အနည်းငယ် ကြာသောအခါ ရဟန်းမင်း အသစ်တစ်ပါးသည် ဘာသာရေး စစ်ပွဲတစ်ပွဲကို ထပ်မံဆင်နွှဲခဲ့ပြန်သည်။ တပ်မကြီးသည် ဘူဟီးမီးယားထဲသို့ ထိုးဖောက်ဝင်ရောက်လာရာ နိုင်ငံထဲသို့ အတော်ဝေးဝေး ရောက်လာသည့်တိုင်အောင် ဟပ်ဆိုက်များသည် အလျော့ပေး၍ မျှားခေါ်လာပါသည်။ ရရှိခဲ့ဖူးသောအောင်ပွဲမျိုးထပ်မံရရှိရန် ၎င်းတို့ကို မျှားခေါ်ခဲ့ကြပါသည်။

အဆုံးတွင် ပရိုကိုပီးယပ်စ်၏စစ်တပ်သည် ၎င်းတို့အား တိုက်ခိုက်ရန် စစ်ချီလာပါသည်။ ဟပ်ဆိုက်များ၏စစ်ချီလာခြင်းကို မမြင်ရသေးမီ စစ်ချီသံကိုကြားရုံနှင့် ရဟန်းမင်း၏တပ်သားများသည် ကြောက်စိတ်ဝင်နေပေပြီ။ မင်းညီမင်းသားများအပါအဝင်စစ်ဗိုလ်များ၊ စစ်သားများသည် လက်နက်များကိုစွန့်ပစ်ကာ ဦးတည်ရာသို့ ထွက်ပြေးကုန်ကြပါသည်။ မတရားတိုက်ခိုက်မှုကြီးမှာ ဤတွင် အဆုံးသတ်ချေပြီ။ ရဟန်းမင်း၏လူများစွာတို့သည် အောင်နိုင်သူများ၏လက်ထဲသို့ တစ်ဖန်ကျရောက်ခဲ့ပြန်ချေပြီ။

သို့ဖြင့် စစ်သင်တန်းများကိုရယူထားသည့် ထိုတပ်မကြီးသည် ပြန်လည်တိုက်ခိုက်ခြင်းမပြုနိုင်ဘဲ အားနည်းသောနိုင်ငံငယ်ကလေးရှိ ကာကွယ်သူများထံမှ တစ်ဖန်ထွက်ပြေးခဲ့ကြရပြန်သည်။ သဘာဝလွန်ကြောက်ရွံ့စိတ်ကြောင့် ထိုကျူးကျော်သူများအား အစိတ်စိတ်ကွဲလွင့်သွားခဲ့ရသည်။ ဂိဒေါင်နှင့်သူ၏စစ်သားသုံးရာရှေ့မှ မိဒျာန်စစ်သား

များထွက်ပြေးသွားစေသည့်ကိုယ်တော်သည် ယခုတစ်ဖန် လက်တော်ကိုဆန့်ခဲ့ပြန်ချေပြီ။ (တရားသူကြီး ၇း၁၉-၂၅။ ဆာလံ ၅၃း၅)။

ဆက်ဆံရေးကျွမ်းကျင်မှုအားဖြင့် အဖြားယောင်းခံရခြင်း

ရဟန်းမင်း၏အဖွဲ့မှခေါင်းဆောင်များသည် နောက်ဆုံးတွင် ဆက်ဆံရေးကျွမ်းကျင်မှုကို လက်ခံအသုံးပြုခဲ့ကြသည်။ ရဟန်းမင်းအဖွဲ့နှင့် ဘူဟီးမီးယားများအကြား ပြုလုပ်ခဲ့သော ညှိနှိုင်းမှုသည် ဘူဟီးမီးယားအား ရောမအသင်းတော်၏ လက်အောက်သို့ တစ်ဖန် ရောက်ရှိသွားစေခဲ့သည်။ ရောမများနှင့်ငြိမ်းချမ်းရေးရယူနိုင်ရန် အချက် (၄)ချက်ကို ဘူဟီးမီးယားများက တောင်းဆိုခဲ့ပါသည်။ (၁) သမ္မာကျမ်းစာကို လွတ်လပ်စွာဟောကြားခွင့်ရရှိရေး၊ (၂) ပွဲတော်မင်္ဂလာတွင် မုန့်နှင့်စပျစ်ရည်နှစ်မျိုးစလုံးက အသင်းသားများ ပါ၀င်စားသောက်ခွင့်နှင့် တိုင်းရင်းသားဘာသာစကားဖြင့် ၀တ်ပြုကိုးကွယ်ပွဲများကျင်းပခွင့်ရရှိရေး၊ (၃) ဘာသာရေးခေါင်းဆောင်များသည် လောကီရာထူး၊ အာဏာများနှင့်ကင်းရှင်းရေး၊ (၄) ရာဇ၀တ်မှုနှင့်ပတ်သက်၍ အသင်းအုပ်ဆရာနှင့် အသင်းသားများအား တန်းတူအရေးယူတရားစီရင်ရေး စသည့်အချက်(၄)ချက်ကို ဘူဟီးမီးယားများကတောင်းဆိုထားပါသည်။ ဤအဆိုပြုချက် (၄)ရပ်ကို လက်ခံသင့်သော်လည်း ထိုအချက်များ၏ရှင်းလင်းချက်ကိုမူ အဖွဲ့၀င်(ရဟန်းမင်းနှင့်ဧကရာဇ်ဘုရင်) ကသာပိုင်ဆိုင်သည်ဟု ရဟန်းမင်းအဖွဲ့က သဘောတူကြပါသည်။ ရောမအသင်းတော်သည် တိုက်ခိုက်ခြင်းဖြင့် မရယူနိုင်ခဲ့သော အရာကို

လှည့်စားခြင်း၊ ကောက်ကျစ်ခြင်း များဖြင့် ရယူနိုင်ခဲ့ပါသည်။ ထိုအသင်းတော်သည် သမ္မာကျမ်းစာကို မိမိတို့ လိုသလို အနက်ပြန်ခဲ့သကဲ့သို့ မိမိတို့၏အကြံအစည်ကို အကောင်အထည်ဖော်ရန် ဟပ်ဆိုက်တို့၏အဆိုပြုချက်များကို လိုသလိုအနက်ဖွင့်ဆိုကြပါသည်။

ထိုလုပ်ရပ်သည် မိမိတို့၏လွတ်လပ်မှုကို ထိပါးနိုင်ကြောင်း မြင်တွေ့ကြသည်။ ဘူဟီးမီးယားအများစုက ထိုသဘောတူညီမှုကို မကျေနပ်ကြချေ။ ထိုကြောင့် အချင်းချင်း တိုက်ခိုက်မှုများကိုဖြစ်ပေါ်စေသည့်မညီညွတ်မှုများပေါ်ပေါက်လာခဲ့ ပါသည်။ ခေါင်းဆောင်ကြီး ပရိုကိုပီးယပ်စ်ကျဆုံးသွားပြီးနောက်တွင် ဘူစီးမီးယား၏လွတ်လပ်ရေးသည် ဆုံးရှုံးခဲ့ရပါသည်။

ယခုတစ်ဖန် ရဟန်းမင်း၏လူများသည် ဘူဟီးမီးယားကို ကျူးကျော်တိုက်ခိုက်လာပြန်ရာ ဧဝံဂေလိတရားအပေါ် သစ္စာရှိဆဲပုဂ္ဂိုလ်များသည် နှိပ်စက်ညှဉ်းပန်းခြင်း၏ သားကောင်များဖြစ်သွားကြရပါသည်။ သို့စေကာမူ သူတို့၏ ခိုင်မာမှုသည် မယိမ်းယိုင်ခဲ့ချေ။ လိုဏ်ဂူများထဲသို့သွားရောက်နေထိုင်က နှုတ်ကပါတ်တော်ကို ဖတ်ကြားရန် စုရုံးခဲ့ကြရပါသည်။ ကိုယ်တော်ကို ဝတ်ပြုရန် စည်းလုံးခဲ့ကြပါသည်။ ၄င်းပြင်သမ္မာတရားကို အုတ်မြစ်သဖွယ်လက်ခံလျက် ရောမ၏ဖောက်ပြန်မှုများကို ကန့်ကွက် ဆန့်ကျင်နေသော ရှေးရိုးအသင်းတော်တစ်ခုသည် အဲလ်ပ်စ်တောင်တန်းပေါ်တွင်ရှိနေကြောင်း နေရာအသီးသီးသို့စေလွှတ်ထားသည့် စေတမန်များမှတစ်ဆင့် သူတို့သိကြရသည်။ သို့ဖြင့် ဝေါလ်ဒင်းဆီးခရစ်ယာန်များနှင့် ဝမ်းပန်းတသာ သူတို့အဆက်အသွယ်ပြုခဲ့ကြပါသည်။ ညအမှောင်ကြီးထဲတွင် မိုးကုပ်စက်ဝိုင်းကြီး

ကိုကြည့်ကာ နံနက်ချိန်ကို မျှော်နေသော လူများ ကဲ့သို့ ဘုဟီးမီးယားများသည်လည်း ဧဝံဂေလိတရားတော်ကို ရင်ဝယ်ပိုက်လျက် နှိပ်စက်ညှဉ်းပန်းခြင်းညများ ကုန်ဆုံးမည့်အချိန်ကို စောင့်ဆိုင်းနေကြပါသည်။

-----ooo-----

# အခန်း (၇)
# လူးသာ- သူ့ခေတ်အတွက်လူသားတစ်ဦး

အသင်းတော်အား ရဟန်းမင်း၏အမှောင်ထုမှ စင်ကြယ်သောယုံကြည်ခြင်း၏အလင်းထဲသို့ ဦးဆောင်ခေါ်ထုတ်ရန် ဘုရားသခင်၏တာဝန်ပေးခြင်းခံရသူများထဲတွင် မာတင်လူးသာသည် ရှေ့ဆုံးမှရပ်တည်နေပါသည်။ ဘုရားသခင်မှလွဲ၍ မည်သည့်အရာကိုမှမကြောက်တတ်သောသူ၊ နှုတ်ကပတ်တော်မှလွဲ၍ မည်သည့်အရာကိုမှ ယုံကြည်ခြင်းအတွက်အုတ်မြစ်ဖြစ်သည်ဟု အသိအမှတ်မပြုတတ်သောသူတည်းဟူသော လူးသာသည် သူ့ခေတ်အတွက် အာဂလူသားတစ်ဦးဖြစ်သည်။

လူးသာသည် ဆင်းရဲသောဂျာမန်လယ်သမား အိမ်ထောင်မှ ပေါက်ဖွားကြီးပြင်းလာသူဖြစ်သည်။ သူ့ဖခင်က သူ့အား ဥပဒေပညာရှင်တစ်ဦးဖြစ်စေလိုသော်လည်း ဘုရားသခင်ကမူ သူ့အားရာစုနှစ်များတစ်လျှောက် တိုးတက်ကြီးပွါးလျက်ရှိသည့် အသင်းတော်ကို တည်ထောင်သူတစ်ဦးဖြစ်စေလိုသည် ကြမ်းတမ်းမှု၊ နှိမ့်ပါးမှုနှင့် ဥပဒေစည်းမျဉ်းတင်းကျပ်မှုတည်းဟူသော ကျောင်းတွင်သူထမ်းဆောင်ရမည့်အမှုတော်အတွက် ဘုရားသခင်သည် လူးသာကို သင်တန်းပေးကာ ပြင်ဆင်တော်မူသည်။

လူးသာ၏ဖခင်သည် စိတ်ဆတ်သူတစ်ဦးဖြစ်သည်။ ကြည်လင်သောစိတ်အာရုံရှိသည့်အလျောက် ရဟန်းမင်းကဖွင့်ထားသော ကျောင်းများအပေါ် ယုံကြည်ကိုးစားမှုမရှိသူတစ်ဦးဖြစ်သည်။ သူသဘောမတူဘဲ ထိုကျောင်းများသို့ လူးသာသွားရောက်သင်ယူ. . . .

သောအခါ သူအတော်မကျေမနပ်ဖြစ်ခဲ့သည်။ နှစ်နှစ်ကြာမှ သား အဖချင်းပြန်လည်သင့်မြတ်ခဲ့သော်လည်း လူးသာဖခင်၏ စိတ်သဘော ထားမှာ ယခင်ကနှင့်အတူတူပင်ဖြစ်သည်။

လူးသာ၏မိဘများသည် ၎င်းတို့၏သားသမီးများအား ဘုရား သခင်ကိုသိကျွမ်းစေရန် ကြိုးစားသွန်သင်ကြသည်။ မိမိတို့၏ကလေး များကို အသုံးဝင်သောအ သက်တာပိုင်ရှင်များဖြစ်အောင် မနားမ နေစိတ်အားထက်သန်စွာ ကြိုးစားသွန်သင်ခဲ့ကြသည်။

တစ်ခါတစ်ရံတွင် စည်းကမ်းတင်းကျပ်လွန်းရာ ထိုစည်း ကမ်းများသည် အဖြစ်သဘောထက် အပျက်သဘောကို ဆောင်နေ ကြောင်း လူးသာမြင်တွေ့ခဲ့သည်။

လူးသာသည် ကျောင်းတက်နေစဉ် ကြမ်းတမ်းပြင်းထန်မှုများ နှင့်ရင်ဆိုင်ခဲ့ရသည်။ ထမင်းငတ်သည့်အကြိမ်လည်းမနည်းခဲ့ချေ။ ထို စဉ်က အောင်ပွဲဆင်နေသောစိတ်ပျက်စရာ ဘာသာရေးအယူသီးမှု များကြောင့် သူ၌စိုးရိမ်စိတ်များဖြင့်ပြည့်ဝနေသည်။

ဘုရားသခင်အား ကြင်နာတတ်သောအဖအနေနှင့် မြင်ရမည့် အစားရက်စက်သောအာ ဏာရှင်တစ်ဦးအဖြစ် မြင်တွေ့နေသဖြင့် စိတ်နှလုံးမချမ်းမြေ့စွာဖြင့် ညစဉ်အိပ်စက်ခဲ့ရပါသည်။

အားဖက်တက္ကသိုလ်သို့ရောက်သောအခါ သူ၏အနာဂတ် အ လားအလာများသည် ကလေးဘဝကထက်ပို၍ကောင်းလာပါသည်။ ချွေတာကြိုးစားမှုဖြင့် စုဆောင်းထားသည့်ဥစ္စာများကို ပိုင်ဆိုင်နေသည့် သူ့မိဘများသည် သူ့အတွက်ကုန်ကျစရိတ်အားလုံးကို ထောက်ပံ့နိုင် ကြပါသည်။ ပညာသတိရှိသောမိတ်ဆွေများကလည်း ယခင်သင်တန်း များမှ သူရရှိထားသည့်ဝမ်းနည်းစရာအကျိုးသက်ရောက်. . . . . .

မှုများကို အနည်းနှင့်အများလျော့ပါးစေခဲ့ကြပါသည်။ ကောင်းမွန်သည့်ဩဇာသက်ရောက်မှုများကြောင့် သူ့စိတ်နှလုံးသည် အလျင်အမြန်ဖွံ့ဖြိုးလာခဲ့ပါသည်။ မမောမပန်းတမ်း ဝိုင်းဝန်းကူညီမှုကြောင့် မကြာမီတွင် သူသည် မိတ်ဆွေသူငယ်ချင်းများထဲတွင် အတော်ဆုံးတစ်ယောက်ဖြစ်လာခဲ့ပါသည်။

လူးသာသည် ဆုတောင်းခြင်းဖြင့် တစ်နေ့တာကို အမြဲတမ်းအစပြုခဲ့သည်။ လမ်းပြပို့ဆောင်မှုအတွက် သူ၏စိတ်ထဲတွင် ဆုတောင်းချက်တစ်ခုကို အမြဲတမ်းရေရွတ်နေတတ်သည်။ "ကောင်းကောင်းဆုတောင်း ခြင်းသည် စာတစ်ဝက်ကျက်ပြီးတာနဲ့အတူတူဖြစ်သည်"ဟု သူမကြာခဏပြောတတ်သည်။

တစ်နေ့တွင် သူတစ်ခါမှမတွေ့ဖူးသည့်လက်တင်ဘာသာနှင့် ရေးထားသည့် သမ္မာကျမ်းစာအုပ်တစ်အုပ်ကို တက္ကသိုလ်စာကြည့်တိုက်တွင်တွေ့၏။ သူကြားဖူးထားသည့် ခရစ်ဝင်ကျမ်းတစ်ချို့အပိုင်းများနှင့် ဩဝါဒအပိုင်းအစများကို ကျမ်းစာတစ်အုပ်လုံးဖြစ်သည်ဟု ထင်ထားခဲ့ပါသည်။ ယခုတွင်မူ ပထမဦးဆုံးအကြိမ်အဖြစ် ကျမ်းစာတစ်အုပ်လုံးကိုတွေ့ဖူးချင်ပြီ။ သူသည် ရိုသေအံ့ဩစွာဖြင့် အသက်စာစောင်မှစာမျက်နှာများကို တစ်ရွက်ချင်းလှန်၍ဖတ်ကာ "ဒီလိုစာအုပ်မျိုးကို ငါ့ကိုယ်တိုင်ဖတ်ဖို့ ဘုရားသခင်က ပေးတော်မူတာဘဲ" ဟုရေရွတ်လေသည်။ ကောင်းကင်တမန်များသည် သူ့နံဘေးတွင်ရှိနေကြသည်။ ဘုရားသခင်ထံမှအလင်းတော်သည် သူ့နံဘေးတွင်ရှိနေကြသည်။ ဘုရားသခင်ထံမှအလင်းတော်သည် သမ္မာတရားရတနာများကို သူနားလည်စေရန် ထွန်းလင်းတော်မူသည်။ မိမိသည် အပြစ်သားတစ်ဦးဖြစ်နေကြောင်းကို ယခုတစ်ခါကဲ့သို့ ယခင်က တစ်ခါမှသူမခံစားခဲ့ဖူးချေ။

## ငြိမ်သက်ခြင်းကိုရှာဖွေခြင်း

ဘုရားသခင်၌ငြိမ်သက်ခြင်းရရန် ဆန္ဒပြင်းပြလာသည်နှင့် အမျှ မိမိ၏အသက်တာကို သာသနာ့ဘောင်တွင် သူနှစ်မြှုပ်လိုက်ပါသည်။ ဤတွင် သူသည် အနိမ့်ကျဆုံးကျေးကျွန်အလုပ်နှင့် တစ်အိမ်တက်ဆင်းသူဖုန်းစားအလုပ်များကိုလုပ်ဆောင်ရပါသည်။ အပြစ်ကြောင့် ထိုအရာများကိုလုပ်ဖို့ လိုအပ်သည်ဟုယုံကြည်လျှင် စိတ်ရှည်လက်ရှည်သူအနစ်နာခံလုပ်ဆောင်ခဲ့ပါသည်။

သူသည် အိပ်ရမည့်အချိန်နှင့်စားရမည့်အချိန်များကို မအိပ်မစားဘဲ နှုတ်ကပတ်တော်ကို နှစ်ခြိုက်စွာလေ့လာခဲ့ပါသည်။ သူမကြာခဏပြင်ဆင်ပေးရသည့် ကျောင်းနံရံနှင့်တွဲပြီး သံကြိုးဖြင့်ချည်နှောင်ထားသောသမ္မာကျမ်းစာတစ်အုပ်ကို သူတွေ့ဖူးပါသည်။

သူသည် မိမိ၏ဒုစရိုက်သဘာဝကိုချိုးနှိမ်ရန် မိမိကိုယ်ကိုနှိပ်ကွပ်ခြင်း၊ အအိပ်အနေနည်းခြင်း၊ အစာရှောင်ခြင်းများကို ကျင့်သုံးကာ ခက်ထန်ကြမ်းတမ်းသောဘဝ၌ အသက်ရှင်နေထိုင်ခဲ့ပါသည်။ "ရဟန်းပျိုဆိုင်ရာအကျင့်များဖြင့်သာကောင်းကင်နိုင်ငံကို ဝင်စားခွင့်ရနိုင်မည်ဆိုလျှင် ကျွန်တော်ဟာ သေချာပေါက်ရောက်သင့်ပါသည်။ အကြာကြီးထပ်ပြီးကျက်ရဦးမည်ဆိုရင်တော့ ကျွန်တော့်ရဲ့ ခြိုးခြံမှုတွေကို သေသည့်တိုင်အောင် သယ်ဆောင်သွားဖို့ ကောင်းတာပေါ့"ဟု နောက်ပိုင်းတွင် သူဖွင့်ဟခဲ့ပါသည်။ မည်မျှပင်သူကြိုးစားစေကာမူ ဝန်လေးနေသောသူ့အသက်ဝိညာဉ်၌ သက်သာခြင်းအခွင့်ကို မတွေ့ရှိခဲ့ချေ။ အဆုံးတွင် စိတ်ပျက်အားလျော့သွားတော့မည့်အခြေအနေသို့ရောက်ရှိသွားခဲ့ပါသည်။

ခပ်သိမ်းသောအရာတို့သည် ဆုံးရှုံးနေကြောင်းထင်ရှားလာသည့်အချိန်တွင် ဘုရားသခင်သည် သူ့ထံသို့ မိတ်ဆွေတစ်ယောက်ပို့ဆောင်ပေးတော်မူခဲ့ပါသည်။

ထိုသူမှာ စတောပစ်ဆိုသူဖြစ်ပါသည်။ စတောပစ်သည် လူးသာအား နှုတ်ကပါတ်တော်ဖွင့်ပြကာ မိမိကိုယ်ကို မကြည့်ဘဲ ခရစ်တော်ကိုသာကြည့်ရန် တောင်းဆိုလိုက်ပါသည်။ "ကိုယ်ကျူးလွန်တဲ့အပြစ်တွေကြောင့် ကိုယ့်ကိုကိုယ်နှိပ်စက်နေမည့်အစား ခရစ်တော်ရဲ့လက်ရုံးတော်ထဲကို ကိုယ့်ကိုကိုယ်ပေးအပ်လိုက်ပါ။ ကိုယ်တော်ကိုယုံကြည်ကိုးစားပါ။ ကိုယ်တော်ရဲ့အသေခံခြင်းများအပေါ် ယုံကြည်ပါ။ ဘုရားသခင်လက်ခံတော်မူကြောင်းအာမခံချက်ပေးရန် သားတော်ဘုရားသခင်ဟာ လူဇာတိကိုခံယူခဲ့တယ်။ မင်းကိုစပြီး ချစ်တဲ့ခရစ်တော်ကို မင်းချစ်လိုက်ပါ"ဟု ပြောသောစတောပစ်၏စကားများသည် လူးသာ၏နှလုံးသားကို အကြီးအကျယ်ပြောင်းလဲစေကာ အခက်အခဲကြုံတွေ့သူတစ်ဦးထံသို့ ငြိမ်သက်ခြင်းတန်ခိုးရောက်လာခဲ့ပါသည်။

လက်တင်ရထားသည့်လူးသာအား ဝစ်တင်းဘတ်တက္ကသိုလ်တွင် ပါမောက္ခလုပ်ရန် ခန့်အပ်လိုက်ရာ ဆာလံကျမ်း၊ ခရစ်ဝင်လေးကျမ်းနှင့် ဩဝါဒစာစောင်များကို သူပို့ချခဲ့ပါသည်။ သူ့ဆရာဖြစ်သောစတောပစ်က စင်မြင့်ပေါ်သို့တက်၍တရားဟောရန် တိုက်တွန်းခဲ့ပါသည်။

သို့ရာတွင် ခရစ်တော်ကို ကိုယ်စားပြုလျက် တရားဟောဖို့မထိုက်တန်သေးပါဟု မိမိကိုယ်ကို လူးသာအထင်ရှိနေသဖြင့် အတော်ကြာမှမိတ်ဆွေများ၏တောင်းပန်ချက်အရ သူတရားဟောခဲ့ပါသည်။ သူသည် ကျမ်းစာကိုအတော်ကျွမ်းကျင်စွာသိရှိ. . . . . . . . . . . .

နားလည်ရုံသာမက ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူ့အပေါ်သို့ ကျရောက်သည်ဖြစ်၍ သူဟောပြောသမျှသမ္မာတရားများသည် ရှင်းလင်းတန်ခိုးပါသဖြင့် တရားနာများနားလည်သဘောပေါက်ကာ စိတ်နှလုံးထိခိုက်ခဲ့ပါသည်။

ထိုအချိန်အထိ ရဟန်းမင်း၏အသင်းတော်မှ သားစစ်တစ်ဦးဖြစ်ခဲ့သူလူးသာသည် ဤသို့ပင်အစဉ်ထာဝရ ဆက်လက်တည်ရှိနေလိမ့်မည်ဟု သူထင်ခဲ့ပါသည်။ သို့နှင့် သူသည် ရောမမြို့သို့သွားရောက်လည်ပတ်ခွင့်ရခဲ့ရာ ထိုခရီးလမ်းကိုခြေလျင်သွား၍ လမ်းတွင်ရဟန်းကျောင်းများတွင်တည်းခိုခဲ့ပါသည်။ သူမြင်ခဲ့ရသည့် ခမ်းနားမှုများ၊ ဇိမ်ခံပစ္စည်းများကြောင့် သူအံ့သြတွေဝေသွားခဲ့ရပါသည်။ ရဟန်းပျိုများသည် ခမ်းနားထည်ဝါသောအခန်းများတွင်နေကြသည်။ အဖိုးတန်ဝတ်ရုံများကိုဝတ်ကြသည်။ ဟင်းလျာစုံသောစားပွဲများတွင်စားကြသည်။ ဤမြင်ကွင်းများသည် လူးသာ၏စိတ်နှလုံးကို ရှုပ်ထွေးစေခဲ့ပါသည်။

နောက်ဆုံးတွင် တောင်ခုနှစ်လုံးမြို့တော်ကို အဝေးမှသူမြင်တွေ့နိုင်သည့်နေရာသို့ရောက်ရှိသွားခဲ့ရာ မြေတွင်ပျပ်ဝပ်လျက် "သန့်ရှင်းသောရောမမြို့တော်၊ ကျွန်ုပ်အလေးပြုပါသည်"ဟု ဟစ်ကြွေးလေသည်။

အသင်းတော်များသို့ သူသွားရောက်လည်ပတ်ခဲ့သည်။ ရဟန်းမင်းများနှင့် ရဟန်းပျိုများအထပ်ထပ်ပြောပြသည့်အံ့ဖွယ်ပုံပြင်များကို သူနားထောင်ခဲ့ပါသည်။ လုပ်ဆောင်ရမည့်အစီအစဉ်များတွင်ပါဝင်လုပ်ဆောင်ခဲ့သည်။ နေရာတကာမှာ တွေ့နေရသည့်အသင်းတော်ခေါင်းဆောင်များ၏မကောင်းမှုလုပ်ရပ်များနှင့် မကြားဝံ့သောပြက်လုံးများကြောင့် သူအံ့အားသင့်ခဲ့ရ, . . . . . . . . . . . . . . . .

ပါသည်။ ပွဲတော်မင်္ဂလာယူနေစဉ်အတွင်းမှာပင် သူတို့လုပ်ဆောင်သောညစ်ညမ်းမှုများအတွက် သူကြောက်လန့်နေပါသည်။ ယုတ်ညံ့သောကာမစပ်ယှက်မှုများနှင့် အပျော်ကျူးခြင်းများကိုလည်း သူမြင်တွေ့ခဲ့ရပါသည်။ "ရောမအသင်းတော်၌ကျူးလွန်နေသော အပြစ်များနှင့် အသရေပျက်သောလုပ်ဆောင်မှုများကို စဉ်းစားလို့တောင်မရနိုင်ချေ။" အကယ်၍ ငရဲပြည်ရှိသည်ဆိုလျှင် ရောမအသင်းတော်ကို ထိုပြည်အပေါ်တွင် တည်ဆောက်ထားသည်ဟုလည်း သူတို့ပြောဆိုစမြဲဖြစ်၏"ဟု လူးသာရေးသားခဲ့ပါသည်။

## ပိလတ်မင်း၏လှေကားပေါ်မှအမှန်တရား

"ပိလတ်လှေကား"ဟုခေါ်သော လှေကားကိုဒူးထောက်၍ တက်နိုင်သူအားလုံးကို ပစားပေးမည်ဟု ရဟန်းမင်းကြီးက ကတိပြုပါသည်။ တစ်နေ့တွင် လူးသာသည် ထိုလှေကားကိုဒူးဖြင့် ထောက်၍ တက်နေစဉ် မိုးကြိုးသံကဲ့သို့သောအသံဖြင့် "ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်"ဟူ၍ ကြွေးကြော်သည်ကို သူကြားရ၏။ ထိုကြောင့် ရှက်စိတ်၊ ကြောက်စိတ်များဖြင့် သူသည် မတ်တတ်ထရပ်လိုက်ပါသည်။ ကယ်တင်ခြင်းရရန် အကျင့်ကိုကိုးစားခြင်းသည် ကျဆုံးခြင်းသက်သက်သာဖြစ်ကြောင်းကို ထိုနေ့မှစ၍ ရှင်းလင်းစွာသူသိရှိလာခဲ့သည်။ ထိုကြောင့် ထိုနေ့မှစ၍ ရောမအသင်းတော်ကို သူကျောခိုင်းလိုက်ရာ အဆုံးတွင်ရောမအသင်းတော်နှင့် လုံးလုံးအဆက်အသွယ်ပြတ်သွားခဲ့ပါသည်။

လူးသာသည် ရောမမြို့မှပြန်လာပြီးသည့်နောက်ပိုင်းတွင် Doctor of Divinity ဟုခေါ်သည့် ပါရဂူဘွဲ့ကို ရခဲ့သည်။ ယခုတွင်

သူမြတ်နိုးသောသမ္မာကျမ်းစာကို လုံးလုံးဆက်ကပ်လေ့လာဖို့ လွတ်လပ်နေပေပြီ။ ရဟန်းမင်း၏ယုံကြည်ချက်များကို လုံးဝမဟောကြားဘဲ နှုတ်ကပါတ်တော်သက်သက်ကိုသာ သစ္စာရှိစွာဟောကြားမည့်အကြောင်း သူကတိသစ္စာပြုခဲ့ပါသည်။ သူသည် သာမန်ရဟန်းပျိုတစ်ပါးတော့မဟုတ်တော့ချေ။ ဘုရားသခင်၏သမ္မာတရားကို ဆာငတ်ခင်မွတ်နေသောသိုးစုကိုကျွေးမွေးရန်အတွက် ခေါ်တော်မူခြင်းခံရသည့် သိုးထိန်းတစ်ဦးကဲ့သို့သော သမ္မာကျမ်းစာ၏အာဏာရ စေတမန်ရှေ့ပြေးတစ်ဦးဖြစ်နေပေပြီ။ သန့်ရှင်းသောနှုတ်ကပါတ်တော်ကိုအခြေပြုသောယုံကြည်ချက်များမှလွဲ၍ မည်သည့်ယုံကြည်ချက်ကိုမျှ ခရစ်ယာန်များအနေဖြင့် လက်မခံသင့်ကြောင်း သူခိုင်ခိုင်မာမာကြွေးကြော်နေခဲ့ပါသည်။

စိတ်အားတက်ကြွနေသောလူထုကြီးသည် သူ့ဟောကြားချက်များကို မှီတွယ်လာခဲ့ချေပြီ။ ကယ်တင်ရှင်၏မေတ္တာတော်ဆိုင်ရာဝမ်းမြောက်ဖွယ်သတင်း၊ ခရစ်တော်၏အပြစ်ဖြေရာအသွေးတော်အားဖြင့် ပေးတော်မူသည့် အပြစ်ဖြေလွှတ်ခြင်းနှင့်ငြိမ်သက်ခြင်းဆိုင်ရာအာမခံချက်များတို့သည် လူထုကြီး၏စိတ်နှလုံးကို ရွှင်လန်းစေပါသည်။ ကပ်ကမ္ဘာဆုံးတိုင်အောင် တောက်ပစွာထွန်းလင်းမည့်အလင်းကလေးတစ်ခုကို ဝစ်တင်းဘတ်တွင်ထွန်းညှိခဲ့ပါသည်။

သို့ရာတွင် အမှားနှင့်အမှန်အကြားတွင် တိုက်လှန်မှုသည်ရှိစမြဲတည်း။ “မြေပေါ်သို့ ငြိမ်သက်ခြင်းကိုစေလွှတ်အံ့သောငှါ ငါလာသည်ဟုမထင်ကြနှင့်။ ငြိမ်သက်ခြင်းကိုစေလွှတ်အံ့သောငှါ ငါလာသည်မဟုတ်၊ ဓါးကိုစေလွှတ်အံ့သောငှါ ငါလာသတည်း” ဟုလည်း ခရစ်တော်ကိုယ်တော်တိုင်မိန့်တော်မူဖူးပါသည်။ (မဿဲ ၁၀း ၃၄)။ ဘာသာရေးပြုပြင်ပြောင်းလဲမှုကို အစပြုပြီးနောက် နှစ်အနည်း

ငယ်အကြာတွင် "ဘုရားသခင်သည် ကျွန်တော်တို့ရှေ့သို့ တိုးရန်ကိုဘဲ တွန်းပို့နေသည်။ အေးအေးဆေးဆေးဘဲနေလိုသော်လည်း ရုန်းရင်းခတ်မှုများ၊ တော်လှန်မှုများအလယ်သို့ တွန်းပို့ခြင်းကို ကျွန်တော်ခံခဲ့ရတယ်"ဟု လူးသာပြောခဲ့ပါသည်။

## ပစားပေးသောလက်မှတ်များရောင်းချခြင်း
## ( Indulgences for Sale)

ရောမအသင်းတော်သည် ဘုရားသခင်၏ကျေးဇူးတော်ကို ကုန်ပစ္စည်းတစ်ခုအသွင်သို့ရောက်သွားစေခဲ့သည်။ ရောမမြို့တွင် ဆောက်လုပ်မည့်စိန့်ပီတာဘုရားကျောင်းအတွက် လိုအပ်သောရန်ပုံငွေများကိုရှာဖွေသည့်အနေဖြင့် ရဟန်းမင်း၏အမိန့်အရအပြစ်မှပစားခြင်းလက်မှတ်များကို ရောင်းချခဲ့ပါသည်။ ရာဇဝတ်မှုများမှရသည့်အဖိုးအခဖြင့် ဘုရားသခင်ကို ဝတ်ပြုမည့်ဘုရားကျောင်း တစ်ဆောင်ဆောက်လုပ်ရန်ဖြစ်သည်။ ဤအချက်သည် ရဟန်းမင်းအားဆန့်ကျင်သူများအတွက် အောင်မြင်မှုကြီးတစ်ခုဖြစ်သည်။ ဤအချက်ကြောင့် ရဟန်းမင်း၏အုပ်ချုပ်ရေးနှင့်ရဟန်းမင်း၏ဦးခေါင်းပေါ်က ဘုံသုံးဆင့်ပါသရဖူကြီးကို လှုပ်ရှားသွားစေမည့် တိုက်လှန်ပွဲကြီးအစပျိုးခဲ့ရပါသည်။

ဂျာမနီပြည်တွင် အပြစ်ပစားပေးခြင်းလက်မှတ်များရောင်းရန်တရားဝင်ခန့်အပ်ခြင်းခံရသော တက်ဇယ်ဆိုသည့်ပုဂ္ဂိုလ်သည် လူ့အသိုင်းအဝန်းနှင့်သော်လည်းကောင်း၊ ဘုရားသခင်၏ပညတ်တော်နှင့်လည်းကောင်းဆန့်ကျင်ပြီး ယုတ်ညံ့သည့်ပြစ်မှုများအတွက် ပြစ်ဒဏ်စီရင်ခြင်းခံရသော်လည်း ငွေကြေးရရှိရေးကိုသာမျှော်ကိုးပြီး. . . . . .

လုပ်ဆောင်ရသည့်ရဟန်းမင်း၏စီမံကိန်းများကို ဂျာမနီပြည်တွင် အကောင်အထည်ဖော်ရန် ခန့်အပ်ခြင်းခံရပါသည်။ သူသည် ပညာမဲ့၍ အယူသီးသောလူများကိုလှည့်စားရန် အံ့ဖွယ်ပုံပြင်များနှင့် အထင်ကရဖြစ်သောမှားယွင်းမှုများကို ထပ်ခါတလဲပြောဆိုခဲ့ပါသည်။ အကယ်၍သာ လူထုကြီးသည် ကျမ်းစာကိုလက်ဝယ်ထားနိုင်ပါက ထိုသို့ အလိမ်ခံကြရမည်မဟုတ်ပါ။ သို့သော် သူတို့၌ သမ္မာကျမ်းစာမရှိကြချေ။

မြို့တစ်မြို့သို့ တက်ဇယ်ဝင်သည့်အခါတိုင်း ရှေ့ပြေးတစ်ယောက်သည် ၎င်း၏ရှေ့မှအရင်သွားနှင့်ကာ "ဘုရားသခင်နှင့်သန့်ရှင်း သောအဖထံမှကျေးဇူးတော်သည် မြို့တံခါး၌ရောက်ရှိနေပြီ"ဟု ဟစ်ကြွေး၏။ လူထုကြီးသည် ဘုရားသခင်ကိုစော်ကားသည့်ထိုဟန်ဆောင်သမားကို ဘုရားသခင်ကိုယ်တော်တိုင်ကိုကြိုဆိုသကဲ့သို့ ကြိုဆိုခဲ့ကြပါသည်။ တက်ဇယ်သည် ဘုရားဝတ်ပြုကျောင်းရှိစင်မြင့်ပေါ်သို့တက်ကာ အပြစ်မှပစားပေးသည့် လက်မှတ်များကို ဘုရားသခင်ထံမှရသည့် အဖိုးတန်ဆုကျေးဇူးများအလား ချီးမွမ်းထောမနာပြုတတ်ပါသည်။ အပြစ်လွှတ်ခြင်းဆိုင်ရာ ဤလက်မှတ်ကြောင့် လက်မှတ်ဝယ်သူက နောက်ပိုင်းတွင် ကျူးလွန်လိုသည့်အပြစ်များအတွက်လည်း ဖြေလွှတ်ခြင်းခံရသည်။ နောင်တရစရာလည်းမလိုတော့ပါဟု သူကြွေးကြော်၏။ ဤလက်မှတ်သည် လူသေများကိုပင် ကယ်တင်နိုင်သည့်တန်ခိုးရှိကြောင်း၊ လက်မှတ်ဝယ်သူက ပေးသောအသပြာကလေး၊ ဤငွေသေတ္တာထဲသို့ကျသွားသံထွက်ပေါ်လာသည့်အချိန်ကလေးမှာ ကိုယ်စားပြုလက်မှတ်ဝယ်ပေးခြင်းခံရသည့်ကွယ်လွန်သူသည် ငရဲမှလွတ်မြောက်ကာ ကောင်းကင်ခရီးကိုရှေးရှုနေပါသည်ဟု သူအာမခံခဲ့ပါသည်။

သို့နှင့် ရွှေငွေများသည် တက်ဇယ်၏ငွေသေတ္တာထဲသို့ ကျရောက်လာကြပါသည်။ ငွေဖြင့်ဝယ်ယူသောကယ်တင်ခြင်းသည် နောင်တရခြင်း၊ ယုံကြည်ခြင်း၊ အပြစ်ကိုတွန်းလှန်အောင်မြင်ရန် ကြိုးစားခြင်းအားဖြင့် ကျင့်ယူသောကယ်တင်ခြင်းထက် ရရှိဖို့ပို၍ လွယ်ကူသည်။ (The Catholic Encyclopedia, art, Indulgence Vol VII; A.H. Newman, A Manual of Church History, Vol II, pp. 53,54,62.)

လူးသာသည် အလွန်ကြောက်လန့်သွားပါသည်။ သူ့အသင်းသားတော်တော်များများသည် ထိုလက်မှတ်များကိုဝယ်ခဲ့ကြချေပြီ။ မကြာမီမှာပင် သူတို့သည် လူးသာထံသို့လာ၍ အပြစ်များကိုဝန်ချကာ အပြစ်လွှတ်ကြောင်းမိန့်ဆိုပေးရန် တောင်းပန်ကြသည်။ ထိုသို့ တောင်းပန်ရာ၌ နောင်တရသဖြင့် တောင်းပန်ခြင်းမဟုတ်။ ပြုပြင်ပြောင်းလဲချင်သဖြင့် တောင်းပန်ခြင်းမဟုတ်။ ပြုပြင်ပြောင်းလဲချင်သဖြင့် တောင်းပန်ခြင်းမဟုတ်ပါ။ အပြစ်မှပစားပေးသည့် လက်မှတ်လက်ဝယ်ရထားသည့်အကြောင်းပြချက်ဖြင့် အပြစ်လွှတ်ခြင်းကို တောင်းဆိုနေခြင်းဖြစ်သည်။ နောင်တရ၍ ပြောင်းလဲခြင်းများမရှိလျှင် အပြစ်ကြောင့်ပျက်စီးကြလိမ့်မည်ဟု လူးသာသည် ၎င်းတို့အား ငြင်းဆိုသတိပေးလိုက်ရာ ထိုသူများသည် တက်ဇယ်ထံသို့သွား၍ ၎င်းတို့၏ဆရာက ထိုလက်မှတ်များကို အသိအမှတ်မပြုကြောင်းပြောဆိုကြပါသည်။ တစ်ချို့ကလည်း လက်မှတ်ဖိုးပေးထားသည့်ပိုက်ဆံကိုပြန်ပေးရန် ရဲဝံ့စွာတောင်းဆိုကြပါသည်။

ထိုအခါ တက်ဇယ်သည် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ဆိုးရွားသောကျိန်ဆဲမှုများကိုပြုပါသည်။ ထိုနောက် လူထုပန်းခြံများတွင် မီးများထွန်းကာ "သန့်ရှင်းသော ဤလက်မှတ်များကို ဆန့်ကျင်ရဲသော. . . . . . . . . . . . . . . . . . . . . . . . . . . . .

ဖောက်ပြန်ရေးသမားအားလုံးကို မီးရှို့သတ်ရန် ရဟန်းမင်း၏အမိန့်ကိုရရှိထားကြောင်း” သူဟစ်ကြွေးပါတော့သည်။

## လူးသာ၏အမှုတော်အစ

လူးသာထံမှ အရေးကြီးသောသတိပေးသံများကို တရားဟောစင်မြင့်ပေါ်မှထွက်ပေါ်လာသည်ကိုကြားကြရပေပြီ။ အကျိုးကို ပျက်ပြားစေသော အပြစ်၏သဘာဝကိုထောက်ပြကာ ထိုအပြစ်များကို လျော့ပါးသွားဖို့ အကျင့်အားဖြင့်မဖြစ်နိုင်ကြောင်း၊ ပြစ်ဒဏ်စီရင်ခြင်းမှကင်းလွတ်ရန် အကျင့်အားဖြင့်ရှောင်ထွက်ပြေးဖို့မဖြစ်နိုင်ကြောင်း လူထုကြီးအား လူးသာသွန်သင်ခဲ့ပါသည်။ ဘုရားသခင်ထံတွင် နောင်တရခြင်းနှင့် ခရစ်တော်အား ယုံကြည်ခြင်းအားဖြင့်သာ အပြစ်သားသည် ကယ်တင်ခြင်းရနိုင်ကြောင်း၊ ကျေးဇူးတော်သည် အခမဲ့ပေးသောဆုလက်ဆောင်ဖြစ်သဖြင့် ဝယ်ယူလို့မရနိုင်ကြောင်း၊ ထို့ကြောင့် အပြစ်မှပစားသည့်လက်မှတ်များကိုမဝယ်ကြဘဲ ကပ်တိုင်အတင်ခံခဲ့ရသောခရစ်တော်ကိုသာ ယုံကြည်ခြင်းအားဖြင့် မျှော်ကြည့်ကြဖို့လိုကြောင်း သူအကြံပြုခဲ့ပါသည်။

မိမိအနေဖြင့် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ ငြိမ်သက်ခြင်းနှင့်ဝမ်း မြောက်ခြင်းများကိုခံစားခဲ့ရကြောင်း တရားနာပရိတ်သတ်ကို အာမခံချက်ပေးကာ ရင်နာစရာအတွေ့အကြုံများကို သူရင်ဖွင့်ခဲ့ပါသည်။

တက်ဇယ်သည် ဘုရားတရားရှိဟန်ပြုသော ဟန်ဆောင်မှုကို ဆက်လက်ကျင့်သုံးနေရာ ပို၍ထိရောက်သောကန့်ကွက်မှုများကို လုပ်ဆောင်ရန် လူးသာဆုံးဖြတ်ခဲ့ပါသည်။ ဝစ်တင်းဘတ်ရှိရဲတိုက်

အသင်းတော်တွင် သန့်ရှင်းသောနေ့များ၌ ပရိသတ်များပူဇော်ရန် ထုတ်ပြလေ့ရှိသည့်အံတော်၊ ဆံတော်ရုပ်ကြွင်းများရှိပါသည်။

ထိုရုပ် ကြွင်းများကို ထုတ်ပြသည့်နေ့များတွင် ဘုရားကျောင်း သို့လာ၍ အပြစ်ဝန်ချသူများ၏အပြစ်များကို ကွင်းလုံးကျွတ်ခွင့် လွှတ်ခြင်းပေးခဲ့သည်။ အရေးအပါဆုံးထဲတွင် တစ်ခုအပါအဝင်ဖြစ် သော "သူတော်စင်များ၏ ပွဲတော်"နေ့သည်လည်း ချဉ်းကပ်လာနေ ပေပြီ။

လူးသာသည် ထိုဘုရား ကျောင်းသို့လာနေသောလူထုကြီးနှင့် ပူးပေါင်းကာ အပြစ်မှပစားခြင်း ယုံကြည်ချက်များနှင့်ဆန့်ကျင်နေသည့် (၉၅)ချက်ကို ဝစ်တင်းဘတ် ဘုရားကျောင်း၏တံခါးမကြီးတွင် ချိတ် ဆွဲဖော်ပြလိုက်ပါသည်။

သူ၏တင်ပြချက်ကို တစ်ကမ္ဘာလုံးကစိတ်ဝင်စားသွားသည်။ မြင်တွေ့သူများက ထို(၉၅)ချက်ကိုဖတ်ကာ ရောက်ရာအရပ်၌ ပြန် လည်ဖောက်သည်ချကြပါသည်။ တစ်မြို့လုံး၌ လှုပ်လှုပ်ရှားရှားဖြစ် သွားပါသည်။ အပြစ်မှခွင့်လွှတ်နိုင်သည့် အာဏာအပြစ်ဒဏ်ကို ပယ် ရှင်းနိုင်ခွင့်အာဏာကို ရဟန်းမင်းအပါအဝင်မည်သည့်လူသား၌မျှအပ် နှံထားခြင်းမရှိကြောင်း၊ ထို (၉၅)ချက်အားဖြင့် ထင်ရှားစေခဲ့ပါ သည်။

နောင်တရခြင်း၊ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကိုဘုရား သခင်ထံမှ အဖိုးအခမပေးရဘဲ ရရှိနိုင်ကြောင်း ထိုတင်ပြချက်များက ထင်ရှားစေခဲ့ပါသည်။

လူးသာတင်ပြသည့်အချက် (၉၅)ချက်ပါစာတမ်းသည် ဂျာမနီ တစ်ပြည်လုံးသို့ ပျံ့နှံ့သွားကာ ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ ပင် ဥရောပတစ်ခွင်လုံးသို့ ပျံ့နှံ့သွားခဲ့ပါသည်။ ရောမအသင်းတော် ကို စွဲလမ်းသောအသင်းသားအများစုသည် ဘုရားသခင်၏. . . . . .

အသံတော်သည် ထိုစာတမ်းတွင်ပါဝင်ကြောင်း အသိအမှတ်ပြုကာ ဝမ်းသာအားရဖတ်ရှုကြပါသည်။

ရောမအသင်းတော်ကို ဖန်တီးနေသည့် ဖောက်ပြန်ပျက်စီးမှု ဒီရေလှိုင်းကို ရပ်တန့်သွားစေရန် လက်တော်ကို ဘုရားသခင်ဆန့်တော်မူပြီဟု သူတို့ခံစားကြရပါသည်။

အသင်းတော်၏ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်မှုများကိုပယ်ချနေသည့် မောက်မာသောအာဏာတြန်ခိုးကို ရပ်တန့်သွားစေမှုအတွက် မင်းညီမင်းသားများနှင့် တရားသူကြီးများကလည်း ကြိတ်၍ ဝမ်းသာနေကြပါသည်။

မိမိတို့၏အကျိုးစီးပွါးကိုထိခိုက်နိုင်ကြောင်း မြင်တွေ့နေသည့် စဉ်းလဲသောအသင်းတော်ခေါင်းဆောင်များသည် ဒေါသထွက်နေကြပါသည်။

လူးသာသည် ခါးသီးသောစွပ်စွဲသူများနှင့် ရင်ဆိုင်ရပေမည်။ “စိတ်လှုပ်ရှားနေသည့် ရန်လိုသူများ၏စွပ်စွဲမှုများနှင့် ကင်းလွတ်သည့် သဘောတရားအသစ်ဖွင့်ဟနိုင်သူရှားတယ်ဆိုတာကို မည်သူမျှမသိကြဘူးလား။ ခရစ်တော်နဲ့တကွအာဇာနည်များဟာ ဘာကြောင့် အသတ်ခံခဲ့ကြရသလဲ။ ရှေးဟောင်းအယူအဆများရဲ့ သံတော်ဆင့်များထံမှာ ပထမဦးစွာနှိမ့်ချသောစိတ်ဖြင့် အကြံမယူဘဲအသစ်အဆန်းတွေကိုတင်ပြလို့ အသတ်ခံခဲ့ကြရတယ်”ဟု သူတို့တုံ့ပြန်ခဲ့သည်။

သူ့ရန်သူများ၏ပြစ်တင်ရှုတ်ချမှုများ၊ သူ့အကြံအစည်အပေါ်များယွင်းစွာအနက်ဖွင့်မှုများ၊ သူ့စာရိတ္တအပေါ် ဝန်တိုမှုအပြည့်ဖြင့် တုံ့ပြန်မှုများသည် လှိုင်းလုံးများအလား လူးသာကိုရိုက်ခတ်ပါတော့သည်။ ခေါင်းဆောင်များသည် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ဝမ်းသာအားရပူးပေါင်းလာကြမှာဘဲဟု သူယုံကြည်လျက်

အသင်းတော်အတွက် အာရုဏ်ဦးအလင်းရောင်ကို စိတ်အာရုံတွင် လူးသာမြင်တွေ့ထားပါသည်။

သို့ရာတွင် အားပေးသံများသည် ပြစ်တင်ရှုတ်ချသံများ အသွင်သို့ ကူးပြောင်းသွားခဲ့ပါသည်။ ဤသမ္မာတရားများကို လက်ခံခြင်းသည် ရောမ၏တန်ခိုးအာဏာအား ယုတ်လျော့စေသည်ကိုလည်းကောင်း၊ အသင်းတော်ဘဏ္ဍာတိုက်ထဲသို့ စီးဝင်နေသော ငွေဝင်လမ်းကြောင်းများစွာသည်လည်း ယခုတွင်ရပ်ဆိုင်းကုန်သည်ကိုလည်းကောင်း၊ ထိုအကြောင်းကြောင့် အသင်းတော်ခေါင်းဆောင်ကြီးများ၏ ခမ်းနားထည်ဝါမှုများလျော့နည်းသွားပြီကိုလည်းကောင်း များစွာသော နိုင်ငံရေးနှင့်ဘာသာရေးခေါင်းဆောင်ပိုင်းမှ မကြာခင်တွင်ပင် မြင်တွေ့လာခဲ့ပါသည်။

ကယ်တင်ခြင်းရရန် ခရစ်တော်တော်တစ်ပါးတည်းကိုသာ အားကိုးရန် သွန်သင်နေခြင်းသည် ရဟန်းမင်း၏ဦးဆောင်မှုကို ပျက်ပြားစေပြီးအဆုံးတွင် ၎င်းတို့၏အာဏာလည်း ထိပါးစေပါသည်။ ထိုကြောင့် သူတို့သည် မိမိတို့အား အလင်းပေးရန် ဘုရားသခင်စေလွှတ်တော်မူသော ထိုလူသားကို ဆန့်ကျင်ဘက်လုပ်ခြင်းအားဖြင့် ခရစ်တော်နှင့် သမ္မာတရားကို တိုက်ပွဲဝင်ရန် ကိုယ့်ကိုကိုယ်ပြင်ဆင်ခဲ့ကြပါသည်။

ဤကမ္ဘာကြီးရှိ သြဇာအာဏာနှင့်ပြည့်ဝသောသူများကို ဆန့်ကျင်နေသောသူတစ်ယောက်အဖြစ် မိမိကိုယ်ကိုရှုမြင်မိသောအခါ လူးသာသည် တုန်လှုပ်သွားခဲ့ပါသည်။

"ငါက ဘာကောင်မို့ တစ်ကမ္ဘာလုံးက ကြောက်ရွံ့တုန်လှုပ်နေရတဲ့ရဟန်းမင်းကြီးကို အာခံနေရတာလဲ။ ဒီ (၂)နှစ်အတွင်းမှာငါ့စိတ်ထဲမှာ ဘာတွေခံစားရလဲဆိုတာ၊ဘာစိတ်ပျက်စရာ၊အားငယ်စရာတွေကိုခံစား

ခဲ့ရတယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး”ဟု လူးသာရေးသားခဲ့ပါသည်။ လူသားများ၏ထောက်ခံမှုမရှိတော့သော်လည်း သူသည် ဘုရားသခင်ကိုမျှော်ကြည့်ကာ ကိုယ်တော်ကို အနန္တတန်ခိုးတော်နှင့်ပြည့်စုံသောလက်ရုံးတော်၌ လုံခြုံစွာမှီခိုနိုင်ခဲ့ပါသည်။

“မင်းရဲ့ပထမဦးဆုံးလုပ်ရမည့်တာဝန်က ဆုတောင်းခြင်းဖြင့်အစပြုဖို့ဘဲ။ တို့ရဲ့ကိုယ်ပိုင်လုပ်ဆောင်မှုများနဲ့ နားလည်တတ်ကျွမ်းမှုများကနေ ဘာမှမျှော်လင့်လို့မရဘူး။ ကိုယ်တော်ရှင်၌ လုံးလုံးကိုးစားပါ။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့အုပ်စိုးမှုကို ကိုးစားပါ”ဟု မိတ်ဆွေတစ်ဦးထံသို့ လူးသာရေးသားပေးပို့ခဲ့ပါသည်။ ဤအချိန်ကာလတွင် အသက်ရှင်နေထိုင်သူများထံသို့သွား၍ သမ္မာတရားကိုဟောကြားဖို့ ဘုရားသခင်က ကျွန်ုပ်တို့ကိုခေါ်တော်မူသည်ဟု ခံစားချက်ရှိသူများအတွက် ဤအချက်သည် အရေးပါသောသင်ခန်းစာတစ်ခုဖြစ်ပါသည်။

မကောင်းဆိုးဝါးများ၏အာဏာတန်ခိုးနှင့် ယှဉ်ပြိုင်တိုက်လှန်သောအချိန်တွင် လူသားများ၏အသိပညာများထက် ပို၍လိုအပ်နေသောအသိဉာဏ်ပညာများထက် ပို၍လိုအပ်နေသောအရာများရှိနေသေးသည်ဆိုသည်မှာ ဤတွင်ထင်ရှားနေပါသည်။

## သမ္မာကျမ်းစာတစ်ခုတည်းကိုသာ လူးသာအားကိုးအားထားပြုခြင်း

လူးသာ၏ရန်သူများက ဓလေ့ထုံးစံနှင့်ရိုးရာများကို အားကိုးအားထားပြုသောအချိန်တွင် လူးသာအနေဖြင့် သမ္မာကျမ်းစာတစ်ခုတည်းကိုသာ အားကိုးအားထားပြုခဲ့သဖြင့် ၄င်းတို့သည်. . . . . . .

မည်သို့မျှငြင်းဆိုခြင်းမပြုနိုင်တော့ချေ။ လူးသာဟောသော တရားဟောချက်များနှင့် ရေးသားခဲ့သောစာအုပ်များမှ ပေါ်ထွန်းလာသည့် အလင်းတန်းများသည် လူများစွာတို့အား နိုးထထွန်းလင်းလာစေနိုင်ခဲ့ပါသည်။

နှုတ်ကပါတ်တော်သည် နှစ်ဖက်အသွားပါသောဓါးနှင့်တူပြီး လူသားများ၏စိတ်နှလုံးကို ထိုးဖောက်နိုင်စွမ်းရှိပါသည်။ လူသားများ၏ဝတ်ပြုကိုးကွယ်မှုနှင့် လောကကြားဖျန်ဖြေသူကိုသာကြည့်ဖို့ အချိန်ကြာမြင့်စွာညွှန်ကြားခြင်းခံနေရသူများသည် ယခုတွင်မူ ခရစ်တော်အား ယုံကြည်ခြင်းအားဖြင့်ကြည့်ရန် ဦးလှည့်နေကြပါပြီ။

ဤသတင်းသည် အလျင်အမြန်ပျံ့နှံ့သွားသဖြင့် အသင်းတော်အာဏာပိုင်များသည် စိုးရိမ်လာကြပါသည်။ သို့နှင့် လူးသာသည် ရောမမြို့သို့လာ၍ အသင်းတော်အာဏာပိုင်များနှင့်တွေ့ဆုံရန် ဆင့်ခေါ်ခြင်းခံခဲ့ရပါသည်။

ခရစ်တော်၏အာဇာနည်များသွေးကို သောက်ခဲ့သောဖောက်ပြန်ပျက်စီးနေသည့် ထိုမြို့တော်သို့သွားခြင်းသည် လူးသာအတွက် အန္တရာယ်များသည်ကို မိတ်ဆွေများကသိသဖြင့် ဂျာမနီမှာ အစစ်ဆေးခံရန် သူ့အားအကြံပေးကြသည်။

ဤအကြံပေးချက်ကို အတည်ပြုခဲ့သည်။ ဤအမှုကို ကြားနာရန် သံတမန်ငယ်တစ်ဦးကို ခန့်အပ်ခဲ့သည်။ လူးသာအား ဘာသာရေးဖောက်ပြန်သူတစ်ဦးအဖြစ် ကြေညာထားပြီဖြစ်ကြောင်း ထိုအရာရှိအားပေးသည့်ညွှန်ကြားချက်တွင် ဖော်ပြထားပြီးဖြစ်ရာ ၎င်းအနေဖြင့် လူးသာအား နှောင့်နှေးခြင်းမရှိဘဲ ဖမ်းဆီးအရေးယူရန်သာဖြစ်ပါသည်။ လူးသာအား ဂျာမနီပြည်အနှံ့အပြား၌ မတရားသတင်းကြေညာခွင့်နှင့် သူ့အားစွဲလမ်းချစ်ခင်နေသူများအားလုံးကို နယ်နှင်ဒဏ်

ပေးခြင်း၊ ကျိန်ဆဲခြင်းနှင့် အသင်းတော်မှထုတ်ပစ်ခြင်းအခွင့်များကို ထိုသံတမန်အား အပ်နှင်းထားပါသည်။ ၄င်းပြင် လူးသာအား ဖမ်းဆီးပေးရန် လျစ်လျူရှုသောနိုင်ငံရေးနှင့်ဘာသာရေးခေါင်းဆောင်များ (ဧကရာဇ်ဘုရင်မှလွဲ၍)ကိုလည်း အသင်းတော်မှကြဉ်ထားရန် ထိုသံတမန်အား အာဏာလွှဲအပ်ခဲ့ပါသည်။

ထိုလုပ်ရပ်များသည် ခရစ်ယာန်စည်းမျဉ်းများနှင့် မကိုက်ညီသည့်အပြင် အရပ်ဘက်တရားစီရင်ခြင်းနှင့်လည်း မကိုက်ညီပါ။ လူးသာအနေဖြင့် မိမိ၏အနေအထားကို ရှင်းပြခွင့်၊ ကာကွယ်ပိုင်ခွင့်လုံးဝမရှိပါ။ သို့စေကာမူ လူးသာသည် ဘာသာရေးဖောက်ပြန်သူဖြစ်ကြောင်း ကြေညာခဲ့သည်။ တစ်နေ့တည်းမှာပင် သတိပေးခြင်းစွပ်စွဲခြင်း၊ တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းများကိုပြုလုပ်ခဲ့ကြပါသည်။

လူးသာအနေဖြင့် မိတ်ဆွေကောင်းတစ်ဦးထံမှ အကြံဉာဏ်ကောင်းများလိုအပ်နေသောအချိန်တွင် ဘုရားသခင်သည် မက္ကလန်သန်ကို ဝစ်တင်းဘတ်သို့စေလွှတ်ခဲ့ပါသည်။ ထိုသူသည် ခိုင်မာသောဆုံးဖြတ်ချက်နှင့် စင်ကြယ်ဖြောင့်မတ်သောစာရိတ္တများကြောင့် လူအများ၏ချစ်ခင်မှုကို ခံရသူဖြစ်သည်။

များမကြာမီမှာပင် သူသည်လူးသာ၏ရင်းနှီးသောမိတ်ဆွေဖြစ်လာရာ သူ၏နူးညံ့မှု၊ သတိရှိမှုနှင့် တိကျမှုတို့သည် လူးသာအားအားတက်စေခဲ့ပါသည်။

အောက်စဘတ်မြို့ကို တရားစီရင်ရာနေရာအဖြစ် သတ်မှတ်ခဲ့ရာ လူးသာသည် ထိုမြို့သို့ ခြေလျင်လာခဲ့ပါသည်။ လမ်းခရီးတွင် အသတ်ခံရလိမ့်မည်ဟူသော ခြိမ်းခြောက်မှုများကြောင့် မစွန့်စားရန် မိတ်ဆွေများက တောင်းပန်ကြသော်လည်း လူးသာက "ငါဟာ. . . .

ယေရမိလို ရန်လိုသောသူ၊ အပြင်းသန်သူတစ်ဦးဖြစ်တယ်။ ဒါပေမယ့် သူတို့က ပိုပြီးခြိမ်းခြောက်လေ ငါကတော့ပိုပျော်လေပဲ။ သူတို့ဟာ ငါ့ရဲ့ဂုဏ်သိက္ခာတွေကို ဖျက်ဆီးခဲ့ကြပြီး ငါ့ဝိညာဉ်ကိုတော့ သူတို့မ ဖျက်ဆီးနိုင်ပါဘူး။ ခရစ်တော်ရဲ့တရားတော်ကို ဤကမ္ဘာမှာ ဟော ကြားလိုတဲ့သူဟာ အချိန်တိုင်း၊ စက္ကန့်တိုင်းမှာ သေခြင်းနဲ့ ရင်ဆိုင် ရနိုင်တယ်လို့ မျှော်လင့်ထားရမယ်”ဟု ဖွင့်ဆိုခဲ့ပါသည်။

အောက်စဘတ်သို့ လူးသာရောက်ရှိလာခြင်းသတင်းကြောင့် ရဟန်းမင်း၏သံတမန်မှာ အတော်ကျေနပ်သွားပါသည်။ ကမ္ဘာ့စိတ်ဝင် စားမှုကိုဖြစ်စေသည့် ထိုဒုက္ခသည် ဖောက်ပြန်ရေးသမားသည် ယခုတွင်မူ လွတ်လမ်းမရှိသည့် ရောမအသင်းတော်၏လက်ထဲသို့ကျ ရောက်ပုံပေါ်နေပါသည်။ ထိုသံတမန်သည် လူးသာအားအလျော့ပေး နောက်ဆုတ်ရန် ဖိအားပေးဖို့ ရည်ရွယ်ချက်ရှိခဲ့သည်။ လူးသာက နောက်မဆုတ်ပါလျှင် ရောမသို့ခေါ်သွားကာ ဟပ်စ်နှင့် ဂျရုမ်းတို့ကို လုပ်သကဲ့သို့ သုတ်သင်ရန် ရောမသို့ခေါ်သွားက ဟစ်စ်နှင့် ဂျရုမ်းတို့ကို လုပ်သကဲ့သို့ သုတ်သင်ရန် စီစဉ်ထားခဲ့ပါသည်။ ထို့ကြောင့် လုံခြုံရေး အစောင့်အကြပ်များမပါဘဲ ရောမသို့လာရန် ကိုယ်စားလှယ်စေလွှတ် ကာ သွေးဆောင်ခဲ့ပါသည်။ သို့ရာတွင် ထိုအချက်ကို လက်မခံဘဲ လုံခြုံရေးအတွက် ဧကရာဇ်ဘုရင်ထံမှ အာမခံချက်ရမှသာ လူးသာ သည် သူ့ထံသို့သွားရောက်အစစ်ခံခဲ့ပါသည်။

လူးသာအား နူးညံ့သောသွင်ပြင်လက္ခဏာဖြင့် သိမ်းသွင်းရန် ရောမအသင်းတော်က ပေါ်လစီချမှတ်ခဲ့ပါသည်။ ထိုသံတမန်သည် အထူးရင်းနှီးမှုကိုပြသော်လည်း အသင်းတော်ကို လုံးလုံးယုံကြည် မှုရှိကာ တောင်းဆိုချက်တိုင်းကို ငြင်းချက်မထုတ်ဘဲ လက်ခံရန် လူး သာအား တောင်းဆိုပါသည်။ လူးသာက တုံ့ပြန်သည့်အနေဖြင့်. . . .

အသင်းတော်အပေါ် ထားသည့် ၎င်း၏သဘောထား၊ သမ္မာတရားကို လိုလားသည့် ၎င်း၏ဆန္ဒ၊ မိမိသွန်သင်ခဲ့သမျှအပေါ် ငြင်းချက်ထုတ်ထားသည်များကိုဖြေရှင်းရန် အဆင်သင့်ရှိပုံနှင့် မိမိ၏ယုံကြည်ချက်အပေါ် ဦးဆောင်တက္ကသိုလ်ကြီး၏ဆုံးဖြတ်ချက်များရယူလိုပုံများကို ဖွင့်ဟသွားပါသည်။

သို့ရာတွင် မိမိအမှားကို ထောက်မပြဘဲ မိမိအား အလျှော့ပေးနောက်ဆုတ်ရန် တောင်းဆိုနေခြင်းကိုမူ ကန့်ကွက်ခဲ့ပါသည်။

ထိုအခါ ထွက်ပေါ်လာသည့် တစ်ခုတည်းသောတုံ့ပြန်ချက်မှာ "အလျှော့ပေးနောက်ဆုတ်ပါ"ပင်ဖြစ်ပါသည်။

မာတင်လူးသာက မိမိ၏ရပ်တည်မှုကို သမ္မာကျမ်းစာက ထောက်ခံနေကြောင်း မိမိအနေဖြင့် အမှန်တရားကို ငြင်းပယ်နိုင်မှာ မဟုတ်ကြောင်း ပြောပြခဲ့ပါသည်။ လူးသာ၏ငြင်းဆိုချက်အပေါ် မည်သို့မျှတုံ့ပြန်နိုင်ခြင်းမရှိသည့် ထိုသံတမန်က အပြစ်ဝင်ဝေဖန်စကား၊ သရော်စကား၊ ကြွားဝါစကား၊ ရိုးရာဓလေ့နှင့် မိရိုးဖလာပုံပြင်များ၊ ကောက်နုတ်ချက်များဖြင့် လူးသာ ပြောခွင့်မရအောင် ရေပက်မဝင်ဖိပြောနေပါသည်။ အဆုံးတွင် လူးသာသည် သူပေးမည့်အဖြေကို စာဖြင့်ရေးတင်ရန် ခွင့်ပြုချက်ရခဲ့ပါသည်။

"ငါရေးထားတာတွေကို သူများဆုံးဖြတ်ချက်ချဖို့ ပို့ပေးရကောင်းပို့ပေးရလိမ့်မယ်။ ပိုင်စိုးပိုင်နင်းစကားများဖြင့် အနိုင်ယူတတ်သောမောက်မာသည့်အာဏာရှင်တစ်ဦးကို ကြောက်တဲ့စိတ်နဲ့ အလုပ်လုပ်ရတာလည်း ပိုပြီးကောင်းတဲ့အခွင့်အရေးတစ်ခုပဲလို့ ဒုတိယအချက်အနေနဲ့ပြောချင်တယ်"ဟု မိတ်ဆွေတစ်ဦးထံ သူစာရေး၍ပြောခဲ့ပါသည်။

လူးသာသည် နောက်တစ်ကြိမ်တွေ့ဆုံသောအခါ သမ္မာကျမ်းစာကိုကိုးကားလျက် မိမိ၏အမြင်ကို လိုရင်းတိုရှင်း အဓိပ္ပါယ်ပြည့်စုံသောဖော်ပြချက်တစ်ခုအားဖြင့် တင်ပြခဲ့ပါသည်။

ထိုစာတမ်းကို အသံထွက်ဖတ်ပြပြီးနောက် ဂိုဏ်းချုပ်ကြီးကိုပေးအပ်လိုက်ရာ ထိုဂိုဏ်းချုပ်ကြီးက ဤစာတမ်းသည် မဆီလျော်သောကိုးကားချက်များ၊ အနှစ် သာရမရှိသောဝေါဟာရများနှင့်ပြီးသော စာတမ်းဖြစ်ကြောင်း ကြေညာကာ မထီမဲ့မြင်ဟန်ဖြင့် ဘေးသို့လွှင့်ပစ်ခဲ့ပါသည်။ ယခုတွင် လူးသာသည် မိမိကျွမ်းကျင်သောအသင်းတော်၏သွန်သင်ချက်နှင့် ရိုးရာဓလေ့များအကြောင်းနှင့်ပတ်သက်၍ ထိုဂိုဏ်းချုပ်နှင့် ရင်ဆိုင်ခဲ့ရရာ လုံးလုံးကြီးအောင်ပွဲဆင်ခဲ့ပါသည်။

ထိုဂိုဏ်းချုပ်သည် စိတ်မထိန်းနိုင်တော့ဘဲ "အလျှော့ပေးနောက်ဆုတ်ပါ၊ မဟုတ်ရင် မင်းကို ရောမပို့ရလိမ့်မယ်"ဟု ဒေါသတကြီးအော်ပါတော့သည်။ နောက်ဆုံးတွင် "အလျှော့ပေးနောက်ဆုတ်ပါ၊ မဟုတ်ရင် မင်းပြန်လမ်းမရှိတော့ဘူး"ဟု နားထင်သွေးရောက်ကာ စိတ်ဆိုးမာန်ဆိုးအသံဖြင့် ဟစ်ကြွေးခဲ့ပါသည်။

လူးသာသည် မိမိမိတ်ဆွေများနှင့်အတူ ဆိုင်းမဆင့်ဗုံမဆင့်ထွက်သွားပါသည်။ ၎င်းထံမှ မည်သည့်အလျှော့ပေးမှုကိုမျှမမျှော်လင့်နှင့်ဟု ရှင်းလင်းစွာဖွင့်ဆိုသောသဘောဖြစ်သည်။ ဤအခြေအနေမျိုးဖြစ်လာဖို့ ထိုဂိုဏ်းချုပ်ကြီးရည်ရွယ်မထားပါ။ ယခုမှာမူ မိမိနှင့်မိမိအား ထောက်ခံသူများသာကျန်ခဲ့တော့ရာ မိမိ၏အကြံအထမမြောက်မှုကြောင့် မခံချိမခံသာဖြစ်ကာ တစ်ဦးစီ၏မျက်နှာများကိုသူလိုက်ကြည့်နေပါသည်။

ထိုအခမ်းအနားသို့ တက်ရောက်လာကြသော လူအုပ်ကြီးအနေဖြင့်လည်း ဤပုဂ္ဂိုလ်(၂)ဦးကို နှိုင်းယှဉ်ကြည့်ဖို့ အခွင့်အရေးရရှိသွားပါသည်။ ထိုပုဂ္ဂိုလ်(၂)ဦးဖော်ပြခဲ့သည့် စိတ်နေသဘောထားကိုလည်းကောင်း၊ ၎င်းတို့ရပ်တည်မှု၏ခိုင်မာပုံနှင့် မှန်ကန်ပုံများကိုလည်းကောင်း၊ ပရိသတ်အနေဖြင့် သူတို့ကိုယ်တိုင်ဆုံးဖြတ်ဖို့ အခွင့်အရေးရခဲ့ကြပါသည်။ လူးသာမှာ ရိုးစင်းသည်၊ နှိမ့်ချမှုရှိသည်။ ကြံ့ခိုင်သည် ၊ သမ္မာတရားကိုပိုင်ဆိုင်ထားသည်။ ရဟန်းမင်း၏သံတမန်မှာမူ ဘဝင်မြင့်သည်၊ ငါတကောကောတတ်သူဖြစ်သည်။ ပြောဆိုရာတွင် ကျိုးကြောင်းဆီလျော်မှုမရှိ။

ကျမ်းစာမှကျမ်းတစ်ချက်ကိုမျှ ကိုးကား ပြောဆိုနိုင်ခြင်းမရှိသော်လည်း “အလျော့ပေးနောက်ဆုတ်ပါ။ ရောမကိုအပို့ခံရမယ်” ဟူ၍သာ အသံကုန်ဟစ်အော်နေပါသည်။

## အောက်စဘတ်မှလွတ်မြောက်သွားခြင်း

အောက်စဘတ်မှတွင်ဆက်နေလျှင်လည်း အကျိုးထူးမည်မဟုတ်သောကြောင့် ဝစ်တင်းဘတ်သို့အမြန်ပြန်ရန် မိတ်ဆွေများက တိုက်တွန်းခဲ့ကြပါသည်။ သတိဝီရိယရှိဖို့ မိတ်ဆွေများကတိုက်တွန်းခဲ့ကြပါသည်။ ထို့ကြောင့် လူးသာသည် တရားသူကြီးတစ်ဦးက စီစဉ်ပေးသောလမ်းပြတစ်ဦးနှင့်အတူ မိုးမလင်းမီမြင်းစီးပြီး အောက်စဘတ်မြို့မှထွက်ခွါခဲ့ပါသည်။

သူသည် ထိုမြို့တော်၏အမှောင်ထုဖုံး လွှမ်းနေသောလမ်းများအတိုင်း လျှို့ဝှက်စွာခရီးနှင်ခဲ့ရပါသည်။ ရက်စက်ကြမ်းကြုတ်၍ နိုးနိုးကြားကြားရှိသောရန်သူများသည် သူ့အား . . . . . . . . . . . . . . .

သုတ်သင်ပစ်ရန် ကြိုးစားနေကြသည်။ ထိုအချိန်များသည် စိတ်ပူစရာကောင်းသလို ဆုတောင်းခြင်းအားဖြင့် အသက်ရှင်ရသည့်အချိန်လည်းဖြစ်သည်။ သူတို့သည် မြို့တော်၏အဝင်အထွက် တံခါးသို့ရောက်ရှိသွားရာ ပွင့်နေသည်ကိုတွေ့ရသဖြင့် ဖြတ်ကျော်ခဲ့ပါသည်။ လူးသာထွက်ခွါသွားကြောင်း ထိုသံတမန်သိရှိသောအချိန်မတိုင်မီမှာပင် သူတို့သည် ရန်သူများလက်လှမ်းမမီသောနေရာသို့ ရောက်ရှိသွားကြလေပြီ။

ထိုသံတမန်သည် လူးသာလွတ်မြောက်သွားခြင်းသတင်းကြောင့် အံ့အားသင့်သွားသကဲ့သို့ ဒေါသလည်းထွက်သည်။ အသင်းတော်ကို ဒုက္ခပေးနေသည့် ဤပုဂ္ဂိုလ်အပေါ် လုပ်ဆောင်ရာတွင် ဖော်ပြခဲ့သော မိမိ၏မဆုတ်မနစ်ဆောင်ရွက်ခြင်းအတွက် ဂုဏ်ပြုခံရမည်ဟု သူမျှော်လင့်ထားခဲ့သည်။ သို့နှင့် လူးသာအား ရောမကို ပြန်ပို့နိုင်လျှင်ပြန်ပို့ပေးပြီး မပို့နိုင်ပါလျှင် ဆက္ကဆိုနီပြည်မှနှင်ထုတ်ပေးပါရန် ဆက္ကဆိုနီအုပ်ချုပ်ရေးမှူး ဖရက်ဒရစ်ထံ သူစာရေးအကြောင်းကြားလိုက်ပါသည်။

ထိုအချိန်တွင် ထိုအုပ်ချုပ်ရေးမှူးသည် လူးသာ၏ယုံကြည်ချက်များကို များများစားစားမသိရှိသေးသော်လည်း လူးသာဟောသောတရားစကားများ၏ရှင်းလင်းမှုနှင့် တန်ခိုးပါမှုများကြောင့် ဘာသာရေးပြုပြင်ပြောင်းလဲရေးဘက်တွင် စိတ်ဝင်စားနေသူဖြစ်သည်။ လူးသာ၏အမှားကို ထောက်မပြနိုင်သမျှကာလပတ်လုံး လူးသာအားအကာအကွယ်ပေးရန် ဖရက်ဒရစ်ဆုံးဖြတ်ထားပါသည်။ ထိုကြောင့် "ဒေါက်တာမာတင်သည် အောက်စဘတ်သို့လာရောက်ရှင်းပြပြီးဖြစ်သဖြင့် လူကြီးမင်းအနေဖြင့် ကျေနပ်သင့်ပါပြီ။ သူ့ကို အမှားထောက်

မပြနိုင်ဘဲ နောက်ဆုတ်အလျှော့ပေးရန် လူကြီးမင်းကြိုးစားလိမ့်မယ် လို့လည်း ကျွန်ုပ်တိုပမျှော်လင့်မထားပါ။

မာတင်၏ယုံကြည်ချက်များသည် ဘုရားတရားမဲ့ခြင်း၊ ခရစ်ယာန်မဆန်ခြင်း (သို့မဟုတ်) ဘာသာရေးဖောက်ပြန်ခြင်းများနှင့် ပြည့်စုံသည်ဟုလည်း ကျွန်ုပ်၏နယ်အတွင်းရှိ မည်သည့်ပညာရှိများ ကမှ ကျွန်ုပ်အား သတင်းပေးခြင်းမရှိခဲ့ပါ"ဟု ဖရက်ဒရစ်က သံတမန် ကြီးထံ ပြန်လည်ရေးသားအကြောင်းကြားခဲ့ပါသည်။ ပြုပြင်ပြောင်း လဲမှုလိုအပ်ကြောင်း မြင်တွေ့ထားသည့် အုပ်ချုပ်ရေးမှူးသည် အသင်း တော်တွင် မာတင်လူးသာ၏ ဩဇာသက်ရောက်မှုများ ပိုမိုကျယ်ပြန့် လာသည့်အတွက်လည်း ကြိတ်ပြီးဝမ်းသာနေပါသည်။

ဝစ်တင်းဘတ်ရှိ ရဲတိုက်ဘုရားကျောင်း၌ စာတမ်းများကို ကပ်ပြီးသည့်နောက် တစ်နှစ်ခန့်သာရှိသေးသည့်အချိန်တွင် မာတင် လူးသာ၏စာများကြောင့် နေရာတိုင်းတွင် သမ္မာကျမ်းစာကို စိတ်ဝင် စားလာကြပါသည်။

ဂျာမနီပြည်နေရာအနှံ့မှ ကျောင်းသားများအပြင် တိုင်းနိုင်ငံ အရပ်ရပ်မှကျောင်းသားများသည် ဝစ်တင်းဘတ်တက္ကသိုလ် ကြီးကို ပထမဦးဆုံးအကြိမ်အဖြစ် မြင်တွေ့လိုက်ရသည့် လူငယ်တစ် ဦးမှာ "လက်ကို ကောင်းကင်သို့မြှောက်ကာ ထိုမြို့မှနေ၍ ဖြောင့်မတ် ခြင်းတရားအလင်းများကို ထွန်းလင်းပေးသည့်အတွက် ဘုရားသခင် ၏ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းခဲ့ပါသည်။

လူးသာသည် ထိုအချိန်အထိ ရောမအသင်းတော်၏မှားယွင်း မှုများမှ တစ်ဝက်တစ်ပျက်ကိုသာ ပြောင်းလဲနိုင်ခဲ့ပါသေးသည်။ သို့ရာတွင် သူက "ကျွန်ုပ်သည် ရဟန်းမင်း၏ဆင့်ဆိုချက်အမိန့် . . .

များကိုဖတ်လျက်ရှိပါတယ်။ ရဟန်းမင်းကဟာ အန္တိခရစ်လား၊ ခရစ်တော်ရဲ့တမန်တော်လားဆိုတာကိုလည်း ကျွန်ုပ်မသိဘူး။ ဒါပေမယ့် ခရစ်တော်ကိုတော့ အကြီးအကျယ်များယွင်းစွာရုပ်လုံးဖော်နေတယ်”ဟု ရေးသားခဲ့ဖူးသည်။

ရောမအသင်းတော်သည် လူးသာ၏တိုက်ခိုက်ပြောဆိုမှုများကြောင့် ပို၍ဒေါသထွက်လာသည်။ လူးသာကိုသတ်သည့်ပုဂ္ဂိုလ်၌ အပြစ်ရှိမည်မဟုတ်လောဟု ကာတိုလိတ်တက္ကသိုလ်မှ တစ်ယူသန်ပြိုင်ဘက်ပါရဂူများက ကြွေးကြော်ခဲ့ကြသည်။ သို့ရာတွင် ထာဝရဘုရားသခင်သည် လူးသာ၏အကာအကွယ်ဖြစ်တော်မူ၏။

သူ၏ယုံကြည်ချက် များကို တဲအိမ်များ၌လည်းကောင်း၊ အမျိုးသမီးကျောင်းများ၊ ဂုဏ်သရေရှိလူကြီးများ၏ရဲတိုက်များ၊ တက္ကသိုလ်များနှင့်ဘုရင့်နန်းတော်များ၌လည်းကောင်း၊ နေရာအနှံ့တွင် ကြားသိခဲ့ကြရပါသည်။

ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်ဟူသောအမှန်တရားကို ဘူဟီးမီးယားမှ ပြုပြင်ပြောင်းလဲရေးသမား ဂျွန်ဟပ်စ်စွဲကိုင်ခဲ့သည်ကို ဤအချိန်လောက်တွင် လူးသာသဘောပေါက်ခဲ့သည်။ “ပေါလုတို့၊ ဩဂတ်စတင်းတို့အပါအဝင် ကျွန်ုပ်တို့အားလုံးဟာ ဟတ်ဆိုက်များဖြစ်တယ်ဆိုတာကို မသိခဲ့ကြဘူး။ ဒီအမှန်တရားကို နှစ်ပေါင်းတစ်ရာကျော်လောက်ကတည်းကဟောကြားခဲ့ပြီး ဟောတဲ့လူလည်း မီးရှို့အသတ်ခံခဲ့ရပြီ”ဟု လူးသာပြောဆိုခဲ့သည်။

“တက္ကသိုလ်ကျောင်းကြီးများဟာ သမ္မာကျမ်းစာကို ကြိုးစားပြီးရှင်းလင်းသင်ကြားမှုမပြုရင်၊ လူငယ်တွေရဲ့နှလုံးသားထဲ၌ သမ္မာတရားအလင်းကို မထည့်သွင်းနိုင်ရင် အဲဒီကျောင်းတွေဟာ ငရဲပြည်ရဲ့မဟာဂိတ်တံခါးကြီးတွေဖြစ်လာကြလိမ့်မယ်။

နှုတ်ကပါတ်တော်ကို မနားမနေကြိုးစားရှာဖွေလေ့ကျက်မှုမရှိတဲ့ ကျောင်းတိုင်းဟာ ဖောက်ပြန်ပျက်စီးလာလိမ့်မယ်”ဟု တက္ကသိုလ်ကျောင်းများကို လူးသာစာရေးအကြောင်းကြားခဲ့ပါသည်။

ဤတောင်းဆိုချက်ကို ဂျာမနီပြည်အနှံ့ရှိတက္ကသိုလ်များသို့ပို့ခဲ့ရာ တစ်နိုင်ငံလုံးတွင် လှုပ်ရှားသွားပါသည်။ သူ့အား ထိထိရောက်ရောက်အရေးယူရန် ရဟန်းမင်းအား သူ့ပြိုင်ဘက်များက တိုက်တွန်းခဲ့ကြပါသည်။ သို့ဖြင့် ၄င်း၏ယုံကြည်ချက်များကို ချက်ချင်းရှုတ်ချကြောင်း အမိန့်ထုတ်ပြန်ကာ လူးသာနှင့်တကွ ၄င်း၏နောက်လိုက်များအား အကယ်၍ နောင်တမရကြလျှင် အသင်းတော်မှကြဉ်ထားရန် အမိန့်ထုတ်လိုက်ပါသည်။

## ကြောက်စရာအကျပ်အတည်းကာလ

ဘာသာရေးပြုပြင်ပြောင်းလဲရေးအတွက် ကြောက်စရာအကျပ်အတည်းကာလတွင်ရောက်နေပါသည်။ အခြေအနေဆိုးဖြစ်ပေါ်နိုင်သည်ကို လူးသာမမြင်မသိသည့်အတွက်ကြောင့်မဟုတ်ပါ။ ခရစ်တော်အား မိမိ၏အထောက်အမ၊ အကာအကွယ်ဖြစ်သည်ဟု သူယုံကြည်ကိုးစားနေသောကြောင့် ဆက်လက်လှုပ်ရှားနေခြင်းဖြစ်သည်။

“ဘာတွေဖြစ်လာမယ်ဆိုတာ ကျွန်ုပ်မသိဘူး။ သိအောင်လည်းမကြိုးစားဘူး။ သစ်ရွက်ကလေးတစ်ရွက်တောင်မှ အဖဘုရားအလိုတော်မရှိလျှင် မကြွေကျရဘူး။ ကိုယ်တော်ဟာ ကျွန်ုပ်ကို ဘယ်လောက်များတောင် ဂရုပြုစောင့်ရှောက်တော်မူလိမ့်မလဲ။ နှုတ်ကပါတ်တော်ဟာ.........................

လူဇာတိကိုခံယူပြီး ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့တာကြောင့် နှုတ်ကပါတ်တော်အတွက် အသေခံရမှာ ပြဿနာမရှိပါဘူး”ဟု သူဖွင့်ဟခဲ့ပါသည်။

ရဟန်းမင်း၏အမိန့်စာသည် လူးသာထံသို့ရောက်လာသောအခါ သူက “ကျွန်ုပ်ဟာ ဒီအမိန့်ကိုဂရုမစိုက်ဘူး။ ဘုရားတရားမဲ့မှားယွင်းမှုတစ်ခုအဖြစ်တိုက်လှန်မယ်။ ဒီအထဲမှာ ပြစ်ဒဏ်စီရင်ခြင်းခံနေရတာက ခရစ်တော်ကိုယ်တော်တိုင်ဖြစ်တယ်။ ကျွန်ုပ်ရဲ့စိတ်နှလုံးကတော့ အနှောင်အဖွဲ့ကင်းနေပါပြီ။ ဘာကြောင့်လဲဆိုတော့ ရဟန်းမင်းဟာ အန္တိခရစ်ဖြစ်ပြီး သူစွဲကိုင်ထားတဲ့အာဏာတန်ခိုးဟာ စာတန်ကိုယ်တိုင်ရဲ့အာဏာတန်ခိုးဖြစ်နေတာကို အဆုံးကျမှ ကျွန်ုပ်သိခဲ့ရတယ်”ဟု ပြောကြားခဲ့သည်။

သို့စေကာမူ ရောမမှထုတ်ပြန်သည့်အမိန့်မှာ အကျိုးသက်ရောက်မှုမရှိခဲ့သည်တော့မဟုတ်ပါချေ။ အားနည်းပြီး အယူသီးသူများမှာ ရဟန်းမင်း၏အမိန့်ထုတ်ပြန်ချက်ကြောင့် ကြောက်ရွံ့တုန်လှုပ်လာကြသည်။ အသက်သည် တန်ဖိုးရှိလှသဖြင့် မစွန့်စားသင့်ဟု သူအများကယူဆကြသည်။ လူးသာ၏ဘာသာရေးပြုပြင်ပြောင်းလဲရေးအလုပ်မှာ ဤမျှနှင့်ပင်ရပ်ဆိုင်းသွားတော့မည်လား။

လူးသာသည် ယခုတိုင်အောင် ကြောက်ရွံ့ခြင်းကင်းမဲ့ဆဲဖြစ်၏။ သူသည် ကြောက်လန့်စရာတန်ခိုးအာဏာကိုအသုံးပြုလျက်ရောမအသင်းတော်ကို ပြန်လည်ပြစ်တင်ရှုပ်ချခဲ့ပါသည်။

လူတန်းစား အလွှာအသီးအသီးဖြင့် ပါဝင်ပေါင်းစပ်လျက်ရှိသောလူထုကြီးရှေ့တွင် ရဟန်းမင်းကြီးပေးပို့လိုက်သောအမိန့်စာကို မီးရှို့ပစ်လိုက်ပါသည်။ “ပြင်းထန်တဲ့တိုက်လှန်ပွဲတစ်ခုတော့ အခုစပြီ။ အခုချိန်ကစပြီး . . . . . . . . . . . . . . . . . . . . . . . . . . .

ကျွန်တော်တော့ ရဟန်းမင်းနဲ့စကားနေပြီ။ ဒီအလုပ်ကို ဘုရားသခင်ရဲ့ နာမတော်နဲ့ ကျွန်တော်စခဲ့တယ်။ ဒီအလုပ်ကို ကျွန်တော့်ခွန်အားနဲ့အဆုံးမသတ်ဘဲ ကိုယ်တော်ရဲ့တန်ခိုးတော်နဲ့အဆုံးသတ်မယ်။ ဘုရားသခင်က ကျွန်တော့်ကိုရွေးချယ်ခဲ့တာ၊ ခေါ်တော်မူခဲ့တာ ဟုတ်မဟုတ် ဘယ်သူသိသလဲ။ ကျွန်တော့်ကို စော်ကားခြင်းအားဖြင့် သူတို့ဟာ ဘုရားသခင်ကိုယ်တော်တိုင်က စော်ကားနေတာကိုတော့ သူတို့စိုးရိမ်မှုရှိမရှိ ဘယ်သူသိသလဲ။

ဘုရားသခင်ဟာ ယဇ်ပုရောဟိတ်ကြီးတွေ၊ အဆင့်အတန်းမြင့်သူတွေထဲကနေ ပုရောဖက်ကို ဘယ်တုန်းကမှမရွေးချယ်ဖူးဘူး။ သိုးကျောင်းသားအာမုတ်တို့လို သာမန်နိမ့်ကျတဲ့လူတန်းစားထဲက ပုရောဖက်တွေကို ကိုယ်တော်ရွေးချယ်ခဲ့တယ်။ ခေတ်အဆက်ဆက်မှာ သူတော်စင်များဟာ အသက်အန္တရာယ်ရှိတဲ့ကြားက ရှင်ဘုရင်တို့၊ မင်းညီမင်းသားတွေနဲ့တကွ ယဇ်ပုရောဟိတ်တွေ၊ ပညာရှိတွေကို ဆုံးမခဲ့ကြရတယ်။ ကျွန်တော်ဟာ ပုရောဖက်တစ်ပါးလို့တော့ မပြောလိုပါဘူး။ ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်ကတစ်ယောက်တည်းဖြစ်ပြီး သူတို့ကအများဖြစ်နေလို့ကိုး။ သူတို့ကြောက်သင့်၊ စိုးရိမ်သင့်တယ်။ ကျွန်တော်သေချာပေါက်ပြောနိုင်တာတစ်ခုတော့ ဘုရားသခင်ရဲ့နှုတ်ကပါတ်တော်ဟာ ကျွန်တော်နဲ့အတူရှိတယ်။ သူတို့နဲ့တော့အတူမရှိဘူးဆိုတာပါဘဲ”ဟု လူးသာဖွင့်ဟခဲ့ပါသည်။

ထိုအသင်းတော်နှင့်လမ်းခွဲရန် ဆုံးဖြတ်ခြင်းအတွက် လူးသာအနေဖြင့် အကြီးအကျယ်ရုန်းကန်ခဲ့ရပါသည်။

“ရဟန်းမင်းကို အန္တီခရစ်လို့ဖွင့်ဆိုကာ တစ်ကိုယ်တည်းရင်ဆိုင်ရဲအောင် မှန်ကန်ကြောင်းသက်သေပြနိုင်ဖို့ သမ္မာကျမ်းစာဟာ ကျွန်တော့်ဘက်မှာ. . . . . . . . . . . . . . . . . . . . . . . . . .

ရှိသော်လည်း ဒီလိုလုပ်ရတဲ့အတွက် တော်တော်စိတ်မကောင်းဖြစ်မိပါတယ်။ ဘုရားသခင်တစ်ဆူတည်းသာ ဉာဏ်ပညာနှင့်ပြည့်စုံတယ်မဟုတ်လား။ လူတိုင်းဟာ မှားတတ်ပါတယ်။ ကိုယ်တော်ရှင်ကိုယ်တိုင်က မှားနေရင်သော်လည်းကောင်း၊ ကိုယ်တော်ဟာ အသက်ဝိညာဉ်များ အပေါ်မှာ မှားယွင်းစွာလုပ်ဆောင်မိရင်သော်လည်းကောင်း၊ ကိုယ်တော်တိုင်က ထာဝရဆုံးရှုံးမှုထဲကျရောက်နေရင်သော်လည်းကောင်း ဘယ့်နှယ်လုပ်ပါတော့မလဲဆိုတဲ့မေးခွန်းကို ကျွန်တော့်ကိုကျွန်တော် တဖွဖွခါးသီးစွာမေးခဲ့မိတယ်မဟုတ်လား။ ကျွန်တော်ဟာကိုယ့်ကိုကိုယ်နဲ့လည်း တိုက်ပွဲဝင်ခဲ့ရတယ်။ စာတန်နဲ့လည်း တိုက်ပွဲဝင်နေရတယ်။ ခရစ်တော်က နှုတ်ကပါတ်တော်အားဖြင့် ကျွန်တော့်စိတ်နှလုံးကို ခိုင်မာအောင်ဆောက်တည်ပေးပြီးသည့်အချိန်အထိပေါ့”ဟု မာတင်လူးသာဖွင့်ဆိုခဲ့ပါသည်။

လူးသာအား ဘုရားသခင်၏ကျိန်စာသင့်သူဟူ၍လည်းကောင်း၊ သူ၏ယုံကြည်ချက်များကို လက်ခံသူများအားလည်း ကျိန်စာသင့်သူများအဖြစ်ဖွင့်ဆိုလျက် သူ့အား အသင်းတော်မှလမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကြေညာသည့်နောက်ထပ်အမိန့်စာတစ်စောင်ထွက်ပေါ်လာပြန်ပါသည်။

ခေတ်အခါအလိုက် အထူးအရေးပါသောသတင်းစကားများကိုဟောကြားရန် ခန့်အပ်ခြင်းခံရသူများအားလုံးသည် ဆန့်ကျင်တိုက်လှန်သူများနှင့်ရင်ဆိုင်ကြရမည်သာတည်း။

လူးသာအချိန်က အမှန်တရားရှိခဲ့သည်နည်းတူ ယခုခေတ်အသင်းတော်၌လည်း အမှန်တရားရှိပါသည်။ သို့သော် လူးသာခေတ်က ရဟန်းမင်းအဖွဲ့ဆန့်ကျင်သည်ထက် ယခုခေတ်လူအများစုသည် သမ္မာတရားကို ..............................

ဆန့်ကျင်နေကြပါသည်။ လူအများစုက သမ္မာတရားကို ဝမ်းပန်းတသာလက်ခံကြလိမ့်မည်ဟု ယခုခေတ်ဓမ္မဆရာများ မမျှော်လင့်သင့်ချေ။ ခေတ်ကာလအဆုံးသို့ရောက်ခါနီးလေလေ၊ အမှန်နှင့်အမှား၊ ခရစ်တော်နှင့်စာတန်အကြား တိုက်လှန်မှုကြီးသည် ပို၍ပြင်းထန်လာလေလေဖြစ်နေပါသည်။

-----၀၀-----

# အခန်း (၈)
# သမ္မာတရားကိုခုခံကာကွယ်သူ

ဧကရာဇ်ဘုရင် ပဥ္စမမြောက်ချားစ်သည် ဂျာမနီပြည်၏ဘုရင်ဖြစ်လာပါသည်။ ၄င်းအား ဧကရာဇ်ဘုရင်ဖြစ်ရန် အထိုက်အလျောက်ကူညီခဲ့သော ဆက္ကဆိုနီနယ်စားကြီးက မာတင်လူးသာကို ကြားနာစစ်ဆေးမှုပြုပြီးမှသာ အရေးယူပြစ်ဒဏ်စီရင်ခြင်းပြုလုပ်ပါရန် သူ့အားတိုးလျှိုးတောင်းပန်လာပါသည်။ ဤသို့အားဖြင့် ဧကရာဇ်မင်းကြီးသည်စိတ်ရှုပ်စရာ၊ မျက်နှာပူစရာအနေအထားသို့ရောက်သွားပါသည်။ လူးသာကိုသုတ်သင်ပစ်နိုင်မှသာ ရဟန်းမင်းအဖွဲ့နှင့်ပြေလည်မည်ဖြစ်သည်။ တရားမျှတ၍ ဘုရားတရားရှိသော ပညာတတ်တရားသူကြီးများရှေ့မှောက်တွင် အစစ်ဆေးခံနိုင်ရန်အလို့ငှါ ဒေါက်တာလူးသာကိုလုံခြုံရေးအမိန့်စာစီစသ်ပေးထားသင့်သည်ဟု ဆက္ကဆိုနီနယ်စားကလည်း တောင်းဆိုလာပါသည်။

ဝမ်းစ်မြို့တွင် အစည်းအဝေးတစ်ခုကျင်းပကြပါသည်။ ဂျာမနီမှမင်းညီမင်းသားများသည် ထိုအစည်းအဝေးပွဲတွင် လူးသာကိုပထမဦးဆုံးအကြိမ်အဖြစ်တွေ့ဆုံခွင့်ရကြပါသည်။ နိုင်ငံရေးနှင့် ဘာသာရေးခေါင်းဆောင်များနှင့်တကွ နိုင်ငံအသီးသီးမှ သံတမန်များသည်ဝမ်းစ်မြို့၌ စုရုံးနေကြပါသည်။

သို့ရာတွင် စိတ်ဝင်စားမှုကိုဖြစ်စေခဲ့သူမှာ လူးသာပင်ဖြစ်ပါသည်။ မေးခွန်းများအပေါ် လွတ်လပ်စွာ ဆွေးနွေးခွင့်ပေးမည်အကြောင်း ကတိပြုလျက် လုံခြုံရေးကိုလည်း အာမခံကာ လူးသာအားတစ်ပါတည်းခေါ်လာရန် ဆက္ကဆိုနီနယ်စားကြီးအား ဧကရာဇ်က ညွှန်ကြားထားပြီဖြစ်ပါသည်။ "ဧကရာဇ် . . . . . . . . . . . . . . . . . . .

ကိုယ်တိုင်ကခေါ်လျှင် ဘုရားသခင်ကခေါ်တော်မူတယ်ဆိုတာ ကျွန်ုပ်သံသယမရှိပါဘူး။ အကယ်၍ သူတို့အကြမ်းဖက်လာရင်တော့ ဒီကစ္စကို ဘုရားသခင့်လက်ထဲကိုပဲ ကျွန်တော်အပ်မယ်။ အကယ်၍များကိုယ်တော်ရှင်က မကယ်တင်ဘူးဆိုရင် ကျွန်တော်အသက်အတွက်ကိုတော့ ကျွန်တော်မပူပါဘူး။ ဝန်ချတောင်းပန်တာတို့၊ ထွက်ပြေးတာတို့ကလွဲရင် ကျန်တာတွေကို ကျွန်တော်လုပ်ဆောင်နိုင်တယ်ဆိုတာ ခင်ဗျားမျှော်လင့်ထားနိုင်ပါတယ်။ ကျွန်တော်ကတော့ ထွက်လည်းမပြေးဘူး။ နောက်လည်းမဆုတ်နိုင်ဘူး”ဟု ထိုနယ်စားကြီးထံသို့ လူးသာစာရေးခဲ့ပါသည်။

ထိုညီလာခံအစည်းအဝေးသို့ လူးသာတက်ရောက်မည်ဆိုသည့် သတင်းပျံ့နှံ့သွားသဖြင့် နိုင်ငံအဝန်းတွင်စိတ်လှုပ်ရှားမှုများဖြစ်ပေါ်နေပါသည်။ ရဟန်းမင်း၏သံတမန်တစ်ဦးဖြစ်သောအော်လင်းဒါးသည် ထိတ်လန့်တုန်လှုပ်နေသကဲ့သို့ ဒေါသလည်းထွက်နေပါသည်။ ရဟန်းမင်းက ပြစ်ဒဏ်စီရင်ပြီးဖြစ်သည့် အမှုတစ်ခုပြန်လည်စစ်ကြောမေးမြန်းနေခြင်းသည် ရဟန်းမင်း၏ဩဇာအာဏာကိုအထင်အမြင်သေးစေပါသည်။

၎င်းပြင် လူးသာ၏တန်ခိုးပါသော ငြင်းဆိုချက်များကြောင့် ရဟန်းမင်းဘက်တွင်ရပ်တည်နေကြသော မင်းညီမင်းသားများသည် ထိုသူ့ဘက်သို့ပါသွားနိုင်ပါသည်။ ထို့ကြောင့် လူးသာအား ဝမ်းစ်ညီလာခံသို့မတက်ရောက်စေဖို့ တားမြစ်ပေးရန် ချားစ်ဘုရင်အား သူတောင်းဆိုခဲ့ပါသည်။

အော်လင်းဒါးသည် ထိုမျှနှင့်အားမရသေးဘဲ လူးသာအားအသင်းတော်အားပုန်ကန်အောင်လှုံ့ဆော်မှု၊ ကိုယ်တိုင်ပုန်ကန်မှု၊ ဘုရားတရားမကိုင်းရှိုင်းမှု၊ ဘုရားသခင်ကိုစော်ကားမှုစသည်ပြစ်မှု. . . .

များဖြင့်စွပ်စွဲကာ ပြစ်ဒဏ်စီရင်ဖို့ကြိုးစားခဲ့ပါသည်။ သို့ရာတွင် သူ၏ ပြင်းထန်သောအပြင်သဏ္ဍာန်သည် သူ့အားလှုံ့ဆော်နေသော အတွင်းစိတ်ကို ဖော်ပြနေသည်ဖြစ်ရာ "ဒီလူဟာ ကလဲ့စားချေလိုတဲ့စိတ်ထား၊ မုန်းတီးတဲ့စိတ်ထားနဲ့လုပ်ဆောင်နေတာဘဲ"ဟု အများက မှတ်ချက်ချသွားပါသည်။

အော်လင်းဒါးသည် ရဟန်းမင်းထုတ်ပြန်ထားသည့်အမိန့်ကို အတည်ပြုဆောင်ရွက်ပေးပါရန် အပြင်းအထန်တိုက်တွန်းလေ၏။ ချားစ်ဧကရာဇ်သည် ထိုသံတမန်၏တောင်းပန်မှုကို လိုက်လျောကာ လူးသာအား ညီလာခံသို့လာရောက်၍ မိမိ၏ပြဿနာကိုတင်ပြရန် အမိန့်ထုတ်ဆင့်ခေါ်ခဲ့ပါသည်။ ထူးသာကိုအားပေးထောက်ခံသူများသည် အော်လင်းဒါး၏မိန့်ခွန်းကို စိတ်တထင့်ထင့်နှင့် စောင့်မျှော်နေကြပါသည်။ ဆက္ကဆိုနီနယ်စားကြီးကိုယ်တိုင် မတက်ရောက်ခဲ့သော်လည်း သူ၏ကောင်စီဝင်တစ်ချို့သည် ထိုညီလာခံသို့တက်ရောက်ကာ ထိုသံတမန်၏မိန့်ခွန်းမှ အရေးကြီးသောအချက်များမှာ မှတ်စုယူသွားကြပါသည်။

## လူးသာအား ဘာသာရေးဖောက်ပြန်ရေးသမားဟုစွပ်စွဲခြင်း

အော်လင်းဒါးသည် စကားပြောကောင်းရုံသာမက ပညာတတ်တစ်ဦးလည်းဖြစ်ရာ "လူးသာကျူးလွန်ခဲ့သောအမှားများသည် ဘာသာရေးဖောက်ပြန်ရေးသမားထောင်ပေါင်းများစွာကိုပင် မီးလောင်တိုက်သွင်းရန် လုံလောက်သည်"ဟု ဖွင့်ဆိုကာ လူးသာအား အသင်းတော်နှင့် နိုင်ငံတော်နှစ်ခုစလုံး၏ရန်သူတစ်ယောက်အဖြစ် သူချောက်ချခဲ့ပါသည်။

"ဒီလူးသာရဲ့နောက်လိုက်တွေက ဘာကောင်တွေလဲ။ မထီလေးစားလုပ်တတ်တဲ့ကျောင်းဆရာပေါက်စတွေ၊ စာရိတ္တဖောက်ပြန်နေတဲ့ရဟန်းတွေ၊ အကျင့်ပျက်တဲ့ရဟန်းပျို့တွေ၊ ငတုံးဉပဒေပညာရှင်တွေနဲ့ ရာထူးကျနေတဲ့မှူးမတ်တွေမဟုတ်လား။ တို့အသင်းတော်က ဒီလူတွေထက် လူအရေအတွက်မှာကော၊ စွမ်းရည်ဘက်မှာကော အာဏာရှိတဲ့ဘက်မှာကော အစစမှာသာတယ်။ ထင်ရှားကျော်ကြားတဲ့ဒီညီလာခံကြီးက တစ်ညီတစ်ညွတ်တည်းဆုံးဖြတ်အတည်ပြုလိုက်တဲ့အမိန့်ဟာ လူရိုးတွေကို အသိဉာဏ်တိုးစေလိမ့်မယ်၊ မခန့်လေးစားလုပ်တတ်သူတွေကို သတိပေးလိမ့်မယ်၊ ချီတုံချတုံဖြစ်နေသူများကို ခိုင်မာသောဆုံးဖြတ်ချက်ချရန် မစလိမ့်မယ်၊ အားနည်းနေတဲ့သူတွေကို ခွန်အားပေးလိမ့်မယ်"ဟု ထိုသံတမန်ဖွင့်ဆိုခဲ့ပါသည်။

နှုတ်ကပါတ်တော်ကို ရှင်းလင်းစွာသွန်သင်နေကြသော ယနေ့ခေတ်လူသားများကိုလည်း ထိုကဲ့သို့သောဖွင့်ဆိုချက်မျိုးဖြင့် အတိုက်ခိုက်ခံနေရပါသည်။

"တစ်ခါမှမကြားဖူးတဲ့ယုံကြည်ချက်တွေကိုသွန် သင်နေတာဘယ်သူတွေလဲ။ သူတို့ကိုကြည့်တော့ စာမတတ်ပေမတတ်၊ လူကလည်းအနည်းစု၊ ပြီးတော့ လူဆင်းရဲတွေလည်းဖြစ်တယ်။ ဒါနဲ့တောင်သူတို့မှာအမှန်တရားရှိတယ်။ သူတို့ဟာ ဘုရားသခင်က ရွေးချယ်ထားတဲ့လူတွေလို့ပြောသေးတယ်။ စာမတတ်တော့ သူတို့ အလိမ်ခံနေရတာပေါ့။ ငါတို့အသင်းတော်ကသူတို့ထက် လူဦးရေမှာကော၊ ဩဇာရှိတာမှာကော အများကြီးသာတယ်မဟုတ်လား"။ လူးသာခေတ်မှာ ဖွင့်ဆိုခဲ့သည့်အရာများနှင့် ဒွိဟဖြစ်စရာမလိုအောင် တူညီနေကြပါသည်။

ရဟန်းမင်း၏ထိုသံတမန်ကို နှုတ်ကပါတ်တော်၏ရှင်းလင်းသဘောပေါက်လွယ်သောသမ္မာတရားဖြင့် နှိမ်နင်းရန် လူသားသည် ထိုညီလာခံတွင်မရှိသောကြောင့် အများ၏ဆန္ဒမှာ လူးသာနှင့်တကွ သူ၏ယုံကြည်ချက်များကို ပြစ်ဒဏ်စီရင်ရုံသာမကဖြစ်နိုင်လျှင် ဖော်ပြန်မှုများကို အမြစ်ကလှန်ပစ်ရန်ဖြစ်သည်။

မိမိတို့၏လုပ်ဆောင်မှုများ၌ အပြစ်မရှိကြောင်း ရောမအသင်းတော်မှပြောလိုသမျှကိုပြောခဲ့ချေပြီ။ သူတို့သည် တစ်ဖက်နှင့်တစ်ဖက် ပွင့်ပွင့်လင်းလင်းတိုက်ခိုက်ပြောဆိုလာသဖြင့် ယခုအချိန်မှစ၍အမှန်နှင့်အမှားအကြား ပို၍ထင်ရှားစွာမြင်တွေ့ကြရတော့မည်။

ယခုတွင် ဘုရားသခင်သည် ထိုလွှတ်တော်မှအဖွဲ့ဝင်တစ်ဦးအား ရဟန်းမင်း၏နိုင်လိုမင်းထက်နှိပ်စက်ကလူပြုခြင်းများကြောင့်ဖြစ်ပေါ်လာသည့်အချက်များကို ထင်ရှားစေသည့် သရုပ်သကန်မှန်တစ်ခုကို ဖော်ပြတော်မူခဲ့သည်။

ဆက္ကဆိုနီမှ မြို့စားကြီးဂျော့သည် ထိုမင်းညီမင်းသားညီလာခံတွင်ရပ်ထကာ ရဟန်းမင်း၏အဖွဲ့မှ ကျူးလွန်ခဲ့သောလိမ်လည်မှုများနှင့်စက်ဆုပ်ရွံရှာဖွယ်အမှုများကို တစ်ခုချင်းအလိုက် တိတိကျကျအောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

"ရောမအသင်းတော်ကျူးလွန်ခဲ့တဲ့မတရားမှုတွေကတော့အသံထွက်နေပြီ။ သူတို့ဟာ အရှက်မရှိကြတော့ဘူး။ သူတို့ရဲ့ရည်ရွယ်ချက်က ငွေရဖို့တစ်ခုပါဘဲ။ ဒါမှ အမှန်တရားကိုဟောသင့်တဲ့ တရားဟောဆရာတွေဟာ မဟုတ်တာတွေကိုဟောနိုင်ကြမှာပေါ့။ သူတို့ဒီလိုအကြီးအကျယ်လိမ်လို့ အရေးယူမခံရတဲ့အပြင် ဆုတောင်းအချခံရသေးတယ်။ လိမ်နိုင်လေ၊ အကျိုးရှိလေဖြစ်နေတယ်။

ညစ်ညမ်းတဲ့ချောင်းရေက ရေညစ်ပတ်တွေပဲရမှာပေါ့။ ဂိုဏ်းချုပ်ဂိုဏ်း အုပ်တွေပြောတဲ့ အမနာပစကားတွေဟာ လူဆင်းရဲတော်တော်များ များကို ထာဝရပျက်စီးခြင်းဆီပို့ပေးနေတယ်။ ဒါကြောင့် အထွေထွေ ပြုပြင်ပြောင်းလဲရေးကို အတည်ပြုလုပ်ဆောင်ကြရမယ်"။

ထာဝရဘုရား၏ကောင်းကင်တမန်များသည် မှားယွင်းမှုအ မှောင်ထုကြီးထဲသို့ အလင်းတန်းများကို ထွန်းလင်းလိုက်ကာ သမ္မာတ ရားကို ကြားနာလက်ခံနိုင်ရန် စိတ်နှလုံးများကိုပြင်ဆင်ပေးကြပါသည်။

သမ္မာတရား၏တန်ခိုးသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ရန်ဘက်ပြုနေသူများကိုပင် ထိန်းချုပ်တော်မူကာ ပြီးစီးလုနီးဖြစ် နေသော ထိုအမှုတော်ကြီးအတွက် လမ်းစဖော်ပေးခဲ့ပါသည်။ လူးသာ ထက်သာ၍ကြီးမြတ်သော ထာဝရဘုရား၏အသံတော်ကို ထိုညီလာခံ တွင် ကြားခဲ့ကြရပါသည်။

ဂျာမနီလူထုကြီးအပေါ် ဝန်ပိစေခဲ့သည့် ရဟန်းမင်းအဖွဲ့ကျူး လွန်ခဲ့သော နှိပ်စက်ညှဉ်းပန်းမှုစာရင်းတစ်ခုကိုပြုဟုရန် ကော်မတီ တစ်ခုကို ဖွဲ့စည်းခန့်အပ်ခဲ့ပါသည်။

ထိုမတရားမှုများကို ဧကရာဇ်ဘုရင်မှ အရေးယူပြုပြင်ပေးရန် အသနားခံလွှာနှင့်အတူ ထိုစာရင်းကို ဂျာမနီဘုရင်ထံသို့ပို့ရန်ဖြစ်ပါ သည်။ "ကျွန်ုပ်တို့လူမျိုးများကို အသရေပျက်အောင်၊ ပျက်စီးဆုံးရှုံး အောင်လုပ်နေတာကို တားဆီးဖို့ ကျွန်ုပ်တို့မှာ တာဝန်ရှိပါသည်။

ထို့ကြောင့် အထွေထွေပြုပြင်ပြောင်းလဲရေးတစ်ခုကိုဖွဲ့စည်း ကာ ပြီးစီးအောင်လုပ်ကိုင်ဆောင်ရွက်ပေးပါရန် အလွန်နှိမ့်ချစွာ အဆောတလျင်ပန်ကြားအပ်ပါသည်"ဟု အသနားခံသူများက တင်ပြ ကြပါသည်။

## ကြားနာစစ်ဆေးရန် လူးသာအားဆင့်ခေါ်ခြင်း

ထိုကောင်စီသည် လူးသာအား ကိုယ်တိုင်လာရောက်အစစ်ခံရန် ဆင့်ခေါ်ခဲ့ပါသည်။ အဆုံးတွင် ဧကရာဇ်ဘုရင်ကလည်း ထိုဆင့်ခေါ်မှုကိုသဘောတူခဲ့ပါသည်။

ဆင့်ခေါ်စာနှင့်အတူ လုံခြုံရေးလက်မှတ်ကိုပါ တစ်ပါတည်းပေးပို့ခဲ့ပါသည်။ လူးသာအား ဝမ်းစ်မြို့သို့ခေါ်ဆောင်လာရမည့် တာဝန်ခံအရာရှိသည် ထိုစာများကို ဝစ်တင်းဘတ်သို့ ယူဆောင်သွားခဲ့ပါသည်။

လူးသာအပေါ်ထားရှိသည့် အာဃာတနှင့်ရန်ငြိုးများကိုသိရှိထားသောမိတ်ဆွေများက ထိုလုံခြုံရေးလက်မှတ်ကို အလေးမထားကြမှာကို စိုးရိမ်နေကြသည်။ လူးသာကမူ “ထိုမှားယွင်းမှုစေတမန်များအပေါ် အောင်ပွဲဆင်ရန် ခရစ်တော်သည် ကိုယ်တော်၏ဝိညာဉ်တော်ကို ကျွန်ုပ်အားပေးလိမ့်မည်။ ဒီလူတွေကို ကျွန်တော့်တစ်သက်မှာအနှံ့ဆုံးဘဲ။ သေခြင်းအားဖြင့် သူတို့ကို ကျွန်တော်အနိုင်ယူမယ်။ ကျွန်ုပ်ကို အလျော့ပေးနောက်ဆုတ်ခိုင်းဖို့ သူတို့ဝမ်းစ်မှာ အလုပ်ရှုပ်နေကြတယ်။” “ရဟန်းမင်းဟာ ခရစ်တော်ရဲ့ကိုယ်စားလှယ်လို့ အရင်တုန်းက ကျွန်တော်ပြောခဲ့တယ်။ သူဟာ ခရစ်တော်ရဲ့ရန်သူမာရ်နတ်ရဲ့တမန်လို့ အခုကျွန်တော်ပြောချင်တယ်။ ဒါဟာ ကျွန်တော်လုပ်ချင်တဲ့အလျော့ပေးနောက်ဆုတ်ခြင်းဘဲ”ဟု တုံ့ပြန်သွားခဲ့ပါသည်။

ငှင်းပြင် သူနှင့်တကွ မိတ်ဆွေသုံးဦးလိုက်ပါသွားရန် ဆုံးဖြတ်ကြသည်။ မက္ကလန်သန်လည်း လူးသာကိုခင်မင်လေးစားသူတစ်ဦးဖြစ်ရာ လူးသာနှင့်အတူလိုက်ပါ ခွင့်ပြုရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် ..............................

လူးသာက "ကျွန်တော့်ရန်သူတွေက ကျွန်တော့်ကိုသတ်လိုက်လို့ပြန်မလာနိုင်တော့ရင် သမ္မာတရားကိုခင်ဗျားဘဲ ဆက်သွန်သင်ပါ။ သမ္မာတရား၌ခိုင်မြဲပါ။ ကျွန်တော့်နေရာမှာ ခင်ဗျားဆက်လုပ်ပါ။ ခင်ဗျားလက်လက်အသက်ရှင်နေသေးတယ်ဆိုရင် ကျွန်တော်သေသွားတာပြဿနာမရှိပါဘူး"ဟုပြောကာ သူ့တောင်းခံချက်ကို ပယ်ချခဲ့ပါသည်။

နိမိတ်ဆိုးများကြောင့် လူများတို့သည် စိတ်မကောင်းကြပါ။ လူးသာရေးသောစာများကို ဝမ်းစ်တွင် အဖျက်ဆီးခံရပြီကိုလည်း သူတို့သိထားကြသည်။ လူးသာ၏လုံခြုံရေးအတွက် စိုးရိမ်နေသောထိုရှေ့တော်ပြေးက ဆက်လုပ်နေဖို့ ဆန္ဒရှိနေတုန်းဘဲလားဟုမေးရာ "မြို့တိုင်းမှာ ဘာသာရေးမလုပ်ရန် ကျွန်ုပ်ကို ကြဉ်ထားသော်လည်း ဆက်လုပ်နေမှာဘဲ"ဟု လူးသာဖြေခဲ့သည်။

လူးသာသည် အားဖတ်မြို့သို့ရောက်စဉ် သူမကြာခဏလျှောက်ခဲ့ဖူးသောလမ်းများ၌ လျှောက်ခဲ့သည်။ သူနေခဲ့ဖူးသည့် ကျောင်းရှိအခန်းကလေးသို့သွားရောက်လည်ပတ်ခဲ့သည်။

ယခုကဲ့သို့ ဂျာမနီပြည်ကြီးကို အလင်းရစေသည့် အလင်းတန်းကလေးတစ်ခု သူ့အပေါ်သို့ကျရောက်ခဲ့ပုံများကို ပြန်ပြောင်းစဉ်းစားမိခဲ့သည်။ ဤကဲ့သို့ သွားရောက်လည်ပတ်ကြည့်ရှုခွင့် ပိတ်ပင်ခြင်းခံထားရသော်လည်း ရှေ့တော်ပြေးကြီးက သူ့အားခွင့်ပြုခဲ့သည်။ တစ်ချိန်က ဤကျောင်းတွင် ကျားကုတ်ကျားခဲကျင့်ခဲ့သော ရဟန်းပျိုကလေးမှာ ယခုတွင်မူ စင်မြင့်ပေါ်သို့တက်၍ တရားဟောနေပါပြီတကား။

လူထုကြီးသည် မှင်တက်မိနေသည့်အလား သူဟောသမျှနားထောင်ခဲ့ကြသည်။ အစာငတ်နေသောအသက်ဝိညာဉ်များအား. . . .

အသက်မုန့်ကိုမျှဝေပေးခဲ့ပြီ။ ခရစ်တော်အား ရဟန်းမင်းမှစ၍ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဧကရာဇ်ဘုရင်များတို့၏အထက်တွင် မြှောက်၍ပြခဲ့ပြီ။ အန္တရာယ်ရှိသောသူ့အနေအထားကို လူးသာဂရုမထားတော့ချေ။

သူသည် ခရစ်တော်၌ “ငါ”ကို မျက်ခြေပြတ်ခဲ့ချေပြီ။ သူသည် ခရစ်တော်အား ကယ်တင်ရှင်တစ်ပါးအဖြစ် တင်ပြဖို့ရန်သာ ကြိုးစားကာ ကိုယ်တော်ရှင်၏နောက်ကွယ်တွင်သူပုန်းနေခဲ့ပါသည်။

## အာဇာနည်တစ်ယောက်၏သူရသတ္တိ

ဆက်လက်ခရီးနှင်လာသောလူးသာအား လူထုကြီးက အားတက်သရောဝိုင်းကာ “ဒီလူတွေဟာ ဟပ်စ်ကိုလုပ်သလို မင်းကိုလည်း ပြာဖြစ်သွားအောင် မီးရှို့လိမ့်မယ်”ဟု ဝိုင်းဝန်းသတိပေးခဲ့ရာ “ဒီလူတွေက ဝမ်းစ်ကနေဝစ်တင်းဘတ်အထိ မီးတိုင်တွေထွန်းထားရင်လည်း ခရစ်တော်ရဲ့နာမတော်အားဖြင့် ဒီမီးတိုင်တွေကြားက ကျွန်တော်လျှောက်သွားမှာဘဲ။ ခရစ်တော်အကြောင်းကိုဝန်ခံဖို့ သူတို့ရှေ့ကို ကျွန်တော်အရောက်သွားမယ်”ဟု လူးသာက ဖြေကြားခဲ့ပါသည်။

ဝမ်းစ်မြို့သို့ လူးသာလာနေပြီဆိုသည့်သတင်းကြောင့် တစ်မြို့လုံးလှုပ်လှုပ်ရွရွဖြစ်နေပါသည်။

မိတ်ဆွေများက လူးသာ၏လုံခြုံရေးအတွက် စိတ်ပူနေကြသကဲ့သို့ ရန်သူများကလည်း ၄င်းတို့၏လုပ်ငန်းမအောင်မြင်မည်ကို စိုးရိမ်နေကြသည်။ ရဟန်းမင်း၏လှုံ့ဆော်မှုကြောင့် ပြဿနာကို သင့်သင့်မြတ်မြတ်ဖြင့်ဖြေရှင်းနိုင်. . . . . . . . . . . . . . . . . . . . . . . .

ပါတယ်ဟု ဖွင့်ဟခဲ့သော မိတ်ဆွေသူရဲကောင်းတစ်ဦး၏ရဲတိုက်တွင် သူနားခိုခဲ့ရသည်။

ခြိမ်းခြောက်နေသော အန္တရာယ်များကို မိတ်ဆွေများက ပြောပြကြသော်လည်း လူးသာသည် တုန်လှုပ်ချောက်ချားခြင်းမရှိဘဲ "ခေါင်းမိုးပေါ်က အုတ်ကြွတ်ပြားတမျှ နတ်ဆိုးတွေ ဝမ်းစ်မှာရှိပါစေ၊ ကျွန်တော်ကတော့သွားမှာဘဲ"ဟု တုံ့ပြန်ခဲ့သည်။

ဝမ်းစ်မြို့သို့ ဆိုက်ရောက်လာသောလူးသာကို လူထုကြီးက မြို့အဝင်မှ သောင်းသောင်းဖြဖြကြိုဆိုခဲ့သည်။ အလွန်စိတ်လှုပ်ရှား စရာကောင်းပါသည်။ လူးသာက "ထာဝရဘုရားသခင်သည် ငါ၏ ကွယ်ကာရာဖြစ်တော်မူ၏"ဟု ရထားပေါ်မှဆင်းစဉ် ဟစ်ကြွေးခဲ့သည်။ သူရောက်ရှိလာသဖြင့် ရဟန်မင်းအဖွဲ့သည် ရဟန်းမင်းအဖွဲ့သည် အလွန်ထိတ်လန့်နေကြပါသည်။ ဧကရာဇ်ဘုရင်သည်လည်း အကြံ ပေးအရာရှိများကိုခေါ်ကာ ဆက်လုပ်ရမည့်လုပ်ငန်းစဉ်အကြောင်းကို ဆွေးနွေးနေပါသည်။ "ဒီကစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဆွေးနွေးခဲ့ သည်မှာ ကြာမြင့်ခဲ့ပေပြီ။ ဧကရာဇ်အနေဖြင့် ဒီလူကို တစ်ချက်တည်း သုတ်သင်ပစ်လိုက်ပါ။ ဆီဂျစ်မန်သည် ဟပ်စ်ကို မီးရှို့သတ်ခဲ့တယ်မ ဟုတ်လား။ ဒီဖောက်ပြန်ရေးသမားရဲ့လုံခြုံရေးလက်မှတ်ကို တို့မပေး ခဲ့တာသေချာသလို ဒီလက်မှတ်ကို ဂရုစိုက်စရာလည်းမလိုဘူး"ဟု ရက်စက်ကြမ်းကြုတ်သော ရဟန်းမင်း၏ခေါင်းဆောင်များက ကြွေး ကြော်ခဲ့ကြသော်လည်း "မဖြစ်နိုင်ဘူး၊ တို့ကတိတည်ရမယ်"ဟု ဧက ရာဇ်က တုံ့ပြန်ခဲ့သည်။ သို့နှင့် လူးသာကို ကြားနာစစ်ဆေးဖို့ ဆုံးဖြတ် ခဲ့ပါသည်။

ထိုမြို့တော်မှ လူအပေါင်းတို့သည် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ကိုမြင်တွေ့ရန် စိတ်ဆန္ဒပြင်းပြနေပါသည်။ ခရီးပန်းနေသော

လူးသာသည် အေးအေးဆေးဆေးအနားယူဖို့လိုသည်။ သို့ရာတွင် အချိန်အနည်းငယ်သာ သူအနားယူခဲ့ရပါသည်။ မကြာမီမှာပင် ဂုဏ်သရေ ရှိပုဂ္ဂိုလ်များ၊ သူရဲကောင်းဘွဲ့ရသူများ၊ ယဇ်ပုရောဟိတ်များနှင့် မြို့လူထုကြီးသည် သူ့အနားတွင်စုရုံးလာကြပါသည်။ ထိုသူများထဲမှ ပုဂ္ဂိုလ်ကြီးတစ်ယောက်က သာသနာ့ခေါင်းဆောင်များ၏ မတရားလုပ်ဆောင်မှုများကို ပြန်လည်ပြုပြင်ပေးပါရန် ဧကရာဇ်အားရဲဝံ့စွာ တောင်းဆိုခဲ့ပါသည်။

အကြောက်အလန့်ကင်းသော ထိုရဟန်းပျိုကလေးကိုကြည့်ရန် မိတ်ဆွေများသာမက ရန်သူများပင်လျှင် စုရုံးလာကြပါသည်။ သူ့ပုံပန်းလက္ခဏာမှာ တည်ကြည်၍ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောသူဖြစ်၏။ သူ၏မျက်နှာသည် ပိန်လှီ၍ဖျော့တော့တော့ဖြစ်နေသော်လည်း ကြင်နာမှု၊ ဝမ်းမြောက်မှုတို့နှင့်ပြည့်စုံနေသည်။

သူ့နှုတ်ထွက်စကားများ၏ နက်ရှိုင်းသောခိုင်မာမှုများကြောင့် ရန်သူများပင်လျှင် ဆောက်တည်ရာမရဖြစ်ခဲ့သည်။ သူနှင့်အတူ ဘုရားသခင်ပါရှိနေသည်ဟု တစ်ချို့က သဘောပေါက်ခဲ့ကြသော်လည်း "ဒီလူနတ်ဆိုးစွဲနေပြီ"ဟု ဖာရိရှဲများက ခရစ်တော်ကိုပြောသလို တစ်ချို့ကပြောနေကြပါသည်။ (ယောဟန် ၁၀း၂၀)

လူးသာအား ပရိသတ်စုရုံးရာခန်းမထဲသို့ ဦးဆောင်ခေါ်ယူခဲ့ရန် နောက်တစ်နေ့တွင် ဘုရင့်အရာရှိတစ်ဦးကို တာဝန်ပေးခဲ့ပါသည်။

ရဟန်းမင်းကို အာခံဝံ့သူရဟန်းပျိုကလေးအား ကြည့်လိုကြသည့်လူထုကြီးသည် လမ်းဘေးဝဲယာတွင်ပြည့်လျက်ရှိသည်။ တိုက်ပွဲအလီလီတွင် အောင်ပွဲဆင်ခဲ့သော စစ်ဗိုလ်ချုပ်ကြီးတစ်ဦးက "သနားစရာရဟန်းပျိုကလေးရေ၊ ငါနဲ့စစ်ဗိုလ်တွေ စစ်မြေပြင်မှာ. . .

လုပ်ဆောင်ခဲ့တဲ့အရာတွေထက် မြင့်မြတ်တဲ့အရာတွေကို မင်းအခုလုပ်နေတယ်။ မင်းရဲ့လမ်းစဉ်က တရားမျှတမယ်ဆိုရင် နာမတော်ကိုခိုလှုံပြီး ဆက်လုပ်ပါ။ ဘာကိုမှမကြောက်နဲ့။ ဘုရားသခင်က မင်းကိုပစ်ထားမှာမဟုတ်ဘူး”ဟု ကြင်နာစွာအားပေးခဲ့သည်။

## ကောင်စီရှေ့တွင်လူးသာရပ်ထခြင်း

အင်ပါယာအတွင်းရှိ ထင်ရှားကျော်ဇောသောပုဂ္ဂိုလ်များ ခြံရံလျက် ဧကရာဇ်ဘုရင်ကြီးသည် ထိုကြားနာစစ်ဆေးမှုကို ဦးဆောင်ခဲ့သည်။ ယခုတွင်မူ မာတင်လူးသာသည် မိမိ၏ယုံကြည်ခြင်းအတွက် အဖြေပေးရပေတော့မည်။

“ဤပုံပန်းလက္ခဏာသည် ရဟန်းမင်း၏အုပ်ချုပ်ရေး အပေါ်တွင် အောင်ပွဲဆင်မည့် အထိမ်းအမှတ်တစ်ခုဖြစ်နေသည်။ ရဟန်းမင်းက ထိုသူကိုရှုပ်ချအပြစ်စီရင်ခဲ့သော်လည်း ထိုသူမှာ ရဟန်းမင်းအပေါ်ဩဇာလွှမ်းမိုးသည့် တရားရုံးတော်ရှေ့တွင် ရပ်ထနေချေပြီ။ ရဟန်းမင်းက ထိုသူအား လူ့အသိုက်အဝန်းများနှင့် အဆက်ဖြတ်ကာ ကြဉ်ထားသော်လည်း ထိုသူကို လေးစားသောအသုံးအနှုန်းများဖြင့် ဆင့်ခေါ်ကာ ကမ္ဘာပေါ်တွင် ကြည်ညိုလေးစားစရာအကောင်းဆုံးညီလာခံကြီးရှေ့မှောက်တွင် ကြိုဆိုနေကြပါသည်။ ရောမအသင်းတော်သည် နန်းကျလျက်ရှိပြီး ရဟန်းပျိုကလေးတစ်ဦး၏ဖွင့်ဟသံကြောင့် အရှက်ရချေပြီတကား”။

နိမ့်ကျသောမိသားစုဝင် ထိုရဟန်းပျိုကလေးသည် ရှက်ကြောက်နေသယောင်ဖြစ်နေသည်။ မင်းညီမင်းသားများသည် . . . .

သူ့အနားသို့ချဉ်းကပ်လာက “ခန္ဓာကိုယ်ကိုသာသတ်နိုင်ပြီး အသက်ဝိညာဉ်ကိုမဖျက်စီးနိုင်သည့် ထိုသူများကိုမကြောက်နဲ့”ဟု အားပေးကြသည်။

တစ်ချို့ကလည်း “တစ်ပါးအမျိုးသားတို့အား သက်သေဖြစ်စေခြင်းငှါ မြို့ဝန်မင်း၊ ရှင်ဘုရင်ထံသို့ ငါ့ကြောင့် သင်တို့ကို ပို့ဆောင်ကြလိမ့်မည်။ သင်တို့ကိုအပ်နှံသောအခါ အဘယ်သို့ပြောရမည်ကို မစိုးရိမ်ကြနှင့်။ ပြောရသောစကားကို ထိုစကားခြင်းတွင် သင်တို့သည် ရကြလိမ့်မည်”ဟု နှုတ်ကပါတ်တော်အားဖြင့် အားပေးကြ၏။ မဿဲ ၁၀း၁၈-၁၉

လူတို့ဖြင့်ပြည့်ညပ်နေသော ထိုအစည်းအဝေးကြီးသည် လုံးဝဆိတ်ငြိမ်လျက်ရှိပါသည်။ ထိုနောက် ဘုရင့်အရာရှိက ရပ်ထကာ လူးသာ၏စာများကို လက်ညှိုးထိုးပြလျက် ထိုစာများသည် မိမိရေးသားခဲ့သော အရာများအဖြစ် အသိအမှတ်ပြုမပြု ထိုစာများတွင် ရေးသားထားချက်များကိုပြန်လည်ရုပ်သိမ်းလိုခြင်းရှိမရှိမေးလေ၏။ စာအုပ်များ၏ခေါင်းစီးများကို ဖတ်ရှုဆန်းစစ်ကာ မိမိ၏စာအုပ်များ မှန်ကန်ကြောင်းသူဝန်ခံခဲ့သည်။ “ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီး မစဉ်းမစားဖြေလိုက်ရင် မလိမ္မာရာကျတော့မှာပေါ့။ ကျွန်ုပ်အနေဖြင့် အခြေအနေရဲ့ တောင်းဆိုမှုထက်လျော့ပြီး အတည်ပြုပြောဆိုလို့ရသလို အမှန်တရားထက်ပိုပြီးတော့လည်း ပြောလို့ရတယ်။ ဒါကြောင့် နှုတ်ကပါတ်တော်နှင့်အညီ အဖြေပေးနိုင်ဖို့ ကျွန်ုပ်အား အချိန်အနည်းငယ်ပေးပါရန် နှိမ့်ချစွာဖြင့် လူကြီးမင်းအား ကျွန်ုပ်တောင်းပန်လိုပါတယ်”ဟု သူပြောခဲ့သည်။

မိမိသည် ခံစားချက်အရ စိတ်လိုက်မာန်ပါလုပ်ဆောင်နေခြင်းမဟုတ်ကြောင်း တက်ရောက်လာကြသူများအား လူးသာသဘော

ပေါက်စေခဲ့ပါသည်။ ရဲရင့်၍ အလျှော့အတင်းမလုပ်တတ်သော သူတစ်ဦးထံမှ မျှော်လင့်မထားသော ဤကဲ့သို့သောတည်ငြိမ်၍ မိမိကိုယ်ကိုထိန်းနိုင်မှုများသည် မောက်မာသောရန်သူများအား အံ့အားသင့်သွားစေသည့် သိက္ခာရှိ၍ ပညာသားပါသောအဖြေများကို နောက်ပိုင်းတွင် သူပေးနိုင်ခဲ့ပါသည်။

နောက်တစ်နေ့တွင် နောက်ဆုံးအဖြေကို သူပေးရတော့မည်။ ဤအချိန်တွင် သူစိတ်အားငယ်နေပြီး သူ့ရန်သူများမှာ အောင်ပွဲဆင်မယောင်ဖြစ်နေပါသည်။ ဒုက္ခမိုးတိမ်များသည် သူ့အနားမှစုစည်းလာကာ သူ့အား ထာဝရဘုရားသခင်နှင့်ခွဲခြားပစ်တော့မယောင် ခံစားနေရပါသည်။ ဝမ်းနည်းကြေကွဲသောစိတ်နှင့် ကြေကွဲသောအသံဖြင့် သူဟစ်အော်လိုက်ပါသည်။ ထိုအရာကို ဘုရားသခင်မှတစ်ပါး မည်သူမျှပြည့်ပြည့်စုံစုံနားမလည်နိုင်ပါချေ။

"တန်ခိုးကြီးတော်မူသောထာဝရဘုရားသခင်၊ လောကမှခွန်အားများကိုသာ ကျွန်ုပ်အားကိုးရမည်ဆိုလျှင် အရာခပ်သိမ်းဟာ ဆုံးခန်းတိုင်အောင် ရောက်သွားပါပြီ။ နောက်ဆုံးသောနာရီသို့ ကျွန်တော်ရောက်နေပါပြီ။ ကျွန်တော့်ကို ပြစ်ဒဏ်စီရင်ပြီးဖြစ်ပါသည်။ အိုဘုရားသခင်လောကတန်ခိုးအာဏာများ၏လက်မှ ကျွန်တော့်ကို ကယ်မတော်မူပါ။ အမှုတော်သည် ကိုယ်တော့်အမှုတော်ဖြစ်ပါတယ်။ ဖြောင့်မတ်မှန်ကန်၍ ထာဝရကာလနှင့်ဆိုင်သော အမှုတော်လည်းဖြစ်ပါတယ်။ သစ္စာရှိ၍ ပြောင်းလဲခြင်းမရှိသောထာဝရဘုရားသခင် ကျွန်တော့်ကိုကယ်မပါ။ မည်သည့်လူသားကိုမျှ ကျွန်တော်မကိုးစားပါ။ အမှုတော်အတွက် ကိုယ်တော်သည် ကျွန်ုပ်ကိုရွေးချယ်တော်မူခဲ့သည့်အလျောက် ကျွန်ုပ်၏ဒိုင်းလွှားအကာအကွယ်ဖြစ်တော်မူသည့်

ကိုယ်တော်၏ချစ်သားယေရှုခရစ်တော်အဖို့အလို့ငှါ ကျွန်ုပ်ဘက်မှ ရပ်ထတော်မူ၏။

သို့စေကာမူ ထိုသို့ဆုတောင်းရခြင်းမှာ ပုဂ္ဂိုလ်ရေးခံစားရမည့်ဒုက္ခဆင်းရဲခြင်း (သို့မဟုတ်) သူ့အား ကြောက်လန့်စိတ်များ ဖြစ်စေသည့် သေခြင်းကြောင့်မဟုတ်ဘဲ မိမိ၏မပြည့်စုံမှုကြောင့် လူးသာထိုသို့ဆုတောင်းခြင်းဖြစ်သည်။ သူ၏အားနည်းချက်ကြောင့် သမ္မာတရားဟောကြားသည့်အမှုတော်သည် ဆုံးရှုံးမှုနှင့်ရင်ဆိုင်သွားစေနိုင်သည်။ သူ့လုံခြုံရေးအတွက်မဟုတ်ဘဲ ဧဝံဂေလိတရားတော်၏အောင်ပွဲအဖို့အလို့ငှါ ဘုရားသခင်နှင့် သူနပန်းလုံးခဲ့ခြင်းဖြစ်သည်။ အကူအညီမဲ့နေသောအခြေအနေမှာပင် သူသည် ကယ်တင်ရှင်ခရစ်တော်အပေါ် လုံးလုံးလျားလျားယုံကြည်ကိုးစားခဲ့ပါသည်။ သူတစ်ဦးတည်းဖြင့် စစ်ဆေးမေးမြန်းမှုကို ရင်ဆိုင်ခဲ့ရသည်မဟုတ်ရာ။ ငြိမ်သက်ခြင်းများပြန်လည်ရရှိကာ နိုင်ငံခေါင်းဆောင်များရှေ့မှောက်တွင် နှုတ်ကပါတ်တော်ကို ချီးမြှောက်ခွင့်ရသဖြင့် သူဝမ်းသာနေပါသည်။

လူးသာသည် မိမိပြင်ဆင်ထားသည့်အဖြေများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ သူ၏အရေးအသားများကို ပြန်လည်စစ်ဆေးခြင်း၊ မိမိဖော်ပြထားသည့်အရာများအတွက် သင့်လျော်သော ကျမ်းကိုးကျမ်းကားများကို သမ္မာကျမ်းစာမှဆွဲထုတ်ခြင်းများကို သူပြုလုပ်ခဲ့ပါသည်။ ယခုတွင်မူ ဘုရင့်အရာရှိသည် သူ့ဆုံးဖြတ်ချက်ကို တောင်းလေပြီး သူနောက်ဆုတ်တော့မှာလား။ နှိမ့်ချသောအသံဖြင့် ကြမ်းတမ်းသောစကားများမဖတ်ဘဲ သူအဖြေပေးခဲ့ပါသည်။ သူ၏ပြောဆိုပြုမူပုံမှာ ယခင်ကနှင့်မတူ ထူးခြားနေပြီး လေးစားစရာကောင်းသော်လည်း အထက်ဖော်ပြခဲ့သည့်ယုံကြည်စိတ်ချမှုနှင့် ဝမ်းမြောက်မှု

များသည် တက်ရောက်လာသည့်လူထုကြီးကို အံ့အားသင့်သွားစေခဲ့ပါသည်။

"အထူးတည်ငြိမ်အေးဆေးသည့် ဧကရာဇ်ဘုရင်ကြီး၊ ဂုဏ်အသရေရှိမင်းညီမင်းသားများ၊ ခင်မင်ရပါသောနယ်စားကြီးများ ခင်ဗျား၊ ယမန်နေ့က ပေးခဲ့တဲ့အမိန့်အတိုင်း ကျွန်တော်ဒီနေ့ လူကြီးမင်းများရှေ့သို့ရောက်ရှိလာပါပြီ။ မသိနားမလည်မှုကြောင့် ရုံးတော်ကို စော်ကားသည့်သဘောသက်ရောက်သည့်အပြောအဆိုအပြုအမူများရှိခဲ့ပါက ခွင့်လွှတ်ပေးပါရန် လူကြီးမင်းများထံသို့ အသနားခံလိုပါတယ်။

အကြောင်းမှာ ကျွန်တော်ဟာ နန်းတော်ထဲမှာ ကြီးပြင်းလာသူမဟုတ်ဘဲ ခရစ်ယာန်စာသင်ကျောင်း၏ ပတ်ဝန်းကျင်နှင့်အဆက်အသွယ်နည်းသော နေရာတွင် ကြီးပြင်းလာသောကြောင့်ဖြစ်ပါတယ်" ဟု လူးသာအစချီလိုက်ပါတယ်။

ထိုနောက် သူက မိမိပုံနှိပ်ထုတ်ဝေခဲ့သောတစ်ချို့စာအုပ်များတွင် ယုံကြည်ခြင်းနှင့် ကောင်းသောအကျင့်သီလများအကြောင်း ရေးသားဖော်ပြထားသဖြင့် ထိုစာအုပ်များသည် အကျိုးရှိသည်ဟု သူ့ရန်သူများကပင်ကြွေးကြော်ကြောင်း၊ ဤစာအုပ်များကို ပြန်လည်ရုပ်သိမ်းခြင်းသည် လူအားလုံးက မှန်သည်ဟုလက်ခံထားသော အမှန်တရားကို ရှုပ်ချခြင်းဖြစ်ကြောင်း၊ ဒုတိယတန်းစားစာအုပ်များမှာမူ ရဟန်းမင်းအဖွဲ့၏စာရိတ္တဖောက်ပြန်မှုများနှင့်မတရားလုပ်ဆောင်မှုများအကြောင်းကို ဖွင့်ပြထားကြောင်း ထိုစာအုပ်များကို ပြန်လည်ရုပ်သိမ်းခြင်းသည်လည်း ရောမ၏တရားလက်လွတ်လုပ်ဆောင်မှုများကို အားကောင်းလာစေပြီး ဘုရားတရားမဲ့မှုအတွက် တံခါးအကျယ်ကြီးဖွင့်ပေးခြင်းဖြစ်ကြောင်း ၊ တတိယအတန်းအစား. . . . . . . . . .

စာအုပ်များတွင်မူ အသင်းတော်ထဲ၌ လက်ရှိဖြစ်ပျက်နေ သည့်ဒု စရိုက်မှုများကို ကာကွယ်ပြောဆိုနေသူများအား သူတိုက်ခိုက်ထား ကြောင်း၊ မိမိသည် နှစ်သက်ဖွယ်ကောင်းသည်ထက် ကြမ်းတမ်းသော အသွင်ရှိနေကြောင်း ထိုစာအုပ်များနှင့်ပတ်သက်ပြီး လူးသာဝန်ခံ ခဲ့ပါသည်။ သို့စေကာမူ ထိုစာအုပ်များကိုလည်း သူမရုပ်စိမ်းလိုပါ။ အကြောင်းမှာ ရုပ်သိမ်းလိုက်မည်ဆိုလျှင် သမ္မာတရား၏ရန်သူများ သည် ဘုရားသခင်၏သားသမီးများအပေါ် ပို၍ကြမ်းတမ်းရက် စက်စွာလုပ်ဆောင်ဖို့ အခွင့်ကောင်းယူသွားပေလိမ့်မည်။

"ကျွန်တော်ဟာ ခရစ်တော်ပြုတော်မူခဲ့သလို ကိုယ့်ကိုကိုယ် ကာကွယ်ရပါမည်။ အမှားတွေကို ကျွန်တော်ဟောကြားခဲ့တယ်ဆိုရင် ထိုအမှားတွေကိုထောက်ပြပေးပါ။ လေးစားအပ်သော ဧကရာဇ် မင်းဘုရင်ကြီးနှင့်တကွ ဂုဏ်သရေရှိလူကြီးလူကောင်း၊ မင်းညီမင်း သားများခင်ဗျား၊ ပုရောဖက်များနှင့် တမန်တော်များရေးသားခဲ့သော အရာများနှင့်မကိုက်ညီဘဲ မှားယွင်းစွာကျွန်တော် ရေးသားထား တဲ့အရာများရှိရင် ထောက်ပြပေးရန် ဘုရားသခင်၏ဂရုဏာတော် အားဖြင့် အကျွန်ုပ်အနူးအညွတ်တောင်းပန်ပါတယ်။ ထောက် ပြမယ့်အမှားအယွင်းများအတွက် ကျွန်တော်အလျော့ပေးနောက် ဆုတ်ကာ ထိုစာအုပ်များအားလုံးကို ကျွန်တော်မီးရှို့ဖျက်စီးပေး ပါမယ်"။

"ဧဝံဂေလိတရားတော်သည် ရှေးခေတ်အချိန်များကဲ့သို့ ယခုခေတ်တွင်လည်း သဘောထားကွဲပြားမှုနှင့် ဆင်းရဲဒုက္ခများဖြစ် စေသည်ကို မြင်တွေ့ရသဖြင့် တုန်လှုပ်ချောက်ချားမှုမရှိတဲ့အပြင် ဝမ်းတောင်သာမိတယ်။ ဒါဟာ ဘုရားသခင့်နှုတ်ကပါတ်တော် ရဲ့ထူးခြားချက်ပါ။ ကံကြမ္မာလည်းဖြစ်ပါတယ်။

"ငါဟာ ငြိမ်သက်ခြင်းပေးဖို့လာတာမဟုတ်ဘူး။ ဓါးကိုပေးဖို့လာခဲ့တယ်"လို့လည်း ခရစ်တော်မိန့်ကြားခဲ့ပါတယ်။

ဒါကြောင့် သဘောထား ကွဲပြားမှုများကို ပြေပျောက်သွားစေရန် ကြိုးစားလျှင် ဘုရားသခင် ရဲ့နှုတ်ကပါတ်တော်စကားများကို နှိပ်စက်တလူမပြုမိဖို့ သတိပြုကြပါ။ ပစ္စုပ္ပန်နှင့်အနာဂတ်နှစ်ခုစလုံးမှာ ကြုံတွေ့နိုင်တဲ့ကြောက်စရာကောင်း ပြီး ကြီးမားများမြောင်လှတဲ့ ဒုက္ခတွင်းထဲကို ကိုယ့်ကိုကိုယ်ဆွဲမချမိဖို့ သတိပြုကြပါ"ဟု ဆက်လက်၍လူးသာတင်ပြခဲ့ပါသည်။

လူးသာသည် ဂျာမန်ဘာသာဖြင့်တင်ပြနေရာ ယခုတွင် လက်တင်ဘာသာဖြင့် ပြန်လည်တင်ပြရန် တောင်းဆိုသဖြင့် ပထမတင်ပြချက်များကို ယခင်ကအတိုင်းပင် လက်တင်ဘာသာဖြင့် ရှင်းလင်းစွာဖွင့်ဟခဲ့ပါသည်။

ဤအမှုတွင် ဘုရားသခင်ကိုယ်တော်တိုင် ညွှန်ကြားတော်မူခဲ့သည်။ မင်းညီမင်းသားအတော်များများသည် အမှားအယွင်းများ၊ အယူသီးမှုများကြောင့် လူးသာတင်ပြသည့်အရာများအပေါ် သဘောမပေါက်ခဲ့ကြချေ။

သို့ရာတွင် လက်တင်ဘာသာဖြင့် တစ်ဖန်ပြန်လည်တင်ပြသောအခါ တင်ပြချက်များကို ရှင်းလင်းစွာနားလည်လာခဲ့ကြသည်။

အလင်းတရားကိုမမြင်လို၍ မျက်လုံးအစုံကို ဇွတ်အတင်းပိတ်ထားသူများသည် လူးသာ၏စကားများကြောင့် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ "မေးထားတဲ့မေးခွန်းကို မင်းမဖြေသေးဘူး။ အလျော့ပေးနောက်ဆုတ်မလား၊ မဆုတ်ဘူးလား။ တိကျရှင်းလင်းတဲ့အဖြေကိုဘဲလိုတယ်"ဟု ပြောကြပါသည်။

"လေးစားအပ်သောလူကြီးမင်းများမှ တိကျ၊ ရှင်းလင်းရိုးစင်းတဲ့အဖြေကိုပေးဖို့ တောင်းဆိုလာတဲ့အတွက် ကျွန်တော်အဖြေတစ်ခုဘဲပေးပါမယ်။ အဲဒီအဖြေကတော့ ကျွန်တော်ဟာ ရဟန်းမင်းကိုဖြစ်စေ၊ ကောင်စီကိုဖြစ်စေ၊ ကျွန်တော့်ယုံကြည်ခြင်းကို မအပ်နှံနိုင်ပါ။ ကျွန်တော်မှားယွင်းကြောင်းသမ္မာကျမ်းစာကိုကိုးကားပြီး ထောက်မပြနိုင်လျှင် ကျွန်တော်အနေနဲ့ အလျှော့ပေးနောက်ဆုတ်လိမ့်မည်မဟုတ်ပါ။ အနာဂတ်မှာလည်း အလျှော့ပေးနောက်ဆုတ်လိမ့်မည်မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ မိမိသြတ္တပ္ပစိတ်နှင့်ဆန့်ကျင်ပြီး ပြောဆိုတဲ့ခရစ်ယာန်တစ်ယောက်ဟာ လုံခြုံမှုမရှိနိုင်ပါ။ ကျွန်တော့်ရပ်တည်မှုကို မပြောင်းလဲနိုင်ပါ။ ဘုရားသခင် ကျွန်တော့်ကိုမစပါစေ။ အာမင်"ဟူ၍ လူးသာဖွင့်ဆိုခဲ့ပါသည်။

ဖြောင့်မှန်သော ဤပုဂ္ဂိုလ်သည် ဤကဲ့သို့ရပ်တည်ခဲ့ပါသည်။ သူ့စာရိတ္တ၏ကြီးမြတ်မှုနှင့်စင်ကြယ်မှုသည်လည်းကောင်း၊ သူ့နှလုံးသား၏ငြိမ်သက်ဝမ်းမြောက်မှုများသည်လည်းကောင်း၊ ကမ္ဘာကြီးအားလွှမ်းမိုးသွားသည့် ထိုယုံကြည်ခြင်း၏သာလွန်ထူးကဲမှုများကို သူသက်သေခံစဉ်တွင် လူအများရှေ့တွင် ထင်ရှားပေါ်လွင်ခဲ့ပါသည်။

ပထမအကြိမ်ပြုလုပ်သော ဤတုန့်ပြန်မှုတွင် လူးသာသည် အရိုအသေပေးသည့်ဟန်၊ အညံ့ခံသည့်ဟန်မျိုးဖြင့် ပြောဆိုခဲ့ရာ ဤအရာသည် ၄င်း၏စကားများကို ပြန်၍ရုပ်သိမ်းဖို့ နိဒါန်းပျိုးခြင်း သက်သက်အဖြစ် ရောမအသင်းတော်က အထင်ရှိခဲ့ပါသည်။

လူးသာ၏ပင် ပန်းနွမ်းနယ်နေသည့်ခန္ဓာကိုယ်၊ ဝတ်ထားသည့် သာမန်အဝတ်အစား နှင့် ရိုးရိုးစကားပြောပုံများကိုကြည့်ကာ အထင်

သေးချင်သလိုလိုဖြစ်နေသော ချားစ်ဘုရင်ကိုယ်တိုင်က "ဒီရဟန်းပျို ဟာ ဘယ်တော့မှ ကျွန်တော့်အတွက် မိတ္တကောင်မဖြစ်နိုင်ဘူး"ဟု ဖွင့်ဆိုခဲ့ပါသည်။ သူဖော်ပြခဲ့သောခိုင်မာမှုနှင့် ရဲစွမ်းသတ္တိ၊ ကျိုးကြောင်းဆင်ခြင်နိုင်သည့်တန်ခိုးများကြောင့် လူအားလုံးအံ့အားသင့်သွားခဲ့ပါသည်။ သို့နှင့် ဧကရာဇ်ဘုရင်က "ဒီရဟန်းပျိုကလေးဟာ သတ္တိပြောင်ပြောင်ခိုင်မြဲတဲ့ရဲစွမ်းသတ္တိနှင့် စကားပြောတတ်တယ်"ဟု ချီးမွမ်းခန်းဖွင့်ခဲ့ပါသည်။

ရောမအသင်းတော်အား မမှိတ်မသုန်ယုံကြည်စွဲလမ်းနေသူများမှာ အရေးနိမ့်သွားရာ မိမိတို့၏အာဏာတန်ခိုးတည်တံ့ခိုင်မြဲရေးအတွက် ခြိမ်းခြောက်မှုများပြုလုပ်လာကြပါသည်။ "အကယ်၍ မင်းအလျှော့ပေးနောက်ဆုတ်ခြင်းမပြုဘူးဆိုရင် ဧကရာဇ်ဘုရင်နဲ့တကွနိုင်ငံတော်ခေါင်းဆောင်များဟာ ဆုံးမပဲ့ပြင်လို့မရတော့တဲ့ ဖောက်ပြန်ရေးသမားတစ်ယောက်ကို ဘယ်လိုကိုင်တွယ်အရေးယူရမယ်ဆိုတာကို ဆွေးနွေးတိုင်ပင်ကြလိမ့်မယ်"ဟု ထိုအစည်းအဝေးမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖွင့်ဆိုခဲ့ပါသည်။

"ကျွန်တော်ဟာ ဘာကိုမှအလျှော့ပေးနောက်ဆုတ်နိုင်ခြင်းမရှိတဲ့အတွက် ဘုရားသခင်ဟာ ကျွန်တော့်ကိုမစပါစေ"ဟု လူးသာက တည်ငြိမ်စွာတုံ့ပြန်လိုက်ပါသည်။

ထိုမင်းညီမင်းသားများဆွေးနွေးတိုင်ပင်နေစဉ်တွင် လူးသာအား ထိုလွှတ်တော်အစည်းအဝေးခန်းမမှ ထွက်ခွါသွားစေခဲ့ပါသည်။ အညှံ့မခံဘဲ လူးသာခိုင်မာစွာရပ်တည်မှုသည် ခေတ်အဆက်ဆက်တည်ရှိမည့် အသင်းတော်ရာဇဝင်ကို အကျိုးသက်ရောက်စေခဲ့သည်။ ဆွေးနွေးတိုင်ပင်ပြီးသောအခါ လူးသာအား အလျှော့ပေးနောက်ဆုတ်ရန်. . . . . . . . . . . . . . . . . . . . . . . . . . .

နောက်ထပ်အခွင့်အရေးတစ်ခုပေးပြန်သည်။ နောက်ထပ်တစ်ဖန် "မင်းရဲ့ယုံကြည်ချက်တွေကိုစွန့်လွှတ်မှာလား"ဟူသော မေးခွန်းပေါ်လာပြန်ရာ" ကျွန်တော်ပြောပြီးတဲ့ဟာကလွဲလို့ အခြားတုံ့ပြန်စရာမရှိတော့ပါဘူး"ဟု ပြောခဲ့သည်။

ဤမဟုတ်တရုတ်ရဟန်းပျိုကလေးကြောင့် သူတို့၏တန်ခိုးအာဏာများသေးသိမ်သွားမည်ကို ရဟန်းမင်း၏ခေါင်းဆောင်များက စိုးရိမ်ပူပန်ခဲ့ကြသည်။ မှားယွင်းသောပုံခိုင်းမှုနှင့်လောဘ၊ ဒေါသ၊ မောဟကင်းသောစကားလုံးများဖြင့် လူးသာသည် ခရစ်ယာန်သိက္ခာ၊ တည်ငြိမ်မှုအပြည့်ဖြင့် ပရိသတ်ကြီးကိုစကားပြောသွားခဲ့သည်။

သူ၌ "ငါ" ပျောက်ကာ ရဟန်းမင်းနှင့် ဘုရင်ဧကရာဇ်များထက် ကြီးမြတ်သော ဘုရားသခင့်ရှေ့တွင်ရောက်ရှိနေသလို သူခံစားခဲ့ရသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူနှင့်အတူအမြဲရှိနေကာ သူပြောဆိုသမျှကို အင်ပါယာ၏ခေါင်းဆောင်ကြီးများ၏ စိတ်ထဲတွင် စွဲမြဲသွားစေခဲ့သည်။

လူးသာ၏လုပ်ဆောင်မှုသည် တရားမျှတမှန်ကန်ကြောင်း မင်းညီမင်းသားအတော်များများက အသိအမှတ်ပြုခဲ့ကြပါသည်။ အခြားလူတန်းစားများသည် ထိုအချိန်တွင် သဘောမပေါက်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို မကြောက်မရွံ့ထောက်ခံလာကြပါသည်။

လွှတ်တော်အမတ် ဖရက်ဒရစ်သည် လူးသာဟောပြောသည့်အချက်များကို စိတ်လှုပ်ရှားစွာဖြင့် နားထောင်ခဲ့ဖူးပါသည်။ ယခုတွင် လူးသာ၏ရဲစွမ်းသတ္တိနှင့်စိတ်တည်ငြိမ်မှုများကို ဝမ်းမြောက်ဂုဏ်ယူစွာမျက်မြင်ကိုယ်တွေ့မြင်ရသောအခါ သူ့ဘက်မှ မားမားမတ်မတ်

ရပ်တည်ကာကွယ်ရန် ဆုံးဖြတ်လိုက်ပါသည်။ ၎င်းပြင် ရဟန်းမင်းနှင့် တကွ ဂိုဏ်းချုပ်များ၊ ဘုရင်များ၏လုပ်ဆောင်မှုများကြောင့် သမ္မာတရား၏ဩဇာတန်ခိုးပျက်စီးပြုန်းတီးခဲ့ရသည်ကိုလည်း သူမြင်တွေ့လာခဲ့သည်။

လူးသာ၏ဟောပြောမှုကြောင့် ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုများကို သိရှိသောထိုသံတမန်သည် လူးသာ၏ လွှမ်းမိုးမှုကို ချေဖျက်နိုင်မည့်နည်းမျိုးစုံကို မိမိလုပ်ပိုင်ခွင့်ရှိသလောက်လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ပမ္မာရဟန်းပျိုလေးတစ်ဦးကြောင့် ရောမ၏ထောက်ခံမှုနှင့် မိတ်ဆွေဖြစ်မှုကို ပျက်ပြားစေနိုင်သည့် အန္တရာယ်ရှိကြောင်း၊ အသက်အရွယ်နုပျိုသေးသည့် ထိုဧကရာဇ်မင်းအား အာဝဇ္ဇန်းရွှင်ရွှင်၊ နည်းပညာကြွယ်ကြွယ်ဖြင့် သူတင်ပြခဲ့သည်။

သို့နှင့် လူးသာအဖြေပေးပြီးနောက်တစ်နေ့မှာပင် ချားစ်ဘုရင်သည် ရောမအသင်းတော်၏ယုံကြည်ချက်ကို ထိန်းသိမ်းကာကွယ်ရန် မိမိဆုံးဖြတ်ကြောင်း၊ လွှတ်တော်တွင်ကြေညာခဲ့ပါသည်။ "ကျွန်ုပ်၏အင်ပါယာရှိတိုင်းနိုင်ငံများ၊ ကျွန်ုပ်ပိုင်သောဘဏ္ဍာများ၊ ကျွန်ုပ်၏မိတ်ဆွေ၊ ခန္ဓာကိုယ်၊ အသွေး၊ အသက်ဝိညာဉ်နှင့် ဘဝတစ်ခုလုံးကို ကျွန်ုပ်အနစ်နာခံဆက်ကပ်မည်။ လူးသာနှင့်တကွ သူ၏နောက်လိုက်များကို အသင်းတော်မှကြဉ်ထားခြင်း၊ ပိတ်ပင်တားမြစ်ခြင်း၊ ချေမှုန်းရန်နည်းအမျိုးမျိုးကိုသုံးခြင်းဖြင့် ဆက်လက်တိုက်ပွဲဝင်သွားမည်"ဟု လူးသာနှင့်နောက်လိုက်များအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ဧကရာဇ်ကမိန့်ဆိုခဲ့ပါသည်။ သို့ရာတွင် ၎င်းအား လုံခြုံစွာအိမ်သို့အရောက်ပို့ပေးရမည်ဖြစ်ကြောင်း သူကိုင်ဆောင်ထားသောလုံခြုံရေးလက်မှတ်အား လေးစားရမည်ဖြစ်ကြောင်း ထပ်လောင်းမိန့်ဆိုသွားခဲ့ပါသည်။

## လူးသာ၏လုံခြုံမှုကို အန္တရာယ်ပြုနိုင်ခြင်း

လူးသာအတွက် ပြင်ဆင်ထားသည့် လုံခြုံရေးအစီအစဉ်ကို ဂရုမထားဘဲ ရဟန်းမင်းကြီး၏ကိုယ်စားလှယ်များက တောင်းဆိုခဲ့ကြသည်။ "ရိုင်းမြစ်ဟာ ဂျွန်ဟပ်စ်ရဲ့ပြာကို လွှင့်ခဲ့တဲ့အနှစ်တစ်ရာလောက်တုန်းက ကြိုဆိုခဲ့သလို လူးသာရဲ့ပြာကိုလည်းကြိုဆိုနေပြီ"ဟု ဟစ်ကြွေးခဲ့ကြသည်။

သို့သော် ဂျာမနီမင်းညီမင်းသားများသည် လူးသာ၏ရန်သူများအဖြစ် မိမိတို့ကိုယ်ကို ဝန်ခံထားကြသော်လည်း လူ့အကြည်အညိုပျက်စေမည့် ထိုသို့သောဖောက်ပြန်မှုမျိုးကို ကန့်ကွက်ခဲ့ကြသည်။

ဟပ်စ်သေဆုံးပြီးနောက် ဖြစ်ပေါ်လာသောဆိုးကျိုးများကို ထောက်ပြကာ ထိုဆိုးကျိုးများကို ဂျာမနီပြည်အပေါ်သို့ နောက်တစ်ခါ မကျရောက်စေလိုကြချေ။

"ဂုဏ်သိက္ခာနဲ့ယုံကြည်မှုတွေကို စွန့်ပစ်သည်ထားဦးတော့၊ ဂျာမနီမင်းညီမင်းသားများရဲ့စိတ်နှလုံးတွေထဲမှာ ခိုလှုံရာကိုတော့ ရှာသင့်ကြပါတယ်"ဟု ချားစ်ဘုရင်က ထိုယုတ်ညံ့သောအဆိုပြုချက်ကို တုံ့ပြန်ခဲ့ပါသည်။

ဆီဂျစ်မန်က ဟပ်စ်ကိုလုပ်ခဲ့သလို သူ့အနေဖြင့်လည်း လူးသာကိုလုပ်ဖို့ ရဟန်းမင်း၏ဘက်တော်သားများက ချားစ်ကိုတိုက်တွန်းခဲ့ကြပါသည်။

သစ္စာကတိထားခဲ့သောယုံကြည်ခြင်းနှင့်ပါတ်သက်၍ ဆီဂျစ်မန်ကို ဟပ်စ်က လူပုံအလယ်တွင် သတိပေးထောက်ပြခဲ့သည့် မြင်ကွင်းကို ချားစ်ပြန်လည်သတိရမြင်ယောင်ကာ "ငါတော့ ဆီဂျစ်မန်လိုအရှက်မကွဲချင်ဘူး"ဟု ကြေညာခဲ့ကြပါသည်။

သို့စေကာမူ ချားစ်သည် လူးသာတင်ပြခဲ့သောသမ္မာတရားများကို စိုက်လိုက်မတ်တတ်ငြင်းဆိုခဲ့ပါသည်။ သူသည် အမှန်တရားနှင့်ဖြောင့်မတ်ခြင်းလမ်းကြောင်းပေါ်သို့လျှောက်လှမ်းရန် ဓလေ့ထုံးစံများကို မစွန့်လွှတ်လိုချေ။ သူ့ဖခင်လုပ်ဆောင်ခဲ့သည့်အတိုင်း ရဟန်းမင်း၏ယုံကြည်ချက်များကို သူဆက်လက်ကိုင်စွဲလိုသည်။ ထို့ကြောင့် ဖခင်ကြီးလက်ခံယုံကြည်ခဲ့သည့်အရာထက် ပိုသောအလင်းတရားများကိုလက်ခံရန် သူအလိုမရှိခဲ့ပါချေ။

ယနေ့ခေတ်လူသားအများစုသည်လည်း မိရိုးဖလာဓလေ့ထုံးစံများကို စွဲလမ်းတတ်ကြသည်။ ဘုရားသခင်က နောက်ဆက်တွဲအလင်းတရားများကိုပေးသောအခါ ၎င်းတို့၏ဖခင်များမရယူခဲ့သဖြင့် ထိုအရာများကိုလက်ခံရန် သူတို့ငြင်းဆန်တတ်ကြပါသည်။ အမှန်တရားကို ကိုယ်တိုင်မရှာဖွေဘဲ ကိုယ်လုပ်ရမည့်တာဝန်ကို ဆုံးဖြတ်ရန် ဖခင်များကိုအားကိုးခြင်းကို ဘုရားသခင်သည် နှစ်သက်တော်မမူချေ။ နှုတ်ကပါတ်တော်မှ ယခုထွန်းလင်းလျက်ရှိသော နောက်ဆက်တွဲအလင်းတရားများအတွက် ကျွန်ုပ်တို့၌သာ တာဝန်ရှိ၏။

ဘုရားသခင်သည် လူးသာကို အသုံးပြုကာ ဂျာမနီဧကရာဇ်ဘုရင်ကြီးနှင့် မင်းညီမင်းသားများကို မိန့်ကြားတော်မူနေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လွှတ်တော်သို့တက် ရောက်လာကြသူများအား နောက်ဆုံးအကြိမ်အဖြစ် တောင်းပန်တော်မူနေပါသည်။ ရှေးခေတ်ပိလတ်မင်းကဲ့သို့ပင် ချားစ်ဘုရင်သည်လည်း လောကစည်းစိမ်များသို့လိုက်ကာ သမ္မာတရား၏အလင်းကို ငြင်းပယ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

လူးသာအပေါ် လုပ်ဆောင်ရန် ကြံစည်ထားချက်များကို သတင်းဖြန့်လိုက်ရာ တစ်မြို့လုံးတွင် လှုပ်ရှားသွားပါသည်။ ရောမ. . . .

အသင်းတော်၏ကောက်ကျစ်စဉ်းလဲမှုများကိုသိထားသောလူးသာ၏မိတ်ဆွေများက သူ့အားမသတ်သင့်ဟု သဘောရကြသည်။ သို့နှင့် မှူးမတ်များက သူ့အား ကာကွယ်စောင့်ရှောက်ပေးမည်ဟု ကတိပြုကြသည်။ အိမ်တံခါးပေါက်များနှင့် လူစည်ကားရာနေရာများတွင် ကြော်ငြာများကပ်ထားသည်ကိုတွေ့ရသည်။ တစ်ချို့မှာ လူးသာကိုရှုပ်ချသည့် ကြော်ငြာများဖြစ်ပြီး တစ်ချို့မှာမူ ထောက်ခံသည့်စာတမ်းများဖြစ်သည်။ ကြော်ငြာတစ်ခုမှာမူ "ငယ်သားအစိုးရသောပြည်သည် အမင်္ဂလာရှိ၏"ဟု ရေးသားထားပါသည်။ (ဒေသနာ ၁၀း၁၆)။ လူးသာအပေါ်မတရားလုပ်ဆောင်ခြင်းဖြင့် နိုင်ငံ၏ငြိမ်းချမ်းရေးနှင့် ဧကရာဇ်၏စိုးစံမှုကိုမတည်မငြိမ်ဖြစ်စေသည်ကို လူးသာအပေါ်ထောက်ခံကြောင်း ထင်ရှားစေသည့်လူထုစိတ်အားထက်သန်မှုများကု ဧကရာဇ်ဘုရင်နှင့်လွှတ်တော်ကိုသဘောပေါက်စေပါသည်။

## ရောမနှင့်အပေးအယူလုပ်ရန်ကြိုးစားခြင်း

ဆက္ကဆိုနီနယ်စား ဖရက်ဒရစ်သည် လူးသာအပေါ်ထားသည့် မိမိ၏သဘောထားမှန်ကို သတိကြီးစွာဖြင့် ဖုံးကွယ်ထားသည့်တစ်ချိန်တည်းမှာပင် လူးသာအား မနားမနေအကာအကွယ် ပေးခဲ့သည်။

လူးသာအား ရန်မူသောသူများ၏လှုပ်ရှားမှုများကိုလည်း ဖရက်ဒရစ်စောင့်ကြည့်ခဲ့သည်။ သို့သော် လူအများစုမှာ လူးသာအပေါ်ထားသည့်၎င်းတို့၏ကြင်နာသနားမှုကို ဖုံးကွယ်ထားရန် မကြိုးစားကြချေ။ "ပါရဂူကြီးရဲ့အခန်းကလေးဟာ သူ့ဆီကိုလာလည်ကြတဲ့

လူတွေနဲ့မဆုံအောင်ဖြစ်နေတယ်”ဟု စပါလက်တင်ဆိုသူက ရေးသားခဲ့ဖူးသည်။ လူးသာ၏ယုံကြည်ချက်များကို လက်မခံခြင်းမရှိသေးသူများပင်လျှင် ဩတ္တပ္ပစိတ်၏လှုံ့ဆော်မှုကို ဆန့်ကျင်မည့်အစား အသေခံမည်ဆိုသည့် သမာဓိရှိမှုကို မချီးကျူးဘဲ မနေနိုင်ခဲ့ကြချေ။

သို့နှင့် ရောမနှင့်အပေးအယူလုပ်ဖို့ လူးသာသဘောတူရန် အကြီးအကျယ်ကြိုးစားခဲ့ကြပါသည်။ အသင်းတော်နှင့် ထိုကောင်စီကို ဆန့်ကျင်ပြီး ကိုယ့်သဘောနှင့်ကိုယ်လုပ်ဆောင်နေမည်ဆိုလျှင် ပြည်နှင်ဒဏ်ပေးခြင်းခံရကာ အကာအကွယ်မဲ့ဖြစ်သွားနိုင်ကြောင်း မင်းညီမင်းသားများက သူ့အားတစ်ဖန်ထပ်မံတင်ပြကြပြန်သည်။ ထိုကြောင့် ဧကရာဇ်၏အဆုံးအဖြတ်ကိုနာခံဖို့သူ့ပအား တိုက်တွန်းခဲ့ကြသည်။ သို့မှသာ သူ၌ ကြောက်စရာကင်းနိုင်မည်ဖြစ်သည်။

“ဧကရာဇ်မင်း မှစ၍ မင်းညီမင်းသားများနှင့် အညံ့ဖျင်းဆုံး ခရစ်ယာန်များအဆုံး သမ္မာကျမ်းစာကိုစံထားပြီး ကျွန်တော်ရေးသားဟောကြားခဲ့တာတွေကို စစ်ဆေးမယ်၊ စီရင်မယ်ဆိုရင် ကျွန်တော်သဘောတူပါတယ်။ လူသားများဟာ သမ္မာကျမ်းစာအတိုင်း နားထောင်လိုက်လျှောက်ခြင်းမှလွဲပြီး အခြားအရာတွေကို ဘာမှလုပ်ပိုင်ခွင့်မရှိကြပါဘူး”ဟု သူတုံ့ပြန်ခဲ့ ပါသည်။

၎င်းပြင် “ကျွန်တော့်အတွက် စီစဉ်ထားတဲ့လုံခြုံရေးအစီအစဉ်ကိုလည်း စွန့်လွှတ်ဖို့ ကျွန်တော်သဘောရှိပါတယ်။ ကျွန်တော့်ရဲ့ခန္ဓာကိုယ်နှင့်အသက်ကို ဧကရာဇ်မင်းရဲ့လက်ထဲမှာအပ်နှံတာထက် ဘုရားသခင်ရဲ့နှုတ်ကပါတ်တော်မှာအပ်နှံမယ်”ဟု အခြားအယူခံလွှာတစ်ခုတွင် သူဖွင့်ဆိုခဲ့ပါသည်။ လွှတ်ရုံးအနေဖြင့် သမ္မာကျမ်းစာနှင့် အညီ ဆုံးဖြတ်ချက်ချမည်ဆိုလျှင် လွှတ်တော်တွင် မိမိကိုယ်ကို အညံ့ခံ

လိုက်ရန် သူဆန္ဒရှိကြောင်းဖော်ပြခဲ့သည်။ "နှုတ်ကပါတ်တော်နှင့် ယုံကြည်ခြင်းစပ်ဆိုင်ခြင်းအရာမှာ သန်းနှင့်ချီပြီး ထောက်ခံသူတွေ ရှိနေတဲ့ ရဟန်းမင်းလောက်တော့ ခရစ်ယာန်တိုင်းဟာ ကောင်းသော တရားသူကြီးတစ်ဦးဖြစ်နိုင်သည်"ဟု လူးသာကဖွင့်ဟလာသဖြင့် ပြေလည်မှုရအောင် ဆက်လက်ကြိုးစားနေလျှင်လည်း အကျိုးထူးမည် မဟုတ်ကြောင်း လူးသာ၏ရန်သူကော မိတ်ဆွေများကပါ အဆုံးတွင် သဘောပေါက်လာကြပါသည်။

လူးသာသည် တစ်ချက်ကလေးအလျော့ပေးလိုက်လျှင် စာတန်နှင့်သူ့နောက်လိုက်များသည် အောင်ပွဲဆင်သွားကြပေလိမ့်မည်။ သို့သော် ယိမ်းယိုင်ခြင်းမရှိသောသူ၏ဖွဲ့သတ္တိသည် ဘုရားသခင် ၏အသင်းတော်ကို အနှောင်အဖွဲ့မှလွတ်သွားစေဖို့ဖြစ်လာပါသည်။ ကိုယ်ဘာသာကိုယ်တွေးတောလုပ်ဆောင်ရဲသော ဤလူသားတစ်ဦး ၏ဩဇာသက်ရောက်မှုသည် သူ့အချိန်သူ့အခါက အသင်းတော်နှင့် ကမ္ဘာကြီးကိုသာမက အနာဂတ်မျိုးဆက်များကိုလည်း အကျိုးပြု ပါသည်။

မကြာမီတွင် ဧကရာဇ်ဘုရင်က လူးသအား အိမ်ပြန်ရန် ဆင့်ဆိုလိုက်သည်။ ထိုဆင့်ဆိုချက်နှင့်မရှေးမနှောင်းမှာပင် လူးသာအ ပေါ်ပြုလုပ်သည့်စီရင်ချက်ထွက်ပေါ်လာခဲ့သည်။အပြန်လမ်းခရီးမှာ ခြိမ်းခြောက်မှုများဖြင့် ဖုံးလွှမ်းနေသော်လည်း ဝမ်းစ်မှထွက်ခွါလာ သည့်နောက် သူ့စိတ်နှလုံးသည် ပျော်ရွှင်မှုများ၊ ကျေးဇူးတင်ခြင်းများ နှင့် ပြည့်ဝနေပါသည်။

ဝမ်းစ်မှထွက်ခွါသွားပြီးနောက် မိမိ၏ခိုင်မာစွာရပ်တည်မှုကို ပုန်ကန်ခြားနားမှုအသွင်သို့ အမြင်မလွဲစေရန် ရည်ရွယ်လျက် လူးသာက .............................

"ကျွန်ုပ်ဟာ အမြှောက်စားခံရသည်ဖြစ်စေ၊ အရှုတ်ချခံရသည်ဖြစ်စေ၊ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ လူသားများမှီခိုအသက်ရှင်ရမည့် နှုတ်ကပါတ်တော်နှင့်ဆန့်ကျင်သောလုပ်ရပ်မှလွဲ၍ မည်သည့်ခြွင်းချက်မှမရှိဘဲ ဧကရာဇ်မင်း၏အမိန့်တော်ကိုနာခံရန် အဆင်သင့်ရှိပါသည်။ ထာဝရကာလနှင့်ပတ်သက်သော အကျိုးရလဒ်များအတွက် လူသားအချင်းချင်းအညှံ့ခံအားကိုးမှုများကို ထာဝရဘုရားသခင်အလိုတော်မရှိပါ။ ဝိညာဉ်ရေးနှင့်ပါတ်သက်သောကိစ္စများတွင် ထိုကဲ့သို့လိုက်လျောအညှံ့ခံခြင်းသည် ဖန်ဆင်းရှင်တစ်ပါးတည်းမှလွဲ၍ မည်သူ့ကိုမျှမပြုလုပ်ထိုက်သောအရာတစ်ခုဖြစ်သည်။

ဝမ်းစ်မြို့မှ အပြန်လမ်းခရီးတွင် မင်းညီမင်းသား အသင်းတော်ခေါင်းဆောင်များသည် ရောမမှကြဉ်ထားသည့် ထိုရဟန်းပျိုကို ကြိုဆိုခဲ့ကြပါသည်။ နယ်ဘက်အရာရှိများကလည်း ဧကရာဇ်မင်းက လူသိရှင်ကြားအတိအလင်းပြစ်တင်ပြောဆိုထားသည့်ထိုသူကို ဂုဏ်ပြုခဲ့ကြပါသည်။

သူ့အား တရားဟောပေးဖို့ တောင်းဆိုကြသောအခါ ပိတ်ပင်တားမြစ်ထားသည့်ကြားမှ ပလ္လင်ပေါ်သို့ တစ်ဖန်တက်ကာ "ကျွန်ုပ်ဟာ ဘုရားရဲ့နှုတ်ကပါတ်တော်ကို ကိုယ့်သဘောနှင့်ကိုယ်ဘယ် တုန်းကမှ သံကြိုးနဲ့ခြည်ပြီး သော့နဲ့ခတ်ထားဖို့ ကတိမပေးခဲ့ဖူးဘူး။ နောင်လည်း ပေးမှာမဟုတ်ဘူး"ဟု ဆိုကာ တရားဟောလေ၏။

ဝမ်းစ်မှ သူထွက်သွားပြီးနောက် မကြာမီမှာပင် ရဟန်းမင်းအဖွဲ့၏ဖိအားပေးမှုကြောင့် ဧကရာဇ်မင်းသည် လူးသာအား အရေးယူဆောင်ရွက်မည့်အမိန့်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်ပြန်တမ်းတွင် လူးသာအား "လူယောင်ဆောင်ပြီး ရဟန်းပျိုတစ်ဦးရဲ့ဝတ်ရုံကို

ခြုံထားသောစာတန်ဖြစ်သည်”ဟု လူသိရှင်ကြားစွပ်စွဲထားပါသည်။ မကြာမီတွင် သူ၏လုံခြုံရေးအစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။ သူ့အား အကာအကွယ်မပေးရန်၊ အစားအစာမပေးရန်၊ နှုတ်အားဖြင့်လည်းကောင်း၊ လက်အားဖြင့်လည်းကောင်းမစခြင်းမပြုရန်၊ အားပေးအားမြှောက်မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ သူ့အားတွေ့ရှိလျှင် အာဏာပိုင်များထံသို့ လာရောက်အပ်နှံရမည်ဖြစ်ပြီး သူ့အပေါ်သစ္စာစောင့်သိသူများကို ထောင်ချ၍ ပစ္စည်းသိမ်းမည်ဖြစ်သည်။ သူရေးသားခဲ့သောစာပေများကို ဖျက်စီးပစ်ရမည်ဖြစ်ပြီး ထိုအမိန့်ကိုဖီလာဆန့်ကျင်သူများသည် ပြစ်ဒဏ်စီရင်ခြင်း ခံကြရမည်ဖြစ်သည်။ လူးသာ၏မိတ်ဆွေများဖြစ်သော ဆက္ကဆိုနီလွှတ်တော်အမတ်နှင့် မင်းညီမင်းသားများတို့သည် ဝမ်းစ်မှ လူးသာထွက်ခွါသွားပြီးနောက် မကြာမီမှာပင် ထွက်ခွာလာခဲ့ကြသည်။

ဘုရင်ထုတ်ပြန် သောအမိန့်ကိုလည်း လွှတ်တော်ကအတည်ပြုခဲ့ကြရာ ရောမသားများ အောင်ပွဲဆင်နွှဲခဲ့ကြပါသည်။ ချိတ်ပိတ်ခြင်းခံလိုက်ရသော ဘာသာရေး ပြုပြင်ပြောင်းလဲရေး၏ကံကြမ္မာကို သူတို့ဆင်ခြင်သုံးသပ်နေကြသည်။

## ဆက္ကဆိုနီမှ ဖရက်ဒရစ်အား ဘုရားသခင်အသုံးပြုခြင်း

လူးသာလုပ်ဆောင်သမျှကို ကျိုးကန်းတောင်းမျှော်လိုက်ကြည့်နေကြသည်။ သို့ရာတွင် မြင့်မြတ်၍ စိတ်ထားမှန်သူတစ်ဦးက လူးသာ၏လွတ်မြောက်ရေးကိုဖြေရှင်းပေးခဲ့သည်။

ဘုရားသခင်သည် လူးသာဆက်လက်အသက်ရှင်ရေးအတွက် စီမံချက်တစ်ခု.........................

ကို ဖရက်ဒရစ်အားဖြင့် ပေးတော်မူ၏။ အိမ်အပြန်ခရီးစဉ်တွင် လူးသာအား ၎င်း၏မိတ်ဆွေများနှင့်ခွဲလိုက်ပြီး သစ်တောများကို ဖြတ်ပြီး လူသူမနီးသည့် ဝပ်ဘတ်တောင်ပေါ်ရဲတိုက်ကြီးသို့ ကသောကမျော ခေါ်ဆောင်သွားကြပါသည်။ သူ့အားဖုက်ထားသည့်နေရာကို ဖရက်ဒရစ်ကိုယ်တိုင်ပင်မသိခဲ့ချေ။ ဤတွင်လည်း ဘုရားသခင်၏ အကြံအစည်တော်ရှိတော်မူ၏။ အကြောင်းမှာ ဖရက်ဒရစ်သည် ဘာမှမသိသမျှကာလပတ်လုံးဘာမျှမဖော်ပြနိုင်တော့ချေ။ လူးသာလုံခြုံမှုရလျှင်ပင် သူကျေနပ်ခဲ့ပါသည်။

နွေရာသီနှင့်မိုးရာသီကုန်ဆုံးကာ ဆောင်းရာသီသို့ရောက်ခဲ့ချေပြီ။ လူးသာသည် အကျဉ်းသားဘဝတွင်ပင် ရှိနေသေးသည်။ အော်လင်းဒါးနှင့် သူ့ဘက်တော်သားများသည် ဝမ်းမြောက်နေကြပါသည်။ ဧဝံဂေလိအလင်းသည် ပျောက်ကွယ်သွားတော့မယောင်ဖြစ်နေသည်။ သို့သော် လူးသာ၏အလင်းသည် တောက်ပသောအလင်းနှင့် ထွန်းတောက်ရန်ဖြစ်သည်။

## ဝပ်ဘတ်၌လုံခြုံရေး

လူးသာသည် ရုန်းရင်းခတ်ပြီး ပူလောင်သောတိုက်ပွဲများဝေးသည့်ဝပ်ဘတ်မှ နွေးထွေးသောလုံခြုံမှုအောက်တွင် ပျော်ရွှင်နေပါသည်။ သို့သော် လှုပ်ရှားတိုက်လှန်သောဘဝတွင် အကျင့်ရနေပြီဖြစ်သော လူးသာသည် အလုပ်တစ်ခုခုကိုမလုပ်ဘဲ မနေတတ်တော့ချေ။ အသင်းတော်သည် ထိုသို့သူနှင့်အဆက်အသွယ်ပြတ်နေသောအချိန်များမှာပင် တိုးတက်ကြီးပွားနေပါသည်။ ထိုကဲ့သို့အေးအေးဆေးဆေး. . . . . . . . . . . . . . . . . . . . . . . . . . . . . .

နေသဖြင့် သူရဲဘောကြောင်သည်ဟုလည်း အစွပ်စွဲခံရမှာကိုကြောက်သည်။ မိမိကိုယ်ကိုလည်း အပျင်းထူသူတစ်ဦး၊ ကိုယ်ကြိုက်တာကိုယ်လုပ်တဲ့သူဟု သူအပြစ်တင်ခဲ့ပါသည်။

သို့စေကာမူ လူတစ်ယောက် တစ်နေ့လုပ်နိုင်သည့်အတိုင်းအတာထက်ပို၍ နေ့စဉ်လူလုပ်ဆောင်ပြီးစီးခဲ့ချေပြီ။ သူ့မှင်တံသည်ရပ်နေသည်မရှိပါ။ ဆက်လက်လုပ်ဆောင်နေကြောင်းထင်ရှားစေသည့်အထောက်အထားများကြောင့် သူ့ရန်သူများသည်ပင်လျှင် အံ့အားသင့်ကုန်ကြပါသည်။ သူရေးသားခဲ့သောဝေစာပေါင်းများစွာကိုဂျာမနီပြည့်အနှံ့သို့ဖြန့်ဝေခဲ့ပါသည်။ လူးသာသည် နေထိုင်ရာတောင်ပေါ်ရဲတိုက်မှနေ၍ တစ်နှစ်ပတ်လုံး ဧဝံဂေလိတရားကိုဟောကြားခဲ့သည်။ ထိုခေတ်အခါ၏ မှားယွင်းမှုများကို ဆုံးမပဲ့ပြင်ခဲ့သည်။

ဘုရားသခင်သည် လူအများနှင့် ဆက်ဆံရသောအခြေအနေမှ မိမိကျွန်အား သီးသန့်ခွဲထားတော်မူခဲ့သည်။ ဆိတ်ငြိမ်သောတောင်ပေါ်သီးခြားနေရာကလေးတွင် လောကီထောက်ခံမှုနှင့် လူထုချီးမွမ်းမှုများမှ လူးသာကင်းဝေးသွားပါသည်။

ဤနည်းအားဖြင့် အောင်မြင်မှုများကြောင့် ဖြစ်ပေါ်တတ်သော မာနထောင်လွှားခြင်းနှင့် ကိုယ့်ကိုကိုယ်အယုံကြည်လွန်ခြင်းများမှ သူ့အားကာကွယ်ပေးခဲ့ပါသည်။

လူသားများသည် အမှန်တရားက ယူဆောင်လာသော လွတ်လပ်မှုတွင်ပျော်ရွှင်အားရနေစဉ် စာတန်သည် ၎င်းတို့၏အတွေးနှင့်သက်ဝင်မှုများကို ဘုရားသခင်ထံမှ လူသားအချင်းချင်းထံသို့ လမ်းလွှဲပေးရန် ကြိုးစားတတ်ပါသည်။

ဖြစ်အင်အားလုံးကို ညွှန်ကြားနေသောလက်တော်ကို လျစ်လျူရှုကာ လက်တော်ကအသုံးချ. . . . . . . . . . . . . . . . . . .

သော ဝတ္တုပစ္စည်းများကို အလေးထားလာရန် စာတန်ကြိုးစားတတ်ပါသည်။ အချီးမွမ်းခံရသော ဘာသာရေးခေါင်းဆောင်များသည် မကြာခဏ မိမိတို့ကိုယ်ကို ကိုးစားလာတတ်ကြပါသည်။ နှုတ်ကပါတ်တော်ကို လမ်းပြအဖြစ်ကြည့်ရမည့်အစား သူတို့ကို လမ်းပြအဖြစ် လူထုကြီးကကြည့်လာပါသည်။ ဘုရားသခင်သည် လူးသာတို့လုပ်ဆောင်နေသည့်ပြောင်းလဲရေးအလုပ်ကို ဤအန္တရာယ်မှကာကွယ်တော်မူရလိမ့်မည်။ လူးသာအား သမ္မာတရားကို အသေးစိတ်နားလည်သူအဖြစ် လူအများကရှုမြင်နေရာ ထိုသူများအား သမ္မတရားအရှင်ထံသို့ ညွှန်ပြနိုင်ရန်အလို့ငှါ လူးသာအား လူအများရှေ့မှ ဖယ်ရှားတော်မူခဲ့ရသည်။

-----ooo-----

# အခန်း (၉)
# ဆွစ်ဇာလန်တွင်ထွန်းတောက်နေသောအလင်း

ဆက္ကဆိုနီနယ်ရှိ မိုင်းအလုပ်သမားတစ်ဦး၏အိမ်တွင် လူးသာ အားမွေးဖွားခဲ့ပြီး မရှေးမနှောင်းမှာပင် အဲလ်စ်တောင်တန်းပေါ်ရှိ မွေးမြူရေးသမားတစ်ဦး၏တဲထဲတွင် ယူရစ်ဇွင်းကလိကို မွေးဖွား သန့်စင်ခဲ့ပါသည်။ သဘာဝတောတောင် ရှုခင်းများအလယ်တွင် ကြီးပြင်းလာသူဖြစ်သဖြင့် ငယ်စဉ်ကတည်းက ဘုရားသခင်၏ကြီးမြတ် ခမ်းနားမှုသည် သူ့စိတ်တွင်စွဲထင်နေပါသည်။ အသင်းတော်၏ရိုးရာ များနှင့် ယုံတမ်းစကားများမှ ကြားသိခဲ့ရသောကျမ်းစာပုံပြင်များကို သူ့အဘွားထံမှ သူကြားခွင့်ရခဲ့သည်။

သူသည် အသက်(၁၃)နှစ်အရွယ်တွင် ဆွစ်ဇာလန်ပြည်၏အ ကောင်းဆုံးကျောင်းတည်ရှိရာ ဘန်းမြို့သို့သွားခဲ့ပါသည်။ သို့ရာတွင် ထိုအရပ်တွင် အန္တရာယ်နှင့်သူရင်ဆိုင်ခဲ့ရပါသည်။ ရဟန်းကျောင်း များတွင် ကျောင်းတက်ရန် ရဟန်းပျိုများ၏သွေးဆောင်မှုကို သူအကြီး အကျယ်ခံခဲ့ရပါသည်။ ဘုရားသခင်၏မစမှုကြောင့် ထိုရဟန်းပျိုများ ၏အကြံကို သိထားသောသူ့ဖခင်သည် သား၏အနာဂတ် အောင်မြင် မှုကို ထိခိုက်မည့်အရေးကိုတွေ့မြင်ကာ အိမ်သို့ပြန်လာရန် ခေါ်လိုက် ပါသည်။

ထိုလူငယ်သည် ဖခင်ကြီး၏စကားကိုနားထောင်ကာ အိမ် သို့ပြန်လာခဲ့သော်လည်း မွေးရပ်မြေတွင် ကြာကြာမနေနိုင်ဘဲ မကြာမီ မှာပင် ဘက်ဆဲမြို့သို့သွားရောက်ကာ ဆက်လက်ပညာသင်ယူခဲ့ ပါသည်။ ဘုရားသခင်သည် အခမဲ့တော်မူသည့် ကျေးဇူးတော်ဆိုင်ရာ

သတင်းကောင်းကို ထိုမြို့တွင် သူပထမဦးဆုံးအနေဖြင့် ကြားဖူးခဲ့သည်။ ဂရိဘာသာနှင့်ဟေဗြဲဘာသာကိုလေ့လာနေစဉ် ဝစ်တင်းဘတ်ဆိုသည့်ကျောင်းသားတစ်ဦးကို သမ္မာကျမ်းစာသင်ပေးခဲ့သည်။ ဤနည်းအားဖြင့် သူ၏သင်ကြားမှုအောက်တွင် အလင်းတော်သည် ကျောင်းသားများ၏စိတ်ထဲတွင်ထွန်းလင်းခဲ့သည်။ ခရစ်တော်၏အသေခံခြင်းအရာသည် အပြစ်သားများကိုရွေးရန် ပေးဆပ်ခြင်းဖြစ်သည်ဟု သူကြွေးကြော်ခဲ့သည်။ ဤစကားလုံးများသည် ဇွင်းကလိအတွက် အရုဏ်ဦးအလင်းတန်းများသဖွယ်ဖြစ်ခဲ့သည်။

ဇွင်းကလိသည် မကြာမီမှာတွင်ပင် အလုပ်ဝင်ရန် ခန့်အပ်ခြင်းခံရသည်။ သူလုပ်ဆောင်ရမည့်နေရာမှာ အယ်ပိုင်းတောင်ပေါ်ဒေသဖြစ်သည်။ လက်တင်ရပုရောဟိတ်တစ်ပါးအနေဖြင့် အသက်တာကိုမြှုပ်နှံပြီး သမ္မာတရားကိုရှာဖွေရန် သူ့ကိုယ်သူဆက်ကပ်ထားပါသည်။ သမ္မာတရားကိုပို၍လေ့လာလေ တကယ့်အမှန်တရားနှင့် ရောမအသင်းတော်၏ယုံကြည်ချက်များအကြား တည်ရှိနေသည့်ခြားနားချက်မှာ ပို၍ထင်ရှားလာလေဖြစ်သည်။ မပြောင်းမလဲလုံလောက်ပြည့်စုံသောစည်းမျဉ်းဥပဒေတစ်ခုအဖြစ် နှုတ်ကပါတ်တော်တည်းဟူသောသမ္မာကျမ်းစာကိုလက်ခံကာ အသက်တာကို မြှုပ်နှံလေ့လာခဲ့ပါသည်။ ကျမ်းစာကိုကျမ်းစာဖြင့်သာအနက်ဖွင့်ရမည်ကို မြင်တွေ့ကာ မှန်ကန်စွာအနက်ပြန်နိုင်ရန် ရနိုင်သမျှသောအမအစများကိုရယူကာ ကြိုးစားရှာဖွေခဲ့ပါသည်။ ထို့အတွက် ဝိညာဉ်တော်ရရန်လည်း သူဆုတောင်းခဲ့ပါသည်။

"အလင်းတရားပေးရန် ဘုရားသခင်ထံမှာ ကျွန်ုပ်စပြီး ဆုတောင်းခဲ့တာနဲ့တစ်ပြိုင်နက် ကျမ်းစာကိုနားလည်ဖို့ ပိုပြီး လွယ်ကူလာခဲ့တယ်"ဟု နောက်ပိုင်းတွင် သူရေးသားမှတ်တမ်းတင်ခဲ့သည်။

ဇွင်းကလိဟောသောတရားသည် လူးသာထံမှသူရခဲ့သည့် တရားများမဟုတ်ပါ။ ၎င်းဟောသောတရားမှာ ခရစ်တော်၏ယုံကြည် ချက်များဖြစ်သည်။ "လူးသာဟာ ခရစ်တော်အကြောင်းကို ဟောကြား ခဲ့တယ်ဆိုရင် ကျွန်တော်ဟောနေတာကို သူဟောတာဘဲ။ လူးသာနဲ့ ကျွန်တော်တို့ဟာ စာအဆက်အသွယ်လုံးဝမရှိခဲ့ကြပါဘူး။ ဒါဆို ဘာကြောင့်ဟောတာချင်းတူနေရတာလဲ။ ကျွန်တော်တို့ နှစ်ယောက် ဟာ တစ်ဦးနဲ့တစ်ဦးညှိထားတာမဟုတ်ဘဲ ခရစ်တော်ရဲ့ယုံကြည်ချက် တွေကို နှစ်ယောက်စလုံး တစ်ထပ်တည်းကျအောင် ဟောနေတာဟာ ဝိညာဉ်တော်ဘုရားသခင်ရဲ့ဟန်ချက်ညီညီလုပ်ဆောင်မှုကို ထင် ရှားစေပါတယ်"ဟု ထိုဆွစ်ဘာသာရေးပြုပြင်ပြောင်းလဲသူကဆိုပါ သည်။

၁၅၁၆ခုနှစ်တွင် Einsiedelnမြို့ရှိ ခရစ်ယာန်ကျောင်း၌တရား ဟောကြားရန် ဇွင်းကလိသွားခဲ့ပါသည်။ ဤမြို့တွင် ဘာသာရေး ပြုပြင်ပြောင်းလဲရေးသမားတစ်ဦးအဖြစ် ဩဇာလွှမ်းမိုးမှုရအောင် ကြိုးစားဖို့ဖြစ်ပါသည်။

အံ့ဖွယ်တန်ခိုးနှင့်ပြည့်စုံသည်ဟု သူများပြောဆိုနေသည့် မယ်တော်မာရိ၏ရုပ်တုသည် ထိုမြို့ရှိစိတ်ဝင်စားစရာများထဲမှ တစ်ခုအ ပါအဝင်ဖြစ်သည်။ "ဤနေရာတွင် အပြစ်မှလုံးဝဥဿုံခွင့်လွှတ်ခြင်း ကိုရယူနိုင်သည်"ဟူသောစာတမ်းကို အဝင်တံခါးမအပေါ်တွင် ရေး သားထားသည်။ ဆွစ်ဇာလန်ပြည်အနှံ့အပြားမှ လူများအပြင် ပြစ်သစ်၊ ဂျာမနီပြည်များမှပင် ထိုရုပ်တုရှိရာသို့လာခဲ့ကြပါသည်။ ဇွင်းကလိသည် ဤအချက်ကို အခွင့်အရေးယူကာ ဝမ်းမြောက်ဖွယ်ရာသတင်းစကား အားဖြင့် လွှတ်ခြင်းအခွင့်အကြောင်းကို ဤအယူသီးမှု၏ ကျေးကျွန် များအား ဟောကြားခဲ့ပါသည်။

“ဘုရားသခင်သည် ကိုယ်တော်ဖန်ဆင်းထားသည့် အခြားနေရာများမှာထက် ဤနေရာတွင်သာ ကိန်းဝပ်တော်မူသည်ဟု မထင်ကြနှင့်။ ရက်ရှည်ဘုရားဖူးထွက်ခြင်း၊ လှူဖွယ်ဝတ္ထုများကို ပေးလှူခြင်း၊ ရုပ်တုများအထူးသဖြင့် မယ်တော်မာရိ၏ရုပ်တုနှင့် အခြားသူတော်စင်များ၏ရုပ်တုများရှေ့၌ ဆုတောင်းပတ္ထနာပြုခြင်းများစသည့် အကျိုးမရှိသောအကျင့်များအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ရယူနိုင်သလား။ ချောမွတ်ပြောင်လက်နေသောစလွယ်ကြီးများ၊ ပြောင်အောင်ရိတ် ထားသည့်ဦးခေါင်း၊ ရှည်လျားသောဝတ်ရုံနှင့်ရွှေနှင့်လှပအောင်ခြယ်သထားသည့်ဖိနပ်များ စသည်တို့၌ ဘာအကျိုးအာနိသင်ရှိမည်နည်း”။

“တစ်ခါတည်းကပ်တိုင်ပေါ်တွင်အသေခံတော်မူခဲ့သည့်ခရစ်တော်သည်သာ ယုံကြည်သူများ၏အပြစ်ကို ထာဝရကာလပြေပျောက်စေသည်။ ယဇ်ကောင်(သို့)ဓါးစာခံဖြစ်တော်မူသည်”ဟုသူပြောခဲ့ပါသည်။

မိမိတို့ပင်ပင်ပန်းပန်းသွားခဲ့သော ဘုရားဖူးခရီးရှည်ကို အကျိုးမရှိဘူးဟု အပြောခံရသဖြင့် လူများစွာတို့သည် ခါးသီးသွာစိတ်ပျက်ခဲ့ကြသည်။ ခရစ်တော်အားဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကို အခမဲ့ရမည်ဆိုသည့်အချက်ကိုလည်း သူတို့သဘောမပေါက်နိုင်ကြချေ။ ရောမအသင်းတော်လုပ်သည်အတိုင်းလုပ်ဆောင်ခြင်းကိုသာ သူတို့ကျေနပ်နေကြသည်။ မိမိတို့၏ကယ်တင်ခြင်းအတွက် စိတ်နှလုံးကိုစင်ကြယ်သွားစေဖို့ကြိုးစားခြင်းထက် ရဟန်းမင်းများလက်ထဲသို့ မိမိကိုယ်ကိုအပ်နှံလိုက်ခြင်းက ပို၍လွယ်ကူနေပါသည်။

သို့ရာတွင် အခြားအဖွဲ့တစ်ဖွဲ့ကမူ ခရစ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်သည်ဟူသော ဝမ်းမြောက်ဖွယ်သတင်းစကား

ကိုကြို့ဆိုကာ ခရစ်တော်၏အသွေးတော်ကိုအပြစ်ဖြေရာတစ်ခုအဖြစ် ယုံကြည်ခြင်းအားဖြင့် လက်ခံခဲ့ကြပါသည်။ ထိုသူများသည် နေရပ်ဌာနေသို့ပြန်ကာ မိမိတို့ရရှိခဲ့သည့် အလင်းတရားများကို သူတစ်ပါးအား မျှဝေကြပြန်သည်။ ဤနည်းအားဖြင့် သမ္မာတရားသည် တစ်မြို့မှတစ်မြို့သို့ပျံ့နှံ့သွားရာ မယ်တော်မာရိရုပ်တုရှိရာသို့လာရောက်လည်ပတ်သူဦးရေနည်းသွားပါသည်။ ထိုကြောင့်အလှူငွေရရှိမှုလည်း နည်းသွားရာ အလှူငွေမှလခထုတ်ယူရသည့် ဇွင်းကလိလည်းထိခိုက်သွားပါသည်။ သို့သော် အယူသီးမှုများအားနည်းသွားခြင်းကို တွေ့ရသဖြင့် သူဝမ်းသာခဲ့ရပါသည်။ အမှန်တရားသည် လူတို့၏စိတ်နှလုံးကို ဆုပ်ကိုင်ထားချေပြီ။

## ဇွင်းကလိအား ဇူးရစ်မှဖိတ်ခေါ်ခြင်း

သုံးနှစ်အကြာတွင် ဇွင်းကလိသည် ဆွစ်၏မဟာမိတ်များအတွက် အရေးအပါဆုံးမြို့တစ်မြို့ဖြစ်သော ဇူးရစ်ရှိဘုရားကျောင်းတွင် တရားဟောရန် ဖိတ်ခေါ်ခြင်းခံခဲ့ရပါသည်။

သူ၏တရားဟောချက် သည် အထူးကြဇာသက်ရောက်မှုရှိခဲ့ရာ တာဝန်တစ်ရပ်အနေဖြင့် ဆက်လက်သွန်သင်ပြသရန် အသင်းတော်အာဏာပိုင်များက သူ့အား တာဝန်ပေးခဲ့သည်။

“သင်သည် အခန်း ကဏ္ဍတိုင်း၏အခွန်များကိုအသေးအမွှားမှအစ ကောက်ခံရရှိစေရန် ကြိုးစားလုပ်ဆောင်ရလိမ့်မည်။ ဖျားနာသူများမှလည်းကောင်း၊ ပွဲတော်မင်္ဂလာများနှင့် ဘာသာရေးအခမ်းအနားများမှလည်းကောင်း ကောက်ခံရရှိမည့်ဝင်ငွေများကို . . . . . . . . .

တိုးတက်လာအောင် သင်ကြိုးစားလုပ်ဆောင်ရလိမ့်မည်။” “ပွဲတော်မင်္ဂလာပေးခြင်း၊ တရားဟောခြင်းနှင့် အသင်းသားများကိုစောင့်ရှောက်ခြင်းကိစ္စတွေမှာ ကိုယ်စားလှယ်ခန့်ပြီးခိုင်းနိုင်းတယ်။ အထူးသဖြင့် တရားဟောခြင်းလုပ်ငန်းမှာပေါ့”ဟု ဇွင်းကလိအားတာဝန်ရှိသူများကပြော၏။

ဇွင်းကလိသည် တာဝန်ပေးချက်များကို ငြိမ်၍နားထောင်နေကာ “ခရစ်တော်ရဲ့အသက်တာကို လူများတွေမမြင်အောင် ဝှက်ထားတာကြပါပြီ။ ကျွန်တော်တော့ ရှင်မဿဲခရစ်ဝင်တစ်အုပ်လုံးကို ဟောကြားမယ်။ အမှုတော်မှာ ကျွန်တော်အာရုံစိုက်ရမှာက ဘုရားသခင်ရဲ့ဘုန်းတော်ထင်ရှားဖို့၊ ခရစ်တော်ကိုချီးမွမ်းထောမနာပြုဖို့၊ အသက်ဝိညာဉ်များရဲ့တကယ့်ကယ်တင်ခြင်းအစစ်အမှန်ကိုဖော်ပြဖို့နှင့် စစ်မှန်သောယုံကြည်ခြင်းရရှိစေရန် သူတို့ကို တည်ဆောက်ပေးဖို့ဖြစ်တယ်”ဟု တုံ့ပြန်ခဲ့ပါသည်။

လူအများသည် သူ့တရားဟောချက်ကိုနားထောင်ရန် စုရုံးလာကြပါသည်။ သူသည် ခရစ်ဝင်ကျမ်းများကိုဖွင့်ကာ ခရစ်တော်၏သက်တော်စဉ်အကြောင်းကိုရှင်းပြခြင်းဖြင့် အမှုတော်ကို အစပျိုးခဲ့သည်။ “ကျွန်တော်ခင်ဗျားတို့ကိုခေါ်ဆောင်သွားချင်တဲ့နေရာက ကယ်တင်ခြင်းရဲ့စစ်မှန်သောအရင်းအမြစ်ဖြစ်တဲ့ ခရစ်တော်ထံကိုဘဲ” ဟု ဟောကြားရာ နိုင်ငံရေးသမားများ၊ ပညာရှိများ၊ လက်မှုပညာသည်များနှင့်လယ်သမားများတို့သည် သူဟောကြားချက်များကိုနားထောင်ခဲ့ပါသည်။ သူသည် ထိုခေတ်အချိန်မှာ ဖြစ်ပွါးနေသည့် ဖောက်ပြန်ပျက်စီးမှုများနှင့် ဒုစရိုက်လုပ်ငန်းများကို မကြောက်မရွံ့ရှုပ်ချပြစ်တင်ခဲ့ပါသည်။ များစွာသောလူအပေါင်းတို့သည် ဘုရားသခင့်. . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ထံတော်သို့ပြန်လည်ဦးလှည့်လာကြပါသည်။ "ဒီပုဂ္ဂိုလ်ဟာ သမ္မာတရားကိုဟောတဲ့တရားဟောဆရာဘဲ။ အီဂျစ်ပြည်ရဲ့မှောင်မိုက်ထဲကတို့ကိုကယ်နုတ်မယ့်တို့ရဲ့မောရှေဖြစ်လိမ့်မယ်"ဟု လူထုကြီးကဖွင့်ဟခဲ့ပါသည်။

မျှားမကြာမီမှာပင် အတိုက်အခံများပေါ်လာခဲ့ပါသည်။ ရဟန်းပျိုများသည် သူ့အားလှောင်ပြောင်သရော်ကာ မဲ့ရွဲ့ပြခြင်းဖြင့် တိုက်ခိုက်ကြသလို တစ်ချို့ကလည်း ခြိမ်းခြောက်ခြင်းများ၊ မောက်မာသောစကားများဖြင့် တိုက်ခိုက်ကြပါသည်။ ဇွင်းကလီမှာမူ အရာခပ်သိမ်းကို သည်းခံခဲ့ပါသည်။

ဘုရားသခင်က မသိနားမလည်မှုနှင့် မယူသီးခြင်းလက်ထိပ်ကိုချွတ်ပေးရန် ပြင်ဆင်နေစဉ်တွင် စာတန်သည်လည်း လူများအားအကြီးဆုံးအမှောင်ထုထဲသို့ကျရောက်စေလျက် သာ၍ခိုင်ခံ့သောထူးများဖြင့် မလှုပ်နိုင်အောင် ခတ်ရန်လုပ်ဆောင်နေပါသည်။ ရောမအသင်းတော်သည် ငွေကြေးရရှိရေးအတွက် အပြစ်လွှတ်ခြင်းဆိုင်ရာအလှူငွေဈေးကွက်ကို ခရစ်ယာန်လောကတစ်ခုလုံး၌ဖွင့်ရန် ဆက်လက်လုပ်ဆောင်ခဲ့သည်။ အပြစ်တစ်ခုတိုင်း၌ အဖိုးအခတစ်ခုစီ၏။ အသင်းတော်ဘဏ္ဍာတိုက်ကို ကောင်းစွာပြည့်ဝစေလျှင် ရာဇဝတ်မှုများအတွက် အပြစ်ကင်းလွှတ်ခွင့်လိုင်စင်များကို လူတို့အားပေးသနားခဲ့သည်။ ဤနည်းအားဖြင့် လှုပ်ရှားမှုကြီးနှစ်ခုမှာ တစ်ပြိုင်တည်း ကြီးထွားလာခဲ့ပါသည်။ ပထမတစ်ခုမှာ ဝင်ငွေရရှိရေးအတွက် ရောမအသင်းတော်မှ အပြစ်ဒုစရိုက်ကင်းလွှတ်ခွင့်လိုင်စင်ထုတ်ပေးခြင်းနှင့် ဒုတိယတစ်ခုအနေဖြင့် ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် ပြညွှန်လျက် ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားက အပြစ်ဒုစရိုက်ကို ရှုပ်ချခြင်းတို့ဖြစ်သည်။

## ဆွစ်ဇာလန်တွင်အပြစ်မှကင်းလွတ်ခွင့်လက်မှတ်ရောင်းချခြင်း

ဂျာမနီတွင် အပြစ်ကင်းလွတ်ခွင့်လက်မှတ်ရောင်းချရေးကို နာမည်ပျက်ရှိသော တက်ဇယ်ကဦးဆောင်ခဲ့ပြီး ဆွစ်တွင်မူ အီတလီရဟန်းပျိုဆမ်းဆန်ကဦးဆောင်ပါသည်။ ဆမ်းဆန်သည် ရဟန်းမင်း၏ ဘဏ္ဍာတိုက်ကိုဖြည့်ဆည်းရန် ဂျာမနီနှင့် ဆွစ်ဇာလန်တို့မှ ငွေအမြောက်အမြားကောက်ခံစုသိမ်းခဲ့ပြီးဖြစ်သည်။ ယခုတွင် သူသည် ဆင်းရဲသားများ၏မရှိမဲ့ရှိမဲ့ငွေကြေးများနှင့် လူချမ်းသာများထံမှ အဖိုးတန်ပစ္စည်းများကို အနိုင်အထက်လုယူရန် ဆွစ်ဇာလန်သို့ ဦးလှည့်လာခဲ့ချေပြီ။ ဇွင်းကလီသည် ထိုသူနှင့်ချက်ချင်းရင်ဆိုင်လိုက်ပါသည်။ ဆမ်းဆန်က မိမိ၌တာဝန်ရှိသေးသည်ဟုဆိုကာ အခြားနေရာသို့ ထွက်ခွါသွားခြင်းသည် ဟန်ဆောင်မှုတစ်ရပ်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်ခဲ့သဖြင့် ဇွင်းကလီအတွက် အောင်ပွဲတစ်ရပ်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်ခဲ့သဖြင့် ဇွင်းကလီသည် အပြစ်လွှတ်ခြင်းလက်မှတ်ရောင်းသူများနှင့် ဆန့်ကျင်သောတရားကို စိတ်အားထက်သန်စွာ ဟောကြားခဲ့ပါသည်။

ထိုနေရာသို့ ဆမ်းဆန်ချဉ်းကပ်လာသောအခါ ထိုနေရာမှ ထွက်ခွာသွားဖို့ ခြိမ်းခြောက်စကားများပြောသည့်ကောင်စီမှ လွှတ်လိုက်သော သတင်းပို့သူတစ်ဦးက သူ့ကိုလာတွေ့ခဲ့ပါသည်။ ပရိယာယ်သုံးကာ မြို့ထဲသို့အရောက်လာနိုင်ခဲ့သော်လည်း လက်မှတ်တစ်စောင်မှ မရောင်းရဘဲ၊ နှင်ထုတ်ခံရသဖြင့် မကြာမီမှာပင် ဆွစ်ဇာလန်မှ သူထွက်ခွါသွားခဲ့ပါသည်။

၁၅၁၉ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံအနှံ့၌ ပလိပ်ရောဂါဖြစ်ပွါးခဲ့ရာ မိမိတို့ဝယ်ထားသည့် အပြစ်လွှတ်ခြင်းလက်မှတ်များကို. . . . .

သည် အရာမရောက်ကြောင်း လူများစွာတို့သိရှိလာခဲ့ကြသည်။ ထို ကြောင့် ထိုသူများသည် မိမိတို့၏ယုံကြည်ခြင်းအတွက် ခိုင်မာသော အခြေအမြစ်တစ်ခုကို တောင့်တခဲ့ကြသည်။ ဇူးရစ်မြို့ရှိ ဇွင်းကလိ သည်လည်း ကပ်သင့်ခဲ့ရာ သေသွားပြီဟုပင် သတင်းထွက်နေပါသည်။ သူသည် ထိုဒုက္ခကာလအတွင်းတွင် အပြစ်အတွက် ကိုယ်စားအသေခံ ခဲ့သော လုံလောက်ပြည့်စုံသည့် အပြစ်ဖြေရာယေရှုခရစ်ကို ကိုးစား လျက် ကပ်တိုင်ကိုသာ ယုံကြည်ခြင်းအားဖြင့်ပြည့်စုံခဲ့ပါသည်။ ပြန် လည်ကျန်းမာလာသောအခါ နှုတ်ကပါတ်တော်ကို ယခင်ကထက်ပို ၍ခွန်အားပါပါဟောကြားခဲ့ပါသည်။ သေရွာပြန်လူထုကြီးသည်လည်း ယခင်က တစ်ခါမှမခံစားဖူးခဲ့သော ဧဝံဂေလိတရားတော်၏အနှစ် သာရကို ယခုတွင်ခံစားခဲ့ကြရပါသည်။

ဇွင်းကလိသည် သမ္မာကျမ်းစာမှ အမှန်တရားများကို ရှင်း လင်းစွာနားလည်သဘောပေါက်ရုံသာမက ထိုတရားတော်၏အသစ် ပြုပြင်သောတန်ခိုးတော်ကိုလည်း ပြည့်စုံစွာ ကိုယ်တွေ့ခံစားခဲ့ရပါ သည်။ "ခရစ်တော်ဟာ တို့အတွက် ဘယ်တော့မှအဆုံးမသတ်တော့ မယ့် ကယ်တင်ခြင်းကိုဝယ်ပေးခဲ့ပြီ။ ခရစ်တော်ခံစားတော်မူခဲ့သည့်ဝေ ဒနာသည် ထာဝရကာလအတွက် ဆက်ကပ်ခြင်းတစ်ခုဖြစ်ပြီး အနာ ကင်းငြိမ်းမှုအတွက် ထာဝရကာလတိုင် အကျိုးသက်ရောက်မှုရှိတယ်။ ထိုအသေခံခြင်းသည် ဤအချက်ကိုခိုင်မြဲ တည်ကြည်သောယုံကြည် မှုဖြင့် မှီခိုသူအားလုံးကိုယ်စား ဘုရားသခင်၏ဖြောင့်မှန်ခြင်းကို အထစ် အငေါ့ကင်းရှင်းစေခဲ့သည်။ ဘုရားသခင်ကို ယုံကြည်သောနေရာတိုင်း ၌ ကောင်းသောအကျင့်ကိုကျင့်ဖို့ လူများကိုတိုက်တွန်းလှုံ့ဆော် နေသောစိတ်အားထက်သန်မှုတစ်ခု ရှိတတ်တယ်"ဟု ဇွင်းကလိ ပြောပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် ဇူးရစ်မြို့တွင် ဖြည်းဖြည်းချင်းတိုးတက်နေပါသည်။ ထိုလုပ်ငန်းကြီး၏ရန်သူများသည် ထိတ်ထိတ်လန့်လန့်ဖြင့် တက်ကြွစွာလှုပ်ရှားလာကြပါသည်။ ဇွင်းကလိကို ထပ်ခါတလဲတိုက်ခိုက်ပြောဆိုခဲ့ကြသည်။ ထိုသူကို နှုတ်ပိတ်နိုင်ရန်အတွက် ကွန်စတန်မြို့မှဂိုဏ်းချုပ်ကြီးက လူ့အသိုက်အဝန်း၏အေးချမ်းငြိမ်သက်မှုကို အန္တရာယ်ပြုနိုင်သူအဖြစ် ဇွင်းကလိအား စွဲချက်တင်လျက် ဇူးရစ်ကောင်စီသို့ ကိုယ်စားလှယ်သုံးဦးကို စေလွှတ်ကာ အသင်းတော်၏အာဏာတော်ကို အလေးမထားခြင်းအားဖြင့် နေရာအနှံ့၌ မင်းမဲ့စရိုက်ကိုထွန်းကားလာနိုင်ကြောင်း သတိပေးပြောကြားခဲ့ပါသည်။ သို့သော် ထိုကောင်စီက ဇွင်းကလိကိုအရေးယူရန် ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ရောမအသင်းတော်သည် နောက်ထပ်တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန် ပြင်ဆင်ခဲ့ပြန်သည်။ ဇွင်းကလိမှာမူ " သူတို့ကိုဆက်လုပ်ပါစေ၊ ငါ့ထွက်နေတဲ့ကျောက်ဆောင်ကလေးက ခြိမ်းခြောက်သံတွေနဲ့ ၄င်းကိုလာတိုက်ပြီး ၄င်းရဲ့ခြေရင်းမှာ ပျောက်ကွယ်သွားတဲ့လှိုင်းတွေကို ကြောက်သလို ကျွန်တော်လည်း သူတို့ကို ကြောက်ပါတယ်"ဟု အငေါ်အထေ့ကလေးများနှင့် ဟစ်ကြွေးလိုက်ပါသည်။ အသင်းတော်ခေါင်းဆောင်များ၏လုပ်ဆောင်ချက်များသည် ၄င်းတို့ချေမှုန်းလိုသော ဇွင်းကလိ၏အမှုတော်လုပ်ငန်းကို သာ၍ တိုးတက်ကြီးပွါးသွားစေပါသည်။

အမှန်တရားများကို နေရာအနှံ့၌ လက်ခံနေကြပေပြီ။ လူးသာ ပျောက်ကွယ်သွားသဖြင့် စိတ်ညှိုးနွမ်းနေသော ဂျာမန်ယုံကြည်သူများသည် ဆွစ်ဇာလန်၌ ဧဝံဂေလိတရားတော်တိုးတက်ကြီးပွါးနေကြောင်း သတင်းကြောင့် တစ်ဖန် စိတ်အားထက်သန်လာကြပြန်သည်။ ဇူးရစ်တွင် ဘာသာရေး . . . . . . . . . . . . . . . . . . . . . . . . . . .

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအခြေကျလာသည်နှင့်အမျှ ဆိုးညစ်သော အမူအကျင့်များလျော့နည်းလာကာ တည်ငြိမ်အေးချမ်းမှုများကို တိုးတက်လာခဲ့ပါသည်။

## ရောမအသင်းတော်နှင့်အငြင်းပွားခြင်း

ဂျာမနီပြည်ရှိ လူးသာ၏လုပ်ဆောင်မှုများကို နှိပ်စက်ညှဉ်းပန်းသည့်နည်းဖြင့် နှိပ်ကွပ်ခဲ့သည့်အရာမှာ အောင်မြင်မှုမရှိကြောင်း မြင်တွေ့ရသဖြင့် ရောမအသင်းတော်သည် ဇွင်းကလိနှင့်အချေအတင် ပြောဆိုပွဲတစ်ခုကျင်းပရန်ဆုံးဖြတ်ခဲ့ပါသည်။

အောင်ပွဲဆင်နိုင်ရန်အတွက် ထိုအချေအတင်ပြောဆိုပွဲကျင်းပမည့်နေရာနှင့် ထိုပွဲတွင် အဆုံး အဖြတ်ပြုလုပ်ပေးမည့်ဒိုင်များကို ကောင်းမွန်စွာရွေးချယ်ခဲ့ကြပါသည်။ ဤတစ်ကြိမ်တွင် ဇွင်းကလိအပေါ်အောင်နိုင်ထားလျှင် သူ့အား လွတ်လမ်းမရှိအောင် သူတို့ထိန်းချုပ်ထားကြတော့မည်။ သို့ရာတွင် ဤအကြံအစည်ကိုမူ သတိကြီးစွာနှင့် အခြားသူများမရိပ်မိအောင် ဖုံးကွယ်ထားကြပါသည်။

ထိုပွဲကို ဘာဒင်မြို့တွင်ကျင်းပရန် သတ်မှတ်ခဲ့ပါသည်။ သို့သော် ဧဝံဂေလိတရားတော်ကို လက်ခံသူများအတွက် သာသနာနယ်မြေအသီးသီး၌ တောက်လောင်နေသောမီးပုံများကိုလည်းကောင်း၊ ထိုအသင်းတော်လျှို့ဝှက်အကြံအစည်များကိုလည်းကောင်း၊ သံသယဝင်နေသောဇူးရစ်မြို့နယ်ကောင်စီက ထိုအန္တရာယ်ရှိသောနေရာသို့မသွားရန် ၎င်းတို့၏တရားဟောဆရာကြီးကို တားခဲ့ကြပါ. .

သည်။ အမှန်တရားနှင့်ဖြောင့်မတ်ခြင်းများအတွက် ယုံကြည်သူခေါင်းဆောင်ကြီးများသွေးမြေကျခဲ့သော ဘာဒင်မြို့သို့သွားခြင်းသည် သေရွာသို့သွားခြင်းဖြစ်သည်။ ထိုကြောင့် ရောမအသင်းတော်မှ ဒေါက်တာအစ်ဦးဆောင်သော သမ္မာတရားကိုအန်တုသူများနှင့် ရင်ဆိုင်ရန် အိုအီကိုလင်ပေးဒီးယပ်နှင့် ဟောလာတို့ကိုဇွင်းကလိ၏ ကိုယ်စားလှယ်များအဖြစ် စေလွှတ်ခဲ့ကြသည်။

မှတ်တမ်းတင်မည့်သူများကို ရောမအသင်းတော်ကရွေးချယ်ခဲ့သည်။ တရားမဝင်မှတ်တမ်းတင်သူများအား သေဒဏ်အထိအပြစ်ပေးအရေးယူမည်ဟုကြေညာသည်။

သို့စေကာမူ ထိုပွဲသို့တက်ရောက်နေသောကျောင်းသား တစ်ဦးမှာမူ တစ်နေ့တာတင်ပြခဲ့သည်အဆိုနှင့်အချေများကို ညနေတိုင်းအပြီးပြုစုကာ ထိုစာတမ်းများကို အခြားကျောင်းသားနှစ်ဦးကကူးယူကာ အိုအီကိုလင်ပေးဒီးယပ်၏ နေ့စဉ်ပေး ပို့သည့်စာများနှင့်အတူ ဇူးရစ်ရှိ ဇွင်းကလိထံသို့ပေးပို့ခဲ့ကြပါသည်။ ဇွင်းကလိအနေဖြင့် အကြံဉာဏ်များပေးကာ ဖြေဆိုစရာရှိသည်ကိုဖြေဆိုခဲ့ပါသည်။ ထိုသတင်းပေးပို့နေသူများသည် မြို့တံခါးများတွင်စောင့်ကြပ်နေသောအစောင့်များ၏ရန်မှ ရှောင်တိမ်းနိုင်ရန် ကြက်ခြင်းတောင်းများကို ခေါင်းပေါ်တွင်ရွက်ပြီး မြို့ထဲသို့ဝင်ခဲ့ကြရာ အဟန့်အတားမရှိသွားလာခွင့်ရကြပါသည်။

“ဇွင်းကလိဟာ ကိုယ်တိုင်သွားပြီး အချေအတင်ပြောရတာထက် အများကြီးပိုပြီးပင်ပန်းနေတယ်။ အာရုံပြုဆုတောင်းခြင်း၊ ဘာဒင်နဲ့စာအပေးအယူလုပ်နိုင်ဖို့ ညလုံးပေါက်လုပ်ဆောင်နေရလို့ ပိုပြီးအလုပ်ရှုပ်နေတယ်”ဟု မိုက်ကိုးနီးယပ်ဆိုသူက ပြောကြားခဲ့ပါသည်။

ရောမအသင်းတော်ကိုယ်စားလှယ်များသည် ကျောက်သံပတ္တမြားဖြင့်စီခြယ်ထားသည့် ဝတ်ကောင်းစားလှများနှင့် ဘာဒင်မြို့ကိုရောက်လာကြပါသည်။

၎င်းတို့စီးလာသောယာဉ်မှာ ဇိမ်ခံယာဉ်ဖြစ်ပြီး ၎င်းတို့၏စားပွဲပေါ်၌လည်း ရသာစုံအစားအစာများ၊ ဈေးကြီးသောဝိုင်အရက်များနှင့်ပြည့်နေပါသည်။ ချွေချွေတာတာနှင့် ခရီးနှင်ခဲ့ပြီး စားပွဲတွင်ကြာကြာမထိုင်နိုင်ကြသော ပြုပြင်ပြောင်းလဲရေးသမားများ၏ဘဝနှင့်တော့များစွာကွာခြားလှပါတကား။ အခန်းထဲတွင်ရှိသော အိုအီကိုလင်ပေးဒီးယပ်ကိုစောင့်ကြည့်ရန် တာဝန်ပေးခြင်းခံရသည့် ၎င်း၏တပည့်မှာစာဖတ်ရင်ဖတ်၊ စာမဖတ်ရင်ဆုတောင်းနေလေ့ ရှိသော အိုအီကိုလင်ပေးဒီးယပ်ကို အမြဲလိုတွေ့နေခဲ့ရာ ဤသူသည် ဘာသာရေးဖောက်ပြန်ရေးသမားဟု ဆိုရစေဦးတော့။ “ဘုရားတရား နဲ့ပြည့်စုံတဲ့လူတစ်ယောက်ဖြစ်တယ်”ဟု သတင်းပို့ခဲ့ပါသည်။

ခန်းမကြီးထဲတွင် အစ်သည် အထူးပြင်ဆင်မွမ်းမံထားသောစင်မြင့်ပေါ်သို့ ဟန်ကြီးပန်ကြီးဖြင့်တက်လာစဉ်တွင် ပုံမှန်အဝတ်အစားကိုဝတ်ထားသည့် အိုအီကိုလင်ပေးဒီးယပ်ကိုမူ ထိုဒေါက်တာကြီးနှင့်မျက်နှာချင်းဆိုင်၌ချထားသော သစ်သားခွေးခြေပေါ်တွင် ထိုင်ခိုင်းပါသည်။

အစ်၏ ခက်ထန်မာကျောသောလေသံနှင့် အထိန်းအကွပ်မဲ့အာမခံချက်တွေကြောင့် သူစိတ်ဓာတ်မကျခဲ့ပါချေ။ သမ္မာတရားကိုကာကွယ်နေသောကိုယ်စားလှယ်ကြီးမှာမူ ဘုရားသခင့်ထံမှ ပျူငှာမှုများဖြင့် နှိမ့်သိမ့်ခြင်းခံခဲ့ရသည်။ အချေအတင်ဆွေးနွေးမှုတွင် ရှုံးနိမ့်သောအခါ အစ်သည် စော်ကားသည့်စကားလုံးများနှင့် ကျိန်ဆဲသည့်စကားများကိုပြောဆိုလာပါသည်။

သိမ်မွေ့၍ ကိုယ့်ကိုကိုယ်စိတ်မချတတ်သော အိုအီကိုလင်း ပေးဒီးယပ်သည် ထိုအခချေအတင်ပြောပွဲမှ ရှောင်ရှားသွားခဲ့ပါသည်။ နူးညံ့သိမ်မွေ့၍ ယဉ်ကျေးသောအပြုအမူရှိသော်လည်း မိမိသည် ကြောက်တတ်သူမဟုတ်ကြောင်း ကိုယ့်ကိုကိုယ်သူသက်သေပြသည့် အနေဖြင့် "ခလေ့ထုံးစံများဟာ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေနှင့်မကိုက် ညီလျှင် ကျွန်ုပ်တို့ဆွစ်ဇာလန်နိုင်ငံမှာ မကျင့်သုံးတော့ပါ။ ယခုတွင် သမ္မာကျမ်းစာသည် ယုံကြည်ခြင်းနှင့်ဆိုင်သောကိစ္စများတွင် ကျွန်ုပ် တို့ရဲ့အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဖြစ်သည်"ဟု ဖွင့်ဟခဲ့ပါသည်။

သူ၏တည်ငြိမ်၍ရှင်းလင်းသောကျိုးကြောင်းဆင်ခြင်မှုများ နူးညံ့သိမ်မွေ့စွာတင်ပြမှုများသည် ကြွားဝါ၍ အော့နှလုံးနာစရာစကား များဖွင့်ဆိုနေသောအစ်ထံမှ ဦးလှည့်လာသူများ၏စိတ်နှလုံးတွင် နေရာ ယူခဲ့ပါသည်။

ဆွေးနွေးပွဲမှာ (၁၈)ရက်တိတိကြာမြင့်ခဲ့ပါသည်။ ပါပရဟန်း မင်းအဖွဲ့က ၄င်းတို့နိုင်သည်ဟု ကြေညာခဲ့ပါသည်။ ရောမအသင်း တော်ဘက်မှရပ်တည်ကြသည့်အရာရှိများနှင့် လွှတ်တော်ကလည်း အိုအီလင်ပေးဒီးယပ်တို့အဖွဲ့ရှုံးနိမ့်သွားကြောင်း ကြေညာကာ ဇွင်းကလီနှင့်တကွ သူ၏နောက်လိုက်များကို အသင်းတော်မှ ထုတ် လိုက်ကြောင်း ဟစ်ကြွေးလိုက်ပါသည်။ သို့စေကာမူ ထိုအချေအတင်စ ကားပြောပွဲကြောင့် ပရိုတက်စတင့်များ၏အမှုတော်လုပ်ငန်းများသည် များစွာအရှိန်ရလာပါသည်။ များမကြာမီမှာပင် ဘန်းမြို့နှင့် ဘာဆယ် မြို့များသည် ဘာသာရေးပြုပြင်ပြောင်း လဲရေးလုပ်ငန်းများတွင် ပါဝင် လှုပ်ရှားလာကြပါသည်။

-----ooo-----

# အခန်း (၁၀)
# ဂျာမနီပြည်တွင် အမှုတော်တိုးတက်ခြင်း

လူးသာပျောက်ကွယ်သွားမှုကြောင့် ဂျာမနီပြည်အဝန်းတွင် ထိတ်လန့်ကြောက်ရွံ့မှုများတိုးပွါးနေပါသည်။ ဆိုးရွားသောကောလာဟာလများကြောင့် လူးသာအသတ်ခံရပြီဟု လူအများက ယုံကြည်ခဲ့ပါသည်။ လူးများစွာတို့သည် အကြီးအကျယ်ဝမ်းနည်းကြေကွဲခဲ့ကြပြီး လူးသာအတွက် လက်စားချေမည်ဟုပင် ကျိန်ဆိုခဲ့ကြပါသည်။

လူးသာသေပြီဟူသောသတင်းကြောင့် ကနဦးတွင် ဝမ်းသာအားရရှိခဲ့ကြသော်လည်း ယခုတွင် ဖမ်းဆီးခြင်းခံထားရသည်ဆိုသည့်သတင်းကြောင့် သူ၏ရန်သူများသည် ကြောက်ရွံ့နေကြပါသည်။

"တို့ကိုယ်တို့ကာကွယ်နိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းကတော့ မီးထွန်းပြီးမိုးအဆုံးမြေအဆုံး သူ့ကိုလိုက်ရှာရမယ်။ နောက်ပြီး သူ့ကို တောင့်တနေတဲ့လူတွေဆီကိုပြန်အပ်ဖို့ဘဲ"ဟု တစ်ယောက်သောရဟန်းပျိုကပြောပါသည်။

လူးသာရေးခဲ့သောစာများကို ယခင်ကထက် ပို၍ အားရပါးရဖတ်လာသောလူထုကြီးသည် လူးသာတစ်ယောက် အသက်မသေဘဲ အကျဉ်းကျနေသည်ဆိုသည့်သတင်းကြောင့် စိတ်သက်သာယာရခဲ့ပါသည်။ နှုတ်ကပါတ်တော်ကို ကာကွယ်ခဲ့သော ထိုသူဘက်ရပ်တည်ကြသောလူဦးရေမှာ အထူးတိုးတက်လာခဲ့ပါသည်။

လူးသာကြိုးခဲ့သည့် ဝိဉာဉ်ရေးမျိုးစေ့များသည် နေရာအနှံ့တွင် ပေါက်ခဲ့ချေပြီ။ သူ့ရှိစဉ်တုန်းက ပြီးမြောက်အောင်မလုပ်နိုင်ခဲ့. . . . .

သောအလုပ်များကို သူပျောက်ကွယ်နေခြင်းက ပြီးပြတ်စေခဲ့ပါသည်။ ယခုတွင် သူတို့၏ခေါင်းဆောင်ကြီးမှာ အဖယ်ရှားခံခဲ့ရသဖြင့် မြင့်မြတ်စွာအစပျိုးခဲ့သောအမှုတော်မှာ အဆုံးသတ်နိုင်ရန် အခြားအမှုတော်ဆောင်များက ရှေ့သို့တက်၍ နေရာယူလုပ်ဆောင်လာကြပါသည်။

ယခုတွင် စာတန်သည်လည်း အမှုတော်အစစ်နေရာတွင် အတုဖြင့်အစားထိုးမျက်လှည့်ပြကာ လူတို့ကိုလှည့်ဖြားဖျက်ဆီးရန်ကြိုးစားခဲ့ပါသည်။

(၁)ရာစုအချိန်က ခရစ်တော်အတုများရှိခဲ့ဖူးသကဲ့သို့ (၁၆)ရာစုနှစ်တွင် ပုရောဖက်အတုများပေါ်ပေါက်လာခဲ့ပါသည်။ လူးသာအစပျိုးခဲ့သော ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရန် မိမိတို့အား ဘုရားသခင်က ဗျာဒိတ်များပေးကာ တာဝန်အပ်နှင်းခဲ့သည်ဟု လူတစ်ချို့က ကိုယ့်ကိုကိုယ်အထင်ရှိနေကြပါသည်။

အမှန်မှာ ထိုသူများသည် လူးသာလုပ်ထားခဲ့သော အရာများကို ဖျက်ဆီးသောသူများသာဖြစ်သည်။ နှုတ်ကပါတ်တော်သည်ယုံကြည်ခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုဆိုင်ရာစုံလင်ပြည့်ဝသောစည်းမျဉ်းဖြစ်သည်ဆိုသော ဘာသာရေးပြုပြင်ပြောင်းလဲရေး၏အဓိကအချက်ကို သူတို့ငြင်းပယ်ခဲ့ကြပါသည်။ မမှားနိုင်သော ထိုလမ်းပြ၏နေရာတွင် ခံစားချက်အပေါ်မှာ တည်ဆောက်ထားသည့် မသေချာသောစံတစ်ခုဖြင့် အစားထိုးခဲ့ပါသည်။

အခြားသူများမှာ အရိုးစွဲနေပြီဖြစ်သော အယူသီးခြင်းဘက်သို့ အလိုလိုတိမ်းနေပါသည်။ ဤစိတ်အားထက်သန်သူများ၏ လုပ်ဆောင်မှုများသည် စိတ်လှုပ်ရှားမှုကို မဖန်တီးနိုင်ခဲ့ချေ။ လူးသာသည် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ရန် လိုအပ်ကြောင်း လူအများ. . . . . .

လက်ခံလာအောင်လုပ်ဆောင်ခဲ့ရာ ယခုတွင်မူ တကယ်ရိုးသားသော လူတစ်ချို့မှာ ပုရောဖက်လက်သစ်များ၏ဟန်ဆောင်မှုတွင် လမ်းမှားသို့ လိုက်နေကြပြီ။ ထိုလှုပ်ရှားမှုမှခေါင်းဆောင်များသည် ဝစ်တင်းဘတ်သို့သွားကာ "လူထုကြီးအား သွန်သင်ညွှန်ကြားရန် ဘုရားသခင်က ကျွန်ုပ်တို့ကိုစေလွှတ်လိုက်သည်။ သခင်ဘုရားနှင့်လည်း ရင်းရင်းနှီးနှီးစကားပြောခဲ့ပြီးပြီ။ အနာဂတ်ရေးတွေကို ကျွန်ုပ်တို့သိထားသည်။ စကားတစ်လုံးတည်းနှင့်ပြောရမည်ဆိုလျှင် တို့ဟာ တမန်တော်တွေ၊ ပုရောဖက်တွေဖြစ်သည်။ ဒေါက်တာလူးသာထံမှ အသနားခံပေးပါ"ဟူ၍ မက္ကလန်သန်ထံ၌ တောင်းဆိုခဲ့ကြပါသည်။

ထိုကြောင့် ပြုပြင်ပြောင်းလဲရေးသမားများမှာ စိတ်ရှုပ်ကုန်ကြပါသည်။ "ဒီလူတွေကို ထူးခြားတဲ့ဝိညာဉ်လမ်းညွှန်နေတာတော့ တကယ်ဟုတ်တယ်။ ဒါပေမယ့် ဘာဝိညာဉ်လဲဆိုတာတော့ မေးစရာရှိပါသည်။ ဘုရားသခင်ရဲ့ သန့်ရှင်းသောဝိညာဉ်တော်မရနိုင်တာကို တစ်ဖက်က သတိထားရမှာဖြစ်သလို စာတန်ရဲ့ဝိညာဉ်က လမ်းမှားပြသွားမှာကိုလည်း တစ်ဖက်ကဂရုစိုက်ရမယ်"ဟု မက္ကလန်သန်က ပြောခဲ့သည်။

## သွန်သင်မှုအသစ်၏အသီးအပွင့်များထင်ရှားလာခြင်း

သမ္မာကျမ်းစာကိုလျစ်လျူရှုထားရန် (သို့မဟုတ်) လုံးလုံးပစ်ထားရန် လူတွေကိုလမ်းပြနေကြပါသည်။ နှိပ်ကွပ်ပိတ်ပင်မှုများကို မလိုလားသောကျောင်းသားများသည် စာမသင်ကြတော့ဘဲ ကျောင်းထွက်သွားကြပါသည်။ ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို

ဆက်လက်အသက်ရှင်အောင် ထိန်းချုပ်နိုင်စွမ်းရှိသည်ဟု ကိုယ့်ကို ကိုယ်အထင်ကြီးနေသူများသည် ထိုလုပ်ငန်းကို ပျက်စီးလုနီးပါးအ ခြေအနေ သို့ရောက်သည်အထိ ဖျက်စီးခဲ့ကြပါသည်။

ရောမအသင်း တော်သည် ထိုသူများ၏ယုံကြည်မှုကိုရရှိကာ "နောက်ဆုံးရုန်းကန်မှုတစ်ခုလေးနဲ့ လူတွေအားလုံးတို့ ဘက်ပါလာတာ ဘဲ"ဟု ဝမ်းသာအားရဟစ်ကြွေးခဲ့ကြပါသည်။

ဝပ်ဘတ်မြို့တွင်ရှိနေသောလူးသာသည် ဖြစ်ပျက်သမျှအ ကြောင်းစုံကိုကြားသောအခါ"စာတန်ဟာ တို့ဆီကို ဒီကပ်ရောဂါကြီး ဖြစ်စေလိမ့်မယ်ဆိုတာ ကျွန်ုပ်အမြဲမျှော်လင့်ထားပြီးသားပါ"ဟု စိုးရိမ်တကြီးဖွင့်ဟခဲ့သည်။ ထိုဟန်ဆောင်ပုရောဖက်များ၏ဇာတိ ရုပ်မှန်ကိုလည်း သူသိထားပါသည်။

ယခုတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကြီး၏မိတ်ဆွေများ ပါဟုဆိုသူများသည် အတိုက်အခံပြုနေသော ဧကရာဇ်နှင့်ရဟန်း မင်း တို့ထက် ရှုပ်ထွေးမှုများနှင့်တိုက်လှန်မှုများဖြစ်အောင် ပို၍လုပ်ဆောင် နေကြသည်။

လူးသာမှာမူ ရှေ့သို့ဆက်လက်ဆောင်ရွက်ရန် ဝိညာဉ်တော် ဘုရားသခင်၏တိုက်တွန်းခြင်းကိုခံရသည်။ သို့စေကာမူ "ကျွန်တော် ဟောကြားနေတဲ့ ဧဝံဂေလိတရားဟာ လူတစ်ဦးတစ်ယောက်အား မထိခိုက်နိုင်တာမှန်တယ်ထားဦး၊ အကယ်၍များ နိမ့်ကျဆင်းရဲတဲ့ သူတစ်ယောက်ယောက်ကိုဖြစ်ဖြစ် ထိခိုက်စေခဲ့မယ်ဆိုရင် ကျွန်တော် ဟောခဲ့တာတွေအတွက် နောက်ဆုတ်မနေတော့ဘဲ ဆယ်ခါသေပစ် လိုက်မယ်"ဟုဆိုကာ မိမိလုပ်ဆောင်မှုမှ ထွက်ပေါ်လာသော ရလဒ် အတွက် မကြာခဏလူးသာစိုးရိမ်တတ်သည်။

ဝစ်တင်းဘတ်မြို့မှာမူ အယူသီးခြင်း၊ ဥပဒေမဲ့တန်ခိုးအောက်တွင် ကျဆုံးလျက်ရှိသည်။ လူးသာကြောင့် ထိုသို့ဖြစ်ရသည်ဟု ဂျာမနီအနှံ့ရှိလူးသာ၏ရန်သူများက စွပ်စွဲနေကြသည်။ "ဒီလိုမျိုးနဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကြီးဟာ အဆုံးသတ်သွားပြီလား"ဟု သူခါးခါးသီးသီးမေးကာ ထာဝရဘုရားသခင်ထံတွင် ဆုတောင်းပတ္ထနာပြုခဲ့ရာ စိတ်၏ငြိမ်သက်ခြင်းကို သူတစ်ဖန်ပြန်လည်ရရှိခဲ့ပါသည်။ "ဤအမှုတော်သည် ကျွန်ုပ်၏အမှုတော်မဟုတ်၊ ကိုယ်တော်၏အမှုတော်ဖြစ်၏"ဟုဆိုကာ ဝစ်တင်းဘတ်သို့ပြန်ရန် သူဆုံးဖြတ်ချက်ချခဲ့သည်။

သူသည် ထိုအင်ပါယာ၏တားမြစ်ပိတ်ပင်ခြင်းကို ခံထားရသူတစ်ဦးဖြစ်သည်။ ရန်သူများသည် သူ့အား လွတ်လွတ်လပ်လပ်သုတ်သင်ပစ်နိုင်သည်။ သူ့အားလက်မခံရန် မိတ်ဆွေများကိုလည်း တားမြစ်ထားသည်။

သို့ရာတွင် ဧဝံဂေလိအမှုတော်သည် အန္တရာယ်စက်ကွင်းထဲကျရောက်နေကြောင်းသူတွေ့မြင်သောအခါ သမ္မာတရားအတွက်တိုက်ပွဲဝင်ရန် ခရစ်တော်၏နာမတော်၌ ရဲဝံ့စွာထွက်ခွါခဲ့ပါသည်။

"ကျွန်ုပ်ဟာ မင်းညီမင်းသားများနဲ့လွှတ်တော်အမတ်များပေးတဲ့အကာအကွယ်ထက် များစွာသာလွန်သောကာကွယ်မှုအောက်တွင် ဝစ်တင်းဘတ်ကိုသွားနေပါတယ်။ အမတ်မင်းထံမှ ထောက်ခံမှုကိုတောင်းဖို့ ကျွန်တော်မစဉ်းစားပါ။ အမတ်မင်းထံမှ အကာအကွယ်ကိုတောင်းဖို့နေနေသာသာ ကျွန်တော်ကိုယ်တိုင်အမတ်မင်းကို ကာကွယ်ပေးပါမယ်။ ---ဤအမှုတော်ကြီးကို စစ်သူရဲအလုံးအရင်းအားဖြင့်ပြီးမြောက်အောင်မလုပ်ဆောင်နိုင်ပါ။ ဘုရားသခင်တစ်ပါးတည်းသာအရာခပ်သိမ်းကိုစွဲဆောင်နိုင်တော်မူ၏"။

ဟု လူးသာက ထိုအမတ်မင်းထံသို့ စာရေးခဲ့ပါသည်။ ၄င်းပြင် ဒုတိယစာတစ်စောင်တွင် "ကျွန်တော်ဟာ အမတ်မင်းရဲ့သဘောမတွေ့မှုနှင့် တစ်ကမ္ဘာလုံးရဲ့စိတ်ဆိုးမှုကိုခံဖို့ အဆင်သင့်ရှိပါတယ်။ ဝစ်တင်းဘတ်မြို့သားတွေဟာ ကျွန်တော့်သိုးတွေမဟုတ်ပါလား။ အကယ်၍ လိုအပ်ခဲ့လျှင် သူတို့ကောင်းစားရေးအတွက် အသက်ဆုံးရှုံးနိုင်တဲ့နေရာကို ကျွန်တော်မသွားသင့်ဘူးလား"ဟု ထပ်လောင်းရေးသားခဲ့ပါသည်။

## နှုတ်ကပါတ်တော်၏တန်ခိုးတော်

လူးသာပြန်လာပြီး တရားဟောတော့မည်ဆိုသည့်သတင်းကြောင့် ဝစ်တင်းဘတ်တစ်မြို့လုံးတွင် အုန်းအုန်းကျွတ်ကျွတ်ဖြစ်သွားပါသည်။ ဘုရားကျောင်းများ၌လည်း လူပြည့်နေပါသည်။

သူသည် နူးညံ့သိမ်မွေ့၍ ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် "Mass"လို့ခေါ်တဲ့ ရောမအသင်းတော်ကပြုလုပ်တဲ့ပွဲတော်မင်္ဂလာဟာ မကောင်းတဲ့အရာတစ်ခုဘဲ။ ဘုရားသခင်က ဒါကိုဆန့်ကျင်တော်မူတယ်။ ဒါကိုဖျက်သိမ်းပစ်သင့်တယ်။

ဒါပေမယ့် ဇွတ်အတင်းကြီးမလုပ်ဖို့တော့ မတားမြစ်ပါနဲ့။ ကျွန်တော်တို့လုပ်စရာမလိုဘူး။ ဘုရားသခင်ရဲ့နှုတ်ကပါတ်တော်က လုပ်လိမ့်မယ်။ ကျွန်တော်တို့မှာ ပြောဆိုပိုင်ခွင့်ရှိပေမယ့် ကိုယ်ထိလက်ရောက်လုပ်ခွင့်မရှိဘူး။ ဒါကြောင့် ကျွန်ုပ်တို့တရားဟောကြစို့။ ကျန်တာတွေကို ဘုရားသခင်ပိုင်သတော် မူတယ်။ ကျွန်တော်ဟာ အင်အားကိုအသုံးပြုလုပ်ဆောင်ခဲ့ရင် ဘာအ မြတ်ထွက်မလဲ။ ဘုရားသခင်သည် စိတ်နှလုံးကိုဆုပ်ကိုင်ပြီး...............

ယူငင်လိုက်သောအချိန်မှာ အရာခပ်သိမ်းတို့အပေါ် ကိုယ်တော် အောင်ပွဲဆင်သွားမှာပါ။”

“ကျွန်တော်ဟာ တရားဟောမယ်၊ ဆွေးနွေးမယ်၊ ရေးသားမယ်။ သို့သော် ဘယ်သူ့ကိုမှ အနိုင်အထက်သွေးမဆောင်ဘူး။ ယုံကြည်ခြင်းဆိုတာ ကိုယ့်ဆန္ဒနဲ့ကိုယ်ခံယူလုပ်ဆောင်သော အရာတစ်ခုဖြစ်တယ်။ ကျွန်တော်ဟာ အကြမ်းမဖက်၊ ရှုန်းရင်းဆန်ခတ်မလုပ်ဘဲ ရဟန်းမင်းနှင့်တကွ သူ့အုပ်ချုပ်ရေးစနစ်၊ သူ့အပြစ်လွှတ်ခြင်းလက်မှတ်တွေကို ဆန့်ကျင်မယ်၊ ဘုရားသခင်ရဲ့နှုတ်ကပါတ်တော်ကိုတင်ပြမယ်။ တရားဟောမယ်၊ ရေးမယ်၊ ဒါတွေဟာ ကျွန်တော်လုပ်ခဲ့တဲ့အရာတွေဖြစ်တယ်။ ကျွန်တော်အိပ်ပျော်နေစဉ်မှာ မည်သူမှနှုတ်ပါတ်တော်ကို ထိခိုက်အောင်မလုပ်နိုင်စေရန် ကျွန်တော်ဟောခဲ့တဲ့တရားတွေက ရဟန်းမင်းတို့အဖွဲ့ကို ဖြိုဖျက်လိမ့်မယ်”ဟု သွန်သင်ဆုံးမခဲ့ပါသည်။

နှုတ်ကပါတ်တော်သည် အယူသီးသောလှုပ်ရှားမှုများကို ချိုးနှိမ်ကာ ဧဝံဂေလိတရားသည် လမ်းမှားသို့ ခေါ်ဆောင်ခြင်းခံရသူများအား အမှန်လမ်းသို့ ပြန်လည်ခေါ်ဆောင်လာလိမ့်မည်။

နှစ်များစွာအကြာတွင် အယူသီးမှုကြောင့် ဆိုးရွားသောအကျိုးဆက်များဖြစ်ပေါ်စေခဲ့ပါသည်။

“ထိုသူများအတွက် သမ္မာကျမ်းစာသည် အသက်မဲ့သောစာပေတစ်ခုသာဖြစ်နေ၏။ ဝိညာဉ်တော်၊ ဝိညာဉ်တော်ဟူ၍ စတင်ဟစ်နေကြသော်လည်း ကျွန်တော့်အနေနဲ့တော့ ဝိညာဉ်တော်လို့ သူတို့ခေါ်ဆိုတဲ့အရာနောက်ကို မလိုက်မှာသေချာတယ်”ဟု လူးသာပြောခဲ့သည်။

တယူသန်တစ်ဇောက်ကန်းသော မတ်မွန်ဇာသည် စွမ်းရည်နှင့်ပြည့်စုံသူတစ်ဦးဖြစ်သည်။ သို့သော် စစ်မှန်သောဘာသာအယူဝါဒကို မလေ့လာခဲ့ဖူးချေ။

"သူ၌ ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲလိုတဲ့ဆန္ဒရှိတယ်။ ဒါပေမယ့် အခြားစိတ်ထက်သန်မှုများလိုဘဲ ဘာသာရေးပြောင်းလဲမှုကို မိမိကိုယ်၌သာ အလျင်ဦးဆုံးစရမယ်ဆိုတာကို သူမေ့လျော့နေတယ်။ သူဟာ ဘယ်တော့မှ ဒုတိယနေရာမှာမနေချင်ဘူး။ လူးသာရဲ့နောက်မှ ဒုတိယလူလုပ်ရမှာကိုတောင် သူမကြိုက်ဘူး။ စစ်မှန်သောပြုပြင်ပြောင်းလဲရေးလုပ်ငန်းကိုအစပျိုးဖို့ ဘုရားသခင်က သူ့ကိုတာဝန်ပေးအပ်ထားတယ်လို့လည်း သူဟာစ်ကြွေးနေတယ်။ ဒီစိတ်ဓာတ်နှင့် စစ်မှန်သောယုံကြည်ခြင်းများ သူ၌ရှိသော်လည်း သမ္မာကျမ်းစာကို သူ့အသက်တာမှာ တစ်ခါမှသူမတွေ့ဖူးခဲ့ဘူး"။

ထိုတစ်ယူသန်တစ်ဇောက်ကန်းဆရာများသည် စိတ်ထဲမှာထင်မြင်သမျှ၊ စိတ်လှုပ်ရှားမှုမှန်သမျှကို ဘုရားသခင်၏အမိန့်တော်ဟုမှတ်ယူကာ မိမိကိုယ်ကိုခံစားမှု၏စိုးမိုးမှုအောက်သို့ပို့ဆောင်နေကြပါသည်။

တစ်ချို့မှာ မိမိတို့၏သမ္မာကျမ်းစာများကိုပင် မီးရှို့ပစ်ကုန်ကြပါသည်။ မွန်ဇာ၏ယုံကြည်ချက်များကို လူအများက လက်ခံခဲ့ကြပါသည်။

မင်းညီမင်းသားများ၏စကားကို နားထောင်လိုက်လျှောက်ခြင်းသည် ဘုရားသခင်နှင့် ဘယ်လီယာ (Belial) နှစ်ပါးစလုံးကိုကိုးကွယ်ဖို့ ကြိုးစားခြင်းဖြစ်သည်ဟု မကြာမီတွင် သူကြေညာခဲ့ပါသည်။

မွန်ဇာ၏တော်လှန်ရေးသွန်သင်ချက်များသည် လူတို့အားထိန်းချုပ်မှုမှ ရုတ်တရက်လွတ်ပေးလိုက်သလိုဖြစ်သွားပါသည်။

ကြောက်စရာကောင်းသည့် တိုက်ခိုက်မှုမြင်ကွင်းများ ဆက်တိုက်ပေါ် ပေါက်လာပြီး ဂျာမနီပြည်ရှိလယ်ကွင်းများသည် သွေးများဖြင့် ရွှဲရွှဲစို သွားခဲ့ပါသည်။

## စိတ်နှလုံးကြေကွဲခံရသောလူးသာ

ထိုပုန်ကန်ထကြွမှုများသည် လူးသာ၏ယုံကြည်ချက်များ ကြောင့်ဖြစ်သည်ဟု ရဟန်းမင်းအဖွဲ့ကကြေညာပါသည်။ အမှုတော် မြတ်ကို အနိမ့်ဆုံးအယူသီးမှုတစ်ခုကဲ့သို့ အဆင့်သတ်မှတ်လိုက်ခြင်း ဖြင့် အသရေယုတ်အောင်လုပ်သည့် ထိုစွပ်စွဲချက်ကြောင့် လူးသာစိတ် ထိခိုက်ခဲ့ရပါသည်။ ထိုပုန်ကန်မှုတွင် ဦးဆောင်နေသူများသည် လူးသာကိုမုန်းကြသည်။

အကြောင်းမှာ လူးသာက ၎င်းတို့အား ဘုရားသခင်၏ ဝိညာဉ်တော်ရနေသည်ဆိုသည့်အချက်ကို ငြင်းဆိုရုံသာမက နယ်အာ ဏာပိုင်များကိုပင် ပုန်ကန်နေကြသည်ဟု အပြစ်တင်ခဲ့သောကြောင့် ဖြစ်သည်။ ထိုကြောင့် ထိုသူတို့က လူးသာအားနိမ့်ကျသောဟန် ဆောင်သူတစ်ဦးအဖြစ် လူသိရှင်ကြားကြေညာခဲ့ပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကြီး ကျဆုံးသွား သည်ကို မြင်တွေ့ရလိမ့်မည်ဟု ရောမအသင်းတော်က မျှော်လင့်ထား ပါသည်။ လူးသာပြင်ဆင်ဖို့ ကြိုးစားခဲ့သောအမှားများကိုပင် လူးသာ လုပ်ဆောင်ခဲ့သောအမှားများဖြစ်သည်ဟု သူတို့အပြစ်တင်ခဲ့ကြပါ သည်။ မတရားအပြောအဆိုခံရပါသည်ဟု မှားယွင်းစွာဟစ်ကြွေး နေသော အယူသီးအဖွဲ့မှာမူ ထိုအသင်းတော်၏ကြင်နာမှု . . . . . . .

ကိုရရှိကာ သူရဲကောင်းများအဖြစ် အသိအမှတ်ပြုခြင်းခံရပါသည်။ ဤသို့ဖြင့် ပြုပြင်ပြောင်းလဲရေးကိုဆန့်ကျင်သူများသည် သူတစ်ပါး၏ ကြင်နာမှုနှင့် ချီးမွမ်းခြင်းများကိုခံကြရသည်။

ဤအရာသည် ကောင်းကင်နိုင်ငံတော်တွင် အစကနဦး ထင်ရှားပေါ်လွင်ခဲ့သော ပုန်ကန်ထကြွလိုသောစိတ်ဓာတ်မျိုး၏လုပ်ရပ်ဖြစ်သည်။

စာတန်သည် လူတို့အား အပြစ်ကိုဖြောင့်မတ်သည့်လုပ်ရပ်ဟု ထင်အောင်လုပ်ဆောင်နေသလို ဖြောင့်မတ်သောလုပ်ဆောင်မှုများကိုလည်း အပြစ်ဟူ၍မြင်လာအောင် လှည့်ဖြားရန် အမြဲတမ်းကြိုးစားနေပါသည်။

လူတို့၏စိတ်နှလုံးခံစားချက်ကို ဘုရားသခင်၏ပညတ်တော်များထက် ဦးစားပေးလိုက်လျှောက်စေကာ သမ္မာကျမ်းစာမှ လမ်းလွှဲသွားစေသည့် သန့်ရှင်းခြင်းအတု၊ အစစ်မဟုတ်သောသန့်ရှင်းခြင်းများကို လူးသာ၏ခေတ်မှာကဲ့သို့ ယခုတွင်လည်း တွေ့နေရပါသည်။

လူးသာသည် ဧဝံဂေလိတရားတော်ကို တိုက်ခိုက်မှုများမှ ကြောက်ရွံ့ခြင်းကင်းစွာဖြင့်ကာကွယ်ခဲ့သည်။ သူသည် ပါပရဟန်းမင်း၏မတရားရယူထားသောအာဏာကို နှုတ်ကပါတ်တော်အားဖြင့် ဆန့်ကျင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကိုပြိုကွဲအောင် ကြိုးစားနေသည့် အယူသီးမှုများကို ကျောက်ဆောင်ပမာ ကြံ့ကြံ့ခံတိုက်လှန်ခဲ့ပါသည်။

ဤဆန့်ကျင်ဘက်အဖွဲ့များသည် သမ္မာကျမ်းစာကို ဘေးဖယ်ထားကာ လူတို့၏ဉာဏ်ပညာကို အမှန်တရား၏အရင်း အမြစ်အဖြစ် မြှောက်စားခဲ့ကြသည်။ ကျိုးကြောင်းဆင်ခြင်ရေးဝါဒ. . . . . . . . .

သည် အကြောင်းယုတ္တိကို ရုတ်တုသဖွယ်ကိုးကွယ်နေကြသည်။ အကြောင်းယုတ္တိများကို ယုံကြည်သက်ဝင်သောဘာသာရေးတစ်ခုအတွက် စည်းမျဉ်းများသဖွယ် လက်ခံကျင့်သုံးကြပါသည်။ တမန်တော်များမှတစ်ဆင့် စဉ်ဆက်မပြတ်သက်ဆင်းလာသည်ဟုဆိုသော ရောမအသင်းတော်၏အယူဝါဒသည် စည်းမဲ့ကမ်းမဲ့လုပ်ဆောင်ခြင်းနှင့် စာရိတ္တဖောက်ပြန်မှုများအတွက် အခွင့်အရေးပေးနေပါသည်။ မွန်ဇာပြောနေသည့် ဝိညာဉ်တော်ဆိုသည်မှာ စိတ်ကူးယဉ်ရာမှဖြစ်ပေါ်လာသော၊ စိတ်ရှုပ်ထွေးသောစိတ်မှပေါ်ထွက်လာသောအရာဖြစ်သည်။

စစ်မှန်သောခရစ်ယာန်ဘာသာ၌ ခပ်သိမ်းသောဝိညာဉ်တော်မှုတ်သွင်းခြင်းတို့အား မှန်မမှန်စစ်ဆေးနိုင်သည့် ဘုရားသခင်၏ နှုတ်ကပါတ်တော်ရှိနေပါသည်။

လူးသာသည် ဝပ်လတ်မြို့သို့ပြန်လည်ရောက်ရှိလာပြီးနောက် ဓမ္မသစ်ကျမ်းကိုပြီးစီးအောင်ဘာသာပြန်ကာ ဂျာမန်လူမျိုးထံသို့ ဧဝံဂေလိတရားတော်ကို တိုင်းရင်းသာဘာသာစကားဖြင့် လေ့လာနိုင်အောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။ သမ္မာတရားကို မြတ်နိုးသူအပေါင်းတို့သည် ထိုဘာသာပြန်ဓမ္မသစ်ကျမ်းကို ဝမ်းပန်းတသာကြိုဆိုခဲ့ကြပါသည်။

သာမန်လူတန်းစားများသည် ယခုတွင် သမ္မာကျမ်းစာကို မိမိတို့နှင့် လာရောက်ဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်း၊ ထိုသို့ဆွေးနွေးပါလျှင် မိမိတို့ကျမ်းစာမတတ်သည်ကို သိသွားကြတော့မည်ဖြစ်ကြောင်းများကိုတွေးမိကာ ဂိုဏ်းအုပ်များသည် စိုးရိမ်လာကြပါသည်။

သို့နှင့် ရောမအသင်းတော်သည် ကျမ်းစာဖြန့်ဝေမှုကို တားဆီးကြရန် မိမိလူတို့အား အမိန့်ထုတ်ခဲ့သည်။ သို့ရာတွင် ၎င်းတို့က

ကျမ်းစာမဖတ်နိုင်အောင်တားဆီးလေ၊ လူထုကြီးမှာ ကျမ်းစာမှသွန် သင်ထားချက်များကို ပို၍သိချင်စိတ်ပြင်းထန်လာလေဖြစ်ခဲ့ပါသည်။ စာဖတ်တတ်သူအားလုံးသည် ကျမ်းစာကို မိမိသွားလေရာသို့ ယူ ဆောင်သွားကား ကျမ်းပိုဒ်များကို အလွတ်မရမချင်းမကျေနပ်ကြချေ။ လူးသာမှာမူ ဓမ္မဟောင်းကျမ်းကို ဘာသာပြန်ရန် ချက်ချင်းအစပျိုး လုပ်ဆောင်ခဲ့သည်။

လူးသာ၏စာများကို မြို့ရော၊ တောပါကြိုဆိုလက်ခံခဲ့ကြ သည်။ "လူးသာနဲ့သူ့မိတ်ဆွေတွေကရေးတာကို အခြားမိတ်ဆွေတွေ ကဖြန့်ဝေတယ်။ ရောမအသင်းတော်၏ရဟန်းကျောင်းများမှချုပ်မှတ် လုပ်ဆောင်စေသောအရာများသည် ဥပဒေဘောင်အပြင်ဘက် ရောက်နေကြောင်း သဘောပေါက်လာသော ရဟန်းပျိုများမှာ နှုတ် ပါတ်တော်ဟောနိုင်လောက်အောင် အသိပညာမရှိကြသဖြင့် လူးသာ တို့ရေးသားထုတ်ဝေသောစာအုပ်များကို လိုက်လံရောင်းချကြပါသည်။ ဂျာမနီပြည်သည် မကြာမီမှာပင် ရဲရဲတောက်ဓမ္မာစာပေဖြန့်ချီသူများဖြင့် စည်ကားသွားပါသည်။

## နေရာတကာတွင် ကျမ်းစာလေ့လာခြင်း

တောကျောင်းမှဆရာများသည် ညအချိန်တွင် မီးဖိုဘေးတွင် စုရုံးရောက်ရှိနေသူများအား ကျမ်းစာကိုအသံထွက်၍ဖတ်ပြပါသည်။ တစ်ချို့ပုဂ္ဂိုလ်များသည် သမ္မာတရားအကြောင်း သဘောပေါက်လာ ကြပါသည်။ "နှုတ်ကပါတ်တော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍

မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။" ဆာလံကျမ်း ၁၁၉း၁၃၀။ သမ္မာကျမ်းစာကိုလေ့လာဖို့ သီးသန့်တာဝန်ပေးထားခြင်းခံရသော ဂိုဏ်းအုပ်များနှင့် ရဟန်းပျိုများအား လူးသာ၏သွန်သင်ချက်များကို ချေပရန် ယခုတွင် ရဟန်းမင်း၏အသင်းတော်မှခေါင်းဆောင်ပိုင်းက တောင်းဆိုခဲ့သော်လည်း ကျမ်းစာမတတ်သောထိုသူများသည် အရှုံးနှင့်သာရင်ဆိုင်ကြရသည်။ "လူးသာဟာ သမ္မာကျမ်းစာကလွဲလို့ ဘယ်သုခမိန်ကိုမှမယုံကြည်ဖို့ သူ့လူတွေကို ဆွဲဆောင်နိုင်ခဲ့ပြီး စိတ်ပျက်စရာဘဲ"ဟု ထိုအသင်းတော်မှစာရေးသူတစ်ဦးက မှတ်တမ်းတင်ခဲ့သည်။

အတန်းပညာမရှိသူများက ထောက်ခံကြိုဆိုနေသည့်အမှန်တရားကိုနာကြားရန် လူထုကြီးသည် စုရုံးခဲ့ကြသည်။ ဘုရားသခင်၏ရိုးစင်းသောသွန်သင်ချက်များနှင့် ရင်ဆိုတိုးသောအခါ လူကြီးလူကောင်းတွေရဲ့ရှက်စရာကောင်းသည့်ကျမ်းညာမဲ့မှုများမှာ အထင်အရှားပေါ်လွင်လာပါသည်။ အလုပ်သမားများ၊ စစ်သူရဲများ၊ အမျိုးသမီးများနှင့် ကလေးငယ်များပင်လျှင် ဂိုဏ်းအုပ်များ၊ ပညာတတ်ပါရဂူကြီးများထက် ကျမ်းစာနှင့်ပို၍ ရင်းနှီးနေကြပါသည်။

စေတနာစိတ်နှင့်ပြည့်ဝသူလူငယ်များသည် သမ္မာတရားကို ခွဲခြားစိတ်ဖြာလျက် ပြောင်မြောက်သောရေးစာပေများဖြင့် လက်ပွန်းတတီးဖြစ်အောင် ကြိုးစားလျက် ဆက်ကပ်လေ့လာခဲ့ကြပါသည်။

ထက်မြက်၍ သတ္တိပြောင်မြောက်သောထိုသူများသည် အချိန်ကြာမြင့်သည်အထိ မည်သူကမှ သူတို့ကိုမယှဉ်နိုင်လောက်အောင် ကျမ်းပညာများကိုတတ်မြောက်သွားကြပါသည်။ လူထုကြီးသည် မိမိတို့၌ လိုအပ်နေသောအရာများကို ဖြည့်ဆည်းပေးနေသော ထိုသွန်သင်ချက်.........................

အသစ်များကိုတွေ့ရှိပြီဖြစ်သဖြင့် အယူသီးသောကိုးကွယ်မှုနှင့် လူများ တီထွင်ထားသောရိုးရာဓလေ့များ၏အနှစ်သာရမဲ့ဝိညာဉ်အစာများကို ကျွေးခဲ့သောသူများထံမှ ကျောခိုင်းခဲ့ကြပါသည်။

အမှန်တရားကိုသွန်သင်နေကြသော ထိုဆရာများကို နှိပ်စက်ညှဉ်းပန်းမှုများပြုလုပ်လာကြသောအခါ သူတို့သည် "တစ်မြို့၌ သင်တို့ကိုညှဉ်းဆဲလျှင် တစ်မြို့သို့ပြေးကြလော့"ဟု ခရစ်တော်မိန့်မှာခဲ့သည်အတိုင်း လုပ်ဆောင်ခဲ့ကြသည်။ မိမိတို့ကိုကြိုဆိုဧည့်ဝတ်ပြုသူများကိုလည်း သူတို့တွေ့ကြရပါသည်။ သူတို့သည် ခရစ်တော်အကြောင်းကို ဘုရားကျောင်းများ၌၄င်း၊ နေအိမ်များ၌၄င်း၊ လဟာပြင်၌၄င်း ဟောကြားခဲ့ကြပါသည်။ အမှန်တရားသည် အတားအဆီးမဲ့ပျံ့နှံ့သွားခဲ့ပါသည်။

နိုင်ငံရေးနှင့် ဘာသာရေးအာဏာပိုင်များသည် အကျဉ်းချခြင်း၊ နှိပ်စက်ခြင်း၊ မီးရှို့ခြင်း၊ ဓါးဖြင့်ကွပ်မျက်ခြင်းများကို အသုံးပြုကာနှိမ်နင်းခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့သည်။ ယုံကြည်သူများတို့သည် မိမိတို့၏ယုံကြည်ခြင်းကို မိမိတို့အသွေးဖြင့် တံဆိပ်ခတ်ခဲ့ကြရာ နှိပ်စက်ညှဉ်းပန်းခြင်းအားဖြင့် သမ္မာတရားကို ပို၍ပျံ့နှံ့သွားစေခဲ့ပါသည်။ သမ္မာတရားနှင့်ပေါင်းစပ်ရန် စာတန်ကြိုးစားအသုံးပြုခဲ့သော အယူသီးမှုများသည်လည်း စာတန်၏လုပ်ရပ်နှင့် ဘုရားသခင်၏လုပ်ဆောင်မှုများအကြား တည်ရှိနေသည့်ကွာဟချက်ကို ပို၍ထင်ရှားစေခဲ့ပါသည်။

-----ooo-----

# အခန်း (၁၁)
# မင်းညီမင်းသားများ၏ဆန္ဒပြကန့်ကွက်မှု

၁၅၂၉ခုနှစ်တွင် ကျင်းပသောစပါးလ္တတ်တော်တွင် ဂျာမန်ခရစ်ယာန်မင်းညီမင်းသားများပြုလုပ်ခဲ့သော ဆန္ဒပြကန့်ကွက်မှုကြီးသည် ဘာသာရေးပြုပြင်ပြောင်းလဲရေးအတွက် ဖွင့်ဟခဲ့သမျှသော မြင့်မြတ်သည့် သက်သေခံချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဘုရားသခင်၏လူများဖြစ်ကြသော ထိုသူများ၏ရဲစွမ်းသတ္တိနှင့် ခိုင်မြဲတည်ကြည်မှုများကြောင့် အနာဂတ်ခေတ်အဆက်ဆက်အတွက် သြတ္တပ္ပစိတ်လွတ်လပ်ခွင့်ကိုရရှိခဲ့ကာပြုပြင်ပြီး အသင်းတော်သည်လည်း ပရိုတက်စင့်ဟူသောအမည်ကို ရရှိခဲ့ပါသည်။

သမ္မာတရားကိုဆန့်ကျင်ဘက်ပြုနေသော အင်အားစုများအား ဘုရားသခင်သည် ရပ်တန့်စေတော်မူ၏။ ပဉ္စမမြောက်ချားစ်ဘုရင်သည် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အပြစ်ရှင်းပစ်ရန် ရည်ရွယ်ခဲ့သော်လည်း သူလုပ်ဆောင်ဖို့ကြံစည်တိုင်း သူ့အားအကြံပျက်စေခဲ့ပါသည်။

ပြုပြင်ပြောင်းလဲရေးသမားများကို အပြတ်ရှင်း ဖို့ကြံတိုင်းတာစ့်များသည် ရှေ့တန်းစစ်မျက်နှာတွင် ပေါ်လာတတ်သလို ပြင်သစ်ဘုရင် (သို့မဟုတ်) ရဟန်းမင်းကိုယ်တိုင်ကလည်း ၎င်းအား စစ်ချီသည့်အချိန်များနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ဤကဲ့သို့ တိုင်းနိုင်ငံများရန်ရင်းခတ်တိုက်ခိုက်နေကြခြင်းဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် အနှောင့်အယှက်ကင်းစွာဖြင့် တိုးတက်ကြီးပွါးလာခဲ့ရသည်။

နောက်ဆုံးတွင် ရဟန်းမင်း၏မိတ်ဆွေဘုရင်များသည် ပြုပြင်ပြောင်းလဲရေးသမားများအပေါ် ပူးပေါင်းတိုက်လှန်လာကြပါသည်။ ဖောက်ပြန်ရေးသမားများကိုချေမှုန်းနိုင်ဖို့ ဆွေးနွေးတိုင်ပင်ရန်အတွက် ၁၅၂၉ခုနှစ်တွင် စပါးတွင်လွှတ်တော်ကျင်းပရန် လွှတ်တော်အမတ်များကို ဧကရာဇ်မင်းကဆင့်ခေါ်ခဲ့ပါသည်။ အနုနည်းနှင့်ဖြေရှင်းလို့မရလျှင် အကြမ်းနည်းဖြင့်ဖြေရှင်းရန် ချေးစ်ဘုရင်စီစဉ်ခဲ့ပါသည်။

ရဟန်းမင်းအဖွဲ့သည် ပြုပြင်ပြောင်းလဲရေးသမားများအပေါ် မှာထားသည့် ၎င်းတို့၏ရက်စက်သည့်သဘောထားကို စပါညီလာခံတွင် ပြောင်ကျကျထုတ်ဖော်ခဲ့ပါသည်။

မက္ကလန်သန်က "ကျွန်ုပ်တို့ဟာ မုန်းစရာကောင်းတဲ့လူတွေ၊ လောကရဲ့အမှိုက်တွေဖြစ်နေပြီ။ ဒါပေမယ့် ခရစ်တော်ဟာ သနားစရာကောင်းတဲ့သားသမီးတွေကို ငုံ့ကြည့်တော်မူပြီး ကာကွယ်စောင့်ရှောက်တော်မူလိမ့်မယ်"ဟု ပြောခဲ့ပါသည်။

စပါး မြို့သူမြို့သားများသည် နှုတ်ကပါတ်တော်ကို ဆာငတ်ခင်မွတ်နေကြသည်ဖြစ်ရာ ပိတ်ပင်ထားသည့်ကြားမှာပင် ထောင်နှင့်ချီသော ထိုမြို့သားများသည် ဆက္ကဆိုနီလွှတ်တော်အမတ်၏ ဘုရားဝတ်ပြုဆောင်တွင် ဝတ်ပြုကိုးကွယ်ပွဲကျင်းပရန် စုရုံးလာကြပါသည်။ ဤအချက်သည် အကျပ်တည်းကာလကို အမြန်ရောက်သွားစေပါသည်။

ဘာသာရေးလွတ်လပ်ခွင့်ရှိသည်ဟု တရားဝင်ကြေညာထားသော်လည်း ဝမ်းမြောက်ဖွယ်ရာသတင်းစကားဟောပြော နေသောပြည်နယ်များသည် ၎င်းတို့ပြည်နယ်အခွင့်အရေးများကို ကျူးကျော်ဖောက်ဖျက်မှုများအားဆန့်ကျင်ရန် ဆုံးဖြတ်ကြပါသည်။ လူးသာသည် စပါးတွင်ကျင်းပသည့်ညီလာခံသို့ . . . . . . . . . . . . . . . . . . .

တက်ရောက်ခွင့်မရခဲ့ချေ။ အမှုတော်ကိုကာကွယ်ရန် ဘုရားသခင်ရွေးချယ်ခဲ့သည့် လုပ်ဖော်ဆောင်ဖက်များနှင့် မင်းညီမင်းသားများကို သူကိုယ်စားတက်ရောက်စေခဲ့ပါသည်။ ဆက္ကဆိုနီလွှတ်တော်အမတ်ဖရက်ဒရစ်သည် သေဆုံးသွားရာ ၄င်း၏အရိုက်အရာကိုခံသည့် မြို့စားကြီးဂျွန်သည် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ဝမ်းပန်းတသာကြိုဆိုအားပေးခဲ့ပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးကို လက်ခံထားသည့် ပြည်နယ်များသည် ရောမအသင်းတော်၏တရားစီရင်မှု၌ အရှုံးပေးအညံ့ခံကြရန် ရဟန်းမင်းအဖွဲ့က တောင်းဆိုလာသောအခါ ပြုပြင်ပြောင်းလဲရေးသမားများက လုံးဝသဘောမတူကြချေ။

ဘာသာရေးပြုပြင်ပြောင်းလဲရေးမတည်ထောင်ရသေးသည့်နယ်များတွင်သာ ထို"ဝမ်းစ်အမိန့်"ကို ပြဋ္ဌာန်းရန်အဆိုပြုကြသလို ဝမ်းစ်အမိန့်များနှင့်အညီ မလိုက်လျှောက်နိုင်သောနေရာများတွင်လည်း အသစ်တည်ထောင်သောပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုများတွင် မပါဝင်ကြဘဲပွဲတော်မင်္ဂလာဝင်ခြင်းကို မဆန့်ကျင်ခြင်းမည်သည့်ကာတိုလိတ်အသင်းသားကိုမှ လူးသာအသင်းများတွင် ဝင်ခွင့်မပြုကြရန် နောက်ဆုံးတွင်အဆိုပြုကြပါသည်။ ဤအဆိုပြုချက်ကို လွှတ်တော်ကအတည်ပြုခဲ့ရာ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်များအားရကျေနပ်သွားကြပါသည်။

အကယ်၍ ဤအမိန့်ကိုပြဋ္ဌာန်းကျင့်သုံးခဲ့လျှင် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အသစ်တိုးချဲ့နိုင်မှာမဟုတ်သည့်ပြင်လုပ်လက်စရှိပြီးသားနေရာများ၌ပင် ခိုင်မာစွာတည်ထောင်နိုင်ကြတော့မည်မဟုတ်ချေ။ လွတ်လပ်မှုများကို ပိတ်ပင်တားဆီးလာလိမ့်မည်။ ယုံကြည်မှုပြောင်းလဲခြင်းများကိုလည်း ခွင့်ပြုကြတော့မည်. . . .

မဟုတ်ချေ။ ကမ္ဘာ့မျှော်လင့်ချက်အလင်းတန်းများသည် ငြိမ်းသေတော့သယောင်ဖြစ်နေပါသည်။

တရားဟောအဖွဲ့များက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ-

"ဘာလုပ်ရတော့မှာလဲ၊ ခေါင်းဆောင်ကြီးတွေဟာ အညှံ့ခံပြီး ဒီအမိန့်ကိုလက်ခံကြတော့မှာလား။ လူသာအဖွဲ့က မင်းညီမင်းသားတွေကို ဘာသာရေးလွတ်လပ်ခွင့်ပေးထားတာဘဲ။ ပြုပြင်ပြောင်းလဲရေးအမြင်တွေကို ဒီအမိန့်အတည်မပြုခင်ကတည်းက ဖက်ယမ်းလက်ခံခဲ့ကြတဲ့ သူတို့ရဲ့လူတွေအားလုံးဆီကို ဒီလိုအသနားခံစာမျိုးပို့ခဲ့တာဘဲ။ ဒီလိုလုပ်တာနဲ့ မကျေနပ်နိုင်ကြသေးဘူးလား"ဟု ညည်းတွားနေကြပါသည်။

ရဟန်းမင်း၏လက်ထောက်ခေါင်းဆောင်များသည် ထိုအစီအစဉ်ကိုအခြေပြုပြီး ဆောက်တည်ထားသော အခြေခံစည်းမျဉ်းများကို ဝမ်းပန်းတသာဖြင့်ကြည့်ကြပါသည်။

ထို့နောက် ယုံကြည်စိတ်ချစွာဖြင့် သူတို့လှုပ်ရှားကြပါသည်။ ထိုအခြေခံစည်းမျဉ်းကဘာလဲ၊ ဩတ္တပ္ပစိတ်ကိုအနိုင်အထက်ပြုလျက် လွတ်လပ်စွာစုံစမ်းမေးမြန်းမှုကို တားမြစ်ပိုင်ခွင့်သည် ရောမအသင်းတော်၌သာရှိသည်ဆိုသည့်အ ချက်မှာ ထိုအခြေခံစည်းမျဉ်းဖြစ်သည်။

သို့ရာတွင် ရပိုင်ခွင့်တစ်ရပ်အနေဖြင့် ဘာသာရေးလွတ်လပ်ခွင့်ရကြမှာပါ။

အဆိုပြုခဲ့သည့်အစီအစဉ်များကို အတည်ပြုလက်ခံလိုက်ခြင်းဖြင့် ဘာသာရေးလွတ်လပ်ခွင့်ကို ဆက္ကဆိုနီပြည်နယ်တစ်ခုတွင်သာ ခံစားခွင့်ရှိကြောင်းဝန်ခံခြင်းဖြစ်လာလိမ့်. . . . . . . . . . . . . . . .

မည်။ အခြားခရစ်ယာန်နယ်မြေများတွင် လွတ်လပ်စွာစုံစမ်းစစ်ဆေးမှုများကိုပြုလုပ်လာကာ ပြုပြင်ပြောင်းလဲရေးယုံကြည်ချက်များအားလက်ခံသူများကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ်သတ်မှတ်လျက် အကျဉ်းချခြင်း၊ မီးရှို့သတ်ခြင်းများကို ကျင့်သုံးကြတော့မည်။ အရပ်ဒေသခွဲခြားပြီး ဘာသာရေးလွတ်လပ်ခွင့်သတ်မှတ်ခြင်းကို သူတို့သဘောတူနိုင်မည်လား။ ရဟန်းမင်း၏နယ်မြေများတွင် ထိုအစီအစဉ်ကြောင့် အသက်ပေးလှူခဲ့ရသော၊ ထောင်ပေါင်းများစွာသော သူများ၏အသက်ပေးလှူခဲ့ရသော၊ ထောင်ပေါင်းများစွာသောသူများ၏အသွေးသွန်းမှုအတွက် အပြစ်ကင်းပါသည်ဟု ပြုပြင်ပြောင်းလဲရေးသမားများက တောင်းပန်နိုင်ကြမည်လား”။

“ဒီအမိန့်ကို ငြင်းပယ်ကြစို့။ သြတ္တပ္ပစိတ်နှင့်ပတ်သက်တဲ့ကိစ္စတွေမှာ လူအများစုမှာ လုပ်ပိုင်ခွင့်အာဏာမရှိပါဘူး”ဟု မင်းညီမင်းသားများကပြောဆိုကြသည်။ သြတ္တပ္ပစိတ်၏လွတ်လပ်မှုကို ကာကွယ်ရန်မှာ နိုင်ငံတော်၏တာဝန်ဖြစ်သည်။ ဘာသာရေးကိစ္စများမှာမူ နိုင်ငံတော်၌ အာဏာအကန့်အသတ်ရှိပါသည်။

“ခေါင်းမာရဲသူများ”ဟု သမုန်ခြင်းခံရသူများကို ချေမှုန်းရန် ရဟန်းမင်းအဖွဲ့က ဆုံးဖြတ်ချက်ချခဲ့သည်။ ထိုအဆိုပြုချက်တွင်ပါရှိသည့် အချက်အလက်များကိုလိုက်လျောမည်၊ မလိုက်လျောမည်ကို ကြေညာရန် လွတ်လပ်သောမြို့နယ်များမှ ကိုယ်စားလှယ်များအား တောင်းဆိုခဲ့ရာ ရင်ဆိုင်ရမည့်အန္တရာယ်များကိုသိလျက်နှင့် တစ်ဝက်နီးပါးသောကိုယ်စားလှယ်များသည် ပြောင်းလဲရေးသမားများဘက်တွင် ရပ်တည်ခဲ့ကြသည်။ တစ်ယောက်သောကိုယ်စားလှယ်က “ကျွန်ုပ်တို့ဟာ နှုတ်ကပါတ်တော်ကို မငြင်းပယ်ပါက မီးရှို့အသတ်ခံကြရမည်”ဟုဆို၏။

## မင်းညီမင်းသာများ၏မြင့်မြတ်သောရပ်တည်မှု

ဧကရာဇ်မင်း၏ကိုယ်စားလှယ်ဖြစ်သော ဖာဒီနန်ဘုရင်သည် မင်းသားများအားသွေးဆောင်ရန် ကြိုးစားခဲ့ပါသည်။ "ထိုအမိန့်ကို လက်ခံကြလျှင် ဧကရာဇ်မင်းအနေဖြင့် ၄င်းတို့အား အလွန်သဘော ကျမှာဖြစ်ကြောင်း အာမခံချက်များပေးလျက် ဖာဒီနန်က တောင်းပန်ခဲ့ သော်လည်း ငြိမ်းချမ်းရေးနှင့် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှား စေမည့် ဧကရာဇ်မင်း၏လုပ်ဆောင်ညွှန်ကြားမှုတိုင်းကို ကျွန်ုပ်တို့ နာခံပါတယ်"ဟု ထိုသစ္စာရှိမင်းညီမင်းသားများက တုံ့ပြန်ကြသည်။

"သူတို့နောက်ဆုံးလုပ်ဆောင်ရမည့်အရာကတော့ အများစုကို လက်မြောက်အညံ့ခံရန်ဖြစ်တယ်"ဟု ဖာဒီနန်က အဆုံးတွင် ကြေညာ လိုက်ပါသည်။ သူသည် ထိုသို့ပြောဆိုပြီးနောက် ပြုပြင်ပြောင်း လဲရေးသမားများအား တုံ့ပြန်ခွင့်မပေးတော့ဘဲ ပြန်လည်ထွက်ခွာသွား ခဲ့ပါသည်။ သူတို့က ထိုဘုရင်အားပြန်လာရန် ကိုယ်စားလှယ်များလွှတ် ကာ တောင်းပန်ခဲ့သော်လည်း "ကိစ္စကပြီးနေပြီ။ အညံ့ခံဖို့ဘဲကျန်တော့ တယ်"ဟုသာ သူအဖြေပေးလိုက်ပါသည်။

ဧကရာဇ်မင်းနှင့် ရဟန်းမင်းတို့ဘက်ကအားသာ၍ ပြုပြင် ပြောင်းလဲရေးသမားများဘက်မှ အားနည်းသွားပြီဟုဆိုကာ ဘုရင်အဖွဲ့ သည် ကြွားဝါနေကြပါသည်။

အကယ်၍သာ ပြုပြင်ပြောင်းလဲရေးသမားများသည် လူတွေ ၏အမအစကိုအားကိုးခဲ့မည်ဆိုလျှင် ရဟန်းမင်းတို့ထင်ထားသလို အမှန်တကယ်အားနည်းသွားလိမ့်မည်ဖြစ်သော်လည်း ထိုသူတို့သည် လွှတ်တော်အစီရင်ခံစာအစား ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသနားခံခဲ့သည်။

ဧကရာဇ်မင်းချားစ်ထံတွင် အယူခံဝင်မည့်အစား ဘုရင်တကာတို့၏ ဘုရင်၊ သခင်တကာတို့၏သခင်ခရစ်တော်ထံတွင် အယူခံဝင်ခဲ့ကြ သည်။

ထိုမင်းညီမင်းသားများသည် မိမိတို့၏ဩတ္တပ္ပစိတ်ခံစား ထင်မြင်မှုများကို ဖာဒီနန်ဂရုပြုဖို့ငြင်းဆိုကြောင်းသိရသောအခါ မိမိတို့၏ကန့်ကွက်လွှာကို နိုင်ငံတော်ကောင်စီသို့ အမြန်တင်သွင်းရန် ဆုံးဖြတ်ခဲ့ကြသည်။ မြင့်မြတ်ကောင်းမွန်သောကြေညာချက်တစ်ခုကို ရေးဆွဲကာ လွှတ်တော်သို့သူတို့ပေးအပ်ခဲ့ပါသည်။

"ကျွန်ုပ်တို့သည် အဆိုပြုထားသည့်အမိန့်စာတွင်ပါဝင်သည့် ဘုရားသခင်နှင့်လည်းကောင်း၊ နှုတ်ကပါတ်တော်နှင့်သော်လည်း ကောင်း၊ ကျွန်ုပ်တို့၏ဩတ္တပ္ပစိတ်နှင့်သော်လည်းကောင်း၊ လူသားများ ၏ကယ်တင်ခြင်းနှင့်သော်လည်းကောင်း ဆန့်ကျင်သည့်မည့်သည့်အ ရာကိုမဆို ကျွန်ုပ်တို့နှင့်တကွ ကျွန်ုပ်တို့၏လူမျိုးများအတွက် ဤ တင်ပြချက်များအားဖြင့် ကန့်ကွက်ပါသည်။

ဧကရာဇ်မင်းကြီးသည် အရာခပ်သိမ်းထက် ဘုရားသခင်ကို ချစ်သောမင်းသားတစ်ပါးကဲ့သို့ ကျွန်ုပ်တို့အပေါ်တွင် ပြုမူဆက်ဆံလိမ့် မည်ဟုလည်း တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့မျှော်လင့်တောင့် တမိပါသည်။

ငြင်းပြင်တရားမျှတ၍ ဥပဒေနှင့်ကိုက်ညီသောဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်လည်း ကျွန်ုပ်တို့ကြေညာပါသည်"ဟု ထိုမင်း သားများက အစပျိုးတင်ပြကြ၏။

ကန့်ကွက်ဆန္ဒပြသူများ၏ရဲစွမ်းသတ္တိကြောင့် လူအများစုမှာ အံ့အားသင့်ထိတ်လန့်ကုန်ကြပါသည်။ သဘောထားကွဲပြားမှုများ၊ တိုက်ခိုက်မှုများနှင့် သွေးချောင်းစီးမည့်အခြေအနေများကို မလွဲမသွေ

ရင်ဆိုင်ရပုံပေါ်သော်လည်း အနန္တတန်ခိုးရှင်၏လက်တော်ကိုမှီခိုသော ပြုပြင်ပြောင်းလဲရေးသမားများသည် ရဲစွမ်းသတ္တိအပြည့်၊ တည်ငြိမ်မှုအပြည့်နှင့် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြပါသည်။

ထိုကန့်ကွက်လွှာတွင် ဖော်ပြထားသောအခြေခံစည်းမျဉ်းများသည် ပရိုတက်စတင့်ဝါဒ၏အနှစ်သာရများဖြစ်ပါသည်။ ပရိုတက်စတင့်ဝါဒသည် တရားသူကြီးများထက် ဩတ္တပ္ပစိတ်တန်ခိုးကို ဦးစားပေးပြီး မျက်မြင်ရသောအသင်းတော်ထက် နှုတ်ကပါတ်တော်၏ တန်ခိုးကိုတန်ဖိုးထားပါသည်။

"ကျွန်ုပ်တို့သည် လူ့စကားထက် ဘုရားသခင်၏စကားကို နားထောင်ရမည်"ဟု ရှေးပုရောဖက်များ၊ တမန်တော်များနှင့်အတူ ပရိုတက်စတင့်ဝါဒကဖွင့်ဆိုပါသည်။ ပဥ္စမ မြောက်ချားစ်ဘုရင့်သရဖူ၏အထက်မှာ ခရစ်တော်၏သရဖူကို မြှောက်တင်ကြပါသည်။ စပါးကန့်ကွက်လွှာသည် ဘာသာရေးချုပ်ချယ်မှုကို ဆန့်ကျင်သည့် ကြီးမြတ်သောသက်သေခံတစ်ခုဖြစ်ပြီး ဩတ္တပ္ပစိတ်၏လှုံ့ဆော်ချက်အရ ဘုရားသခင်ကိုဝတ်ပြုရန် လူအားလုံး၏ရပိုင်ခွင့်အတွက် ခိုင်မာသောထောက်ခံချက်တစ်ခုလည်းဖြစ်သည်။

မြင့်မြတ်သော၍ပြုပြင်ပြောင်းလဲရေးသမားများ၏အတွေ့ အကြုံတွင် အနာဂတ်ခေတ်အဆက်ဆက်အတွက် သင်ခန်းစာယူစရာများပါဝင်ပါသည်။ စာတန်သည် အသက်တာ၏လမ်းပြဖြစ်သော သမ္မာကျမ်းစာကို ဆန့်ကျင်နေဆဲဖြစ်သည်။

သမ္မာကျမ်းစာတစ်အုပ်တည်းသာ ယုံကြည်ခြင်းနှင့်အကျင့်များအတွက် စည်းမျဉ်းဥပဒေဖြစ်သည်ဟူသော ပရိုတက်စတင့်မဟာစည်းမျဉ်းကို ကျွန်ုပ်တို့ခေတ်တွင်လည်း ပြန်လည်ကျင့်သုံးရန် လိုအပ်နေပါပြီ။ စာတန်သည် .......................

ဘာသာရေးလွတ်လပ်ခွင့်ကိုချေဖျက်ပစ်ရန် လုပ်ဆောင်ဆဲဖြစ်သည်။ စပါးကန့်ကွက်သူများက ငြင်းပယ်ခဲ့သော ခရစ်ယာန်ဆန့်ကျင်ရေး ခေါင်းဆောင်သည် ၄င်းဆုံးရှုံးသွားသည့်ဦးဆောင်မှုနေရာကို ပြန်လည် တည်ဆောက်ရန် ယခုကြိုးစားလျက်ရှိသည်။

## အောက်စဘတ်လွှတ်တော်အစည်းအဝေး

ဧဝံဂေလိတရားတော်နှင့်စပ်ဆိုင်သော မင်းသားများ၏ အယူ ခံဝင်မှုကိုကြားနာရန် ဖာဒီနန်ဘုရင်ကငြင်းဆိုခဲ့သော်လည်း ချားစ် ဧကရာဇ်ကမူ အင်ပါယာကြီးကိုထိခိုက်စေမည့် ထိုသဘောထား ကွဲပြားမှုများကိုကုစား၇န် စပါးကန့်ကွက်လွှာတင်သွင်းပြီး နောက်တစ် နှစ်မှာပင် အောက်စဘတ်တွင် ညီလာခံတစ်ခုကျင်းပရန်ခေါ် ယူခဲ့ပါသည်။ သူကိုယ်တိုင်ဦးစီးကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုလည်း ဧကရာဇ်မင်းကကြေညာခဲ့ပါသည်။ ပရိုတက်စတင့် ခေါင်းဆောင် များကိုလည်း ညီလာခံသို့တက်ရောက်ကြရန် ဖိတ်ကြားခဲ့ပါသည်။

"ခွန်အားကောင်းသောရန်သူများရှိသည့်မြို့တစ်မြို့ရဲ့မြို့ တံတိုင်းများအတွင်း မှာ ကိုယ့်ကိုကိုယ်ပိတ်မိနေအောင်လုပ်ခြင်းဟာ စွန့်စားရာမရောက်ပေဘူးလား"ဟုဆိုကာ ဆက္ကဆိုနီလွှတ်တော် အ မတ်အား ထိုညီလာခံသို့မတက်ရန် အကြံပေးပုဂ္ဂိုလ်များက တိုက်တွန်း ခဲ့ကြပါသည်။ သို့သော် အခြားမှုးမတ်များကမူ "မင်းညီမင်းသားများက သတ္တိပြောင်ပြောင်နဲ့လုပ်ဆောင်မှသာ ဘုရားသခင်၏အမှုတော်ဟာ လုံခြုံရမယ်"ဟု ဖွင့်ဟကြသကဲ့သို့ လူးသာကလည်း "ထာဝရဘုရား သခင်ဟာ သစ္စာတော်နှင့်ပြည့်စုံ၏။ ကျွန်ုပ်တို့ကို ဘယ်တော့မှစွန့် ပစ်ထားခဲ့မှာမဟုတ်ဘူး"ဟု အားပေးခဲ့သည်။

ထိုလွှတ်တော်အမတ်သည် အောက်စဘတ်သို့ခရီးနှင်ခဲ့ရာ လူများစွာတို့သည် စိုးရိမ်သောမျက်နှာ၊ ကြောက်ရွံ့သောစိတ်နှလုံးများဖြင့် သူနှင့်အတူလိုက်ပါသွားခဲ့ကြသည်။ သို့သော် ကိုဘတ်မြို့တိုင်အောင် သူတို့နှင့်အတူလိုက်ပါလာသောလူးသာက ထိုခရီးစဉ်အတွက်ရေးစပ်ထားသော "အားကြီးသောရဲတိုက်ကျူး" ဓမ္မသီချင်းကိုသီဆိုကျူးဧကော ၄င်း၏ယုံကြည်ခြင်းကိုပြန်လည်နိုးကြားစေခဲ့ပါသည်။ ထိုဓမ္မသီချင်းသံကြောင့် လေးလံနေသောစိတ်နှလုံးများတို့သည် ပေါ့ပါးကြည်လင်သွားခဲ့ပါသည်။

ပြုပြင်ပြောင်းလဲရေးသမားမင်းညီမင်းသားများသည် မိမိတို့၏ရှုထောင့်များကို သမ္မာကျမ်းစာမှ အထောက်အထားများဖြင့် တင်ပြကြရန် ဆုံးဖြတ်ရာ စာတမ်းပြုစုရန်အတွက် မာတင်လူးသာနှင့် မက္ကလန်သန်တို့အဖွဲ့ကို တာဝန်ပေးအပ်ခဲ့ပါသည်။ ဤယုံကြည်ခြင်းအတွက်ဝန်ခံချက်ကို ပရိုတက်စတင့်များက လက်ခံခဲ့ကြပြီး ထိုစာရွက်စာတမ်းများအပေါ်၌ မိမိတို့၏နာမည်များကို ကမ္ပည်းတင်ရန် သူတို့စုဝေးကြပါသည်။

မိမိတို့၏အမှုတော်ကို နိုင်ငံရေးကိစ္စများနှင့် ရောထွေးစွာအမြင်မမှားသင့်ကြောင်း ပြုပြင်ရေးသမားများကတောင်းပန်ကြသည်။ ခရစ်ယာန်မင်းညီမင်းသားများကလည်း ယုံကြည်ခြင်းဆိုင်ရာဝန်ခံချက်တွင် လက်မှတ်ရေးထိုးကြတော့မည်ဖြစ်ရာ မက္ကလန်သန်က "ဤကိစ္စမျိုးကို ဘာသာရေးဆရာများနှင့် တရားဟောဆရာများကသာ တင်ပြဖို့ဖြစ်ပါတယ်"ဟု ကြားဝင်ဖျန်ဖြေရာ - "ထိုသို့မဟုတ်ရာ၊ မင်းတို့ဟာ ငါတို့ကိုပစ်မထားသင့်ဘူး။

ရာထူးကို ထိခိုက်မှာ ကိုမစိုးရိမ်ဘဲ အမှန်တရားဘက်တွင် ရပ်တည်ဖို့ ငါဆုံးဖြတ်.........................

ထားတယ်။

သခင်ဘုရားထံတွင် ငါလည်းဝန်ခံလိုပါတယ်။ ငါ့ရဲ့လွှတ်တော်အမတ်ရာထူးဟာ ခရစ်တော်ရဲ့ကပ်တိုင်လောက် ငါ့အတွက်တန်ဖိုးမရှိပါဘူး"ဟု ဆက္ကဆိုနီအမတ် ဂွန်ကဖွင့်ဟခဲ့ပါသည်။ "သခင်ဘုရားအလိုရှိပါလျှင် ငါ့ရဲ့အသက်စည်းစိမ်ကို စွန့်ပစ်ဖို့ငါအဆင်သင့်ရှိတယ်"ဟု အခြားမင်းညီမင်းသားတစ်ပါးက ဖွင့်ဟပြန်ပါတယ်။ "ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ပြည်သူတွေနဲ့ ကျွန်ုပ်အုပ်ချုပ်နေတဲ့ပြည်နယ်ကိုလည်းကောင်း၊ ကျွန်ုပ်ရဲ့ဘိုးဘေးများရဲ့ တိုင်းပြည်ကိုလည်းကောင်း စွန့်လွှတ်ကောင်းစွန့်လွှတ်မည်ဖြစ်သော်လည်း ဝန်ခံချက်ထဲမှာ ဖော်ပြထားတဲ့ယုံကြည်ချက်တွေကိုတော့ ကျွန်ုပ်ရယူရမှာဖြစ်တယ်"ဟု ထိုမင်းသားကဆက်လက်သက် သေခံခဲ့ပါသည်။

သတ်မှတ်ထားသောအချိန်သို့ရောက်ရှိလာသောအခါ ပဉ္စမမြောက်ချားစ်ဘုရင်သည် အမတ်များ၊ မင်းညီမင်းသားများခြံရံလျက်ပရိုတက်စတင့်ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများအား တွေ့ဆုံခွင့်ပေးခဲ့သည်။ ခမ်းနားကြီးကျယ်သော ထိုအစည်းအဝေးပွဲကြီးတွင်ဝမ်းမြောက်ဖွယ်ရာသမ္မာတရားများကို ရှင်းလင်းစွာထွန်းလင်းပြသခဲ့ပြီးရဟန်းမင်းအသင်းတော်၏မှားယွင်းမှုများကို ထောက်ပြခဲ့ပါသည်။

ထိုနေ့ကို ဘာသာရေးပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုအတွက်အကြီးမြတ်ဆုံးသောနေ့၊ လူသားများနှင့်ခရစ်ယာန်အယူဝါဒ၏ သမိုင်းကြောင်းတွင် ကျက်သရေအရှိဆုံးနေ့တစ်နေ့အဖြစ် ကြေညာခဲ့ပါသည်။

ဝစ်တင်းဘတ်မှ ရဟန်းပျိုကလေးမာတင်လူးသာမှဝမ်းစ်လွှတ်တော်တုန်းက တစ်ဦးတည်းရပ်ထခဲ့သော်လည်း ယခုတွင်မူသူ့နေရာ၌ အင်ပါယာမှတန်ခိုးအာဏာရှိသော မင်းညီမင်းသားများ

ရပ်ထနေကြပါသည်။

"ဤအချိန်နာရီအထိအသက်ရှင်ခွင့်ရခဲ့လို့ အထူး ဝမ်းသာမိပါတယ်။ ဘာကြောင့်လဲဆိုတော့ဒီအချိန်ကလေးမှာ ဂုဏ်အသရေရှိပုဂ္ဂိုလ်များနဲ့ မင်္ဂလာအပေါင်းနဲ့ပြည့်ဝတဲ့ အစည်းအဝေးကြီးမှာ ခရစ်တော်ကို လူသိရှင်ကြားမြှောက်စားခဲ့ကြလို့ဘဲဖြစ်ပါတယ်" ဟု လူးသာကရေးသားခဲ့ပါသည်။

တရားဟောစင်မြင့်ပေါ်မှာဟောကြားဖို့ ဇကရာဇ်မင်းကတားမြစ်ခဲ့သောအရာကို နန်းတော်မှာဟစ်ကြွေးနေကြချေပြီ။ ကျွန်များပင်နားထောင်ရန်မသင့်လျော်ဟု မှတ်ယူခဲ့သောသတင်းစကားကို အင်ပါယာမှသခင်များ၊ အရာရှိများက အံ့သြစွာဖြင့်နာကြားနေကြပါသည်။ တရားဟောနေသူများမှာ အာဏာရမင်းညီမင်းသားများဖြစ်ပြီး တရားဟောချက်များမှာ ဘုရားသခင်၏မြင့်မြတ်သောအမှန်တရားများဖြစ်သည်။ "တမန်တော်အချိန်မှစ၍ ထိုကဲ့သို့သော ကြီးမြတ်သောအမှုတော်မျိုး၊ ပို၍ကျယ်သောဝန်ခံခြင်းမျိုး တစ်ခါမျှမပေါ်ပေါက်ခဲ့ဖူးသေးချေ။

ခိုင်မြဲစွာလူးသာစွဲကိုင်ထားသည့်နိယာမများမှ တစ်ခုမှာ-ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကြီးပြီးမြောက်စေရန် လောကီအာဏာရှင်များကို အားမကိုးသင့်ဟူသောအချက်ဖြစ်သည်။ ထိုအင်ပါယာကြီးမှ မင်းညီမင်းသားများက ဧဝံဂေလိတရားတော်ကို လက်ခံလာကြသဖြင့် သူဝမ်းမြောက်သည်မှာမှန်သော်လည်း ပူးပေါင်းကာကွယ်ဖို့ရန် သူတို့အဆိုပြုလာကြသောအခါတွင်မူ "ဧဝံဂေလိတရားတော်ရဲ့ယုံကြည်ချက်တွေကို ဘုရားသခင်တစ်ဆူ တည်းကသာကာကွယ်တော်မူလိမ့်မယ်။ အခုအကြံပြုနေတဲ့ နိုင်ငံရေးသဘောအရကြိုတင်ကာကွယ်မှုအားလုံးဟာ သူ့အမြင်အားဖြင့် မကြောက်သင့်တဲ့

အရာကို ကြောက်နေခြင်းဖြစ်ပြီး ဒုစရိုက်နှင့်ပြည့်ဝသော မယုံကြည်မကိုးစားခြင်းဖြစ်နေသည်ဟု လူးသာဖွင့်ဟတင်ပြသွားပါသည်။

မကြာမီရက်များတွင် လူးသာသည် မင်းညီမင်းသားများ အာရုံပြုနေသော ထိုပူးပေါင်းလုပ်ဆောင်ရန် အစီအစဉ်ကိုရည်ညွှန်းလျက် "ဒီတိုက်လှန်ပွဲအတွက် တစ်ခုတည်းသောလက်နက်မှာ ဝိညာဉ်တော်ဓါးသာဖြစ်သင့်ကြောင်း"ဟု ဖွင့်ဆိုခဲ့ပါသည်။ "ကျွန်ုပ်တို့ဟာ မိမိတို့ရဲ့ဩတ္တပ္ပစိတ်ကိုထောက်ပြီး အဆိုပြုခဲ့သည့်ပူးပေါင်းဆောင်ရွက်မှုကိစ္စကိုအတည်ပြုမပေးနိုင်ပါ။ ခရစ်တော်ရဲ့ကပ်တိုင်ကို ကျွန်ုပ်တို့ထမ်းရမယ်။ အမတ်ကြီး၊ မကြောက်ပါနဲ့။ ကျွန်ုပ်တို့ရဲ့ရန်သူများ ကြွားဝါနေတာများထက် ကျွန်ုပ်တို့ရဲ့ဆုတောင်းချက်များအားဖြင့် ပိုမိုထိရောက်အောင်လုပ်ဆောင်နိုင်ကြပါလိမ့်မယ်"ဟု ဆက္ကဆိုနီအမတ်အား လူးသာစာရေးအားပေးခဲ့ပါသည်။

ဆိတ်ငြိမ်သောနေရာမှ ဆုတောင်းသံများကြောင့် ထွက်ပေါ်လာ သောတန်ခိုးသည် ဘာသာရေးပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုအားဖြင့် ကမ္ဘာကြီးအား တုန်လှုပ်သွားစေခဲ့ပါသည်။ လူးသာသည် အောက်စဘတ်တွင် တစ်နေ့လျှင် အနည်းဆုံး (၃)နာရီဆုမတောင်းဘဲ တစ်နေ့တာကိုမကုန်လွန်စေခဲ့ဖူးပါ။ သူသည် မိမိ၏လွတ်လပ်မှုရှိသော အခန်းကလေးထဲတွင် ချီးမွမ်းခြင်း၊ မြော်လင့်ခြင်းတို့နှင့် ပြည့်ဝသော စကားလုံးများဖြင့် ဘုရားသခင့်ရှေ့တော်တွင် ဆုတောင်းပတ္ထနာပြုခဲ့ပါသည်။

ထိုနောက် "တို့လုပ်ဆောင်နေတဲ့အလုပ်ဟာ မတရားဘူးဆိုရင် ဒါကိုစွန့်လွှတ်ကြစို့။ အကယ်၍ တရားမျှတတယ်ဆိုရင် စိုးရိမ်ကြောက်ရွံ့ခြင်းမရှိဘဲ အိပ်ဖို့အမိန့်ပေးနေတဲ့ကတိတော်များကို တို့ထင်ယောင်ထင်မှားဖြစ်မနေသင့်ကြဘူး"ဟု . . . . . . . . . . . .

မက္ကလန်သန်ထံသို့ စာရေးအကြောင်းကြားခဲ့ပါသည်။ ပရိုတက်စတင့် ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများသည် ခရစ်တော်အပေါ် တွင် ၎င်းတို့၏အမှုတော်ကို တည်ဆောက်ခဲ့ကြရာ ငရဲတံခါးများသည် ၎င်းတို့ကို မအောင်မြင်နိုင်ခဲ့ကြပါချေ။

-----ooo-----

# အခန်း (၁၂)
# ပြင်သစ်နိုင်ငံတွင်ရောင်နီဦးထွက်ပေါ်လာခြင်း

စပါးညီလာခံနှင့် အောက်စဘတ်ညီလာခံများကျင်းပပြီး သည့်နောက်တွင် တိုက်လှန်မှုနှင့် ဝိညာဉ်ရေးအမှောင်ထုများ ကျ ရောက်ခြင်းများကို နှစ်ပေါင်းများစွာရင်ဆိုင်ခဲ့ရပါသည်။ ဂိုဏ်းဂန များကွဲပြားမှုကြောင့် ပရိုတက်စတင့်အယူဝါဒသည် ပျောက်ကွယ်သွား တော့မယောင် အဖျက်စီးခံခဲ့ရပါသည်။

သို့ရာတွင် အောင်ပွဲဆင်နေသည့်အခိုက်အတန့်မှာပင် ဧက ရာဇ်မင်းသည် ရှုံးနိမ့်မှုနှင့်ရင်ဆိုင်ခဲ့ရပါသည်။ ဖျက်ဆီးပစ်ရန် အသက် တာရှည်မှန်းချက်အဖြစ်ထားခဲ့သည့် ယုံကြည်ချက်များကို အလျှော့ပေး ရန် အတင်းအကျပ်ဖိအားပေးခြင်းခံခဲ့ရသည်။

တိုက်ပွဲများဖြစ်ပွါးခဲ့ သဖြင့် မိမိ၏စစ်သည်များသေကြေခဲ့ ရသည်။ ဘဏ္ဍာငွေများကုန်ခန်း ခဲ့ရသည်။ ၎င်း၏ပြည်နယ်များ၌ လည်း ပုန်ကန်ထကြွမှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။ ထိုမျှလောက်အနာ ခံကြိုးစားပြီးချေမှုန်းခဲ့သည့် ယုံကြည်ချက်များသည် တိုးတက်ပြန့်ပွါး လျက်ရှိချေပြီ။

ချားစ်ဘုရင်သည် အနန္တတန်ခိုးရှင်နှင့် တိုက်ပွဲဆင်နွဲနေပါ သည်။ ထာဝရဘုရားက အလင်းဖြစ်စေဟု မိန့်တော်မူသော်လည်း သူကမထွင်းဖောက်နိုင်အောင် သိပ်သည်းသောအမှောင်ထုကို ဖန်တီး နေသည်။

ရှည်လျားသောတိုက်ပွဲကြောင့် မောပန်းနွမ်းနယ်လာကာ ထီး နန်းကို သူစွန့်ခဲ့ရုံတင်မကဘဲ အလုံခန်းတစ်ခန်းထဲတွင် ကိုယ့်ကိုကိုယ် အဆုံးစီရင်မြုပ်နှံသကြီဟ်လိုက်ပါသည်။

ဆွစ်ဇလန်ရှိနယ်ပယ်များစွာသည် ပြုပြင်ပြောင်းလဲရေး ယုံကြည်ချက်များကို လက်ခံခဲ့ကြသော်လည်း တစ်ချို့ပြည်နယ်များမှာ ရဟန်းမင်းအသင်းတော်၏ယုံကြည်ချက်များကို စွဲလမ်းသက်ဝင်ဆဲ ဖြစ်သည်။ ဇွင်းကလိနှင့်တကွ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုတွင် ပါဝင် လုပ်ဆောင်ခဲ့ကြသူများစွာတို့သည် ကက်ပယ်လယ်ကွင်းတွင် သွေးမြေ ကျခဲ့ကြရပါသည်။ ရောမသည် အောင်ပွဲဆင်နေပြီး လက်လွှတ်ဆုံး ရှုံးထားသည့်နယ်မြေများစွာကို ပြန်လည်သိမ်းသွင်းနိုင်ခဲ့သ ယောင်ဖြစ်နေသည်။ သို့ရာတွင် ဘုရားသခင်သည် မိမိ၏အမှုတော်နှင့် ယုံကြည်သူများကို စွန့်ပစ်တော်မမူဘဲ ထိုလှုပ်ရှားမှုကို ဆက်လက် အကောင်အထည်ဖော်နိုင်ရန် အခြားတိုင်းပြည်များတွင် အမှုဆောင် များပေါ်ထွက်လာစေပါသည်။

ပြင်သစ်တွင် လက်ဖီးဘားဆိုသူ ပဲရစ်တက္ကသိုလ်မှပါမောက္ခ တစ်ဦးသည် ဤသမ္မာတရားအလင်းတော်ကို ကနဦးတွေ့ရှိခဲ့သူဖြစ် သည်။

ရှေးဟောင်းစာပေများကိုလေ့လာစဉ် သမ္မာကျမ်းစာဘက်ကို အာရုံရောက်သွားပြီး ကျောင်းသားများနှင့်အတူလေ့လာခဲ့ပါသည်။ သူသည် အသင်းတော်(ရောမ)၏ ဒဏ္ဍာရီများတွင်ဖော်ပြထားသည့် သူတော်စင်များနှင့် သူရဲကောင်းများရာဇဝင်ကိုပြင်ဆင်ရာတွင် တာဝန်ယူခဲ့ဖူးပြီး ထိုလုပ်ငန်းတွင် တိုးတက်မှုများလည်းရရှိခဲ့ရာ လိုအပ်သောအထောက်အထားများကို သမ္မာကျမ်းစာမှရနိုင် ကောင်းသည်ဟု ထင်မှတ်လျက် ကျမ်းစာကိုစတင်လေ့လာခဲ့ပါသည်။ သမ္မာကျမ်းစာတွင် သန့်ရှင်းသူသူတော်စင်များကို သူတွေ့ခဲ့သည်။ သို့သော် ရောမအသင်းတော်တွင်ပေါ် ထွန်းခဲ့သူများကဲ့သို့မဟုတ် သည်ကို သူတွေ့ရသည်။ သို့နှင့် သမ္မာကျမ်းစာကို စာတမ်းပြုစုရန်

လေ့လာခြင်းအဆင့်မှ မိမိကိုယ်ကိုဆက်ကပ်အပ်နှံ၍လေ့လာခြင်း အဆင့်သို့ သူတိုးမြှင့်လိုက်ပါသည်။

လူးသာနှင့်ဇွင်းကလိတို့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းမစမီ ၁၅၁၂ ခုနှစ်ကတည်းက လက်ဖီးဘားက "ဘုရားသခင်သည် ယုံကြည်သူကျွန်ုပ်တို့အား ဖြောင့်မတ်စေတော်မူ၏။ ကျေးဇူးတော်ကြောင့်သာ ထာဝရအသက်ကိုရစေခြင်းငှါ ဖြောင့်မတ်ရာသို့ ရောက်စေတော်မူ၏"ဟု ရေးသားထားခဲ့သည်။ ၎င်းပြင် ကယ်တင်ခြင်းဆိုင်ရာ ဘုန်းဝင်စားခြင်းကိုဟောကြားရာ၌ နားထောင်လိုက် လျှောက်ရန်တာဝန်မှာ လူ၏အငန်းအတာဖြစ်ကြောင်း သူဖွင့်ဆိုခဲ့သည်။

လက်ဖီးဘား၏ကျောင်းသားများသည် သူ့တရားဟောချက်များကို စိတ်ဝင်တစားနာကြားခဲ့ကြပြီး ၎င်းတို့ဆရာတရားမဟောနိုင်တော့သည့်အချိန်တွင် သူတို့ဆက်လက်ဟောကြားခဲ့ကြပါသည်။ ဝီလီယမ်ဖားရယ်သည် ထိုကျောင်းသားစုထဲမှ တစ်ဦးဖြစ်သည်။ သူသည် ရောမအသင်းတော်၏ယုံကြည်ချက်များကို အထူးစွဲလမ်းသည့် ဘာသာတရားဝါသနာပါသောမိဘများမှ ဆင်းသက်လာရာ ထိုအသင်းတော်ကို ဆန့်ကျင်ရဲသူအားလုံးအား အပြတ်ချေမှုန်းပစ်ရန် စိတ်အားကြီးသူတစ်ဦးဖြစ်သည်။ "ရဟန်းမင်းကို ဆန့်ကျင်ပြောတာကြားရင် ဒေါသဖြစ်နေတဲ့ဝံပုလွေလိုဘဲ ကျွန်တော်အံသွားကြိတ်ခဲခဲ့တယ်"ဟု နောက်ပိုင်းတွင် သူပြောခဲ့သည်။ သို့ရာတွင် သန့်ရှင်းသူများထံတွင် ဆုတောင်းခြင်း၊ ယဇ်ပလ္လင်များ၌ဝတ်ပြု ကိုးကွယ်ခြင်း၊ သချိုင်းဂူများတွင် လက်ဆောင်များဆက်ကာ ဆုတောင်းခြင်းများပြုသော်လည်း သူ့စိတ်ငြိမ်သက်ခြင်းမရရှိခဲ့ချေ။ ထိုကျင့်ဆောင်မှုများကြောင့် အပြစ်အတွက် ပြစ်ဒဏ်စီရင်ခြင်းဆိုင်ရာခံစားချက်သည် လျော့နည်းပပျောက်. . . . . . . . . . . . . . . . . . . .

မသွားဘဲ ဖိစီးဆဲဖိစီးလျက်ရှိနေပါသည်။ ထိုစဉ်တွင် "ကယ်တင်ခြင်းသည် ကျေးဇူးတော်ကြောင့်သာဖြစ်သည်။ ခရစ်တော်၏ကပ်တိုင်တစ်ခုတည်းကသာ ကောင်းကင်တံခါးကိုဖွင့်နိုင်သည်။ ငရဲတံခါးကိုလည်းပိတ်နိုင်သည်"ဆိုသည့် လက်ဖီးဘား၏တရားဟောချက်များကိုသူနာကြားခဲ့ရသည်။

ဖားရယ်သည် ပေါလုကဲ့သို့ပြောင်းလဲသွားကာ ရိုးရာဓလေ့၏အနှောင်အဖွဲ့ကိုကျော်ခိုင်းလိုက်ပြီး ဘုရား၏သားများနှင့် စပ်ဆိုင်သောလွတ်လပ်ခြင်းအခွင့်ဘက်သို့ ဦးလှည့်ခဲ့ပါသည်။ "လုယက်ကိုက်ဖြတ်လိုတဲ့ ဝံပုလွေတစ်ကောင်ရဲ့ရက်စက်တဲ့နှလုံးသားနေရာမှာ နူးညံ့၍အန္တရာယ်မပြုသောသိုးသငယ်၏စိတ်နှလုံးဖြင့် အစားထိုးကာ မိမိအသက်တာကို ရဟန်းမင်းထံမှ ပြန်လည်ရယူပြီး ခရစ်တော်ထံသို့ပေးအပ်ခဲ့တယ်"ဟု သူပြောခဲ့ပါသည်။

လက်ဖီးဘားက ကျောင်းသားများကို အလင်းပေးနေစဉ်မှာ ဖားရယ်က လူထုအတွင်း၌ သမ္မာတရားကိုကြွေးကြော်ရန် ထွက်ခွါခဲ့သည်။ အသင်းတော်မှတာဝန်ရှိသူတစ်ဦးနှင့် မီအော့ဇ်ဂိုဏ်းအုပ်တို့သည် မကြာမီမှာပင် သူတို့နှင့်ပူးပေါင်းခဲ့ကြသည်။ အခြားကျောင်းဆရာများသည်လည်း ဧဝံဂေလိတရားဟောခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်လာကြရာ လယ်သမားအိမ်ထောင်စုမှအစ ဘုရင့်နန်းတော်အဆုံး ယုံကြည်သက်ဝင်သူများကို စုစည်းနိုင်ခဲ့ကြပါသည်။ ပထမမြောက်ဖရန်စစ်၏ညီမသည် ပြုပြင်ပြောင်းလဲရေးယုံကြည်ချက်များကိုလက်ခံခဲ့သည်။

သို့နှင့် ပြင်သစ်တစ်ပြည်လုံး ဧဝံဂေလိတရားတော်ကို လက်ခံလာမည့်အချိန်ကို လက်ဖီးဘားတို့အဖွဲ့က မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်စားခဲ့ကြပါသည်။

## ပြင်သစ်ခမ္မသစ်ကျမ်း

သို့ရာတွင် သူတို့၏မျှော်လင့်ချက်ပျက်ပြားစေဖို့ အကြောင်းများကလည်းဖန်လာခဲ့ပါသည်။ ဖမ်းဆီးစစ်ဆေးခြင်းများ၊ စုံစမ်းနှောင့်ယှက်ခြင်းများသည် ၎င်းတို့အား စောင့်နေပေပြီ။ ရင်ဆိုင်ရမည့်အခက်အခဲများကိုကျော်လွှားနိုင်ဖို့ ခွန်အားများရယူနိုင်ရန်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့်လုပ်ဆောင်နိုင်ရန် အခက်အခဲမဲ့ကာလကလေးကိုတော့ သူတို့ရရှိခဲ့ကြပါသေးသည်။ ဝစ်တင်းဘတ်ပုံနှိပ်တိုက်မှ လူးသာဘာသာပြန်သည့် ဂျာမန်သမ္မာကျမ်းစာကို ထုတ်လုပ်သည့်တစ်ချိန်တည်းမှာပင် လက်ဖီးဘားသည် ခမ္မသစ်ကျမ်းကို ပြင်သစ်ဘာသာဖြင့် ပြန်ဆိုရေးသားကာ မဲအောက်ဇ်မြို့တွင် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

မကြာမီမှာပင် မဲအောက်ဇ်မြို့သားများသည် ကျမ်းစာကိုလက်ဝယ်ပိုင်ဆိုင်နိုင်လာခဲ့ကြပါသည်။ လယ်ကွင်းထဲမှလယ်သမားများနှင့် အလုပ်ရုံများမှအလုပ်သမားများသည် မိမိတို့၏တစ်နေ့တာမောပန်းမှုများကို သမ္မာကျမ်းစာမှ အဖိုးတန်အမှန်တရားများအကြောင်း ပြောဆိုခြင်းဖြင့် အပန်းဖြေခဲ့ကြပါသည်။ စာမတတ်သော အလုပ်ကြမ်းသမား၊ အောက်တန်းစားအလုပ်သမားများဖြစ်လင့်ကစား သမ္မာကျမ်းစာကို လက်ဝယ်ပိုင်ဆိုင်ထားမှုကြောင့် ကျေးဇူးတော်အားဖြင့် ပြုပြင်ပြောင်းလဲမှုခံကြရသည်ကိုတွေ့ရပါသည်။

မဲအောက်ဇ်တွင် ထွန်းညှိလိုက်သောအလင်းတန်းသည် ဝေးလံသောဒေသများသို့တိုင် လင်းလက်သွားခဲ့ပါသည်။ ပြောင်းလဲလာသူဦးရေသည် နေ့စဉ်တိုးတက်နေပါသည်။ ဧကရာဇ်မင်း၏မစမှုကြောင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

အခိုက်အတန့်အားဖြင့် ထိုအသင်းတော်မှတာဝန်ရှိသူအဆင့်ဆင့်သည် ငြိမ်နေကြသေးသော်လည်း အဆုံးတွင် ၎င်းတို့စိတ်ဆိုးလာကာ ကပ်တိုင်များကိုပြင်ဆင်လာကြရာ ယုံကြည်သူအများ မီးပုံအလယ်တွင် သမ္မာတရားအတွက် သက်သေခံသေပွဲဝင်ခဲ့ကြရပါသည်။

ရဲတိုက်ကြီးများနှင့် ဘုရင့်နန်းတော်ရှိချမ်းသာကြွယ်ဝပြီး ဂုဏ်သရေရှိပုဂ္ဂိုလ်ပုဂ္ဂိုလ်တစ်ချို့သည်လည်း သမ္မာတရားကို အသက်အိုးအိမ်စည်းစိမ်ထက်ပို၍တန်ဖိုးထားကြပါသည်။ လူးဝစ်ဒီဘာကင်းသည် အသရေရှိမိသားစုမှဆင်းသက်လာသူဖြစ်ပြီး ပညာတတ်၊ လူယဉ်ကျေးလူကောင်းတစ်ဦးဖြစ်သည်။ “သူသည် လူးသာဝါဒကို အထူးရွံမုန်းသောစိတ်ဖြင့် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဒုက္ခပေးခဲ့သည်”။ သို့သော် ဘုရားသခင်၏လမ်းပြပို့ဆောင်မှုအောက်တွင် သမ္မာကျမ်းစာကိုလေ့လာခဲ့ရာ “ရောမကသွန်သင်သော ယုံကြည်ချက်များကို သမ္မာကျမ်းစာတွင်မတွေ့ဘဲ လူးသာ၏ယုံကြည်ချက်များကိုသာ” တွေ့ခဲ့ရာ ဧဝံဂေလိအမှုတော်အတွက် မိမိကိုယ်ကို သူဆက်ကပ်ခဲ့ပါသည်။

ထိုကြောင့် ပြင်သစ်ရှိရောမအသင်းတော်ဘက်တော်သားများက သူ့အား ဖောက်ပြန်ရေးသမားတစ်ဦးဟုစွပ်စွဲကာ ထောင်ချခဲ့သော်လည်း ရှင်ဘုရင်က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သဖြင့် ထောင်မှလွတ်လာခဲ့ပါသည်။ ဖရန်စစ်သည် ရောမနှင့်ပြုပြင်ပြောင်းလဲရေးအကြား ချီတုံချတုံဖြစ်နေပါသည်။

ဘာကင်းမှာမူရောမအသင်းတော်ကြောင့် သုံးကြိမ်တိုင်တိုင် ထောင်အချခံခဲ့ရသော်လည်း သူ့ကိုမသတ်စေလိုသည့် ဧကရာဇ်မင်းကြောင့် သုံးကြိမ်စလုံးထောင်မှ လွတ်လာခဲ့ပါသည်။ ပြင်သစ်တွင် ဆက်နေလျှင် အသက်........................

အန္တရာယ်စိုးရိမ်ရကြောင်း သူ့အားသတိပေးကာ အခြားသူများနည်းတူ အသက်အန္တရာယ်ကင်းစေဖို့ ပြင်သစ်မှထွက်သွားရန် သူ့အား တိုက်တွန်းခဲ့ကြပါသည်။

## သတ္တိပြောင်သောဘာကင်း

ဘာကင်းသည် ယခင်ကထက်ပို၍ စိတ်အားထက်သန်လာခဲ့ပါသည်။ ထိုကြောင့် အမှန်တရားကိုကာကွယ်ရှုသာမက အမှားများကိုပါထောက်ပြကာ ပို၍ရဲတင်းစွာလှုပ်ရှားလုပ်ဆောင်လာခဲ့ပါသည်။ သူနှင့်အတိုက်အခံအပြုဆုံးပုဂ္ဂိုလ်များမှာ ပဲရစ်တက္ကသိုလ် ဘာသာရေးဌာနမှ ပညာတတ်ရဟန်းပို့များဖြစ်ကြပါသည်။

ထိုတက္က သိုလ်သည် ထိုခေတ်ထိုအခါက ပြင်သစ်ရှိအသင်းတော် ဆိုင်ရာအဆင့်အမြင့်ဆုံးတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ သို့စေကာမူ ဘာကင်းသည် ထိုပါရဂူများရေးသားထုတ်ဝေသည့်စာအုပ်များမှ "သမ္မာကျမ်းစာနှင့် ဆန့်ကျင်ဘက်"ဟု လူသိရှင်ကြားသူကွေးကြော်သည့်အချက် (၁၂) ချက်ကိုဆွဲထုတ်ကာ ဧကရာဇ်မင်းကိုယ်တိုင် တရားသူကြီးအနေဖြင့် မိမိတို့၏တိုက်လှန်ပွဲတွင်အဆုံးအဖြတ်ပေးပါရန် သူအသနားခံခဲ့သည်။

ရိုင်းစိုင်းသောထိုရဟန်းပို့များ၏မာနကိုချိုးပစ်ရန် အခွင့် အရေးပေါ်လာသဖြင့် ဝမ်းမြောက်နေသောဧကရာဇ်မင်းသည် မိမိတို့၏ လုပ်ဆောင်မှုကို သမ္မာကျမ်းစာအားဖြင့် ကာကွယ်ပြောဆိုရန် ရောမဘက်တော်သားများကိုဆင့်ခေါ်ခဲ့သည်။ ထိုသူတို့သည် သမ္မာကျမ်းစာ တည်းဟူသော လက်နက်ကို ထိရောက်စွာအသုံးမပြုနိုင်ကြချေ။

နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ကပ်တိုင်များသည်သာ ၄င်းတို့ကောင်းမွန်စွာ အသုံးပြုတတ်သည့်လက်နက်များဖြစ်လေရာ ယခုတွင် ဘာကင်းအ တွက်ထောင်ထားသောတွင်းထဲသို့ မိမိတို့ကိုယ်တိုင်ကျတော့မလိုဖြစ် နေသည်ကို သူတို့တွေ့မြင်ကြရပါသည်။ သို့နှင့် လွတ်လမ်းကိုတွေ့လို တွေ့ငြားသူတို့ရှာခဲ့ကြပါသည်။

ထိုအချိန်လောက်တွင် လမ်းဆုံးတစ်ခု၌တည်ဆောက်ထား သည့်မယ်တော်မာရီ၏ရုပ်တုကြီးသည် ချိုးဖျက်ခြင်းခံလိုက်ရသည်။ လူအုပ်ကြီးသည် ဝမ်းနည်းသောစိတ်၊ ဒေါသထွက်သောစိတ်နှင့် ထိုနေ ရာသို့စုရုံးလာကြပါသည်။ ဇကရာဇ်မင်းလည်း အတော်တုန်လှုပ်သွား ပါသည်။ "ဒါတွေဟာ ဘာကင်းသွန်သင်တဲ့ယုံကြည်ချက်တွေရဲ့ အသီးအပွင့်တွေပေါ့။ ဘာသာရေးမှာကော၊ တိုင်းပြည်ဥပဒေမှာကော၊ ဇကရာဇ်ကိုယ်တိုင်ကောလူးသာနောက်လိုက်တွေရဲ့ ပူးပေါင်းကြံစည် တာကိုခံကြရတော့မယ်"ဟု ရဟန်းပျိုများက ငိုကြွေးဟစ်အော်ကြ ပါသည်။

ဇကရာဇ်မင်းသည် ပဲရစ်မှထွက်ခွါပျောက်ကွယ်သွားရာ ထိုရ ဟန်းပျိုများသည် မိမိတို့သဘောအတိုင်း ကြိုက်သလိုလုပ်နိုင်ကြချေပြီ။ ဘာကင်းအားဖမ်းဆီးကာ သေဒဏ်ပေးလိုက်ကြသည်။ ဖရစ်စစ်က ဝင်ရောက်ကယ်ဆယ်နေမည်စိုးသဖြင့် သေဒဏ်စီရင်ချက်ချသည့် နေ့မှာပင် ကွပ်မျက်ဖို့လုပ်ဆောင်ကြပါသည်။

များပြားလှသောလူ ထုကြီးသည် ကွပ်မျက်သည်ကိုကြည့်ရန် မွန်းတည့်အချိန်တွင် စုရုံးလာကြပါသည်။ အကွပ်မျက်ခံရမည့်သူမှာ ဖြစ်သစ်ပြည်ရှိမြင့်မြတ်သောမိသားစုများမှ အတော်ဆုံးနှင့် သတ္တိ အပြောင်ဆုံးတစ်ဦးဖြစ်နေသည်ကို အံ့အားသင့်စရာ သူတို့မြင်တွေ့ခဲ့ ရသည်။

ပွက်လောရိုက်နေသောလူအုပ်ထဲမှ မျက်နှာများတွင် အံ့ဩမှုများ၊ ဒေါသများ၊ မထီလေးစားသည့်သဘောများ၊ ခါးသီးသောအမုန်းများနှင့် မှောင်မည်းနေသော်လည်း တစ်ယောက်သောသူ၏မျက်နှာမှာမူ ကြည်လင်တောက်ပနေပါသည်။ ထိုအာဇာနည်ကြီး သိမြင်ခံစားနေရသည်မှာ ခရစ်တော်၏ရှေ့တော်မှောက်တွင် မိမိရောက်နေပြီဟူသော အချက်ဖြစ်သည်။

ဘာကင်း၏မျက်နှာသည် ဘုရားသခင်ထံမှ ကျရောက်နေသောအလင်းကြောင့် ထွန်းတောက်နေသည်။ သူသည် ကတ္တီပါဝတ်ရုံ၊ ဖဲပွင့်ထိုးထားသည့်ကိုယ်ကျပ်အင်္ကျီ၊ ရွှေရောင်ကိုယ်ကျပ်ဘောင်းဘီကိုဝတ်ဆင်ထားသည်။ ဘုရင်တကာတို့၏ဘုရင်ရှေ့တွင် မိမိ၏ယုံကြည်ခြင်းအကြောင်း သက်သေခံရတော့မည်ဖြစ်ရာ မည်သည့်ဝမ်းနည်းသည့် အရိပ်အယောင်ကမှ သူ၏ဝမ်းမြောက်ခြင်းကို ထင်ယောင်ထင်မှားမဖြစ်စေခဲ့ပါ။

ထိုလူတန်းကြီးသည် လူစည်းကားရာလမ်းတစ်လျှောက်ဖြည်းညင်းစွာရွေးလျားလာကြရာ သူ၏အောင်ပွဲဆင်သည့် ဟန်အမူအရာများကိုကြည့်ကာ "ဒီလူဟာ ဗိမာန်တော်ထဲမှာထိုင်ပြီး သန့်ရှင်းသောအရာများကို အာရုံပြုနေတဲ့လူနဲ့တူနေပါကလား"ဟု လူအုပ်ကြီးက မှတ်ချက်ချခဲ့ပါသည်။

## ကပ်တိုင်ပေါ်ကဘာကင်း

ဘာကင်းသည် ကပ်တိုင်ပေါ်သို့ရောက်နေစဉ်မှာပင် လူထုကြီးအား စကားအနည်းငယ်ပြောရန် ကြိုးစားခဲ့သေးသော်လည်း. . .

ရဟန်းပျိုများ၏အော်ဟစ်သံနှင့် စစ်သားများ၏သေနတ်မောင်းတင်သံများကြောင့် သူ့အသံကို မည်သူမှမကြားရချေ။ ဤနည်းအားဖြင့် ယဉ်ကျေးမှုရှိသော ပဲရစ်၏အမြင့်ဆုံးသော ဘာသာရေးအာဏာပိုင်များက သေခါနီးဆဲဆဲပုဂ္ဂိုလ်တစ်ဦးဖွင့်ဟသော နှုတ်ကပါတ်တော်များကို ကပ်တိုင်ပေါ်တွင် ကွယ်ပျောက်စေသောနှိမ့်ကျသည့်နည်းစနစ်တစ်ခုကို ၁၅၂၉ခုနှစ်တွင် အများပြည်သူ ၁၇၉၃ဦးအား အစပျိုးကျင့်သုံးခဲ့ပါသည်။ ဤနည်းဖြင့် အသတ်ခံခဲ့ရသောဘာကင်း၏ကျန်ကြွင်းသောရုပ်ကလပ်ကိုမူ မီးရှို့ပစ်ခဲ့ကြပါသည်။

ပြုပြင်ပြောင်းလဲရေးယုံကြည်ချက်များကို သွန်သင်သောဆရာများသည် အခြားနေရာအသီးသီးသို့ ထွက်ခွါသွားခဲ့ကြပါသည်။ လက်ဖီးဘားက ဂျာမနီသို့ထွက်ခွါသွားပြီး ဖားရယ်က ပြင်သစ်ပြည်အရှေ့ဘက်ခြမ်းရှိဇာတိမြေသို့ပြန်သွားခဲ့ပါသည်။

ငယ်စဉ်တောင်ကျေးကတည်းက နေထိုင်ခဲ့သောအိမ်ကလေးတွင် အမှန်တရားကိုဟောခဲ့ရာ တရားနာသူများရှိခဲ့သော်လည်း မကြာမီမှာပင် ထိုမြို့မှ၎င်းအား နှင်ထုတ်လိုက်ကြပါသည်။

သူသည် ပုဂ္ဂလိကနေအိမ်များတွင် တရားတော်ကိုသွန်သင်လျက် ရွာစဉ်လျှောက်ခဲ့ပါသည်။ ကလေးဘဝတုန်းက ကစားခဲ့သောကျောက် တောင်များ၊ သစ်တောအုပ်များတွင်နားနေလျက် မြက်ခင်းပြင်ကြီးများ ၌တစ်ဦးတည်းအချိန်ဖြုန်းခဲ့ရသည်။

တမန်တော်များခေတ်အချိန်ကကဲ့သို့ပင် နှိပ်စက်ညှဉ်းပန်းခြင်းများသည် "ဧဝံဂေလိတရားကို မဖြစ်တားသည်သာမက ပြုစုရာဖြစ်ခဲ့သည်"။ ဖိ၊ ၁း၁၂။ ပဲရစ်နှင့် မဲအောက်ဇ်မှ နှင်ထုတ်လိုက်သောအခါ...............................

အရပ်ရပ်သို့ကွဲပြားသွားသောထိုသူတို့သည် လှည့်လည်၍ နှုတ်ကပါတ်တော်တည်းဟူသော ဧဝံဂေလိတရားကိုဟောကြ၏။ (တမန်တော်၊ ၈း၄)။ ဤနည်းအားဖြင့် ပြင်သစ်ပြည်ရှိ ဝေးလံသောနေရာဒေသများသို့ အလင်းတော်ရောက်ရှိသွားခဲ့ပါသည်။

## ကဲလ်ဗင်းအား ဘုရားသခင်ရွေးချယ်တော်မူခြင်း

ပဲရစ်မြို့ရှိကျောင်းတစ်ကျောင်းတွင် စာရိတ္တကောင်းခြင်း၊ စာတော်ခြင်းနှင့် ဘုရားတရားရှိခြင်းတို့ကြောင့် ထင်ပေါ်သည့် အေးအေးဆေး ဆေးတည်တည်ငြိမ်ငြိမ်ရှိသောလူငယ်တစ်ယောက်ရှိသည်။ သူ၏ထူးကဲသောပါရမီနှင့်လုပ်ဆောင်မှုများသည် ထိုကောလိပ်အတွက် ဂုဏ်ယူစရာဖြစ်ခဲ့ပြီး တစ်နေ့နေ့တွင် ဂျွန်ကဲလ်ဗင်းသည် ထိုအသင်းတော်ကို အကာအကွယ်နိုင်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်လာလိမ့်မည်ဟု စိတ်ချလက်ချမျှော်လင့်ခဲ့ကြပါသည်။

သို့ရာတွင် ဘုရားသခင်ထံမှ အလင်းတော်သည် ကဲလ်ဗင်းအားလွှမ်းခြုံထားသည့် စာပေသင်ကြားမှုဆိုင်ရာတံတိုင်းနှင့် အယူသီးမှုတံတိုင်းများကို ထွင်းဖောက်လာခဲ့ပါသည်။ သူ၏ဝမ်းကွဲညီအစ်ကို အော်လီဗီတန်သည် ပြုပြင်ပြောင်းလဲရေးသမားများနှင့် အဆက်အသွယ်ရထားပြီးဖြစ်ရာ ထိုညီအစ်ကိုနှစ်ယောက်တို့သည် ခရစ်ယာန်လောကကြီးကို အနှောက်အယှက်ပေးနေသည့်အရာများ အကြောင်းကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ "ကမ္ဘာပေါ်မှာ ဘာသာကြီး (၂)ခုဘဲရှိတယ်။ တစ်ခုက လူကတီထွင်ထားတဲ့ ဘာသာအယူဝါဒဖြစ်တယ်။ ကောင်းတဲ့အကျင့်သီလတွေကျင့်ပြီး ကိုယ့်ကိုကိုယ်. . . . . .

ကယ်တင်တဲ့ဘာသာအယူဝါဒပေါ့။ ကျန်တစ်ခုကတော့ သမ္မာကျမ်းစာမှာဖော်ပြထားတဲ့ဘာသာအယူဝါဒဖြစ်တယ်။ ဒီမှာတော့ ဘုရားသခင်ရဲ့ကျေးဇူးတော်အားဖြင့် အခမဲ့ပေးတော်မူမည့် ကယ်တင်ခြင်းကို လူသားများမျှော်ကြည့်ရန် သွန်သင်ထားတယ်"ဟု ပရိုတက်စတင့်အော်လီဗီတန်ကဆိုသည်။

"ငါကတော့ ယုံကြည်ချက်အသစ်တွေကို လက်မခံပါဘူး။ ငါ့အသက်တာမှာလုပ်ဆောင်ခဲ့တာတွေဟာ မှားတယ်လို့မင်းထင်လို့လား"ဟု ကဲလ်ဗင်းကမေးခဲ့သော်လည်း အခန်းထဲသို့ရောက်သောအခါ ဝမ်းကွဲညီအစ်ကိုပြောသည့်စကားများကို လေးလေးနက်နက်စဉ်းစားခဲ့ပါသည်။ သန့်ရှင်း၍ ဖြောင့်မတ်သောဘုရားသခင်ရှေ့တော်မှာ ကြားဖျန်ဖြေသူမရှိသည့်မိမိအဖြစ်ကို သူမြင်တွေ့လာသည်။ ကောင်းသောအကျင့်နှင့် ဘုရားကျောင်းမှာကျင်းပပြုလုပ်သည့်အခမ်းအနားများသည် အပြစ်ဖြေလွှတ်ခွင့်ရရန် အာနိသင်မရှိပါချေ။ ရဟန်းမင်းရှေ့တွင် အပြစ်ဝန်ချခြင်းနှင့် အနာခံကျင့်ကြံမှုများသည်လည်း လူသားများအား ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်အောင် မစွမ်းဆောင်နိုင်ပါချေ။

## မီးရှို့သတ်ခြင်းကိုမြင်တွေ့ရခြင်း

ကဲလ်ဗင်းသည် တစ်နေ့တွင် ပြည်သူ့ပန်းခြံတစ်ခု၌ ဘာသာရေးဖောက်ပြန်ရေးသမားတစ်ဦးကို မီးရှို့သတ်သည့်မြင်ကွင်းကို ကြည့်ခွင့်ရခဲ့သည့် ကြောက်စရာကောင်းသောနှိပ်စက်ညှင်းပန်းခြင်းများနှင့် သေဒဏ်ချမှတ်ခြင်းခံနေရစဉ်မှာပင် ထိုအာဇာနည်သည်. . .

မိမိ၏ယုံကြည်ခြင်းနှင့် ရဲစွမ်းသတ္တိကိုဖော်ပြသွားသည်ကိုမြင်တွေ့ရာ ကဲလ်ဗင်းသည် မိမိခံစားခဲ့ရသောဆင်းရဲခြင်းများနှင့်စိတ်ထိခိုက်စွာ နှိုင်းယှဉ်ကြည့်မိပါသည်။

"ထိုဖောက်ပြန်ရေးသမားများသည် သမ္မာကျမ်းစာအပေါ်တွင် မိမိတို့၏ယုံကြည်ခြင်းကိုမှီခိုကြသည်ဟု သူသိထားသဖြင့် ထိုသူများခံစားရသည့် ဝမ်းမြောက်မှု၏လျှို့ဝှက်ချက်ကိုရှာဖို့ သမ္မာကျမ်းစာကိုလေ့လာရန် သူဆုံးဖြတ်ခဲ့သည်။

သမ္မာကျမ်းစာတွင် ခရစ်တော်ကိုသူတွေ့ခဲ့ပါသည်။ ထို့ကြောင့် "အိုအဖဘုရား၊ ခရစ်တော်၏အသေခံခြင်းသည် ကိုယ်တော်ရှင်၏အမျက်တော်ကိုပြေစေပါသည်။ အသွေးတော်သည် ကျွန်ုပ်၏မစင်ကြယ်မှုများကိုဆေးကြောခဲ့ပါပြီ။ ကပ်တိုင်တော်ဟာ ကျွန်ုပ်ခံရမည့်ကျိန်ခြင်းကိုခံခဲ့ပြီး အသေခံတော်မူခြင်းသည် ကျွန်ုပ်၏အပြစ်ကို ဖြေခဲ့ပါပြီ။ ခရစ်တော်ပြုခဲ့သောကောင်းမှုကုသိုလ်များမှလွဲပြီး အခြားကောင်းမှုကုသိုလ်များကို ရွံရှာမုန်းတီးလာရန် ကျွန်ုပ်၏နှလုံးကို တို့ထိတော်မူပါဘုရား"ဟု သူငိုကြွေးအသနားခံခဲ့ပါသည်။

ယခုတွင် သူသည် ဧဝံဂေလိတရားတော်၌ အသက်တာကိုမြှုပ်နှံရန် ဆုံးဖြတ်လိုက်ပါသည်။ သဘာဝအားဖြင့် ကြောက်တတ်ပြီး စာပေလေ့လာခြင်း၌သာ ဝါသနာပါသူတစ်ဦးဖြစ်သော်လည်း မိတ်ဆွေများ၏တိုက်တွန်းမှုအရ လူထုတရားဟောဆရာတစ်ဦးဖြစ်လာရန် သဘောတူခဲ့ပါသည်။ သူ၏သွန်သင်ချက်များသည် ကမ္ဘာမြေကြီးကို လန်းဆန်းသွားစေသည့် နှင်းမှုန်ကလေးများနှယ်ဖြစ်ပါသည်။ သူသည် ယခုအချိန်တွင် ဧဝံဂေလိတရားတော်ကိုချစ်၍ တပည့်တော်များကို အကာအကွယ်ပေးသည့် မင်းသမီးမာဂရက်၏အုပ်ချုပ်မှုအောက်တွင် ရှိသော ပြည်နယ်မြို့တစ်မြို့တွင်ရှိနေပါသည်။ ကဲလ်ဗင်းသည် နေအိမ်

များတွင် ရှိနေကြသူများထံသို့သွားကာ တရားဟောခြင်းဖြင့် အမှုတော်ကိုအစပျိုးခဲ့ပါသည်။ သတင်းစကားကိုကြားနာရသော သူများသည် အခြားသူများခံသို့ လက်ဆင့်ကမ်းကြပါသည်။ အမှန်တရားကိုမကြောက်ရွံ့တမ်းသက်သေခံမည့် အသင်းတော်များအတွက် အခြေချရင်း သူဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

ပဲရစ်မြို့သည် ဧဝံဂေလိဝမ်းမြောက်ဖွယ်ရာသတင်းစကားကိုလက်ခံရန် ဖိတ်ခေါ်မှုတစ်ခုကို ရရှိပြန်သည်။ လက်ဖီးဘားနှင့် ဖားရယ်တို့၏ဖိတ်ခေါ်မှုကို သူတို့ငြင်းပယ်ခဲ့ပြီးဖြစ်သော်လည်း ယခုတစ်ဖန်ထိုသတင်းစကားကို မြို့ထဲရှိလူတန်းစာအသီးသီးက နာကြားနိုင်ရန်အခြေအနေဖြစ်ပေါ်လာခဲ့ပါသည်။

ဧကရာဇ်မင်းအနေဖြင့် ဘာသာရေးပြုပြင်ပြောင်းလဲရေးကိုဆန့်ကျင်ကာ ရောမဘက်သို့လုံးလုံးကြီး ရပ်တည်သွားသည်တော့မဟုတ်သေးပါ။ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ယုံကြည်ချက်များကိုပဲရစ်တွင်ဟောကြားသင့်သည်ဟုယူဆကာ ပရိုတက်စတင့်တရားဟောဆရာများအား ဘုရားကျောင်းများ၌ ထိုယုံကြည်ချက်များကိုဟောကြားဖို့ မင်းသမီးမာဂရက်ကအမိန့်ပေးခဲ့ပါသည်။ ရဟန်းမင်း၏အာဏာပိုင်များက တားမြစ်ထားသည့်ကြားမှ ဧဝံဂေလိတရားတော်အတွက် နန်းတော်တံခါးကို သူမဖွင့်ပေးခဲ့ပါသည်။ တစ်နေ့လျှင်တရားဟော ချက်တစ်ခုနှုန်းဟောကြားမည်ဖြစ်သဖြင့် လာရောက်တရားနာကြရန် လူထုအား သူမဖိတ်ခေါ်ခဲ့ရာ ထောင်နှင့်ချီသော ပရိသတ်သည် နေ့စဉ် လာရောက်တရားနာကြပါသည်။

ဧကရာဇ်မင်းက ပဲရစ်တွင်ရှိ ဘုရားရှိခိုးကျောင်းများမှာ ဘုရားကျောင်း (၂) ကျောင်းကိုဖွင့်လှစ်စေခဲ့ရာ နှုတ်ကပါတ်တော်ကြောင့်

မကြုံဖူးသောပြောင်းလဲမှုများကို တစ်မြို့လုံးတွင်တွေ့ရပါသည်။ အသောက်အစား၊ အပျော်အပါး၊ အတိုက်အခိုက်နှင့် အပျင်းအရိအမူအကျင့်များအစား ချုပ်တည်းခြင်း၊ စင်ကြယ်ခြင်း၊ ငြိမ်သက်သာယာခြင်းနှင့် အလုပ်ကြိုးစားလုပ်ဆောင်ခြင်းများနေရာယူလာကြပါသည်။ လူအတော်များများက ဧဝံဂေလိတရားတော်ကို လက်ခံခဲ့ကြသော်လည်း လူအများစုမှာ ငြင်းပယ်ဆဲဖြစ်ပါသည်။ ထို့ကြောင့် ရဟန်းမင်းတို့ပြန်လည်နေရာယူလာနိုင်ပြီး ဘုရားကျောင်းများပိတ်ကာ ကပ်တိုင်များကိုထောင်ခဲ့ပြန်ပါသည်။

ကဲလ်ဗင်းသည် ပဲရစ်တွင်ပင်ရှိနေဆဲဖြစ်ရာ အဆုံးတွင် သူ့အား မီးရှို့သတ်ရန်အာဏာပိုင်တို့က ဆုံးဖြတ်ခဲ့ကြပါသည်။ သူ့အား ဖမ်းဆီးရန် အရာရှိများလာနေကြောင်း သူ့သူငယ်ချင်းများက သူ့အခန်းသို့ အဆောတလျင်လာရောက်သတင်းပေးသည့်အချိန်အထိပင် မိမိ၌အန္တရာယ်ရှိသည်ဟု သူမထင်မိခဲ့ချေ။ ထိုအခိုက်မှာပင် အပြင်တံခါးမကြီးကို ခေါက်နေသံထွက်ပေါ်လာပါသည်။ မိတ်ဆွေတစ်ချို့က သူ့အား ပြင်တင်းပေါက်မှလျှောဆင်းနိုင်ရန် ကူညီနေစဉ်မှာပင် မိတ်ဆွေတစ်ချို့က ထိုအရာရှိများအား တံခါးမကြီးတွင် ကြန့်ကြာစေခဲ့ကြသည်။ ထို့နောက် ကဲလ်ဗင်းသည် မိတ်ဆွေအလုပ်သမားတစ်ဦး၏တဲသို့ အမြန်သွားရောက်ခဲ့သည်။ မိမိကိုယ်ကို အလုပ်သမားတစ်ဦးကဲ့သို့ဝတ်ဆင်ကာ ပေါက်ပြားကိုထမ်းလျက် တောင်ယွန်းယွန်းသို့ ခရီးနှင်ခဲ့ရာ မာဂရက်၏နယ်ထဲသို့ လုံခြုံစွာရောက်ရှိနေထိုင်နိုင်ခဲ့ပါသည်။

ကဲလ်ဗင်းသည် အလုပ်မလုပ်ဘဲ အကြာကြီးနေတတ်သူတစ်ဦးမဟုတ်ချေ။ ထိုမုန်တိုင်းကြီးစဲသွားလျှင် စဲသွားချင်း ၄င်းတို့၏ ထင်မြင်ယူဆချက်အသစ်များကို နှစ်သက်လက်ခံပြီးဖြစ်သော. . . . .

ပို့ကုက်တီးယားနယ်သို့ဦးလှည့်ခဲ့ပါသည်။ လူတန်းစားအလွှာအသီးသီးမှ လူထုကြီးသည် ဧဝံဂေလိသတင်းစကားကို ဝမ်းပန်းတသာနာ ကြားခဲ့ကြပါသည်။ တရားနာပရိသတ်ဦးရေများပြားလာသည်နှင့်အမျှ ပိုမို၍ လုံခြုံမှုရရှိစေရန် မြို့ပြင်ရှိသစ်ပင်များ၊ ကျောက်ဆောင်များဖြင့် ဖုံးအုပ်နေသည့်ဂူတစ်ခုကို ဝတ်ပြုကိုးကွယ်ရာနေရာအဖြစ် ရွေးချယ်ခဲ့ကြပါသည်။ ထိုနေရာတွင် သမ္မာကျမ်းစာကိုဖတ်ကြားခဲ့ကြသည်။ ရှင်းလင်းတင်ပြခဲ့ကြသည်။ ထိုနေရာတွင်ပင် ပထမဦးဆုံးပွဲတော်မင်္ဂလာကို ပြင်သစ်ပရိုတက်စတင့်များစားခဲ့ကြပါသည်။ ထိုအသင်းတော်ကလေးမှ များစွာသောသစ္စာရှိတရားဟောဆရာများကို မွေးထုတ်ပေးခဲ့ပါသည်။

ကဲလ်ဗင်းသည် တစ်ကြိမ်ထပ်မံ၍ ပဲရစ်သို့ပြန်လာခဲ့ရာ အမှုတော်လုပ်ဆောင်နိုင်မည့်လမ်းစအားလုံးနီးပါးအား ပိတ်ထားသည်ကို တွေ့ရှိရာ ဂျာမနီပြည်သို့ထွက်ခွါသွားရန် ဆုံးဖြတ်ခဲ့ပါသည်။ ပြင်သစ်ပြည်က သူထွက်ခွါသွားပြီးရုံကလေးတွင် မုန်တိုင်းတစ်ခုသည် ပရိုတက်စတင့်များအပေါ်သို့ကျရောက်ခဲ့ပြန်သည်။

ယခုတွင် ပြင်သစ်တစ်ပြည်လုံးကို လှုပ်ရှားထကြွစေမည့် ရောမ၏အယူသီးမှုများကို အပြင်းအထန်ပြန်လည်တိုက်လှန်ရန် ပြင်သစ်ပြုပြင်ရေးသမားများက ဆုံးဖြတ်ခဲ့ကြသည်။ ရောမအသင်းတော်မှ ကျင်းပသည့်ပွဲတော်ကို ဆန့်ကျင်တိုက်ခိုက်သောစာတမ်းများကို တစ်ညတည်း နှင့်ပြင်သစ်ပြည်အနှံ့တွင်ကပ်ခဲ့ကြပါသည်။ စိတ်အားထက်သန်မှုရှိသော်လည်း လုပ်ပုံလုပ်နည်းမမှန်ကန်မှုကြောင့် ပြင်သစ်ပြည်၏ငြိမ်းချမ်းရေးနှင့် ဧကရာဇ်၏အာဏာတော်ကို အန္တရာယ်ပြုနိုင်သည့် လှုံ့ဆော်ရေးသမားများအဖြစ် ပြုပြင်ပြောင်းလဲရေးသမားများအား. . . . . . . . . . . . . . . . . . . . . . . . . .

စွပ်စွဲကာ သုတ်သင်ပေးဖို့တောင်းဆိုရန် ရောမအသင်းတော်အတွက် အကွက်တစ်ကွက်ရသွားခဲ့သည်။

စာတမ်းတစ်ခုကို ဇကရာဇ်မင်း၏သီးသန့်အခန်းရှိတံခါးမတွင် ကပ်ခဲ့ကြသည်။ ဘုရင့်နန်းတော်ထဲသို့ဝင်၍ ကြောက်လန့်စရာအော် ဟစ်ဖွင့်ဟသံများ၏ နမူနာမယူသင့်သော သတ္တိပြမှုကြောင့် ဇကရာဇ် မင်းသည် ဒေါသထွက်သွားပါသည်။ သို့နှင့် "လူးသာရဲ့နောက်လိုက်ဖြစ် မဖြစ် ခွဲခြားမနေတော့ဘဲ ဝင်လာသမျှလူအားလုံးကို ဖမ်းလိုက်၊ သူတို့ အားလုံးကို ငါအပြတ်ရှင်းမယ်"ဟု ကြောက်စရာစကားလုံးများ ဖြင့်အမိန့်ပေးကာ ရောမဘက်သို့လိုက်ပါသွားရန် သူလုံးလုံးဆုံးဖြတ် ချက်ချလိုက်ပါသည်။

## ကြောက်လန့်ဖွယ်ကာလ

ယုံကြည်သူများအား သတ်မှတ်ထားသည့်လျှို့ဝှက်နေရာတွင် စုရုံးရန် ဆင့်ခေါ်ခြင်းတာဝန်ကိုထမ်းဆောင်နေကျ ပြုပြင်ပြောင်းလဲရေး သမားတစ်ဦးမှာ အဖမ်းခံခဲ့ရသည်။ မြို့ထဲရှိ ပရိုတက်စတင့်အိမ်များကို တစ်အိမ်ချင်းလိုက်ပြမပေးလျှင် အခုချက်ချင်းမီးရှို့သတ်ပစ်မည်ဟု သူ့အား ခြိမ်းခြောက်သော် မီးရှို့သတ်မှာကြောက်သဖြင့် မိမိညီအစ် ကိုတို့အပေါ် သူသစ္စာဖောက်လိုက်တော့သည်။

မိုရင်းဆိုသူ ဘုရင့်စုံ ထောက်သည် ထိုသစ္စာဖောက်နှင့်အတူ မြို့တော်လမ်းများကို ဖြည်းဖြည်းချင်းငြိမ်သက်စွာ ဖြတ်သွားနေ ပါသည်။ လူးသာ၏ နောက် လိုက်များ၏အိမ်သို့ရောက်လျှင် စကား တစ်လုံးမျှမပြောဘဲ ထိုသစ္စာဖောက်က အချက်ပြလိုက်သည်။ နောက်မှ လိုက်လာသော . . . . . . . . . . . . . . . . . . . . . . . . . .

ကြသော ရောမဘက်တော်သားများက ရပ်တန့်ကာ ထိုအိမ်ထဲသို့ဝင်ပြီး မိသားစုကို ချည်နှောင်ဖမ်းဆီးခေါ်ဆောင်သွားကြပါသည်။ "မိုရင်းဟာ ဒီမြို့တော်ကို တုန်လှုပ်သွားစေခဲ့ပါသည်။ တကယ့်ကြောက်စရာကာလပါဘဲ"။

ဖမ်းဆီးရမိသူများကို ရက်စက်စွာညှဉ်းဆဲပြီးမှ ကွပ်မျက်ကြသည်။ ဝေဒနာကို ကြာရှည်စွာခံစားကြစေရန် မီးအရှိန်ကိုလျှော့၍ မီးလောင်တိုက်သွင်းခဲ့ကြသည်။ သို့ရာတွင် ထိုယုံကြည်သူများသည် သစ္စာထားမှုကိုမဖောက်ဖျက်၊ ငြိမ်သက်မှုကိုမထိခိုက်ဘဲ အောင်နိုင်သူများအနေဖြင့် သေပွဲဝင်ခဲ့ကြပါသည်။ ၎င်းတို့အား နှိပ်စက်ကလူပြုခဲ့သူများပင် မိမိတို့ရှုံးနိမ့်သည်ဟု ခံစားမိခဲ့ကြပါသည်။

"ပဲရစ်မြို့သားများသည် အသစ်သောအယူအဆတစ်ခုမှ မွေးထုတ်လိုက်သူများ၏အခြေအနေကို မြင်တွေ့ခွင့်ရကြချေပြီ။ ထိုအာဇာနည်များကိုမီးရှို့ရန် ပြင်ဆင်ထားသောထင်းပုံနှင့်တူသော တရားပလ္လင်မရှိခဲ့ပါချေ။ ကွပ်မျက်မည့်နေရာသို့သွားနေစဉ် ထိုသူများ၏မျက်နှာပေါ်တွင်ထွန်းတောက်နေသောငြိမ်းအေးသည့် ဝမ်းမြောက်မှုများသည် ဧဝံဂေလိတရားတော်ကိုယ်စား အခုအခံမဲ့ဖွင့်ဟအသနားခံခဲ့ပါသည်။

ပရိုတက်စတင့်များသည် ကာတိုလိတ်များအား အစုလိုက်အပြုံလိုက်သတ်ရန် ကြံစည်မှု၊ အစိုးရအားဖြုတ်ချရန် ကြံစည်မှု၊ ဘုရင်ဧကရာဇ်အားလုပ်ကြံဖို့ ကြံစည်မှုများဖြင့် အစွပ်စွဲခံကြရသည်။

သို့ရာတွင် စွပ်စွဲမှုများအတွက် သက်သေအထောက်အထားတစ်စုံတစ်ခုကိုမျှမပြနိုင်ကြချေ။ အပြစ်မဲ့သောပရိုတက်စတင့်များအပေါ် ပြုကျင့်ခဲ့သောရက်စက်မှုများသည် လက်တုံ့ပြန်မှုကိုရောက်သည့် ..................................

အဆင့်အထိ များပြားလှပါသည်။ နောက်ပိုင်းရာစုနှစ်များတွင် သူတို့နိမိတ်ဖတ်ထားသည့် ကြမ္မာဆိုးများအတိုင်း ဧကရာဇ်ဘုရင်၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူများခံစားခဲ့ကြရပါသည်။ သို့ရာတွင် ထိုကြမ္မာဆိုး၏လက်သည်များမှာ ဘုရားတရားမဲ့သူများနှင့် ရဟန်းမင်းအဖွဲ့ကိုယ်တိုင်ဖြစ်နေပါသည်။ ပရိုတက်စတင့်အယူဝါဒအပေါ် ဖိနှိပ်ရက်စက်ခြင်းများကြောင့် ပြင်သစ်ပြည်သည် ကြောက်စရာဘေးဥပဒ်များနှင့် ရင်ဆိုင်ခဲ့ရသည်။

မယုံသင်္ကာစိတ်၊ သံသယစိတ်နှင့် ကြောက်စိတ်များသည် ယခုတွင် လူတန်းစားအသီးသီးတို့၏စိတ်နှလုံးတွင် ငြိတွယ်နေပေပြီ။ ရာပေါင်းများစွာသောယုံကြည်သူများသည် ပြုပြင်ပြောင်းလဲရေးသမားများ၏ ယုံကြည်ချက်များအပေါ်ထောက်ခံကြောင်း ဖော်ပြသည့်အနေဖြင့် ဇာတိမြေပဲရစ်ကိုစွန့်ခွါကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပါသည်။ ဘာသာရေးဖောက်ပြန်သူများဟု မိမိတို့ထင်မထားသော ထိုသူများထွက်ခွာသွားခြင်းကြောင့် ရဟန်းမင်းအဖွဲ့သည် အံ့အားသင့်ခဲ့ကြရပါသည်။

## ပုံနှိပ်ခွင့်ကိုဖျက်သိမ်းကြောင်းကြေညာခြင်း

ပထမမြောက်ဖရစ်စစ်ဧကရာဇ်သည် နိုင်ငံအသီးသီးမှ စာပေသမားများ၊ မိမိနန်းတော်၌စုရုံးရောက်ရှိလာသည်ကို နှစ်ခြိုက်သော်လည်း ဘာသာရေးဖောက်ပြန်ရေးသမားများကို ချေမှုန်းလိုသောစိတ်ကြောင့် ပုံနှိပ်ခွင့်ကို ပြင်သစ်ပြည်တစ်ပြည်လုံးတွင်ဖျက်သိမ်းကြောင်း အမိန့်တစ်ခုကိုထုတ်ပြန်ခဲ့ပါသည်။ စာပေယဉ်ကျေးမှုသည်ဘာသာရေး

ဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုများအတွက် လုံခြုံသောအကာအကွယ် တစ်ခုမဟုတ်ကြောင်း မှတ်တမ်းတစ်ခုအားဖြင့် ဖရန်စစ်တင်ပြခဲ့ပါသည်။

ပွဲတော်မင်္ဂလာအပေါ်မှာ ပြစ်ဒဏ်စီရင်ခြင်းအားဖြင့် ထာဝရဘုရားသခင်ကို အရှက်ရစေခဲ့သည့်လုပ်ဆောင်မှုများအတွက် အသွေးနှင့်ပေးဆပ်ခိုင်းရန် ဂိုဏ်းချုပ်ကြီးများက တောင်းဆိုလာပါသည်။ ထိုကြောက်လန့်စရာအခမ်းအနားအတွက် ၁၅၃၅ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်နေ့ကိုသတ်မှတ်ခဲ့ပါသည်။ ထို"သန့်ရှင်းသောအခမ်းအနားကိုဂုဏ်ပြုသောအားဖြင့် တံခါးမကြီးများရှေ့တွင် မီးတိုင်တစ်တိုင်စီ ထွန်းညှိထားပါသည်။ နံနက်မိုးမလင်းမီတွင် လူအုပ်ကြီးသည် ဘုရင့်နန်းတော်တွင်တန်းစီကြပါသည်။

"ပဲရစ်ဂိုဏ်းအုပ်ကြီးသည် ပွဲတော်မုန့်ကို ခမ်းနားထည်ဝါသည့် ပလ္လင်အမိုးအောက်တွင်တင်၍ ယူဆောင်လာပါသည်။ ထိုပလ္လင်ကို အသွေးသွန်းကြမည့် မင်းညီမင်းသား (၄)ပါးက ထမ်းကြပါသည်။ ထိုပွဲတော်မုန့်နောက်မှ သရဖူကိုမဆောင်း၊ ဘုရင့်ဝတ်ရုံကိုဝတ်မထားသည့် ပထမမြောက်ဖရန်စစ်ဧကရာဇ်လိုက်လာပါသည်။" သူသည် မိမိအသက်ဝိညာဉ်ကို ညစ်ညမ်းစေသည့် ဒုစရိုက်မှုများကြောင့်မဟုတ်၊ မိမိလက်ကို အပြစ်ကင်းသူများ၏အသွေးဖြင့် ညစ်ညမ်းစေခဲ့သည့်အတွက်ကြောင့်မဟုတ်ဘဲ ပွဲတော်မင်္ဂလာကို ပြစ်ဒဏ်စီရင်ရဲသော မိမိတိုင်းသူပြည်သားများကျူးလွန်ခဲ့သည့် အသက်ဝိညာဉ်ကို ပျက်စီးစေသည့်အပြစ်ကြောင့် ယဇ်ပလ္လင်အသီးသီးကို ရိုကျိုးနှိမ့်ချစွာဖြင့် ဦးချခဲ့ပါသည်။

ထိုဧကရာဇ်သည် ထိုဂိုဏ်းအုပ်ကြီး၏နန်းတော်တမျှ ခမ်းနားသောအိမ်ရှိ ခန်းမဆောင်ကြီးထဲသို့ရောက်ရှိလာကာ "ရာဇဝတ်မှုများ၊

ဘုရားသခင်ကိုစော်ကားပြောဆိုမှုများ၊ ဝမ်းနည်းစရာကောင်းသောနေ့၊ ကျက်သရေကင်းမဲ့သောနေ့သည် ဤနိုင်ငံအပေါ်သို့ ကျရောက်ခဲ့ချေပြီ”ဟူ၍ လှပသောစကားလုံးများဖြင့် ငိုကြွေးမြည်တမ်းလေ၏။ ထိုနောက် သူကပြင်သစ်ပြည်ကိုပျက်သုဉ်းသွားအောင် ခြိမ်းခြောက်နေသည့် ဘာသာရေးဖောက်ပြန်ရေးသမားများကို သုတ်သင်ရှင်းလင်းရာ၌ သစ္စာရှိပြည်သူတိုင်းပါဝင်ကူညီကြရန် ဆင့်ဆိုခဲ့ပါသည်။ မျက်ရည်ကျလျက် ဆို့နင့်စွာဖွင့်ဟနေသောတောင်းဆိုသံကြောင့် တက်ရောက်လာကြသူအားလုံးငိုကြွေးကြကာ “ကာတိုလိတ်အသင်းတော်၏ဘာသာရေးအတွက် တို့အသက်ရှင်ကြမယ်။ တို့ဘာသာရေးအတွက် တို့အသေခံကြမယ်”ဟု တညီတညွတ်တည်းဟစ်ကြွေးခဲ့ကြပါသည်။

“ကယ်တင်ခြင်းသို့ပို့ဆောင်ပေးသည့်ကျေးဇူးတော်”သည် ပြစ်သစ်ပြည်၌ ထင်ရှားဖူးခဲ့သော်လည်း ထိုနိုင်ငံသည် ယခုတွင်မူ အလင်းကိုကျောခိုင်းကာ အမှောင်ကိုရွေးချယ်ခဲ့ချေပြီ။

မိမိကိုယ်ကို လှည့်ဖျားခြင်း၏သားကောင်များဖြစ်လာသည့်တိုင် သူတို့သည် အကောင်းကိုအဆိုးဟုလည်းကောင်း၊ အဆိုးကိုအကောင်းဟုလည်း ကောင်းခေါ်ဝေါ်ခဲ့ကြပါသည်။ ၎င်းတို့အားလှည့်ဖြားခံရမှုမှကာကွယ်ပေးမည့်အလင်း၊ ၎င်းတို့အား သွေးမစွန်းအောင် ကာကွယ်ပေး မည့်အလင်းကို သူတို့ကိုယ့်သဘောနှင့် ကိုယ်ငြင်းပယ်ခဲ့ကြချေပြီ။

ယခုတစ်ဖန် လူအုပ်ကြီးသည်တန်းစီ၍ လျှောက်ကြပြန်သည်။ “ပရိုတက်စတင့်များကို မီးရှို့သတ်ရန်အတွက် ကပ်တိုင်များကို တစ်တိုင်နှင့်တစ်တိုင် ခပ်နီးနီးစိုက်ထူကြသည်။ ဧကရာဇ်မင်းကြီးချဉ်းကပ်လာသည့်အချိန်တွင် ထင်းစည်းများစတင်မီးရှို့ရန်ဖြစ်ပြီး. . .

ထိုအချိန်တွင် တန်းစီလျှောက်လာသူများသည် ရပ်တန့်ကာ ကွပ်မျက်နေခြင်းကို ကြည့်ရှုကြရန် စီစဉ်ထားပါသည်။

အကွပ်မျက်ခံရသူများ သည် ချီတုံချတုံမဖြစ်ဘဲ ယုံကြည်ခြင်းတွင် ခိုင်မာဆဲဖြစ်နေပါသည်။ ၎င်းတို့အား နောင်တရကြရန် တိုက်တွန်းသောအခါ "ကျွန်ုပ်ဟာ ပုရောဖက်များနှင့် တမန်တော်များ ဟောကြားခဲ့တဲ့တရားကိုပဲယုံတယ်။သူတော်စင်တွေယုံကြည်ခဲ့တာကိုပဲယုံတယ်။ ငရဲရဲ့တန်ခိုးတွေကို ဆန့်ကျင်ခုခံမယ့်ဘုရားသခင်ကိုပဲကျွန်ုပ်ယုံကြည်ကိုးစားတယ်"ဟု ပြန်လည်ဖြေဆိုခဲ့ပါသည်။

နန်းတော်သို့ရောက်သော် လူအုပ်ကြီးသည် လူစုကွဲသွားပါသည်။ ဧကရာဇ်မင်းနှင့် ဂိုဏ်းချုပ်များသည် ဘာသာရေးဖောက်ပြန်မှုများကို အမြစ်ပါမကျန် ဆက်လက်သုတ်သင်ချေမှုန်းနေသည့်အလုပ်အတွက် အချင်းချင်းဂုဏ်ပြုလျက် ထွက်ခွါသွားကြပါသည်။

ပြင်သစ်ပြည်သည် ငြိမ်သက်ခြင်းဆိုင်ရာ ဧဝံဂေလိတရားတော်ကို အမြစ်ပါမကျန်ချေမှုန်းခြင်းခံရကာ ပြင်းဆိုလိုက်သဖြင့် ကြောက်စရာဆိုးကျိုးများနှင့် ရင်ဆိုင်ရပေတော့မည်။

၁၇၉၃ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်နေ့တွင် ပဲရစ်မြို့၏လမ်းများတွင် တန်းစီဆန္ဒပြ မှုများ နောက်ထပ်ဖြစ်ပွားခဲ့သည်။ "တစ်ဖန်ဧကရာဇ်မင်းသည် အဓိကဇာတ်ဆောင်ဖြစ်ခဲ့ပြန်သည်။ တစ်ဖန်ရုန်းရင်းခတ်မှုများနှင့် အော်ဟစ်မှုများဖြစ်ခဲ့ရပြန်သည်။ တစ်ဖန် အကွပ်မျက်ခံရသူများ၏ငိုကြွေးသံကိုကြားရပြန်သည်။

တစ်ဖန် ကပ်တိုင်များမီးသင်းခဲ့ရပြန်သည်။ တစ်ဖန် ကြောက်စရာကွပ်မျက်မှုမြင်ကွင်းများဖြင့် တစ်နေ့တာမြင်ကွင်းများကို အဆုံးသတ်ခဲ့ပြန်သည်။ အာဏာပါးကွက်သားများ၏............

လက်တစ်ကမ်းလောက်တွင် ရုန်းကန်လှုပ်ရှားနေသော လူ့ဝစ် (၁၆)ကို ကပ်တိုင်ပေါ်တွင် ချိတ်ဆွဲလိုက်ကာ ခွန်အားပါသောပုဆိန်ကြီးနှင့် ပေါက်လိုက်ရာ သူ၏ဦးခေါင်းကြီးသည် ကပ်တိုင်ထက်မှပြတ်ကျသွားခဲ့ပါသည်။" ထိုအနီးအနားတွင် လူပေါင်း၂၈၀၀ခန့်သည် ခေါင်းအဖြတ်ခံခဲ့ရပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကြီးသည် ကမ္ဘာကြီးအား သမ္မာကျမ်းစာကိုဖွင့်ပြခဲ့ပါသည်။ မဟာမေတ္တာတော်သည် ကောင်းကင်နိုင်ငံတော်၏နိယာမများကို လူသားများအား ဖွင့်ဟခဲ့ပါသည်။

ပြင်သစ်နိုင်ငံသည် ကောင်းကင်နိုင်ငံတော်၏ ဆုမင်္ဂလာကို လက်မခံသောအချိန်တွင် ပျက်စီးခြင်းမျိုးစေ့များကိုကြဲခဲ့ပါသည်။ မရှောင်လွှဲနိုင်သောအကျိုးအကြောင်းနိယာမ၏ရလဒ်တစ်ခုအဖြစ် တော်လှန်ရေးနှင့် ကြောက်လန့်စရာကာလများကို ရင်ဆိုင်ခဲ့ရသည်။

ရဲစွမ်းသတ္တိနှင့်ပြည့်စုံသူဖားရယ်ကိုမူ မွေးရပ်မြေမှ ဆွစ်ဇလန်သို့တိမ်းရှောင်နေရန် ဖိအားပေးခဲ့ကြသော်လည်း သူသည် ပြင်သစ်မှာပင် ဆက်လက်နေထိုင်ကာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အပေါ်အာရုံပြုရန် ဆုံးဖြတ်ခဲ့သည်။

အခြားပြည်နှင်ဒဏ်ခံရသူများ၏ အမအစဖြင့် ဂျာမန်ပြုပြင်ပြောင်းလဲရေးသမားများရေးသားသည့်စာပေများကို ပြင်သစ်ဘာသာသို့ပြန်ဆိုပြီး သမ္မာကျမ်းစာကိုလည်း ပြင်သစ်ဘာသာဖြင့် အုပ်ရေများစွာပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဓမ္မစာပေအမှုဆောင်များအားဖြင့် ဤစာအုပ်များကို ပြင်သစ်ပြည်အနှံ့ ဖြန့်ချိရောင်းချခဲ့ပါသည်။

ဖားရယ်သည် ကျောင်းအုပ်တစ်ဦးအသွင်ဖြင့် အမှန်တရားများအစပျိုးသွန်သင်ရင်း ဆွစ်ဇလန်နိုင်ငံတွင် အမှုတော်ကိုစတင်ခဲ့

ပါသည်။ တချို့က ယုံကြည်လကခံခဲ့သော်လည်း ဂိုဏ်းချုပ်များက ၎င်း၏လုပ်ဆောင်မှုကို တားဆီးပိတ်ပင်ကြသလို အယူသီးသူများက လည်း ၎င်း၏အမှုတော်ကိုဆန့်ကျင်ခဲ့ကြပါသည်။

"ငြိမ်သက်ခြင်းကိုမ ဖြစ်စေဘဲ စစ်ပွဲများကိုသာဖြစ်စေသည့် ဤဟောကြားချက်များကို ကြည့်ခြင်းဖြင့် ဒီတရားတွေဟာ ခရစ်တော်ရဲ့ဧဝံဂေလိတရားတော်တော့မဖြစ်နိုင်ဘူး"ဟု ဂိုဏ်းချုပ်များ က ဖွင့်ဟခဲ့ကြသည်။

နေရာတိုင်း၌ အသက်အန္တရာယ်ကိုစိုးရိမ်ရသော်လည်း အငတ်ခံ၊ အအေးခံ၊ အပင်ပန်းခံပြီး တစ်ရွာမှတစ်ရွာသို့သွားကာ သူတရားဟောခဲ့ပါသည်။ သူသည် ဈေးထဲတွင်လည်းကောင်း၊ ဘုရားကျောင်းများတွင်လည်းကောင်း တစ်ခါတစ်ရံတွင် ကာတိုလိတ်ဘုရားရှိခိုးကျောင်းများတွင်လည်းကောင်း တရားဟောခဲ့သည်။ တစ်ကြိမ်ထက်မက သေလုမြောပါးအခြေအနေအထိ အရိုက်ခံခဲ့ရဖူးသည်။ သို့ရာတွင် သူသည် ရဟန်းမင်း၏အမာခံနယ်မြေထဲမှ ဧဝံဂေလိတရားကိုလက်ခံသော မြို့ကြီးမြို့ငယ်များသို့ ဆက်တိုက်သွားရောက်ဟောကြားခဲ့ပါသည်။

ဖားရယ်သည် ဂျနီဗာ၌ ပရိုတက်စင့်အလံကိုထူလိုသည်။ ထိုမြို့ကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့လျှင် ပြင်သစ်၊ ဆွစ်ဇာလန်နှင့်အီတလီနိုင်ငံများအတွက် ထိုမြို့သည် ဗဟိုအချက်အချာဖြစ်လာခဲ့သည်။ ပတ်ဝန်းကျင်မြို့အတော်များများတွင် အောင်မြင်မှုရရှိခဲ့ပါသည်။

သူသည် အဖော်တစ်ဦးနှင့်အတူ ဂျနီဗာတွင် အမှုတော်စတင်ခဲ့ပါသည်။ သို့ရာတွင် တရားဟောချက်နှစ်ခုကိုသာ သူဟောကြားခွင့်ရခဲ့သည်။ ဂိုဏ်းချုပ်များက အသင်းတော်ကောင်စီတစ်ခုတွင်. . .

လာရောက်တွေ့ဆုံရန် သူ့အားဆင့်ခေါ်ခဲ့သည်။ ဖားရယ်ကိုသတ်ဖို့ အကြံဖြင့် လက်နက်များကို ဝတ်ရုံအောက်တွင်ဖုံးလျက် သူတို့ယူလာခဲ့ကြသည်။ ထိုကောင်စီတွင် အသတ်မခံရလျှင်လည်း သူ့ကိုသုတ်သင်ရန် ဒေါသထွက်နေသောလူအုပ်ကြီးက စောင့်ဆိုင်းနေသည်။ သို့သော် တရားသူကြီးများ၌လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ရှိနေသည့် အတွက်ကြောင့်သာ သူလွတ်မြောက်ခဲ့ပါသည်။ နောက်တစ်နေ့ နံနက်တွင် ရေကန်ကြီး၏တစ်ဖက်တွင်ရှိသော လုံခြုံရာနေရာတစ်ခုသို့ သူ့အားခေါ်ဆောင်သွားခဲ့ကြပါသည်။ ဂျနဗာကို သာသနာပြုရန် ပထမအကြိမ်ကြိုးစားခြင်းသည် ဤသို့အားဖြင့် အဆုံးသတ်သွားခဲ့ပါသည်။

"ဘုရားသခင်သည် အစွမ်းသတ္တိရှိသော သူတို့ကို ရှက်ကြောက်စေခြင်းငှါ လောကီအရာ၌ အားနည်းသောသူတို့ကို ရွေးကောက်တော်မူ၏"ဟူ၍ သမ္မာကျမ်းစာတွင် မိန့်တော်မူခဲ့သည့်အတိုင်း နောက်တစ်ကြိမ်ကြိုးစားလုပ်ဆောင်ရန် ပို၍အဆင့်နိမ့်သူတစ်ဦးအား ရွေးကောက်တော်မူလိုက်သည်။ ထိုလူငယ်သည် နိမ့်ချသောပုံအသွင်လက္ခဏာဖြင့် ပြည့်စုံသည်ဖြစ်ရာ ယုံကြည်သူမိတ်ဆွေများကပင် ၎င်းအား ဟက်ဟက်ပက်ပက်မဆက်ဆံကြချေ။ ဖားရယ်ကိုငြင်းပယ်လိုက်သည့်နေရာတွင် ဤကဲ့သို့သောလူမျိုးက ဘာလုပ်နိုင်မှာလဲဟု မေးခွန်းထုတ်စရာဖြစ်လာ၏။

## ကျောင်းအုပ်ဖရိုမင့်

ဖရိုမင့်သည် သူ၏အမှုတော်ကို ကျောင်းအုပ်ဆရာတစ်ဦးအနေဖြင့် အစပျိုးခဲ့သည်။ ကျောင်းမှ ၎င်းသင်ကြားပေးလိုက်သည့်. . . .

သမ္မာတရားများကို အိမ်သို့ရောက်သောအခါ ကလေးငယ်များက ပြန်ပြောကြသည်။ မကြာမီမှာပင် မိဘများသည် ၎င်းရှင်းလင်းသင်ကြားသောသမ္မာကျမ်းစာကို ကြားနာခွင့်ရလာကြသည်။

ဓမ္မသစ်ကျမ်းနှင့် ဝေစာများကို အခမဲ့ဝေငှခဲ့ကြသည်။ များမကြာမီတွင် ဤပုဂ္ဂိုလ်ထွက်ပြေးခဲ့ရသော်လည်း သူသင်ကြားပေးခဲ့သည့် အမှန်တရားများကို ထိုလူတို့၏စိတ်တွင် စွဲရစ်ခဲ့ပါသည်။ ဘာသာရေးပြန်လည်ပြုပြင်ရေးမျိုးစေ့ကိုကြဲချပြီးခဲ့ချေပြီ။ အဆုံးတွင် ပရိုတက်စတင့်ဆိုင်ရာ ဝတ်ပြုကိုးကွယ်မှုများသည် ဂျနီဗာ၌တည်ထောင်နိုင်ခဲ့ပါသည်။

ဘက်ဆဲမြို့သို့ ခရီးနှင်နေသော ကဲလ်ဗင်းသည် ထိုမြို့ဘက်မှ ကွေ့ဝိုက်သွားစဉ်တုန်းကတည်းက ထိုမြို့သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် ကြေညာထားပြီဖြစ်သည်။

ဖားရယ်သည် ဤတစ်ကြိမ်လာရောက်လည်ပတ်စဉ်၌ ဘုရားသခင်၏လမ်းပြမှုကို အသိအမှတ်ပြုခဲ့သည်။ ဂျနီဗာသည် ဖားရယ်တို့၏ယုံကြည်ချက်များကိုလက်ခံခဲ့ပြီးဖြစ်သော်လည်း အသစ်ပြုပြင်ပြောင်းလဲလာရန်အတွက် နှလုံးသားများကို ဝိညာဉ်တော်အားဖြင့် ပဲ့ပြင်တော်မူရပေဦးမည်။

အမိန့်အာဏာဖြင့်လုပ်ဆောင်ရန် ဖြစ်နိုင်သောအရာတစ်ခုမဟုတ်ပါ။ ဂျနီဗာလူထုသည် ရောမ၏အာဏာကို အလေးမထားကြသော်လည်း လုပ်ဆောင်ဆဲမကောင်းမှုဒုစရိုက်များကို ငြင်းဆန်ရန်ကိုမူ အဆင်သင့်မဖြစ်ကြသေးချေ။

ဖားရယ်သည် ထိုလူငယ်တရားဟောဆရာအား ဂျနီဗာမှာ ဆက်လက်နေထိုင်လုပ်ဆောင်ပါရန် ဘုရားသခင်၏နာမတော်၌ အပူတပြင်းတောင်းပန်ခဲ့ပါသည်။ ကဲလ်ဗင်းသည် ကြောက်လန့်တကြား

ပြန်သွားပါသည်။ ဂျနီဗာရှိလူများ၏ရဲရင့်ပြီး ကြမ်းတမ်းသောစိတ်ဓာတ်ကို သူမရင်ဆိုလိုချေ။ သူသည် အေးအေးဆေးဆေးကျမ်းစာလေ့လာနိုင်မည့်နေရာတစ်ခုကို အလိုရှိနေသည်။ ထိုနေရာမှာနေ၍ ပုံနှိပ်တိုက်များသို့ စာမူများကိုပေးပို့ကာ အသင်းတော်များကို သွန်သင်တည်ဆောက်ရန်ဖြစ်သည်။ သို့ရာတွင် "ဘုရားသခင်၏လက်တော်သည် ကောင်းကင်မှသည်မြေကြီးတိုင်အောင် ဆန့်တန်းလျက် ၄င်းအပေါ်သို့တင်ကာ ၄င်းခွာမသွားလိုသည့်နေရာမှ အပြီးသတ်ခွဲခွါသွားစေတော်မူ"သကဲ့သို့ သူခံစားနေရသဖြင့် ငြင်းပယ်ခြင်းငှါ သူမရဲဝံ့ပါချေ။

## ကျိန်ဆဲသံများဖြင့် ထစ်ချုန်းနေခြင်း

ဂျနီဗာသည် ရဟန်းမင်း၏ကျိန်ဆဲသံများဖြင့် အခြိမ်းခြောက်ခံနေရပါသည်။ ဘုရင်များ၊ ဧကရာဇ်မင်းများကိုပင် အညှံ့ခံလာအောင်လုပ်နိုင်စွမ်းရှိသည့် ဤရဟန်းမင်း၏အုပ်စိုးမှုကို ဤမြို့ငယ်ကလေးသည် မည်သို့တွန်းလှန်ခဲ့ပါသနည်း။

ဘာသာရေးပြုပြင်ပြောင်းလဲရေး၏ ပထမအောင်ပွဲကို ကျော်ဖြတ်ခဲ့ချေပြီ။ ပြောင်းလဲရေးသမားများကို သုတ်သင်ပယ်ရှင်းရန် အင်အားစုအသစ်များကို ရောမကဆင့်ခေါ်လိုက်ပါသည်။ ဂျီးဇူးအစ် (Jesuits) အဖွဲ့ကို ထိုအသင်းတော်မှဖွဲ့စည်းပေးလိုက်ပါသည်။ ထိုအဖွဲ့သည် ရဟန်းမင်း၏အဖွဲ့များအနက် အရက်စက်ဆုံး၊ စည်းကမ်းအမဲ့ဆုံး၊ ခွန်အားအကောင်းဆုံးအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ သနားကြင်နာသည့်သဘာဝကင်းပြီး ဩတ္တပ္ပစိတ်လုံးဝတိတ်ဆိတ်နေသော........

ထိုသူများသည် ၎င်းတို့၏အဖွဲ့အစည်းမှလွဲ၍ မည်သူ့ကိုမျှအမှုမထားသူများဖြစ်သည်။

ကပ်တိုင်များ၊ အကျဉ်းထောင်များနှင့် မီးတိုင်များ၏ အန္တရာယ်ကြားမှ သမ္မာတရားကိုမြှောက်တင်ရန် ဒုက္ခဆင်းရဲခြင်းကိုခံနိုင်ရည်ရှိစေဖို့ အချမ်းဒဏ်၊ ငတ်မွတ်ခြင်းဒဏ်နှင့် ပင်ပန်းနွမ်းပါးနေမှုဒဏ်များကို မကြောက်ရွံ့စေဖို့ ယုံကြည်သူများအား ခရစ်တော်၏ ဧဝံဂေလိတရားတော်က ခွန်အားကိုပေးတော်မူ၏။

အန္တရာယ်ကိုရင်ဆိုင်ရဲစေပြီး သမ္မာတရားကိုဆန့်ကျင်ဝံ့ သောအယူသီးမှုများဖြင့် ဂျီဇူးအစ်ဝါဒက ၎င်း၏နောက်လိုက်များအားသိမ်းသွင်းထားပါသည်။

မကျူးလွန်နိုင်လောက်အောင် ကြီးသောရာဇဝတ်မှု သူတို့၌မရှိပါ။ မကျင့်သုံးနိုင်လောက်အောင် နိမ့်ကျသည့် လှည့်ဖြားမှုလုပ်ဆောင်ရန် မဖြစ်နိုင်လောက်အောင်ခက်ခဲသည့် ဟန်ဆောင်မှု သူတို့၌မရှိပါချေ။

သူတို့၏ အဓိကရည်မှန်းချက်မှာ ပရိုတက်စတင့်ဝါဒကိုဖြိုခွင်း၍ ရဟန်းမင်း ၏အာဏာကို ပြန်လည်တည်ဆောက်ပေးရန်ဖြစ်သည်။

သူတို့သည် သူတစ်ပါးကောင်းကျိုးအတွက် သွားလာလှုပ်ရှားခဲ့သော ခရစ်တော်၏သန့်ရှင်းသောနာမတော်ကိုဆောင်လျက် အကျဉ်းထောင်များနှင့် ဆေးရုံများသို့ အလုပ်အကျွေးပြုသည့် သန့်သန့်ရှင်းရှင်းဝတ်စားတတ်သူများဖြစ်သည်။

သို့သော် ဤအပြစ်ကင်းသောအပြင်ပန်းအမှုအရာအောက်တွင် ရာဇဝတ်ကြောင်းနှင့်မကင်းသည့် ဆိုးရွားသောအကြံအစည်များကို ဖုံးကွယ်ထားကြပါသည်။ ထိုအဖွဲ့၏အခြေခံစည်းမျဉ်းတစ်ခုမှာ အကျိုးရှိမည်ဆိုလျှင် မတရားသော . . . . . . . . . . . . . . . . .

နည်းစနစ်များကိုပင် အသုံးပြုခွင့်ရှိသည်ဆိုသည့်အချက်ဖြစ်သည်။ မုသားစကားပြောခြင်း၊ ခိုးခြင်း၊ မုသားကျိန်ဆိုခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းကို အသင်းတော်အကျိုးအတွက်ကျူးလွန်လျှင် ချီးမွမ်းဖွယ်လုပ်ရပ်များအဖြစ် သတ်မှတ်ကြသည်။ ၎င်းတို့သည် မိမိတို့၏ဇာတိရုပ်မှန်ကိုဖုံးကွယ်ကာ နိုင်ငံတော်၏ဝါဒရေးရာများကိုရေးဆွဲသည့် ဘုရင့်အကြံပေးအရာရှိများအဆင့်အထိ အစိုးရရုံးများတွင် အလုပ်လုပ်ကြသည်။ သူလျှိုလုပ်ငန်းများကိုလည်းလုပ်ကြသည်။ အထက်တန်းလူ့အလွှာအတွက် ကောလိပ်ကျောင်းများကိုလည်းကောင်း၊ သာမန်လူတန်းစားများအတွက် ရိုးရိုးကျောင်းများကိုလည်း သူတို့တည်ထောင်ကြသည်။

ပရိုတက်စတင့်မိဘများမှပေါက်ဖွားလာသော သားသမီးများသည် ရဟန်းမင်းအသင်းတော်မှ ဝတ်ပြုကိုးကွယ်မှုများတွင် သိမ်းသွင်းခြင်းခံကြရရာ ဘိုးဘေးများအသက်ပေး၍ ကာကွယ်တိုက်ပွဲဝင်ခဲ့သောလွတ်လပ်မှုအပေါ် သားသမီးများက သစ္စာဖောက်လာကြသည်။ ဂျီဆူးအစ်များရောက်သည့်နေရာတိုင်းတွင် ရဟန်းမင်း၏တန်ခိုးအာဏာများပြန်လည်ရှင်သန်လာခဲ့သည်။

ဂျီးဆူးအစ်များကိုပို၍ အာဏာပေးနိုင်ရန်အလို့ငှါ အင်ကွစ်ဇီးရှင်း (Inquisition) ဟုခေါ်သည့် စုံစမ်းစစ်ဆေးခြင်းအစီအစဉ်တစ်ခုကို တည်ထောင်သောအမိန့်စာတစ်ခုထုတ်ပြန်ခဲ့သည်။

ကြောက်စရာကောင်းသည့် ဤတရားခွင်ကို ရဟန်းမင်းအဖွဲ့က တစ်ဖန်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အချုပ်ခန်းများတွင် အထူးကြောက်စရာ ကောင်းသည့်ရက်စက်မှုများကိုသုံး၍ စစ်ဆေးမေးမြန်းတတ်ကြပါသည်။ ထိုကြောင့် တိုင်းပြည်တော်တော်များများမှ ပညာတတ်၊ ........................

လူကောင်းလူတော်များသည် တချို့အသတ်ခံရ၍ တချို့မှာ အခြား တိုင်းပြည်များသို့ထွက်ပြေးသွားကြရပါသည်။

## ပြုပြင်ပြောင်းလဲရေးလုပ်ငန်း၏အောင်ပွဲများ

ရောမအသင်းတော်သည် ထိုနည်းလမ်းများကို အသုံးပြုကာ ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းချုပ်ငြိမ်းသွားစေပြီး အမှောင်ခေတ်၏မသိနားမလည်သည့်ဘဝ၊ အယူသီးသည့်ဘဝသို့ပြန်လည်ရောက်ရှိသွားစေကြသည်။ သို့သော် ဘုရားသခင်ပေးသောကောင်းချီးများနှင့် လူးသာကိုဆက်ခံရန် ဘုရားသခင်ရွေးကောက်ထားသည့် လူကောင်းများ၏လုပ်ဆောင်မှုများကြောင့် ပရိုတက်စတင့်အယူဝါဒသည် ပျောက်ကွယ်မသွားခဲ့ပါ။

အမှုတော်၏ခွန်းအားသည် မင်းညီမင်းသားများ၏အမအစ အပေါ်တွင် အကြွေးတင်ခြင်းမဟုတ်ပါ။ အနိမ့်ကျဆုံးနှင့် ခွန်အားအနည်းဆုံးနိုင်ငံများသည် အမှုတော်အတွက် ပင်မကြီးပွါးတိုးတက်ရာဒေသများဖြစ်လာသည်။ ထိုဒေသများမှာ ဂျနီဗာ၊ စပိန်၏နှိပ်စက်ကလူပြုခြင်းမှ ရုန်းကန်နေသောဟော်လန်၊ အေးမြသာယာ၍ မြေဩဇာကောင်းသည့်ဆွီဒင်နိုင်ငံတို့ဖြစ်ကြသည်။

ကဲလ်ဗင်းသည် ဥရောပတစ်ခွင်၌ ဘာသာရေးပြုပြင်ပြောင်းလဲရေးဖြစ်ထွန်းတိုးတက်ရန်အတွက် နှစ်ပေါင်း (၃၀)ခန့်မျှ ဂျီနီဗာတွင် အမှုတော်ထမ်းခဲ့သည်။

သူ့လုပ်ဆောင်မှုများ၌ အမှားမကင်းသလို သူ့ယုံကြည်ချက်များ၌လည်း အမှားအယွင်းမကင်းရှင်းခဲ့သော်လည်း အလွန်အရေးပါသော သမ္မာတရားများကို ......................

ဖြန့်ချိရန်အတွက်မှာမူ သူပြန်လည်နိုးကြားနေသည့် ရဟန်းမင်း၏ လှုပ်ရှားမှုများကို ဟန့်တားမည့် ပရိုတက်စတင့်အယူဝါဒကို ဆက်လက်ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ ပြုပြင်ပြောင်းလဲရေး အသင်းတော်များ၌ ရိုးသားသန့်စင်သောအသက်တာများ ပိုမိုရရှိလာအောင် လုပ်ဆောင်ပေးရန်အတွက်လည်းကောင်း သူ့အား ဘုရားသခင်အသုံးပြုတော်မူခဲ့ပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ယုံကြည်ချက်များကိုဖြန့်ချိရန် စာအုပ်စာပေများကို ဂျနီဗာတွင် ရိုက်နှိပ်ထုတ်ဝေခဲ့သလို ထိုယုံကြည်ချက်များကို သွန်သင်မည့်ဆရာများကိုလည်း ဤအရပ်မှာပင် မွေးထုတ်ခဲ့ရာ ညှဉ်းပန်းနှိပ်စက်ခြင်းခံရသည့် နိုင်ငံများက သွန်သင်ချက်များနှင့် အားပေးစကားများကိုရရန် ဂျနီဗာကိုပင်အားကိုးနေရပါသည်။ ဥရောပအနောက်ခြမ်းနိုင်ငံများမှ လိုက်လံဖမ်းဆီးခြင်းခံနေရသော ဘာသာရေးခေါင်းဆောင်များအတွက်လည်း ဂျနီဗာသည် ခိုလှုံရာမြို့တစ်မြို့ဖြစ်လာပါသည်။ ထိုသူများသည် ဂျနီဗာတွင် ခိုလှုံရာမြို့တစ်မြို့ဖြစ်လာပါသည်။ ထိုသူများသည် ဂျနီဗာတွင် နွေးထွေးသောကြိုဆိုပြုစုမှုများကိုခံကြရရာ၎င်းတို့၏ ကျွမ်းကျင်စွာတတ်မြောက်သောပညာများ၊ ဘုရားတရားရှိမှုများဖြင့် ထိုမြို့ကို သူတို့ကောင်းကျိုးပြုခဲ့ကြသည်။ စကော့တလန်မှ ဘာသာရေးခေါင်းဆောင်ဖြစ်သူ ဂျွန်နောက်စ် အင်္ဂလိပ်ပျူရီတန်အဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဟော်လန်နှင့် စပိန်တို့မှ ပရိုတက်စတင့်များ၊ ပြင်သစ်မှ ဟုဂနောက်စ်များတို့သည် ၎င်းတို့ခိုလှုံနေသော ဂျနီဗာမှ သမ္မာတရားအလင်းများကို ယူကာ အမှောင်ထုလွှမ်းမိုးနေသော မိမိတို့၏နိုင်ငံအသီးသီးသို့ပြန်ကာ အလင်းထွန်းလင်းခဲ့ကြပါသည်။

-----ooo-----

# အခန်း (၁၃)
# နယ်သာလင်နိုင်ငံနှင့်စကင်ဒီနေးဗီးယား

နယ်သာလင်နိုင်ငံတွင် ရဟန်းမင်း၏ရက်စက်ယုတ်မာမှုများကို ရှေးမဆွက ကန့်ကွက်ဆန္ဒပြခဲ့ပါသည်။ လူးသာအချိန်မတိုင်မီ နှစ်ပေါင်း ၉၇၀၀)ကတည်းက ရောမသို့ သံတမန်များအဖြစ် စေလွှတ်ခြင်းခံရသည့် ဂိုဏ်းအုပ်နှစ်ယောက်က ဟိုးလီးဆီးဟုခေါ်သည့် ရဟန်းမင်းကြီးတို့ရုံးတော်၏ဇာတိရုပ်မှန်ကိုသိရှိလာကာ ရောမအသင်းတော်အား ရာဇဝတ်မှုကျူးလွန်နေကြောင်း မကြောက်မရွံ့စွပ်စွဲခဲ့ပါသည်။ "သင်တို့ဟာ ဘုရားသခင်ရဲ့ဗိမာန်တော်မှာ ကိုယ့်ကိုကိုယ်ဂုဏ်တင်နေကြပေမယ့် သိုးထိန်းတွေဖြစ်ရမယ့်အစား သိုးတွေကိုစားမယ့်ဝံပုလွေတွေဖြစ်နေကြပြီ။ သင်တို့ဟာ ကျွန်တကာတို့ရဲ့ကျွန်ဖြစ်သင့်ကြသော်လည်း သခင်တကာတို့ရဲ့သခင်ဖြစ် အောင်ကြိုးစားနေကြတယ်။ သင်တို့ဟာ ဘုရားသခင်ရဲ့ပညတ်တော်များကို အထင်အမြင်သေးစရာဖြစ်အောင် လုပ်နေကြတယ်"ဟုလည်း ရောမအသင်းတော်ကိုအပြစ်ဆိုခဲ့ပါသည်။

လူအပေါင်းတို့သည် ဤကန့်ကွက်မှုမျိုးကို ခေတ်အဆက်ဆက်ထပ်ခါတလဲလဲလုပ်ဆောင်ခဲ့ကြပါသည်။ ဝေါလ်ဒင်းဆီး သမ္မာကျမ်းစာကို ဒပ်ချ်ဘာသာသို့ သူတို့ဘာသာပြန်ခဲ့ကြသည်။ "ကျမ်းစာထဲမှာ ကပြတ်ကချော်စကားတွေ၊ ယုံတမ်းစကားတွေ၊ သေးသိမ်တဲ့စကားတွေ၊ လိမ်ညာလှည့်ဖြားတဲ့စ ကားလုံးတွေလုံးဝမပါဘဲ အမှန်တရားတွေသက်သက်ပဲ"ဟု ရှေးခေတ်ယုံကြည်ခြင်း၏မိတ်ဆွေ များက ၁၂ရာစုတွင် မှတ်တမ်းတင်ခဲ့ကြပါသည်။

ယခုတွင် ရောမအသင်း တော်၏နှိပ်စက်ညှဉ်းပန်းခြင်းအစီအစဉ်သည် နယ်သာလင်တွင်အစပြုခဲ့ချေပြီ။ သို့သော် ယုံကြည်သူများက သမ္မာကျမ်းစာသည်သာ အမှားအယွင်းကင်းမဲ့သည့်ဘာသာရေး ဆိုင်ရာတန်ခိုးဖြစ်ကြောင်း မည်သူ့ကိုမှ အဓမ္မအယုံမခိုင်းဘဲ တရားချခြင်းအားဖြင့်သာလျှင် ယုံကြည်စေသင့်ကြောင်း ကြွေးကြော်ကာ ဆက်လက်ကြိုးစားလုပ်ဆောင်ကြပါသည်။

နယ်သာလင်မှ သစ္စာရှိစိတ်အားထက်သန်သူများသည် လူးသာ၏သွန်သင်ချက်များကို ကြိုဆိုလက်ခံကာ ဧဝံဂေလိတရားတော်ကို ဟောကြားခဲ့ကြပါသည်။ ရောမအသင်းတော်ကျောင်းမှ ပညာရခဲ့ပြီး ဂိုဏ်းအုပ်တစ်ဦးအဖြစ် ဘိသိက်ပေးခြင်းခံရသည့် မင်နိုဆိုင်မွန်သည် သမ္မာကျမ်းစာကို လုံးဝနားလည်ခဲ့သော်လည်း ဘာသာရေးဖောက်ပြန်ရေးသမားဟု အခေါ်ခံရမှာစိုးသဖြင့် ကျမ်းစာကိုတစ်ခါမျှမဖတ်ခဲ့ချေ။ သူသည် ဩတ္တပ္ပစိတ်၏လှုံ့ဆော်မှုကို မသိကျိုးကျွန်ပြုရန် ကြိုးစားသော်လည်း အချည်းနှီးသက်သက်သာဖြစ်ခဲ့သည်။ မကြာမီမှာပင် သူသည် ဓမ္မသစ်ကျမ်းကိုလေ့လာရာမှ လူးသာ၏စာပေများကိုလေ့လာခဲ့ရာ ဘာသာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ယုံကြည်ချက်များကို သူလက်ခံလာပါသည်။

ဒုတိယအကြိမ်ထပ်၍ နှစ်ခြင်းမင်္ဂလာခံသည့် လူတစ်ယောက်အား ကွပ်မျက်သည့်ရှုခင်းကို မကြာမီတွင် သူမြင်တွေ့ရပြန်သည်။

ထိုမြင်ကွင်းကြောင့် နို့စို့သူငယ်များကို နှစ်ခြင်းပေးသည့်အကြောင်းများကို သမ္မာကျမ်းစာတွင်လေ့လာရန် သူစိတ်ဝင်စားလာသည်။ နှစ်ခြင်းမင်္ဂလာခံယူရန် နောင်တရဖို့လိုကြောင်း၊ ယုံကြည်ခြင်းရှိဖို့လိုကြောင်းများကို သူနားလည်လာပါသည်။

မင်နီသည် ကာတိုလိတ်အသင်းတော်မှထွက်လိုက်ကာ မိမိရရှိထားသည့်အမှန်တရားများကို သွန်သင်ခြင်း၌အသက်တာကို ဆက်ကပ်လိုက်ပါသည်။ ဂျာမနီနှင့်နယ်သာလင်နှစ်နိုင်ငံလုံးတွင် စည်းမဲ့ကမ်းမဲ့သင့်တင့်လျောက်ပတ်မှုမရှိသော အယူသီးသည့် အဖွဲ့များပေါ်ထွန်းလာကာ ထကြွပုန်ကန်ဖို့လုပ်ဆောင်နေကြသည်။ ထိုအဖွဲ့များ၏ မှားယွင်းသောသွန်သင်ချက်များနှင့် ရိုင်းစိုင်းသောအကြံအစည်များကို လုံ့လဥဿဟဖြင့် သူဆန့်ကျင်ခဲ့သည်။ သူသည် နယ်သာလင်နှင့် ဂျာမနီမြောက်ပိုင်းတို့တွင် မိမိသွန်သင်ခဲ့သောအရာများကို မိမိအသက်တာအားဖြင့် သက်သေပြရှင်းလင်းရင်းကျယ်ပြန့်သောဩဇာသက်ရောက်မှုများရစေရန် နှစ်ဆယ့်ငါးနှစ်လုံးလုံး သွားလာလုပ်ဆောင်ခဲ့ပါသည်။ သူသည် သမာသမိရှိခြင်း၊ နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ရိုးသားကြိုးစားခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး လူပေါင်းများစွာကိုလည်း ခရစ်တော်ထံသို့ပို့ဆောင်နိုင်ခဲ့သူတစ်ဦးဖြစ်သည်။

ပဉ္စမမြောက်ချားစ်ဧကရာဇ်သည် ဂျာမနီ၌ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမလုပ်စေရန် တားမြစ်ပိတ်ပင်ထားသော်လည်း မင်းညီမင်းသားများက ကန့်ကန့်ကန့်လန့်လုပ်နေသည်။ နယ်သာလင်တွင် ဩဇာပိုရှိရာ နှိပ်စက်ညှဉ်းပန်းခြင်းဆိုင်ရာ ထုတ်ပြန်ခဲ့သောအမိန့်သည် ထိုနိုင်ငံတွင် အောင်မြင်မှုရခဲ့သည်။

ကျမ်းစာဖတ်ခြင်း၊ တရားဟောခြင်း၊ တရားနာခြင်း၊ ဘုရားသခင်ထံတွင်လျှို့ဝှက်စွာဆုတောင်းခြင်း၊ ရုပ်တုများကိုရှိမခိုး ခြင်းနှင့် ဆာလံသီချင်းဆိုခြင်းများသည် သေဒဏ်အထိအပြစ်ပေးနိုင်သောပြစ်မှုများဖြစ်ခဲ့ရာ ပဉ္စမမြောက်ချားစ်နှင့် ဒုတိယမြောက်ဖိလစ်တို့လက်ထက်တွင် ထောင်နှင့် ........................

တစ်ခါတွင် မိသားစုတစ်စုသည် ပွဲတော်မဝင်ဘဲနေခြင်း၊ နေအိမ်၌ ဘုရားဝတ်ပြုခြင်းများကြောင့် ဖမ်းဆီးအရေးယူခြင်းခံခဲ့ရသည်။ "ဘုရားသခင်က ကျွန်တော်တို့ကို အလင်းတရားပေးဖို့၊ အပြစ်တွေကိုခွင့်လွှတ်ဖို့ ကျွန်တော်တို့ဒူးထောက်ပြီးဆုတောင်းခဲ့တယ်။ ဧကရာဇ်ဘုရင်ကြီးကျန်းမာဖို့၊ နိုင်ငံတော်ကြီးသာယာဝပြောဖို့ ဆုတောင်းခဲ့ပါသည်။ ကျွန်ုပ်တို့ရှိတရားသူကြီးများကို ဘုရားသခင်မစဖို့ ဆုတောင်းခဲ့ပါတယ်"ဟု ထိုမိသားစုမှ သားငယ်တစ်ယောက်က ဖြေဆိုလိုက်ရာ ဖခင်ရော ထိုသားငယ်ကိုပါ ကွပ်မျက်ပစ်လိုက်ကြပါသည်။

အမျိုးသားများသာမက အမျိုးသမီးကြီးငယ်အားလုံးကလည်း မဆုတ်မနစ်သောဇွဲသတ္တိများကို ထုတ်ဖော်ပြသခဲ့ကြပါသည်။ "ဇနီးသည်များသည် မိမိတို့ခင်ပါန်းများ၏ကပ်တိုင်နံဘေးတွင်ရပ်ကာ မီးအရှိန်ကိုကြံ့ကြံ့ခံနေသူခင်ပွန်းများအား နှစ်သိမ့်စကားများကိုပြောနေကြပါသည်။ ဆာလံသီချင်းများကိုဆိုပြီး အားပေးနေကြပါသည်။" "အမျိုးသမီးငယ်များသည် အိပ်ခန်းထဲသို့ဝင်၍ အိပ်သည့်အလား သင်္ချိုင်းဂူများထဲသို့ သွားရောက်အသေခံခဲ့ကြပါသည်။ မင်္ဂလာဆောင်သွားမည့်အလား ဝတ်ကောင်းစားလှဆင်မြန်းလျက် ကပ်တိုင်တက်ခဲ့ကြပါသည်။"

နှိပ်စက်ညှဉ်းပန်းခြင်းကြောင့် သမ္မာတရားကိုသက်သေခံမည့်သူ ဦးရေတိုးပွါးလာခဲ့ပါသည်။ ဧကရာဇ်မင်းသည် ရက်စက်သောနှိပ်စက်ညှဉ်းပန်းမှုများကို တစ်နှစ်ထက်တစ်နှစ်တိုး၍ လုပ်ဆောင်ခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ရာ ဧကရာဇ်ဝီလီယံ (William of Orange) သည် အဆုံးတွင် ဟော်လန်နိုင်ငံအား လွတ်လပ်စွာကိုးကွယ်ခွင့်ပေးလိုက်ပါသည်။

## ဒိန်းမတ်၌ပြုပြင်ပြောင်းလဲမှုများ

ကမ္ဘာ့မြောက်ဘက်ခြမ်းမှနိုင်ငံများတွင် ဧဝံဂေလိတရားတော်သည် အေးချမ်းစွာဖြင့် အမြစ်တွယ်နိုင်ခဲ့သည်။ ဝစ်တင်းဘတ်ကျောင်းထွက်များသည် လူးသာ၏သွန်သင်ချက်များကို မွေးရပ်မြေစကင်ဒီနေဗီးယားသို့ သယ်ဆောင်သွားခဲ့ကြသည်။ ထိုဒေသတွင် တရားတော်ပျံ့နှံ့ခဲ့ရာ အကြမ်းခံနိုင်သူ ထိုကမ္ဘာမြောက်ခြမ်းသားများသည် စာရိတ္တဖောက်ပြန်မှုနှင့် အယူသီးမှုများကိုစွန့်လွှတ်ကာ အမှန်တရားများကို ကြိုဆိုလက်ခံခဲ့ကြပါသည်။

ဒိန်းမတ်ဘာသာရေးပြုပြင်ပြောင်းလဲရေးသမား ထောဆင်သည် ငယ်ရွယ်စဉ်ကလေးဘဝမှာပင် ဉာဏ်ကောင်းသောကလေးတစ်ဦးဖြစ်ပြီး ရဟန်းမင်း၏ကျောင်းတွင် ကျောင်းနေခဲ့သူဖြစ်သည်။ စာမေးပွဲအမှတ်များက သူ့အား လူတော်တစ်ယောက်ဖြစ်ကြောင်း ထောက်ခံနေသဖြင့် အသင်းတော်တွင် နေရာကောင်းတစ်နေရာရနိုင်ဖို့ အာမခံချက်ရထားသူလည်းဖြစ်သည်။ ဘာသာရေးဖောက်ပြန်ရေးသမား၏ အန္တရာယ်နှင့်မကင်းသည့် ဝစ်တင်းဘတ်မှလွဲ၍ မည်သည့်ဂျာမနီ (သို့မဟုတ်) နယ်သာလင်တက္ကသိုလ်မှာမဆို အခမဲ့ပညာသင်ခွင့်ရရှိခဲ့သူလည်းဖြစ်သည်။

သို့ဖြင့် ထောဆင်သည် ရောမယုံကြည်ချက်၌ အမာခံနယ်တစ်နယ်ဖြစ်သော ကိုလုံးရှိ တက္ကသိုလ်သို့သွားရောက်ပညာသင်ယူခဲ့ပါသည်။

မကြာမီမှာပင် ထိုတက္ကသိုလ်တွင် ကျောင်းတက်ရသည်ကို သူစက်ဆုပ်လာခဲ့ပါသည်။ ထိုအချိန်တွင် လူးသာ၏စာများကို . . . .

သူဖတ်မိခဲ့ရာ အလွန်နှစ်သက်သည်ဖြစ်၍ လူးသာထံသွားကာ တပည့် ခံယူလိုလာပါသည်။

သို့ရာတွင် ထိုလုပ်ဆောင်လျှင် မစကြေးများကို ပြန်လည်ရုပ် သိမ်းသွားမည့်အန္တရာယ်ကလည်းရှိနေသေးသည်။ မကြာမီမှာ ဆုံး ဖြတ်ချက်တစ်ခုကိုသူချခဲ့ပြီး ဝစ်တင်းဘတ် တက္ကသိုလ်ကျောင်းသား တစ်ဦးဖြစ်လာခဲ့သည်။

ဒိန်းမတ်သို့ပြန်ရောက်သောအခါ သူသည် မိမိ၏လျှို့ဝှက်ချက် ကိုမဖော်ပြဘဲ မိတ်ဆွေများအား သာ၍စင်ကြယ်သောယုံကြည်ချက် များကိုသင်ကြားရန် ကြိုးစားခဲ့သည်။ သမ္မာကျမ်းစာကိုဖွင့်ကာ အပြစ်သားများ၏ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောမျှော် လင့်ချက်ဖြစ်သော ခရစ်တော်အကြောင်းကိုဟောကြားခဲ့သည်။ ရောမ အသင်းတော်ကိုကာကွယ်စောင့်ရှောက်မည့်သူဖြစ်လာလိမ့်မည်ဟု သူ့အပေါ် မျှော်လင့်ခဲ့သည့် ရဟန်းမင်းတို့အဖွဲ့က သူ့သတင်းကြောင့် အမျက်ထွက်ခဲ့ကြပါသည်။

ထိုကြောင့် သူသည် မိမိနေထိုင်ရာသာသနာ့အဆောက်အ ဦးတစ်ခုမှ အခြားတစ်ခုသို့ပြောင်း ရွှေ့နေထိုင်ပြီး အခန်းအောင်းနေခဲ့ ပါသည်။

ထောဆင်သည် ထိုအခန်းကလေးမှနေ၍သမ္မာတရားသ တင်းစကားများကို ထိုအသင်းတော်က ကျွမ်း ကျင်စွာကိုင်တွယ်တတ်ခဲ့ မည်ဆိုလျှင် ထောဆင်၏အသံကိုမည့် သို့အခါမျှ ကြားခွင့်ရကြတော့ မည်မဟုတ်ချေ။ သို့သော် ထောဆင်ကို မြေအောက်အချုပ်ခန်းတွင် ဖမ်းထားရမည့်အစား ရဟန်းကျောင်းမှ သူတို့နှင်ထုတ်ခဲ့ကြသည်။

လောလောဆယ်ထုတ်ပြန်လိုက်သော ဘုရင့်အမိန့်အရ ထိုယုံကြည်ချက်အသစ်ကို သွန်သင်သူများအား အကာအကွယ်. . .

ပေးထားပြန်ရာ ဘုရားကျောင်းများကို တစ်ဖန်ဖွင့်ကြကာ တရားဟော ကြသဖြင့် လူများစွာတို့ တရားနာခွင့်ရကြပြန်သည်။ ဒိန်းမတ်ဘာ သာဖြင့် ပုံနှိပ်သော ဓမ္မသစ်ကျမ်းကိုလည်း ကျယ်ပြန့်စွာဖြန့်ဝေခဲ့ကြ ပါသည်။ ထိုသို့ ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် အမှုတော်သည် တိုးတက်ကြီးပွားလာကာ ဒိန်းမတ်နိုင်ငံသည်လည်း ဘာသာရေးပြုပြင် ပြောင်းလဲရေးအဖွဲ့၏ ယုံကြည်ချက်များကိုလက်ခံကြောင်း ကြေညာ ခဲ့ပါသည်။

## ဆွီဒင်၌အမှုတော်ကြီးပွားတိုးတက်လာခြင်း

ဝစ်တင်းဘတ်ကျောင်းထွက်တချို့က ဆွီဒင်ရှိရောင်းရင်းများ အတွက် အသက်စမ်းရေကိုသယ်ဆောင်ခဲ့ကြပါသည်။ ဆွီဒင် မှပြုပြင်ပြောင်းလဲရေးခေါင်းဆောင်နှစ်ဦးဖြစ်သော အိုလာနှင့် လော် ရင်းတီးယပ်ပက်ထရီတို့သည် လူးသာနှင့် မက္ကလန်သန်တို့လက် အောက်တွင် လေ့လာခဲ့ကြပါသည်။ အိုလာသည် လူးသာကဲ့သို့ စကား ပြောကောင်းကောင်းဖြင့် လူအများကိုဆွဲဆောင်နိုင်သလို လော်ရင်းတီး ယပ်သည်လည်း မက္ကလန်သန်ကဲ့သို့ အတွေးအခေါ်ကောင်း၍ တည်ငြိမ်သူတစ်ဦးဖြစ်သည်။ သူတို့နှစ်ယောက်စလုံးသည် မလျော့ သောဇွဲသတ္တိဖြင့်ပြည့်စုံသူများဖြစ်ကြသည်။ ကာတိုလိတ်ဂိုဏ်းချုပ် များက မသိနားမလည်သည့် အယူသီးပုဂ္ဂိုလ်များအား ဆွပေးမှုကြောင့် အိုလာသည် အကြိမ်ပေါင်းများစွာ အသက်အန္တရာယ်နှင့်ရင် ဆိုင်ခဲ့ရ ပါသည်။ သို့ရာတွင် ရောမကိုတိုက်လှန်နေသူများကို ကြိုဆိုကာ

ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းအပေါ် အကာအကွယ်ပေးရန် ဆုံးဖြတ်ထားသည့်ထိုဘုရင်က အိုလာတို့အား စောင့်ရှောက်ခဲ့ပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ယုံကြည်ချက်များကို ကာကွယ်နိုင်စွမ်းရှိသောအိုလာသည် ဆွီဒင်ဘုရင်နှင့် နိုင်ငံခေါင်းဆောင်များရှေ့မှောက်မှာပင် “ ဘိုးဘေးတို့ရဲ့သွန်သင်ချက်တွေဟာ ကျမ်းစာနဲ့ကိုက်ညီရင် ကျွန်ုပ်တို့လက်ခံကြရမယ်။ ယုံကြည်ခြင်းနဲ့ဆိုင်သည့်အရေးပါတဲ့သွန်သင်ချက်တွေကို လူတိုင်းနားလည်နိုင်အောင် ကျမ်းစာထဲမှာ ရှင်းရှင်းကလေးဖော်ပြထားတယ်”ဟု ဖွင့်ဆိုခဲ့ပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများသည် မည်သည့်လူစားများဖြစ်ကြောင်းကို ဤအချက်က ကျွန်ုပ်တို့အားထင်ရှားစေပါသည်။ ထိုသူများသည် ပညာမဲ့များမဟုတ်ကြပါ။ ဂိုဏ်းဂဏအစွဲကြီးသူများမဟုတ်ကြပါ။ အငြင်းသန်သူများလည်းမဟုတ်ကြပါ။ သူတို့သည် နှုတ်ပါပတ်တော်ကိုလေ့လာပြီး သမ္မာကျမ်းစာက ပေးအပ်သည့် လက်နက်အစုံကို တပ်ဆင်အသုံးပြုတတ်သူများဖြစ်ကြပါသည်။ ရောမအသင်းတော်မှအာဏာပိုင်များနှင့် ရောမအသင်းတော်ကျောင်းများမှ စကားဖန်ထိုးတတ်သူများအပေါ် အေးအေးဆေးဆေးအောင်ပွဲဆင်ခဲ့သူများလည်းဖြစ်ကြပါသည်။

ဆွီဒင်ဘုရင်သည် ပရိုတက်စင့်ယုံကြည်ချက်များကို လက်ခံခဲ့ပြီး ဆွီဒင်လွှတ်တော်ကလည်းထောက်ခံကြောင်းကြေညာခဲ့သည်။ ထိုညီအစ်ကိုနှစ်ယောက်သည် ဘုရင်၏ဆန္ဒအရ သမ္မာကျမ်းစာကို ဆွီဒင်ဘာသာဖြင့် ဘာသာပြန်ဆိုခဲ့သည်။ တရားဟောဆရာများသည် သမ္မာကျမ်းစာကို ရှင်းလင်းတင်ပြရန်နှင့် ကျောင်းများတွင် ကျမ်းစာကိုသင်ပေးရန် တစ်နိုင်ငံလုံးသို့လွှတ်တော်က အမိန့်ထုတ်ခဲ့သည်။

ထိုနိုင်ငံသည် ရောမအသင်းတော်၏နှောက်ယှက်မှုများ မခံရသဖြင့် တစ်ခါမှမရခဲ့ဖူးသောအောင်မြင်မှုများကို ရရှိခဲ့ပါသည်။ တစ်ရာစုအကြာတွင် ဥရောပမှ တစ်နိုင်ငံတည်းသောအကူအညီပေးရဲသူထိုနိုင်ငံကလေးသည် အနှစ်(၃၀)ကြာစစ်ပွဲတွင် ရုန်းကန်နေရသည့်ဂျာမနီပြည်ကိုကယ်ဆယ်ခဲ့ပါသည်။ ဥရောပမြောက်ပိုင်းရှိ နိုင်ငံအားလုံးသည် ရောမအသင်းတော်၏ရက်စက်မှုအောက်တွင် ကျရောက်တော့မည့်ပုံပေါ်နေပါသည်။ ပရိုတက်စတင့်များအား ဘာသာရေးလွတ်လပ်ခွင့်ရရန်နှင့် ပြုပြင်ပြောင်းလဲရေးကို လက်ခံခဲ့ပြီးသည့်နိုင်ငံများမှာ ဩတ္တပ္ပစိတ်လွတ်လပ်ခွင့်ပြန်လည်ရရှိစေရန် ဆွီဒင်စစ်သားများက ဂျာမနီကိုကူညီနိုင်ခဲ့ကြပါသည်။

-----ooo-----

# အခန်း (၁၄)
# ဗြိတိန်သို့အမှန်တရားရောက်ရှိလာခြင်း

ပိတ်ထားသောကျမ်းစာကို ဂျာမာန်လူမျိုးများအား လူးသာ ဖွင့်ပြဟောကြားနေချိန်တွင် အင်္ဂလန်တွင် ထိုကဲ့သို့လုပ်ဆောင်ရန် တိုင်ဒေးအား ဝိညာဉ်တော်ကပဲ့ပြင်ခဲ့ပါသည်။ လက်တင်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဝစ်ကလစ်ပြန်ဆိုခဲ့သော ကျမ်းစာရှိထားနှင့် ပြီး ဖြစ်သော်လည်း အမှားအယွင်းများစွာပါဝင်နေပါသည်။ လက်ရေးဖြင့် ရေးသားရသောစာအုပ်တစ်အုပ်၏တန်ဖိုးသည်လည်း ကြီးလှသည်ဖြစ် ရာ အရေအတွက်အနည်းငယ်ကိုသာ ဖြန့်ချိနိုင်ခဲ့သည်။

၁၅၁၆ခုနှစ်တွင် ဓမ္မသစ်ကျမ်းကို မူရင်းဂရိဘာသာဖြင့် ပုံနှိပ်ခဲ့ သည်။ ယခင်စာအုပ်မှအမှားများကို ပြင်ဆင်ခဲ့ပြီးဖြစ်ရာ အဓိပ္ပါယ်ကို ပို၍ရှင်းလင်းစွာနားလည်လာနိုင်ပါသည်။ ထိုကျမ်းကြောင့် ပညာရှိ အများ ကျမ်းစာကိုပို၍သိရှိလာပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အတွက် ပို၍အရှိန်ရစေခဲ့ပါသည်။ သို့ရာတွင် သာမန်လူတန်းစားများမှ လူအတော်များများသည် နှုတ်ကပါတ်တော်ဖတ်ဖို့ အခွင့်အရေးဆုံး ရှုံးဆဲဖြစ်ပါသည်။ သို့ဖြင့် တိုင်ဒေးသည် မိမိလူမျိုးများအတွက် ဝစ်ကလစ်အစပျိုးခဲ့သောအလုပ်ကို အဆုံးသတ်ပေးခဲ့ပါသည်။

သူသည် အကြောက်အရွံ့ကင်းစွာဖြင့် မိမိ၏ယုံကြည်ချက်များ ကိုဟောကြားခဲ့ပါသည်။ အသင်းတော်သည် သမ္မာကျမ်းစာကို ပေးထားခဲ့ပြီး ထိုကျမ်းစာကို အသင်းတော်ကသာ ရှင်းပြနိုင်စွမ်းရှိ သည်ဟု ရဟန်းမင်းအဖွဲ့မှ ဟစ်ကြွေးခဲ့သော်လည်း တိုင်ဒေးက. . . .

"တို့ကို ကျမ်းစာပေးဖို့နေနေသာသာ ကျမ်းစာကိုတို့မတွေ့အောင် ဝှက်တောင်ထားတဲ့လူတွေဟာ မင်းတို့ပဲ၊ ကျမ်းစာကိုသွန်သင်တဲ့ လူတွေကို မီးရှို့သတ်တာလည်း မင်းတို့ပဲ၊ ဖြစ်နိုင်ရင် ကျမ်းစာကိုတောင် မင်းတို့မီးရှို့ပစ်ဦးမယ်"ဟု တုံ့ပြန်ခဲ့သည်။

တိုင်ဒေး၏တရားဟောချက်များသည် လူအများအား စိတ်ဝင်စားစေခဲ့ပါသည်။ သို့သော် ထိုအသင်းတော်က ၎င်း၏လုပ်ဆောင်ချက်များကို ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့သည်။ "ကျွန်ုပ်ဘာလုပ်ရမလဲ၊ ကျွန်တော်ဟာ နေရာတိုင်းကိုမရောက်နိုင်ဘူးဆိုတော့ ကျမ်းစာသာခရစ်ယာန်များရဲ့လက်ထဲရောက်သွားခဲ့ရင် စကားဖန်ထိုးသူများရန်မှ ကင်းဝေးနိုင်ကြလိမ့်မယ်။ အသင်းသားများအနေနဲ့ ကျမ်းစာမရှိရင်တော့ အမှန်တရားမှာတည်ဆောက်ဖို့ခက်မယ"ဟု သူကြွေးကြော်ခဲ့သည်။

သူ့စိတ်ထဲတွင်ပေါ်လာသော နောက်အကြံသစ်တစ်ခုမှာ "အင်္ဂလိပ်ဘာသာစကားနဲ့ ကျွန်ုပ်တို့အလယ်မှာ ဧဝံဂေလိတရားတော်ကို မဟောကြားကြတော့ဘူးလား။ အသင်းတော်ဟာ အရုဏ်ဦးအချိန်မှာထက် မွန်းတည့်ချိန်မှာ ပိုပြီးမှိန်တဲ့အလင်းကို ရသင့်နေသလား။ ခရစ်ယာန်များဟာ မိမိတို့ရဲ့ဘာသာစကားနဲ့ရေးထားတဲ့ဓမ္မသစ်ကျမ်းစာကိုဖတ်ရမယ်"ဟူ၍ဖြစ်၏။

သူနှင့်အငြင်းအခုံဖြစ်နေသော ကာတိုလိတ်ပညာတတ်တစ်ဦးက "ကျွန်ုပ်တို့မှာ ဘုရားသခင်ရဲ့ပညတ်မရှိရင်တော်သေးတယ်။ ရဟန်းမင်းရဲ့ပညတ်မရှိရင်မဖြစ်ဘူး" ဟုဆိုလိုက်ရာ တိုင်ဒေးက "ရဟန်းမင်းနဲ့တကွ သူ့ရဲ့ပညတ်တွေကိုငါလက်မခံဘူး။ ဘုရားသခင်ကသာ ငါ့ကို အသက်ရှင်ခွင့်ပေးမယ်ဆိုရင် လယ်သမားကလေး . . .

တစ်ယောက်ကို ကျမ်းစာနားလည်လာအောင်မင်းတို့လုပ်နိုင်တာထက် ငါပိုပြီးလုပ်ပြမယ်”ဟု တုံ့ပြန်ခဲ့သည်။

## ဓမ္မသစ်ကျမ်းကို တိုင်ဒေးဘာသာပြန်ဆိုခြင်း

နှိပ်စက်ညှဉ်းပန်းခြင်းခံရသဖြင့် အိမ်မှထွက်ပြေးလာသော တိုင်ဒေးသည် လန်ဒန်တွင်အနှောင့်အယှက်ကင်းစွာ အခိုက်အတန့်အားဖြင့် အမှုတော်ဆောင်နိုင်ခဲ့ပါသည်။ သို့ရာတွင် ရဟန်းမင်းက သူ့အား တစ်ဖန်ထွက်ပြေးစေပြန်ရာ အင်္ဂလန်တွင် သူ့အားကြိုဆိုလက်ခံမည့်သူမရှိသယောင်ဖြစ်နေပါသည်။ သို့နှင့် ဂျာမနီသို့သွားကာ ဓမ္မသစ်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ရာမြို့တစ်မြို့တွင် အတားခံရလျှင် အခြားတစ်မြို့သို့သွားကာ ဆက်လက်ပုံနှိပ်ခဲ့ပါသည်။ နောက်ဆုံးတွင် လွန်ခဲ့သည့်နှစ်အနည်းငယ်က လူသာတော်ရှေ့မှောက်တွင် သမ္မာတရားကို လူးသာအကာအကွယ်ပြုခဲ့သည့်နေရာဖြစ်သော ဝမ်းစ်မြို့သို့ သူရောက်သွားခဲ့ပါသည်။ ထိုမြို့တွင် ပြုပြင်ပြောင်းလဲရေးသမားမိတ်ဆွေများစွာနှင့်တွေ့ဆုံကာ ဓမ္မသစ်ကျမ်းစာအုပ်ပေါင်း (၃၀၀၀)ကို ပြီးစီးအောင်လုပ်ဆောင်ခဲ့သည့်ပြင် နောက်ထပ် ပုံနှိပ်ထုတ်ဝေမှုတစ်ခုကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါသည်။

နှုတ်ကပါတ်တော်သည် လန်ဒန်သို့ လျှို့ဝှက်စွာရောက်ရှိလာပြီး တိုင်းပြည်အနှံ့ ပျံ့နှံ့သွားခဲ့ပါသည်။ ရဟန်းမင်းအဖွဲ့က မပျံ့နှံ့အောင် တားဆီးခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့သည်။

ဒါဟန်မြို့မှ ဂိုဏ်း အုပ်ကြီးသည် အမှုတော်ကို အဟန့်အတားပြုရန် ရည်ရွယ်ချက်ဖြင့် မီးရှို့ဖျက်ဆီးပစ်ရန် ဓမ္မာစာပေအမှုဆောင်တစ်ဦးထံမှ ..............................

သမ္မာကျမ်းစာအားလုံးကို ဝယ်ယူခဲ့သည်။ သို့ရာတွင် ထိုရောင်းရငွေဖြင့် ပို၍ကောင်းသော ပုံနှိပ်ထုတ်ဝေမှုများကိုလုပ်ဆောင်နိုင်ခဲ့ပါသည်။ တိုင်ဒေးသည် နောက်ပိုင်းတွင် အဖမ်းခံရရာ သူ၏ကျမ်းစာများကိုပုံနှိပ်ထုတ်ဝေနိုင်ရန် ကုန်ကျငွေများကို ကျခံပေးသူများ၏အမည်များကို ထုတ်ဖော်ပေးလျှင် ထောင်မှလွတ်ပေးမည်ဟု ထိုအသင်းတော်က ညှိနှိုင်းခဲ့ပါသည်။ လက်ကျန်စာအုပ်တွေကို ဈေးကြီးပေးပြီး ဝယ်သည့် ဒါဟန်ဂိုဏ်းအုပ်သည် သူများတကာထက်ပိုပြီး ထောက်ပံ့ခဲ့သူဖြစ်သည်ဟု သူတုံ့ပြန်ခဲ့သည်။

နောက်ဆုံးတွင် တိုင်ဒေးသည် မိမိ၏ယုံကြည်ခြင်းအတွက် အသက်ပေးသွားခဲ့သည်။ သို့ရာတွင် သူပြင်ဆင်ပေးခဲ့သည့်သမ္မာတရားလက်နက်မှာမူ ခေတ်အဆက်ဆက် (ကျွန်ုပ်တို့ခေတ်တိုင်အောင်) အမှန်တရားအတွက် တိုက်ပွဲဝင်သူများအား များစွာအထောက်အကူပြုနေဆဲဖြစ်သည်။

လာတီမာသည် သမ္မာကျမ်းစာကို တိုင်းရင်းသားဘာသာစကားဖြင့် လေ့လာသင့်သည်ဟု တရားဟောစင်မြင့်ထက်မှ ဟောကြားခဲ့သည်။ "သူတစ်ပါးပြောစကားများကိုလက်မခံဘဲ နှုတ်ကပါတ်တော်ကသာလမ်းညွှန်ပါစေ။ ဘိုးဘေးများလုပ်ခဲ့တဲ့အတိုင်း လိုက်မလုပ်ကြပါနဲ့"ဟု လာတီမာအားပေးခဲ့သည်။

ဘန်းစ်၊ ဖရိုင်၊ ရစ်ဒလေးနှင့် ကရင်းမားစသည့် အင်္ဂလိပ်ပြုပြင်ရေးသမားများသည် ပညာတတ်များဖြစ်ရုံမက ရောမအသင်းတော်အဖွဲ့အစည်း၏လေးစားခြင်းခံရသူများဖြစ်ကြသည်။ သူတို့သည် "ဟိုးလီးဆီး" လုပ်ဆောင်သည့် အမှားအယွင်းများကိုသိလာသောကြောင့် ရဟန်းမင်းအဖွဲ့အား ဆန့်ကျင်လာခြင်းဖြစ်သည်။

## အများအယွင်းကင်းသည့် သမ္မာကျမ်းစာ

ဝေါလ်ဒင်းဆီးမှစ၍ ဝစ်ကလစ်၊ ဟပ်စ်၊ လူးသာ၊ ဇွင်းကလိ အစရှိသည့် ပြောင်းလဲရေးသမားများအဆုံး ပြုပြင်ပြောင်းလဲရေးသမား အားလုံးက ယုံကြည်လက်ခံထားသော အဓိကအချက်တစ်ခုမှာ သမ္မာကျမ်းစာ၌အများအယွင်းကင်းခြင်းပင်ဖြစ်သည်။ သူတို့သည် မည်သည့် ယုံကြည်ချက်၊ ဖွင့်ဆိုချက်မဆို သမ္မာကျမ်းစာနှင့်သာတိုက်ဆိုင်စစ်ဆေးသည့် နှုတ်ကပါတ်တော်အပေါ် ယုံကြည်သောစိတ်ကြောင့် ထိုသန့်ရှင်းသူများသည် ကပ်တိုင်ပေါ်တွင် အသက်ပေးရဲကြသည်။ "ကျေနပ်ပါညီအစ်ကိုတို့၊ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ဖယောင်းတိုင်တစ်တိုင်လို အင်္ဂလန်မှာ ယနေ့ တို့ထွန်းလင်းကြရတယ်။ ကျွန်ုပ်ရဲ့ယုံကြည်ကိုးစားမှုကတော့ ဘယ်တော့မှငြိမ်းသတ်လို့ရမှာမဟုတ်ပါဘူး"ဟု မီးရှို့ကွပ်မျက်ခြင်းခံရသည့် ညီအစ်ကိုများအား လာတီဗာအားပေးခဲ့သည်။

အင်္ဂလန်ရှိ ပရိုတက်စတင့်အသင်းတော်များက ရောမထံတွင် အညံ့ခံပြီးသည့်နောက် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် စကော့တလန်ပရိုတက်စတင့်အသင်းတော်များမှာ အနှောင့်အယှက်ကင်းစွာဖြင့် ဝတ်ပြုကိုးကွယ်နိုင်ခဲ့ကြသည်။ ၁၂ရာစုနှစ်တွင်မူ ရဟန်းမင်း၏အုပ်ချုပ်မှုကို စကော့တလန်တွင်တည်ဆောက်ခဲ့ရာ စကော့တလန်ထက် ဝိညာဉ်ရေးမှောင်မိုက်ကျသည့်နိုင်ငံမရှိတော့ချေ။

သို့ရာတွင် အမှောင်ထုကိုဖြိုခွင်းသည့် အလင်းရောင်ရေးရေးကလေးတော့ကျန်ရှိ နေပေသေးသည်။ သမ္မာကျမ်းစာနှင့် ဝစ်ကလစ်၏စာပေများကိုယူဆောင်ပြီး အင်္ဂလန်မှလာသော လိုးလတ်များ (Lollards)..........................................................................

သည် ဧဝံဂေလိတရားအသိကို များစွာအဓွန့်ရှည်စေခဲ့ပါသည်။ ဘာသာရေးပြုပြင်ပြောင်းလဲရေးအစပျိုးလာသည်နှင့်အမျှ လူးသာ၏စာပေများနှင့် တိုင်ဒေး၏ဓမ္မသစ်ကျမ်းစာအုပ်များလည်း ရောက်လာပါတော့သည်။ အနှစ်လေးရာလောက်နှိပ်ကွပ်ခြင်းခံရသဖြင့် ငြိမ်းသေလုနီးနီးဖြစ်နေသော သမ္မာတရားအလင်းကို အသစ်သောအသက်တာများ၌ ထွန်းညှိရင်းတောတောင်လျှိုမြောင်များပါမကျန် ထိုစာပေများက အသံတိတ်အလုပ်လုပ်ခဲ့ကြပါသည်။

ထိုနောက် ရဟန်းမင်း၏ခေါင်းဆောင်များသည် အန္တရာယ်ကို ရုတ်တရက်သိမြင်လာကာ စကော့တလန်မှလူကြီးလူကောင်းများ၏ သားများမှ တချို့ကိုကွပ်မျက်လိုက်ကြပါသည်။ စကော့တလန်တစ်နိုင်ငံလုံး တွင်တွေ့နေရသော ထိုမြင်ကွင်းများကြောင့် လူအပေါင်းတို့သည် ရောမ၏အနှောင်အဖွဲ့မှရုန်းထွက်ရမည်ဟူသော ထာဝရတည်မြဲသည့် အသိကို ခံစားလာရပါသည်။

## ဂျွန်နောက်စ်

ဟာမီတန်နှင့် ဝစ်ဟတ်တို့သည် အခြားယုံကြည်သူတပည့်တော်များနည်းတူ ကပ်တိုင်တွင်အသက်ပေးခဲ့ကြပါသည်။ သို့ရာတွင် ဝစ်ဟတ်၏မီးပုံမှမီးအားဖြင့် နှုတ်ပိတ်ခြင်းငှါ မစွမ်းနိုင်သည့် ပုဂ္ဂိုလ်တစ်ယောက်ထွန်းခဲ့ပါသည်။ ထိုသူမှာ ဂျွန်နောက်စ်ဖြစ်ပြီး ဘုရားသခင်၏လမ်းပြမှုအောက်တွင် စကော့တလန်ရှိရဟန်းမင်းအဖွဲ့နှင့် အသေအကြေတိုက်ပွဲဝင်မည့်သူဖြစ်သည်။

ဂျွန်နောက်စ်သည် ရိုးရာဓလေ့များကို ကျော်ခိုင်းကာ နှုတ်ကပါတ်တော်မှအမှန်တရားများကို မှီဝဲလာပါသည်။ ဝစ်စတ်၏

သွန်သင်ချက်များကြောင့် ရောမကိုကျောခိုင်းကာ ဒုက္ခသည်ပြုပြင်ပြောင်းလဲရေးသမားများနှင့်ပူးပေါင်းရန် သူဆုံးဖြတ်ချက်ချခဲ့ပါသည်။

တရားဟောပေးရန် မိတ်ဆွေများကတိုက်တွန်းသော်လည်း ထိုတာဝန်ကိုထမ်းဆောင်ရန် ရွံ့တွန့်တွန့်ဖြစ်နေပါသည်။ ရက်ပေါင်းများစွာချီတုံချတုံဖြစ်နေခဲ့ပြီးနောက် သူသဘောတူခဲ့ပါသည်။ စိတ်ရင်းမှန်သောထိုသူသည် တစ်ခါတရားဟောပြီးသည်နှင့် မည်သူ့မျက်နှာကိုမှမထောက်တော့ဘဲ မလျော့သောဇွဲသတ္တိဖြင့် ဆက်တိုက်ဟောကြားပါတော့သည်။ စကော့တလန်ဘုရင်မနှင့် မျက်နှာချင်းရင်ဆိုင်ရသောအချိန်တွင်လည်း ချော့လို့မပျော့သလို ခြောက်လို့မကြောက်ခဲ့သူတစ်ဦးဖြစ်သည်။ နိုင်ငံတော်မှတားမြစ်ထားသည့် အယူဝါဒတစ်ခုကိုလက်ခံရန် သွန်သင်ခဲ့သည့်အတွက် အစိုးရမင်းများ၏အုပ်စိုးခြင်းကိုဝန်ခံရမည်ဆိုသည့် ဘုရားသခင်၏ပညတ်တော်ကို ဂျွန်နောက်စ်ချိုးဖောက်ပြီဟု ထိုဘုရင်မကဆိုပါသည်။ ထိုအခါ ဂျွန်နောက်စ်က "အာဗြဟံရဲ့သားသမီးတွေဟာ ဖာရောဘုရင်ရဲ့အယူဝါဒကိုလက်ခံမယ်ဆိုရင် ထိုသူတွေဟာ ဘယ်သူ့ကိုဝန်ခံသူတွေဖြစ်လာကြမလဲ။ ကမ္ဘာပေါ်မှာကော ဘယ်အယူဝါဒကလွှမ်းမိုးနေသလဲ။ ဘုရင်မကြီးခင်ဗျား၊ တမန်တော်ခေတ်တုန်းက လူသားတွေဟာ ရောမနိုင်ငံရဲ့အယူဝါဒကိုလက်ခံမယ်ဆိုရင် ထိုအချိန်တုန်းက ဘယ်ဘာသာအယူဝါဒက ကမ္ဘာကြီးကို လွှမ်းမိုးသွားပါမလဲခင်ဗျား" ဟု ခိုင်မာစွာတုံ့ပြန်အဖြေပေးခဲ့ပါသည်။

ထိုအခါ ဘုရင်မကြီးမေရီက "သင်က သမ္မာကျမ်းစာကိုတစ်မျိုးအနက်ဖွင့်တယ်။ သူတို့က (ရောမအသင်းတော်) တစ်မျိုးအနက်ဖွင့်တယ်။ တို့က ဘယ်သူ့ကိုယုံရမလဲ။ ဘယ်သူကမှန်တယ်လို့ ဘယ်သူ့ကိုဆုံးဖြတ်ခိုင်းရမလဲ" ဟုမေးလာရာ. . . . . . . . . . . .

"သင်သည် ဘုရားသခင်ကိုယုံရမည်လို့ ကျမ်းစာထဲမှာ ရှင်းရှင်းကလေးဖွင့်ဆိုထားပါတယ်။" "နှုတ်ကပါတ်တော်ဟာ ရိုးရိုးရှင်းရှင်းလေးပါ။ တစ်နေရာမှာဖော်ပြထားတာ မထင်ရှားရင်တောင်မှ ထိုကျမ်းချက်ကို တစ်နေရာမှာရှေ့နောက်ညီညွတ်တဲ့ဝိညာဉ်တော်ဘုရားသခင်က သေချာစွာရှင်းပြထားပါတယ်"ဟု ဂွန်နောက်စ်အဖြေပေးခဲ့ပါသည်။

အကြောက်အရွံ့ကင်းသော ထိုပြုပြင်ပြောင်းလဲရေးသမားသည် အသက်အန္တရာယ်ကိုစိုးရိမ်ရလင့်ကစား မဆုတ်မနစ်သောဇွဲသတ္တိဖြင့် စကော့တလန်အား ရဟန်းမင်း၏ဩဇာရိပ်မှ လွတ်မြောက်သည်အထိ သဘောထားမပြောင်းလဲ လုပ်ဆောင်ခဲ့သည်။

အင်္ဂလန်တွင် ပရိုတက်စတင့်ခရစ်ယာန်အယူဝါဒကို နိုင်ငံတော်ဘာသာအဖြစ် တည်ထောင်လိုက်ခြင်းကြောင့် နှိပ်စက်ညှဉ်းပန်းမှုများကို လုံးလုံးရပ်မသွားစေကာမူ နည်းပါးမှုတော့ရှိသွားပါသည်။ ရောမ၏လုပ်နည်းလုပ်ဟန်နှင့်တကွ ရဟန်းမင်း၏ကြီးစိုးမှုကို ငြင်းပယ်ခဲ့ကြသော်လည်း ၎င်း၏နေရာတွင် အသင်းတော်၏ခေါင်းဆောင်အဖြစ် ရှင်ဘုရင်ကတာဝန်ယူလာသဖြင့် ဧဝံဂေလိတရားတော်၏စင်ကြယ်မှုများ အကြီးအကျယ်ပျက်စီးလာပါသည်။

ဘာသာရေးလွတ် လပ်ခွင့်ဆိုသည်ကို နားမလည်နိုင်အောင်ဖြစ်နေသေးသည့် ရောမကအသုံးပြုခဲ့သည့်ရက်စက်မှုများကို ပရိုတက်စတင့်ဘုရင်များကပင် ပြန်လည်အသုံးပြုလာကြရာ ဩတ္တပ္ပစိတ်၏လှုံ့ဆော်မှုနှင့်အညီ ဘုရားသခင်ကိုကိုးကွယ်ဝတ်ပြုခွင့်များကို အသိအမှတ်မပြုခဲ့ကြချေ။ ရှင်ဘုရင်နှင့် သဘောထားချင်း မတိုက်ဆိုင်သူများသည် နှစ်ပေါင်းများစွာ နှိပ်စက်မှုများကိုခံစားခဲ့ကြရသည်။

## တရားဟောဆရာများကိုနှင်ထုတ်ခြင်း

၁၇ရာစုတွင် ထောင်နှင့်ချီသောတရားဟောဆရာများကို အင်္ဂလန်မှနှင်ထုတ်လိုက်ပြီး ရဟန်းမင်း၏အသင်းတော်ခွင့်ပြုချက်ဖြင့် ကျင်းပသောဝတ်ပြုပွဲမှလွဲ၍ မည်သည့်ဘာသာရေးဝတ်ပြုပွဲများကိုမှ မတက်ကြရန် တားမြစ်လိုက်သည်။ ထိုကြောင့် ဘုရားသခင်၏ အနှိပ်စက်ခံသားသမီးများသည် တောနက်ကြီးများတွင်တဲထိုးကာ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းဆိုင်ရာအစည်းအဝေးများကို ကျင်းပကြရသည်။ မိမိတို့၏ယုံကြည်ခြင်းကြောင့်လူများစွာတို့သည် ဒုက္ခဆင်းရဲခြင်းနှင့်ရင်ဆိုင်ခဲ့ရသည်။ အကျဉ်းထောင်များ၌လူစည်ကားနေပြီး မိသားစုများလည်း အကွဲကွဲအပြားပြားဖြစ်ကုန်ကြရသည်။ သို့စေကာမူ နှိပ်စက်ညှဉ်းပန်းခြင်းအားဖြင့် သက်သေခံကြရသည်။ သို့စေကာမူ နှိပ်စက်ညှဉ်းပန်းခြင်းအားဖြင့် သက်သေခံနေသော ပါးစပ်များကို မပိတ်နိုင်ခဲ့ချေ။ လူများစွာတို့သည် သမုဒ္ဒရာကြီးကိုဖြတ်ကျော်ကာ အမေရိကန်သို့အရောက်သွားပြီး နိုင်ငံရေးနှင့်ဘာသာရေး လွတ်လပ်မှုအတွက် အခြေခံအုပ်မြစ်များကိုချခဲ့ကြသည်။

ဂျွန်ဆန်းယန်းသည် ရာဇဝတ်သားများနှင့်အတူ အကျဉ်းကျနေစဉ် ကောင်းကင်နိုင်ငံရန့်များကိုရှူရှိုက်ကာ အဖျက်ကမ္ဘာမှ ကောင်းကင်ရွှေမြို့တော်သို့သွားသည့် ဘုရားဖူးခရီးစဉ်တစ်ခုအကြောင်းကို (Pligrim's Progress and Grace Abounding to the Chief of Sinners) အမည်ဖြင့် အံ့သြဖွယ်သီကုံးမှုများဖြင့် ရေးသားထုတ်ဝေခဲ့ရာ လူများစွာတို့သည် အသက်ရှင်ရာလမ်းပေါ်သို့ ရောက်လာခဲ့ကြပါသည်။

ဝိညာဉ်ရေးအမှောင်ထုကျရောက်နေသောအချိန်တွင် ဝိုက်ဖီးလ်နှင့် ဝက်စလေတို့သည် အလင်းဆောင်သူများအဖြစ် ပေါ်ထွန်းလာကြပါသည်။ ဖွဲ့စည်းထားသောအသင်းတော်များရှိ အသင်းသားများ၏ဝိညာဉ်ရေးအခြေအနေသည် သာသနာပလူများနှင့်ခွဲခြားဖို့ခက်လောက်အောင် လျော့ရဲနေပါသည်။ ချမ်းသာသောလူတန်းစားများက ဘုရားတရားရှိခြင်းကို ပြက်ရယ်ပြုကြသည်။ ဆင်းရဲသားလူတန်းစားများမှာမူ ဒုစရိုက်များကိုကြိုက် သလိုကျူးလွန်နေကြသည်။ အမှန်တရားဘက်တွင်ရပ်တည်မှုအားနည်းနေသည်ကို ထောက်မရန်အတွက် အသင်းတော်၌ ရဲစွမ်းသတ္တိမရှိပါ။ ယုံကြည်ခြင်းလည်းကင်းမဲ့နေပါသည်။

## ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း

လူးသာရှင်းလင်းစွာသွန်သင်ခဲ့သော ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်ဆိုသည့် မဟာယုံကြည်ချက်ကို လုံးလုံးကြီးမျက်ခြည်ပြတ်လုနီးပါးဖြစ်နေချေပြီ။ အကျင့်အားဖြင့် ကယ်တင်ခြင်းသို့ရောက်၏ဆိုသည့် ရောမအသင်းတော်၏နိယာမသည် အစားထိုးနေရာယူထားပါပြီ။ ဘုရားသခင်၏အလိုတော်အတိုင်း အသက်ရှင်ရန် ရိုးရိုးသားသားကြိုးစားနေကြသော ဝိုက်ဖီးလ်နှင့် ဝက်စလေတို့သည်လည်း အကျင့်သီလများ၊ ဘာသာရေးပွဲနေ့အခမ်းအနားများကို စောင့်ရှောက်ခြင်းအားဖြင့် ကယ်တင်ခြင်းကိုရနိုင်သည်ဟု သွန်သင်ခံခဲ့ကြရပါသည်။

တစ်ခါတွင် ချားစ်ဝက်စလေသည် သေလုမျောပါးဖျားနာနေစဉ် ကယ်တင်ခြင်းအတွက် မည်သို့မျှော်လင့်ချက်ထားကြောင်း. . . .

မေးကြည့်ရာ "ကျွန်ုပ်ဟာ ဘုရားသခင်တွက် အကောင်းဆုံးကြိုးစား လုပ်ဆောင်ပြီးပြီ"ဟု အဖြေပေးသည်ကို မိတ်ဆွေများက ထိုအဖြေ အပေါ်ကျေနပ်ပုံမပေါ်ကြောင်းပြသောအခါ ဝက်စလေက "ဘာ၊ ကိုယ်တော်က ကျွန်ုပ်ရဲ့ကြိုးစားခဲ့မှုတွေကို အရာမသွင်းဘူးဟုတ်လား၊ ဒီလိုဆိုရင် တခြားအားကိုးစရာကျွန်ုပ်မှာဘာမှမရှိတော့ဘူး"ဟု တုံ့ပြန်ခဲ့သည်။ ကပ်တိုင်ပေါ်တွင်ကျခဲ့သည့် ခရစ်တော်၏အသွေး တော်တည်းဟူသော ကယ်တင်ခြင်းတွက် တစ်ခုတည်းသော မျှော်လင့် ချက်မှ လူတို့အားကျော်ခိုင်းစေခဲ့သည့် ထိုကဲ့သို့သောမျှော်လင့်ချက်မှ လူတို့အား ကျော်ခိုင်းစေခဲ့သည့် ထိုကဲ့သို့အမှောင်ထုကြီးသည် အသင်း တော်အပေါ်တွင် ကျရောက်ခဲ့ပါသည်။

အပြောနှင့်အလုပ်တို့ကို ပညတ်တော်နှင့်အညီ ပြောဆိုလုပ် ကိုင်ရမှာဖြစ်သလို အတွေးကိုလည်း ပညတ်တော်၏အလိုနှင့်ညီညွတ် ဖို့လိုအပ်ကြောင်း ဝက်စလေနှင့် သူ၏လက်ထောက်များမြင်တွေ့ လာကြပါသည်။ သို့ဖြင့် သူတို့သည် မွေးရာပါမကောင်းစိတ်များကို ချိုးနှိမ်ရန် ဆုတောင်းဆက်ကပ်၍ ကြိုးစားလုပ်ဆောင်ကြပါသည်။ ဘုရားသခင်၏မျက်နှာသာပေးမှုကို ရနိုင်လောက်သော သန့်ရှင်းခြင်း အား၊ ရယူပိုင်ဆိုင်ရန် အထောက်အကူပေးမည်ဟု သူတို့ထင်သမျှအ ရာများကို တိကျစွာဖြင့် ကျင့်ဆောင်လျက် နှိမ့်ချခြိုးခြံသောအသက် တာဖြင့် သူတို့နေထိုင်အသက်ရှင်ခဲ့ကြပါသည်။ သို့ရာတွင် ဒုစရိုက် အပြစ်နှင့်တကွ ၎င်း၏ဩဇာလွှမ်းမိုးမှုများကိုကင်းဝေးအောင် ကြိုးစား မှုများသည် အချည်းနှီးသာဖြစ်ခဲ့ပါသည်။

ပရိုတက်စတင့်အယူဝါဒ၏ယဇ်ပလ္လင်ထက်တွင် ငြိမ်းသေလု နီးနီးဖြစ်နေသောအမှန်တရား၏မီးတောက်များသည် ဘူဟီးမီးယား ခရစ်ယာန်များက လက်ဆင့်ကမ်းခဲ့သည့် ရှေးအလင်းမီးတိုင်မှတစ်ဆင့်

ပြန်လည်တောက်လောင်ထွန်းလင်းလာခဲ့သည်။ တချို့ခရစ်ယာန်များသည် တက္ကဆိုနီတွင်ခိုလှုံကြကာ ရှေးယုံကြည်ခြင်းကို ဆက်လက်ထိန်းသိမ်းခဲ့ကြသည်။ ဝက်စလေသည် ထိုသူများထံမှ သမ္မာတရားအလင်းကိုရရှိခဲ့ပါသည်။

ဂျွန်ဝက်စလေနှင့် ချားစ်ဝက်စလေတို့သည် အမေရိကန်ပြည်သို့ သာသနာပြုရန် စေလွှတ်ခြင်းခံခဲ့ရပါသည်။ သင်္ဘောပေါ်တွင် မိုရားဗီးယမ်းအဖွဲ့တစ်ဖွဲ့လည်းလိုက်ပါလာကြပါသည်။ ထိုသင်္ဘောသည် ပြင်းထန်သောမုန်တိုင်းဒဏ်ကိုရင်ဆိုရရာ သေခြင်းနှင့် ထိပ်တိုက်တိုးနေသည့် ဂျွန်ဝက်စလေတို့မှာ ဘုရားသခင့်ထံမှငြိမ်သက်ခြင်းဆိုင်ရာ အာမခံချက်မရရှိသေးကြောင်း ခံစားမိကြသည်။ သို့သော်သင်္ဘောပေါ်တွင် လိုက်ပါလာသည့်ဂျာမန်များမှာမူ အေးဆေးတည်ငြိမ်စွာ မုန်တိုင်းဒဏ်ကိုရင်ဆိုင်နေသည်ကို သူတွေ့မြင်ရာ "ဒီပုဂ္ဂိုလ်တွေရဲ့ထူးခြားတဲ့ပြုမူဆက်ဆံပုံတွေကို ကျွန်တော်ကြည့်နေတာကြာပြီ။ အခုတော့ မာန၊ ဒေါသနှင့်ကလဲ့စားချေခြင်းတို့မှလည်းကောင်း၊ ကြောက်ရွံ့စရာများမှလည်းကောင်း၊ အကယ်ခံရ၊ မခံရကိုစမ်းသပ်ဖို့ အခွင့်အရေးတစ်ခုရပြီပေါ့။ သူတို့က ဆာလံသီချင်းဆိုပြီး ဘုရားဝတ်ပြုနေကြတဲ့အချိန်မှာ လှိုင်းလေတွေက သင်္ဘောကိုဝါးမျိုမတတ်ပြင်းထန်လာတယ်။

ပင်မရွက်တိုင်ကြီးလည်းကျိုးသွားပြီး သင်္ဘောတစ်ခုလုံးဟာရေလွှမ်းမိုးမှုခံလိုက်ရတော့ အင်္ဂလိပ်တွေက သေလုပြောပါးအော်ကြပေမယ့် ဂျာမန်တွေကတော့ ဘုရားသခင်အဆိုမပျက်ကြဘူး။ ဒါနဲ့ခင်ဗျားတို့မကြောက်ဘူးလားလို့ သူတို့ကိုမေးကြည့်တော့ မကြောက်ဘူးတဲ့။ ဘုရားသခင်ကိုကျေးဇူးတင်တယ်လို့ သူတို့ကပြောကြတယ်။ ဘုရားသခင် ..........................

ကလေးတွေနဲ့ဇနီးတွေကော မကြောက်ဘူးလားလို့မေးတော့၊ ငါတို့က လေးတွေနဲ့ဇနီးတွေဟာ သေမှာမကြောက်ဘူးလို့ သူတို့တုံ့ပြန်ခဲ့ကြ တယ်”ဟု ဝက်စလေကမှတ်တမ်းတင်ခဲ့ပါသည်။

## ထူးခြားသောနွေးထွေးမှုကိုခံစားရသည့်ဝက်စလေ

ဝက်စလေသည် မိုးရားဗီးယမ်းတစ်ဦး၏သွန်သင်မှုအောက် တွင်ရရှိခဲ့သည့် သမ္မာကျမ်းစာယုံကြည်ခြင်းနှင့်စပ်ဆိုင်သည့်နားလည် တတ်ကျွမ်းမှုများကို ရင်မှာပိုက်လျက် အင်္ဂလန်သို့ပြန်လည်ရောက်ရှိ လာခဲ့ပါသည်။

လန်ဒန်တွင်ကျင်းပသော မိုရားဗီးယမ်းအဖွဲ့အစည်းမှ ဖွင့်ဆိုချက်တစ်ခုကိုဖတ်ပြရာ နားထောင်နေသူဝက်စလေ၏ ယုံကြည် ခြင်းသည် ပြန်လည်နိုးထလာကာ “ကျွန်ုပ်ရဲ့နှလုံးသားမှာ ထူးခြား တဲ့နွေးထွေးမှုကိုခံစားခဲ့ရတယ်။ ခရစ်တော်တစ်ပါးတည်းကိုသာ ကယ်တင်ခြင်းအတွက် ကျွန်ုပ်ကိုးစားခဲ့တယ်လို့လည်း ခံစားမိခဲ့တယ်။ ကိုယ်တော်ဟာ ကျွန်ုပ်အပြစ်များကိုဖယ်ရှင်းပြီး ဒုစရိုက်နှင့် သေခြင်း တို့နှင့်စပ်ဆိုင်သည့် ပညတ်တရားလက်မှ ကျွန်ုပ်ကိုကယ်တင်ခဲ့ တယ်ဆိုတဲ့အာမခံချက်ကို ပေးတော်မူခဲ့ပြီ”ဟု ဟစ်ကြွေးခဲ့ပါသည်။

ဆုတောင်းခြင်း၊အစာရှောင်ခြင်း၊ ကိုယ်အလိုကိုငြင်းပယ်ခြင်း များအားဖြင့်ရယူရန် ကြိုးစားခဲ့သည့်ကျေးဇူးတော်သည် အဖိုးအခ မပေးဘဲ ရယူနိုင်သည့်ဆုလက်ဆောင်ဖြစ်ကြောင်းကို ယခုတွင် သူတွေ့ရှိပေပြီ။ ဘုရားသခင်က အခမဲ့ပေးတော်မူသည့်ကျေးဇူးတော်

နှင့်စပ်ဆိုင်သော ဧဝံဂေလိတရားတော်ကို ဖြန့်ဝေလိုသည့်ဆန္ဒများသည်လည်း သူ့ရင်တွင် မီးတောက်လျက်ရှိသည်။ "ကမ္ဘာကြီးတစ်ခုလုံးဟာ ကျွန်တော်တရားဟောရမည့်နယ်မြေပဲ။ ကျွန်တော်လုပ်ရမယ်လို့ ခံစားနေရတဲ့တာဝန်ကတော့ ရောက်တဲ့နေရာတိုင်းမှာ ကယ်တင်ခြင်းနှင့်ဆိုင်တဲ့ ဝမ်းမြောက်ဖွယ်ရာသတင်းစကားကို နားကြားလိုသူတိုင်းထံ သွားရောက်ဟောကြားဖို့ဘဲဖြစ်တယ်"လို့ ဝက်စလေကပြောဆိုခဲ့ပါသည်။

ယခုတွင် သူသည် ကိုယ့်အလိုငြင်းပယ်သည့် တင်းကျပ်သောစည်းကမ်းနှင့်ပြည့်ဝသောအသက်တာကို ဆက်လက်ကျင့်သုံးနေရပါသည်။ သို့ရာတွင် ကယ်တင်ခြင်းရရန် အားကိုးအားထားတစ်ခုအနေဖြင့်လည်းကောင်း၊ အရင်းအမြစ်တစ်ခုအနေဖြင့်လည်းကောင်း ထိုသို့ကျင့်သုံးနေသည်မဟုတ်ဘဲ ယုံကြည်ခြင်း၏ရလဒ်၊ သန့်ရှင်းခြင်း၏အသီးအပွင့်တစ်ခုအနေဖြင့် ကျင့်သုံးနေခြင်းဖြစ်သည်။ ခရစ်တော်၌ရှိသော ဘုရားသခင်၏ကျေးဇူးတော်သည် နားထောင်လိုက်လျှောက်ခြင်း၌ထင်ရှား၏။ ခရစ်တော်၏အပြစ်ဖြေခြင်းဆိုင်ရာအသွေးတော်၌ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း နှလုံးသားများအား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း နှလုံးသားများအား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြုတော်မူသည့်အသစ်သောတန်ခိုးပေးတော်မူခြင်း၊ ခရစ်တော်၏နမူနာနှင့်အညီအသက်ရှင်နေထိုင်သောအသက်တာများတွင် ဝိညာဉ်အသီးအပွင့်များသီးပွင့်ခြင်းစသည့် မိမိရရှိထားသော သမ္မာတရားများကို ဟောကြားခြင်း၌ ဝက်စလေဆက်ကပ်ထားခဲ့ပါသည်။

ဘုရားတရားမရှိသူ ကျောင်းသားတစ်ချို့က ၎င်းတို့၏ဆရာများဖြစ်ကြသည့် ဝှိုက်ဖီးလ်နှင့် ဝက်စလေညီအစ်ကိုတို့ကို . . . . . .

ရှုတ်ချသည့်သဘောဖြင့် "မက်သဒစ်"များဟုခေါ်ဝေါ်ခဲ့ကြသည်။ ထိုနာမည်သည် ယခုမျက်မှောက်ကာလတွင်မူ ဂုဏ်ယူဖွယ်နာမည်တစ်ခုအဖြစ် ယူဆကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က ၎င်းတို့အား ခရစ်တော်နှင့်ကပ်တိုင်အကြောင်းကို ဟောကြားကြရန် တိုက်တွန်းတော်မူရာ လူများစွာတို့သည် ၎င်းတို့ဟောသောတရားတော်ကြောင့် ပြောင်းလဲလာကြပါသည်။

ဤသိုးကလေးများကို ဝံပုလွေများ၏ရန်မှ အကာအကွယ်ပေးဖို့ မဖြစ်မနေလိုအပ်လာရာ ဝက်စလေသည် အသင်းခွဲတစ်ခုကိုဖွဲ့စည်းဖို့ ရည်ရွယ်ချက်မရှိခဲ့ဖူးသော်လည်း ထိုသိုးစုကလေးများကို "မက်သဒစ်ကော်နက်ရှင်း"ဟူသော အမည်ဖြင့် ဖွဲ့စည်းလိုက်ပါသည်။

တည်ထောင်ပြီး အသင်းတော်မှပြုလုပ်သောဆန့်ကျင်မှုများကို ဤတရားဟောဆရာများ အပြင်းအထန်ရင်ဆိုင်ခဲ့ကြရသည်။ သို့စေကာမူ တံခါးဖွင့်ထားဆဲသူများထံသို့ သမ္မာတရားအလင်းသည် ထိုးဖောက်ဝင်ရောက်သွားရာ တချို့သောဂိုဏ်းချုပ်ကြီးများသည်ပင် စာရိတ္တဖောက်ပြန်မှုများတွင် နစ်မျောနေရာမှ စိတ်အားထက်သန်သည့်သမ္မာ တရား၏တရားဟောဆရာများဖြစ်လာကြပါသည်။

ဝက်စလေ၏ခေတ်အခါတွင် ခြားနားသောဆုကျေးဇူးများကို ရရှိထားသူများသည် ယုံကြည်ချက်တစ်ခုစီအပေါ်တွင် အမြင်တူအောင် မညှိနိုင်ခဲ့ကြချေ။

တစ်ခါတွင် ဝှိုက်ဖီးလ်နှင့်ဝက်စလေတို့၏ အမြင်မတူမှုကြောင့် တစ်ဦးနှင့်တစ်ဦး ခွာပြဲတော့မယောင်ဖြစ်ခဲ့သော်လည်း ခရစ်တော်၏ ကျောင်း၌သင်ယူခဲ့သော နူးညံ့သိမ်မွေ့ခြင်းကြောင့် နှစ်ဦးနှစ်ဖက်သီးခံလိုက်ကြကာ ပြေလည်သွားခဲ့သည်။

အမှားအယွင်းများမှာ နေရာတကာမှာရှိနေဆဲဖြစ်သော်လည်း သူတို့၌ ငြင်းခုံဖို့အချိန်မရှိခဲ့ကြချေ။

## သေတွင်းမှလွတ်မြောက်သွားသောဝက်စလေ

ဩဇာအာဏာရှိသူများသည် လူအများကို ဒုက္ခပေးရန် ထို အာဏာတန်ခိုးများကို အသုံးပြုခဲ့ကြသည်။ ဂိုဏ်းချုပ်များစွာတို့သည် အကြမ်းနည်းကိုအသုံးပြုကာ ၎င်းတို့၏အသင်းတော်ထဲသို့ ဖြူစင် သောယုံကြည်ခြင်းဝင်မလာနိုင်အောင် တားဆီးခဲ့ကြပါသည်။ တရား ဟောစင်မြင့်ပေါ်မှနေ၍ ထိုယုံကြည်ခြင်းကို လူသိရှင်ကြားငြင်းဆို နေကြသည်။ ထိုဂိုဏ်းချုပ်များသည် ဒုစရိုက်မှောင်မိုက်၏သားကောင် များကို နှိုးဆွခဲ့ကြပါသည်။

ဝက်စလေသည် ဘုရားသခင်၏ဂရုဏာတော်ဆိုင်ရာ နိမိတ် လက္ခဏာပြမှုကြောင့် သေတွင်းမှအဖန်ဖန်လွတ် မြောက်ခဲ့ပါသည်။ လွတ်လမ်းမရှိတော့ဟု ထင်ရသည့်အချိန်မှာပင် လူပုံသဏ္ဍာန်ရှိ ကောင်းကင်တမန်တစ်ပါးသည် သူ့နံဘေးသို့ရောက်လာကာ လူအုပ် ကြီးအား တွန်းလှန်တိုက်ခိုက်လျက် ဝက်စလေအား အန္တရာယ်စက် ကွင်းအတွင်းမှ ကယ်နုတ်သွားခဲ့ပါသည်။

"လူပေါင်းများစွာတို့ဟာ ကျွန်တော်ရဲ့အကျီကော်လာနှင့် အ ကျီတွေကိုဆွဲပြီး ကျွန်တော့်ကိုဆွဲလှဲဖို့ကြိုးစားကြပေမယ့် တစ်ယောက် သာ အဲဒီအကျီတစ်ခြမ်းဟာပြဲပြီး သူ့လက်ထဲမှာပါသွားတယ်။ ဘဏ်ငွေစုထုတ်စာရွက်ထည့်ထားသည့် အိပ်ကပ်ရှိနေတဲ့ ဝစ္စကုတ် တစ်ခြမ်းကတော့ ပြတ်ပြီးကျန်ခဲ့တယ်။ လူဆိုးတစ်ယောက်ဟာ . . . .

ကျွန်တော့်နောက်ကနေ ဝက်သစ်ချသားတင်းပုတ်ကြီးနဲ့ထုတယ်။ အမှန်တော့ အဲဒီတင်းပုတ်နဲ့တစ်ချက်ထုမိရုံနဲ့ ပွဲပြီးသွားနိုင်ပါတယ်။ ဒါပေမယ့် သူထုလိုက်တိုင်းတစ်ချက်မှမထိဘူး။ ဘာကြောင့်လဲတော့ ကျွန်တော်မသိဘူး။ ကျွန်တော်ကိုယ်တိုင်တော့ ဘယ်ဘက်ရောညာဘက်ကိုပါ လုံးဝရွေ့လို့မရခဲ့ဘူး"ဟု ဒုက္ခဆင်းရဲခြင်းများမှ လွတ်မြောက်လာပုံတချို့ကို ဝက်စလေပြောပြဖူးပါသည်။

ထိုခေတ်ထိုအခါက မက်သဒစ်ဘာသာဝင်များသည် ပြောင်လှောင်သရော်မှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့်အကြမ်းဖက်မှုများကို မကြာခဏခံခဲ့ကြရသည်။ ဥပမာအားဖြင့်ဖော်ပြရလျှင် တစ်ခါက လူထုကြော်ငြာသင်ပုန်းပေါ်တွင် စာတစ်စောင်ကိုကပ်ထားပါသည်။ မက်သဒစ်များ၏အိမ်များကို ချိုးဖောက်ဖျက်ဆီးကာ ပစ္စည်းများကို လုယူလိုသူများ မည်သည့်အချိန်တွင်၊ မည်သည့်နေရာ၌စုရုံးကြရန် ဆင့်ခေါ်သောစာဖြစ်သည်။ အပြစ်သားများကို အမှန်လမ်းသို့ပို့ ဆောင်ဖို့ကြိုးစားနေခြင်းကို အပြစ်ဟုမှတ်ယူကာ ထိုသူများအပေါ် စနစ်တကျစီစဉ်ကာ နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။

ပညတ်တော်ဆယ်ပါးကို ခရစ်တော်ဖျက်သိမ်ခဲ့သည်ဟုဆိုကာ ပညတ်တော်ကိုစောင့်ရန် ခရစ်ယာန်များ၌တာဝန်မရှိတော့ဟု သွန်သင်ခြင်း၏ရလဒ်အဖြစ် ဝက်စလေအချိန်မတိုင်မီကလေးတွင် အင်္ဂလန်၌ ဝိညာဉ်ရေးကျဆင်းမှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဘုရားသခင် ကကယ်တင်ခြင်းပေးရန် ရွေးကောက်ခြင်းခံရသူများသည် အကျင့်သီလနှင့်ပြည့်စုံသောဘုရားတရားရှိသည့် အသက်တာအတိုင်း ကျင့်ဆောင်သွားကြမည်ဖြစ်ပြီး ပျက်စီးခြင်းသို့သွားရန် စီရင်ချက်အချခံရ သူများသည် ဘုရားသခင်၏ပညတ်တော်ကို စောင့်ထိန်းနိုင်စွမ်း. . . . . . . . . . . . . . . . . . . . . . . . . . . . . .

မရှိပါဟုဆိုကာ လူအများအား ပညတ်တော်စောင့်ရန် တရားဟော ဆရာများအနေဖြင့် အားပေးဖို့မလိုအပ်ကြောင်း တချို့ကဖွင့်ဆို လာကြပါသည်။

"ရွေးချယ်ခြင်းခံရသူများသည် ကျေးဇူးတော်နှင့်တကွ ဘုရား သခင်၏မျက်နှာပေးခြင်းကို မည်သည့်အခါမှမဆုံးရှုံးနိုင်တော့ပါ" ဟူသော တချို့၏ခံယူချက်များကြောင့် "ဒုစရိုက်မှုများကို သူတို့ကျူး လွန်လျှင်တောင်မှ အမှန်တကယ်အပြစ်မရှိကြ။ ထိုကြောင့် အကျိုး ဆက်အနေဖြင့် ၎င်းတို့အနေဖြင့် အပြစ်ဝန်ချတောင်းပန်စရာမလိုသ ကဲ့သို့ နောင်တရစရာလည်းမလိုတော့"ဟု စိုးရိမ်စရာခံယူချက်များ ပေါ်ပေါက်လာပါသည်။ ထိုကြောင့် စကြဝဠာတစ်ခုလုံးက အဆိုးရွား ဆုံးအပြစ်ဟုယူဆထားသည့် ဒုစရိုက်မှုဖြစ်စေဦးတော့ ရွေးချယ်ခြင်း ခံရသူတစ်ဦးက ထိုပြစ်မှုကိုကျူးလွန်ခဲ့လျှင် ဘုရားသခင်၏မျက်မှောက် တော်တွင် ထိုအရာသည်အပြစ်မဟုတ်ဟု သူတို့ဖွင့်ဆိုလာကြပါသည်။ ၎င်းတို့အနေဖြင့် ဘုရားသခင်အား မနှစ်မြို့ကစေသောအရာကို လည်းကောင်း၊ ပညတ်တော်က တားမြစ်ထားသည့်အရာများကို လည်းကောင်း မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်ခွင့်ရှိသည်ဟု ယူဆလာကြပါသည်။

အမှန်တရားအတွက် စံတစ်ခုအဖြစ်ရပ်တည်နေသည့် ပညတ် တော်သည် အပြောင်းအလဲမရှိနိုင်သည့်အရာတော့မဟုတ်ကြောင်း လူ့အဖွဲ့အစည်းမှ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ပြောင်းလဲမှုများကို လုပ်ရန် လိုအပ်သည်ဟု တင်ပြလာလျှင် ထိုပညတ်ကို ပြောင်းလဲပစ်နိုင် ကြောင်း သွန်သင်ချက်များသည် နောက်ပိုင်းသွန်သင်ချက်များကဲ့သို့ပင် ကြောက်စရာကောင်းလှပါသည်။ ထိုအတွေးအခေါ်များကို ဘုရား သခင်၏ပညတ်တော်ကိုချိုးဖောက်ရန် အစပျိုးခဲ့သော အပြစ်မဲ့. . . .

သောကောင်းကင်သားများမှ ပုဂ္ဂိုလ်တစ်ဦးက လှံ့ဆော်အသက်သွင်းခဲ့ခြင်းဖြစ်သည်။

လူသားများ၏အကျင့်စာရိတ္တကို မပြောင်းမလဲနိုင်အောင် ခိုင်ခံ့မြဲမြံစေမည့် ဘုရားသခင်၏မိန့်တော်မူချက်ဆိုင်ရာယုံကြည်ချက်များကြောင့် လူများစွာတို့သည် ပညတ်တော်ကိုငြင်းပယ်ခဲ့ကြပါသည်။ ဝက်စလေသည် အင်တီနိုမီအာနစ်ဇင်ကို ဦးတည်နေသည့် ထိုယုံကြည်ချက်ကို မဆုတ်မနစ်ဆန့်ကျင်ခဲ့သည်။ "လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏"။ "လူအပေါင်းတို့သည်ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကိုသိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ၏။ ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့စပ်ကြားမှာ လူဖြစ်သော ယေရှုခရစ်တော်တည်းဟူသော အာမခံတစ်ဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကိုရွေးအံ့သောငှါ ကိုယ်ကိုကိုယ်စွန့်တော်မူပြီ"။ "ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့ အလင်းကိုပေးသောသူဖြစ်သတည်း"တိတု ၂း၁၁။ ၁တိ၊ ၂း၃-၆။ ယောဟန် ၁း၉။ လူအပေါင်းတို့သည် အသက်လက်ဆောင်ကို မိမိအလိုအတိုင်းငြင်းဆန်နေကြသဖြင့် ကယ်တင်ခြင်းကို လက်လွှတ်ဆုံးရှုံးနေကြပါသည်။

## ပညတ်တော်ကိုအကာအကွယ်ပေးခြင်း

ခရစ်တော်အသေခံစဉ်က ဝိနည်းအထုံးအဖွဲ့နှင့်ဆိုင်သောပညတ်များနှင့်အတူပညတ်တော်ဆယ်ပါးကိုလည်းဖျက်သိမ်းခဲ့ပြီဟူသော

အဆိုကို ဝက်စလေက “ပညတ်တော်ဆယ်ပါးတွင်ပါဝင်၍ ပုရော ဖက်များက လိုက်နာစောင့်ရှောက်ရန် သွန်သင်ခဲ့သော ကိုယ်ကျင့် တရားဆိုင်ရာ ဤပညတ်တော်ကို ကိုယ်တော်မဖျက်သိမ်းခဲ့ပါ။ ဤပညတ်တော်သည် ဖျက်သိမ်းခြင်းကိုမခံရသည်သာမက ကောင်း ကင်နိုင်ငံတော်တွင် သစ္စာရှိသော သက်သေအဖြစ် ခိုင်မြဲစွာရပ်တည် နေတော်မူသည်”ဟု တုံ့ပြန်ဖြေကြားခဲ့ပါသည်။

ပညတ်တော်နှင့် ဧဝံဂေလိတရားတော်တို့၏ စုံလင်သော စည်းဝါးကိုက်မှုများကိုလည်း ဝက်စလေက ဤသို့ဖွင့်ဆိုခဲ့ပါသည်။ “တစ်ဖက်မှာလည်း ပညတ်တော်သည် ဧဝံဂေလိတရားတော်ဆီသို့ အစဉ်ထာဝရလမ်းပြပို့ဆောင်ပေးနေသကဲ့သို့ ဧဝံဂေလိတရားတော် ကလည်း ကျွန်ုပ်တို့အား ပညတ်တော်အတိုင်း တိတိကျကျအသက်ရှင် နေထိုင်နိုင်ဖို့ လမ်းပြနေပါသည်။ ဥပမာစကားပြောရလျှင် ပညတ် တော်က ကျွန်ုပ်တို့အား ဘုရားသခင်ကိုချစ်ဖို့၊ အိမ်နီးချင်းကိုချစ်ဖို့၊ နူးညံ့၊ နှိမ့်ချ၊ သန့်ရှင်းဖို့ တောင်းဆိုထားရာ ဤအရာများကျွန်ုပ်တို့၌ မပြည့်စုံမှန်းကျွန်ုပ်တို့သိကြသည်။ ဒါပေမယ့် ကျွန်ုပ်တို့ကို ချစ်တတ် လာအောင်၊ နူးညံ့သိမ်မွေ့မှုရှိလာအောင် ပြုပြင်တော်မူပေးမည်ဟူ သော ဘုရားသခင်ရဲ့ကတိတော်ကို ဧဝံဂေလိတရားတော်တွင် ကျွန်ုပ် တို့မြင်တွေ့ထားရာ ဝမ်းမြောက်ဖွယ်ရာသတင်းစကားကို ကိုင်စွဲလာ ကြပါသည်။ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ပညတ်တော်၏ ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့၌ပြည့်စုံလာပါသည်”။

ခရစ်တော်မိန့်ဆိုခဲ့သော ဧဝံဂေလိတရားတော်ရဲ့ ရန်သူအ ကြီးဆုံးမှာ အကြီးအငယ်မရွေးပညတ်တော်အားလုံးကိုချိုးဖောက်ရန်

သွန်သင်နေကြသူများဖြစ်သည်။ အရှင်ဘုရား၊ မင်္ဂလာရှိပါစေသောဟုဆိုလျက် နမ်းခဲ့သောယုဒရှကာယုတ်ဂုဏ်ပြုသကဲ့သို့ သူတို့ဟာကိုယ်တော်ရှင်ကို ဂုဏ်ပြုနေကြသည်။ ကိုယ်တော်ကို ကွပ်မျက်၍အရှက်ခွဲရန် အနမ်းကလေးဖြင့် ယုဒသစ္စာဖောက်နေသကဲ့သို့ ထိုသူများသည်လည်း ဧဝံဂေလိတရားတော်ပျံ့နှံ့မှုအတွက် ဟန်ဆောင်မှုများဖြင့်ပညတ်တော်၏အစိတ်အပိုင်းတချို့ကိုသာ မီးမောင်းထိုးပြခြင်းဖြင့်ကိုယ်တော်ကိုသစ္စာဖောက်နေကြပါသည်။

## ပညတ်တော်နှင့်ဧဝံဂေလိတရားတော်တို့၏ညီညွတ်ခြင်း

ဝက်စလေက ဧဝံဂေလိတရားဟောကြားခြင်းသည် ပညတ်တော်အလုံးစုံတို့၏အဆုံးသတ်မှုကို အဖြေပေးနေသည်ဟု ဖွင့်ဆိုနေသူများအား "ဧဝံဂေလိတရားဟောခြင်းသည် လူသားများအားအပြစ်ဒုစရိုက်အကြောင်း သဘောပေါက်စေခြင်း၊ ငရဲအိုးနှုတ်ခမ်းမှာအိပ်ပျော်ဆဲရှိနေသူများအားနှိုးထခြင်း စသောပညတ်တော်နှင့်ဆိုင်သည့် အဆုံးသတ်မှုများအတွက် အဖြေပေးမထားကြောင်း၊ ကျန်းမာနေသူများထံသို့ ဆရာဝန်စေလွှတ်ပေးခြင်းသည် ယုတ္တိမရှိကြောင်း၊ ၄င်းတို့၏နာမကျန်းမှုအခြေအနေကို သဘောပေါက်အောင် သင့်အနေဖြင့် ပထမဦးစွာလုပ်ဆောင်ရမှာဖြစ်ကြောင်း ထိုသို့မဟုတ်လျှင် သင်၏လုပ်ဆောင်မှုကို သူတို့က တန်ဖိုးထားကြမှာမဟုတ်ကြောင်း၊ ထိုနည်းနှင်နှင့်စိတ်နှလုံးကြေကွဲမှု တစ်ခါမှမရှိခဲ့သူများထံ ခရစ်တော်ကိုပေးအပ်နေခြင်းသည်လည်း ယုတ္တိရှိမည်မဟုတ်ကြောင်း" တုံ့ပြန်ပြောဆိုခဲ့ပါသည်။

ဝက်စလေသည် ကျေးဇူးတော်ဆိုင်ရာ ဝမ်းမြောက်ဖွယ်သတင်းစကားကိုဟောကြားနေစဉ်မှာပင် ပညတ်တော်ကိုချီးမြှောက်ဂုဏ်ပြုဟောကြားခဲ့ရာ ကြီးမားသောအောင်မြင်မှုများကို သူမြင်တွေ့ခဲ့ရပါသည်။ နှစ်ပေါင်း (၅၀)မျှလောက် အမှုတော်ဆောင်ပြီးနောက် လူပေါင်း (၅)သိန်းကျော်သည် ၎င်း၏တရားတော်ကို ယုံကြည်စွဲမြဲခဲ့ကြပါသည်။ သို့ရာတွင် ၎င်း၏အမှုတော်ဆောင်ခဲ့ခြင်းကြောင့် ဆိုးရာမှကောင်းလာသူများကိုမူ ကောင်းကင်နိုင်ငံတော်၌ စုရုံးသည့်အချိန်ကျမှသိခွင့်ရပေတော့သည်။ သူ၏အသက်တာသည် ခရစ်ယာန်များအတွက် အဖိုးမဖြတ်နိုင်သည့်သင်ခန်းစာတစ်ခုဖြစ်ပါသည်။

ဤပညတ်တော်၏ယုံကြည်ခြင်းမျိုး၊ ဖွဲ့လုံ့လမျိုး၊ ကိုယ့်အလိုကိုငြင်းပယ်ကာ ဆက်ကပ်သည့်အသက်တာမျိုးကို ယနေ့ခေတ်အသင်းတော်များတွင် တွေ့မြင်နိုင်လိမ့်မည်တကား။

-----ooo-----

# အခန်း (၁၅)
# ပြင်သစ်ပြည်၏ကြောက်စရာ့ကာလ

နိုင်ငံများစွာတို့က ဘာသာရေးပြုပြင်ပြောင်းလဲရေးကို ကောင်းကင်နိုင်ငံ၏စေတမန်အဖြစ် ကြိုဆိုခဲ့ကြသော်လည်း မကြိုဆိုခဲ့သည့် နိုင်ငံများတွင်မူ သမ္မာတရား၏အလင်းသည် ကွယ်ပျောက်လုမတတ်ဖြစ်နေပါသည်။ နိုင်ငံတစ်နိုင်ငံတွင်မူ အမှန်နှင့်အမှားသည် ရာစုနှစ်ပေါင်းများစွာတိုက်ပွဲဝင်ခဲ့ကြရာ အဆုံးတွင် သမ္မာတရားကို ငြင်းပယ်ခဲ့ကြသည်။ ကျေးဇူးတော်၏ဆုမင်္ဂလာများကို ငြင်းပယ်ခဲ့သော ထိုနိုင်ငံမှ ဝိညာဉ်တော်သည် ရှောင်ဖယ်သွားတော်မူရာ အလင်းတရားကို ငြင်းပယ်ခြင်း၏ဆိုးကျိုးများကို တစ်ကမ္ဘာလုံးကမြင်တွေ့ခဲ့ရသည်။

ပြင်သစ်ပြည်တွင် သမ္မာကျမ်းစာနှင့်စစ်ခင်းခဲ့သည့်စစ်ပွဲသည် နှုတ်ကပါတ်တော်ကို ချိုးနှိမ်ခဲ့သောရောမများအတွက် ယထာဘူတကျသောအကျိုးဆက်ဖြစ်သော တော်လှန်ဆရေးကြီးကိုဖြစ်ပေါ်စေခဲ့သည်။ ရောမအသင်းတော်လုပ်ဆောင်မှုများ၏ရလဒ်များကို မျက်မြင်ကိုယ်တွေ့ဖြစ်သမျှတွင် ထိုတော်လှန်ရေးကြီးသည် အထိမိဆုံးပြယုဂ်တစ်ခုဖြစ်ပါသည်။

“ဒုစရိုက်လူ”၏ အုပ်စိုးမှုကြောင့် ပြင်သစ်ပြည်အပေါ်တွင် ကျရောက်လာမည့် ကြောက်စရာ့ဆိုးကျိုးများကို ဆရာယောဟန်က ညွှန်ပြခဲ့ပါသည်။

“သူတို့သည် သန့်ရှင်းသောမြို့တော်ကို လလေးဆယ့်နှစ်လပတ်လုံးနင်းကြလိမ့်မည်။ ငါ၏သက်သေခံနှစ်ပါးကို ငါအခွင့်ပေးမည်။

သူတို့သည် လျှော်တေအဝတ်ကိုဝတ်လျက် အရက်တစ်ထောင့်နှစ်ရာခြောက်ဆယ်ပတ်လုံး ပုရောဖက်ပြုကြလိမ့်မည်။ သူတို့သည် သက်သေခံပြီးသောအခါ အနက်ဆုံးသောတွင်းထဲကတက်သောသားရဲသည် သူတို့ကိုစစ်တိုက်၍ အောင်လိမ့်မည်။ အသက်ကိုသတ်ပြီးမှ သူတို့သခင်သည် လက်ဝါးကပ်တိုင်မှ အသေခံတော်မူသောသောဒုံဟူ၍လည်းကောင်း၊ အဲဂုတ္တုဟူ၍လည်းကောင်း အတွင်းအနက်အားဖြင့်ခေါ်ဝေါ်သောမြို့ကြီး၏လမ်း၌ အလောင်းကောင်တို့သည် နေရစ်ကြလိမ့်မည်။-----မြေကြီးပေါ်မှာနေသောသူတို့သည် ထိုအလောင်းကောင်တို့ကိုမြင်သောအခါ ဝမ်းမြောက်၍ ပျော်မွေ့ခြင်းကိုပြုကြလိမ့်မည်။ တစ်ယောက်ကိုတစ်ယောက်လက်ဆောင်ပေးကြလိမ့်မည်။ အကြောင်းမူကား အထက်က ထိုပုရောဖက်နှစ်ပါးတို့သည် မြေကြီးပေါ်မှာနေသောသူတို့ကို ပြင်းစွာနှောက်ယှက်ညှဉ်းဆဲကြသည်ဟု ငါ့အားပြောဆိုလေသည်။ ထိုနောက် သုံးရက်ခွဲလွန်ပြီးလျှင် ဘုရားသခင်အထံတော်က အသက်ဝိညာဉ်သည် သူတို့၌ ဝင်သဖြင့် သူတို့သည် မတ်တတ်ထ၍ မြင်သမျှသောသူတို့သည် အလွန်ကြောက်ရွံ့ကြ၏"။ ဗျာဒိတ်ကျမ်း ၁၁း၂-၁၁။

လပေါင်းလေးဆယ့်နှစ်လနှင့် ရက်ပေါင်းတစ်ထောင့်နှစ်ရာ့ခြောက်ဆယ်သည် အတူတူပင်ဖြစ်သည်။ ထိုကာလအတွင်း ခရစ်တော်၏အသင်းတော်သည် ရောမအသင်းတော်၏နှိပ်စက်မှုကိုခံခဲ့ကြရသည်။ ရက်ပေါင်းတစ်ထောင့်နှစ်ရာ့ခြောက်ဆယ်ကို အေဒီ ၅၃၈ တွင်အစပြု၍ ၁၇၉၈ခုနှစ်တွင် အဆုံးသတ်သည်။ ထိုအဆုံးသတ်ခုနှစ်တွင် ပြင်သစ်စစ်တပ်က ရဟန်းမင်းအား အကျဉ်းသားတစ်ဦးအဖြစ်ဖမ်းဆီးသွားခဲ့ရာ တိုင်းတစ်ပါးတွင်နေထိုင်နေစဉ်၌ သေဆုံး . . . . . .

သွားခဲ့သည်။ ရဟန်းမင်းအဖွဲ့သည် တန်ခိုးအာဏာရခဲ့သည့်အချိန်မှ စ၍ ထိုအချိန်လောက် အာဏာတန်ခိုးမေ့မှိန်သောအချိန်မရှိတော့ပြီ။

ရောမအသင်းတော်သည် နှိပ်စက်ညှဉ်းပန်းမှုများကို နှစ်ပေါင်း ၁၂၆ဝလုံးလုံးစဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ခဲ့သည်တော့မဟုတ်ပါချေ။ ဘုရားသခင်သည် မိမိ၏လူတို့အပေါ်ထားရှိသော ဂရုဏာတော်အားဖြင့် ဘာသာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းကို အသုံးပြုကာ နှိပ်စက်ညှဉ်းပန်းမှုကာလကိုလည်း တိုတောင်းသွားစေခဲ့ပါသည်။

ထိုသက်သေခံနှစ်ပါးမှာ ကယ်တင်ခြင်းစီမံကိန်းနှင့် ပညတ်တော်တို့၏မူလအစပျိုးရာနေရာဖြစ်သည့်အပြင် တည်တံ့ခိုင်မြဲမှုများအတွက် အရေးကြီးသောသက်သေများဖြစ်သည့် ဓမ္မသစ်ကျမ်းနှင့်ဓမ္မဟောင်းကျမ်းတို့ဖြစ်ကြသည်။

"သူတို့သည် လျှော်တေအဝတ်ကိုဝတ်လျက် အရက်တစ်ထောင့်နှစ်ရာ့ခြောက်ဆယ်ပတ်လုံး ပုရောဖက်ပြုကြလိမ့်မည်။" သမ္မာကျမ်းစာကိုပိတ်ပင်တားမြစ်ထားသောအချိန်တွင် ကျမ်းစာ၏သက်သေခံချက်သည် လမ်းလွဲသွားခဲ့သည်။ ကျမ်းစာမှအမှန်တရားများကို သက်သေခံသူများအား ၄င်းတို့၏ယုံကြည်ခြင်းကြောင့် အပ်နှံခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများအပြုခံရသလို ရှောင်တိမ်းထွက်ပြေးစေခဲ့ကြသည်။

ထိုအချိန်တွင် ဤသစ္စာရှိသက်သေခံနှစ်ပါးသည် လျှော်တေအဝတ်ကိုဝတ်လျက် ပုရောဖက်ပြုခဲ့ကြသည်။ အမှောင်တကာ့အမှောင်ဆုံးကာလတွင် သစ္စာရှိသူများအား နှုတ်ကပါတ်တော်ကို ဟစ်ကြွေးဖွင့်ဆိုရန် ဉာဏ်ပညာနှင့်ဩဇာအာဏာကို ပေးသနားတော်မူခဲ့သည်။

"တစ်စုံတစ်ယောက်သောသူသည် သူတို့ကို ညှဉ်းဆဲခြင်းငှါ အလိုရှိလျှင် သူတို့၏ခံတွင်းထဲက မီးထွက်၍ရန်သူတို့ကိုမျိုတတ်၏။ တစ်စုံတစ်ယောက်သောသူသည် ထိုသူတို့ကို ညှဉ်းဆဲခြင်းငှါ အလိုရှိလျှင် ထိုသို့အသေသတ်ခြင်းကိုခံရမည်။" ဗျာဒိတ်ကျမ်း ၁၁း၅။ လူတို့သည် ပြစ်ဒဏ်စီရင်ခြင်းကိုမခံရဘဲ နှုတ်ပါတ်တော်ကို နင်းချေခြင်းငှါ မစွမ်းနိုင်ကြပြီ။

"သူတို့သည် သက်သေခံပြီးသောအခါ" အနက်းဆုံးတွင်းထဲက တက်လာသောသားရဲ၏ရန်ပြုခြင်းကိုခံကြရမည်။ ဤတွင် စာတန်၏အသစ်သောတိုက်ကွက်ကို တွေ့မြင်ရပြန်သည်။

သမ္မာကျမ်းစာကို ရိုသေလေးစားထိုက်သည်ဟုဆိုကာ လူအများမဖတ်နိုင်သောဘာသာဖြင့် ရိုက်နှိပ်တံဆိပ်ခတ်ထားရန်မှာ ရောမ၏ဝါဒဖြစ်ပါသည်။ ထိုကြောင့် ရောမအုပ်ချုပ်သောကာလတွင် ဓမ္မဟောင်း၊ ဓမ္မသစ်ကျမ်းစာများသည် လျှော်တေအဝတ်ကိုဝတ်လျက်ပုရောဖက်ပြုခဲ့ကြရပါသည်။ သို့ရာတွင် အနက်ဆုံးတွင်းထဲမှ တက်လာသောသားရဲမှာ ဘုရားသခင်၏နှုတ်ကပါတ်တော်များကို ပြောင်ပြောင်တင်းတင်းတိုက်ခိုက်ပါတော့သည်။

လမ်းများပေါ်တွင် သက်သေခံများကို ကွပ်မျက်ခဲ့သော ထိုမြို့တော်ကြီး၊ အသေကောင်များအတုံးအရုံးဖြစ်နေသောထိုမြို့တော်ကြီးမှာ ဝိညာဉ်ရေးဆိုင်ရာအီဂျစ်ဖြစ်သည်။ ကျမ်းစာသမိုင်းတွင် အီဂျစ်ပြည်သည် အခြားတိုင်းနိုင်ငံများထက် ထာဝရဘုရား၏တည်ရှိမှုကို ငြင်းဆန်သည်။ ပညတ်တော်များကိုအန်တုသည်။ အီဂျစ်ပြည်မှ ဖာရောဘုရင်လောက် အခြားမည်သည့်ဘုရင်ကမှ ကောင်းကင်ဘုံရှိ ထာဝရဘုရားကို အန်တုဖက်ပြိုင်ရဲခြင်းမရှိခဲ့ချေ။

"ထာဝရဘုရားကိုငါမသိ၊ ဣသရေလအမျိုးသားတို့ကို ငါမလွှတ်"ဟု သူပြောဝံ့ခဲ့သည်။ ဤအရာသည် "ဘုရားမရှိဝါဒ"ပင်ဖြစ်သည်။ အီဂျစ်ပြည်ကိုကိုယ်စားပြုသော ထိုနိုင်ငံသည်လည်း ဘုရားကိုငြင်းဆန်သည့် အလားတူစကားများကိုပြောကာ အန်တုလိုသောစိတ်ထားမျိုးကို ဖော်ပြလိမ့်မည်။

"ထိုမြို့တော်ကြီးသည် ဝိညာဉ်ရေးဆိုင်ရာ သောဒုံမြို့နှင့်လည်း ခိုင်းနှိုင်းထားပါသည်။ သောဒုံမြို့၏ဖောက်ပြန်ပျက်စီးမှုများတွင် အပျော်ကျူးခြင်းသည် အထင်ရှားဆုံးဖြစ်သည်။ ကျမ်းစာကို ပြည့်စုံစေသည့် ထိုတိုင်းပြည်၏ထူးခြားချက်မှာလည်း ဤဒုစရိုက်ပင်ဖြစ်၏။

ပုရောဖက်၏အနာဂတ်ပြချက်အရ ၁၇၉၈ခုနှစ်မတိုင်မီကလေးတွင် စာတန်၏ဇာတိရုပ်မှန်ကိုဖော်ပြသည့် တချို့အာဏာတန်ခိုးများသည် သမ္မာကျမ်းစာကိုစစ်ပြုရန် ထွက်ပေါ်လာခဲ့လိမ့်မည်။ ဘုရား၏ ဤသက်သေခံနှစ်ပါးကို နှုတ်ဆိတ်စေသည့် ဤနိုင်ငံတွင် ဖာရောဘုရင်၏ဘုရားမရှိဝါဒနှင့် သောဒုံမြို့၏ အပျော်ကျူးမှုများသည် ထင်ရှားစွာထွက်ပေါ်လာလိမ့်မည်။

## အနာဂတ္တိစကားတိကျစွာပြည့်စုံခြင်း

ဤအနာဂတ္တိစကားသည် ၁၇၉၃ခုနှစ်တွင် ဖြစ်ပွါးခဲ့သော ပြင်သစ်ရာဇဝင်တွင် စာတင်ခဲ့ရသည့် ပြင်သစ်တော်လှန်ရေးအားဖြင့် ပြည့်စုံစေခဲ့သည်။ ကမ္ဘာ့ရာဇဝင်တွင် သီးခြားရပ်တည်ခဲ့သော ပြင်သစ်ပြည်သည် ဥပဒေပြုလွှတ်တော်တွင် ဘုရားမရှိကြောင်း ကြေညာခဲ့ရာ အမျိုးသမီးအမျိုးသားမကျန် မြို့နေလူထုအားလုံးအပါအဝင်

လူထုကြီးတစ်ရပ်လုံးက ထိုကြေညာချက်ကို ကြိုဆိုလက်ခံသောအားဖြင့် ပျော်ရွှင်စွာသီချင်းများဆိုလျက် ကခုန်ခဲ့ကြပါသည်။

ပြင်သစ်နိုင်ငံသည် သောဒုံကို သူမတူအောင် ထင်ရှားစေသည့်စာရိတ္တမျိုးကိုလည်း ဖော်ပြခဲ့ပါသည်။ သမိုင်းပညာရှင်များကမူ ပြင်သစ်ပြည်၏ ဘုရားမဲ့ဝါဒနှင့် အပျော်ကျူးမှုများကို ပူးတွဲတင်ပြခဲ့ကြပါသည်။

"ဘာသာရေးကိုထိခိုက်စေသည့် ထိုဥပဒေနှင့်နီးကပ်စွာဆက်နွှယ်နေသည့် ဥပဒေတစ်ခုမှာ လူ့အသိုက်အဝန်းကို များစွာကျစ်လစ်ခိုင်မာစေသည့် လူသားများတည်ထောင်နိုင်သော သန့်ရှင်းသောအိမ်ထောင်ပြုခြင်းကို ကွာရှင်းလိုက ကွာရှင်းနိုင်ပြီး ပေါင်းသင်းလိုက ပေါင်းသင်းနိုင်သည့် လူအချင်းချင်း သဘောတူစာချုပ်တစ်ခုအသွင်သို့ လျှော့ချလိုက်သော ပြဌာန်းချက်ပင်ဖြစ်သည်။ ဟာသဉာဏ်ကြောင့် နာမည်ကျော်ကြားသည့် ရုပ်ရှင်မင်းသမီးဆိုပီအာနောက်ကသာ တူညီမျှအခွင့်အရေးရှိသော လက်ထပ်မင်္ဂလာပြုခြင်းကို "လင်ခိုးမယားခိုးဘာသာရေးအခမ်းအနား"ဟု ကင်ပွန်းတပ်ခဲ့သည်။

## ခရစ်တော်ကိုရန်ငြိုးထားခြင်း

"ကျွန်ုပ်တို့၏သခင်ဘုရားကို ကပ်တိုင်တင်သော နေရာလည်းဖြစ်၏။" ဤအနာဂတ္တိစကားသည် ပြင်သစ်ပြည်၌ ပြည့်စုံခဲ့သည်။ သမ္မာတရားသည် အခြားမည်သည့်နိုင်ငံမှာမှပြင်သစ်ထက်ဆိုးသော ရက်စက်သည့်ဆန့်ကျင်မှုများကို မရင်ဆိုင်ခဲ့ရချေ။ ပြင်သစ်နိုင်ငံသည်

ဧဝံဂေလိတရားကို လက်ခံသူများအား နှိပ်စက်ညှဉ်းပန်းကာ တပည့်တော်များအားဖြင့် ခရစ်တော်ကို ပုဂ္ဂိုလ်ရေးကပ်တိုင်တင်ခဲ့ကြသည်။

သူတော်စင်များ၏သွေးများသည် ရာစုနှစ်တစ်ခုပြီးတစ်ခု ဆက်တိုက်သွန်းခဲ့ကြရသည်။ ပိမွန်တောင်တန်းများထက်ဝယ် ခရစ်တော်အတွက်သက်သေခံရင်းဝေါလ်ဒင်းဆီးများ အသက်ပေးခဲ့ကြသလို ပြင်သစ်မှ အဘီဂျင်းဆီးများသည်လည်း အသက်ပေးကာ သက်သေခံခဲ့ကြသည်။

ထိုတပည့်တော်များသည် သေသည်တိုင်အောင် ရက်စက်စွာအနှိပ်စက်ခံကြရပါသည်။ ရှင်ဘုရင်မှစ၍ မှူးကြီးမတ်ရာများ၊ မင်းသမီးများနှင့် ၎င်းတို့၏နောက်ပါများသည် ထိုအာဇာနည်များ ၏ဒုက္ခဆင်းရဲခြင်းကို ကိုယ်တိုင်မြင်တွေ့ခဲ့ရကြသည်။ သူရသတ္တိနှင့်ပြည့်စုံသောဟူဂနောက်များသည်လည်း အမဲလိုက်သလို အလိုက်ခံကြရကာ သေပွဲဝင်ခဲ့ကြရပါသည်။

၁၈ရာစုနှစ်တွင် ပြင်သစ်ပြည်၌ ဆက်လက်အသက်ရှင်နေကြသည့် ရှေးခရစ်ယာန်များ၏သားမြေးများသည် တောင်ပိုင်းရှိတောင်များတွင်ပုန်းအောင်းပြီး ဘိုးဘေးများ၏ယုံကြည်ခြင်းကို အမွန်အမြတ်ထားကာ ပြုစုပျိုးထောင်ခဲ့ကြပါသည်။ ထိုသူများသည် ကျွန်သင်္ဘောများတွင် ရာသက်ပန်ကျွန်များအဖြစ် ဖမ်းဆီးချုပ်နှောင်ကာ နှိပ်စ်ကခြင်းကိုခံကြရပါသည်။

ပြင်သစ်ပညာတတ် ယုံကြည်သူများသည် ဓါးပြများ၊ လူသတ်သမားများနှင့်အတူ သံကြိုးများနှင့် အချည်ခံရရုံတင်မကဘဲ ကြောက်ရွံ့ဖွယ်နှိပ်စက်မှုများကိုလည်း ခံကြရသည်။ တချို့မှာ ဒူးထောက်ဆုတောင်းနေစဉ် သွေးအေးအေးဖြင့် . . . . . . . . . . . .

ပစ်သတ်ခြင်းကိုခံခဲ့ကြရသည်။ ဓါးများ၊ ပုဆိန်များ၊ ကပ်တိုင်များ မြင်ကွင်းများဖြင့်ပြည့်ဝနေသော ပြင်သစ်ပြည်ကြီးသည် အမှောင်ကျနေသောတောကြီးအသွင်သို့ ကူးပြောင်းသွားခဲ့ပါသည်။

"မည်သည့်အမှောင်ခေတ်မှာမှ မပြဌာန်းခဲ့ဖူးသော ဤရက်စက်ကြမ်းကြုတ်မှုများကို ပြဌာန်းခဲ့ကြသော်လည်း လူ့ဝစ် (၁၄)လက်ထက်တွင် ခေတ်ကောင်းတစ်ခုအစပျိုးလာခဲ့ပါသည်။ သိပ္ပံပညာကိုပျိုးထောင်လာပါသည်။ စာပေများတိုးတက်လာပါသည်။ တရားရုံးအကြီးအကဲများနှင့် မြို့တော်အကြီးအကဲများသည် ပညာတတ်အာဝဇ္ဇန်းကောင်းသူများဖြစ်ပြီး နူးညံ့သိမ်မွေ့ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့နှင့်ဆိုင်သော ကျေးဇူးတော်များကို များစွာအကျိုးသက်ရောက်စေခဲ့သည်။

## ကြောက်ရွံ့စရာအကောင်းဆုံးရာဇဝတ်မှုများ

စိန့်ဘာသောလမွဲ လူအစုအလိုက်အပြုံလိုက်သတ်ပွဲကြီးသည် ကြောက်စရာရာစုနှစ်များအတွင်းဖြစ်ပွားခဲ့သော ကြောက်စရာဖြစ်ရပ်များတွင် ကြောက်စရာအကောင်းဆုံးဖြစ်သည်။ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်များ၏တိုက်တွန်းချက်အရ ပြင်သစ်ပြည်ဘုရင်သည် ခွင့်ပြုမိန့်ကိုထုတ်ပြန်ပေးခဲ့သည်။ ညကြီးမင်းကြီးမှ ထိုးသည့်ခေါင်းလောင်းသံကလေးသည် လူသတ်သမားများအတွက် ဂုဏ်သိက္ခာကိုကိုးစားလျက်မိမိတို့၏နေအိမ်များတွင် အိပ်မောကျနေသည့်ပရိုတက်စတင့်များစွာတို့ကို အိမ်ထဲမှဆွဲထုတ်ကာ သတ်ဖြတ်ခဲ့ကြပါသည်။

ထိုလူသတ်ပွဲကြီးကို ပဲရစ်မြို့တွင် ခုနစ်ရက်တိတိကျင်းပခဲ့သည်။ ဘုရင့်အမိန့်အရ ပရိုတက်စတင့်များရှိနေသည့်မြို့ရွာများအထိတိုင် လူသတ်ပွဲအစီအစဉ်ကိုတိုးချဲ့ခဲ့ကြသည်။ လူချမ်းသာ၊ လူဆင်းရဲများ၊ လူကြီးလူငယ်ကျားမအပါအဝင် ပြင်သစ်၏တန်ဖိုးရှိသောလူပေါင်း (၇၀၀၀၀) တို့သည် သေပွဲဝင်ခဲ့ကြရပါသည်။

"ထိုလူသတ်ပွဲသတင်းကို ရောမကရရှိသောအခါ အသင်းတော်ခေါင်းဆောင်ကြီးများသည် အတိုင်းမသိဝမ်းမြောက်ခဲ့ကြပါသည်။ လော်ရိန်းဂိုဏ်းချုပ်ကြီးက ထိုသတင်းကိုပေးပို့သူအား ပေါင်(၁၀၀၀)ဆုချခဲ့သည်။ စိန့်အင်ဂျဲလိုက အမြောက်ပစ်၍ အလေးပြုခဲ့သည်။ မျှော်စင်တိုင်းမှခေါင်းလောင်းများကို ထိုးခဲ့ကြပါသည်။ မီးရှူး၊ မီးပန်းများကြောင့် ညကာလသည် နေ့အချိန်နှင့်ပင်တူနေပါသည်။ ဂရီဂိုရီ (၁၃)သည် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်နှင့်ဂုဏ်သရေရှိပုဂ္ဂိုလ်များခြံရံလျက် တီဒီအမ်ဂါထာရွတ်နေသည့်လော်ရိန်းဂိုဏ်းချုပ်ရှိရာ စိန့်လူးဝစ်ဘုရားကျောင်းသို့သွားခဲ့ပါသည်။ အစုလိုက်သတ်ပွဲ၏ အထိမ်းအမှတ်အဖြစ် သတ္တုပြားများကိုရိုက်ခတ်ကြပါသည်။

သန့်ရှင်းသောရ ဟန်းမင်းသည် ထိုသတင်းကိုရသောအခါ ဘုရားသခင်ကိုချီးမွမ်းရန် စိန့်လူးဝစ်ဘုရားကျောင်းသို့သွားခဲ့သော ထိုနေ့သည် ဝမ်းမြောက်ဖွယ် နေ့တစ်နေ့ဖြစ်ကြောင်း ပြင်သစ်လူမျိုးဂိုဏ်းအုပ်တစ်ဦးကပြောခဲ့သည်။

စိန့်ဘာသောလမ့်ပွဲလူသတ်ပွဲကို ဖြစ်မြောက်အောင် တိုက်တွန်းခဲ့သော ထိုဝိညာဉ်သည် တော်လှန်ရေးမြင်းကွင်းများတွင်လည်း ဦးဆောင်ခဲ့ပါသည်။ ခရစ်တော်ကို အယောင်အဆောင် သမားတစ်ဦးအဖြစ်ကြေညာကာ "ရွံစရာကောင်းသောထိုသူကိုချေမှုန်းကြ"ဟု

ဟစ်အော်ကြသည်။ သူတို့ဆိုလိုသည်မှာ ဘုရားကိုစော်ကားသူခရစ်တော်နှင့် ဆိုးယုတ်ခြင်းများသည် လက်တွဲနေသည်ဟူ၍ဖြစ်သည်။ ဤအရာအားလုံးတွင် စာတန်ကိုကိုးကွယ်နေကြကာ ဖြူစင်သန့်ရှင်း၍ အတ္တမဲ့မေတ္တာရှင်ခရစ်တော်ကို ကပ်တိုင်တင်နေကြခြင်းဖြစ်သည်။

"အနက်ဆုံးသောတွင်းထဲကတက်သောသားရဲသည် သူတို့ကို စစ်တိုက်၍ အောင်လိမ့်မည်။ အသက်ကိုလည်းသတ်လိမ့်မည်။ ဗျာ၊ ၁၁း၇။ ပြင်သစ်တော်လှန်ရေးကာလအတွင်းအုပ်စိုးခဲ့သော ဘုရားမဲ့ဝါဒီသည် ဘုရားသခင်နှင့် နှုတ်ပါတ်တော်ကို ထိုကဲ့သို့စစ်ပြိုင်ခဲ့ပါသည်။ အမျိုးသားလွှတ်တော်က ထာဝရဘုရားအား ကိုးကွယ်ခြင်းကို ဖျက်သိမ်းခဲ့သည်။ သမ္မာကျမ်းစာများကိုစုသိမ်းကာ လူထုရှေ့တွင်မီးရှို့ပစ်ခဲ့သည်။ အပတ်စဉ်နားနေရမည့်နေ့ရက်ကို ဘေးဖယ်ကာ ထိုနေ့အစား (၁၀)ရက်မြောက်သောနေ့တိုင်းကို ပျော်ရွှင်ဖွယ်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ နှစ်ခြင်းမင်္ဂလာနှင့် ပွဲတော်မင်္ဂလာများကို ပိတ်ပင်တားမြစ်ခဲ့သည်။ နှစ်ခြင်းမင်္ဂလာနှင့်ပွဲတော်မင်္ဂလာများကို ပိတ်ပင်တားမြစ်ခဲ့သည်။ သေခြင်းကို ထာဝရအိပ်ပျော်ခြင်းအဖြစ် သင်္ချိုင်းဂူများတွင် စာကပ်ခဲ့ကြသည်။

လွတ်လပ်ရေးနှင့် နိုင်ငံတော်အတွက် ဝတ်ပြုကိုးကွယ်ပွဲကျင်းပခြင်းမှလွဲ၍ အခြားကိုးကွယ်ပွဲများကိုတားမြစ်ခဲ့သည်။ ၎င်းတို့ခန့်အပ်ထားသည့် ပဲရစ်ဂိုဏ်းအုပ်ကိုခေါ်ထုတ်လာကာ မိမိနှစ်ပေါင်းများစွာသွန်သင်ခဲ့သော ဘာသာအယူဝါဒသည် ဂိုဏ်းအုပ်တို့၏အတတ်ပညာအရသာဖြစ်ပြီး ရာဇဝင်တွင်သော်လည်းကောင်း၊ သမ္မာကျမ်းစာတွင်လည်းကောင်း အခြေအမြစ်မရှိကြောင်း လူထုအစည်းအဝေးပွဲတွင် ထိုဘုရင်ကကြေညာစေခဲ့သည်။

“မြေကြီးပေါ်မှာနေသောသူတို့သည် ထိုအလောင်းကောင်တို့ကိုမြင်သောအခါ ဝမ်းမြောက်၍ ပျော်မွေ့ခြင်းကိုပြုကြလိမ့်မည်။ တစ်ယောက်ကိုတစ်ယောက် လက်ဆောင်ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အထက်က ထိုပုရောဖက်နှစ်ပါးတို့သည် မြေကြီးပေါ်မှာနေသောသူတို့ကို ပြင်းစွာနှောက်ယှက် ညှဉ်းဆဲကြသည်ဟု ငါ့အားပြောဆိုလေ၏။” ဗျာဒိတ်ကျမ်း ၁၁း၁၀။ ဘုရားကို မခန့်လေးစားပြုသောပြင်သစ်နိုင်ငံသည် ဘုရားသခင့်သက်သေခံနှစ်ပါး၏ဆုံးမသံများကို နှုတ်ပိတ်ခဲ့ကြရာ သမ္မာတရား၏နှုတ်ကပါတ်တော်များမှာ သူမ၏လမ်းများပေါ်တွင် လဲသေလျက်ရှိ၏။ ထိုကြောင့် ပညတ်တော်ကိုမုန်းတီးသောသူများတို့သည် ဝမ်းမြောက်ဝမ်းသာရှိကြကာ လူတို့သည် ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ကို လူသိရှင်ကြားအန်တုစော်ကားခဲ့ကြသည်။

## ဘုရားကိုစော်ကားဝံ့သောရဲရင့်ခြင်း

အဖွဲ့အစည်းသစ်တစ်ခုမှ ဂိုဏ်းအုပ်တစ်ဦးက “ဘုရားသခင်၊ သင်ဟာ တကယ်ရှိလျှင် ထိခိုက်နစ်နာနေသည့် သင်၏နာမအတွက် လက်စားချေပါ။ ကျွန်တော်ဟာ ခင်ဗျားကို ပွင့်ပွင့်လင်းလင်းအာခံတယ်။ ခင်ဗျားက ဘာမှမတုံ့ပြန်ဘဲငြိမ်နေတယ်။ ခင်ဗျားက မိုးတောင်မချုန်းရဲတော့ဘူး။ ဒီလိုဆိုရင် ခင်ဗျားတကယ်ရှိတယ်ဆိုတာ ဘယသူယုံတော့မှာလဲ။ ယေဟိုဝါက ဘယ်သူမို့ ငါက သူ့စကားကို နားထောင်ရမှာလဲဟူသော ဖာရောဘုရင်ရဲ့တောင်းဆိုချက်ကို ဘယ်လိုတုံ့ပြန်မလဲ”ဟု စော်ကားပြောဆိုခဲ့သည်။

"ဘုရားမရှိဟု မိုက်သောသူသည် ထင်တတ်၏"။ "ဤသူတို့၏မိုက်မဲခြင်းသည်လည်း ထင်ရှားလိမ့်မည်။" ဆာလံကျမ်း ၁၄း၁။ ၂တိ၊ ၃း၉။ ပြင်သစ်နိုင်ငံသည် အသက်ရှင်လျက်ရှိသော ဘုရားသခင်ကိုကိုးကွယ်ရန် ငြင်းဆိုပြီးနောက် လျှပ်ပေါ်လော်လည်သော ဘုရားမဂေါဒက်အောက်ဖ်ရီးဇင်းကို ကိုးကွယ်သည့်အဆင့်ထိအောင် နိမ့်ကျသွားခဲ့ပါသည်။ "ဤရူးသွပ်သောအချိန်တွင် ကျင်းပခဲ့သည့် အခမ်းအနားများမှ အခမ်းအနားတစ်ခုသည် ယုတ္တိမတန်ပုံနှင့် ဘုရားတရားကင်းမဲ့ပုံတွင် ပြိုင်ဘက်ကင်းခဲ့ပါသည်။ အစည်းအဝေးခန်းမတံခါးများကို ဖွင့်ထားသည်။ အစည်းအဝေးတက် ရောက်လာကြသူများသည် ဂေါဒက်အောက်ဖ်ရီးဇင်းဟု ၄င်းတို့ကင်ပွန်းတပ်ထားသည့် အနာဂတ်တွင် ဝတ်ပြုကိုးကွယ်ကြမည့်မျက်နှာဖုံးတပ်ထားသောဘုရားမရုပ်တုကို ခြံရံသယ်ဆောင်လာရင်း လွတ်မြောက်ခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းသည့်ဓမ္မသီချင်းများကိုသီဆိုလျက် ထိုခန်းမထဲသို့ဝင်လာကြပါသည်။ ထိုနောက် မျက်နှာဖုံးကို ချွတ်လိုက်ကာ အစည်းအဝေးသဘာပတိ၏ညာဘက်တွင် တင်ထားလိုက်ကြသည်။

## ဂေါဒက်အောက်ဖ်ရီးဇင်း

ထိုဘုရားမအား နေရာချထားခြင်းအမှုကို တော်လှန်ရေးအရှိန်မြင့်မားမှုတွင် မိမိတို့လည်းစိတ်ဝင်စားကြောင်း ဖော်ပြလိုသောသူများရှိသည့် ထိုနေရာမျိုးတွင် နိုင်ငံအနှံ့အတုခိုးလုပ်ဆောင်ကြပါသည်။

ထိုဘုရားမကို အစည်းအဝေးခန်းမထဲသို့ ယူဆောင်လာသော အချိန်တွင် စာဟောဆရာက ထိုဘုရားမကိုလက်ဖြင့်ယူကာ ပရိသတ်ဘက်သို့လှည့်လျက် "သေမျိုးများတို့၊ မင်းတို့ရဲ့ကြောက် စိတ်ကဖန်တီးပေးလိုက်တဲ့ တန်ခိုးမဲ့သောဘုရားသခင်ကို မကြောက်ကြနဲ့တော့။ အခုချိန်ကစပြီး ရီးဇင်းဘုရားမတစ်ဆူကိုသာ အသိအမှတ်ပြုကြပါတော့။ သူမရဲ့တင့်တယ်မွန်မြတ်တဲ့ရုပ်တုကို သင်တို့အား ကျွန်ုပ်ပေးပါ၏။ ဤရုပ်တုရှေ့မှာသာ ယဇ်ပူဇော်ကြပါလော့" ဟု ပြောလေ၏။

"ထိုဘုရားမကို သဘာပတိကြီးကပွေ့ပိုက်ကာ အထူးပြင်ဆင်ထားသောယာဉ်ပေါ်သို့တင်လိုက်ပါသည်။ ဘုရားသခင်၏နေရာတွင် အစားထိုးရန် နော်တာဒါမီဘုရားရှိခိုးကျောင်းသို့ သယ်ဆောင်သွားပါသည်။ ထိုဘုရားကျောင်း၏ယဇ်ပလ္လင်ပေါ်တွင်တင်လိုက်ကာ ကြွရောက်လာသူအပေါင်း၏အပူဇော်ကိုခံစေလေ၏။"

ဘုရားမဲ့ဝါဒက ပြင်သစ်ပြည်ကိုပျက်စီးခြင်းသို့ပို့ဆောင်စေသည့်လုပ်ရပ်များကို ရဟန်းမင်းအဖွဲ့က အစပျိုးလိုက်ပါသည်။ တော်လှန်ရေး၏ကြောက်မက်ဖွယ်များကိုရည်ညွှန်းလျက် ဤအရာများသည် ရှင်ဘုရင်နှင့် အသင်းတော်တွင် တာဝန်ရှိသည့်ရဟန်းမင်းအဖွဲ့သည် ရှင်ဘုရင်အား ဘာသာရေးပြုပြင်ပြောင်းလဲရေးများအပေါ် မနှစ်မြို့အောင်လုပ်ကြသည်။

ရောမ၏ပညာသား ပါပါလှုံ့ဆော်လိုက်သည့် ရက်စက်ကြမ်းကြုတ်မှုများကို ရှင်ဘုရင်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ဧဝံဂေလိတရားတော်ကို လက်ခံသောသူတိုင်း၏စိတ်များသည် နိုးကြားနေကြသည်။ မသိနားမလည်မှုနှင့် အယူသီးမှုများ၏ ကျွန်ဘဝကိုရောက်စေသည့်အနှောင့်အဖွဲ့များကို သူတို့စတင်စွန့်ပယ်ခဲ့ကြပါသည်။ ဘုရင်များသည် ထိုအရာကိုမြင်တွေ့လာရာ မိမိတို့၏ သက်ဦးဆံပိုင်ဘုရင်စနစ်အတွက် စိုးရိမ်လာကြပါသည်။

ရောမသည် ၎င်းတို့အားတုံ့ပြန်ရန် လက်မနှေးခဲ့ပါ။ ရဟန်းမင်းသည် ပြင်သစ်ရင်ခွင်ပိုက်အစိုးရအား ၁၅၂၅ခုနှစ်တွင် မိန့်ဆိုခဲ့သည်မှာ "ဤပရိုတက်စတင့်ဝါဒသည် ဘာသာရေးကို မှားယွင်းရှုပ်ထွေးပြီး ပျက်စီးစေရုံသာမက မင်းအာဏာစက်များ၊ မှူးမတ်များ၊ တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်သက်သာယာမှုများကိုပါ ထိခိုက်စေလျှက်ရှိသည်"ဟူ၍ဖြစ်၏။

သို့ဖြင့် "ပရိုတက်စတင့်များဟာ ဘာသာရေးအေးချမ်းသာယာရေးကိုသာမက နိုင်ငံတော်၏တည်ငြိမ်မှုကိုပါ ထိခိုက်စေလိမ့်မယ်။ ယဇ်ပလ္လင်မှာ အန္တရာယ်ရှိနိုင်သကဲ့သို့ရာဇပလ္လင်၌လည်း အန္တရာယ်ကျရောက်နိုင်သည်"ဟု ရဟန်းမင်းက ရှင်ဘုရင်အားသတိပေးလိုက်ရာ ရောမအသင်းတော်သည် ပြင်သစ်အား ပြုပြင်ပြောင်းလဲရေးကိုဆန့်ကျင်ဖို့ တိုက်တွန်းမှုအောင်မြင်သွားပါသည်။

သမ္မာကျမ်းစာ၏သွန်သင်ချက်များက လူတို့၏နှလုံးသားထဲသို့ ဖြောင့်မတ်ခြင်း၊ ချုပ်တည်းခြင်းနှင့် သမ္မာတရားစည်းမျဉ်းများကို မျိုးချပေးခဲ့ရာ ထိုအရာများသည် နိုင်ငံတစ်နိုင်ငံ၏သာယာဝပြောရေးအတွက် တိုက်ထောင့်တိုင်များဖြစ်ကြသည်။ "ဖြောင့်မတ်ခြင်းသည် နိုင်ငံတစ်ခုကိုမြှင့်တင်ပေးသည်။" ဤနည်းအားဖြင့် "ရာဇပလ္လင်သည် ခိုင်မြဲစွာတည်ရှိ၏။"သု၊ ၁၄း၃၄။ ၁၆း၁၂။

ဟေရှာ ၃၂း၁၇။ ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်ရှောက်သူများသည် နိုင်ငံတော်၏ဥပဒေများကိုလည်း အမှန်တကယ်လိုက်နာကြသည်။ ပြင်သစ်ပြည်သည် သမ္မာကျမ်းစာကိုပိတ်ပင်တားမြစ်ခဲ့သည်။

သမ္မာတရားအတွက် အသေခံမည့်ယုံကြည်သူ လူတော်လူကောင်းများကို ကွပ်မျက်ခဲ့ကြသည်။ မြေအောက်အကျဉ်းခန်းများတွင် သေပွဲဝင်စေခဲ့ကြသည်။ ပြုပြင်ပြောင်းလဲရေးအစပြုပြီးသည့်နောက် နှစ်ပေါင်း ၂၅၀ကျမှ ထောင်ပေါင်းများစွာသောလူတို့သည် လုံခြုံရာသို့ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

“နှိပ်စက်ညှဥ်းပန်းသူများ၏ ရူးသွပ်သောလုပ်ဆောင်မှုများမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ဧဝံဂေလိတရားတော်၏တပည့်တော်များကို မျက်မြင်ကိုယ်တွေ့ တွေ့ရှိသူပြင်သစ်မျိုးဆက်တစ်ခုသည် မိမိတို့နှင့်အတူ စာပေအနုပညာများ၊ စက်မှုပညာများနှင့် စည်းစနစ်ကျနမှုများကိုယူဆောင်လျက် မိမိတို့နိုင်ငံရေးခိုလှုံခွင့်ရသည့်တိုင်းပြည်များကို ကြီးပွါးချမ်းသာစေခဲ့ကြသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များကို ထိန်းထားနိုင်ခဲ့မည်ဆိုလျှင် ပြင်သစ်ပြည်သည် အလွန်တိုးတက်၍ သာယာဝပြောကာ စံပြနိုင်ငံကြီးတစ်ခုဖြစ်ခဲ့လိမ့်မည်တကား။

သို့သော် ကမ်းမမြင်လမ်းမမြင်အယူသီးမှုများကြောင့် သူ့မြေပေါ်တွင်ရှိသော သီလနှင့်ပြည့်စုံသောကျောင်းဆရာများ၊ ဂိုဏ်းဂနများမှလူတော်များ၊ ရာဇပလ္လင်ကိုသစ္စာစောင့်သိစွာကာကွယ်သူများတို့အား တိုက်ထုတ်ခဲ့သည်။ အဆုံးတွင် နိုင်ငံတော်ကြီးပျက်စီးယိုယွင်းသွားခဲ့ရသည်။ ကြောက်ရွံ့ ဖွယ်ရလဒ်များဖြင့်ပြီးသော တော်လှန်ရေးကြီးကို သူတို့ရင်ဆိုင်ခဲ့ရသည်။

## ဖြစ်နိုင်ဖွယ်ရှိသောအရာများ

ဟူဂနောက်များထွက်ပြေးသွားကြပြီးနောက် ပြင်သစ်ပြည်သည် အဘက်ဘက်မှယုတ်လျော့ကျဆင်းလာခဲ့ပါသည်။ ကုန်စည်ထုတ်လုပ်မှုများဖြင့် ကြီးပွားနေသောမြို့ကြီးများသည် ယိုယွင်းပျက်စီးလာခဲ့ပါသည်။ တော်လှန်ရေးကာလအစတွင် ခန့်မှန်းချေလူမွဲ ၂၀၀,၀၀၀တို့သည် ယိုယွင်းနေသောတိုင်းပြည်တွင် လူနှင့်သူနှင့်တူအောင်နေထိုင်နေခဲ့ကြပါသည်။

အသင်းတော်ခေါင်းဆောင်များ၊ ရှင်ဘုရင်နှင့်တကွ ဥပဒေပြုပုဂ္ဂိုလ်များအား အကြံအိုက်စေရုံသာမက အဆုံးတွင် တိုင်းပြည်ကိုပျက်စီးခြင်းထဲသို့ပို့ဆောင်မည့် ပြဿနာများ၏အဖြေကို ဧဝံဂေလိတရားတော်က ပြင်သစ်ပြည်သို့ယူဆောင်လာခဲ့ပါသည်။

သို့ရာတွင် ရောမ၏လက်အောက်၌နေထိုင်ကြရသော ထိုသူများသည် အများကောင်းကျိုးအတွက် အနစ်နာခံခြင်း၊ အတ္တကင်းစွာဖြင့် မေတ္တာထားခြင်းများဆိုင်ရာ ခရစ်တော်ပေးခဲ့သောသင်ခန်းစာများကို မျက်ခြည်ပြတ်ခဲ့ကြပါသည်။

ဆင်းရဲသားများကို အနိုင်ကျင့်နေသောသူဌေးများကို ဆုံးမမည့်သူမရှိသလို ဒုက္ခတွင်းထဲမှဆင်းရဲသားများကို ကယ်မမည့်သူလည်းမရှိချေ။

ကြီးပွားချမ်းသာလိုစိတ်နှင့် အာဏာရလိုသည့်အတ္တစိတ်များသာ ဆင်းရဲသားများအပေါ် အမှားအယွင်းများရှိသလို ဆင်းရဲသားများကလည်း သူဌေးများကို မုန်းတီးနေခဲ့ကြပါသည်။ ပြည်နယ်အတော်များများတွင်နေထိုင်ကြသောအလုပ်သမား . . . . . . . . . . .

လူတန်းစားများသည် မြေပိုင်ရှင်များ၏ကရုဏာအောက်တွင်နေရကာ ခိုင်းသမျှလုပ်ဆောင်ခဲ့ကြရသည်။ လူလတ်တန်းစားနှင့်အောက်ခြေ လူတန်းစားများမှာမူ အာဏာပိုင်များ၏ကြီးလေးသောအခွန်အ ကောက်တောင်းခံမှုများနှင့်ရင် ဆိုင်ခဲ့ကြရသည်။ "အလုပ်သမားနှင့် လယ်သမားများသည် ၎င်းတို့အားဒုက္ခပေးသူများက ကျွေးသ လောက်ဖြင့် မဝတဝစားကြရသည်။ လယ်လုပ်သားများ၏ဘဝသည် လည်း အလုပ်နှင့်လက်ပြတ်ရသည်ဟု မရှိတော့ဘဲ မနားတမ်းလုပ်ကိုင် ကြရရာ ညည်းတွားအပြစ်တင်မိပါကလည်း ရိုင်းစိုင်းစွာဆက်ဆံခြင်း ခံကြရပြန်သည်။ တရားသူကြီးများသည် တံစိုးလက်ဆောင်များကို အကြီးအကျယ်ယူကြသည်။

ကောက်ခံရရှိသည့်အခွန်ဘဏ္ဍာငွေများ၏ တစ်ဝက်ပင်မရှိ သောအရေအတွက်သာ ဘုရင့်ဘဏ္ဍာတော်တိုက်ထဲသို့ရောက်၍ ကျန် တစ်ဝက်ကျော်မှာ အပျော်အပါးကိစ္စများအတွက် အသုံးပြုသုံးဖြုန်း ပစ်ကြပါသည်။ ရောင်းရင်းများအား ဆင်းရဲမွဲတေစေခဲ့သည့် ထိုသူများသည် မိမိကိုယ်တိုင်အတွက်မူ အခွန်ကင်းလွတ်ခွင့်ရ အောင်လုပ်ဆောင်ကြပြီး နိုင်ငံတော်မှခန့်အပ်မှုများကို ဥပဒေအရ သော်လည်းကောင်း၊ ဓလေ့ထုံးစံအရသော်လည်းကောင်း ခံစားခွင့်ရ အောင်လုပ်ဆောင်ကြပါသည်။ ၎င်းတို့ ကောင်းစားရေးအတွက် သန်း ပေါင်းများစွာသောလူများသည် မျှော်လင့်ချက်မဲ့သောဘဝ၊ နိမ့်ကျ သောဘဝများနှင့်ရင်ဆိုင်ကြရပါသည်။

တော်လှန်ရေးကာလမတိုင်မီ နှစ်ပေါင်း(၅၀)ကျော်အချိန် တွင်ပျင်းရိပြီး ပေါ့ပေါ့တန်တန်နေတတ်ကာ ကာမဂုဏ်ခံစားမှု လွန် ကဲသော လူး၀စ်(၁၅) နန်းတက်ခဲ့ပါသည်။ ယိုယွင်းနေသော ငွေကြေး ပြဿနာအခြေအနေ၊ ဒေါသထွက်သောပြည်သူများနှင့်ပြီးသော

ပြင်သစ်ပြည်၏ကြောက်မက်ဖွယ်အနာဂတ်ရေးကို တွေမြင်ရန် ပုရောဖက်မျက်စိပင်မလိုတော့ချေ။ ပြုပြင်ပြောင်းလဲဖို့လိုအပ်ကြောင်း တိုက်တွန်းနေခြင်းသည်လည်း အချည်းနှီးသာတည်း။ ရှင်ဘုရင်၏အတ္တများသောအဖြေတည်းဟူသော "ငါ့နောက်မှာရေကြီးခြင်းဖြစ်မည်" ဆိုသည့်စကားတွင် ပြင်သစ်ပြည်၏အနာဂတ်ကံကြမ္မာသည် ပုံပေါ်နေပါသည်။

အုပ်ချုပ်သူလူတန်းစားများနှင့် ပြည်သူများ၏ အသက်ဝိညာဉ်များကို ၎င်း၏အနှောင်အဖွဲ့တွင်ချုပ်နှောင်ထားရန် ရည်ရွယ်လျက် ရောမသည် ဘုရင်နှင့်အုပ်ချုပ်သူလူတန်းစားများအားပြည်သူများကို အချုပ်အနှောင်တွင်ဆက်လက်ထားရှိရန် ဩဇာပေးခဲ့ပါသည်။ ရုပ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများထက် အဆပေါင်းများစွာဆိုးရွားစေသည့် ရောမ၏ဝါဒမှာ စိတ်ပိုင်းဆိုင်ရာနိမ့်ကျသွားအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာကိုမဖတ်အောင် တားဆီးခံရပြီး အတ္တစိတ်၏စေစားခြင်းခံနေရသောပြည်သူများသည် အသိပညာမရှိကြတော့ဘဲ ဒုစရိုက်မှုများတွင်သာ နစ်မြုပ်ကာ ကိုယ့်ကိုကိုယ်ထိန်းသိမ်းနိုင်စွမ်းလုံးလုံးမရှိကြတော့ချေ။

## အသွေးတွင်ရိတ်သိမ်းရသောရလဒ်များ

ရောမသည် အလုပ်သမားလူတန်းစားများအား အသင်းတော်၏ယုံကြည်ချက်များကို ဝန်ခံအောင်လုပ်ရမည့်အစား ဘုရားတရားမဲ့သူများ၊ တော်လှန်ပုန်ကန်သူများဖြစ်စေခဲ့ပါသည်။ ထိုသူများသည် ရောမ၏ယုံကြည်ချက်များကို ဂိုဏ်းအုပ်များ၏ လှည့်ကွက်များအဖြစ် ...............................

မြင်ကာ အော့နှလုံးနာကြသည်။ ၄င်းတို့သိထားသည့် တစ်ဆူတည်း သောဘုရားမှာမူ ရောမတို့၏ဘုရားပင်ဖြစ်သည်။ ၄င်းတို့၏ လောဘ ကြီးခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်းများကိုလည်း သမ္မာကျမ်းစာ၏ အသီးအပွင့်များအဖြစ် မှတ်ယူကြရာ သမ္မာတရား၏အသီးအပွင့်အ စစ်များကို သူတို့ခံစားကြရချေ။

ရောမသည် ဘုရားသခင်၏စာရိတ္တတော်ကို တလွဲဖော်ပြခဲ့သ ဖြင့် ယခုတွင် လူတို့သည် သမ္မာကျမ်းစာကိုသာမက ဘုရားသခင်ကို ပါငြင်းပယ်ခဲ့ကြသည်။ ဗော်လ်တာရီနှင့်အပေါင်းအပါများသည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုဘေးဖယ်ကာ ဘုရားတရားမဲ့မှု များကို ပြန့်ပွားစေခဲ့သည်။ ရောမသည် လူထုကြီးအား မိမိ၏သံဖ နောင့်အောက်တွင် နင်းထားသော်လည်း ယခုတွင်မူ အလုပ်သမားလူ တန်းစားကြီးသည် အနှောင်အဖွဲ့များကိုတွန်းလှန်ကာ သမ္မာတရားနှင့် လိမ်ညာလှည့်ဖြားမှုနှစ်ခုစလုံးကို တစ်ပြိုင်တည်းငြင်းပယ်ခဲ့ကြသည်။

တော်လှန်ရေးအစတွင် ရှင်ဘုရင်၏အခွင့်ပေးမှုကြောင့် ပြည် သူများသည် မှူးမတ်များနှင့် ဂိုဏ်းချုပ်များပေါင်းထားသည့်ဦးရေ ထက်ပို၍ အုပ်ချုပ်ရေးဘက်တွင် ကိုယ်စားလှယ်များနေပါသည်။

ထို့ကြောင့် အာဏာချိန်ခွင်သည် ၄င်းတို့ဘက်တွင်ရှိနေ သော်လည်း ထိုအာဏာကို သတိပညာနှင့်မျှမျှတတအသုံးပြုရန် ၄င်း တို့အဆင်သင့်မ ရှိကြသေးချေ။ ဒေါပွနေသောလူထုကြီးသည် ၄င်း တို့ကိုယ်တိုင်ကလဲ့ စားချေရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အဖိနှိပ်ခံခဲ့ရသော ထိုသူများသည် နိုင်လိုမင်းထက်ပြုခြင်း ခံရစဉ်က ရခဲ့သောသင်ခန်းစာများကို ပြန်လည်အကောင်အထည် ဖော်နေကြရာ ထိုသူများသည် မိမိတို့အား ဖိနှိပ်ခဲ့သူများအပေါ် ဖိနှိပ် နေသူများဖြစ်လာကြပါသည်။

ပြင်သစ်ပြည်သည် ရောမထံတွင် အညွှံခံ၊ တပည့်ခံခြင်းအတွက် အသွေးသွန်းခြင်း၌ ရိတ်သိမ်းပွဲကိုကျင်းပခဲ့ပါသည်။ ရောမဝါဒ၏အောက်တွင် ဘာသာရေးပြုပြင်ပြောင်းလဲရေးအစ၌ ပထမဦးဆုံးပြင်သစ်တို့ထောင်ခဲ့သည့်ကပ်တိုင်နေရာတွင် တော်လှန်ရေးသမားများသည် ပထမဆုံးသောခေါင်းဖြတ်စက်ကို တည်ထောင်ခဲ့ပါသည်။ ပရိုတက်စတင့်ယုံကြည်ချက်ကြောင့် ၁၆ရာစုတွင် ပထမဦးဆုံးမာတုရများကို မီးရှို့သတ်ခဲ့သောနေရာတွင် ၁၈ရာစုတွင် ပထမဦးဆုံးသောကပ်ဘေးသင့်သူများကို ခေါင်းဖြတ်သတ်ခဲ့ကြပါသည်။ ဘုရားပညတ်တော်၏ထိန်းချုပ်မှုများကို ပယ်ဖျက်လျစ်လျူရှုသောအချိန်တွင် ထိုနိုင်ငံသည် ပုန်ကန်ထကြွမှုများနှင့်မင်းမဲ့စရိုက်ကြောင့် မျက်ရည်ကျနေရပါသည်။ သမ္မာကျမ်းစာနှင့်ပြိုင်ဆိုင်တိုက်လှန်သောစစ်ပွဲကို ကမ္ဘာ့ရာဇဝင်တွင် The Reign of Terror (၁၇၉၃ ခုနှစ်၊ မေလမှ ၁၇၉၄ခုနှစ်၊ ဇူလိုင်လအထိဖြစ်ပွားခဲ့သော ပြင်သစ်တော်လှန်ရေး)ဟု စာတင်ခဲ့သည်။ ယနေ့အောင်ပွဲဆင်နေသောသူသည် မနက်ဖြန်တွင် အကွပ်မျက်ခံခဲ့ရ၏။

ရှင်ဘုရင်နှင့်တကွ နိုင်ငံရေးနှင့် ဘာသာရေးခေါင်းဆောင်များသည် စိတ်ရူးပေါက်နေသော လူထုကြီး၏ရက်စက်မှုကိုခံခဲ့ကြရသည်။ ဘုရင်ကိုသေဒဏ်ပေးခဲ့သူများသည် မကြာမီတွင်ပင် ကပ်တိုင်တက်ခဲ့ကြရသည်။

ပြင်သစ်ပြည်သည် ဒေါသတကြီးအုပ်စိုးနေသည့် တိုက်ပွဲဝင်လူထုကြီးအတွက် လယ်ကွင်းကျယ်ကြီးတစ်ခုဖြစ်လာပါသည်။ ပဲရစ်တွင် ရုန်းရင်းခတ်မှုများ တစ်ခုပြီးတစ်ခုဖြစ်ပွားခဲ့သည်။ မြို့နေလူထုမှာလည်း အရောရောအနှောနှောပါဝင်သည့် ဂိုဏ်းဂဏကလေးများအသွင်သို့ ကွဲပြားသွားကြပြီး . . . . . . . . . . . . . . . . . . . . . .

တညီတညွတ်တည်း မျိုးတုံးနိုင်သည့်အခြေအနေသို့ဦးတည်နေပါသည်။ တိုင်းပြည်၏ဘဏ္ဍာရေးအခြေအနေသည် ချွတ်ခြုံကျလုနီးဖြစ်နေသည်။

စစ်တပ်များကလည်း လခကျန်များကို အပူတပြင်းတောင်းခံနေကြသလို ပဲရစ်မြို့သားများမှာ အစာရေစာပြတ်လုနီးဖြစ်နေကြပြီ။ ပြည်နယ်များ၌ တောပုန်းဓါးပြများ၏ ဒုက္ခပေးခြင်းခံနေရပြီး လူ့ယဉ်ကျေးမှုများသည် မင်းမဲ့စရိုက်နှင့် အပျော်ကြူးမှုများအောက်တွင် ကွယ်ပျောက်ခမန်းဖြစ်ခဲ့သည်။

ပြင်သစ်ပြည်သူများသည် ရောမက စိတ်အားတကြီးသင်ပေးလိုက်သည့် ရက်စက်ကြမ်းကြုတ်ပုံနှင့် နှိပ်စက်ညှဉ်းပန်းပုံများကို လေ့လာသိရှိထားရာ ယခုတွင် ကပ်တိုင်အတင်ခံရသူများမှာ တချို့သည်သေကြေကုန်ခဲ့ကြပြီး၊ တချို့မှာ ပြည်နှင်ဒဏ်ပေးခြင်းခံခဲ့ကြရပြီ။ "ကပ်တိုင်များသည် ဂိုဏ်းအုပ်များ၏သွေးများဖြင့် နီရဲနေပေပြီ။ "ကပ်တိုင်များသည် ဂိုဏ်းအုပ်များ၏သွေးများဖြင့် နီရဲနေပေပြီ။ တစ်ချိန်က ဟူဂနောက်များဖြင့်ပြည့်ညပ်နေသည့် ကျွန်သင်္ဘောများနှင့်အကျဉ်းထောင်များသည် ယခုတွင် ၎င်းတို့အား နှိပ်စက်ခဲ့သူများဖြင့်စည်ကားနေသည်။ ခုံတန်းလျားနှင့်တွဲပြီး သံကြိုးချည်ထားခြင်းခံရကာ ပင်ပင်ပန်းပန်းတက်ခတ်နေရသော ထိုဂိုဏ်းချုပ်ဂိုဏ်းအုပ်များသည် နူးညံ့သိမ်မွေ့သော ဘုရားသခင်၏သားသမီးများအပေါ် ကျူးလွန်ခဲ့သည့် မင်္ဂလာများကိုယခုတွင် သူတို့ရင်ဆိုင်နေကြရသည်။

"သူလျှိုများက အရပ်လေးမျက်နှာမှချောင်းမြောင်းနေသောအချိန်၊ ခေါင်းဖြတ်စက်ကြီး မနက်တိုင်းပြင်းပြင်းထန်ထန်အလုပ်လုပ်ရသောအချိန်၊ ကျွန်သင်္ဘောများမှာကဲ့သို့ အချုပ်ခန်းများတွင်လည်း ..............................

လူတွေပြည့်နေသည့်အချိန်၊ စိန်းမြစ်နှင့်ဆက်ထားသည့် ရေမြောင်းများတွင် သွေးအမြှုပ်များနှင့်ပြည့်နေသောအချိန်၊ ထိုကဲ့သို့သောအချိန်များရောက်ရှိလာခဲ့ချေပြီ။

သံ့ဇန်းလူတန်းရှည်ကြီးကို သေနတ်ဖြင့် ပစ်သတ်သုတ်သင်ခဲ့ကြသည်။ ကုန်တင်သင်္ဘောကြီးများ၏ အောက်ခြေပိုင်းတွင် အပေါက်ကြီးများဖန်တီးထားသည်။ အသက်တစ်ဆယ့် ခုနစ်နှစ်အရွယ်အမျိုးသား၊ အမျိုးသမီးရာပေါင်းများစွာသည် ဆိုးရွားသောထိုအစိုးရ၏ သတ်ဖြတ်ခြင်းကိုခံခဲ့ကြရသည်။ ဂျရိုဗင်အစီအစဉ်အရ မိခင်ရင်ခွင်မှ ဆွဲယူလာသည့်ကလေးငယ်များကို မှိန်းများဖြင့် ထိုးဆွကစားကာ သတ်ဖြတ်ကြပါသည်။

ဤအရာအားလုံးသည် စာတန်၏အလုပ်ဖြစ်သည်။ စာတန်၏ဝါဒမှာ လိမ်လည်လှည့်ဖြားဖို့ဖြစ်ပြီး သူ့အကြံမှာ လူတို့အား ဒုက္ခနှင့်ရင်ဆိုင်စေဖို့ဖြစ်သည်။ ဘုရားသခင်၏လက်ရာတော်များကို ပျက်ယွင်းသွားစေဖို့ဖြစ်သည်။ မေတ္တာတော်၏ရည်ရွယ်ချက်ကို ပျက်ပြားသွားစေဖို့ဖြစ်သည်။

ဤနည်းအားဖြင့် ဘုရားသခင်အား ဝမ်းနည်းကြေကွဲအောင်လုပ်ဆောင်ရန်ဖြစ်သည်။ ထိုနောက်မှ ဖြစ်သမျှအတိဒုက္ခများကို ဘုရားသခင်၏အစီအစဉ်၏ရလဒ်အဖြစ် လူများက ဘုရားသခင်ကို အပြစ်တင်လာအောင် ပညာသားပါပါလှည့်ဖြားဖို့ဖြစ်သည်။ လူတို့က ရောမအသင်းတော်၏သွန်သင်ချက်များကို လှည့်ဖြားမှုတစ်ရပ်အဖြစ်မြင်တွေ့လာသောအချိန်တွင် အခြားဘာသာအယူဝါဒများသည်လည်း လိမ်ညာမှုဖြစ်ရုံသာမက ကျမ်းစာသည်လည်း ယုံတမ်းစကားတစ်ခုဖြစ်သည်ဟု ထင်မှတ်လာအောင် စာတန်သည် ထိုသူတို့အား တိုက်တွန်းခဲ့ပါသည်။

## သေရေးရှင်ရေးတမျှအရေးပါသောအမှား

ထိုကဲ့သို့သောအမင်္ဂလာများကိုဖြစ်ပေါ်စေသည့် အမှားတကာတို့တွင် အကြီးဆုံးသောအမှားမှာ သမ္မာတရားကိုမသိကျိုးကျွန်ပြုခြင်းပင်ဖြစ်သည်။ စစ်မှန်သောလွတ်လပ်မှုသည် ဘုရားသခင့်ပညတ်တော်ဖွင့်ဆိုချက်များအတွင်း၌ နေထိုင်ခြင်းဖြစ်သည်။ "သင်သည် ငါ၏ပညတ်တို့ကိုစောင့်ရှောက်ပါစေသော။ သို့ဖြစ်လျှင် သင်၏ချမ်းသာသည် မြစ်ကဲ့သို့လည်းကောင်း၊ သင်၏ဖြောင့်မတ်ခြင်းပါရမီသည် သမုဒ္ဒရာလှိုင်းတံပိုးကဲ့သို့လည်းကောင်းဖြစ်ရလိမ့်မည်။" ဟေရှာ ၄၈း၁၈။ ဘုရားသခင်၏သမ္မာကျမ်းစာထဲမှ ထိုသင်ခန်းစာကို မဖတ်ရသေးသူများအား ရာဇဝင်တွင် ထိုအရာကိုဖတ်ရှုရန် ဖိတ်ခေါ်သည်။

လူတို့အား နှုတ်တော်ထွက်စကားများကို နားမထောင်ရန် ရောမအသင်းတော်ကိုအသုံးပြုလျက် စာတန်လုပ်ဆောင်သောအချိန်တွင် သူလုပ်ဆောင်မှု၏သရုပ်မှန်ကိုဖုံးကွယ်ထား၏။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်၏မစမှုအားဖြင့် သူလုပ်ချင်သည့်အတိုင်းအတာအတိုင်း မလုပ်နိုင်အောင် ဘုရားသခင်တားဆီးတော်မူခဲ့သည်။ လူတို့သည် အကြောင်းရင်းအထိရောက်အောင် အကျိုးသက်ရောက်မှုများကို ခြေရာကောက်လေ့လာခြင်းမရှိသဖြင့် ထိုနက်နဲမှုများ၏အရင်းအမြစ်ကို သူတို့ရှာဖွေမတွေ့ရှိခဲ့ကြချေ။ သို့စေကာမူ ပြင်သစ်တော်လှန်ရေးကာလအတွင်းတွင် သမ္မာကျမ်းစာကို နိုင်ငံတော်ကောင်စီမှနေ၍ ပြောင်ပြောင်တင်းတင်းဘေးဖယ်ထားခဲ့ရာ ကြောက်မက်ဖွယ်ကာလနှင့်ရင်ဆိုင်ရကာ အကြောင်းနှင့်အကျိုးဆက်နွယ်နေမှုများကို လူအပေါင်းမြင်တွေ့နိုင်ခဲ့ကြပါသည်။

ဖြောင့်မတ်သောပညတ်တော်ကိုလွန်ကျူးခြင်း၏ရလဒ်သည် ပျက်စီးခြင်းပင်ဖြစ်၏။ စာတန်၏ရက်စက်သောတန်ခိုးကို နှိပ်ကွပ်ထားသည့် ဘုရားသခင်၏ဝိညာဉ်တော်ကို အတိုင်အတာများစွာဖယ်ရှားပစ်လိုက်ကြရာ လူသားတို့အား ဒုက္ခပေးလိုသည့်ထိုသူသည် ထင်တိုင်းကြဲခွင့်ရသွားပါတော့သည်။ ပုန်ကန်ခြားနားလိုသူများအား ပုန်ကန်ခြားနားခြင်း၏အသီးအပွင့်များကို ရိတ်သိမ်းစေခဲ့ရာ တစ်နိုင်ငံလုံးသည် ရာဇဝတ်မှုများနှင့်ပြည့်နက်နေသည်။ ပျက်စီးယိုယွင်းနေသော ပြည်နယ်မြို့ကြီးများမှ ကြောက်လန့်ဖွယ်ငိုကြွေးသံများကို ဝမ်းနည်းဖွယ်ကြားနေရပါသည်။ မြေငလျင်အလှုပ်ခံရသလို ပြင်သစ်ပြည်ကြီးတစ်ခုလုံးသည် မတည်မငြိမ်လှုပ်ရှားနေပါသည်။ ဘုရားသခင်၏ပညတ်တော်များထက်ပို၍ မြှောက်စားခြင်းခံရသည့် ဘုရားတရားမဲ့အာဏာရှင်က ဘာသာရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုရေးငြိမ်ဝပ်ပိပြားမှု၊ မိသားစုအရေးမှစ၍ နိုင်ငံတော်နှင့် အသင်းတော်များအားလုံးကို ထိုးနှက်လိုက်ပါသည်။

တွင်းနက်ကြီးထဲမှတက်လာသော ဘုရားကိုစော်ကားသူ သားရဲကကွပ်မျက်ခဲ့သော သက်သေခံများသည်လည်း ကြာရှည်စွာငြိမ်မနေနိုင်ကြချေ။ "ထိုနောက်သုံးရက်ခွဲလွန်ပြီးလျှင် ဘုရားသခင့်အထံတော်ကအသက်ဝိညာဉ်သည် သူတို့၌ဝင်သဖြင့် သူတို့သည် မတ်တတ်ထ၍ မြင်သမျှသောသူတို့သည် အလွန်ကြောက်ရွံ့ကြ၏။" ဗျာဒိတ်ကျမ်း ၁၁း၁၁။

ပြင်သစ်လွှတ်တော်က သမ္မာကျမ်းစာကို ဘေးဖယ်ထားရန် ၁၇၉၃ခုနှစ်တွင် အတည်ပြုခဲ့သည်။ နောက်သုံးနှစ်ခွဲကြာသောအချိန်တွင် ထိုလွှတ်တော်ကပင် ထိုအတည်ပြုချက်ကိုပယ်ဖျက်ခဲ့ပါသည်။ ကောင်းသောသီလနှင့် စာရိတ္တများတို့၏အခြေခံအဖြစ်. . . . . . . .

ဘုရားသခင်နှင့်တကွ ကိုယ်တော်၏နှုတ်ကပါတ်တော်များကိုယုံကြည်မှုဖြစ်တော့မည်ကို သူတို့အသိအမှတ်ပြုခဲ့ကြပါသည်။

"ကောင်းကင်ကထွက်သောအသံကြီးကား၊ ဤအရပ်သို့တက်ကြလော့ဟု မိမိတို့အားပြောဆိုသည်ကို သူတို့သည်ကြားလျှင် မိုးတိမ်ဖြင့် ကောင်းကင်သို့တက်၍ ရန်သူတို့သည်မြင်ကြ၏"ဟူ၍ ထိုသက်သေခံနှစ်ပါးနှင့်ပတ်သက်၍ရှင်ယောဟန်ကဖွင့်ဆိုခဲ့ပါသည်။ ဗျာဒိတ်ကျမ်း ၁၁း၁၂။ ဘုရားသခင်၏သက်သေခံနှစ်ပါးတည်းဟူသော ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းများသည် မကြုံစဖူးအောင် အမြောက်စားခံခဲ့ရပါသည်။ ဗြိတိသျှနှင့်နိုင်ငံခြား ကျမ်းစာအသင်းကြီးကို ၁၈၀၄ခုနှစ်တွင်ဖွဲ့စည်းခဲ့သည်။ ဥရောပတိုက်တွင် ထိုအဖွဲ့အစည်းမျိုးကို ဆက်ဆိုက်ဖွဲ့စည်းခဲ့ကြသည်။ ၁၈၁၆ခုနှစ်တွင် အမေရိကန်ကျမ်းစာအသင်းကိုတည်ထောင်ခဲ့သည်။ ထိုအချိန်ကတည်းက သမ္မာကျမ်းစာကို ဘာသာစကားပေါင်းများစွာဖြင့် ဘာသာပြန်ဆိုပြီးဖြစ်သည်။

၁၇၉၂ ခုနှစ် မတိုင်မီကာလများတွင် နိုင်ငံခြားသာသနာပြုလုပ်ငန်းများကို အာရုံအပြုနည်းခဲ့ကြသည်။ သို့သော် ၁၈ ရာစုနှစ်ကုန်ခါနီးတွင် ပြောင်းလဲမှုများအကြီးအကျယ်ရှိခဲ့သည်။ လူတို့သည် ကျိုးကြောင်းဆင်ခြင်ရေးဝါဒအပေါ်တွင် ကျေနပ်မှုမရှိကြတော့ဘဲ ဘုရားသခင်ထံမှဖွင့်ဆိုချက်နှင့် စမ်းသပ်မှုခံနိုင်သည့် ဘာသာအယူဝါဒများလိုအပ်ကြောင်း သဘောပေါက်လာကြသည်။ ထိုအချိန်မှစ၍ နိုင်ငံခြားသာသနာလုပ်ငန်းများသည် အစဉ်အလာမရှိသောတိုးတက်မှုများကိုရရှိခဲ့ကြသည်။

ပုံနှိပ်ခြင်းအတတ်ပညာတိုးတက်လာခြင်းသည်လည်း သမ္မာကျမ်းစာဖြန့်ချိမှုအရှိန်အဟုန်ကို အားကောင်းစေခဲ့သည်။ အာယာတ

စိတ်များလျော့နည်းသွားခြင်းနှင့် ရှင်ဘုရင်များအပေါ်မှာ သက်ရောက်ခဲ့သည့် ရဟန်းမင်း၏ဩဇာအာဏာကျဆင်းလာခြင်းများသည် နှုတ်ကပါတ်တော်ဖြန့်ချိမှုအတွက် လမ်းပွင့်သွားစေပါသည်။ ယခုတွင်မူ သမ္မာကျမ်းစာကို ကမ္ဘာအနှံ့သို့ သယ်ဆောင်သွားနိုင်ခဲ့ချေပြီ။

"ပုဂ္ဂိုလ် (၁၂)ဦးက ခရစ်ယာန်ဘာသာကိုတည်ထောင်ခဲ့တယ်လို့ လူတွေထပ်ခါတလဲပြောနေတာကြားရတာ နားတောင်ငြီးနေပြီ။ ဒီအယူဝါဒကိုဖျက်ဆီးပစ်ဖို့ လူတစ်ယောက်ဆိုလုံလောက်တယ်ဆိုတာကို ကျွန်တော်သက်သေပြမယ်"ဟု ဘုရားတရားမရှိသူ ဗေါလ်တာရီကပြောခဲ့ပါသည်။ သမ္မာကျမ်းစာကိုတိုက်လှန်သည့်စစ်ပွဲမှာ လူသန်းပေါင်းများစွာပါဝင်ခဲ့ကြပါသည်။ သမ္မာကျမ်းစာကိုဖျက်ဆီးပစ်နိုင်ဖို့နေနေသာသာ ဗေါလ်တာရီအချိန်တုန်းက ကျမ်းစာအုပ်ရေတစ်ရာလောက်ပဲရှိခဲ့ပေမယ့် ယခုအချိန်မှာ သိန်းချီရှိနေပေပြီ။ သမ္မာကျမ်းစာသည် တူအတော်များများကို ပျက်စီးသွားစေသည့် ပေတုံးတစ်တုံးဖြစ်ပါသည်။

လူသားများ၏အာဏာတန်ခိုးအပေါ်တွင် တည်ဆောက်သမျှတို့သည် ပျက်စီးသွားကြမည်ဖြစ်သော်လည်း နှုတ်ကပါတ်တော်ကျောက်အပေါ်မှာ တည်ဆောက်သမျှတို့သည် ထာဝရတည်မြဲကြလိမ့်မည်။

-----ooo-----

## အခန်း(၁၆)
## ကမ္ဘာသစ်တွင်လွတ်လပ်မှုကိုရှာဖွေခြင်း

ရောမအသင်းတော်၏ အုပ်စိုးမှုနှင့် အဓိကအယူဝါဒများကို ငြင်းပယ်ခဲ့ကြသော်လည်း ထိုအသင်းတော်၏ ဝတ်ပြုကိုးကွယ်ပုံ အတော်များများမှာမူ အင်္ဂလန်အသင်းတော်၏ ဝတ်ပြုကိုးကွယ်မှုများတွင်ပါဝင်နေဆဲဖြစ်သည်။

သမ္မာကျမ်းစာတွင် တားမြစ်ထားသည့်အရာမဟုတ် သော အရာခပ်သိမ်းတို့သည် ပင်ကိုယ်အားဖြင့် မကောင်း သောအရာများ မဟုတ်ကြပါဟု သူတို့ဖွင့်ဆိုလာသည်။ ၎င်းတို့၏ လိုက်နာလုပ် ဆောင်မှုများသည် ပြုပြင်ပြောင်းလဲရေးအသင်းတော်များနှင့် ရောမ အသင်းတော်အကြားရှိ ကွာဟချက်များကို ကျဉ်းမြောင်းသွားစေခဲ့ရာ ပရိုတက်စတင့်ယုံကြည်ချက်ကို ရောမအသင်းသား များလက်ခံလာ အောင် သူတို့ကြိုးစားလုပ်ဆောင်နေသည်ဟုလည်းသူတို့အကြောင်း ပြလာကြပါသည်။

အခြားလူတန်းစားတစ်ခုကမူ ထိုသို့သဘောမထားကြပါ။ ဤအလေ့အထများသည် မိမိတို့လွတ်မြောက်လာခဲ့သည့်ကျွန်ဘဝ၏ အမှတ်အသားဖြစ်သည်ဟု သူတို့ရှုမြင်ကြပါသည်။ ဝတ်ပြုကိုးကွယ်မှု အပေါ်စိုးမိုးထားသည့်ဥပဒေသများကို နှုတ်ကပတ်တော်တွင် ဘုရား ရှင်ဖော်ပြထားပြီးဖြစ်ရာ ထိုအရာများကိုထပ်၍ ပေါင်းခွင့်မရှိသလို နှုတ်ယူခွင့်လည်းမရှိဟု ထိုလူတန်းစားများက ဆင်ခြေပေးလာကြ သည်။ ရောမသည် ဘုရားသခင်တားမြစ်ထားသည့် အရာများကို ပြဋ္ဌာန်း၍ ဘုရားက ရှင်းရှင်းကလေးပြဋ္ဌာန်းထားသည့်အရာများကို တားမြစ်နေပါသည်။

လူအများတို့က အင်္ဂလန်အသင်းတော်၏ဓလေ့ထုံးစံများကို ရုပ်တုကိုးကွယ်ခြင်း၏ အထိမ်းအမှတ်များအဖြစ်မှတ်ယူကာ ဝတ်ပြု ကိုးကွယ်မှုတွင် မပူးပေါင်းနိုင်ခဲ့ကြချေ။ သို့သော် အစိုးရအာဏာပိုင် များ၏ထောက်ခံမှုရရှိသည့် ထိုအသင်းတော်သည် ဂိုဏ်းဂဏကွဲပြား မှုကိုခွင့်မပြုဘဲ တရားမဝင်စုပေါင်းဝတ်ပြုကိုးကွယ်မှုများအတွက် ထောင်ဒဏ်၊ပြည်နှင်ဒဏ် (သို့မဟုတ်) သေဒဏ်များချမှတ်ပြဌာန်း ကာတားမြစ်ခဲ့ပါသည်။

ပျူရီတန်များသည် လိုက်လံချောင်းမြောင်းခြင်း၊ နှိပ်စက် ညှဉ်းပန်းခြင်းနှင့် ထောင်သွင်းအကျဉ်းချခြင်းများကို ခံနေရသဖြင့် ပို၍ကောင်းလာမည့်အနာဂတ်ကို မမျှော်မှန်းနိုင်ကြတော့ချေ။ဟော် လန်သို့သွားရောက်ခိုလှုံရန် ဆုံးဖြတ်ခဲ့သူများမှာလည်း ရန်သူများလက် သို့အပ်နှံခဲ့ကြရပြန်သည်။

သို့သော် မလျှော့သောဇွဲသတ္တိသည် အဆုံးတွင်အောင်ပွဲ ဆင်ကာ မိတ်ဆွေများထံတွင် ခိုလှုံစရာနေရာများကိုပျူရီတန်များ တွေ့ရှိကြပါသည်။

သူတို့သည် အိုးအိမ်စည်းစိမ်နှင့် အသက်မွေးဝမ်းကျောင်း အလုပ်များကိုစွန့်ပစ်က တစ်ကျွန်းတစ်နိုင်ငံတွင် ဧည့်သည်အဖြစ် ဖြင့် ရရာအလုပ်ကိုလုပ်လျက် အသက်မွေးခဲ့ကြရသည်။

သို့သော်ပျင်းရိစွာအချိန်မဖြုန်းကြဘဲ ပေးသနားတော်မူသည့် ကောင်းချီးမင်္ဂလာများအတွက် ကျေးဇူးတော်ကိုချီးမွမ်းကာ အနှောင့်အယှက်ကင်းသောဝိညာဉ်ရေးဆိုင်ရာ မိတ်သဟာယဖွဲ့ခြင်း များတွင် ပျော်ရွှင်မှုကိုတွေ့ရှိခံစားခဲ့ကြရသည်။

ဖြစ်ပျက်သမျှသည် ဘုရားသခင်ပြုပြင်တော်မူရာဖြစ်ခြင်း

နိုင်ငံတစ်ခုကိုတည်ထောင်ကာ သားသမီးများအား ဘာသာရေးလွတ်လပ်ခွင့်အမွေအနှစ်ကို ပေးထားနိုင်မည့် ပင်လယ်ကြီး၏ တစ်ဖက်တွင်ရှိသော နယ်မြေတစ်ခုကို ၎င်းတို့အား ဘုရားသခင်၏ လက်တော်က ညွှန်ပြသယောင်ဖြစ်လာသောအခါ ထိုပျူရီတန်များသည် ဘုရားသခင်စီစဉ်ပေးသောလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းခဲ့ကြသည်။ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် နယ်နှင်ဒဏ်များသည် လွတ်လပ်ရေးရရန်လမ်းကို ဖွင့်ပေးခဲ့သည်။

ပျူရီတန်များသည် အင်္ဂလန်အသင်းတော်မှမဖြစ်မနေခွဲထွက်ရတော့မည့်အချိန်သို့ရောက်သောအခါ "ဘုရားသခင်၏လွတ်လပ်သောလူသားများအဖြစ် မိမိတို့အား ဘုရားသခင်အသိပေးထားသည့်လမ်းစဉ်များနှင့် အသိပေးထားမည့်လမ်းစဉ်များအတိုင်း အတူတကွလျှောက်လှမ်းကြမည်" ဟု ပဋိညာဉ်တစ်ခုကို ပြုလျက် အချင်းချင်းပူးပေါင်းခဲ့ကြသည်။

ဤအရာသည် ပရိုတက်စတင့်အယူဝါဒ၏အရေးပါ သောစည်းမျဉ်းဖြစ်သည်။ ထိုအာဂန္တုများသည် ကမ္ဘာသစ်တွင် နေစရာနေရာကိုရှာရန် ဤရည်ရွယ်ချက်ဖြင့် ဟော်လန်မှထွက် ခွာခဲ့ကြပါသည်။ ၎င်းတို့၏ အသင်းအုပ်ဆရာဖြစ်သော ဂျွန်ရော်ဘင်စင်က ၎င်းတို့အားပြောခဲ့သည့် နှုတ်ဆက်စကားများမှာ -

"ခရစ်တော်နောက်မှ ကျွန်တော်လိုက်ခဲ့သောခရီးထက်မဝေးတဲ့ခရီးတစ်ခုကို ကျွန်တော်နှင့်အတူလိုက်ခဲ့ဖို့ ဘုရားသခင်နှင့်အတူ ကိုယ်တော်ရှင်၏ ကောင်းကင်တမန်များရှေ့တွင် ခင်ဗျားတို့ကို ကျွန်တော် ဖိတ်ခေါ်ပါသည်။ အကယ်၍ ဘုရားသခင်က သင်တို့ကို

အခြားနည်းလမ်းများကို အသုံးပြုပြီး တစ်ခုခုကို ဗျာဒိတ်ပေးခဲ့လျှင် ကျွန်တော့်အမူတော်အားဖြင့် ပေးတော်မူတဲ့သမ္မာတရားများကိုသင်တို့ အမြဲတမ်း လက်ခံခဲ့ကြသလို လက်ခံရန် အဆင်သင့်ရှိကြပါ။ အကြောင်းမျှာ ဘုရားသခင်၌ သာ၍များသော သမ္မာတရားနှင့် အလင်းများ ရုတ်တရက် ပေးရန်ရှိနေသေးသည်ဟု ကျွန်တော်ယုံကြည်စိတ်ချနေပါသည်။”

“ကျွန်တော်အနေနဲ့တော့ ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းရဲ့ အသုံးခံပစ္စည်းများအနေထက်ပိုပြီး ခရီးမရောက်တဲ့ ပြုပြင်ပြောင်းလဲရေးအသင်းတော်တွေရဲ့အခြေအနေအတွက် ပူဆွေးတသမနေချင်ပါဘူး။ လူးသားရဲ့နောက်လိုက်တွေဟာ လူးသာမြင်တာထက်ပိုပြီးပြလို့ မမြင်နိုင်ကြသလို ကဲလ်ဗင်းရဲ့တပည့်တွေကလည်း ဒီလိုပါဘဲ။

ဒီဆရာကြီးတွေဟာ သူ့ခေတ်သူ့အခါမှာအလင်းများကိုထွန်းညှိတောက်ပခဲ့ငြားသော်လည်း ဘုရားသခင်အကြံပြုသလောက်တော့ သူတို့မထိုးဖေါက်နိုင်ခဲ့ကြပါဘူး။ အခုအချိန်မှာသာ သူတို့အသက်ရှင်နေကြဦးမယ်ဆိုရင်တော့ ပထမအလင်းတရားများကို သူတို့ရယူခဲ့ကြသလို နောက်ထပ်အလင်းတရားများကိုလည်း ဖက်တွယ်ရန် ဆန္ဒပြင်းပြကြပါလိမ့်မည်။”

“သတိရဖို့တစ်ချက်က နှုတ်ကပတ်တော်မှ သင်တို့ကိုအသိပေးလာမည့် မည်သည့်သမ္မာတရားအလင်းကိုမဆို လက်ခံမယ်ဆိုတဲ့ ဘုရားရှေ့၊ လူတို့ရှေ့မှာ သင်တို့ပြုခဲ့တဲ့ကတိစကားနဲ့ ပဋိညာဉ်တွေပဲဖြစ်တယ်။ ဒါ့အပြင် ကျွန်တော်လှိုက်လှဲစွာတောင်းပန်ချင်တာက ကြားနာသိရှိလာတဲ့အမှန်တရားများကို လက်မခံမီ

နှုတ်ကပတ်တော်နဲ့ တိုက်ဆိုင်စစ်ဆေးဖို့ဖြစ်တယ်။ အကြောင်းမှာ ခရစ်ယာန်များအနေနဲ့ သမ္မာကျမ်းစာကို ပြည့်ပြည့်စုံစုံသိကျွမ်းဖို့ တစ်ထိုင်တည်း လေ့လာရုံနဲ့မဖြစ်နိုင်တဲ့အပြင် ဒီလောက်ထူထပ်တဲ့ ခရစ်ယာန်ဆန့်ကျင်ရေးအမှောင်ထုကြီးကို နောက်ကျမှရှုန်းထွက်မယ်ဆိုတာလည်း မဖြစ်နိုင်တဲ့ အရာတစ်ခုဖြစ်တယ်။"

ထိုအာဂန္တုများသည် ဩတ္တပ္ပစိတ်လွတ်လပ်ခွင့်ရလိုသည့် ဆန္ဒတစ်ခုတည်းဖြင့် အပင်ပန်းအဆင်းရဲခံကာပင်လယ်ကြီးကိုကျော်ဖြတ်ပြီး ခွန်အားရှိသော တိုင်းပြည်တစ်ပြည်ကို တည်ထောင်ခဲ့ကြပါသည်။ သို့သော် ဘာသာရေးလွတ်လပ်ခွင့်၏ စည်းမျဉ်းကို ထိုအာဂန္တုကြီးများနားမလည်ကြသေးပါ။ သူတို့သည် များစွာအနစ်နာခံပြီး မိမိတို့အတွက် ရယူထားသည့်လွတ်လပ်မှုကို သူတစ်ပါးအားဝေငှရန် အဆင်သင့်မရှိကြသေးချေ။ ဩတ္တပ္ပစိတ်ကို ထိန်းချုပ်ပိုင်ခွင့်နှင့် ဘာသာရေးဖေါက်ပြန်သူများအား ထုတ်ဖေါ်အပြစ်ပေးရန် လုပ်ပိုင်ခွင့်များကို ဘုရားသခင်က အသင်းတော်ကို ပေးအပ်ထားသည်ဆိုသည့် ယုံကြည်ချက်သည် အမြစ်စွဲနေသော ရောမအသင်းတော်၏ အမှားများမှတစ်ခုဖြစ်နေပါသည်။

ထိုပြုပြင်ပြောင်းလဲရေးသမားများ၌ရောမအသင်းတော်၏ စိတ်ဓါတ်များရှိနေကြဆဲဖြစ်သည်။ ရဟန်းမင်းကခရစ်ယာန်လောကကို လွှမ်းခြုံထားသည့် ထူထဲသောအမှောင်ထုကြီးသည် လုံးလုံးကြီးပျောက်လွင့်သွားသည်တော့မဟုတ်သေးပါ။

ထိုနယ်သစ်ထွင်သူများသည် နိုင်ငံရေးနှင့် ဘာသာရေးပေါင်းစပ်ထားသည့် နိုင်ငံမျိုးကို တည်ထောင်ခဲ့ကာ ဘာသာရေးဖေါက်ပြန်သူများကို နှိမ်နင်းခွင့်အာဏာကို တရားသူကြီးများအား

အပ်နှင်းထားပါသည်။ ဤနည်းအားဖြင့် လောကီဆိုင်ရာအာဏာ တန်ခိုးများသည် အသင်းတော်လက်ထဲတွင်ရှိခဲ့ပါသည်။ ဤလုပ်ရပ်များကြောင့် မရှောင်လွှဲနိုင်သည့်ရလဒ်တည်းဟူသော နှိပ်စက်ညှင်းပန်းခြင်းကို ဦးတည်နေခဲ့ပါသည်။

## ရော်ဂျာဝီလီယမ်

ရှေးဦးအာဂန္တုများကဲ့သို့ပင် ရော်ဂျာဝီလီယမ်သည်လည်း ဘာသာရေးလွတ်လပ်မှုခံစားနိုင်ရန် ဤကမ္ဘာသစ်သို့လာခဲ့ပါသည်။ သို့ရာတွင် ဤလွတ်လပ်ခွင့်မှာ လူခပ်သိမ်းတို့ကွဲပြားခြားနားမှုမရှိဘဲခံစားခွင့်ရှိသောအခွင့်အရေးတစ်ရပ်ဖြစ်သည်ဟူ၍ လူနည်းစုကသာသိရှိထားသည်ကို သူမြင်တွေ့ခဲ့သည်။ ဝီလီယမ်သည် သမ္မာတရားကိုကြိုးစားရှာဖွေသူဖြစ်ရုံသာမက ဩတ္တပ္ပစိတ်၏ လွတ်လပ်မှုဆိုင်ရာ ယုံကြည်ချက်အပေါ်တွင် "ပြည်သူ့အစိုးရကိုတည်ဆောက်သည့်ခေတ်သစ်ခရစ်ယာန်လောကမှ ပထမဦးဆုံးသောလူသားတစ်ဦးဖြစ်သည်။"

"လူထုကသော်လည်းကောင်း၊ တရားသူကြီးများကသော်လည်းကောင်း လူတစ်ဦးက လူတစ်ဦးအပေါ်တွင် လုပ်ဆောင်ပေးရမည့်တာဝန်များကို ဆုံးဖြတ်ပေးနိုင်ကောင်းပေးနိုင်ပေမည်။ သို့သော်ဘုရားသခင့်အပေါ် တင်ကျန်နေသောတာဝန်များအကြောင်းကိုသူတို့ဖော်ပြရန် ကြိုးစားလာသောအခါ သူတို့ဟာ မိုးသောက်ကြက်တင်း နေဝင်စပါးလှန်းသလိုဖြစ်နေသည်။ လုံခြုံမှုရှိသောနေရာမရှိနိုင်ချေ။ ထိုတရားသူကြီးမှာ အာဏာသာရှိခဲ့လျှင် သဟာဒီနေ့မှာ ထင်မြင်ချက်၊ ယုံကြည်ချက်တစ်ပုံကြီးကို ထုတ်ပြန်ပြီး

မနက်ဖြန်မှာ တစ်မျိုးထုတ်ပြန်လာနိုင်သည်။ အင်္ဂလန်မှာနန်းတက်လာတဲ့ဘုရင်၊ ဘုရင်မများဟာ အမိန့်တွေအမျိုးမျိုးထုတ်ခဲ့သလို ရောမအသင်းတော်ကခေါင်းဆောင်ဖြစ်လာတဲ့ ရဟန်းမင်းများဟာ အမိန့်တွေအမျိုးမျိုးထုတ်ခဲ့သလို သူလည်း ဒီနေ့တစ်မျိုး၊မနက်ဖြန်တစ်မျိုးထုတ်လာနိုင်တယ်" ဟု သူဖွင့်ဆိုခဲ့သည်။

တည်ထောင်ဖွဲ့စည်းထားသော ဘုရားရှိခိုးကျောင်းများသို့ တက်ရောက်ဝတ်ပြုသူများသည် ဒဏ်ကြေးပေးခြင်း (သို့မဟုတ်) အကျဉ်းချခြင်းများနှင့်ရင်ဆိုင်ကြရသည်။ "ကွဲပြားခြားနားသော မယုံကြည်ဝါဒရှိသူများနှင့် အတင်းအကျပ်ပူးပေါင်းနိုင်ခြင်းသည် ၎င်းတို့၏ မွေးရာပါအခွင့်အရေးကို ပြောင်ပြောင်တင်းတင်းချိုးဖေါက်ခြင်းဖြစ်သည်ဟု ဝီလီယမ်ကမှတ်ယူခဲ့သည်။ ဘာသာရေးမဆန်သောဝတ်ပြုကိုးကွယ်ပွဲများသို့ စိတ်မပါဘဲ အတင်းအကျပ်တက်ခိုင်းခြင်းသည် ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်ခြင်း နှင့်တူနေသည်။ မည်သူမဆို မိမိအလိုနှင့်ဆန့်ကျင်တဲ့ ဝတ်ပြုကိုးကွယ်ခြင်းတွေကို မပြုလုပ်သင့်ဘူး" ဟု သူဖွင့်ဆိုခဲ့သည်။

ရော်ဂျာဝီလီယံအား လေးစားခင်မင်ကြသော်လည်း ဘာသာရေးလွတ်လပ်ခွင့်ရရန် တောင်းဆိုချက်ကိုမူ သီးမခံခဲ့ကြချေ။ အဖမ်းမခံရစေရန်အတွက် သူသည် ဆောင်းဥတု၏အအေးဒဏ်နှင့် နှင်းမုန်တိုင်းများကြားမှ တောနက်ကြီးကို ဖြတ်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

"ကျွန်တော်ဟာ ပြင်းထန်တဲ့ရာသီဥတုဒဏ်ကိုခံစားရင်း ဘာစားပြီး၊ ဘယ်မှာအိပ်ရမှန်း မသိတဲ့ဘဝနဲ့ တစ်ဆယ့်လေးပတ်လုံးလုံးဖြတ်သန်းခံရတယ်။ ဒါပေမယ့် တောကျီးအတွေက တောထဲမှာ

ကျွန်တော့်ကိုကျွေးမွေးပြုစုကြပြီး သစ်ပင်ကြီးတွေက ကျွန်တော် နားခိုရာဖြစ်ခဲ့ပါတယ်” ဟု သူရင်ဖွင့်ပါသည်။ သူသည် နှင်းတောထဲတွင် လမ်းမရှိသောသစ်တောကြီးများကိုဖြတ်လျက် ပင်ပင်ပန်းပန်းဆက်လက်ထွက်ပြေးခဲ့ရာ နောက်ဆုံးတွင် ယုံကြည်စိတ်ချပြီး ချစ်ခင်သနားသည့် အင်ဒီးယမ်းများထံတွင် ခိုနားခွင့်ရခဲ့ပါသည်။

လူအသီးသီးတို့သည် မိမိတို့ရရှိသည့်အလင်းတရားအတိုင်း ဘုရားသခင်ကို လွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြောင်း အသိအမှတ်ပြုသည့် ခေတ်သစ်၏ ပထမပြည်နည်အတွက် အုတ်မြစ်ကို သူချခဲ့ပါသည်။

သူနေထိုင်ရာ ရော့ဒ်အိုင်လင်ဟုခေါ်သည့် ပြည်နယ်အငယ်ကလေးမှ နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ အခြေခံစည်းမျဉ်းများသည်အမေရိကန်သမ္မတနိုင်ငံ၏ တိုက်ထောင့်ကျောက်ဖြစ်လာသည် အထိတိုးတက်ကြီးပွားလာခဲ့ပါသည်။

## လွတ်လပ်ရေးဆိုင်ရာ စာရွက်စာတမ်း

“လူအသီးသီးတို့ကို တန်းတူရည်တူဖန်ဆင်းထားကြောင်း၊ဖန်ဆင်းရှင်က ၎င်းတို့အား ထာဝရတည်မြဲသည့်အခွင့်အရေးများဖြင့် ရစ်ပတ်ထားကြောင်း၊ ထိုအရာများတွင် အသက်တာလွတ်လပ်မှုနှင့် ပျော်ရွှင်မှုတို့ပါဝင်ကြောင်း စသည်တို့သည် သက်သေသာဓကမလိုဘဲသူ့အလိုလိုသာဓကပြနေသော သမ္မာတရားများဖြစ်သည်ဟုကျွန်ုပ်တို့ကိုင်စွဲပါသည်”ဟူ၍အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်းတွင် ဖော်ပြထားသည်။“ကွန်ကရက်သည်ဘာသာရေးတည်ဆောက် မှုကို အားပေးသော (သို့မဟုတ်) ထိုဘာသာရေး ယုံကြည်ချက်များကို

လွတ်လပ်စွာကျင့်သုံးခြင်းကို တားမြစ်သော မည်သည့်ဥပဒေကိုမျှ ပြဋ္ဌာန်းလိမ့်မည်မဟုတ်ပါ” ဟူ၍ ဩတ္တပ္ပစိတ်၏ အဖျက်အဆီးကင်းမှုအတွက် ကွန်ကရက်က အာမခံခဲ့ပါသည်။

လူသားများနှင့် ၎င်းတို့၏ ဘုရားသခင်အကြားဆက်နွယ်မှုဆိုင်ရာ ထာဝရစည်းမျဉ်းသည် ဥပဒေပြုရန် လက်လှမ်းမမီသော အရာဖြစ်ကြောင်း၊ ဩတ္တပ္ပဆိုင်ရာအခွင့်အရေးများသည် ထာဝရတည်မြဲကြောင်း၊ ထိုအရာသည် မည်သည့်အရာကမှ ထုတ်နုတ်ဖျက်သိမ်းနိုင်ခြင်းငှာ မစွမ်းနိုင်သော မွေးရာပါစည်းမျဉ်းတစ်ခုဖြစ်ကြောင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲသူများက အသိအမှတ်ပြုခဲ့ကြသည်။

လူအသီးသီးတို့သည် မိမိတို့ကိုယ်တိုင်လုပ်ဆောင်မှုများ၏ အသီးအပွင့်များခံစားခွင့်ရှိရုံသာမက မိမိဩတ္တပ္ပစိတ်၏အလိုအတိုင်း လိုက်လျှောက်နိုင်ခွင့်ရရှိကာ ဒေသတစ်ခုရှိပြီဖြစ်ကြောင်း သတင်းသည် ဥရောပတစ်ခွင်သို့ပျံ့နှံ့သွားခဲ့ရာ ထောင်နှင့်ချီသောလူထုကြီးသည် ကမ္ဘာသစ်၏ကမ်းခြေများတွင် စုရုံးလာကြသည်။

ပလိုင်းမောက်တွင် ပထမဦးဆုံးခြေချခဲ့သည့်အချိန်(၁၆၂၀)မှစ၍ အနှစ် (၂၀) အတွင်းမှာပင် ထောင်ပေါင်းများစွာသော အာဂန္တုများသည် နယူးအင်္ဂလန်တွင် အခြေချခဲ့ကြသည်။

“သူတို့သည် မိမိတို့၏လုပ်အားခအတွက် သင့်လျော်လျောက်ပတ်သောရိတသိမ်းမှုမှတစ်ပါး မည်သည့်အရာကိုမှသူတို့မတောင်းဆိုခဲ့ကြချေ။ သူတို့သည် လွတ်လပ်ခွင့်သစ်ပင်ကလေးကို မျက်ရည်များဖြင့်ရေလောင်းလျက် လွင်တီးခေါင်ခေါင်ဒေသ၏ဆင်းရဲနွမ်းပါးမှုဒဏ်ကို ကြံ့ကြံ့ခံခဲ့ကြသည်။ နဖူးကချွေး ခြေမကျသည့်အထိ သူတို့ကြိုးစားလုပ်ဆောင်ခဲ့ကြပါသည်။

## နိုင်ငံတော်ကြီးမြတ်ခြင်းအတွက် အသေချာဆုံးအကာအကွယ်

သမ္မာကျမ်းစာ၏ စည်းမျဉ်းများကို ဘုရားကျောင်းများ၌ သာမက နေအိမ်များ၊ ကျောင်းများ၌လည်း သွန်သင်ခဲ့ကြသည်။ ထိုလုပ်ဆောင်မှု၏ အသီးအပွင့်များကို ချွေတာစုဆောင်းခြင်း၊ အသိဉာဏ်ထက်မြက်ခြင်း၊ စင်ကြယ်သောအသက်တာရရှိခြင်း၊ ချုပ်တည်းခြင်းများတွင် အထင်အရှားတွေ့ရသည်။ နှစ်နှင့်ချီ၍ အရက်သမားများကိုမြင်ရခဲ့၏။ ကျန်ဆိုသံများကိုကြားရခဲ့၏။ သူတောင်းစားများကိုတွေ့ရခဲ့၏။ နိုင်ငံတော်တစ်ခုတိုးတက်ကြီးပွားရန်အတွက် အသေချာဆုံး အကာအကွယ်များမှာ သမ္မာကျမ်းစာပါ စည်းမျဉ်းများပင်ဖြစ်သည်။

အားအင်ချည့်နဲ့နေသော ထိုနယ်သစ်ရှာသူများသည် အလွန်အင်အားကောင်းသောပြည်နယ်များအသွင်သို့ တိုးတက်ကြီးပွားသွားကြရာ ရဟန်းမင်းတစ်ပါးမှမရှိသောအသင်းတော်နှင့် ဘုရင်တစ်ပါးမှမရှိသောပြည်နယ်များ၏ သာယာဝပြောမှုများကို ကမ္ဘာက အထူးသတိပြုမိလာခဲ့ပါသည်။

သို့ရာတွင် ထိုအာဂန္တုကြီးများနှင့် သဘောထားမတူညီသည့် လူများစွာတို့ကလည်း အမေရိကကို စိတ်ဝင်စားလာကြရာ အမေရိကန်သို့ရောက်လာသူများထဲတွင် လောကရည်မှန်းချက် များအရ ရောက်ရှိလာသူဦးရေသည်လည်း တိုးပွားလာပါသည်။

အသင်းသားများက မဲပေးပိုင်ခွင့်၊ အစိုးရဌာနများတွင် အလုပ်လုပ်ခွင့်ပေးရန် ရှေးဦးအာဂန္တုကြီးများက ခွင့်ပြုခဲ့ကြသည်။ ပြည်နယ်သန့်စင်ရေးကို ထိန်းသိမ်းရန်အတွက် ဤလုပ်ရပ်ကို လက်ခံခဲ့ကြသည်။ သို့သော် ထိုလုပ်ရပ်ကြောင့် အသင်းတော်တွင် စာရိတ္တ

ဖေါက်ပြန်မှုများရှိလာပါသည်။ လူများစွာတို့သည် စိတ်နှလုံးပြောင်းလဲခြင်းမရှိဘဲ အသင်းတော်ထဲဝင်လာကြပါသည်။ အမှုတော်ထဲတွင် ပါဝင်လုပ်ဆောင်နေသူများပင်လျှင် သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြုပြင်နိုင်သောတန်ခိုးအကြောင်းကို မသိကြပေ။ ကွန်စတန်တင်းအချိန်မှသည် ယခုမျက်မှောက်ကာလအထိ နိုင်ငံတော်၏အကူအညီကိုရယူကာ အသင်းတော်ကိုဆောက်တည်ရန်ကြိုးစားမှုများတွင် လောကကို အသင်းတော်နှင့်နီးကပ်အောင် ကြိုးစားသယောင်ဖြစ်သော်လည်း အမှန်မှာ အသင်းတော်ကို လောကနှင့်နီးအောင် ကြိုးစားသလိုဖြစ်ခဲ့ပါသည်။

အမေရိကန်နှင့် ဥရောပရှိပရိုတက်စတင့်အသင်းတော်များသည် ဘာသာရေးပြုပြင်ပြောင်းလဲရေးလမ်းကြောင်းအတိုင်း ရှေ့သို့ချီတက်ရန် ပျက်ကွက်ခဲ့ကြသည်။ ခရစ်တော်အချိန်က ဂျူးများနှင့်လူးသာအချိန်က ရဟန်းမင်းအဖွဲ့ကဲ့သို့ပင် လူအများစုသည် ဘိုးဘေးများယုံကြည်ခဲ့သည့်အရာများကို ယုံကြည်ခြင်းဖြင့် တင်းတိမ်ခဲ့ကြပါသည်။

အများအယွင်းများနှင့် အယူသီးမှုများကို ဆက်လက်ကိုင်စွဲခဲ့ကြသည်။ ဘာသာရေးပြုပြင်ပြောင်းလဲမှုများသည် တဖြည်းဖြည်းအရှိန်သေသွားကာ လူးသာအချိန်တုန်းက ရောမ အသင်းတော်မှာ ပြုပြင်ပြောင်းလဲပစ်ဖို့လိုအပ်သလို ပရိုတက်စတင့်အသင်းတော်တွင် ပြုပြင်ပြောင်းလဲဖို့ လိုအပ်လုနီးပါး ဖြစ်လာပါသည်။ ပရိုတက်စတင့်အသင်းတော်တွင် လူတို့၏ ထင်မြင်ယူဆချက်များကိုရိုသေကိုးစာခြင်း၊ ဘုရားသခင်၏ နှုတ်ကပါတ်တော်နေရာတွင် လူတို့တီထွင်သည့် သီအိုရီများကို အစားထိုးခြင်းများရှိလာပါသည်။ လူတို့သည် သမ္မာကျမ်းစာကို ကြိုးစားလေ့လာရန် လျစ်လျူရှုခဲ့ကြရာ

ကျမ်းစာတွင် အခြေအမြစ်မရှိသောယုံကြည်ချက်များကို စွဲလမ်းလာကြပါသည်။

မာနထောင်လွှားခြင်းနှင့် အလွန်အကျွံစည်းကမ်းမဲ့ခြင်းများကိုဘာသာရေးနှင့်အရေခြုံထားကာ ကျင့်သုံးနေကြရာ အသင်းတော်များသည် ပျက်စီးဖေါက်ပြန်လာကြပါသည်။ လူမြောက်မြားစွာတို့ကို ပျက်စီးဆုံးရှုံးစေသည့် ရိုးရာဓလေ့များသည် အသင်းတော်တွင် အမြစ်စွဲနေချေပြီ။ ပရိုတက်စတင့်အသင်းတော်သည် သန့်ရှင်းသူတို့၌ အထက်ကအသိပေးခဲ့ပြီးသော ယုံကြည်ခြင်းအတါက် တိုက်ပွဲဝင်ရမည့်အစား ရိုးရာဓလေ့များကို မြှောက်စားနေကြသည်။

ဤသို့သောအားဖြင့် ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများ အနစ်နာခံကြိုးစားရယူခဲ့သောစည်းမျဉ်းများသည် တဖြည်းဖြည်း ယိုယွင်းနိမ့်ကျသွားခဲ့ပါသည်။

-----o-----

# အခန်း (၁၇)
## ခရစ်တော်ပြန်လည်ကြွလာမည်ဟူသော ကတိတော်များ

ကယ်တင်ခြင်းစီမံကိန်းကြီးအား အပြီးသတ်လုပ်ဆောင်ရန် ခရစ်တော်ဒုတိယအကြိမ်ကြွလာမည်ဟူသောကတိတော်သည် သမ္မာကျမ်းစာ၏အဓိကအချက်ဖြစ်သည်။ ဧဒင်ဥယျာဉ်၌နေထိုင်ခဲ့သော သားသမီးများမှစ၍ ယုံကြည်သူအပေါင်းတို့သည် ဆုံးရှုံးသွားခဲ့သော ပါရတိသုဘုံကို ပြန်လည်ဆောင်ကြဉ်းပေးမည့် ခရစ်တော်ကြွလာခြင်းကို စောင့်စားခဲ့ကြပါသည်။

ဧဒင်ဥယျာဉ်တွင်နေထိုင်ခဲ့သူများမှ သတ္တမအဆက်မြောက်ဖြစ်သော ဧနောက်သည် နှစ်ပေါင်း ၃၀၀ လုံးလုံး ဘုရားသခင်နှင့် အတူလမ်းလျှောက်ကာ "ထာဝရဘုရားသည်---- အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်" ဟု ဖွင့်ဆိုခဲ့သည်။ ယုဒ ၁၄-၁၅။ ဝေဒနာခံစားနေရသောညများတွင် ယောဘက "ငါ့ကိုရွေးနှုတ်သောသခင်သည် အသက်ရှင်၍ နောင်ကာလ၌ မြေမှုန့်အပေါ်မှာ ပေါ်လာတော်မူမည်ဟူ၍လည်းကောင်း ----- ငါသည် ကိုယ်ခန္ဓာ၌ ဘုရားသခင်ကို မြင်မည်ဟူ၍လည်းကောင်း ငါသိ၏" ဟု ကြွေးကြော်ခဲ့သည်။ ယောဘ ၁၉း၂၅-၂၇။ "ကောင်းကင်သည် ဝမ်းမြောက်ခြင်းရှိစေ၊ မြေကြီးသည်လည်း ထာဝရဘုရားရှေ့တော်တွင် ရွှင်လန်းခြင်းရှိစေ၊ ------ အကြောင်းမူကား၊ ကိုယ်တော်သည် ကြွလာတော်မူ၏။ မြေကြီးသားတို့ကို တရားစီရင်ခြင်းငှာ ကြွလာတော်မူ၏ လောကသားတို့ကို-------

ဖြောင့်မတ်ခြင်းတရားနှင့် ---- စီရင်ဆုံးဖြတ်တော်မူလတ္တံ့.”ဟုသမ္မာ ကျမ်းစာမှ ကဗျာဆရာများနှင့် ပုရောဖက်များက ကြွလာခြင်းအ ကြောင်းကို ဝေဝေဆာဆာဖွဲ့နွဲ့ သီကုံးကာ ဖော်ပြထားကြပါသည်။ ဆာလံ ၉၆း၁၁-၁၃။

ဟေရှာယကလည်း “ထိုကာလ၌ ကြည့်ရှုလော့။ ဤအရှင် ကား၊ ငါတို့မြော်လင့်သော ငါတို့၏ ဘုရားသခင်တည်း။ ငါတို့ကို ကယ်တင်တော်မူလိမ့်မည်။ ဤအရှင်ကား၊ ငါတို့မြော်လင့်သော ထာဝရဘုရားအရှင်တည်း။ ကယ်တင်တော်မူခြင်း ကျေးဇူးကြောင့် ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့” ဟုဆိုပြန်၏။ဟေရှာယ ၂၅း၉။

တပည့်တော်များနှင့်ခွာ၍ ကောင်းကင်တို့တက်ကြွသွားခါနီး ကလေးတွင် ဝမ်းနည်းနေသောတပည့်တော်များကို နှစ်သိမ့်မှုရစေ ရန်ခရစ်တော်ကိုယ်တိုင်မိန့်တော်မူသည်ကား၊ “သင်တို့၏စိတ်နှလုံး ပူပန်ခြင်းမရှိစေနှင့်။---သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှာ၊ငါသွား ရ၏။

ငါသည်သွား၍---- တစ်ဖန်လာပြန်ကာ ငါရှိရာအရပ်၌သင် တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်။” “လူသားသည် မိမိဘုန်းအာနုဘော်တော်ကိုဆောင်လျက် သန့်ရှင်းသော ကောင်း ကင်တမန်များ အခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်း ရှိသောပလ္လင်တော်ပေါ်မှာထိုင်၍ ရှေ့တော်၌ လူမျိုးအပေါင်းတို့ ကို စုဝေးစေမည်” ဟူ၍ ဖြစ်၏။ ယောဟန် ၁၄း၁-၃။ မဿဲ ၂၅း၃၁-၃၂။ “သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည့်နည်းတူ တစ်ဖန် ကြွလာတော်မူလတ္တံ့.” ဟု

ကောင်းကင်တမန်များက ဒုတိယအကြိမ်ကြွလာခြင်းနှင့် ဆိုင်သော ကတိတော်ကို တမန်တော်တို့အား ထပ်ခါတလဲလဲပြောခဲ့ကြသည်။ တမန် ၁း၁၁။

ရှင်ပေါလုကလည်း "သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူလိမ့်မည်" ဟု သက်သေခံခဲ့ပါသည်။ ၁သက်၊ ၄း၁၆။ ပါမုတ်ကျွန်းမှ ပုရောဖက်ကလည်း "ကြည့်ရှုလော့။ မိုးတိမ်နှင့်တကွ ကြွလာတော်မူသည်ဖြစ်၍ ကိုယ်တော်ကို ---- ရှိသမျှသောသူတို့သည်ရှုမြင်ရကြလိမ့်မည်" ဟုဖွင့်ဆိုခဲ့သည်။ ဗျာ၊ ၁း၇။

"လောကီနိုင်ငံသည် ငါတို့အရှင်၏ နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူမည်။ "ထာဝရဘုရားသည် ခပ်သိမ်းသောလူမျိုးရှေ့မှာ ဖြောင့်မတ်ခြင်းနှင့် ချီးမွမ်းခြင်းကို ပေါ်ထွန်းစေတော်မူလိမ့်မည်။"ဗျာ ၁၁း၁၅၊ ဟေရှာယ ၆၁း၁၁။ ခရစ်တော်ဒုတိယအကြိမ်ကြွလာပြီးသည့် နောက်တွင် နတ်ဆိုး၏ကာလကြာရှည်စွာ အုပ်ထိန်းမှုသည်အဆုံးသတ်သွားလိမ့်မည်။

ထိုနောက်မှ မေရှိယအရှင်၏ သာယာဝပြောသောနိုင်ငံကို တည်ထောင်လိမ့်မည်။ "ထာဝရဘုရားသည် ဇိအုန်မြို့ကို ချမ်းသာပေးတော်မူမည်။ သူ၏ဆိတ်ညံရာအရပ်အလုံးစုံတို့ကို ချမ်းသာပေးမည်။

သူ၏တောကို ဧဒင်အရပ်ကဲ့သို့လည်းကောင်း၊ သူ၏လွင်ပြင်ကို ထာဝရဘုရား၏ ဥယျာဉ်ကဲ့သို့လည်းကောင်း၊ ဖြစ်စေတော်မူမည်။" ဟေရှာ၊ ၅၁း၃။

ခရစ်တော်ဘုရားကြွလာခြင်းသည် ခေတ်အဆက်ဆက်ယုံကြည်သူများ၏ မြော်လင့်ခြင်းဖြစ်သည်။ ဒုက္ခဆင်းရဲခြင်းနှင့် နှိပ်စက်ညှင်းပန်းခြင်းများ ခံစားနေရသောကာလအတွင်း ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်၏ ဘုန်းအသရေတော်ထင်ရှားပေါ်ထွန်းခြင်းသည် မင်္ဂလာမြော်လင့်ခြင်းဖြစ်ခဲ့သည်။

ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ခရစ်တော်၌သေလွန်သူများသည် ရှင်ပြန်ထမြောက်ကာ ကျန်ကြွင်းသောအသက်ရှင်သူများနှင့်အတူ လေထုထဲတွင် ခရစ်တော်ကို ကြိုဆိုရမည်ဖြစ်ကြောင်း၊ သခင်ဘုရားနှင့်အတူအစဉ်မပြတ်နေရ ကြလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် စကားအားဖြင့်နှစ်သိမ့်ခြင်းပေးကြစေလိုကြောင်းရှင်ပေါလုက အားပေးထားပါသည်။ ၁သက် ၄း၁၇။

ရှင်ယောဟန်ကလည်း ပါမုတ်ကျွန်းပေါ်တွင်နေရစဉ် "ငါသည်အလျင်အမြန်လာမည်မှန်ပေ၏" ဟူသော ကတိတော်ကိုကြားသိခဲ့ရရာ "သခင်ယေရှုကြွလာတော်မူပါ" ဟု အသင်းတော်မှဆုတောင်းသံများထွက်ပေါ်လာပါသည်။

သူတော်စင်များနှင့် အာဇာနည်ကြီးများ၊သမ္မာတရားအတွက်သက်သေခံခဲ့ကြသော မြေအောက်အချုပ်ခန်းများ၊ မီးပုံများနှင့်ကပ်တိုင်များသည် ထိုသူများ၏ ယုံကြည်ခြင်းနှင့် မြော်လင့်ခြင်းအကြောင်းကို ခေတ်အဆက်ဆက် ဖွင့်ဟနေပါသည်။ ကိုယ်တော်ရှင် ကြွလာသောအခါ မိမိ၏ ပုဂ္ဂိုလက ထမြောက်ခြင်းအတွက် လည်းကောင်း၊ အကျိုးဆက်အနေဖြင့် ထိုသူများ၏ ထမြောက်ခြင်းအတွက်လည်းကောင်း၊ အာမခံချက် ရထားပြီးဖြစ်သဖြင့် ထိုသူတို့သည် သေခြင်းကိုရှုံ့ရှာ၍ သေခြင်းမမီနိုင်သည့် အထက်နေရာတွင် ရောက်ရှိနေကြ

သည်” ဟု ခရစ်ယာန်တစ်ဦးက ဖွင့်ဆိုဖူးပါသည်။ ဝေါလ်ဒင်းဆီး များ၌လည်း ဤယုံကြည်ချက်မျိုးရှိသည်။ ဝစ်ကလစ်၊ လူးသာ၊ကဲလ် ဗင်း၊ နောက်စ်၊ ရစ်ဒ်လေးနှင့် ဘက်စတာတို့၌လည်း ခရစ်တော်ကြွ လာခြင်းအတွက် ထိုယုံကြည်ခြင်းမျိုးရှိကြသည်။ တမန်တော်အသင်း တော်၊ တောထဲမှမောရှေတို့၏ အသင်းတော်နှင့် ပြုပြင်ပြောင်းလဲ ရေးသမားများ၏ အသင်းတော်များ၌ ထိုကဲ့သို့သော ယုံကြည်ချက်များ ရှိကြသည်။

အနာဂတ္တိစကားများတွင် ခရစ်တော်ကြွလာခြင်းနှင့်ပတသက် သည့်ရည်ရွယ်ချက်နှင့် ကြွလာပုံကြွလာနည်းများအပြင် ကြွလာမည့် အချိန်နီးကပ်လာကြောင်းများကိုလည်း ဖော်ပြထားပါသည်။

## ကမ္ဘာကြီးကိုကိုင်လှုပ်ခဲ့သည့်မြေငလျင်ကြီး

အနာဂတ္တိစကားများကို ပြည့်စုံစေမည့် မကြုံစဖူးသော မြေငလျင်ကြီးသည် ၁၇၅၅ ခုနှစ်တွင် လှုပ်ခဲ့ပါသည်။ ထိုမြေငလျင်ကို လစ္စဘွန်းမြေငလျင်ဟု လူသိများပြီး ဥရောပ၊ အာဖရိကနှင့် အမေ ရိကတိုက်များကိုပင် ထိခိုက်စေခဲ့သည်။

ဂရီးလင့်ဒ်၊ ပက်စ်အင်ဒီးစ်၊နော်ဝေ၊ ဆွီဒင်၊ ဗြိတိန်နှင့် အိုင်ယာလန်အပါအဝင် စတုရန်းမိုင်လေးသန်းထက်မနည်းသော ဧရိယာများကို ထိခိုက်စေခဲ့သည်။ အာဖရိကတွင် လှုပ်သွားသော မြေငလျင်အားသည် ဥရောပမှာလှုပ် ခဲ့သည့်မြေငလျင်အားကဲ့သို့ ပင်ဖြစ်၏။ အယ်ဂျီးရီးယားနိုင်ငံသည်အထိနာခဲ့သည်။ စပိန်ကမ်းရိုး တန်းနှင့် အာဖရိကမြို့ကြီးများသို့တိုင်ထိုမြေငလျင်သည် ထိခိုက်ပျက် စီးစေခဲ့သည်။

ပေါ်တူဂီရှိတောင်ကြီးများသည် အောက်ခြေမှကိုင်လှုပ်သလို ခံခဲ့ရပြီး တချို့တောင်များမှာ ထိပ်မှပွင့်ထွက်သွားပြီး နှစ်ခြမ်းကွဲသွားကာ ဘေးတွင်ရှိသောလျှိုမြောင်များထဲသို့ လွင့်စင်ကျသွားကြပါသည်။ မီးလျှံများပင် ဤတောင်ကြီးများမှထွက်နေပါသည်။

လစ္စဘွန်းမြို့တွင်မူ မြေကြီးထဲမှ မိုးချုန်းသံများကဲ့သို့ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပင် မြို့ကြီးတစ်မြို့လုံး ခါရမ်းသွားပါတော့သည်။ ခြောက်မိနစ်အချိန်ကလေးအတွင်းမှာ လူပေါင်း ၆၀၀၀၀ အသက်ဆုံးရှုံးသွားခဲ့ရပါသည်။ ပင်လယ်ရေသည်လည်း ငြိမ်သက်နေရာမှ ရုတ်တရက်ဆိုသလို လှိုင်းများထလာကာ ပုံမှန်ရေမျက်နှာပြင်ထက် ပေ(၅၀) ခန့်မြင့်တက်လာပါသည်။

မြေငလျင်လှုပ်သောနေ့သည် ဘုရားရှိခိုးကျောင်းများ၌ လူများဝတ်ပြုကိုးကွယ်သည့်နေ့ဖြစ်ရာ အသက်ဘေးမှလွတ်မြောက်သွားသူနည်းလှပါသည်။ ထိုသူများ၏ ကြောက်လန့်နေမှုမှာ စာအားဖြင့်ရေးပြလို့မရအောင်ပင် ဆိုးရွားလှသည်။ မျက်ရည်ကျဖို့ပင်မတတ်နိုင်လောက်အောင် ကြောက်နေကြပါသည်။ ကြောက်အားလန့်အားဖြင့် ရင်ဘတ်များ၊ မျက်နှာများကို ကုတ်ခြစ်ထုရိုက်ကာ၊ ဟိုပြေးဒီပြေးဖြင့် "မစ္စကိုးဒီးယား၊ ကမ္ဘာဆုံးပြီ" ဟု အော်ဟစ်နေကြပါသည်။

မိခင်များသည် ကပ်တိုင်ရုပ်တုများကိုထမ်းလျက် သားသမီးများကိုချန်ထားကာ ဦးတည်ရာကို ပြေးနေကြသည်။ လူများစွာတို့သည် အကာအကွယ်ရမည်အထင်နှင့် ဘုရားရှိခိုးကျောင်းများထဲသို့ ပြေးဝင်ခဲ့ကြသည်။ သို့သော် အချည်းအနှီးသာဖြစ်ခဲ့၏။ ထိုသနားစရာသတ္တဝါများသည် ရုပ်တုများ၊ ကပ်တိုင်များ၊ ယဇ်ပလ္လင်များကို ဖက်ယမ်းရင်း အရှင်လတ်လတ် မြေမြုပ်ခြင်းခံခဲ့ကြရသည်။

## နေမိုက်၍လကြွတ်ခြင်း

လစ္စဘွန်းမြေငလျင်လှုပ်ပြီးသည့်နောက် (၂၅) နှစ်အကြာတွင် အနာဂတ္တိစကားကိုပြည့်စုံစေမည့် နေမိုက်ခြင်း၊ လကြွတ်ခြင်းတို့ဖြစ်ပျက်ခဲ့ပါသည်။ ထိုအနာဂတ္တိစကားပြည့်စုံရမည့် အချိန်ကိုလည်း သံလွင်တောင်ပေါ်တွင် တပည့်တော်များနှင့် စကားလက်ဆုံကျစဉ် ခရစ်တော်က "ထိုကာလ၏ဒုက္ခဆင်းရဲခြင်းနောက်မှ နေသည်မိုက်လိမ့်မည်။ လသည်အရောင်မပေး" ဟူ၍ အတိအကျမိန့်ဆိုတော်မူခဲ့သည်။ မာကု ၁၃း၂၄။

နှစ်ပေါင်း ၁၂၆၀ သည် ၁၇၉၈ ခုနှစ် တွင်အဆုံးသတ်ခဲ့ပါသည်။ ထိုကာလထက် (၂၅)နှစ်လောက်စော၍ နှိပ်စက်ညှဉ်းပန်းခြင်းသည် လုံးလုံးနီးပါးအဆုံးသတ်ခဲ့ပြီး ဖြစ်သည်။ ဤနှိပ်စက်ညှဉ်းပန်းခြင်း ပြီးသည့်နောက် ၁၇၈၀ ခုနှစ်၊ မေလ ၁၉ ရက်တွင် နေမိုက်ခဲ့ရာ ဤအနာဂတ္တိစကားသည် ပြည့်စုံခဲ့ပါသည်။

မက်ဆက်ကျူးဆက်မှ မျက်မြင်သက်သေတစ်ဦးက "တိမ်မည်းကြီးတစ်ခုဟာ ကောင်းကင်ပြင်တစ်ခုလုံးကို ဖုံးအုပ်လိုက်ကာ မိုးကုပ်စက်ဝိုင်းဆီက အလင်းတန်းသေးလေးလေးပဲထွက်နိုင်တော့တယ်။ မှောင်လိုက်တာကတော့ နွေရာသီ၊ ညကိုးနာရီအချိန်ကျနေတာပဲ" ဟု ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ ပြောသွားပါသည်။

လူတွေရဲ့စိတ်ထဲမှာ ကြောက်စိတ်၊ စိုးရိမ်စိတ်၊ ထိတ်လန့်စိတ်တွေနဲ့ပြည့်နေတယ်။ အမျိုးသမီးတွေ့ အမှောင်ထုလွှမ်းမိုးနေတဲ့ အိမ်အပြင်ကို လှမ်းကြည့်နေကြတယ်။ အမျိုးသားတွေကလည်းလယ်တောတွေကနေ အလုပ်သိမ်းပြီး ပြန်လာကြသည်။ လယ်သမား

တွေက ထွန်ထယ်တွေကိုချန်ထားပြီး ပြန်လာကြသလို ပန်းဘဲဆရာ၊ တွေကလည်း ပန်းပဲဖိုကိုစွန့်ပစ်ထားခဲ့ကြသည်။ အရောင်းအဝယ် သမားတွေကလည်း ဆင်းပေးလိုက်ကြတော့ ကျောင်းသားတွေဟာ ကြောက်အားလန့်အားနဲ့ မိမိတို့ရဲ့အိမ်ဘက်ဆီကို ပြေးကြတော့တယ်။ ခရီးသည်တွေဟာလည်း နီးရာအိမ်တွေမှာဝင်ပြီး တည်းကြရင်း"ဘယ် လိုဖြစ်ကုန်ပြီလဲ" ဟု စပ်စုကြတယ်။ ထိုအခြေအနေဟာ လေမုန် တိုင်းကြီးတစ်ပြည်လုံးမှာ ကျတော့မယောင် ဖြစ်နေတယ်။ အရာခပ် သိမ်းဟာ ဆုံးခန်းတိုင်တော့မည့်ပုံမျိုးလည်း ပေါ်နေတယ်။"

"ဖယောင်းတိုင်တွေကိုထွန်းပြီး မီးလင်းဖိုတွေဟာလည်း ဆောင်းဦးကာလနဲ့ လမိုက်တဲ့ညမှာလိုပဲ လင်းနေတာပဲ။ ကြက်တွေ လည်း အိပ်တန်းတက်ကုန်ကြပြီး နွားများလည်း စားကျက်မှ နွားခြံ သို့ပြန်လာခဲ့ကြသည်။ ဖားကလေးများအော်မြည်ကြသလိုငှက်ကလေး တွေလည်း ညနေချမ်းသီချင်းသီဆိုနေကြတယ်။ လင်းနို့များအားဟို ဟိုဒီဒီ ပျံဝဲနေကြသော်လည်း လူသားများကတော့ ညအချိန်မရောက် သေးမှန်း သိထားကြပါတယ်။"

"နေရာအတော်များများတွင် လူများစုရုံးနေကြပါတယ်။ ထိုအမှောင်ထုကြီးကျရောက်ခြင်းဟာ အနာဂတ္တိစကားများနဲ့ကိုက် ညီကြောင်း ဖေါ်ပြထားတဲ့ကောက်ကာငင်ကာဟောရတဲ့ တရား ဟောချက်များအတွက် ကျမ်းချက်များကိုဖတ်၍ တရားဟောကြ တယ်။ မနက် (၁၁) နာရီထိုးပြီးခါစလေးမှာ အမှောင်ဆုံးပါ။"

"ကျွန်တော်တို့နိုင်ငံရဲ့ နေရာတော်တော်များများမှာ အချိန် နာရီအားဖြင့် နေ့အချိန်ဖြစ်လင့်ကစား ဖယောင်းတိုင်မထွန်းဘဲဘာ မှလုပ်လို့မရဘူး" ဟု ထိုသူကဆက်လက် သက်သေခံခဲ့ပါသည်။

သွေးကဲ့သို့နီသောလ

ထိုညတွင်ကျရောက်သည့် အမှောင်ထုသည် နေ့ပိုင်းတုန်းက အမှောင်ထုထက်မနည်းပါ။ ထိုနေ့သည် လပြည့်နေ့ရောက်ခါနီးဖြစ်သော်လည်း ဖရောင်းတိုင်မီးမပါဘဲ ဘာပစ္စည်းကိုမှ သဲသဲကွဲကွဲမမြင်နိုင်ချေ။

မည်သည့်အလင်းတန်းမှ ထိုးဖေါက်ခြင်းငှာ မစွမ်းနိုင်လောက်အောင် ထူထဲသောအမှောင်ထုကြီးဖြစ်ပါသည်။ သန်းခေါင်ကျော်သွားသောအခါ ထိုအမှောင်ထုကြီး ပျောက်ကွယ်သွားပါသည်။လကို ပထမဦးဆုံးမြင်ရသည့်အချိန်မှာ သွေးလုံးကြီးနဲ့တူနေပါသည်။

ရာဇဝင်တွင် ၁၇၈၀ ခုနှစ်၊ မေလ ၁၉ ရက်နေ့ကို "မှောင်သောနေ့" ဟု မှတ်တမ်းတင်ထားပါသည်။ မောရှေအချိန်မှစ၍ ထိုအမှောင်ထုကဲ့သို့ သိပ်သည်းခြင်း၊ ကျယ်ပြန့်ခြင်း၊ ကြာရှည်ခြင်းနှင့်တူညီသော အမှောင်မျိုး မှတ်တမ်းတွင် မတွေ့ဖူးပါချေ။ ထိုမျက်မြင်သက်သေ၏ ဖွင့်ဆိုချက်သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) အချိန်က ယောလ မှတ်တမ်းတင်ခဲ့သည့် "ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ကြီးမတိုင်မီ နေသည် မှောင်မိုက်အတိ ဖြစ်လိမ့်မည်။ လသည်လည်း သွေးဖြစ်လိမ့်မည်" ဟူသော ဖွင့်ဆိုချက်များ၏ပဲ့တင်သံများသာဖြစ်သည်။ ယောလ ၂း၃၁။

"ထိုအမှုအရာတို့သည် ဖြစ်စရှိသောအခါ သင်တို့ကိုရွေးချယ်သောအချိန်ကာလရောက်လုနီးသည်ကိုထောက်သဖြင့် မျှော်ကြည့်၍ခေါင်းကိုကြွကြလော့" ဟု ခရစ်တော်မိန့်တော်မူ၏။ ထိုနောက် တပည့်တော်တို့အား သင်္ဘောသဖန်းပင်ကို ညွှန်ပြကာ "သင်္ဘောသဖန်းပင်မှစ၍ သစ်ပင်များတို့ကို မှတ်ကြလော့။ အရွက်ပေါက်

သောအခါ နွေကာလနီးသည်ကို သင်တို့သည် အလိုအလျောက်သိမြင်ကြ၏။ ထိုနည်းတူ ထိုအကြောင်းအရာများဖြစ်သည်ကိုမြင်ရလျှင် ဘုရားသခင်၏နိုင်ငံတော်တည်လုနီးသည်ကို သိမှတ်ကြလော့” ဟု မိန့်တော်မူပြန်၏။ လုကာ ၂၁း၂၈၊ ၃၀-၃၁။

သို့ရာတွင် အသင်းတော်၌ ခရစ်တော်ကိုချစ်သည့်မေတ္တာနှင့် ကြွလာခြင်းအပေါ် ထားသည့် ယုံကြည်ခြင်းများသည် လျော့နည်းလျက်ရှိ၏။ ယုံကြည်သက်ဝင်ကြောင်း ဖွင့်ဟထားသူများသည်ပင်လျှင် ကြွလာခြင်းဆိုင်ရာ နိမိတ်လက္ခဏာများနှင့် ပတ်သက်သည့်ခရစ်တော်၏သွန်သင်ချက်များကို မျက်ကွယ်ပြုနေကြသည်။ အထူးသဖြင့် အမေရိကန်ပြည်တွင် ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာ ယုံကြည်ချက်များကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားသည့် အခြေအထိ လျစ်လျူနေကြသည်။

ငွေရှာဖို့သာ အာရုံစိုက်ခြင်း၊ ထင်ပေါ်ကျော်စောမှုနှင့်အာဏာတန်ခိုးရရှိမှုနောက်သို့ လိုက်နေခြင်းများကြောင့် မျက်မှောက်အရာများ ပျက်စီးပျောက်လွင့်သွားမည့်နေ့ကြီးကို ပို၍ဝေး သောအနာဂတ်တွင် ရောက်ရှိနေသယောင်ဖြစ်စေပါသည်။

ဒုတိယအကြိမ်ကြွလာခြင်း မတိုင်မီကာလတွင် ဖြစ်ပေါ်မည့်ယုံကြည်ခြင်း ဖေါက်ပြန်မှုအကြောင်းကိုဖွင့်ဆိုရင်း ထိုအချိန်တွင်အသက်ရှင်ထင်ရှားရှိကြမည့်သူများအား ခရစ်တော် ဆိုဆုံးမတော်မူသည်မှာ “သင်တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့။ (သို့မဟုတ်) အစားအသောက်လွန်ကျူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပန်းလျက်နေစဉ်တွင် ထိုနေ့ရက်သည် အမှတ်တမဲ့သင်တို့တွေ့ကြုံလိမ့်မည်။ ထိုကြောင့် သင်တို့သည် ဖြစ်လတ္တံ့သောအမှုအရာတို့နှင့် ကင်းလွတ်၍ လူသားထံသို့ရောက်ခြင်းကို

ခံထိုက်သောဖြစ်သည်ဟု မှတ်တော်မူမည်အကြောင်း အစဉ်ဆု တောင်းလျက်စောင့်နေကြလော့” ဟူ၍ ဖြစ်၏။ လုကာ ၂၁း၃၄၊၃၆။

လူတို့သည် ကရုဏာတံခါးပိတ်ခြင်းနှင့် ဆက်နွယ်နေသော ထိုဖြစ်ရပ်ကြီးအတွက်ပြင်ဆင်ရန် လိုအပ်လှပါသည်။ “ထာဝရဘုရား ၏နေ့ရက်ကြီး၍ အလွန်ကြောက်မက်ဖွယ်သောနေ့ရက်ဖြစ်၏။ အဘယ်သူခံနိုင်မည်နည်း။” “ဒုစရိုက်ကို ကြည့်တော်မမူဘဲ သန့်ရှင်း သောမျက်စိရှိလျက် အဓမ္မအမှုကိုကြည့်ရှု၍ နေတော်မမူတတ်သော ကိုယ်တော်ရှင်ရှေ့တော်၌ မည်သူသည် ရပ်ထမည်နည်း။”

“ဤလောကီနိုင်ငံ၏ အပြစ်ကိုလည်းကောင်း၊ မတရားသော သူတို့၏ ဒုစရိုက်များကိုလည်းကောင်း ငါစစ်ကြောမည်။ မာနကြီး သော သူတို့၏ထောင်လွှားခြင်းကို ငါနှိပ်စက်၍ ကြမ်းကြုတ်သော သူတို့၏ စော်ကားခြင်းကို ငါနှိမ့်ချမည်။” “သူတို့၏ ရွှေငွေသည် သူတို့ကိုမကယ်တင်နိုင်ရာ။ --- ထိုသူတို့၏ ဥစ္စာကို သူတစ်ပါးလုယူ၍ သူတို့၏နေရာသည် လူဆိတ်ညံလျက်ရှိလိမ့်မည်။” ယောလ ၂း၁၁။ ဟဗက္ကုတ်၁း၁၃။ ဟေရှာ ၁၃း၁၁၊ ဇေဖနိ ၁း၁၈၊၁၃။

## နိုးထရန်ခေါ်တော်မူခြင်း

ထိုနေ့ရက်ကြီးကိုရင်ဆိုင်ရန်အတွက် နောင်တရသောစိတ် နှင့် ဘုရားသခင်ကိုရှာကြရန် နှုတ်ကပါတ်တော်က ဆင့်ခေါ်နေပါ သည်။

“ထာဝရဘုရား၏ နေ့ရက်သည် လာ၍နီးပြီ။” “အစာရှောင် ရသောအချိန်ကိုခန့်ထား၍ ဖြိုးခြံစွာကျင့်ရသောအချိန်ကို ကြော်ငြာ

ကြလော့။ လူများတို့ကိုခေါ်၍ စုဝေးသောပရိသတ်တို့ကို သန့်ရှင်းစေကြလော့။ အသက်ကြီးသောသူတို့ကိုလည်းကောင်း၊ ငယ်သောသူနှင့် နို့စို့သူငယ်ကိုလည်းကောင်း စုဝေးစေကြလော့။ ---- ယဇ်ပုရောဟိတ်တို့သည် အိမ်တော်ဦးနှင့် ယဇ်ပလ္လင်စပ်ကြားမှာ ငိုကြွေးလျက်---- ယခုတွင် အစာရှောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းနှင့်တကွ စိတ်နှလုံးအကြွင်းမဲ့ ငါ့ထံသို့ ပြန်လာကြလော့။

အဝတ်ကိုမဆုတ်ဘဲ နှလုံးကိုဆုတ်လျက် သင်တို့၏ ဘုရားသခင်၊ ထာဝရဘုရားထံတော်သို့ ပြန်လာကြလော့။ ချစ်သနားခြင်း၊ မေတ္တာကရုဏာတော်နှင့်ပြည့်စုံ၍ စိတ်ရှည်သောသဘော၊ အလွန်ကျေးဇူးပြုချင်သောသဘောအပြစ်ပေးခြင်းကို နောင်တရတတ်သောသဘောရှိတော်မူ၏။"ယောလ ၂း၁၊ ၁၅-၁၇၊ ၁၂-၁၃။

ထိုနေ့ကြီးအတွက် လူသားတို့ကို ပြင်ဆင်ပေးရန် ဤဘာသာရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကြီးကို ပြီးစီးအောင် လုပ်ဆောင်ကြရပါမည်။ ကိုယ်တော်ရှင်သည် နိုးနိုးကြားကြားရှိကြရန် ယုံကြည်သူများထံ ကရုဏာတော်အားဖြင့် သတင်းပေးကာကြွလာခြင်းအတွက် အသင့်ပြင်ဆင်ထားကြရန် လမ်းပြတော်မူပါသည်။

ဤသတိပေးကားကို ဗျာဒိတ် ၁၄ တွင် တွေ့ရပါသည်။ဤအရာသည် ကောင်းကင်တမန်များ ကြွေးကြော်သောအချက်(၃)ချက်ပါဝင်သည့်သတင်းစကားဖြစ်သည်။ ဤသတင်းစကားအ ကြောင်းကိုဖေါ်ပြပြီးနောက် ဆက်တိုက်ဆိုသလိုပင် မြေကြီးပေါ်မှာရင့်မှည့်နေသောအသီးများကိုရိတ်သိမ်းရန် ခရစ်တော်ကြွလာမည့်အ ကြောင်းကိုဖေါ်ပြထားသည်။ "မြေကြီးပေါ်မှာနေသောသူတည်းဟူသောအသီးသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အား

ထာဝရ ဧဝံဂေလိတရားကို ဟောရသောကောင်းကင်တမန်တစ်ပါးက ဘုရားသခင်ကို ကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့်စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့်ပြောဆို၍ ကောင်းကင်အလယ်၌ ပျံဝဲလျက်ရှိသည်ကို" ပုရောဖက်ယောဟန်က ရူပါရုံတွင်မြင်ခဲ့သည်။ ဗျာဒိတ်၊ ၁၄း၆-၇။

ဤသတင်းစကားသည် ထာဝရဧဝံဂေလိသတင်းစကား၏ အပိုင်းတစ်ပိုင်းဖြစ်သည်။ တရားဟောခြင်းအလုပ်ကို လူသားများအား အပ်နှင်းထားပါသည်။

ကောင်းကင်တမန်များသည် ညွှန်ကြားမှုများ ပေးကြသော်လည်း ဧဝံဂေလိတရားတော်ကို တကယ်ဟောကြားရမည့်သူများမှာ ကမ္ဘာပေါ်တွင် နေထိုင်ကြသည့် ခရစ်တော်၏ ယုံကြည်သူများသာဖြစ်ကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ပဲ့ပြင်မှုနှင့် နှုတ်ကပါတ်တော်၏ သွန်သင်မှုများကို နာခံသောသစ္စာရှိတပည့်တော်များသည် ဤသတိပေးစကားများကို ကြွေးကြော်ကြလိမ့်မည်။

သူတို့သည် ဘုရားသခင်ကို သိကျွမ်းခြင်းပညာကိုဆည်းပူးခဲ့ကြပြီး ပညာကုန်သွယ်ခြင်းသည် ငွေကုန်သွယ်ခြင်းထက်သာ၍ ကောင်းကြောင်း၊ ပညာကုန်သွယ်၍ရသောအမြတ်သည်လည်း ရွှေစင်ထက် သာ၍ကောင်းကြောင်း၊ မှတ်ယူထားသူများဖြစ်သည်။ "ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့် မိတ်သဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ် တရားတော်ကိုသိရသော အခွင့်ရှိကြ၏။" သု၊ ၃း၁၄၊ ဆာလံ ၂၅း၁၄။

## မျက်မှောက်ကာလမှထာဝရကာလသို့ နှိမ့်ချသောသူများကပေးသောသတင်းစကား

ကျမ်းစာတတ်သည့်ပညာရှိများသည် သမ္မာကျမ်းစာကိုကြိုး ကြိုးစားစား ဆုတောင်းလေ့လာသော သစ္စာရှိကင်းစောင့်များဖြစ်ခဲ့ ကြလျှင် ထိုအချိန်ကို သူတို့သိတန်ကောင်းပါ၏။ အနာဂတ္တိကျမ်း များက ဖြစ်ပျက်မည့်အကြောင်းအရာများကို သူတို့အားဖွင့်ပြထား ပါသည်။

သို့သော် ထိုသတင်းစကားကို ပို၍နှိမ့်ချသော သူများက သာပေးခဲ့ပါသည်။ လက်လှမ်းမီသော အလင်းတရားများကို ရယူရန် မကြိုးစားဘဲ လျစ်လျူရှုခဲ့သူများသည် အမှောင်ထဲတွင် ချန်ထား ခြင်းခံရသည်။ "ငါ့နောက်သို့ လိုက်သောသူသည် မှောင်မိုက်၌မ သွားမလာ။ အသက်၏အလင်းကိုရလိမ့်မည်" ဟု ခရစ်တော်မိန့် ဆိုခဲ့ ပါသည်။ ယောဟန် ၈း၁၂။ ထိုသူများထံသို့ ကောင်းကင်မှ တောက် ပသောကြယ်များကိုပေးသနားကာ သမ္မာတရားလမ်းထဲသို့ ပို့ဆောင် တော်မူလိမ့်မည်။

ခရစ်တော်ပထမအကြိမ်ကြွလာစဉ်အချိန်ကယဇ်ပုရောဟိတ် များနှင့် ကျမ်းတတ်ပုဂ္ဂိုလ်များသည် ကပ်ကာလ၏ နိမိတ်လက္ခဏာ များကို နားလည်သိမြင်ကာ ကိုယ်တော်ရှင်၏ ကြွလာခြင်းကိုကြွေး ကြော်ကြိုဆိုခဲ့ဖို့ကောင်းသည်။ မိက္ခာက ကိုယ်တော်ရှင်၏ မွေးရပ် မြေကို ဖေါ်ပြခဲ့ပြီး ဒံယေလက ကြွလာမည့်အချိန်ကို ဖေါ်ပြခဲ့သည်။ မိက္ခာ ၅း၂။ ဒံ၊ ၉း၂၅၊ ယုဒခေါင်းဆောင်များသည် ထိုအရာများ ကိုမသိခဲ့ဖူးဆိုလျှင် ခွင့်လွှတ်နိုင်စရာအကြောင်း မရှိပါချေ။ ၎င်းတို့ မသိရှိရခြင်း၏ အကြောင်းရင်းမှာ လျစ်လျူရှုခဲ့သည့်အတွက်ကြောင့် သာဖြစ်သည်။

ဣလသရေလခေါင်းဆောင်များသည် ကမ္ဘာ့ရာဇဝင်တွင်အရေးကြီးသည့်ဖြစ်ရပ်ဖြစ်သော ခရစ်တော်ကြွလာခြင်းနှင့်ပတ်သက်သည့်နေရာ၊ အချိန်နှင့် အခြေအနေများကို စိတ်ဝင်တစားလေ့လာထားကြဖို့ကောင်းပါသည်။ ယုဒလူထုကြီးကလည်း ၄င်းတို့ကြိုဆိုသင့်သော ကမ္ဘာ့ကယ်တင်ရှင်ကို စောင့်မျှော်နေဖို့ကောင်းပါသည်။သို့သော် နာဇရက်မှ ခရီးပြင်းနှင်လာသောခရီးသွားနှစ် ယောက်သည်ဗက်လင်မြို့ အရှေ့ဘက်ခြမ်းရှိ လမ်းကျဉ်းကလေး အတိုင်းလျှောက်လာကာထိုညအတွက် တည်းခိုစရာနေရာတစ် နေရာကိုအချည်းနှီး ရှာဖွေနေခဲ့ကြသည်။ ၄င်းတို့အား ကြိုဆိုမည့် သူမရှိချေ။ နောက်ဆုံးတွင် သူတို့သည် နွားထားရန်ပြင်ဆင်ထားသည့် တင်းကုပ်ခပ်စုတ်စုတ်ကိုတွေ့ကာ ထိုနေရာတွင် ကမ္ဘာ့ကယ်တင်ရှင်ကို မွေးဖွားခဲ့ရ ပါသည်။

ထိုသတင်းကောင်းကိုလက်ခံရန် စိတ်နှလုံးပြင်ဆင်ထားသူများထဲသို့ သွားရောက်သတင်းပို့ရန် ကောင်းကင်တမန်များကိုခန့်အပ်ထားခဲ့ရာ ၄င်းတို့သည် ဝမ်းပန်းတသာသွားရောက်သတင်းပို့ကြပါသည်။

ခရစ်တော်သည် လူဇာတိခံယူရန်အတွက်သော်လည်းကောင်း၊ အပြစ်ဒုစရိုက်အတွက် မိမိအသက်ဝိညာဉ်ကို ပူဇော်သကာလုပ်ရမည့် အတိုင်းအဆမဲ့ဝမ်းနည်းစရာ အခြေအနေကို ရင်ဆိုင်ရန်အတွက်သော်လည်းကောင်း မိမိကိုယ်ကို နှိမ့်ချတော်မူခဲ့ရပါသည်။ သို့စေကာမူ ထိုအရှက်ရစေသော နိမ့်ကျသည့်အခြေအနေကိုခံယူစဉ်မှာပင် ဘုရားသခင်၏ သားတော်သည် မိမိစာရိတ္တတော်နှင့်ဆီလျော်သည့် ဂုဏ်သိက္ခာနှင့် လူသားများရှေ့တွင် ပေါ်ထွန်းလာဖို့ကောင်းကင်တမန်များက အလိုရှိကြပါသည်။ ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် ကိုယ်တော်ရှင်ကြွလာခြင်းကို ကြိုဆိုနှုတ်ခွန်းဆက်ရန်

ထိုက္ကသရေလမြို့တွင် စုရုံးခဲ့ကြပါသလား။ ကောင်းကင်တမန်များသည်မြော်လင့်တောင့်တနေသောအဖွဲ့ထံတွင် ကိုယ်တော်ရှင်အားဆက်သခဲ့ကြပါသလား။

ယေရှုကိုကြိုဆိုရန် အဆင်သင့်ရှိနေသောသူများနှင့်တွေ့ရန်ကောင်းကင်တမန်များလှည့်လည်ရှာဖွေခဲ့သော်လည်း မည်သည့်ကြိုဆိုချီးမွမ်းသံကိုမှမကြားရချေ။ ခေတ်အဆက်ဆက် ဘုရားသခင်အတူရှိတော်မူခဲ့သည့်ဗိမာန်တော်နှင့် က္ကသရေလမြို့တော်အပေါ်တွင်ကောင်းကင်တမန်များပျံဝဲလျက် ရှာဖွေခဲ့ကြသော်လည်း မည်သည့်ထူးခြားမှုကိုမျှမတွေ့ရချေ။ မာနထောင်လွှားပြီး ဟန်ပန်များသောယဇ်ပုရောဟိတ်များသည် ညစ်ညူးသောယဇ်ကောင်များကို ပူဇော်နေကြသည်ကိုသာလည်းကောင်း၊ ဖာရိရှဲများသည်အော်ကြီးဟစ်ကျယ်ဖြင့် ပရိသတ်အား မိန့်ခွန်းပေးနေကြသည်ကိုသာလည်းကောင်း၊ လမ်းဆုံလမ်းခွမှာ ကြွားဝါသော ဆုတောင်းမင်္ဂလာပြုနေသည်ကိုသာလည်းကောင်း ကောင်းကင်တမန်များတွေ့ကြရသည်။ ဘုရင်မှစ၍ အတွေးအခေါ်ပညာရှင်များ၊ ကျမ်းတတ်ပုဂ္ဂိုလ်များအဆုံး လူအပေါင်းတို့သည် ပေါ်ထွန်းလာတော့မည့် ကယ်တင်ရှင်နှင့် ပတ်သက်သည့်အံ့ဩဖွယ်ရာအကြောင်းအရာများကို စိတ်မဝင်စားကြချေ။

ထိုကောင်းကင်တမန်သည် သတင်းကောင်းကိုလက်ခံမည့်သူမတွေ့သဖြင့် ကောင်းကင်နိုင်ငံသို့ပြန်တော့မည့်ဆဲဆဲတွင် သိုးကျောင်းနေသောသိုးထိန်းတစ်ဖွဲ့ကို အံ့ဩဖွယ်ရာတွေ့ရှိခဲ့ပါသည်။ ထိုသူတို့သည် ကြယ်၊ လ၊ နက္ခတ်များနှင့်ပြီးသော ကောင်းကင်ပြင်ကြီးကိုစေ့စေ့ကြည့်ကာ ကြွလာမည့်မေရှိယနှင့်ဆိုင်သော အနာဂတ္တိစကားများကိုအာရုံပြုလျက် ကယ်တင်ရှင်၏ ကြွလာခြင်းကို တောင့်တနေကြပါသည်။ ဤနေရာတွင် ကောင်းကင်မှသတင်းစကားကို---

ကြိုဆိုလက်ခံရန် အဆင်သင့်ရှိနေသော လူတစ်စုရှိနေသည်။ ဤကွင်းပြင်တွင် ကောင်းကင်မှဘုန်းရောင်ခြည်များသည် ရုတ်တရက် ထွန်းလင်းလာကာ မရေမတွက်နိုင်လောက်အောင် များပြားသည့် ကောင်းကင်တမန်များပေါ်လာကြပါသည်။

အလွန့်အလွန်ဝမ်းမြောက်သောကြောင့် ကောင်းကင်တမန်တစ်ပါးတည်းဖြင့် ထောမနာပြုသည်ကိုအားမရသည့်ပုံမျိုးပေါ်ထွန်းနေပါသည်။

ပေါ်လာသောကောင်းကင်တမန်များသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကယ်တင်ခြင်းခံရသူများကျူးအေးရမည့် "ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်မှာလည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်း" ဟူသောဓမ္မသီချင်းဖြင့် ဘုရားသခင်အား ချီးမွမ်းမြွက်ဆိုခဲ့ကြသည်။ လုကာ၂း၁၄။

ဗက်လင်မြို့မှ ထိုအံ့သြဖွယ်ရာအဖြစ်အပျက်သည် နမူနာယူစရာကောင်းလှပါတကား။ ထိုအဖြစ်အပျက်က ကျွန်ုပ်တို့၏မယုံကြည်မှု၊ မာနထောင်လွှားမှုနှင့် မိမိကိုယ်ကို အရာရာပြည့်စုံသည်ဟုအထင်ရှိနေမှုများကို ဆုံးမထားပါတကား။ ကပ်ကာလ၏ နိမိတ်လက္ခဏာများကို မသိလိုက်မှာစိုးသဖြင့် သတိနှင့်နေကြရန် ကျွန်ုပ်တို့အား သတိပေးနေကြပါတကား။

မေရှယကြွလာခြင်းကို စောင့်မျှော်နေသူများတွင် ထိုသိုးထိန်းများသာမဟုတ်ကြောင်း၊ အရှေ့တိုင်း သာသနာပတိုင်းပြည်များမှ ပညာတတ်လူချမ်းသာများလည်း ပါဝင်ကြောင်း၊ ကောင်းကင်တမန်များတွေ့ခဲ့ကြရသည့် ထိုအရှေ့ တိုင်းသားများသည် ယာကုပ်အမျိုးမှ

ကြယ်တစ်လုံးပေါ်ထွန်းလာမည့်အကြောင်းကို ဟောပြသမှာကျမ်းစာ၌ လေ့လာတွေ့ရှိခဲ့ပါသည်။ "ဣသရေလအမျိုး၏ သက်သာခြင်း" ဖြစ်ရုံသာမက 'တစ်ပါးအမျိုးသားတို့ကို လင်းစေခြင်းငှာလည်းကောင်း' ကြွလာမည့်မေရှိယကို သူတို့ စိတ်အားထက်သန်စွာစောင့်မျှော်ခဲ့ကြပါသည်။ လုကာ ၂း၂၅၊၃၂။ တမန် ၁၃း၄၇။ ထိုတစ်ပါးအမျိုးသားကြီးများကို ကောင်းကင်မှကြယ်ကြီးက ကယ်တင်ရှင်မွေးဖွားသည့်နေရာသို့ပို့ဆောင်ပေးခဲ့ပါသည်။

"ထိုသခင်ကို မျှော်လင့်လျက်နေသောသူတို့ကို" ခရစ်တော်သည် "ကယ်တင်ခြင်းအလို့ငှာ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတ္တံ့။" ဟေဗြဲ ၉း၂၈။ ခရစ်တော်မွေးဖွားခြင်း သတင်းကဲ့သို့ပင် ခရစ်တော်ဒုတိယအကြိမ် ကြွလာမည့်သတင်းကိုလည်း ဘာသာရေးခေါင်းဆောင်များထံသို့ အပ်နှံထားတော်မမူချေ။

သူတို့သည်အလင်းကိုလက်မခံကြသောကြောင့် ရှင်ပေါလုဖော်ပြခဲ့သည့် အလင်း၏သားများတွင် ၄င်းတို့မပါဝင်ကြ။ "ညီအစ်ကိုတို့၊ ထိုနေ့ရက်သည်သူခိုးကဲ့သို့ သင်တို့အပေါ်သို့ရောက်လာမည်အကြောင်း၊ သင်တို့သည်မှောင်မိုက်၌ နေကြသည်မဟုတ်။ သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။ည၏သား မှောင်မိုက်၏သားမဟုတ်။" ၁သက်၊ ၅း၄-၅။

ဇိအုန်တံတိုင်းပေါ်မှကင်းစောင့်များသည် ကယ်တင်ရှင်ကြွလာသည့်သတင်းကို ပထမဦးစွာရရှိသူများဖြစ်သင့်သည်။ကိုယ်တော်ရှင်သည်အနီးတွင်ရောက်နေကြောင်း ရှေးဦးပထမကြွေးကြော်သူများဖြစ်သင့်ပါသည်။ သို့သော် လူထုကြီးက ဒုစရိုက်တွင်အိပ်မောကျ

နေစဉ်မှာ သူတို့ကလည်း ဘာကိုမှအမှုမထားဘဲ အေးအေးဆေးဆေး ဖြစ်နေကြသည်။ အသင်းတော်သည် အသီးမသီးသောသဖန်းပင်ကြီး ကဲ့သို့ အဖိုးတန်အသီးကင်းမဲ့သော်လည်း အယောင်ဆောင်အရွက် များဖြင့်ဖုံးအုပ်ထားသည်ကို ခရစ်တော်မြင်တွေ့ခဲ့ရသည်။ နှိမ့်ချ သောစိတ်၊ သည်းခံသောစိတ်၊ ယုံကြည်သောစိတ်များ၊ လျော့နည်း နေသည်။ မာနထောင်လွှားခြင်း၊ အပြင်ပန်းဟန်ဆောင်ခြင်း၊ အတ္တ များခြင်း၊ နိုင်ထက်စီးနင်းလုပ်ခြင်းများကိုသာ အသင်းတော်တွင်တွေ့ ခဲ့ရသည်။ ဖေါက်ပြန်နေသော ထိုအသင်းတော်သည် ကပ်ကာလ၏ နိမိတ်လက္ခဏာများကိုမမြင်အောင် မျက်စိပိတ်ထားပါသည်။ သူတို့ သည် ဘုရားသခင်မှလည်းကောင်း၊ ကိုယ်တော်ရှင်၏ မေတ္တာတော် မှလည်းကောင်း၊ ကျောခိုင်းထွက်ခွာလာခဲ့ကြသည်။ သူတို့သည်အ ခြေအနေများနှင့် ဆီလျော်အောင်လုပ်ဆောင်ရန် ငြင်းဆန်နေကြသ ဖြင့် ကတိတော်များသည် သူတို့၌ မပြည့်စုံခဲ့ကြချေ။

ခရစ်တော်၏ နောက်လိုက်များစွာတို့သည် ကောင်းကင်မှ အလင်းကိုလက်ခံရန် ငြင်းဆန်ခဲ့ကြသည်။ ရှေးခေတ်ယုဒများကဲ့သို့ ပင်သူတို့သည်လည်း အလင်းတော်ရောက်လာမည့်အချိန်ကိုမသိကြ ချေ။ ထာဝရဘုရားသည် ၄င်းတို့ကိုကျော်ကာ ရရှိသောအလင်းကို ပြန်လည်ဝေငှကြမည့် ဗက်လင်မြို့မှသိုးထိန်းများနှင့် မာကုပညာရှိ များကဲ့သို့သောပုဂ္ဂိုလ်များအား သမ္မာတရားအလင်းကို ဖေါ်ပြတော် မူခဲ့ပါသည်။

-----o-----

## အခန်း (၁၈)
## ကမ္ဘာသစ်တွင်အလင်းသစ်ထွန်းလင်းခြင်း

သမ္မာတရားကိုသိရှိနားလည်လိုသည့် ဖြောင့်မှန်ရိုးသားသော လက်သမားတစ်ယောက်ကို ဒုတိယ အကြိမ်ကြွလာခြင်းဆိုင်ရာ သတင်းစကားကိုကြွေးကြော်ရန် ဘုရားသခင် ရွေးချယ်တော်မူ၏။ ဝီလီယမ်မေလာသည် အခြားဘာသာရေးပြုပြင်ပြောင်းလဲရေးသမား များနည်းတူ ဆင်းရဲနွမ်းပါးမှုနှင့်ရင်ဆိုင်ခဲ့ရပြီး ကိုယ်အလိုကိုငြင်းပယ် ခြင်းဆိုင်ရာသင်ခန်းစာများကို လေ့ကျက်ခဲ့ရသည်။

သူသည် ငယ်စဉ်ကတည်းက သာမန်ကလေးများထက်ဉာဏ် ထက်မြက်သည်။ အသက်ကြီးလာသည်နှင့်အမျှ သွက်လက်ချက် ချာကာ သဘောထား ပြည့်ဝလာပါသည်။ ဗဟုသုတများကိုဆာငတ် ခင်မွတ်သူလည်းဖြစ်သည်။ စာပေ လေ့လာလိုက်စားမှုကိုနှစ်ခြိုက်ခြင်း၊ ဆင်ဆင်ခြင်ခြင်တွေးတောတတ်ခြင်း၊ အနီးစပ်ဆုံး မှန်အောင်အကဲ ဖြတ်တတ်ခြင်း၊ စသည့် အရည်အချင်းတို့ကြောင့် ဆုံးဖြတ်ချက်ခိုင် မာ၍ အမြော်အမြင်ကြီးမားသူတစ်ဦး ဖြစ်လာပါသည်။ အပြစ်တင် စရာမရှိသောစာရိတ္တနှင့် မနာလိုစရာကောင်းလောက်အောင် ကြီး မြတ်သောဂုဏ်သတင်းများကို ပိုင်ဆိုင်ထားသူလည်းဖြစ်သည်။ စစ် ဘက်နယ်ဘက်တွင် နာမည်ကောင်းဖြင့် အမှုထမ်းခဲ့သူလည်းဖြစ် သည်။ စည်းစိမ်ဥစ္စာနှင့် ရာထူးရာခံများသည် သူ့အားလှိုက်လှိုက် လှဲလှဲကြိုဆိုနေသယောင်ဖြစ်ခဲ့သည်။

သူသည် ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းကဘာ သာရေးကို စိတ်ဝင်စားခဲ့သူဖြစ်သည်။ လူလားမြောက်လာသောအခါ

ဒေးအစ်အဖွဲ့ဝင်တစ်ဦးဖြစ်လာသည်။ (ဒေးအစ်ဆင်မ်ဆိုသည်မှာ 'ဘုရားသည် အမှန်တကယ်တည်ရှိပြီး အရာရာကို ဖန်ဆင်းကာ ပစ်ထားသည်ဟု ယုံကြည်သောအယူဝါဒဖြစ်သည်။') ဒေအစ်များ သည် နိုင်ငံသားကောင်းများ၊ လူအချင်းချင်းစာနာမှုရှိပြီး စေတနာ ထက်သန်သောသူများဖြစ်ရာ ၎င်းတို့၏ အယူဝါဒသည် မီလာအပေါ် များစွာ စိုးမိုးခဲ့ပါသည်။

ခရစ်ယာန်ကျောင်းများတွင် နေခဲ့ကြသဖြင့်၎င်းတို့၏ အကျင့် စာရိတ္တများသည်လည်း ပတ်ဝန်းကျင်၏ ပုံသွင်းမှုကို အတော်များ များခံခဲ့ကြရသည်။ ၎င်းတို့အားလေးစားစရာ ပုဂ္ဂိုလ်များဖြစ်စေခဲ့သည့် ကောင်းသောအရည်အသွေးများမှ သမ္မာကျမ်းစာကိုလေ့လာ လိုက်စားမှုကြောင့်ဖြစ်သော်လည်း ဤကောင်းသောဆုကျေးဇူးများ ကို နှုတ်ကပတ်တော်နှင့်ဆန့်ကျင်သော ဩဇာသက်ရောက်မှုများဖြစ် အောင် လွဲမှားစွာအသုံးချခဲ့ကြသည်။ မီလာသည် ၎င်းတို့၏သဘော ထားများကို လက်ခံကျင့်သုံးရန် လမ်းပြခြင်းခံခဲ့ရသည်။

သမ္မာကျမ်းစာကို လောလောဆယ်အနက်ဖွင့်ဆိုမှုများသည် သူ့အတွက် နားမလည်နိုင်လောက်အောင်ခက်ခဲနေသော်လည်း သမ္မာ ကျမ်းစာကိုဘေးဖယ်ထားသည့် သူ၏ ယုံကြည်ခြင်းအသစ်သည်လည်း သူ့အား ပို၍ ကောင်းသောအရာတစ်စုံတစ်ခုကိုမျှ မပေးစွမ်းနိုင်သော ကြောင့် သူစိတ်ကျေနပ်မှုမရခဲ့ချေ။ သို့ရာတွင် ၎င်း၏အသက် (၃၄) နှစ်သို့ ရောက်လာသောအခါ သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းအား အပြစ်သားတစ်ဦးဖြစ်သည်ဟူသော အသိကို သိစေခဲ့သည်။ သေလွန်ခြင်း၏ နောက်ကွယ်မှာရှိသည့် ဝမ်းမြောက်ခြင်းအတွက် မည်သည့် အာမခံချက်ကိုမှ သူမတွေ့ခဲ့ချေ။ သူ့အနာဂတ်သည်

မှောင်မည်း၍ ဝမ်းနည်းစရာဖြစ်နေရာ "ကောင်းကင်သည်ကျွန်တော့ ခေါင်းပေါ်မှာ ကြေးဝါပြားကြီးလိုဖြစ်နေပြီး မြေကြီးဟာ ကျွန်တော့ ခြေအောက်မှာ သံပြားကြီးလိုဖြစ်နေပါတယ်။ တွေးလေ ဖြေမရလေ ဖြစ်နေပါတယ်။ ဆက်မတွေးဖို့ ကျွန်တော်ကြိုးစားခဲ့ပေမယ့် တွေးမြဲ တိုင်းဆက်ပြီးတွေးနေမိပါတယ်။ ကျွန်တော်ဟာ တကယ်စုတ်ပြတ် နေတဲ့လူပါပဲ။

ဒါပေမယ့် ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော်မသိဘူး။ ကျွန်တော်ညည်းညူအပြစ်တင်မိတယ်။ဒါပေမယ့် ဘယ်သူ့ကို အပြစ်တင်ရမယ်ဆိုတာကိုလည်း ကျွန်တော်မသိဘူး။ တစ်ခုခုမှားနေတယ်ဆိုတာကိုတော့ ကျွန်တော်သိတယ်။ ဒါပေမယ့် ဘယ်လိုမှားနေတယ်ဆိုတာနဲ့ ဘယ်နေရာမှာ အဖြေရမယ်ဆိုတာ ကိုတော့ ကျွန်တော်မသိခဲ့ဘူး" ဟူ၍ သူ၏ ခံစားချက်များကိုဖွင့်ဟ ခဲ့ပါသည်။

## မိတ်ဆွေတစ်ဦးကိုမီလာတွေ့ခြင်း

ကျွန်ုပ်တို့၏အပြစ်များအတွက် ၎င်း၏ အသက်တာဖြင့် အပြစ်ဖြေကာ ကျွန်ုပ်တို့အား အပြစ်၏ အဖိုးအခများကိုမခံစားစေ ရန် ကယ်တင်ပေးသည်အထိ ကောင်းမြတ်၍ ကြင်နာသနားစိတ်နှင့် ပြည့်ဝသော ပုဂ္ဂိုလ်တစ်ပါးရှိနိုင်သည်ဟူသော ကယ်တင်ရှင်တစ်ပါး ၏ ထူးခြားသော ဂုဏ်အင်္ဂါများကို ရုတ်တရက် ထင်တင်ရှားရှား ကြီး သူ့စိတ်ထဲမှာခံစားခဲ့ရသည်။ သို့ရာတွင် ထိုခံစားချက်နှင့် အတူ စိတ်ထဲမှာပေါ်လာသည်မှာ "ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ပါးရှိ နေသည်ကို မည်သို့ သက်သေပြမလဲ" ဟူသော မေးခွန်းဖြစ်သည်။

သမ္မာကျမ်းစာကို ဖယ်ရှားလိုက်လျှင် ထိုကဲ့သို့သော ကယ်တင်ရှင်တစ်ပါးရှိနေသည်ဆိုသည့်အချက်နှင့် အနာဂတ်အခြေအနေများအတွက်အထောက်အထားတစ်စုံတစ်ရာကိုမျှ ကျွန်တော်မတွေ့ခဲ့ပါ။

ကျွန်တော်လိုအပ်နေသည့်ထိုကဲ့သို့သော ကယ်တင်ရှင်တစ်ပါးကို သမ္မာကျမ်းစာက ဖွင့်ပြထားသည်ကို ကျွန်တော်မြင်တွေ့ခဲ့ရသည်။ ဆွဲဆောင်မှုမရှိသည့် စာအုပ်တစ်အုပ်က ကျဆုံးနေသော ကမ္ဘာတစ်ခု၏လိုလားချက်ကို တိတိကျကျဖြည့်ဆည်းပေးနိုင်သည့် နိယာမများဖြစ်ထွန်းစေပုံများကို တွေ့ရသည့်အတွက် ကျွန်တော်စိတ်ရှုပ်သွားမိသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ ဗျာဒိတ်တော်ဖြစ်သည်ဆိုတာကိုတော့ ကျွန်တော်ဝန်ခံရပေတော့မည်။ ကျမ်းစာဖတ်ရတာကို ကျွန်တော်နှစ်ခြိုက်လာပြီး ယေရှု၌ ကျွန်တော့်မိတ်ဆွေတစ်ဦးကိုတွေ့ခဲ့ပါသည်။ ထိုကယ်တင်ရှင်သည် ကျွန်ုပ်အတွက်အဓိကအကဲအမှုဖြစ်လာပြီး ယခင်ကအမှောင်ကျပြီး ဆန့်ကျင်ဘက်ဖြစ်ခဲ့သော သမ္မာကျမ်းစာသည် အကျွန်ုပ်၏ခြေရှေ့မှာမီးခွက်ဖြစ်လာခဲ့ပါသည်။

သမုဒ္ဒရာကဲ့သို့ ကျယ်ပြောသောဘဝအလယ်မှာ ဘုရားသခင်အား ကျောက်ဆောင်တစ်ခုကဲ့သို့ ကျွန်ုပ်မြင်တွေ့ခဲ့ပါသည်။ သမ္မာကျမ်းစာသည် ယခုတွင် ကျွန်ုပ်အဓိကထားလေ့လာသောစာအုပ်တစ်အုပ် ဖြစ်လာခဲ့ပြီး ကျမ်းစာလေ့လာရခြင်းကို နှစ်ခြိုက်မှုရှိသည်ဟု ကျွန်တော်တကယ်ပြောနိုင်လာပါသည်။ သမ္မာကျမ်းစာ၏ လှပတင့်တယ်မှုများကို အလျင်ကဘာကြောင့်မမြင်ခဲ့မိသလဲဟုလည်း စဉ်းစားမိခဲ့သည်။ ၄င်းပြင် ကျွန်ုပ်ကိုယ်တိုင် ကျမ်းစာကိုငြင်းပယ်ခဲ့မိတာကိုလည်း အံ့သြမိပါသည်။ အခြားစာတွေကိုဖတ်ရတာအရသာမဲ့လာသဖြင့် ဘုရားသခင်ထံမှ ဉာဏ်ပညာများရယူရန် သမ္မာကျမ်းစာကိုသာ အာရုံစိုက်ခဲ့ပါသည်” ဟု မီလာ ဖွင့်ဟခဲ့ပါသည်။

မီလာသည် ၎င်း၏ယုံကြည်ခြင်းကို လူသိရှင်ကြားဖွင့်ဟကြေညာခဲ့ရာ ၎င်း၏မိတ်ဆွေဟောင်းများက သမ္မာကျမ်းစာနှင့်ဆန့်ကျင်၍ ၎င်းကိုယ်တိုင်မေးခဲ့သောမေးခွန်းများဖြင့် ၎င်းကိုငြင်းချက်ထုတ်ကြပါသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ဗျာဒိတ်တော်များဖြစ်သည်မှန်လျှင် ကျမ်းချက်များသည် တစ်ခုနှင့်တစ်ခု ဆီလျော်ညီညွတ်ရမည်ဟု သူကျိုးကြောင်းဆင်းခြင်မိကာ သမ္မာကျမ်းစာကိုလေ့လာဖို့ ဆုံးဖြတ်ချက် ချခဲ့ပါသည်။ ကွဲပြားခြားနားမှုများရှိခဲ့လျှင်လည်း ညီညွတ်အောင် ညှိနိုင်လိမ့်မည်ဟုသူအာမခံခဲ့ပါသည်။

သူသည် အဓိပ္ပါယ်ဖွင့်ဆိုထားသောကော်မင်ထရီများကိုအားမကိုးဘဲ ရည်ညွှန်းချက်များ၊ အဓိပ္ပါယ်တူဖွင့်ဆိုထားသောကျမ်းချက်များ၏အကူအညီကိုယူလျက် ကျမ်းစာကို ကျမ်းစာဖြင့်တိုက်ဆိုင်လေ့လာခဲ့သည်။ ကမ္ဘာဦးကျမ်းမှစတင်၍ ကျမ်းချက်တစ်ချက်ချင်းလေ့လာခဲ့ရာ အဓိပ္ပါယ်မရှင်းလင်းသည့်ကျမ်းချက်များတွေ့လျှင် ထိုကျမ်းချက်ကိုရည်ညွှန်းချက်ပေးထားပုံပေါ်သည့်အခြားကျမ်းချက်များ တိုက်ဆိုင်လေ့လာသည်မှာ သူ့အကျင့်ပင်ဖြစ်သည်။ စကားလုံးတိုင်းသည် ထိုကျမ်းချက်အပေါ်တွင် သူ့ရှုထောင့်နှင့်သူရှိနေသည်။ ထို့ကြောင့် နားလည်ဖို့ရန်ခက်သောစာပိုဒ်တစ်ခုကိုတွေ့တိုင်း ကျမ်းစာ၏အခြားကျမ်းပိုဒ်များတွင် ၎င်းစာပိုဒ်အတွက်ရှင်းလင်းချက်ကိုသူတွေ့ခဲ့ပါသည်။ ဘုရားသခင်ထံမှအလင်းတရားရရန်လည်း သူလေ့လာတိုင်း ဆုတောင်းခဲ့သည်။ သို့ဖြင့်"နှုတ်ကပတ်တော်ကိုဖွင့်ခြင်းသည်အလင်းကိုပေး၍မလိမ္မာသောသူကို လိမ္မာစေတတ်ပါ၏"ဟူ၍ ဆာလံဆရာရေးထားသည့်အမှန်တရားကို သူခံစားခဲ့ရပါသည်။ ဆာလံ ၁၁၉း၁၃၀။

သူသည် ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့ကို စိတ်ဝင်တစားလေ့လာခဲ့ရာအနာဂတ္တိဆိုင်ရာ အထိမ်းအမှတ်သင်္ကေတများသည် နားလည်နိုင်သောအရာများဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ အနာဂတ္တိကျမ်းတွင် ဖေါ်ပြထားသည့်ရုပ်ပုံများ၊ တင်စားရေးသားမှုများပုံဆောင်မှုများတွက် ရှင်းလင်းချက်များကိုဆက်လျက် ကျမ်းချက်များတွင်လည်းကောင်း၊ ကျမ်းစာ၏ အခြားကျမ်းပိုဒ်များတွင်လည်းကောင်း၊ တွေ့နိုင်ပြီး ဆိုလိုရင်းအနက်ကို နားလည်သဘောပေါက်နိုင်ကြောင်း သူတွေ့မြင်ခဲ့ည်။

သူ၏ကြိုးစားမှုကြောင့် သမ္မာတရားသံကွင်းများကို သံကြိုးကြီးတစ်ခုဖြစ်လာသည့်နှယ် ဆက်စပ်နိုင်ခဲ့သည်။ တစ်စထက်တစ်စ အနာဂတ္တိကျမ်းများဆိုင်ရာအရေးပါသော အချက်များကို သူခြေရာကောက်နိုင်ခဲ့သည်။ ကောင်းကင်မှကောင်းကင်တမန်များသည် သူ့ကိုလမ်းပြနေကြပါသည်။

ဤကမ္ဘာကြီး မပျက်စီးမီ နှစ်ပေါင်း (၁၀၀၀) အတွင်းတွင် လောက၌ ခံစားရမည်ဆိုသည့် ရေပန်းစားနေသောအမြင်ကို သမ္မာကျမ်းစာကမထောက်ခံကြောင်း သူတွေ့ရှိလာသည်။

အေးချမ်းသာယာစွာစိုးစံရမည့် နှစ်ပေါင်း (၁၀၀၀) သည် ခရစ်တော်မကြွလာမီတွင်ဖြစ်သည်ဟူသော ယုံကြည်ချက်သည်။ကမ္ဘာဆုံးတိုင်အောင် စပါးပင်နှင့် ပေါင်းပင်တို့ကို အတူပေါက်စေပါ။ ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား လှည့်ဖြား၍ ဆိုးညစ်ခြင်း၌ တရွေ့ရွေ့တိုးပွားစေပါဟု မိန့်မှာခဲ့သော ခရစ်တော်နှင့်တမန်တော်များ၏ သွန်သင်ချက်များနှင့်လည်း ဆန့်ကျင်နေပါသည်။

## ၄၃၀ မျက်မှောက်ကာလမှထာဝရကာလသို့ ခရစ်တော်ကိုယ်တော်တိုင်ကြွလာမည်ဖြစ်ခြင်း

တစ်ကမ္ဘာလုံးပြောင်းလဲမှုရရှိခြင်းနှင့် နံ့ဝိညာဉ်အားဖြင့် ခရစ်တော်စိုးစံခြင်းဆိုင်ရာ ယုံကြည်ချက်များကို တမန်တော်အသင်းတော်က မစွဲကိုင်ခဲ့ပါ။ ခရစ်ယာန်များအနေဖြင့်လည်း ၁၈ ရာစုဦးပိုင်းအထိ ထိုယုံကြည်ချက်များကို လက်မခံခဲ့ကြသေးပါ။ ကြွလာခြင်းဆိုင်ရာ နိမိတ်လက္ခဏာများအပေါ် အလေးမထားကြတော့ချေ။ ထိုသွန်သင်ချက်ကြောင့် လူအများသည် ခရစ်တော်နှင့်တွေ့ရန် ပြင်ဆင်ဆို့ကိစ္စကို လျစ်လျူခဲ့ကြပါသည်။

ခရစ်တော်ကိုယ်တော်တိုင် (နံ့ဝိညာဉ်မဟုတ်) အမှန်တကယ်ကြွလာမည့်အကြောင်း၊ ကျမ်းစာ၏ သွန်သင်ချက်ကို မီလာတွေ့ရှိခဲ့ပါသည်။

“ဘုရားသခင်သည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွကောင်းကင်ဘုံမှ ကိုယ်တိုင် ဆင်းသက်တော်မူမည်။”“လူသားသည်ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်တော်ကိုဆောင်လျက် မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်။” “လျှပ်စစ်သည်အရှေ့မှပြက်၍ အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့ လူသားသည်ကြွလာတော်မူလတ္တံ့။” “လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက် သန့်ရှင်းသောကောင်းကင်တမန်များ အခြံအရံတို့နှင့်တကွကြွလာတော်မူမည်။” “လူသားသည် မိမိတမန်တို့ကို စေလွှတ်၍ တံပိုးခရာကို ပြင်းစွာမှုတ်တော်မူသဖြင့် သူတို့သည် ရွေးချယ်တော်မူသောသူတို့ကိုခေါ်၍ စုရုံးကြလတ္တံ့။” ၁သက် ၄း၁၆-၁၇။ မဿဲ ၂၄း၃၀။ ၂၅း၃၀၊ ၂၄း၃၁။

ကိုယ်တော်ရှင်ကြွလာသောအခါ ဖြောင့်မတ်သောသေလွန်သူများသည် ရှင်ပြန်ထမြောက်၍ အသက်ရှင်လျက်ရှိသောဖြောင့်မတ်သူများသည် ပြောင်းလဲခြင်းသို့ရောက်ကြလိမ့်မည်။ "ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း နောက်ဆုံးသောတံပိုးမှုတ်သောအခါ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြသည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ယခုမျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ဝင်စားရမည်။ ယခုမျက်မှောက်သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ဝင်စားရမည်။"

"ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါအသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရား ထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူအစဉ်မပြတ်နေရကြလိမ့်မည်။" ၁ကော၊ ၁၅း၅၁-၅၃။ ၁သက်၊ ၄း၁၆-၁၇

လောလောဆယ်အခြေအနေတွင် လူသားများသည် သေမျိုးများဖြစ်ကြ၏။ ပုပ်ပျက်တတ်ကြ၏။ သို့သော် ဘုရားသခင်၏နိုင်ငံတော်သည် ပုပ်ပျက်ခြင်းနှင့်ကင်းလိမ့်မည်။ ထို့ကြောင့် လူသားများသည် လက်ရှိအခြေအနေနှင့် ကောင်းကင်နိုင်ငံတော်သို့ မဝင်စားနိုင်ကြချေ။ ခရစ်တော်ကြွလာသောအခါ ကိုယ်တော်သည် လူသားများအား မသေနိုင်သည့် သဘာဝကို ပေးအပ်တော်မူကာ ထိုအချိန်မှစ၍

၄င်းတို့ စိုးစံကြရမည့်နိုင်ငံတော်ကိုဝင်စားရန် ၄င်းတို့ကိုခေါ်တော်မူလိမ့်မည်။

## သမ္မာကျမ်းစာနှင့်ရှေးဟောင်းနှောင်းဖြစ်အစီအစဉ်

စကြာဝဠာဆိုင်ရာ ငြိမ်းချမ်းစွာစိုးစံမှုနှင့် ဘုရားသခင်၏နိုင်ငံတော်တည်ထောင်ခြင်းသည် ဒုတိယအကြိမ်ကြွလာပြီးမှဖြစ်ပျက်ကြမည်ဖြစ်ကြောင်း သမ္မာကျမ်းစာက မီလာအား သက်သေပြခဲ့သည်။ ထို့အပြင် ကမ္ဘာ့အခြေအနေသည်လည်း၊ နောက်ဆုံးသောနေ့များအတွက်ဖော်ပြသည့်အနာဂတ္တိဖော်ပြချက်များနှင့် ကိုက်ညီနေပါသည်။ ထို့ကြောင့် ကမ္ဘာကြီးအတွက် ခွင့်ပြုထားသည့်အချိန်သည် ယခုလောလောဆယ်ကာလမှာပင် ကုန်ဆုံးတော့မည်ဟု သူမှတ်ချက်ချခဲ့ပါသည်။

"ကျွန်တော့စိတ်ထဲမှာ ထင်ထင်ရှားရှားစွဲနေတဲ့ အခြားသာဓကတစ်ခုကတော့ ကျမ်းစာထဲက ရှေးဟောင်းနှောင်းဖြစ်အစီအစဉ်တွေပဲဖြစ်တယ်။

ကြိုတင်ဟောကိန်းထုတ်ထားတဲ့ အဖြစ်အပျက်တွေဟာ အတိတ်တုန်းကပြည့်စုံခဲ့ပြီးဖြစ်ပေမယ့် ပေးထားတဲ့အချိန်မှာမကြာခဏ ဖြစ်ပျက်ခဲ့ကြတယ်။ တစ်ချိန်တုန်းက အနာဂတ္တိစကားသက်သက်သာဖြစ်နေတဲ့ အဖြစ်အပျက်များဟာ ကြိုတင်ဟောကြားခဲ့တဲ့အတိုင်းပဲ ပြည့်စုံခဲ့ကြတယ်" ဟု မီလာပြောဆိုခဲ့သည်။

ခရစ်တော်ကြွလာမည့် အချိန်အထိ ရေးဆွဲဖော်ပြထားသောအချိန်ပိုင်း အစီအစဉ်များကို မီလာတွေ့သောအခါမိမိ၏ကျွန်များအား

ဘုရားသခင်ဖေါ်ပြသော "ခွဲဝေစီမံသောအချိန်ကာလ" များအဖြစ် ထိုအရာများကိုသဘောထားခဲ့သည်။ "ဖေါ်ပြတော်မူသောအရာတို့ သည် ကာလအစဉ်မပြတ် ငါတို့နှင့် ငါတို့သားသမီးတို့၏အငန်းအ တာဖြစ်၏။"

"ထာဝရဘုရားသည် မိမိကျွန်ပုရောဖက်တို့အားမဖေါ်မပြ ဘဲ အဘယ်အမှုကိုမျှစီရင်တော်မမူ။" တရားဟော ၂၉း၂၉။အာမုတ် ၃း၇။ သမ္မာကျမ်းစာကို လေ့လာလိုက်စားသူများသည်ကျမ်းစာ တွင်ရှင်းလင်းစွာဖေါ်ပြထားသည့် လူ့သမိုင်းတွင်ဖြစ်ပျက်မည့်အံ့ဖွယ် သရဲအဖြစ်အပျက်များကို တွေ့ရလိမ့်မည်ဟု တစ်ထစ်ချမျှော်လင့်နိုင် ကြသည်။

"ဘုရားသခင်၏ လမ်းပြပြင်မှုအောက်တွင် ရေးသားထား သောကျမ်းစာများသည် အကျိုးရှိကြောင်း၊ ဤကျမ်းစာများကိုသန့်ရှင်း သောဝိညာဉ်တော်၏လမ်းပြမှုအောက်တွင် သန့်ရှင်းသူများကရေးသား ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၄င်းပြင် ကျွန်တော်တို့လေ့ကျက်ဖို့ ထိုသို့ရေး သားခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မာကျမ်းစာ၏ နှစ်သိမ့်မှုနှင့် သည်းခံမှုများ အားဖြင့် ကျွန်တော်တို့သည် မျှော်လင့်ချက်ရှိနိုင်ကြောင်း ကျွန်တော် တကယ်သဘောပေါက်သွားပါပြီ။ ဒါကြောင့် ကျွန်တော်တို့ကိုဖေါ် ပြဖို့ အသင့်လျော်ဆုံးအရာတွေကို ကရုဏာတော်အားဖြင့် ဘုရား သခင်တွေ့ထားတဲ့အရာတွေကို နားလည်အောင်ကြိုးစားရာမှာအနာ ဂတ္တိဆိုင်ရာအချိန်တွေကို လျစ်လျူရှုထားပိုင်ခွင့်မရှိဘူးလို့ ကျွန်တော် ခံစားရတယ်" ဟု မီလာပြောကြားခဲ့ပါသည်။

ခရစ်တော်ကြွလာခြင်းနှင့်ပတ်သက်သော အချိန်များကို ဖေါ်ပြရာတွင် ဒံယေလ ၈း၁၄ သည် အရှင်းလင်းဆုံးအနာဂတ္တိ စကားဖြစ်သည်။ "ရက်ပေါင်း နှစ်ထောင့်သုံးရာတိုင်တိုင်တည်လိမ့်

မည်။ ထိုနောက် သန့်ရှင်းရာဌာနတော်ကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်။” သမ္မာကျမ်းစာကို သမ္မာကျမ်းစာကပင်အနက်ထုတ်စေသောအခါ နေ့ရက်တစ်ရက်သည် တစ်နှစ်တာကိုပုံဆောင်ကြောင်း မီလာသိလာရသည်။

ထိုနှစ်ပေါင်းနှစ်ထောင့်သုံးရာ အနာဂတ္တိနှစ်များသည် ယုဒနှင့်ပတ်သက်၍ ဘုရားသခင် သတ်မှတ်ထားသည့် ဥပဒေတည်သောကာလ အဆုံးကို များစွာ ကျော်လွန်သွားကြောင်း၊ ထိုကြောင့် ဤအနာဂတ္တိနှစ်များသည် ယုဒတို့အတွက် ဘုရားသခင်သတ်မှတ်ထားသည့် ကာလနှင့်ပတ်သက်သောတဲတော်ကို ရည်ညွှန်းထားခြင်းမဟုတ်ကြောင်း သူတွေ့မြင်ခဲ့သည်။

ခရစ်ယာန်ခေတ်မှာ ကမ္ဘာကြီးသည် တဲတော် (ဗိမာန်တော်ဖြစ်သည်ဆိုးသည့် ယေဘုယျအမြင်ကို မီလာ လက်ခံထားသည်။ ထိုကြောင့် ဗိမာန်တော်ကိုဆေးကြောမည်ဟု ဒံယေလ ၈း၁၄ တွင် ဖော်ပြထားချက်သည် ကိုယ်တော်ဒုတိယအကြိမ် ကြွလာသောအခါ ကမ္ဘာကြီးကိုမီးဖြင့်ဆေးကြောမည်ဆိုသည့် သဘောသက်ရောက်သည်။ အကယ်၍ ထိုနှစ်ပေါင်းနှစ်ထောင့်သုံးရာ၏အစကို မှန်ကန်စွာရှာနိုင်လျှင် ဒုတိယအကြိမ်ကြွလာမည့်အချိန်ကို ဖော်ပြနိုင်တော့မည်။

## အနာဂတ္တိအချိန်ဇယားကိုပြန်လည်ထုတ်ဖော်နိုင်ခြင်း

မီလာသည် အံ့ဖွယ်သရဲအရေးကြီးပုံပေါ်နေသည့်ထိုအချက်များကို နေ့ရောညပါအချိန်ယူလေ့လာလျက် အနာဂတ္တိစကားများကို ဆက်လက်စစ်ဆေးနေပါသည်။ နှစ်ပေါင်းနှစ်ထောင့်သုံးရာ၏အစကို

ဒံယေလ (၈) ထဲတွင် သူမတွေ့ရချေ။ ရူပါရုံကိုနားလည်အောင်ရှင်းပြခဲ့သည့် ကောင်းကင်တမန်ဂါဗြေလသည်လည်း တစ်ပိုင်းတစ်စရှင်းလင်းချက်ကိုသာ သူ့အားပေးခဲ့သည်။ အသင်းတော်အပေါ်ကျရောက်မည့် ကြောက်လန့်ဖွယ်နှိပ်စက်ညှဉ်းပန်းခြင်း အကြောင်းကိုရူပါရုံတွင်ဖော်ပြသောအခါ ဒံယေလသည် ခံနိုင်ရန်မရှိတော့ချေ။ "ဒံယေလသည် မောရ၍နာလျက်နေ၏။" "မြင်ပြီးသောဗျာဒိတ်ရူပါရုံကိုငါအံ့ဩသော်လည်း ထိုအမှုကို အဘယ်သူမျှမရိပ်မိကြ။" ဒံယေလ ၈း၂၇။

သို့သော် ထာဝရဘုရားက "အိုဂါဗြေလ၊ ထိုသူသည်ယခုမြင်သောဗျာဒိတ်ရူပါရုံကို နားလည်စေခြင်းငှာ အနက်ကိုပြန်ပြောလော့" ဟု မိန့်တော်မူရာ ဂါဗြေလက အမိန့်တော်ကိုနာခံလျက် "အချင်းဒံယေလ၊ ငါသည် သင်၌ ဉာဏ်ပညာ တိုးပွားစေမည်အကြောင်း ထွက်လာပြီ။ ---- ထိုကြောင့် ဗျာဒိတ်တော်အချက်ကိုဆင်ချင်၍ နားထောင်ရသောအခွင့်ရှိ၏။"

"သီတင်းခုနစ်ဆယ်ကို သင်၏ အမျိုးသားချင်းတို့အဖို့နှင့် သင်၏သန့်ရှင်းသောမြို့အဖို့ ဆုံးဖြတ်ခြင်းရှိ၏။ ထိုကြောင့်ယေရုရှလင်မြို့ကို တစ်ဖန်တည်ထောင်ပြုစုစေခြင်းငှာ အမိန့်တော်ရှိသည့်နေ့မှစ၍ ခရစ်တော်သခင်လက်ထက်တိုင်အောင် ခုနစ်သီတင်းနှင့်ခြောက်ဆယ့်နှစ်သီတင်း ကြာလိမ့်မည်ဟု သိမှတ်နားလည်လော့။ အနှောင့်အယှက်ခံရသောကာလ၌ မြို့လမ်းကို တစ်ဖန်တည်ထောင်ပြုစုရမည်ဟု စီရင်ဆုံးဖြတ်ခြင်းရှိ၏။ ထိုသီတင်းခြောက်ဆယ့်နှစ်သီတင်းလွန်ပြီးမှ ခရစ်တော်သည် အခွင့်မရဘဲ အသေသတ်ခြင်းကိုခံရလိမ့်မည်။---တစ်သီတင်းတွင်လူအများတို့နှင့်ပဋိညာဉ်ဖွဲ့ခြင်းရှိ၍

ထိုသီတင်းတစ်ဝက်တွင် ယဇ်ပူဇော်ခြင်းနှင့်ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်။" ဒံယေလ ၈း၁၆၊ ၉း၂၂၊၂၃၊၂၄-၂၇။

ရက်ပေါင်း နှစ်ထောင့်သုံးရာတည်ပြီးနောက် ဗိမာန်တော်ကို ဆေးကြောမည်ဆိုသည့် အနာဂတ္တတိစကားကိုနားလည်အောင်ရှင်းပြရန် ဘုရားသခင်သည် ထိုကောင်းကင်တမန်ကို ဒံယေလထံစေလွှတ်တော်မူခဲ့ခြင်းဖြစ်သည်။ ထိုကောင်းကင်တမန်၏ ပထမစကားမှာ သတင်းခုနှစ်ဆယ်ကို သင်၏အမျိုးသားချင်းအဖို့နှင့် သင်၏သန့်ရှင်းသောမြို့အဖို့ ဆုံးဖြတ်သည်ဟူ၍ဖြစ်သည်။ "ဆုံးဖြတ်သည်" (Determine) ဟူသောဝေါဟာရသည် "ပယ်ရှင်းသည်" (cut off) ကိုဆိုလိုချင်ပါသည်။ ထိုသီတင်းပတ်ခုနှစ်ဆယ် (သို့မဟုတ်) နှစ်ပေါင်း ၄၉၀ သည် အထူးသဖြင့် ယုဒလူများအတွက် ပယ်ရှင်းထားရန်ဖြစ်သည်။ (ရှင်းရှင်းလေးပယ်ထားရန်ဖြစ်သည်)

## အတူတကွရှိစေသည့်အချိန်ကာလနှစ်ခု

သို့သော် ဘယ်အချိန်ထဲက ထိုနှစ်ပေါင်း ၅၉၀ ကိုဖတ်ထားရမှာလဲ။ နှစ်ပေါင်း ၂၃၀၀ သည် ဒံယေလ (၈) နှစ်တွင် ဖော်ပြထားသည့် တစ်ခုတည်းသော အချိန်ကာလဖြစ်ရာ ထိုနှစ်ပေါင်း ၄၉၀ သည် နှစ်ပေါင်း ၂၃၀၀ ထဲမှအပိုင်းတစ်ပိုင်းဖြစ်ရပါမည်။ ယေရုရှလင်မြို့ကို တစ်ဖန်တည်ထောင်ပြုစုစေခြင်းငှာ အမိန့်တော်ရှိသည့်နေ့မှစ၍ ခရစ်တော်ကြွလာမည့် အချိန်ထိကြာမြင့်မည့် သီတင်းခုနှစ်ဆယ်နှင့် နှစ်ပေါင်း ၂၃၀၀ တို့သည် တစ်ချိန်တည်းမှအတူတကွ အစပြုကြရပါမည်။ ထို့ကြောင့် ထိုအမိန့်ထုတ်သောနေ့စွဲကို

ရှာဖွေနိုင်ခဲ့လျှင် နှစ်ပေါင်း ၂၃၀၀ အစပျိုးသောနေ့ကို သေချာပေါက်ရရှိပေတော့မည်။

ပါရှားဘုရင် (ပေရသိ) အာတဇေရဇ်က ဘီစီ ၄၅၇ တွင် ထုတ်ပြန်ခဲ့သောအမိန့်တစ်ခုကို ဧဇရမှတ်စာအခန်းကြီး ၇ တွင်တွေ့ရသည်။ ပါရှားဘုရင် (၃) ပါးသည် အနာဂတ္တိကျမ်းက တောင်းဆိုနေသည့် နှစ်ပေါင်း ၂၃၀၀ အစပျိုးသည့်အချိန်ကို တိတိကျကျရရှိစေရန် ထိုအမိန့်ကို အစပျိုးသူကအစပျိုး၍ အဆုံးသတ်သူကစုံလင်စွာ အဆုံးသတ်ခဲ့ပါသည်။ ထိုအမိန့်ကိုအဆုံးသတ်ထုန်ပြန်နိုင်သည့် ဘီစီ ၄၅၇ ကို အမိန့်ထုတ်ပြန်သည့် နေ့စွဲအဖြစ် လက်ခံမှတ်ယူလိုက်ခြင်းဖြင့် သိတင်းခုနှစ်ဆယ်နှင့်ပတ်သက်သော အခြားအနာဂတ္တိစကားများကို ဖြည့်စွမ်းပေးနိုင်ပါတော့မည်။

"ယေရုရှလင်မြို့ကို တစ်ဆန်တည်ထောင်ပြုစုစေခြင်းငှာ အမိန့်တော်ရှိသည့်နေ့မှစ၍ ခရစ်တော်သခင်၏ လက်ထက်တိုင်အောင်ခုနှစ်သီတင်းနှင့် ခြောက်ဆယ့်နှစ်သီတင်းကြာလိမ့်မည်။" ဆိုလိုသည်မှာ ခြောက်ဆယ့်ကိုးသီတင်း (သို့မဟုတ်) ၄၈၃ နှစ်ဖြစ်ပါသည်။

အာတဇေရဇ်မင်း၏အမိန့်သည် ဘီစီ ၄၅၇ဆောင်းဦးတွင်အတည်ပြုထုတ်ပြန်ခဲ့ရာ ၄၈၃ ခုနှစ်ကိုထည့်၍ရေတွက်လိုက်လျှင် အေဒီ ၂၇ ဆောင်းဦးသို့ရောက်သွားပါသည်။ အေဒီ ၂၇ တွင်ခရစ်တော်သည်ဆရာယောဟန်အားဖြင့် နှစ်ခြင်းခံယူသလို ဝိညာဉ်တော်အားဖြင့်ဘိသိတ်ခံယူတော်မူခဲ့သဖြင့် ထိုအချိန်တွင် ထိုအနာဂတ္တိစကားပြည့်စုံခဲ့ပါသည်။ ခရစ်တော်သည် နှစ်ခြင်းမင်္ဂလာခံယူပြီးနောက် ဂါလိလဲပြည်သို့ကြွတော်မူကာ "အချိန်ပြည့်စုံပြီ" ဟု ကြွေးကြော်လျက် နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူ၏။ မာကု ၁း၁၄-၁၅။

"တစ်သီတင်းတွင် လူအများတို့နှင့် ပဋိညာဉ်ဖွဲ့ခြင်းရှိ၏။ ယုဒများအတွက် သတ်မှတ်ထားသော သီတင်းခုနှစ်ဆယ်မှ နောက်ဆုံးတစ်သီတင်းဖြစ်သည်။ အေဒီ ၂၇ နှင့် ၃၄ အကြား ခရစ်တော်နှင့် တပည့်တော်များသည် အထူးသဖြင့် ယုဒများထံသွား၍ ဧဝံဂေလိတရားတော်ကို ဟောကြားခဲ့ကြသည်။ "သင်တို့သည်၊ တစ်ပါးအမျိုးသားများရှိရာသို့ မသွားကြနှင့်။ ရှမာရိမြို့ရွာထဲသို့ မဝင်ကြနှင့်။ ဣသရေလအမျိုး ပျောက်လွင့်သောသိုးများရှိရာသို့အလျှင်သွားကြလော့" ဟု ခရစ်တော်ညွှန်ကြားခဲ့ပါသည်။ မဿဲ ၁၀း၅-၆။

"ထိုသီတင်းတစ်ဝက်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကိုပပျောက်စေလိမ့်မည်။" သခင်ယေရှုသည် နှစ်ခြင်းမင်္ဂလာ ခံယူပြီးနောက် သုံးနှစ်ခွဲအကြာ အေဒီ ၃၁ တွင် ကပ်တိုင် အတင်ခံခဲ့ရပါသည်။

မဟာယဇ်ကောင်ကို ကရာနီကုန်းထက်ဝယ် ပူဇော်လိုက်ခြင်းဖြင့် ပုံဆောင်သောအရာနှင့် ပုံဆောင်ခံရသောပုဂ္ဂိုလ်ကို တွေ့ရှိကြပေပြီ။ ထိုကြောင့် ပုံဆောင်မှုအားဖြင့် ကျင်းပသော ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းများ အဆုံးသတ်သွားခဲ့ပါသည်။

ယုဒများအတွက် သတမှတ်ထားသည့် နှစ်ပေါင်း ၄၉၀ သည် အေဒီ ၃၄ တွင်ပြီးဆုံးပါသည်။ ထိုနှစ်တွင် စတီဖင်၏ မာတုရသေခြင်းနှင့် ခရစ်ယာန်များအပေါ်ပြုလုပ်သည့် နှိပ်စက်ခြင်းများအားဖြင့် ဧဝံဂေလိတရားတော်ကို ငြင်းပယ်ကြောင်း ယုဒနိုင်ငံက တံဆိပ်ခတ်လိုက်ပါသည်။ ထိုအချိန်တွင် ကယ်တင်ခြင်း သတင်းစကားကို ကမ္ဘာသို့ ဖြန့်ချီပါတော့သည်။ နှိပ်စက်ညှဉ်းပန်းမှုများကြောင့်

ယေရှုရှုလင်မှထွက်ပြေးကြရသည့် အရပ်ရပ်သို့ကွဲပြားသောတပည့်တော်များသည် လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသော ဧဝံဂေလိတရားကို ဟောပြောကြ၏။ တမန်။ ၈း၄။

ထိုအချိန်အထိ အနာဂတ္တိစကားပါ အချက်အလက်များသည် တိတိကျကျပြည့်စုံခဲ့ပါသည်။ သီတင်းခုနှစ်ဆယ်(သို့မဟုတ်)နှစ်ပေါင်း ၄၉၀ ကို ဘီစီ ၄၅၇ တွင် အစပြုကာ အေဒီ ၃၄ တွင် အဆုံးသတ်ခြင်း၌ စောဒကတက်မှုလုံးဝမရှိခဲ့ချေ။ နှစ်ပေါင်း ၂၃၀၀ မှ နှစ်ပေါင်း ၄၉၀ ကိုပယ်ရှင်းလိုက်ရာ နှစ်ပေါင်း ၁၈၁၀ ကျန်ရှိနေသေးသည်။

အေဒီ ၃၄ မှ နှစ်ပေါင်း ၁၈၁၀ ကို ဆန့်ထုတ်လိုက်ရာ နှစ်ပေါင်း ၂၃၀၀ သည် အေဒီ ၁၈၄၄ တွင် အဆုံးသို့ရောက်သွားခဲ့ပါသည်။ နှစ်ပေါင်း ၂၃၀၀ ကုန်ဆုံးသောအချိန်တွင် ဗိမာန်တော်ကိုဆေးကြောမည်ဟုထောက်ပြထားပါသည်။ (ဗိမာန်တော်ဆေးကြောခြင်းကို ကမ္ဘာသို့ပ ခရစ်တော်ကြွလာခြင်းဖြစ်သည်ဟု အများကထိုစဉ်ကယုံကြည်ခဲ့ပါသည်)။

## ထိတ်လန့်ဖွယ်ကောက်ချက်ချခြင်း

မီလာသည် ယခုရရှိပြီဖြစ်သည့်ကောက်ချက်ကို အစကနဦးကနည်းနည်းမှမျှော်လင့်မထားခဲ့ချေ။ စုံစမ်းလေ့လာချက်များ၏ရလာဒ်ကိုသူကိုယ်တိုင်လုံးလုံးကြီးမယုံကြည်နိုင်လောက်အောင်ဖြစ်နေသော်လည်းကျမ်းစာ အထောက်အထားများမှ လျစ်လျူရှုထားလို့မဖြစ်လောက်အောင် ရှင်းလင်းနေပါသည်။

နောင်နှစ်ပေါင်း ၂၅နှစ်အကြာတွင် လူသားများကိုကယ်တင်ရန် ခရစ်တော်ကြွလာမည်ဆိုသည့် ယုံကြည်ချက်ကို အေဒီ ၁၈၁၈

တွင် သူလက်ခံခဲ့သည်။ နှစ်ခြိုက်စရာ အနာဂတ်မြင်ကွင်းကြောင့် ကျွန်တော်ဘယ်လောက်ပျော်တယ်ဆိုတာ ကယ်တင်ခြင်းခံရမည့်သူတွေနဲ့အတူ ပျော်ရွှင်မှုကို မျှဝေခံစားဖို့အတွက် ကျွန်တော့်တောင့်တမှုတွေပြည့်စုံမှာမို့ ကျွန်တော် ဘယ်လောက်ဝမ်းသာနေတယ်ဆိုတာ ပြောစရာမလိုတော့ပါဘူး။ သမ္မာတရားဟာ အလွန်တောက်ပစွာ ပေါ်ထွန်းလာပါပြီတကား" ဟု မီလာ ဖွင့်ဟခဲ့သည်။

"ကျွန်တော်၏စိတ်မှာ ထိတွေ့ခံစားခဲ့ရသည့် ထိုအထောက်အထားများကို ကမ္ဘာကြီးအားဖြင့်ဖြန့်ဝေဖို့ကိစ္စနှင့်ပတ်သက်သည့်အရေးပါသောမေးခွန်းတစ်ခု စိတ်ထဲပေါ်လာပါသည်" ဟု သူကပြောခဲ့သည်။ မိမိရရှိထားသောအလင်းတရားများကို သူတစ်ပါးအားမျှဝေဖို့တာဝန်ရှိကြောင်း သူသိရှိပါသည်။ ဆန့်ကျင်မည့်သူများရှိလာနိုင်သော်လည်း ထိုသတင်းစကားကြောင့် ခရစ်တော်ကိုတွေ့နိုင်သည့် မျှော်လင့်ချက်ရှင်သန်လာကာ ခရစ်ယာန်များဝမ်းမြောက်ကြပေလိမ့်မည်။

သို့ရာတွင်မိမိ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှားယွင်းကာ သူတစ်ပါးအား လမ်းမှားသို့ ပို့ဆောင်မိမည်စိုးနေသောကြောင့် ထိုသတင်းစကားကို အခြားသူများထံတင်ပြရန် တုံ့ဆိုင်းနေခဲ့သည်။ သို့ဖြင့် သူ့အနေဖြင့် ခက်ခဲသည်ဟု ထင်သည့်အရာများကို သတိကြီးစွာဖြင့် ဆင်ခြင်သုံးသပ်ကာ (၅) နှစ်အချိန်ကို အမှားပြင်ဆင်ခြင်းများဖြင့် ကုန်လွန်စေခဲ့ပါသည်။

## ကမ္ဘာအနှံ့သို့သွား၍ဟောပြောပါ

"ကျွန်တော်အလုပ်လုပ်နေစဉ်ကျွန်တော့်နားထဲမှာဆက်တိုက်ကြားနေရတာက "အန္တရာယ်ကျတော့မယ့် ကမ္ဘာကြီးသို့သွား၍

ဟောကြားပါ' ဆိုတာပဲဖြစ်တယ်။" "ငါသည်လူဆိုးအား၊အိုလူဆိုး၊ အကယ်စင်စစ်သင်သည် အသေခံရမည်ဟုဆိုသောအခါ ဆိုးသော သူကို သူ၏လမ်းမှလွဲစေခြင်းငှာ သင်သည်သတိမပေးလျှင် ထိုလူဆိုး သည် မိမိအပြစ်ကြောင့်အသက်ဆုံးလိမ့်မည်။ သို့ရာတွင်သူ၏အသက် ကို သင်၌ ငါတောင်းမည်" ဟူသော ကျမ်းချက်ကို ကျွန်တော်အမြဲ သတိရနေမိသည်။

လူဆိုးတွေကို သွားပြီးသတိမပေးမိရင် သူတို့ဟာနောင်တ ရလာနိုင်တယ်။ သတိမပေးမိရင်တော့ သူတို့အသွေးကိုကျွန်တော့်ထံ မှာ တောင်းလိမ့်မယ်လို့ ကျွန်တော်သိလာသည်။ လူသားတို့ထံသို့ သွား၍ ဟောပြောပါ။ သို့မဟုတ်လျှင် သူတို့ရဲ့အသွေးကိုသင့်ထံမှာ ငါတောင်းမည်ဆိုသည့်စကားလုံးများကိုလည်း ထပ်ခါတလဲသူကြား ယောင်နေမိသည်။ (၉)နှစ်ကြာသည့်တိုင်အောင် သူတို့နေ့နေခဲ့ပြီး ၁၈၃၁ ခုနှစ်တွင် ယုံကြည်ခြင်းပတ်သက်သည့် ကျိုးကြောင်းဆင်ခြင် မှုတရားဟောချက်ကို သူပထမဦးဆုံးဟောကြားခဲ့ပါသည်။

သူသည် ထိုအချိန်တွင် အသက် (၅၀) နှစ်ရှိနေပြီ ဖြစ်ပြီး လူထုရှေ့တွင် ဟောပြောခြင်းများ၌လည်း၊ အလေ့အထမရှိသူဖြစ် သော်လည်း သူ၏လုပ်ဆောင်မှုကို ကောင်းချီးပေးခြင်းခံခဲ့ရသည်။ ပထမဦးဆုံးဟောကြားသည့်တရားစကားများကြောင့် ဝိညာဉ်ရေး နိုးကြားမှုများဖြစ်လာကာ မိသားစု (၁၃) စုမှပုဂ္ဂိုလ် (၂) ဦးမှလွဲ၍ ကျန်ပုဂ္ဂိုလ်အားလုံးပြောင်းလဲလာကြပါသည်။ အခြားနေရာများသို့ သွားရောက်ဟောကြားရန် သူ့အား တိုက်တွန်းခဲ့ကြရာ သွားရောက် ဟောကြားသည့်နေရာတိုင်းလိုလိုမှာပင် အပြစ်သားများပြောင်းလဲလာ ခဲ့ကြသည်။ ခရစ်ယာန်များသည် ကြီးမားသော ဆက်ကပ်မှုများကို လုပ်ဆောင်ရန် နိုးကြားလာကြသည်။ ဒေးအစ်များနှင့်ဘုရားတရားမဲ့

သူများလည်း သမ္မာကျမ်းစာမှအမှန်တရားများကို အသိအမှတ်ပြု လာကြသည်။ သူ၏တရားဟောချက်များသည် လူထု၏စိတ်ကိုနိုး ကြားစေကာ တိုးတက်ကြီးပွားနေသော၊ လောကဆန်သောစိတ်ထား များနှင့် ကာမဂုဏ်ခံစားလိုစိတ်များကို လျော့ပါးသွားစေခဲ့သည်။

နေရာအတော်များများရှိ ပရိုတက်စတင့်အသင်းတော်များမှ တရားဟောဆရာများက သူ့အား ဖိတ်ခေါ်ခဲ့သည်။ မဖိတ်ခေါ်သော နေရာသို့သွား၍ တရားမဟောခြင်းမှာ သူ၏ စည်းမျဉ်းဖြစ်သော်လည်း မကြာမီမှာပင် ဖိတ်ခေါ်မှု၏တစ်ဝက်ကိုပင် သူမဖြည့်စွမ်းနိုင်သည်ကိုတွေ့ရပါသည်။ ခရစ်တော်၏ကြွလာခြင်းသည် သေချာ၍ နီးကပ်နေပြီဖြစ်ကြောင်း ၎င်းတို့အနေဖြင့် ပြင်ဆင်ကြဖို့လိုအပ်နေကြောင်း လူအများကသဘောပေါက်ခဲ့ပါသည်။ မြို့ကြီးများရှိတချို့ နေရာများတွင် အရက်ဆိုင်ပိုင်ရှင်များသည် သူတို့၏အရက်ဆိုင်ကို တရားဟောကြားရန်အခန်းအဖြစ် ပြောင်းလဲပစ်လိုက်ကြပါသည်။

ကစားဝိုင်း အခန်းများကိုလည်း ဖျက်သိမ်းလိုက်ကြသည်။ ဘုရားတရားမဲ့သူများနှင့် အပျော်အပါးလိုက်စားသူများသည်လည်း ပြောင်းလဲလာကြပါသည်။ အသင်းတော်များတွင် ဆုတောင်းစည်းဝေးပွဲများကို နာရီတိုင်းကျင်းပခဲ့ရာ စီးပွားရေးသမားများပင်မွန်းတည့်ချိန် ဆုတောင်းစည်းဝေးပွဲသို့ တက်ရောက်ကာ ချီးမွမ်းထောမနာ ပြုခဲ့ကြပါသည်။

သို့သော် အလွန်အကျွံ စိတ်လှုပ်ရှားမှုမျိုးတော့မရှိခဲ့ပါ။ သူ၏ လုပ်ဆောင်မှုသည် ကနဦးပြုပြင်ပြောင်းလဲရေးသမားများနည်းတူသူတစ်ပါးအား စိတ်လှုပ်ရှားအောင်လုပ်ဖို့ထက် သမ္မာတရားကို နားလည်သဘောပေါက်ကာ ဩတ္တပ္ပစိတ်ကို နိုးထစေရန်ဖြစ်ပါသည်။

မီလာသည် ၁၈၃၃ ခုနှစ်တွင် နှစ်ခြင်းအသင်းတော်မှတရား ဟောခွင့်လိုင်စင်ကိုလက်ခံရရှိခဲ့သည်။ ၎င်း၏အသင်းတော်မှ တရား ဟောဆရာများကလည်း ၎င်း၏ လုပ်ဆောင်မှုကို ထောက်ခံခဲ့ကြ သည်။

၎င်းတို့၏ လုပ်ရိုးလုပ်စဉ်ခွင့်ပြုချက်အမိန့်ဖြင့် မီလာသည် အမှုတော်ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ သူသည် မနားတမ်းခရီး သွားကာ တရားလှည့်လည်ဟောကြားခဲ့ရသော်လည်း ထောက်ပံ့ငွေ မှာ ကုန်ကျစရိတ်ကိုမကာမိသဖြင့် ကိုယ်ပိုင်ပစ္စည်းများကို ထိခိုက်လာ ခဲ့ပါသည်။

## "ကြယ်တို့သည် ကောင်းကင်မှကျကြလိမ့်မည်"

ကယ်တင်ရှင်သည် မိမိ၏ဒုတိယအကြိမ်ကြွလာခြင်းအတွက် အထိမ်းအမှတ်အဖြစ် မိန့်ဆိုတော်မူခဲ့သာ နိမိတ်လက္ခဏာသည် ၁၈၃၃ ခုနှစ်တွင် ပြည့်စုံခဲ့ပါသည်။ "ကြယ်တို့သည် ကောင်းကင်မှ ကျကြလိမ့်မည်။" မဿဲ ၂၄း၂၉။ ဗျာဒိတ်ဆရာ ယောဟန်ကလည်း "သင်္ဘောသဖန်းပင်ကို ပြင်းစွာသောလေတိုက်လျှင် အချိန်မတန်သော အသီးကြွေသကဲ့သို့ ကောင်းကင်ကြယ်တို့သည် မြေပေါ်သို့ကျကြ လိမ့်မည်" ဟု ရေးသားခဲ့သည်။ ဗျာ၊ ၆း၁၃။ ၁၈၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ထိုအနာဂတ္တိစကားသည် ပြည့်စုံခဲ့ ပါသည်။

"ထိုနေ့က ကြယ်များမြေပေါ်သို့ကြွေကျတာလောက် မိုးသည်းတန်တာမဖြစ်ခဲ့ဖူးချေ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့တွင်အတူတူပင် ပြင်းထန်စွာ ကြယ်ကြွေခဲ့ပါသည်။ ကောင်းကင်ပြင်ကြီးတစ်ခုလုံးသည် လှုပ်ရှားရွေ့လျားနေသလိုဖြစ်နေ

သည်။ ၂ နာရီအချိန်မှစ၍ အလင်းရောက်သည့်အချိန်အထိကောင်းကင်ပြင်၌ မိုးသားတိမ်လိပ်များကင်းစင်ကာ သာယာနေပါသည်။ ကောင်းကင်တစ်ပြင်လုံး၌လည်း မျက်စိကျိန်းလောက်အောင်တလက်လက်တောက်ပနေသော ကြယ်ကလေးများဖြင့် ထွန်းလင်းတောက်ပနေပါသည်။

ကောင်းကင်ရှိကြယ်များကို ကျွန်ုပ်တို့၏ခေါင်းပေါ်တည့်တည့်ရှိ ကောင်းကင်ယံဝယ်စုစည်းကာ အလင်း၏အလျင်မျိုးဖြင့်မိုးကုပ်စက်ဝိုင်း၏နေရာအသီးသီးသို့ ဆက်တိုက်ပစ်လွှတ်လိုက်သည့်နှယ်ထောင်ပေါင်းများစွာသောကြယ်များသည် ထောင်ပေါင်းများစွာသောလမ်းကြောင်းများအတိုင်း ဆက်တိုက်ကြွေကျခဲ့ပါသည်။ ထိုအဖြစ်အပျက်အတွက် ဖန်ဆင်းထားသည့်ကြယ်များသဖွယ်ဖြစ်နေပါသည်။" "လေပြင်းတိုက်သဖြင့် သဖန်းပင်မှ သဖန်းသီးများကြွေကျသည့်ပုံနှင့်တူနေပါသည်။ မြင်တွေ့ရန်မလွယ်သောရှုခင်းမျိုးလည်းဖြစ်ပါသည်။

၁၈၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်ထုတ် နယူးယောက်ကူးသန်းရောင်းဝယ်ရေးဂျာနယ်တွင် ထိုအကြောင်းကို ဆောင်းပါးတစ်ပိုဒ်အဖြစ် ရေးသားဖော်ပြခဲ့ပါသည်။ "ယမန်နေ့နံနက်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်နှင့်တူသော အဖြစ်အပျက်တစ်ခုကိုမျှအတွေးအခေါ်ပညာရှိများက ပြောဆိုခြင်း၊ ရေးသားမှတ်တမ်းတင်ခြင်း မရှိခဲ့ဖူးပါ။

ကျွန်ုပ်တို့သည် ကြွေသောကြယ်များကိုအနက်ဖွင့်ရန် ကြယ်ကြွေခြင်းအကြောင်းကိုနားလည်ဖို့ အခက်အခဲရှိခဲ့လျှင် ပုရောဖက်တစ်ပါးကလွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀ ကတည်းကထိုအကြောင်းကို တိတိကျကျကြိုတင်ဟောကိန်းထုတ်ခဲ့ပါသည်" ဟူ၍ဖြစ်၏။

"ထိုအကြောင်းအရာအလုံးစုံတို့ကိုမြင်ရလျှင် လူသားသည် တံခါးဝတိုင်အောင် အနီးသို့ရောက်တော်မူသည်ကို သိမှတ်ကြလော့" ဟု တပည့်တော်များအား ခရစ်တော်သတိပေးခဲ့သော ကြွလာခြင်းနှင့်ပတ်သက်သည့် နိမိတ်လက္ခဏာများတွင် အထက်ဖေါ်ပြပါအကြောင်းအရာသည် နောက်ဆုံးသောနိမိတ်လက္ခဏာဖြစ်သည်။ ကိုယ်တိုင်တွေ့မြင်ခဲ့ရသူများက ထိုအဖြစ်အပျက်ကို ပြုလုပ်တော့မည့် တရားစီရင်ခြင်း၏ ရှေ့ပြေးတစ်ခုအဖြစ် မှတ်ယူခဲ့ကြသည်။

၁၈၄၀ ခုနှစ်တွင်လည်း စိတ်ဝင်စားဖွယ်အနာဂတ္တိစကားပြည့်စုံမှုတစ်ခုဖြစ်ခဲ့ပါသည်။ ဂျိုဇိုင်းယားလစ်ချ်သည် ၁၈၄၀ ခုနှစ်၊ ဩဂုတ်လထဲတွင် အော်တိုမင်အင်ပါယာကျဆုံးမည့်အကြောင်းကြိုတင်ဟောကိန်းထုတ်လျက် ဗျာဒိတ်ကျမ်း ၉ ဖွင့်ဆိုချက်ကို နှစ်နှစ်တင်ကြို၍ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထိုဟောကိန်းထုတ်ထားသည့်အကြောင်း ဖြစ်ပျက်ရန်ရက်အနည်းငယ်အလိုတွင် "ကွန်စတန်တင်နိုပယ်မြို့ရှိ အော်တိုမင်တန်ခိုးအာဏာသည် ၁၈၄၀ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကျဆုံးလိမ့်မည်ဟု မြော်လင့်ရသည်" ဟုရေးသားခဲ့ပါသည်။

## အနာဂတ္တိစကားပြည့်စုံခြင်း

ကြိုတင်ဟောကိန်းထုတ်ထားသည့်နေ့ရက်မှာပင် တူရကီတို့သည် ဥရောပမဟာမိတ်တပ်ဖွဲ့၏ကာကွယ်မှုကို လက်ခံခဲ့ရာခရစ်ယာန်နိုင်ငံများ၏ ထိန်းချုပ်မှုအောက်သို့က ရောက်သွားခဲ့ပါသည်။ ထိုအဖြစ်အပျက်သည် ကြိုတင်ဟောကိန်းထုတ်ထားသည့်အတိုင်း

တိတိကျကျပြည့်စုံခဲ့ပါသည်။ လူထုကြီးသည် မီလာနှင့် သူ၏လက်ထောက်များလိုက်နာကျင့်သုံးခဲ့သော အနာဂတ္တိစကားအနက်ဖွင့်ခြင်းဆိုင်ရာနိယာမများကို သဘောပေါက်လာကာ အထူးသဖြင့် ပညာတတ်အဆင့်မြင့်အရာရှိကြီးများသည် မီလာ၏ အမြင်များကို ဟောကြားခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လာကြပါသည်။ ၁၈၄၀ ခုနှစ်မှ ၁၈၄၄ ခုနှစ်အတွင်း အမှုတော်သည် အလျင်အမြန်တိုးတက်ခဲ့ပါသည်။

ဝီလီယမ်မီလာသည် ခိုင်မာသောစိတ်တန်ခိုးကိုပိုင်ဆိုင်ပြီး ဘုရားသခင်နှင့်အဆက်အသွယ်ပြုခြင်းအားဖြင့် အထက်မှဉာဏ်ပညာများကိုပါပိုင်ဆိုင်ထားသူဖြစ်သည်။ သစ္စာသမာဓိနှင့်အကျင့်စာရိတ္တကောင်းမြတ်ခြင်းကို တန်ဖိုးထားသူတိုင်းအား သူလေးစားသည်။ ယဉ်ကျေးသိမ်မွေ့၍ ရင်းရင်းနှီးနှီးနေတတ်သူဖြစ်သည်။

သူတစ်ပါး၏တင်ပြချက်များကို လေးလေးစားစားနားထောင်တတ်ပြီးအလေးထားစဉ်းစားတတ်သူဖြစ်သည်။ သီအိုရီအားလုံးကို နှုတ်ကပတ်တော်နှင့်စစ်ဆေးတတ်ပြီး သူ၏ကျမ်းစာတတ်ကျွမ်းနားလည်မှုကြောင့်အမှားအယွင်းများကို ဖယ်ရှားနိုင်သူတစ်ဦးဖြစ်သည်။

သို့စေကာမူ သူတင်ပြခဲ့သောအမှန်တရားများကို နာမည်ကြီးဘာသာရေးဆရာများက လက်မခံခဲ့ကြချေ။ ၎င်းတို့သည် မိမိတို့၏ရပ်တည်မှုမှန်ကန်ကြောင်း သမ္မာကျမ်းစာဖြင့် သက်သေမပြနိုင်ကြသောအခါ လူတို့တီထွင်ထားသောယုံကြည်ချက်နှင့် မိရိုးဖလာ၊ရိုးရာဓလေ့များကို အားကိုးလာကြပါသည်။ သို့သော် နှုတ်ကပတ်တော်ကို တစ်ခုတည်းသော သက်သေခံအဖြစ် ကြွလာခြင်းဆိုင်ရာ

အမှန်တရားကို ဟောကြားသူများက လက်ခံခဲ့ကြသည်။ခရစ်တော် ကြွလာခြင်းကို ဝမ်းမြောက်ဝမ်းသာမျှော်လင့်လျက် သန့်ရှင်းသော အသက်တာအားဖြင့် အသက်ရှင်နေထိုင်ရန်ကြိုးစကားကာ ကြွလာခြင်းအတွက် မိမိကိုယ်ကိုပြင်ဆင်နေသူများအား အားမနာပပြောဆိုနေမှုများကြောင့် ထိုသူများသည် ပြောင်လှောင်ပြက်ရယ်ပြုခြင်းများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ခရစ်တော်ကြွလာခြင်းနှင့် ကပ်ကာလကုန်ဆုံးခြင်းနှင့် ဆိုင်သော အနာဂတ္တိစကားများကို လှေလာလိုက်စားခြင်းကို အပြစ်တစ်ခု အဖြစ်ထင်လာအောင်လုပ်ဆောင်နေကြသည်။ ဤသို့လုပ်ဆောင်ခြင်း အားဖြင့် ရေပန်းစားနေသောအမှုတော် လုပ်ငန်းသည် နှုတ်ကပတ်တော်၌ယုံကြည်ခြင်းကို အလေးမထားခဲ့ချေ။

၎င်းတို့၏ သွန်သင်ချက်များကြောင့် လူတို့သည်ဘုရားတရားကိုမကြည်ညိုသူများဖြစ်လာကာ ကာမဂုဏ်ခံစားမှုလမ်းစဉ်ကိုလိုက်လျှောက်ခဲ့ကြသည်။ ထိုအချိန်တွင် ထိုသူများက ထိုဒုစရိုက် မှုများအတွက် မြော်လင့်ခြင်းအသင်းသားများအပေါ် အပြစ်ပုံလာကြပြန်သည်။

ဘာသာရေးဆိုင်ရာပုံနှိပ်တိုက်များကလည်း ပညာတတ်အသိုက်အဝန်းမှ တရားနာပရိသတ်ကို ဆွဲဆောင်ရေးသားရာတွင် မီလာ၏ နာမည်ကို ပြက်ရယ်ပြုသောနေရာများမှလွဲ၍ အခြားနေရာများတွင် ဖေါ်ပြခဲလှသည်။ ဘာသာရေးဆရာများ၏ အားပေးမှုကို ရရှိသော ဘုရားတရားမဲ့ပုဂ္ဂိုလ်များက မီလာ၏ အမှုတော်လုပ်ငန်းအပေါ် ဘုရားသခင်ကို စော်ကားသောအလိမ္မာသုံးဝါဒများအားအသုံးပြုကာ တိုက်ခိုက်ခဲ့ကြသည်။ နီးကပ်လာပြီဖြစ်သော တရားစီရင်ခြင်းအကြောင်း သတိပေးစကားများကို မိမိစရိုက်ဖြင့်လှည့်လည်

ပဟာကြားရန် ကိုယ်ပိုင်အိုးအိမ်များကိုစွန့်ပစ်ခဲ့သည့် ခေါင်းဖြူ မီလာကို အယူသီးသူ၊ တစ်ယူသန်သူအဖြစ် လူသိရှင်ကြားကြေညာနေကြပါသည်။

## စိတ်ဝင်စားမှုရှိခြင်းနှင့်မယုံကြည်မှု

မီလာ၏ ယုံကြည်ချက်များအပေါ် စိတ်ဝင်စားမှုတိုးပွားလာသဖြင့် ပရိသတ်သည် ရာဂဏန်းမှ ထောင်ဂဏန်းသို့ တိုးတက်လာပါသည်။

သို့ရာတွင် မကြာမီမှာပင် ထိုပြောင်းလဲသူများကို ဆန့်ကျင်သူများပေါ်ပေါက်လာပြီး မီလာ၏ တင်ပြချက်များကို လက်ခံကျင့်သုံးသူများအား အရေးယူရန် အသင်းတော်များကလည်း စတင်ဆောင်ရွက်လာကြပါသည်။ ထိုအခါ မီလာက "ကျွန်ုပ်တို့မှားတယ်ဆိုရင် ဘယ်နေရာမှာ မှားနေတယ်ဆိုတာကိုပြဖို့ တောင်းပန်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုဖွင့်ပြီး ကျွန်ုပ်တို့ရဲ့အမှားတွေကိုထောက်ပြပါ။

ကျွန်ုပ်တို့ဟာ လူများအလှောင်ခံရတာရိုးနေပါပြီ။ ဒီလိုလှောင်ပြောင်နေရုံနဲ့တော့ တို့လုပ်တာမှားတယ်လို့ ကျွန်ုပ်တို့ဘယ်တော့မှ သဘောပေါက်မှာမဟုတ်ဘူး။ နှုတ်ကပတ်တော်တစ်ခုတည်းကသာ ကျွန်ုပ်တို့ရဲ့အမြင်ကို ပြောင်းပစ်နိုင်မှာဖြစ်တယ်။ သမ္မာကျမ်းစာထဲက အထောက်အထားတွေကို တွေ့ပြီးတဲ့နောက်ဆုတောင်းပြီးမှ စေ့စေ့စပ်စပ်ကောက်ချက်ချထားခြင်း ဖြစ်တယ်" ဟုပြောခဲ့သည်။ ရေမလွှမ်းမိုးမီက လူသားများ၏ အပြစ်ဒုစရိုက်များကြောင့် ကမ္ဘာကြီးအား ရေဖြင့်ဆေးကြောပစ်ရမည့်အခြေသို့ ရောက်သည့်အခါမှာပင် ဘုရားသခင်သည် မိမိ၏ အကြံအစည်ကို

ရှေးဦးစွာအသိပေးတော်မူခဲ့သည်။ နောင်တရကြရန် အနှစ် ၁၂၀ လုံးလုံးသတိပေးခဲ့သည်။ သို့သော် ထိုသူများသည် မယုံကြည်ကြချေ။

ဘုရားသခင်၏ စေတမန်ကို သူတို့ပြက်ရယ်ပြုခဲ့ကြသည်။ နောဧ၏ သတင်းစကားမှန်ခဲ့လျှင် အဘယ်ကြောင့် သူတို့မယုံကြည်ခဲ့ကြသနည်း။ လူတစ်ဦးက လူထောင်ပေါင်းများစွာကို ဆန့်ကျင်ဖွင့်ဆိုနေခြင်းဖြစ်သည်။ ထိုသူတို့သည် ထိုသတိပေးစကားကိုအရေးတယူမရှိခဲ့သလို သင်္ဘောထဲကိုလည်း ဝင်ရန် မကြိုးစားခဲ့ကြချေ။

မည်သည့်အခါကမျှ မိုးမရွာဘူးသေးသည့် ကောင်းကင်ပြာကြီးကို ပြက်ရယ်ပြုသူများက လက်ညှိုးထားကာ မပြောင်းမလဲပုံမှန်ဖြစ်ပေါ်နေသောရာသီဥတုကို ညွှန်ပြခဲ့ကြပါသည်။ ဖြောင့်မတ်ခြင်းတရားကို ဟောကြားသောနောဧအား ကမူးကတူးပြုတတ်သူတစ်ဦးအဖြစ်ဖွင့်ဆိုကာ မထီမဲ့မြင်ပြုခဲ့ကြသည်။ ဒုစရိုက်များကိုလည်း ယခင်ကထက်ပို၍ ကျူးလွန်ခဲ့ကြပါသည်။ သို့ရာတွင် ခန့်ခွဲသောအချိန်သို့ရောက်လာသောအခါ ဘုရားသခင်၏ တရားစီရင်မှုသည် ကရုဏာတော်ကိုငြင်းပယ်သည့် ထိုသူများအပေါ်သို့ ကျရောက်ခဲ့ပါသည်။

## သံသယဝင်သူများနှင့်မယုံကြည်သူများ

နောဧခေတ်ကလူသားများသည် ရေလွှမ်းမိုးသည့်အချိန်တိုင်အောင် သတ်သတ်လွတ်ဖြစ်နေခဲ့ကြသည့်နည်းတူ ကိုယ်တော်ရှင်ကြွလာသောအခါ၌ဖြစ်လိမ့်မည်ဟု ခရစ်တော် ကတိပေးခဲ့သည်။

မသဲ ၂၄း၃၉။ ယုံကြည်သူများသည် လောကနှင့်တစ်စည်းတစ်လုံး တည်ရှိနေသောအချိန်၊ လောက၏စည်းစိမ်ခံစားမှုသည် အသင်းတော်၏စည်းစိမ်ခံစားမှုဖြစ်လာသောအချိန်၊ လူအပေါင်းတို့သည် လောကီဆိုင်ရာသာယာဝပြောမှုကို နှစ်ပေါင်းများစွာ မျှော်ကိုးနေသောအချိန်၊ ထိုအချိန်တွင် ရုတ်တရက်လျှပ်စီးများလက်လာကာ ၎င်းတို့၏ထင်ယောင်ထင်မှားမျှော်လင့်ချက်များသည် အဆုံးသတ်သွားလိမ့်မည်။

ဘုရားသခင်သည် ကမ္ဘာကြီးအား ရေလွှမ်းမိုးမည့် သတင်းကို မိမိကျွန်မှတစ်ဆင့် ကြိုတင်သတိပေးတော်မူသကဲ့သို့ နောက်ဆုံးသောတရားစီရင်ခြင်းနီးကပ်လာကြောင်းသတင်းကိုလည်း ရွေးချယ်ထားသည့်စေတမန်များမှတစ်ဆင့် အသိပေးနေပါသည်။ နောဧ၏ခေတ်ပြိုင်ပုဂ္ဂိုလ်များက နောဧ၏ ကြိုတင်ဟောကိန်းအတွက် လှောင်ပြောင်သရော်ခဲ့ကြသကဲ့သို့ မီလာအချိန်က ယုံကြည်သူဟုဆိုသူများကလည်း သတိပေးစကားကို ပြက်ရယ်ပြုခဲ့ကြသည်။

အသင်းတော်များသည် ဘုရားသခင်ပေးပို့တော်မူသည့် သတင်းစကားကြောင့် ရန်ငြိုးဖွဲ့ကြကာ ဘုရားသခင်အားကျောခိုင်းသွားသည်မှာ လုံးဝထင်ရှားနေချေပြီ။

ကြွလာခြင်းဆိုင်ရာသတင်းစကားများကို လက်ခံသူများမှာ ရပ်တည်ဖို့အချိန်ရောက်လာပြီဟု သဘောပေါက်ကြပါသည်။ "ထာဝရကာလနှင့်စပ်ဆိုင်သောအရာများကို အမှန်တကယ်ဖြစ်လာမည့်အရာများဟု သူတို့မှတ်ယူကြသည်။ ကောင်းကင်သည် သူတို့နှင့်နီးကပ်လာကာ ဘုရားသခင့်ရှေ့တော်တွင် မိမိတို့အပြစ်ရှိကြောင်းသူတို့သိရှိကြသည်။" (S. Bliss, Memories of William Miller p. 146). အချိန်သည်တိုတောင်းနေပြီဖြစ်ရာ မိတ်ဆွေများအတွက် ------

လုပ်ဆောင်ရမည့်အရာများကို အမြန်လုပ်ဆောင်ကြရမည်ဟုခရစ်ယာန်များကို သိရှိခံစားစေခဲ့သည်။ ထာဝရကာလသည် ၎င်းတို့ရှေ့မှောက်တွင် ဖွင့်လှစ်ထားသယောင်ဖြစ်ခဲ့သည်။ ဘုရားသခင်၏နေ့ကြီးအတွက် ပြင်ဆင်ကြရန် ၎င်းတို့၏ တောင်းဆိုသံများကိုလည်း သန့်ရှင်းသောဝိညာဉ်တော်ကနားညောင်းကာ တန်ခိုးချပေးခဲ့သည်။ ၎င်းတို့၏ နေ့စဉ်အသက်တာက ဆက်ကပ်မှုမရှိသောအသင်းသားများအတွက် ဆုံးမစရာတစ်ခုဖြစ်နေသည်။ အပျော်အပါး၌ယဇ်မူးခြင်း၊ ငွေရှာခြင်းနှင့် လောကရာထူးရာခံများကိုရအောင် ကြိုးစားခြင်း စသည့်လောကီအမှုများကို နှောင့်ယှက်သည်ကိုမကြိုက်သောထိုအသင်းသားများသည် ဤနည်းအားဖြင့် မြော်လင့်ခြင်းနှင့်ယုံကြည်ခြင်းအတွက် ဆန့်ကျင်သူများဖြစ်လာကြပါသည်။

အနာဂတ္တိစကားများသည် တံဆိပ်ခတ်ထားခြင်းခံရကြောင်းသွန်သင်ခြင်းအားဖြင့် စုံစမ်းလေ့လာသုံးသပ်မှုကို အားနည်းသွားအောင် ဆန့်ကျင်သူများက ကြိုးစားခဲ့ပါသည်။ ဤနည်းအားဖြင့်ပရိုတက်စတင့်များသည် ရောမအသင်းတော်၏ ခြေ ရာကိုလိုက်နင်းခဲ့ကြသည်။

ကျွန်ုပ်တို့ခေတ်ကာလအတွက် အထူးသဖြင့်အရေးပါသောနှုတ်ကပတ်တော်မှ အရေးကြီးသောအပိုင်းများကို နားလည်နိုင်သောကျမ်းချက်များမဟုတ်ကြောင်း၊ ပရိုတက်စတင့်များက ကြွေးကြော်ကြသည်။ ဒံယေလအနာဂတ္တိကျမ်းနှင့်ဗျာဒိတ်ကျမ်းတို့မှာနားမလည်နိုင်လောက်အောင် နက်နဲသောကျမ်းချက်များဖြစ်ကြောင်း တရားဟောဆရာများက ကြွေးကြော်နေကြပါသည်။

သို့ရာတွင် ခရစ်တော်က ဒံယေလပုရောဖက်၏ နှုတ်ထွက်စကားများကို ရည်ညွှန်းလျက် "ကျမ်းစာကို ကြည့်သောသူသည်

နားလည်ပါစေ” ဟု တပည့်တော်များအား မိန့်တော်မူခဲ့၏။မဿဲ ၂၄း၁၅။ ၄င်းပြင် ဗျာဒိတ်ကျမ်းသည်လည်း နားလည်သဘော ပေါက်နိုင်သည့်ကျမ်းဖြစ်သည်။ “ကာလမကြာမမြင့်မီ ဖြစ်ရမည့် အမှုအရာများကို ယေရှုခရစ်သည် မိမိအစေခံကျွန်တို့အားပြစေ ခြင်းငှာ ဘုရားသခင်အပ်ပေးတော်မူသော ထိုသခင်၏ ဗျာဒိတ် တော်ကိုဆိုပေအံ့။ ----- ကာလအချိန်ရောက်လုနီးပြီဖြစ်၍ ဤအ နာဂတ္တိကျမ်းစကားကို ကြည့်ရှုဖတ်ရွတ်နားထောင်၍ ရေးထားသ မျှတို့ကို စောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏။ ဗျာဒိတ် ၁း၁-၃။

ဤကျမ်းစကားကို မဖတ်မရွတ်သောသူများ နားမထောင် သောသူများနှင့် မစောင့်ရှောက်သောသူများသည် ကတိတော်နှင့် ဆိုင်သော ကောင်းချီးမင်္ဂလာများကို တောင်းခံခွင့်ရှိကြမည်မဟုတ် ချေ။

ဗျာဒိတ်ကျမ်းအား လူသားများ နားလည်နိုင်စွမ်းရှိသော ကျမ်းမဟုတ်ဟု လူသားများသင်ကြားရဲကြပါတကား။ ဤကျမ်း သည် နက်နဲသောအရာတစ်ခုကို ဖေါ်ပြထားသည့် စာအုပ်တစ်အုပ် ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်းသည် ဒံယေလ အနာဂတ္တိကျမ်းကိုညွှန်ပြ သည်။ ဤကျမ်းနှစ်ကျမ်းစလုံးသည် ကမ္ဘာ့ရာဇဝင်၏အဆုံးပိုင်းက လေးတွင်ဖြစ်ပျက်မည့် အရာများနှင့်စပ်ဆိုင်သော အရေးကြီးသည့် သွန်သင်ချက်များကို တင်ပြထားသည်။

ဘုရားသခင်၏ သားသမီးများရင်ဆိုင်ရမည့် အန္တရာယ်များ တိုက်လှန်ပွဲများနှင့် ကယ်နုတ်ခြင်းများကို ရှင်ယောဟန်မြင်ခဲ့သည်။ ကောင်းကင်စပါးကျီ (သို့မဟုတ်) ထာဝရငရဲမီးအိုင်ထဲတွင်သိုထားရန်

ကောက်လှိုင်းများကိုရင့်မှည့်စေသည့် အဆုံးသတ်သတင်းစကားများ ဟုမှတ်တမ်းတင်ခဲ့သည်။ အမှားလမ်းမှ အမှန်တရားဘက်သို့ဦးလှည့် နေသူများကို ၎င်းတို့၏ ရှေ့တွင်ရှိနေသည့် ပျက်စီးခြင်းနှင့်တိုက်လှန် မှုများအကြောင်းကို ၎င်း၏ သတင်းစကားများက သွန်သင်နိုင်ပါ လိမ့်မည်။

အဘယ်ကြောင့် သမ္မာကျမ်းစာ၏ အရေးကြီးသောအစိတ် အပိုင်းတစ်ခုကို ထိုအချိန်က လူအတော်များများက မသိရှိခဲ့ကြသ နည်း။ မိမိ၏လိမ်လည်မှုကိုဖော်ထုတ်မည့်အရာကို လူတို့ရှေ့မှာဖုံး အုပ်ထားရန် စာတန်၏ လေ့လာကြိုးစားမှု၏ ရလဒ်ပင်ဖြစ်သည်။ ဗျာဒိတ်ကျမ်းကို အတိုက်အခံပြုမည့်အရာများကို ကြိုတင်မြင်တွေ့ ထားသည့် ခရစ်တော်ဘုရားက ထိုအကြောင်းကြောင့် ဤကျမ်းကို ဖတ်ရှုကြားနာစောင့်ရှောက်သောသူတို့သည် မင်္ဂလာ ရှိကြသည်ဟု ဖွင့်ဆိုခဲ့ခြင်းဖြစ်သည်။

-----o-----

# အခန်း (၁၉)
# အဘယ်ကြောင့်အကြီးအကျယ် စိတ်ပျက်ခဲ့ရသနည်း

ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့သော ဘုရားသခင်၏အမှုတော်သည် ကြီးကျယ်သောဘာသာရေးပြောင်းလဲရေးများတွင်လည်းကောင်း၊ ဘာသာရေးလှုပ်ရှားမှုများတွင်လည်းကောင်း၊ ထပ်တူထပ်မျှတူညီသောအရာတစ်ခုကို တင်ဆက်နေပါသည်။ လူသားများအပေါ် ဘုရားသခင်ဆက်ဆံသော စည်းမျဉ်း နိယာမများမှာလည်းအမြဲတမ်းအတူတူပင်ဖြစ်ပါသည်။

ရှေးခေတ်လှုပ်ရှားသူများရင်ဆိုင်ခဲ့ရသော အရာများကိုမျက်မှောက်ခေတ်လှုပ်ရှားမှုများသည်လည်းအလား တူရင်ဆိုင်ကြရသည်။ ရှေးခေတ်အသင်းတော်များ၏ အတွေ့အကြုံများသည်ကျွန်ုပ်တို့ခေတ်အတွက် သင်ခန်းစာများဖြစ်နေ ပါသည်။

ကယ်တင်ခြင်းနှင့်ပတ်သက်သော အမှုတော်ကိုဆောင်ရွက်နေသည့် ကမ္ဘာပေါ်ရှိအမှုတော်ဆောင်များအား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်သည်လမ်းပြတော်မူသည်။

လူသားများသည်ဘုရားသခင်၏လက်တော်တွင်ရှိသည့် ကိရိယာတန်ဆာပလာများသာဖြစ်ကြ၏။ ပေးအပ်ထားသောတာဝန်များကိုထမ်းဆောင်နိုင်ရန်လူသားတိုင်းအားလုံလောက်သောအလင်းတရားများကို ပေးသနားတော်မူသည်။ သို့ရာတွင် မည်သူမျှ သူ့ခေတ်သူ့အခါအတွက် လုပ်ဆောင်ရမည့်အမှုတော် အပေါ်ထားရှိသည့် ဘုရားသခင်၏ အကြံတော်ကို ပြည့်ပြည့်စုံစုံနားမလည်ခဲ့ကြချေ။

နာမတော်အားဖြင့် ၄င်းတို့ဟောကြားနေသည့် သတင်းစကား၏ အာဘော်အားလုံးကိုလည်း လူသားများ ပြည့်ပြည့်စုံစုံနားမလည်ကြ ချေ။ ပုရောဖက်များပင်လျှင် ၄င်းတို့အား အပ်နှင်းထားသည့်ဗျာ ဗျာဒိတ်တော်များကို စုံစုံလင်လင်နားမလည်ခဲ့ကြချေ။ ထိုကြောင့်အ နက်အဓိပ္ပါယ်ကို တစ်ခေတ်ပြီးတစ်ခေတ် ဖွင့်ဟသွားကြရန်ဖြစ် ပါသည်။

"ထိုကယ်တင်ခြင်းအကြောင်းအရာကို ပုရောဖက်တို့သည် စေ့စေ့စစ်ကြောမေးမြန်းရှာဖွေ၍ သင်တို့ခံစားရသော ကျေးဇူးတော် အကြောင်းကို ဟောပြောကြပြီ။ ခရစ်တော်ခံတော်မူရသောဆင်းရဲ ခြင်းကိုလည်းကောင်း၊ ဆင်းရဲခံပြီးမှ ဝင်စားတော်မူသောဘုန်းစည်းစိမ် ကိုလည်းကောင်း၊ သူတို့အထဲ၌ရှိသော ခရစ်တော်၏ဝိညာဉ်သည် သက်သေခံနှင့်သောအခါ အဘယ်မည်သောသူကိုလည်းကောင်း၊ အဘယ်သို့သောအချိန်ကာလကိုလည်းကောင်း ဆိုလိုတော်မူသည်ဟု မေးမြန်းရှာဖွေကြ၏။ ကိုယ်ဟောပြောပြုစုရသောအရာများတို့သည် ကိုယ်အဖို့မဟုတ်။ သင်တို့အဖို့ဖြစ်သည်ဟု ထိုသူတို့အား ဖွင့်ပြ တော်မူ၏။" ၁ပေ၊ ၁း၁၀-၁၂။

ဘုရားသခင်၏ သားသမီးများဖြစ်သည့် ခရစ်ယာန်များအ တွက် နမူနာယူစရာ ကောင်းလှပါသည်။ဘုရားသခင်၏ သန့်ရှင်း သူများသည် ထိုစဉ်ကမမွေးသေးသောလူသားမျိုးဆက်အတွက် ပေးထားတော်မူသည့် ဗျာဒိတ်တော်နှင့်ပတ်သက်သောအရာများကို စေ့စေ့စစ်ကြောမေးမြန်းရှာဖွေခဲ့ကြသည်။အနာဂတ္တိစကားများကို နားမလည်နိုင်သောအရာများဟူ၍ ဖွင့်ဟရန်ကျေနပ်နေသည့် ဤလောကကိုချစ်ပြီး ဘုရားတရား၌ စိတ်ဝင်စားမှုမရှိသူများအတွက် အပြစ်တင်စရာ ဖြစ်နေပါတကား။

ဘုရားသခင့်ကျွန်ုပ်တို့၏ စိတ်နှလုံးများတို့သည် နှုတ်ကပတ်တော်တွင်ဖော်ပြထားသည့်အရာများကို တစ်ပိုင်းတစ်စလောက်ကို သာဆုပ်ကိုင်နိုင်လောက်သည့်အခြေအထိ ရိုးရာဓလေ့နှင့် မှားယွင်းသောသွန်သင်ချက်များကြောင့် ဝိညာဉ်ရေးမျက်စိများကွယ်နေကြပါသည်။

ခရစ်တော်နှင့်အတူရှိနေသောအချိန်မှာပင် မေရှိယအားကဲ့သရေလတိုင်းပြည်ကို နေမဝင်တိုင်းပြည်ကြီးဖြစ်လာအောင်စွမ်းဆောင်ပေးမည့် ပုဂ္ဂိုလ်တစ်ပါးအဖြစ်ယူဆသည့် ရေပန်းစားနေသောထင်မြင်ချက်မျိုး တမန်တော်များ၌ ရှိနေခဲ့ပါသည်။ ခရစ်တော်ခံရမည့် ဒုက္ခဆင်းရဲခြင်းနှင့် အသေခံခြင်းတို့အကြောင်း ကြိုတင်ဟောကိန်းထုတ်နေသည့်စကားများကို သူတို့နားမလည်နိုင်ခဲ့ကြချေ။

## "အချိန်ပြည့်စုံပြီ"

"အချိန်ပြည့်စုံပြီ။ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ။ နောင်တရကြလော့။ ဧဝံဂေလိတရားကို ယုံကြည်ကြလော့။" ဟူသော သတင်းစကားနှင့်အတူ တမန်တော်များကို ခရစ်တော်စေလွှတ်တော်မူခဲ့သည်။ မာကု ၁း၁၅။ ထိုသတင်းစကာသည် ဒံယေလအခန်းကြီး ၉ ကို အခြေပြုထားပါသည်။ "ခရစ်တော်သခင်၏ လက်ထက်တိုင်အောင် ၆၉ သီတင်းကြာလိမ့်မည်။" ကမ္ဘာတစ်ခုလုံးကို အုပ်ချုပ်ရန် ယေရုရှလင်မြို့၌ မေရှိယ၏ နိုင်ငံတော်တည်ထောင်မည့်အရေးကို တမန်တော်များမှန်းမျှော်ခဲ့ကြပါသည်။

သူတို့သည်သတင်းစကား၏အဓိပ္ပါယ်ကိုနားမလည်ကြသော်လည်းငှင်းတို့၌အပ်နှံထားသော ထိုသတင်းစကားကိုဟောပြောကြ

ပါသည်။ ၎င်းတို့ ကြွေးကြော်နေသောအရာသည် ဒံယေလ ၉း၂၅ ကိုအခြေပြုထားသော်လည်း "ခရစ်တော်သည် အသေသတ်ခြင်းကို ခံရလိမ့်မည်" ဆိုသော နောက်ကျမ်းချက်ကို သူတို့မတွေ့မြင်ခဲ့ကြချေ။

လောကအင်ပါယာကြီး၏ဘုန်းစည်းစိမ်ကိုသာ သူတို့တောင့်တနေကြရာ ဤသဘောထားသည် သူတို့၏ နားလည်တတ်သော ဝိညာဉ်ရေးမျက်စိကိုကွယ်စေခဲ့သည်။ ဒါဝိဒ်၏သလွန်ထက်ဝယ်ခရစ်တော်နန်းတက်မည်ဟု သူတို့မျှော်လင့်ထားသောအချိန်တွင် ကိုယ်တော်အဖမ်းခံရခြင်း၊ အရိုက်ခံရခြင်း၊ အစော်ကားခံရခြင်း၊ ကပ်တိုင်ပေါ်ကိုတင်ပြီး အသတ်ခံရခြင်းများကိုသာ မြင်ခဲ့ကြရာ ထိုတမန်တော်များသည် အလွန်စိတ်ပျက်အားငယ်သွားခဲ့ကြပါသည်။

ခရစ်တော်သည် ကြိုတင်ဟောကိန်းထုတ်ခဲ့သည့်အချိန်တွင် တိတိကျကျရောက်ရှိလာခဲ့သည်။ သမ္မာကျမ်းစာ၏ ဖွင့်ဆိုချက်များသည်အသေးစိတ်ကအစပြည့်စုံခဲ့ပါသည်။ ခရစ်တော်ဆောင်ရွက်မည့်ဘုရားအမှုတော်မြတ်အကြောင်းကို နှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်ဘုရားက အတူတကွသက်သေခံခဲ့ကြပါသည်။ သို့စေကာမူ တမန်တော်များ၏စိတ်တွင် သံသယရှိဆဲဖြစ်ပါသည်။ ယေရှုသည်မေရှိယမှန်လျှင် ၎င်းတို့အား ထိုကဲ့သို့ ဝမ်းနည်းစရာ စိတ်ပျက်စရာများနှင့်ရင်ဆိုင်စေခဲ့မည်လား။ ဤမေးခွန်းသည် ခရစ်တော်၏သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြား မြော်လင့်ချက်ကင်းနေသောဥပုသ်နေ့တွင် ၎င်းတို့၏ စိတ်နှလုံးကို ဒုက္ခပေးခဲ့သောမေးခွန်းဖြစ်သည်။

သို့သော် ကိုယ်တော်သည် သူတို့ကိုစွန့်ပစ်တော်မမူချေ။ "ငါသည် မှောင်မိုက်၌ ထိုင်ရသော်လည်း ထာဝရဘုရားသည်

ငါ၏အလင်းဖြစ်တော်မူလိမ့်မည်။ ----- ငါ့ကို အလင်းထဲသို့ထုတ်၍ နေရာပေးတော်မူသောအားဖြင့် ဖြောင့်မတ်ခြင်း ပါရမီတော်ကိုငါ မြင်ရလိမ့်မည်။" "သဘောဖြောင့်သောသူတို့အဖို့ မှောင်မိုက်ထဲမှာ အလင်းပေါ်ထွန်းတတ်၏။" "သူတို့ရှေ့မှာ မှောင်မိုက်ကိုလင်းစေမည်။ ကောက်သောလမ်းကို ဖြောင့်စေမည်။ ထိုသို့သောကျေးဇူးကိုပြုမည်။ သူတို့ကိုမစွန့်ပစ်။" မိက္ခာ ၇း၈-၉။ ဆာလံ ၁၀၂း၄။ ဟေရှာယ ၄၂း၁၅။

"အချိန်ပြည့်စုံပြီ။ ကောင်းကင်နိုင်ငံတော်တည်လုနီးပြီ" ဟူသောတမန်တော်များ၏ကြွေးကြော်မှုသည် မှန်ကန်လှ၏။ ခရစ်တော်၏ လက်ထက်တိုင်အောင် ကြာမည့်သိတင်းပတ် ၆၉ ပတ်အဆုံးတွင် ခရစ်တော်သည် နှစ်ခြင်းဆရာ ယောဟန်ထံတွင် နှစ်ခြင်းမင်္ဂလာယူပြီးနောက် ဝိညာဉ်တော်ဘုရား၏ ဘိသိတ်ပေးခြင်းကို ခံတော်မူ၏။

"ဘုရားသခင်၏နိုင်ငံတော်" မှာ ၄င်းတို့အား ယုံကြည်ဖို့ သွန်သင်ထားသို လောကအင်ပါယာကြီးမဟုတ်သည့်အပြင် "မင်းကြီးအပေါင်းတို့တိုးဝင်ကျွန်ခံမည့်" မသေမပျောက်နိုင်သည့် အနာဂတ်နိုင်ငံတော်ကြီးလည်း မဟုတ်ပါချေ။ ဒံယေ ၇း၂၇။

"ဘုရားသခင်၏နိုင်ငံတော်" ဟုဆိုရာ၌ ကျေးဇူးတော်နိုင်ငံတော်နှင့် ဘုန်းဝင်စားမည့်နိုင်ငံတော်နှစ်ခုစလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။ "ငါတို့သည် သနားခြင်းကရုဏာကိုလည်းကောင်း တော်လျော်သော မစခြင်း ကျေးဇူးတော်ကိုလည်းကောင်း ခံရမည်အကြောင်း ရဲရင့်သောစိတ်နှင့်ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" ဟု တမန်တော်ရှင်ပေါလုက ပြောခဲ့ပါသည်။ ဟေဗြဲ ၄း၁၆။ ပလ္လင်တော်တည်ရှိခြင်းသည် နိုင်ငံတော်တည်ရှိခြင်းကိုဆိုလို

ပါသည်။ ခရစ်တော်သည် လူသားများ၏ နှလုံးသားများအပေါ်တွင် လှုပ်ရှားနေသော ကျေးဇူးတော်ကိုညွှန်ပြရန် "ကောင်းကင်နိုင်ငံတော်" ဟူသောအသုံးအနှုန်းကို အသုံးပြုတော်မူခြင်းဖြစ်သည်။ ထိုနည်းနှင်နှင် ဘုန်းတော်ပလ္လင်သည်လည်း ဘုန်းတော်ဝင်စားမည့်နိုင်ငံတော်ကို ကိုယ်စားပြုပါသည်။ မဿဲ ၂၅း၃၀-၃၂။ ဤနိုင်ငံတော်သည်အနာဂတ်တွင်သာရှိနေသေးရာ ခရစ်တော် ဒုတိယအကြိမ်ကြွမလာမီတိုင်အောင် မတည်ထောင်သေးချေ။

ခရစ်တော်သည် အသက်တော်ကိုစွန့်ပတော်မူစဉ်က ဧဒင်ဥယျာဉ်မှ အပြစ်သားစုံတွဲအားပြုခဲ့သော ကယ်တင်ခြင်းဆိုင်ရာကတိတော်ကို အတည်ပြုသည့်အနေဖြင့် "အမှုပြီးပြီ" ဟူ၍ဟစ်ကြွေးခဲ့ပါသည်။ ကတိတော်အားဖြင့် ရှေးမဆွကတည်ရှိပြီးသားဖြစ်သော ကျေးဇူးတော်နိုင်ငံတော်ကို ထိုအချိန်တွင် တည်ထောင်ခဲ့ပါသည်။

မြော်လင့်ခြင်းပျက်ပြားမှုတစ်ခုအဖြစ် တမန်တော်များရှုမြင်ခဲ့ကြသော ခရစ်တော်၏သေခြင်းသည် ထိုကျေးဇူးတော်နိုင်ငံတော်ကို ထာဝရမြဲမြဲစေပါသည်။

ကိုယ်တော်၏အသေခံခြင်းသည် အထူးစိတ်ပျက်စရာတစ်ခုဖြစ်ခဲ့သော်လည်း ၄င်းတို့၏ ယုံကြည်ခြင်းသည်မှန်ကန်မှုရှိကြောင်း သက်သေဖြစ်ပါသည်။ ၄င်းတို့အား စိတ်ပျက်အားလျော့စေခဲ့သည့် ထိုဖြစ်ရပ်သည် ဘုရားသခင်၏ ခေတ်အဆက်ဆက်သစ္စာရှိသူများအတွက် မြော်လင့်ခြင်းတံခါးကို ဖွင့်စေခဲ့ပါသည်။

ခရစ်တော်အပေါ်ထားရှိသောတမန်တော်တို့၏ မေတ္တာတည်းဟူသော ရွှေစင်သည် အတ္တဆန်သောရည်ရွယ်ချက်များတည်းဟူသော အညံ့စားသတ္တုနှင့် ရောနှောနေပါသည်။ ၄င်းတို့၏အာရုံတွင်ပလ္လင်၊

သရဖူနှင့် ဘုန်းတန်ခိုးများသာပြည့်ဝနေပါသည်။ ၎င်းတို့၏ မာန ထောင်လွှားသောနှလုံးနှင့် လောကဘုန်းအသရေကို ဆာငတ်ခင် မွတ်ခြင်းများသည် နိုင်ငံတော်နှင့်ပတ်သက်သည့် စစ်မှန်သောသ ဘာဝကိုဖေါ်ပြနေသည့် ကိုယ်တော်၏ နှုတ်ထွက်စကားများကိုလည်း ကောင်း၊ အသေသတ်ခံခြင်းကို ညွှန်ပြနေသော မိန့်တော်မူချက် များကိုလည်းကောင်း၊ သတိမမူမိအောင်ဖြစ်သွားပါသည်။

၎င်းတို့၏စာရိတ္တကိုပြင်ဆင်ပေးနိုင်ရန် ခွင့်ပြုတော်မူလိုက် သည့် စမ်းသပ်မှုတွင်ဤအမှားများပေါ်ထွက်လာခဲ့ပါသည်။ ထိုတမန် တော်များလက်သို့ထမြောက်တော်မူသော သခင်ဘုရား၏ ဧဝံဂေလိ တရားမြတ်ကိုအပ်နှံရန်ဖြစ်ရာ ၎င်းတို့အားပြင်ဆင်နိုင်ရန်အလို့ငှာ ခါးသီးပုံပေါ်သောထိုအတွေ့အကြုံကို ၎င်းတို့အား ခံစားစေခဲ့ပါသည်။

ခရစ်တော်သည် ရှင်ပြန်ထမြောက်ပြီးနောက် ဧမောက်သို့ သွားနေသောတပည့်တော်များအား ကိုယ်ထင်ပြကာ "ကိုယ်တော်ကို ရည်မှတ်၍ ရေးထားသမျှသောကျမ်းစာချက်အနက်ကို ရှင်းလင်းစွာ ဖေါ်ပြတော်မူ၏။" လုကာ ၂၄း၂၇။ ကိုယ်တော်၏ ရည်ရွယ်ချက်မှာ "သာ၍မြဲမြံသောအနာဂတ္တိစကားများ" အပေါ်ထားရှိသည့်၎င်းတို့၏ ယုံကြည်ချက်ကို ပို၍ခိုင်မာစေရန်ဖြစ်ပါသည်။ ၂ပေ၊ ၁း၁၉။

ထိုသို့ဆိုရာ၌ မိမိ၏ပုဂ္ဂလိကသက်သေခံချက်ကြောင့်သာ မဟုတ်ဘဲ ဓမ္မဟောင်းကျမ်းပါ အနာဂတ္တိများအားဖြင့် ထိုသူများ၏ ယုံကြည်ခြင်းကို ခိုင်မာစေရန်ဖြစ်ပါသည်။ ဤဗဟုသုတကိုမျှဝေရန် ပထမခြေလှမ်းအဖြစ် ဓမ္မဟောင်းကျမ်းမှ မောရှေနှင့်ပုရော ဖက်များကို ခရစ်တော်ပြညွှန်တော်မူခဲ့ပါသည်။

အာမခံချက်အပေါ်စိတ်ပျက်သွားခြင်း

"မောရှေသည် ပညတ္တိကျမ်း၌လည်းကောင်း၊ ပုရောဖက်တို့သည် သူတို့ကျမ်း၌လည်းကောင်း အကြောင်းပြု၍ရေးသားထားသူ ယေရှုကို" မတွေ့မီကထက် တပည့်တော်များသည် စိတ်နှလုံးပြည့်ဝလျက်ရှိခဲ့ကြသည်။ မသေချာခြင်းနှင့် စိတ်ပျက်အားလျော့ခြင်းတို့သည် သေချာခြင်းနှင့် တိမ်သလ္လာကင်းသော ယုံကြည်ခြင်းတို့အတွက် နေရာပေးခဲ့ကြသည်။

၄င်းတို့အနေဖြင့် ခံနိုင်ရည်အရှိဆုံးသောစမ်းသပ်မှုများကို ဖြတ်ကျော်ခဲ့ကြပြီး နှုတ်ကပတ်တော်၏အောင်ပွဲဆင်မှုများကိုလည်း မြင်တွေ့ခဲ့ပြီးဖြစ်သည်။ ယခုအချိန်မှစ၍ မည်သည့်အရာသည် ၄င်းတို့၏ယုံကြည်ခြင်းကို ဟန့်တားနိုင်မည်နည်း။သူတို့သည် ဝမ်းအနည်းဆုံးအချိန်၌ပင် "မြဲမြံခိုင်ခံ့သောစိတ်နှလုံး၏ကျောက်ဆူးကဲ့သို့" သော မျှော်လင့်ခြင်းတည်းဟူသော နှစ်သိမ့်မှုကိုရရှိခဲ့ကြပါသည်။ ဟေဗြဲ ၆း၁၈၊၁၉။

"ငါ၏ လူတို့သည်လည်း ရှက်ကြောက်ခြင်းမရှိရကြ။" "ညဦးယံ၌ ငိုကြွေးခြင်းသည် လာ၍တည်းခို၏။ နံနက်ယံ၌ကား သီချင်းဆိုရသောအခွင့်ရှိ၏" ဟု ထာဝရဘုရား မိန့်တော်မူ၏။ ယောလ ၂း၂၆၊ ဆာလံ ၃၀း၅။ ဤတပည့်တော်များသည် ရှင်ပြန်ထမြောက်သည့်နေ့တွင် ကယ်တင်ရှင်နှင့် တွေ့ဆုံခဲ့ကြသည်။ သူတို့၏ စိတ်နှလုံးသည် နှုတ်တော်ထွက်စကားများကြားနာစဉ် ပီတိဖြစ်နေပါသည်။

ကောင်းကင်နိုင်ငံသို့ မတက်ကြွမီကလေးတွင် "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်သို့သွား၍ ဧဝံဂေလိတရားကို ဟောပြော

ကြလော့။" "ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင်သင်တို့နှင့်အတူရှိနေမည်" ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ ပင်တေကုတ္တေပွဲနေ့တွင် ကတိပြုထားသည့်ဝိညာဉ်တော်မိုး ကျရောက်ခဲ့ပါသည်။

ကောင်းကင်သို့တက်ကြွသွားခဲ့သည့် သခင်ဘုရားသည်မိမိတို့နှင့် အတူရှိနေသည်ဟူသောအသိကြောင့် ၄င်းတို့သည် နှလုံးပီတိဂွမ်းဆီထိပမာ ခံစားခဲ့ကြရပါသည်။

## ၁၈၄၄ သတင်းစကားကို တမန်တော်များဟောကြားသည့် သတင်းစကားနှင့်နှိုင်းယှဉ်ကြည့်ခြင်း

ခရစ်တော်ပထမအကြိမ်ကြွလာစဉ်က အမှုတော်ဆောင်ခဲ့သည့်တပည့်တော်များ၏အတွေ့အကြုံနှင့် ဒုတိယအကြိမ်ကြွလာခြင်းသတင်းကို ဟောကြားသူများ၏ အတွေ့အကြုံများ၌တူညီမှုများရှိပါသည်။

တမန်တော်များက အချိန်ပြည့်စုံပြီ။ဘုရားသခင်၏နိုင်ငံတော်တည်လုနီးပြီဟု ဟောကြားခဲ့သကဲ့သို့ မီလာတို့အဖွဲ့ကလည်း သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် အနာဂတ္တိဆိုင်ရာ အချိန်သည်ကုန်ဆုံးတော့မည်ဖြစ်ကြောင်း၊ တရားစီရင်ဖို့ အချိန်နီးလာပြီဖြစ်ကြောင်း ထာဝရနိုင်ငံတော်တည်ထောင်လုပြီ ဖြစ်ကြောင်း၊ ကြွေးကြော်ခဲ့ကြပါသည်။

အချိန်နှင့်ပတ်သက်သော တမန်တော်များ၏ ဟောကြားချက်များသည် ဒံယေလ ၉ တွင်ပါရှိသည့် သီတင်းခုနှစ်ဆယ်အပေါ်တွင်အခြေခံသည်။ မီလာတို့အဖွဲ့က ကဏ္ဍတစ်ခုအဖြစ်သီတင်းခုနှစ်ဆယ် ပါဝင်နေသည့် ဒံယေလ ၈း၁၄ မှ ရက်ပေါင်း

၂၃၀၀ ကုန်ဆုံးမည့်အချိန်ကို ကြေညာခဲ့သည်။ ဟောကြားမှုအသီးသီး သည် တူညီသောအချိန်နှင့်ပတ်သက်သည့် အနာဂတ္တိစကားမှမတူညီ သောကဏ္ဍများ၏ ပြည့်စုံခြင်းအပေါ်တွင် အခြေပြုခဲ့ကြပါသည်။

ဝီလီယံမီလာတို့သည် ရှေးဦး တမန်တော်များကဲ့သို့ပင်မိမိ တို့ ဟောကြားသည့်သတင်းစကားကို လုံးစေ့ပတ်စေ့နားမလည်ခဲ့ ကြချေ။

အသင်းတော်တွင် အချိန်ကြာမြင့်စွာကတည်းက တည်ရှိ နေခဲ့သည့်အမှားအယွင်းများက အနာဂတ္တိစကားများမှ အရေးပါသော အချက်တစ်ချက်ကိုမှန်ကန်စွာအနက်ဖွင့်ရန် အခက်တွေ့စေခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်ကအပ်နှံထားသည့် သတင်းစကားကို သူတို့ ကြွေးကြော်ခဲ့ကြသော်လည်း အနက်အဓိပ္ပါယ်ကို နားလည်မှုမှားခဲ့ သောကြောင့် စိတ်ပျက်ခဲ့ကြရပါသည်။

ဤကမ္ဘာကြီးသည် ဗိမာန်တော်ဖြစ်သည်ဟူသောအယူအဆ ကို မီလာလက်ခံခဲ့သဖြင့် ဗိမာန်တော်ကိုဆေးကြောခြင်းသည် သခင် ဘုရားကြွလာသောအခါ ကမ္ဘာကြီးကို မီးဖြင့်သန့်စင်စေခြင်းကိုပုံ ဆောင်သည်ဟု သူယုံကြည်ခဲ့သည်။ ထို့ကြောင့် နှစ်ပေါင်း ၂၃၀၀ ၏အဆုံးတွင် ခရစ်တော်ကြွလာမည်ဟု သူကောက်ချက်ချခဲ့ပါသည်။

ဗိမာန်တော်ဆေးကြောခြင်းအမှုသည် တစ်နှစ်အတွင်းယဇ် ပုရောဟိတ်မင်းထမ်းဆောင်ရသည့် အမှုတော်များ၏ နောက်ဆုံး သောအမှုတော်ဖြစ်သည်။ ထိုအရာသည်အပြစ်ဖြေခြင်းတည်းဟူသော ဣသရေလများ၏ အပြစ်များကို ဖယ်ရှားခြင်းဆိုင်ရာ အဆုံးသတ် လုပ်ငန်းတစ်ခုဖြစ်သည်။ ကောင်းကင်နိုင်ငံတော်ရှိမှတ်တမ်းများတွင်

မှတ်တမ်းတင်ထားခြင်းခံရသည့် မိမိလူတို့၏အပြစ်များကိုဆေးကြော ဖယ်ရှားခြင်းအမှု၌ ယဇ်ပုရောဟိတ်မင်းဆောင်ရွက်ရသည့်အဆုံးသတ် လုပ်ငန်းကိုပုံဆောင်ပါသည်။ ဤအမှုတော်တွင် စုံစမ်းစစ်ဆေးခြင်း ဆိုင်ရာတရားစီရင်ခြင်းလည်းပါဝင်ပါသည်။ ၎င်းပြင် အမှုအားလုံး ကို စီရင်ချက်ချပြီးနောက် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းမ တိုင်မီကလေးတွင်ပြုလုပ်သည့် တရားစီရင်ခြင်း အမှုတော်လည်းပါ ဝင်ပတ်သက်ပါသည်။

"ငါသည် အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍ လူအသီး သီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်" ဟုခရစ်တော် မိန့်တော်မူထားပါသည်။ ဗျာ၊ ၂၂း၁၂။ ထိုအရာသည်"ဘုရားသခင် ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအ ချိန်ရောက်လာပြီ" ဟု ဗျာဒိတ်၊ ၁၄း၇ တွင်ဖော်ပြထားသည့် ပထမ ကောင်းကင်တမန်သတင်းစကားတွင် ကြွေးကြော်ထားသော တရား စီရင်ခြင်း အမှုတော်လုပ်ငန်းပင်ဖြစ်ပါသည်။

ဤသတိပေးစကားကို ကြွေးကြော်ခဲ့ကြသူများသည်အသင့် လျော်ဆုံးသောအချိန်တွင် အသင့်လျော်ဆုံးသော သတင်းစကားကို ပေးခဲ့ကြခြင်းဖြစ်သည်။ တမန်တော်များသည် သီတင်းခုနှစ်ဆယ် အဆုံး၌ နိုင်ငံတော်တည်ထောင်လိမ့်မည်ဟု မှားယွင်းစွာယူဆခဲ့ကြ သကဲ့သို့ မြော်လင့်ခြင်းအသင်းသားများသည် နှစ်ပေါင်း ၂၃၀၀ အဆုံးတွင် ထိုနိုင်ငံတော်တည်ထောင်လိမ့်မည်ဟု မှားယွင်းစွာယူဆ ခဲ့ကြပြန်သည်။

ဤအကြောင်းအရာနှစ်ခုစလုံးတွင် ရေပန်းစားနေ သော မှားယွင်းမှုများက သမ္မာတရားကိုမမြင်စေရန် ၎င်းတို့၏ဉာဏ် မျက်စိကို ကွယ်စေခဲ့သည်။ နှစ်ဖွဲ့စလုံးသည် ဘုရားသခင်ပေးစေ

လိုသောသတင်းစကားများကို ဟောပြောခဲ့ခြင်းဖြင့် အလိုတော်ကို ပြည့်စုံစေခဲ့သော်လည်း နှစ်ဖွဲ့စလုံးသည် သတင်းစကား၏အနက် အဓိပ္ပါယ်ကို နားလည်မှုမှားသဖြင့် စိတ်ပျက်ဝမ်းနည်းခဲ့ကြရသည်။

သို့စေကာမူ တရားစီရင်ခြင်းဆိုင်ရာသတိပေးစကားကို အရှိအတိုင်း ဟောကြားခွင့်ပြုခြင်းဖြင့် ဘုရားရှင်သည် မိမိ၏ အကြံအစည်တော်ကို အထမြောက်စေတော်မူခဲ့သည်။ ကိုယ်တော်ရှင်၏အစီအစဉ်တွင် ဤသတင်းစကားသည် အသင်းတော်ကို စမ်းသပ်စစ်ဆေးခြင်း၊ သန့်စင်ခြင်းများအတွက် အထောက်အကူပြုခဲ့ပါသည်။

၎င်းတို့သည် လောကကိုချစ်သလား။ ခရစ်တော်နှင့်ကောင်းကင်နိုင်ငံတော်ကိုချစ်ကြသလော။ သူတို့သည် လောကီရည်မှန်းချက်များကိုစွန့်ပစ်ကာ ၎င်းတို့၏သခင်ကြွလာခြင်းကို ကြိုဆိုဖို့အဆင်သင့်ရှိကြသလား။

ထိုစိတ်ပျက်ဝမ်းနည်းခြင်းသည်လည်း သတိပေးစကားကို လက်ခံရန်ဝန်ခံခဲ့သူများ၏ စိတ်နှလုံးကို စမ်းသပ်ခဲ့ခြင်းဖြစ်ပါသည်။ သူတို့သည် ခရစ်တော်ကြွလာခြင်းကြန့်ကြာမှုကြောင့် စိတ်ပျက်အားငယ်ခဲ့ရသည့်ပြင် လူများ၏ ပြစ်တင်ဝေဖန်မှုများကို ခံရသောအခါ လက်မြှောက်အရှုံးပေးကာ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ်ထားရှိသည့်ယုံကြည်စိတ်ချမှုကို ကရောသောပါး စွန့်လွှတ်ခဲ့ကြလိမ့်မည်လား။

သူတို့သည် ဘုရားသခင်၏လုပ်ဆောင်ပုံကို ရုတ်တရက် နားမလည်ကြသောကြောင့် နှုတ်ကပတ်တော်က ရှင်းလင်းစွာသက်သေခံထားသည့် သမ္မာတရားကို ဘေးဖယ်ထားကြလိမ့်မည်လား။

သမ္မာကျမ်းစာကို သမ္မာကျမ်းစာအားဖြင့် အနက်ပြန်ဆိုရမည့် အစား လူတို့၏အနက်ပြန်မှုကို လက်ခံအသုံးပြုခြင်းသည် အန္တရာယ် ရှိကြောင်း ဤစမ်းသပ်မှုက သွန်သင်ပါသည်။ နှုတ်ကပတ်တော်ကို အနီးကပ်လေ့လာရန် မိမိတို့၏ယုံကြည်ခြင်းအုတ်မြစ်ကို သတိကြီး စွာထားကာ ဆန်းစစ်ရန်နှင့် ခရစ်ယာန်လောကမှ ကျယ်ကျယ်ပြန့် ပြန့်လက်ခံကျင့်သုံးသော်လည်း နှုတ်ကပတ်တော်တွင် အခြေမပြု သောအရာခပ်သိမ်းတို့ကိုငြင်းပယ်ရန် ယုံကြည်ခြင်း၏ သားသမီး များကိုလမ်းပြရမည်။


အစမ်းသပ်ခံကာလတွင် မှောင်မည်းသယောင်ဖြစ်ခဲ့သော အရာများသည် နောက်ပိုင်းတွင် ရှင်းလင်းလာလိမ့်မည်။ မိမိတို့၏ မှားယွင်းမှုများကြောင့် စမ်းသပ်မှု၊ စစ်ဆေးမှုနှင့်ရင်ဆိုင်ကြရသော် လည်း ထာဝရဘုရားသည် သနားခြင်းကရုဏာနှင့်ပြည့်စုံ၍ "လမ်း ခရီးရှိသမျှတို့သည် ပဋိညာဉ်တရားတော်နှင့် သက်သေခံတော်မူ ချက်တို့ကို စောင့်ရှောက်သောသူတို့အား ကရုဏာနှင့်သစ္စာဖြစ် ကြသတည်း။ " ဆာလံ ၂၅း၁၀။

အချိန်အရှည်ဆုံးအနာဂတ္တိစကားကိုဒံယေလအခန်းကြီး ၈ တွင် မှတ်တမ်းတင်ထားပြီး၊ အသေးစိတ်ကို ဒံယေလ ၉ တွင်ဖော် ပြထားပါသည်။ ခရစ်တော်ကပ်တိုင်အတင်ခံရမည့်အချိန်နှင့်ခရစ် တော်မကြွလာမီ ကောင်းကင်နိုင်ငံတွင် ကျင်းပမည့်တရားစီရင်ခြင်း ၏အစပျိုးခြင်းများကို ဤအနာဂတ္တိကျမ်းတွင် ရှင်းလင်းစွာဖော်ပြ ထားပါသည်။

-----o-----

**"ရက်ပေါင်း ၂၃၀၀ တိုင်တိုင်တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနတော်ကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်။"**

**"Unto 2300 days; then shall the sanctuary be cleaned"**




(အမိန့်တော်ထုတ်ပြန်ခြင်း) (တစ်ပါးအမျိုးသားများထံသို့ ဧဝံဂေလိရောက်ခြင်း) (စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ တရားစီရင်ခြင်းအစ)

(ခရစ်တော်နှစ်ခြင်းခံခြင်း)

–o–

## အခန်း (၂၀)
## ခရစ်တော်ကြွလာခြင်းကိုမြတ်နိုးခြင်း

ကြီးကျယ်သော ဘာသာရေးနိုးကြားမှုတစ်ခုအကြောင်းကို ဗျာဒိတ်ကျမ်း ၁၄ မှ ပထမကောင်းကင်တမန်၏ သတင်းစကားတွင် ကြိုတင်ဖွင့်ပြထားပါသည်။

"မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီး ဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အား ထာဝရ ဧဝံဂေလိတရားကို ဟောရသောကောင်းကင်တမန်တစ်ပါးက ---- ကောင်းကင်အလယ်၌ ပျံဝဲလျက်ရှိသည်ကို ငါမြင်၏။"

ထိုကောင်းကင်တမန်က "ဘုရားသခင်ကိုကြောက်ရွံ့၍ ချီး မွမ်းကြလော့။ တရားစီရင်တော်မူသော အချိန်ရောက်လာပြီ။ ကောင်း ကင်မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသော အရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့် ပြောဆို၏။" ဗျာဒိတ်ကျမ်း ၁၄း၆-၇။

ကောင်းကင်တမန်သည် ဘုန်းတန်ခိုးနှင့် ပြည့်စုံသောထိုသ တင်းစကားအားဖြင့် ပြီးမြောက်အောင်မြင်စေရမည့် ထိုအမှုတော် ၏မြောက်စားခြင်းခံရသောထူးခြားချက်ကို ပုံဆောင်ကိုယ်စားပြုပါ သည်။

ထိုကောင်းကင်တမန်၏ ကောင်းကင်အလယ်မှာပျံဝဲခြင်း မြေကြီးပေါ်မှာနေသော အသီးသီးသော ဘာသာစကားပြောသည့် လူမျိုးနွယ်ခပ်သိမ်းတို့အား ကြီးသောအသံဖြင့် ဖွင့်ပြကြွေးကြော် ခြင်းအရာသည် ထိုသတင်းစကား၏ ကမ္ဘာအနှံ့လျင်မြန်စွာပျံ့နှံ့ သွားမည့်သာဓကကို ဖေါ်ပြထားခြင်းဖြစ်သည်။ ထိုဖွင့်ပြကြွေးကြော်

သည့်အချိန်သည် တရားစီရင်ခြင်းအစပြုကြောင်း ကြေညာသည့် အချိန်ဖြစ်ပါသည်။

ဗဝ်ဂေလိတရားတော်၏ ကဏ္ဍတစ်ခုဖြစ်သော ဤသတင်း စကားကို နောက်ဆုံးသောနေ့ရက်များတွင်သာ ကြွေးကြော်ကြရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ကျမှသာ "တရားစီ ရင်တော်မူသောအချိန်ရောက်လာပြီ" ဆိုသည့်အချက်သည် မှန်ကန် ပါမည်။

ထိုနောက်ဆုံးသောနေ့ရက်များနှင့် စပ်ဆိုင်သော အနာ ဂတ္တိစကားများကို "အမှုကုန်ရသည်ကာလတိုင်အောင် တံဆိပ်ခတ် ထားရန် ဒံယေလအားမိန့်မှာထားသည်။ ဒံ၊ ၁၂း၄။ ဤအနာဂတ္တိ စကားများ၏ ပြည့်စုံမှုတစ်ခုအပေါ်မှာ အခြေခံလျက် ထိုအချိန်ရောက် မှသာ တရားစီရင်ခြင်းနှင့်စပ်ဆိုင်သော သတင်းစကားကို ဟောပြော နိုင်မည်ဖြစ်သည်။

သူ့ခေတ်တွင် ခရစ်တော်၏ ကြွလာခြင်းကိုမမျော်ရန်အသင်း တော်အား ရှင်ပေါလု သတိပေးခဲ့သည်။ ကြီးကျယ်သော ဘာသာ ရေးလမ်းလွဲမှုကြီးနှင့် "ဒုစရိုက်လူ" ၏ ကာလတာရှည် စိုးမိုးမှုများ ကို ကျော်လွှားပြီးမှသာ ခရစ်တော်၏ ကြွလာခြင်းကို မျှော်လင့် နိုင်ကြပါမည်။ ၂သက်၊ ၂း၃ ကိုကြည့်ပါ။ "ဒုစရိုက်လူ" တည်းဟူ သော "ပျက်စီးခြင်း၏သား" "ဝှက်ထားလျက်ရှိသော အဓမ္မအရာ" "ထိုအဓမ္မ" လူသည် နှစ်ပေါင်း ၁၂၆၀ တိုင်တိုင် အာဏာတန် ခိုးကို ထိန်းသိမ်းနိုင်ခဲ့သော ရဟန်းမင်းနှင့် ၎င်း၏ အဖွဲ့ကို ကိုယ် စားပြုပါသည်။ ထိုကာလသည် ၁၇၉၈ ခုနှစ်တွင် အဆုံးသတ်ခဲ့ ရာ ထိုကာလမတိုင်မီ ခရစ်တော်ကြွမလာနိုင်ပါချေ။ ရှင်ပေါလု သည် ၁၇၉၈ ခုနှစ်အထိ တည်မြဲခဲ့သည့် ခရစ်ယာန်များ စိုးမိုးရာ

ကာလတစ်ခုလုံးအတွက် သတိပေးခဲ့ခြင်းဖြစ်သည်။ ၁၇၉၈ ခုနှစ်နောက်ပိုင်းမှစ၍ ခရစ်တော်ကြွလာခြင်းနှင့်စပ်ဆိုင်သော သတင်းစကားကို ဟောပြောကြရပါမည်။

ထိုကဲ့သို့သော သတင်းစကားမျိုးကို အတိတ်အချိန်ကတစ်ခါမှပေးအပ်တော်မမူဖူးချေ။ ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်အတိုင်းရှင်ပေါလုသည် ထိုသတင်းစကားကို မဟောကြားခဲ့ပါ။ ခရစ်တော်ကြွလာခြင်းအတွက် အလွန်ဝေးသောအနာဂတ်ကိုသာ သူပြညွှန်ခဲ့ပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများလည်း ထိုသတင်းစကားကိုမပြောဆို၊ မဟောကြားခဲ့ကြပါ။ မာတင်လူးသာက တရားစီရင်ခြင်းကိုနောင် နှစ်ပေါင်း ၃၀၀ လောက်မှာမှ ပြုလုပ်လိမ့်မည်ဟုပြောခဲ့ပါသည်။ သို့သော် ၁၇၉၈ ခုနှစ်မှစ၍ ဒံယေလအနာဂတ္တိကျမ်းကိုဖွင့်လှစ်ကာတရားစီရင်ခြင်း နီးကပ်ကြောင်းသတင်းစကားများကိုလူအများဟောကြားခဲ့ကြပါသည်။

## နိုင်ငံအသီးသီး၌တစ်ပြိုင်တည်း

၁၆ ရာစုနှစ်အချိန်က ဘာသာရေးပြုပြင်ပြောင်းလဲရေးကဲ့သို့ ပင်ဤမြော်လင့်ခြင်းလှုပ်ရှားမှုသည်လည်း နိုင်ငံအသီးသီး၌တစ်ပြိုင်တည်းဖြစ်ပွားခဲ့ပါသည်။ ယုံကြည်သူများသည် အနာဂတ္တိစကားများကိုလေ့လာခဲ့ကြရာ ကပ်ကာလအဆုံးသို့ရောက်လုနီးပြီးဖြစ်ကြောင်းထင်ရှားသည့်သာဓကများကို တွေ့မြင်ခဲ့ကြပါသည်။ အထီးကျန်ဖြစ်နေသော ခရစ်ယာန်အဖွဲ့များသည် သမ္မာကျမ်းစာကိုလေ့လာခဲ့ကြရာ ခရစ်တော်၏ကြွလာခြင်းသည် နီးကပ်နေပြီဖြစ်ကြောင်းယုံကြည်လက်ခံလာကြပါသည်။

အနာဂတ္တိစကားများကို မီလာအနက်ဖွင့်ဆိုပြီးနောက် သုံးနှစ်ကြာသောအချိန်တွင် "ကမ္ဘာ့သာသနာပြု" ဖြစ်သူ ဒေါက်တာဂျိုးဇက်ဝုလ်ဖ်သည် ခရစ်တော်မကြာမီကြွလာမည်ဆိုသည့်သတင်းစကားကို စတင်ဟောပြောခဲ့ပါသည်။

ဂျာမနီပြည်တွင် ဟေဗြဲမိဘများမှသက်ဆင်းလာသူဖြစ်သော ထိုသူသည် ငယ်စဉ်အချိန်ကတည်းကခရစ်ယာန်ဘာသာကို သဘောပေါက်ထားသူဖြစ်သည်။ ၎င်းတို့လူမျိုးများ၏ မြော်လင့်ခြင်းအကြောင်း၊ ကြွလာမည့် မေရှိယအရှင်၏ဘုန်းတော်အကြောင်းနှင့် ဣသရေလတိုင်းပြည်ကြီး ပြန်လည်တည်ထောင်မည့်အကြောင်းများကို မိမိတို့၏အိမ်တွင် ဟေဗြဲများတရားဟောကြားတိုင်း သူစိတ်ဝင်တစားနားထောင်ခဲ့ပါသည်။

"နာဇရက်မြို့သားယေရှု" ဆိုတာ ဘယ်သူဖြစ်ကြောင်း သူစုံစမ်းခဲ့ရာ "ဉာဏ်အတော်ဆုံးဂျူးကလေးတစ်ယောက်ဖြစ်တယ်၊ ဒါပေမယ့် သူ့ကိုယ်သူမေရှိယလို့ လိမ်ခဲ့တဲ့အတွက် ယုဒတရားရုံးက သေဒဏ်ပေးခြင်းခံခဲ့ရသူဖြစ်တယ်" ဟု အဖြေရခဲ့သည်။

ယေရုရှလင်မြို့ဘာကြောင့်အဖျက်ဆီးခံခဲ့ရတာလဲ။ဘာကြောင့် ကျွန်တော်တို့သုံ့ပန်းများအဖြစ် အဖမ်းခံခဲ့ကြရတာလဲ"ဟု ဆက်လက်၍သူမေးခဲ့ရာ -

"ဂျူးတွေက ပုရောဖက်တွေကိုသတ်ခဲ့လို့ပေါ့ကွာ" ဟုဖခင်ကြီးက ပြန်လည်ဖြေဆိုခဲ့ပါသည်။ ထိုစဉ်တွင် "ယေရှုက ပုရောဖက်တစ်ပါးများဖြစ်နေလို့လား။ သူ့ကိုအပြစ်မရှိဘဲနဲ့ သတ်ခဲ့မိကြသလား" ဆိုသည့် အတွေးများ သူ့ခေါင်းထဲသို့ ရုတ်တရက်ဝင်လာခဲ့ကြပါသည်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများသို့ မသွားရန်

တားမြစ်ထားသည့်ကြားမှ သူသည် တရားဟောချက်များကိုနားထောင်ရန် ဘုရားကျောင်းအပြင်ဘက်တွင် မကြာခဏရစ်သီရစ်သီလုပ်ခဲ့ပါသည်။

၁၇ နှစ်သားအရွယ်တွင် သူသည် မေရှိယကြွလာသောအချိန်၌ ဣသရေလများရယူမည့် အနာဂတ်အောင်ပွဲများအကြောင်းကို အိမ်နီးချင်းခရစ်ယာန်များကိုကြွားဝါနေပါသည်။ ထိုအခါ လူကြီးတစ်ယောက်က "လူကလေးရေ၊ မေရှိယအစစ်က ဘယ်သူလဲဆိုတာကိုငါပြောပြမယ်။ မင်းတို့ဘိုးဘေးတွေသတ်ခဲ့ကြတဲ့ နာဇရက်မြို့သားယေရှုပဲကွ။ အိမ်ပြန်ပြီး ဟေရှာယ ၅၃ ကိုဖတ်ကြည့်ပါ။ ခရစ်တော်ယေရှုက ဘုရားသခင်ရဲ့သားတော်ဖြစ်တယ်ဆိုတာ မင်းသဘောပေါက်လာလိမ့်မယ်" ဟုပြောပါသည်။

သူသည် အိမ်သို့ပြန်၍ သမ္မာကျမ်းစာကိုဖတ်ကြည့်ခဲ့ရာ ထိုလူကြီးပြောသည့်အတိုင်း မှန်ကန်နေကြောင်းကို တွေ့ခဲ့ရပါသည်။ ထိုခရစ်ယာန်ကြီးပြောသည့်စကားသည် အမှန်ဖြစ်သလား။ ဝုလ်ဖ်သည် ထိုအနာဂတ္တိစကားကိုရှင်းပြပေးရန် တောင်းပန်သောအခါဖခင်၏ မျက်နှာထားတင်းမာနေသည်ကို တွေ့ရသဖြင့် နောက်ပိုင်းတွင်ထိုအကြောင်းကို သူမမေးဝံ့တော့ချေ။

သူသည် (၁၁) နှစ်သားအရွယ်မှာပင် ပညာရှာရန်၊ကိုးကွယ်မည့်ဘာသာကိုရွေးချယ်ရန်နှင့် လုပ်ကိုင်မည့်အလုပ်ကိုရွေးချယ်ရန် အိမ်မှထွက်ခဲ့ပါသည်။ အဖေါ်မပါသလို အသပြာလည်းမပါသည့် ဝုလ်ဖ်သည် ကိုယ့်ဘဝကိုကိုယ်ကျောင်းခဲ့ရပါသည်။ ဘဝရပ်တည်မှုအတွက် ဟေဗြဲဘာသာစကားကို သူတစ်ပါးအား သင်ကြားပေးခြင်းဖြင့် ဝင်ငွေရအောင်ရှာကာ စာပေများကို ကြိုးကြိုးစားစားလေ့လာခဲ့ပါသည်။ သူ့အား ရောမအသင်းတော်၏ ယုံကြည်ချက်ကိုလက်ခံ

စေကာ ရောမ၌ရှိသော ပရိုပဂင်းဒါးကောလိပ်ကျောင်းတွင် ပညာသင်ကြားစေခဲ့သော်လည်း ယခုတွင် အသင်းတော်၏ မတရားမှုများကိုတိုက်ခိုက်ကာ ပြန်လည်ပြုပြင်ဖို့လိုအပ်ကြောင်း ပြောင်ပြောင်တင်းတင်းသူတိုက်တွန်းနေပါသည်။ များမကြာမီမှာပင် သူ့အား ကျောင်းမှထုတ်လိုက်ပါသည်။ သူ့အား ရောမ၏ယုံကြည်ချက်ကွန်ယက်သို့ပြန်လည်ဝင်ရောက်လာအောင် ဆွဲဆောင်နိုင်တော့မည်မဟုတ်ကြောင်းလည်း ပို၍ ထင်ရှားလာပါသည်။ သူ့အား ဆုံးမပြုပြင်ရန်မရနိုင်တော့သူတစ်ဦးအဖြစ်သတ်မှတ်ကာ အလိုရှိရာသို့သွားရန် ခွင့်ပြုလိုက်ကြပါသည်။ သို့ဖြင့် သူသည် အင်္ဂလန်သို့ထွက်ခွာသွားကာ အင်္ဂလန်အသင်းတော်နှင့် ပူးပေါင်းခဲ့ပါသည်။ နှစ်နှစ်တာ လေ့လာပြီးသည့်နောက် ၁၈၂၁ ခုနှစ်တွင် အမှုတော်လုပ်ငန်းကိုအစပြုလုပ်ဆောင်ခဲ့ပါသည်။

အနာဂတ္တိကျမ်းများသည် ဘုန်းတန်ခိုးတော်နှင့်ကြွလာမည့် ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို သိရှိမြင်တွေ့စေခဲ့သည်ကို ဝုလ်ဖ်တွေ့ခဲ့ပါသည်။ နာဇရက်မြို့သား ယေရှုသည် ကတိတော်နှင့်ဆိုင်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း သူတို့အားသိစေခဲ့ကာ အပြစ်ဖြေရန် ယဇ်ကောင်တစ်ကောင်ကဲ့သို့ ပထမအကြိမ်ကြွလာခဲ့ကြောင်း ညွှန်ပြစဉ်မှာပင် ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကိုလည်း ၎င်းတို့အား သူသွန်သင်ခဲ့ပါသည်။

ဝုလ်ဖ်သည် မကြာမီအချိန်အတွင်း ခရစ်တော်ကြွလာတော့မည်ဟု ယုံကြည်ခဲ့သည်။ အချိန်ပိုင်းဆိုင်ရာအနာဂတ္တိစကားများကို အနက်ဖွင့်ရာတွင် မီလာထောက်ပြထားသည့်နှစ်များအတွင်းမှာပင် ခရစ်တော်ကြွလာမည်ဟု သူလက်ခံခဲ့သည်။ “သဖန်းပင်ရဲ့အရွက်နု

တွေထွက်လာတာကိုကြည့်ပြီး နွေရာသီရောက်တော့မှာကိုသိရသလို ကိုယ်တော်ရှင်ကြွလာမှာနီးကြောင်းသိနိုင်မယ့် အချိန်နဲ့ပတ်သက်တဲ့ နိမိတ်လက္ခဏာကို သခင်ဘုရားက ပေးထားတော်မမူခဲ့ဘူးလား။ နောဧဟာ သင်္ဘောကြီးကိုပြင်ဆင်တည်ဆောက်ခဲ့သလို ကြွလာခြင်း အတွက် ပြင်ဆင်နိုင်ဖို့ရန် အချိန်နဲ့ပတ်သက်တဲ့ နိမိတ်လက္ခဏာ များအားဖြင့် လိုအပ်သလောက်ကို သိခွင့်ပေးထားပါတယ်" ဟုသူ ပြောဆိုခဲ့သည်။

## ရေပန်းစားနေသောအနက်ဖွင့်ဆိုချက်နှင့်ဆန့်ကျင်ခြင်း

ခရစ်ယာန်အသင်းတော်ရဲ့ကဏ္ဍအတော်များများမှာ သမ္မာ ကျမ်းစာ၏ရှင်းလင်းသောသွန်သင်ချက်များမှ သွေဖည်ကုန်ခဲ့ကြပြီ ဆိုကြပါစို့ဗျာ။

သူတို့က ဂျူးတွေကိုလေ့လာတဲ့အချိန်မှာ တစ်ပါးအမျိုးသား တွေအကြောင်းကို နားလည်ကြရမည်။ ယေရုရှလင်ကိုလေ့လာနေ တဲ့အချိန်မှာ အသင်းတော်ကိုနားလည်ကြရမည်။ ကမ္ဘာလို့ပြောလိုက် လျှင် ဒါဟာ ကောင်းကင်ကိုဆိုလိုတာပဲ။ ခရစ်တော်ကြွလာခြင်း အတွက် သူတို့နားလည်ရမယ့်အရာက သာသနာပြုလုပ်ငန်းများရဲ့ တိုးတက်မှုကိုပဲ၊ ဘုရားသခင်ရဲ့တောင်ပေါ်သို့တက်ခြင်းဆိုတာမက်သ ဒစ်များရဲ့ အဆင့်မြင့်အစည်းဝေးကြီးကို ဆိုလိုတယ်"ဟု သမ္မာ ကျမ်း စာကိုအနက်ပြန်သည့် ရေပန်းစားနေသော စနစ်တစ်ခုအကြောင်း နှင့်ပတ်သက်၍ ထိုသို့ရေးသားခဲ့ပါသည်။

ဝုလ်ဖ်သည် ၁၈၂၁ ခုနှစ်မှ ၁၈၄၉ ခုနှစ်အတွင်း အီဂျစ် အာသာစ္စီးနီးယား၊ ပါလက်စတိုင်း၊ ဆီးရီးယား၊ ပါရှား၊ ဘိုခါးရား အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုများသို့ ခရီးလှည့်လည်ခဲ့ပါသည်။

## သမ္မာကျမ်းစာတွင်ရှိသောတန်ခိုးတော်

ဒေါက်တာဝုလ်ဖ်သည် လူရိုင်းတိုင်းပြည်များသို့ အကာအကွယ်မဲ့ခရီးသွားခဲ့ရာ ဒုက္ခဆင်းရဲခြင်းများနှင့် မရေမတွက်နိုင်သော အန္တရာယ်များကို ရင်ဆိုင်ခံစားခဲ့ရပါသည်။ သူသည် ထမင်းငတ်ခဲ့ရသည်။

ကျွန်အဖြစ်အရောင်းစားခံခဲ့ဖူးသည်။ (၃) ကြိမ်တိုင်တိုင်သေဒဏ်အပေးခံရဖူးသည်။ ဓါးပြအတိုက်ခံခဲ့ဖူးသည်။ တစ်ခါတစ်ရံတွင်ရေငတ်သဖြင့် သေတော့မလောက်ခံစားခဲ့ဖူးသည်။ သူသည်အရိုက်ခံရရုံသာမက အေးစက်နေသောမြေကြီးပေါ်တွင် မိုင်ပေါင်းများစွာဖိနပ်မပါဘဲ နှင်းတောထဲတွင် ခြေလျင်အလျှောက်ခိုင်းသည်ကိုလည်း ခံခဲ့ဖူးသည်။

လူရိုင်းတွေကြားထဲမှာလက်နက်မပါဘဲသွားခြင်းမှာ အန္တရာယ်များကြောင်း သူ့အားသတိပေးသောအခါ သူက “ကျွန်တော့်မှာလက်နက်တွေပါပါတယ်။ ဆုတောင်းခြင်းလက်နက်၊ ခရစ်တော်အတွက်စိတ်အားထက်သန်ခြင်းလက်နက်၊ ကိုယ်တော်မစမည်ကိုစိတ်ချသောလက်နက်တွေပေ့ါ။

ဘုရားကိုချစ်၊ အိမ်နီးချင်းကို ချစ်တယ် ဆိုတဲ့လက်နက်ကိုလည်း နှလုံးသားမှာတပ်ဆင်ထားပါတယ်။ သမ္မာကျမ်းစာလက်နက်လည်း လက်ထဲမှာပါပါတယ်။ ကျွန်တော့်တန်ခိုးဟာ ကျမ်းစာမှာရှိတယ်။ ကျမ်းစာကပဲ ကျွန်တော့်ကို ထောက်မလိမ့်မယ်လို့ ကျွန်တော်ခံစားမိတယ်” ဟု ပြောခဲ့သည်။

သူသည် ကမ္ဘာ့နေရာများစွာသို့ သတင်းစကားရောက်သွားသည့်တိုင်အောင် ဇွဲရှိရှိဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သည်။ ဂျူးလူမျိုး တူရကီလူမျိုး၊ ပါစီလူမျိုး၊ ဟင်ဒူများနှင့် အခြားလူမျိုးအသီးသီး

ကြားတွင် ဘာသာစကားအမျိုးမျိုးဖြင့် နှုတ်ကပတ်တော်ကိုဟော ကြားကာ မေရှိယကြွလာမည့်သတင်းစကားကို ရှေ့ပြေးဟောကြား ခဲ့ပါသည်။

သီးသီးခြားခြားနေထိုင်သည့် လူတစ်စုက ခရစ်တော်ကြွလာ ခြင်းသတင်းစကားကို လက်ခံကိုင်စွဲထားသည်ကို ဘိုခါးရားတွင်သူ တွေ့ခဲ့ရပါသည်။

ခရစ်တော်ဒုတိယအကြိမ်ကြွလာကာ ဘုန်းတန်ခိုးကြီးစွာဖြင့် စိုးစံမည့်သတင်းကို သတိပေးထားသည့် ဆီးရာ (Seera)ခေါ် စာအုပ် တစ်အုပ်ကို ယေမင်နိုင်ငံမှအာရပ်များပိုင်ဆိုင်ထားကြောင်း ကြီးကျယ် သည့်ဖြစ်ရပ်တစ်ခု ၁၈၄၀ ခုနှစ်တွင်ဖြစ်ပျက်ဖို့ ထိုအာရပ် များက မြော်လင့်ထားကြောင်း ဝုလ်ဖ်ပြောဆိုခဲ့ပါသည်။ဣသရေလ၊ဒန်နှင့် ရေခပ်အမျိုးအနွယ်မှသက်ဆင်းလာသည့် သားသမီးများသည် မိုးတိမ် ကိုစီး၍ အလျှင်အမြန်ကြွလာသည့် ခရစ်တော်ကိုမြော်လင့်နေကြ ကြောင်းကို သူတွေ့ခဲ့၏။

တာတာရီတိုင်းပြည်တွင်လည်း ထိုကဲ့သို့သောယုံကြည်ခြင်း မျိုးရှိနေကြောင်း၊ အခြားသာသနာပြုတစ်ဦးက တွေ့ရှိခဲ့ပါသည်။ တာတာယဇ်ပုရောဟိတ်တစ်ပါးက ထိုသာသနာပြုကို ခရစ်တော် ဒုတိယအကြိမ်ကြွလာမည့်အချိန်ကိုမေးရာ ထိုသာသနာပြုက ထို အရာနှင့်ပတ်သက်၍ သူဘာမှမသိကြောင်း ပြောဆိုခဲ့ပါသည်။ ကြားရသောအဖြေကြောင့် ထိုယဇ်ပုရောဟိတ်ကြီးသည် အလွန်အံ့ အားသင့်သွားကာ ၁၈၄၄ ခုနှစ်လောက်တွင် ခရစ်တော်ကြွလာမည် ဟုဖော်ပြထားသော အနာဂတ္တိကျမ်းကိုဖော်ပြပြီး ၎င်း၏ ကိုယ်ပိုင် ယုံကြည်ခြင်းကို ဖွင့်ဟခဲ့ပါသည်။

## မြော်လင့်ခြင်းသတင်းစကာအင်္ဂလန်သို့ရောက်ရှိခြင်း

မြော်လင့်ခြင်းသတင်းစကားကို အင်္ဂလန်တွင် ၁၈၂၆ ခုနှစ်ကတည်းက စတင်ဟောကြားနေပါပြီ။ ကြွလာမည့်အချိန်အတိအကျ ကိုအများအားဖြင့် မဟောကြားကြသော်လည်းဘုန်းတော်နှင့်မကြာမီတွင် ကြွလာမည်ဆိုသည့်သတင်းစကားကိုမူ ကျယ်ကျယ်ပြန့်ပြန့်ဟောကြားခဲ့ကြပါသည်။ အင်္ဂလန်အသင်းတော်မှ တရားဟောဆရာ (၇၀၀) လောက်သည် "နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိသတင်းစကားကို ဟောကြားနေကြကြောင်း အင်္ဂလိပ်စာရေး ဆရာတစ်ဦးက ရေးသားဖော်ပြခဲ့ပါသည်။

ခရစ်တော်ကြွလာမည့်အချိန်အဖြစ် ၁၈၄၄ ခုနှစ်ကိုပြညွှန်သောသတင်းစကားကို ဂရိတ်ဗြိတိန်တွင်လည်း ဟောကြားခဲ့ကြသည်။ အမေရိကန်မျာရိုက်နှိပ်သည့် မြော်လင့်ခြင်းဆိုင်ရာစာပေများကို ကျယ်ပြန့်စွာဖြန့်ချီခဲ့ကြပါသည်။ အမေရိကမှာနေထိုင်စဉ် မြော်လင့်ခြင်းယုံကြည်ခြင်းကိုရရှိခဲ့သူ ရောဘတ်ဝင်းတားသည် ၁၈၄၂ ခုနှစ်တွင် အမိနိုင်ငံသို့ပြန်လာကာ ကြွလာခြင်းသတင်းကို ဟောကြားခဲ့သည်။ အင်္ဂလန်ပြည်၏ နေရာများစွာတွင် လုပ်ဆောင်နေသောဌင်း၏အမှုတော်တွင် သူနှင့်အတူလူများစွာတို့ပူးပေါင်းခဲ့ကြပါသည်။

တောင်အမေရိကတိုက်မှ လခွန်ဇာဆိုသူ၊ စပိန်လူမျိုး၊ ဂျီးဇူးအစ်တစ်ဦးသည် ခရစ်တော်ကြွလာမည့်သတင်းစကားကိုရရှိခဲ့ရာ ရောမ၏ဆင်ဆာဖြတ်ခြင်းမှ ကင်းလွတ်စေရန်အလို့ငှာ "ရာတိဆင်ဇရာ" အမည်ဖြင့် ဓမ္မစာပေကို ပုံနှိပ်ဖြန့်ချီခဲ့သည်။ ၁၈၂၅ ခုနှစ်တွင် သူ၏စာအုပ်ကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့ရာဘာသာရေး

နီးကြားမှုရှိစဖြစ်နေသောအင်္ဂလန်တွင် နက်နဲစွာ စိတ်ဝင်စားလာကြပါသည်။

## ဆင်ဂျဲထံသို့ဗျာဒိတ်တော်ရောက်ရှိခြင်း

ဆင်ဂျဲဟုခေါ်သည့် လူးသားအသင်းတော်မှ ကျမ်းတတ်တရားဟောဆရာတစ်ဦးသည် ဂျာမနီပြည်တွင် ထိုယုံကြည်ချက်ကို သွန်သင်နေပါသည်။ ဗျာဒိတ်ကျမ်း ၂၁ ကို အခြေပြုသည့်တရားဟောချက် တစ်ခုကိုပြင်ဆင်နေစဉ် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်ဆိုင်သည့်အလင်းသည် သူ့စိတ်ထဲသို့ တိုးဝင်လာပါသည်။ ဗျာဒိတ်ကျမ်းပါ ထိုအနာဂတ္တိစကားကို သူနားလည်ထားပါသည်။

ထိုမြင်ကွင်း၏ အရေးပါမှုနှင့် ဘုန်းအသရေရှိမှုတို့ကြောင့် အခိုက်အတန့်အားဖြင့် သူမဟောပြောရဲသေးသော်လည်း သူ့အား ထင်ရှားစွာသိရှိနားလည်စေခဲ့ပြန်သောကြောင့် ထိုအနာဂတ္တိစကားများကို စိုက်လိုက်မတ်တတ်လေ့လာခဲ့ရာ အဆုံးတွင် ခရစ်တော်ကြွလာရန်နီးကပ်နေကြောင်း သူယုံကြည်လာပါသည်။

သူသတ်မှတ်ခဲ့သည့် သခင်ဘုရားကြွလာမည့်နေရက်သည် နောက်ပိုင်းတွင် ဝီလီယမ်မီလာ သတ်မှတ်ခဲ့သည့် နှစ်များအတွင်းမှာပင်ဖြစ်ပါသည်။

ဆင်ဂျဲရေးသားထုတ်ဝေသည့် စာပေများသည် ၎င်း၏မိခင်နယ်မြေဝစ်ကင်းပတ်သာမက ဂျာမနီပြည်အနှံ့အပြားသို့ပျံ့နှံ့သွားခဲ့ရာ အခြားတိုင်းပြည်များနှင့် တစ်ချိန်တည်းလောက်မှာပင် ဂျာမနီပြည်သည်လည်း မြော်လင့်ခြင်းသတင်းစကားကို ကြားနာခဲ့ကြရပါသည်။

ဂွာဆင်သည် ဂျနီဗာ၌ ဒုတိယအကြိမ်ကြွလာခြင်းသတင်းစကားကို ဟောကြားခဲ့သည်။ အမှုတော်ကိုစတင်ထမ်းဆောင်စဉ်က သူသည် ဘာသာရေးသွန်သင်ချက်များအပေါ် သံသယရှိခဲ့သူတစ်ဦးဖြစ်သော်လည်း ငယ်စဉ်တောင်ကျေးကတည်းက အနာဂတ္တိကျမ်းများကို စိတ်ဝင်စားသူတစ်ဦးဖြစ်ခဲ့သည်။

ရိုးလင်းရေးသားသော"ရှေးခေတ်ရာဇဝင်" (Adncient History) စာအုပ်ကိုဖတ်ပြီးသည့်နောက် ဒံယေလအခန်းကြီး ၂ ကို စိတ်ဝင်စားလာပါသည်။ ထိုအနာဂတ္တိစကားများသည် တိတိကျကျပြည့်စုံသွားသဖြင့် သူအံ့ဩသွားပါသည်။ သမ္မာကျမ်းစာကို ဘုရားသခင်ပြုပြင်ကြောင်း သက်သေခံတစ်ခုဖြစ်ကြောင်း သူနားလည်ခဲ့သည်။ ကျိုးကြောင်းဆင်ချင်သုံးသပ်ရေးဝါဒလောက်နှင့် သူမရောင့်ရဲနိုင်တော့ဘဲ သမ္မာကျမ်းစာကိုလေ့လာသင့်ကြောင်း သူယုံကြည်လာပါသည်။

ခရစ်တော်ကြွလာရန်အလွန်နီးကပ်ပြီဖြစ်ကြောင်း သူယုံကြည်လာပါသည်။ သို့ဖြင့် ထိုသတင်းစကား၏အရေးပါမှုကြောင့် လူထုရှေ့တွင်တင်ပြရန် သူဆန္ဒပြင်းပြလာပါသည်။ သို့ရာတွင် ဒံယေလအနာဂတ္တိကျမ်းကို နားမလည်နိုင်ကြပါဟူသော ရေပန်းစားနေသည့်ခံယူချက်သည် ကြီးမားသော အဟန့်အတားတစ်ခုဖြစ်နေပါသည်။မိဘများထံသို့ သတင်းစကားရောက်ရှိရန် ကလေးများနှင့်အစပြုမည်ဟု ဂျနီဗာတွင် ဖားရယ်လုပ်ဆောင်ခဲ့သလိုလုပ်ဆောင်ရန် နောက်ဆုံးတွင်သူဆုံးဖြတ်ခဲ့ပါသည်။"ကလေးပရိသတ်ကိုကျွန်တော်အရင်စုမယ်။ဒီအဖွဲ့ဟာ ကြီးမားလာမယ်။ ကျွန်တော်ပြောတာကိုနားထောင်လာမယ်။ နှစ်ခြိုက်စိတ်ဝင်စားလာပြီး သူတို့နားလည်သဘောပေါက်ကာမိဘတွေကိုရှင်းပြလာမယ်ဆိုရင် ဒုတိယအဆင့်အနေနဲ့လူကြီးတွေကိုစုစည်းပြီး

အတူတကွထိုင်ကာလေ့လာကြမယ်။ ဒါတွေလုပ်ပြီးတာနဲ့ အမှုတော်ဟာလည်း အောင်မြင်စွာပြီးစီးသွားပြီပေါ့” ဟု သူရှင်းပြခဲ့ပါသည်။

ကလေးငယ်များကိုသူဟောကြားသွန်သင်နေစဉ် အသက်ကြီးသူများလည်း လာရောက်နားထောင်ကြပါသ်ည။ သူ၏ ဘုရားဝတ်ပြုခန်းမကလေးသည် အရာရှိများ၊ ပညာတတ်များ၊ ဧည့်သည်များဂျနီဗာသို့လာရောက်လည်ပတ်နေကြသည် နိုင်ငံခြားဧည့်သည်များနှင့်ပြည့်နေပါသည်။ ဤနည်းအားဖြင့် ထိုသတင်းစကားသည်အခြားနေရာများသို့ ပျံ့နှံ့သွားခဲ့ပါသည်။

အနာဂတ္တိကျမ်းများကို ပိုမိုလေ့လာမှုများရှိလာရန်မျှော်လင့်ချက်ဖြင့် အားပေးထောက်ခံမှုရနေသည့် ဂွာဆင်သည် သင်ခန်းစာများကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ သူသည် နောက်ပိုင်းတွင် ကျမ်းစာကျောင်းတစ်ခု၌ ဆရာဖြစ်လာခဲ့ပါသည်။

တနင်္ဂနွေနေ့များမှာလည်းအမေးအဖြေပုံစံမျိုးဖြင့် ကလေးငယ်များအား ကျမ်းစာသင်ပေးဆဲဖြစ်ပါသည်။ သူသည် ပါမောက္ခ၏ထိုင်ခုံမှလည်းကောင်း၊ ပုံနှိပ်တိုက်မှလည်းကောင်း၊ ကျောင်းဆရာတစ်ဦးအနေဖြင့်လည်းကောင်း၊ခရစ်တော်ကြွလာခြင်းဆိုင်ရာ အနာဂတ္တိစကားများကို လူအများအားနှစ်ပေါင်းများစွာ သွန်သင်ဟောကြားခဲ့ပါသည်။

## စကင်ဒီနေးဗီးယားမှကလေးတရားဟောဆရာများ

စကင်ဒီနေးဗီးယားတွင်လည်း ဒုတိယအကြိမ်ကြွလာခြင်းသတင်းစကားများကို ဟောကြားခဲ့ကြပါသည်။ လူများစွာတို့သည်

အပြစ်များကိုဝန်ချတောင်းပန်ကာ၊ ခရစ်တော်၏ နာမတော်အားဖြင့် အပြစ်လွှတ်ခွင့်တောင်းခံရန် နိုးကြားလာကြပါသည်။ သို့သော်ထို နိုင်ငံရှိအသင်းတော်မှ ဘာသာရေးခေါင်းဆောင်များက ထိုလှုပ်ရှားမှု ကိုဆန့်ကျင်ကာ သတင်းစကားဟောကြားသူများအား ထောင်ချခဲ့ ကြပါသည်။

တရားဟောဆရာကြီးများကို နှုတ်ပိတ်ခဲ့သည့်နေရာတော် တော်များသို့ကလေးတရားဟောဆရာများစေလွှတ်ကာ သတင်းစကား ကိုဘုရားသခင်ဖြန့်ချီခဲ့ပါသည်။ ကလေးများသည် အသက်မပြည့်ကြ သေးသဖြင့် နိုင်ငံတော်အနေဖြင့် ၎င်းတို့ထိန်းချုပ်ခွင့်မရှိရာ ၎င်းတို့ သည်အနှောင့်အယှက်ကင်းမဲ့စွာဖြင့် ဟောကြားနိုင်ခဲ့ကြသည်။

အလုပ်သမားများ၏တဲများတွင် သတိပေးစကားများကိုနာ ကြားရန် လူအများစုရုံးခဲ့ကြပါသည်။ တချို့ ကလေးတရားဟောဆရာ ကလေးမျာသည် အသက် (၆) နှစ် (သို့မဟုတ်) (၈) နှစ်ထက်မ ကြီးကြသေးချေ။

ပရိတ်သတ်ရှေ့တွင်ထ၍ တရားဟောသောအချိန်တွင် ၎င်းတို့သည် ဘုရားဝိညာဉ်တော်၏လွှမ်းမိုးမှုအောက်တွင် လှုပ်ရှား ခဲ့ကြခြင်းဖြစ်သည်။ သူတို့၏အသံနေအသံထားနှင့် ဟန်ပန်လက္ခဏာ များပြောင်းလဲသွားကာ “ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ” ဟူသောသတိပေး စကားများကို ဣဒ္ဓေကြီးစွာဖြင့် ဟောကြားခဲ့ကြသည်။

ထိုလူတို့သည် ကြောက်ရွံ့တုန်လှုပ်သောစိတ်ဖြင့် နာကြား ခဲ့ကြသည်။ ဘုရား၏ ဝိညာဉ်တော်သည် စိတ်နှလုံးများနှင့်စကား ပြောနေရာ လူအများသည် ကျမ်းစာကို လေ့လာ လာကြပါသည်။

ချုပ်တည်းခြင်းမရှိသောအသက်တာ၊ စာရိတ္တဖေါက်ပြန်သောအသက်တာများမှပြောင်းလဲလာကြရာ ဤလှုပ်ရှားမှုတွင် ဘုရားသခင်၏လက်တော်ပါဝင်ကြောင်း ထိုအသင်းတော်မှ တရားဟောဆရာများ အသိအမှတ်ပြုလာသည့်အဆင့်အထိ ထူးခြားစွာအောင်မြင်လာပါသည်။

စကင်ဒီနေးဗီးယားတွင် ကြွလာခြင်းဆိုင်ရာသတင်းစကားပျံ့နှံ့သွားရန် ဘုရားသခင်အလိုရှိတော်မူသည်။ ထို့ကြောင့် ကလေးတရားဟောဆရာများအပေါ်သို့ ဝိညာဉ်တော်သက်ဆင်းစေကာအမှုတော်ကို ထိုအရပ်တွင် ကြီးပွားစေခဲ့ပါသည်။ ယေရုရှလင်မြို့နားသို့ ခရစ်တော်ချဉ်းကပ်လာသောအချိန်တွင် ယဇ်ပုရောဟိတ်များနှင့်နယ်စားကြီးများ၏ခြိမ်းခြောက်မှုကြောင့် လူအပေါင်းတို့သည် ဝမ်းသာအားရကြိုဆိုကြွေးကြော်ခြင်းများကို ရပ်ခဲ့ကြသော်လည်း ဗိမာန်တော်ဝင်းအတွင်းရှိကလေးငယ်များက "ဒါဝိဒ်၏သားတော်ဟောရှ္ဏဖြစ်စေသတည်းဟု ကြွေးကြော်ကာ ခရစ်တော်ကိုကြိုဆိုခဲ့ကြသည်။

ဘုရားသခင်သည် ခရစ်တော်ပထမအကြိမ်ကြွလာစဉ်က ကလေးငယ်များအားဖြင့် အမှုတော်ကိုပြုပြင်ခဲ့သလို ဒုတိယအကြိမ်ကြွလာခြင်းသတင်းစကားကိုဟောကြားရာတွင်လည်း ၄င်းတို့ကိုအသုံးပြုတော်မူခဲ့ပါသည်။

## သတင်းစကားပျံ့နှံ့ခြင်း

အမေရိကန်သည် မြော်လင့်ခြင်းဆိုင်ရာလှုပ်ရှားမှုအတွက် ဌာနချုပ်ဖြစ်လာခဲ့ပါသည်။ သာသနာပြုများရောက်သွားသည့်----

နိုင်ငံများသို့ မီလာနှင့် သူ၏အဖွဲ့သားများရေးသားသောစာပေများကို ယူဆောင်သွားခဲ့ကြပါသည်။

၁၈၄၄ ခုနှစ်၊ နွေဦးရာသီတွင် ခရစ်တော်ကြွလာတော့မယောင်ညွှန်ပြသည့် ထိုအနာဂတ္တိစကားသည် လူများစွာတို့၏စိတ်ထဲတွင် အတော်အမြစ်စွဲသွားခဲ့ပါသည်။ များစွာသောလူတို့သည်အချိန်ပိုင်းဆိုင်ရာ အနာဂတ္တိစကားများ၏ ဖွင့်ဆိုချက်များမှာ မှန်ကန်သည်ဟုသဘောပေါက်ကာ မိမိတို့မှန်သည်ဟုထင်ခဲ့သည့်အရာများကိုဘေးဖယ်ထားပြီး ထိုအမှန်တရားကို ဝမ်းပန်းတသာလက်ခံခဲ့ကြပါသည်။

တချို့ တရားဟောဆရာများသည်လည်း မိမိတို့၏အသင်းတော်နှင့်လစာငွေများကိုစွန့်လွှတ်ကာ ခရစ်တော်ကြွလာခြင်းသတင်းစကားကို ကြွေးကြော်သောအဖွဲ့နှင့် ပူးပေါင်းခဲ့ကြပါသည်။ ဤသတင်းစကားကို လက်ခံသူများ၏ အခြေအနေကိုလေ့လာလျှင် အခြားအသင်းတော်မှ သာမန်အသင်းသားဦးရေထက် အခြားအသင်းတော်မှ တရားဟောဆရာများသည် ဦးရေနည်းပါးကြောင်း တွေ့ရသည်။ လယ်သမားများက လယ်တောကိုလည်းကောင်း၊ စက်ဆရာများက ကိရိယာပစ္စည်းများကိုလည်းကောင်း၊ အရောင်းအဝယ်သမားများက ကုန်ပစ္စည်းများကိုလည်းကောင်း၊ ကျွမ်းကျင်သူလုပ်သားများက ၎င်းတို့၏ရာထူးများကိုလည်းကောင်း စွန့်ပစ်ခဲ့ကြပါသည်။

ကယ်တင်ခြင်းအဖို့အလို့ငှာ လူသားများနောင်တလမ်းထဲသို့ ရောက်လာစေဖို့၎င်းတို့သည် မိမိဆန္ဒအလျောက် အပင်ပန်းခံခဲ့ကြသည်။ ချို့တဲ့မှုကိုခံစားခဲ့ကြသည်။ ဒုက္ခဆင်းရဲခြင်းများကို ခံစားခဲ့ကြသည်။ ထိုမြော်လင့်ခြင်းသတင်းစကားကို ထောင်ပေါင်းများစွာသောလူတို့ လက်ခံခဲ့ကြပါသည်။

အပြစ်ရှိကြောင်းသိသာထင်ရှားစေသော
ရိုးစင်းသည့်သမ္မာကျမ်းစာ

ထိုတရားဟောဆရာသည် နှစ်ခြင်းဆရာယောဟန်ကဲ့သို့ သစ်ပင်ခြေရင်းတွင် ပုဆိန်ကိုချထားကာ နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်ကိုကျင့်ကြရန် လူအားလုံးကို တိုက်တွန်းခဲ့ပါသည်။

ရေပန်းစားနေသောတရားဟောချက်များတွင် ကြားရသည့် ငြိမ်းခြမ်းရေးအာမခံချက်၊ လုံခြုံရေးအာမခံချက်များနှင့် သမ္မာကျမ်းစာ၏ ရိုးစင်းသောသက်သေခံချက်များကြောင့် ဖြစ်ပေါ်လာသည့် အပြစ်ရှိကြောင်းသိသာထင်ရှားလာခြင်းများအကြား ထင်ရှားသည့် ကွာဟချက်များကိုလုံးလုံးတွန်းလှန်နိုင်သောသူအလွန်နည်းပါးလှပါသည်။

လူအများစုသည် နောင်တရသောစိတ်နှင့် ခရစ်တော်ကို ရှာခဲ့ကြသည်။ အချိန်ကြာမြင့်စွာ လောကအရာများအပေါ် စွဲလမ်းနေရာမှ ယခုတွင်ကောင်းကင်အရာများအပေါ်သို့ စွဲလမ်းလာကြသည်။ ထိုနောက်နူးညံ့သိမ်မွေ့သောစိတ်ဖြင့် "ဘုရားသခင်ကို ကြောက်ရွံ့၍ ချီးမွမ်းကြလော့။တရားစီရင်တော်မူသော အချိန်ရောက်လာပြီ" ဟု ဟစ်ကြွေးသူများနှင့်အတူ ပူးပေါင်းကြွေးကြော်ခဲ့ကြသည်။

"ကယ်တင်ခြင်းရအောင် ကျွန်တော်ဘာလုပ်ရမှာလဲ" ဟုအပြစ်သားများက မျက်ရည်ကျလျက်ဆုတောင်းခဲ့ကြသည်။ တစ်ချိန်က မရိုးသားခဲ့သူများသည် ပြန်ကောင်းလာဖို့စိတ်စောနေကြသည်။ခရစ်တော်၌ ငြိမ်သက်ခြင်းကို တွေ့ခဲ့သူများသည် ထိုကောင်းချီးမင်္ဂလာကို သူတစ်ပါးအားမျှဝေနေသည်ကို မြင်လိုကြသည်။ သားသမီးနှင့်မိဘများလည်း ပြန်လည်သင့်မြတ်ခဲ့ကြပါသည်။ မာနနှင့်မျိုသိပ်ထားမှု

စသည့်အဟန့်အတားများကိုလည်း ပယ်ရှင်းခဲ့ကြပါသည်။ နှလုံးသားမှလာသော အပြစ်ဝန်ချခြင်းများကို သူတို့ပြုလုပ်ခဲ့ကြပါသည်။ ဘုရားသခင်ထံတွင် အသနားခံနေသောဝိညာဉ်များ နေရာတိုင်းတွင် ရှိနေသည်။

မိမိတို့၏အပြစ်များကို ခွင့်လွှတ်ကြောင်းအာမခံချက်ရရန်နှင့် ဆွေမျိုးမိတ်ဆွေများပြောင်းလဲကြရန်အတွက် လူများစွာတို့သည် ညလုံးပေါက်ဆုတောင်းခဲ့ကြသည်။

ဆင်းရဲချမ်းသာ၊ အနိမ့်အမြင့် စသည့်လူတန်းစားအားလုံးသည် ဒုတိယအကြိမ်ကြွလာခြင်းနှင့် စပ်ဆိုင်သည့်ယုံကြည်ချက်များကိုသာ တရားနာရန် အားသန်နေကြသည်။ ဤအမှန်တရားအပေါ်သို့ ဘုရားသခင်၏ ဝိညာဉ်တော်တန်ခိုးကျရောက်တော်မူခဲ့၏။ ဤလူအစုအရုံးများထဲတွင် ကောင်းကင်တမန်များသည် ပါဝင်တက်ရောက်နေရာ ယုံကြည်သူဦးရေသည် နေ့စဉ်တိုးပွားလျက်ရှိပါသည်။

ကြီးကျယ်သော လူအုပ်ကြီးသည် တရားတော်ကိုငြိမ်၍သာနာကြားခဲ့ကြရာ ကောင်းကင်နှင့်မြေကြီးသည် တစ်ခုနှင့်တစ်ခု နီးကပ်နေသယောင်ဖြစ်ခဲ့သည်။ အိမ်များတွင်လည်း ကျေးဇူးတော်ချီးမွမ်းခြင်းများသည် ညအချိန်တိုင်အောင် ကျူးအေးနေကြပါသည်။ ဤဝတ်ပြုကိုးကွယ်ပွဲများသို့ တက်ရောက်ခဲ့ဖူးသူများသည် ထိုမြင်ကွင်းများကိုမေ့ပျောက်နိုင်ကြတော့မည်မဟုတ်ချေ။

## အဆန့်ကျင်ခံရသောထိုသတင်းစကား

ခရစ်တော်ကြွလာခြင်းအတွက် တိကျသောအချိန်ကိုကြွေးကြော်ခြင်းကြောင့် လူတန်းစား အလွှာအသီးသီးမှပုဂ္ဂိုလ်များနှင့်

အသင်းတော်များမှတရားဟောဆရာများက ကောင်းကင်ကိုအန်တုကာ ဆန့်ကျင်မှုများကိုပြုလုပ်ခဲ့ကြသည်။ မိမိတို့သည် ဒုတိယအကြိမ်ကြွဆင်းလာခြင်းဆိုင်ရာယုံကြည်ချက်ကို ဆန့်ကျင့်ခြင်းမဟုတ်ဘဲတိကျသောအချိန်သတ်မှတ်ခြင်းကိုသာ ဆန့်ကျင်ခြင်းဖြစ်ကြောင်း လူအများကကြွေးကြော်ကြသည်။

သို့ရာတွင် ၄င်းတို့၏ စိတ်ထားသဘောမှန်ကို ဘုရားသခင်၏ မျက်ဝန်းတော်ကမြင်တွေ့ပါသည်။ ကမ္ဘာကြီးကိုဖြောင့်မတ်စွာတရားစီရင်ရန် ခရစ်တော်ကြွလာမည်ဆိုသည့်သတင်းကို သူတို့ မကြားလိုကြချေ။ ၄င်းတို့၏အကျင့်များသည်စိတ်နှလုံးကိုစစ်ကြောမည့်ဘုရားသခင်၏ စစ်ဆေးမှုကို ခံနိုင်ကြလိမ့်မည်မဟုတ်ချေ။

ထိုကြောင့် သခင်ဘုရားနှင့်တွေ့ရန် သူတို့ကြောက်ရွံ့နေကြသည်။ ခရစ်တော်ပထမအကြိမ်ကြွလာစဉ်အချိန်ကယုဒများကဲ့သို့ပင် သူတို့သည်လည်း ကိုယ်တော်ကိုကြိုဆိုရန်အဆင်သင့်မဖြစ်ကြသေးချေ။ ထိုသူများသည် သမ္မာကျမ်းစာမှ ရှင်းလင်းသောဖွင့်ဆိုချက်များကို နာကြားရန် ငြင်းဆိုခဲ့ကြရုံသာမက ခရစ်တော်ကိုမျှော်လင့်နေသူများကိုပင်ပြက်ရယ်ပြုခဲ့ကြပါသည်။ စာတန်သည် ကိုယ်တော့်အပေါ်ယုံကြည်သူများက မေတ္တာပျက်သွားရန်လည်းကောင်း၊ ခရစ်တော်ကြွလာခြင်းကို မလိုလားစေရန်လည်းကောင်း ထေ့လုံးငေါ့လုံးများနှင့် ပြက်ရယ်ပြုခဲ့သည်။

"မည်သူမှ နေ့ရက်၊ နာရီကိုမသိပါချေ" ဆိုသည့်စကားရပ်သည် ကြွလာခြင်းကိုယုံကြည်ချက်အပေါ်ငြင်းဆိုသောသူများ၏အငြင်းစကားများဖြစ်သည်။ သမ္မာကျမ်းစာကမူ "ထိုအချိန်နာရီကိုကားအဘယ်သူမျှမသိ။ ကောင်းကင်တမန်မသိ။ ခမည်းတော်တစ်ပါးတည်းသာသိတော်မူ၏" မဿဲ ၂၄း၃၆ ဟုဆိုထားပါသည်။

ဤကျမ်းချက်၏ ပေါ်လွင်သောရှင်းလင်းချက်ကို မြော်လင့်ခြင်းအသင်းသားများက ပေးခဲ့ကြပြီး ဤကျမ်းချက်ကို ကြွလာခြင်းအားဆန့်ကျင်သူများက မှားယွင်းစွာအသုံးပြုခဲ့ကြသည်မှာ ထင်ရှားလှပါသည်။

ကယ်တင်ရှင်၏ မိန့်ဆိုချက်တစ်ခုကို မိန့်ဆိုချက်တစ်ခုက မဖျက်ဆီးတန်ရာ။ မည်သူမှ ကိုယ်တော်ရှင်ကြွလာမည့်အချိန်နာရီကို မသိနိုင်သည်မှာ မှန်သော်လည်းကြွလာချိန်နီးကပ်နေကြောင်းကိုတော့ သိဖို့လိုပါသည်။ ခရစ်တော်ကြွလာမည့် အချိန်နီးကပ်ကြောင်းသိဖို့ ရန်လျစ်လျူရှုခြင်းသည် နောဧဖခတ်ကလူသားများ၊ ရေလွှမ်းမိုးမည့် အချိန်ကိုသိရန် မကြိုးစားခြင်းနှင့်တူနေပေမည်။ "စောင့်၍မနေလျှင် သူခိုးကဲ့သို့ သင်ရှိရာသို့ငါလာမည်။ လာမည့်အချိန်နာရီကိုလည်း သင်မသိရ" ဟု ခရစ်တော်မိန့်မှာထားပါသည်။ ဗျာ၊ ၃း၃။

ခရစ်တော်၏ သတိပေးစကားကို လက်ခံသောသူတို့အား ရှင်ပေါလုက "ညီအစ်ကိုတို့၊ ထိုနေ့ရက်သည် သူခိုးကဲ့သို့သင်တို့အပေါ်သို့ရောက်လာမည့်အကြောင်း သင်တို့သည် မှောင်မိုက်၌နေကြသည်မဟုတ်။ သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။" ၁သက်၊ ၅း၂-၅။

သို့ရာတွင် အမှန်တရားကို ငြင်းဆန်ရန် ဆင်ခြေပေးသူများသည် ဤရှင်းလင်းတင်ပြချက်ကိုမကြားနိုင်ရန် နားကိုပိတ်ထားပြီး "မည်သူမျှ ထိုအချိန်နာရီကို မသိပါ" ဟူ၍သာ တွင်တွင်အော်နေကြပါသည်။ ထိုသူများတွင် အခြားပြက်ရယ်ပြုသူများနှင့်အတူအော်ဟစ်နေသော တရားဟောဆရာများပင် ပါဝင်ကြပါသည်။ လူတို့က ကယ်တင်ခြင်းရနိုင်မည့်နည်းလမ်းများကို မေးမြန်းလာသောအခါ

ဘာသာရေးဆရာများသည် နှုတ်ကပတ်တော်ကို မှားယွင်းစွာအနက်ဖွင့်ခြင်းဖြင့် လူတို့ထံမှအမှန်တရားကို ကွယ်ထားကြပါသည်။

အသင်းတော်များမှ ဆက်ကပ်မှုအရှိဆုံးသူများသည်ထိုသတင်းစကားကို ရှေးဦးစွာရရှိမြဲဖြစ်ပါသည်။ "ဘာသာရေးခေါင်းဆောင်များ၏ ထိန်းချုပ်မှုမရှိသောနေရာတိုင်းတွင်လည်းကောင်း၊ နှုတ်ကပတ်တော်ကို ကိုယ်တိုင်ဖတ်ရှုလေ့လာသော နေရာတိုင်းတွင်လည်းကောင်း၊ ကြွလာခြင်းသတင်းစကားကို ဘုရားသခင်၏ အခွင့်အာဏာဖြင့်တည်ဆောက်နိုင်ရန် သမ္မာကျမ်းစာနှင့်နှိုင်းယှဉ်လေ့လာကာ လက်ခံဖို့အခွင့်အရေးရပါသည်။

လူအများသည် ၄င်းတို့၏ခင်ပွန်း၊ ဇနီး၊ မိဘ (သို့မဟုတ်) သားသမီးများ၏ လမ်းမှားပို့ခြင်းကိုခံကြရပြီ။ မြော်လင့်ခြင်းအသင်းသားများက သွန်သင်သောအရာများကို နားထောင်ရုံမျှဖြင့် အပြစ်တစ်ခုကို ကျူးလွန်သကဲ့သို့ မှတ်ယူခြင်းခံခဲ့ကြရပါသည်။

သို့ရာတွင်ဘုရားသခင်သည် ဤအသက်ဝိညာဉ်များကို စေ့စေ့စောင့်ကြပ်ကြည့်ရှုရန် ကောင်းကင်တမန်များအား မှာထားတော်မူခဲ့ပါသည်။အကြောင်းမှာ အခြားအလင်းတရား တစ်ခု သည် ပလ္လင်တော်အထက်မှ ၄င်းတို့အပေါ်သို့ကျ ရောက်ထွန်းလင်း ရန်ကျန်ရှိသေးသောကြောင့်ဖြစ်သည်။

ဤသတင်းစကားကို လက်ခံရရှိထားသူများသည် ကယ်တင်ရှင်၏ ကြွလာခြင်းကို စောင့်စားခဲ့ကြသည်။ ကိုယ်တော်ရှင်နှင့်တွေ့ရမည်ဟု ၄င်းတို့မျှော်လင့်ထားသောအချိန်သည် နီးကပ်နေပါပြီ။ သူတို့သည်ထိုအချိန်နာရီကိုတည်ငြိမ်အေးဆေးစွာချဉ်းကပ်ခဲ့ကြသည်။

ဤအရာကို တွေ့ကြုံခဲ့ဖူးသူများသည် စောင့်ဆိုင်းခဲ့သည့်အဖိုးတန် အချိန်များကို မည်သည့်အခါမျှမေ့ကြမည်မဟုတ်ပါ။ ထိုအချိန်မတိုင် မီရက်သတ္တပတ်အနည်းငယ်မှစ၍ စီးပွားရေး လုပ်ငန်းအတော်များများ ကိုဘေးဖယ်ထားခဲ့ကြသည်။ ယုံကြည်သူများသည် လောကီကိစ္စများ ကိုစွန့်ပစ်ကာ မိမိတို့၏နှလုံးသားများကိုသာ သေချာစွာဆန်းစစ်ခဲ့ ကြပါသည်။

ထိုသူများသည် ကောင်းကင်နိုင်ငံတက်ရာတွင် ဝတ်ဖို့ ဝတ်ရုံကို မချုပ်ခဲ့ကြဘဲ ကယ်တင်ရှင်နှင့်တွေ့ရန် အဆင်သင့်ရှိ ကြောင်း အတွင်းအထောက်အထားများ၏ လိုအပ်ချက်များကိုသာ စစ်ဆေးခဲ့ကြပါသည်။ သူတို့၏ဝတ်ရုံဖြူများ ခရစ်တော်၏ အသွေး တော်ဖြင့်ဆေးကြောထားသည့် သူတို့၏ စာရိတ္တပင်ဖြစ်သည်။ထိုကဲ့ သို့မိမိ၏စိတ်နှလုံးကို ဆန်းစစ်ကာ စစ်မှန်သောယုံကြည်ခြင်းရှိသူများ ယနေ့တိုင် ဘုရားသခင်၏လူတို့တွင်ပါရှိနေပါသေးသလား။

ဘုရားသခင်သည် မိမိ၏ လူတို့အားစမ်းသပ်ရန် အကြံရှိ တော်မူသည်။ ထိုကြောင့် လက်တော်သည် အနာဂတ္တိဆိုင်ရာအချိန် များကိုရေတွက်ရာတွင်မှားယွင်းမှုတစ်ခုကိုဖုံးကာထားတော်မူခဲ့သည်။

မျှော်လင့်ထားသည့်အချိန်ကျော်သွားသော်လည်း ခရစ်တော် သည်ကြွလာတော်မမူခဲ့ပါ။ ကယ်တင်ရှင်ကို စောင့်မျှော်ခဲ့ကြသူများ သည် အလွန်စိတ်ပျက်ခဲ့ကြပါသည်။ ဤတွင် ကြွလာခြင်းကိုစောင့် မျှော်နေသူများ၏စိတ်နှလုံးကိုဘုရားသခင် စစ်ဆေးနေပါသည်။များ စွာသောသူတို့သည် သေမှာကြောက်လို့သာ စောင့်မျှော်ခဲ့ခြင်းဖြစ် ရာ ခရစ်တော်ကြွလာမည်ဟု မိမိတို့ ဘယ်တုန်းကမှမယုံကြည်ခဲ့ ကြောင်း၊ သူတို့ ကြွေးကြော်ခဲ့ကြသည်။ သူတို့သည် စစ်မှန်သောယုံ ကြည်သူများ၏ ဝမ်းနည်းမှုကို ပြက်ရယ်ပြုသူများတွင် ရှေ့ဆုံးကပါ ဝင်ခဲ့ကြသည်။

သို့ရာတွင် ခရစ်တော်နှင့်တကွ ကောင်းကင်တမန်များသည် စိတ်ပျက်အားငယ်နေသည့် ထိုသစ္စာရှိတပည့်တော်များကို သနားကြင်နာခြင်း၊ ချစ်ခင်ခြင်းအပြည့်ဖြင့် ကြည့်ရှုနေကြပါသည်။ အကယ်၍သာ မျက်မြင်ရသောအရာများနှင့် မျက်မြင်မရသောအရာများအကြား ခြားနားထားသည့် ကန့်လန့်ကာကို ဖယ်ရှားလိုက်မည်ဆိုလျှင် ဖေါက်ပြန်ခြင်းမရှိသော ထိုအသက်ဝိညာဉ်များအနီးသို့ ကောင်းကင်တမန်များချဉ်းကပ်လာကာ စာတန်၏ မီးစက်လက်နက်များအန္တရာယ်မှ ကာကွယ်နေသည်ကို မြင်တွေ့ကြရလိမ့်မည်။

-----o-----

## အခန်း (၂၁)
## လေပွေစပါးကိုရိတ်သိမ်းခြင်း

ဝီလီယံမီလာနှင့် သူ၏လက်ထောက်များသည် အသင်းတော်၏စစ်မှန်သော မြော်လင့်ချက်နှင့် ပို၍နက်နဲသောခရစ်ယာန်အတွေ့အကြုံရဖို့လိုအပ်နေသည်ကို ဘာသာရေးဆရာကြီးများ ပြန်လည်သိရှိလာရန် ကြိုးစားခဲ့ကြပါသည်။ မပြောင်းလဲသေးသောသူများအားနောင်တရကာ ပြောင်းလဲလာဖို့လည်း သူတို့လုပ်ဆောင်ခဲ့ကြသည်။ "အသင်းအဖွဲ့တစ်ခုထဲသို့ လူများဝင်လာအောင် သူတို့မကြိုးစားခဲ့ကြပါ။ အဖွဲ့အစည်းအသင်းအဖွဲ့အားလုံးကြားမှာပင် သူတို့လုပ်ဆောင်ခဲ့ကြသည်။" "အားလုံးအကျိုးရှိဖို့လို ကျွန်တော် ကျွန်တော်စဉ်းစားခဲ့တယ်။

ခရစ်ယာန်အားလုံးသည် ခရစ်တော်ကြွလာခြင်းဆိုင်ရာအမြင်အပေါ်မှာ လက်ခံကြိုဆိုကြသည်ဖြစ်စေ၊ ကျွန်တော့်အမြင်နှင့်မတူဘဲ၊ ဤကြွလာခြင်းဆိုင်ရာယုံကြည်ချက်ကို ကိုင်စွဲထားသူများအား အချစ်လျော့လာသည်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေအသင်းခွဲပြီး ဘုရားရှခိုးဖို့လိုအပ်မည်ဟု ကျွန်တော်မထင်ခဲ့မိပါဘူး။ကျွန်တော်၏ လုပ်ဆောင်မှုများကြောင့် ပြောင်းလဲခဲ့ပြီးသူများမှအများစုသည် တည်ရှိနေဆဲအသင်းတော်အသီးသီးနှင့် ပူးပေါင်းခဲ့ကြပါသည်" ဟု မီလာပြောခဲ့သည်။

သို့စေကာမူ ဘာသာရေးခေါင်းဆောင်များသည် မြော်လင့်ခြင်းသတင်းစကားကိုဆန့်ကျင်ရန်ဆုံးဖြတ်ခဲ့ကြသည့်အလျောက် ၄င်းတို့၏အသင်းသားများကို ထိုသတင်းစကားအကြောင်း ဟောမည့်တရားပွဲများသို့တက်ရောက်ခွင့်မပြုရုံသာမက၄င်းတို့၏ဘုရားရှိခိုးကျောင်း

များတွင် ထိုမြော်လင့်ခြင်းအကြောင်းကို ပြောခွင့်ပင်မပေးခဲ့ကြချေ။ ထိုယုံကြည်သူများသည် မိမိတို့၏ အသင်းတော်များကို ချစ်ကြသည်။ သို့သော် ငြင်းပယ်ခြင်းခံရသော ထိုအနာဂတ္တိစကားကို ပြန်လည်ဆန်းစစ်ရန် မိမိတို့၌အခွင့်ရှိကြောင်းသိမြင်ကာ ပြန်လည်ဆန်းစစ်ခဲ့ကြသည်။ ထိုနောက် ဘုရားသခင်ကို သစ္စာစောင့်သိရန်ဆုံးဖြတ်ကာ အသင်းခွဲခဲ့ကြရပါသည်။ ၁၈၄၄ ခုနှစ်နွေရာသီတွင် ယုံကြည်သူငါးသောင်းလောက်သည် ၄င်းတို့၏အသင်းတော်အသီးသီးမှ လမ်းခွဲခဲ့ကြပါသည်။

အသင်းတော်များစွာတို့တွင် လောကနှင့်တူလာမှုများ နှစ်နှင့်ချီ၍ ဖြည်းဖြည်းချင်းတိုးပွားလာရာ ဝိညာဉ်ရေးပိုင်းတွင် ကျဆင်းလျက်ရှိပါသည်။ ထိုတိုင်းပြည်ရှိ အသင်းတော်အားလုံးနီးပါး၌ ထင်ရှားသောယုတ်လျော့ကျဆင်းမှုတစ်ခုအတွက် အထောက်အထားများကို ထိုနှစ်တွင် တွေ့ရပါသည်။ ဤအချက်ကို ပုံနှိပ်တိုက်များနှင့်တရားစင်မြင့်နှစ်ခုစလုံးမှ ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံပြောဆိုခဲ့ပါသည်။

ဖီလီဒေးဖီးယားမှ ငြိကာဆရာ၊ တရားဟောဆရာတစ်ဦးဖြစ်သူ ဆန်းစ်က "အခုအချိန်မှာ ဘာသာရေးနိုးကြားမှုလုံးဝမရှိဘူး။ ဝိညာဉ်ရေးပြောင်းလဲမှုလည်း လုံးဝမရှိဘူး။ ယုံကြည်သူများဟာ ကျေးဇူးတော်၌ကြီးထွားမှုမရှိဘူး။ ဝိညာဉ်ကယ်တင်ခြင်းအကြောင်းကို ပြောဆိုဆွေးနွေးဖို့ သူ့ထံသို့မည်သူမှလာပြီး မလေ့လာကြဘူး။ လောကီဘက်ကိုစိတ်ညွတ်မှုသည် တိုးပွားနေသည်။ အသင်းတော်တိုင်းလိုလိုမှာ ဤကဲ့သို့ဖြစ်နေသည်" ဟု ရေးသားတင်ပြခဲ့သည်။

ထိုနှစ်ဖေဖေါ်ဝါရီလတွင် အိုဘာလင်းကောလိပ်မှပါမောက္ခ ဖင်လေက "များသောအားဖြင့် ကျွန်တော်တို့နိုင်ငံမှာရှိနေသည့်

အသင်းတော်များသည် စာရိတ္တပြုပြင်ပြောင်းလဲရေးကိစ္စအားလုံးနီးပါး ကိုလျစ်လျူရှုလျှင် လျစ်လျူရှုသည်။ လျစ်လျူမရှုပါလျှင်လည်းဗီလာ ဆန့်ကျင်နေကြသည်။ ဝိညာဉ်ရေးဆိုင်ရာကိစ္စများအပေါ် ဥပေက္ခာ ပြုခြင်းသည် ကြောက်စရာကောင်းလောက်အောင် ဆိုးရွားနေ ကြောင်း၊ တစ်နိုင်ငံလုံးရှိ ဘာသာရေးဆိုင်ရာ သတင်းစာများကသက် သေခံထားကြသည်။

အသင်းသားများသည်လည်း ဖက်ရှင်နောက်သို့လိုက်နေ ကြကာ ပါတီပွဲများ၊ ကပွဲများ၊ ပျော်ပွဲရွှင်ပွဲများတွင်မယုံကြည်သူများ နှင့် လက်တွဲနေကြသည်။ အသင်းတော်များကိုခြုံကြည့်လိုက်လျှင် ဝမ်းနည်းစရာကောင်းလောက်အောင် နိမ့်ကျညံ့ဖျင်းနေပါသည်။ သူတို့ သည် သခင်ဘုရားနှင့်အလွန်ဝေးသောနေရာသို့ သွားနေကြပြီဖြစ်ရာ ကိုယ်တော်ရှင်သည် ၎င်းတို့ထံမှ ဆုတ်ခွာတော်မူပြီဖြစ်သည်" ဟုပြော ဆိုခဲ့ပါသည်။

## အလင်းတော်ကိုလူသားများဆန့်ကျင်ခြင်း

ဝိညာဉ်ရေးမှောင်မိုက်ကျချေပြီ။ ဘုရားသခင်ဘက်မှတစ် ဖက်သတ်ကျေးဇူးတော်ကို ရုပ်သိမ်းသွားသောကြောင့် ဝိညာဉ်ရေး မှောင်မိုက်ကျသည်မဟုတ်ဘဲ လူသားများက အလင်းတော်ကိုလက် မခံခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ဘုရားကိုမေ့ကာလောကီရေးများ၌ သာဦးစားပေးနေသည့်ယု ဒလူတို့သည် မေရှိယကြွလာခြင်း ကိုမသိရှိခဲ့ကြချေ။သူတို့သည်မယုံ ကြည်သော စိတ်ဖြင့်ကယ်တင်ရှင် အားငြင်းပယ်ခဲ့ကြသည်။ ဘုရားသခင်သည် ကယ်တင်ခြင်းဆိုင် ရာကောင်းချီးမင်္ဂလာများမှ ယုဒများကိုပယ် ရှင်း တော်မူ -----

ခဲ့သည်မဟုတ်ဘဲ သမ္မာတရားကိုငြင်းပယ်ခဲ့သော ထိုသူများသည် "အလင်းအရာ၌အမိုက်၊ အမိုက်အရာ၌အလင်းကို အလွဲယူ" ခဲ့ကြပါသည်။ ဟေရှာ၊ ၅း၂၀။

ထိုယုဒများသည် ဧဝံဂေလိတရားတော်ကို ပြင်းပယ်ပြီးသည့်နောက် သူတို့နှင့်အတူ ဘုရားသခင်မရှိတော့ကြောင်း ဝန်ခံလျက်ရှေးရိုးကိုးကွယ်မှုစနစ်များကို ဆက်လက်ကျင့်သုံးခဲ့ကြသည်။ ဒံယေလအနာဂတ္တိကျမ်းက မေရှိယကြွလာမည့်အချိန်နှင့် ကိုယ်တော်ရှင်အသေခံမည့်အကြောင်းများကို မမှားမယွင်းတိုက်ရိုက်ဖွင့်ဟပြဉ္ဆန်ခဲ့ရာ သူတို့ စိတ်ဓါတ်ကျပြီး ကြွလာမည့်အချိန်ကိုတွက်ချက်ရန် ကြိုးစားသူများအားလုံးအပေါ် ကျိန်ဒဏ်သင့်စေမည်ဟု ကြေညာခဲ့ကြပါသည်။

နောက်ပိုင်းရာစုနှစ်များတွင် ထိုယုဒများသည် ဝိညာဉ်ရေးမျက်စိကွယ်ကာ စိတ်နှလုံးခိုင်မာလျက် ကယ်တင်ခြင်းဆိုင်ရာမွန်မြတ်သော ဖိတ်ခေါ်မှုကို ဂရုမထားကြတော့ချေ။ ဧဝံဂေလိတရားတော်ကောင်းချီးမင်္ဂလာများကို အလေးမထားခဲ့ကြသလို အလင်းတော်ကိုငြင်းပယ်ခြင်းကြောင့် ဖြစ်ပေါ်လာမည့်အန္တရာယ်အကြောင်းသတိပေးစကားများကိုလည်း လျစ်လျူရှုခဲ့ကြသည်။

မိမိကြိုက်နှစ်သက်သောအရာနှင့် ဆန့်ကျင်ဖီလာဖြစ်နေသောကြောင့် မိမိလုပ်ဆောင်သင့်သော အရာများကိုလုပ်ဆောင်ရန်ပျက်ကွက်သောသူများသည်နောက်ဆုံး၌အမှားအမှန်ခွဲခြားနိုင်သည့်အစွမ်းများကိုဆုံးရှုံးကြလိမ့်မည်။ ထိုသူသည် ဘုရားသခင်နှင့်တသီးတခြားရှိနေလေတော့မည်။ ဘုရားသခင်၏ အမှန်တရားကို မထီမဲ့မြင်ပြုသောအသင်းတော်များသည် အမှောင်ထဲတွင်ရှိကြလိမ့်မည်။ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာများလျော့နည်းလာကာ အချင်းချင်းကွဲပြားခြားနားမှု

များနှင့်ရင်ဆိုင်ကြရမည်။ အသင်းသားများသည် လောကီကိစ္စများ နောက်ကိုသာလိုက်တော့သဖြင့် နောင်တမရနိုင်တော့သည့်စိတ်နှလုံး ခိုင်မာသူအပြစ်သားများဖြစ်လာပါတော့သည်။

## ပထမကောင်းကင်တမန်သတင်းစကား

ဘုရားသခင်၏ယုံကြည်သူသားသမီးများအား ဖေါက်ပြန်ပျက်စီးတတ်သောသြဇာလွှမ်းမိုးမှုများမှ ကင်းကင်းနေကြရန် ဗျာ၊၁၄ တွင်ဖေါ်ပြထားသည့် ပထမ ကောင်းကင်တမန်သတင်းစကားက တောင်းဆိုပါသည်။

ကိုယ်တော်ရှင်ထံသို့မလာနိုင်အောင် ကာရံထားသည့် ဒုစရိုက်အကျင့်များကိုပြင်ပေးမည့် သတိပေးစကားတစ်ခု ကိုထိုသတင်းစကား၌ အသင်းတော်သို့ ဘုရားသခင်မိန့်ဆိုနေပါသည်။ စိတ်နှလုံး နှိမ့်ချလျက် ရှေ့တော်တွင် ရပ်ထရန်ပြင်ဆင်ဖို့ကြိုးစားလျက် ထိုသတင်းစကားကို လက်ခံခဲ့ကြမည်ဆိုလျှင် ဘုရားသခင်၏ဝိညာဉ်တော်သည် ၄င်းတို့၌ ထင်ရှားခဲ့ပေလိမ့်မည်။

"ယုံကြည်သောသူအပေါင်းတို့ စိတ်နှလုံးတညီတညွတ်တည်း ရှိခဲ့သော၊" "ကယ်တင်ခြင်းသို့ရောက်သောသူတို့ကို နေ့စဉ်မပြတ် သခင်ဘုရား အသင်းဝင်စေတော်မူခဲ့သော၊" တမန်တော်ခေတ်တွင် ရရှိခဲ့ဖူးသည့်စည်းလုံးညီညွတ်ခြင်း၊ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာများကို အသင်းတော်သည် ပြန်လည်ရရှိလာပေလိမ့်မည်။ တမန်၊ ၄း၃၂။ ၂း၄၇။

အကယ်၍သာ ဘုရားသခင်၏ သားသမီးများသည် နှုတ်ကပတ်တော်မှ အလင်းတရားကို လက်ခံရရှိခဲ့ကြမည်ဆိုလျှင်

"စိတ်သဘောမခြားမနား တစ်လုံးတစ်ဝတည်းဖြစ်လာမည်။" "သင်တို့ကို ခေါ်တော်မူခြင်းနှင့်စပ်ဆိုင်သော မြော်လင့်ခြင်းတစ်ပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏။ သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး၊ ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏" ဟု ရှင်ပေါလုဖွင့်ဆိုသည့်အတိုင်း တစ်လုံးတစ်ဝတည်းဖြစ်လာကြလိမ့်မည်။ ဧဖက် ၄း၃-၅။

မြော်လင့်ခြင်းသတင်းစကားကို လက်ခံလာကြသူများသည် ဂိုဏ်းဂဏအသီးသီးမှလာကြသည်ဖြစ်ရာ ၄င်းတို့၏ဂိုဏ်းဂဏဆိုင်ရာအဟန့်အတားများကို ဖယ်ရှားပစ်ခဲ့ကြသည်။ ဆန့်ကျင်ဘက်ဖြစ်နေသောယုံကြည်ချက်များကို ချေမှုန်းပစ်ခဲ့ကြသည်။ ဒုတိယအကြိမ်ကြွလာခြင်းနှင့်ဆိုင်သည့် မှားယွင်းသောအမြင်များကိုလည်း ပြုပြင်ခဲ့ကြသည်။

အမှားများကို အမှန်သို့ပြင်ဆင်ကာ စိတ်နှလုံးညီညွတ်စွာဖြင့် ပျော်ရွှင်စွာမိတ်သဟာယဖွဲ့ခဲ့ကြသည်။ ချစ်ခြင်းမေတ္တာသည် သာ၍င်းတို့အား စိုးမိုးခဲ့ပါသည်။ ခပ်သိမ်းသောလူအပေါင်းတို့သည် ထိုသတင်းစကားကို လက်ခံခဲ့ကြလိမ့်မည်ဆိုလျှင် ထိုလူအားလုံးသည် အထက်ပါ အခြေအနေတွင်သာ အသက်ရှင်နေထိုင်ကြရလိမ့်မည်။

ခရစ်တော်ကြွလာခြင်းနှင့်ဆိုင်သော အရိပ်အယောင်များကို ကင်းစောင့်များကဲ့သို့ ပထမဦးဆုံးသိမြင်သင့်သော တရားဟောဆရာများသည် ပုရောဖက်ရေးသားချက်များနှင့် ခေတ်ကာလ၏နိမိတ်လက္ခဏာများကိုလေ့လာရန် ပျက်ကွက်ခဲ့ကြပါသည်။ ဘုရားသခင်ကိုချစ်သည့်မေတ္တာနှင့် နှုတ်ကပတ်တော်အပေါ် ထားသည့်ယုံကြည်ခြင်းများသည် လျော့နည်းလာကာ ထိုကြွလာခြင်းသတင်းစကားသည်

၄င်းတို့အားမယုံကြည်မှုကိုသာ တိုးပွားစေခဲ့ပါသည်။ "မင်းများ၊ ဖါရိရှဲများတို့တွင် သူ့ကိုယုံကြည်သောသူတစ်စုံတစ်ယောက်မျှရှိသလော" ဟု ရှေးခေတ်ကပုဂ္ဂိုလ်များက ခရစ်တော်အပေါ် သံသယရှိခဲ့ကြသလို ၄င်းတို့သည်လည်း နှုတ်ကပတ်တော်၏ သက်သေခံချက်အပေါ် မေးခွန်းထုတ်နေကြပါသည်။ အနာဂတ္တိစကားများကို တံဆိပ်ခတ်ထားသည်ဖြစ်ရာ မည်သူမျှနားမလည်နိုင်ပါဟု သွန်သင်လျက် လူအများအား အနာဂတ္တိကျမ်းများကိုလေ့လာဖို့ အားမပေးခဲ့ကြချေ။

မိမိတို့၏ အသင်းအုပ်ဆရာများကို ယုံကြည်ကိုးစားသူများသည် ထိုသတင်းစကားကိုနားထောင်ရန် ငြင်းဆိုကြပါသည်။ တချို့မှာမူ သမ္မာတရားကို သဘောပေါက်နားလည်ပါသော်လည်း အသင်းတော်မှ ထုတ်ပစ်မည်စိုးသဖြင့် ပွင့်ပွင့်လင်းလင်းလက်မခံရဲကြပေ။ ယောဟန် ၉း၂၂။ မည်ရွေ့မည်မျှလောက်သော အသင်းသားများသည် ခရစ်တော်ထက် လောကကို ချစ်ခင်တွယ်တာနေကြကြောင်းစမ်းသပ်ရန် ဘုရားရှင်သည် ထိုသတင်းစကားကိုပေးတော်မူပါသည်။

လောကဆန်ခြင်း၊ ယုံကြည်ခြင်း ဖေါက်ပြန်ခြင်းနှင့်ဝိညာဉ်ရေးသေခြင်း၊ စသည့် ၁၈၄၄ ခုနှစ် အသင်းတော်တွင် ဖြစ်ပေါ်နေသည့် ကြောက်စရာအခြေအနေများသည် ပထမ ကောင်းကင်တမန်၏သတင်းစကားကို ငြင်းပယ်ရခြင်း၏ အကြောင်းရင်းဖြစ်ပါသည်။

## ဒုတိယကောင်းကင်တမန်သတင်းစကား

ဗျာဒိတ်ကျမ်း ၁၄ တွင် ပထမကောင်းကင်တမန်ကြွေးကြော်ပြီးသည့်နောက် ဒုတိယ ကောင်းကင်တမန်က "ဗာဗုလုန်မြို့ကြီး

ပြိုလဲပြီ။ မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသော စပျစ်ရည်ကို လူမျိုးအပေါင်းတို့အား တိုက်လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲပြီ" ဟု ဆက်တိုက်ကြွေးကြော်ခဲ့ပါသည်။ ဗျာ၊ ၁၄း၈။ ဗာဗုလုန်၏ အနက်ကား ရှုပ်ထွေးခြင်းဖြစ်၏။ သမ္မာကျမ်းစာတွင် ဗာဗုလုန်ဟူသော အသုံးအနှုန်းကို မှားယွင်းလမ်းလွှဲသောဘာသာအယူဝါဒများအတွက်လည်းသုံးပါသည်။

ဗျာ၊ ၁၇ တွင် ဗာဗုလုန်ဆို သည့်စကားရပ်သည် အမျိုးသမီးကို အသင်းတော်၏အထိမ်းအမှတ်တစ်ခုအဖြစ်လည်း အသုံးပြုပါသည်။ သီလနှင့်ပြည့်စုံသောမိန်းမသည် စင်ကြယ်သောအသင်းတော်ကိုပုံဆောင်၍ ဆိုးညစ်သောမိန်းမမှာမှားယွင်းသောအသင်းတော်ကိုပုံဆောင်ထားပါသည်။

သမ္မာကျမ်းစာတွင် ခရစ်တော်နှင့်ကိုယ်တော်၏အသင်းတော်အကြားဆက်နွယ်မှုကို မင်္ဂလာဆောင်ခြင်းနှင့်ပုံဆောင်ပါသည်။ "ငါသည် ကိုယ့်အဖို့ သင့်ကိုအစဉ်အမြဲ သိမ်းယူမည်။ ဖြောင့်မတ်ခြင်း ----- နှင့်အညီ ကိုယ့်အဖို့ သင့်ကိုသိမ်းယူမည်။"

"ငါသည်သင်တို့ကိုသီလနှင့်ပြည့်စုံသောသတို့သမီးကညာကဲ့သို့ ခရစ်တော်အားဆက်အပ် သောငှာသင်တို့ကိုလင်တစ်ဦး နှင့်ထိမ်းမြားဆောင်နှင်းပြီးဖြစ်သည်။" ဟောရှေ ၂း၁၉။ ၂ကော၊ ၁၁း၂။

## ဝိညာဉ်ရေးဆိုင်ရာနောက်မီးလင်းခြင်း

လောကီကိစ္စများကို စိတ်ဝိညာဉ်အပေါ်စိုးမိုးခွင့်ပြုခြင်းအားဖြင့်ခရစ်တော်အား သစ္စာစောင့်သိမှုမရှိခြင်းသည် လက်ထပ်စဉ်က

ပြုထားသည့် ကတိသစ္စာကိုဖေါက်ဖျက်ခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ သခင်ဘုရားထံမှ ကြွသရေလများစွန့်ခွာသွားသည့်အပြစ်ကို ဤပုံဆောင်မှုအားဖြင့် တင်ပြထားပါသည်။

"အိုကြွသရေလအမျိုးမယားသည် မိမိခင်ပွန်း၌ သစ္စာဖျက်သကဲ့သို့ အကယ်စင်စစ်သင်တို့သည် ငါ၌သစ္စာဖျက်ကြပြီ။" "ကိုယ်မဆိုင်သောယောကျ်ားကိုကိုယ် လင်၏ ကိုယ်စားလက်ခံ၍ မျောက်မထားသော မိန်းမနှင့်တူ၏။"ယေရမိ ၃း၂၀။ ယေဇကျေလ ၁၆း၃၂။

ရှင်ယာကုပ်ကလည်း "မတရားသော မေထုန်၌မှီဝဲသော ယောကျ်ား၊ မိန်းမတို့၊ လောကီမတ်သဟာယသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့်မိတ်သဟာယဖွဲ့လိုသောသူသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်ကိုမသိကြသလော။ ဤလောကနှင့် မိတ်သဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏" ဟု မိန့်ဆိုပါသည်။ ယာကုပ်၊ ၄း၄။

"ထိုမိန်းမသည် အဝတ်နီ၊ အဝတ်မောင်းကိုဝတ်လျက်ရွှေတန်ဆာ၊ ကျောက်မြက်တန်ဆာ၊ ပုလဲတန်ဆာကို ဆင်လျက်ရှိ၏။ စက်ဆုပ်ရွံရှာဖွယ်သောအရာနှင့်လည်းကောင်း၊ မိမိမတရားသော မေထုန်၏ ညစ်ညူးခြင်းနှင့်လည်းကောင်း ပြည့်သောရွှေဖလားကို ကိုင်လျက်ရှိ၏။

နဖူး၌ အက္ခရာတင်ထားသောဘွဲ့မှုကား နက်နဲသောအရာ၊ ဗာဗုလုန်မြို့ကြီး၊ ပြည့်တန်ဆာတို့၏အမိ --- ထိုမိန်းမသည်သန့်ရှင်းသူတို့၏အသွေး၊ ယေရှု၏ သက်သေခံတို့၏အသွေးနှင့်ယစ်မူးသည်ကို ငါမြင်၏။" ဗာဗုလုန်သည် "လောကီရှင်ဘုရင်တို့ကိုအုပ်စိုးသောမြို့ကြီးဖြစ်သတည်း။ ဗျာ၊ ၁၇း၄-၆၊၁၈။

ခရစ်ယာန်နိုင်ငံများမှ ဘုရင်များအပေါ် နှစ်ပေါင်းများစွာ စိုးမိုးထားသည့် တန်ခိုးမှာ ရောမပင်ဖြစ်သည်။ နီမောင်းသောအရောင် ရွှေ၊ ကျောက်မြတ်များနှင့် ပုလဲရတနာများသည် မာနထောင်လွှား နေသော ရောမက မြတ်နိုးသည့် ကြီးကျယ်ခမ်းနားမှုများဖြစ်သည်။ သန့်ရှင်းသူများ၏အသွေးနှင့် ယဇ်မူးသည်ဟုဆိုရာတွင် ခရစ်တော်၏ နောက်လိုက်များကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ထိုအသင်းတော် မှတစ်ပါး အခြားမည်သည့်တန်ခိုးအာဏာမျှ မဖြစ်နိုင်ပါချေ။

လောကီရှင်ဘုရင်များနှင့် မမှန်ကန်သောနည်းအားဖြင့်ဆက် နွှယ်နေကြောင်းလည်း ဗာဗုလုန်အား စွပ်စွဲထားပါသည်။ ယုဒအ သင်းတော်သည် သခင်ဘုရား၌ သစ္စာဖျက်ကာ တစ်ပါးအမျိုးသား များနှင့် မိတ်သဟာယဖွဲ့ခဲ့သဖြင့် ပြည့်တန်ဆာဖြစ်လာခဲ့ပါသည်။ လောကီဘုရင်တို့၏ ထောက်ခံမှုကိုရရန် ကြိုးစားနေသောရောမသည် လည်း ထိုကဲ့သို့သောအဖြစ်နှင့်ရင်ဆိုင်ရပေမည်။

ဗာဗုလုန်သည် ပြည့်တန်ဆာတို့၏ မိခင်ဖြစ်သည်။ သူမ၏ သမီးများမှာ သူမ၏ယုံကြည်ချက်များကိုစွဲလမ်း၍ လောကနှင့်မဟာ မိတ်ပြုရန် သမ္မာတရားကို နင်းချေသည့် သူမ၏ နမူနာပုံစံကိုလိုက် လျှောက်နေသော အသင်းတော်များဖြစ်သည်။ ဗာဗုလုန်မြို့ကြီးကျ ဆုံးပြီဆိုသည့်အသုံးအနှုန်းမှာ တစ်ချိန်က ဖြူစင်ခြင်းရှိသော ဘာ သာရေးအဖွဲ့အစည်းများ၏ ဖောက်ပြန်ပျက်စီးလာခြင်းကိုဆိုလိုခြင်းဖြစ် ပါသည်။

ဤသတင်းစကား၏ နောက်မှ တရားစီရင်ရေးဆိုင်ရာ သတိပေးစကား ဆက်တိုက်ပါလာသည့်အတွက် ဤသတင်းစ ကားသည် နောက်ဆုံးသောနေ့ရက်များတွင် ပေးအပ်သော သတိ ပေးစကားများဖြစ်ရမည်။ ထို့ကြောင့် ဗာဗုလုန်ဆိုသည့်အသုံးအနှုန်း

သည် ကာတိုလိတ်အသင်းတော်တစ်ခုတည်းကိုသာရည်ညွှန်းနေသည် မဟုတ်နိုင်ပါ။ အကြောင်းမှာ ထိုအသင်းတော်ကျဆုံးသွားသည်မှာ ရာစုနှစ်များစွာကြာခဲ့ချေပြီ။

၄င်းပြင် လူများကို ဗာဗုလုန်ထဲကထွက်လာရန်ခေါ်နေပါသည်။ ထိုကျမ်းချက်အရ၊ ဘုရားသခင်၏ လူများစွာတို့သည် ဗာဗုလုန်ထဲတွင်ရှိနေဆဲဖြစ်နေလိမ့်မည်။ ခရစ်တော်၏ နောက်လိုက်အများစုကိုမည်သည့်ဘာသာရေးအဖွဲ့အစည်းထဲတွင် ယခုတွေ့နိုင်မည်နည်း။ ပရိုတက်စတင့်ယုံကြည်ခြင်းကိုလက်ခံထားသည့် အသင်းတော်များတွင်တွေ့နိုင်မည်မဟုတ်ပါလား။

ဤအသင်းတော်များပေါ်ထွန်းလာသည့်အချိန်၌ ၄င်းတို့သည် သမ္မာတရားအတွက် မားမားမတ်မတ်ရပ်တည်ခဲ့ကြရာ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများသည်၄င်းတို့နှင့်အတူရှိခဲ့သည်။ သို့ရာတွင် ရှေးခေတ်ဓမ္မသရေလများကဲ့သို့မယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ကာ၄င်းတို့၏အမူအကျင့်များကိုအတုခိုးကျင့် ဆောင်လာသောအချိန်တွင်သူတို့ကျဆုံးခဲ့ကြပါသည်။

## လောကနှင့်ပူးပေါင်းခြင်း

ပရိုတက်စတင့်အသင်းတော်များစွာတို့သည် ရောမ၏ပုံစံနမူနာကိုလိုက်လျှောက်ခဲ့ကြသည်။အစိုးရက အသိအမှတ်ပြုထားသည့် အသင်းတော်များသည် နိုင်ငံတော်၏အစိုးရမင်းများနှင့်ဆက်သွယ်ခြင်းအားဖြင့်လည်းကောင်း၊ ဂိုဏ်းဂဏများသည် လောက၏ထောက်ခံမှုရအောင် ကြိုးစားခြင်းအားဖြင့်လည်းကောင်း လောကီရှင်ဘုရင်များနှင့် အဆက်အသွယ်ပြုခဲ့ကြသည်။ မိမိတို့၏ယုံကြည်ချက်

များကို သမ္မာကျမ်းစာမှရယူလျက်ရှိကြောင်း ဝန်ခံလျက် တစ်ခုနှင့်တစ်ခု မဆီလျော်သည့်ယုံကြည်ချက်အသေးအဖွဲ့ကလေးများအထိ မရေမတွက်နိုင်အောင် ခွဲခြမ်းစိတ်ဖြာနေသည့် ဘာသာရေးအဖွဲ့အစည်းကို ရှုပ်ထွေးခြင်းဟုအနက်ရသော၊ ဗာဗုလုန်ဟူသောအသုံးအနှုန်းကို သုံးထားခြင်းဖြစ်နိုင်သည်။

"ရောမအသင်းတော်သည် သန့်ရှင်းသူများနှင့်စပ်ဆိုင်သောရုပ်တုများကို ကိုးကွယ်ခြင်းကြောင့် အပြစ်ရှိသည်ဟုဆိုလျှင် သူ၏သမီးဖြစ်သူ အင်္ဂလန်အသင်းတော်သည်လည်း ထိုအပြစ်မျိုးကိုကျူးလွန်နေပါသည်။ ခရစ်တော်အတွက် ဆက်ကပ်ထားသည့်ဘုရားကျောင်းတစ်ခုရှိတိုင်း မယ်တော်မာရိအတွက် ဆက်ကပ်ထားသည့်ဘုရားကျောင်းဆယ်ကျောင်းရှိနေပါသည်" ဟု ကာတိုလိတ်အသင်းတော်ကငြင်းချက်ထုတ်ထားပါသည်။

"ခရစ်ယာန်ဆန့်ကျင်ရေးစိတ်ဓါတ်နှင့် ဓလေ့အကျင့်များကို ရောမအသင်းတော်တစ်ခုတည်းက ကျင့်ဆောင်နေသည့်ဟုပြောဆိုရန်မှာ ယထာဘူတကျမည်မဟုတ်ချေ။ ပရိုတက်စတင့်အသင်းတော်များ၌လည်း ထိုစိတ်ဓါတ်မျိုးနှင့် အကျင့်ဓလေ့များရှိနေသည့်ပြင် ဖေါက်ပြန်ပျက်စီးမှုနှင့် ဆိုးညစ်မှုများကို လုံးလုံးကြီးပြုပြင်နိုင်ဖို့ရန်ခရီးဝေးကွာနေပါသေးသည်" ဟု ဒေါက်တာဟုတ်ကင်းကကြွေးကြော်ခဲ့သည်။

ရောမအသင်းတော်မှ ပရက်စ်ဆက်တီးရီးယန်းအသင်းတော်ကြီး ခွဲထွက်လာခြင်းနှင့်ပတ်သက်၍ ဒေါက်တာဂူးသီးယားက "ကျွန်တော်တို့ အသင်းတော်သည် မိမိ၏အလံပေါ်မှာ သမ္မာကျမ်းစာကိုဖွင့်လျက် "သမ္မာကျမ်းစာကို စေ့စေ့ကြည့်ရှုကြလော့" ဟူသော၊

ဆောင်ပုဒ်ကိုရင်ဝယ်ပိုက်လျက် လွန်ခဲ့သောနှစ်ပေါင်းသုံးရာအချိန်က ရောမ၏ဂိတ်ထကြာထွက်ခဲ့ပါသည်" ဟု ဖွင့်ဆိုခဲ့သည်။ ထိုနောက် "သူတို့ဟာ ဗာဗုလုန်ထဲက လုံးလုံးကြီးထွက်ခဲ့ကြသလား" ဟူသော အရေးကြီးသည့်မေးခွန်းတစ်ခုကို သူမေးခဲ့သည်။

## ဧဝံဂေလိတရားတော်ကို ပထမအကြိမ်သစ္စာဖေါက်ခြင်း

ထိုအသင်းတော်သည် ဧဝံဂေလိတရားတော်ကို ပထမအကြိမ်အဖြစ် မည်သို့မည်ပုံသစ္စာဖေါက်ခဲ့သနည်း။ ခရစ်ယာန်ဘာသာကို တစ်ပါးအမျိုးသားများလက်ခံနိုင်အောင် ပြင်ဆင်သည့်အနေဖြင့် ရုပ်တုကိုးကွယ်မှုများနှင့် ဆီလျော်လာအောင် ပြုပြင်ခြင်းအမှုအားဖြင့် သစ္စာဖေါက်ခဲ့သည်။

"၂ ရာစုနောက်ပိုင်းအချိန်များတွင် အသင်းတော်များသည် ပုံစံအသစ်တစ်ခုကို ကျင့်သုံးခဲ့ပါသည်။ ရှေးတပည့် တော်ကြီးများသည် အသစ်ဝင်ရောက်လာသည့်ယုံကြည်သူများနှင့်အတူ ပုံစံအသစ်ဖြင့် အမှုတော်ကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။"

"အသင်းတော်ထဲသို့ စီးဝင်လာသော ရုပ်တုကိုးကွယ်မှုဆိုင်ရာ ရေများနှင့်အတူ ၎င်းတို့၏အကျင့်ဓလေ့များ၊ ကျင့်ဆောင်မှုများနှင့် ရုပ်တုများကို သယ်ဆောင်လာခဲ့ကြပါသည်။" ထိုကြောင့် ခရစ်ယာန်သာသနာသည် လောကမင်းများ၏ ထောက်ခံမှုကိုရခဲ့ပါသည်။

လူထုကြီးသည် ဖြစ်ရိုးဖြစ်စဉ်အတိုင်း လက်ခံခဲ့ကြသော် လည်းများစွာသောထိုပြောင်းလဲသူများသည် ရုပ်တုများကို တိတ်တဆိတ်ကိုးကွယ်နေကြဆဲဖြစ်ပါသည်။

ပရိုတက်စတင့်ဟု မိမိကိုယ်ကိုမှည့်ခေါ်နေကြသည့်အသင်းတော်တိုင်းလိုလိုသည် ထိုကဲ့သို့ ဖြစ်နေခဲ့ကြသည်မဟုတ်ပါလား။ ပြုပြင်ပြောင်းလဲရေးအပေါ် စိတ်သဘောထားအမှန်ရှိသော ထိုတည်ထောင်သူများသည် ခရစ်တော်၌အိပ်ပျော်ခဲ့ကြသည့်နောက် နောင်လာနောက်သားများက ထိုအမှုတော်ကို ပုံစံအသစ်ဖြင့်လုပ်ဆောင်ခဲ့ကြသည်။

မိမိတို့၏ ဘိုးဘေးများ ကြုံတင်တွေ့ရှိခဲ့သည့်အမှန်တရားများကို မျက်စိစုံပိတ်ပြီး ငြင်းဆန်လျက် ပြင်ပြင်ပြောင်းလဲရေးသမားကြီးများ၏သားမြေးများသည် လောကအလိုကိုမလိုက်ခြင်း၊ ကိုယ်အလိုကိုမလိုက်ခြင်းဆိုင်ရာ နမူနာပုံစံများကိုကျော်ခိုင်းခဲ့ကြပါသည်။

ရေပန်းစားနေသော အသင်းတော်များစွာတို့သည် သမ္မာကျမ်းစာ၏စံကို ကျော်ခိုင်းခဲ့ကြပါတကား။ ငွေကြေးကိစ္စနှင့်ပတ်သက်၍ ဂ္ဂန်ဝက်စလေက "ဈေးကြီး၍ လိုသည်ထက်ပိုကောင်းနေသည့်အဝတ်အစားများအတွက် တန်ဖိုးရှိလှသောငွေတစ်ပြားကိုမျှမသုံးပါနှင့်။

မရှိလျှင်လည်းဖြစ်နေသော လက်ဝတ်ရတနာများအတွက်လည်း ငွေတစ်ပြားမှမသုံးပါနှင့်။ အိမ်ကိုအလှပြင်ဖို့နှင့်တန်ဖိုးကြီးလှသောပရိဘောဂများအတွက်လည်း ငွေကိုမဖြုန်းပါနှင့်။ တန်ဖိုးကြီးပြီး ဗန်းပြကောင်းသည့် ပန်းချီကားများအတွက်လည်း မဖြုန်းပါနှင့်။

သင်သည် ဝတ်ကောင်းစားလှများကို ဆင်ယင်ကာနေ့စဉ်နှင့်အမျှ ခမ်းခမ်းနားနားကျွေးမွေးခဲ့မည်ဆိုလျှင် သင်၏ရက်ရောမှုဧည့်ဝတ်ကျေပွန်မှုနှင့် ကြီးကျယ်ခမ်းနားမှုများကို သေချာပေါက်ချီးမွမ်းကြပေလိမ့်မည်။ သို့သော် ဘုရားသခင်ထံမှလာသည့်ဂုဏ်ပြုခြင်းကိုရရှိမှသာ ပို၍ကျေနပ်သင့်ပါသည်" ဟု သွန်သင်ခဲ့ပါသည်။

အုပ်ချုပ်သူမင်းများ၊ နိုင်ငံရေးသမားများ၊ ဥပဒေပညာရှင်များ၊ ဆရာဝန်များ၊ ကုန်သည်များတို့သည် ၎င်းတို့၏လောကီအကျိုးအလို့ငှာ အသင်းတော်ထဲသို့ဝင်လာကြပါသည်။ ထိုဘာသာရေးအဖွဲ့အစည်းများသည် နှစ်ခြင်းခံလာသည့် ထိုအထင်ကရ ပုဂ္ဂိုလ်များ၏ စည်းစိမ်များဖြင့် ပံ့ပိုးကူညီမှုကြောင့် ပို၍ရေပန်းစားလာပါသည်။

ကြီးကျယ်ခမ်းနားသည့် ဘုရားကျောင်းများကို တည်ဆောက်ခဲ့ကြသည်။ လူထုကိုဖြေဖျော်ရန် တရားဟောကောင်းသည့် တရားဟောဆရာများကို လစာကောင်းကောင်းပေးခဲ့သည်။ သူ၏တရားဟောချက်များသည် အများကိုအကြိုက်တွေ့စေမည့် နားဝင်ချိုသည့် တရားဟောချက်များ ဖြစ်ရပါမည်။ ဤနည်းအားဖြင့် ခေတ်မီသော ဒုစရိုက်များကို ဘုရားဝတ်၌မွေ့လျော်သည့် ဟန်ဆောင်မှုအောက်တွင် ဖုံးကွယ်ထားခဲ့သည်။

"ယုံကြည်သူနှင့်မယုံကြည်သူများအကြား ခွဲခြားထားသည့် လိုင်းကလေးသည် မှေးမှိန်သွားလိုက်သည်မှာ ရေးရေးကလေးသာ မြင်ရပါတော့သည်။ နှစ်ဖက်စလုံးတွင်ရှိနေသော စိတ်အားထက်သန်သူများသည် ပြုမူလုပ်ဆောင်မှုခြားနားချက်များကို ရှင်းထုတ်ပစ်ရန် ကြိုးစားနေကြသည်" ဟု နယူးရော့အင်ဒီပင်းဒင့်တွင်ဖော်ပြခဲ့သည်။

လောကသာယာမှုကိုရှာဖွေနေသည့် ဤဒီလှိုင်းဒဏ်ကြောင့် ခရစ်တော်အတွက်အနာခံရန် စိတ်ဓါတ်များသည် လုံးလုံးကွယ်ပျောက်လုမတတ်ဖြစ်နေပါသည်။ "ရန်ပုံငွေလိုလျှင် ထည့်ဝင်ဖို့ မည်သူ့ကိုမျှ ခေါ်စရာမလိုပါဘူး။ လုံးဝမလိုပါဘူး။ ဈေးအရောင်းပွဲတော်ကလေး ကျင်းပလိုက်၊ သရုပ်ဖော်ပြဇာတ်တိုကလေးတစ်ခုပြလိုက် (သို့မဟုတ်) ရှေးဟောင်းညစာစားပွဲကလေးကျင်းပလိုက်၊ လူတွေရဲ့စိတ်ကိုမြူးကြွ

သွားစေမည့်တစ်ခုခုကိုစီစဉ်ပေးလိုက်ရင် ရန်ပုံငွေရနိုင်တယ်”ဟုလည်း ဖေါ်ပြထားပါသည်။

ရောဘတ်အက်တလင်းသည် အင်္ဂလန်ပြည်၏ဝိညာဉ်ရေး ကျဆင်းခြင်းသရုပ်ဖေါ်သည့် ရုပ်ပုံတစ်ခုကိုရေးဆွဲပါသည်။ “အယူဝါဒ ဖေါက်ပြန်ခြင်းဆိုသည့်စကားလုံးများကို ဘုရားကျောင်းတိုင်း၏ရှေ့ တွင် ရေးသားစိုက်ထူထားသည်။ ဒါကိုသူတို့သိပြီး သဘောပေါက် ရင် သူတို့မှာမြော်လင့်ချက်ရှိသေးတယ်။ ဒါပေမယ့် သူတို့ကငါတို့ ဟာချမ်းသာတယ်။ ဥစ္စာပစ္စည်းတွေတိုးပွားနေတယ်။ ဘာမှမလို ဘူး” ဟု အော်နေကြပါတကား။

ဗာဗုလုန်အစွပ်စွဲခံရသောအပြစ်ကြီးတစ်ခုမှာ “မိမိမတရား သောမေထုန်၏အဆိပ်အတောက်တည်းဟူသော စပျစ်ရည်စစ်ကို လူမျိုးအပေါင်းတို့အားတိုက်” သည့်အပြစ်ဖြစ်သည်။ ထိုခွက်ဖလား သည် လောကနှင့်မိတ်ဖွဲ့မိသဖြင့် သူမရရှိခဲ့သည့် မှားယွင်းသော ယုံကြည်ချက်များကို ပုံဆောင်ပါသည်။ သမ္မာကျမ်းစာ၏ရှင်းလင်း သောဖွင့်ဆိုချက်များနှင့်ဆန့်ကျင်သည့် ယုံကြည်ချက်များကို သွန်သင် ခြင်းဖြင့် သူမက ကမ္ဘာကြီးအား ဖေါက်ပြန်ပျက်စီးသောသြဇာလွှမ်း မိုးမှုတစ်ခုကို တစ်ပြန်ဖြစ်စေပါသည်။

လူထုကြီးသည် ဗာဗုလုန်၏စပျစ်ရည်ဖြင့် မယဇ်မူးခဲ့သူဆို လျှင် နှုတ်ကပါတ်တော်မှရှင်းလင်းသော အမှန်တရားများကို သဘော ပေါက်ကာ ပြောင်းလဲလာခဲ့ကြလိမ့်မည်။ သို့ရာတွင် မည်သည့်အရာ ကိုယုံကြည်ရမည်ကိုဝေခွဲခြင်းငှာ မတတ်နိုင်လောက်အောင်ဘာသာ ရေးဆိုင်ရာယုံကြည်ချက်များသည် ရှုပ်ထွေးနေပါသည်။နောင်တမရ ခြင်းအပြစ်သည် အသင်းတော်တံခါးဝတွင်စုပုံနေပါသည်။

ဒုတိယကောင်းကင်တမန်၏သတင်းစကားသည် ၁၈၄၄ ခုနှစ်တွင် လုံးလုံးပြည့်စုံခြင်းသို့မရောက်ခဲ့သေးပါ။ မြော်လင့်ခြင်းသတင်းအလင်းတရားများကို ငြင်းပယ်ခဲ့ကြသဖြင့် အသင်းတော်များသည် ကိုယ်ကျင့်တရားများ ဖေါက်ပြန်ပျက်စီးခဲ့သည်မှာ မှန်သော်လည်းကျဆုံးခြင်းသည် အဆုံးတိုင်မရောက်သေးပါ။ အထူးသတင်းစကားကို လက်ခံရန် ဆက်၍ငြင်းပယ်လေ၊ ဆက်၍ နိမ့်ကျသွားလေဖြစ်နေပါသည်။

သို့ရာတွင် "မိမိမတရားသောမေထုန်၏အဆိပ်အတောက်တည်းဟူသော စပျစ်ရည်စစ်ကို လူမျိုးအပေါင်းတို့ကိုတိုက်သောကြောင့် ဗာဗုလုန်မြို့ကြီးပြိုလဲသွားပြီ" ဟုတော့ မပြောနိုင်သေးပါချေ။ ပရိုတက်စတင့်အသင်းတော်များတွင် ဒုတိယကောင်းကင်တမန်၏သတင်းစကားကို ငြင်းပယ်သည့်အထဲတွင် ပါဝင်နေပါသည်။သို့ရာတွင် အယူဝါဒဖေါက်ပြန်မှုမှာ အဆုံးတိုင်သို့ မရောက်ရှိသေးပါ။

ခရစ်တော်ကြွလာခြင်းမတိုင်မီတွင် စာတန်သည် "ပြုပြင်သောအားဖြင့် မုသားနှင့်စပ်ဆိုင်သော ထူးဆန်းသောတန်ခိုး၊ မိမိ၏လက္ခဏာ၊ အံ့ဖွယ်သော အမှုအမျိုးမျိုးနှင့်လည်းကောင်း၊ ပျက်စီးခြင်းသို့ရောက်သောသူတို့တွင် မတရားသောလှည့်ဖြားခြင်း အမျိုးမျိုးနှင့်လည်းကောင်း လာလိမ့်မည်။ ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ၊ သမ္မာတရား၌မွေ့လျော်သောစိတ်ကို မခံယူသူများသည်----မုသားစကားကို ယုံစိမ့်သောငှာ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင်လွှတ်တော်မူလိမ့်မည်။" ၂သက်၊ ၂း၉-၁၁။ အသင်းတော်သည် လောကနှင့်မပေါင်းစည်းမီ ဗာဗုလုန်၏ ပြိုလဲမှုသည် ဆုံးခန်းတိုင်သို့မရောက်သေးချေ။ ပြောင်းလဲမှုများမှာ တိုးတက်လျက်ရှိပြီး ဗျာ၊ ၁၄း၈ တွင် ဖွင့်ဆိုထားချက်၏ လုံးလုံးပြည့်စုံမှုမှာ အနာဂတ်တွင်ရှိနေဆဲဖြစ်သည်။

ဗာဗုလုန်ဟုခေါ်သည့် အသင်းတော်များတွင် ဝိညာဉ်ရေး မှောင်မိုက်ကျရောက်နေသော်ငြားလည်း ခရစ်တော်၏နောက်လိုက် အစစ်အမှန်များစွာတို့ကို ထိုလူအုပ်ထဲတွင် တွေ့နိုင်ဆဲဖြစ်သည်။ လူများစွာတို့သည် ဤခေတ်ဤအခါအတွက် အရေးကြီးသည့်အမှန် တရားများကို တစ်ခါမျှမတွေ့ဖူးကြချေ။ ပို၍ရှင်းလင်းပြတ်သားသော အလင်းတရားကို တောင့်တသောသူတို့မှာလည်း မနည်းလှချေ။ ထိုသူတို့သည် ၎င်းတို့နှင့်ဆက်နွယ်နေသော ဘုရားကျောင်းများမှာ ရှိသည့် ခရစ်တော်၏ရုပ်တုများကို အချည်းနှီးမျှော်ကြည့်နေကြပါ သည်။

ဘုရားသခင်၏သားသမီးများကို ဗာဗုလုန်ထဲမှခေါ်ထုတ်မည့် အချိန်ကို ဗျာဒိတ်၊ ၁၈ တွင်ဖော်ပြထားပါသည်။ ကမ္ဘာသို့ပေးသော သတင်းစကားများတွင် နောက်ဆုံးဖြစ်သော ထိုသတင်းစကားသည် ၎င်း၏အမှုတော်ကို အဆုံးသတ်ပြီးမြောက်စေလိမ့်မည်။ စိတ်နှလုံး ဖွင့်ထားသူများအပေါ်သို့ ထိုသမ္မာတရားအလင်းသည်ကျရောက်ကာ ဗာဗုလုန်ထဲတွင်ရှိနေဆဲဖြစ်သော ကိုယ်တော်၏သားသမီးများသည် “ငါ၏လူမျိုးတို့.---- သူ၏အထဲကထွက်ကြလော့” ဟူသောအမိန့် သံကို နာခံကြလိမ့်မည်။ ဗျာဒိတ်၊ ၁၈း၄။

-----০-----

# အခန်း (၂၂)
## အနာဂတ္တိစကားများပြည့်စုံခြင်း

ခရစ်တော်ကြွလာမည်ဟု ကနဦးမြော်လင့်ခဲ့သော ၁၈၄၄ ခုနှစ်၊ နွေဦးကာလကျော်လွန်သွားသောအခါ ကြွလာခြင်းကိုမြော်လင့်နေကြသူများသည် သံသယဖြစ်လာကြသည်။ သို့ဖြင့် သမ္မာကျမ်းစာကို ဆက်လက်စူးစမ်းလေ့လာခဲ့ကြသည်။ မိမိတို့၏ ယုံကြည်ခြင်းအတွက် အထောက်အထားများကို ပြန်လည်ဆန်းစစ်ခဲ့ကြသည်။ ခရစ်တော်၏ ကြွလာခြင်းသည် နီးကပ်နေပြီဖြစ်ကြောင်းရှင်းလင်း၍ ဒွိဟမဖြစ်နိုင်သည့် အနာဂတ္တိစကားများက ပြည့်နှံနေသည်။ ၄င်းပြင် အပြစ်သားများ၏ ပြောင်းလဲခြင်းနှင့် ခရစ်ယာန်များအကြား ဖြစ်ပေါ်လာသောဝိညာဉ်ရေးနိုးကြားမှုများကလည်း ထိုသတင်းစကားသည် ဘုရားသခင့်ထံမှလာသော သတင်းစကားဖြစ်ကြောင်း သက်သေပြခဲ့ကြသည်။

ခရစ်တော်ကြွလာမည့်အချိန်နှင့်ပတ်သက်သည့်အနာဂတ္တိစကားများနှင့် ရောယှက်နေသည့်အရာမှာ ထိုယုံကြည်ခြင်း၌ စိတ်ရှည်လက်ရှည်စောင့်နေကြရန် အားပေးနေသည့် သွန်သင်ချက်ပင်ဖြစ်သည်။

ယခုတွင် ဇဝေဇဝါဖြစ်နေသော ထိုယုံကြည်ခြင်းကို နောင်တွင် ရှင်းလင်းစွာ နားလည်လာလိမ့်မည်။ ဟဗက္ကုတ် ၂း၁-၄ တွင်လည်း ဤအနာဂတ္တိစကားကို တွေ့ရသည်။ နှောင့်နှေးမှုတစ်ခုရှိမည့်အကြောင်း ထိုအနာဂတ္တိစကားတွင် ဖေါ်ပြထားသည်ကို မည်သူမျှ သတိမထားမိခဲ့ကြချေ။ “ထိုရူပါရုံသည် ချိန်းချက်သောအချိန်နှင့်ဆိုင်၍ အမှုကုန်ရသော ကာလကိုဆိုလို၏။ မုသားနှင့်ကင်းလွတ်၏။ ဆိုင်းသော်လည်း မြော်လင့်လော့----

နောက်မကျဘဲ ဧကန်အမှန်ရောက်လိမ့်မည်။---- ဖြောင့်မတ်သောသူမူကား၊ မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။”

ယေဇကျေလအနာဂတ္တိစကားများသည် ယုံကြည်သူများကို နှစ်သိမ့်စေပါသည်။ “အရှင်ထာဝရဘုရား၏ အမိန့်တော်ကိုဆင့်ဆိုရမည်မှာ----နေ့ရက်ကာလနီးပြီ။ ခပ်သိမ်းသော ဗျာဒိတ်ရူပါရုံလည်း ပြည့်စုံကြလိမ့်မည်ဟုပြောလော့။ ---- ငါပြောလျှင်ပြောသည်အတိုင်း ပြည့်စုံလိမ့်မည်။ ပြည့်စုံချိန်လည်းမရွှေ့ရ။” “ငါပြောသည်အတိုင်းလည်း ပြည့်စုံစေမည်။” ယေဇကျေလ ၁၂း၂၃-၂၅၊၂၈

အစမှအဆုံးတိုင် သိတော်မူသည့်ဘုရားသခင်က ၎င်းတို့အားမြော်လင့်ချက်ပြန်လည်ရှင်သန်စေသဖြင့် မြော်လင့်ခြင်းအသင်းသားများသည် ဝမ်းမြောက်ခဲ့ကြသည်။ ထိုအားပေးစကားများသာ သမ္မာကျမ်းစာတွင်မပါရှိခဲ့လျှင် ၎င်းတို့၏ ယုံကြည်ခြင်းသည် မှေးမှိန်ကွယ်ပျောက်သွားပေလိမ့်မည်။

မဿဲ ၂၅ တွင်ဖော်ပြထားသည့် အပျို (၁၀) ယောက်အကြောင်းသည် မြော်လင့်ခြင်းအသင်းသားများ၏ အတွေ့အကြုံကို ပုံဖော်ထားသည်။ နောက်ဆုံးသော ခေတ်ကာလ၌တည်ရှိမည့်အသင်းတော်၏ ပုံရိပ်လည်းဖြစ်သည်။ ၎င်းတို့၏ အတွေ့အကြုံများကိုအရှေ့တိုင်းလက်ထပ်ထိမ်းမြားခြင်း တစ်ခုအားဖြင့် ပုံဖော်ထားပါသည်။

“ထိုအခါ ကောင်းကင်နိုင်ငံတော်သည်ကား မင်္ဂလာဆောင်လုလင်ကို ခရီးဦးကြိုပြုအံ့သောငှာ မီးခွက်ကိုကိုင်ယူ၍ ထွက်သွားသောသတို့သမီးတစ်ကျိပ်နှင့်တူ၏။ထိုသတို့သမီးတို့တွင် ငါးယောက်

သည် ပညာသတိရှိ၏။ ငါးယောက်မူကား၊ အမိုက်ဖြစ်ကြ၏။ မိုက်သောသူတို့သည် မီးခွက်တို့ကိုသာယူ၍ ဆီကိုမယူကြ။ ပညာသတိရှိသောသူတို့မူကား မီးခွက်နှင့်တကွ ဘူး၌ပါသောဆီကိုလည်း ယူကြ၏။ မင်္ဂလာဆောင်လုလင်သည် မလာဘဲနေစဉ် ထိုသတို့သမီးအပေါင်းတို့သည် ငိုက်၍အိပ်ပျော်ကြ၏။ သန်းခေါင်ယံ၌ ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ။ ခရီးဦးကြိုပြုခြင်းငှာ ထွက်သွားကြ၏။" မဿဲ ၂၅း၁-၆။

ပထမကောင်းကင်တမန်အားဖြင့် ကြွေးကြော်ခဲ့သည့်ခရစ်တော်၏ ကြွလာခြင်းအကြောင်းကို ထိုမင်္ဂလာဆောင်လုလင်လာခြင်းနှင့်ပုံဆောင်ထားကြောင်း နားလည်သဘောပေါက်ကြသည်။ခရစ်တော်မကြာမီကြွလာမည်ဟူသော ကြွေးကြော်မှုဖြင့် နေရာအနှံ့ဖြစ်နေသော ဘာသာရေးပြုပြင်ပြောင်းလဲရေးများသည် သတို့သမီးများထွက်ခွာသွားကြခြင်းနှင့်အတူတူပင်ဖြစ်သည်။ ဤပုံပြင်ကလေးထဲတွင် သတို့သမီးတစ်ကျိပ်လုံးသည် သမ္မာကျမ်းစာကို ပုံဆောင်ထားသည့်မီးခွက်ကိုယူကာ မင်္ဂလာဆောင်လုလင်နှင့်တွေ့ရန် ထွက်သွားခဲ့ကြသည်။

သို့ရာတွင်မိုက်သောသတို့သမီးများသည်မီးခွက်ပါသော်လည်းမီးခွက်ထဲတွင် ဆီမပါချေ။ ပညာသတိရှိသောသတို့သမီးများမှာမူကားဆီပါသောမီးခွက်များကိုယူလာခဲ့ကြသည်။ ထိုပညာသတိရှိသူ များသည် သမ္မာတရားကိုလေ့ကျက်ရန် နှုတ်ကပတ်တော်ကိုလေ့လာခဲ့ကြသဖြင့် စိတ်ပျက်စရာများ၊ နှောင့်နှေးမှုများကြောင့်ယုံကြည်ခြင်းပျက်ပြားသွားခြင်းမရှိသူများကိုကိုယ်စားပြုသည်။အခြားသူများမှာမူထိုသတင်းစကားကြောင့် ဖြစ်ပေါ်လာသည့် စိတ်လှုပ်ရှားမှု၊ စိုးရိမ်ကြောက်ရွံ့မှုအပေါ်တွင်သာ မိမိတို့၏ ယုံကြည်ခြင်းကိုအခြေပြုထား

သူများအား ပုံဆောင်ထားပါသည်။ ၎င်းတို့သည် သမ္မာတရားကို လည်းကောင်း၊ နှလုံးသားထဲတွင်လှုပ်ရှားနေသော ကျေးဇူးတော် ဆိုင်ရာလုပ်ဆောင်မှုအကြောင်းကိုလည်းကောင်း၊ ကျေကျေညက် ညက်နားမလည်ဘဲ ညီအစ်ကိုများ၏ ယုံကြည်ခြင်းအပေါ်မှာသာအ မှီပြုနေကာ စိတ်လှုပ်ရှားမှုကြောင့်ဖြစ်လာသည့် မှိတ်တုတ်မှိတ်တုတ် အလင်းရောင်ကလေးနှင့် ရောင့်ရဲနေကြပါသည်။ ဤသူများသည် ဆုလက်ဆောင်များကို ချက်ချင်းရရှိမည်အထင်နှင့် ဘုရားသခင်ကို ကြိုဆိုရန်ထွက်သွားခဲ့ကြသော်လည်း နှောင့်နှေးမှုနှင့် စိတ်ပျက်စရာ များအတွက်အသင့်မရှိကြသေးချေ။ သို့ဖြင့် ၎င်းတို့၏ယုံကြည်ခြင်း သည်ပျက်ပြားခဲ့ရသည်။

"မင်္ဂလာဆောင်လုလင်သည် မလာဘဲနေစဉ် ထိုသတို့သမီး အပေါင်းတို့သည် ငိုက်၍အိပ်ပျော်ကြ၏။" မင်္ဂလာဆောင်လုလင်၏ ကြန့်ကြာမှုသည် အချိန်ကုန်လွန်သွားခြင်းကိုပုံဆောင်ပါသည်။ စိတ် ပျက်ဝမ်းနည်းမှုနှင့် နှောင့်နှေးပုံပေါ်နေခြင်းများကိုလည်း ပုံဆောင်ပါ သည်။ သမ္မာကျမ်းစာကို ကိုယ်တိုင်ကိုယ်ကျနားလည် သိကျွမ်းမှုဖြင့် တည်ဆောက်ထားသော ယုံကြည်ခြင်းရှိသူများသည် စိတ်ပျက်ခြင်း လှိုင်းတံပိုးက ဖယ်ရှားပစ်ခြင်းငှာ မစွမ်းနိုင်သောကျောက်ပေါ်တွင် ရပ်နေကြပါသည်။

"ထိုသတို့သမီးအပေါင်းတို့သည် ငိုက်၍အိပ်ပျော်ကြ၏" ဟုဆိုရာ၌ ၎င်းတို့အထဲမှတစ်ဖွဲ့သည် ယုံကြည်ခြင်းကိုစွန့်လွှတ်ခဲ့ ကြသော်လည်း ကျန်တစ်ဖွဲ့မှာမူ ပို၍ထင်ရှားသောအလင်းတရား ရရှိသည်တိုင်အောင် သည်းခံ၍စောင့်စားခဲ့ကြသည်။အောင်မြင်လိုသူ များဖြစ်လိုပါလျှင် အခြားညီအစ်ကိုများ၏ယုံကြည်ခြင်းအပေါ်တွင် ကြာရှည်စွာ အားထားနေ၍မရနိုင်ဘဲ ကိုယ့်ဘာသာကိုယ်ရပ်တည်ကြ ရပါမည်။ သူမဟုတ်ပါက ကျဆုံးသွားနိုင်ပါသည်။

## ဘာသာရေးအယူသီးမှုများပေါ်ထွန်းခြင်း

ဤအချိန်လောက်တွင် ဘာသာရေးအယူသီးမှုများပေါ်ထွန်းစပြုလာပါသည်။ တချို့မှာ အလွန်အယူသီးသည့် တစ်ယူသန်များဖြစ်ကြသဖြင့် ၄င်းတို့၏အတွေးအခေါ်များကို မြော်လင့်ခြင်းအသင်းသားအများစုကလက်မခံကြရာ အမှုတော်လုပ်ငန်းများကို ပြစ်တင်စကားပြောခဲ့ကြသည်။

စာတန်သည် နောက်လိုက်များလက်လွတ်ဆုံးရှုံးလျက်ရှိရာ ဘုရားသခင်၏အမှုတော်ကို ရှုတ်ချနိုင်ဖို့အလို့ငှာ ယုံကြည်သူများအားတစ်ဖက်စွန်းရောက်တစ်ယူသန်များဖြစ်အောင် လှည့်ဖြားခဲ့ပါသည်။

၄င်း၏ကိုယ်စားလှယ်များကလည်း မြော်လင့်ခြင်းအသင်းသားများ၏ အမှားအသီးသီးနှင့် မလျော်ကန်သောလုပ်ဆောင်မှုများကိုမရရအောင်ရှာကာ ပုံကြီးချဲ့လျက် မကောင်းသတင်းများလွှင့်ခဲ့ကြပါသည်။ စာတန်က စိတ်နှလုံးကိုချုပ်ထိန်းထားနိုင်သူများသည် မြော်လင့်ခြင်းယုံကြည်ချက်ကိုလက်ခံလေလေ၊ စာတန်အတွက် အောင်ပွဲဆင်ဖို့ အခွင့်သာလေလေဖြစ်ခဲ့သည်။

စာတန်သည် "ညီအစ်ကိုကိုအပြစ်တင်သောသူ" ဖြစ်၏။ ဗျာ၊ ၁၂း၁၀။ ဘုရားသခင်သားသမီးများ၏ ကောင်းသောလုပ်ဆောင်မှုများကိုမူ ခြွင်းချန်လျက် မှားယွင်းမိသောအရာများကိုသာရှာ၍အပြစ်ဆိုခြင်းအမှုသည် လူတို့အား စာတန်သွတ်သွင်းပေးသည့်စိတ်ဓါတ်ကြောင့်ဖြစ်သည်။

အသင်းတော်ရာဇဝင်တွင် မည်သည့် ဘာသာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းမှ ကြီးကျယ်သောအတားအဆီး အခက်အခဲ

များကိုမတွေ့ရဘဲ လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ချေ။ ရှင်ပေါလုအသင်းတော်တည်ထောင်သည့်နေရာတိုင်းတွင် ၎င်း၏ယုံကြည်ခြင်းကိုလက်ခံသူများကပင် မိစ္ဆာအယူဝါဒများကို အသင်းတော်ထဲသို့ယူဆောင်လာခဲ့ကြသည်။ လူသားသည်လည်း မိမိတို့မှတစ်ဆင့် ဘုရားသခင်မိန့်တော်မူဖူးသည်ဟု ဖွင့်ဆိုနေသောတစ်ယူသန်များက ပေးသည့်ဒုက္ခနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့စေကာမူ ထိုသူများသည် သမ္မာကျမ်းစာထက် မိမိတို့၏ အယူအဆများကို ဦးစားပေးခဲ့ကြသည်။

လူများစွာတို့သည် ဆရာသစ်များ၏လှည့်စားမှုကိုခံရကာ ဘုရားသခင်ကလူသားအားဖြင့် တည်ဆောက်ခဲ့သည့် အမှုတော်ကြီးကိုဖြိုချချေမှုန်းပစ်ရန် စာတန်နှင့်ပူးပေါင်းခဲ့ကြသည်။ ညစ်ညမ်း၍မျှတမှုမရှိသောသူများအား တစ်ယူသန်ဝါဒထဲရောက်သွားစေသည့်စာတန်၏ပရိယာယ်များနှင့် ဝက်စလေသည်လည်း ရင်ဆိုင်ခဲ့ရပါသည်။

ဝီလီယမ်မီလာသည် ဘာသာရေးအယူသီးမှုများကိုမျက်နှာသာမပေးခဲ့ချေ။ "ထိုနတ်ဆိုးကြီးမှာ ဒီနေ့လူသားများ၏ စိတ်ကိုချုပ်ထိန်းထားနိုင်တဲ့တန်ခိုးရှိနေတယ်။" "ခရစ်ယာန်လောကမှာအော်ကြီးဟစ်ကျယ်နဲ့ ကြွေးကြော်နေကြတဲ့သူတွေထဲမှာထက် ဝင်းလက်တောက်ပနေတဲ့မျက်လုံး၊ စိုနေတဲ့ပါးပြင်၊ စကားမပြောနိုင်အောင်ဆို့နင့်နေတဲ့လူသားများမှာ စစ်မှန်တဲ့ ဘုရားတရားရှိကြောင်းအထောက်အထားများကို ပိုပြီး ကျွန်တော်ရရှိထားတယ်" ဟု မီလာဖွင့်ဟခဲ့သည်။

ဘာသာရေး ပြုပြင်ပြောင်းလဲရေးကို ဆန့်ကျင်သူများကား ဘာသာရေးအယူသီးမှုများကို ကြိုးစားတိုက်ဖျက်နေသူများအပေါ်

ထိုအယူသီးမှုများအတွက် အပြစ်ပုံချခဲ့ကြပါသည်။ မြော်လင့်ခြင်း လှုပ်ရှားမှုတွင်လည်း ထိုနည်းနှင်နှင်ဖြစ်နေပါသည်။ အယူသီးမှုများ၏ မှားယွင်းမှုများကို ပုံကြီးချဲ့ပြောရုံနှင့် မရောင့်ရဲသေးဘဲ သမ္မာတရားနှင့်နည်းနည်းကလေးမှ မပတ်သက်သည့် သတင်းများကို သူတို့ဖြန့်ချီခဲ့ကြသည်။

ခရစ်တော်သည် တံခါးဝတွင် ရောက်နေပြီဟူသောကြွေးကြော်မှုများကြောင့် သူတို့နေမထိထိုင်မသာ ဖြစ်ခဲ့ကြသည်။ ထိုသတင်း မှန်ကန်နိုင်သည်ဟု သူတို့ စိုးရိမ်ခဲ့ကြသော်လည်း မမှန်ကန်ဖို့လည်း သူတို့ မြော်လင့်ခဲ့ကြသည်။ ဤအချက်သည် မြော်လင့်ခြင်း အသင်းသားများနှင့်ဖြစ်ပွားနေသော တိုက်လှန်ပွဲ၏လျှို့ဝှက်ချက်ဖြစ်သည်။

ပထမကောင်းကင်တမန်သတင်းစကားကို ဟောကြားခြင်းသည် ဘာသာရေးအယူသီးသည့်ဝါဒကို တိုက်ရိုက်နှိပ်ကွပ်စေခဲ့သည်။ ထိုကြီးကျယ်သောလှုပ်ရှားမှုတွင် ပါဝင်လုပ်ဆောင်ခဲ့ကြသူများသည် ညီညွတ်မှုရှိခဲ့သည်။ တစ်ဦးကိုတစ်ဦး ချစ်ခင်မှုအပြည့်အဝရှိခဲ့ကြသည်။

ဖူးမြော်ရန် စောင့်ဆိုင်းနေသည့် ခရစ်တော်ကိုလည်း ၄င်းတို့ချစ်ကြသည်။ ထိုတစ်ခုတည်းသောယုံကြည်ခြင်းနှင့် တစ်ခုတည်းသောမင်္ဂလာမြော်လင့်ခြင်းသည် စာတန်၏ တိုက်ခိုက်မှုများကို ကာကွယ်မည့်ဒိုင်းလွှားတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။

## အမှားကိုပြင်ဆင်ခြင်း

"မင်္ဂလာဆောင်လုလင်ကြွလာဖို့ နှောင့်နှေးနေစဉ် ထိုသတို့သမီးအပေါင်းတို့သည် ငိုက်မြည်းအိပ်ပျော်နေကြစဉ် သန်းခေါင်ယံ၌

ကြည့်ပါ။ မင်္ဂလာဆောင်လုလင်လာပြီ။ ခရီးဦးကြိုပြုခြင်းငှာထွက်သွားကြကုန်အံ့” ဟု ၁၈၄၄ ခုနှစ်၊ နွေဦးကာလတွင် ထိုသတင်းစကားကို ကျမ်းစကားများအတိုင်း ဟစ်ကြွေးခဲ့ကြပါသည်။

အာတဇေရဇ်မင်းကြီးထုတ်ပြန်ခဲ့သည့် ယေရုရှလင်မြို့ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာအမိန့်သည် ဘီစီ ၄၅၇ ဆောင်းဦးကာလကျမှ အတည်ဖြစ်ခဲ့သဖြင့် နှစ်ပေါင်း ၂၃၀၀ ၏အဆုံးသည်လည်း ၁၈၄၄ ခုနှစ်၊ ဆောင်းဦးကာလတွင်ဖြစ်ရမည်ဟု ထိုလှုပ်ရှားမှုကိုဦးဆောင်သူများက ပြန်လည်လေ့လာတွေ့ရှိခဲ့ကြပါသည်။ ဓမ္မဟောင်းကျမ်းစုံစံအရလည်း ဗိမာန်တော်ဆေးကြောသည့်အချိန်ကာလသည် ဆောင်းဦးကာလပင်ဖြစ်ကြောင်း ပြညွှန်ပါသည်။

ပသခါသိုးသငယ်ကိုသတ်ခြင်းသည် ခရစ်တော်အသေခံခြင်း၏အရိပ်ဖြစ်ပြီး ထိုပုံဆောင်မှုပြည့်စုံခြင်းသည် အကြောင်းအရာနှင့်သာမက အချိန်အခါနှင့်လည်း ပတ်သက်နေပါသည်။ ယုဒပြက္ခဒိန်မှပထမလ၏တစ်ဆယ့်လေးရက်နေ့တိုင်းတွင် ပသခါသိုးသငယ်ကိုကွပ်မျက်ခဲ့သည်မှာ ရာစုနှစ်များစွာပင်ကြာမြင့်ခဲ့ချေပြီ။ ခရစ်တော်သည် ထိုလ တစ်ဆယ့်လေးရက်မှာပင် ဘုရားသခင်၏ သိုးသငယ်အဖြစ်အသေခံခြင်းအတွက် သတိရအောက်မေ့စရာဖြစ်စေမည့် ပွဲတော်မင်္ဂလာကို ကျင်းပခဲ့သည်။ ထိုတစ်ဆယ့်လေးရက်နေ့ညမှာပင်ကပ်တိုင်အတင်ခံရန် ဖမ်းဆီးခြင်းခံခဲ့ရပါသည်။

ဒုတိယအကြိမ်ကြွလာခြင်းနှင့်ဆက်နွယ်သည့် ပုံဆောင်မှုများသည်လည်း အထိမ်းအမှတ်ပြုအခမ်းအနားများတွင် ဖေါ်ညွှန်းထားသည့်အချိန်၌ ထိုနည်းနှင်နှင်ပြည့်စုံရပါမည်။ ယုဒပြက္ခဒိန်မှသတ္တမလဆယ်ရက်နေ့တွင ကျင်းပပြုလုပ်လေ့ရှိသည့် ဗိမာန်တော်ဆေးကြော

ခြင်း (သို့မဟုတ်) အပြစ်ဖြေရာနေ့တွင် ဣသရေလအားလုံးအတွက် အပြစ်ဖြေရာယဇ်ကိုပူဇော်ကာ ဗိမာန်တော်တွင်တင်ကျဲနေသောထိုသူများ၏အပြစ်များကို ဖယ်ရှားပြီးနောက် လူထုကြီးအားကောင်းချီးပေးခဲ့ပါသည်။

ထိုနည်းနှင်နှင့် ခရစ်တော်သည် အပြစ်သားနှင့် အပြစ်များကိုဖျက်ဆီးသုတ်သင်ခြင်းအားဖြင့် ကမ္ဘာကြီးအား သန့်စင်အောင် လုပ်ဆောင်ပြီးနောက် စောင့်မျှော်နေသောသားသမီးများအား မသေနိုင်သောအသက်တာဖြင့် ကောင်းချီးပေးရန်ကြွလာတော်မူလိမ့်မည်ဟု ယုံကြည်ခဲ့ကြပါသည်။ အပြစ်ဖြေရာနေ့ဖြစ်သည့် ယုဒလ၊ သတ္တမလ၊ ဆယ်ရက်နေ့သည် ၁၈၄၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျရောက်ရာ ထိုနေ့တွင် ခရစ်တော်ကြွလာမည်ဟု မြော်လင့်ခဲ့ကြပါသည်။

ရက်ပေါင်း ၂၃၀၀ သည် ဆောင်းဦးရာသီဖြစ်သော ထိုနေ့တွင်အဆုံးသတ်ခဲ့ရာ ကောက်ချက်ချမှုများသည် မမှားနိုင်သယောင်ဖြစ်နေပါသည်။

## သန်းခေါင်ယံဟစ်ကြွေးခြင်း

ဖွင့်ဆိုချက်များသည် ခိုင်မာမှုနှင့် ပြည့်စုံလျက်ရှိသည်။ “သန်းခေါင်ယံဟစ်ကြွေးခြင်း” ကို ထောင်ပေါင်းများစွာသော ယုံကြည်သူများက ပြုလုပ်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုကြီးသည် ဒီရေအလားတစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့သို့ ပျံ့နှံ့သွားခဲ့ပါသည်။ နေထွက်လာသောအခါ နှင်းပျောက်သွားသကဲ့သို့ ဘာသာရေးအယူသီးမှုများလည်း ပျောက်ကွယ်ကုန်ပါသည်။ ပုရောဖက်စကားများကိုနားထောင်လိုက်လျှောက်ကာ ရှေးခေတ်ဣသရေလများ

3:15



ဘုရားသခင့်ထံသို့ပြန်လာကြသည့်အချိန်များနယ် ထိုလုပ်ဆောင်မှုများသည် ဆင်တူနေပါသည်။ စိတ်နှလုံးကို ဆန်းစစ်ခြင်း၊ အပြစ်များကိုဝန်ချခြင်းနှင့် လောကအရာများကိုစွန့်လွှတ်ခြင်းများကို အသားပေးလုပ်ဆောင်နေကြသည်။ ဘုရားသခင့်ထံတွင် မခွင်းမချန်ဆက်ကပ်အပ်နှံခဲ့ကြသည်။

တမန်တော်ခေတ်မှစ၍ ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သောဘာသာရေးလှုပ်ရှားမှုများတွင် ၁၈၄၄ ခုနှစ်၊ ဘာသာရေးလှုပ်ရှားမှုသည် လူသားများ၏မစုံလင်မှုနှင့် စာတန်၏ ပရိယာယ်မာယာများအကင်းဆုံးလှုပ်ရှားမှုဖြစ်သည်။

"မင်္ဂလာဆောင်လုလင်လာပြီ" ဟု ကြွေညာသောအခါစောင့်နေသော ထို "သတို့သမီးအပေါင်းတို့သည်ထ၍ မီးခွက်များကိုပြင်ဆင်ကြ၏။" အဓိပ္ပါယ်မှာ သူတို့သည် မသိရှိခင် နှုတ်ကပတ်တော်ကို စိတ်ဝင်တစားလေ့လာခဲ့ကြသည်။ ခေါ်သည့်အချိန်တွင် ပထမဦးစွာတုံ့ပြန်ခဲ့ကြသူများသည် အစွမ်းသတ္တိအရှိဆုံးသူများမဟုတ်ကြသော်လည်း နှိမ့်ချ၍ ဆက်ကပ်သူများဖြစ်ကြ၏။ လယ်သမားများကလယ်တောကိုစွန့်လျက်၊ စက်ဆရာများက အလုပ်ရုံကိုစွန့်လျက်သတိပေးစကားကိုကြွေးကြော်ရန် ဝမ်းသာအားရထွက်ခွာသွားခဲ့ကြပါသည်။

အသင်းတော်များသည် ယေဘုယျအားဖြင့် ထိုသတင်းစကားကိုလက်မခံကြရာ၊ ထိုသတင်းစကားကို လက်ခံသူများမှာ၎င်းတို့နှင့်အဆက်ဖြတ်ခဲ့ကြသည်။ "ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်လာပြီ" ဟူသောသတင်းစကားကို ဟောကြားသည့် မြော်လင့်ခြင်းတရားပွဲများသို့တက်ရောက်လာကြသည့် မယုံကြည်သူများသည်လည်းထိုသတင်းစကားတွင်ပါလာသောတန်ခိုးတော်ကို ခံစားခဲ့ကြရသည်။

3:15



ယုံကြည်ခြင်းသည် ဆုတောင်းဖို့အဖြေပေးခဲ့ရာ ရေငတ်နေသော မြေကြီးပေါ်သို့ မိုးရေပေါက်များကျသည့်နှယ် စိတ်အားကြီးစွာဆု တောင်းနေသည့် ထိုသူများအပေါ်သို့ ဝိညာဉ်တော်မိုးကျရောက်ခဲ့ ပါသည်။

မကြာမီအချိန်မှာ ကယ်တင်ရှင်နှင့်မျက်နှာချင်းဆိုင် ရပ်ထ ရတော့မည်ဟု မြော်လင့်နေသော ထိုသူများသည် ကြီးကျယ်သော ဝမ်းမြောက်မှုကို ခံစားကြရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က လည်း၊ ၎င်းတို့၏ နှလုံးသားများကို ကြည်နူးစေခဲ့ပါသည်။

## တစ်ဖန်စိတ်ပျက်ရပြန်ခြင်း

သို့ရာတွင် ယခုတစ်ဖန်ကြွလာမည်ဟု မြော်လင့်ထားသည့် အချိန်ကျော်သွားခဲ့သော်လည်း ကယ်တင်ရှင်သည် ကြွလာတော်မမူ သေးချေ။

ခရစ်တော်၏သင်္ချိုင်းဂူသို့ရောက်လာသော်လည်း ခရစ်တော် ၏အလောင်းကိုမတွေ့သဖြင့် "ကျွန်မ၏ သခင်ကိုယူသွားကြပြီး ဘယ်မှာထားသည်ကို မသိပါ" ဟု ငိုရှိုက်ကြွေးနေသောမာရိကဲ့သို့ ပင်ယခုသူတို့ ခံစားနေကြရပါသည်။ ယောဟန် ၂၀း၁၃။

ထိုသတင်းစကားသည် မှန်ကန်ကောင်း မှန်ကန်နိုင်သည် ဟူသော စိုးရိမ်စိတ်ကြောင့် မယုံကြည်သူများက ဘာမှမဆန့်ကျင် ခဲ့ကြသော်လည်း ဘုရားသခင်၏အမျက်တော်ဆိုင်ရာ အရိပ်အယောင် တစ်ခုတလေကိုမျှ မတွေ့ရသောအခါ ထိုသူများသည် ကြောက်စိတ် မှာပျောက်လွင့်ကာ အပြစ်တင်ခြင်း၊ ပြက်ရယ်ပြုခြင်းများကိုဆက် လက်လုပ်ဆောင်ခဲ့ကြပါသည်။ ယုံကြည်ကြောင်း ဖွင့်ဟဝန်ခံထား သူများတို့မှ လူပေါင်းမြောက်မြားစွာတို့သည် ၎င်းတို့၏ ယုံကြည်

ခြင်းကို လူသိရှင်ကြားစွန့်လွှတ်ခဲ့ကြပါသည်။ ပြက်ရယ်ပြုသူများသည် အားနည်းသူနှင့် သူရဲဘောကြောင်သူများကို စည်းရုံးကာ ဤကမ္ဘာကြီးသည် ဤအခြေအနေအတိုင်းပင် နှစ်ပေါင်းများစွာဆက်လက်တည်ရှိသွားလိမ့်မည်ဟု ဟစ်ကြွေးခဲ့ကြပါသည်။

စစ်မှန်သော ယုံကြည်သူများသည် အရာခပ်သိမ်းတို့ကို ခရစ်တော်အတွက်ပေးအပ်ကြပြီး မိမိတို့ ယုံကြည်ထားသည့်အတိုင်း သတိပေးစကားများကို ကမ္ဘာသို့ဟောကြားခဲ့ကြပါသည်။ "ကြွလာတော်မူပါ ခရစ်တော်ဘုရား" ဟုလည်း လိုလိုလားလားဆုတောင်းခဲ့ကြပါသည်။

သို့ရာတွင် ယခု၌မူ ဘဝစိတ်ပျက်စရာဝန်ထုပ်ဝန်ပိုးကို တစ်ဖန်ထမ်းကာ ပြက်ရယ်ပြုခြင်းများနှင့် ဒုက္ခပေးနှောင့်ယှက်ခြင်းများကို သူတို့ရင်ဆိုင်ကြရဦးတော့မည်ဖြစ်သည်။

ယေရှုသည် ယေရုရှင်မြို့ထဲသို့ မြည်းကလေးကိုစီးပြီး အောင်မြင်စွာဝင်လာစဉ်အခါက ကိုယ်တော်ရှင်သည် ဒါဝိဒ်၏ပလ္လင်ထက်သို့တက်ကာ ယုဒများအား ရန်သူများလက်မှကယ်ဆယ်တော့မည်ဟု နောက်လိုက်တပည့်တော်များက ယုံကြည်ခဲ့ကြသည်။ လူများစွာတို့သည် မျှော်မှန်းချက်ကြီးစွာဖြင့် မိမိတို့၏အကျီများကို ချွတ်ကာ ကိုယ်တော်လျှောက်မည့်လမ်းပေါ်တွင်ခင်းပေးခြင်း၊ သံလွင်ခက်များကိုချိုးကာ ဝှေ့ယမ်းခြင်းများ လုပ်ခဲ့ကြပါသည်။

သို့သော်ထင်သလိုဖြစ်မလာသဖြင့်သူတို့စိတ်ပျက်ခဲ့ရပါ သည်။ ရက်အနည်းငယ်အကြာတွင် ကယ်တင်ရှင်သည်အသေသတ်ခြင်းခံရကာသင်္ချိုင်းထဲ၌မြှုပ်နှံထားခြင်းခံခဲ့ရပါသည်။ခရစ်တော်နှင့်အတူထိုသူများ၏မြော်လင့်ချက်များသည်လည်းပျက်ပြယ်ခဲ့ရပါသည်။သခင်ဘုရား

သချိုင်းတွင်းမှထမြောက်မလာမီ အနာဂတ္တပြုထားသည့်အတိုင်း ဖြစ်ပျက်မည်ဆိုသည်ကို သူတို့မသိမြင်ခဲ့ကြချေ။

## သင့်လျော်သောအချိန်တွင်ပေးခဲ့သောသတင်းစကား

မီလာနှင့် သူ၏မိတ်ဆွေများသည်လည်း ထိုနည်းနှင်နှင်အနာဂတ္တတိစကားများပြည့်စုံစေခဲ့ပါသည်။ ကမ္ဘာကိုဟောရမည့် သတင်းစကားများကို ဟောခဲ့ကြပါသည်။ အကယ်၍သာ ၎င်းတို့ခံစားရမည့်စိတ်ပျက်မှုကို ပြည္ထွန်းထားသည့် ကိုယ်တော်မကြွလာမီ လူမျိုးအပေါင်းတို့အားဟောရမည့် ထိုအနာဂတ္တိစကားကို ပြည့်ပြည်စုံစုံနားလည်ခဲ့ကြမည်ဆိုလျှင် ကြွလာခြင်းဆိုင်ရာ နေ့ရက်များအကြောင်းကို သူတို့ဟောကြားခဲ့ကြမည်မဟုတ်ချေ။

ပထမနှင့်ဒုတိယကောင်းကင်တမန်သတင်းစကားများကို သင့်လျော်သောအချိန်တွင် ပေးတော်မူခဲ့ကာ မီလာတို့အားဖြင့် မိမိရည်စူးထားသည့် အမှုတော်လုပ်ငန်းကို ဘုရားသခင် ပြီးမြောက်စေတော်မူခဲ့ပါသည်။

အကယ်၍သာ ခရစ်တော်သည်မျှော်လင့်ထားသည့်အတိုင်း ကြွမလာခဲ့လျှင် မြော်လင့်ခြင်းဆိုင်ရာ ယုံကြည်ချက်ကို စွန့်လွတ်သွားကြလိမ့်မည်ဟု ကမ္ဘာကထင်မြင်ယူဆခဲ့သော်လည်း တချို့မှာမိမိတို့၏ယုံကြည်ခြင်း၌ ခိုင်မာစွာရပ်တည်ခဲ့ကြပါသည်။ မြော်လင့်ခြင်းတွင် လှုပ်ရှားမှုကြီးသည် ဘုရားသခင်၏အလိုတော်အရဖြစ်ပျက်ခဲ့ကြောင်း စိတ်နှလုံးများကို ဆန်းစစ်ခြင်း၊ လောကကို ငြင်းပယ်ခြင်းနှင့်ပြန်လည်ပြုပြင်ရေးအသက်တာကို တည်ထောင်ခြင်း စသည့်ထိုလှုပ်ရှားမှု၏

အသီးအပွင့်များက သက်သေထူနေကြပါသည်။ ဒုတိယအကြိမ် ကြွလာခြင်းဆိုင်ရာ သတင်းစကားဟောကြားခြင်းတွင် ဝိညာဉ်တော် မပါရှိဟု မည်သူမျှမငြင်းဆိုဝံ့ကြချေ။ အချိန်ကာလဆိုင်ရာအနာဂတ္တိ စကား၌ အမှားအယွင်းလုံးဝမရှိသည်ကို သူတို့သိမြင်ခဲ့ကြသည်။ ၎င်းတို့၏ အနာဂတ္တိစကားအနက်ဖွင့်ခြင်းအပေါ် ဆန့်ကျင်သူများက မမှောက်လှန်နိုင်ခဲ့ကြချေ။

သူတို့သည် ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်းအားဖြင့် ရောက်ရှိလာသော ဝိညာဉ်ရေးအခြေအနေ၊ ဝိညာဉ်တော်ပဲ့ပြင်မှု အောက်တွင်ရှိသော စိတ်သဘောထားနှင့် တန်ခိုးတော်ဖြင့် တောက်လောင်နေသော စိတ်နှလုံးများကြောင့်ရရှိထားသောဝိညာဉ်ရေး အခြေအနေကို လက်မလွှတ်နိုင်ကြချေ။

တရားစီရင်ခြင်းဆိုင်ရာ သတိပေးစကားကို ဘုရားသခင်က အပေးခိုင်းခဲ့သည်ဟု မြော်လင့်ခြင်းအသင်းသားများက ယုံကြည်ခဲ့ကြသည်။ ခရစ်တော်ကြွလာသောအချိန်တွင် "ဤသူသည် ငါတို့ သခင်ဖြစ်၏။

ကိုယ်တော်ကို ကျွန်ုပ်တို့စောင့်မျှော်နေကြသည်။ ကိုယ်တော်သည် ယခုတွင် ကျွန်ုပ်တို့ကို ကယ်တင်တော်မူမည်" ဟုကြွေးကြော်ကြသည့် အဖွဲ့ဘက်တွင် ရပ်တည်နေသလား။ "ကျောက်တွေ တောင်တွေ၊ ကျွန်ုပ်တို့အပေါ်ကိုကျပါ။ ပလ္လင်ထက်မှာထိုင်တော်မူသည့် ကိုယ်တော်၏မျက်နှာတော်မှ ထို့ကိုဖုံးကွယ်ပေးပါ" ဟုငိုကြွေးဟစ်အော်နေသူများဘက်တွင် ပါနေသလားဆိုသည်ကို ကွဲကွဲပြားပြားသိစေဖို့ မိမိတို့၏ စိတ်နှလုံးဆန်းစစ်နိုင်ရန်အလို့ငှာ ထိုလှုပ်ရှားမှုကြီးသည် သတင်းစကားကို ကြားနာခဲ့သူများ၏ စိတ်နှလုံးများအား စစ်ဆေးခဲ့ပါသည်။

3:16



"ခရစ်တော်ကြွလာခြင်းအပေါ် ထားရှိတဲ့ ကျွန်တော်ရဲ့ယုံကြည်ခြင်းကတော့ အလျင်ကလိုပဲ၊ ပြင်းထန်ဆဲပါပဲ။ ကျွန်တော်ဟာ နှစ်ပေါင်းများစွာစဉ်းစားသုံးသပ်ပြီးမှ လုပ်ဆောင်ရန်တာဝန်ရှိသည်ဟုထင်သည့်အရာကို လုပ်ဆောင်ခဲ့ပြီးပါပြီ" ဟူ၍ ဘုရားသခင်လမ်းပြဆဲဖြစ်ကြောင်း ယုံကြည်သောသူများ၏ခံစားချက်ကို ဝီလီယံမီလာ၏ စကားထဲတွင် တွေ့ရပါသည်။

"ထိုအချိန်အခါတွင် တရားဟောကြားခြင်းအားဖြင့် လူပေါင်းများစွာတို့အား သမ္မာကျမ်းစာကိုလေ့လာအောင်လုပ်ခဲ့ပြီးပါပြီ။ ဒီနည်းကိုအသုံးပြုပြီး ယုံကြည်ခြင်းနှင့်အသွေးတော်အားဖြင့် ဘုရားသခင်နှင့်လူသားများ ပြန်လည်သင့်မြတ်အောင်လုပ်ခဲ့ပါပြီ" ဟုလည်း မီလာကဖွင့်ဆိုခဲ့သည်။

## ယုံကြည်ခြင်းကိုဆက်လက်ထိန်းသိမ်းခြင်း

ရရှိထားသောအလင်းတရားများကို မစွန့်လွှတ်ဘဲကြွလာခြင်းဆိုင်ရာလှုပ်ရှားမှုများကို လူသိရှင်ကြားပြစ်တင်ဝေဖန်မှုမပြုသူများနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်ကိန်းအောင်းဆဲဖြစ်သည်။ "ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့်။

ဘုရားသခင်၏ အလိုတော်ကိုဆောင်ပြီးမှ ကတိတော်အတိုင်း အကျိုးကိုရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။ အဘယ်ကြောင့်နည်းဟူမူကား ကြွလာလတ္တံ့သောသူသည် မဆိုင်းမလင့်ဘဲမကြာမမြင့်မီရောက်တော်မူလိမ့်မည်။ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့် မည်။ သို့သော်လည်း ရွေ့လျော့လျှင်ငါ့စိတ်ဝိညာဉ်သည် ထိုသူတို့အားရနှစ်သက်

ခြင်းမရှိဟု ဘုရားသခင်အမိန့်တော်ရှိ၏။ ငါတို့မူကား ပျက်စီးခြင်းသို့ ရောက်အံ့သောငှာ ရွေ့လျော့သောသူမဟုတ်၊ စိတ်ဝိညာဉ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ ယုံကြည်သောသူဖြစ်ကြ၏။" ဟေဗြဲ ၁၀း၃၅-၃၉။

ဤဆုံးမစကားကို နောက်ဆုံးသောနေ့များ၌ တည်ရှိသည့် အသင်းတော်သို့ပေးပို့နေပါသည်။ ဤဆုံးမစကားအရ ခရစ်တော်သည် မဆိုင်းမလင့်ဘဲ ကြွလာမည်ဖြစ်သည်။ မြော်လင့်နေသူများသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်၏လမ်းပြမှုကိုလိုက်လျှောက်ခြင်းဖြင့် အလိုတော်ကိုဝန်ခံကြရန်ဖြစ်သည်။သို့ရာတွင် မိမိတို့ရင်ဆိုင်နေရသောအခြေအနေကြောင့် ဘုရားရှင်၏အကြံအစည်တော်ကို သူတို့နားမလည်နိုင်ခဲ့ကြချေ။ မိမိတို့အား ဘုရားသခင်လမ်းပြနေတော်မူနေသေးရဲ့လားဟုလည်း သူတို့အား သံသယဝင်ရန် စုံစမ်းနေပါသည်။

"ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်" ဟူသောစကားရပ်သည် ဤနေရာတွင် အသုံးဝင်လာပါသည်။ မြော်လင့်ချက်ပျက်ပြားခဲ့ရသဖြင့်စိတ်ပျက် အားငယ်နေသောထိုသူများသည် ဘုရားသခင်နှင့် နှုတ်ကပတ်တော် ကိုယုံကြည်ခြင်းအားဖြင့်သာ ရပ်တည်နိုင်ခဲ့ကြပါသည်။ယုံကြည်ခြင်းကိုစွန့်လွှတ်ကာ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကို ငြင်းပယ်ခြင်းသည် ပျက်စီးခြင်းသို့ဦး တည်ရွေ့လျားနေခြင်းဖြစ်သည်။ တစ်ခုတည်း သောစိတ်ချလုံခြုံစရာ လမ်းစဉ်မှာ ရရှိပြီးသားအလင်းတရားကိုမြတ်နိုး တွယ်တာလျက် နှုတ်ကပတ်တော်ကို ဆက်လက်လေ့လာကာနောက်ထပ်အလင်းကိုရရန် သည်းခံလျက်စောင့်မျှော်နေကြရန်ဖြစ်ပါသည်။

-----o----

## အခန်း (၂၃)
## ဗိမာန်တော်၌ဖွင့်ပြထားသောနက်နဲသည့်အရာ

ကြွလာခြင်းနှင့်ဆိုင်သော ယုံကြည်ခြင်း၏အုတ်မြစ်နှင့်အရာ အားလုံး၏ အထက်တွင်ရှိပြီး ဗဟိုကျောက်တိုင်ကြီးဖြစ်သော သမ္မာကျမ်းစာက "ရက်ပေါင်းနှစ်ထောင့်သုံးရာ တိုင်တိုင်တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်" ဟု ဖွင့်ဆိုထားပါသည်။ ဒံယေလ ၈း၁၄။ ဤစကားလုံးများသည် ကြွလာခြင်းကို မြော်လင့်နေသူများအားလုံးနှင့် ရင်းနှီးနေသော စကားလုံးများဖြစ်သည်။

သို့သော် ခရစ်တော်ကြွလာတော်မမူသေးပါ။ နှုတ်ကပါတ်တော်သည် မမှားယွင်းနိုင်သော်လည်း အနာဂတ္တိစကားကိုအနက်ပြန်ဆိုမှုတွင် အမှားအယွင်းရှိနိုင်သည်ဟု ယုံကြည်သူများသဘောပေါက်ကြသည်။

ကြွလာခြင်းဆိုင်ရာလှုပ်ရှားမှုတွင် ယုံကြည်သူများကိုထာဝရဘုရားလမ်းပြခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် ထိုအမှုတော်ကြီးကိုစိတ်ပျက်ဝမ်းနည်းခြင်းနှင့်လည်းကောင်း၊ တစ်ယူသန်သူများအဖြစ်ယုံကြည်သူများကို အပြစ်တင်ခြင်းများဖြင့်လည်းကောင်း၊ အဆုံးမသတ်စေလိုတော်မူပါ။ လူများစွာတို့သည် အနာဂတ္တိဆိုင်ရာ အချိန်ရေတွက်မှုများကို ဆက်မလုပ်ကြရုံသာမက မြော်လင့်ခြင်းဆိုင်ရာ လှုပ်ရှားမှုများကိုလည်း၊ ငြင်းပယ်လာကြသော်လည်း တချို့မှာမူ ဝိညာဉ်တော်နှင့်တကွ သမ္မာကျမ်းစာက ထောက်မထားသည့်ယုံကြည်ခြင်းနှင့်အတွေ့အကြုံဆိုင်ရာအချက်အလက်များကို ငြင်းပယ်ရန်ဆန္ဒမရှိကြချေ။ ရရှိထားပြီးသော အမှန်တရားများကို ကိုင်စွဲထားရန်မှာ

မိမိတို့၏ တာဝန်သာဖြစ်သည်ဟု မှတ်ယူကာ မှားယွင်းမှုများကို ရှာဖွေပြင်ဆင်ရန် ဆုတောင်းလျက် ကျမ်းစာကိုလေ့လာခဲ့ကြပါသည်။ အနာဂတ္တိဆိုင်ရာအချိန်သတ်မှတ်ခြင်းများတွင် အမှားအယွင်းမရှိကြောင်း သူတို့တွေ့ရှိလာသောအခါ ဗိမာန်တော်အကြောင်းအရာများကို အနီးကပ်ဆန်းစစ်ခဲ့ကြပါသည်။

ဤကမ္ဘာကြီးသည် သန့်ရှင်းသော ဗိမာန်တော်ဖြစ်သည်ဟူသောအမြင်ကို ထောက်ခံထားသည့် အထောက်အထားများ သမ္မာကျမ်းစာတွင်မရှိကြောင်း သူတို့လေ့လာတွေ့ရှိခဲ့ကြပါသည်။ ဗိမာန်တော်နှင့်ပတ်သက်သည့် သဘာဝတည်နေရာနှင့် အခမ်းအနားများအကြောင်း ပြည့်စုံသော ရှင်းလင်းချက်များကို ဟေဗြဲ ၉း၁-၅ တွင် သူတို့တွေ့ရှိခဲ့ကြသည်။

"တစ်နည်းကား ပဌမပဋိညာဉ်တရားသည် ဝတ်ပြုရာစီမံချက်နှင့်လည်းကောင်း၊ လောကီသန့်ရှင်းရာဌာနတော်နှင့် လည်းကောင်း စပ်ဆိုင်သည်။ အဘယ်သို့နည်းဟူမူကား၊ အဂ္ဂါဟုခေါ်သော ပဌမတဲတော်သည် ဆီမီးခုံ၊ စားပွဲ၊ ရှေ့တော်မုန့်နှင့် ပြင်ဆင်လျက်ရှိ၏။

ဒုတိယကန့်လန့်ကာအတွင်း၌ ဟဂျာဟဂျူန်းဟု ခေါ်ဝေါ်သောတဲတော်ရှိ၏။ ထိုတဲတော်၌ရွှေလင်ပန်းနှင့် ရွှေဖြင့်မွမ်းမံသော ပဋိညာဉ်တရားသေတ္တာရှိ၏။ ထိုသေတ္တာ၌ မန္နကိုထားသောရွှေအိုး၊ အပွင့်ပွင့်သောအာရုန်၏လှံတံ၊ ပဋိညာဉ်တရားကို ရေးထားသောကျောက်ပြားတို့တည်ရှိကြ၏။ ထိုသေတ္တာပေါ်မှာဘုန်းကြီးသောခေရုဗိမ်တို့သည် အပြစ်ဖြေရာ ပလ္လင်ကိုလွှမ်းမိုးလျက်ရှိကြ၏။ ထိုအရာများကို ယခုသေချာစွာပြောစရာအကြောင်းမရှိ။"

ထိုသန့်ရှင်းရာဌာနတော် (သန့်ရှင်းရာဗိမာန်တော်) သည် လောကတွင် ဘုရားသခင်ကိန်းဝပ်ရာဖို့ အမိန့်တော်အတိုင်းမောရှေ

ဆောက်လုပ်ခဲ့သည့်တဲတော်ပင်ဖြစ်သည်။ "ငါသည် သင်တို့တွင် ကိန်းဝပ်ရာဖို့ သန့်ရှင်းရာဌာနတော်ကိုလုပ်ကြစေ" ဟူသော အမိန့်တော်မှာ မောရှေအား ဘုရားသခင်ညွှန်ကြားခဲ့သော အမိန့်တော်ဖြစ်၏။ (ထွက် ၂၅း၈)။ တဲတော်မှာ ကြီးကျယ်ခမ်းနားသည့်အဆောက်အအုံတစ်ခုဖြစ်သည်။

အပြင်ပရိဝုဏ်ပါရှိသည့်အပြင်လှပတင့်တယ်သော ကန့်လန့်ကာနှင့်ခြားထားသည့် သန့်ရှင်းရာအခန်းနှင့်အသန့်ရှင်းဆုံးအခန်းဟုခေါ်သောအခန်းနှစ်ခန်းအတွင်းတွင်ပါရှိပါသည်။ သန့်ရှင်းရာအခန်းအဝင်ပေါက်ကိုလည်း တင့်တယ်သောကန့်လန့်ကာတစ်ခုဖြင့် ကာပိတ်ထားပါသည်။

## သန့်ရှင်သောအခန်းနှင့်အသန့်ရှင်းဆုံးအခန်း

သန့်ရှင်းရာဌာနတော်၏တောင်ဘက်ခြမ်းတွင် နေ့ညမပြတ်အလင်းပေးနေသော မီးတိုင်ခုနစ်တိုင်နှင့်ပြီးသည့် ဆီမီးခုံရှိသည်။ မြောက်ဘက်ခြမ်းတွင်မူ ပွဲတော်မုန့်တင်ထားသောစားပွဲရှိသည်။ သန့်ရှင်းရာအခန်းနှင့် အသန့်ရှင်းဆုံးအခန်းနှစ်ခန်းအကြားရှိ ကန်လန့်ကာရှေ့တွင်မူ ရွှေဖြင့်မွမ်းမံထားသော နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင်ရှိ၏။ ကြွသရေလများ၏ ဆုတောင်းသံများနှင့်အတူ ထိုပလ္လင်မှမွှေးရနံ့များသည် ဘုရားသခင်ထံတော်သို့ နေ့စဉ်တက်လျက်ရှိပါသည်။

အသန့်ရှင်းဆုံးအခန်းထဲ၌မူ ပညတ်တော် (၁၀) ပါးကျောက်ပြားထည့်ထားသည့် ရွှေဖြင့်မွမ်းမံထားသော ပဋိညာဉ်သေတ္တာရှိ၏။ ထိုသေတ္တာတော်ကို ကရုဏာပလ္လင်ဖြင့် ဖုံးအုပ်ထားပြီး ထိုအပေါ်

တွင် ရွှေသားအစစ်ဖြင့်ပြီးသော ခေရုဗိမ်နှစ်ပါးက လွှမ်းမိုးထားသည်။ ထိုခေရုဗိမ်နှစ်ပါးအလယ်ရှိ ဘုန်းတိမ်တော်အားဖြင့် ဤအခန်းထဲတွင် ဘုရားသခင်စံပယ်တော်မူကြောင်း ထင်ရှားစေပါသည်။

ခါနာန်ပြည်တွင် ဟေဗြဲလူတို့ အခြေတကျနေထိုင်ခဲ့သည့် နောက်ပိုင်းတွင် ထိုတဲတော်ကို ရှောလမုန်၏ ဗိမာန်တော်ဖြင့်အစားထိုးခဲ့ပါသည်။ ထိုဗိမာန်တော်သည် တဲတော်ထက်ကြာရှည်ခံပြီး ပို၍ကြီးသော်လည်း အတိုင်းအထွာအချိုးအဆနှင့် ပါဝင်သော အရာများမှာ အတူတူပင်ဖြစ်ပါသည်။ ထိုဗိမာန်တော်သည်ဤပုံစံဖြင့် ရောမများမဖျက်ဆီးမီ အေဒီ ၇၀ အထိတည်ရှိခဲ့ပါသည်။ ပထမပဋိညာဉ်နှင့်စပ်ဆိုင်သည့် ဤသန့်ရှင်းရာဌာနတော်သည်သမ္မာကျမ်းစာတွင် ဖေါ်ပြထားသည့် လောကနှင့်စပ်ဆိုင်သည့် တစ်ခုတည်းသော သန့်ရှင်းရာဌာနတော်ဖြစ်သည်။ သို့ရာတွင် ပဋိညာဉ်သစ်တွင် သန့်ရှင်းရာဌာနတော်မရှိပါသလား။

သမ္မာတရားကိုရှာဖွေနေသူများသည် ဟေဗြဲဩဝါဒစာကို ပြန်လည်လေ့လာခဲ့ကြရာ "တစ်နည်းကား၊ ပထမပဋိညာဉ်တရားသည် ဝတ်ပြုရာစီရင်ချက်နှင့်လည်းကောင်း၊ လောကီသန့်ရှင်းရာဌာနတော်နှင့်လည်းကောင်း စပ်ဆိုင်သည်" ဟူသောစကားလုံးများဖြင့် ရည်ညွှန်းထားသည့် ပဋိညာဉ်သစ်ဆိုင်ရာ သန့်ရှင်းရာဌာနတော်ကိုတွေ့ခဲ့ပါသည်။

ကနဦးအခန်းကြီး၏ ပထမပိုင်းကို ဖတ်ကြည့်ရာ"ယခုဆိုခဲ့ပြီးသောအကြောင်းအရာတို့၏ အချုပ်အခြာဟူမူကား၊ထိုသို့သောယဇ်ပုရောဟိတ်မင်းသည် ငါတို့၌ရှိ၏။ ကောင်းကင်ဘုံ၌တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ယာဘက်မှာ ထိုင်နေတော်မူ၏။ လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်

တည်းဟူသော သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူဖြစ်တော်မူ၏" ဟူ၍တွေ့ရ၏။ ဟေဗြဲ ၈း၁-၂။

ဤတွင် ပဋိညာဉ်သစ်၏သန့်ရှင်းရာဌာနတော်ကိုဖော်ပြနေပါသည်။ ပထမပဋိညာဉ်ဆိုင်ရာတဲတော်ကို မောရှေကတည်ဆောက်ခဲ့သည်။ဤသန့်ရှင်းရာဌာနတော်ကိုမူဘုရားသခင်တည်ဆောက်တော်မူ၏။

ထိုတဲတော်တွင်လောကယဇ်ပုရောဟိတ်များအမှုတော်ဆောင်ကြပြီး ဤသန့်ရှင်းရာဌာနတော်တွင်မူ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းဖြစ်သော ခရစ်တော်သည် ဘုရားသခင်၏ လက်ယာဘက်တွင်ထိုင်လျက် အမှုတော်ဆောင်သည်။ ထိုတဲတော်သည် မြေကြီးပေါ်တွင်ပို၍ သန့်ရှင်းရာဌာနတော်မှာမူ ကောင်းကင်ဘုံတွင်ရှိ၏။

မောရှေတည်ဆောက်ခဲ့သောတဲတော်မှာ ပုံစံတစ်ခုကိုအမှီပြု၍တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ "ငါပြသမျှသောတဲတော်ပုံ၊တဲတော်တန်ဆာပုံနှင့်အညီလုပ်ရမည်။" "တောင်ပေါ်မှာ သင့်အားပြခဲ့ပြီးသောပုံနှင့်ညီလျော်စွာ လုပ်ခြင်းငှာ သတိပြုရမည်။""ထိုတဲတော်ကား ပူဇော်သက္ကာနှင့်ယဇ်များကို ပူဇော်သောကာလတည်းဟူသော မျက်မှောက်ကာလပတ်လုံး ပုံပမာဖြစ်၏။" သန့်ရှင်းရာအခန်းများသည်လည်း "ကောင်းကင်ဘုံ၌ရှိသောအရာများ၏ပုံ" များဖြစ်၏။ "ထိုယဇ်ပုရောဟိတ်တို့သည် ကောင်းကင်အရာတို့၏ ပုံပမာအရိပ်နှင့်သာဆိုင်လျက် ဝန်ကိုပြုနေကြ၏။"

"ထိုသို့နှင့်အညီ မှန်သောသန့်ရှင်းရာဌာနတော်၏ပုံဖြစ်သောလူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနတော်ထဲသို့ ခရစ်တော်သည် မဝင်ဘဲငါတို့အတွက်ကြောင့်ယခု ဘုရားသခင်၏ ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ ကောင်းကင်ကိုယ်ထဲ သို့ဝင်တော်မူပြီ။" ထွက်၊ ၂၅း၉၊၄၀။ ဟေဗြဲ ၉း၉၊၂၃။ ၈း၅။ ၉း၂၄။

ကောင်းကင်၌ရှိသော သန့်ရှင်းရာဌာနတော်သည်မောရှေ တည်ဆောက်သည့် တဲတော်၏မူရင်းပုံစံနမူနာဖြစ်၏။ လောကတဲ တော်၏ ကြီးကျယ်ခမ်းနားမှုများသည် ဘုရားသခင်၏ရှေ့တော်တွင် ကျွန်ုပ်တို့အတွက် ခရစ်တော်အမှုတော်ဆောင်နေသည့် ကောင်းကင် သန့်ရှင်းရာဌာနတော်၏ဘုန်းများကို ရောင်ပြန်ဟပ်နေပါသည်။

ကောင်းကင်သန့်ရှင်းရာဌာနနှင့်ပတ်သက်သော အရေး ကြီးသည့်အမှန်တရားများနှင့် လူသားများ၏ ကယ်တင်ခြင်း ဆိုင်ရာ အရေး ပါသည့်အချက်များကို လောကတဲတော်နှင့် ၄င်း၌ ကျင်းပ သောအခမ်းအနားများအားဖြင့် ထာဝရဘုရားသွန်သင်တော်မူ ခဲ့သည်။

## အခန်းနှစ်ခန်း

ကောင်းကင်သန့်ရှင်းရာဌာနတော်ရှိ သန့်ရှင်းရာအခန်းနှစ် ခန်းကို မြေကြီးတဲတော်ရှိအခန်းနှစ်ခန်းဖြင့် ပုံဆောင်ထားပါသည်။ ကောင်းကင်နိုင်ငံရှိ ဘုရားသခင်၏ သန့်ရှင်းရာဌာနတော်မြင်ကွင်းကို ယောဟန်အားပြသတော်မူခဲ့သည်။ "ပလ္လင်တော်ရှေ့၌ ဘုရားသခင် ၏ ဝိညာဉ်ခုနစ်ပါးတည်းဟူသော မီးခွက်ခုနစ်လုံးတို့သည် ထွန်းလျက် ရှိသည်" ကို ယောဟန်မြင်၏။ "ကောင်းကင်တမန်တစ်ပါးသည် လာ၍ ရွှေလင်ပန်းကိုကိုင်လျက် ယဇ်ပလ္လင်နားမှာရပ်နေ၏။

ပလ္လင်တော်ရှေ့၌ရှိသောရွှေပလ္လင်ပေါ်မှာသန့်ရှင်းသူအ ပေါင်းတို့၏ပတ္ထနာနှင့်အတူ ဆက်ကပ်ခြင်းငှာ မီးရှို့သောနံ့သာပေါင်း အများကို ထိုသူ၌ပေးသည်" ကိုလည်း သူမြင်၏။ ဗျာ၊ ၄း၅။ ၈း၃။ ထိုပုရောဖက်သည် ကောင်းကင်သန့်ရှင်းရာဌာနတော်၏သန့်ရှင်းရာ

အခန်းကိုမြင်တွေ့နေခြင်းဖြစ်သည်။ လောကတဲတော်ရှိသန့်ရှင်းရာအခန်းထဲမှ ရွှေဖြင့်ပြုလုပ်ထားသော ဆီမီးတိုင်များနှင့် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်ကပုံဆောင်ထားသည့် မီးတိုင်ခုနှစ်တိုင်နှင့်ရွှေပလ္လင်ကိုမြင်တွေ့နေပါသည်။

တစ်ဖန် "ကောင်းကင်ဘုံ၌ ဘုရားသခင်၏ဗိမာန်တော်ကိုဖွင့်ထား၍" ကန့်လန့်ကာအတွင်းရှိ အသန့်ရှင်းဆုံးအခန်းထဲကိုကြည့်လိုက်ရာ "ပဋိညာဉ်သေတ္တာတော်" ကိုမြင်လေ၏။ထိုသေတ္တာတော်ကို ပညတ်တော် (၁၀) ပါးကျောက်ပြားထည့်ထားရန် မောရှေလုပ်ခဲ့သည့်သေတ္တာဖြင့် ပုံဆောင်ပါသည်။ ဗျာ၊ ၁၁း၁၉။

ဤသို့ဤအကြောင်းအရာကို လေ့လာခြင်းဖြင့်ကောင်းကင်ဘုံတွင် ဗိမာန်တော်တစ်ဆောင်ရှိကြောင်း ခိုင်လုံသည့်အထောက်အထားများကို တွေ့ရပါသည်။

မောရှေသည် ၄င်းအားပြသသည့်ပုံစံအတိုင်းလောကတဲတော်ကို ဆောက်လုပ်ခဲ့သည်။ ထိုပုံစံနမူနာသည် ကောင်းကင်ဘုံတွင်အမှန်တကယ်ရှိသည့် ဗိမာန်တော်ဖြစ်ကြောင်း ရှင်ပေါလုက သွန်သင်ထားပါသည်။ ယောဟန်ကလည်း ထိုဗိမာန်တော်ကို ကောင်းကင်ဘုံတွင် မြင်တွေ့နေရကြောင်းသက်သေခံထားပါသည်။

ကောင်းကင်ဘုံရှိဗိမာန်တော်၏ အသန့်ရှင်းဆုံးအခန်းထဲတွင် ဘုရားသခင်၏ ပညတ်တော်ရှိပါသည်။ ထိုပညတ်တော်ထည့်ထားသည့်ပဋိညာဉ်သေတ္တာကို ကရုဏာတော်ပလ္လင်ကဖုံးအုပ်ထားပြီး ထိုသေတ္တာတော်ရှေ့တွင် ခရစ်တော်သည် အပြစ်သားများအတွက်အသနားခံလျက်ရှိသည်။ ဤနည်းအားဖြင့် ကောင်းကင်တစ်ခုလုံးအံ့အားသင့်သွားစေမည့် ကယ်တင်ခြင်း စီမံကိန်းမှ တရားမျှတမှုနှင့်

ကရုဏာတော်တို့၏ပေါင်းစည်းမှုကို ပုံဖော်ထားပါသည်။ ဘုရားသခင်သည် နောင်တရသောအပြစ်သားများကို ဖြောင့်မတ်စေစဉ်မှာပင် ကိုယ်တော်ရှင်သည် တရားမျှတနိုင်ကြောင်း ဖေါ်ပြသည့် ထိုမြင်ကွင်းသည် ကောင်းကင်တမန်များကြည့်ရှုလိုသည့် ကရုဏာတော်၏ ဆန်းကြယ်မှုပြင်ဖြစ်သည်။လူသားများအတွက်ကြားဖြန်ဖြေမှုတွင် ခရစ်တော်ဆောင်ရွက်ခဲ့သည့် အမှုတော်အကြောင်းကို ဇာခရိအနာဂတ္တိကျမ်းတွင်တွေ့ရပါသည်။

ကိုယ်တော်ရှင်သည် "ထာဝရဘုရား၏ ဗိမာန်တော်ကိုတည်ဆောက်လိမ့်မည်။ ထာဝရဘုရား၏ ဗိမာန်တော်ကိုတည်ဆောက်ပြီးလျှင် ဘုန်းကြီး၍ မိမိရာဇပလ္လင်ပေါ်မှာထိုင်လျက် စိုးစံလိမ့်မည်။ ရာဇပလ္လင်တော်ပေါ်မှာ ယဇ်ပုရောဟိတ်လည်းဖြစ်၍ ထိုနှစ်ပါးတို့သည်မိတ်သဟာယပဋိညာဉ်ကို ဖွဲ့ကြလိမ့်မည်။ ဇာခရိ ၆း၁၂-၁၃။

ခရစ်တော်သည် မိမိ၏အသေခံခြင်းနှင့် ကြားဖျန်ဖြေပေးခြင်းများအားဖြင့် ဘုရားသခင်၏ အသင်းတော်ကျောက်မြစ်ဖြစ်ရုံသာမက တည်ဆောက်သူလည်းဖြစ်ပါသည်။ ၄င်းပြင်"ထိုတိုက်ထောင့်အမြစ်ကျောက်ကား ယေရှုခရစ်ဖြစ်သနည်း။ ထိုကျောက်နှင့်တစ်တိုက်လုံးသည် စေ့စပ်၍ကြီးပွားသဖြင့် ဘုရားသခင်အဖို့အလို့ငှာ သန့်ရှင်းသောဗိမာန်တော်ဖြစ်သနည်း။" ဧဖက် ၂း၂၀-၂၁။ "ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့၏အပြစ်များကို ဆေးကြောတော်မူ၍ ---- သူသည် ကမ္ဘာအဆက်ဆက်ဘုန်းအသရေအစွမ်းသတ္တိရှိတော်မူစေသတည်း။" ဗျာ ၁း၅-၆။

"ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်။" ဘုန်းတော်နိုင်ငံသည် ရောက်ရှိမလာသေးပါ။

ကြားဖျန်ဖြေရေးလုပ်ဆောင်မှုပြီးဆုံးသည့်အချိန်ကျမှ ဘုရားသခင်သည် ကိုယ်တော်ရှင်အား "အဆုံးမရှိသောနိုင်ငံ" ကိုအပ်ပေးတော်မူလိမ့်မည်။ လုကာ ၁း၃၃။ ခရစ်တော်သည် ယခုတွင် ယဇ်ပုရောဟိတ်တစ်ပါးအနေဖြင့် အဖခမည်းတော်နှင့်အတူ ပလ္လင်ထက်တွင် စိုးစံလျက်ရှိသည်။

ပလ္လင်ထက်တွင်ထိုင်နေသောသူမှာ "ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်သောသူ။" "ငါတို့ခံရသည့်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်သော်လည်း ဒုစရိုက်အပြစ်နှင့်ကင်းလွတ်သောသူ" ဖြစ်တော်မူ၏။ ဟေရှာ ၅၃း၄။ ဟေဗြဲ ၄း၁၅။ သံချွန်အရာများနှင့်ပြီးသောလက်များ၊ လှံချက်အရာနှင့်ပြီးသောနံဘေး၊ ထိခိုက်ဒဏ်ရာရထားသည့်ခြေထောက်များက ကယ်တင်ခြင်းအတွက် ထိုမျှသောအဖိုးအခများပေးကာ ဝယ်ထားရသည့်လူသားများကို တိုးလျှိုးတောင်းပန်နေကြပါသည်။

"ရာဇပလ္လင်တော်ပေါ်မှာ ယဇ်ပုရောဟိတ်လည်းဖြစ်၍ထိုနှစ်ပါးတို့သည် မိတ်သဟာယပဋိညာဉ်ကိုဖွဲ့ကြလိမ့်မည်။" ခမည်းတော်ဘုရားသခင်၏ မေတ္တာတော်သည် ပျောက်ဆုံးနေသောလူသားများ၏ကယ်တင်ခြင်းအတွက် စမ်းရေချောင်းပမာဖြစ်ပါသည်။ ထို့ကြောင့် "ခမည်းတော်ကိုယ်တော်တိုင် သင်တို့ကို ချစ်တော်မူ၏" ဟု တမန်တော်များအား ခရစ်တော်မိန့်တော်မူခဲ့၏။ "ဘုရားသခင်သည်ခရစ်တော်အထဲ၌နေလျက် ---- ရန်ငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏။" "ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။" ဇာ၊ ၆း၁၃။ ယောဟန် ၁၆း၂၇။ ၂ကော၊၅း၁၉ ယောဟန် ၃း၁၆။

## သန့်ရှင်းရာဌာနတော်နှင့်ပတ်သက်သည့်နက်နဲမှုကိုဖြေရှင်းခြင်း

ထိုကောင်းကင်ရှိတဲတော်စစ်သည် ပဋိညာဉ်သစ်၏သန့်ရှင်းရာဌာနတော်ဖြစ်၏။ခရစ်တော်အသေခံသည့်အချိန်တွင် ပုံဆောင်မှုများဆုံးခန်းတိုင်သို့ရောက်သွားခဲ့ပါသည်။ ဒံယေလ ၈း၁၄ သည် ဤကာလအငန်းအတာတွင်ပြည့်စုံသည်ဖြစ်ရာ ထိုကျမ်းချက်တွင် ဖေါ်ညွှန်းထားသည့် သန့်ရှင်းရာဌာနတော်သည် ပဋိညာဉ်သစ်၏ သန့်ရှင်းရာဌာနတော်ဖြစ်ရပါမည်။ ထိုကြောင့် "ရက်ပေါင်းနှစ်ထောင့်သုံးရာတိုင်တိုင်တည်လိမ့်မည်။ ထိုနောက်သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်" ဆိုသည့် အနာဂတ္တိကျမ်းသည် ကောင်းကင်ဘုံရှိ သန့်ရှင်းရာဌာနတော်ကို ပြည့်ညွှန်ပါသည်။

သို့သော် ဆေးကြောသုတ်သင်သည်ဆိုသည်မှာ ဘာကိုဆိုလိုချင်ပါသနည်း။ ကောင်းကင်ဘုံမှာရှိနေသည့် တစ်စုံတစ်ခုကိုဆေးကြောသတ်သင်ဖို့လိုပါသလား။

ကောင်းကင်နှင့်မြေကြီးရှိ သန့်ရှင်းရာဌာနတော်နှစ်ခုစလုံးအား ဆေးကြောသုတ်သင်ခြင်းနှင့် စပ်လျဉ်း၍ဟေဗြဲ ၉း၂၂-၂၃ တွင် ရှင်းလင်းစွာ သွန်သင်ထားပါသည်။"ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကို ကုန်မတတ်အသွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ။

ထိုကြောင့် ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ ပုံရိပ်များကို ထိုသို့သောယဇ်ပူဇော်ခြင်းအားဖြင့် စင်ကြယ်စေရသည်ဖြစ်၍ကောင်းကင်အရာတို့ကို သာ၍မြတ်သော ယဇ်ပူဇော်ခြင်းအားဖြင့် စင်ကြယ်စေရ၏။"

## သန့်ရှင်းသောဌာနတော်ကိုဆေးကြောသုတ်သင်ခြင်း

စစ်မှန်သောအပြစ်ဆေးကြောသုတ်သင်ခြင်း အခမ်းအနားကို ခရစ်တော်၏အသွေးတော်အားဖြင့်သာ ပြီးမြောက်စေရပါသည်။ "အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ။" အပြစ်လွှတ်ခြင်းသည် ပြီးမြောက်အောင်လုပ်ပရမည့်အလုပ်ဖြစ်ပါသည်။

သို့ရာတွင် အဘယ်သို့နည်းအားဖြင့် အပြစ်နှင့်ကောင်းကင် သန့်ရှင်းရာဌာနတော်သည် ဆက်နွယ်မှုရှိနိုင်ခဲ့သနည်း။ဤအရာကို ပုံဆောင်၍ ကျင်းပသောအခမ်းအနားများကို ပြန်လည်သုံးသပ်၍ လေ့လာနိုင်ကြပါသည်။ အကြောင်းမှာ မြေကြီးပေါ်ရှိယဇ်ပုရောဟိတ်တို့သည် "ကောင်းကင်အရာတို့၏ပုံပမာအရိပ်နှင့်သာဆိုင်လျက် ဝတ်ကိုပြုနေကြ၏။" ဟေဗြဲ ၈း၅။

မြေကြီးဆိုင်ရာသန့်ရှင်းရာဌာန၌ဆောင်ရွက်သောအမှု တော်ကို နှစ်ပိုင်းနှစ်ကဏ္ဍခွဲခြားထားပါသည်။ သန့်ရှင်းရာအခန်းတွင်ယဇ် ပုရောဟိတ်များ နေ့စဉ်အမှုတော်ဆောင်ရွက်ရသလို အသန့်ရှင်းဆုံး အခန်းတွင် ယဇ်ပုရောဟိတ်မင်းကြီးသည် တစ်နှစ်လျှင်တစ်ကြိမ်အ ပြစ်ဖြေရာအထူးအမှုတော်ကို သန့်ရှင်းရာဌာနတော်ဆေးကြောရန် အလို့ငှာ အမှုတော်ဆောင်ပါသည်။ နောင်တရသောအပြစ်သားများ သည် မိမိ၏အပြစ်များကို အပြစ်မဲ့ယဇ်ကောင်အပေါ်သို့လွှဲပြောင်း သည့်ပုံဆောင်မှုအဖြစ် မိမိ၏လက်ကို ထိုယဇ်ကောင်၏ခေါင်းပေါ် တွင်တင်ကာ အပြစ်များကို ဝန်ချတောင်းပန်လျက် ပူဇော်သက္ကာကို ဆက်ကပ်ပါသည်။ ထိုနောက် ထိုယဇ်ကောင်ကို သတ်ပါသည်။ "အသက်သည် အသွေး၌တည်၏။" ဝတ်၊ ၁၇း၁၁။ ချိုးဖေါက်ခြင်း

ခံရသောပညတ်တော်က ချိုးဖေါက်သူ၏အသက်ကိုတောင်းခံနေရာ အပြစ်သား၏အသက်ကိုပုံဆောင်ကာ အပြစ်သား၏အပြစ်များကြောင့် အသေခံရသည့်ယဇ်ကောင်၏အသွေးများကို သန့်ရှင်းရာအခန်းထဲသို့ ယူဆောင်သွားကာ အပြစ်သားချိုးဖေါက်ခဲ့သည့်ပညတ်တော်ရှိသည့် ပဋိညာဉ်သေတ္တာ၏ ရှေ့၌ရှိသောကန့်လန့်ကာပေါ်သို့ ယဇ်ပုရောဟိတ်ကပက်ဖျန်းပါသည်။ ဤအခမ်းအနားအားဖြင့်အပြစ်များသည် သန့်ရှင်းရာဌာနတော်သို့ ရောက်သွားသည်ဟုတင်စားရုပ်လုံးဖော်ခဲ့ပါသည်။ တချို့ကိစ္စများတွင် အသွေးကိုသန့်ရှင်းရာအခန်းထဲသို့ ယူဆောင်မသွားကြသော်လည်း ယဇ်ကောင်၏အသားကိုယဇ်ပုရောဟိတ်များက စားပစ်ကြသည်။ ဤအခမ်းအနားနှစ်မျိုးစလုံးက နောင်တရသောအပြစ်သား၏အပြစ်များသည် သန့်ရှင်းရာဌာနတော်သို့ ရွှေ့ပြောင်းကြောင်း ပုံဆောင်ထားပါသည်။

ဤအမှုတော်မျိုးကို တစ်နှစ်ပတ်လုံးအဆက်မပြတ်ဆောင်ရွက်ခဲ့ရာဣသရေလများ၏ အပြစ်များသည် သန့်ရှင်းရာဌာနတော်တွင် တင်ကျံနေပေပြီ။ ထိုကြောင့် ထိုအပြစ်များကို သန့်ရှင်းရာဌာနတော်မှဖယ်ရှားပစ်ရန်မှာ အလုပ်မဖြစ်သည့် အရာတစ်ခုဖြစ်လာပါသည်။

## အပြစ်ဖြေရာနေ့ကြီး

ယဇ်ပုရောဟိတ်မင်းကြီးသည် တစ်နှစ်လျှင်တစ်ကြိမ်သာကျရောက်သည့် အပြစ်ဖြေရာနေ့ကြီးတွင် သန့်ရှင်းရာဌာနကိုဆေးကြောသုတ်သင်ခြင်း အမှုဆောင်ရွက်ရန် အသန့်ရှင်းဆုံးအခန်းထဲသို့ဝင်ပါသည်။ ဆိတ်ကလေးနှစ်ကောင်ကိုယူဆောင်ခဲ့ပြီး "ထာဝရ

ဘုရားအဖို့ စာရေးတံတစ်ခု၊ လွတ်လပ်လဟာအဖို့ စာရေးတံတစ်ခု" ချပါသည်။ ထာဝရဘုရားအဖို့ စာရေးတံကျသောဆိတ်ကို လူတို့အတွက် အပြစ်ဖြေရာယဇ်အဖြစ် သတ်၍ ပူဇော်ပါသည်။ ထိုနောက် ထိုဆိတ်၏သွေးများကို ယဇ်ပုရောဟိတ်မင်းက ကန့်လန့်ကာအတွင်းထဲသို့ယူလာကာ ကရုဏာပလ္လင်ရှေ့ရှိ ကန့်လန့်ကာကိုလည်းကောင်း၊ ကန့်လန့်ကာရှေ့ရှိ နံ့သာပေါင်းကိုမီးရှို့ရာယဇ်ပလ္လင်ကိုလည်းကောင်း ပက်ဖျန်းပါသည်။

"အာရုန်သည် အသက်ရှင်သောဆိတ်ခေါင်းပေါ်မှာလက်နှစ်ဘက်ကိုတင်လျက် ဣသရေလအမျိုးသားတို့၏ ဒုစရိုက်မှစ၍ပြစ်မှားသောအပြစ်အမျိုးမျိုးရှိသမျှတို့ကိုဖော်ပြ၍ ဆိတ်ခေါင်းပေါ်မှာတင်ထားပြီးလျှင် တော်လျော်သောလူတွင် တောသို့စေလွှတ်ရမည်။သူတို့အပြစ်ရှိသမျှကို လူမနေသောအရပ်သို့ ဆောင်သွားသောထိုဆိတ်ကိုတော၌လွှတ်လိုက်ရမည်။" ဝတ်၊ ၁၆း၂၁-၂၂။ တောထဲသို့လွှတ်လိုက်သောဆိတ်သည် ဣသရေလစခန်းသို့ပြန်မလာတော့ချေ။

ဘုရားသခင်၏သန့်ရှင်းခြင်းနှင့် အပြစ်ဒုစရိုက်ကို ကိုယ်တော်ရွံရှာခြင်းများအား ဣသလေရလများမှတ်မိမှတ်သားဖြစ်စေရန် ထိုအခမ်းအနားကိုရည်ရွယ်၍ ကျင်းပတော်မူခြင်းဖြစ်သည်။ အပြစ်ဖြေရာအမှုကိုဆောင်ရွက်နေစဉ်အတွင်း လူအသီးသီးတို့သည် မိမိတို့ပြုမိခဲ့သည့်ဒုစရိုက်များကို ပြန်လည်သတိရအောက်မေ့လျက် တစ်နေ့လုံးအစာရှောင် ဆုတောင်းကြရန်ဖြစ်သည်။

အပြစ်သားကိုယ်စား အစားထိုးသည့်အချက်ကို လက်ခံတော်မူသော်လည်း ထိုယဇ်ကောင်၏သွေးသည်အပြစ်ကိုမချေဖျက်နိုင်ပါ။ ထိုအပြစ်သည် သန့်ရှင်းရာဌနတော်သို့ပြောင်းရွှေ့တင်ကျံနေပါသည်။

ယဇ်ကောင်ကိုသတ်၍ ပူဇော်လိုက်ခြင်းအားဖြင့် ထိုအပြစ်သားသည် ပညတ်တော်၏အာဏာတန်ခိုးကို အသိအမှတ်ပြုခြင်း၊ အပြစ်ကို သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည်မဝင်ဘဲ ငါတို့အတွက်ကြောင့် ယခုဘုရားသခင်၏ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ ကောင်းကင် ကိုယ်ထဲသို့ဝင်တော်မူပြီ” ဟုကောင်းကင်သို့တက်ကြွသွားပြီးနောက် ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် ခရစ်တော်အမှုတော်ဆောင်နေ ကြောင်းဖေါ်ပြထားသည်။ ဟေဗြဲ ၉း၂၄။

ပထမအခန်းဟုခေါ်သည့် ကန့်လန့်ကာအတွင်းမှသန့်ရှင်းရာ အခန်းတွင် အမှုတော်ဆောင်ခြင်းသည် ကောင်းကင်သို့တက်ကြွ သွားပြီးနောက် ခရစ်တော်လုပ်ဆောင်သော အမှုတော်ပင်ဖြစ်သည်။ ယဇ်ပုရောဟိတ်သည် နေ့စဉ်ထမ်းဆောင်ရမည့်လုပ်ငန်းများအဖြစ် အပြစ်အတွက်ပူဇော်သည့်အသွေးကိုလည်းကောင်း၊ ဣသရေလများ ၏ဆုတောင်းသံများနှင့်အတူ ရှေ့တော်သို့တက်နေသော နံ့သာပေါင်း မီးရှို့ရာယဇ်မှ သင်းရနံ့များကိုလည်းကောင်းဘုရားသခင်ထံဆက်ကပ် ရပါသည်။ ထိုအရာများမှာ ကောင်းကင်သန့်ရှင်းရာဌာနတော်၏ ပထမအခန်းတွင်ပြုလုပ်သည့် အမှုတော်လုပ်ငန်းများဖြစ်သည်။

တမန်တော်များ၏ယုံကြည်ခြင်းသည် ကိုယ်တော်တက်ကြွ သွားစဉ်က ထိုနေရာသို့တိုင် လျှောက်လိုက်ခဲ့ကြသည်။ ထိုနေရာ၌ ၎င်းတို့၏မြော်လင့်ခြင်းသည် ဗဟိုပြုနေခဲ့သည်။ “ထိုမြော်လင့်ခြင်း မူကား၊ ကန့်လန့်ကာအတွင်း၌ချ၍ မြဲမြံခိုင်ခံ့သောစိတ်နှလုံး၏ ကျောက်ဆူးကဲ့သို့ငါတို့၌ရှိသနည်း။ ----ထာဝရယဇ်ပုရောဟိတ်မင်း ဖြစ်သောယေရှုသည်ငါတို့အတွက် ထိုအတွင်းအရပ်ထဲသို့ရှေ့ဆောင် ၍ဝင်သောသူဖြစ်တော်မူ၏။”“ငါတို့အဖို့ ထာဝရရွေးနုတ်ခြင်းကျေးဇူး

ကိုခံရ၍ ---- မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့တစ်ခါတည်း ဝင်တော်မူ၏။" ဟေဗြဲ ၆း၁၉-၂၀။ ၉း၁၂။

ဤအမှုတော်ကို နှစ်ပေါင်း ၁၈၀၀ လုံးလုံး သန့်ရှင်းရာ ဌာနတော်၏ပထမအခန်းထဲတွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ခရစ်တော်သည် မိမိ၏အသွေးတော်အားဖြင့် နောင်တရသောအ ပြစ်သားများအတွက် အပြစ်လွှတ်ခြင်းအခွင့်နှင့် ဘုရားသခင်၏ လက်ခံခြင်းအခွင့်များကို ရယူခဲ့သော်ငြားလည်းအပြစ်များသည်မှတ် ၂တမ်းစာအုပ်များတွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ပုံဆောင် ကျင်းပသောအခမ်းအနားများတွင် တစ်နှစ်တာ၏အဆုံး၌အပြစ်ဖြေ ရာပွဲကျင်းပသည်နည်းတူ လူသားများအတွက် ခရစ်တော်ဆောင်ရွက် နေသောအမှုတော်ကို အဆုံးမသတ်မီ သန့်ရှင်းရာဌာနတော်မှအပြစ် များကို ဖယ်ရှားရန်အတွက် အပြစ်ဖြေရာအမှုတော်ကိုလုပ်ဆောင် ရပါသည်။

ဤအမှုတော်သည် နှစ်ပေါင်း ၂၃၀၀ အဆုံးသတ်သော နေ့မှ အစပြုခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ် မင်းကြီးသည် သန့်ရှင်းရာဌာနတော်ကို ဆေးကြောသုတ်သင်ရန်အ သန့်ရှင်းဆုံးအခန်းထဲသို့ ဝင်သွားတော်မူခဲ့ပါသည်။

## တရားစီရင်ခြင်းအမှုတော်

ပင္ဂိုည့ာဉ်သစ်အရ နောင်တရသူ အပြစ်သားများ၏အပြစ် များသည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်အပေါ်မှတစ်ဆင့်ကောင်း ကင်သန့်ရှင်းရာဌာနတော်သို့ ပြောင်းရွှေ့တင်ကျံခဲ့ပါသည်။ ညစ် ညမ်းစေသည့်အပြစ်များအား ဖယ်ရှားသုတ်သင်ခြင်းအားဖြင့်-----

လောကတဲတော်အား ပုံဆောင်ဆေးကြောမှုပြီးစီးစေခဲ့သကဲ့သို့ မှတ်တမ်းတင်ထားသောအပြစ်များကိုဖယ်ရှားပစ်ခြင်းအားဖြင့်ကောင်းကင်သန့်ရှင်းရာဌာနတော်ကို အမှန်တကယ်ဆေးကြောမှုပြီးစီးစေပါသည်။

သို့ရာတွင် ဤအမှုကိုအပြီးမသတ်မီမည်သူသည်ခရစ်တော်ကို ယုံကြည်လက်ခံခြင်းအားဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကိုခံစားထိုက်ကြောင်း သိရှိနိုင်ရန် မှတ်တမ်းစာအုပ်များကို ပြန်လည်ဆန်းစစ်ရမည်ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းရာဌာနတော်ဆေးကြောခြင်းအမှုတွင် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာတရားစီရင်ခြင်းအလုပ်သည်ပါဝင်နေပါသည်။ ထိုအလုပ်ကို ခရစ်တော်ကြွမလာမီကလေးတွင်လုပ်ဆောင်ရပါမည်။ အကြောင်းမှာ ကိုယ်တော်ရှင်ကြွလာသောအခါ လူတိုင်းအား ၎င်းတို့၏အကျင့်အလျောက် ပေးရမည့်အကျိုးအပြစ်များကို အတူယူဆောင်လာတော့မည်ဖြစ်ပါသည်။ ဗျာ ၂၂:၁၂။

ထို့ကြောင့် ခရစ်တော်သည် နှစ်ပေါင်း ၂၃၀၀ ကုန်ဆုံးသည့် ၁၈၄၄ ခုနှစ်တွင် ဤလောကသို့ကြွလာရမည့်အစား ကြွလာခြင်းကို ပြင်ဆင်မှုတစ်ရပ်အနေဖြင့် အပြစ်ဖြေခြင်းအမှုကို အဆုံးသတ်ဆောင်ရွက်ရန် ကောင်းကင်သန့်ရှင်းရာဌာနတော်၏ အသန့်ရှင်းဆုံးအခန်းထဲသို့ဝင်သွားတော်မူကြောင်း အနာဂတ္တိကျမ်းစကား၏အလင်းတရားများအတိုင်း လိုက်လျှောက်သူများအား တွေ့မြင်ခဲ့ကြပါသည်။

ခရစ်တော်သည် မိမိအသွေးတော်အားဖြင့် ကောင်းကင်သန့်ရှင်းရာဌာနတော်တွင် တင်ကျံနေသော မိမိလူတို့၏အပြစ်များကို အမှုတော်အဆုံးတွင် ဖယ်ရှားပစ်တော်မူသောအခါ နောက်ဆုံးပြစ်ဒဏ်စီရင်မှုကိုခံရမည့်စာတန်အပေါ် သို့ ထိုအပြစ်များကိုရွှေ့၍တင်ကျံ

စေတော်မူမည်။ တောထဲသို့လွှတ်မည့်ဆိတ်သည် ဣသရေလလူများထံသို့ ပြန်မလာနိုင်တော့သည့် ဝေးလံသောတောသို့လွှတ်ခဲ့သည့်နည်းတူ စာတန်သည်လည်း ဘုရားသခင်နှင့်အတူ ကိုယ်တော်၏လူများရှေ့မှ ထာဝရနှင်ထုတ်ခြင်းကိုခံရလိမ့်မည်။ အပြစ်သားနှင့်အပြစ်များကို နောက်ဆုံးချေမှုန်းခြင်းတွင် သူသည် လုံးလုံးပျောက်ကွယ်သွားပါလိမ့်မည်။

-----o-----

# အခန်း (၂၄)
# ခရစ်တော်သည်မည်သည့်အမှုတော်ကို ယနေ့ဆောင်ရွက်နေသနည်း

သန့်ရှင်းရာဌာနတော်ဆိုင်ရာ အကြောင်းအရာများကစိတ်ပျက်ရခြင်း၏နက်နဲသောအကြောင်းရင်းများကို ဖွင့်ဟဖော်ပြခဲ့သည်။ မြော်လင့်ခြင်းဆိုင်ရာလှုပ်ရှားမှုအပေါ် ဘုရားသခင်အုပ်စီးထားကြောင်း ထင်ရှားစေသည့် သမ္မာတရား၏စုံလင်သောစနစ်တစ်ခုကိုလည်းမြင်သာစေခဲ့ပါသည်။

ဘုန်းတော်ဖြင့် ဒုတိယအကြိမ်ကြွလာမည့်ကိုယ်တော်ရှင်ကို ယုံကြည်ခြင်းအားဖြင့် မြော်လင့်ခဲ့သူ များသည်မြော်လင့်ချက်မပြည့်စုံသဖြင့်စိတ်ပျက်ဝမ်းနည်းကာ ခရစ်တော်ကိုမျက်ခြည်ပြတ်သွားခဲ့ကြသည်။ ယခုတွင်မူမကြာမီတွင်ဘုရင်တစ်ပါး ရွေးနုတ်ရှင်တစ်ပါးအဖြစ်နှင့် ကြွလာတော့မည့် ၎င်းတို့၏ ယဇ်ပုရောဟိတ်မင်းကြီးကို အသန့်ရှင်းဆုံးအခန်းထဲမှာ တွေ့မြင်နေရပါသည်။

သန့်ရှင်းရာဌာနတော်မှ ထွန်းတောက်လာသော အလင်းတန်းသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို ထင်ရှားစေပါသည်။ မိမိတို့ယူဆောင်လာသည့် သတင်းစကားကို သူတို့နားလည်ရန် ပျက်ကွက်ခဲ့ကြသော်လည်း ထိုသတင်းစကားသည် ၎င်းတို့အားအမှန်ဘက်သို့ပြင်ဆင်ပေးခဲ့ပါသည်။

မှားယွင်းမှုသည် အနာဂတ္တိကျမ်းဆိုင်ရာ အချိန်သတ်မှတ်ချက်တွင်မဟုတ်ဘဲ နှစ်ပေါင်း ၂၃၀၀ အဆုံးတွင်ဖြစ်ပျက်မည့်အကြောင်းအရာသတ်မှတ်ချက်တွင်ဖြစ်နေပါသည်။ သို့စေကာမူ အနာဂတ္တိကျမ်းတွင် ကြိုတင်ဖွင့်ဆိုထားသမျှသည် ပြည့်စုံပြီးမြောက်ခဲ့ပါသည်။

ခရစ်တော်ကြွလာသောနေရာမှာ ဤကမ္ဘာကြီးမဟုတ်ဘဲ ကောင်းကင်ဘုံမှသန့်ရှင်းရာဌာနတော်၏ အသန့်ရှင်းဆုံးအခန်းဖြစ်ပါသည်။ "ထိုညအခါ ငါသည်အာရုံပြု၍ လူသားနှင့်တူသောသူ တစ်ဦးသည် မိုးတိမ်ကိုစီးလျက် (ဤကမ္ဘာကြီး သို့မဟုတ်ဘဲ) အသက်ကြီးသောသူ၏ အထံတော်သို့ရောက်လာ၏။ ထိုသူကိုအထံတော်ပါးသို့သွင်းကြ၏။" ဒံ၊ ၇း၁၃။

ဤအကြောင်းအရာကို မာလခိအနာဂတ္တိကျမ်းတွင်လည်း ကြိုတင်ဟောကိန်းထုတ်ထားပါသည်။ "ကြည့်ရှုလော့၊ ငါသွားရာလမ်းကို ပြင်ရသော ငါ၏တမန်ကို ငါစေလွှတ်မည်။ သင်တို့ရှာသောသခင်၊ သင်တို့ တောင့်တသော ပဋိညာဉ် တမန်တော်သည် မိမိ၏ ဗိမာန်တော်ကို ချက်ချင်းလာလိမ့်မည်။ ကြည့်ရှုလော့၊ ထိုသခင်လာလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။" မာလ ၃း၁။

မိမိ၏ ဗိမာန်တော်သို့ သခင်ဘုရား ကြွလာခြင်းသည် "ချက်ချင်း" ဖြစ်ပြီးငှင်း၏ လူတို့မြော်လင့်မထားသောအချိန်တွင် ကြွလာခြင်းဖြစ်သည်။ ထိုသူတို့သည်ထိုနေရာသို့ကိုယ်တော်ကြွလာမည်ဟု မြော်လင့်မထားခဲ့ကြချေ။

ကိုယ်တော်ကိုကြိုဆိုရန် သူတို့အဆင်သင့်မရှိကြသေးဘဲ ပြင်ဆင်စရာများ ရှိနေဆဲဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့်အမှုတော်ထမ်းဆောင်နေသောထိုသူများအား ယဇ်ပုရောဟိတ်မင်း၏နောက်တော်သို့ လျှောက်လိုက်စဉ်တွင် ကျင့်ဆောင်ရမည့်တာဝန်အသစ်များကိုဖော်ပြတော်မူခဲ့ပါသည်။ အသင်းတော်အတွက်လည်းအခြားသတင်းစကားတစ်ခုပေးရန်ရှိနေပါသေးသည်။

"လာတော်မူသောနေ့ရက်ကို အဘယ်သသည် မတိမ်းမရှောင်ဘဲနေလိမ့်မည်နည်း။ ပေါ်ထွန်းတော်မူသောအခါအဘယ်သူသည်းခံရပ်နိုင်မည်နည်း။----ငွေကိုချွတ်၍သန့်ရှင်းစေသောသူကဲ့သို့ ထိုင်လျက် ရွှေငွေကိုချွတ်သကဲ့သို့ လေဝိသားတို့ကိုချွတ်၍ သန့်ရှင်းစေတော်မူသဖြင့် သူတို့သည် ထာဝရဘုရားအဖို့ ဖြောင့်မတ်ခြင်းပူဇော်သကာကို ပူဇော်ကြလိမ့်မည်။" မာလခိ ၃း၂-၃။

ခရစ်တော်၏ ကြားဖြန်ဖြေရေးအမှုတော်အဆုံးသတ်မည့်အချိန်တွင် ဤကမ္ဘာပေါ်၌ အသက်ရှင်နေထိုင်သူများသည် ဘုရားသခင်၏ ရှေ့တော်တွင် သန့်စင်ကြရမည်။ ၎င်းတို့၏ စာရိတ္တသည် လည်းအသွေးတော်အားဖြင့် သန့်စင်ထားကြရမည်။ ထိုသူတို့သည် ဘုရားသခင်၏ကျေးဇူးတော်နှင့် မိမိတို့၏ ကြိုးစားကျင့်ဆောင်မှုအားဖြင့် ဒုစရိုက်နှင့် တိုက်လှန်ပွဲတွင် အောင်မြင်သူများဖြစ်ရမည်။

စုံစမ်းစစ်ဆေးရာတရားစီရင်ခြင်းကို ကောင်းကင်နိုင်ငံတွင် ဆက်လက်လုပ်ဆောင်နေစဉ်နောင်တရသောအပြစ်သားများ၏အပြစ်များကိုသန့်ရှင်းရာဌာနတော်မှဆေးကြောသုတ်သင်နေစဉ်ဤကမ္ဘာတွင်ရှိကြသောဘုရားသခင်၏သားသမီးများ၌အပြစ်ဆေးကြောခြင်းနှင့်ဆိုင်သည့် အထူးလုပ်ဆောင်စရာတစ်ခုရှိပါသည်။ ထိုအရာကိုဗျာ၊ ၁၄ တွင်ဖေါ်ပြထားသည့် သတင်းစကားတွင် တင်ပြထားပါသည်။ ထိုလုပ်ငန်းကို လုပ်ဆောင်ပြီးစီးသောအချိန်တွင် ခရစ်တော်၏ နောက်လိုက်များသည် ကြွလာခြင်းကိုကြိုဆိုရန် အဆင်သင့်ဖြစ်နေ

ကြလိမ့်မည်။ ကိုယ်တော်ရှင်ကြွလာခြင်းကိုကြိုဆိုမည့် ထိုအသင်းတော်သည် "သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိသည်ဖြစ်၍အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်း စသည်တို့နှင့်ကင်း၏။" ဧဖက်၅း၂၇။

"ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ"

သန့်ရှင်းရာဌာနတော်ကို ဆေးကြောရန်အသန့်ရှင်းဆုံးအခန်းထဲသို့ ယဇ်ပုရောဟိတ်မင်းအနေဖြင့် ခရစ်တော်ဝင်သွားခြင်း(ဒံ ၈း၁၄) သည်လည်းကောင်း၊ အသက်ကြီးသူထံသို့ ခရစ်တော်ရောက်လာခြင်း (ဒံ၊၇း၁၃) သည်လည်းကောင်း၊ မိမိ၏ဗိမာန်တော်ထဲသို့ ထိုသခင်လာခြင်း (မာလခိ ၃း၁) သည်လည်းကောင်း၊အကြောင်းအရာတစ်ခုတည်းကို ဖွင့်ဆိုနေခြင်းဖြစ်သည်။ ဤအကြောင်းအရာကိုပင် မင်္ဂလာဆောင်ပွဲကို မင်္ဂလာဆောင်လုလင်ရောက်ရှိလာခြင်းဖြင့် ရှင်မဿဲ ၂၅ တွင် ပုံဖေါ်တင်ပြထားပါသည်။

ဤပုံပမာထဲတွင် "မင်္ဂလာဆောင်လုလင်လာသောအခါ-- အသင့်ရှိသောသတို့သမီးတို့သည် လုပ်လင်နှင့်အတူပွဲသို့ဝင်ကြ၏။" ထိုကြောင့် မင်္ဂလာဆောင်လုလင်ကြွလာခြင်းသည် ပွဲကျင်းပခြင်းထက် အလျင်ကျပါသည်။

ထိုမင်္ဂလာပွဲသည် နိုင်ငံတော်ကို ခရစ်တော်လက်ခံသည့်ပွဲအားပုံဆောင်ပါသည်။ နိုင်ငံတော်ကိုပုံဆောင်သည့်သန့်ရှင်းသော မြို့တော်တည်းဟူသော ယေရုရှလင်မြို့သစ်ကို "သိုးသငယ်၏ ခင်ပွန်းတည်းဟူသော မင်္ဂလာဆောင် သတို့သမီး" ဟုလည်း ခေါ်ဝေါ်သည်။ ဗျာ၊ ၂၁း၉။ ကောင်းကင်တမန်တစ်ပါးကရှင်ယာဟန်အား "လာခဲ့ပါ။ သိုးသငယ်၏ ခင်ပွန်းတည်းဟူသော-----

မင်္ဂလာဆောင်သတို့သမီးကို ငါပြမည်ဟုပြောဆိုလျက်ကြီးမြင့်သော တောင်သို့ ဝိညာဉ်တော်အားဖြင့် ငါ့ကိုဆောင်သွား၍ သန့်ရှင်းသော ယေရုရှလင်မြို့သည် ဘုရားသခင်၏ ဘုန်းတော်နှင့်ပြည့်စုံလျက်ဘုရားသခင့်အထံတော်ကောင်းကင်ဘုံမှဆင်းသက်သည်ကို---ပြလေ၏။” ဗျာ၊ ၂၁း၁၀။

သန့်ရှင်းသော မြို့တော်သည် မင်္ဂလာဆောင်သတို့သမီးကို ပုံဆောင်ထားပြီး မင်္ဂလာဆောင်လုလင်အားကြိုဆိုရန် ထွက်သွားကြသော အပျိုကညာများမှာ အသင်းတော်ကို ပုံဆောင်ပါသည်။ ဗျာဒိတ်ကျမ်းတွင် ဘုရားသခင်၏ လူတို့ကို မင်္ဂလာညစာစားပွဲသို့ တက်ရောက်လာသူများဖြစ်သည်ဟု ဖွင့်ဆိုထားရာ ၎င်းတို့သည် မင်္ဂလာဆောင်သတို့သမီးမဖြစ်နိုင်တော့ချေ။

ခရစ်တော်သည်“မိမိခင်ပွန်းအဖို့ တန်ဆာဆင်သောမင်္ဂလာဆောင်သတို့သမီး”ဖြစ်သည့်ယေရုရှလင်မြို့သစ်တည်းဟူသော “နိုင်ငံနှင့်တကွ အာဏာစက်တန်ခိုး” ကိုရ၏။ ကိုယ်တော်ရှင်သည် နိုင်ငံတော်ကိုရရှိပြီးနောက်သိုးသငယ်၏ မင်္ဂလာဆောင်ညစာစားပွဲသို့တက်ရောက်ကြမည့် ဘုရား သခင်၏လူတို့အား ကယ်နုတ်ရန် အတွက် ဘုရင်တကာတို့၏ဘုရင်သခင်တကာတို့၏သခင်အနေဖြင့် ကြွလာတော်မူလိမ့်မည်။

## သူတို့၏ သခင်ကိုစောင့်မျှော်ခြင်း

“ကြည့်ပါ။ မင်္ဂလာဆောင် လုလင်လာပြီ” ဟူသောကြွေးကြော်သံကြောင့် လူအများက ခရစ်တော် ချက်ချင်းကြွလာမည်ဟု မြော်လင့်ခဲ့ကြသည်။ သတ်မှတ်ထားသောအချိန်သို့ရောက်သောအခါ

မင်္ဂလာဆောင်လုလင်သည် ဤကမ္ဘာသို့ကြွလာတော်မမူဘဲကောင်းကင်ဘုံရှိဘုရားသခင်ထံသို့ နိုင်ငံတော်ကိုလက်ခံရန် ကြွချီသွားခဲ့ပါသည်။ "အသင့်ရှိသော သတို့သမီးများသည် မင်္ဂလာဆောင်လုလင်နှင့်အတူ ပွဲသို့ဝင်ကြ၏" ဟူသောစကားရပ်တွင် ကြွလာခြင်းအတွက် အဆင်သင့်ရှိသူများသည် ဤလောကတွင်ရှိနေကြဆဲဖြစ်သဖြင့် ထိုနေရာ၌ ယခုအချိန်တွင် ကိုယ်တိုင်ကိုယ်ချမရှိနိုင်ကြသေးချေ။

"မင်္ဂလာဆောင်ပွဲမှပြန်လာ၍ တံခါးကိုခေါက်သောအခါချက်ချင်းဖွင့်ခြင်းငှာ သခင်လာမည်ကို" ၎င်းတို့မြော်လင့်နေကြရန်သာဖြစ်သည်။ လုကာ ၁၂း၃၆။ သို့ရာတွင် ထိုသူများသည်ကိုယ်တော်လုပ်ဆောင်နေသောအရာများကို နားလည်သဘောပေါက်ကာကိုယ်တော်နောက်သို့ ယုံကြည်ခြင်းအားဖြင့် လိုက်လျှောက်ကြရန်ဖြစ်သည်။ ဤအရာကို မင်္ဂလာဆောင်ပွဲသို့၎င်းတို့ဝင်ခြင်းနှင့်ပုံဖေါ်တင်ပြထားခြင်းဖြစ်သည်။

ဤပုံပမာတွင် မီးခွက်ထဲ၌ ဆီရှိသောသူများသည် ထိုပွဲသို့ဝင်ခဲ့ကြရသည်။ ကြွလာခြင်းကိုမြော်လင့်ခြင်းအတွက် ခါးသီးသောစိတ်ပျက်စရာများနှင့် ကြုံတွေ့ခဲ့ရသူများသည် ပို၍ထင်ရှားသောအလင်းကိုရရန် သမ္မာကျမ်းစာကိုလေ့လာရင်း သည်းခံလျက်စောင့်မျှော်ခဲ့ကြရာ ကောင်းကင်ဘုံမှ သန့်ရှင်းရာဌာနတောင်အကြောင်းနှင့်ကယ်တင်ရှင်၏ အမှုတော်အပြောင်းအလဲအကြောင်း အမှန်တရားများကို တွေ့ရှိခဲ့ကြသည်။ ထိုကြောင့် သူတို့သည် အထက်သန့်ရှင်းရာဌာနတော်ရှိ ကိုယ်တော်၏ အမှုတော်တွင် ကိုယ်တော်၏နောက်တော်သို့ ယုံကြည်ခြင်းအားဖြင့် လိုက်လျှောက်ခဲ့ကြ၏။ဤအမှန်တရားကိုလက်ခံသူအပေါင်းတို့သည် ထိုပွဲသို့ဝင်ကြရပါသည်။

ရှင်မဿဲ ၂၂ တွင် ဖေါ်ပြထားသော ပုံပမာထဲတွင်တရားစီရင်ခြင်းသည် မင်္ဂလာပွဲထက်အလျင်ကျပါသည်။ မင်္ဂလာပွဲမတိုင်မီ ဘုရင်ကြီးသည် သိုးသငယ်၏ အသွေးတော်ဖြင့် ဆေးကြောခြင်းခံရသည့် အနာအဆာကင်းသော စာရိတ္တကို ပုံဆောင်သည့်မင်္ဂလာဆောင်ဝတ်ရုံများကို မင်္ဂလာဆောင်လာသည့်ပုဂ္ဂိုလ်များ ဝတ်၊ မဝတ် ကြည့်ရန် ခန်းမထဲသို့ရောက်လာပါသည်။ ဗျာ၊ ၇း၁၄။

ထိုဝတ်ရုံဝတ်ထားကြောင်း တွေ့ရသူအပေါင်းတို့သည် နိုင်ငံတော်ကိုဝင်စားကာ ကိုယ်တော်၏ပလ္လင်ထက်မှာ တစ်နေရာရရန်ထိုက်တန်သည်ဟု သတ်မှတ်ခြင်းခံရပါသည်။ စာရိတ္တဆန်းစစ်သော ဤအလုပ်ကို စုံစမ်းစစ်ဆေးရေးဆိုင်ရာ တရားစီရင်ခြင်းဟုခေါ်ပါသည်။ဤအရာသည် အထက်သန့်ရှင်းရာဌာနတော်၏ နိဂုံးချုပ်လုပ်ဆောင်ရမည့် အမှုတော်လည်းဖြစ်သည်။

ခေတ်အဆက်ဆက် အသက်ရှင်နေထိုင်ခဲ့ကြသော ခရစ်ယာန်များ၏အမှုကိစ္စများကို စုံစမ်းစစ်ဆေးကာ ဆုံးဖြတ်ချက်ချပြီးသောအချိန်တွင် ကရုဏာတံခါးပိတ်ပါသည်။ "အသင့်ရှိသောသတို့သမီးတို့သည်လုလင်နှင့်အတူ ပွဲသို့ဝင်ကြပြီးလျှင် တံခါးကိုပိတ်ထား၏" ဟူသော စာကြောင်းတိုကလေးဖြင့် ကျွန်ုပ်တို့ကို လူသားများ၏ကယ်တင်ခြင်းဆိုင်ရာ အမှုတော်အဆုံးသတ်သည့်အချိန်အထိ ကိုယ်တော်ရှင်ပို့ဆောင်ထားပါသည်။

လောကသန့်ရှင်းရာဌာနတော်တွင် ယဇ်ပုရောဟိတ်မင်းကြီးသည် အပြစ်ဖြေရာနေ့၌ အသန့်ရှင်းဆုံးအခန်းထဲသို့ ဝင်သွားသော

အချိန်မှာ ပထမအခန်းရှိ အမှုတော်လုပ်ငန်းများ ရပ်စဲသွားခဲ့သည်။ ထိုနည်းအတူ ခရစ်တော်၏ ကောင်းကင်သန့်ရှင်းရာဌာနတော်တွင် ဆောင်ရွက်နေသော အမှုတော်သည်လည်းဖြစ်၏။ ခရစ်တော်သည် ကြားဖျန်ဖြေသူအဖြစ် မိမိလုပ်ဆောင်ရမည့် အမှုတော်၏အပိုင်းတစ်ပိုင်းကိုသာ ပြီးစီးသေးသည်ဖြစ်ရာ ကျန်သေးသည့်ကဏ္ဍများကိုဆက်လက်ဆောင်ရွက်ရပေဦးမည်။ ကိုယ်တော်ရှင်သည်ခမည်းတော်ဘုရားသခင်ရှေ့မှောက်တွင် အပြစ်သားများကိုယ်စား မိမိအသွေးတော်အားဖြင့် အသနားခံဆဲဖြစ်တော်မူ၏။

နှစ်ပေါင်း ၁၈၀၀ လုံးလုံး ဘုရားသခင်ထံချဉ်းကပ်နိုင်သည့် မြော်လင့်ခြင်းတံခါးနှင့် ကရုဏာတံခါးများသည် ယခုတွင် ပိတ်သွားခဲ့ပြီဆိုသည်မှာမှန်သော်လည်း အခြားတံခါးတစ်ခုကိုဖွင့်ထားပေးခဲ့သည်။

အသန့်ရှင်းဆုံးအခန်းတွင်ဆောင်ရွက်နေသော ခရစ်တော်၏ ကြားဖျန်ဖြေရေးဆိုင်ရာအမှုတော်အားဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကို ပေးတော်မူနေပါသည်။ လူသားများကိုယ်စား ခရစ်တော်ဆောင်ရွက်နေသော အထက်သန့်ရှင်းရာဌာနတော်သို့ ကျွန်ုပ်တို့ချဉ်းကပ်နိုင်ရန် တံခါးဖွင့်ထားဆဲဖြစ်ပါသည်။

"သန့်ရှင်းသောသူ၊ ဟုတ်မှန်သောသူ၊ ဒါဝိဒ်မင်း၏တံခါးသော့ကိုကိုင်သောသူ၊ အဘယ်သူမျှမပိတ်နိုင်အောင်ဖွင့်၍အဘယ်သူမျှမဖွင့်နိုင်အောင်ပိတ်သောသ" ဟူ၍ ဗျာ၊၃း၇-၈ တွင်ဖွင့်ဆိုထားသည့် ခရစ်တော်စကားများ၏ဆိုလိုရင်းကို ယခုတွင် တွေ့မြင်ကြရပါသည်။

အပြစ်ဖြေရာမဟာလုပ်ဆောင်မှုတွင် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏နောက်တော်သို့လိုက်နေသူများသည် ကြားဖျန်ဖြေမှု၏ အကျိုးကိုခံစားကြရကာ ငြင်းပယ်သူများမှာမူကား၊ ထိုအကျိုးကို

မခံစားကြရချေ။ ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် လက်မခံသော ယုဒများသည် ကိုယ်တော်အားဖြင့်ရသော အပြစ်လွှတ်ခြင်းအခွင့်ကို မခံစားကြရချေ။ ကောင်းကင်နိုင်ငံတော်သို့တက်ကြွသွားသောခရစ်တော်သည် တပည့်တော်များအပေါ် ကြားဖျန်ဖြေခြင်းဆိုင်ရာကောင်းချီးများကို ချပေးရန် ကောင်းကင် သန့်ရှင်းရာဌာနတော်ထဲသို့ဝင်သောအချိန်တွင် ယုဒများမှာ အကျိုးမဲ့ယဇ်ပူဇော်ခြင်းနှင့် ပူဇော်သကာများကို ဆက်လက်လုပ်ဆောင်လျက် အမှောင်ထုတွင်ရှိနေကြဆဲဖြစ်ပါသည်။

ဘုရားသခင့်ထံတော်သို့ချဉ်းကပ်ရန် လူသားများကနဦးကတွေ့ထားသည့်တံခါးသည် မဖွင့်တော့သော်လည်း ယုဒများသည် ကိုယ်တော်ရှင်ကို တွေ့နိုင်မည့် တစ်ခုတည်းသော လမ်းတည်းဟူသော ကောင်းကင် သန့်ရှင်းရာဌာနတော်မှတစ်ဆင့် ရှာဖွေရန်နည်းလမ်းကိုငြင်းပယ်ခဲ့ကြသည်။

မယုံကြည်သောယုဒများသည် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီး၏အမှုတော်ကို မသိကျိုးကျွန်ပြုလိုသော၊ မယုံကြည်၍ဂရုမထားတတ်သော ခရစ်ယာန်များကိုပုံဆောင်ပါသည်။ ပုံဆောင်ကျင်းပသော ဤအခမ်းအနားတွင် ယဇ်ပုရောဟိတ်မင်းကြီး အသန့်ရှင်းဆုံးအခန်းထဲသို့ ဝင်သွားသောအချိန်၌ ဣသရေလ အမျိုးသားအပေါင်းတို့သည် အပြစ်လွှတ်ခွင့်ရရှိစေရန်အလို့ငှာ ဘုရားသခင့်ရှေ့တော်တွင် မိမိကိုယ်ကိုနှိမ့်ချကာ ဗိမာန်တော်၌ စုဝေးနေကြရပါသည်။

ပုံဆောင်ခြင်းခံရသော ဤအပြစ်ဖြေရာနေ့ကြီးတွင် ထမ်းဆောင်နေသည့် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းကြီး၏ အမှုတော်အကြောင်းကို နားလည်သဘောပေါက်ကာ မိမိလုပ်ဆောင်ရမည့်တာဝန်များကို သိရှိရန်မှာ ပို၍အရေးပါလှသည်မဟုတ်ပါလား။

နောဧအချိန်က သတင်းစကားတစ်ခုကို ကောင်းကင်မှ ဤလောကသို့ပေးပို့ခဲ့သည်။ လူသားများ၏ ကယ်တင်ခြင်းသည် ထိုသတင်းစကားအပေါ် ပြုမူဆက်ဆံပုံအပေါ်တွင် မူတည်ခဲ့သည်။ ကမ္ဘာဦး ၆း၆-၉။ ဟေဗြဲ ၁၁း၇။ သောဒုံအချိန်တွင်လည်း လောတနှင့်သူ၏သမီးနှစ်ယောက်မှလွဲ၍ ကျန်လူအပေါင်းတို့သည်ကောင်းကင်မှကျလာသောမီးအားဖြင့် လောင်ကျွမ်းကာ သေကြေပျက်စီးခဲ့ကြ၏။ ကမ္ဘာဦး (၁၉) ခရစ်တော်အချိန်ကလည်း ထိုနည်းနှင်နှင့်ဖြစ်ခဲ့ပါသည်။

ခရစ်တော်ကမယုံကြည်သောယုဒများအား "သင်တို့နေသော အိမ်သည် သင်တို့၌ လူဆိတ်ညံလျက်ကျန်ရစ်ရ၏" ဟု မိန့်ဆိုခဲ့သည်။ မဿဲ ၂၃း၃၈။ ခရစ်တော်သည် ကပ်ကာလအဆုံးတိုင်အောင် မျှော်ကြည့်ကာ "ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ သမ္မာတရား၌ မွေ့လျော်သောစိတ်ကိုမခံယူ" တတ်သည့် ထိုသူများနှင့်ပတ်သက်၍ မိန့်ဆိုသည်မှာ "ထိုကြောင့် သမ္မာတရားကိုမယုံဘဲ မတရားသော အမှု၌ မွေ့လျော်သောသူအပေါင်းတို့သည်--- မုသားစကားကိုယုံစိမ့်သောငှာ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ဘုရားသခင် လွှတ်တော်မူလိမ့်မည်" ဟူ၍ဖြစ်၏။ ၂သက်၊၂း၁၀-၁၁။ ထိုသူများသည် နှုတ်ကပတ်တော်၏ သွန်သင်ချက်များကို ငြင်းဆန်သောအချိန်တွင် ဘုရားသခင်သည် မိမိ၏ ဝိညာဉ်တော်ကို ထိုသူတို့ထံမှ ရုပ်သိမ်းကာ ၎င်းတို့ကို ၎င်းတို့မြတ်နိုးသော လှည့်ဖြားမှုများတွင် ပစ်ထားတော်မူခဲ့သည်။ သို့ရာတွင် ခရစ်တော်သည် လူသားများကိုယ်စား၊ ကြားဖျန်ဖြေခြင်းအမှုကို ထမ်းဆောင်ဆဲဖြစ်ပြီး ရှာနေသောသူများအား အလင်းကိုပေးတော်မူလိမ့်မည်။

၁၈၄၄ ခုနှစ်၏နောက်ပိုင်းကာလများတွင် မြော်လင့်ခြင်းသတင်းစကားကို ယုံကြည်သူများသည် ကြီးကျယ်သောစုံစမ်းခြင်း

များနှင့်ရင်ဆိုင်ခဲ့ကြရပါသည်။ အထက်သန့်ရှင်းရာဌာနတော်သို့ စိတ်နှလုံးရောက်သွားစေသည့်အလင်းတရားကြောင့်သာ သူတို့စိတ်သက်သာမှုရရှိခဲ့ကြသည်။ ဆုတောင်း၍ စောင့်ဆိုင်းနေစဉ်မှာပင် ၄င်းတို့၏ ယဇ်ပုရောဟိတ်မင်းသည် အခြားအမှုတော်တစ်ခုကိုထမ်းဆောင်နေကြောင်း သူတို့တွေ့မြင်ခဲ့ရပါသည်။ ကိုယ်တော်နောက်သို့ ယုံကြည်ခြင်းအားဖြင့် လိုက်လျှောက်သဖြင့် အသင်းတော်၏ နိဂုံးချုပ်အမှုတော်ကိုလည်း သူတို့မြင်တွေ့ခဲ့ကြရပါသည်။ သူတို့သည် ပထမနှင့်ဒုတိယကောင်းကင်တမန်များ၏ သတင်းစကားများကိုကောင်းမွန်စွာနားလည်ကြပြီဖြစ်ရာ ဗျာ၊ ၁၄ တွင် ဖေါ်ပြသော တတိယကောင်းကင်တမန်၏သတင်းစကားကို လက်ခံရန် အဆင်သင့်ရှိနေကြချေပြီ။

-----o-----

## အခန်း (၂၅)
## ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသော ပညတ်တော်

"ကောင်းကင်ဘုံ၌ ဘုရားသခင်၏ဗိမာန်တော်ကိုဖွင့်ထား၍ ဗိမာန်တော်ထဲမှာ ပဋိညာဉ်သေတ္တာတော်ထင်ရှားလေ၏။" ဗျာ၊ ၁၁း၁၉။ ပဋိညာဉ်သေတ္တာတော်သည် ကောင်းကင်သန့်ရှင်းရာဌာနတော်၏ အသန့်ရှင်းဆုံးအခန်းထဲတွင် ရှိပါသည်။ ကောင်းကင်အရာများ၏ အရိပ်ဖြစ်သော လောကတဲတော်၌ အမှုတော်ဆောင်ရာတွင် ဗိမာန်တော်ကို ဆေးကြောရန်အတွက် ကျင်းပသောအပြစ်ဖြေရာနေ့တွင်သာ ဤအခန်းကိုဖွင့်ခဲ့ပါသည်။

ထို့ကြောင့် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ ဗိမာန်တော်ကို ဖွင့်လှစ်ကြောင်း ပဋိညာဉ်သေတ္တာတော်ကို မြင်တွေ့နိုင်ကြောင်း ကြေညာချက်သည် အပြစ်ဖြေရာအမှုတော်၏ နိဂုံးချုပ်အလုပ်ကို ထမ်းဆောင်ရန် ၁၈၄၄ခုနှစ်တွင် ကောင်းကင်သန့်ရှင်းရာဌာနတော်၏ အသန့်ရှင်းဆုံးအခန်းထဲသို့ ခရစ်တော်ဝင်တော်မူကြောင်းကို ပြည့်နန်နေပါသည်။

ထိုအသန့်ရှင်းဆုံးအခန်းထဲသို့ဝင်သွားစဉ် ယဇ်ပုရောဟိတ်ကြီးနှင့် အတူယုံကြည်ခြင်းအားဖြင့် လိုက်ပါသွားသူများသည် ပဋိညာဉ်သေတ္တာတော်ကို မြင်တွေ့ခဲ့ကြရသည်။ ထိုသူတို့သည် သန့်ရှင်းရာဌာနတော်အပြောင်းအလဲအကြောင်းကို နားလည်သဘောပေါက်ခဲ့ကြပါသည်။၎င်းပြင် ကိုယ်တော်ရှင်သည် ယခုတွင် ထိုပဋိညာဉ်သေတ္တာတော်၏ရှေ့တွင် အမှုဆောင်နေကြောင်းကို လည်းသူတို့မြင်တွေ့ခဲ့ကြပါသည်။

လောကတဲတော်တွင်ရှိသော ပဋိညာသ်သေတ္တာထဲတွင် ဘုရားသခင်၏ပညတ်တော်ရေးထားသည့် ကျောက်ပြားနှစ်ပြားရှိပါသည်။ ကောင်းကင်ဗိမာန်တော်ကို ဖွင့်လှစ်လိုက်သောအခါပဋိညာဉ်သေတ္တာတော်ကို မြင်တွေ့ရပါသည်။ ဘုရားသခင်ကိုယ်တော်တိုင်နှုတ်ဖြင့်ပြော၊ လက်ဖြင့်ရေးခဲ့သည့် ပညတ်တော်ကျောက်ပြားများကို ကောင်းကင်သန့်ရှင်းရာဌာနတော်၏ အသန့်ရှင်းဆုံးအခန်းထဲတွင် ထားရှိပါသည်။

ဤအချက်ကို နားလည်သဘောပေါက်သူများသည် မဿဲ ၅း၁၈ တွင် ခရစ်တော်မိန့်ဆိုခဲ့သော နှုတ်ထွက်စကားများကိုသဘောပေါက်လာကြပေလိမ့်မည်။ "ငါအမှန်ဆိုသည်ကား၊ ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံးဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ။" ဘုရားရှင်၏ အလိုတော်နှင့် စာရိတ္တတော်ကိုဖော်ပြနေသော ဘုရားသခင်၏ ပညတ်တော်သည် ကာလအစဉ်မပြတ်တည်မြဲတော်မူမည်။

ပညတ်တော်ဆယ်ပါး၏ အချက်အချာနေရာတွင် ဥပုသ်ပညတ်ရှိပါသည်။ ဖန်ဆင်းရှင်နားနေသောနေ့ကို ဂရုမထားခြင်းအားဖြင့် ဤပညတ်ကို မသိစိတ်နှင့်ကျူးလွန်ဖေါက်ဖျက်နေသည်ဟု နှုတ်ကပတ်တော်ကို လေ့လာနေသူများအား ဝိညာဉ်တော်က သိသာစေပါသည်။

ထိုကြောင့် ပထမနေ့တွင် ဥပုသ်စောင့်ခြင်း၏အကြောင်းရင်းကိုဆန်းစစ်ရန် သူတို့အစပျိုးခဲ့ရာ စတုတ္ထပညာတ်ကို ပယ်ဖျက်ကြောင်း၊ ဥပုသ်နေ့ကို အပြောင်းအလဲ လုပ်ကြောင်း အထောက်အထားတစ်စုံတစ်ခုမျှမတွေ့ကြရပါ။ သူတို့သည် အလိုတော်ကိုသိရှိလိုက်လျှောက်ရန် ကြိုးစားနေကြရာ ယခုအချိန်တွင်ကိုယ်တော်၏

ဥပုသ်နေ့ကို သန့်ရှင်းစွာတည်ဆောက်ခြင်းဖြင့် ဘုရားသခင်အပေါ် သစ္စာစောင့်သိကြောင်းဖော်ပြခဲ့ကြပါသည်။

မြော်လင့်ခြင်းအသင်းသားများ၏ ယုံကြည်ခြင်းကိုမှောက် လှန်ရန် ကြိုးစားမှုများပြုလုပ်ခဲ့ကြပါသည်။ ကောင်းကင်သန့်ရှင်းရာ ဌာနတော်နှင့်စပ်ဆိုင်သည့် အမှန်တရားများကိုလက်ခံရာတွင် ဘုရား သခင့်ပညတ်တော်တောင်းဆိုချက်များနှင့် ဥပုသ်တော်နေ့ပညတ်ပါ ဝင်ပတ်သက်နေသည်ကို မတွေ့မြင်သူမရှိပါ။ ကောင်းကင် သန့်ရှင်း ရာ ဌာနတော်၌ ခရစ်တော်အမှုတော် ဆောင်နေခြင်းကိုဖော်ပြသည့် သမ္မာကျမ်းစာ၏ ရှေ့နောက်ဆီလျော် သောဖော်ပြချက်များကို ခိုင်ခိုင် မာမာ ဆန့်ကျင်မှု၏ လျှို့ဝှက်ချက်သည် ဤတွင်ရှိနေပါသည်။ဘုရား သခင်ကဖွင့်ဟထားသောအရာကို လူတို့ ကဖွင့်ဖို့ကြိုးစားခဲ့ကြသည်။ သို့ရာတွင် ခရစ်တော်သည် အသန့်ရှင်းဆုံး အခန်း၏အမှုတော် ဆိုင်ရာကိစ္စများကို ဖွင့်ဟထားပြီးဖြစ်ရာ ထိုနေရာတွင် ဌာပနာထား သည့် ပညတ်တော်တွင် စတုတ္ထပညတ်ပါဝင် နေပါသည်။

ဘုရားသခင်၏ပညတ်တော်နှင့် ခရစ်တော်၏အမှုတော်အ ကြောင်းအလင်းတရားများကို လက်ခံထားသူများသည် ခရစ်တော် ကြွလာခြင်းအတွက် ကမ္ဘာသူကမ္ဘာသားများကိုပြင်ဆင်ရန် သတင်း စကားသုံးမျိုးဖြင့် ဗျာ၊ ၁၄ ကိုတည်ဆောက်ထားကြောင်း တွေ့ရှိခဲ့ ကြသည်။

“တရားစီရင်တော်မူသောအချိန်ရောက်လာပြီ” ဟူသော ကြေညာချက်သည် ခရစ်တော်၏ ကြားဖျန်ဖြေရေးလုပ်ငန်းရပ်နား ကာမိမိလူတို့အားခေါ်ရန် ကိုယ်တော်ကြွလာခြင်းမပြုမီတိုင်အောင် ကြွေးကြော်ရမည့် တရားတော်ဖြစ်သည်။ ၁၈၄၄ ခုနှစ်မှစ၍ ပြုလုပ်ခဲ့

သော ထိုတရားစီရင်ခြင်းကို သေသူများနှင့် အသက်ရှင်နေသော သူများ၏ အမှုအရာများကို ဆုံးဖြတ်မပြီးမချင်းဆက်လက်လုပ်ဆောင် နေလိမ့်မည်။ ထို့ကြောင့် တရားစီရင်ခြင်းကာလသည် ကရုဏာတံ ခါးပိတ်သည့်အချိန်အထိ ကြာရှည်လိမ့်မည်။

လူတို့သည် တရားစီရင်သောအခါတွင် ရပ်တည်ရင်ဆိုင် နိုင်ဖို့ ပြင်ဆင်နိုင်ရန်အလို့ငှာ "ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်း ကြလော့။

ကောင်းကင်မြေကြီးသမုဒ္ဒရာနှင့်စမ်းရေတွင်းတို့ကို ဖန်ဆင်း တော်မူသောအရှင်ကို ကိုးကွယ်ကြလော့" ဟု ကောင်းကင်တမန် သတင်းစကားက မိန့်မှာနေပါသည်။ ဤသတင်းစကားကိုလက်ခံပါ လျှင် ဖြစ်ပေါ်လာမည့်ရလဒ်မှာ "ဘုရားသခင်၏ပညတ်တို့ကိုလည်း ကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်ကြ လိမ့်မည်" ဟူ၍ဖြစ်၏။ ဗျာ၊ ၁၄း၇၊၁၂။

တရားစီရင်ခြင်းအတွက် ပြင်ဆင်သည့်အနေဖြင့် တရားစီရင် ခြင်းတွင် အကျင့်စာရိတ္တ၏စံအဖြစ်အသုံးပြုမည့်ဘုရားသခင်၏ပညတ် တော်ကို လူသားများစောင့်ရှောက်သင့်ပါသည်။ ပညတ်တရားကို သိလျက်ပင် ပြစ်မှားသောသူတို့သည် ပညတ်တရား၏စီရင်ခြင်းကို ခံကြရလိမ့်မည်။ --- ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် လူတို့၏ မထင်ရှားသောအမှုအရာတို့ကို စစ်ကြောစီရင်တော်မူသောနေ့၌ထို သို့စီရင်တော်မူလတ္တံ့။" "တရားကိုကျင့်သောသူသာလျှင်ဖြောင့်မတ် ရာသို့ရောက်လိမ့်မည်။" "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ် တော်နှင့်မတွေ့နိုင်။" "ယုံသောစိတ်မရှိဘဲ ကျင့်သမျှသော အကျင့်တို့ သည် အပြစ်ရှိကြ၏။"ရောမ ၂း၁၂-၁၆။ဟေဗြဲ ၁၁း၆။ရောမ ၁၄း၂၃။

ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကာ ကောင်းကင်နှင့် မြေကြီးကိုဖန်ဆင်းသောဖန်ဆင်းရှင်ကိုကိုးကွယ်ရန် လူသားများအား ပထမကောင်းကင်တမန်က ဆင့်ဆိုနေပါသည်။ သူတို့သည် ဤအရာကိုလုပ်ဆောင်ရန် ကိုယ်တော်၏ပညတ်တော်ကို စောင့်ရှောက်ရပါမည်။

နားထောင်လိုက်လျှောက်ခြင်းမရှိသေးသောမည်သည့်ကိုးကွယ်ခြင်းကိုမျှ ဘုရားသခင်နှစ်သက်တော်မူနိုင်မည်မဟုတ်ချေ။ "ပညတ်တော်တို့ကိုစောင့်ခြင်းအရာသည် ဘုရားသခင်ကိုချစ်ရာရောက်၏။" ၁ယော၊ ၅း၃။ (သု၊ ၂၈း၉)။

ဖန်ဆင်းရှင်ကို ကိုးကွယ်ရန်တောင်းဆိုသံတစ်ခု

ဘုရားကိုကိုးကွယ်ရန် တာဝန်ရှိသည်ဆိုရာ၌ ကိုယ်တော်ရှင်မှာ ဖန်ဆင်းရှင်ဖြစ်နေသည်ဆိုသည့်အချက်အပေါ်တွင် အခြေပြုပါသည်။ "လာကြ၊ ပျပ်ဝပ်၍ကိုးကွယ်ကြကုန်အံ့။ ငါတို့ကိုဖန်ဆင်းတော်မူသောထာဝရဘုရား၏ရှေ့တော်၌ ဒူးထောက်ကြကုန်အံ့။" (ဆာလံ ၉၅း၆။ ဆာလံ ၉၆း၅။ ၁၀၀း၃။ ယေရှာ ၄၀း၂၅-၂၆၊ ၄၅း၁၈)။

ဖန်ဆင်းရှင်ကိုကိုးကွယ်ကြရန်နှင့် ဘုရားသခင်၏ပညတ်တော်များကိုစောင့်ရှောက်ကြရန် လူသားများအား ဗျာ၊ ၁၄ တွင် တောင်းဆိုနေပါသည်။ ပညတ်တော်များမှ ပညတ်တစ်ပါးသည် ဘုရားသခင်အား ဖန်ဆင်းရှင်အဖြစ်ပြည့္ဆွန်ထားပါသည်။ "သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်၊ ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ---- အကြောင်းမူကား၊ ထာဝရဘုရားသခင်သည် မိုးကောင်းကင်

ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောပညတ်တော် ၄၆၉

မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကို ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။" ထွက်၊ ၂၀း၁၀-၁၁။

"ငါသည် သင်တို့၏ဘုရားသခင်၊ ထာဝရဘုရားဖြစ်သည်ဟု သင်တို့သည် သိမည်အကြောင်း ထိုဥပုသ်နေ့တို့ကို ငါနှင့်သင်တို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေကြလော့။" ဟုထာဝရဘုရားမိန့်တော်မူ၏။ ယေဇကျေလ ၂၀း၂၀။ စကြာဝဠာတစ်ခုလုံးသည် ထိုဥပုသ်နေ့ကို စောင့်ကြည့်ခဲ့လျှင် လူသားများသည် ကိုးကွယ်စရာတစ်ခုအဖြစ် ဖန်ဆင်းရှင်ထံသို့ ပို့ဆောင်ခြင်းခံကြရလိမ့်မည်။ ရုပ်တုကိုးကွယ်သူ၊ ဘုရားမဲ့ဝါဒသမား (သို့မဟုတ်)ဘုရားကိုမယုံကြည်သူဟူ၍ ရှိတော့မည်မဟုတ်ချေ။

ထိုဥပုသ်နေ့ကိုစောင့်ရှောက်ခြင်းသည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာစမ်းရေတွင်းမှစ၍ အရာခပ်သိမ်းတို့ကိုဖန်ဆင်းသည့်ဖန်ဆင်းရှင်အပေါ် သစ္စာရှိသည့် လက္ခဏာသက်သေဖြစ်ပါသည်။ ဘုရားသခင်ကိုကိုးကွယ်၍ ပညတ်တော်တော်တို့ကို စောင့်ရှောက်ရန် မိန့်မှာနေသောထိုသတင်းစကားသည်လူသားများအားအထူးသဖြင့် ပညတ်တော်ဆယ်ပါးမှ စတုတ္ထပညတ်ကိုစောင့်ရန် ဆင့်ဆိုနေခြင်းဖြစ်သည်။

ဘုရားသခင်၏ ပညတ်တော်ကိုစောင့်၍ ယေရှု၌ယုံကြည်ခြင်းရှိသူများနှင့်မတူသည့် အခြားအဖွဲ့တစ်ခုအကြောင်းကို တတိယကောင်းကင်တမန်ကညွှန်ပြနေသည်မှာ "အကြင်သူသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏တံဆိပ်လက်မှတ်ကို နဖူး၌ခံသည်ဖြစ်စေ လက်၌ခံသည်ဖြစ်စေ၊ ထိုသူသည် ဘုရားသခင်၏ဒေါသ

ဖလား၌ လောင်းသောအမျက်တော်စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်" ဟူ၍ဖြစ်၏။ ဗျာ၊ ၁၄း၉-၁၀။ ထိုသားရဲ၊ ထိုရုပ်တုနှင့်ထိုတံဆိပ်တို့သည် မည်သည့်အရာကိုပုံဆောင်နေပါသနည်း။

ဤပုံဆောင်မှုအသုံးအနှုန်းများကို ဗျာ၊ ၁၂ မှစ၍ တွေ့ရပါသည်။ ခရစ်တော်လူဇာတိကိုခံယူစဉ်က ကိုယ်တော်အား သုတ်သင်ပစ်ရန် ကြိုးစားခဲ့သောနဂါးကြီးသည် စာတန်ဖြစ်ကြောင်း ဗျာ၊၁၂း၉ တွင် ဖွင့်ဆိုထားသည် ကယ်တင်ရှင်ကို သတ်ပစ်ရန် ဟေရုဒ်အားသူစေစားခဲ့သည်။

သို့ရာတွင် ခရစ်တော်နှင့်တကွ သူ၏နောက်လိုက်များအား ၁ရာစုအတွင်းက ဒုက္ခပေးခဲ့သူမှာ စာတန်၏ ကိုယ်စားလှယ် ရောမအင်ပါယာဖြစ်နေပါသည်။ ထိုစဉ်က ထိုအင်ပါယာကြီးတွင် ရုပ်တုကိုးကွယ်ခြင်းသည် လွှမ်းမိုးနေပါသည်။ ထို့ကြောင့်နဂါးကြီးသည် ရုပ်တုကိုးကွယ်သော ရောမကိုပုံဆောင်ပါသည်။

ဗျာ၊ ၁၃ တွင် ထိုနဂါးကြီးက တန်ခိုးအာဏာပေးထားသည့် ကျားသစ်နှင့်တူသော သားရဲတစ်ကောင်ကိုတွေ့ရသည်။ ထိုသားရဲသည် ရောမအင်ပါယာ၏ တန်ခိုးအာဏာကိုဆက်ခံသည့် ရဟန်းမင်း၏ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်ဟု ပရိုတက်စတင့်များက ယုံကြည်ပါသည်။

ထိုကျားသစ်နှင့်တူသောသားရဲနှင့် ပတ်သက်၍ ဗျာ၊၁၃း၅-၇ တွင် ဖွင့်ဆိုထားသည်မှာ "ထိုသားရဲသည်လည်း ကြီးစွာသောစကားကိုလည်းကောင်း၊ ဘုရားသခင်ကို ပြစ်မှားသော စကားကိုလည်းကောင်း ပြောတတ်သောနှုတ်နှင့်ပြည့်စုံ၏။ ---- ဘုရားသခင်ကို ပြစ်မှားသောအားဖြင့် နာမတော်နှင့်တဲတော်ကိုလည်းကောင်း ကောင်းကင်သားတို့ကိုလည်းကောင်း၊ ပြစ်မှားခြင်းငှာ နှုတ်ကိုဖွင့်

ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောပညတ်တော် ၄၇၁
ထား၏။ သန့်ရှင်းသူတို့ကိုစစ်တိုက်၍ နိုင်ရသောအခွင့်ကိုရ၏။ အသီးသီးသောဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့ကို အုပ်စိုးရသောအခွင့်ကိုလည်းရ၏" ဟူ၍ဖြစ်။ ဗျာ၊ ၁၃း၅-၇။ဤအနာဂတ္တိဖွင့်ဆိုချက်သည် ဒံယေလ ၇ တွင်ဖွင့်ဆိုထားသည့် ချိုးကလေးအကြောင်းဖော်ပြထားချက်နှင့် တူညီလုနီးပါးဖြစ်နေပါသည်။

ထိုသားရဲသည် ကြီးစွာသောစကားကိုလည်းကောင်း၊ ဘုရားသခင်ကိုပြစ်မှားသောစကားကိုလည်းကောင်း၊ပြောတတ်သော နှုတ်နှင့်ပြည့်စုံ၍ လလေးဆယ့်နှစ်လပတ်လုံး (ဒံယေလ ၇ တွင် သုံးနှစ်ခွဲ (သို့မဟုတ်) ရက်ပေါင်း ၁၂၆၀) စီရင်ရသောအခွင့်ကိုရ၏။ ထိုကာလအတွင်း၊ ရဟန်းမင်းအဖွဲ့သည် ဘုရားသခင်၏ လူတို့အား ညှင်းပန်းရသောတန်ခိုးကို ရခဲ့ကြ၏။

၄င်းပြင် ထိုကာလသည် အေဒီ၅၃၈ ခုနှစ်တွင်စ၍ ၁၇၉၈ ခုနှစ်တွင် ဆုံးသတ်ခဲ့သည်။ထိုအချိန်တွင်ရဟန်းမင်းကြီးသည် "သေလောက်သောဒဏ်ရာ" ရခဲ့သည်ဟုအနာဂတ္တိပြုထားသကဲ့သို့ သုံ့ပန်းတစ်ဦးအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းကိုခံခဲ့ရပါသည်။

### တန်ခိုးအာဏာအသစ်တစ်ခုပေါ်ထွန်းလာခြင်း

ဤတွင် အခြားအထိမ်းအမှတ်လက္ခဏာတစ်ခု အစပျိုးလာပါသည်။ "အခြားသောသားရဲတစ်ကောင်သည် သိုးသငယ်၏ချိုနှင့်တူသော ချိုနှစ်ချောင်းရှိ၍ နဂါးကဲ့သို့ စကားပြောလျက် မြေကြီးထဲကထွက်သည်ကို ငါမြင်၏" ဗျာ၊ ၁၃း၁၁။ ဤအထိမ်းအမှတ်လက္ခဏာသည် ကနဦးအရာများနှင့် ကွဲပြားခြားနား နေပါသည်။

ကမ္ဘာကိုအုပ်စိုးခဲ့သော နိုင်ငံကြီးများကို ဒံယေလအားဖေါ်ပြရာ၌ "မိုးကောင်းကင်လေးမျက်နှာ၌ လေတို့သည် မဟာသမုဒ္ဒရာပေါ်မှာ အချင်းချင်းတိုက်ကြလျှင် သဏ္ဍာန်ချင်းမတူသောသားရဲ" များကိုသာ ရူပါရုံပေးဖေါ်ပြခဲ့ပါသည်။ ရေသည် "လူအမျိုးမျိုးအစုစု" တို့ကို ပုံဆောင်ကြောင်း ဗျာ၊ ၁၇း၁၅ တွင် ဖေါ်ပြထားပါသည်။ လေသည် တိုက်ခိုက်မှုများ၏ အထိမ်းအမှတ်ဖြစ်ပါသည်။ အရပ်ရေးလေးမျက်နှာ လေများသည် သမုဒ္ဒရာပေါ်တွင် တိုက်ခတ်နေသည်ဟုဆိုရာ၌ ကြောက်စရာတိုက်ပွဲများအားဖြင့် ထိုနိုင်ငံများသည် အာဏာကိုရယူခဲ့ကြောင်း ဖေါ်ပြခြင်းဖြစ်သည်။

သို့ရာတွင် သိုးသငယ်၏ချိုကဲ့သို့သော ချိုနှစ်ချောင်းရှိသော သားရဲသည် မြေကြီးထဲကထွက်လာသည်ကို ပုရောဖက်မြင်နေပါသည်။

ထိုကြောင့် ဤသားရဲပုံဆောင်လာသည့်နိုင်ငံသည် အခြားနိုင်ငံများအပေါ် အာဏာတန်ခိုးကိုအသုံးပြုကာ ပေါ်ထွန်းလာသော နိုင်ငံမဟုတ်ဘဲ တည်ထောင်ပြီးမဟုတ်သော နေရာဒေသတစ်ခုမှာ အေးအေးချမ်းချမ်းဖြင့် ပေါ်ထွန်းလာသောနိုင်ငံတစ်ခုဖြစ်ပါသည်။ ဤနိုင်ငံကို ကမ္ဘာ့အနောက်ခြမ်းတွင်ရှာဖွေရပါမည်။

မည်သည့်နိုင်ငံသည် ၁၇၉၈ ခုနှစ်တွင် အာဏာတန်ခိုးကြီးထွားလာကာ ကမ္ဘာ့စိတ်ဝင်စားခြင်းကိုခံခဲ့သနည်း။ အနာဂတ္တိစကားနှင့်ကိုက်ညီသည့် တစ်ခုတည်းသောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုပင်ဖြစ်သည်။ ထိုနိုင်ငံပေါ်ထွန်းလာပုံကို ဖေါ်ပြရာတွင် သမိုင်းပညာရှင်များသည် ကျမ်းရေးဆရာများနှင့် တစ်ထပ်တည်းကျနေသည့် စကားလုံးအသုံးအနှုန်းများကို မသိစတ်ဖြင့်အသုံးပြုကြသည်။ လွတ်လပ်လဟာပြင်မှ ထိုနိုင်ငံပေးထွန်းလာပုံ၏ နက်နဲမှု

များအကြောင်းကို နာမည်ကြီး စာရေးဆရာကြီးတစ်ဦးက “ကျွန်ုပ်တို့ဟာ အသံတိတ်သစ်စေ့ကလေးတစ်ခုကို အင်ပါယာ သစ်ပင်ကြီးတစ်ခုဘဝသို့ရောက်အောင် စိုက်ပျိုးခဲ့တာနဲ့တူနေတယ်” ဟု ပြောဆိုပါသည်။ အမေရိကန်ပြည်ထောင်စုသည် အာဏာတန်ခိုးနှင့် ဥစ္စာစည်းစိမ်များနေ့စဉ်တိုးပွားကာ ဆိတ်ညံသောကမ္ဘာတွင်ပေါ်ထွန်းခဲ့သည်ဟု ဥရောပဂျာနယ်က ၁၈၅၁ ခုနှစ်တွင် ဖွင့်ဟခဲ့သည်။ “ထိုသားရဲ၌ သိုးချိုနှင့်တူသောချိုနှစ်ချောင်းရှိသည်။” သိုးသငယ်ချိုဟုဆိုရာတွင် ငယ်ရွယ်ခြင်း၊ အပြစ်တင်ခြင်းနှင့် သိမ်မွေ့ခြင်းတို့ကိုဖော်ညွှန်းပါသည်။

အင်္ဂလန်အစိုးရနှင့် အင်္ဂလန်အသင်းတော်တို့၏ဖိနှိပ်ညှင်းပန်းမှုများကြောင့် အမေရိကန်သို့ထွက်ပြေးလာခဲ့ကြသည့်ခရစ်ယာန်များသည် နိုင်ငံရေးနှင့် ဘာသာရေးလွတ်လပ်ခွင့်ကိုတည်ဆောက်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။

“လူအပေါင်းတို့သည် သာတူညီမျှဖန်ဆင်းခြင်းခံရပြီး အသက်တာလွတ်လပ်မှုနှင့် ပျော်ရွှင်မှုရအောင်ကြိုးစားမှုများတွင် လွှဲပြောင်း၍မရသော အခွင့်အရေးများနှင့်ကောင်းချီးသွန်းလောင်းခြင်း ခံရသူများဖြစ်သည်” ဟု လွတ်လပ်ရေးကြေညာစာတမ်းတွင်ဖော်ပြထားပါသည်။

မဲဆန္ဒဖြင့် ရွေးချယ်ခြင်း ခံရသည့်ကိုယ်စားလှယ် များက ဥပဒေများကို အတည်ပြုကျင့်သုံးရန်စီစဉ်လျက်ကိုယ်တိုင်ကိုယ်ပိုင် အုပ်ချုပ်ခြင်းစနစ်ကိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကအာမခံထားပါသည်။ ဘာသာရေးလွတ်လပ်ခွင့်ကိုလည်းပေးထားပါသည်။ သမ္မတအုပ်ချုပ်ရေးဝါဒနှင့်ပရိုတက်စတင့်အယူဝါဒတို့သည်ထိုနိုင်ငံ၏ တန်ခိုးအာဏာနှင့်ကြီးပွားချမ်းသာမှု၏လျှို့ဝှက်ချက်ဖြစ်သောအခြေခံ စည်းမျဉ်း များဖြစ်လာခဲ့ပါသည်။သန်းနှင့်ချီသောလူများသည် အမေရိကန်ပြည်သို့

လာရောက်နေထိုင်ကြသဖြင့် ထိုနိုင်ငံသည် ကမ္ဘာ့အင်အားကြီး နိုင်ငံများအလယ်တွင် ကြီးပွားချမ်းသာသော နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။ သိုးချိုနှစ်ချောင်းနှင့်ပြည့်စုံသော ထိုသား ရဲသည် နဂါးကဲ့သို့ စကားပြောလျက်---- သူ့အလျင်ဖြစ်သော ပထမ သားရဲ၏အာဏာ စက်ရှိသမျှကို သုံးစွဲ၏။ သေစေသော ဒဏ်ချက် ပျောက်ခဲ့ပြီးသော ပထမသားရဲကို မြေကြီးမှစ၍ မြေကြီးသား တို့သည်ကိုးကွယ်စေခြင်းငှာ ပြု၏။ ---- ဓါးနှင့်ခုတ်သော ဒဏ်ချက် ကိုခံ ရ၍အသက်ရှင်သေးသော သားရဲ၏ ရုပ်တုကိုလုပ်စေခြင်းငှာ မြေကြီးသားတို့ကိုမှာထား၏။” ဗျာ၊ ၁၃း၁၁-၁၄။

သိုးချိုရှိသောသားရဲနှင့် နဂါးတို့သည် “ဆန့်ကျင်ဘက်ဖြစ် နေသောအရာတစ်ခုကို ပြည့်ဆွန်နေပါသည်။ နဂါးကဲ့သို့စကားပြော၍ ပထမသားရဲ၏တန်ခိုးအာဏာအားလုံးကို အသုံးပြုလိမ့်မည်ဟူသော ဟောကိန်းသည် နှိပ်စက်ညှင်းပန်းလိုသည့်စိတ်ဓါတ်၊ မခံသာအောင် ပြုလိုသည့်စိတ်ဓါတ်များကို ကြိုတင်ဖွင့်ဟခြင်းဖြစ်သည်။

သိုးချိုနှင့်သားရဲသည် ပထမသားရဲအား မြေကြီးသားတို့ ကိုးကွယ်စေခြင်းငှာပြုသည်ဟုဆိုရာတွင် နိုင်ငံတော်အာ ဏာကိုအသုံး ပြုပြီး ရဟန်းမင်းအား ကိုးကွယ်သည့်အပြုအမူတစ်ခုလုပ်ဆောင်ရန် ဖိအားပေးခြင်းကိုဖေါ်ညွှန်းပါသည်။

ဤကဲ့သို့သော လုပ်ရပ်များသည် နိုင်ငံတော်၏လွတ်လပ် သောအဖွဲ့အစည်းများ၏ထူးကဲသောအခြေအနေများနှင့်လည်းကောင်း၊ လွတ်လပ်ရေးကြေညာစာတမ်းနှင့်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်း အုပ်ချုပ်ပုံဥပဒေနှင့်လည်းကောင်း၊ ဆန့်ကျင်နေပါသည်။ “ကွန်ဂရက် သည် ဘာသာရေးတည်ထောင်မှုတစ်ခုကိုအလေးပေးသည့် မည်သည့်

ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောပညတ်တော် ၄၇၅
ဥပဒေကိုမျှမပြဋ္ဌာန်းရ။ ဘာသာရေးလွတ်လပ်မှုကို အသုံးပြုခြင်းကိုလည်း မတားမြစ်ရ။ အမေရိကန်ပြည်ထောင်စု၏လက်အောက်ရှိ လူထုအားကိုးအားထားပြုသည့်ရာထူးများအတွက် ဘာသာရေးဆိုင်ရာစစ်ဆေးမှုကို အရည်အချင်းတစ်ခုအဖြစ် မတောင်းဆိုရ" ဟု ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွင်ဖော်ပြထားသည်။ လွတ်လပ်ခွင့်ကိုချိုးဖောက်သော ဤလုပ်ရပ်များကို ထိုအထိမ်းအမှတ်လက္ခဏာတွင်တွေ့ရပါသည်။ နူးညံ့သိမ်မွေ့၍ အန္တရာယ်ကင်းသော ထိုသိုးချိုနှစ်ချောင်းရှိသော သားရဲသည် နဂါးတစ်ကောက်အလား စကားပြောနေပါသည်။

"သားရဲ၏ ရုပ်တုကိုလုပ်စေခြင်းငှာ မြေကြီးသားတို့ကိုမှာထား၏။" ဤတွင် လူထု၌ ဥပဒေပြုခွင့်အာဏာရှိသော အစိုးရဖွဲ့စည်းပုံတစ်ခုကိုတင်ပြထားရာ ဤအရာသည် အမေရိကန်ပြည်ထောင်စုအား ဖော်ပြပါနိုင်ငံဖြစ်နေကြောင်း ထင်ရှားထိမိသောအထောက်အထားတစ်ခုဖြစ်သည်။

သို့ဆိုလျှင် သားရဲ၏ရုပ်ထုမှာ မည်သည့်အရာနည်း။မည်သို့ဖွဲ့စည်းပါသနည်း။

ရှေးဦးအသင်းတော်သည် ပျက်စီးယိုယွင်းလာသောအခါ နိုင်ငံရေးသြဇာတန်ခိုးရှိသူများ၏ ထောက်ခံမှုကို ရအောင်ကြိုးစားလာသည်။

ရလဒ်အနေဖြင့် ရဟန်းမင်း၏ အသင်းတော်သည် အထူးသဖြင့် ဘာသာရေးဖောက်ပြန်မှုများဟု ကင်ပွန်းတပ်ထားသည့်အရာများအပေါ် အပြစ်ပေးရန် သက်ဆိုင်ရာ အစိုးရများကိုအသုံးပြုခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုသည် သားရဲ၏

ရုပ်တုကိုတည်ထောင်ရန်အလို့ငှာ အစိုးရကို အသင်းတော်၏အကျိုးအတွက် အသုံးပြုနိုင်ရန် ဘာသာရေးခေါင်းဆောင်များသည် အစိုးရအဖွဲ့အစည်းများကို ထိန်းချုပ်ထားရမည်။

ရောမအသင်းတော်၏ ခြေရာအတိုင်း လိုက်လျှောက်နေသောပရိုတက်စတင့်အသင်းတော်များသည် ဩတ္တပ္ပစိတ်လွတ်လပ်မှုကိုအနိုင်အထက်ပြုရန်ဆန္ဒရှိကြောင်း ဖော်ပြနေပါသည်။ ခွဲရေးသမားများပေါ် အင်္ဂလန်အသင်းတော်က ကာလကြာရှည်စွာကျင့်သုံးခဲ့သည့်နှိပ်စက်ညှင်းပန်းခြင်းကို နမူနာတစ်ခုအနေဖြင့် ကြည့်ရှုနိုင်ပါသည်။

၁၆ ရာစုနှင့် ၁၇ ရာစုများတွင် ဂိုဏ်းဂဏကွဲပြားသည့် အသင်းအုပ်ဆရာများနှင့် အသင်းသားများအား ဒဏ်ငွေဆောင်ခိုင်းခြင်း၊ ထောင်ချခြင်း၊ ညှင်းပန်းခြင်းနှင့် ကွပ်မျက်ခြင်းများပြုလုပ်ခဲ့ပါသည်။

အယူဝါဒဖောက်ပြန်ခြင်းကြောင့် ရှေးဦးအသင်းတော်သည် အစိုးရ၏အမအစများကို ရအောင်ကြိုးပမ်းခဲ့ကြရာ သားရဲတည်းဟူသော ရဟန်းမင်းအတွက် လမ်းပွင့်သွားခဲ့ပါသည်။"ဖောက်ပြန်သင်းခွဲခြင်းသည် အလျင်ဖြစ်၍ ဒုစရိုက်လူတည်းဟူသော ပျက်စီးခြင်း၏သားသည်ပေါ်လာရလိမ့်မည်" ဟု ရှင်ပေါလုက မိန့်ဆိုထားပါသည်။ ၂သက် ၂း၃။

"နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟု သိမှတ်ကြလော့။ အဘယ်သို့နည်းဟူမူကား၊ လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ

ပကတိကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချော စားတတ်သောသူ၊ ကိုယ်ကိုယ်ကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန် သောသူ၊ သူတော်ကောင်းကို မုန်းသောသူ၊ သစ္စာကိုဖျက်တတ် သောသူ၊ သတိပေးခြင်းကိုမခံသောသူ၊ မာန်မာနနှင့်ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကို သာ၍ နှစ်သက်သောသူ၊ ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍ မွေ့လျော် ခြင်းတန်ခိုးကို ငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်။ ထိုသူတို့ကိုရှောင် လော့။" ၂တိ။ ၃း၁-၅။

"ဝိညာဉ်တော်သည် အတိအလင်း ဗျာဒိတ်ထားတော် မူသည်ကား နောင်ကာလ၌ ဩတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်း ကိုခံပြီးလျှင် ---- လူတချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍ လှည့်ဖြားတတ်သောစိတ်ဝိညာဉ်တို့၌ လည်းကောင်း၊ နတ်ဘုရား တို့နှင့် စပ်ဆိုင်သော ဩဝါဒတို့၌လည်းကောင်းမှိဝဲဆည်းကပ်ကြလိမ့်မည်။" ၁တိ။ ၄း၁-၂။

"ကယ်တင်ခြင်းသို့ရောက်အံ့သောငှာသမ္မာတရား၌မွေ့လျော် သောစိတ်ကို မခံမယူကြ။-----မုသားစကားကိုယုံစိမ့်သောငှာ မတရား သောအမှု၌မွေ့လျော်ကြ၏။" ၂သက်၊ ၂း၁၀-၁၁။ ဤအခြေအနေ သို့ရောက်လာသောအချိန်တွင် ပထမရာစုနှစ်မှာတုန်းကကဲ့သို့သော အကျိုးဆက်များကို ခံစားကြရလိမ့်မည်။

ပရိုတက်စတင့်အသင်းတော်များတွင် ကွဲပြားခြားနားသော ယုံကြည်ခြင်းများရှိနေခြင်းသည် အတင်းအကျပ်ညီညွတ်စေဖို့မဖြစ်နိုင် ကြောင်း သက်သေများအဖြစ် အများကယူဆကြသည်။ သို့ရာတွင် စည်းလုံးညီညွတ်မှုကို မြတ်နိုးသည့်စိတ်များသည် ဆက်လက်တိုးတက် လျက်ပင်ရှိသေးရာ ထိုအခြေအနေကို ဆက်လက်ထိန်းသိမ်းရန်

ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ သဘောထားတိုက်ဆိုင်မှုမရှိသဖြင့်ဆွေးနွေးပွဲများကို ရပ်ဆိုင်းပစ်ခဲ့ရသည်။ အဆုံးတွင် အားလုံးသဘောတူညီချက်ရသွားအောင် လုပ်ဆောင်ရမည့် တစ်ခုတည်း သောနည်းလည်းလမ်းမှာ အင်အားသုံးခြင်းပင်ဖြစ်လာသည်။

တူညီသောယုံကြည်ချက်များအပေါ် အခြေခံလျက် အချင်းချင်းစည်းလုံးမှုရရှိနေကြသည့် အမေရိကန်အသင်းတော်ကြီးများသည် ၄င်းတို့ထုတ်ထားသည့်အမိန့်များကို ပိုမိုထိရောက်စေနှင့် ၄င်းတို့၏ အဖွဲ့အစည်းများကို ဆက်လက်ထောက်မရန် ဩဇာရှိလာသောအချိန်တွင် ရောမအုပ်ချုပ်ပုံ၏ရုပ်တုကို တည်ဆောက်နိုင်လာလိမ့်မည်။ အကျိုးဆက်အဖြစ် ဂိုဏ်းဂဏခွဲထွက်သူများအပေါ် ပြစ်ဒဏ်စီရင်မှုများပြုလာကြလိမ့်မည်။

## သားရဲနှင့်သူ၏ရုပ်တု

သိုးချိုနှစ်ချောင်းရှိသော ထိုသားရဲသည် ငွေရတတ်သောသူ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူအကြီးအငယ်ရှိသမျှတို့သည် လက်ယာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ၊ တံဆိပ်လက်မှတ်ကိုခံစေခြင်းငှာလည်းကောင်း၊ ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊ နာမ၏ အရေအတွက်ဖြစ်စေ တစ်ခုခုကိုမခံသောသူတစ်ယောက်မျှ မရောင်းမဝယ်စေခြင်းငှာစီရင်၏။" ဗျာ၊ ၁၃း၁၆-၁၇။

ထို့ကြောင့် တတိယကောင်းကင်တမန်က "အကြင်သူသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏ တံဆိပ်လက်မှတ်ကို နဖူး၌ ခံသည်ဖြစ်စေ၊ လက်၌ ခံသည်ဖြစ်စေထိုသူသည် ဘုရားသခင်၏

ဒေါသဖလား၌လောင်းသော အမျက်တော်စပျစ်ရည်စစ်ကိုသောက်ရလိမ့်မည်" ဟု သတိပေးထားပါသည်။

အတင်းအကျပ်ကိုးကွယ်စေသည့် ဗျာ၊ ၁၃ တွင်ဖော်ပြသည့် ပထမသားရဲ (ကျားသစ်နှင့်တူသောသားရဲ) သည် ရဟန်းမင်းဖြစ်သည်။ "သားရဲ၏ရုပ်တု" မှာ အယူလွဲမှားသော ပရိုတက်စတင့်ယုံကြည်ခြင်းပုံစံဖြစ်သည်။ ပရိုတက်စတင့်အသင်းတော်များသည် မိမိတို့၏ ယုံကြည်ချက်များကို အတင်းအကျပ်လိုက်နာစေအောင် လုပ်ဆောင်ရာတွင် အစိုးရမင်းများ၏ အကူအညီများကို ရအောင် ကြိုးစားသောအခါ ထိုအယူလွဲမှားမှုသည် တိုးတက်လာပါသည်။ ယခုတွင် "သားရဲ၏ တံဆိပ်" အကြောင်းကို အဓိပ္ပါယ်ဖွင့်ဆိုရန် ကျန်ရှိနေသေးသည်။

ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်သူများနှင့်သားရဲ၏ရုပ်တုတံဆိပ်ကိုခံယူသောသူများအကြားကွာခြားမှုမှာ ကြီးမားလှသည်။ ဘုရား၏ပညတ်တော်ကို စောင့်ရှောက်ခြင်းနှင့် ပညတ်တော်ကိုချိုးဖေါက်ခြင်းသည် ဘုရားကိုကိုးကွယ်သူများနှင့် သားရဲကိုကိုးကွယ်သူများအကြား ခြားနားမှုကို ဖြစ်ပေါ်စေလိမ့်မည်။

သားရဲနှင့်သူ၏ ရုပ်တုတို့၏ ထူးခြားသောအကျင့်စာရိတ္တမှာ ဘုရား၏ပညတ်တော်များကိုချိုးဖေါက်ခြင်းပင်ဖြစ်သည်။ ချိုးကလေးတည်းဟူသော ရဟန်းမင်းအကြောင်းကို ဒံယေလဖွင့်ဆိုသည်မှာ "သူသည် ကာလအချိန်နှင့်ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှာ ကြံစည်လိမ့်မည်" ဟူ၍ဖြစ်၏။ ဒံ၊ ၇း၂၅။ ရှင်ပေါလုက ထိုသူကို ဘုရားသခင်ထက်ကြီးမြတ်သည်ဟု ကိုယ်ကိုချီးမြှောက်သော "ဒုစရိုက်လူ" ဟု ကင်ပွန်းတပ်ထားသည်။ ၂သက်၊ ၂း၃။

ရဟန်းမင်းသည် ဘုရားသခင်၏ ပညတ်တော်များကို ပြောင်းလဲပစ်ခြင်းအားဖြင့်သာ မိမိကိုယ်ကို ဘုရားအထက်တွင် ချီးမြှောက်နိုင်ပါမည်။

ပြောင်းလဲထားမှန်းသိလျက်နှင့် စောင့်ရှောက်သောသူများသည် ရဟန်းမင်းကို ဘုရားသခင်အစား သစ္စာစောင့်သိကြောင်း တံဆိပ်အမှတ်ပြနေခြင်းဖြစ်သည်။

ရဟန်းမင်းသည် ဘုရားသခင်၏ ပညတ်တော်ကို ပြောင်းလဲပစ်ရန် ကြိုးစားခဲ့ဖူးသည်။ သတ္တမနေ့အစား ပထမနေ့တွင် တရားဝင်ဥပုသ်စောင့်နိုင်ရန် စတုတ္ထပညတ်ကို ပြောင်းလဲခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် ကျမ်းစာက သတ်သတ်မှတ်မှတ်ချက်ဖွင့်ဆိုထားသည်မှာ "သူသည် ကာလအချိန်နှင့် ပညတ်တရားကို ပြောင်းလဲစေခြင်းငှာ ကြံစည်လိမ့်မည်" ဟူ၍ဖြစ်၏။ စတုတ္ထပညတ်ကို ပြောင်းလဲပစ်ခြင်းဖြင့် အနာဂတ္တိစကားကို ပြည့်စုံစေခဲ့ပါသည်။ ဤတွင် ရဟန်းမင်းက မိမိသည် ဘုရားထက်တန်ခိုးကြီးကြောင်း ပြောင်ပြောင်တင်းတင်းစော်ကားနေပါသည်။

ဖန်ဆင်းခြင်းတန်ခိုးကိုထင်ရှားစေသည့် စတုတ္ထပညတ်အပေါ်ထားရှိသော သဘောထားအပေါ်မူတည်၍ ထာဝရဘုရားကို ကိုးကွယ်သူများမှ အထူးသဖြင့် ထူးခြားထင်ရှား လာကြလိမ့်မည်။ ဖန်ဆင်းခြင်းအထိမ်းအမှတ်ကို ဖျက်ဆီးရန် ကြိုးစားခြင်းဖြင့်သားရဲကို ကိုးကွယ်သူများဖြစ်ကြောင်း သိသာထင်ရှားလာလိမ့်မည်။

ရဟန်းမင်းကတနင်္ဂနွေနေ့အား "သခင်ဘုရား၏နေ့" အဖြစ်အမွှမ်းတင်ပြောဆိုနေသော်လည်း သတ္တမနေ့ကသာ "သခင်ဘုရား၏နေ့"ဖြစ်ကြောင်းသမ္မာကျမ်းစာကဖော်ပြထားသည်။ "လူသားသည်

ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောပညတ်တော် ၄၈၁

ဥပုသ်နေ့ကိုပင်အစိုးရ၏” ဟု ခရစ်တော်ကိုယ်တိုင်ဖွင့်ဆိုခဲ့သည်။ မာကု ၂း၂၈။ (ဟေရှာ ၄၈း၁၃။ မဿဲ ၅း၁၇-၁၉ တို့ကိုလည်း ကြည့်ပါ)။ ခရစ်တော်က ဥပုသ်နေ့ကို ပြောင်းလဲတော်မူခဲ့သည်ဆို သည့်မကြာခဏဖွင့်ဆိုခဲ့သောစကားများသည်လည်း နှုတ်ကပတ် တော်ကထောက်ခံသော ဖွင့်ဆိုချက်များမဟုတ်ပါချေ။

## ဓမ္မသစ်ကျမ်း၌ထောက်ခံမှုမရှိခြင်း

တနင်္ဂနွေနေ့သည် ဥပုသ်နေ့ဖြစ်ကြောင်းကိုလည်းကောင်း၊ တနင်္ဂနွေနေ့တွင် ဥပုသ်စောင့်ရှောက်ခြင်းနှင့်စပ်လျဉ်းသည့်တိကျသော စည်းမျဉ်းများအကြောင်းကိုလည်းကောင်း ဓမ္မသစ်ကျမ်းက လုံးဝ ထောက်ခံတင်ပြထားခြင်းမရှိသည်ကို ပရိုတက်စတင့်များက အသိ အမှတ်ပြုကြပါသည်။

ခရစ်တော်အသေခံပြီးသည့်အချိန်အထိ နေ့ရက်အပြောင်း အလဲမရှိသည်ကိုလည်းကောင်း၊ သတ္တမနေ့ဥပုသ်စောင့်ခြင်းကိုလျစ် လျူရှု၍ ပထမနေ့တွင် ဥပုသ်စောင့်ရန် ပြဌာန်းသည့် အမိန့်များ ကို တမန်တော်များက ပေးမထားခဲ့သည်ကိုလည်းကောင်း မှတ်တမ်း များအရသိရပါသည်။

ဥပုသ်နေ့ပြောင်းလဲခြင်းအမှုကို မိမိတို့က ပြုလုပ်ခဲ့ကြောင်း ကာတိုလိတ်အသင်းတော်က အသိအမှတ်ပြုနေရုံသာမက တနင်္ဂနွေ ဥပုသ်ကိုစောင့်ရှောက်ခြင်းအားဖြင့် ပရိုတက်စတင့်များသည်မိမိတို့၏ ဩဇာခံများဖြစ်လာကြောင်း အောက်ပါအတိုင်းသူတို့မှတ်တမ်းတင် ခဲ့ကြသည်။ “ပညတ်တော်ဟောင်းအချိန်တုန်းက စနေနေ့သည်

သန့်ရှင်းသောနေ့တစ်နေ့ဖြစ်သည်။ သို့သော် ခရစ်တော်တည်ထောင်ကာ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြနေသော ဤအသင်းတော်သည် စနေနေ့အစား တနင်္ဂနွေနေ့ကို (ဥပုသ်နေ့အဖြစ်) တည်ထောင်ပြဌာန်းခဲ့ပြီးဖြစ်သည်။ ထိုကြောင့် ယခုတွင် ကျွန်ုပ်တို့သည် ပထမနေ့ကိုသန့်ရှင်းစေကြပြီ။ ယခုတွင် တနင်္ဂနွေနေ့သည် သခင်ဘုရား၏နေ့ဟု အမိပ္ပါယ်ရသည်" ဟု ( Catholic Catechism of Christian Reli -gion) တွင်ထုတ်ပြန်ထားပါသည်။

"ပရိုတက်စတင့်များလက်ခံစောင့်ရှောက်နေသော တနင်္ဂနွေဥပုသ်သည် မိမိတို့ပြောင်းလဲခဲ့သည့်ဥပုသ်ဖြစ်ကြောင်း ၄င်းတို့သည် ထိုဥပုသ်ကိုစောင့်ရှောက်ခြင်းအားဖြင့် ပွဲနေ့အခမ်းအနားများကို ဘိသိတ်ပေးရန်အတွက်သော်လည်းကောင်း၊ ထိုသူများအား အပြစ်ဒုစရိုက်အောက်တွင်ရှိကြောင်း အမိန့်ချမှတ်ရန်အတွက်သော်လည်းကောင်း မိမိတို့၏အသင်းတော်တွင် တန်ခိုးအာဏာရှိကြောင်းအသိအမှတ်ပြုနေကြသည်" ဟု ကာတိုလိတ်အသင်းတော်၏ တန်ခိုးအာဏာရှိကြောင်း အထိမ်းအမှတ်အဖြစ် ရဟန်းမင်းက ဖွင့်ဆိုခဲ့ပါသည်။

မည်သည့်အရာသည် သားရဲ၏ တံဆိပ်တည်းဟူသောရောမအသင်းတော်၏ ဩဇာအာဏာအထိမ်းအမှတ်ဖြစ်သနည်း။

ရောမအသင်းတော်သည် မိမိ၏ အစိုးတရရှိမှုကိုကြွေးကြော်ရန် မနှောင့်နှေးခဲ့ချေ။ ကမ္ဘာ့လူသားများနှင့် ပရိုတက်စတင့်အသင်းတော်များက ၄င်းတို့ထွင်ထားသည့် ဥပုသ်ကိုလက်ခံကာ ကျမ်းစာဥပုသ်နေ့ကို ငြင်းပယ်ကြသောအချိန်တွင် သူတို့သည် ၄င်း၏မှားယွင်းသောယူဆချက်ကို လက်ခံသည့်သဘောဖြစ်သွားပါသည်။ ဤသို့

သောအားဖြင့် မိမိတို့နှင့် ရောမများအကြား အဓိကခြားနားချက်ဖြစ်သည့် သမ္မာကျမ်းစာသည်သာလျှင် ပရိုတက်စတင့်များ၏ယုံကြည်ကိုးကွယ်ရာဖြစ်သည်ဆိုသည့်အချက်ကို မသိကျိုးကျွန်ပြုလိုက်ကြပါသည်။ တနင်္ဂနွေဥပုသ်လှုပ်ရှားမှုများသည် အောင်မြင်လာသည်နှင့်အမျှ ပရိုတက်စတင့်ကမ္ဘာသည်လည်း အဆုံးတွင် ရောမ၏အလံအောက်သို့ရောက်ရှိသွားပါတော့သည်။

"ပရိုတက်စတင့်များသည် တနင်္ဂနွေဥပုသ်ကိုစောင့်ရှောက်ခြင်းဖြင့်ရောမအသင်းတော်၏တန်ခိုးအာဏာကိုဂါရဝပြုနေကြသည်" ဟု ရောမအသင်းသားများက ပြောကြပါသည်။

နိုင်ငံတော်အစိုးရ၏ အာဏာတန်ခိုးကို အသုံးပြုကာဘာသာရေးတာဝန်တစ်ခုကို အတင်းအကျပ်လုပ်ဆောင်စေခြင်းသည် ထိုသားရဲအတွက် တံဆိပ်တစ်ခုကို တည်ဆောက်နေခြင်းဖြစ်ရာအမေရိကန်ပြည်ထောင်စုတွင် တနင်္ဂနွေဥပုဉ်စောင့်ရန် အတင်းအကျပ်လုပ်ဆောင်နေခြင်းသည် သားရဲနှင့်သူ၏ ရုပ်တုကိုကိုးကွယ်ရန်တိုက်တွန်းနေခြင်းဖြစ်သည်။

အတိတ်မှ ခရစ်ယာန်မျိုးဆက်များသည် တနင်္ဂနွေအားသမ္မာကျမ်းစာတွင် ဖေါ်ပြထားသည့် ဥပုသ်နေ့အထင်ဖြင့် စောင့်ရှောက်ခဲ့ကြပါသည်။

ယခုခေတ်တွင်လည်း တနင်္ဂနွေနေ့အား ဘုရားသခင်သတ်မှတ်ထားသည့်ဥပုသ်နေ့ဟု ရိုးရိုးသားသား ယုံကြည်နေသည့်စစ်မှန်သောခရစ်ယာန်များ အသင်းတော်တိုင်းတွင် ရှိနေပါသည်။ သို့သော် ဥပဒေပြဋ္ဌာန်းကာ တနင်္ဂနွေဥပုသ်ကိုစောင့်ခိုင်းလာသောအချိန်တွင် စစ်မှန်သော ဥပုသ်နေ့နှင့် ပတ်သက်သည့်အလင်းတရားကိုကမ္ဘာအားထွန်းလင်းလာပါက ရောမ၏သွန်သင်ချက်ကိုလိုက်နာရန်

ဘုရား၏ ပညတ်တော်ကိုချိုးဖေါက်သူတိုင်းသည် ဘုရားသခင်ထက် ရဟန်းမင်းကို ဂုဏ်ပြုနေခြင်းဖြစ်သည်။ ထိုသူသည် သားရဲနှင့်သူ၏ ရုပ်တုကိုကိုးကွယ်နေပါသည်။ ဤနည်းအားဖြင့် လူသားများသည် ရောမနှင့်မဟာမိတ်ဖွဲ့သည့် အထိမ်းအမှတ်ဖြစ်သော သားရဲ၏တံဆိပ်ကိုလက်ခံကြပါသည်။ သို့ရာတွင် ထိုတနင်္ဂနွေဥပုသ်အမိန့်ကိုထုတ်ပြန်ကာ ဘုရားပညတ်တော်နှင့် လူ့ပညတ်များအကြား ရွေးချယ်မှုမပြုခိုင်းမချင်း ထိုသို့မဖြစ်သေးပါ။ ထုတ်ပြန်ပြီးအချိန်တွင် ဘုရားပညတ်ကို ချိုးဖေါက်သောသူများသည်သာ သားရဲ၏ တံဆိပ်ကိုလက်ခံခြင်းဖြစ်ပါလိမ့်မည်။

## တတိယကောင်းကင်တမန်၏သတိပေးချက်

သေမျိုးဖြစ်သောလူသားများကိုပြောသည့် သတိပေးချက်များတွင် ကြောက်စရာအကောင်းဆုံးသောသတိပေးစကားကို တတိယကောင်းကင်တမန်သတင်းစကားတွင် တွေ့ရှိရပါသည်။ လူတိုင်းအောင်ပွဲဆင်နိုင်ခွင့်ရှိသည့် ဘုရားသခင်၏ တရားစီရင်ခြင်းအကြောင်းကို ကမ္ဘာကြီးအားသတိပေးခြင်းတည်းဟူသော၊ အရေးကြီးသောကိစ္စရပ်နှင့်စပ်လျဉ်းသည့်အကြောင်းများကို လူသားများအားအသိမပေးဘဲနေတော်မမူပါချေ။ ပထမကောင်းကင်တမန်သည် လူမျိုးအသီးသီးထံသို့ သတိပေးစကားပြောခဲ့သည်နည်းတူ တတိယကောင်းကင်တမန်သည်လည်း ထိုနည်းနှင်နှင့် ကျယ်သောအသံဖြင့် တစ်ကမ္ဘာလုံးအား သတိပေးနေပါသည်။

လူသားအားလုံးကို အဖွဲ့နှစ်ဖွဲ့သာခွဲခြားလိမ့်မည်။တစ်ဖွဲ့မှာ ဘုရားပညတ်ကိုစောင့်၍ ယေရှု၌ယုံကြည်ခြင်းရှိသောသူများဖြစ်၍

ကျန်တစ်ဖွဲ့မှာ သားရဲ၏ ရုပ်တုကိုကိုးကွယ်၍ သူ၏တံဆိပ်ကိုလက်ခံသူများဖြစ်ကြသည်။ အသင်းတော်သည် အစိုးရနှင့်ပူးပေါင်းကာ သားရဲ၏ တံဆိပ်ကိုလက်ခံရန် လူတို့အား အတင်းအကျပ်တိုက်တွန်းမည်ဖြစ်သော်လည်း ဘုရားသခင်၏ သားသမီးများသည် ထိုတံဆိပ်ကိုလက်ခံကြလိမ့်မည်မဟုတ်ချေ။ "သားရဲနှင့်လည်းကောင်း၊ သူ၏ရုပ်တုနှင့်လည်းကောင်း၊ သူ၏ နာမအရေအတွက်နှင့်လည်းကောင်း လွတ်၍ အောင်မြင်သောသူတို့သည် ဘုရားသခင်၏စောင်းတော်တို့ကိုကိုင်လျက် ဖန်ရေကန်နားမှာ ရပ်နေကြသည်ကို မြင်ရ၏"ဟု ပုရောဖက်ဖွင့်ဆိုထားပါသည်။ ဗျာ၊ ၁၅း၂။

-----o-----

## အခန်း(၂၆)
## သမ္မာတရားအတွက်ခုခံကာကွယ်သူများ

နောက်ဆုံးသောကာလတွင်ဖြစ်ပျက်မည့် ဥပုသ်နေ့နှင့်ပတ်သက်သည့်ပြုပြင်ပြောင်းလဲမှုများအကြောင်းကို ဟေရှာယ အနာဂတ္တိကျမ်းတွင် ကြိုတင်ဟောကိန်းထုတ်ထားပါသည်။ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ တရားကိုစောင့်၍ ဖြောင့်မတ်စွာကျင့်ကြလော့။ ငါ၏ကယ်တင်ခြင်းကျေးဇူးရောက်ချိန်နှင့် ငါ၏ဖြောင့်မတ်ခြင်းတရားထင်ရှားချိန်ရောက်လုနီးပြီ။ ထိုသို့ပြုသောသူ အမြဲစွဲလမ်းသောလူသားသည် ဥပုသ်နေ့ကိုမရှုတ်ချ။ စောင့်ရှောက်၍ ဒုစရိုက်ကိုမပြုမည်အကြောင်း မိမိလက်ကိုချုပ်တည်းလျှင်လည်း မင်္ဂလာရှိ၏။---ထာဝရဘုရားထံ၌ အမှုစောင့်ခြင်း၊ နာမတော်ကိုချစ်ခြင်း၊ ကျွန်တော်ရင်းဖြစ်ခြင်းအလိုငှာ ထာဝရဘုရား၌မှီဝဲသော တစ်ပါးအမျိုးသားတို့ကိုလည်းကောင်း၊ ဥပုသ်နေ့ကိုမရှုတ်ချ။ စောင့်ရှောက်၍ ငါ၏ပဋိညာဉ်ကိုစွဲလမ်းသောသူအပေါင်းတို့ကိုလည်းကောင်း ငါ၏သန့်ရှင်းသောတောင်သို့ ငါဆောင်ခဲ့၍ ငါ၏ပတ္တနာအိမ်၌ ဝမ်းမြောက်စေမည်။" (ဟေရှာ ၅၆း၁-၂၊ ၆-၇)

ဟေရှာယ ၅၆း၈ အရ ဤစကားများသည် ဤခရစ်ယာန်ခေတ်နှင့် အကျုံးဝင်ပတ်သက်နေပါသည်။ ကိုယ်တော်၏တပည့်တော်များဟောကြားသည့် ဝမ်းမြောက်ဖွယ်ရာသတင်းစကားကြောင့်တစ်ပါးအမျိုးသားများတွင် ခရစ်ယာန်များအစုအဖွဲ့လိုက်ပေါ်ထွန်း လာလိမ့်မည်။

"ပညတ်တရားကိုတံဆိပ်ခတ်လော့" ဟု ထာဝရဘုရားမိန့်တော်မူ၏။ ဟေရှာ ၈း၁၆။ ဘုရားသခင့်ပညတ်တရား၏ တံဆိပ်ကို

စတ္တုပညတ်တော်တွင် တွေ့ရပါသည်။ ပညတ်တော်(၁၀)ပါးအနက် ဤပညတ်တွင်သာ ပညတ်တော်ပေးသည့် ဘုရားသခင်၏ နာမတော်နှင့် ဘွဲ့တော်တို့ကိုဖော်ပြထားပါသည်။ ဥပုသ်နေ့ကို ရဟန်းမင်း၏ တန်ခိုးအာဏာဖြင့် ပြောင်းလဲပစ်သောအခါ ထိုတံဆိပ်သည်လည်း ပညတ်တော်မှဖယ်ရှားခြင်း ခံလိုက်ရပါသည်။

ထိုကြောင့်အာဏာတော်၏အထိမ်းအမှတ် နှင့်ဖန်ဆင်း ရှင်၏ သတိရ အောက်မေ့စရာများ အဖြစ်သတ္တမနေ့ဥပုသ်ကို ပြန်လည်ချီးမြှောက်ခြင်းအားဖြင့် ထိုဥပုသ်နေ့ကိုပုံမှန်အနေအထားသို့ရောက်အောင် လုပ်ဆောင်ကြရန် တပည့်တော်များအား မိန့်မှာတော်မူပါသည်။

"အသံမလျှော့ဘဲ ကြွေးကြော်ကြလော့။ တံပိုးသံကဲ့သို့အသံကိုလွှင့်၍ ယာကုပ်အမျိုးသားဖြစ်သော ငါ၏လူတို့အား သူတို့ဒုစရိုက်အပြစ်ကိုဖော်ပြလော့။" ဟေရှာ ၅၈း၁။ "ငါ၏လူတို့" ဟုဘုရားသခင်ကသတ်မှတ်ထားသည့် လူတို့သည် ၄င်းတို့ပြုခဲ့သော ဒုစရိုက်အပြစ်များအတွက် အဆုံးမခံကြရပါသည်။

ထိုသူများသည် ဘုရားသခင်၏အမှုတော်တွင် ဖြောင့်မတ်သူများဟု ကိုယ့်ကိုကိုယ်အထင်ရှိနေသူများဖြစ်ကြသည်။ သို့သော် ၄င်းတို့သည် ပညတ်တော်ကို ချိုးဖေါက်နေသူများဖြစ်နေကြောင်း ဘုရားသခင်၏ ဆုံးမစကားများက သက်သေပြု နေပါသည်။

"သင်၏အမျိုးအနွယ်သည် ရှေးပြိုပျက်ရာတို့ကို ပြုပြင်ကြလိမ့်မည်။ ရှေးကာလ၌တည်ဖူးသော တိုက်မြစ်များအပေါ်မှာ ထပ်ဆင့်၍တည်ဆောက်ကြလိမ့်မည်။ သင်သည်လည်း ပြိုပျက်သောမြို့ရိုးကိုပြုပြင်သောသူ၊ လူနေရာလမ်းများကို ပြင်ဆင်သောသူဟူ၍ သမုတ်ခြင်းကိုခံရလိမ့်မည်။ သင်သည် ဥပုသ်နေ့ကိုမရှုတ်ချ။

ငါသန့်ရှင်းသောနေ့မှာ ကိုယ်အလိုသို့မလိုက်။ ဥပုသ်နေ့ကို မွေ့လျော်ရာနေ့၊ထာဝရဘုရာအဖို့ သန့်ရှင်းသောနေ့၊ ရိုသေဖွယ်သောနေ့ဟူ၍ခေါ်သဖြင့် ကိုယ်အမှုကိုမပြု၊ ကိုယ်အလိုသို့မလိုက်၊ ကိုယ်စကားကိုမပြောဘဲနေ၍ ထိုနေ့ကိုရိုသေလျှင် သင်သည် ထာဝရဘုရား၌ပျော်မွေ့လိမ့်မည်။" ဟေရှာ ၅၈း၁၂-၁၄

ရောမ၏တန်ခိုးအာဏာများကိုအသုံးပြု ဥပုသ်နေ့ကိုပြောင်းလဲပစ်လိုက်သောအချိန်တွင် ပညတ်တော်မြို့ရိုးကြီး ကျိုးပဲ့ပျက်စီးပါသည်။ သို့ရာတွင် ထိုပြိုပျက်သွားသောမြို့ရိုးကို ပြန်လည်ပြင်ဆင်ဖို့အချိန်ရောက်ရှိလာပါပြီ။

ထိုဥပုသ်နေ့ကို အပြစ်ကင်းစင်သောအာဒံသည် ဧဒင်ဥယျာဉ်တွင်စောင့်ရှောက်ခဲ့သည်နည်းတူ အပြစ်ကြောင့် နှင်ထုတ်ခံရသော်လည်း နောင်တရသောအသံသည် ဧဒင်ဥယျာဉ်အပြင်သို့ရောက်သွားသောအချိန်တွင်လည်း ဆက်လက်စောင့်ရှောက်ခဲ့သည်။ အာဗေလမှစ၍ နောဧ၊ အာဗြဟံ၊ ယာကုပ် အစရှိသည့်ရှေးဘိုးဘေးများသည် ထိုသတ္တမနေ့ဥပုသ်ကိုပင် စောင့်ရှောက်ခဲ့ကြသည်။ ဣသရေလများအားအီဂျစ်ပြည်မှထုတ်ဆောင်လာသောအချိန်တွင်လည်း ထိုလူထုကြီးအား ထိုပညတ်ကိုစောင့်ရန် နှုတ်ဖြင့် ကိုယ်တော်ရှင်မြွက်ဆိုတော်မူခဲ့သည်။

## ထာဝစဉ်စောင့်ရှောက်ခဲ့သည့်ဥပုသ်နေ့အစစ်

ထိုနေ့ရက်များမှသည် ယခုပစ္စုပ္ပန်အချိန်အထိ ထိုဥပုသ်နေ့ကိုစိုက်လိုက်မတ်တတ်စောင့်ရှောက်ခဲ့ကြသည်။ ဒုစရိုက်လူသားသည်

ဘုရားသခင်၏သန့်ရှင်းရာနေ့ကိုနှင်းချေရန် ကြိုးစားနေသော်လည်း သစ္စာရှိယုံကြည်သူများသည် လျှို့ဝှက်နေရာများတွင်ဂုဏ်ပြုခဲ့ကြသည်။ ဘာသာရေးပြုပြင်ပြောင်းလဲမှု စတင်ခဲ့သည့် အချိန်မှစ၍ ယနေ့ထက်တိုင် လူသားမျိုးဆက်အသီးသီးမှ လူတချို့သည် သတ္တမနေ့ဥပုသ်ကို စောင့်ရှောက်ခဲ့ကြပါသည်။

ထာဝရဧဝံဂေလိတရားတော်နှင့်ဆက်နွယ်နေသည့် ဤအမှန်တရားသည် ကြွလာတော့မည်အချိန်တွင် ခရစ်တော်၏အသင်းတော်ဖြစ်ကြောင်း ထင်ရှားစေလိမ့်မည်။ "ဘုရားသခင်၏ ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သော သန့်ရှင်းသူတို့သည် ဤအရာ၌ သည်းခံစရာအကြောင်းရှိ၏။" ဗျာ ၁၄း၁၂။

သန့်ရှင်းရာဌာနတော်နှင့်ပတ်သက်သည့် အလင်းတရားနှင့် ဘုရားသခင်၏ ပညတ်တော်ကိုရရှိထားသူများသည် သမ္မာတရား၏ ဆီလျော်ညီညွတ်မှုများကို တွေ့ရှိသောအခါ ဝမ်းမြောက်ဝမ်းသာရှိကြလိမ့်မည်။

ထိုသူတို့သည် ထိုအလင်းတရားကို ခရစ်ယာန်အားလုံးထံသို့သွားရောက်ပေးဝေလိုကြသော်လည်း လောကနှင့်သဘောထားကွဲလွဲသောအမှန်တရားများကို ခရစ်တော်နောက်လိုက်များကပင်လျှင် လက်ခံကြိုဆိုခြင်းမရှိပါချေ။

ဥပုသ်နေ့ကိုစောင့်ရှောက်ရန် တင်ပြသည့်အခါတိုင်း "ငါတို့ တနင်္ဂနွေဥပုသ်စောင့်ခဲ့တာကြာပြီ။ ငါတို့မိဘတွေလည်း ဒီဥပုသ်ကို ပဲစောင့်ခဲ့တာဘဲ။ ဒီဥပုသ်ကိုစောင့်ရင်း ပျော်ပျော်ရွှင်ရွှင်နဲ့ သေဆုံးသွားခဲ့တဲ့လူတွေအများကြီးပါဘဲ။ ဒီဥပုသ်အသစ်ကို စောင့်ရှောက်မယ်ဆိုရင် လူတွေနဲ့ကန့်လန့်ဖြစ်ကုန်လိမ့်မည်။ တနင်္ဂနွေဥပုသ်ကို. . . .

စောင့်နေတဲ့ တစ်ကမ္ဘာလုံးနဲ့ဆန့်ကျင်ပြီး စနေဥပုသ်စောင့်တဲ့လက်တစ်ဆုပ်စာလူစုကလေးက ဘာလုပ်နိုင်မှာလဲ” ဟုလူအများက ပြောဆိုတတ်ကြပါသည်။ ခရစ်တော်ကိုလက်ခံဖို့ ငြင်းဆိုခဲ့သည့် ယုဒများက သူတို့လုပ်ဆောင်ခြင်းကို မှန်ကန်သည်ဟု ပြောဆိုခဲ့ခြင်းနှင့် တူနေပါသည်။

ခရစ်ယာန်မှန်ရင်ကာတိုလိတ်ယုံကြည်ခြင်းဖြင့် သေဆုံးကြသည်ဟုလူ့သာအချိန်က ရဟန်းမင်းပြောဆိုခဲ့ခြင်းနှင့်လည်း တူနေပါသည်။ထိုသို့သော ဆင်ခြေပေးမှုများသည် ယုံကြည်ခြင်းတိုးတက်မှုကိုအဟန့်အတားဖြစ်စေပါသည်။

တနင်္ဂနွေဥပုသ်စောင့်ခြင်းသည် ကမ္ဘာနှင့်အဝန်း ရာစုနှစ်ပေါင်းများစွာကြာကြာကျင့်သုံးခဲ့သော အသင်းတော်ဓလေ့ဖြစ်ကြောင်း တချို့ကပြောကြသည်နည်းတူ တချို့ကလည်း စနေဥပုသ်ကို ဤကမ္ဘာကြီးအား ဘုရားသခင်ဖန်ဆင်းပြီးစကတည်းက စောင့်လာကြခြင်းဖြစ်ကြောင်း ဖွင့်ဆိုကြပါသည်။

တနင်္ဂနွေဥပုသ်စောင့်ခြင်းနှင့်ပတ်သက်သည့် အထောက်အထားများကို သမ္မာကျမ်းစာတွင်မတွေ့ရသောအခါတွင် လူအများက “တို့ရဲ့ပညာတတ်ဘိုးဘေးတွေဟာ ဘာကြောင့် ဒီသတ္တမနေ့ဥပုသ်ကို မစောင့်ခဲ့ကြတာလဲ။ စနေနေ့မှာဥပုသ်စောင့်တဲ့ ခင်ဗျားတို့လို လူတွေကနည်းနည်းကလေးပဲ။ ပညာတတ်လူအများစုကများပြီး ခင်ဗျားတို့လူအနည်းစုကလေးကမှန်တယ်ဆိုတာတော့မဖြစ်နိုင်ဘူး” ဟု ငြင်းချက်ထုတ်ကြသည်။

ဤကဲ့သို့သော ငြင်းချက်များကိုဖြေရှင်းရန် လုပ်ဆောင်သင့်သည့်အရာမှာ သမ္မာကျမ်းစာကိုဖွင့်ကာ ခေတ်အဆက်ဆက်လူသား

များအပေါ် ဘုရားသခင်ဆက်ဆံပြုမူပုံကို လေ့လာရန်သာ ရှိတော့သည်။

ပညာတတ်များနှင့် ရာထူးရာခံရှိသူများကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင်ဦးဆောင်ရန် အခါအားလျော်စွာ ဘုရားသခင် မရွေးချယ်ရခြင်း၏အကြောင်းမှာ ထိုသူများသည် မိမိတို့၏ ယုံကြည်ချက်အပေါ်တွင်လည်းကောင်း အားကိုးပြီး ဘုရားသခင်၏ သွန်သင်မှုကိုမလိုအပ်တော့ဟု အထင်ရှိနေကြသောကြောင့်ဖြစ်သည်။

ကျောင်းပညာနည်းသောသူများကို တစ်ခါတစ်ရံ ခေါ်ယူအသုံးချရခြင်းမှာ ထိုသူများ၏ ပညာမဲ့မှုကြောင့်မဟုတ်ဘဲ ၄င်းတို့၏ အသွန်သင်ခံမှုတို့ကြောင့် ၄င်းတို့သည် ကြီးကျယ်သော ပုဂ္ဂိုလ်များ ဖြစ်လာသည်အထိအသုံးချခံခဲ့ရပါသည်။

ရှေးခေတ် ဣသရေလများ၏ရာဇဝင်သည် မြော်လင့်ခြင်းအဖွဲ့၏အတိတ်အတွေ့အကြုံများနှင့် ထပ်တူထပ်မျှဖြစ်နေပါသည်။ ကိုယ်တော်ရှင်သည် ဣသရေလများအား အီဂျစ်ပြည်မှထုတ်ဆောင်လမ်းပြခဲ့သည်နည်းတူ မိမိ၏ လူတို့ကို ကြွလာခြင်းဆိုင်ရာ လှုပ်ရှားမှုတွင် လမ်းပြတော်မူခဲ့ပါသည်။

၁၈၄၄ ခုနှစ်တွင် အမှုတော်ကိုစည်းလုံးညီညွတ်စွာ လုပ်ဆောင်ခဲ့သူအားလုံးသည် တတိယကောင်းကင်တမန်သတင်းစကားကိုရရှိကာ ဝိညာဉ်တန်ခိုးအပြည့်ဖြင့် ကြွေးကြော်ခဲ့ကြမည်ဆိုလျှင် လွန်ခဲ့သောနှစ်ပေါင်းများစွာကတတည်းက တစ်ကမ္ဘာလုံးအလင်းတရားရရှိကာ ခရစ်တော်လည်း မိမိလူတို့ကို ကယ်တင်ဖို့ကြွလာတော်မူပြီး ဖြစ်ခဲ့လိမ့်မည်။

## ဘုရားသခင်၏အလိုတော်မဟုတ်ပါ

ဣသရေလများ နှစ်ပေါင်း(၄၀)ကြာ တောတွင်လှည့်လည်နေရသည်မှာ ဘုရားသခင်၏အလိုတော်မဟုတ်ပါ။ ခါနာန်ပြည်သို့ တိုက်ရိုက်ခေါ်သွားပြီး ထိုအရပ်တွင် ပျော်ရွှင်သန့်ရှင်းသောလူမျိုးများအဖြစ် အခြေတကျရှိစေလိုသည်သာ ကိုယ်တော်၏ အလိုတော်ဖြစ်သည်။

သို့ရာတွင် "သူတို့သည် မိမိတို့၏ မယုံကြည်မှုကြောင့် ခါနာန်ပြည်သို့မဝင်စားနိုင်ခဲ့ကြချေ။" ဟေဗြဲ ၃း၁၉။ ထိုနည်းအတူ ခရစ်တော်၏ကြွလာခြင်း ကြန့်ကြာနေရသည်မှာလည်းကောင်း ဝမ်းနည်းခြင်းနှင့်ပြီးသောအပြစ်ကမ္ဘာတွင် ကိုယ်တော်၏ သားသမီးများအချိန်ကြာမြင့်စွာနေထိုင်နေရသည်မှာလည်းကောင်း ဘုရားသခင်၏ အလိုတော်မဟုတ်ပါ။

မယုံကြည်သောစိတ်က ၄င်းတို့အား ဘုရားသခင်နှင့်ကွဲကွာစေခဲ့ပါသည်။ သတိပေးစကားကို အပြစ်သားများကြားကာ ဘုရားသခင်၏ အမျက်တော်ထွက်ရာနေ့ကြီးမတိုင်မီခိုလှုံရာကို ရှာနိုင်ရန်အလို့ငှာ ခရစ်တော်သည် ကရုဏာရှေ့ထား၍ ကြွလာခြင်းနှောင့်နှေးနေရခြင်းဖြစ်သည်။

ယခုအချိန်တွင် ရှေးကာလမှာကဲ့သို့ပင် သမ္မာတရားကိုတင်ပြသံကိုကြားသောအခါ ဆန့်ကျင်သူများပေါ်ထွန်းလာလိမ့်မည်။ လူများစွာတို့သည် ရေပန်းမစားသည့်သမ္မာတရားကို ကာကွယ်ရပ်တည်သူများ၏ စာရိတ္တနှင့် သဘောတရားများအပေါ် ရန်ငြိုးထားကာတိုက်ခိုက်ကြပါသည်။ ဧလိယအား ဣသရေလများကို ဒုက္ခပေးသူဟုကြွေးကြော်ခဲ့ကြသည်။ ယေရမိအား အမျိုးသားသစ္စာဖေါက် ရှင်ပေါလုအားဗိမာန်တော်ကိုညစ်ညမ်းစေသူအဖြစ် စွပ်စွဲခဲ့ကြပါသည်။

ထိုနေ့များမှ ယနေ့အချိန်အထိ သမ္မာတရာအပေါ် သစ္စာရှိသူများအား ပုန်ကန်ထကြွစေသူများ၊ အယူဝါဒဖေါက်ပြန်သူများ၊ ဂိုဏ်းဂဏခွဲခြားသူများဟု စွပ်စွဲနေကြပါသည်။

သန့်ရှင်းခြင်းနှင့် သမာဓိခိုင်မြဲခြင်းများအတွက် နမူနာပုံစံဖြစ်သော အာဇာနည်များနှင့် ၎င်းသန့်ရှင်းသူများပြုလုပ်ကြသည့်အပြစ်ဝန်ချတောင်းပန်ခြင်းများသည် ဘုရားသခင်အတွက် သက်သေခံများအဖြစ် ရပ်တည်ရန် ခေါ်တော်မူခြင်းခံရသူများကို အားတက်စေပါသည်။

ယခုခေတ်တွင် အမှုဆောင်နေကြသည့် ဘုရားသခင်၏တပည့်တော်များအတွက် အမိန့်တော်ကား၊ "အသံမလျော့ဘဲ ကြွေးကြော်ကြလော့။ တံပိုးသံကဲ့သို့အသံကိုလွှင့်၍ ယာကုပ်အမျိုးသားဖြစ်သော ငါ၏လူတို့အား သူတို့ဒုစရိုက်အပြစ်ကိုဖေါ်ပြလော့။"

"အချင်းလူသားသင့်ကို ဣသရေလအမျိုး၌ ကင်းစောင့်စေခြင်းငှာ ငါခန့်ထားသောကြောင့် သင်သည် ငါ၏နှုတ်ထွက်စကားကို နားခံ၍သူတို့ကိုသတိပေးရမည်" ဟူ၍ဖြစ်၏။ ဟေရှာ ၅၈း၁၊ ယေဇကျေလ ၃၃း၇။

သမ္မာတရားကိုလက်ခံရန် အဓိက အဟန့်အတားတစ်ခုမှာ ပြစ်တင်ဝေဖန်ခံရခြင်းဖြစ်သည်။ ဤအရာကို မည်သူမျှဖြေရှင်းမပေးနိုင်ချေ။

သို့ရာတွင် ခရစ်တော်၏ တပည့်စစ်များသည် ထိုသမ္မာတရားရေပန်းစားမည့်အချိန်အထိ မစောင့်ဆိုင်းတော့ဘဲ "မျက်မှောက်၌ထင်ရှားသောအရာတို့သည် ခဏသာတည်၍ မထင်ရှားသောအရာတို့သည် အစဉ်အမြဲတည်ကြောင်းကို ငါတို့သည်ထောက်လျက် ထင်ရှားသောအရာတို့ကို မကြည့်မမှတ်ဘဲ မထင်ရှားသောအရာတို့ကိုကြည့်မှတ်ကြစဉ်အခါ ယခုခဏခံရ၍ ပေါ့ပါးသော ဆင်းရဲခြင်းဒုက္ခသည်

အတိုင်းထက်အလွန်ကြီးမြတ်လေးလံသော နိစ္စထာဝရဘုန်းအသရေကိုငါတို့အဖို့ဖြစ်စေတတ်၏။” ထိုကြောင့် “အီဂျစ်ပြည်၏ စည်းစိမ်ထက် ခရစ်တော်ကြောင့် ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သည်” ဟူသော ရှင်ပေါလု၏ ဖွင့်ဆိုချက်အတိုင်း ရေပန်းမစားသေးသည့်သမ္မာတရားကို သူတို့လက်ခံခဲ့ကြပါသည်။

ကျွန်ုပ်တို့သည်အမှန်တရားကို အမှန်အတိုင်း ရွေးချယ်ကာဖြစ်ပေါ်လာမည့်နောက်ဆက်တွဲအခြေအနေများကို ဘုရားသခင့်လက်တော်တွင်အပ်နှံကြရမည်။ ကိုယ်ကျင့်တရားနှင့်ပြည့်စုံသူများ ယုံကြည်ခြင်းနှင့်ပြည့်စုံသူများတို့အပေါ်တွင် ကြီးကျယ်သောပြုပြင်ပြောင်းလဲမှုများအတွက် ကမ္ဘာကြီးသည် အကြွေးတင်နေပါသည်။ ယခုအချိန်တွင်လည်း ထိုကဲ့သို့သောလူစားမျိုးတို့နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ကြရပါမည်။

-----o-----

# အခန်း(၂၇)
# ခေတ်သစ်ဝိညာဉ်ရေးနိုးကြားမှုများ
# မည်သို့အောင်ပွဲဆင်နေသနည်း

နှုတ်ကပတ်တော်ကို အမှန်အတိုင်း ဟောကြားသည့်နေရာတိုင်းတွင် ထိုနှုတ်ကပါတ်တော်သည် ဘုရားသခင်ထံမှလာသောနှုတ်တော်ထွက်စကားများဖြစ်ကြောင်း ထင်ရှားစေသည့် ရလဒ်များဆက်လက်ဖြစ်ပေါ်ခဲ့ပါသည်။ ဩတ္တပ္ပစိတ်များ နိုးကြားလာကြောင်းအပြစ်သားများခံစားရသည်။

ယုံကြည်စိတ်များသည် ၎င်းတို့၏စိတ်နှလုံးတွင် ခိုင်မြဲစွာအမြစ်စွဲလာသည်။ သူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကိုသိရှိလာကာ "ဤအသေကောင်မှ ငါ့ကို မည်သူကယ်လွှတ်မည်နည်း" ဟုမေးလာကြသည်။ ရောမ ၇း၂၄။

သူတို့သည် ကပ်တိုင်ကိုမြင်တွေ့လာသောအချိန်တွင် ခရစ်တော်၏ ကောင်းမှုကုသိုလ်မှလွဲ၍ မည်သည့်အရာကမျှ မိမိတို့၏အပြစ်များကို မဖြေနိုင်ကြောင်း သဘောပေါက်လာကြသည်။ သူတို့သည် ခရစ်တော်၏ အသွေးတော်အားဖြင့် အတိတ်အပြစ်များကို ဖြေလွှတ်ခြင်းခံကြရသည်။ ရောမ ၃း၂၅။

ဤပုဂ္ဂိုလ်များသည် ယုံကြည်ခြင်းဖြင့် နှစ်ခြင်းမင်္ဂလာကိုခံယူကာ ကိုယ်တော်၏ ခြေတော်ရာများကို လိုက်လျှောက်ရန်၊ ကိုယ်တော်၏ စာရိတ္တတော်ကိုရောင်ပြန်ဟပ်ရန်၊ ကိုယ်တော် စင်ကြယ်သည့်နည်းတူ မိမိကိုယ်ကိုစင်ကြယ်စေရန်၊ သားတော်ကို ယုံကြည်ခြင်းအားဖြင့် အသစ်သောအသက်တာ၌ လျှောက်လှမ်းကြရန် ဝိညာဉ်ရေးနိုးထကြပါသည်။ တစ်ချိန်က မုန်းခဲ့သောအရာများသည် ယခု

ချစ်၍၊ တစ်ချိန်က ချစ်ခင်နှစ်သက်ခဲ့သောအရာများကို ယခုတွင် မုန်းတီးရွံရှာခဲ့ကြသည်။ မာနကြီးသူများသည် သိမ်မွေ့လာကြပြီး စိတ်ကြီးဝင်မောက်မာသူများသည် တည်ငြိမ်အေးဆေးသောအသက်တာကိုပိုင်ဆိုင်လာကြသည်။

အရက်သမားများသည်အရက်ဖြတ်လာကြပြီး အပျော်ကျူးသူများလည်း သန့်ရှင်းလာကြသည်။ ခရစ်ယာန်များသည် "ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြစ်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ ဘုရားသခင်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖေါက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူဖြစ်စေ" ရန်ကြိုးစားခဲ့ကြသည်။ ၁ပေ၊ ၃း၃-၄။

အပြစ်သားများအား လေးနက်တည်ကြည်သောတောင်းဆိုမှုများပြုခြင်းအားဖြင့် ဝိညာဉ်ရေးနိုးကြားမှုများ ထင်ရှားစွာဖြစ်ပေါ်လာပါသည်။

ကိုယ်အလိုကိုမလိုက်ဖို့ရန် လက်မတွန့်ဘဲ ခရစ်တော်အတွက် အနစ်နာခံရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည့်အသီးအပွင့်များကိုမြင်တွေ့ခဲ့ရပါသည်။ ခရစ်တော်၏ နာမတော်ကိုဝန်ခံသူများတွင် အသက်တာအတွင်းအပြင် ပြောင်းလဲမှုများကိုတွေ့ကြရပါသည်။ ဤအရာများသည် ဘာသာရေးနိုးကြားမှုများ၏နောက်ပိုင်းအချိန်များ၌ ဖြစ်ခဲ့သော နောက်ဆက်တွဲ အကျိုးဆက်များဖြစ်ပါသည်။

သို့ရာတွင် ခေတ်သစ်ဝိညာဉ်ရေးပြောင်းလဲမှုများမှာ ယခင်ကနှင့်ကွဲပြားခြားနားနေပါသည်။ စိတ်နှလုံးပြောင်းလဲပြီဆိုကာအသင်းတော်များထဲသို့ အအုပ်လိုက်အသင်းလိုက် လူများဝင်လာကြပါ

သည်။ သို့စေကာမူ စစ်မှန်သော ဝိညာဉ်ရေးအသက်တာနှင့် ကိုက်ညီသည့် ယုံကြည်ခြင်းတိုးတက်မှုများကိုမူ မတွေ့ရချေ။ တစ်ခဏတောက်လောင်သောအလင်းကလေးသည် မကြာမီမှာပင် ငြိမ်းသွားခဲ့ပါသည်။

ရေပန်းစားနေသော ဝိညာဉ်ရေးပြောင်းလဲမှုများသည် အသစ်အဆန်းနှင့် စိတ်လှုပ်ရှားစရာကောင်းသည့်အရာများကို နှစ်သက်သောစိတ်ကို ကျေနပ်စေသည့်စိတ်ဝင်စားမှုများကို မကြာခဏ ဖြစ်ပေါ်စေသည်။

ဤနည်းအားဖြင့် ပြောင်းလဲလာသူများ၌ သမ္မာတရားကိုနားထောင်ချင်စိတ်အလွန်နည်းပါးလာသည်။ ဘာသာရေး အခမ်းအနားများ၌ စိတ်အာရုံခံစားစရာမရှိခဲ့လျှင် ၎င်းတို့သည် ထိုအခမ်းအနားများကို စိတ်မဝင်စားကြတော့ချေ။

အစစ်အမှန်ပြောင်းလဲနေသူများမှာမူ ဘုရားသခင်နှင့်တကွ ထာဝရကာလနှင့်စပ်ဆိုင်သောအရာများကို အသက်တာ၏ အဓိကအရာများအဖြစ် မှတ်ယူကြလိမ့်မည်။

ယနေ့လူကြိုက်များနေသော အသင်းတော်များ၌ ဘုရားသခင်အတွက် ဆက်ကပ်အပ်နှံသည့် စိတ်ဓါတ်သည် မည်သည့်နေရာတွင်ရှိနေသနည်း။ ပြောင်းလဲ၍ အသင်းတော်ထဲရောက်လာသူများသည် မာနထောင်လွှားဆဲ လောကကိုချစ်နေကြဆဲဖြစ်သည်။

သူတို့သည် မပြောင်းလဲမီအချိန်ကထက် ပို၍ ကိုယ်အလိုကိုငြင်းပယ်လိုသောဆန္ဒနှင့် နှိမ့်ချသိမ်မွေ့သော ခရစ်တော်နောက်သို့ လိုက်ရန် ဆန္ဒမပြင်းထန်လာပါချေ။ ဘုရားတရားနှင့် ပြည့်စုံမှုသည် အသင်းတော်များစွာတို့တွင် ယိုယွင်းလျက်ရှိနေပါသည်။

အသင်းတော်များ၌ ယုံကြည်ခြင်း ကွဲပြားခြားနားမှုများရှိနေသော်ငြားလည်း ထိုအသင်းတော်များထဲတွင် ခရစ်တော်၏နောက်လိုက်အစစ်များရှိနေကြဆဲဖြစ်သည်။ ဘုရားသခင်၏ နောက်ဆုံးတမန်တော်ခေတ်နောက်ပိုင်းတွင် မတွေ့ကြရတော့သည့် ဘုရားတရားပြည့်စုံမှုဆိုင်ရာ ဝိညာဉ်ရေးပြောင်းလဲမှုကြီးကို တရားစီရင်ခြင်းမတိုင်မီတွင် ဘုရားသခင်၏ သားသမီးများအကြား၌ တွေ့မြင်ကြရလိမ့်မည်။

ဝိညာဉ်တော်ကို သွန်းလောင်းတော်မူသောအခါ ဘုရားသခင်နှင့်နှုတ်ကပတ်တော်အစား လောကကို ချစ်သည့်အသင်းတော်များမှ လူများစွာတို့ ခွဲထွက်လာကြလိမ့်မည်။ တရားဟောဆရာများအပါအဝင် လူထုကြီးသည် ကြွလာခြင်းအတွက် ၎င်းတို့ကို ပြင်ဆင်ပေးမည့် ထိုသမ္မာတရားများကို ဝမ်းပန်းတသာလက်ခံကြလိမ့်မည်။

လူသားများကို ရန်မူနေသူစာတန်သည် ဤအမှုတော်ကိုအဟန့်အတားလုပ်လိုရာ ထိုကဲ့သို့သော လှုပ်ရှားမှုကြီး မဖြစ်မီမှာပင်အတုတစ်ခုကိုတီထွင်ထားခြင်းဖြင့် ထိုဝိညာဉ်ရေးပြောင်းလဲမှုကို တားဆီးရန် ကြိုးစားပါလိမ့်မည်။

ဆွဲဆောင်သိမ်းသွင်းနိုင်မည့်အသင်းတော်များတွင်ဘုရားသခင်၏အထူးကောင်းချီးများချပေးနေသယောင်ဖြစ်အောင်သူလုပ်ဆောင်လိမ့်မည်။"ဘုရားသခင်သည် အံ့ဖွယ်ကောင်းအောင် ကောင်းချီးပေးလျက်ရှိသည်"ဟုလူအများကဝမ်းသာရွှင်မြူးလျက်ကြွေးကြော်လိမ့်မည်။အမှန်မှာထိုအမှုကိုအခြားသောဝိညာဉ်ကလုပ်ဆောင်နေခြင်းဖြစ်သည်။စာတန်သည်ဘာသာရေးဟန်ဆောင်မှုများဖြင့်ခရစ်ယာန်လောကတစ်ခုလုံးအပေါ်သြဇာလွှမ်းမိုးနိုင်အောင်ကြိုးစားလိမ့်မည်။လမ်းမှားကိုပို့ဆောင်ရန်သင့်လျော်သလိုပြင်ဆင်ထားသည့်အမှန်နှင့်အမှားရောစပ်

ထားသောစိတ်ပိုင်းဆိုင်ရာလှုပ်ရှားမှုတစ်ခုကိုဖြစ်အောင် သူကြိုးစားနေခြင်းဖြစ်သည်။

သို့ရာတွင် နှုတ်ကပတ်တော်အလင်းအားဖြင့် ထိုလှုပ်ရှားမှုများ၏သဘာဝကို ဆုံးဖြတ်ရန်မှာ ခက်ခဲမည်မဟုတ်ချေ။ ကိုယ်အလိုကိုငြင်းကာ လောကနောက်သို့မလိုက်ရန် တောင်းဆိုနေသည့်သွန်သင်ချက်များကို ကျော်ခိုင်းလျက် သမ္မာကျမ်းစာ၏သက်သေခံချက်ကို လျစ်လျူရှုသူများရှိသောနေရာတိုင်း၌ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများမကျရောက်မည်မှာ သေချာပါသည်။ "ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏ သဘောကိုသိရလိမ့်မည်" ဆိုသည့်စည်းမျဉ်းအရ ဤလှုပ်ရှားမှုများသည် ဘုရားသခင်၏ ဝိညာဉ်တော်လုပ်ဆောင်မှုမဟုတ်ကြောင်း ထင်ရှားပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ရှိ သမ္မာတရားများသည် စာတန်၏လိမ်လည်လှည့်ဖြားမှုများကို ကာကွယ်ရန် ဒိုင်းလွှားတစ်ခုဖြစ်ပါသည်။ ထိုသမ္မာတရားများကို လျစ်လျူရှုထားခြင်းသည် ကမ္ဘာတွင် ယနေ့ပျံ့နှံ့နေသည့်ဒုစရိုက်များအတွက် တံခါးဖွင့်ပေးနေခြင်းဖြစ်သည်။

ဘုရားသခင့်ပညတ်တော်၏ အရေးပါမှုများကိုလည်းအတိုင်းအတာတစ်ခုအထိ မျက်ခြည်ပြတ်လျက်ရှိ၏။ ပညတ်တော်အပေါ်မှားယွင်းစွာယူဆမှုတစ်ခုသည် အဆင့်နိမ့်ကျလျက်ရှိသော ဘုရားတရားဆိုင်ရာ သန့်ရှင်းခြင်းနှင့် စိတ်နှလုံးပြောင်းလဲခြင်းများတွင်မှားယွင်းမှုများကိုဖြစ်စေသည်။

ကျွန်ုပ်တို့ ခေတ်၌ဖြစ်ပေါ်နေသောဝိညာဉ်ရေးပြောင်းလဲမှုများတွင် ဝိညာဉ်တော်မပါရှိမှု၏ လျှို့ဝှက်ချက်ကို ဤတွင်တွေ့ရပါသည်။

ခရစ်တော်သည် အသေခံခြင်းအားဖြင့် ပညတ်တော်ကိုဖျက်သိမ်းခဲ့ကြောင်း ဘာသာရေးဆရာများစွာတို့က ဖွင့်ဆိုကြသည်။ တချို့ကလည်း ပညတ်တော်ကို ဝမ်းနည်းဖွယ်ရာထမ်းပိုးတစ်ခုအဖြစ်ပုံဆောင်ဟောကြားကြသည်။ ထိုပညတ်တော်၏ အနှောင်အဖွဲ့နှင့်ဆန့်ကျင်ကာ ဧဝံဂေလိတရား၏အောက်တွင် လွတ်ခြင်းအခွင့်ကိုခံစားကြရန် သူတို့တင်ပြကြသည်။

သို့သော် ပုရောဖက်များနှင့် တမန်တော်ကြီးများသည်သန့်ရှင်းသောထိုပညတ်တော်ကို ဤသို့သဘောမထားခဲ့ကြပါ။ "ပေးတော်မူသောဩဝါဒများကို အကျွန်ုပ်ရှာဖွေမေးမြန်းသည်ဖြစ်၍ အဆီးအတားမရှိဘဲသွားလာရပါ၏" ဟု ဆာလံ ၁၁၉း၄၅ တွင် ဖော်ပြထားပါသည်။

တမန်တော်ရှင်ယာကုပ်ကလည်း ပညတ်တော်ဆယ်ပါးကို ရည်ညွှန်းလျက် "လွှတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား" ဟု ရှင်ယာကုပ်ဩဝါဒစာ ၁း၂၅ တွင် ဖွင့်ဆိုထားသည်။

ဗျာဒိတ်ဆရာကလည်း "အသက်ပင်နှင့်ဆိုင်၍ မြို့တံခါးအတွင်းသို့ ဝင်အံ့သောငှာ ပညတ်တော်တို့ကို ကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏" ဟု ဗျာ ၂၂း၁၄ တွင်ဖွင့်ဆိုထားပါသည်။

အကယ်၍သာ ပညတ်တော်ကိုပြောင်းလဲပစ်လို့ရမည်ဆိုလျှင်လည်းကောင်း၊ ပညတ်တော်ကို ဘေးဖယ်ထားလို့ရမည်ဆိုလျှင်သော်လည်းကောင်း ခရစ်တော်သည် အပြစ်၏ ပြစ်ဒဏ်စီရင်ချက်မှလူသားများကို ကယ်တင်ရန် အသေခံစရာလိုမည်မဟုတ်ချေ။ ဘုရားသခင်၏ သားတော်သည် "တရားတော်ကို ချီးမြှောက် ဂုဏ်အသရေ

နှင့်ပြည့်စုံစေ” ခြင်းငှာ ကြွလာတော်မူခဲ့ရပါသည်။ ထို့ပြင်ကိုယ်တော်က “ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှာငါလာသည်ဟုမထင်ကြနှင့်။” “ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံးဗိန္ဓုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ။” “အကျွန်ုပ်၏ဘုရားသခင်ကိုယ်တော်၏ အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏ တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏” ဟု မိန့်မြွက်တော်မူခဲ့ပါသည်။ မဿဲ ၅း၁၇-၁၈။ ဆာလံ ၄၀း၈။

ပညတ်တော်သည် ဘုရားသခင်၏ စာရိတ္တတော်ကိုဖေါ်ပြသည့်အရာတစ်ခုဖြစ်ရာ ပြောင်းလဲပစ်ရန်မဖြစ်နိုင်ပါ။ ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ကိုယ်တော်၏ ပညတ်တော်သည်လည်းချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ “ချစ်ခြင်းမေတ္တာသည် အကျင့်တရားဖြစ်ပါ၏။” ”အလုံးစုံသောပညတ်တော်တို့သည် ဖြောင့်မတ်ပါသည်။”

“တရားတော်သည် သန့်ရှင်းခြင်းရှိ၏။ ပညတ်တရားလည်း သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိ၏။” ရောမ ၁၃း၁၀၊ ဆာလံ ၁၁၉း၁၄၂၊ ၁၇၂၊ ရောမ ၇း၁၂။ ထိုကဲ့သို့သော ပညတ်တော်သည်ထာဝရဘုရားကဲ့သို့ပင် ထာဝရတည်ရှိနေပါမည်။

ကိုယ်တော့်ပညတ်တော်၏ စည်းမျဉ်းများနှင့် ညီသောအသက်တာသို့ပို့ဆောင်ကာ လူနှင့် ဘုရားသခင်တို့အား ပြန်လည်သင့်မြတ်စေရန်မှာ စိတ်နှလုံးပြောင်းလဲခြင်းနှင့် သန့်ရှင်းခြင်းတို့သည် အဓိကကျလှပါသည်။ အစအဦးတွင် လူသည် ဘုရားသခင်

ပတ်တော်နှင့်ကိုက်ညီသည့် စုံလင်သူတစ်ဦးဖြစ်သည်။ သို့ရာတွင် အပြစ်ဒုစရိုက်သည် လူအား ဖန်ဆင်းရှင်နှင့်စိမ်းကားသွားစေခဲ့သည်။ လူ၏ စိတ်နှလုံးသည် ဘုရားသခင်၏အမိန့်တော် (ပညတ်တော်)ကို အန်တုလာသည်။ "ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏ တရားတော်အလိုသို့ မလိုက် တတ်။ ထိုမျှမက မလိုက်နိုင်။" ရောမ ၈း၇။

သို့ရာတွင် "လူသားများ သည်ဘုရားသခင်နှင့်ပြန်လည် သင့်မြတ်ကာ ဖန်ဆင်းရှင်နှင့် အဆင်ပြေချောမောစွာ အသက်ရှင်နိုင် ရန် "ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင် လောကီသားများကိုချစ်တော်မူ၏။" ဤပြောင်း လဲမှုကို အသစ်မွေးဖွားခြင်းဟုခေါ်ပြီး "အသစ်မွေးဖွားခြင်း မခံရသေးသူများသည် ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ကြရချေ။ ယောဟန် ၃း၁၆၊၃။

## အပြစ်တရား၏ပြစ်ဒဏ်စီရင်ခြင်းကိုနားလည်ခြင်း

ဘုရားသခင်နှင့်သင့်မြတ်စေရန် ပထမလုပ်ဆောင်ရမည့် အရာမှာ အပြစ်တရား၏ ပြစ်ဒဏ်စီရင်ခြင်းနားလည်ရန်ဖြစ်သည်။ "ဒုစရိုက်သည်ကား ပညတ်တော်ကို လွန်ကျူးခြင်း" ဖြစ်၏။ ၁ယော၊ ၃း၄။ "ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်။" ရောမ ၃း၂၀။ အပြစ်သားတစ်ဦးသည် မိမိ၏ ဒုစရိုက်များကို မြင် တွေ့နိုင်ရန်အလိုငှာ မိမိတို့၏ ချို့ယွင်းချက်များကို သိရှိစေသည်ကို စုံလင်ဖြောင့်မတ်သော စာရိတ္တတော်ကို ညွှန်ပြလျက်ရှိသော ပညတ် တော်ကို စံထားကာ မိမိ၏ အသက်တာနှင့်နှိုင်းယှဉ်စစ်ဆေးရမည်။

ထိုပညတ်တော်သည် လူတို့အား ၎င်းတို့ ကျူးလွန်နေသည့် အပြစ်များကိုသာဖေါ်ပြနိုင်ပြီး ထိုအပြစ်မှ လွတ်ကင်းသွားအောင် ကုစားနိုင်စွမ်းမရှိပါ။ သေခြင်းသည် ပညတ်တော်လွန်ကျူးသူများရယူရမည့်ဝေစုဖြစ်ကြောင်း ပညတ်တော်ကဖွင့်ဆိုပါသည်။ ခရစ်တော်၏ဝမ်းမြောက်ဖွယ်ဧဝံဂေလိတရားတော်ကသာ အပြစ်၏ စီရင်ချက်မှ ထိုအပြစ်သားကို လွတ်မြောက်စေနိုင်ပါသည်။ ထိုသူသည် မိမိချိုးဖေါက်သည့် ပညတ်တော်ကို ပြဋ္ဌာန်းသည့် ထာဝရဘုရားထံတွင်နောင်တရရမည်။

၎င်းပြင် ခရစ်တော်၏ အပြစ်ဖြေရာ အသေခံခြင်းကိုယုံကြည်လက်ခံရမည်။ သို့မှသာ ထိုသူသည် "လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကို မှတ်တော်မူခြင်း မခံရတော့ဘဲ" ဘုရားသခင်၏သားသမီးတစ်ဦးဖြစ်လာပါမည်။

သူသည် ယခုတွင် ဘုရား၏ ပညတ်တော်ကို ကြိုက်သလိုချိုးဖေါက်နိုင်ပြီလား။ "သို့ဖြစ်လျှင် ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ပညတ်တရားကိုပယ်ကြသလော။ အလျှင်းမပယ်သာ၍ တည်စေကြ၏။"

"အပြစ်တရား၌စုတေ့သောသူတို့သည် ထိုတရား၌ အဘယ်သို့ရှင်းရဦးမည်နည်း။" ရောမ ၃း၃၁။ ၆း၂။ "ပညတ်တော်တို့ကိုစောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကိုစောင့်ခဲသည်မဟုတ်။" ၁ယော ၅း၃။ ဒုတိယမွေးဖွားခြင်းကိုခံရပြီးသောသူများသည် ဘုရားသခင်နှင့် အဆင်ပြေရုံသာမက ပညတ်တော်နှင့်ကိုက်ညီသောအသက်တာတွင် အသက်ရှင်နေထိုင်ကြသည်။ ထိုအပြစ်သား၌ ထိုပြောင်းလဲမှုရှိလာသော အချိန်တွင်ထိုသူသည် သေခြင်းမှ အသက်ရှင်ခြင်းသို့လည်းကောင်း၊ ပညတ်တော်လွန်ကျူးကာ၊ပုန်ကန်သည့်အခြေအနေမှနားထောင်လိုက်လျှောက်၍

4:23



သစ္စာရှိသောအခြေအနေသို့လည်းကောင်း ကူးပြောင်းသွားပါသည်။ အသက်တာဟောင်းသည် အဆုံးသတ်သွားကာ ဘုရားသခင်နှင့် အဆင်ပြေသောအသက်တာ၊ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်ပြည့်ဝသော အသက်တာကို အစပြုပါတော့သည်။ ထိုနောက် "ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောငါတို့သည် တရား၌ပါသော ပညတ်တို့ကို စောင့်ရှောက်မည်အကြောင်းတည်း။" ရောမ ၈း၄။

ထိုအချိန်တွင် ထိုသူက "ကိုယ်တော်၏ တရားကို အကျွန်ုပ်သည်အလွန်နှစ်သက်ပါ၏။ တစ်နေ့လုံး ဆင်ခြင်အောက်မေ့လျက် နေပါ၏" ဟုကြွေးကြော်လိမ့်မည်။ ဆာလံ ၁၁၉း၉၇။

လူတို့သည် ပညတ်တော်မရှိဘဲ မည်သည့်အရာသည် အပြစ်ဖြစ်သည်ဟု မသိနိုင်ရုံသာမက နောင်တရဖို့လိုအပ်ကြောင်းကိုလည်း ခံစားနိုင်ကြမည်မဟုတ်ချေ။

ခရစ်တော်၏ အသွေးတော်အားဖြင့် အပြစ်ဖြေခြင်း၏ အရေးပါမှုကိုလည်း နားလည်ကြမည်မဟုတ်ချေ။စိတ်နှလုံး၏ ပြောင်းလဲခြင်း (သို့မဟုတ်) အသက်တာပြုပြင်ပြောင်းလဲမှုမရှိဘဲ ကယ်တင်ခြင်းဆိုင်ရာ မြော်လင့်ချက်ကို လက်ခံကြပါသည်။ဤသို့သော နည်းဖြင့် အပေါ်ယံကျော ပြောင်းလဲမှုများကို အများအပြားတွေ့ရပြီး ခရစ်တော်နှင့် တစ်ကြိမ်တစ်ခါမျှ ပူးပေါင်းခြင်းမရှိခဲ့ဖူးသည့် လူအုပ်ကြီးသည် အသင်းတော်ထဲသို့ ဝင်ရောက်လာကြပါသည်။

## မည်သည့်အရာသည် သန့်ရှင်းခြင်းဖြစ်သနည်း။

သန့်ရှင်းခြင်းဆိုင်ရာမှားယွင်းသော သီအိုရီများသည် ပညတ်တော်ကိုငြင်းပယ်ခြင်း၊ လျစ်လျူရှုခြင်းများကြောင့် ပေါ်ထွန်းလာပါ

သည်။ ယုံကြည်ချက်များတွင် မှားယွင်း၍ လက်တွေ့ရလဒ်များတွင် အန္တရာယ်များလှသော ဤသီအိုရီများသည် များသောအားဖြင့်မျက်နှာပန်းပွင့်ကြသည်။

"ဘုရားသခင်၏ အလိုတော်မူကား၊ သင်တို့သည်------ သန့်ရှင်းခြင်း" ရှိဖို့ဖြစ်ကြောင်း ရှင်ပေါလုကသွန်သင်ပါသည်။ ၁သက် ၄း၃။ သန့်ရှင်းခြင်းသည် မည်သည့်အရာဖြစ်သည်ဆိုသည့် အချက်နှင့် မည်သို့ရယူပိုင်ဆိုင်နိုင်ကြောင်းကို သမ္မာကျမ်းစာက ရှင်းလင်းစွာ သွန်သင်ထားပါသည်။ "ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏။" ယောဟန် ၁၇း၁၇။ ယုံကြည်သူများသည် "သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေပါသည်" ဟု ရှင်ပေါလုကလည်းဖွင့်ဆိုထားပါသည်။ ရောမ ၁၅း၁၆။

မည်သည့်အရာသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်ဖြစ်သနည်း။ "သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်" (ယောဟန် ၁၆း၁၃) ဟု ခရစ်တော်ကိုယ်တော်တိုင်လည်း မိန့်ဆိုတော်မူခဲ့သည်။ ဆာလံဆရာက "ကိုယ်တော်၏ ပညတ်တော်သည် သမ္မာတရားဖြစ်၏။" ဟု ဖွင့်ဟခဲ့ပါသည်။

ဘုရားသခင်၏ ပညတ်တော်သည် "သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်း" တို့နှင့်ပြည့်စုံသည် ဖြစ်ရာ ထိုပညတ်တော်ကို စောင့်ရှောက်ခြင်းအားဖြင့် တည်ဆောက်သော စာရိတ္တသည်လည်း သန့်ရှင်းခြင်းနှင့်ပြည့်စုံပါမည်။ ခရစ်တော်သည် ထိုကဲ့သို့သော စာရိတ္တ အတွက်စုံလင်သောနမူနာတစ်ခုဖြစ်သည်။

4:24



"ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၏။" "ငါ့ကို စေလွှတ်တော်မူသောသူ---နှစ်သက်တော်မူသောအမှုကိုအစဉ်မပြတ် ငါပြုသည်" ဟု ခရစ်တော်မိန့်တော်မူခဲ့သည်။ ယောဟန် ၁၅း၁၀။ ၈း၂၉။ ခရစ်တော်၏ နောက်လိုက်များသည် ပညတ်တော်၏ အလို နှင့်ကိုက်ညီသည့်စာရိတ္တကို ကျေးဇူးတော်အားဖြင့်ဖွဲ့စည်းကာကိုယ် တော်ရှင်နှင့်တူလာကြရပါမည်။

## ယုံကြည်ခြင်းအားဖြင့်သာ

ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် သန့်ရှင်သောဝိညာဉ် တော်၏တန်ခိုးတော်အမအစကိုရယူကာ ဤအမှုကိုပြီးမြောက်စေနိုင် ပါသည်။

ခရစ်ယာန်များသည် အပြစ်ဒုစရိုက်ကျူးလွန်ဖို့ လှုံ့ဆော်မှု များနှင့် ရင်ဆိုင်ကြရမည်ဖြစ်သော်လည်း ထိုအပြစ်ဒုစရိုက်များကို စိုက်လိုက်မတ်တတ် တိုက်လှန်ကြရမည်ဖြစ်သည်။ ဤနေရာတွင် ခရစ်တော်၏ အမအစကို လိုအပ်လာပါပြီ။ လူသား၏ အားနည်းချက် ကိုဘုရားသခင်၏ ခွန်အားဖြင့်ပေါင်းစပ်ကာ ယုံကြည်ခြင်းအားဖြင့် "ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကိုပေး တော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည်ကြီးလှစွာတကား" ဟု ကြွေးကြော်ကြပါလိမ့်မည်။ ၁ကော၊ ၁၅း၅၇။

သန့်ရှင်းခြင်းအရာသည် တဖြည်းဖြည်းတိုးတက်သောအရာ ဖြစ်ပါသည်။ အပြစ်သားများသည် စိတ်နှလုံး ပြောင်းလဲသောအချိန် တွင် ဘုရားသခင်၌ ငြိမ်သက်ခြင်းကို တွေ့ရှိသောအခါ သူ၏ခရစ် ယာန်အသက်တာသည် အစပျိုးရုံသာ ရှိသေးသည်။ ယခုတွင်

ထိုသူသည် “စုံလင်သောအဖြစ်သို့တက်ကာ” “ခရစ်တော်၏ ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏ အဖြစ်သို့ရောက်ကြသည်တိုင်အောင်” ကြီးထွားကြရန်ဖြစ်သည်။ “ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှာ ပန်းတုံးတိုင်သို့ငါလိုက်ပြေး၏။” ဟေဗြဲ၆း၂၊ဧဖက် ၄း၁၃။ ဖိ၊ ၃း၁၄။

သမ္မာကျမ်းစာဖော်ပြပါ သန့်ရှင်းခြင်းကို ခံစားရရှိသူများသည် နှိမ့်ချမှုရှိလိမ့်မည်။ ခရစ်တော်၏ စုံလင်မှုနှင့် မိမိတို့၏မထိုက်တန်မှုများကို သူတို့ ထင်ရှားစွာသိမြင်ကြလိမ့်မည်။ ပုရောဖက်ဒံယေလသည် စစ်မှန်သော သန့်ရှင်းခြင်းအတွက် နမူနာကောင်းတစ်ခုဖြစ်သည်။ ဂုဏ်ပြုခြင်းခံရသော ထိုပုရောဖက်ကြီးသည် မိမိကိုယ်ကို ဖြူစင်သန့်ရှင်းသည်ဟု ဖွင့်ဟခြင်းမပြုဘဲ သူကိုယ်စားပြု အသနားခံနေသည့် ဣသရေလများကဲ့သို့ပင် အပြစ်များကြောင်း ဝန်ခံခဲ့ပါသည်။ ဒံယေလ ၉း၁၅၊၁၈၊၂၀။ ၁၀း၈၊၁၁။

ကပ်တိုင်၏ အရိပ်အောက်တွင် လျှောက်လှမ်းအသက်ရှင်နေသူများ၏ ကဏ္ဍတွင် အပြစ်ဒုစရိုက်မှလွတ်ခြင်းအခွင့်ရသည့်အတွက် မိမိကိုယ်ကိုချီးမြှောက်စရာ၊ ဝါကြွားစရာမရှိနိုင်ပါချေ။ ခရစ်တော်၏ နှလုံးသားကိုကွဲစေကာ ဝမ်းနည်းမှုကို ဖြစ်စေသော အရာမှာ မိမိတို့၏ အပြစ်များသာဖြစ်ကြောင်း သူတို့သိရှိလျက် ထိုအသိကလေးက ၎င်းတို့အား စိတ်နှလုံးနှိမ့်ချလာစေပါလိမ့်မည်။ ခရစ်တော်နှင့်အနီးကပ်ဆုံး အသက်ရှင်နေထိုင်သူများသည် လူသားများ၏အပြစ်ဒုစရိုက်နှင့် အားနည်းမှုများကို အထင်ရှားဆုံး သိမြင်လာကြကာ ၎င်းတို့၏ တစ်ခုတည်းသော မြော်လင့်ချက်မှာ အသေခံ၍

4:24



ရှင်ပြန်ထမြောက်တော်မူသည့် ခရစ်တော်၏ကောင်းမှုကုသိုလ်၌သာ ဖြစ်၏။

ယနေ့ ခေတ်ဘာသာရေးလောကတွင် ထင်ရှားလူသိများလာသောသန့်ရှင်းခြင်းသည် ကိုယ်ကိုကိုယ်ချီးမြှောက်သည့်စိတ်ဓါတ်များဖြင့်ပြီးလျှက် ဘုရားသခင်၏ ပညတ်တော်ကို အလေးမထားကြချေ။

သန့်ရှင်းခြင်းဆိုသည်မှာ ရုတ်ခြည်းဖြစ်ပေါ်လာသောအရာတစ်ခုဖြစ်ပြီး ယုံကြည်ခြင်းအားဖြင့် စုံလင်သောသန့်ရှင်းခြင်းအဆင့်သို့ရောက်သည်ဟု အထက်ဖော်ပြပါ သဘောထားကိုထောက်ခံသူများသာဖွင့်ဆိုနေကြသည်။ "ယုံကြည်ရင်ပြီးရော၊ ကောင်းချီးမင်္ဂလာကိုခင်ဗျားရမယ်" ဟု သူတို့ပြောဆိုနေကြသည်။ ပညတ်တော်ကိုစောင့်ရှောက်ရမည့်တာဝန်မှ လွတ်ငြိမ်းခွင့်ရပြီးဖြစ်သဖြင့် သန့်ရှင်းခြင်းကိုရရှိထားသူများအနေဖြင့် မည်သည့်ကြိုးစားမှုမျိုးကိုမျှ လုပ်ဆောင်စရာမလိုဟုဆိုကာ သူတို့သည် ပညတ်တော်ကိုငြင်းဆိုနေကြပါသည်။ သို့ရာတွင် ဘုရားသခင်၏ သဘာဝနှင့်အလိုတော်ကို ဖော်ပြသည့် စည်းမျဉ်းများနှင့် ကိုက်ညီသောအသက်တာမရှိလျှင် သန့်ရှင်းသည်ဟု ပြောဆိုနိုင်ပါမည်လား။

ဘုရားသခင်နှင့် နှုတ်ကပတ်တော်၏ သက်သေခံချက်မှာ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းတည်းဟူသော အန္တရာယ်များသည့်ဤယုံကြည်ခြင်းနှင့်ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ကရုဏာတော်ထားရန် အခြေအနေနှင့်မဆီလျော်သည့် အမအစများကို ဘုရားသခင်ထံမှတောင်းခံနေခြင်းသည် ယုံကြည်ခြင်းမဟုတ်ပါ။ ထိုအရာသည် ရဲရင့်သော ဒုစရိုက်ပြုခြင်းသာဖြစ်ပါသည်။ ယာကုပ် ၂း၁၄-၂၄

ဘုရာသခင်၏ တောင်းဆိုချက်များမှ တောင်းဆိုချက်တစ်ခုကိုမိမိဆန္ဒအလျောက်ချိုးဖေါက်နေစဉ်မှာပင်သန့်ရှင်းခြင်းအသက်တာ

ကိုရရှိနိုင်သည်ဟု ကိုယ့်ကိုကိုယ်မလှည့်စားကြပါနှင့်။ သိလျက်နှင့် ကျူးလွန်သောအပြစ်များသည် ဝိညာဉ်တော်၏ သက်သေခံသံကို တိတ်စေ၍ ထိုပုဂ္ဂိုလ်အား ဘုရားသခင်နှင့် ကွဲကွာသွားစေပါသည်။ ရှင်ယောဟန်သည် ချစ်ခြင်းမေတ္တာအကြောင်းကို ပြည့်စုံစွာ ဖွင့်ဆိုနေစဉ်မှာပင် ပညတ်တော်ကို လွန်ကျူးစဉ်မှာပင် သန့်ရှင်းခြင်းရှိသည်ဟု ဟစ်ကြွေးနေသော လူတန်းစားတစ်ခု၏ စစ်မှန်သောစာရိတ္တကို ဖွင့်ဆိုရန် မနှောင့်နှေးခဲ့ပါချေ။ "ထိုသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကိုမစောင့်ဘဲလျက် ဆိုသောသူသည် မုသားကို သုံးသောသူဖြစ်၍ ထိုသူ၌ သစ္စာမရှိ၊ ထိုသခင်၏ စကားတော်ကို နားထောင်သောသူ မည်သည်ကား ဘုရားသခင်ကို ချစ်ခြင်းနှင့်အမှန်ပြည့်စုံ၏။" ၁ယော ၂း၃-၅။

ဤတွင် လူသားများ၏ ဖွင့်ဟချက်များအပေါ် စမ်းသပ်နေပါသည်။ အကယ်၍လူတို့သည် ဘုရား၏ ပညတ်များကို သေးသိမ်အောင်၊ ပေါ့ပေါ့တန်တန်ဖြစ်အောင် လုပ်လျှင်သော်လည်းကောင်း၊ "အငယ်ဆုံးသောပညတ်ကို ကိုယ်တိုင်လွန်ကျူး၍ သူတစ်ပါးအားလည်း၊ ထိုအတူသွန်သင်လျှင်သော်လည်းကောင်း" ၎င်းတို့၏ဖွင့်ဆိုမှုများ၌ အခြေအမြစ်မရှိကြောင်း ကျွန်ုပ်တို့သိရှိနိုင်ကြပါသည်။ မဿဲ ၅း၁၈-၁၉။

အပြစ်ကင်းသည်ဟု ကြွေးကြော်နေခြင်းသည် ထိုကြွေးကြော်နေသူအနေဖြင့် သန့်ရှင်းခြင်းနှင့် များစွာကွာလှမ်းနေကြောင်းသက်သေအထောက်အထားဖြစ်သည်။ (တစ်နည်းအားဖြင့် မသန့်ရှင်းသူများသည် မိမိကိုယ်ကို အပြစ်ကင်းသည်ဟု ပြောတတ်ကြသည်)။ ထိုသူ၌ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် စင်ကြယ်ခြင်းအပေါ်အမြင်မကြည်မှုများရှိနေပြီး အပြစ် ဒုစရိုက်၏ မကောင်းမှုနှင့် ဆိုးရွားမှု

4:24



များကိုလည်း အမြင်မရှင်းမှုများရှိနေသည်။ သူနှင့် ခရစ်တော်အကြား ကွာဝေးမှုများပြားသွားသည်နှင့်အမျှ ကိုယ့်ကိုကိုယ်ဖြောင့်မတ်သည်ဟု အထင်ပိုရှိလာပါသည်။

## သမ္မာကျမ်းစာပါသန့်ရှင်းခြင်း

သန့်ရှင်းခြင်းဟုဆိုရာတွင် ကိုယ်၊ စိတ်၊ ဝိညာဉ်သုံးပါးစလုံး၏သန့်ရှင်းခြင်းကိုဆိုလိုပါသည်။ မိမိတို့၏ ကိုယ်ခန္ဓာကို "သန့်ရှင်းခြင်းလက္ခဏာ၊ အသက်ရှင်ခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဖွယ်သောလက္ခဏာ" အဖြစ် ဘုရားသခင်ထံတွင် ပူဇော်ကြရန် ခရစ်ယာန်များအားတိုက်တွန်းထားပါသည်။ ရောမ ၁၂း၁။ ခန္ဓာကိုယ်ခွန်အားနှင့် စိတ်တန်ခိုးများကို ကျဆင်းသွားစေမည့်အမှုအကျင့်တိုင်းသည် ဖန်ဆင်းရှင်၏ အမှုတော်တွင် ပါဝင်နေသော လူသားများအတွက် မသင့်လျော်ချေ။ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ဘုရားသခင်ကိုချစ်သောသူများသည် အလိုတော်အတိုင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့်စွမ်းရည်များကို တိုးပွားစေသော ပညတ်တော်နှင့်အညီ ကိုယ်စိတ်ဝိညာဉ်တန်ခိုးခွန်အားများကိုရအောင် အမြဲတမ်း ကြိုးစားကြလိမ့်မည်။

ထိုသူများသည် ဘုရားသခင့်အထံတော်တွင် ဆက်ကပ်ရမည့်ယဇ်ကို အပျော်အပါး၊ အစားအသောက်လွန်ကျူးခြင်းအားဖြင့် မညစ်ညမ်းစေကြပါ။

ဒုစရိုက်နှင့်ယှဉ်သော ပျော်ပါးစားသောက်မှုများသည်ဉာဏနှင့် ဝိညာဏစွမ်းအားများကို ထုံထိုင်း ပျက်စီးစေသည်။ ထို့ကြောင့် ဘုရားသခင်က သမ္မာကျမ်းစာအားဖြင့် ၂ကော ၇း၁ တွင် မိန့်ဆို

4:25



ထားသည်မှာ "ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏ အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကင်းစင်စေလျက် ဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့" ဟူ၍ဖြစ်၏။

မည်မျှများပြားသော ခရစ်ယာန်များသည် အစားကြူး၊ အသောက်ကြူး၊ အပျော်ကြူးခြင်းများဖြင့် ဘုရားသခင်နှင့်သဏ္ဍာန်တူသည့် လူ၏ဂုဏ်ရည်များကိုနိမ့်ကျအောင်လုပ်နေကြသနည်း။ အသင်းတော်သည် ခရစ်တော်ကို ချစ်သည့် မေတ္တာတရားအထူးနည်းပါးနေပြီး ဘဏ္ဍာရေးတောင့်တရန်အလို့ငှာ မကောင်းမှုများကိုပင် မကြောခဏအားပေးတတ်ပါသည်။

ယနေ့အသင်းတော်များသို့ ခရစ်တော်ရောက်ရှိလာကာ ဘာသာရေး အရေခြုံပြီး ကျင်းပနေသည့်ပွဲလမ်းများကို မြင်တွေ့သွားပါလျှင် ငွေလဲလှယ်သူများအား ဗိမာန်တော်ထဲမှမောင်းထုတ်ခဲ့သကဲ့သို့ ထိုအသရေ ရှုတ်ချသူများကို အသင်းတော် မှနှင်ထုတ်လိမ့်မည်မဟုတ်ပါလား။

"သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူ ဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကိုထင်ရှားစေကြလော့။" ၁ကော၊ ၆း၁၉-၂၁။ သန့်ရှင်းသော ဝိညာဉ်တော်ကိန်းအောင်းရာခန္ဓာကိုယ်များကို ညစ်ညမ်းပျက်စီးစေမည့် အမူအကျင့်များ၏ ကျေးကျွန်ဘဝသို့ ခရစ်ယာန်များမရောက်သင့်ကြချေ။လူ၌ရှိသောတန်ခိုးစွမ်းအားများကိုဘုရားသခင်ပိုင်တော်မူ

4:25



သည်။ လူ၏ လက်ဝယ်ရှိနေသည့် ဥစ္စာပစ္စည်းများသည်လည်း ဘုရားသခင်၏ ပစ္စည်းများသာဖြစ်၏။ ထို့ကြောင့် လူသည် မိမိ၌ အပ်နှံထားသည့်ရင်းနှီးမြှုပ်နှံမှုများကို ဖြုန်းတီးပစ်ခွင့်မရှိပါချေ။

ခရစ်ယာန်များသည် အကျိုးမဲ့ စားသောက်နေထိုင်မှုများအတွက် များလှစွာသော ငွေကြေးများကို နှစ်စဉ်ဖြုန်းတီးလျက်ရှိသည်။ ဧဝံဂေလိအမှုတော်နှင့် ဆင်းရဲသားများကိုထောက်ပံ့သည့် ငွေကြေးပမာဏထက် များစွာသောငွေကြေးများကို အပျော်အပါးလွန်ကျူးမှုများတွင် အသုံးပြုကာ ဘုရားသခင်ထံသို့ ပူဇော်ရမည့်အလှူငွေနှင့်ဆယ်ဖို့တစ်ဖို့များကို တလွဲအသုံးပြုနေကြပါသည်။ အကယ်၍သာ ခရစ်ယာန်များသည် အမှန်တကယ်သန့်ရှင်းစင်ကြယ်ခဲ့ကြမည်ဆိုလျှင် ၎င်းတို့၏ ဥစ္စာဓနများကို မလိုအပ်သောနေရာတွင် အလဟဿသုံးဖြုန်းမည့်အစား ဘုရားသခင်၏ ဘဏ္ဍာတိုက်ထဲသို့ထည့်ကြလိမ့်မည်။ ချုပ်တည်းခြင်းနှင့် အနစ်နာခံခြင်းများအတွက်လည်း နမူနာပြကြလိမ့်မည်။ ၎င်းပြင် လောက၏ အလင်းလည်း ဖြစ်လာကြလိမ့်မည်။

"ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်းနှင့် လောကီစည်းစိမ်၌ဝါကြွားခြင်း" များသည် လူတို့အား ထိန်းချုပ်ထားသည်။ ထို့ကြောင့် "သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။

မစင်ကြယ်သောအရာကို လက်နှင့်မျှ မတို့ကြနှင့်" ဟုခရစ်ယာန်များအား ဘုရားသခင် မိန့်မှာထားပါသည်။ ၂ကော ၆း၁၇။ ထိုမိန့်မှာချက်နှင့်အညီ အသက်ရှင်နေထိုင်သူများအား "သင်တို့ကိုငါလက်ခံမည်။ သင်တို့၏ အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏ သားသမီးဖြစ်ကြလိမ့်မည်" ဟုထာဝရဘုရားမိန့်တော်မူ၏။ ၂ကော ၆း၁၈။

4:25



ယုံကြည်ခြင်းနှင့်နားထောင်ခြင်းတို့၏ ခြေလှမ်းတိုင်းသည် ထိုသူအား လောက၏ အလင်းတော်နှင့် ပို၍ပို၍နီးကပ်စေပါသည်။ တရားတော်နေမင်း၏ အလင်းတန်းများသည် ဘုရားသခင်၏ ကျွန်များအပေါ်သို့ကျရောက်နေရာ ထိုသူများသည် ထိုအလင်းတန်းများကိုပြန်လည်ထွန်းလင်းကြရန်ဖြစ်သည်။ ကောင်းကင်တွင် ရှိတော်မူသည့် အလင်းတော်တစ်ခုကြောင့် မိမိတို့သည် အလင်းများထွန်းလင်းနေသည်ဟု ကြယ်ကလေးများက ကျွန်ုပ်တို့အား ကြားပြော၏။ထိုနည်းအတူ ခရစ်ယာန်များသည်လည်း ကောင်းကင်ပလ္လင်တော်ပေါ်တွင်စံမြန်းနေတော်မူသည့် ဘုရားသခင်၏ စာရိတ္တတော်သည် ချီးမွမ်းအတုယူထိုက်ကြောင်း မိမိတို့အသက်တာအားဖြင့် ပြန်လည် ထင်ရှားစေကြရန်ဖြစ်သည်။

ခရစ်တော်၏ ကောင်းမှုကုသိုလ်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပလ္လင်တော်အနီးသို့ ချဉ်းကပ်ခွင့်ရကြပါပြီ။ "မိမိသားတော်ရင်းကိုမနှမြောဘဲ ငါတို့ရှိသမျှအဖို့အလို့ငှာ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။" "သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့ အဘသည်ဆုတောင်းသောသူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကိုသာ၍ပေးတော်မူမည်မဟုတ်လော" ဟုလည်း ခရစ်တော်မိန့်ဆိုထားပါသည်။ "သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစ်စုံတစ်ခုသော ဆုကိုတောင်းလျှင် တောင်းသည့်အတိုင်းငါပြုမည်။" "သင်တို့သည် ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှာ တောင်းကြလော့။ ထိုသို့တောင်း

လျှောက်ရကြလိမ့်မည်။" ရောမ ၈း၃၂၊ လုကာ ၁၁း၁၃၊ ယောဟန် ၁၄း၁၄၊ ၁၆း၂၄။

ထိုကဲ့သို့ဘုရားသခင်က ကြိုဆိုလက်ခံကောင်းချီးပေးမည့် အသက်တာဖြင့်နေထိုင်ရန် လူတိုင်း၌ အခွင့်အရေးရှိနေပါသည်။ ပြစ်ဒဏ်စီရင်ခြင်းနှင့် အမှောင်ထုကြားတွင် အမြဲတမ်း ကျွန်ုပ်တို့နေထိုင်သည်ကို ထာဝရဘုရားအလိုတော်မကျပါ။ ဦးခေါင်းကို ညွှတ်ထားသော်လည်း နှလုံးသား၌ အတ္တသဘောအပြည့်ရှိခြင်းတွင် စစ်မှန်သောနှိမ့်ချမှုအတွက် မည်သည့်အထောက်အထားကိုမျှမတွေ့ရပါ။ ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့သွားကာ အပြစ်ဆေးကြောခြင်းခံလျက်ရှက်ခြင်း၊ သံဝေဂရခြင်းနှင့်ကင်းစွာ ပညတ်တော်ရှေ့တွင်ရပ်ထလိုက ရပ်ထနိုင်ကြပါသည်။

အပြစ်တွင် ကျဆုံးနေသော အာဒံ၏ သားသမီးများသည် ခရစ်တော်အားဖြင့် ဘုရားသခင်၏ သားသမီးများဖြစ်လာကြပါသည်။ ကိုယ်တော်ရှင်သည် "ထိုသူတို့ကို ညီအစ်ကိုဟူ၍ ခေါ်ခြင်းငှာရှက်ကြောက်တော်မမူ။" ခရစ်ယာန်အသက်တာသည် ယုံကြည်ခြင်း အောင်မြင်ခြင်းနှင့် ဘုရားသခင်၌ ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝသော အသက်တာဖြစ်သင့်သည်။ "ထာဝရဘုရားပေးတော်မူသောအခွင့်နှင့်အားယူ၍ ဝမ်းမြောက်ကြလော့။" "အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။ မခြားမလပ်ဆုတောင်းပဌနာပြုကြလော့။ အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ အကြောင်းမူကား သင်တို့သည် ထိုသို့ကျင့်စေခြင်းငှာ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။" ဟေဗြဲ ၂း၁၀ နေဟမိ ၈း၁၀၊ ၁သက်၊ ၅း၁၆-၁၈။

ဤကဲ့သို့သော အရာများသည် သမ္မာကျမ်းစာနှင့် ကိုက်ညီသည့်ပြောင်းလဲခြင်းနှင့်သန့်ရှင်းခြင်းတို့၏ အသီးအပွင့်များဖြစ်သည်။

4:26



သို့ရာတွင် ပညတ်တရားတွင်ဖော်ပြထားသည့် ဖြောင့်မတ်ခြင်းစည်းမျဉ်းများကို ဂရုမထားကြသဖြင့် ဤအသီးအပွင့်များကို မြင်ရခဲခြင်းဖြစ်သည်။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ဝိညာဉ်တော်၏လှုပ်ရှားမှုကို ထိထိမိမိမခံစားရသေးခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည်ကြည့်ခြင်းအားဖြင့် ပြောင်းလဲလာကြလိမ့်မည်။ လူတို့သည် ဘုရားသခင်ဖွင့်ပြထားသည့် စာရိတ္တတော်၏ စုံလင်သန့်ရှင်းခြင်းဆိုင်ရာ မွန်မြတ်သောပညတ်များကို လျစ်လျူရှုကာ လူသားများတီထွင်သောသီအိုရီများနှင့် သွန်သင်ချက်များအပေါ် စွဲလမ်းသွားကြသဖြင့် အသင်းတော်ထဲ၌ ဘုရားတရားရှိခြင်းများ ကျဆင်းလာခဲ့ပါသည်။ ထိုကြောင့် ဘုရားသခင်၏ ပညတ်တရားကို ၎င်း၏နေရာမှန်သို့ပြန်လည်ရောက်စေနိုင်မှသာ ခရစ်ယာန်များ၌ ရှေးခေတ်ယုံကြည်ခြင်းနှင့် ဘုရားဝတ်၌ မွေ့လျော်ခြင်းများ ပြန်လည်နိုးကြားလာနိုင်ပါသည်။

-----o-----

## အခန်း (၂၈)
## အသက်တာမှတ်တမ်းများနှင့်ရင်ဆိုင်ခြင်း

"ထိုအခါ ငါကြည့်ရှုစဉ် ရာဇပလ္လင်များကိုတည်ထားလျက်ရှိ၍ အသက်ကြီးသောသူတစ်ဦးသည် ထိုင်တော်မူ၏။ အဝတ်တော်သည် မိုးပွင့်ကဲ့သို့ဖြူ၏။ ဆံပင်တော်သည် ဖြူသောသိုးမွေးနှင့်တူ၏။ ပလ္လင်တော်သည် မီးလျှံဖြစ်၏။ ပလ္လင်တော်အောက်၌ မီးစက်လှည်းဘီးရှိ၏။

မျက်နှာတော်မှာ မီးရောင်ခြည်ထွက်လေ၏။ အတိုင်းမသိများစွာသောသူတို့သည် အမှုတော်ကို ဆောင်ရွက်၍ ကုဋေသန်းမက ရှေ့တော်၌ ခစား၍နေကြ၏။ တရားစီရင်ခြင်းငှာ ပြင်ဆင်၍စာစောင်များကိုဖွင့်ထားကြ၏။" (ဒံ၊ ၇း၉-၁၀)

ဤလောကီသားအပေါင်းတို့၏ တရားသူကြီးဖြစ်သောဘုရားသခင်ရှေ့တော်တွင် လူသားများ၏ အသက်တာကို စစ်ဆေးသုံးသပ်မည့်နေကြီးနှင့်စပ်လျဉ်းသည့် ရူပါရုံအကြောင်းကို ဤသို့တင်ပြထားပါသည်။

ထို "အသက်ကြီးသောသူတစ်ဦး" မှာ ခမည်းတော်ဘုရားသခင်ဖြစ်သည်။ အရာခပ်သိမ်းတို့၏ အရင်းအမြစ် ဖြစ်တော်မူကာ ပညတ်အလုံးစုံတို့၏ မြစ်ဖျားခံရာဖြစ်တော်မူသည်။ ကိုယ်တော်ရှင်သည် ထိုတရားစီရင်ခြင်းတွင် ဦးဆောင်ကွပ်ကဲတော်မူသည်။ ကောင်းကင်တမန်များသည် အစေခံများ၊ သက်သေခံများအဖြစ်၊ ထိုအစီအစဉ်တွင်တက်ရောက်ကြသည်။

"ငါသည် အာရုံပြု၍ လူသားနှင့်တူသော သူတစ်ဦးသည်မိုးတိမ်ကို စီးလျက် အသက်ကြီးသောသူ၏ အထံတော်သို့ရောက်လာ၏။ ထိုသူကို အထံတော်ပါးသို့သွင်းကြ၏။ အရပ်ရပ်တို့၌နေ၍ အသီးသီး

အခြားခြားသောဘာသာစကားကို ပြောသော လူမျိုးတကာတို့ကို အုပ်စိုးစေခြင်းငှာ ထိုသူသည် နိုင်ငံနှင့်တကွ အာဏာစက်တန်ခိုးကို ရ၏။ အာဏာစက်တော်သည် ကမ္ဘာအဆက်ဆက်တည်၏။ နိုင်ငံတော်သည် ပျက်စီးချင်းသို့မရောက်နိုင်ရာ။" ဒံ၊ ၇း၁၃-၁၄။

ဤတွင် ဖော်ပြထားသည့် ခရစ်တော်ကြွလာခြင်းသည် ဤကမ္ဘာသို့ ဒုတိယကြွလာခြင်းမဟုတ်ဘဲ ကြားဖျန်ဖြေသူ၏ အလုပ်ပြီးဆုံးသောအချိန်တွင် ၎င်းအားပေးမည့် နိုင်ငံတော်ကို လက်ခံရန်ခမည်းတော်ဘုရားသခင်ထံတော်သို့ကြွလာခြင်းဖြစ်သည်။ ဤကြွလာခြင်းသည် ရက်ပေါင်း ၂၃၀၀ အဆုံးသတ်သည့် ၁၈၄၄ ခုနှစ်တွင် ဖြစ်ပျက်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းကြီးသည် လူသားများကိုယ်စား နောက်ဆုံးသော အမှုတော်ကို ဆောင်ရွက်ရန်အသန့်ရှင်းဆုံးအခန်းထဲသို့ ဝင်သွားခဲ့ပါသည်။

ပုံဆောင်ကျင်းပသောအခမ်းအနားများတွင် ဗိမာန်တော်သို့ အပြစ်ပြောင်းရွှေ့ခြင်းခံရသူများ၌သာ အပြစ်ဖြေရာနေ့တွင်ပါဝင်ရန် ကဏ္ဍတစ်ခုရှိသည်။ ထိုနည်းတူစွာပင် နောက်ဆုံးသော အပြစ်ဖြေရာနေ့ကြီးနှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ တရားစီရင်ခြင်းတွင် ဘုရားသခင့်သားသမီးများ၏ ကိစ္စများကိုသာ စဉ်းစားစီရင်မည်ဖြစ်သည်။ ဆိုးညစ်သောသူများကို တရားစီရင်ရန်မှာ နောက်ပိုင်းတွင် သီးခြားလုပ်ဆောင်ရမည့် အလုပ်တစ်ခုဖြစ်သည်။ "ဘုရားသခင်၏ အိမ်တော်သားတို့ကို ရှေ့ဦးစွာစစ်ကြောစီရင်ရသောအချိန်ရှိပြီ။" ၁ပေ ၄း၁၇။

ကောင်းကင်တွင် ရှိသောမှတ်တမ်းစာအုပ်များသည် တရားစီရင်ချက်များချရာတွင် အသုံးပြုရန်ဖြစ်သည်။ အသက်စာစောင်တွင်

ဘုရားသခင်၏အမှုတော်၌ ပါဝင်ခဲ့သူများ၏အမည်များကိုမှတ်တမ်းတင်ထားသည်။

ထို့ကြောင့် ခရစ်တော်က တပည့်တော်များအား"သင်တို့၏နာမည်များသည် ကောင်းကင်စာရင်း၌ ဝင်သည်ကိုဝမ်းမြောက်ခြင်းရှိကြလော့ဟု မိန့်တော်မူ၏။"လုကာ ၁၀း၂၀။ရှင်ပေါလုကလည်း"အသက်စာရင်းဝင်သော"လုပ်ဖော်ဆောင်ဖက်များ၏အကြောင်းကိုဖွင့်ဟခဲ့သည်။ ဖိ၊၄း၃။

ဒံယေလကမူ"စာစောင်၌ စာရင်ဝင်သမျှသောသင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ရောက်ကြလိမ့်မည်" ဟုမှတ်တမ်းတင်ခဲ့ပါသည်။ ဒံ၊ ၁၂း၁။ "သိုးသငယ်၏ အသက်စာစောင် တွင်စာရင်းဝင်သောသူတို့သာလျှင်" ဘုရားသခင်၏မြို့ထဲသို့ဝင်ကြရလိမ့်မည်ဟု ရှင်ယောဟန်က ဗျာ၊ ၂၁း၂၇ တွင်ရေးသားထားပါသည်။

"အောက်မေ့စရာမှတ်တမ်း" တွင် "ထာဝရဘုရားကိုကြောက်ရွံ့၍ နာမတော်ကိုအောက်မေ့သောသူတို့" ၏ ကောင်းမှုကုသိုလ်များကို မှတ်တမ်းတင်ထားပါသည်။ တွန်းလှန်အောင်မြင်ခဲ့သော စုံစမ်းနှောင့်ယှက်ခြင်းများ၊ ကျော်လွှားအောင်ပွဲဆင်ခဲ့သော မကောင်းမှုအသီးသီးထုတ်ဖော်ပြောဆိုခဲ့သည့် မေတ္တာစကားလုံးများ အနစ်နာခံလုပ်ဆောင်မှုအပေါင်း ခရစ်တော်အတွက် ခံစားခဲ့ရသော ဝမ်းနည်းစရာအားလုံးကို ထိုစာအုပ်တွင် မှတ်တမ်းတင်ထားသည်။

"အကျွန်ုပ်သည် အရပ်ရပ်လည်ရသော အခြင်းအရာတို့ကိုကိုယ်တော်မှတ်၍အကျွန်ုပ်မျက်ရည်တို့ကို ဆူးတော်ထဲမှာထည့်တော်မူပါ။ စာရင်းတော်၌ရှိပါသည်မဟုတ်လော။" မာလခိ ၃း၁၆။ ဆာလံ ၅၆း၈။

## လျှို့ဝှက်သောအကြံအစည်များ

လူတို့၏အပြစ်ဒုစရိုက်များအတွက်လည်း မှတ်တမ်းတစ်ခု ရှိသေးသည်။ "ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍ အလုံးစုံသောအမှု - ကောင်းမကောင်းရှိသမျှတို့ကို စစ်ကြော၍တရားသဖြင့်စီရင်တော်မူလတ္တံ့။" "လူတို့သည် အကျိုးမဲ့သော စကားကိုပြောသမျှအတွက် တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကို ခံရလတ္တံ့။

သင့်စကားအားဖြင့် သင်သည် အပြစ်လွှတ်လိမ့်မည်။ (သို့မဟုတ်) သင့်စကားအားဖြင့် အပြစ်စီရင်ခြင်းကို ခံရလိမ့်မည်။ "မှောင်မိုက်၌ဝှက်ထားသောအရာတို့ကို ပွင့်လင်းစေ၍ စိတ်နှလုံးအကြံအစည်များကို ထင်ရှားစေလတ္တံ့သော သခင်ဘုရားကြွလာတော်မမူမီတိုင်အောင် အဘယ်အမှုကိုမျှ အဆုံးအဖြတ်မစီရင်ကြနှင့်။ ကြွလာတော်မူသောအခါ အသီးသီးတို့သည် ဘုရားသခင်ချီးမွမ်းတော်မူခြင်းကျေးဇူးကို ခံရကြလတ္တံ့။ ဒေသနာ ၁၂း၁၄။ မဿဲ ၁၂း၃၆-၃၇။ ၁ကော ၄း၅။

ကောင်းကင်ရှိစာစောင် (မှတ်တမ်း) များတွင်နာမည်တိုင်း၏တစ်ဘက်တွင် မှားယွင်းသောစကားလုံးအသီးသီး၊အတ္တများသောလုပ်ဆောင်မှုအသီးသီး၊ ကျေပွန်စွာ မထမ်းဆောင်ခဲ့သည့်တာဝန်ပျက်ကွက်မှုအသီးသီး၊ လျှို့ဝှက်သော အပြစ်ဒုစရိုက်အသီးသီးတို့ကို မှတ်တမ်းတင်ထားလိမ့်မည်။ လျစ်လျူရှုခဲ့သည့်ဘုရားသခင်၏ သတိပေးဆုံးမခြင်းများ၊ ဖြုန်းခဲ့သောအချိန်များ၊ အကောင်းအဆိုးနှစ်ခုစလုံးအတွက် အသုံးပြုခဲ့သည့် ဩဇာအာဏာများအား မှတ်တမ်းတင်သည့် ကောင်းကင်တမန်က နေ့ရက်အစဉ်အလိုက် မှတ်တမ်းတင်ထားပါလိမ့်မည်။

ဘုရားသခင်၏ ပညတ်တော်ဆယ်ပါးသည် တရားစီရင်ရာတွင် စံအဖြစ်အသုံးပြုခြင်းခံရလိမ့်မည်။ "ဘုရားသခင်ကိုကြောက်ရွံ့၍ ပညတ်တော်တို့ကိုစောင့်ရှောက်လော့။ ဤရွေ့ကား လူနှင့်ဆိုင်သော အမှုအရာအလုံးစုံတို့ကို ချုပ်ခြာသတည်း။ အကြောင်းမူကား ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍ အလုံးစုံသော အမှု၊ ကောင်းမကောင်းရှိသမျှတို့ကို စစ်ကြော၍ တရားသဖြင့်စီရင်တော်မူလတ္တံ့။"

"လွှတ်ခြင်းတရားအတိုင်း စီရင်ခြင်းကို ခံရလတ္တံ့သော သူကဲ့သို့ စကားပြောခြင်း၊ အမှုပြုခြင်းကိုစီရင်ကြလော့။" ဒေသနာ ၁၂း၁၃-၁၄၊ ယာကုပ် ၂း၁၂။

"ရထိုက်သည်ဟုသတ်မှတ်ခြင်းခံရသူများ" သည် ဖြောင့်မတ်သူများ ရှင်ပြန်ထမြောက်သည့် အဖွဲ့တွင်ပါဝင်ကြလိမ့်မည်။ "ရထိုက်သည်ဟုသတ်မှတ်ခြင်း ခံရသောသူတို့သည်--- ထမြောက်ခြင်း၏သားဖြစ်သောကြောင့် ဘုရားသခင်၏ သားဖြစ်ကြ၏။" "ကောင်းသောအကျင့်ကိုကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့ --- ထွက်ရကြလတ္တံ့။"

လုကာ ၂၀း၃၅-၃၆။ ယောဟန် ၅း၂၉။ကောင်းသောအကျင့်ကိုကျင့်လျက် သေဆုံးသွားသူများသည် ၎င်းတို့အား အသက်ရှင်ရာ ထမြောက်ခြင်းသို့ ဝင်စားထိုက်သည်ဟု သတ်မှတ်သည့်စီရင်ချက်မချမီ ရှင်ပြန်ထမြောက်ကြလိမ့်မည်မဟုတ်ချေ။ ထိုကြောင့် ၎င်းတို့၏ အသက်တာမှတ်တမ်းများကို ဖွင့်လှစ်စစ်ဆေးကာ၎င်းတို့၏ အမှုကိစ္စကို ဆုံးဖြတ်သောအချိန်တွင် ၎င်းတို့ကိုယ်တိုင်တရားစီရင်ခြင်းခန်းမတွင်ရှိကြလိမ့်မည် မဟုတ်ချေ။

ယေရှုခရစ်သည် ဘုရားသခင့်ထံတော်တွင် ၎င်းတို့ကိုယ်စား အသနားခံပေးရန် ၎င်းတို့၏ ရှေ့နေအဖြစ်ဖြင့် ပေါ်ထွန်းလာလိမ့်မည်။ "တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကို ပြုမိလျှင်ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့ အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။" "လူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည် မဝင်ဘဲငါတို့အတွက်ကြောင့် ယခုဘုရားသခင့်ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ ကောင်းကင်ကိုယ်ထဲသို့ ဝင်တော်မူပြီ။" "ထိုကြောင့် အကြင်သူသည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက် ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။" ၁ယော ၂း၁၊ ဟေဗြဲ ၉း၂၄။ ၇း၂၅။

မှတ်တမ်းစာအုပ်များဖွင့်လှစ်၍ တရားစီရင်ရာတွင် ခရစ်တော်ကိုယုံကြည်သူအားလုံး၏ အသက်တာများသည် ဘုရားသခင်၏ ရှေ့တော်တွင် ထင်ရှားလာပါသည်။ ကျွန်ုပ်တို့၏ ရှေ့နေကြီးသည်က မ္ဘာဦးလူသားများမှစ၍ လူသားမျိုးဆက်တစ်ခုချင်း၏ အမှုတွဲများကို တင်ပြပါသည်။

နာမည်တိုင်းကို ဖေါ်ပြထားပြီး အမှုတွဲတိုင်းကိုစုံစမ်းစစ်ဆေးပါသည်။ လက်ခံအတည်ပြုခြင်းခံရသော နာမည်များရှိသလိုငြင်းပယ်ခြင်းခံရသောနာမည်များလည်း ရှိသည်။ ကျူးလွန်ခဲ့သောအပြစ်များအတွက် နောင်တမရသဖြင့် အပြစ်လွှတ်ခြင်းအခွင့် ရမထားသေးသည့် ပုဂ္ဂိုလ်များ၏ နာမည်များကို အသက်စာစောင်မှပယ်ဖျက်လိုက်ပါသည်။ "ထာဝရဘုရားက အကြင်သူသည် ငါ့ကိုပြစ်မှား၏။ထိုသူ၏ နာမကို ငါ့စာရင်း၌ ငါချေမည်" ဟုမောရှေအား မိန့်တော်မူခဲ့၏။ ထွက်၊ ၃၂း၃၃။

စစ်မှန်သောနောင်တဖြင့် ခရစ်တော်၏ အသွေးတော်ကိုငင်းတို့အတွက် အပြစ်ဖြေရာယဇ်အဖြစ် လက်ခံယုံကြည်သဖြင့်အပြစ်လွှတ်ခြင်းအခွင့်ကိုရထားသူများသည် ကောင်းကင်စာစောင်များတွင် ပါဝင်ခဲ့သည်။

ထိုသူများသည် ခရစ်တော်၏ ဖြောင့်မတ်ခြင်းကိုမျှဝေခံစားသူများဖြစ်လာသည်နှင့်အမျှ ၎င်းတို့၏အကျင့် စာရိတ္တများသည် ပညတ်တရားနှင့်ကိုက်ညီကြောင်းတွေ့ရသည်။ ၎င်းတို့၏အပြစ်များသည်လည်း ချေဖျက်ခြင်းခံရကာ ၎င်းတို့အား ထာဝရအသက်နှင့် ထိုက်တန်သော သူများဖြစ်ကြောင်း သတ်မှတ်တော်မူလိမ့်မည်။ထာဝရဘုရားက "ငါတစ်ပါးတည်းသာလျှင် ကိုယ်အတွက်ကြောင့်သင်၏ အပြစ်တို့ကိုဖြေမည်။သင်၏ဒုစရိုက်အမှုတို့ကိုမအောက်မေ့။"

"ထိုသူ၏ နာမကို အသက်စာစောင်မှ ငါသည်အလျင်းမချေ။ ငါ့ခမည်းတော်ရှေ့၌ လည်းကောင်း၊ ကောင်းကင်တမန်တို့ရှေ့၌ လည်းကောင်း၊----သူ၏နာမကို ငါဝန်ခံမည်။" "အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ ခမည်းတော်ရှေ့မှာ ငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကိုငါငြင်းပယ်မည်" ဟု မိန့်တော်မူပါသည်။ ဟေရှာ ၄၃း၂၅၊ ဗျာ ၃း၅၊ မဿဲ ၁၀း၃၂-၃၃။

ကိုယ်တော်၏ အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်အောင်မြင်ကျော်လွှားခဲ့ကြသူအားလုံးကို ဧဒင်အိမ်တွင် ပြန်လည် နေရာချထားကာ ကိုယ်တော်ရှင်၊ ကိုယ်တော်တိုင်နှင့်အတူ "အရင်တည်သောအာဏာ" အား ပြန်လည်အပ်နှင်းပေးရန် ခရစ်တော်သည် အသနားခံ လျှောက်ထားပါသည်။ မိက္ခာ ၄း၈။ လူသားများသည်

တစ်ခါမျှ အပြစ်မကျူးလွန်ဖူးသကဲ့သို့မှတ်ယူကာ ၎င်းတို့အား ဖန်ဆင်းခံရသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ပါရန် ယခုတွင် တောင်းဆိုတော်မူသည်။ မိမိလူတို့အား အပြစ်လွှတ်ကာ ဖြောင့်မတ်စေရုံသာမက မိမိနှင့်အတူ ပလ္လင်ပေါ်တွင်ထိုင်ကာ ဘုန်းဝင်စားခွင့်ပေးပါရန် ခရစ်တော်တောင်းဆိုတော်မူသည်။

ခရစ်တော်က မိမိ၏ ကျေးဇူးတော်ကို ခံစားရသူများအတွက် အသနားခံလျှောက်ထားနေစဉ် စာတန်ကလည်း ဘုရားသခင်ရှေ့တော်တွင် ၎င်းတို့အားအပြစ်ရှိကြောင်း စွပ်စွဲနေပါသည်။ ၎င်းတို့၏ အသက်တာမှတ်တမ်းများကိုလည်းကောင်း၊ အကျင့်စာရိတ္တအနာအဆာများကိုလည်းကောင်း၊ ခရစ်တော်နှင့်မတူသည့် အချက်များကိုလည်းကောင်း၊ ၎င်းတို့ကျူးလွန်ရန် သူကိုယ်တိုင် စုံစမ်းခဲ့သောအပြစ်အားလုံးကိုလည်းကောင်း စာတန်က ထောက်ပြနေပါသည်။ ထိုအကြောင်းအချက်များကြောင့် ထိုသူများသည် မိမိ၏ လက်အောက်ရှိ ပုဂ္ဂိုလ်များဖြစ်ကြောင်း သူဖွင့်ဆိုနေပါသည်။

ထိုသူများ၌ အပြစ်မရှိပါဟု ခရစ်တော်ငြင်းဆိုလိမ့်မည် မဟုတ်ချေ။

သို့သော် ၎င်းတို့၏ နောင်တရခြင်းနှင့် ယုံကြည်ခြင်းကို ကိုယ်တော်ဖော်ပြတော်မူ၏။ ကိုယ်တော်သည် ထိုသူများအားအပြစ်လွှတ်ရန် တောင်းပန်လျက် ခမည်းတော်ဘုရားရှေ့မှောက်တွင် မိမိ၏ လက်များကိုမြှောက်ပြကာ ဤသူများကို ကျွန်ုပ်၏လက်ဖဝါးပေါ်တွင် ရေးထားပြီးပါပြီ။ "ဘုရားသခင်နှစ်သက်သောယဇ်မူကား ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူတတ်ပါ။" ဆာလံ ၅၁း၁၇။

## ၅၂၄ မျက်မှောက်ကာလမှထာဝရကာလသို့ ဘုရားသခင်ကစာတန်အားဆုံးမတော်မူခြင်း

ဘုရားသခင်က "အိုစာတန်၊ ထာဝရဘုရားသည်သင့်ကို ဆုံးမပါစေသော။ ယေရုရှလင်မြို့ကို ရွေးချယ်ပြီးသော ထာဝရဘုရား သည် ဆုံးမပါစေသော။ ဤသူသည် မီးထဲကနုတ်သော ထင်းစဖြစ် သည်မဟုတ်လော" ဟု စာတန်အား မိန့်တော်မူ၏။ ဇာခရိ ၃း၂။ ခရစ်တော်သည် "အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည် တို့နှင့် လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသော အသင်း တော်" ကို ခမည်းတော်ဘုရားထံ၌ ဆက်ကပ်အံ့သောငှာ မိမိ၏သစ္စာ ရှိသော တပည့်များအား မိမိ၏ ဖြောင့်မတ်ခြင်းဝတ်ရုံဖြင့် လွှမ်းခြုံ ပေးတော်မူလိမ့်မည်။ ဧဖက် ၅း၂၇။

"ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲနေမည်။" "ထိုကာလအခါ ဣသရေလ အပြစ်ကိုစစ်ကြောသော်လည်း အပြစ်မပေါ်ရာ။ ယုဒဒုစရိုက်တို့ကို ရှာ၍မတွေ့ရာ။ ငါချန်ထားသောသူတို့၏အပြစ်ကို ငါဖြေရှင်းမည်။" "ဇိအုန်တောင်မှာ ကျန်ကြွင်း၍ ယေရုရှလင်မြို့၌ နေရစ်သောသူတည်း ဟူသော အသက်စာစောင်ဝင်သမျှသော ယေရုရှလင်မြို့၌ နေရစ် သောသူတည်းဟူသော အသက်စာစောင်ဝင်သမျှသော ယေရုရှလင် မြို့သားတို့သည် သန့်ရှင်းခြင်းရှိကြလိမ့်မည်" ဟူသော ပထမပဋ္ဌညာဉ် နှင့်ဆိုင်သည့် ကတိတော်များကို ဤအချက်က ပြည့်စုံစေခဲ့ပါသည်။ ယေရမိ ၃၁း၃၄။ ၅၀း၂၀။ ဟေရှာ ၄း၃။

### အပြစ်များကိုဖယ်ရှင်းခြင်း

စုံစမ်းစစ်ဆေးရာတရားစီရင်ခြင်းအမှုနှင့် အပြစ်များကိုဖယ် ရှင်းပေးခြင်းအမှုတို့ကို ခရစ်တော် ဒုတိယကြွလာမီတွင် အပြီးလုပ်

ဆောင်ရပါမည်။ လောကတဲတော်တွင် အမှုတော်ဆောင်သည့်ယဇ်ပုရောဟိတ်မင်းကြီးသည် အသန့်ရှင်းဆုံးဌာနတော်မှ ထွက်လာကာ လူထုကြီးအား ကောင်းချီးပေးခဲ့သည့်နည်းတူ ခရစ်တော်သည် မိမိ၏ ကြားဖျန်ဖြေရေးအမှုတော်ပြီးဆုံးသောအချိန်တွင် "မျှော်လင့်လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလို့ငှာ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတ္တံ့။" ဟေဗြဲ ၉း၂၈။

ထိုယဇ်ပုယောဟိတ်မင်းသည် ဗိမာန်တော်၌ ပေကျံလျက်ရှိသောအပြစ်များကို ဖယ်ရှားသည့်အမှုတွင် စကိပ်ဂုတ်ဟုခေါ်သည့် ဆိတ်အပေါ်တါင် ထိုအပြစ်များကို တင်ခဲ့သည့်နည်းတူ ခရစ်တော်သည် လူအပေါင်းတို့၏ အပြစ်များကို စာတန်အပေါ်တွင်တင်တော်မူလိမ့်မည်။

"လူမနေသောအရပ်သို့ဆောင်သွားသော ထိုဆိတ်ကိုတော၌လွှတ်" သကဲ့သို့ ဘုရားသခင်၏ သားသမီးများအား အပြစ်ကျူးလွန်အောင် မိမိသွေးဆောင်ခဲ့သဖြင့် ကျူးလွန်ခဲ့သည့် အပြစ်အားလုံးကို ဆောင်သွားသည့်စာတန်သည် လူသူကင်းမဲ့သော ကမ္ဘာကြီးထဲတွင် နှစ်ပေါင်းတစ်ထောင်အထီးကျန်နေရတာ လူယုတ်မာများကို လောင်ကျွမ်းစေမည့် မီးလောင်ဒဏ်ကိုလည်း အဆုံးတွင် ခံစားရလိမ့်မည်။

ဤကဲ့သို့အပြစ်ကို အပြစ်မှလွန်ကာ ဖျက်ဆီးပြီးသောအခါ ကယ်တင်ခြင်းစီမံကိန်းသည် ပြီးမြောက်ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။

## သတ်မှတ်သောအချိန်၌

သတ်မှတ်တထားသောအချိန်ဖြစ်သော ရက်ပေါင်း ၂၃၀၀ အဆုံး ၁၈၄၄ ခုနှစ်တွင် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာတရားစီရင်ခြင်းနှင့်

အပြစ်ဖယ်ရှားခြင်း အလုပ်များကို အစပျိုးခဲ့ပါသည်။ နောင်တရသော စွန့်ပစ်ခြင်းမပြုသေးသည့် အပြစ်များကိုမူ စာစောင်များမှ ဖယ်ရှားခြင်းပြုတော်မူလိမ့်မည်မဟုတ်ချေ။ ကျူးလွန်သောအပြစ်များကိုလူသားအချင်းချင်းမသိအောင် ဖုံးကွယ်ကောင်းဖုံးကွယ်နိုင်မည်ဖြစ်သော်လည်း ဘုရားသခင်ရှေ့တော်တွင် ထင်းလင်းပေါ်လျက်ရှိရာ ကောင်းကင်တမန်များသည် အပြစ်တစ်ခုစီကို မှတ်တမ်းတင်ခဲ့ပါသည်။ ဘုရားသခင်ကို အပေါ်ယံရုပ်သွင်ဖြင့်လှည့်ဖြားလို့မရပါ။ ကိုယ်တော်သည် အမှားတစ်ခုကိုမျှ ကျူးလွန်ခြင်းရှိတော်မမူပါ။ လူသားများမှာစိတ်ထားမကောင်းသူများ၏ လှည့်စားမှုကို ခံတတ်ကြသော်လည်း ဘုရားသခင်မှာမူ လူ၏ အတွင်းသဘောကို နားလည်တော်မူ၏။

ကြီးမြတ်သော ပြန်လည်သုံးသပ်ချက်ပါတကား။ ကမ္ဘာပေါ်ရှိအစွမ်းအထက်ဆုံးအောင်နိုင်သူတစ်ဦးပင်လျှင် မိမိ၏ တစ်နေ့တာမှတ်တမ်းကို ပြန်လည်သတိရနိုင်ဖို့ခက်သည်။ ကျွန်ုပ်တို့၏ အပြုအမူ အပြောအဆို၊ အကျင့်အကြံများသည် ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်းသို့ရောက်ရန်အတွက် လည်းကောင်း၊ တရားရှုံးရန်အတွက်လည်းကောင်း၊ သက်သေခံကြလိမ့်မည်။

ကျွန်ုပ်တို့၌ရှိသည့် ဘုရားသခင်ပေးအစွမ်းသတ္တိများအတွက်လည်း တရားစီရင်ခြင်းခံကြရလိမ့်မည်။ အချိန်၊ဘောလ်ပင်(အစွမ်း) အသံ၊ ငွေနှင့် ဩဇာတန်ခိုးများကို ကျွန်ုပ်တို့ မည်သို့အသုံးပြုခဲ့ကြသနည်း။

ဆင်းရဲသားများ၊ ဒုက္ခသည်များ၊ မိဘမဲ့များ၊ မုဆိုးမများကို ကျွန်ုပ်တို့ မည်သို့ ဆက်ဆံခဲ့ကြသနည်း။ မိမိတို့အားပေးထားသည့် သမ္မာတရား အလင်းများကို မည်သို့ထွန်းလင်းခဲ့ကြသနည်း။ အကျင့်အားဖြင့် ထင်ရှားစေခဲ့သည့် မေတ္တာသာလျှင် စစ်မှန်၏။

ဘုရားသခင်၏ မျက်မှောက်ခေတ်တွင် မေတ္တာဖြင့်လုပ်ဆောင်သော အရာများသာလျှင် တန်ဖိုးရှိပါသည်။

## ဖုံးကွယ်ထားသောအတ္တစိတ်များကိုအဖော်ပြခံရခြင်း

ဖုံးကွယ်ထားသောအတ္တကြီးမှုများသည် ကောင်းကင်မှတ်တမ်းများတွင် အထင်အရှားပေါ်လွင်လျက်ရှိ၏။ ခရစ်တော်ပိုင်ဆိုင်သည့်အချိန်၊ စဉ်းစားဉာဏ်နှင့် ခွန်အားများကို ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ စာတန်အားပေးမိခဲ့ပြီလဲ။ ခရစ်တော်၏ နောက်လိုက်များသည် လောကစည်းစိမ်၊ လောကီပျော်မွေ့ခြင်းများတွင် နစ်မျောနေခဲ့ကြသည်။

ပိုက်ဆံအချိန်နှင့်ခွန်အားများကို အတ္တဆန္ဒပြည့်စေရန် အသုံးပြုနေကြသည်။ မပြောပလောက်သော လူအနည်းငယ်ကသာဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းနှင့် အပြစ်ဝန်ချမှုများကို လုပ်ဆောင်နေကြသည်။

စာတန်သည် ခရစ်တော်ပြုခဲ့သော အပြစ်ဖြေရာအသေခံခြင်းနှင့်တန်ခိုးတော်အပေါင်းနှင့်ပြည့်စုံသော ကြားဖျန်ဖြေခြင်းအမှုတို့ကို ထင်ရှားစေသည့် သမ္မာတရားများကို မုန်းတီးသည်ဖြစ်ရာ ထိုသမ္မာတရားများမှ လူတို့အား ဝေးစေရန် လူတို့၏ စိတ်ကိုပိုင်စီးထားနိုင်သည့် နည်းမျိုးစုံကို တီထွင်ထားပါသည်။ သူ့ကြောင့် စိတ်နှလုံး အသီးသီးသည် ယေရှုခရစ်ထံမှ လမ်းလွဲသွားကြပါသည်။

ကယ်တင်ရှင်၏ ကြားဖျန်ဖြေခြင်းဆိုင်ရာ အကျိုးကျေးဇူးများကို မျှဝေသူအပေါင်းတို့သည် စုံလင်သော သန့်ရှင်းခြင်းသို့ ရောက်ရန် ဘုရားသခင်အားကြောက်ရွံ့စွာဖြင့် ကျင့်ဆောင်နေမှုတွင်

အဟန့်အတားဖြစ်စေမည့် မည်သည့်အရာကိုမျှ ခွင့်ပြုကြလိမ့်မည် မဟုတ်ချေ။

တန်ဖိုးရှိသောအချိန်နာရီများကို အပျော်အပါးများအတွက် သော်လည်းကောင်း၊ လောကစည်းစိမ်ရှာဖွေရန်အတွက်သော်လည်း ကောင်း အသုံးပြုမည့်အစား နှုတ်ကပတ်တော်ကို ဆုတောင်းလေ့လာ ရန် အသုံးပြုကြပါသည်။ တဲတော်နှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာတ ရားစီရင်ခြင်းအကြောင်းကို ရှင်းလင်းစွာ နားလည်သင့်ပါသည်။ယဇ် ပုရောဟိတ်မင်းယေရှုခရစ်၏ အဆင့်အတန်းနှင့် လုပ်ဆောင်နေမှုများ ကို လူအားလုံးသိရှိနားလည်ထားဖို့လိုသည်။ သိရှိနားလည်ခြင်းမရှိခဲ့ ပါလျှင် ဤအချိန်တွင် ယုံကြည်ခြင်းကို လေ့ကျက်ပေးရန်ဖြစ်နိုင်တော့ မည်မဟုတ်ချေ။

ကောင်ကင်ဗိမာန်တော်သည် လူသားများကိုယ်စားကိုယ် တော်ဆောင်ရွက်တော်မူသည့် အမှုတော်၏ ဗဟိုအချက်အချာဖြစ် ပါသည်။

ဤအရာသည် ကမ္ဘာပေါ်တွင် နေထိုင်သူအားလုံးနှင့်လည်း ပတ်သက်ပါသည်။ ဤအရာသည် ဖြောင့်မတ်ခြင်းနှင့် အပြစ်တရား အကြားဖြစ်ပွားနေသော တိုက်လှန်မှု၏ အဆုံးကို ကျွန်ုပ်တို့အားပို့ ဆောင်ပေးမည့် ကယ်တင်ခြင်း စီမံကိန်းကိုလည်း ဖော်ပြပေးပါသည်။

## ခရစ်တော်၏ ကြားဖျန်ဖြေဆုတောင်းခြင်း

13/17

ကောင်းကင်ဗိမာန်တော်၌ လူသားများ ကိုယ်စားဆောင်ရွက် နေသော ခရစ်တော်၏ ကြားဖျန်ဖြေရေးအမှုတော်သည် ကယ်တင် ခြင်းစီမံကိန်းတွင် ကပ်တိုင်ပေါ်တွင်အသေခံခြင်းကဲ့သို့ပင်အရေးပါ လှပါသည်။ ကိုယ်တော်သည် ကောင်းကင်တွင်အဆုံးသတ်ရန်တက်ကြွ

သွားသည့် ထိုအမှုတော်ကို အသေခံခြင်းအားဖြင့် အစပျိုးတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် "ယေရှုရှေ့ဆောင်ဝင်သွား" သည့် ထိုကန့်လန့်ကာထဲသို့ ဝင်ကြရပါမည်။ (ဟေဗြဲ ၆း၂၀) ထိုနေရာတွင် ကပ်တိုင်မှ အလင်းတော်သည် ရောင်ပြန်ဟပ်နေပါသည်။ ကယ်တင်ခြင်းနှင့်ပတ်သက်သော နက်နဲမှုများကို ထိုနေရာတွင်ရှင်းလင်းစွာ ကျွန်ုပ်တို့မြင်တွေ့နိုင်ကြပါသည်။

"မိမိ၏အပြစ်ကို ဝှက်ထားသောသူသည် ချမ်းသာမရ။ မိမိအပြစ်ကိုဖေါ်ပြဝန်ချ၍ စွန့်ပစ်သောသူမူကား ကရုဏာတော်ကိုခံရလိမ့်မည်။" သု၊ ၂၈း၁၃။ အကယ်၍သာ မိမိ၏ အမှားများအတွက် ဆင်ခြေပေးတတ်သောသူများသည် ၎င်းတို့လုပ်ဆောင်သည့်နည်းတူ ခရစ်တော်အား စာတန်ထိကပါးရိကပါး ပြောဆိုခဲ့သည်ကို တွေ့မြင်ကြမည်ဆိုလျှင် ၎င်းတို့သည် အပြစ်များကိုဝန်ချကာ စွန့်ပစ်ကြပေလိမ့်မည်။

စာတန်သည် စိတ်နှလုံးတစ်ခုလုံးကို စိုးမိုးထိန်းချုပ်ရန်လုပ်ဆောင်တတ်ပါသည်။အားနည်းချက်ကလေးများကို အပြစ်ဟူ၍မမြင်လာကြလျှင် သူအောင်မြင်တော့မည်ဆိုသည်ကိုစာတန်သိထားပါသည်။ ထိုကြောင့်ခရစ်တော်နောက်လိုက်များအနေဖြင့်ကျော်လွှားရန်မဖြစ်နိုင်လောက်အောင် ဆန်းသစ်ထိရောက်သော နည်းများကိုအသုံးပြုကာအမြဲတမ်းလှည့်ဖြားရန်သူကြိုးစားနေပါသည်။ သို့ရာတွင် ခရစ်တော်ကမိမိ၏နောက်လိုက်များအား "ငါ့ကျေးဇူးသည်သင့်အဖို့လောက်ပေ၏။" "ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ ငါ့ဝန်သည်လည်းပေါ့၏"ဟုမိန့်တော်မူခဲ့ပါသည်။ ၂ကော၊၁၂း၉။မဿဲ၁၁း၃၀။မည်သူမျှမိမိတို့၏အပြစ်အနာအဆာများကိုကုစားလို့မရနိုင်သည့်အရာများအဖြစ်မရှုမြင်ကြနှင့်။

ထာဝရဘုရားသခင်သည် အောင်မြင်ကျော်လွှားနိုင်ရန် ယုံကြည်ခြင်းနှင့်ကျေးဇူးတော်ကို ပေးတော်မူလိမ့်မည်။

ကျွန်ုပ်တို့သည် အပြစ်ဖြေရာကာလတွင် အသက်ရှင်နေထိုင်လျက်ရှိကြပါသည်။

ယဇ်ပုရောဟိတ်မင်းက ဣသရေလများအားအပြစ်ဖြေပေးနေစဉ် ထိုသူများသည် အပြစ်ကို နောင်တရလျက်စိတ်နှလုံးကြေကွဲကြရမည်ဖြစ်သလို အသက်စာစောင်ထဲတွင် အမည်စာရင်းပါဝင်နေသည့် ကျွန်ုပ်တို့သည်လည်း နောင်တရသောစိတ်နှင့်ဘုရားသခင်ရှေ့တော်မှောက်တွင် စိတ်နှလုံးကြေကွဲကြရပါမည်။

လူအများလိုက်စားနေသည့် စိတ်နေမြင့်မားမှုများကို ဖယ်ရှားကာ မိမိ၏စိတ်နှလုံးကို နက်နဲစွာဆန်းစစ်ကြရပါမည်။ အကြီးအကဲဖြစ်လိုသောစိတ်သဘောထားကို ချေမှုန်းမည့်လူအပေါင်းတို့သည် ခိုင်မာသောတိုက်လှန်ပွဲတစ်ခုနှင့် ရင်ဆိုင်ရစမြဲဖြစ်သည်။ လူတိုင်းလူတိုင်းသည်“အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်း” များနှင့်ကင်းလွတ်ကြရမည်ဖြစ်သည်။ ဧဖက် ၅း၂၇။

ထို့ကြောင့် “ထိုအချိန်ကာလသည်အဘယ်အခါ၌ရောက်မည်ကိုသင်တို့မသိသောကြောင့် ဆုတောင်းလျက် စောင့်နေကြလော့။” ဟူသော ကယ်တင်ရှင်၏ ဆုံးမစကားအတိုင်း နေထိုင်အသက်ရှင်ရမည့်အချိန်မှာ ယခုအချိန်ပင်ဖြစ်သည်။

## လူအပေါင်းတို့၏ ကံကြမ္မာကိုဆုံးဖြတ်ချက်ချခြင်း

ခရစ်တော်မိုးတိမ်စီး၍ ကြွမလာမီကလေးတွင် ကရုဏာတော်အချိန်သည် ကုန်ဆုံးသွားပါသည်။ ကိုယ်တော်သည် ထိုအချိန်ကို

မှန်းမျှော်ကာ "မတရားသောသူသည် မတရားသဖြင့်ပြုနေဦး။ ညစ်ညူးသောသူသည် ညစ်ညူးစေဦး။ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်စေဦး။

သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး။ ငါသည်အလျင်အမြန်လာမည်။ ငါသည်အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်။" ဗျာ ၂၂း၁၁-၁၂။

လူသားများသည် စားလျက်၊ သောက်လျက်၊ ဆောက်လျက်၊ စိုက်ပျိုးလျက်၊ သတိမမူဘဲရှိစဉ်တွင် ကောင်းကင်ဗိမာန်တော်၌အပြီးသတ်စီရင်ချက်ချမှတ်တော်မူလိမ့်မည်။ နောဧသည် သင်္ဘောထဲသို့ဝင်သွားပြီးနောက် ရေလွှမ်းမိုးခြင်းမတိုင် (၇) ရက်အချိန်အတွင်း နောဧအားသင်္ဘောထဲတွင်လည်းကောင်း၊ ဘုရားမဲ့သူများအားသင်္ဘောအပြင်တွင်လည်းကောင်း၊ ကန့်သတ်ထားစဉ် ထိုလူများသည် အပျော်အပါးကိုလိုက်စားကာ တရားစီရင်ခြင်းဆိုင်ရာ သတိပေးစကားများကို ပြက်ရယ် "ပြုကြသည်နည်းတူ လူသားကြွလာသောအခါ၌ဖြစ်လိမ့်မည်။" မဿဲ ၂၄း၃၉။

ညသန်းခေါင်အချိန် တိတ်တဆိတ်သူခိုးလာသကဲ့သို့ "အဘယ်အချိန်၌ လာမည်ကိုသင်တို့မသိသောကြောင့်စောင့်နေကြ လော့။ (သို့မဟုတ်) အမှတ်တမဲ့လာ၍ သင်တို့အိပ်ပျော်သည်ကိုတွေ့လိမ့်မည်။" မာကု ၁၃း၃၅-၃၆။

စောင့်နေရသည်ကိုငြီးငွေ့ကာ လောက အပျော်အပါးများနောက်သို့လိုက်သွားသည့်သူများသည် အန္တရာယ်ကြီးသောအခြေအနေနှင့်ရင်ဆိုင်ကြရလိမ့်မည်။ စီးပွားရေးသမားများသည် အမြတ်စွန်းရရှိရေးအတွက်သာ လုံးပမ်းနေစဉ် ပျော်ပါးလိုသူများသည် အပျော်

အပါးလိုက်စားနေကြစဉ် ဖက်ရှင်အလှမယ်များသည် အလှပြင်ဆင်နေကြစဉ် "သင့်ကို ချိန်ခွင်နှင့်ချိန်၍ လျော့ကြောင်းကို တွေ့မြင်တော်မူပြီ" ဟု ထာဝရဘုရားသည် ၎င်းတို့ကို စီရင်ချက်ချတော်မူလိမ့်မည်။ ဒံယေလ ၅း၂၇။

-----o-----

# အခန်း(၂၉)
# အဘယ်ကြောင့် အပြစ်တရားကို ခွင့်ပြုတော်မူခဲ့ရသနည်း။

မကောင်းမှုများ၏ အနိဋ္ဌာရုံနှင့် အမင်္ဂလာဖြစ်အင်များကို လူအများက မြင်တွေ့နေကြရာ တန်ခိုးတော်အနန္တဉာဏ်တော်အနန္တ မေတ္တာတော်အနန္တနှင့်ပြည့်စုံသည့် ဘုရားရှင်၏ အုပ်စိုးမှုအောက်တွင် ထိုမကောင်းမှုဒုစရိုက်များသည် မည်သည့်နည်းဖြင့် ရှင်သန်ရပ်တည် နေနိုင်ကြတာလဲဟု မေးခွန်းထုတ်လာကြပါသည်။ သံသယဖြတ်တတ် သည့်ပုဂ္ဂိုလ်များသည် သန့်ရှင်းသော နှုတ်ကပတ်တော်များကို ငြင်း ပယ်ရန်အတွက် ထိုအချက်ကို ဆင်ခြေဆင်လက်တစ်ခုအဖြစ် စွဲကိုင် ကြပါသည်။ ဘုရား၏စာရိတ္တတော်နှင့် ပတ်သက်သော သမ္မာကျမ်း ချက်များသည်လည်း မိရိုးဖလာများနှင့် မှားယွင်းသောအနက် ဖွင့်မှု များကြောင့် မရှင်းမလင်း၊ ဝိုးတဝါးဖြစ်လာပါသည်။ ဘုရားသခင်၏ အုပ်ချုပ်မှုသဘာဝနှင့် အပြစ်တရားအပေါ် ဆက်ဆံရာတွင် ဘုရား သခင်အသုံးပြုသည့် စည်းမျဉ်းများသည်လည်း ထိုနည်းနှင်နှင် ဖြစ် လာကြပါသည်။

အပြစ်တရားတည်ရှိလာခြင်းအတွက် အကြောင်းပြချက်တစ် စုံတစ်ရာပေးရန် အပြစ်၏ မူလဘူတကိုရှင်းပြဖို့ မလွယ်ကူချေ။ သို့ စေကာမူ ဘုရားသခင်၏ တရားမျှတခြင်းနှင့် စေတနာစိတ်တော်ကို ပြည့်ပြည့်စုံစုံထင်ရှားစေနိုင်သည့် အပြစ်၏မူလနှင့် နောက်ဆုံးပင် ကိုယ်စရိုက်များအကြောင်းကိုမူ လုံလောက်သော နားလည်မှုများ ရရှိနိုင်ပါသည်။ အပြစ်တရားအတွက် ထာဝရဘုရား၌ တာဝန်

လုံးလုံးမရှိပါချေ။ ပုန်ကန်ခြားနားမှုများ ဖြစ်စေနိုင်လောက်သည့် ချို့ယွင်းမှုများ ဘုရား၏ အုပ်ချုပ်ရေးကဏ္ဍတွင်မရှိခဲ့သလို ကျေးဇူးတော်ကို တစ်ဖက်သတ်ပြန်လည်ရုပ်သိမ်းခြင်းများလည်းမရှိခဲ့ပါချေ။ အပြစ်တရားသည် ၎င်း၏ တည်ရှိမှုအတွက် အကြောင်းပြချက်တစ်စုံတစ်ရာပေးနိုင်စွမ်းမရှိသည့် ကျူးကျော်ဝင်ရောက်မှုတစ်ခုဖြစ်သည်။ အပြစ်တရားအတွက် ဆင်ခြင်ပေးခြင်းသည် ထိုအပြစ်တရားကိုအကာအကွယ်ပေးနေခြင်းပင်ဖြစ်၏။ အပြစ်တရားအတွက် ဆင်ခြင်ဆင်လက်ကို ရှာဖွေတွေ့ရှိပြီဆိုလျှင် အပြစ်ကိုချုပ်ငြိမ်းနိုင်လာလိမ့်မည်။

အပြစ်ဆိုသည်မှာ ဘုရားသခင်၏ အုပ်ချုပ်မှုတွင် အခြေခံဖြစ်သည့် ပညတ်တော်ကို အန်တုခြင်းဆိုင်ရာ စည်းမျဉ်းတစ်ခုမှထွက်ပေါ်လာသည့်အကျိုးဆက်တစ်ခုဖြစ်သည်။

အပြစ်ဒုစရိုက်များ မရှိခင်အချိန်က ဤစကြဝဠာကြီးသည် ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့်ပြည့်ဝနေပါသည်။ ထာဝရဘုရားကို စကြဝဠာတစ်ခုလုံးက ချစ်ခဲ့ကြသည်။ စကြဝဠာသားအချင်းချင်းလည်း မျက်နှာမလိုက်တမ်း ချစ်ခင်ယုယခဲ့ကြသည်။ တစ်ပါးတည်းသောသားတော်ဖြစ်သည့် ခရစ်တော်မှာမူ ထာဝရဘုရားသခင်ဖြစ်သည့် ခမည်းတော်ဘုရားနှင့် စိတ်နေသဘောထား အကျင့်စာရိတ္တနှင့်အကြံအစည်ပိုင်းမှာ တစ်ထေရာတည်းဖြစ်သည်။ ထာဝရဘုရားသခင်၏ အကြံအစည်တော်နှင့် အလိုတော်ကိုဆောင်ရွက် နိုင်တော်မူသည့် တစ်ပါးတည်းသော ပုဂ္ဂိုလ်လည်းဖြစ်သည်။ "ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော---ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။" ကော ၁း၁၆။

ဖန်ဆင်းခြင်းခံရသည့် ဝေနေယျသတ္တဝါ အပေါင်းတို့၏ ပျော်ရွှင်ချမ်းမြေ့မှုသည် ဘုရားသခင်၏ အုပ်ချုပ်ရေးတွင် အုတ်မြစ်ဖြစ်သော၊ မေတ္တာတော်ဆိုင်ရာပညတ်တည်းဟူသော ဖြောင့်မတ်ခြင်းစည်းမျဉ်းများအတိုင်း နေထိုင်စားသောက်မှုအပေါ်တွင် မူတည်နေပါသည်။

ထာဝရဘုရားသည် ၎င်းအား ကိုးကွယ်ကြရန်အတင်းအဓမ္မခိုင်းစေလိုသည်မဟုတ်သောကြောင့် လူသားများသည် မိမိတို့၏သဘောဆန္ဒအရ ကိုယ်တော်အား ကိုးကွယ်နိုင်ကြစေရန်အလို့ငှာ လူသားတိုင်းအား လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားတော်မူပါသည်။

သို့ရာတွင် ထိုလွတ်လပ်ခွင့်ကို တလွဲအသုံးချရန် ရွေးချယ်ခဲ့သူတစ်ဦးပေါ်ပေါက်ခဲ့ပါသည်။ ဘုရားသခင်၏ မြှောက်စားမှုကို ခရစ်တော်ပြီးလျှင် အခံရဆုံးသောထိုသူအားဖြင့် အပြစ်တရားသည် အစပျိုးခဲ့ပါသည်။ ဘုရားသခင်၏ ရှေ့တော်မှောက်တွင် ခစားခွင့်ရသည့် လူစီဖာအမည်ရှိ ထိုပုဂ္ဂိုလ်မှာ အပြစ်တရားတွင် မကျဆုံးမီက သန့်ရှင်း၍ အညစ်အကြေးနှင့်ကင်းစင်ပါသည်။ "အရှင်ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုရမည်မှာ သင်သည် ထူးဆန်းသောတံဆိပ်ဖြစ်၏။

ပညာနှင့်ပြည့်စုံ၍ တင့်တယ်ခြင်းအသရေလည်း စုံလင်လျက်ရှိ၏။ ဧဒင်အရပ်၊ ဘုရားသခင်၏ ဥယျာဉ်တော်၌နေပြီ။ သင်၏ခေါင်းပေါ်မှာ---ကျောက်မြတ်အမျိုးမျိုးတို့ကို ဆောင်းလေ၏။ --- သင်သည် ဖြန့်၍ လွှမ်းမိုးသော ခေရုဗိမ်ဖြစ်လျက် ငါ့အခွင့်နှင့် ဘုရားသခင်၏ သန့်ရှင်းသော တောင်ပေါ်မှာ နေရာကျ၍ မီးတောက်သောကျောက်တို့တွင် သွားလာရ၏။ ဖွားသောနေ့မှစ၍ သင့်အပြစ်ထင်ရှားသော နေ့တိုင်အောင် ပြုလေရာရာ၌ စုံလင်လျက်ရှိ၏။. . . .

သင်သည် ကိုယ်၌တင့်တယ်ခြင်းအသရေကြောင့် ဝါကြွားသောစိတ်ရှိလျက် ဂုဏ်ထွန်းတောက်သောကြောင့် သင်၏ပညာသည် ဖေါက်ပြန်လျက်ရှိလေပြီ။" "သင်သည်ကိုယ်ကို ဘုရားသခင်ကဲ့သို့ ထင်မှတ်၏။" "သင်ကလည်း ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မိုးတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။" ယေဇကျေ ၂၈း၁၂-၁၇။ ယေဇကျေ၊ ၂၈း၆၊ ဟေရှာယ ၁၄း၁၃-၁၄။

သားတော်ဘုရားအား ခမည်းတော်ဘုရား ပေးအပ်တော်မူသည့်ချီးမြှောက်မှုကို တပ်မက်မိသော ဤကောင်းကင်ဗိုလ်မင်းသည် ခရစ်တော်တစ်ပါးတည်းနှင့်သာ ထိုက်တန်သည့် တန်ခိုးအာဏာတော်ကို ရယူပိုင်ဆိုင်လိုစိတ်ပြင်းပြခဲ့ပါသည်။ ထိုမသင့်တင့်မှုကလေးတစ်ခုကြောင့် ကောင်းကင်နိုင်ငံရှိ ညီညွတ်သာယာမှုသည် ပျက်စီးသွားခဲ့ပါသည်။

မိမိကိုယ်ကို မြှောက်စားလိုသည့် စိတ်ဓါတ်သည် ဘုရား၏ဘုန်းအာနုဘော်တော်ကို ဦးထိပ်ထားခဲ့သူများ၏ စိတ်ထဲတွင်မကောင်းသည့်စိတ်ထားများကို ပေါက်ဖွားစေခဲ့ပါသည်။ ထိုသို့သဘောမထားရန် ကောင်းကင်သားအပေါင်းက လူစီဖာအား တောင်းပန်ခဲ့ကြပါသည်။ ခရစ်တော်ကိုယ်တော်တိုင်ကလည်း ပညတ်တော်၏ သန့်ရှင်းသောသဘာဝနှင့် ဖန်ဆင်းရှင်၏ ကောင်းမြတ်ခြင်းတရားမျှတခြင်းများကို ၎င်းအားပြောပြခဲ့ပါသည်။ ၎င်း၏ လုပ်ဆောင်မှုများသည်ဖန်ဆင်းရှင်ကို အသရေယုတ်လျော့စေသည်သာမက မိမိကိုယ်တိုင်ကိုလည်း ဒုက္ခရောက်စေလိမ့်မည်ဖြစ်ကြောင်း ခရစ်တော်က ၎င်းအားရှင်းပြပါသည်။ သို့ရာတွင် သတိပေးလေ၊ ပို၍ဆန့်ကျင်လာလေဖြစ်ကာ ခရစ်တော်အပေါ်ထားရှိသည့် မနာလိုဝန်တိုစိတ်သည် ၎င်းအားလွှမ်းမိုးသွားခဲ့ပါသည်။

မာနစိတ်သည် အကြီးအကဲဖြစ်လိုသောဆန္ဒကို ဖြစ်ပွားစေခဲ့ပါသည်။

မြင့်မြင့်မားမားမြှောက်စားခြင်းခံရသော်လည်း လူစီဖာသည် ဘုရားသခင်ကို ကျေးဇူးမတင်သည့်ပြင် ဘုရားနှင့်တတန်းတည်းဖြစ်ရန်ကိုပင် သူဆန္ဒပြင်းပြခဲ့ပါသည်။ သို့ရာတွင် သားတော်ဘုရားတစ်ပါးတည်းသည်သာ ခမည်းတော်ဘုရားသခင်နှင့်ဘုန်းတန်ခိုး အာနုဘော်တော် အရာတွင် တန်းတူဖြစ်ကြောင်း ကောင်းကင်သား များက အသိအမှတ်ပြုကြပါသည်။ ဘုရားသခင် ပြုလုပ်တော်မူသည့်အစည်းအဝေးတိုင်းတွင် ခရစ်တော်သည် အမြဲပါဝင်ခွင့်ရခဲ့သော်လည်းလူစီဖာမှာမူကား အရေးပါသည့် ကိစ္စရပ်များတွင် ပါဝင်ခွင့်မရခဲ့ချေ။"အဘယ်ကြောင့် ခရစ်တော်ဟာ ငါ့ထက်ကြီးမြတ်နေရတာလဲ။ သူ့ကိုငါထက် ဘာကြောင့် ချီးမြှောက်နေရတာလဲ"ဟူသောမေးခွန်းကိုလူစီဖာ မေးလာပါသည်။

## ကောင်းကင်တမန်များအကြားတွင် မကျေနပ်မှုများပေါ်ပေါက်ခြင်း

လူစီဖာသည် ဘုရားသခင့်ရှေ့တော်မှောက်တွင် ခံစားရသည့်အခွင့်ကို လက်လွှတ်ကာ မိမိ၏ မကျေနပ်မှုကို ပြောပြရန် အခြားကောင်းကင်တမန်များထံသို့ သွားရောက်ခဲ့သည်။ ထို့နောက် သူသည် ဘုရားသခင်အပေါ် တကယ်ရိုသေကိုင်းရှိုင်းဟန်ဖြင့် မိမိစိတ်ထဲတွင်ရှိသည့်အကြံအစည်ကို ဖုံးထားကာ ၎င်းတို့သည် မလိုအပ်သောထိန်းချုပ်မှုများအောက်တွင် ရှိနေကြောင်း ဖွင့်ဟလျက် ကောင်းကင်သားများလိုက်နာကျင့်သုံးနေသည့် ပညတ်တော်များအပေါ် မကျေမနပ်

ဖြစ်လာအောင် လှုံ့ဆော်ရန် ကြိုးစားခဲ့ပါသည်။ ကောင်းကင်တမန် မည်သည် သန့်ရှင်းသောသဘာဝရှိထားနှင့်ပြီးသားဖြစ်သောကြောင့် မိမိတို့၏ကိုယ်ပိုင်အလိုဆန္ဒ၏ စေစားမှုများကိုသာ လိုက်လျှောက်သင့် သည်ဟုလည်း သူတိုက်တွန်းခဲ့ပါသည်။ ထာဝရဘုရားသည် ခရစ် တော်အား မြှောက်စားခဲ့ခြင်းအရာသည် မိမိအပေါ်မတရား ဆက်ဆံ ရာရောက်ကြောင်း သူဖွင့်ဆိုခဲ့သည်။ သူ့အနေဖြင့် ကိုယ့်ကိုကိုယ် မြှင့်တင်ရန် ထိုသို့ပြောနေခြင်းမဟုတ်ဘဲ ကောင်းကင်သားအားလုံး လွတ်လပ်မှုရကာ ပို၍မြင့်မြတ်သောအခြေအနေသို့ရောက်ရှိရန် လုပ် ဆောင်နေခြင်းဖြစ်ကြောင်း သူကြွေးကြော်ခဲ့ပါသည်။

ထာဝရဘုရားသခင်သည် လူစီဖာအား အချိန်ကာလကြာမြင့် စွာ သည်းခံတော်မူခဲ့သည်။ အခြားကောင်းကင်တမန်များကို မှားယွင်း သောဖွင့်ဆိုချက်များဖြင့် စတင်စည်းရုံးနေချိန်မှာပင် လူစီဖာအား ကောင်းကင်တမန်ဗိုလ်မင်းအဆင့်မှ ဆွဲချခြင်းအမှုကို ထာဝရဘုရား ပြုတော်မမူသေးချေ။ နောင်တရလိုရငြားဖြင့် အထပ်ထပ်သည်းခံ တော်မူခဲ့ပါသည်။

အနန္တမေတ္တာတော်နှင့်ပြည့်စုံသူများသာ ဆောင်ရွက် နိုင်သည့် ထိုကဲ့သို့သောကြိုးစားမှုများဖြင့် မိမိ၏ အမှားကိုမြင်တွေ့ လာရန် သူ့အား ထာဝရဘုရားအမိန့်ပေးတော်မူခဲ့သည်။ မကျေမနပ် ဖြစ်ခြင်းကို ယခင်က ကောင်းကင်တွင်မတွေ့ခဲ့ရဖူးချေ။ မကျေမနပ် ဖြစ်နေသည်ဆိုသည့်ခံစားချက်ကို လူစီဖာကိုယ်တိုင်လည်း အစအဦး တွင်နားမလည်ခဲ့ပါချေ။ သူ၏အလိုမပြည့်ခြင်း၊ အားရကျေနပ်မှု မရှိခြင်းအတွက် လုံလောက်သောအကြောင်းပြချက် တစ်စုံတစ်ရာ မရှိသဖြင့် ဘုရား၏ ပညတ်တော်သည် တရားမျှတသည်ကို လည်း ကောင်း၊ ကောင်းကင်သားများရှေ့တွင် ထိုပညတ်တော်ကိုအသိ

အမှတ် ပြုသင့်သည်ကိုလည်းကောင်း  လူစီဖာ သဘောပေါက်ခဲ့ပါသည်။ သဘောပေါက်သည့်အတိုင်း ကျင့်ဆောင်ခဲ့မည်ဆိုလျှင်သူသည် ကိုယ့်ကိုကိုယ်သာ ပျက်စီးခြင်းမှ ကယ်တင်နိုင်မည်မဟုတ်ဘဲ ကောင်းကင်တမန်များစွာတို့ကိုလည်း ကယ်တင်နိုင်ခဲ့ပါလိမ့်မည်။ အကယ်၍သာ သူသည် မိမိအားခန့်အပ်ထားသည့် ရာထူးနေရာကို ကျေကျေနပ်နပ်ဖြင့်  လက်ခံလုပ်ဆောင်ကာ ဘုရားသခင့်ထံသို့ ပြန်လည်ဦးလှည့်လာရန်  ဆန္ဒရှိခဲ့လိမ့်မည်ဆိုလျှင် သူသည် ကောင်းကင်တမန်များ၏ ဗိုလ်မင်းတစ်ဦးအနေဖြင့် ဆက်လက် အသိအမှတ်ပြုခြင်းခံရပေလိမ့်မည်။

သို့ရာတွင် မာနစိတ်ကား သူ့အား အညံ့မခံရန် အားပေးလှုံ့ဆော်ခဲ့သည်။ နောင်တရစရာမလိုဟု ဆက်လက်မှတ်ယူကာဖန်ဆင်းရှင်အား ဆန့်ကျင်သည့် မဟာတိုက်လှန်ပွဲတွင် သူလုံးလုံးလျားလျားပါဝင်လှုပ်ရှားခဲ့ပါသည်။

သူ၏ကြိုးကိုင်ဦးဆောင်နိုင်သည့် အစွမ်းအစများသည်လည်း ကောင်းကင်တမန်များ၏ ကြင်နာမှုကိုရရှိရန် လှည့်ဖြားခြင်းတန်ခိုးများဖြစ်လာခဲ့ချေပြီ။ မိမိသည်  မတရားစီရင်ချက်အချခံရသည်။ မိမိ၏လွတ်လပ်မှုကို ချုပ်ချယ်နေကြသည်ဟု စာတန်က သရုပ်ဖော်ခဲ့ပါသည်။

သားတော်ဘုရားသည်ကောင်းကင်သားများရှေ့တွင် မိမိအားအရှက်ရစေဖို့ ကြံစည်လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲလျက် ခရစ်တော်၏နှုတ်တော်ထွက်စကားများကို  မှားယွင်းစွာ သရုပ်ဖော်ကာ မုသားစကားများကို စာတန် လက်ဆင့်ကမ်းခဲ့ပါသည်။

မိမိအား  မထောက်ခံသည့်  ကောင်းကင်တမန်များအား ကောင်းကင်သားများအရေးကို  စိတ်မဝင်စားသူများအဖြစ် သူစွပ်စွဲခဲ့သည်။ဖန်ဆင်းရှင်အား အသရေရှုတ်ချရန် မမှန်ကန်သောသရုပ်ဖော်

တင်ဆက်မှုများကို သူအသုံးပြုခဲ့သည်။ ဘုရားသခင်၏ အကြံအစည်တော်နှင့်ပတ်သက်၍ ပါးနပ်သောငြင်းဆိုချက်များကို အသုံးပြုကာ ကောင်းကင်တမန်များ၏စိတ်ကို ရှုတ်ထွေးသွားအောင်လုပ်ရန်မှာ သူ၏ဝါဒဖြစ်သည်။ သူသည် ရိုးစင်းသောအရာအသီးသီးကို ခက်ခဲနက်နဲမှုများ၌ နစ်မြုပ်ဖုံးအုပ်ခဲ့သည်။ သူသည် အနုပညာဆန်သည့် သွေဖည်ရေးလမ်းစဉ်များကိုအသုံးပြုကာ ဘုရားသခင်၏ ရိုးစင်းသော ဖွင့်ဆိုချက်များကို ကောင်းကင်တမန်များ သံသယဖြစ်လာအောင်လုပ်ဆောင်ခဲ့သည်။

သူရရှိထားသည့် ကြီးမားသောရာထူးက သူ၏သရုပ်ဖော်တင်ပြမှုကို ထိရောက်စေခဲ့သဖြင့် များစွာသော ကောင်းကင်တမန်များကို သူနှင့်အတူပုန်ကန်မှုတွင် ပါဝင်လာအောင်သူသိမ်းသွင်းနိုင်ခဲ့ပါသည်။

## မကျေမနပ်ဖြစ်ခြင်းမှ တက်ကြွသောပုန်ကန်မှုတစ်ခုသို့ ပြောင်းလဲသွားခြင်း

မကျေနပ်သောစိတ်သည် ပုန်ကန်ခြားနားလိုသည့်စိတ်သဘောထားသို့တိုင် ရင့်မှည့်လာသည်အထိ ထာဝရဘုရားသခင်သည် အနန္တဉာဏ်တော်အားဖြင့် စာတန်အား ဆက်လက်လုပ်ဆောင်ခွင့်ပေးတော်မူခဲ့ပါသည်။ ထိုကောင်းကင်တမန်များ၏ ဇာတိရုပ်မှန်ကို သတ္တဝါအပေါင်းမြင်တွေ့နိုင်စေရန် အလို့ငှာ စာတန်၏ အကြံအစည်များသည် အဆုံးတိုင် ဖွံ့ဖြိုးလာဖို့လိုအပ်ပါသည်။ လူစီဖာကိုကောင်းကင်သားများက အလွန်ချစ်ခင်ကြရာ ၄င်းတို့အပေါ် သက်ရောက်သည့် သူ၏ ဩဇာလွှမ်းမိုးမှုမှာ အားကောင်းလှပါသည်။ . . . . .

ဘုရားသခင်၏ အုပ်စိုးမှုသည် ကောင်းကင်သားများအပေါ်တွင်သာ သက်ရောက်သည်မဟုတ်ဘဲ ဖန်ဆင်းခဲ့သမျှကမ္ဘာအားလုံးအပေါ်သို့လည်း သက်ရောက်တော်မူသည်ဖြစ်ရာ ကောင်းကင်တမန်များအား သူနှင့်အတူ ပုန်ကန်လာအောင် စည်းရုံးနိုင်ခဲ့လျှင် အခြားကမ္ဘာများကိုလည်း စည်းရုံးနိုင်လိမ့်မည်ဟု သူထင်ခဲ့ပါသည်။ တစ်ပတ်ရိုက်ခြင်း၊ လိမ်လည်ခြင်းများနှင့်ပြီးသော သူ၏ စွမ်းဆောင်မှုအားသည် ပြင်းထန်လှစွာ သစ္စာရှိသော ကောင်းကင်တမန်များသည်ပင် သူ၏ စာရိတ္တကို ပြည့်စုံစွာ နားလည်နိုင်စွမ်းမရှိတော့ချေ။ သူ၏ လုပ်ဆောင်မှုသည် မည်သည့်အရာကို ဦးတည်နေသည်ကို မသိနိုင်ကြတော့ချေ။

စာတန်သည် မြင့်မားသော ချီးမြှောက်ခြင်းကိုခံရသည်ဖြစ်ရာ သူ့လုပ်ဆောင်မှု၏ စစ်မှန်သောသဘာဝကို ကောင်းကင်တမန်များ နားလည်ရန် ခက်ခဲသည့် အခြေအနေရောက်သည့်တိုင်အောင် လုပ်ဆောင်မှုအပေါင်းကို နက်နဲမှုများဖြင့် လွှမ်းခြုံထားပါသည်။ ထိုကြောင့် သူ၏ လုပ်ဆောင်မှုများသည် အဆုံးဆိုင် မဖွံ့ဖြိုးသေးလျှင် အပြစ်သည် ဒုစရိုက်ဖြစ်သည်ဆိုသည့်အချက်ကို ပုံပေါ်နိုင်ဦးမည် မဟုတ်ချေ။

၎င်းပြင် ဘုရားသခင်၏ ပညတ်တော်များကို ဘေးဖယ်ထားခြင်း၏ အကျိုးဆက်ကိုလည်း သန့်ရှင်းသောကောင်းကင်သားများ သိမြင်နိုင်ကြမည်မဟုတ်ချေ။ ဘုရားသခင်၏ အသရေနှင့်ကောင်းကင်သားများ၏ ကောင်းကျိုးကိုမြှင့်တင်ပေးရန် ကြိုးစားနေခြင်းဖြစ်သည်ဟု အစပထမတွင် စာတန်ဖွင့်ဆိုခဲ့ပါသည်။

ထာဝရဘုရားသခင်သည် အပြစ်တရားကို ကိုင်တွယ်ဖြေရှင်းရာတွင် ဖြောင့်မတ်ခြင်းနှင့် သမ္မာတရားကိုသာ အသုံးပြုတော်မူခဲ့သော်လည်း စာတန်မှာမူ မြှောက်လုံးပင့်လုံးများနှင့် လှည့်ဖြားမှု

များကိုအသုံးပြုခဲ့ည်။ ထိုလုယူသူ၏ ဇာတိရုပ်မှန်ကို လူအပေါင်းနားလည်ကြရမည်ဖြစ်ရာ မိမိ၏ ဆိုးညစ်သောလုပ်ရပ်များအားဖြင့်မိမိ၏အခြေအနေမှန်ကိုဖော်ပြရန် သူအချိန်ယူလုပ်ပဆောင်ရပါမည်။

စာတန်သည် မိမိကိုယ်တိုင် ကောင်းကင်နိုင်ငံတွင် ဖန်တီးခဲ့သည့်စည်းလုံးမှုပျက်ပြားသွားခြင်းကိုလည်း ဘုရားသခင်ကြောင့် ထိုသို့ဖြစ်ရသည်ဟု စွပ်စွဲခဲ့သည်။ ဒုစရိုက်အားလုံးသည် ဘုရားသခင့်အုပ်ချုပ်ရေး၏ ရလဒ်ဖြစ်သည်ဟု သူဖွင့်ဆိုခဲ့သည်။

ထိုကြောင့်ဘုရား၏ ပညတ်တွင် ပြောင်းလဲမှုများရှိသည်ဆိုသောသူ့ဖွင့်ဆိုချက်၏ရလဒ်ကို သူလက်တွေ့ပြဖို့ ရှောင်လွှဲ၍ မရတော့ချေ။ သူ၏ကိုယ်တိုင်လုပ်ရပ်က သူ့ကိုအပြစ်စီရင်သွားပေမည်။ ထိုလှည့်ဖြားသူကြီး၏ဇာတိရုပ်မှန်ကို စကြဝဠာတစ်ခုလုံးကမြင်တွေ့ကြရပါသည်။

ထာဝရဘုရားသည် သူ့အား ကောင်းကင်နိုင်ငံ၌ ဆက်လက်နေထိုင်ခွင့်မပေးတော့သော်လည်း ဖျက်ဆီးပစ်တော်မမူခဲ့ချေ။ ဖန်ဆင်းခြင်းခံခဲ့ရသည့် ဝေနေယျသတ္တဝါများက ကိုယ်တော်ရှင်အပေါ်ထားရှိသည့် သစ္စာစောင့်သိမှုသည် ကိုယ်တော်၏ တရားမျှတမှုကို သဘောပေါက်နားလည်မှုအပေါ်တွင် အခြေပြုပါသည်။ ထိုအချိန်တွင် စာတန်အားဖျက်ဆီးပစ်လိုက်မည်ဆိုလျှင် အပြစ်၏ အကျိုးဆက်အကြောင်းကိုနားလည်ရန် အဆင်သင့်မရှိသေးသည့် ကောင်းကင်သားများအပါအဝင် ကမ္ဘာအသီးသီးမှ ကမ္ဘာသူကမ္ဘာသားအပေါင်းတို့သည်ဘုရား၏ကျေးဇူးတော်နှင့် ကရုဏာတော်ကို နားလည်နိုင်စွမ်းရှိကြလိမ့်မည်မဟုတ်ချေ။ အကယ်၍သာ ထိုစဉ်က စာတန်အားသုတ်သင်ပစ်ခဲ့မည်ဆိုလျှင် ၎င်းတို့သည် ဘုရားကို ချစ်သောကြောင့်

သစ္စာခံခြင်းမဟုတ်ဘဲ ကြောက်ရွံ့သောကြောင့် သစ္စာခံခြင်းသာ ဖြစ်ခဲ့လိမ့်မည်။

သို့ဖြစ်လျှင် ကိုယ်တော်သည် စာတန်၏ဩဇာလွှမ်းမိုးမှုကိုလည်းကောင်း၊ ပုန်ကန်ခြားနားလိုသည့် စိတ်ဓါတ်ကိုလည်းကောင်း အမြစ်ပါမကျန် ချေမှုန်းနိုင်တော့မည်မဟုတ်ချေ။ ဝေနေယသတ္တဝါများက ဘုရား၏အုပ်ချုပ်ရေးအပေါ် ၄င်းစွပ်စွဲထားမှုများကိုအမြင်ရှင်းသွားစေရန်အလို့ငှာ စကြဝဠာတစ်ခုလုံး၏ အကျိုးအတွက်စာတန်သည် မိမိ၏ နိယာမစည်းမျဉ်းများကို အဆုံးစွန်ဖွံ့ဖြိုးအောင်ခေတ်အဆက်ဆက်လုပ်ဆောင်ရပါမည်။

စာတန်၏ ပုန်ကန်ခြားနားမှုသည် စကြဝဠာအတွက် အပြစ်၏ကြောက်စရာဆိုးကျိုး၏သက်သေခံချက်တစ်ခုဖြစ်ခဲ့ပါသည်။ သူ၏အုပ်ချုပ်မှုသည် ဘုရား၏ အာဏာတော်ကို ဘေးဖယ်ထားခြင်း၏အသီးအပွင့်ကို ဖော်ပြနေပါသည်။ ပုန်ကန်ခြားနားမှုဆိုင်ရာ ကြောက်စရာကောင်းသည့်စမ်းသပ်မှုအဖြစ်အပျက်များကို သာဓကယူကာ သန့်ရှင်းသောကောင်းကင်သားမျာ:သည် အပြစ်တရားနှင့်အပြစ်ဒဏ်စီရင်ချက်မှ မိမိကိုယ်ကိုကယ်နှုတ်ရန် ထာဝရတည်မြဲသည့် အကာအကွယ်တစ်ခုဖြစ်ခဲ့ပါသည်။

လုယူသူလူစီဖာနှင့်တကွ အပေါင်းပါများအား ကောင်းကင်ရွှေနန်းမှနှင်ထုတ်လိုက်ကြောင်း ကြေညာချက်ထုန်ပြန်သော အချိန်တွင် သူသည် ဖန်ဆင်းရှင်၏ ပညတ်တော်ကို ရဲတင်းပွင့်လင်းစွာစော်ကားခဲ့ပါသည်။

ဘုရား၏ ပညတ်တော်များသည် လွတ်လပ်မှုကိုထိန်းချုပ်သောအရာသာဖြစ်ကြောင်း သူဖွင့်ဆိုကာ ထိုပညတ်တော် ကိုဖျက်သိမ်းပစ်လိုသည့် မိမိ၏ဆန္ဒကို သူကြေညာခဲ့ပါသည်။

ကောင်းကင်သားများသည် အထိန်းအချုပ်ကင်းမဲ့ပါလျှင် ပို၍မြင့်မြတ်သောအခြေအနေသို့ ဝင်စားရလိမ့်မည်ဟုလည်း သူကြွေးကြော်ခဲ့ပါသည်။

## ကောင်းကင်နိုင်ငံမှနှင်ထုတ်ခံရခြင်း

မိမိတို့အား ပြစ်တင်ရှုတ်ချခြင်းမပြုလုပ်ခဲ့လျှင် မိမိတို့အနေဖြင့် မည်သည့်အခါမျှ ထာဝရဘုရားအား အန်တုပန်ကုန်ကြလိမ့်မည်မဟုတ်ဟု စာတန်နှင့်အပေါင်းပါများက ၎င်းတို့၏ ပုန်ကန်ခြားနားခြင်းအတွက် ခရစ်တော်ကို အပြစ်တင်ခဲ့ကြသည်။ ခေါင်းမာပြီး အာခံတတ်ရုံသာမက ချုပ်ချယ်အာဏာပြမှု၌ အပြစ်ကင်းသောသားကောင်များအဖြစ် ကိုယ့်ကိုကိုယ်ဖွင့်ဆိုတတ်သည့် စာတန်နှင့် အပေါင်းပါများသည် ကောင်းကင်မှနှင်ထုတ်ခြင်းကို ခံခဲ့ရပါသည်။

စာတန်သည် ကမ္ဘာပေါ်ရှိ နားထောင်မှုမရှိသည့် သားသမီးများအားလည်း ပုန်ကန်ခြားနားလိုစိတ်များကို ဖြစ်ပေါ်စေလျက်ရှိသည်။ ထိုသူများသည်လည်း ပညတ်တော်ကို လွန်ကျူးခြင်းအားဖြင့် လွတ်ခြင်းအခွင့်ကိုရနိုင်သည်ဟု စာတန်ပြောဆိုစည်းရုံးနေကြပါသည်။ အပြစ်ကို ဖော်ပြဆုံးမခြင်းသည် အမုန်းတရားကိုဖြစ်ပေါ်စေဆဲဖြစ်ပါသည်။

မိမိကိုယ်ကိုဖြောင့်မတ်အောင်လုပ်ကာ အပြစ်တွင်ရှိစဉ်သူတစ်ပါး၏ သနားကြင်နာမှုကို ကြိုးစားရယူရန် လူသားများအားစာတန်လမ်းပြနေပါသည်။ သူတို့သည် ကိုယ့်အမှားကို ကိုယ်ပြင်ရမည့်အစာ အပြစ်ဖော်ပြဆုံးမသူကို ပြဿနာကောင်းအဖြစ်မြင်ကာ အမျက်ဒေါသထွက်တတ်ကြပါသည်။

စာတန်သည် ဘုရားသခင်အား ညှာတာမှုမရှိသူ၊ နိုင်လိုမင်းထက်လုပ်တတ်သူအဖြစ်ပုံဖော်ကာ ကောင်းကင်နိုင်ငံတွင် သူကျင့်သုံးခဲ့သည့်နည်းများကိုသုံးလျက် သူသားများအား အပြစ်လုပ်ရန်သွေးဆောင်ခဲ့ပါသည်။ ဘုရားသခင်၏ တရားမျှတမှုကင်းသော ဖိနှိပ်ချုပ်ချယ်မှုများကြောင့် လူသားများ အပြစ်တွင်ကျဆုံးခဲ့ရသည်ဟုလည်း သူဖွင့်ဆိုခဲ့သည်။

ထာဝရဘုရားသည် စာတန်နှင့်အပေါင်းပါများကိုကောင်းကင်မှနှင်ထုတ်ခြင်းအရာတွင် မိမိ၏ တရားမျှတခြင်းနှင့်ဂုဏ်အသရေကိုဖော်ပြခဲ့ပါသည်။ သို့ရာတွင် လူသားများအပြစ်ကျူးလွန်သောအချိန်တွင်မူ လူသာများကိုယ်စား အသေခံရန် သားတော်အားစွန့်တော်မူခြင်းအားဖြင့် မဟာမေတ္တာတော်အတွက် အထောက်အထားတစ်ခုကို ဘုရားသခင် ပေးတော်မူခဲ့သည်။ ထိုအပြစ်ဖြေခြင်းတွင် ဘုရား၏ စာရိတ္တတော်သည် ထင်ရှားလျက်ရှိ၏။ အပြစ်အတွက်ဘုရားသခင်၏ အုပ်ချုပ်မှုကို စွဲချက်တင်စရာစိုးစဉ်းမျှမရှိသည်ကို ကပ်တိုင်ပေါ်မှဖွင့်ဆိုခဲ့သည့် တန်ခိုးပါသောစကားများက ထင်ရှားစေပါသည်။

ခရစ်တော်၏ လောကအမှုတော်ကာလအတွင်းတွင် စာတန်၏ဇာတိရုပ်မှန်များသည် ပေါ်လွင်ခဲ့ပါသည်။ မိမိအား ရှိခိုးဦးချရန် တရားမဲ့တောင်းဆိုမှုသည်လည်းကောင်း၊ ခရစ်တော်သွားသည့်နေရာတိုင်းသို့လိုက်ကာ မလိုမုန်းထားစိတ်ဖြင့် မအိပ်မနေကြိုးစားခြင်း "ကိုယ်တော်ကိုကပ်တိုင်တင်ပါ" ဟု ဟစ်ကြွေးလာရန် ယုဒများနှင့် ယဇ်ပုရောဟိတ်များ၏ စိတ်နှလုံးကို လှုံ့ဆော်ခြင်းများသည်လည်းကောင်း စကြဝဠာတစ်ခုလုံးအား အံ့အားသင့်ကာ ဒေါသထွက်စေပါသည်။ စာတန်သည် ခရစ်တော်ကို သုတ်သင်ရန် အစွမ်း

အားလုံးနှင့် ကောက်ကျစ်မှုအလုံးစုံကို အသုံးချခဲ့ပါသည်။ ခရစ်တော်၏အသက်တာကို ဒုက္ခဆင်းရဲခြင်း၊ ပူဆွေးဝမ်းနည်းမှုများနှင့်ပြည့်ဝစေရန် လူများကို ကိုယ်စားလှယ်အဖြစ် သူအသုံးချခဲ့ပါသည်။ ခရစ်တော်အပေါ် ထားသည့် ငြူစူခြင်း၊ မလိုမုန်းထားခြင်း၊ မုန်းတီးခြင်း၊ လက်တုံ့ပြန်လိုခြင်း စသည့်မျိုးသိပ်ထားသည့် စိတ်ဓါတ်များသည် ကပ်တိုင်ထက်တွင် ပေါက်ကွဲပါတော့သည်။

ယခုတွင် စာတန်ကျူးလွန်ခဲ့သည့်အပြစ်များအတွက် စောဒကတက်စရာမလိုတော့ချေ။ ပညတ်တော်နှင့်ပတ်သက်၍ လိမ်ညာစွပ်စွဲခဲ့ခြင်းများသည် ထင်ရှားပေါ်လွင်လာကာ ၎င်း၏ ဇာတိရုပ်မှန်သည်လည်း မြင်သာလျက်ရှိချေပြီ။ ဝေနေယျသတ္တဝါများက ပြောသမျှစကားကို လက်ခံနားထောင်လာရန် ဘုရားသခင်သည် ကိုယ့်ကိုကိုယ်မြှောက်စားနေသည်ဟူ၍လည်းကောင်း၊ ကိုယ်အလိုကို ငြင်းပယ်ဖို့သူတစ်ပါးကို ခိုင်းစေနေသော်လည်း ကိုယ်အလိုကို ငြင်းပယ်ခြင်းဆိုင်ရာစည်းမျဉ်းကို ဖန်ဆင်းရှင်ကိုယ်တိုင်က မကျင့်သုံးပါဟူ၍လည်းကောင်း၊ စာတန်က ထာဝရဘုရားအား စွပ်စွဲခဲ့ပါသည်။ ယခုတွင်မူ စကြဝဠာအရှင် "ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက်" မဟာဆက်ကပ်မှုတစ်ခုကို ပြုတော်မူခဲ့သည်ကို မြင်တွေ့ကြရပါပြီ။ (၂ကော ၅း၁၉)။ ခရစ်တော်သည် အပြစ်ကိုခြေမှုန်းရန် အလို့ငှာ မိမိကိုယ်ကိုနှိမ့်ချကာ သေခြင်းနှင့်ရင်ဆိုင်သည်အထိ ဘုရားသခင်၏စကားကို နားထောင်လိုက်လျှောက်ခဲ့ပါသည်။

## လူသားများကိုယ်စားငြင်းဆိုခြင်း

ကောင်းကင်သားအားလုံးတို့သည် ထင်ရှားပေးလွင်လျက်ရှိသော ဘုရားသခင်၏တရားမျှတမှုကို တွေ့မြင်ခဲ့ကြရသည်။. . . .

အပြစ်နယ်မှလူသားများသည် ကယ်တင်ခြင်းနှင့် လက်လှမ်းမမှီသည့် အခြေတွင်ရှိသည်ဟု လူစီဖာဖွင့်ဆိုခဲ့ဖူးပါသည်။ သို့ရာတွင်ပညတ် တော်ဆိုင်ရာပြစ်ဒဏ်စီရင်မှုကို ဘုရားနှင့်တတန်းတည်းဖြစ်သော ယေရှုခရစ်က ခံယူတော်မူခဲ့ပြီဖြစ်သဖြင့် လူသည် အဖိုးအခမပေးဘဲ ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို လက်ခံရယူကာ နောင်တရသော စိတ်၊ နှိမ့်ချသောစိတ်များဖြင့် စာတန်၏ တန်ခိုးကို ကျော်လွှားကြရန် ဖြစ်သည်။

သို့ရာတွင် လူသားများကို ကယ်တင်ရုံသက်သက်၊ အသေခံ ရန် ခရစ်တော်ဤလောကသို့ကြွလာတော်မူသည်မဟုတ်ပါ။ ဘုရား သခင်ပညတ်တော်သည် ပြောင်းလဲမှုမရှိကြောင်းကိုလည်း ဖော်ပြရန် ကြွလာခြင်းဖြစ်သည်။ ပညတ်တော်သည် ပြောင်းလဲမှုမရှိကြောင်း ဘုရားသခင့်အုပ်ချုပ်မှုအုတ်မြစ်သည် တရားမျှတခြင်းနှင့် ကရုဏာ တော်ဖြစ်ကြောင်းကို ခရစ်တော်၏အသေခံခြင်းက သက်သေခံနေ ပါသည်။

အပြစ်တရားအတွက် မည်သည့် ဆင်ခြေဆင်လက်မျှမပေး နိုင်သည်ကို နောက်ဆုံးတရားစီရင်သောအချိန်တွင် တွေ့မြင်ကြရ လိမ့်မည်။ "အဘယ်ကြောင့် ငါ့ကိုဆန့်ကျင်ပြီး ပုန်ကန်ရတာလဲ"ဟု ကမ္ဘာ့တရားသူကြီး ခရစ်တော်က စာတန်အား မေးသောအချိန်တွင် မည်သည့်ဆင်ခြေကိုမျှ သူပေးနိုင်လိမ့်မည် မဟုတ်ချေ။

"အမှုပြီးပြီ" ဟု ခရစ်တော်ဟစ်ကြွေးရာတွင် စာတန်၏အ သုဘခေါင်းလောင်းကို ထိုးလိုက်ခြင်းဖြစ်သည်။ ထိုအချိန်တွင် မဟာ တိုက်လှန်ပွဲအတွက် ဆုံးဖြတ်ချက်ချခဲ့ချေပြီ။ ဒုစရိုက်ကို အပြစ် မှသုတ်သင်ရန် သေချာသွားချေပြီ။ "မီးဖို၌ မီးလောင်သကဲ့သို့ လောင်သောနေ့ရက်ကာလသည် ရောက်လိမ့်မည်။ မာနကြီးသော

သူနှင့် ဒုစရိုက်ပြုသောသူအပေါင်းတို့သည် ----- အဖျားမျှမကျန် ကြွင်းစေခြင်းငှာ ထိုနေ့ရက်သည် လောင်လိမ့်မည်ဟု ကောင်းကင် ဗိုလ်ခြေထာဝရဘုရားမိန့်တော်မူ၏။" မာလခိ ၄း၁။

အပြစ်ဒုစရိုက်သည် မည်သည့်အခါမျှ ပေါ်ထွန်းလာနိုင် တော့မည်မဟုတ်ချေ။ ဘုရားသခင်၏ပညတ်တော်ကို လွတ်ခြင်းဆိုင် ရာပညတ်အနေဖြင့် ဂုဏ်ပြုကြလိမ့်မည်။ စစ်ဆေးမှုအသီးသီးတွင် အောင်ပွဲဆင်ခဲ့ကြသည်။ ဝေနေယျသတ္တဝါများသည် ဉာဏ်တော်အ နန္တ၊ မေတ္တာတော်အနန္တနှင့်ပြည့်စုံသည့် ကိုယ်တော်ရှင်အားမည် သည့်အခါမျှ ကျော်ခိုင်းကြတော့မည်မဟုတ်ချေ။

-----o-----

## အခန်း(၃၀)
## စာတန်နှင့်လူသားများတိုက်လှန်ခြင်း

"သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏ အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုလည်းကောင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်။" ကမ္ဘာ ၃း၁၅။ ဤရန်ငြိုးဖွဲ့မှုသည် သဘာဝအတိုင်းဖြစ်ပေါ်လာသည့် အရာတစ်ခုတော့မဟုတ်ချေ။ လူသည်ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖေါက်သောအချိန်တွင် လူ့သဘာဝသည် ယုတ်မာလာပြီး စာတန်နှင့်တူလာသည်။ ကျဆုံးခဲ့သောကောင်းကင်တမန်များနှင့် ယုတ်မာသောလူသားများသည် ပေါင်းစည်း မိကြသည်။ ဘုရားသခင်သာ ကြားဝင်တားဆီးမှုမပြုခဲ့လျှင် လူသားများသည် စာတန်နှင့်မဟာမိတ်ဖွဲ့ကာ ဘုရားသခင်ကို တိုက်လှန်ခဲ့ကြလိမ့်မည်။ ၄င်းပြင် လူသားမိသားစုတစ်ခုလုံးသည် ဘုရားသခင်ကို ဆန့်ကျင်ရာတွင် စည်းလုံးမိခဲ့ကြလိမ့်မည်။

မိမိနှင့်အမျိုးသမီးအကြားတွင်လည်းကောင်း၊ မိမိအမျိုးအနွယ်နှင့် အမျိုးသမီး၏ အမျိုးအနွယ်အကြားတွင်လည်းကောင်း ရန်ငြိုးဖွဲ့မှုများရှိလိမ့်မည်ဖြစ်ကြောင်း စာတန်ကြားသောအခါ တစ်နည်းနည်းတစ်ဖုံဖုံဖြင့် မိမိ၏အာဏာကို လူသားများတွန်းလှန်နိုင်သည်ဆိုသည့် အချက်ကို စာတန်သိထားပါသည်။

ခရစ်တော်သည် လူသားများ၏ နှလုံးသား၌ စာတန်အား ရန်ငြိုးဖွဲ့လိုစိတ်များကို သွတ်သွင်းထားသည်။ စိတ်နှလုံးပြောင်းလဲစေသည့် ဤကျေးဇူးတော်နှင့် ခွန်အားအသစ်များကိုဖြစ်စေသည့်

တန်ခိုးတော်မပါရှိပါလျှင် လူသားတို့သည် စာတန်ခိုင်းသမျှကိုလုပ်ဆောင်ကြလိမ့်မည်။ သို့ရာတွင် စိတ်ဝိညာဉ်ထဲတွင်ရှိသော ဤစည်းမျဉ်းသစ်ကြောင့် တိုက်လှန်မှုများကို ဖြစ်စေသော်လည်း ခရစ်တော်မျှဝေသော တန်ခိုးတော်ကြောင့် လူသားများသည် စာတန်ကိုတွန်းလှန်နိုင်ကြပါသည်။ အပြစ်ဒုစရိုက်ကို ချစ်ရမည့်အစား ရွံမုန်းသောစိတ်ဖြစ်ပေါ်နေရခြင်းမှာ အထက်မှ ပြုပြင်လျက်ရှိသော စည်းမျဉ်းကိုထင်ရှားစေပါသည်။

ခရစ်တော်နှင့်စာတန်အကြားရှိ ရန်လိုမှုသည် ခရစ်တော်အားကမ္ဘာကြီးကလက်ခံကြိုဆိုမှုတွင် ထင်ရှားပေါ်လွင်လျက်ရှိပါသည်။ ဘုရားတရားမရှိသူများက ခရစ်တော်အား စင်ကြယ်သန့်ရှင်းခြင်းများကြောင့် မုန်းတီးကြပါသည်။ ကိုယ်တော်၏ ကိုယ်အလိုကိုငြင်းပယ်ခြင်းသည် မာနကြီးသူများအတွက် ဆုံးမမှုတစ်ခုဖြစ်နေသည်။ ထိုကြောင့် စာတန်နှင့်ထိုလူယုတ်မာများသည် ပူးပေါင်းကာ ခရစ်တော်အားဆန့်ကျင်ကြပါသည်။ ၄င်းတို့သည် ခရစ်တော်၏ နောက်လိုက်များကိုလည်း ထိုနည်းနှင်နှင် ဆန့်ကျင်တိုက်လှန်ကြပါသည်။ စုံစမ်းခြင်းများကို ဆန့်ကျင်သူများသည် စာတန်၏ အချက်ကို နှိုးဆွနေကြသည်။

ခရစ်တော်နှင့်စာတန်သည် မည်သည့်အခါမျှသဟဇာတမဖြစ်နိုင်ချေ။ "ယေရှုခရစ်၏ တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှာ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကိုခံရကြလိမ့်မည်။" ၂တိ၊ ၃း၁၂။

စာတန်၏ နောက်လိုက်နောက်ပါများသည် ခရစ်တော်၏တပည့်များအားလှည့်ဖြားရန်ကြိုးစားကြပြီး ခရစ်ယာန်တို့၏ သစ္စာစောင့်သိမှုကိုလမ်းလွဲသွားအောင် သွေးဆောင်နေကြသည်။ မိမိတို့၏

ရည်မှန်းချက်ပြည့်စုံစေရန် သမ္မာကျမ်းစာကိုလည်း သွေဖည်တိမ်းယိမ်းစေပါသည်။

ခရစ်တော်အား အသေသတ်ရန် လူတို့အားလှုံ့ဆော်ပေးခဲ့သည့် ထိုစာတန်သည် ခရစ်ယာန်များအား ဒုက္ခပေးရန်လူယုတ်မာတို့အား လှုံ့ဆော်ပေးနေပါသည်။ ဤအချက်ကို "သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း ရန်ငြိုးဖွဲ့စေမည်" ဆိုသည့် ကနဦးအနာဂတ္တိစကားတွင်ကြိုတင်နိမိတ်ပေးထားပြီးဖြစ်သည်။

အဘယ်ကြောင့် စာတန်သည် ကြီးကျယ်သော ခုခံမှုများကို မရင်ဆိုင်ရသနည်း။ အကြောင်းမှာ ခရစ်ယာန်များသည် ခရစ်တော်နှင့်အဆက်အသွယ်မရှိသလောက် နည်းပါးနေသောကြောင့်ဖြစ်သည်။ အပြစ်ဒုစရိုက်သည် ခရစ်တော်အတွက် ရွံရှာဖွယ်ဖြစ်သော်လည်းငင်းတို့အတွက် ရွံရှာဖွယ်မဟုတ်သလိုဖြစ်နေသည်။ သူတို့သည် အပြစ်တရားကို ခိုင်ခိုင်မာမာမတွန်းလှန်ကြချေ။

စာတန်၏ဇာတိရုပ်မှန်ကိုသူတို့မမြင်ကြသဖြင့် မိမိတို့၏ရန်သူဖြစ်သော ထိုနတ်ဆိုးကြီးသည်ခရစ်တော်အား ရန်ဖက်ပြုနေသည့် အင်အားကြီးသူတစ်ဦးဖြစ်ကြောင်းသူတို့မသိကြချေ။ ဧဝံဂေလိတရားဟောဆရာများပင်လျှင် ထိုနတ်ဆိုး၏လုပ်ဆောင်မှုများကို သတိမမူမိကြချေ။ သူတို့သည် စာတန်အသက်ရှင်ထင်ရှားနေသည်ကို မသိသလိုလုပ်နေကြသည်။

## သတိဝီရိယရှိသောရန်သူတစ်ဦး

သတိဝီရိယရှိလှသော ထိုရန်သူကြီးသည် အိမ်တိုင်း၊ လမ်းတိုင်း၊ ဘုရားကျောင်းတိုင်း၊ အမျိုးသားကောင်စီတိုင်း၊ တရားရုံးတိုင်း

တွင် ကျူးကျော်ရောက်ရှိနေပြီး လူကြီး၊ လူငယ်၊ အမျိုးသားအမျိုး သမီးအားလုံးကို စိတ်ရှုပ်စေလျက်ရှိသည်။ လှည့်ဖြားလျက်ရှိသည်။ သွေးဆောင်ဖြားယောင်းကာ ဖျက်ဆီးလျက်ရှိသည်။ သူသည်အိမ် ထောင်များကိုကွဲပြဲစေလျက် မုန်းတီးခြင်း၊ တိုက်ခိုက်ခြင်း၊ ကွဲပြဲခြင်း နှင့်သတ်ဖြတ်ခြင်းမျိုးစေ့များကို ကြဲနေပါသည်။ လောကရှိလူတို့က ထိုအရာများကို ဘုရားသခင်၏ အလိုတော်ဟု မှတ်ယူနေကြသယောင် ဖြစ်နေသည်။

ခရစ်တော်၏နောက်လိုက်ဟု အသတ်မှတ်မခံရသူများသည် စာတန်၏ တပည့်တော်များဖြစ်သည်။ ထာဝရဘုရားကိုမယုံကြည် သော လူ့အသိုက်အဝန်းများတွင် နေထိုင်အသက်ရှင်ရန်ခရစ်ယာန် များရွေးချယ်သောအချိန်တွင် ၎င်းတို့သည် စုံစမ်းနှောင့်ယှက်ခြင်းခံ ရမည့်အခြေအနေတွင် မိမိကိုယ်ကိုထားရှိခြင်းဖြစ်သည်။ စာတန်မှာမူ ကန့်လန့်ကာနောက်ကွယ်မှ လှည့်ဖြားခြင်းလုပ်ရပ်များကို ချုပ်ကိုင် နေပါသည်။

လောကီနှင့်ဆိုင်သော ဓလေ့ထုံးစံများအတိုင်း နေထိုင်အ သက်ရှင်ခြင်းကြောင့် လောကသည် ခရစ်တော်ထံ၌ ပြောင်းလဲမှုရှိ လာခြင်းမရှိဘဲ အသင်းတော်သည်သာ လောကထဲသို့ ရောက်သွား တတ်ပါသည်။

အပြစ်တရားနှင့်ရင်းနှီးနေခြင်းသည် အပြစ်တရားကိုရွံရှာမှု နည်းပါးလာစေသည်။ တာဝန်ထမ်းဆောင်ရာတွင် မကျေပွန်မှုများ ကြောင့် ဒုက္ခနှင့်ရင်ဆိုင်ရသောအချိန်တွင် ကျွန်ုပ်တို့အားထာဝရ ဘုရားသခင် ကာကွယ်တော်မူမည်မှာ သေချာသော်လည်း မိမိတို့အလို အတိုင်း စုံစမ်းနှောင့်ယှက်ခံရမည့်နေရာတွင် သွားရောက်နေထိုင်ပါ က ကျွန်ုပ်တို့သည် အနေးနှင့်အမြန် ကျဆုံးကြပေလိမ့်မည်။

စာတန်၏ထိန်းချုပ်မှုအောက်တွင်ရှိသည်ဟု သူတစ်ပါးသံသယနည်းသောအရာများအားဖြင့် မကြာခဏစာတန်အောင်ပွဲဆင်နေတတ်ပါသည်။

အစွမ်းသတ္တိနှင့်ယဉ်ကျေးမှုများသည် ဘုရားပေးဆုကျေးဇူးများဖြစ်သည်။ သို့ရာတွင် ထိုအရာများသည် လူသားများအားဘုရားသခင်နှင့်ဝေးကွာစေသောအချိန်တွင် ထောင်ချောက်တစ်ခုဖြစ်လာပါသည်။ ယဉ်ကျေးသိမ်မွေ့၍ နှစ်လိုဖွယ်သောလက္ခဏာနှင့်ပြည့်စုံသူတော်တော်များများသည် စာတန်၏လက်ထဲတွင် ဝင်းလက်နေသည့်ပစ္စည်းများဖြစ်သည်။

ဝိညာဉ်တော်အားဖြင့် ခေတ်အဆက်ဆက် ဖွင့်ဟခဲ့သောသတိပေးစကားများကို မည်သည့်အခါမျှမမေ့လျော့ကြပါနှင့်။ "သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသောမာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။" "မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည့်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသောလက်နက်စုံကို ဝတ်ဆောင်ကြလော့။" ၁ပေ၊ ၅း၈။ ဧဖက် ၆း၁၁ ကျွန်ုပ်တို့၏ မဟာရန်သူကြီးသည် သူ၏နောက်ဆုံးစစ်ဆင်ရေးအတွက် ပြင်ဆင်လျက်ရှိရာ ခရစ်တော်၏ နောက်လိုက်အားလုံးသည် ထိုရန်သူနှင့်မလွဲမသွေ တိုက်လှန်ကြရပါမည်။

ခရစ်တော်နှင့်ပို၍တူအောင်ကြိုးစားသောခရစ်ယာန် တစ်ဦးသည် မိမိကိုယ်ကို စာတန်၏တိုက်ခိုက်ရေးပစ်မှတ်ဖြစ်အောင်လုပ်ဆောင်နေခြင်းဖြစ်သည်။ (ခရစ်တော်နှင့်တူလေ၊ စာတန်၏အတိုက်အခိုက်ကို ခံရလေဖြစ်သည်။)

စာတန်သည် ခရစ်တော်အား ပြင်းထန်၊ ယုတ်မာသောစုံစမ်းခြင်းများဖြင့် တိုက်လှန်နေသော်လည်း တိုက်လှန်မှုတိုင်းတွင် သူရှုံးခဲ့ပါသည်။ ခရစ်တော်၏ ထိုအောင်ပွဲများသည် ကျွန်ုပ်တို့အားအောင်ပွဲဆင်နိုင်ဖို့ရန် လမ်းခင်းပေးခြင်းဖြစ်သည်။ ကိုယ်တော်ထံ၌ခွန်အားတောင်းသောသူများကို ခရစ်တော်သည် ခွန်အားပေးတော်မူလိမ့်မည်။ သဘောတူလိုက်လျောမှုမရှိသော မည်သည့်လူသားကိုမှစာတန်သည် သွေးဆောင်ဖြားယောင်းနိုင်ခြင်းမရှိပါ။ လူတစ်ယောက်အား အပြစ်ကျူးလွန်အောင် အတင်းအကျပ်လုပ်နိုင်သောတန်ခိုးစာတန်၌ မရှိပါ။ သူသည် လူသားများအား စိတ်ဒုက္ခရောက်အောင်လုပ်နိုင်ငြားသော်လည်း ညစ်ညမ်းသွားအောင် မလုပ်နိုင်ချေ။ ခရစ်တော်ရယူခဲ့သောအောင်ပွဲသည် စာတန်နှင့်အပြစ်တရားကို တွန်းလှန်တိုက်ခိုက်နေသော ခရစ်တော်၏ နောက်လိုက်များအတွက် ရဲဆေးတစ်ခွက်ဖြစ်ပါသည်။

-----o-----

# အခန်း (၃၀)
# မကောင်းသောနာမ်ဝိညာဉ်များ
# (ဆိုးယုတ်သောကောင်းကင်တမန်များ)

ဘုရားသခင်၏ကောင်းကင်တမန်များနှင့် ဆိုးယုတ်သော ကောင်းကင်တမန်များအကြောင်းကို သမ္မာကျမ်းစာတွင် ရှင်းလင်းစွာဖော်ပြထားပါသည်။ ၄င်းပြင် ထိုကောင်းကင်တမန်များသည်လူသားများ၏ သမိုင်းစဉ်တွင် ပါဝင်ပတ်သက်နေကြပါသည်။ ကယ်တင်ခြင်းခံရမည့်သူများကို အလုပ်အကျွေးပြုနေသော ကောင်းကင်တမန်များကို သေဆုံးသူများ၏ ဝိညာဉ်များအဖြစ် အများကမှတ်ယူကြပါသည်။

သို့ရာတွင် ထိုကောင်းကင်တမန်များသည် နာမ်ဝိညာဉ်ရိုးရိုး (ဝါ) ကိုယ်ခန္ဓာမဲ့ဝိညာဉ်များမဟုတ်ကြောင်းကို သမ္မာကျမ်းစာကသက်သေပြထားပါသည်။ ဤကမ္ဘာကြီးစတင် ဖန်ဆင်းသည့်အချိန်ကတည်းက "နံနက်ကြယ်တို့သည် တညီတညွတ်တည်း သီချင်းဆို၍ ဘုရားသခင်သားအပေါင်းတို့သည် ဝမ်းမြောက်" ကြသဖြင့် လူသားများကို မဖန်ဆင်းမီကပင် ကောင်းကင်တမန်များသည် ရှိနှင့်ပြီးသားဖြစ်ပါသည်။ (ယောဘ ၃၈း၇)။

လူသားများ အပြစ်တွင်းကျဆုံးပြီးနောက် လူတစ်ဦးတစ်ယောက်မျှ မသေဆုံးမီတွင် ထိုအသက်ပင်ကို ကောင်းကင်တမန်များအား စောင့်ကြပ်စေခဲ့သည်။ လူသားများကို "ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နိမ့်တော်မူ" သဖြင့် ကောင်းကင်တမန်များသည် လူတို့ထက်အနည်းငယ် သာလွန်ကြီးမြတ်ပါသည်။ ဆာလံ ၈း၄။

"အတိုင်းမသိများစွာသော ကောင်းကင်တမန်များ၏အသံကို ငါကြား၏" ဟု ရှင်ယောဟန်ကဖွင့်ဆိုခဲ့သည်။ "အတိုင်းမသိများစွာသောကောင်းကင်တမန်များသည်" "နှုတ်ကပတ်တော်သံကိုနားထောင်လျက်၊ အမိန့်တော်အတိုင်းဆောင်ရွက်" လျက် ဘုရင်တကာတို့၏ဘုရင်ရှေ့မှောက်တွင် ခစားနေကြပါသည်။ ဟေဗြဲ ၁၂း၂၂၊ ဗျာ ၅း၁၁။ ဆာလံ ၁၀၃း၂၀-၂၁။ "လျှပ်စစ်နွယ်ကဲ့သို့ အရောင်တောက်နေသော" ဘုရားသခင်၏ စေတမန်ဖြစ်သော ကောင်းကင်တမန်များသည် ပျံသန်းရာတွင် အလွန်လျင်မြန်ကြ၏။ ခရစ်တော်၏သင်္ချိုင်းဂူသို့ရောက်လာသည့် ကောင်းကင်တမန်၏ "မျက်နှာသည်လျှပ်စစ်ကဲ့သို့ထင်၏။ --- လူစောင့်တို့သည် ကောင်းကင်တမန်ကိုကြောက်ရွံ့သဖြင့် တုန်လှုပ်၍ သေမတတ်ဖြစ်ကြ၏။" သနာခရိပ်မင်းသည် ဘုရားသခင်ကို စော်ကားရုံသာမက ဣသရေလများအားလည်းခြိမ်းခြောက်သောအချိန်တွင် "ထာဝရဘုရားသခင်၏ ကောင်းကင်တမန်သည် ထွက်၍ အာရှုရိတပ်တွင် လူတစ်သိန်းရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်လေ၏။" ယေဇကျေလ ၁း၁၄။ မဿဲ ၂၈း၃-၄။ ၄ရာ၊ ၁၉း၃၅။

ဘုရားသခင်၏ သားသမီးများအား မေတ္တာပြသည့်အမှုတော်များအတွက်လည်း ကောင်းကင်တမန်များကို စေလွှတ်လေ့ရှိပါသည်။ ကောင်းချီးပေးမည့် ကတိတော်များနှင့်အတူ အဗြဟံထံသို့လည်းကောင်း။

လောတကိုကယ်ဆယ်ရန် သောဒုံသို့လည်းကောင်း၊ ကန္တာရထဲတွင်ရင်ဆိုင်နေရသည့် ဒုက္ခမှကယ်တင်ရန် ဧလိယထံသို့လည်းကောင်း ပိတ်မိနေသောအခြေအနေမှ ကယ်တင်ရန် မီးမြင်းရထားနှင့်အတူ ဧလိရှဲထံသို့လည်းကောင်း ခြင်္သေ့စာဖြစ်မည့်ဘေးမှ ကယ်ရန်ဒံယေလထံသို့ လည်းကောင်း၊ ဟေရုဒ်မင်း၏ အကျဉ်းထောင်တွင်

သေဘေးနှင့်ရင်ဆိုင်နေရသည့် အခြေအနေမှကယ်တင်ရန် ပေတရုထံသို့လည်းကောင်း၊ အကျဉ်းသမားများကိုကယ်တင်ရန် ဖိလိပ္ပိမြို့သို့လည်းကောင်း၊ ညကြီးအချိန်မတော်တွင် ပင်လယ်လှိုင်းလေများမှကယ်တင်ရန် ပေါလုထံသို့လည်းကောင်း၊ စိတ်နှလုံးဖွင့်၍ ဧဝံဂေလိတရားတော်ကို လက်ခံစေရန် ကောနေလိထံသို့လည်းကောင်းခရစ်ယာန်မဟုတ်သူတစ်ဦး၏ ကယ်တင်ခြင်းကိစ္စအတွက် သတင်းစကားသွားရောက်ဟောကြားဖို့ သတိပေးရန် ပေတရုထံသို့လည်းကောင်း၊ ကောင်းကင်တမန်တို့အား စေလွှတ်တော်မူခဲ့ပါသည်။ ထိုကြောင့် ကောင်းကင်တမန်များသည် ဘုရားသခင်၏ သားသမီးများအား အလုပ်အကျွေးပြုလျက်ရှိကြောင်း ထင်ရှားနေပါသည်။

## တပ်ချစောင့်ကြပ်သူ ကောင်းကင်တမန်များ

"ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့ပတ်လည်၌ ကောင်းကင်တမန်တို့သည် တပ်ချ၍ ကယ်လွှတ်တတ်ကြ၏" ဟု ခရစ်တော်မိန့်တော်မူသည့်အတိုင်း ယုံကြည်သူတစ်ဦးစီအတွက် ကောင်းကင်တမန်တစ်ပါးစီကို ခန့်ခွဲထားတော်မူသည်။ "သူတို့၏ ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့အဖ၏မျက်နှာတော်ကို အစဉ်မပြတ်ဖူးမြင်ကြ၏။" ဆာလံ ၃၄း၇။ မဿဲ ၁၈း၁၀။ မအိပ်မနေဒုက္ခပေးရန် ကြိုးစားနေသော စာတန်၏ အန္တရာယ်ရှိနေသော သားသမီးများကို မနားမနေစောင့်ကြပ်နေသည့် ကောင်းကင်တမန်များအားဖြင့် ထာဝရဘုရား ကွယ်ကာတော်မူ၏။ အဘယ်ကြောင့်ဆိုသော် လူသားများရင်ဆိုင်ရမည့် မကောင်းဆိုးရွားများသည်ထုနှင့်ထယ်နှင့်များပြားရုံသာမက စိုက်လိုက်မတ်တတ် မမောတမ်းမပန်းတမ်းအန္တရာယ်ပေးသောကြောင့်ဖြစ်သည်။

ထိုမကောင်းဆိုးရွားကောင်းကင်တမန်များသည် ဖန်ဆင်းပြီး ခါစအချိန်တွင် ဘုရားသခင်ရှေ့မှောက်၌ ယခုခစားနေသောကောင်းကင်တမန်များကဲ့သို့ပင် အပြစ်အနာအဆာကင်းပြီး ဘုန်းတန်ခိုးရှိသူများဖြစ်ကြသည်။ သို့ရာတွင် အပြစ်တွင်ကျဆုံးပြီးသည့်နောက်ပိုင်းတွင် ဘုရားသခင်၏ အသရေကိုရှုတ်ချရန်နှင့် လူသားများကိုဖျက်ဆီးရန် ၎င်းတို့အချင်းချင်းပူးပေါင်းမိလာရုံသာမက ဘုရားသခင်ကိုဆန့်ကျင်၍ ပုန်ကန်ခြားနားရန် စာတန်နှင့်ပူးပေါင်းခဲ့ကြပါသည်။

ဓမ္မဟောင်းကျမ်းတွင် ထိုမကောင်းဆိုးရွားများ၏ တည်ရှိမှုအကြောင်းကိုဖေါ်ပြထားပါသည်။ သို့ရာတွင် လောက၌ ခရစ်တော်အသက်ရှင်စဉ်တွင် ထိုနတ်ဆိုးများ၏ လုပ်ဆောင်မှုများကို ထင်ထင်ရှားရှားတွေ့ရပါသည်။ ခရစ်တော်သည် လူသားများကို ကယ်တင်ရန်ကြွလာခဲ့သော်လည်း စာတန်မှာမူ ကမ္ဘာကြီးကို ထိန်းချုပ်ထားဖို့ကြိုးစားလုပ်ဆောင်ခဲ့သည်။

ပါလက်စတိုင်းမှလွဲ၍ ကမ္ဘာအနှံ့တွင်ရုပ်တုကိုးကွယ်မှုကိုသူတည်ထောင်နိုင်ခဲ့သည်။ ခရစ်တော်သည်စာတန်နောက်သို့ လုံးလုံးကြီးလိုက်မသွားသေးသည့် ထိုတစ်ခုတည်းသောဒေသသို့ကြွလာကာ ကိုယ်တော်၌ အပြစ်လွှတ်ခြင်းနှင့် ငြိမ်သက်ခြင်း များကို လူသားများရှာကြရန် မေတ္တာဖြင့်လက်ကမ်းကြိုဆိုခဲ့ပါသည်။ ခရစ်တော်၏ အမှုတော်အောင်မြင်သွားမည်ဆိုလျှင် မိမိတို့၏ အုပ်ချုပ်မှုအဆုံးသတ်သွားတော့မည်ကို စာတန်သိထားပါသည်။

နတ်ဆိုးဆွဲသော လူများအကြောင်းကို ဓမ္မသစ်ကျမ်းတွင် ရှင်းလင်းစွာဖေါ်ပြထားပါသည်။ ဂါဒရပြည်မှ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်ကို ကျောက်စောင်းနှင့်စူးရှစေလျက်၊ အော်ဟစ်ဒေါသထွက်လျက် အမြှုပ်များထွက်လျက် ကိုယ့်ကိုကိုယ်ဒုက္ခပေးရုံ သာမက

သူတစ်ပါးအားလည်း အန္တရာယ်ပြုလျက်ရှိသည်။ ထိုသို့သော ပုဂ္ဂိုလ်များသည် သဘာဝအလျောက် ရောဂါဝေဒနာခံစားနေရခြင်းမ ဟုတ်ဘဲ ၄င်းအား မကောင်းသောဝိညာဉ်က စိုးမိုးချုပ်ကိုင်ထားခြင်း ကြောင့်ဖြစ်သည်ကို ခရစ်တော်သိတော်မူသည်။ ၄င်းတို့၏ သွေးထွက် သံယို၊ ပုံပျက်ပန်းပျက်၊ စိတ်ဂယောက်ဂယက်ဖြစ်နေသည့်အခြေအနေ သည် စာတန်သဘောကျသောမြင်ကွင်းတစ်ခုဖြစ်ပါသည်။ ထိုကဲ့သို့ သော ဒုက္ခရောက်နေသူများအား ထိန်းချုပ်ထားသည့် နတ်ဆိုးများ တွင် "လေဂေါင်" လည်း အပါအဝင်ဖြစ်ပါသည်။

(မာကု ၅း၉) ရောမစစ်တပ်တွင်လေဂေါင်ဟုခေါ်သည့် တပ်ဖွဲ့ တစ်ဖွဲ့တွင် စစ်သား၃၀၀၀ မှ ၅၀၀၀ အထိပါဝင်ပါသည်။ ခရစ်တော် ၏ အမိန့်တော်ကြောင့် ထိုလေဂေါင်ဟုခေါ်သည့် နတ်ဆိုးအုပ်ကြီး သည် ထိုလူသားများထံမှ ထွက်သွားသောအချိန်တွင် ထိုလူသည် မူလက အခြေအနေအတိုင်း အကောင်းပကတိဖြစ်သွားခဲ့ပါသည်။ သို့ရာတွင် ထိုနတ်ဆိုးအုပ်သည် ဝက်အုပ်ထဲသို့ဝင်ကြသဖြင့် ထိုဝက် တို့သည် ရေနစ်သေဆုံးကုန်ကြသည်။

ဤတွင် ဂါဒရသားများသည် ခရစ်တော်ပေးခဲ့သည့် ကောင်း ချီးမင်္ဂလာများအစား ဆုံးရှုံးမှုများကိုသာ တွေ့မြင်ကာကိုယ်တော် အား ၄င်းတို့နယ်မှထွက်သွားပေးရန် တောင်းပန်ကြ၏။မဿဲ ၈း၂၂-၃၄။ ဆုံးရှုံးမှုများကို ခရစ်တော်အပေါ် သတ္တုချကာစာတန်သည် ထိုသူ များအား အတ္တစိုးရိမ်မှုများကို ဖြစ်ပေါ်စေပြီး ခရစ်တော်၏ နှုတ်တော် ထွက်စကားများကို မနာကြားအောင် တားဆီးခဲ့ပါသည်။

ခရစ်တော်သည် မသန့်ရှင်းသောတိရစ္ဆာန်များကို မွေးမြူခြင်း ဖြင့်စီးပွားရှာနေသော ဂျူးလူများကို ဆုံးမသည့်အနေဖြင့် ထိုနတ်ဆိုး များကို ဝက်အုပ်ထဲသို့ ဝင်ခွင့်ပေးတော်မူခဲ့ပါသည်။ အကယ်၍သာ

ခရစ်တော်က အပဟန့်အတားလုပ်မပေးခဲ့ပါလျှင် ထိုနတ်ဆိုးများသည်ဝက်များကိုသာမက ဝက်ပိုင်ရှင်များကိုပင် ရေနစ်သေဆုံးစေခဲ့ပါလိမ့်မည်။

ဧင်းပြင် လူနှင့်တိရစ္ဆာန်တို့အပေါ်တွင်ထားသည့် စာတန်၏ရက်စက်သောစိတ်ဓါတ်ကို တပည့်တော်များသဘောပေါက်ကာဧင်း၏ဖြားယောင်းမှုများမှ ရှောင်ရှားနိုင်စေရန်အတွက်လည်း ဤအဖြစ်အပျက်ကို ကိုယ်တော်ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စာတန်၏အနှောင်အဖွဲ့ကိုချိုးဖျက်ကာ လူသားများအား လွတ်လပ်ခွင့်ပေးနိုင်သည့် မိမိ၏ တန်ခိုးတော်ကိုလည်း တပည့်တော်များအား မြင်တွေ့စေလိုတော်မူသည်မှာ အကြောင်းရင်းများ၌ တစ်ခုအပါအဝင်ဖြစ်သည်။ ခရစ်တော်သည် ထိုနေရာမှထွက်ခွာသွားခဲ့သော်လည်း နတ်ဆိုး၏ဖိစီးမှုက ကင်းလွတ်ခွင့်ရခဲ့သူများမှာ ကိုယ်တော်၏ ကရုဏာတော်ကိုဖွင့်ဟချီးမွမ်းနေဆဲဖြစ်ပါသည်။

နတ်ဆိုးစွဲနေသောရှုရိဖိနိတ်ပြည်သူတစ်ဦးအား ခရစ်တော်နတ်ဆိုးနှင်ထုတ်ပေးခဲ့သည်ကိုလည်းကောင်း (မာကု ၇း၂၆-၃၀)၊ မိမိကိုယ်ကို "သေစေခြင်းငှာ မီး၌လည်းကောင်း၊ ရေ၌လည်းကောင်း အကြိမ်ကြိမ်လဲစေတတ်" သည်။ နတ်ဆိုးစွဲနေသော လူငယ်တစ်ဦးထံမှ နတ်ဆိုးနှင်ထုတ်ပေးခဲ့သည်ကိုလည်းကောင်း (မာကု ၉း၁၇-၂၇)၊ ဥပုသ်နေ့ကို မငြိမ်မသက်ဖြစ်စေသည့် ကပေရနောင်မှ နတ်ဆိုးစွဲနေသူထံမှ နတ်ဆိုးနှင်ထုတ်ပေးခဲ့သည်ကိုလည်းကောင်း (လုကာ ၄း၃၃-၃၆) သမ္မာကျမ်းစာတွင် တွေ့ရပါသည်။ အဖြစ်အပျက်တိုင်းတွင်နတ်ဆိုးများအား အသိဥာဏ်ရှိသူများကို မိန့်မြွက်သကဲ့သို့နှောင်တွင်မနှောင့်ယှက်တော့ရန် အမိန့်ပေးခဲ့ပါသည်။ ကပေရနောင်မှ "လူအပေါင်းတို့သည် မိန်းမောတွေဝေ၍ ဤစကားသည် အဘယ်သို့

သောစကားနည်း။ ညစ်ညူးသော နတ်ဆိုးတို့ကို အာဏာတန်ခိုးနှင့် မှာထား၍ သူတို့သည် ထွက်သွားကြသည်တကားဟု အချင်းချင်းဆွေးနွေးပြောဆိုကြ၏။” လုကာ ၄း၃၆။

တချို့ပုဂ္ဂိုလ်များသည် သဘာဝလွန်တန်ခိုးများကို ပိုင်ဆိုင်လိုကြသဖြင့် စာတန်၏ဩဇာကိုခံကြပါသည်။ ထိုကြောင့် ၄င်းတို့သည် နတ်ဆိုးများနှင့်တိုက်လှန်မှုမရှိပါချေ။ ရှမာရိမှရှိမုန်၊ ပါဖုမြို့မှ နတ်ဝိဇ္ဇာဆရာဧလုမ၊ ဖိလိပ္ပိမြို့တွင် ပေါလုနှင့်သိလာတို့နောက်သို့ လိုက်နေသည့် နတ်ဝင်သည်တို့သည် ထိုအဖွဲ့မှပုဂ္ဂိုလ်များဖြစ်ကြသည်။ တမန်တော် ၈း၉၊၁၈။ ၁၃း၈။ ၁၆း၁၆-၁၈။

စာတန်နှင့်၄င်း၏ နတ်ဆိုးများတည်ရှိနေခြင်းကို လက်မခံသောသူများထက် ပို၍ဘေးရန်ကြီးသောသူမရှိပါချေ။ လူများစွာတို့သည် မိမိအသိဖြင့် မိမိလုပ်ဆောင်နေသည်ဟု အထင်ရှိစဉ်တွင်ထို နတ်ဆိုးများ၏ အကြံပေးချက်အတိုင်း လုပ်ဆောင်နေကြသည်။ ကမ္ဘာကုန်ဆုံးမည့်အချိန်နီး ချဉ်းကပ်လာသည်နှင့်အမျှ စာတန်သည် လှည့်ဖြားခြင်းလုပ်ငန်းများကို အသားကုန် ကြိုးစားလုပ်ဆောင်စဉ်တွင် မိမိတကယ်မရှိဟု နေရာတကာတွင် သတင်းဖြန့်နေပါသည်။ ကိုယ်ယောင်ဖျောက်၍ ထိုသို့လုပ်ဆောင်ခြင်းသည် ၄င်း၏ ဝါဒပင်ဖြစ်ပါသည်။

သူ၏ ပိရိယာယ်လှည့်ကွက်များကို ကျွန်ုပ်တို့ သိသွားမှာကိုတော့ စာတန်စိုးရိမ်ပါသည်။ ဇာတိရုပ်မှန်ကို ဖုံးကွယ်ရန် မိမိကိုယ်ကို ရယ်စရာအသွင် (ဝါ) ရွံစရာအသွင်သဏ္ဍာန်များဖြစ်ပေါ်အောင် သူဖန်တီးလေ့ရှိပါသည်။ သူ့အားကိုယ်စားပြုသည့် ပုံများအား လူတစ်ကဲ၊ တိရစ္ဆာန် တစ်ဝက်ပုံများဖြင့် ကိုယ်စားပြုသည်ကို သူသဘောကျသည်။ သူ့နာမည်ကို အားကစားနှင့် ရယ်စရာများတွင်

အသုံးပြုသည်ကိုလည်း စာတန်သဘောကျသည်။ အကြောင်းမှာ "စာတန်ဆိုတာ တကယ်ရှိလို့လား" ဟူသောမေးခွန်းကို နေရာတကာတွင်မေးလာသည်အထိ သူသည် မိမိကိုယ်ကိုရုပ်ဖျောက်ကလိုပါသည်။ ၄င်း၏ လှို့ဝှက်အင်အားများကို နှုတ်ကပတ်တော်ကဖော်ပြထားပါသည်။

ထိုအရာများကို ဂရုမထားသူများ၏ စိတ်နှလုံးများအား စာတန်သည် လျင်မြန်စွာထိန်းချုပ်နိုင်သောကြောင့် ကျွန်ုပ်တို့သည် အကာအကွယ်များအောက်တွင် နေထိုင်အသက်ရှင်ကြရပါမည်။

ကျွန်ုပ်တို့သည် ကယ်တင်ရှင်၏ တန်ခိုးတော်တွင် အကာအကွယ်နှင့်ကယ်လွှတ်ခြင်းကို တွေ့နိုင်ကြပါသည်။ သူခိုးဓါးပြများရန်မှ မိမိတို့၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် မိမိတို့၏အိမ်များကို တံခါးမင်းတုပ်ချ၊ သော့ခတ်လေ့ရှိကြသော်လည်း နတ်ဆိုးများ၏ ဘေးရန်မှ ကိုယ့်ကိုကိုယ်ကာကွယ်ရန် မိမိတို့၌တန်ခိုးမရှိကြောင်းကို ကျွန်ုပ်တို့စဉ်းစားမိခဲ့ပါသည်။ ထိုနတ်ဆိုးများသည် အခွင့်ပေးခဲ့ပါလျှင် ကျွန်ုပ်တို့၏ ကိုယ်စိတ်နှလုံးသုံးပါး အပါအဝင် အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးပစ်နိုင်ကြပါသည်။ သို့ရာတွင် ခရစ်တော်၏နောက်တော်ပါးတွင် လျှောက်လိုက်နေသူများသည် ကိုယ်တော်၏စောင့်ရှောက်မှုအောက်တွင် လုံခြုံကြပါသည်။ ထိုနတ်ဆိုးများထက် တန်ခိုးခွန်အားနှင့် ပြည့်စုံသော ကောင်းကင်တမန်များကို စေလွှတ်ကာနောက်လိုက်တပည့်များအား ခရစ်တော်ကွယ်ကာ တော်မူပါသည်။ သားသမီးများ၏ပတ်လည်၌ တပ်ချကာကွယ်နေသော အစောင့်ကောင်းကင်တမန်များကို ထိုနတ်ဆိုးများက ထိုးဖောက်ချေမှုန်းနိုင်စွမ်းမရှိကြချေ။

-----o-----

## သင်ခန်းစာ (၃၂)
## စာတန်အပေါ် အောင်ပွဲဆင်ခြင်း

ခရစ်တော်နှင့် စာတန်အကြားတွင် ဖြစ်ပွားနေသော မဟာတိုက်လှန်ပွဲကြီးသည် မကြာမီအချိန်အတွင်း၌ အဆုံးသတ်သွားတော့မည်ဖြစ်ရာ လူသားများကိုယ်စာ ခရစ်တော်လုပ်ဆောင်မည့် အမှုတော်မြတ်ကို ဖျက်ဆီးနိုင်ရန် စာတန်သည် အထူးကြိုးစားနေပါသည်။

ခရစ်တော်၏ကြားဖျန်ဖြေရေးဆိုင်ရာအမှုတော် မပြီးဆုံးမီအထိလူသားတို့အား အမှောင်ထဲတွင်ကျင်လည်ကာ နောင်တမရအောင်လုပ်ထားနိုင်ရန်မှာ သူအဖြစ်စေချင်ဆုံးအရာ တစ်ခုဖြစ်သည်။အသင်းတော်ထဲတွင် စိတ်မဝင်စားမှုများနှင့်ပြည့်ဝနေသောအချိန်၌ စာတန်စိတ်မပူသော်လည်း အသင်းသားများက “ကယ်တင်ခြင်းရအောင်တို့ဘာလုပ်ရမလဲ” ဟု စိတ်ဝင်တစားမေးလာသောအချိန်တွင် ခရစ်တော်နှင့်တကွ သန့်ရှင်းသော ဝိညာဉ်တော်၏ ဩဇာလွှမ်းမိုးမှုကိုတွန်းလှန်ဖို့ စစ်ချီရန် သူအသင့်ပြင်နေပေပြီ။

တစ်နေ့တွင် ကောင်းကင်တမန်များသည် ခစားရန်အလို့ငှာ ထာဝရဘုရားရှေ့တော်သို့ ရောက်ရှိလာသောအချိန်၌ စာတန်လည်း ၎င်းတို့နှင့်အတူ ရောက်ရှိလာပါသည်။ သို့ရာတွင် သူသည် ထာဝရဘုရားကို ဦးချဝတ်ပြုခြင်း မပြုရုံသာမက ၎င်း၏ မလိုမုန်းတားသော အကြံအစည်ကို ဆက်လက် အကောင်အထည် ဖော်ခဲ့ပါသည်။ (ယောဘ ၁း၆)။ စာတန်သည် ဝတ်ပြုကိုးကွယ်သူများ၏ စိတ်နှလုံးကို ချုပ်ထိန်းရန် ကြိုးစားရင်း ဝတ်ပြုကိုးကွယ်ရန် စုရုံးနေသူများနှင့် အတူရှိနေတတ်သည်။ ဘုရားသခင်၏ စေတမန်တစ်ဦး

ကျမ်းစာလေ့လာနေသည်ကို သူတွေ့ရှိလျှင် လေ့လာနေသောထို အကြောင်းအရာကို သူမှတ်ထားပါသည်။ ထိုနောက် ထိုအကြောင်း အရာနှင့်ပတ်သက်ပြီး သူလှည့်ဖြားထားသူများထံသို့ သတင်းစကား မရောက်နိုင်အောင် ဥာဏ်နီဥာဏ်နက်နှင့် ကောက်ကျစ်စဉ်းလဲမှုများ ကို သူအသုံးပြုတတ်ပါသည်။ သတိပေးသည့်စကားများကို အထူး လိုအပ်နေသူများအား သတိပေးစကားများကို မကြားကြရအောင် စီးပွားရေးလုပ်ငန်းများနှင့်သာ အချိန်ကုန်စေဖို့ သူတိုက်တွန်းတတ် သည်။ သို့မဟုတ်ပါကလည်း ထိုသတိပေးစကားများကိုက မကြား ရအောင် နည်းအမျိုးမျိုးသုံးကာ သူတားဆီးတတ်ပါသည်။

လူသားများအပေါ်တွင် ဖိစီးနေသည့် အမှောင်ထုကြောင့် ဘုရားသ်၏ အမှုဆောင်များတွင် ဝန်ပိနေသည်ကို သူမြင်တွေ့နေ ပါသည်။

စိတ်မဝင်စားမှုနှင့် ပျင်းရိမှုများကို ဖြိုခွင်းနိုင်ဖို့ ဘုရားသ ခင်ထံမှ ကျေးဇူးတော်နှင့် တန်ခိုးတော်ကိုရရှိရန် အမှုဆောင်များဆု တောင်းနေသည်ကိုလည်း သူကြားနေပါသည်။ ထိုအချိန်တွင်ကြား နာသိရှိသင့်သည့်အရာများကို မသိရှိနိုင်လောက်အောင် အစားကြူး စေရန် (ဝါ) စိတ်ကျေနပ်သလို နေထိုင်အသက်ရှင်စေရန် အသစ်သော နည်းစနစ်များကိုအသုံးပြုကာ သူစုံစမ်းပါတော့သည်။

ဆုတောင်းခြင်းနှင့် ကျမ်းစာဖတ်ခြင်းကို ပျက်ကွက်သူများ သည် မိမိတိုက်ကွက်အောက်တွင် ကျဆုံးသွားမည်ကို စတန်သိထား သည်။

ထိုကြောင့် လူတို့၏ စိတ်ကိုဖမ်းစားရန် ဖြစ်နိုင်သမျှနည်းမျိုး စုံကို သူတီထွင်ခဲ့ပါသည်။ ဘုရားသခင်က လူသားများအတွက်အ လုပ်များနေသော အချိန်တိုင်းတွင် စာတန်၏ ညာလက်ရုံးများသည်

လည်း အလုပ်များနေကြပါသည်။ ခရစ်တော်၏ သစ္စာရှိနောက်လိုက်များအား လှည့်ဖြားသူများအဖြစ် သူတို့ပုံဖော်ကြလိမ့်မည်။ မြင့်မြတ်သောကျင့်ဆောင်မှုများတွင် ထားသည့်သဘောထားကို မှားယွင်းစွာ သရုပ်ဖော်ရန်မှာ သူတို့အလုပ်ဖြစ်သည်။

ခေါင်းပါးရိပ်ခြည်စကားများကို ဖြန့်ချိရန်မှာ သူတို့အလုပ်ဖြစ်သည်။ အတွေ့အကြုံနုနယ်သူများအား သံသယစိတ်များပေါ်လာအောင် လုပ်ဆောင်ရန်မှာသူတို့လုပ်ဆောင်နေသည့်အလုပ်ဖြစ်သည်။

သို့ရာတွင် လူတို့သည် မည်သူ့သားသမီးများ ဖြစ်သည်ကိုလည်းကောင်း၊ မည်သူ့နမူနာကို လိုက်နေကြသည်ကိုလည်းကောင်း၊ မည်သူ့အမှုကို ဆောင်ရွက်နေသည်ကိုလည်းကောင်း၊ သိသာမြင်သာလှပါသည်။ "ထိုသူတို့၏ အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်။" မဿဲ ၇း၁၆၊ (ဗျာ၁၂း၁၀)။

## သမ္မာတရားအားဖြင့်သန့်ရှင်းစေခြင်း

မိမိဖျက်ဆီးပစ်ရန် ကြိုးစားနေသည့် လူအသီးသီးတို့၏ခြားနားသောအလိုနှင့် ဆီလျော်ကိုက်ညီသည့် မိစ္ဆာအယူဝါဒများကိုစာတန်ပြင်ဆင်ထားပြီး ဖြစ်သည်။ သံသယစိတ်နှင့် မယုံကြည်မှုများကိုဖြစ်ပေါ်စေသည့် မရိုးသားမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားပြုသည့်အရာများကို အသင်းတော်ထဲတွင် ပေါက်ဖွားရင့်သန်လာအောင် လုပ်ဆောင်ရန်မှာ စာတန်၏ အကြံအစည်ဖြစ်သည်။ ဘုရားသခင်ကို အမှန်တကယ်မယုံကြည်သူအများသည်လည်း ခရစ်ယာန်ဘာသာဝင်အဖြစ် ခံယူကာ သမ္မာတရားဆိုင်ရာ စည်းမျဉ်း

နိယာမများကို သဘောတူလက်ခံကြရာ ထိုနည်းအားဖြင့် မှားယွင်းမှုများကိုလည်း ကျမ်းစာပါ ယုံကြည်ချက်များအဖြစ် နိဒါန်းပျိုးရန် အခြေအနေပေးလာပါသည်။ မေတ္တာကိုအခြေခံပြီး လက်ခံယုံကြည်သောသမ္မာတရားသည် လူတို့အား သန့်ရှင်းစေနိုင်သည်ဆိုသည့်အချက်ကို စာတန်သိထားပါသည်။ ထို့ကြောင့် မှားယွင်းသောသီအိုရီများ ယုံတမ်းစကားများနှင့် ခရစ်တော်မဟောခဲ့သည့် အခြားဧဝံဂေလိတရားများဖြင့် အစားထိုးရန် သူကြိုးစားနေပါသည်။ ဘုရားသခင်၏ကျွန်တို့သည် အစအဦးကတည်းက ဆရာအတုအယောင်များအား ရက်စက်သူများအဖြစ်ဖြင့်သာမက အသက်ဝိညာဉ်များအား သေတွင်းသို့ပို့ဆောင်မည့် မှားယွင်းသောတရားများကို အသဲစွဲသွားအောင် သွန်သင်နိုင်သူများအဖြစ် သိရှိမှတ်ယူကာ ဆန့်ကျင်တိုက်လှန်ခဲ့ကြပါသည်။

ဧလိယ၊ ယေရမိနှင့် ပေါလုတို့သည် လူတို့အား နှုတ်ကပတ်တော်မှလမ်းလွဲစေသူများကို ခိုင်မာစွာဆန့်ကျင် ခဲ့ကြပါသည်။ မှန်ကန်သော ယုံကြည်ခြင်းကို အရေးမကြီးသကဲ့သို့ သဘောထားသည့်လျော့ရဲမှုများကို ထိုသန့်ရှင်းသူများက မျက်နှာသာ မပေးခဲ့ကြချေ။

စိတ်ကူးယဉ်ဆန်ဆန် မတိကျမရေရာသည့် ကျမ်းစာအနက်ဖွင့်ဆိုခြင်းများနှင့် ခရစ်ယာန်လောကမှ အငြင်းပွားဖွယ်သီအိုရီများသည် လူသားများ၏စိတ်ကို ရှုပ်ထွေးသွားအောင် လုပ်ဆောင်သည့် စာတန်၏ ကြိုးစားမှုများသာဖြစ်၏။ ခရစ်ယာန်အသင်းတော်များအကြား ဖြစ်ပွားနေသော သဘောထားကွဲလွဲမှုများသည်လည်းများသောအားဖြင့် ရေပန်းစားနေသည့် သီအိုရီတစ်ခုကို ထောက်ခံရန်သမ္မာကျမ်းစာကို မှောက်လှန်ခြင်းမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်ပါသည်။

တချို့ပုဂ္ဂိုလ်များသည် မှားယွင်းသော ဩဝါဒများကိုဆက်လက်ရှင်သန်စေရန်အလို့ငှာ ကျမ်းချက်တစ်ချက်၏ တစ်ပိုင်းကိုငင်းတို့ ယုံကြည်ချက်အတွက် အထောက်အထားတစ်ခုအဖြစ်အသုံးချကာ ဆန့်ကျင်ဖက်အဓိပ္ပါယ်ပါသည့် အခြားအပိုင်းတစ်ခုကိုချိန်လှပ်ထားတတ်ကြပါသည်။

ရှေးမြွေဟောင်းကြီး၏ ကောက်ကျစ်မှုများနှင့်ပြည့်ဝ သောထိုသူတို့သည် ဇာတိပကတိ အလိုဆန္ဒများနှင့်ကိုက်ညီအောင်အနက်ဖွင့်ထားသည့် ပြောဆိုချက်များတွင် အမြစ်တွယ်နေခဲ့ကြပါသည်။ တချို့မှာမူ ပုံဆောင်မိန့်ဆိုထားသည့် သမ္မာကျမ်းချက်များကိုသမ္မာကျမ်းစာ၏ အနက်ဖွင့်ဆိုမှုအတိုင်းမဟုတ်ဘဲမိမိ၏ စိတ်ကူးနှင့်ကိုက်ညီသလို အနက်ဖွင့်ကာ သမ္မာကျမ်းစာ၏သွန်သင်ချက်များအလား (၎င်းတို့အနက်ဖွင့်ဆိုမှုများကို) ဟောကြားတင်ဆက်နေကြပါသည်။

## သမ္မာကျမ်းစာတစ်အုပ်လုံးသည်လမ်းပြဖြစ်ခြင်း

သွန်သင်ထားသည့်အတိုင်း ခံယူမည်ဆိုသောစိတ်ဓါတ်ဖြင့်ဆုတောင်းလျက် သမ္မာကျမ်းစာကို လေ့လာမှသာလျှင် ကျမ်းချက်များ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို သိရှိနိုင်ကြလိမ့်မည်။ သမ္မာကျမ်းစာတစ်အုပ်လုံးကို အရှိအတိုင်း လူတို့အား သွန်သင်သင့်ပါသည်။

ထာဝရဘုရားသည် သေချာပေါက်ပြည့်စုံမည့် အနာဂတ္တိစကားများကို လူတို့အား ဖွင့်ဆိုတော်မူသကဲ့သို့ ခရစ်တော်ကိုယ်တော်တိုင်နှင့်တကွ ကောင်းကင်တမန်များသည် "ကာလမကြာမမြင့်မီ ဖြစ်ပျက်မည့် အရာများကို ဒံယေလနှင့် ယောဟန်တို့အား

လာရောက်အသိပေးတော်မူခဲ့သည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် အရေးပါသောအရာများကို ရိုးသားစွာ တရားရှာနေသူများအား ဖော်ပြရာတွင် ရှုပ်ထွေးလမ်းလွဲသွားစေမည့် နည်းလမ်းများကို အသုံးပြုတော်မမူပါ။

ဘုရားသခင်၏ နှုတ်ကပတ်တော်ထွက် စကားများသည်ဆုတောင်းလျက် လေ့လာသူများအတွက် ရှင်းလင်းစွာနားလည်နိုင်သည့် အရာများဖြစ်ပါသည်။

လူအပေါင်းတို့သည် "အစွန်းမရောက်ကြပါနှင့်။ သဘောထားကြီးကြပါ" ဟု ဟစ်ကြွေးကာ စာတန်၏ လှည့်ကွက်များတွင်စုံလုံးကန်းနေကြပေပြီ။ စာတန်သည် သမ္မာကျမ်းစာနေရာတွင်လူသားများ၏ ထင်မြင်ချက်များဖြင့် အစားထိုးနေချေပြီ။ အသင်းတော်များသည် ဘုရားသခင်၏ ပညတ်တော်ကို ဘေးဖယ်ထားကာလွတ်လပ်သည်ဟု ဟစ်ကြွေးနေစဉ်မှာပင် အပြစ်၏ အနှောင်အဖွဲ့အောက်တွင် အသက်ရှင်နေကြရပါသည်။

ထာဝရဘုရားသခင်သည် သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိချက်များအားဖြင့် ကမ္ဘာသားများအပေါ် အသိတရားများကို သွန်းလောင်းတော်မူခဲ့သည်။

သို့ရာတွင် အတော်ဆုံးသိပ္ပံပညာရှင်သည်ပင် သမ္မာကျမ်းစာ၏ လမ်းပြမှုကို မခံယူလျှင် ဗျာဒိတ်စကားနှင့် သိပ္ပံပညာအကြားဆက်နွယ်မှုကို အဖြေရှာရန် ကြိုးစားနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။

လူသားများ၏ အသိပညာမှာ စုံလင်မှုကင်းပါသည်။ ထိုကြောင့်လူအများသည် သိပ္ပံပညာကို သမ္မာကျမ်းစာနှင့်ညှိနှိုင်းခြင်းများမစွမ်းနိုင်ကြပါ။ လူအများကမူ သိပ္ပံနည်းကျကျလက်တွေ့ပြနိုင်သောသီအိုရီများကိုသာ လက်ခံကြပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်

စကားများကို "အလွဲခေါ်ဝေါ်သောသိပ္ပံအတတ်" အားဖြင့်စမ်းသပ်ရမည်ဟု အထင်ရှိနေကြပါသည်။ (၁တိ၊ ၆း၂၀)။ သဘာဝတရားကိုအခြေခံကာ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းရှင်၏ လုပ်ဆောင်ချက်များကိုရှင်းလင်းပြရန် မစွမ်းနိုင်ရာ။

သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် အကြောင်းအရာများကိုအားကိုးလောက်သည့် အရာများမဟုတ်ဟုသူတို့မှတ်ယူကြပါသည်။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းများအပေါ် သံသယရှိသူများသည် ဘုရားရှိသည်ဆိုသည့် အချက်ကိုပင် သံသယဝင်လာကြပါသည်။ အခြေမခိုင်သောယုံကြည်ခြင်းကြောင့်မယုံကြည်မှုများတွင် သူတို့တဝဲလည်လည်ဖြစ်နေကြပါသည်။

ဘုရားသခင်က အသိပေးမထားသောအရာများကို မှန်းဆဆင်ထင်ကြေးပေးဖြင်းတွင် လူသားများ နစ်မျှောအောင်လုပ်ဆောင်ခြင်းသည် စာတန်၏ အပြောင်မြောက်ဆုံးလက်ရာတစ်ခုဖြစ်သည်။ မိမိအား အသိပေးဖော်ပြသောအရာများကို ဂရုမထားဘဲ ဘုရားသခင်ကလျှို့ဝှက်ထားသောအရာများကို မိမိအား ယုံကြည်စွာမဖော်ပြသဖြင့် လူစီဖာသည် မကျေမနပ်ဖြစ်လာခဲ့ပါသည်။ ယခုတွင် သူသည် လူသားများ၌ ထိုစိတ်ဓါတ်မျိုးသွတ်သွင်းကာ ဘုရား၏တိုက်ရိုက်မိန့်မှာချက်များကို ဂရုမထားကြရန် လူသားများအား သွေးဆောင်နေပါသည်။

ကိုယ်အလိုကို ငြင်းပယ်ခြင်းနှင့်ပတ်သက်သော ဝိညာဉ်ရေးဆိုင်ရာသြဝါဒများကို တင်ပြမှုနည်းလာသည်နှင့်အမျှ လူသားများ၏မျက်နှာသာပေးမှုသည် ပို၍များများရရှိလာတတ်ပါသည်။ လူသားတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းရန် စာတန်အဆင်သင့်ရှိနေပါသည်။ ၄င်းပြင် သူသည် သမ္မာတရားအစား လှည့်ဖြားမှုများကိုတစ်ပတ်ရိုက်

ဖော်ပြတတ်ပါသည်။ ရောမအသင်းကြီးသည်ဤနည်းကိုအသုံးပြုကာ လူသားများ၏ စိတ်နှလုံးကို ဖမ်းစားနိုင်ခဲ့ပါသည်။ ကပ်တိုင်နှင့်ပတ်သက်နေသည့် သမ္မာတရားကိုငြင်းပယ်ခြင်းအားဖြင့် ပရိုတက်စတင့်များသည် ထိုလမ်းဟောင်းကို လိုက်လျှောက်နေကြပါသည်။

လောကသားများနှင့် ကွဲပြားခြားနားမသွားစေလိုသောသဘောဖြင့် အဆင်ပြေရေးဝါဒကို လေ့လာနေသူများသည် "ဖျက်ဆီးတတ်သောမိစ္ဆာအယူ" ကိုလက်ခံရန် စွန့်ပစ်ခြင်းကိုခံရလိမ့်မည်။ ၂ပေ ၂း၁။ လှည့်ဖြားခြင်းကိုကြောက်ရွံ့သောစိတ်ဖြင့် ရှုကြည့်သူများသည် အခြားတစ်ခုကိုလက်ခံရန် အဆင်သင့်ရှိနေကြလိမ့်မည်။ "ထိုကြောင့် သမ္မာတရားကိုမယုံဘဲ မတရားသောအမှု၌ မွေ့လျော်သောသူအပေါင်းတို့သည်တရားရှုံးခြင်းသို့ရောက်မည်အကြောင်း မုသားစကားကို ယုံစိမ့်သောငှာ မိစ္ဆာဒိဋ္ဌိပြုပြင်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင် လွှတ်တော်မူလိမ့်မည်။" ၂သက်၊ ၂း၁၁-၁၂။

## အန္တရာယ်များသောအမှားများ

နံ့ဝိညာဉ်အယူဒါဒ (ဝါ) လိပ်ပြာခေါ်ခြင်းဆိုင်ရာ အံ့ဖွယ်လိမ်ညာမှုသည် စာတန်၏ အောင်မြင်သော လိမ်လည်မှုများတွင်တစ်ခု အပါအဝင်ဖြစ်သည်။ လူသားများသည် သမ္မာတရားကို ပြင်းပယ်လိုက်သည်နှင့် တစ်ချိန်တည်းမှာပင် လိမ်လည်ဖြားယောင်းခြင်း၏ သားကောင်များဘဝသို့ ရောက်ရှိသွားကြပါသည်။

အခြားအမှားတစ်ခုမှာ ခရစ်တော်သည် ဤလောကသို့ ကြွမလာမီ မတည်မရှိဟုဖွင့်ဆိုကာ ခရစ်တော်၏ ဘုရားဇာတိတော်ကို

ငြင်းပယ်သည့် ဩဝါဒပင်ဖြစ်သည်။ ဤကမ္ဘာကြီးမတည်မရှိမီက တည်းက ခရစ်တော်သည် ခမည်းတော်ဘုရားသခင်နှင့်အတူရှိတော်မူလျက်ရှိသည်ဟူသော ကယ်တင်ရှင်ကိုယ်တော်တိုင် ဖွင့်ဆိုချက်မှာ ဤအယူအဆနှင့် လုံးဝခြားနားနေပါသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်ထံမှလာသည့် ဗျာဒိတ်တော်ဖြစ်သည် ဆိုသည့်ယုံကြည်ချက်ကို ဤအယူအဆက ထိခိုက်အားနည်းစေပါသည်။ ခရစ်တော်၏ဘုရားသခင်ဇာတိနှင့်ပတ်သက်သော သမ္မာကျမ်းစာမှသက်သေခံချက်များကို ငြင်းဆန်နေသူများနှင့် ငြင်းခုံနေလျှင် အချည်းအနှီးသာဖြစ်လိမ့်မည်။

မည်သည့်ဖွင့်ဆိုချက်ကမှ သူတို့အားသဘောပေါက်စေလိမ့်မည်မဟုတ်ချေ။ ဤအမှားမျိုးကို မစွဲကိုင်သူများသည်သာလျှင် ခရစ်တော်အကြောင်းကိုလည်းကောင်း လူသားများကယ်တင်မည့်ဘုရား၏ စီမံကိန်းကိုလည်းကောင်း ကောင်းမွန်စွာနားလည် ကြပါလိမ့်မည်။

အခြားမှားယွင်းသော ယုံကြည်ချက်တစ်ခုမှာ စာတန်ဟူသော ပုဂ္ဂိုလ်မှာ တကယ်မရှိကြောင်း လူတို့၏ မကောင်းသောအတွေးနှင့် မကောင်းသောဆန္ဒများကို ပုံဖော်ရန်သက်သက်သာ သမ္မာကျမ်းစာတွင် စာတန်ဟူသောအမည်နာမကို အသုံးပြုထားသည်ဟူသောယုံကြည်ချက်ဖြစ်သည်။

လူသေသောအခါ ထိုလူသေထံသို့ ခရစ်တော်ကြွလာခြင်းသည် ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းပင်ဖြစ်သည်ဟူသော သွန်သင်ချက်သည် ကောင်းကင်တွင် မိုးတိမ်ကိုစီးကာ ကိုယ်တော်ရှင်ကိုယ်တော်တိုင်ကြွလာခြင်းမှ အာရုံပြောင်းသွားရန် အသုံးပြုသည့် လှည့်ကွက်တစ်ခုသာဖြစ်သည်။"ဤအရပ်၌ ခရစ်တော်ရှိသည်" ဟု

စာတန်ပြောခဲ့ဖူးရာ ထိုလှည့်ဖြားမှုကို ယုံကြည်မိသူများသည် ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ (မဿဲ ၂၄း၂၃-၂၆ ကိုကြည့်ပါ)။

ဆုတောင်းသံကို နားညောင်းသည်ဆိုသည့်အချက်မှာအမှန်တကယ်မဖြစ်နိုင်သောအရာဖြစ်ကြောင်း သိပ္ပံပညာရှင်များကတစ်ဖန်ဖွင့်ဆိုပြန်သည်။ ဤအရာသည် အမှန်တကယ်တည်ရှိမနေသည့် ထူးဆန်းသောနိမိတ်လက္ခဏာပြခြင်းဟုခေါ်သည့် သဘာဝတရားကို လွန်ဆန်မှုတစ်ခုသာဖြစ်လိမ့်မည်။ ပုံသေဖြစ်နေသော သဘာဝတရားများက စကြဝဠာကြီးကို အုပ်စိုးထားသည်ဖြစ်၍ ဘုရားကိုယ်တော်တိုင်ပင် ထိုသဘာဝတရားများနှင့် မဆန့်ကျင်နိုင်ပါဟု သူတို့ကဖွင့်ဆိုကြပါသည်။

ဤနည်းအားဖြင့် ဘုရားသခင်၏ ပညတ်တော်ကဘုရား၏ လွတ်လပ်မှုကို ဖယ်ရှားနိုင်သယောင်ယောင်၊ ဘုရားသခင်သည်မိမိပညတ်တော်၏ အနှောင်အဖွဲ့အောက်တွင် ရောက်ရှိနေသည့်ပုံစံမျိုးဖြင့်သူတို့သရုပ်ဖော်ကြပါသည်။

ဤသွန်သင်ချက်မျိုးသည် သမ္မာကျမ်းစာ၏ သက်သေခံချက်များနှင့် လုံးဝဆန့်ကျင်နေပါသည်။

ခရစ်တော်နှင့်တကွ တမန်တော်များသည် ထူးဆန်းသောနိမိတ်လက္ခဏာများကို ပြခဲ့ကြသည်မဟုတ်ပါလား။ ထိုကယ်တင်ရှင်သည် လူတို့အလယ်တွင် သက်ရှိထင်ရှားရှိစဉ်ကကဲ့သို့ပင် ယခုတွင်လည်း ယုံကြည်ခြင်းနှင့်ပြည့်စုံသော ဆုတောင်းချက်များကို နားညောင်းရန် ဆန္ဒပြင်းပြနေပါသည်။ ဖြစ်ရိုးဖြစ်စဉ်သဘာဝသည် သဘာဝလွန်ဖြစ်ရပ်များနှင့် ပူးပေါင်းလုပ်ဆောင်နေပါသည်။ ကျွန်ုပ်တို့မတောင်းဆိုလျှင် ဘုရားသခင်ပေးမည်မဟုတ်သော အရာများကိုယုံကြည်ခြင်းနှင့် ဆုတောင်းသူများအား ပေးသနားရန်မှာ ဘုရားသခင့်စီမံကိန်း၏ ကဏ္ဍတစ်ခုဖြစ်ပါသည်။

## နှုတ်ထွက်စကားများ၏ သမိုင်းမှတ်တိုင်များ

အသင်းတော်များတွင် ကျင့်သုံးနေသည့် မှားယွင်းသောဩဝါဒများသည် နှုတ်တော်ထွက်စကားများက စိုက်ထူခဲ့သည့် သမိုင်းမှတ်တိုင်များကို ဖယ်ရှားပစ်နေပါသည်။ လူနည်းစုကသာ သမ္မာတရားအား ငြင်းပယ်ခြင်းကိုရပ်တန့်ကြသော်လည်း လူများစုမှာမူ ဘုရားတရားမဲ့များဖြစ်လာသည့်အခြေအထိ သမ္မာတရားများကို တစ်ခုပြီးတစ်ခုဘေးဖယ်နေလျက်ရှိပါသည်။

ရေပန်းစားသည့် ခရစ်ယာန်ဘာသာရေးယုံကြည်မှုများ၏ အမှားအယွင်းများကြောင့် လူများစွာတို့သည် ဘာသာအယူဝါဒအပေါ် အယုံအကြည် ကင်းမဲ့သည့်ဘဝသို့ရောက်သွားခဲ့ကြရပါသည်။ လူတစ်ဦးတစ်ယောက်၏ တရားမျှတခြင်း၊ သနားကြင်နာခြင်းနှင့် စေတနာထားခြင်းဆိုင်ရာ ခံစားချက်ကို ထိခိုက်နာကြည်းစေသည့် ဩဝါဒများကို လက်ခံရန်မှာ ၎င်းတို့အတွက် မဖြစ်နိုင်ပါချေ။ ဤအရာများကို သမ္မာကျမ်းစာ၏ သွန်သင်ချက်များအဖြစ် ပုံဖော် လာသောကြောင့် ၎င်းတို့သည်ထိုအရာများကို နှုတ်တော်ထွက် စကားအဖြစ် လက်ခံရန် ငြင်းဆိုခဲ့ကြပါသည်။

နှုတ်တော်ထွက်စကာများသည် အပြစ်ကိုဖော်ပြဆုံးမရုံသာမက အပြစ်ကိုစီရင်နေသောကြောင့် လူအများက ကိုးစားလိုစိတ်ကင်းမဲ့စွာဖြင့် ထိုနှုတ်တော်ထွက်စကားများကို ရှုကြည့်ကြသည်။ နားထောင်လိုက်လျှောက်ရန် ဆန္ဒမရှိကြသူများကလည်း သမ္မာကျမ်းစာ၏ ဩဇာညောင်းမှုကို မှောက်လှန်နေကြသည်။ အရေးအတွက်မနည်းလှစွာသောလူတို့သည်တာဝန်ပျက်ကွက်မှုကိုစီရင်ချက်ချနိုင်ရန်

အလို့ငှာ ဘုရားမသိတရားမသိသူများဖြစ်လာကြပါသည်။အခြားသော သူများမှာမူ ကိုယ်အလိုကိုငြင်းပယ်ကာ လိုပဆောင်ရမည့်အရာများ ကိုသက်သက်သာသာဖြင့်လုပ်ဆောင်ရင်း သမ္မာကျမ်းစာကို ဝေဖန် သုံးသပ်မှုလုပ်ဆောင်ခြင်းအားဖြင့် ပညာရှိများအဖြစ် နာမည်ကောင်း ယူနေကြသည်။

လူအများကမူ မယုံကြည်ခြင်း၊ ဘာသာတရားကို အယုံအ ကြည်ကင်းမဲ့ခြင်း၊ ဘုရားမဲ့တရားမဲ့ဖြစ်ခြင်းများဘက်တွင် ရပ်တည်ရ သည်ကို ကောင်းသောအကျင့်သီလတစ်ခုဖြစ်သည်ဟု လက်ခံနေကြ ပါသည်။

သို့ရာတွင် ပွင့်လင်းသောထိုဟန်အမူအရာတစ်ခုအောက်တွင် ဖုံးကွယ်ထားသည့်အရာများမှာ ကိုယ့်ကိုကိုယ် ယုံကြည်ခြင်းနှင့် မာန စိတ်များပင်ဖြစ်သည်။ သူတစ်ပါးအတွက် ပဟေဠိဆန်ဆန် အဖြေ ရှာရမည့်ကျမ်းချက်များကို ရှာဖွေရသည်ကို လူအများ နှစ်ထောင်းအား ရရှိကြပါသည်။

တချို့မှာမူ ဝါသနာအရ အမှားဘက်မှနေကာ ငြင်းခုံတတ်ပါ သည်။ ၎င်းတို့သည် မယုံကြည်ခြင်းကို ဖွင့်ဟပြီးသည့်နောက်မိမိ၏ ရပ်တည်ချက်ကို ဆက်လက် ထိန်းသိမ်းရမည်ဟု သူတို့ခံယူကြပါ သည်။ဤနည်းအားဖြင့် သူတို့သည် ဘုရားကိုမချစ်သောပုဂ္ဂိုလ်များနှင့် ပူးပေါင်းမိသွားပါသည်။

## လုံလောက်သောသာဓက

ထာဝရဘုရားသည် မိမိစာရိတ္တနှင့်ပတ်သက်သည့်သာဓက များကို သမ္မာကျမ်းစာတွင် အလုံအလောက် ဖော်ပြထားပါသည်။

သို့စေကာမူ အားနည်းသောလူသားများသည် အနန္တတန်ခိုးတော်ရှင် ဘုရားသခင်၏ အလိုတော်ကို ပြည့်ပြည့်ဝဝသိနိုင်စွမ်း မရှိကြချေ။ “စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍မကုန်နိုင်။ ကြွတော်မူရာ လမ်းတို့ကို လိုက်၍ရှာသော်လည်း မတွေ့မမိနိုင်။” ရောမ ၁၁း၃၃။ အနန္တတန်ခိုးတော်နှင့်အတူ ယှဉ်တွဲတည်ရှိနေသော မဟာမေတ္တာတော်နှင့် ကရုဏာတော်များကို ကျွန်ုပ်တို့ သတိပြု ရိပ်စားမိနိုင်ပါသည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော် ဘုရားသခင်သည် ကျွန်ုပ်တို့သိသင့်သလောက်အတိုင်းအတာအထိ ကျွန်ုပ်တို့အား ဖေါ်ပြတော်မူလိမ့်မည်။ ထိုထက်ပိုသောအရာအားလုံးကို မေတ္တာတော်နှင့် ပြည့်ဝသော မဟာတန်ခိုးတော်၏ လက်ထဲတွင် ကျွန်ုပ်တို့အပ်နှံကြရမည်။

ထာဝရဘုရားသည် မယုံကြည်မှုအတွက် ပေးသောဆင်ခြေအားလုံးကို မည်သည့်အခါမျှ ဖယ်ရှားပစ်တော်မူလိမ့်မည်မဟုတ်ပါ။ သံသယစိတ်များကို ဖယ်ရှားပစ်နိုင်ရန် အကူအညီ ရှာသူများသည် လိုအပ်သောအမအစကို တွေ့ကြလိမ့်မည်။ ကန့်ကွက်မှုများအားလုံးကိုဖြေရှင်းပြီးသည့်တိုင်အောင် နားထောင်လိုက်လျှောက်ရန်ငြင်းဆန်နေသူများသည် မည်သည့်အခါမျှ အလင်းကိုရောက်လာလိမ့်မည်မဟုတ်ချေ။

အသစ်မဖြစ်သေးသည့် စိတ်နှလုံးသည် ထာဝရဘုရားနှင့် ရန်ငြိုးဖွဲ့နေပေလိမ့်မည်။ သို့ရာတွင် ယုံကြည်ခြင်းကို သန့်ရှင်းသော °ဝိညာဉ်တော်က မှုတ်သွင်းပေးသဖြင့် ထိုယုံကြည်ခြင်းသည် နှစ်သက်မြတ်နိုးစရာကောင်းသလို ကြီးထွားရှင်သန်ခြင်းလည်း ရှိလာပါသည်။ သို့ရာတွင် ခိုင်မာသော ကြိုးစားမှုမပြုလုပ်ဘဲ မည်သူမျှအားကောင်းသော ယုံကြည်ခြင်းကို မပိုင်ဆိုင်နိုင်ချေ။ လူသားများသည်

မလိုအပ်ဘဲ ညည်းတွားအပြစ်တင်နေကြမည်ဆိုလျှင်မူ သံသယစိတ်များခိုင်မာလာသည်ကို တွေ့ကြရလိမ့်မည်။

ကိုယ်တော်ရှင်၏ ကျေးဇူးတော်ဆိုင်ရာအာမခံချက်ကိုသံသယဖြစ်ကာ မယုံကြည်သူများသည်ခရစ်တော်အားအသရေပျက်အောင်လုပ်ဆောင်နေခြင်းဖြစ်သည်။ ထိုသူများသည် နေအလင်းရောင်နှင့်ဝေးကာ စိမ့်မိနေသဖြင့် မကြာမြင့်မီအချိန်တွင် သေတော့မည့်အသီးမသီးသောအပင်များနှင့်တူကြ၏။ ၎င်းတို့၏ အသက်တာလုပ်ဆောင်မှုများသည် ၎င်းတို့၏ ဆန့်ကျင်သက်သေခံမည့် ထာဝရသက်သေများအဖြစ် ရပ်တည်နေကြလိမ့်မည်။

သို့ရာတွင် သံသယစိတ်များကို ဖယ်ရှားပစ်ရန် ရိုးရိုးသားသားဆန္ဒရှိသူများ လိုက်လျှောက်ရမည့်နည်းလမ်း တစ်ခုရှိနေပါသည်။ ထိုနည်းလမ်းမျာ နားမလည်သည့်အရာတစ်ခုအတွက် မေးခွန်းထုတ်နေမည့်အစား မိမိတို့အပေါ်တွင် ထွန်းလင်းလက်စရှိနေပြီဖြစ်သည့်အလင်းနောက်သို့သာ လိုက်ပါလေစေ။ သို့ပြုလှင် ထိုသူတို့သည်ပို၍ကြီးကျယ်သည့် အလင်းကိုရရှိကြလိမ့်မည်။

စာတန်သည် သမ္မာတရားနှင့်အလွန်ဆင်တူသည် သမ္မတရားအတုတစ်ခုကို တင်ပြနိုင်စွမ်းရှိသည်။ ထိုအတုအယောင်သမ္မာတရားသည် အလှည့်ဖြားခံလိုသူများနှင့် သမ္မာတရားကတောင်းဆိုထားသည့်အနစ်နာခံမှုကို ရှောင်ရှားလိုသူများကို လှည့်ဖြားလိမ့်မည်။ သို့ရာတွင် အနစ်နာခံရသည်ကို ဂရုမထားဘဲ သမ္မာတရားကို ရိုးရိုးသားသားရှာဖွေနေသူများကို ထိန်းချုပ်ထားရန်အတွက်မူ စာတန်၌အစွမ်းမရှိပါချေ။ "ဟုတ်မှန်သော အလင်းမူကား ဤလောကသို့ ကြွလာလျက်ခပ်သိမ်းသောလူအပေါင်းတို့အားအလင်းကိုပေးသောသူဖြစ်သတည်း။"

"ထိုသူ၏အလိုတော်ကို လိုက်လျှင်သောသူမည်သည်ကား ဤဒေသနာသည် ဘုရားသခင်၏ဒေသနာတော်ဖြစ်သလော---ဟုပိုင်းခြား၍ သိလိမ့်မည်။" ယောဟန် ၁း၉၊ ၇း၁၇။

ထာဝရဘုရားသည် မိမိလူတို့အား စုံစမ်းနှောင့်ယှက်ခြင်းနှင့်ရင်ဆိုင်ရန် ခွင့်ပြုလေ့ရှိပါသည်။ ထိုသို့ခွင့်ပြုခြင်းသည် သားသမီးများဒုက္ခရောက်သည်ကို စိတ်ပျော်သောကြောင့် မဟုတ်ဘဲ ထိုစုံစမ်းနှောင့်ယှက်ခြင်းများသည် နောက်ဆုံးသော အောင်ပွဲအတွက် မရှိမဖြစ်လိုအပ်သောအရာများ ဖြစ်သောကြောင့်ဖြစ်သည်။

ထိုဒုက္ခခံခြင်း၏ဦးတည်ချက်မှာ စာတန်၏သွေးဆောင်မှုအားလုံးကို တွန်းလှန်နိုင်ဖို့အတွက် ပြင်ဆင်ရန်ဖြစ်သောကြောင့် ကိုယ်တော်သည် မိမိ၏ဘုန်းတန်ခိုးကိုအသုံးပြုကာ ၎င်းတို့အား စုံစမ်းနှောင့်ယှက်ခြင်းမှ ကင်းဝေးစေရန် အမြဲတမ်းကြီးကာကွယ်ပေးနေလိမ့်မည်မဟုတ်ချေ။ ဘုရားသခင်၏ သားသမီးများသည် မိမိတို့၏ အပြစ်များကို ဝန်ချတောင်းပန်ကာ ကတိတော်များအတိုင်း ကောင်းချီးပေးရန် တောင်းခံခဲ့ကြလိမ့်မည်ဆိုလျှင် မည်သည့်လူယုတ်မာနှင့် နတ်ဆိုးများကမှ ကိုယ်တော်၏ လူတို့ထံသို့ ဘုရားသခင်မလိုနိုင်အောင် တားဆီးထားနိုင်လိမ့်မည်မဟုတ်ချေ။

စုံစမ်းနှောင့်ယှက်ခြင်း အသွယ်သွယ်ကို "ဗိုလ်ခြေအားဖြင့် မဟုတ်။ အာဏာတန်ခိုးအားဖြင့်မဟုတ်။ ငါ့ဝိညာဉ်အားဖြင့်"ကျော်လွှားအောင်မြင်လိမ့်မည်ဟုထာဝရဘုရားသခင် မိန့်တော်မူနေပါသည်။ ဇာခရိ ၄း၆။

"သင်တို့သည် ကောင်းသောတရားကို ကျင့်သောသူဖြစ်လျှင် အဘယ်သူညှဉ်းဆဲမည်နည်း။" ၁ပေ၊ ၃း၁၃။ ခရစ်တော်ကိုကိုးစားသော အားအနည်းဆုံး ဝိညာဉ်တစ်လုံးသည် အမှောင်ထုမှဗိုလ်ခြေ

တစ်ခုထက်ပို၍အားကောင်းသည်ကို စာတန်ကောင်းကောင်းသိထားသဖြင့် ခိုင်ခံ့သောခံတပ်ထဲမှ ကပ်တိုင်၏ စစ်သည်တော်များဆုတ်ခွာလာအောင် သူကြိုးစားနေပါသည်။ မိမိပိုင်နက်ထဲသို့ ရောက်လာသူများကို အပိုင်ချေမှုန်းရန်အတွက် ခြုံထဲတွင်လဲလျောင်းကာ သူအသင့်အနေအထားတွင် ချိန်ရွယ်ထားပါသည်။ ဘုရားသခင်အပေါ်တွင် လုံးလုံးမှီခိုကာ ပညတ်တော်အလုံးစုံလိုက်လျှောက်ခြင်းအားဖြင့်သာ ထိုအန္တရာယ်မှ ကျွန်ုပ်တို့လွတ်မြောက်နိုင်ကြပါသည်။

မည်သူတစ်ဦးတစ်ယောက်ကမျှ ဆုမတောင်းဘဲ လုံခြုံမှုကို တစ်ရက် (ဝါ) တစ်နာရီမရနိုင်ပါ။ နှုတ်တော်ထွက်စကားများကိုနားလည်နိုင်ရန် အထက်မှဉာဏ်ပညာများကိုချပေးရန် ထာဝရဘုရားထံတွင် အသနားခံပါ။ ကျွန်ုပ်တို့အား ယုံကြည်ခြင်းအားနည်းသွားရန် ရည်ရွယ်လျက် ကျမ်းချက်များကို မှားယွင်းစွာ အနက်ဖွင့်ကာ သမ္မာကျမ်းစာကိုကိုးကားပြောဆိုရာတွင် စာတန်သည် အထူးကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ ကျွန်ုပ်တို့သည် နှိမ့်ချသောစိတ်ထားဖြင့်လုံခြုံမှုရရန် အမြဲမပြတ်အကာအကွယ်ယူစဉ်မှာပင် “အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေမိ” ဖို့ ယုံကြည်သောစိတ်နှင့် ကာလအစဉ်မပြတ်ကျွန်ုပ်တို့ဆုတောင်းသင့်ကြပါသည်။ (မဿဲ ၆း၁၃)။

-----o-----

## အခန်း (၃၃)
## သေလွန်ခြင်း၏နောက်ကွယ်တွင်

ကောင်းကင်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ပုန်ကန်ခြားနားမှုကို နှိုးဆွပေးခဲ့သူစာတန်သည် ဘုရားသခင်နှင့်ဆင်န္ဒဲနေသောတိုက်ပွဲတွင် ကမ္ဘာသူကမ္ဘာသားများက သူ့ဘက်မှပါဝင်ဆင်နွှဲစေလိုလျက်ရှိသည်။ အာဒံနှင့်ဧဝသည် ဘုရားသခင်၏ ပညတ်တော်အတိုင်း အသက်ရှင်နေထိုင်ခဲ့ခြင်းအားဖြင့် စုံလင်သောပျော်ရွှင်မှုကို ခံစားခဲ့ရပါသည်။ ဘုရားသခင်၏ပညတ်များသည် ဖိနှိပ်ချုပ်ချယ်ရန် သက်သက်ထားရှိသည်ဟု ကောင်းကင်နိုင်ငံတွင် စာတန်ပြောခဲ့ဖူးသောစကားများသည် ဤအချက်နှင့်ဆန့်ကျင်နေပါသည်။ စာတန်သည် ဤကမ္ဘာကြီးကို အပိုင်သိမ်းယူကာ ဘုရားသခင်အား အန်တုမည့်နိုင်ငံတစ်ခုကို ဤအရပ်တွင်တည်ထောင်နိုင်ရန်အတွက် လူသားများအားကျဆုံးသွားအောင်လုပ်ဖို့ ဆုံးဖြတ်ချက်ချထားပါသည်။

ထိုအန္တရာယ်ကောင်အကြောင်းကို အာဒံနှင့်ဧဝတို့အား ဘုရားသခင်သတိပေးထားပြီးဖြစ်သော်လည်း စာတန်သည် မိမိ၏အကြံအစည်မှန်ကိုဖုံးကွယ်ကာ အမှောင်ထဲတွင် အလုပ်လုပ်ခဲ့ပါသည်။ သူသည် ထိုစဉ်က အလှပဆုံးသတ္တဝါဖြစ်သည့် မြွေ၏ အယောင်ကိုဆောင်ကာ "သင်တို့သည် ဥယျာဉ်ရှိသမျှအပင်တို့၏ အသီးကိုမစားရဟု ဧကန်စင်စစ် ဘုရားသခင်မိန့်တော်မူသလော" ဟု ဧဝအားမေးလေ၏။

သူနှင့်အရဲစွန့်ပြီး စကားပြောခဲ့မိသည့် ဧဝသည် သူ၏မာယာတွင် သားကောင်ဘဝသို့ ကျရောက်ခဲ့ရပါသည်။ "မိန်းမကလည်းငါတို့သည် ဥယျာဉ်၌ရှိသောအပင်တို့၏ အသီးကိုစားရသော

အခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ရှိသော အပင်၏ အသီးကိုကားသင်တို့သည် မကိုင်မစားဘဲနေကြလော့။ သို့မဟုတ် သေမည်ဟုဘုရားသခင်အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။ မြွေကလည်း သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်လာမည်ကို ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။" ကမ္ဘာ ၃း၁-၅။

ဧဝသည် စုံစမ်းခြင်းတွင်ကျဆုံးသွားပါသည်။ သူမကြောင့် အာဒံသည်လည်း အပြစ်တရားတွင် နစ်မြုပ်သွားခဲ့ပါသည်။သူတို့သည် မိမိတို့၏လွတ်လပ်မှုကို ချုပ်ချယ်နေသည်ဟု အထင်ရောက်ကာဖန်ဆင်းရှင်အား မကိုးစားတော့ဘဲ မြွေ၏စကားများကို လက်ခံကြပါသည်။

သို့ရာတွင် "စားသောနေ့တွင် ဧကန်အမှန်သေရမည်" ဟူသောမိန့်ဆိုချက်၏ အနက်အဓိပ္ပါယ်ကို အာဒံမည်သို့ တွေ့ရှိခဲ့သနည်း။ ပို၍ မြင့်မြတ်သောအသက်တာကို သူရောက်ရှိသွားခဲ့ပါသလား။ ဘုရားသခင့်စီရင်ချက်၏ အနက်သည် ထိုသို့ဖြစ်ခဲ့ကြောင်း အာဒံမတွေ့ခဲ့ရပါ။

လူသည် အပြစ်၏ အဖိုးအခအဖြစ် မြေကြီးသို့ပြန်ရမည်ဟု ဘုရားသခင်မိန့်မြွက်ခဲ့သည်။ ကမ္ဘာ ၃း၁၉။ သင်တို့သည်မျက်စိပွင့်လင်းမည်ဟု စာတန်ပြောခဲ့သည့် စကားသည် ဤနေရာတွင်မှန်ပါသည်။ မိမိတို့၏ ဆိုးညစ်မှုများကို မြင်တွေ့နိုင်ရန် သူတို့၏မျက်စိများသည် အမှန်ပင်ပွင့်လင်းခဲ့ပါသည်။ အပြစ်ဆိုသည်ကိုလည်း သူတို့သိရှိခဲ့ရပြီး ပညတ်တော်ကို လွန်ကျူးခြင်းကြောင့်ဖြစ်ပေါ်လာသည့် ခါးသီးသော အသီးကိုလည်း သူတို့မြည်းစမ်းခဲ့ရပါသည်။

ထိုအသက်ပင်၌ အသက်တာကိုတည်တံ့စေနိုင်သည့်တန်ခိုး ရှိပါသည်။ အာဒံသည် ထိုအသက်ပင်၏အသီးကိုစားကာ ထာဝရ ကာလအသက်ရှင်ခွင့်ရရှိခဲ့ပြီးသော်လည်း အပြစ်ကျူးလွန်ခဲ့ပြီဖြစ် သဖြင့် ထိုအသက်ပင်အနီးသို့ချဉ်းကပ်ခွင့်မရတော့ဘဲ သေမျိုးဖြစ် လာခဲ့ရပါသည်။

ပညတ်တော်ကို လွန်ကျူးခဲ့မိသဖြင့် အမတဘဝတည်း ဟူသော မသေနိုင်သည့်ဇာတိမှ ပြန်လည်ရုတ်သိမ်းခြင်းခံခဲ့ရပါသည်။ ဘုရားသခင်ကသာ သားတော်အားဖြင့် ထိုမသေနိုင်သည့်အဖြစ်အား လူသားများလက်လှမ်းမီလောက်သည့်အခြေတွင် မစီစဉ်ပေးပါက လူသားအပေါင်းတို့သည် မြော်လင့်ချက်မဲ့ခဲ့လိမ့်မည်သာတည်း။

"လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။" သို့ရာတွင် "ထိုသခင်သည်-----အသက်ရှင်ခြင်းအ ကြောင်းနှင့် မဖေါက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေတော်မူပြီ။" "သားတော်ကို ယုံကြည်သောသူသည် ထာဝရ အသက်ကိုရ၏။ သားတော်ကိုပယ်သောသူမူကား အသက်ကိုမတွေ့ ရ။ဇ ရောမ ၅း၁၂။ ၂တိ၊ ၁း၁၀။ ယောဟန် ၃း၃၆။

## မဟာလိမ်ညာမှုကြီး

ဘုရားသခင်၏ စကားကို နားထောင်လိုက်လျှောက်မှုမပြု ခြင်းအားဖြင့် အသက်ရမည်ဟု ကတိပေးခဲ့သည့်ထိုသူသည် လိမ်လည် လှည့်ဖြားသူများတွင် အထွတ်ဖြစ်သည်။ "သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်" ဟု ဧဒင်ဥယျာဉ်၌ မြွေဖွင့်ဆိုခဲ့သောစကားများ သည် အသက်ဝိညာဉ်သည် မသေနိုင်ဟူသောခေါင်းစဉ်ဖြင့် ပထမ

ဦးစွာဟောသည့် တရားဟောချက်တစ်ခုဖြစ်သည်။ စာတန်၏အမိန့် အာဏာတစ်ခုတည်းအပေါ်တွင် အခြေခံခဲ့သော ဤဖွင့်ဆိုချက်သည် တရားဟောစင်မြင့်များတွင် ပဲ့တင်ထပ်ခဲ့ပါသည်။ ၄င်းပြင် ကျွန်ုပ်တို့၏မိဦးဖဦးများက ထိုဖွင့်ဆိုချက်ကို လက်ခံခဲ့သကဲ့သို့ လူအများစုက လည်း လက်ခံနေကြပါသည်။ "ပြစ်မှားသောသူသည် အသေခံရမည်။ (ယေဇကျေလ ၁၈း၂၀) ဟူသော ဘုရားသခင်၏ စီရင်ချက်ကို "ပြစ်မှားသောသူသည် အသေမခံရ။ ထာဝရကာလအသက်ရှင်လိမ့်မည်" ဟု အဓိပ္ပါယ်ဖွင့်ဆိုနေပါသည်။ အပြစ်ကျူးလွန်ပြီးသည့်လူသားများအား အသက်ပင်အနီးသို့ ချဉ်းကပ်ခွင့် ပေးခဲ့မည်ဆိုလျှင်အပြစ်တရားသည် ထာဝရကာလတည်ရှိသွားပေလိမ့်မည်။ သို့ရာတွင် အာဒံတို့မိသားစုမှ တစ်ဦးတစ်ယောက်ကိုမျှ အသက်ပင်၏အသီးကို စားခွင့်မပြုခဲ့သည့်အတွက် အသက်မသေနိုင်သည့် အပြစ်သားဟူ၍ တစ်စုံတစ်ယောက်မျှမရှိပါချေ။

လူသားများအပြစ်တရားတွင်ကျဆုံးပြီးနောက် "လူသားများသည် သဘာဝအားဖြင့် သေတတ်သည့်သတ္တဝါမဟုတ်" ဟူသော ယုံကြည်ချက်ကိုဝါဒဖြန့်ရန် ကောင်းကင်တမန်များအား စာတန်အမိန့်ပေးခဲ့သည်။

ဤမှားယွင်းမှုကြီးကို လက်ခံလာအောင်လူသားများအား သွေးဆောင်ပြီးနောက် လူသားများသည် ထာဝရအနိဋ္ဌာရုံထဲတွင် အသက်ရှင်နေကြရသည်ဟူ၍ ထင်လာအောင် သူတို့သွေးဆောင် ကာယခုတွင်မူ ထာဝရဘုရားသည် မိမိနှင့်အဆင်မပြေသူများအား ငရဲမီးအိုင်ထဲသို့ ပို့ဆောင်ကာ ထာဝရ မီးလျှံများကြားတွင် ထွန့်ထွန့်လူးနေသည်ကိုကြည့်ပြီး ကျေနပ်အားရနေသည့် ကလဲ့စားချေတတ်သော အာဏာရှင် တစ်ပါး ဖြစ်သည်ဟု စာတန်သရုပ်

ဖေါ်တင်ဆက်နေပါသည်။ ထိုမကောင်းဆိုးဝါးကြီးသည် ဤနည်းများကို အသုံးပြုကာ လူသားများကို အကျိုးပြုနေသူ ဘုရားရှင်အား မိမိအရေခွံဖြင့်ခြုံပေးလိုက်ပါသည်။ အမှန်မှာ ရက်စက်ကြမ်းကြုတ်မှုများသည် စာတန်နှင့်သာ ပတ်သက်ပါသည်။ လူသားများကို အပြစ်ကျူးလွန်စေဖို့ စုံစမ်းလျက်ရှိသော ရန်သူကြီးမှာ စာတန်ဖြစ်ပါသည်။ အခွင့်သာလျှင် လူသားများအား သုတ်သင် ဖျက်ဆီးတတ်သောရန်သူကြီးမှာလည်း စာတန်ပင်ဖြစ်သည်။ လူသေများသည် လောကတွင်တခဏအသက်ရှင်စဉ် ကျူးလွန်ခဲ့သော အပြစ်အတွက် ဘုရားသခင်အသက်ရှင်သမျှ ကာလပတ်လုံး ငရဲမီးထဲတွင် ထာဝရကာလဒုက္ခခံစားရလိမ့်မည်ဟူသော ၎င်း၏ ဩဝါဒမှာ မနှစ်မြို့စရာအလွန်ကောင်းလှပါသည်။

ဘုရားသခင်၏ သမ္မာကျမ်းစာတွင် ထိုကဲ့သို့သောသွန်သင်ချက်များကို တွေ့ရှိနိုင်ပါသလား။ လူသားများ၏ ခံစားချက်ကိုထိုလူရိုင်းကြီး၏ ရက်စက်မှုများနှင့် ဖလှယ်ရန်ဖြစ်ပါသလား။ မဟုတ်ပါ။ သမ္မာကျမ်းစာက ထိုသို့မသွန်သင်ပါ။ "အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား ငါအသက်ရှင်သည်အတိုင်း ဆိုးသောသူသည်အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။ အိုဣသရေလအမျိုးသားတို့ သင်တို့လိုက်သော လမ်းဆိုးမှလွှဲကြလော့။ လွှဲကြလော့။ အဘယ်ကြောင့် အသေခံလိုကြသနည်း။" ယေဇကျေလ ၃၃း၁၁။

အဆုံးမသတ်သည့် နှိပ်စက်မှုကို မြင်ရခြင်းအတွက် ထာဝရဘုရားသခင်နှစ်ထောင်းအားရရှိနေပါသလား။မီးလျှံထဲမှာမိမိကိုယ်တိုင်

ပစ်ချထားသည့် သတ္တဝါများ၏ အော်ဟစ်ညည်းတွားသံများကြောင့် ကိုယ်တော်ရှင်သည် ပီတိဖြစ်နေပါသလား။ ကြောက်လန့်စရာထို အသံများသည် အနန္တမေတ္တာတော်ရှင်၏ နားထဲတွင် သာယာနာပျော် ဖွယ်တေးဂီတသံကဲ့သို့ ဖြစ်နေပါသလား။ ဤအတွေးများသည် ကြောက်စရာကောင်းသည့် စော်ကားမှုတစ်ရပ်ပါတကား။ ခေတ်အဆက်ဆက်အပြစ်တရားတည်တံ့မှုကြောင့် ဘုရား၏ တန်ခိုးတော်သည် ပို၍ ထွန်းတောက်လာသည်မဟုတ်ပါချေ။

## ထာဝရညှဉ်းဆဲနှိပ်စက်ခြင်း--မိစ္ဆာအယူဝါဒ

ဆိုယုတ်မှုကို ထာဝရညှဉ်းဆဲနှိပ်စက်ခြင်းတည်းဟူသော မိစ္ဆာအယူအားဖြင့် ပုံဖော်ဖြစ်ပွားစေခဲ့သည်။ ချစ်ခြင်းမေတ္တာကောင်းမြတ်ခြင်းတို့နှင့် ပြည့်ဝသည့် သမ္မာကျမ်းစာပါ ဘာသာရေးအယူဝါဒကို အယူသီးမှုအားဖြင့် အမှောင်ကျစေခဲ့သည်။ ကြောက်လန့်စရာများဖြင့် လွှမ်းခြုံခဲ့ကြသည်။ စာတန်သည် ဘုရား၏ စာရိတ္တတော်ကို မှားယွင်းစွာဖော်ပြခဲ့သည်။

ထိုကြောင့် ကရုဏာတော်အရှင်ဖန်ဆင်းရှင်သည် ကြောက်ရွံ့မုန်းတီးမှုကိုခံနေရသည်။ တရားဟောစင်မြင့်များမှ သွန်သင်ချက်များအားဖြင့် ကမ္ဘာအနှံ့သို့ ဖြန့်ဝေနေသည့် ဘုရားသခင်နှင့်ပတ်သက်သော ချောက်ချားစရာမြင်ကွင်းများကြောင့်သန်းပေါင်းများစွာသောလူတို့သည် ဘာသာတရားအပေါ် မယုံကြည်သူများ၊ ဘုရားတရားမဲ့သူများဖြစ်လာကြပါသည်။

ထာဝရနှိပ်စက်ညှဉ်းပန်းခြင်း အယူအဆသည် လူမျိုးအပေါင်းတို့အား ဗာဗုလုန်မှတိုက်ကျွေးမည့် မတရားသောမေထုန်၏စပျစ်ရည်

တည်းဟူသော မှားယွင်းသော ဩဝါဒများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ခရစ်တော်၏ အမှုတော်ဆောင်များသည် မှားယွင်းသောဥပုသ်ကိုလက်ခံသောအချိန်တွင် ရောမများထံမှ ဤမိစ္ဆာအယူဝါဒကို လက်ခံရရှိခဲ့ကြသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်တော်ထွက်စကားများကိုကျော်ပေးကာ မှားယွင်းသော ဩဝါဒများကို ဘိုးဘေးများကသွန်သင်ခဲ့သည်ဟုဆိုပြီး လက်ခံကြလိမ့်မည်ဆိုလျှင် ဗာဗုလုန်အပေါ်ချမှတ်ထားသည့် ပြစ်ဒဏ်စီရင်ချက်ကို ကျွန်ုပ်တို့လည်း ခံယူကြရပါလိမ့်မည်။ အမျက်တော် စပျစ်ရည်စစ်ကို ကျွန်ုပ်တို့သောက်ကြရပါလိမ့်မည်။

လူအများစုသည် မှားယွင်းသော ဆန့်ကျင်ဖက်အင်အားစုထဲသို့ရောက်ရှိနေကြပါသည်။ ထာဝရဘုရားကို ချစ်ခြင်းမေတ္တာအရှင်ကရုဏာအရှင်အဖြစ် သမ္မာကျမ်းစာတွင် ပုံဖော်ထားသည်ကို ၄င်းတို့တွေ့မြင်ထားသဖြင့် ထာဝရမီးအိုင်ထဲသို့ လူသားများအား စွန့်ပစ်တော်မူသည်ဆိုသည့်အချက်ကို သူတို့ လက်မခံကြချေ။

သို့ရာတွင်အသက်ဝိညာဉ်သည် သဘာဝအားဖြင့် သေတတ်သောအရာမဟုတ်ပါဆိုသည့် ယုံကြည်ချက်ကိုစွဲကိုင်လျက် လူသားအားလုံးသည် ကယ်တင်ခြင်းခံရလိမ့်မည်ဟု သူတို့ မှတ်ယူကြပါသည်။ ထို့ကြောင့် အပြစ်သားများသည် ဘုရားသခင်၏ တောင်းဆိုချက်များကို ဂရုမထားဘဲပျော်သလိုနေသော်လည်း ဘုရားသခင်၏ မျက်နှာသာပေးခြင်းကိုခံရမည်ဟု သူတို့ယုံကြည်ကြသည်။ ဘုရားသခင်၏ကရုဏာတော်ကိုအလေးပေးသော်လည်း ကိုယ်တော်၏တရားမျှတမှုကို မသိကျိုးကျွံပြုသည့် ထိုဩဝါဒမျိုးကို ဇာတိပကတိ စိတ်နှလုံးပိုင်ရှင်များကနှစ်သက်ကြပါသည်။

## ကျမ်းစာတွင်ဖော်ပြမထားသည့် စကြဝဠာဆိုင်ရာကယ်တင်ခြင်း

စကြာဝဠာတစ်ခုလုံး (ဝါ) လူသားအားလုံးကယ်တင်ခြင်းရမည်ဟု ယုံကြည်နေသူများသည် သမ္မာကျမ်းစာကို ကမောက်ကမလုပ်နေသူများဖြစ်သည်။ "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။"

"ထိုအသီးကိုစားသောနေ့တွင် သင်တို့သည် မျက်စိပွင့်လင်းလျက်. . . . ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့." ဟူ၍ ဧဒင်ဥယျာဉ်ထဲတွင် မြွေပြောခဲ့သည့်စကားများကို ခရစ်တော်၏အမှုဆောင်များက ထပ်လောင်းပြောဆိုနေကြပါသည်။ လူသတ်သမားများ သူခိုးများနှင့် လိင်ဖောက်ပြန်သူများတည်းဟူသော အဆိုးယုတ်ဆုံးအပြစ်သားများသည်လည်း သေလွန်သောအချိန်တွင် ထာဝရ ကောင်းကျိုးချမ်းသာထဲသို့ဝင်စားကြရလိမ့်မည်ဟု စာတန်ဖွင့်ဆိုခဲ့ပါသည်။ ဇာတိပကတိအလိုဆန္ဒနှင့် အထူးလိုက်ဖက်သည့် နားထောင်ကောင်းသည့် ယုံတမ်းစကားတစ်ခုပါတကား။

အကယ်၍သာ လူသေလျှင် ကောင်းကင်သို့တိုက်ရိုက်ဝင်စားလိမ့်မည်ဆိုသည့် ယုံကြည်ချက်သည် မှန်ကန်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် အသက်ရှင်ခြင်းထက် သေခြင်းကိုပို၍ လိုလားသင့်ကြပါသည်။ မိမိကိုယ်ကို အဆုံးစီရင်ရန် ဤယုံကြည်ချက်က လူအများအား လမ်းပြခဲ့ပါသည်။

လူတို့သည် ဒုက္ခပင်လယ်ဝေနေသောအချိန်တွင် ထာဝရကာလကောင်းကျိုးချမ်းသာကိုခံစားနိုင်ရန် ကိုယ့်ကိုကိုယ်အဆုံးစီရင်ရန်လွယ်ကူမယောင်ဖြစ်နေပါသည်။

သို့ရာတွင် ပညတ်တော်ကို လွန်ကျူးသူများအား အပြစ်ပေးတော်မူမည်ဟူသော ခိုင်မာသော သာဓကများကို သမ္မာကျမ်းစာတွင်

ထာဝရဘုရား ဖော်ပြထားတော်မူပါသည်။ အပြစ်သားများအပေါ် တရားမျှတစွာစီရင်နိုင်လောက်အောင် ထာဝရဘုရားသည် ကရုဏာနှင့်ပြည့်စုံတော်မူပါသလား။ ကရာနီကုန်းပေါ်ကကပ်တိုင်ကိုကြည့်ကြပါ။

"အပြစ်အခသည်သေခြင်းဖြစ်သည်" ကိုသားတော်ဘုရား၏ အသေခံခြင်းက သက်သေခံနေပါသည်။ (ရောမ ၆း၂၃)။ ပညတ်တော်ကို လွန်ကျူးသမျှအစုစုတို့သည် ဒဏ်ခတ်ခြင်းကိုခံကြရလိမ့်မည်။

အပြစ်ကင်းသောခရစ်တော်သည် လူသားများအတွက် အပြစ်တရားဖြစ်လာခဲ့ပါသည်။ အပြစ်သားများအားလုံး ကယ်တင်ခြင်းခံရစေရန်အလို့ငှာ နှလုံးကြေကွဲ၍ ဘဝပျက်သုဉ်းသွားသည့် အဖြေအထိ ခမည်းတော်ဘုရား၏ မျက်နှာလွှဲခြင်းနှင့် ပညတ်တော်လွန်ကျူးခြင်း၏ အဖိုးအခများကို ပေးထားရသည့် အပြစ်ဖြေခြင်းအမှုကို လက်ခံရန် ငြင်းဆိုသည့် ဝိညာဉ်အသီးသီးတို့သည် အပြစ်အတွက် ပြစ်ဒဏ်စီရင်ချက်များကို ကိုယ်တိုင်ခံယူကြရပါမည်။

## ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ

"ရေငတ်သောသူအား အသက်စမ်းရေကို အဖိုးမယူဘဲ ငါပေးမည်။" ဤကတိတော်သည် အသက်စမ်းရေကို ဆာငတ်ခင်မွတ်သူများအတွက်သာဖြစ်သည်။ "အောင်မြင်သောသူသည် ဤအရာတို့ကို အမွေခံရလိမ့်မည်။ ငါသည် သူ၏ဘုရားဖြစ်မည်။ သူလည်း ငါ၏သား (သမီး) ဖြစ်လိမ့်မည်" ဗျာ၊ ၂၁း၆-၇။ စည်းကမ်းချက်

များကိုပြဌာန်းထားပါသည်။ အရာအားလုံးကို အမွေခံနိုင်ရန်ကျွန်ုပ်တို့သည် အပြစ်တရားကို အောင်နိုင်သူများဖြစ်ရပါမည်။

"အဓမ္မလူမူကား--- ကောင်းသောအကျိုးကို မခံရ။" ဒေသနာ ၈း၁၃။ အပြစ်သားများသည် "ဒေါသနေ့တည်းဟူသော ဘုရားသခင်၏တရားတော်ထင်ရှားသောနေ့၌ ကိုယ်ခံစရာဖို့ အမျက်ဒေါသ" ကိုဆည်းပူးနေကြသည်။

"ဘုရားသခင်သည် လူအသီးသီးတို့အားမိမိတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတ္တံ့။" "ဆိုးညစ်သောအမှုကိုပြုသောလူရှိသမျှတို့သည် ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာကိုခံရကြလတ္တံ့။" ရောမ ၂း၅-၆၊၉။

"မတရားသောမေထုန်၌ မှိုဝဲသောသူ၊ညစ်ညူးစွာ ပြုသောသူ၊ရုပ်တုကိုးကွယ်သောသူဖြစ်သော လောဘလွန်ကျူးသောသူတစ်စုံတစ်ယောက်မျှ ခရစ်တော်နှင့် ဘုရားသခင်၏နိုင်ငံ၌ အမွေမခံရကြ။" "အသက်ပင်နှင့်ဆိုင်သောမြို့တံခါးအတွင်းသို့ဝင်အံ့သောငှာ ပညတ်တော်တို့ကို ကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏။ ပြင်၌ကား ခွေးဖြစ်သောသူ၊ ပြုစားတတ်သောသူ၊ မတရားသောမေထုန်၌ မှိုဝဲသောသူလူ့အသက်ကိုသတ်သောသူ၊ ရုပ်တုကိုကိုးကွယ်သောသူ၊ သစ္စာပျက်ခြင်းကိုနှစ်သက်၍ ပြုသောသူအပေါင်းတို့သည်ရှိကြ၏။" ဧဖက် ၅း၁၅၊ ဗျာ ၂၂း၁၄-၁၅။

ဘုရားသခင်သည် အပြစ်တရားကို မည်သို့လုပ်ဆောင်ဖြေရှင်းသွားမည်ကို လူသားတို့အား ဖွင့်ဆိုထားပြီးဖြစ်သည်။ "ထာဝရဘုရားသည်------မတရားသော သူအပေါင်းတို့ကိုကား ဖျက်ဆီးတော်မူမည်" "ပြစ်မှားသောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ရောက်၍

မတရားသောသူတို့သည် အဆုံး၌ ပယ်ရှင်းခြင်းကိုခံရကြလိမ့်မည်။" ဆာလံ ၁၄၅း၂၀။ ၃၇း၃၈။ ထာဝရဘုရားသည် ပုန်ကန်ခြားနားမှုကို နှိမ်နင်းတော်မူမည်ဖြစ်သော်လည်း ကရုဏာတော်နှင့်ပြည့်စုံပြီးကျေးဇူးပြုတတ်သော ဘုရားပီသစွာဖြင့် ဒဏ်ခတ်ခြင်းဆိုင်ရာ တရားစီရင်ခြင်းကို ပြုတော်မူသည်။

ထာဝရဘုရားသည် အတင်းအကျပ်ခိုင်းစေတော်မမူ။ ကျွန်တစ်ဦးကဲ့သို့ နားထောင်လိုက်လျှောက်နေခြင်းမျိုးကို အလိုတော်မရှိပါ။ မိမိသည် ချစ်ခင်ထိုက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သောကြောင့် မိမိ၏လက်တော်ဖြင့် ဖန်ဆင်းထားသည့် သတ္တဝါများက မိမိအားချစ်သည်ကို ကိုယ်တော်လိုလားတော်မူ၏။ ကိုယ်တော်၏ ဥာဏ်တော် တရားမျှတခြင်းနှင့် ကျေးဇူးပြုခြင်းများကို သိသောစိတ်ဖြင့် သတ္တဝါများက နားထောင်လိုက်လျှောက်သည်ကိုထာဝရဘုရား လိုလားတော်မူသည်။

ဘုရားသခင်၏ အုပ်ချုပ်ရေးစည်းမျဉ်းများသည် "သင်တို့၏ရန်သူတို့ကိုချစ်ကြလော့" ဟူသော ခရစ်တော်၏ပညတ်ချက်နှင့်ကိုက်ညီပါသည်။

ကိုယ်တော်ရှင်သည် စကြဝဠာ၏ ကောင်းကျိုး အတွက်သော်လည်းကောင်း၊ မိမိ၏ တရားစီရင်ခြင်းကို ခံရမည့်သူများ၏ ကောင်းကျိုးအတွက်သော်လည်းကောင်း၊ ဆိုးယုတ်သော သူများကိုတရားစီရင်တော်မူပါသည်။ ထာဝရဘုရားသည် ၎င်းတို့အား မေတ္တာပြတော်မူခဲ့သည်။ ကရုဏာပြခဲ့သည်။ သို့သော် ၎င်းတို့သည် ကိုယ်တော်၏ မေတ္တာကို အထင်အမြင်သေးခဲ့သည်။ ပညတ်တော်ကိုနင်းခြေကာ ကရုဏာတော်ကို ငြင်းပယ်ခဲ့ကြသည်။ ကိုယ်တော် ပေးတော်မူသည့် ဆုကျေးဇူးများကို အစဉ်တစိုက် လက်ခံရယူနေ

သော်လည်း ကိုယ်တော်ကို ၎င်းတို့အသရေယုတ်လျော့စေခဲ့ကြသည်။ ၎င်းတို့၏ ဖောက်ပြန်မှုကို အချိန်ကြာမြင့်စွာသည်းခံခဲ့သောကိုယ်တော်သည် ထိုပုန်ကန်သူများအား နံဘေးတွင် သံကြိုးနှင့်ချည်ထားပြီးအလိုတော်ကိုဆောင်ရန် အတင်းအကျပ်ခိုင်းစေတော်မူရမည်လား။

## ကောင်းကင်နိုင်ငံအတွက် အဆင်သင့်မဖြစ်သေး

စာတန်ကို မိမိတို့၏ ခေါင်းဆောင်အဖြစ် ရွေးချယ်သောသူများသည် ဘုရား၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားရန်အဆင်သင့်မဖြစ်ကြသေးချေ။ မာနကြီးခြင်း၊ လိမ်လည်ဖြားယောင်းခြင်း၊ ကာမဂုဏ်လွန်ကျူးခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်းများသည် ၎င်းတို့၏ အသားကျသော အကျင့်စာရိတ္တ ဖြစ်နေချေပြီ။ ကမ္ဘာပေါ်တွင် ၎င်းတို့မုန်းတီးခဲ့သူများနှင့်အတူနေရန် ကောင်းကင်နိုင်ငံသို့ သူတို့ဝင်စားနိုင်ကြပါမည်လား။

အမှန်တရားသည် လူလိမ်တစ်ဦးနှင့်မည်သည့်အခါမျှ သဘောထားတိုက်ဆိုင်လိမ့်မည်မဟုတ်ပါ။ နူးညံ့သိမ်မွေ့သူများသည် ကိုယ့်ကိုကိုယ်တန်ဖိုးထားခြင်းတွင် ကျေနပ်ရောင့်ရဲလိမ့်မည်မဟုတ်ပါ။ သန့်ရှင်းစင်ကြယ်ခြင်းသည် စာရိတ္တပျက်ပြားခြင်းကို လက်ခံလိမ့်မည်မဟုတ်ပါ။

လှုပ်ရှားသက်ဝင်သည့် မေတ္တာသည် အတ္တသဘောတရားများကို အတ္တထဲတွင် နစ်မွန်းနေသောထိုသူများအတွက် မည်သည့်ဝမ်းမြောက်မှုကိုပေးနိုင်မည်နည်း။

ထာဝရဘုရားနှင့်တကွ သမ္မာတရားနှင့် သန့်ရှင်းခြင်းများကို မုန်းတီးနေသည့် ထိုသူများသည် ကောင်းကင်သားများနှင့်အတူ

ရောနှောကာ ဂုဏ်တော်ချီးမွမ်းသည့် သီချင်းများကို ဆိုနိုင်ကြပါမည်လား။

၎င်းတို့အား အချိန်ကြာမြင့်စွာကရုဏာ ပြခဲ့သော်လည်းသန့်စင်မှုကိုချစ်တတ်အောင် သူတို့ မလေ့ကျင့်ခဲ့ကြချေ။ ကောင်းကင်ဘာသာစကားကို မည်သည့်အခါမျှ သူတို့မလေ့ကျက်ခဲ့ရာ။ ယခုတွင်မူအချိန်နှောင်းသွားချေပြီ။

ဘုရားသခင်ကို ပုန်ကန်ခြားနားနေသည့်အသက်တာသည် ကောင်းကင်နိုင်ငံတော်နှင့်မဟပ်စပ်နိုင်ပါ။ ကောင်းကင်နိုင်ငံမှသန့်ရှင်းခြင်းနှင့် ငြိမ်သက်ခြင်းများသည် ၎င်းတို့အတွက် မနှစ်မြို့စရာများဖြစ်နေပေမည်။

ဘုရားသခင်၏ ဘုန်းရောင်ခြည်တော်သည်လည်း၎င်းတို့အတွက် လောင်ကျွမ်းနေသော မီးကဲ့သို့ဖြစ်နေပေမည်။ ၎င်းတို့ကိုကယ်တင်ရန် အသေခံတော်မူခဲ့သည့် ခရစ်တော်၏ မျက်ကွယ်ရာတွင်ပုန်းရှောင်နိုင်ရန်အလို့ငှာ သူတို့သည် သန့်ရှင်းသော ထိုနေရာမှထွက်ပြေးကာ ပျက်စီးခြင်းကို ကြိုဆိုကြပါလိမ့်မည်။ ဆိုးယုတ်သောထိုသူများသည်ကိုယ့်ကံကြမ္မာကို ကိုယ်တိုင် ဖန်တီးခဲ့ကြပါသည်။ ကောင်းကင်နိုင်ငံမှ၎င်းတို့ထွက်ခွာသွားခြင်းသည်လည်း၎င်းတို့၏သဘောဆန္ဒသည် အဓိကဖြစ်ခဲ့ပါသည်။ ထိုကိစ္စတွင် ဘုရားသခင်သည်တရားမျှတမှုနှင့် ကရုဏာကြီးမားမှုကို ထင်ရှားစေခဲ့သည်။ဆိုးယုတ်သူများအတွက်ကုစားလို့မရနိုင်သည့်အခြေတွင် ရောက်နေပြီဖြစ်ကြောင်းဆုံးဖြတ်သည့်ဘုရား၏စီရင်ချက်ကိုရေလွှမ်းမိုးခြင်းကာလမှရေများကဖွင့်ဆိုသည်။ထိုနေ့ကြီးတွင်လောင်ကျွမ်းမည့်မီးများက ဖွင့်ဆို ပါမည်။၎င်းတို့၏အလိုဆန္ဒကိုပုန်ကန်ခြားနားမှုများတွင်သာအသုံး ပြုခဲ့ကြရာအသက်တာအဆုံးသတ်သောအချိန်တွင်အန်တုခြင်းများနားထောင်

လိုက်လျှောက်ခြင်းသို့လည်းကောင်း၊ အမုန်းတရားမှ ချစ်ခြင်းမေတ္တာသို့လည်းကောင်း စိတ်ထားပြောင်းရန်မှာ အချိန်နောက်ချနေပေပြီ။

## အပြစ်၏အဖိုးအခ

"အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ အသက်ရှင်ခြင်းသည် ဖြောင့်မတ်သူများအတွက် အမွေဥစ္စာဖြစ်သလို သေခြင်းသည်လည်း ဆိုးယုတ်သူများ၏ အငန်းအတာဖြစ်ပါသည်။ "ဒုတိယသေခြင်း" သည် ထာဝရအသက်နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်ပါသည်။ ရောမ ၆း၂၃၊ဗျာ ၂၀း၁၄။

အာဒံကျူးလွန်သည့်အပြစ်ကြောင့် လူသားထုတစ်ရပ်လုံးသည် အပြစ်သားများဖြစ်လာကြပါသည်။ ထိုကြောင့် လူသားအားလုံးသည် သေခြင်းကိုရှောင်လွှဲခြင်းငှာ မစွမ်းနိုင်တော့ချေ။ သို့ရာတွင် ကယ်တင်ခြင်းစီမံကိန်းအရ "ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူရှိသမျှတို့သည် သေခြင်းမှထမြောက်ကြလိမ့်မည်။" "လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည် နည်းတူ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက်ရကြလတ္တံ့။"

ဤအဖွဲ့ (၂) ဖွဲ့အကြားတွင် ထူးခြားသည့် အချက်တစ်ခုရှိနေပါသေးသည်။ "သင်္ချိုင်းများမှာ ရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကို ကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည်

အသက်ရှင်ရာထမြောက်ခြင်းသို့လည်းကောင်း၊ ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းလည်းကောင်း ထွက်ရကြလတ္တံ့။" တမန်၊ ၂၄း၁၅။ ၁ကော၊ ၁၅း၂၂။ ယောဟန် ၅း၂၈-၂၉။

## ပထမထမြောက်ခြင်း

အသက်ရှင်ရာထမြောက်ခြင်းနှင့် ထိုက်တန်သည်ဟုသတ်မှတ်ခြင်းခံရသူများသည် "မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူ" များဖြစ်ကြ၏။

ထိုသို့သောသူသည် ဒုတိယသေခြင်း၏ လက်နှင့်ကင်းလွတ်၏။ သို့ရာတွင် နောင်တရခြင်း၊ ယုံကြည်ခြင်းများအားဖြင့် အပြစ်လွတ်ခြင်းအခွင့်ကိုမရယူခဲ့မိသူများသည် ၎င်းတို့၏အကျင့်အလျောက် အပြစ်၏ အဖိုးအခကိုခံယူကာ ဒုတိသေခြင်းတွင် ဘဝနိဂုံးချုပ်ကြရပါမည်။

ထာဝရဘုရားသခင်သည် အပြစ်နှင့်အတူ ပူးတွဲအသက်ရှင်နေသောအပြစ်သားကိုကယ်တင်ရန် မဖြစ်နိုင်သောကြောင့် ၎င်းအားအပြစ်ကြောင့် လက်လွှတ်ဆုံးရှုံးပြီးထားသည့် တည်ရှိနေမှုမှုလည်းကောင်း၊ ကိုယ့်ကိုကိုယ်မထိုက်တန်ကြောင်း ထင်ရှားစေခဲ့သည့်တည်ရှိမှုမှုလည်းကောင်း ပယ်ရှင်းပစ်တော်မူပါသည်။ "ခဏကြာပြီးမှ မတရားသောသူသည်မရှိရ။ သူ၏နေရာကို စေ့စေ့ရှာ၍မတွေ့ရ။" "မရှိဖူးသောသူကဲ့သို့ ဖြစ်ရကြလိမ့်မည်။" ဆာလံ ၃၇း၁၁။ ဩဗဒိ ၁၆။ ထိုသူတို့သည် မြော်လင့်ချက်မဲ့စွာဖြင့် ထာဝရပျက်စီးခြင်းထဲသို့ရောက်သွားကြလိမ့်မည်။

ဤသို့သောနည်းအားဖြင့် အပြစ်တရားကို ဆုံးခန်းတိုင်စေတော်မူလိမ့်မည်။ "ဆိုးသောသူတို့ကိုဖျက်ဆီး၍ သူတို့နာမကို ကာလအစဉ်အဆက်ချေဖျောက်တော်မူပြီ။ ရန်သူတို့သည် အကုန်အစင်ပျက်စီးခြင်းသို့ရောက်ကြပါပြီ။" ဆာလံ ၉း၅-၆။

ဗျာဒိတ်ဆရာရှင်ယောဟန်သည်ညီညာပြီးသာယာငြိမ့်ညောင်းသည့် စကြာဝဠာလုံးဆိုင်ရာ ဓမ္မတေးသံများကိုကြားရပါသည်။ ငြိမ်းသတ်လို့မရသည့်ငရဲမီးအိုင်ထဲတွင် ထွန့်ထွန့်လူးနေသောမည်သည့်ဆိုးယုတ်သူတစ်ဦးတစ်ယောက်၏ စော်ကားသံ၊ ဟစ်ကြွေးမြည်တွန်သံကမှ ကယ်တင်ခြင်းခံရသူများ၏ ဓမ္မတေးချီးမွမ်းသံများနှင့် မရောယှက်ပါချေ။

သဘာဝအားဖြင့် ဝိညာဉ်သည် သေမျိုးမဟုတ်ဟူသောအယူအဆကြောင့် သေဆုံးသူများ၌ ဩတ္တပ္ပစိတ်အသိရှိသည်ဟူသော ဩဝါဒသည် ဖြစ်ပွားလာပါသည်။ ဤဩဝါဒသည်လည်း ထာဝရကာလညှဉ်းပန်းနှိပ်စက်ခြင်းဟူသော အယူအဆကဲ့သို့ပင် သမ္မာကျမ်းစာနှင့်မကိုက်ညီသည့်အရာတစ်ခုဖြစ်ပါသည်။

ရေပန်းစားနေသော ယုံကြည်ချက်တစ်ခုမှာ ကောင်းကင်နိုင်ငံသို့ရောက်နေသည့် ကယ်တင်ခြင်းခံရသူများသည် ကမ္ဘာပေါ်တွင်ဖြစ်ပျက်သမျှအားလုံးနှင့် ရင်းနှီးနေသည်ဆိုသည့်အချက်ပင်ဖြစ်သည်။ သို့ရာတွင် လူသားများ ဝမ်းနည်းကြေကွဲဒုက္ခရောက်သည့် မြင်ကွင်းကိုမြင်တွေ့နေရသည့်လူသေသည် အဘယ်သို့ဝမ်းသာကြည်နူးနိုင်ပါမည်နည်း။

နောင်တမရသည့် ပုဂ္ဂိုလ်တစ်ဦးသည် ဇီဝိန်ချုပ်သွားသည်နှင့်တစ်ပြိုင်နက် ၎င်း၏အသက်ဝိညာဉ်ကို ငရဲမီးလျှံများထဲတွင်ဒုက္ခခံစေသည်ဆိုသည့် ယုံကြည်ချက်သည်လည်း အလွန်ရွံရှာဖွယ်ကောင်းလှပါသည်။

လူသေလျှင် မည်သို့ဖြစ်လိမ့်မည်ဟု သမ္မာကျမ်းစာကဖွင့်ဆိုထားပါသနည်း။ "သူသည် အသက်ထွက်၍ မြေသို့ပြန်သွားတတ်၏။ ထိုနေ့ချင်းတွင် သူ၏အကြံအစည်တို့သည် ပျက်စီးကြ၏။" "အသက်ရှင်သောသူသည် မိမိသေရမည်ကိုသိ၏။ သေသောသူမူကား အဘယ်အရာကိုမျှမသိ။ သူ၏ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းလည်း ပျောက်ပျက်၏။ နေအောက်၌ ပြုသမျှသောအမှု၌ သူတစ်ပါးနှင့်ရောနှော၍မဆိုင်ရ။"

"မရဏာနိုင်ငံသည် ဂုဏ်တော်ကို မချီးမွမ်းရပါ။သေနေသောသူသည် ဂုဏ်တော်ကို ထောမနာသီချင်းမဆိုရပါ။ တွင်းထဲသို့ဆင်းသောသူသည် သစ္စာတော်ကို မမျှော်လင့်ရပါ။" "သေလျက်နေစဉ်တွင် ကိုယ်တော်ကိုအောက်မေ့ခြင်းမရှိပါ။ မရဏာနိုင်ငံတွင် ကျေးဇူးတော်ကို အဘယ်သူချီးမွမ်းပါမည်နည်း။" ဆာလံ ၁၄၆း၄၊ ဒေသနာ ၉း၅-၆။ ဟေရှာ ၃၈း၁၈။ ဆာလံ ၆း၁၅။

"ဒါဝိဒ်သည် သေ၍သင်္ဂြိုလ်သောတွင်းသည် ယခုတိုင်အောင်ငါတို့၌ရှိ၏။ ---- ဒါဝိဒ်သည် ကောင်းကင်သို့မတက်သေး" ဟုပင်တေကုတ္တေပွဲနေ့က ပေတရုဟောကြားသက်သေခံခဲ့ပါသည်။ ရှင်ပြန်ထမြောက်မည့်နေ့တိုင်အောင် ဒါဝိဒ်သည် သင်္ချိုင်းထဲတွင် ဆက်လက်ရှိနေသည်ဆိုသည့်အချက်သည် ဖြောင့်မတ်သူများသေဆုံးလျှင်ချက်ချင်း ကောင်းကင်သို့ တက်သွားခြင်း မရှိကြောင်းကိုထင်ရှားစေပါသည်။

"အကြောင်းမူကား သေလွန်သောသူတို့သည် ထမြောက်ခြင်းမရှိလျှင် ဘုရားသခင်သည်ခရစ်တော်ကို ထမြောက်စေတော်မမူ။" "ခရစ်တော်သည် ထမြောက်တော်မမူလျှင် သင်တို့သည် ယုံကြည်သော်လည်း အကျိုးမရှိ။ ဒုစရိုက် အပြစ်အောက်၌ ရှိကြသေး၏။

ထိုမှတစ်ပါး ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သောသူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြပြီ” ဟုလည်း ရှင်ပေါလုဖွင့်ဆိုထားပါသည်။ ၁ကော၊ ၁၅း၁၆-၁၈။

အကယ်၍သာ နှစ်ပေါင်း ၄၀၀၀ အတွင်း ဖြောင့်မတ်သူများ သေဆုံးသည်နှင့်တစ်ပြိုင်နက် ကောင်းကင်သို့ရောက်သွားသည်မှန်လျှင် “ထမြောက်ခြင်းမရှိလျှင်---- ခရစ်တော်ကိုယုံကြည်၍အိပ်ပျော်သောသူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြပြီ”ဟု အဘယ်ကြောင့် ရှင်ပေါလု ပြောနေရသနည်း။

ယေရှုသည် တမန်တော်များနှင့်ခွဲခွာခါနီးကလေးတွင် ၎င်းတို့သည် မကြာမီမှာပင် ကိုယ်တော်ထံသို့ရောက်လာကြလိမ့်မည်ဟု မိန့်တော်မမူဘဲ “သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍ ---- သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်” ဟုမိန့်တော်မူခဲ့ပါသည်။ ယောဟန် ၁၄း၂-၃။ ရှင်ပေါလုကလည်း ဤသို့ဆက်လက်ဖွင့်ဆိုထားပါသည်။ “သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။

ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင့်ထံတော်သို့ ရောက်စေခြင်းငှာထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။” “သို့ဖြစ်၍ ဤစကားများအားဖြင့် အချင်းချင်းတစ်ယောက်ကို တစ်ယောက် သက်သာစေကြလော့။” ၁သက်၊ ၄း၁၆-၁၈။ သခင်ဘုရားကြွလာ

သောအခါ သချိုင်းများသည် ဖွင့်ဟကာ ခရစ်တော်၌သေလွန်သူများ သည် ထာဝရအသက်ရကြလိမ့်မည်။

လူအပေါင်းတို့သည် စာစောင်များတွင် မှတ်တမ်းတင်ထားသည့်အတိုင်း တရားစီရင်ခြင်းခံရမည်ဖြစ်စပြီး မိမိတို့၏အကျင့်အလျောက် ပေးဆပ်ခြင်းကို ခံကြရမည်။ ထိုတရားစီရင်ခြင်းသည်သေလွန်သောအချိန်တွင် ပြုလုပ်သောအရာမဟုတ်ချေ။ "ခန့်ထားတော်မူသောသူအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့်ညီလျော်စွာ စစ်ကြောစီရင်မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီ။" "ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူရန်--- အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်အတူ ကြွလာတော်မူလိမ့်မည်။" တမန်၊ ၁၇း၃၁၊ ယုဒ ၁၄း၁၅။

သို့ရာတွင် အကယ်၍သာ သေလွန်သူများသည် ကောင်းကင်နိုင်ငံတော်သို့ရောက်ရှိနေကြပြီဆိုလျှင် သော်လည်းကောင်း၊ ငရဲမီးထဲတွင် ဒုက္ခခံနေကြရပြီဆိုလျှင်သော်လည်းကောင်း၊ ထိုတရားစီရင်ခြင်းကိုလုပ်ရန် လိုအပ်ပါသေးသလား။ ဘုရား၏ နှုတ်တော်ထွက်စကားများကို သာမန်ပုဂ္ဂိုလ်များပင် နားလည်နိုင်ကြပါသည်။ ရေပန်းစားနေသည့်သီအိုရီမှ ဉာဏ်ပညာကိုဖြစ်စေ၊ တရားမျှတမှုကိုဖြစ်စေ၊ ပွင့်လင်းသောပုဂ္ဂိုလ်များမြင်တွေ့နိုင်ကြပါသလား။" "သာဓုသစ္စာရှိသောငယ်သားကောင်း၊ ---- သင်၏သခင်နှင့်အတူ စည်းစိမ်ထဲသို့ဝင်စားလော့" ဟု ဘုရားသခင့်ရှေ့တော်မှာ ကာလကြာမြင့်စွာခံစားနေသူများအား ခရစ်တော်ကြွလာသည့်အချိန်ကျမှ ချီးမွမ်းစေမည်လား။ "ကျိန်ခြင်းခံရသောသူတို့၊ ထာဝရမီးထဲသို့ သွားကြလော့" ဟု သေလွန်ချိန်ကတည်းက ငရဲရောက်သွားခဲ့သူများအား

ခရစ်တော်ကြွလာချိန်ကျမှ ပြစ်ဒဏ်စီရင်ချက်ချမှတ်နေမည်လား။ မဿဲ ၂၅း၂၁၊၄၁။

ဝိညာဉ်သည် သေမျိုးမဟုတ်ဟူသော အယူဝါဒသည်ဗာဟီ ရဝါဒထံမှ ရောမများငှားယူကျင့်သုံးနေသည့် မှားယွင်းသောအယူ ဝါဒများမှ တစ်ခုဖြစ်သည်။ ထိုအယူဝါဒကို "စက်ဆုပ်ရွံရှာဖွယ် ကောင်းသည့်ယုံတမ်းစကား" ဟု လူးသာက မှတ်တမ်းတင်ခဲ့ပါသည်။ သေလွန်သူများသည် ထမြောက်ခြင်းနေ့တိုင်အောင် အိပ်ပျော်နေ ကြလိမ့်မည်ဟု သမ္မာကျမ်းစာကသွန်သင်ပါသည်။

မောပန်းနွမ်းနယ်နေသော ဖြောင့်မတ်သူများအတွက် မင်္ဂလာ ရှိသောနားနေခြင်းပါတကား။ အချိန်အင်န်းအတာအနေဖြင့်ရှည်လျှင် ရှည်မည်။

တိုလျှင်တိုမည်။ သူတို့အတွက်မူ တဒင်္ဂပဟာန်ကလေးသာ ဖြစ်ပါသည်။ သူတို့အိပ်ပျော်နေကြသည်။ ခရစ်တော်၏ တံပိုးသံ ကြောင့် သူတို့နိုးထလာကာ မသေနိုင်သည့်အဖြစ်သို့ဝင်စားကြလိမ့် မည်။

"ထိုတံပိုးမှုတ်ချိန်ရောက်သောအခါသေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌ တည်လျက်ထမြောက်၍---- ယခုမျက်မှောက် ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက်သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။ (ထိုအခါ) သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက် ပြည့်စုံလိမ့်မည်။" ၁ကော၊ ၁၅း၅၂-၅၄။

အိပ်စက်ရာမှ နိုးထလာသောထိုသူများသည် မိမိတို့အဆုံး သတ်ခဲ့သည့်နေရာကို စဉ်းစားမိသည်။ ၎င်းတို့နောက်ဆုံး ခံစားခဲ့ရ သည့်အရာမှာသေခြင်း၏စူးရှမှု၊ ၎င်းတို့၏နောက်ဆုံးအတွေးမှာသေ ခြင်း၏တန်ခိုးအောက်တွင် ကျဆုံးခြင်းတို့သာတည်း။ သင်္ချိုင်းတွင်းမှ

ထမြောက်လာသောအခါ သူတို့ ပထမဦးဆုံး ကြွေးကြော်ခဲ့သည့် အောင်ပွဲဆင်ကြွေးကြော်သံမှာ "အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည်အဘယ်မှာရှိသနည်း" ဟူ၍ဖြစ်၏။ ၁ကော၊ ၁၅း၅၅။

-----o-----

## အခန်း (၃၄)
## နံဝိညာဉ်ဝါဒတွင်လှုပ်ရှားနေသောဝိညာဉ်များ

သဘာဝအားဖြင့် ဝိညာဉ်သည် သေမျိုးမဟုတ်ဟူသောယုံကြည်ချက်သည် ဗာဟီရအယူဝါဒ၏ ဒဿနများမှ ပုံတူကူးချထားသောအရာဖြစ်သည်။

ထိုယုံကြည်ချက်သည် ဝိညာဉ်ရေးအမှောင်ချသည့်ကာလတွင် ခရစ်ယာန်ယုံကြည်ချက်ထဲသို့ရောက်လာကာ"သေသောသူမူကား အဘယ်အရာကိုမျှမသိ" ဟူသော နှုတ်တော်ထွက်စကား၏နေရာတွင် အစားထိုးနေရာယူလာခဲ့ပါသည်။ (ဒေ၊ ၉း၁၅)"ကယ်တင်တော်မူခြင်းကျေးဇူးကို အမွေခံရလတ္တံ့သောသူတို့ကိုပြုစုစေခြင်း ငှာ စေလွှတ်တော်မူသော အစေခံနံဝိညာဉ်" များသည်သေလွန်သွားခဲ့သူများ၏ ဝိညာဉ်များဖြစ်သည်ဟု အများက ယုံကြည်နေကြသည်။ ဟေဗြဲ ၁း၁၄။

သေလွန်သူများ၏ ဝိညာဉ်များသည် အသက်ရှင်နေသူများအား အလုပ်အကျွေးပြုရန် ပြန်လာကြသည်ဆိုသော ယုံကြည်ချက်သည် ခေတ်သစ်နံဝိညာဉ်ဝါဒကို လမ်းဖွင့် ပြင်ဆင်ပေးနေပါသည်။ အကယ်၍သာ သေလွန်သူများသည် ၄င်းတို့၏ ယခင်အခြေအနေထက်များစွာမြင့်မားသည့်ဉာဏ်ရည်များဖြင့် အခွင့်အရေးပေးခြင်းခံနေရသည်ဆိုလျှင် အဘယ်ကြောင့် ၄င်းတို့သည် ဤလောကသို့ပြန်လာကာ အသက်ရှင်နေသူများအား ဆုံးမသွန်သင်မှုမပြုကြသနည်း။ အကယ်၍သာ သေလွန်သူများ၏ ဝိညာဉ်များသည်ဤလောကရှိ မိတ်ဆွေများ၏အနီးအနားတွင်ပျံဝဲနေကြသည်ဆိုလျှင်အဘယ်ကြောင့် ထိုဝိညာဉ်များသည် ၄င်းတို့နှင့်မဆက်သွယ်ကြပါသနည်း။ လူသည်

5:10



သေသွားချိန်မှာပင် ဩတ္တပ္ပစိတ်၏ခံစားမှုရှိသည်ဟု ယုံကြည်နေသူများသည် ဘုရား၏ အစေခံနံဝိညာဉ်များအားဖြင့် ပေးသနားတော်မူလျက်ရှိသော ဘုရား၏အလင်းတရားကို မည်သို့ငြင်းပယ်နိုင်ကြသနည်း။

ဤတွင် စာတန်အလုပ်လုပ်နေသည့် သန့်ရှင်းသည်ဟုမှတ်ယူခြင်းခံရသောလမ်းစဉ်တစ်ခုရှိပါသည်။ အပြစ်တွင်ကျဆုံးသွားသည့် ကောင်းကင်တမန်များသည် စေတမန်များအလား ဝိညာဉ်ကမ္ဘာမှ ရောက်ရှိလာကြခြင်းဖြစ်သည်။

သေလွန်သွားသူများ၏ ရုပ်သဏ္ဍာန်များကို လူတို့ရှေ့သို့ ယူဆောင်လာနိုင်သောတန်ခိုး စာတန်၌ရှိပါသည်။ ထိုသဏ္ဍာန်များသည် အတုအပဖြစ်သော်လည်း အစစ်နှင့်ခွဲခြားမရအောင် စုံလင်ကြပါသည်။

တချို့မှာမူ ၎င်းတို့၏ချစ်သူ၊ သေလွန်သွားသူများသည် ကောင်းကင်ဘုံတွင်ဝင်စားနေကြပြီဟူသော စကားများဖြင့်အနှစ်သိမ့်ခံနေကြရသည်။ ထိုသူများသည် “လှည့်ဖြားတတ်သောစိတ်ဝိညာဉ်တို့၌လည်းကောင်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သောဩဝါဒတို့၌လည်းကောင်း” အန္တရာယ်ကို ဂရုမထားတော့ဘဲ မှီဝဲဆည်းကပ်နေကြပါသည်။

ဝိညာဉ်ရေးအတွက် ပြင်ဆင်မှုမရှိသေးဘဲ သေလွန်သွားသူများက ၎င်းတို့သည် ကောင်းကင်ဘုံတွင် မြင့်မြတ်သောနေရာများတွင် ပျော်ရွှင်သာယာစွာ စံမြန်းနေကြသည်ဟု ကြွေးကြော်နေကြသည်။ နံဝိညာဉ်ကမ္ဘာမှ အယောင်ဆောင်ဧည့်သည်များသည်တစ်ခါတစ်ရံတွင် မှန်ကန်သည့် သတိပေးစကားများကို ပြောတတ်ကြပါသည်။ လူတွေက ၎င်းတို့အား ယုံကြည်စိတ်ချလာသောအချိန်ကျမှ သမ္မာကျမ်းစာကိုအသရေလျော့ပါးစေသည့်ယုံကြည်ချက်များကိုတင်ပြ

တတ်ကြပါသည်။ သူတို့သည် သမ္မာတရားတချို့ကိုဖော်ပြကာတစ်ခါတစ်ရံတွင် အနာဂတ်ဖြစ်ရပ်များကို ကြိုတင်ဟောကိန်းထုတ်နိုင်ကြခြင်းကြောင့် လူတို့သည် ၎င်းတို့အား ယုံကြည်အားကိုးကာ၎င်းတို့၏ သွန်သင်ချက်များကိုလည်း လက်ခံလာကြပါသည်။ တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ ပညတ်တော်ကိုဘေးဖယ်လိုက်ကာဝိညာဉ်တော်ကို ၎င်းတို့အလေးမထားကြတော့ချေ။ ထိုဆိုးယုတ်သောဝိညာဉ်များ (အပြစ်တွင်ကျဆုံးနေသည့် ကောင်းကင်တမန်များ)သည် ခရစ်တော်ကို ဘုရားသခင်ဖြစ်သည်ဆိုသည့်အချက်ကိုလက်မခံရုံသာမက ဖန်ဆင်းရှင်ကိုပင် ၎င်းတို့နှင့် တတန်းတစားတည်းဖြစ်သည်ဟု သဘောထားကြသည်။

လှည့်ဖြားမှုများ၏ ရလဒ်များသည် တစ်ခါတစ်ရံတွင်တကယ့်ဖြစ်ရန်မှန်များ၏ ရလဒ်များနှင့် တထေရာတည်းဖြစ်နေတတ်သည်မှာမှန်သော်လည်း တချို့နေရာများတွင် နတ်ဆိုးဝိညာဉ်များ၏သဘာဝလွန်တန်ခိုးများအားဖြင့် တိုက်ရိုက်လုပ်ဆောင်နေသော အရာများဖြစ်ကြောင်း ထင်ရှားနေပါသည်။ နံဝိညာဉ်ဝါဒကို လူသာများ၏အယောင်ဆောင်လိမ်မှုသက်သက်ဖြစ်သည်ဟု လူအများက ယုံကြည်နေပါသည်။

ထိုတန်ခိုးပြမှုများသည် တကယ့် သဘာဝလွန်တန်ခိုးရှင်၏အံ့ဖွယ်နိမိတ်လက္ခဏာများနှင့် တကယ်ရင်ဆိုင်လာရသည့် အချိန်ရောက်မှ မိမိတို့၏အလိမ်ခံနေရကြောင်း သူတို့သိရှိကာ ဘုရားသခင်၏တန်ခိုးတော်ကို လက်ခံလာကြပါသည်။

ဖာရောဘုရင်၏ မှော်အတတ်ပညာရှင်များသည် စာတန်၏အကူအညီကိုယူကာ ဘုရားသခင်ပြုတော်မူသည့် နိမိတ်လက္ခဏာမျိုးကိုလုပ်ပြကြပါသည်။(ထွက်၊၇း၁၀-၁၂)။ “စာတန်ပြုပြင်သောအားဖြင့်

မှုသားနှင့်စပ်ဆိုင်သော ထူးဆန်းသောတန်ခိုး နိမိတ်လက္ခဏာအံ့ဖွယ်သောအမှုအမျိုးမျိုး” တို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွမလာမီတွင် ကြုံတွေ့ရလိမ့်မည်ဟု ရှင်ပေါလုက သက်သေခံထားပါသည်။ ၂သက်၊ ၂း၉-၁၀။ ၎င်းပြင် ရှင်ယောဟန်ကလည်း “ထိုသားရဲသည်----- လူတို့မျက်မှောက်၌ ကောင်းကင်က မြေကြီးအပေါ်သို့ မီးကိုဆင်းစေ၏။ ----- ပြပိုင်သော နိမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကိုလှည့်ဖြား၏” ဟု သက်သေခံထားပါသည်။ ဗျာ ၁၃း၁၃-၁၄။

ဤအရာသည် အယောင်ဆောင်၍ လူတို့အား လိမ်လည်ခြင်းရိုးရိုးမဟုတ်တော့ဘဲ စာတန်နှင့်အပေါင်းပါတို့ကလုပ်သည့်ထူးဆန်းသော အံ့သြဖွယ်ရာများဖြင့် လိမ်လည် ဖြားယောင်းနေခြင်းဖြစ်သည်။

## အသိပညာရှင်များသို့ စာတန်၏တောင်းဆိုချက်

စာတန်သည် ပို၍ယဉ်ကျေးသိမ်မွေ့၍ ပညာသားပါသောနည်းများကိုအသုံးပြုကာ နံ့ဝိညာဉ်ဝါဒကို ပညတတ်၊ အထက်တန်းလွှာများထဲ တင်ပြတတ်ပါသည်။ သူသည် ဘဝင်ခိုက်စေသည့်မြင်ကွင်းများ၊ မေတ္တာအကြောင်းစကားလုံးလှလှများဖြင့် ဖွင့်ဆိုမှုများဖွင့်ပြီးသည့် စိတ်ကူးယဉ်ခြင်းကို နှစ်ခြိုက်ပါသည်။ လူတို့သည် မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ကို အထူးဂုဏ်ယူကာ စိတ်ထဲက ဘုရားသခင်ကို အထင်အမြင်သေးနေအောင်လည်း လှုလမ်းပြတတ်ပါသည်။ စာတန်သည် အာဒံနှင့်ဧဝအား အပြောကောင်းကောင်းနှင့်ဆွဲဆောင်ကာ နားယောင်စေခဲ့သကဲ့သို့ လူသားများကိုလည်း ယနေ့တွင်

နားထောင်စေလျက်ရှိပါသည်။ "သင်တို့သည် မျက်စိပွင့်လင်းလျက်ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလိမ့်မည်" ဟူသောမြှောက်ပင့်စကားများဖြင့် လူတို့အား ကိုယ့်ကိုကိုယ်မြှောက်စားလာအောင် လှုံ့ဆော်ကာ သွေးဆောင်နေပါသည်။ ကမ္ဘာ၊ ၃း၅။

"လူဆိုသည်မှာ သုံးပါးတစ်ဆူဘုရားဇာတိထိအောင်စိုက်လိုက်မတ်တတ်တိုးတက်နေသော သတ္တဝါမျိုးဖြစ်သည်။ ကိုယ်ကိုတိုင်ဆုံးဖြတ်ချက်ကျသည်ဖြစ်၍ ထိုစီရင်ချက်သည် မှန်ကန်လိမ့်မည်။ အုပ်စိုးခြင်းတန်ခိုးသည် သင့်အထဲတွင်သာရှိသည်" ဟု နံဝိညာဉ်ဝါဒက သွန်သင်နေ သော်လည်း အခြားတစ်ဘက်ကမူ "ဖြောင့်မတ်စုံလင်သောပုဂ္ဂိုလ်မှာ ခရစ်တော်သာဖြစ်သည်" ဟု သွန်သင်နေပါသည်။

စာတန်သည် ဤနည်းအာဖြင့် အပြစ်နှင့် ပြည့်ဝသောလူသားဇာတိကို မိမိကိုယ်တိုင်နှင့် အစားထိုးခဲ့ပါသည်။ ဤအရာသည်တိုးတက်မှုတစ်ခုဖြစ်သည်။ သို့ရာတွင် အကောင်းဖက်သို့တိုးတက်သွားခြင်းမဟုတ်ဘဲ အဆိုးဖက်သို့တိုးတက်လာခြင်းဖြစ်နေပါသည်။ လူသည် မိမိ၏ ရှိရင်းစွဲကောင်းမြတ်သန့်ရှင်းခြင်းစံထက် ပို၍မတိုးတက်နိုင်ပါချေ။

အတ္တကို ရှေ့တန်းတင်ထားနေသမျှကာလ ပတ်လုံးသူသည်မြင့်မြတ်သောအခြေအနေတစ်ခုသို့ မည်သည့်အခါမှ ရောက်နိုင်လိမ့်မည်မဟုတ်ချေ။ ဘုရားသခင်၏ ကျေးဇူးတော်၌သာ လူသားများအားမြှင့်တင်ပေးနိုင်သည့် တန်ခိုးရှိပါသည်။ လူကိုသူ့အလိုအတိုင်းလုပ်ရန် ပစ်ထားလိုက်မည်ဆိုလျှင် သူ၏ လုပ်ဆောင်မှုများသည်အဆိုးဖက်ကိုသာ ဦးတည်နေလိမ့်မည်။

## ၆၀၅ နံ့ဝိညာဉ်ဝါဒတွင်လှုပ်ရှားနေသောဝိညာဉ်များ အပျော်အပါးလိုက်စားသူများသို့တောင်းဆိုချက်

စိတ်အလိုကိုလိုက်လွန်းသူများ၊ အပျော်အပါးလိုက်စားသူများနှင့် ရမ္မက်ကြီးသူများကို စာတန်သည် သိမ်မွေ့မှုလျော့နည်းသည့် လှည့်ဖြားမှုများကို အသုံးပြုတတ်ပါသည်။ ထိုသူများသည် ထိုရိုင်းစိုင်းသည့်ပုံစံများတွင် ၎င်းတို့၏ အကြိုက်နှင့်ကိုက်ညီသည့် အရာများကိုတွေ့ကြပါသည်။ စာတန်သည် လူအသီးသီးတို့အားဖောက်ပြန်လိုသည့်အပြစ်များကို မှတ်သားထားပြီးဖြစ်ရ လိုလေသေးမရှိအောင်ပြင်ဆင်ပေးပါသည်။ အထူးသဖြင့် လူတို့၏ကာယ၊ ဉာဏနှင့်စာရိတ္တပိုင်းဆိုင်ရာအစွမ်းများကို အားနည်းသွားစေရန် ချုပ်တည်းခြိုးခြံခြင်းဆိုင်ရာနိယာမများကို ဖေါက်ဖျက်အောင် စုံစမ်းတတ်ပါသည်။ လူတို့၏ သဘာဝကို လုံးဝရိုင်းစိုင်းသွားစေသည့် ကာမဂုဏ်ခံစားမှုများကို အသုံးချကာ သန်းပေါင်းများစွာသော လူတို့အား သူဖျက်ဆီးနေပါသည်။

“စစ်မှန်သော အသိတရားများက လူတို့အား ဥပဒေပညတ်အလုံးစုံတို့၏အထက်မှာထားကြောင်း၊ ခပ်သိမ်းသောအရာတို့သည် မှန်ကန်ကြကြောင်း၊ ဘုရားသခင်သည် လူတို့အား ပြစ်ဒဏ်စီရင်မှာမဟုတ်ကြောင်း၊ အပြစ်တရားတိုင်းသည် အပြစ်ကင်း ကြောင်း ၎င်းတို့၏ လုပ်ငန်းများကိုအဆုံးသတ်ရန် ထိုနံ့ဝိညာဉ်များကဖွင့်ဆိုပါသည်။

အလိုဆန္ဒသည်သာ အမြင့်ဆုံး ဥပဒေသဖြစ်ကြောင်းလွတ်လပ်မှုသည် ခွင့်ပြုမိန့်လိုင်စင်ဖြစ်ကြောင်း၊ လူသည် မိမိအတွက်သာမိမိ၌တာဝန်ရှိကြောင်း လူတို့ယုံကြည်သောအချိန်တွင် နေရာတကာတိုင်းတွင် စာရိတ္တပျက်ပြားမှုများ ဖြစ်ပွားနေသည်ကို မည်သူအံ့သြနေလိမ့်မည်နည်း။ လူအများမှာမူ ကာမဂုဏ်ခံစားမှု၏----

စေ့ဆော်မှုကိုလက်ခံနေကြရာစာတန်သည် ခရစ်တော်၏နောက်လိုက်များစွာကို သိမ်းသွင်းထားပါသည်။

သို့ရာတွင် ထိုကျော့ကွင်းကိုတွေ့ရှိနိုင်ရန် လုံလောက်သောအလင်းဖြင့် ထာဝရဘုရားပြသထားပြီးဖြစ်သည်။ နံဝိညာဉ်ဝါဒ၏အခြေခံသဘောတရားများသည် သမ္မာကျမ်းစာနှင့် လုံးဝဆန့်ကျင်နေပါသည်။

သေလွန်သူများသည် မည်သည့်အရာကိုမျှ မသိတော့ကြောင်း ၄င်းတို့၏ အတွေးအမြင်များပျက်စီးသွားပြီဖြစ်ရာ ဤလောကတွင် ဖြစ်ပျက်နေသည့် ပျော်စရာ၊ ဝမ်းနည်းစရာများကို ၄င်းတို့မခံစားကြရတော့ကြောင်း သမ္မာကျမ်းစာက ဖွင့်ဆိုထားပါသည်။

ထို့အပြင် သေဆုံးသွားသူများ၏ ဝိညာဉ်များနှင့် ဟန်ဆောင်ဆက်သွယ်မှုများကို ထာဝရဘုရားတားမြစ်တော်မူခဲ့သည်။ နတ်ဝင်သည်များကို နတ်ဆိုး၏ ဝိညာဉ်များဖြစ်သည်ဟုလည်း သမ္မာကျမ်းစာတွင် ဖွင့်ဆိုထားပါသည်။ တော၊ ၂၅း၁-၃။ ဆာလံ ၁၀၆း၃၈။ ၁ကော၊ ၁၀း၂၀။ ဗျာ၊ ၁၆း၁၄ တို့ကိုကြည့်ပါ။ နတ်ဝင်သည်များနှင့် ပေါင်းဖက်ခြင်းသည် သေပြစ်ထိုက်သော အမှုဖြစ်သဖြင့် ၄င်းတို့နှင့်မဆက်ဆံကြရန် သမ္မာကျမ်းစာက တားမြစ်ထားပါသည်။ ဝတ်၊ ၁၉း၃၁။ ၂၀း၂၇။

သို့စေကာမူ နံဝိညာဉ်ဝါဒသည်သိပ္ပံလောကမှအစအသင်းတော်များထဲသို့ စိမ့်ဝင်လာရုံသာမက ဥပဒေပြုအဖွဲ့များနှင့်တကွ မင်းပိုင်းစိုးပိုင်းအထိပင် ပေါက်ရောက်နေလျက်ရှိသည်။ ဤလိမ်လည်လှည့်ဖြားမှုကြီးသည် ရှေးပဝေသဏီကတည်းကရှုတ်ချခြင်းခံရသည့်စုန်းအတတ်ကို ပုံစံအသစ်ဖြင့် ပြန်လည်အသက်သွင်းပေးထားသည့်အရာတစ်ခုပင်ဖြစ်ပါသည်။

သမ္မာကျမ်းစာက "မကောင်းကိုအကောင်း၊ အကောင်းကို မကောင်းဟုခေါ်တတ်သောသူ၊ အလင်းအရာ၌အမိုက်၊အမိုက်အရာ၌ အလင်းကိုလည်းကောင်း၊ ----- အလွဲယူတတ်သောသူတို့သည်အမင်္ဂလာရှိကြ၏" ဟု ဆိုထားသော်လည်း စာတန်ကမူ "သင်တို့သည် သမ္မာကျမ်းစာနှင့် ဘုရားသခင်ကို ယုံတာ၊ မယုံတာအပထားပြီးပျော်သလိုသာနေကြပါ။ ကောင်းကင်နိုင်ငံဟာ သင်တို့ရဲ့အိမ်ဖြစ်တယ်" ဟူ၍ ဖွင့်ဆိုနေပါသည်။ (ဟေရှာယ၊ ၅း၂၀)။

## သမ္မာကျမ်းစာကိုယုံတမ်းစကားဟုဖွင့်ဆိုနေခြင်း

နတ်ဆိုးဝိညာဉ်များက တမန်တော်ယောင်ဆောင်လာကာ ၎င်းတို့လောကတွင်ရှိစဉ်က ရေးသားခဲ့သည့်အရာများနှင့် ဆန့်ကျင်လျက် လုပ်ဆောင်ပြနေပါသည်။ သမ္မာကျမ်းစာအား ရှေးဦးလူသားစုအတွက်သာ သင့်လျော်သည့်ခေတ်နောက်ကျသည့် စာအုပ်တစ်အုပ်အဖြစ် ယုံတမ်းစကားများကိုသာဖော်ပြထားသည့် စာအုပ်တစ်အုပ်အဖြစ် လူအများယုံကြည်လာအောင်လုပ်ရန်မှာ စာန်၏အလုပ်ဖြစ်သည်။

၎င်းနှင့်တကွ ၎င်း၏ အပေါင်းပါများအား တရားစီရင်ရာတွင်၊ အသုံးပြုမည့် ထိုစာအုပ်ကြီးကို အမှောင်ထဲတွင် သူပစ်ထားကာ ကမ္ဘာ့ကယ်တင်ရှင်ကို သာမန်ပုဂ္ဂိုလ်တစ်ဦးထက် မပိုသူတစ်ဦးအဖြစ် အထင်မှားအောင် သူကြိုးစားနေပါသည်။ ကယ်တင်ရှင်၏အသက်တာတွင် မည်သည့်အံ့ဩဖွယ်ရာကိုမှမတွေ့ရကြောင်း ၎င်းတို့ပြုလုပ်သော ထူးဆန်းအံ့ဩဖွယ်ရာများသည် ခရစ်တော် ပြခဲ့သည့်အရာများထက် အလွန်သာလွန်ကြောင်း လူအများကထင်လာအောင် နံ့ဝိညာဉ်ဝါဒကို ယုံကြည်သူများက ကြိုးစားလုပ်ဆောင်နေပါသည်။

နံဝိညာဉ်ဝါဒသည် ခရစ်ယာန်အရေခြုံကာ အလုပ်လုပ်လျက်ရှိပါသည်။ သို့စေကာမူ ၄င်း၏သွန်သင်ချက်များ ဖုံးဖိထားခြင်းငှာ မရလောက်အောင် ထင်ရှားနေပါသည်။ ၄င်း၏ လက်ရှိပုံစံသည်ပို၍အန္တရာယ်များပြီး လှည့်ဖြားမှုနှင့်ပြည့်စုံနေပါသည်။

ထိုဝါဒီများကခရစ်တော်နှင့် သမ္မာကျမ်းစာကို လက်ခံနေကြသော်လည်း သမ္မာကျမ်းစာကို အသစ်မွေးဖွားခြင်းမခံရသေးသည့်စိတ်နှလုံးဖြင့် မိမိကြိုက်သလိုအနက်ဖွင့်နေကြပါသည်။ ချစ်ခြင်းမေတ္တာကို ဘုရားသခင်၏အဓိကစာရိတ္တတော်အဖြစ် တွေးနေ၊ ရေးနေ၊ မှတ်ယူနေကြသော်လည်းအမှားနှင့်အမှန်အကြား၊ ခြားနားမှုမထားသလောက်ရှိသော အားနည်းသောစိတ်ကူးယဉ် တစ်ခုအခြေအနေအထိ မေတ္တာတရားများလျော့ပါးနေကြပါသည်။

အပြစ်ကို မကျူးလွန်ကြဖို့၊ ဘုရား၏မိန့်ဆိုချက်များနှင့်သန့်ရှင်းသောပညတ်တော်ကို စောင့်ရှောက်ကြဖို့ ဘုရား၏ တောင်းဆိုချက်များကို မျက်ကွယ်ပြုနေကြပါသည်။ ယုံကြည်ခြင်း၏ အုတ်မြစ်ဖြစ်သော သမ္မာကျမ်းစာကိုငြင်းပယ်စေရန် ဒဏ္ဍာရီပုံပြင်များကလူသားများအား လမ်းပြနေကြပါသည်။ ခရစ်တော်ကိုယခင်ကကဲ့သို့ပင် ငြင်းပယ်နေကြသော်လည်း ထိုလှည့်ဖြားမှုကိုမူသတိမပြုမိကြသေးချေ။

လူနည်းစုကသာ နံဝိညာဉ်ဝါဒ၏ လှည့်ဖြားခြင်းတန်ခိုးကိုအမြင်ရှင်းနေကြပါသည်။ အများစုမှာမူ စပ်စုချင်သည့်သဘောဖြင့်နံဝိညာဉ်ဝါဒကို ကလိနေပါသည်။ ထိုဝိညာဉ်များ၏ ထိန်းချုပ်မှုအောက်သို့ရောက်သွားလျှင် ဒုက္ခလှလှကြီးရောက်သွားမည်ကို သိလျက်နှင့် တားမြစ်ထားသောနယ်မြေထဲသို့ အရဲစွန့်ကာ သူတို့ဝင်သွားခဲ့ကြပါသည်။ စာတန်သည် ၄င်းတို့၏ အလိုဆန္ဒကိုဆန့်ကျင်ကာ

၎င်းတို့အား တန်ခိုးပြနေပါသည်။ ၎င်းတို့သည် သူ၏လမ်းညွှန်မှု အောက်သို့ တစ်ခါရောက်သွားရုံနှင့် သူ၏ အကျဉ်းသားများဖြစ်သွား ကြပါလိမ့်မည်။ ဆုတောင်းမှုကြောင့် တုံ့ပြန်မည့် ဘုရားသခင်၏ တန်ခိုတော်တစ်ခုတည်းကသာ ဤဝိညာဉ်များကို ကယ်ဆယ်နိုင် ပါသည်။

သိသာလျက်ရှိသောအပြစ်များကို ဆန္ဒအလျောက်ကျူးလွန် နေသူအပေါင်းတို့သည် စာတန်အား စုံစမ်းနှောင့်ယှက်မှုပြုရန်ဖိတ် ခေါ်နေခြင်းဖြစ်သည်။ ထိုသူများသည် မိမိကိုယ်ကို ဘုရားသခင်ထံ မှလည်းကောင်း၊ ကောင်းကင်တမန်များ၏ ကာကွယ်စောင့်ရှောက်မှု များမှလည်းကောင်း ကျောခိုင်းခဲ့ကြသဖြင့် အကာအကွယ်မဲ့သူများ ဘဝသို့ရောက်နေကြပါသည်။ "တိုးတိုးပြော၍ မန္တန်သရဇ္ဈာယ်တတ် သော နတ်ဝင်နှင့်စုန်းတို့၌ ဆည်းကပ်ကြလော့ဟု သင်တို့အားဆို လျှင်မူကား လူတို့သည် မိမိတို့ဘုရားသခင်၌ မဆည်းကပ်အပ်သ လော။

အသက်ရှင်သောသူ၏အမှုမှာ အသက်သေသောသူ၌ဆည်း ကပ်အပ်သလော။ တရားတော်ကိုလည်းကောင်း၊ သက်သေခံတော် မူချက်ကိုလည်းကောင်း နားထောင်ကြကုန်အံ့။ သူတို့ပြောသောစ ကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင် သူတို့၌ အရုဏ်မတက် သေး။" ဟေရှာ၊ ၈း၁၉-၂၀။

အကယ်၍သာ လူတို့သည် လူ၏သဘာဝ၊ လူသေတို့၏ အခြေအနေနှင့်ပတ်သက်သည့်အမှန်တရားကို သိရှိလိုစိတ်ပြင်းပြခဲ့ ကြမည်ဆိုလျှင် စာတန်၏တန်ခိုးနှင့် ၎င်း၏လိမ်ညာမှုများကို နံဝိ ညာဉ်ဝါဒတွင် မြင်တွေ့ကြရလိမ့်မည်။ လူထုကြီးသည် အလင်းကို မမြင်အောင် မျက်စိအစုံကို ပိတ်ထားကြသဖြင့် ၎င်းတို့အားကျော့ကွင်း

များတွင်ဖမ်းမိစေဖို့ စာတန်၌အခွင့်သာလျက်ရှိပါသည်။ "ထိုသူတို့သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ သမ္မာတရား၌ မွေ့လျော်သောစိတ်ကို မခံယူကြ။ ---- မုသာစကားကို ယုံစိမ့်သောငှာ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင် စေလွှတ်တော်မူလိမ့်မည်။" ၂သက်၊ ၂း၁၀-၁၁။

နံဝိညာဉ်အယူဝါဒကို ဆန့်ကျင်သူများက စာတန်နှင့်အပေါင်းပါများအား တွန်းလှန်တိုက်ခိုက်ကြပါသည်။ ကောင်းကင်တမန်များ၏ တိုက်ခိုက်မှုမှလွဲ၍ မည်သူ၏ တွန်းလှန်တိုက်ခိုက်မှုကြောင့်မျှ စာတန်သည် နောက်သို့တစ်လက်မဆုတ်ပေးလိမ့်မည်မဟုတ်ချေ။

သူသည် ကျမ်းချက်များကို ကိုးကားကာ ထိုကျမ်းချက်များ၏ သွန်သင်ချက်များကို နားလည်မှုမှားအောင် လုပ်နိုင်စွမ်းရှိသူတစ်ဦးဖြစ်နေရာ ဤသို့သောခေတ်ကာလတွင် အသက်ရှင်နေထိုင်လျက်ရှိသော ယုံကြည်သူများသည် သမ္မာကျမ်းစာ၏ သက်သေခံချက်များကိုနားလည်သဘောပေါက်ထားကြရပါမည်။

ဆွေမျိုး၊ မိတ်ဆွေများ၏ အယောင်ကိုဆောင်ထားသည့်နတ်ဆိုးဝိညာဉ်များသည် ၎င်းတို့အား ကျွန်ုပ်တို့ခင်မင်လာအောင်ဆွဲဆောင်ကြလိမ့်မည်။

ထူးဆန်းသောနိမိလက္ခဏာများကိုပြလိမ့်မည်။ထိုကြောင့်သေလွန်သောသူသည် မည်သည့်အရာကိုမျှ မသိရှိတော့ကြောင်း၊ မိမိတို့အား ယခုဆွဲဆောင်နေသူများသည် နတ်ဆိုးဝိညာဉ်များသာဖြစ်ကြောင်း ဖော်ပြထားသည့် သမ္မာကျမ်းစာမှ ကျမ်းစကားများကိုအခြေပြုအားယူကာ ကျွန်ုပ်တို့သည် မားမားမတ်မတ်ရပ်တည်ကြရမည်။

မိမိ၏ယုံကြည်ခြင်းကို နှုတ်ကပါတ်တော်တွင် တည်ဆောက်ထားခြင်းမရှိသူများမှာ စာတန်၏ လှည့်ဖြားခြင်းထဲတွင် ဆုံးရှုံးကြရလိမ့်မည်။

စာတန်သည် "မတရားသောလှည့်ဖြားခြင်းအမျိုးမျိုး" ကိုအသုံးပြုကာ သွေးဆောင်လျက်ရှိသော်လည်း သမ္မာတရားကိုဆည်းပူးပြီး နားထောင်လိုက်လျှောက်ခြင်းအားဖြင့် အသက်တာကိုဖြူစင်သန့်ရှင်းစေခဲ့သူများသည် ထာဝရဘုရား၌ ကွယ်ကာရာ ဌာနတော်ကို တွေ့ကြလိမ့်မည်။ ကယ်တင်ရှင်သည် မိမိကို ကိုးစားသည့်အသက်ဝိညာဉ်တစ်လုံးအား စာတန်၏ လက်ထဲသို့ ထည့်လိုက်မည့်အစား ကောင်းကင်မှ ကောင်းကင်တမန်များကို စေလွှတ်ကာ၄င်းအားကာကွယ်တော်မူလိမ့်မည်။

အပြစ်သားများကို ပြစ်ဒဏ်စီရင်မှုမရှိပါဟူသော အာမခံချက်ဖြင့် ကျေနပ်နေသူများနှင့် ဒုက္ခဆင်းရဲခြင်းကာလအတွက် အကာအကွယ်တစ်ခုအဖြစ် ဘုရားသခင်စီမံထားသည့်သမ္မာတရားများကိုလက်မခံသော ပုဂ္ဂိုလ်များသည်စာတန်၏လိမ်ညာမှုများကိုလက်ခံကြလိမ့်မည်။ နံဝိညာဉ်အယူဝါဒ၏ လွဲမှားသောအယောင်ဆောင်မှုများကိုလက်ခံကြလိမ့်မည်။

သရော်ကဲ့ရဲ့သူများက ကယ်တင်ခြင်းစီမံကိန်းနှင့်ပတ်သက်သည့် သမ္မာကျမ်းစာ၏ ဖွင့်ဆိုချက်များကိုလည်းကောင်း၊ သမ္မာတရားများကိုငြင်းပယ်သူများအား ၄င်းတို့၏ အကျင့်အလျှောက်၊ အကျိုးအပြစ်များ ပေးတော်မူမည်ဟူသော ကျမ်းစာ သွန်သင်ချက်များကိုလည်းကောင်း ပြက်ရယ်ပြုနေကြပါသည်။ ပညတ်တော်ကိုစောင့်ရှောက်နေသူများအား အယူသီးသူ၊ အားနည်းသူ၊ သဘောထားကျဉ်းမြောင်းသူများအဖြစ် သနားဟန်ပြကြပါသည်။ ထိုသူတို့သည် စာတန်၏ နောက်သို့ လုံးလုံးလျားလျား လိုက်ပါသွားကြပြီဖြစ်သဖြင့်

စာတန်နှင့်တစ်လုံးတစ်ဝတည်းဖြစ်နေကြလေရာ စာတန်၏ကျော့ကွင်း မှရုန်းထွက်လိုစိတ်မရှိလောက်သည်အထိ စာတန်၏ စိတ်ဓာတ်သည် ၎င်းတို့အား လွှမ်းမိုးထားချေပြီ။

"သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက်၊ ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့" ဟူသော အာမခံချက်အပေါ်တွင် စာတန်အမှုတောင်၏အုတ်မြစ်ကို အခြေပြု ထားပါသည်။ သူ၏လှည့်ဖြားမှုကို နောက်ဆုံးသော ကျန်ကြွင်းသူ များ၏ခေတ်အခါအထိ အသုံးချပါလိမ့်မည်။ "ဖားကဲ့သို့ ညစ်ညူး သောဝိညာဉ်သုံးပါးထွက်သည်ကို ငါမြင်၏။ နိမိတ်လက္ခဏာပြသော နတ်ဆိုး၏ဝိညာဉ်ဖြစ်သတည်း။ ထိုဝိညာဉ်တို့သည် လောကီတစ်နိုင် ငံလုံးတွင်ရှိသော ရှင်ဘုရင်တို့ထံသို့ ထွက်သွား၍ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏ နေ့ကြီး၌ စစ်တိုက်ခြင်းအလို့ငှာ စုဝေးစေကြ၏။" ဗျာဒိတ် ၁၆း၁၃-၁၄။

ကိုယ်တော်ရှင်၏ နှုတ်တော်ထွက်စကားများအပေါ် ယုံကြည် ကိုးစားသောကြောင့် တန်ခိုးတော်အားဖြင့် ကွယ်ကာခြင်းခံရသူများ မှတစ်ပါး ကျန်လူသားအပေါင်းတို့သည် စာတန်၏လှည့်ဖြားခြင်းကို ခံကြရလိမ့်မည်။ အန္တရာယ်မကင်းသည့်လုံခြုံမှုတွင် နှစ်သိမ့်ကျေနပ် နေသူများသည် ဘုရားသခင်၏ အမျက်တော်ကျရောက်သောအခါကျ မှသာ နိုးထလာကြလိမ့်မည်။

-----o-----

# အခန်း(၃၅)
## အငြိမ်းခြောက်ခံနေရသည့်ဩတ္တပ္ပစိတ်လွတ်လပ်မှု

ရောမအယူဝါကို ယခင်အချိန်များတုန်းကထက် ယခုခေတ်တွင် ပရိုတက်စ်တင့်များက ပို၍လက်ခံလာကြပါသည်။ မိမိတို့ယခင်ကထင်ထားခဲ့သလို အရေးကြီးသော အချက်များတွင် များစွာ ကွဲလွဲမှုမရှိသဖြင့် အနည်းငယ်လိုက်လျောလိုက်ခြင်းအားဖြင့် ရောမတို့နှင့် နားလည်မှုရရှိနိုင်သည်ဟူသော အတွေးအခေါ်သည် ရောမအယူဝါဒ လွှမ်းမိုးခြင်းခံထားရသည့်နိုင်ငံများတွင် နေထိုင်ကြသော ပရိုတက်စ်စတင့်များ၏စိတ်တွင် အမြစ်တွယ်နေပါသည်။ ရောမများနှင့်အဆင်ပြေအောင်ကြိုးစားသူများသည် ဘုရားသခင်အပေါ်တွင် သစ္စာမဲ့သူများဖြစ်ကြသည်ဟု ပရိုတက်စတင့်မိဘများက ၎င်းတို့၏ သားသမီးများကို သွန်သင်ခဲ့ခြင်းများသည် အတိတ်တွင်ကျန်ရစ်ခဲ့ချေပြီ။ ရောမများအပေါ် ယခုအချိန်တွင်ထားရှိသည့် သဘောထားများ များစွာ ခြားနားသွားပါပြီတကား။

ရောမအသင်းတော်ကို ကာကွယ်နေသူများကမူ ၎င်းတို့၏ အသင်းတော်သည် အပုပ်ချခံနေရခြင်းသာဖြစ်ကြောင်း အမှောင်ခေတ်တုန်းက အသင်းတော်၏ လုပ်ရပ်များကိုထောက်ပြကာ ယခုခေတ် ရောမအသင်းတော်အား စီရင်နေကြခြင်းမှာ တရားမျှတမှု မရှိကြောင်း ဖွင့်ဆိုနေကြပါသည်။ ထိုအသင်းတော်၏ ရက်စက်ကြမ်းကြုတ်မှုများကိုလည်း ခေတ်ကာလ၏ ရက်စက်ကြမ်းကြုတ်မှုများအဖြစ် သူတို့ဆင်ခြေပေးခဲ့ကြပါသည်။

"အသင်းတော်သည် မည်သည့်အခါကမျှ အမှားအယွင်းများကို မလုပ်ခဲ့ဖူးသလို မည်သည့်အခါတွင်မှလည်း အမှားအယွင်း

များကို လုပ်လိမ့်မည်မဟုတ်ချေ။ သမ္မာကျမ်းစာအရမူ အမြဲတမ်း မှားယွင်းမှုများကိုလုပ်နေကြသည်” ဟု ရောမအသင်းတော်ကဖွင့် ဆိုထားသည်ကို ဤပုဂ္ဂိုလ်များမေ့လျော့နေကြပြီလား။

မိမိတို့အသင်းတော်သည်အမှားအယွင်းကင်းမဲ့သည်ဟူ သော ဖွင့်ဆိုချက်ကို ထိုရောမအသင်းတော်က မည်သည့်အခါမျှ ပြန်လည် ရုပ်သိမ်းလိမ့်မည်မဟုတ်ချေ။ သက်ဆိုင်ရာအစိုးရများက ပြဋ္ဌာန်း ထားသည့်ထိန်းချုပ်မှုများကို ယခု ဖယ်ရှားပစ်လိုက်မည်ဆိုလျှင် ရော မအသင်းတော်သည် ယခင်တန်ခိုးအာဏာများ ပြန်လည်ရယူကာ နိုင်လိုမင်းထက်ပြုခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းများကို ပြန်လည်အ သက်သွင်းလာပေလိမ့်မည်။

ရောမအသင်းတော်ထဲတွင် စစ်မှန်သော ခရစ်ယာန်များရှိ နေသည်ဆိုသည့်အချက်မှာ မှန်ကန်ပါသည်။ ထိုအသင်းတော်တွင် ရှိနေသည့် ယုံကြည်သူတချို့မှာ မိမိတို့ရရှိထားသည့် အလင်းတရား အားဖြင့် ဘုရားသခင်ကိုကိုးကွယ်နေကြပါသည်။ လှည့်ဖြားမှုနှင့် ပြည့်ဝပြီး စိတ်ကျေနပ်မှုကိုမပေးနိုင်သည့် ယုံကြည်ခြင်းတစ်မျိုးတွင် ပညာပေးခြင်းခံရသည့် ထိုသူများကို သနားကြင်နာသောစိတ်ဖြင့်ထာ ဝရဘုရားကြည့်တော်မူပါသည်။ ထို့ကြောင့် ထိုအမှောင်ထုကို ဖြိုခွင်း ရန် အလင်းတန်းများကို ကိုယ်တော်ရှင်ထွန်းလင်းစေတော်မူမည်ဖြစ် ရာ များစွာသောထိုယုံကြည်သူများသည် ဘုရားသခင်၏ သားသမီး များနှင့်အတူ ပူးပေါင်းလာကြလိမ့်မည်။

သို့ရာတွင် ရောမအယူဝါဒသည် စနစ်တစ်ခုအနေဖြင့်ယခင် အချိန်များကထက်ယခုအချိန်တွင် ခရစ်တော်၏ ဧဝံဂေလိတရားတော် နှင့် ပို၍လိုက်လျောညီထွေဖြစ်လာသည် မဟုတ်ပါ။ ကမ္ဘာကြီးကို

ထိန်းချုပ်ထားရန်အတွက်သော်လည်းကောင်း၊ နှိပ်စက်ညှင်းပန်းခြင်းအလုပ်များကို ပြန်လည်အသက်သွင်းကာ ပရိုတက်စတင့်များလက်နှင့်ရေးထားသမျှကို ခြေဖြင့်နင်းချေရန်အတွက်သော်လည်းကောင်း၊ ရောမအသင်းတော်သည် နည်းမျိုးစုံကို အသုံးပြုလျက်ရှိပါသည်။ ရောမအယူဝါဒသည် နေရာတကာတွင် အောင်ပွဲဆင်နေပါသည်။ အသင်းတော်အရေအတွက် တိုးပွားမှုမှာဖြစ်စေ၊ ပရိုတက်စတင့်အများစုက ကျယ်ကျယ်ပြန့်ပြန့် အားပေးနေသည့် ရောမအသင်းတော်မှဖွင့်လှစ်ထားသော ကောလိပ်ကျောင်းနှင့် တက္ကသိုလ်များ၏ရေပန်းစားမှုမှာဖြစ်စေ၊ အင်္ဂလန်နိုင်ငံတွင် သီလဗ္ဗတပရာမာသ ဝါဒကြီးထွားတိုးတက်လာပုံနှင့် ရောမယုံကြည်ချက် အသီးသီးကိုလက်ခံလာသူများ၌ဖြစ်စေ ၎င်းတို့၏ အောင်ပွဲဆင်နေမှုများကို တွေ့မြင်နိုင်ကြပါသည်။

## အလျှော့ပေး၊ လိုက်လျောမှုများ

ပရိုတက်စတင့်များသည် ရောမအသင်းတော်ကို ၎င်း၏ ဖေါက်သည်များအလား အားပေးခဲ့ကြသည်။ ရောမအသင်းတော် ကိုယ်တိုင် အံ့အားသင့်လောက်အောင် ပိုတက်စတင့်များကအလျှော့ပေးလိုက်လျောမှုများပြုလုပ်ခဲ့ကြသည်။

လူတို့သည် ရောမအသင်းတော်၏ ဇာတိရုပ်မှန်ကို မမြင်နိုင်လောက်အောင် မိမိတို့၏ မျက်စိများကို ပိတ်ထားကြပါသည်။ ထိုကြောင့် ထိုသူများသည် လူထု၏လွတ်လပ်မှုနှင့် ဘာသာရေးလွတ်လပ်မှုတို့ကို ထိပါးနိုင်သည့်ထိုအန္တရာယ်ကောင်၏ တိုးတက်မှုများကိုဝိုင်းဝန်းဟန့်တားဖို့ လိုအပ်ပါသည်။

ရောမအယူဝါဒများသည် လှည့်ဖြားမှုများအပေါ်တွင်အခြေခံထားသော်ငြားလည်း ကြမ်းတမ်း၍ ကိုးရိုးကားရားရှိလှသည်တော့မဟုတ်ချေ။

ရောမအသင်းတော်၏ ဘာသာရေးအခမ်းအနားများမှာအထင်ကြီးသဘောကျစရာကောင်းလှပါသည်။ ထူးကဲသောဟန်ပန်များ၊ ရှိသေဖွယ်သောဝတ်ပြုပွဲများသည် လူအများ၏ စိတ်နှလုံးကိုတိမ်းညွှတ်စေပြီး သြတ္တပ္ပစိတ်၏ ဖွင့်ဆိုသံများနှင့် ကြောင်းကျိုးဆင်ချင်သံများကို တိတ်သွားစေပါသည်။ အမြင်အာရုံကိုလည်း ဆွဲဆောင်နိုင်စွမ်းရှိပါသည်။ ခံညားထည်ဝါသောဘုရားရှိခိုးကျောင်းများ၊ ဟန်ပန်ကောင်းလှသည့်လူတန်းကြီးများ၊ ရွှေယဇ်ခုံများ၊ လက်ရာမြောက်သောဗိသုကာပညာရပ်များတို့သည် အလှအပကို မြတ်နိုးသူများအားဆွဲဆောင်နေပါသည်။ တေးဂီတဘက်တွင်လည်း ထိပ်တန်းဖြစ်ပါသည်။ အဆိုသည်များ၏ သာယာသောသံစဉ်များဖြင့် လိုက်ဖက်ညီသည့်အော်ဂင်တေးသွားများသည် ဘုရားရှိခိုးကျောင်းများတွင် ပျံ့လွင့်နေပြီး ကြားရသူများအား ပျပ်ဝပ်ကိုးကွယ်လိုစိတ်များကို ဖြစ်ပေါ်လာစေပါသည်။

ဤအပြင်ပန်းအဆောင်အယောင်များသည် အပြစ်တွင်အနာကျနေသည့် ဝိညာဉ်များ၏ တောင်းတချက်များကို ပြက်ရယ်ပြုနေပါသည်။

ခရစ်တော်၏ ဘာသာအယူဝါဒမှာမူထိုကဲ့သို့သောဆွဲဆောင်မှုမျိုးမလိုအပ်ပါချေ။ ကပ်တိုင်မှ ထွက်ပေါ်နေသည့်အလင်းတော်သည် မည်သည့်အပြင်ပန်းစီခြယ်မွမ်းမံမှုများကမှ နဂိုမူလတန်ခိုးကိုတိုးပွားအောင် လုပ်မရသည့်အခြေအထိ စင်ကြယ်၍ မြတ်နိုးစရာအထူးကောင်းလှပါသည်။

လူသားများအား အသက်တာအတွက်အရေးပါသည့်အရာများကို မေ့လျော့သွားစေရန်နှင့် ဤမျက်မှောက်ဘဝတစ်ခုတည်းအတွက်သာ အသက်ရှင်နေထိုင်ကြရန် စာတန်လမ်းပြရာတွင်အနုပညာဆိုင်ရာ မြင့်မားသောစိတ်ကူးစိတ်သန်းများနှင့် ပါးစပ်အရသာအတွက် အနုစိတ်မွမ်းမံချက်ပြုခြင်းများကို မကြာခဏအသုံးပြုတတ်ပါသည်။

ရောမအသင်းတော်၏ ဝတ်ပြုကိုးကွယ်ခြင်းများတွင် ထင်ရှားပေါ်လွင်နေသည့် ခမ်းနားထည်ဝါမှုများ၌ ညို့ဓာတ်ရှိပြီး ဖမ်းစားနိုင်သည့်တန်ခိုးနှင့်ပြည့်စုံနေရာ လူအများသည် ထိုအများအားဖြင့်လှည့်ဖြားခြင်းခံကြရပါသည်။ ထိုသူတို့သည် ရောမအသင်းတော်ကိုကောင်းကင်နိုင်ငံသွားရာဂိတ်တံခါးတစ်ခုကဲ့သို့ အမြင်ရှိလာကြပါသည်။ သမ္မာတရားအုတ်မြစ်ပေါ်မျာ ခိုင်မာစွာအခြေချထားသူများနှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်မွေးဖွားခြင်းခံပြီးသူများသာလျှင်၎င်းတို့၏ ဩဇာလွှမ်းမိုးမှုကို ကြံ့ကြံ့ခံနိုင်ကြမည်ဖြစ်ပါသည်။ တန်ခိုးမပါသည့် ဘုရားဝတ်၌ မွေ့လျော်ခြင်းမျိုးသည် ထိုလူထုကြီးလိုလားနေသည့်အရာ ဖြစ်နေပါသည်။

ထိုအသင်းတော်၌ အပြစ်လွှတ်ပိုင်ခွင့်ရှိသည်ဟူသောဖွင့်ဆိုချက်သည် ရောမအသင်းသားများအား အပြစ်ကျူးလွန်ရန် လွတ်လပ်ခွင့်ပေးလိုက်သလို အသိဝင်စေပါသည်။ အပြစ်ဝန်ချခြင်းအစီအစဉ်သည်လည်း ဒုစရိုက်မှုများကို ကျူးလွန်ရန် လိုင်စင်ထုတ်ပေးထားသလိုဖြစ်နေပါသည်။

အပြစ်တွင်ကျဆုံးနေသောလူတစ်ဦး၏ ရှေ့တွင်ဒူးထောက်ကာ နှလုံးထဲမှာရှိသည့် လျှို့ဝှက်ချက်အားလုံးကို ဖွင့်ဟဝန်ခံနေသောသူသည် မိမိ၏ အသက်ဝိညာဉ်ကို ယုတ်ညံ့နိမ့်ကျစေလျက်

ရှိသည်။ မှားယွင်းမှုများနှင့်ပြည့်စုံကာ သေမျိုးဖြစ်သော ဂိုဏ်းအုပ် တစ်ဦး၏ရှေ့တွင် မိမိအသက်တာ၌ ကျူးလွန်ခဲ့သောအပြစ်များကို ဝန်ချတောင်းပန်ခြင်းသည် ၎င်း၏စာရိတ္တစံကိုနိမ့်ကျစေပြီး အကျိုး ဆက်အားဖြင့် မိမိကိုယ်ကိုညစ်ညူးစေလျက်ရှိသည်။ အပြစ်တွင်ကျ ဆုံးနေသည့်လူသားတစ်ဦးကဲ့သို့ ထာဝရဘုရားအပေါ် သူသုံးသပ် လာသည်အထိ ယုတ်လျော့နိမ့်ကျလာပါသည်။

အဘယ်ကြောင့်ဆိုသော် သူအပြစ်ဝန်ချတောင်းပန်နေသည့် ဂိုဏ်းအုပ်သည် ဘုရား၏ကိုယ်စား၊ ဘုရားနေရာတွင်ရပ်ထနေသော ကြောင့်ဖြစ်သည်။ လူသားအချင်းချင်းအကြားပြုလုပ်သည့်နိမ့်ကျသော ဤအပြစ်ဝန်ချတောင်းပန်ခြင်းသည် ဤကမ္ဘာကြီးအား ညစ်ညူးစေ လျက်ရှိသော ဒုစရိုက်မှုကိုယ်အလိုကိုလိုက်လိုသူများအတွက် ထာဝရဘုရားရှေ့တော်တွင်အပြစ်ဝန်ချတောင်းပန်ရသည်ထက် သေမျိုးဖြစ်သောလူသားအချင်းချင်းရှေ့တွင် အပြစ်ဝန်ချတောင်း ပန်ရသည်ကို ပို၍နှစ်သက်စရာဖြစ်သည်။

အပြစ်ကို ငြင်းပယ်ရခြင်းအမှုထက် အာပတ်ဖြေခြင်းအမှုကို လုပ်ဆောင်ရန် လူသားများပို၍ သဘောကျကြသည်။ အသွေးအ သား၏ တပ်မက်မှုများကို ကပ်တိုင်တင်သည်ထက် အဝတ်ကြမ်းကြီး ကိုဝတ်ကာ အရှက်ကွဲခံရသည်မှာ ၎င်းတို့အတွက် ပို၍ လွယ်ကူနေ ပါသည်။

## ထင်ရှားသိသာနိုင်သည့်တူညီမှုများ

ခရစ်တော်ပထမအကြိမ်ကြွလာစဉ်က ဂျူးလူမျိုးများသည် ဘုရား၏ပညတ်တော်ကို မသိမသာနင်းချေနေစဉ်မှာပင် ပညတ်တော်

အတိုင်း အသက်ရှင်နေထိုင်ခြင်းကို ဝန်တစ်ခုကဲ့သို့ဖြစ်စေသောအသေးစိတ်အချက်အလက်များကို ပြဋ္ဌာန်းကာ ထိုပညတ်တော်များကို စိတ်အားကြီးစွာ စောင့်ရှောက်သယောင် ဟန်လုပ်ခဲ့ကြသည်။ ထိုဂျူးလူမျိုးများက ပညတ်တော်ကို ရိုသေသယောင်ဖွင့်ဟခဲ့ကြသည်နည်းတူ ဤရောမများကလည်း ကပ်တိုင်တော်ကို ရိုသေသယောင်ဖွင့်ဆိုနေကြပါသည်။

ထိုသူများသည် ကပ်တိုင်များကို ဘုရားကျောင်းများ၊တရားဟောပလ္လင်များနှင့် ၎င်းတို့၏ ဝတ်ရုံများတွင် တည်ဆောက်ချုပ်လုပ်ကာ ကပ်တိုင်ကို အပြင်ပန်းအားဖြင့် ရိုသေဟန်ပြနေကြပါသည်။ သို့ရာတွင် ခရစ်တော်၏ သွန်သင်ချက်များကိုမူ ၎င်းတို့၏ ရိုးရာဓလေ့များနှင့် ဝတ်ပြုခြင်းဆိုင်ရာ အသေးစိတ်ညွှန်ကြားမှုများအောက်တွင် မြှုပ်နှံထားကြပါသည်။ တာဝန်ကျေပွန်သော ယုံကြည်သူများသည် ဘုရား၏အမျက်တော်ရှုမည်ကို စိုးကြောက်နေရစဉ်မှာပင် အသင်းတော်အကြီးအကဲများစွာတို့သည် အပျော်အပါးလိုက်စားကာ ဇိမ်ခံသည့်အသက်တာတွင် ပျော်မွေ့နေကြပါသည်။

ဘုရားသခင်၏ ဇာတိတော်ကို တလွဲဖော်ပြခြင်း၊ အပြစ်၏သဘာဝနှင့် မဟာတိုက်လှန်ပွဲတွင် အမှန်တကယ် ရှန်းကန်ဖြစ်ပျက်နေသောအရာများကို တလွဲဖော်ပြခြင်းများသည် စာတန်မနားမနေကြိုးစားလုပ်ဆောင်နေသောအရာဖြစ်သည်။ သူပြုသောတစ်ပတ်ရိုက်ခြင်းများသည် လူသားများအား အပြစ်လုပ်နိုင်ခွင့်လိုက်စင်ထုတ်ပေးနေခြင်းဖြစ်သည်။ ဘုရားသခင်အား ချစ်စရာကောင်းသည့်ပုဂ္ဂိုလ်အနေနှင့်မမြင်ဘဲ ကြောက်လန့်မုန်းတီးရာကောင်းသည့် ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟု လူသားများအမြင်ရောက်သွားစေရန် ဘုရားအပေါ်

မှားယွင်းသောသဘောထားများထားရှိအောင်လည်း သူလုပ်ဆောင်နေပါသည်။

ဘုရားသခင်၏ စာရိတ္တတော်ကို လွဲမှားစွာရှုမြင်စေခြင်းအားဖြင့် ဘုရားထံမှအမအစများရရန် လူများကို ယဇ်ပူဇော်ခြင်းအရာသည် အရေးပါနေပါကလားဟု ခရစ်ယာန်မဟုတ်သူများအားယုံကြည်သွားစေပါသည်။ ခြားနားသော ရုပ်တုကိုးကွယ်မှုများအောက်တွင် ကြောက်လန့်စရာရက်စက်မှုများသည် ယနေ့ထက်တိုင်ဆက်လက်ဖြစ်ပွားနေပါသည်။

## ဗာဟီရဝါဒ (Paganism)နှင့် ခရစ်ယာန်အယူဝါဒတို့ကိုပူးပေါင်းလိုက်ခြင်း

ဗာဟီရဝါဒနှင့် ခရစ်ယာန်အယူဝါဒကို ပေါင်းစည်းပစ်လိုက်သည့် ရောမအသင်းတော်သည် ဗာဟီရဝါဒများကဲ့သို့ပင် ဘုရား၏စာရိတ္တတော်ကို တလွဲဖော်ပြကာ ရက်စက်ကြမ်းကြုတ်မှုများကိုကျင့်သုံးခဲ့ကြပါသည်။

အသင်းတော်၏ ယုံကြည်ချက်များကို လက်ခံလာအောင်နှိပ်စက်ညှင်းပန်းမှုများကို လက်နက်ပစ္စည်းတစ်ခုအဖြစ်အသုံးချခဲ့ကြပါသည်။ အသင်းတော်အကြီးအကဲများသည် အထိရောက်ဆုံးသောညှင်းပန်းနည်းများကို တီထွင်နိုင်ရန် နည်းလမ်းများကို ရှာကြံခဲ့ကြသည်။ အသင်းတော်၏ ယုံကြည်ချက်များကို လက်ခံရန်ငြင်းဆိုသူများအား မသေမရှင်ဘဝဖြင့် အကြာကြီးဝေဒနာခံစေသည့်နည်းများကို ရှာကြံခဲ့ကြသည်။ အညှင်းပန်းခံရသူများသည် သေခြင်းကိုကောင်းမြတ်သော လွတ်ငြိမ်းခွင့်တစ်ခုအဖြစ် ကြိုဆိုခဲ့ကြသည်အထိ ၎င်းတို့၏ ညှင်းပန်းမှုများသည် ရက်စက်လှပါသည်။

ရောမယုံကြည်ချက်များကို ထောက်ခံသူများအတွက်မူ ကြိမ်ဒဏ်ပေးခြင်း၊ အစာအငတ်ထားခြင်းနှင့် အစာရေစာများကိုမဝ တဝကျွေးခြင်း စသည့်အပြစ်ပေးခြင်းများကို အသုံးပြုပါသည်။ ဘုရား သခင်၏ မျက်နှာသာပေးခြင်းကိုခံရစေရန် ကောကခရီးတွင် လျှောက် လှမ်းနေသောလူသားများသည် ဝမ်းမြောက်ခြင်းနှင့် ကောင်းချီးမင်္ဂ လာများချပေးရန် ဘုရားတည်ဆောက်ထားသည့် နှောင်ကြိုးကိုဖြတ် တောက်ပစ်ရမည်ဟု အာပတ်ဖြေသူများအား အသင်းတော်ကသွန် သင်ပါသည်။ ဝေနေယျသတ္တဝါအချင်းချင်း ကြင်နာသနားရမည်ဟူ သောအသိစိတ်များကို မျိုသိပ်ချုပ်တည်းထားရန် အချည်းနှီးကြိုးစား နေသော သန်းပေါင်းများစွာသောလူတို့ဖြင့် အသင်းတော်ပုရဝဏ် သည်ပြည့်နှက်နေပါသည်။

ထာဝရဘုရားသည် လူသားများအပေါ် လေးလံသည့်မည် သည့်ဝန်ကိုမျှ တင်တော်မူခြင်းမရှိပါ။ ကောင်းကင်နိုင်ငံသို့ဝင်ထိုက် သောသူများဖြစ်လာရန် သာသနာ့အဆောက်အအုံများထဲတွင် သီး သန့်နေထိုင်ရမည်ဟုလည်း လူသားများအတွက် ခရစ်တော်နမူနာ ပြုတော်မမူခဲ့ပါ။ မေတ္တာစိတ်ကို မျိုသိပ်ချုပ်တည်းထားရမည်ဟုလည်း ၎င်းတို့အား ကိုယ်တော်ရှင်မသွန်သင်ဖူးပါ။

မိမိသည် ခရစ်တော်၏ ကိုယ်စားလှယ် (Vacar of Christ) ဖြစ်သည်ဟု ရောမဂိုဏ်းချုပ်ကြီးက ဖွင့်ဆိုပါသည်။ မိမိအားစကြာ ဝဠာ၏ ရှင်ဘုရင်တစ်ပါးအဖြစ် အရိုအသေမပေးသည့်အတွက်လူ သားများအား ခရစ်တော်က ထောင်ချခဲ့သည်ဟူသော သတင်းမျိုးကို ကြားဖူးပါသလား။ မိမိအား လက်မခံသောသူများအား သေဒဏ်ချ မှတ်ခဲ့သည့် ခရစ်တော်၏ အသံကိုကြားဖူးပါသလား။

ရောမအသင်းတော်သည် မိမိ၏ ကြောက်စရာရက်စက် ကြမ်းကြုတ်မှု မှတ်တမ်းများအတွက် တောင်းပန်ရိုကျိုးလျက်တရား

မျှတစွာကျင့်ကြံသည့်ဟန်မျိုးကို ယနေ့တွင်ပြနေပါသည်။ အသင်းတော်၏အတွင်းသဏ္ဍာန်ပြောင်းလဲမှုမရှိသော်လည်း ခရစ်တော်နှင့်တူသည့်ဝတ်ရုံကို သူမခြုံထားပါသည်။ အတိတ်တုန်းကအသုံးပြုခဲ့သည့် အခြေခံစည်းမျဉ်းများကို ယနေ့ထက်တိုင် အသုံးပြုဆဲဖြစ်ပါသည်။

အမှောင်ခေတ်တုန်းက တီထွင်ခဲ့သည့် ယုံကြည်ချက်များကိုလည်း ယနေ့ထက်တိုင် စွဲကိုင်ထားဆဲဖြစ်သည်။ ယနေ့ပရိုတက်စတင့်များ အလေးအမြတ်ပြုနေသည့် ရောမအသင်းတော်သည် ၎င်း၏မှားယွင်း မှုများကို ထုတ်ဖော်မိသည့် ယုံကြည်သူအစစ်အမှန်များ၏အသက်ကို သတ်ဖြတ်ခဲ့သည့် ဘာသာရေးပြုပြင်ပြောင်းလဲရေးအချိန်ကအုပ်စိုးခဲ့သော ရောမအသင်းတော်ပင်ဖြစ်ပါသည်။

ထိုအသင်းတော်သည် အနာဂတ္တိကျမ်းစကားများဖွင့်ဆိုထားသည့်အတိုင်း ယနေ့တည်ရှိနေပါသည်။ (၂သက်၊ ၂း၃-၄ ကိုကြည့်ပါ)။ သူမသည် ပုတ်သင်ညိုအရောင်အမျိုးမျိုးပြောင်းသကဲ့သို့ပုံစံအမျိုးမျိုးပြောင်းကာ ပြောင်းလဲမှုမရှိသော မြွေဆိပ်များကို ဖုံးကွယ်ထားပါသည်။

နှစ်ပေါင်းများစွာကတည်းက သူတော်စင်များ၏အသွေးနှင့်ရေးခဲ့သည့်မှတ်တမ်းများကို ပိုင်ဆိုင်သောထိုတန်ခိုးရှင်သည်ခရစ်တော်အသင်းတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ယနေ့အသိအမှတ်ပြုခံသင့်ပါသလား။

## ပရိုတက်စတင့်အယူဝါဒ၏ပြောင်းလဲမှုတစ်ခု

ရောမအသင်းတော်၏ယုံကြည်ချက်များသည် ပရိုတက်စတင့်အသင်းတော်၏ ယုံကြည်ချက်များနှင့် ရှေးအခါတုန်းကလောက်

ကွဲပြားခြားနားမှုမရှိတော့ပါဟု ပရိုတက်စတင့်နိုင်ငံများတွင် ဖွင့်ဆိုနေကြသည်။ ပြောင်းလဲမှုတစ်ခုရှိခဲ့သည်မှာမှန်သည်။ သို့ရာတွင်ထိုပြောင်းလဲမှုသည် ရောမအသင်းတော်၏ ယုံကြည်ချက်များတွင်ဖြစ်ပေါ်သည်မဟုတ်ဘဲပရိုတက်စတင့်များ၌သာပြောင်းလဲမှုရှိခဲ့ပါသည်။

ဘာသာရေးပြုပြင်ပြောင်းလဲသူများ၏ အချိန်မှစ၍ အကြီးအကျယ်နိမ့်ကျယုတ်လျော့လာသည့် ပရိုတက်စတင့်အယူဝါဒကြောင့်ယခုတည်ရှိနေသော ပရိုတက်စတင့် ယုံကြည်ချက်များသည် ရောမအသင်းတော်၏ ယုံကြည်ချက်များနှင့် အမှန်တကယ်ဆင်တူရိုးမှားဖြစ်နေပါသည်။

လောကီသားများ၏ ထောက်ခံမှုရရှိရန် ကြိုးစားနေသည့်ထိုပရိုတက်စတင့်အသင်းတော်သည် မကောင်းမှုအလုံးစုံအား ကောင်းမြတ်သည်ဟု ယုံကြည်နေပါသည်။ အကျိုးဆက်အနေဖြင့် သူတို့သည် ကောင်းမြတ်မှုအလုံးစုံအား အနိဌာရုံတစ်ခုကဲ့သို့ အဆုံးတွင်ယုံကြည်ကြလိမ့်မည်။ သူတို့သည် ယခင်ကဲ့သို့ပင် ယခုတွင်လည်းထိုအသင်းတော်အပေါ် မိမိတို့မညှာမတာထင်မြင်သုံးသပ်ခဲ့မှုများအတွက် တောင်းပန်ခယနေကြပါသည်။ မိမိတို့၏ တစ်ယူသန်မှုအတွက် ခွင့်လွှတ်ရန် တောင်းပန်နေကြပါသည်။

အလယ်ခေတ်တွင်ဖြစ်ပေါ်ခဲ့သောအသိဉာဏ်နှင့်ကိုယ်ကျင့်တရားဆိုင်ရာအမှောင်ကျမှုကြောင့် ရောမအသင်းတော်၏အယူသီးမှုနှင့်ဖိနှိပ်ညှဉ်းဆဲမှုများသည် ပျံ့နှံ့သွားခဲ့ကြောင်း ခေတ်သစ်အသိပညာဖွံ့ဖြိုးခြင်းနှင့်ဘာသာရေးကိစ္စများတွင်လျော့ရဲလာခြင်းသည်အုပ်ချုပ်လိုမှုကိုအသက်သွင်းရန် ဟန့်တားလျက်ရှိကြောင်း လူအများက ပြောလာပါသည်။အသိပညာဖွံ့ဖြိုးနေသည့် ဤခေတ်တွင် ထိုကဲ့သို့သောကိစ္စများ

ဖြစ်နေဆဲဖြစ်ကြောင်း သုံးသပ်နေခြင်းမှာ ရယ်စရာဖြစ်နေပါသည်။ သို့ရာတွင် သတိရစရာအချက်တစ်ခုမှာ ချပေးသည့် အလင်းတရားကြီးမား လေလေ ထိုအလင်းကို ငြင်းဆန် နေသူများနှင့် သွေဖည်အောင် လုပ်နေသူများ၏ အမှောင်သည် ပို၍ ပို၍ မိုက်လေလေ ဆိုသည့်အချက် ဖြစ်သည်။

အသိဉာဏ် ဆိုင်ရာ မှောင်မိုက် ကာလ များသည် ရောမအသင်း တော်၏ အောင်မြင်မှုအတွက် မျက်နှာသာ ပေးခဲ့သည့် နည်းတူ အသိဉာဏ်ဖွံ့ဖြိုးသောကာလသည်လည်း ထပ်တူထပ်မျှ မျက်နှာသာ ပေးနေပါသည်။ အတိတ်ကာလတွင်လူတို့သည် သမ္မာတရားဆိုင်ရာ အသိပညာချို့တဲ့ခဲ့ကြသည့်အတွက် မည်ကဲ့သို့ အသက်ရှင်နေထိုင်ကြရမည်ကို မသိသဖြင့် စာတန်၏ကျော့ ကွင်းတွင် အမိခံခဲ့ကြရ၏။ ယနေ့အသက်ရှင်နေကြသည့်လူအများသည်လည်း ထိုစဉ်က လူများကဲ့သို့ပင် မျက်ကန်းများသဖွယ် ထိုကျော့ကွင်းများကိုပင်တိုးနေကြ ပါသည်။ လူတို့သည် မိမိတို့၏ အယူအဆများကို ဘုရား၏နှုတ်တော်ထွက်စကားများထက် အမွှန်း တင်လာသော အချိန်တွင် အသိပညာရှိခြင်းသည် အသိပညာမဲ့ခြင်းထက် ၎င်းတို့ကိုထိခိုက်နစ်နာစေပါသည်။ ယခုခေတ်မှားယွင်းသော သိပ္ပံပညာသည် အမှောင် ခေတ်အချိန်က မသိနားမလည်မှုကြောင့် ရောမယုံကြည်ချက်များကို လက်ခံရန် ပြင်ဆင်ပေးသကဲ့သို့ အောင်မြင်စွာပြင်ဆင်ပေးနေပါသည်။

## ပထမနေ့ကိုစောင့်ရှောက်ခြင်း

ပထမနေ့ကို ဥပုသ်နေ့အဖြစ်စောင့်ရှောက်ခြင်းသည် ရောမအသင်းတော်က အစပျိုး လိုက်သော ဓလေ့ထုံးစံ တစ်ခုဖြစ်သည်။

ထိုနေ့ကိုစောင့်ရှောက်ခြင်းသည် မိမိတို့အသင်းတော်၌တန်ခိုး အာဏာရှိကြောင်းကိုဖော်ပြသည့် အမှတ်လက္ခဏာတစ်ခုကို ထင်ရှားစေခြင်းလည်း ဖြစ်ကြောင်းငှင်း တို့ကဖွင့်ဆိုပါသည်။ လောကီဓလေ့ထုံးစံများနှင့်အညီနေထိုင်ခြင်း၊ ဘုရား၏ပညတ်တော်များထက် ရိုးရာဓလေ့များကိုကိုင်းရှိုင်းခြင်းတည်းဟူသော ရောမစိတ်ဓာတ်များသည် ပရိုတက်စတင့်အသင်းတော်များတွင် ပျံ့နှံ့လွှမ်းမိုးလျက်ရှိပြီး ရောမအသင်းတော်ကအမွှန်းတင်နေသည့် ပထမနေ့ ဥပုသ်စောင့်ခြင်းကိုငှင်း တို့လည်း လိုက်ပါအမွှန်းတင်နေကြပါသည်။

သက်ဆိုင်ရာအစိုးရမင်းများ၏ထောက်ခံမှုဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ပြန်တမ်းများ၊ ကျင်းပခဲ့သည့် အထွေထွေ အစည်း အဝေးကြီးများနှင့် အသင်းတော် ဘာသာရေးအခမ်းအနား များသည် ဗာဟီရဝါဒပွဲလမ်းများက ခရစ်ယာန်လောကတွင် နေရာယူလာသည့် ခြေလှမ်းများဖြစ်ပါသည်။ ပထမနေ့တွင် ဥပုသ်စောင့်ရန် ပထမဦးဆုံးလူထုလှုပ်ရှားမှုအတွက် ဥပဒေတစ်ရပ်ကို ကွန်စတိန်တင်းဘုရင်က ထုတ်ပြန်ပေးခဲ့ပါသည်။ ပထမနေ့ကို ဥပုသ်နေ့အဖြစ် စောင့်ရှောက်ခြင်းသည် ခရစ်ယာန် မဟုတ်သူများ၏ လုပ်ဆောင်မှုများနှင့်တူနေသော်လည်း ထိုဧကရာဇ်ကြီးသည် ခရစ်ယာန်ဘာသာကိုနာမည်ခံရုံ သက်သက်လက်ခံပြီးသည့်နောက်ပိုင်းတွင် ထိုဥပဒေကိုထုတ်ပြန်ခဲ့ပါသည်။

မင်းညီ မင်းသားများ၏ ထောက်ခံမှုကိုရရန် ကြိုးစားနေသူတစ်ဦးဖြစ်ရုံသာမက ကွန်စတိန်တင်းဘုရင်၏ ရင်းနှီးသောမိတ်ဆွေတစ်ဦးလည်း ဖြစ်သော ဂိုဏ်းအုပ် ယူဆီးဘီးယပ်စ်က ပထမနေ့ကို ဥပုသ်နေ့အဖြစ် ပြောင်းလဲပေးခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

သမ္မာကျမ်းစာက ထိုကြေညာချက်ကို ထောက်ခံထားသည့်အထောက်အထားတစ်စုံတစ်ခုမျှမရှိပါ။ “ဥပုသ်တော်နေ့တွင် ဆောင်ရွက်ရမည့် ကိစ္စအဝဝကို သခင်ဘုရားနေ့တွင် ဆောင်ရွက်ကြရန် ကျွန်ုပ်တို့ ပြောင်းလဲပေးလိုက်ပြီ” ဟု ထိုကြေညာချက်၏ မှားယွင်းမှုကို ယူဆီဘီး ယပ်စ်မတော်တဆအသိအမှတ်ပြုလိုက်မိပါသည်။

ရောမအသင်းတော်သည် အခြေခိုင်လာသည်နှင့်အမျှပထမနေ့ဥပုသ်စောင့်ခြင်းကိုလည်း စဉ်ဆက်မပြတ် ချီးမြှောက်ခဲ့ပါသည်။ သတ္တမနေ့ကို ဥပုသ်နေ့အဖြစ် အခိုက်အတန့်အားဖြင့် အသိအမှတ်ပြုခဲ့ကြသော်လည်း ဥပုသ်နေ့ပြောင်းလဲကြောင်း ကြေညာချက်သည် တဖြည်းဖြည်းထိရောက်လာပါသည်။

ပထမနေ့ဥပုသ်ကို ချီးဖောက်သူများသည် မိမိတို့ကိုယ်တိုင်ကိုသာမက အခြားအိမ်နီးနားချင်းများကိုလည်း ကြီးမားသောဘေးအန္တရာယ်များကျရောက်စေမှာစိုးသဖြင့် ထိုဥပုသ်ချိုးသူများထံဆိုဆုံးမကြရန် သာသနာနယ်ဂိုဏ်းချုပ်များအားရောမဂိုဏ်းချုပ်ကြီးကနောက်ပိုင်းတွင် ညွှန်ကြားချက်များပေးလိုခဲ့ကြပါသည်။

အသင်းတော်အစည်းအဝေးများ၏ အမိန့်ထုတ်ပြန်ချက်များနှင့်မလုံလောက်ကြောင်း ထင်ရှားလာသဖြင့် လူတို့၏ စိတ်နှလုံးကိုချောက်ချားစေပြီး ပထမနေ့တွင် အလုပ်မှ အနားယူစေမည့်အမိန့်ပြန်တမ်းတစ်ခုကို ထုတ်ပြန်ရန် အာဏာပိုင်များထံ အသင်းတော်အကြီးအကဲများချဉ်းကပ်တောင်းခံခဲ့ကြပါသည်။ ရောမမြို့တွင် ကျင်းပခဲ့သော ရောမအသင်းတော်၏ အစည်းအဝေးကြီးတွင် ကနဦးဆုံးဖြတ်ချက်အားလုံးကို ပြန်လည်အတည်ပြုကာ အသင်းတော်စည်းမျဉ်းများတွင် ပေါင်းစည်းလိုက်ရုံသာမက ထိုဆုံးဖြတ်ချက်များကို အစိုးရမင်း

များကလည်း အတည်ပြုပေးခဲ့ကြပါသည်။ ပထမနေ့တွင် ဥပုသ်စောင့်ခြင်းကို သမ္မာကျမ်းစာကထောက်ခံထားခြင်း မရှိသဖြင့်လူတို့၏စိတ်ထဲတွင် ကသိကအောက်ဖြစ်ခဲ့ကြရသည်။ ထိုကြောင့် နေကိုကိုးကွယ်သည့်နေ့အား ရိုသေသမှုပြုနိုင်ရန်အလို့ငှာ "သတ္တမနေ့သည် ထာဝရဘုရားသခင်၏ ဥပုသ်နေ့ဖြစ်သည်" ဟူသော ဖွင့်ဆိုချက်ကို မည်သည့်အခွင့်အာဏာကိုသုံး၍ ဘေးဖယ်ထားသည်ကို ၄င်းတို့၏ဆရာများအား သူတို့မေးမြန်းခဲ့ကြပါသည်။

သမ္မာကျမ်းစာ၏ထောက်ခံချက်မရှိသည်ကို ဖြည့်ဆည်းပေးရန် အခြားအသုံးတည့်သောစည်းကမ်းများသည် မရှိမဖြစ်လိုအပ်လာပါသည်။

ပထမနေ့ ဥပုသ်စောင့်ခြင်းကို စိတ်အားထက်သန်စွာထောက်ခံသူတစ်ဦးသည် ၁၂ ရာစုအဆုံးပိုင်းလောက်တွင် အင်္ဂလန်ရှိအသင်းတော်များသို့ လာရောက်လည်ပတ်ခဲ့ရာ သမ္မာတရားအပေါ်သစ္စာရှိသောသက်သေခံများ၏ ဟန့်တားမှုကြောင့် ထိုနိုင်ငံမှ အောင်မြင်စွာဖြင့် အခိုက်အတံ့ဆုတ်ခွာသွားခဲ့ပါသည်။ အင်္ဂလန်သို့ ထိုသူပြန်လာသောအခါတွင် ဘုရားသခင်ကိုယ်တော်တိုင်က ပေးသနားသည်ဆိုသော စာလိပ်တစ်လိပ်ကို သူနှင့်အတူယူလာပါသည်။ထိုစာလိပ်ထဲတွင် ပထမနေ့ဥပုသ်စောင့်ခြင်းအတွက် လိုအပ်သော အမိန့်စာများ၊ ပထမနေ့တွင် ဥပုသ်စောင့်သူများအား ခြောက်လှန့်ထားသည့် ရွံ့ရှာစရာခြိမ်းခြောက်စကားများပါဝင်ပါသည်။ ကောင်းကင်မှကျလာသည်ဟုဆိုသော ထိုစာလိပ်ကို ယေရုရှလင်မြို့၊ ဂေါလဂေါသအရပ်ရှိ စိန့်ရှုမောင် ဘုရားရှိခိုးကျောင်း ယဇ်ပလ္လင်ပေါ်တွင် တွေ့ရှိခဲ့သည်ဟု ပြောပါသည်။ သို့စေကာမူ ထိုစာလိပ်ကို ရောမမြို့ရှိရောမအသင်းတော်ထဲမှရရှိခဲ့ခြင်းသာဖြစ်ပါသည်။ ရောမအသင်းတော်၏

အုပ်ချုပ်ရေးအဖွဲ့သည် လိမ်လည်မှုများနှင့် အတုအပများကိုခေတ်အဆက်ဆက်အမွန်အမြတ်ထားခဲ့ကြပါသည်။

ရောမ အသင်းတော်အကြီးအကဲများသည် ပထမနေ့ကို ဥပုသ်နေ့အဖြစ်အတည်ပြုလာအောင် ကိုယ်တိုင်ကြိုးစားလုပ်ဆောင်နေကြစဉ်မှာပင် သတ္တမနေ့ဥပုသ်စောင့်ခြင်းသည် ဘုရားသခင်၏အမိန့်တော်အရဖြစ်သည်ကို လူသိရှင်ကြား ဝန်ခံနေကြပါသည်။

ကျွန်ုပ်တို့ ခရစ်ယာန်များသည် ဥပုသ်တော်နေ့ကိုသခင်ဘုရားနေ့သို့ပြောင်းခဲ့ပြီးသော်လည်း သတ္တမနေ့သည် ထာဝရဘုရားခန့်ခွဲထားတော်မူသောနေ့ဖြစ်သောကြောင့် ယုဒလူများသာမကဘုရားအားဝတ်ပြုပြန်ဆောင်သူအပေါင်းတို့သည် ထိုနေ့ရက်ကိုလက်ခံစောင့်ရှောက်နေကြပါသည်” ဟု ၁၆ ရာစုနှစ်တွင်ကျင်းပသည့်ရောမအသင်းတော်အစည်းအဝေးတစ်ခုတွင် ကြေညာခဲ့ပါသည်။ ထိုကြောင့်ဘုရားသခင်၏ ပညတ်တော်များကို နင်းချေနေသူများသည် ၎င်းတို့လုပ်ဆောင်နေသည့်အရာကို မသိသည်တော့မဟုတ်ပါချေ။

သတ္တမနေ့ဥပုသ်စောင့်သူများ ပါဝင်သည့် ဝေါလ်ဒင်းဆီး (Waldenses) များကို ကာလကြာရှည်စွာ နှိပ်စက်ညှင်းပန်းခဲ့မှုတွင်ရောမအသင်းတော်၏ မူဝါဒများကို အထင်အရှားတွေ့မြင်နိုင်ပါသည်။ အီသီအိုပီးယားနှင့် အာဘစ်ဆီးနီးယား အသင်းတော်များ၏ ရာဇဝင်မှတ်တမ်းများသည်လည်း အထူးအရေးပါလှပါသည်။

ဝိညာဉ်ရေးအမှောင်ကျချိန်တွင်အလယ်အာဖရိကရှိခရစ်ယာန်များအားကမ္ဘာကသတိမထားမိခဲ့သဖြင့်၎င်းတို့သည်မိမိတို့၏ယုံကြည်ခြင်းတွင်လွတ်လပ်စွာကိုးကွယ်နိုင်ခဲ့ကြပါသည်။သို့ရာတွင်နောက်ပိုင်း တွင်

၄င်းတို့ရှိနေသည်ကို ရောမများကသိရှိသွားရာ ရောမဂိုဏ်းချုပ်ကြီးအား ခရစ်တော်၏ ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုရန်အာတစ်ဆီးနီးယားဧကရာဇ်ကို ဖြားယောင်းခဲ့ကြပါသည်။ သတ္တမနေ့ဥပုသ်ကို စောင့်ရှောက်ခြင်းအမှုသည် ပြင်းထန်သောပြစ်ဒဏ် ထိုက်သင့်နိုင်ကြောင်း ဖော်ပြကာ ထိုဥပုသ်စောင့်ခြင်းကို တားမြစ်သည့်အမိန့်ပြန်တမ်းတစ်ခုကို ထုတ်ပြန်ခဲ့ကြပါသည်။ သို့သော်အာဘစ်ဆီးနီးယားဧကရာဇ်က ထိုအမိန့်ကိုမနာခံဘဲ ရောမ အသင်းသားများကို မိမိ၏ ပိုင်နက်မှနှင်ထုတ်လိုက်ကာ ရှေးယုံကြည်ခြင်းကိုဆက်လက်ကျင့်ဆောင်ခဲ့ပါသည်။

အာဖရိကရှိအသင်းတော်များသည် ဘုရားသခင်၏ပညတ်တော်ကိုလိုက်လျှောက်သည့်အနေဖြင့် သတ္တမနေ့တွင် ဥပုသ်စောင့်နေစဉ်မှာပင် ထိုရောမအသင်းတော်၏ ဓလေ့ထုံးစံနှင့်အညီ ပထမနေ့တွင်လည်း အလုပ်မလုပ်ဘဲ နားနေခဲ့ကြပါသည်။

ရောမအသင်းတော်သည် သူမ၏ ဥပုသ်ကိုမြှောက်စားနိုင်ရန် ဘုရား၏ ဥပုသ်နေ့ကိုနင်းချေခဲ့သော်လည်း အနှစ်တစ်ထောင်နီးပါး အနှောင့်အယှက်ကင်းခဲ့သော ထိုအာဖရိက အသင်းတော်များသည် ရောမ၏ဖောက် ပြန်မှားယွင်းခြင်းကို မျှဝေလက်ခံခြင်းမပြုခဲ့ကြချေ။ ရောမတို့၏ လက်အောက်သို့ရောက်သွားသောအချိန်တွင် ဥပုသ်အမှန် ကို ဘေးဖယ်ကာ ဥပုသ်အတုကိုမြှောက်စားရန် ၄င်းတို့အား ဖိအားပေးခဲ့သော်လည်း လွတ်လပ်ရေးရသည်နှင့်တစ်ပြိုင်နက် စတုတ္ထပညတ်ကို၄င်းတို့ချက်ချင်းလိုက်လျှောက်ခဲ့ကြပါသည်။

ရောမအသင်းတော်သည် ဥပုသ်အစစ်နှင့် ထိုဥပုသ်ကို စောင့်ရှောက်သူများအပေါ် ထားရှိသော ရန်ငြိုးဖွဲ့ခြင်းကို ဤမှတ်တမ်း

မက ထင်ရှားစွာ ထုတ်ဖော်နေပါသည်။ ရောမအသင်းတော်နှင့် ပရိုတက်စတင့်များပူးပေါင်းကာ ပထမနေ့ ဥပုသ်စောင့်ခြင်းကိုမြှင့်တင်ကြသောအချိန်တွင် ထိုမြင်ကွင်းများကို တစ်ဖန်ထပ်မံမြင်တွေ့ရလိမ့်ဦးမည်ဟု နှုတ်တော်ထွက်စကားများက သွန်သင်ထားပါသည်။

## သိုးသငယ်၏ချိုကလေးရှိသောသားရဲကြီး

သိုးသငယ်၏ချိုနှင့်တူသော ချိုကလေးနှစ်ချောင်းရှိသောသားရဲသည် ကျားသစ်နှင့်တူသောသားရဲနှင့် ပုံဆောင်ထားသောရောမအသင်းတော်ဂိုဏ်းချုပ်ကြီးအား မြေကြီးသားအပေါင်းတို့ကိုးကွယ်စေအောင် လုပ်ဆောင်လိမ့်မည်ဟု ဗျာဒိတ် ၁၃ တွင် ဖော်ပြထားသည့် အနာဂတ္တိစကားတွင်ဖွင့်ဆိုထားပါသည်။

သိုးချိုကလေးနှင့်ပြီးသော ထိုသားရဲသည် "သားရဲ၏ရုပ်တု" ကိုထုလုပ်ကြရန် ပြောရုံသာမက "ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊လွတ်သောသူအကြီးအငယ်" ရှိသမျှတို့အား သားရဲ၏ တံဆိပ်လက်မှတ်ကိုခံယူကြရန်လည်း ပြောလိမ့်မည်။ (ဗျာ ၁၃း၁၁-၁၆)။ သိုးချိုကလေးရှိသော ထိုသားရဲသည် အမေရိကန်ပြည်ထောင်စုကိုပုံဆောင်ပါသည်။

ပထမနေ့ကို ဥပုသ်နေ့အဖြစ် ဥပဒေပြုကာ အတင်းအကျပ်စောင့်ရှောက်စေသည့်အခါတွင် ဤအနာဂတ္တိစကား ပြည့်စုံခြင်းသို့ရောက်ပါလိမ့်မည်။ ပထမနေ့ဥပုသ်ကို စောင့်ရှောက်ခြင်းသည် ၎င်းတို့၏ တန်ခိုးအာဏာကြီးထွားမှုကို အသိအမှတ်ပြုရာ ရောက်သည်ဟု ရောမအသင်းတော်က ဖွင့်ဆိုထားပါသည်။

“သားရဲ၏ ခေါင်းတစ်လုံးသည် သေအောင်ကွပ်မျက်ပြီးသကဲ့သို့ဖြစ်၍ သေစေသောဒဏ်ချက်သည် ပျောက်လျက်ရှိ၏။ မြေကြီးသားအပေါင်းတို့သည် သားရဲနောက်သို့လိုက်၍ အံ့ဩကြ၏။” ဗျာဒိတ် ၁၃း၃။ ထိုသေလောက်သည်ဆိုသော ဒဏ်ရာသည် ၁၇၉၈ ခုနှစ်တွင် ဖြစ်ပွားသည့် ရောမဂိုဏ်းချုပ်ကြီး၏ ကျဆုံးခန်းကို ပြည့်ဆွန်ပါသည်။

ထို့နောက် “သေစေသောဒဏ်ချက်သည် ပျောက်လျက်ရှိ၏။ မြေကြီးသားအပေါင်းတို့သည် သားရဲနောက်သို့လိုက်၍ အံ့ဩကြ၏” ဟု ပုရောဖက်ကဖွင့်ဆိုထားပါသည်။ ထို “ဒုစရိုက်လူ”သည် ကမ္ဘာဆုံးတိုင်အောင် မိမိ၏ လှည့်ဖြားခြင်းအမှုကို ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဟု ရှင်ပေါလုက ၂သက်၊ ၂း၃-၈ တွင်ဖော်ပြထားပါသည်။ သို့ရာတွင် “ကွပ်မျက်သောသိုးသငယ်၏ အသက်စာစောင်၌ ကမ္ဘာဦးကပင် စာရင်းမဝင်သော မြေကြီးသားအပေါင်းတို့သည် သားရဲကိုကိုးကွယ်ကြ၏။” ဗျာဒိတ် ၁၃း၈ ။ ရောမဂိုဏ်းချုပ်ကြီးသည် ပထမနေ့ကိုဂုဏ်ပြုသောသူများ၏ကိုးကွယ်မှုကို ခေတ်အဆက်ဆက်တွင်ရရှိလိမ့်မည်။

၁၉ ရာစုအလယ်ပိုင်းမှစ၍ အနာဂတ္တိကျမ်းများကိုလေ့လာသူများက ဤသက်သေခံချက်ကို ကမ္ဘာအား ဖွင့်ဆိုလာခဲ့ကြပါသည်။ ယခုတွင်မူ ထိုအနာဂတ္တိစကားပြည့်စုံရန် အလွန်နီးကပ်နေချေပြီ။ ပထမနေ့ဥပုသ်စောင့်ခြင်းသည် ဘုရားသခင်၏ အမိန့်တော်အရဖြစ်သည်ဟု ပရိုတက်စတင့်ဆရာများက ဖွင့်ဟနေသလို ထိုအမိန့်တော်နှင့်စပ်လျဉ်းသည့် ကျမ်းစာအထောက်အထားကို ရောမဆရာများမပြနိုင်ခဲ့သကဲ့သို့ ပရိုတက်စတင့်များလည်း တင်ပြနိုင်ခြင်းမရှိကြချေ။ပထမနေ့တွင် ဥပုသ်မစောင့်သူများအပေါ် သို့ ပြစ်ဒဏ်စီရင်မှု

ကျရောက်လိမ့်မည်ဟူသော ဖွင့်ဆိုချက်ကို တစ်ဖန်ဖွင့်ဆိုလိမ့်ဦးမည် ဖြစ်သည်။ အစပြု၍ပင် ဖွင့်ဆိုနေကြပြီလည်းဖြစ်သည်။

ရောမအသင်းတော်သည် အံ့သြစရာကောင်းလောက်အောင် လိမ္မာပါးနပ်ပါသည်။ ပရိုတက်စတင့်အသင်းတော်သည် မှားယွင်းသောထိုဥပုသ်ကိုစောင့်ခြင်းအားဖြင့် မိမိတို့ကို အရိုအသေပေးလိမ့်မည်ကိုလည်းကောင်း၊ ထိုအသင်းတော်သည် အတိတ်အချိန်ကမိမိတို့အသုံးပြုခဲ့သည့်နည်းများကို အသုံးပြုကာ ပထမနေ့ ဥပုသ်စောင့်ခြင်းအတွက် ဖိအားပေးရန် ပြင်ဆင်နေလိမ့်မည်ကိုလည်းကောင်း ရောမအသင်းတော်က သိထားပြီးဖြစ်သည်။ ရောမအသင်းတော်သည် ထိုလုပ်ငန်းအတွက် ပရိုတက်စတင့်များအား အကူအညီပေးရန်အဆင်သင့်ဖြစ်နေပြီဆိုသည့်အချက်ကို မှန်းဆရန်မှာ အခက်အခဲရှိလိမ့်မည်မဟုတ်ချေ။

ရောမအသင်းတော်သည် ဂိုဏ်းချုပ်ကြီးနှင့်တကွ အသင်းတော်ကော်မတီ၏ထိန်းချုပ်မှုအောက်တွင် အလွန်ကြီးကျယ်သောအဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းထားပါသည်။ သန်းပေါင်းများစွာသောထိုအဖွဲ့ဝင်များသည် အစိုးရအသီးသီးအောက်တွင် နေထိုင်သည့် လူမျိုးအသီးသီးဖြစ်သော်လည်း ရောမဂိုဏ်းချုပ်ကြီးကို တညီတညွတ်တည်းသစ္စာစောင့်သိကြပါသည်။ သက်ဆိုင်ရာတိုင်းပြည်အစိုးရများအပေါ် သစ္စာရှိပါမည်ဟု ကတိသစ္စာပြုကောင်းပြုကြမည်ဖြစ်သော်လည်း ထိုလိမ်ညာမှုနောက်ကွယ်တွင် ဂိုဏ်းချုပ်ကြီးအား သစ္စာခံရန်ကတိပြုထားကြပါသည်။

ထိုအသင်းတော်သည် တိုင်းရေးပြည်ရာ ကိစ္စများတွင် မိမိကိုယ်ကိုအယုံသွင်းချဉ်းကပ်နိုင်ရန် နည်းမျိုးစုံဖြင့် မရမနေကြိုးစားကာ

ခြေကုတ်ရသောအခါ တိုင်းပြည်လူထုနှင့် မင်းစိုးရာဇာများ ပျက်သုဉ်းသွားသည်အထိ မိမိ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်တတ်ကြောင်း သမိုင်းအထောက်အထားများက ဖော်ပြနေပါသည်။

မိမိတို့သည် မည်သည့်အချိန်ကမှ ပြောင်းလဲမှုမရှိခဲ့ကြောင်း ရောမအသင်းတော်ကကြွေးဝါနေပါသည်။ ပရိုတက်စတင့်များသည် ပထမနေ့ကိုမြှောက်စားခြင်းအလုပ်တွင် ရောမ၏ အကူအညီကိုလက်ခံနေသောအချိန်၌ မိမိတို့ မည်သည့်အရာလုပ်နေသည်ကိုပင် သူတို့မသိခဲ့ပါချေ။

ပရိုတက်စတင့်များက မိမိတို့၏ အကြံအစည်ကိုအကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချနေကြစဉ်မှာပင် ရောမအသင်းတော်သည် မိမိတို့လက်လွှတ်ဆုံးရှုံးခဲ့ရသည့် အကြီးအကဲ၏ တန်ခိုးအာဏာများကို ပြန်လည်တည်ဆောက်ရန် ကြံရွယ်နေပါသည်။ နိုင်ငံတော်အာဏာကို အသင်းတော်က ထိန်းချုပ်နိုင်စေမည့် အခြေခံစည်းမျဉ်းတစ်ခုကို တည်ဆောက်ခွင့်သာပေးလိုက်ပါ။ အသင်းတော်သည်အစိုးရဥပဒေများကို အသုံးပြုကာ ဘာသာရေးကိစ္စများကို အတင်းအကျပ်ခိုင်းစေကြပေလိမ့်မည်။ အချိန်တိုအတွင်းမှာပင် ဘာသာရေးနှင့်နိုင်ငံရေးပူးတွဲအာဏာသည် လူတို့၏ သြတ္တပ္ပစိတ်ကိုချုပ်ကိုင်ကြလိမ့်မည်။ ထိုသို့ဖြစ်လာလျှင် ရောမအသင်းတော်သည်သေချာပေါက်အောင်ပွဲခံတော့မည်ဖြစ်သည်။

၄င်းတို့၏ ကျော့ကွင်းမှလွတ်မြောက်ရန် မဖြစ်နိုင်တော့သည့်အချိန်ကျမှ ပရိုတက်စတင့်များသည် ရောမအသင်းတော်၏ အကြံအစည်များကို လေ့လာသိရှိကြလိမ့်မည်။ ရောမအသင်းတော်သည် မသိမသာ တန်ခိုးအာဏာကြီးထွားလာလိမ့်မည်။ ၄င်း၏ယုံကြည်ချက်များသည် ဥပဒေပြုရုံးခန်းများတွင်လည်းကောင်း၊ အသင်းတော်

များတွင်လည်းကောင်း၊ လူသားများ၏ စိတ်နှလုံးတွင်လည်းကောင်း နေရာယူလွှမ်းမိုးနေကြလိမ့်မည်။ သူမသည် ထိုးနှိပ်ရန် အချိန်ကျလာသောအခါတွင် မိမိတို့၏ ဦးတည်ချက်အတိုင်း ဆက်လက်လုပ်ဆောင်ကြရန် မိမိ၏ အင်အားစုများအား အားပေးလိမ့်မည်။ လက်ဦးမှုကို ရယူရန်မှာ သူမ၏အဓိကအလိုဆန္ဒဖြစ်သည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားများကို ယုံကြည်လိုက်လျှောက်နေသူများသည် နှိပ်စက်ညှဉ်းပန်းခြင်းများနှင့် ရင်ဆိုင်ကြရလိမ့်မည်။

-----o-----

## အခန်း (၃၆)
## ဖြစ်ပျက်အံ့ဆဲဆဲအငြင်းပွားမှုကြီး

ကောင်းကင်နိုင်ငံတွင် မဟာတိုက်လှန်ပွဲကြီးအစပျိုးသည့် အချိန်ကတည်းက စာတန်ကြံရွယ်ခဲ့သောအရာမျာ ဘုရားသခင်၏ ပညတ်တော်ကို ဖျက်ပယ်ပစ်ရန်ဖြစ်သည်။ ပညတ်တော်အလုံးစုံကို ဖျက်ပယ်ခြင်းအားဖြင့်လည်းကောင်း၊ ပညတ်တော် (၁၀) ပါးမှတစ်ပါးပါးကိုဖျက်ပယ်ခြင်းအားဖြင့်လည်းကောင်း ရရှိမည့်ရလဒ်မှာအတူတူပင်ဖြစ်ပါသည်။

တစ်စုံတစ်ခုသောပညတ်ကို လွန်ကျူးသောသူသည် ပညတ်တော်အားလုံးအပေါ် မလေးစားကြောင်းဖော်ပြနေသည်။ သူ၏ ဩဇာသက်ရောက်မှုနှင့် ပုံသက်သေများသည် ပညတ် တော်ကိုလွန်ကျူးသည့် ဘက်တွင်ရပ်တည်နေရာ "ပညတ်တရားအလုံးစုံကို လွန်ကျူးသောအပြစ်ရှိလာသည်။ ယာကုပ် ၂း၁၀။

စာတန်သည် သမ္မာကျမ်းစာပါဩဝါဒများကို လမ်းလွဲစေခဲ့ပြီးဖြစ်ရာ ထောင်ပေါင်းများစွာသော လူတို့၏ ယုံကြည်ခြင်းတွင်မှားယွင်းမှုများပါရှိနေပြီးဖြစ်သည်။ အမှန်နှင့်အမှားအကြား ဖြစ်ပွားနေသည့် နောက်ဆုံးသောတိုက်လှန်ပွဲသည် သမ္မာကျမ်းစာနှင့် ရိုးရာဓလေ့ (ဝါ) ဒဏ္ဍာရီဆန်ဆန်အယူဝါဒများအကြားရှိ ပညတ်တော်(၁၀) ပါးနှင့် ပတ်သက်နေပါသည်။ သမ္မာကျမ်းစာသည် လူအပေါင်းတို့လက်လှမ်းမှီသော အခြေအနေတွင်ရှိနေသော်လည်း လူနည်းစုကသာ အသက်တာ၏လမ်းညွှန်တစ်ခုအဖြစ်လက်ခံခဲ့ကြသည်။ အသင်းတော်ထဲရှိလူများစွာတို့ကပင် ဖန်ဆင်းခြင်း၊ အပြစ်တွင် လူသားများကျဆုံးခြင်း၊ အပြစ်ဖြေခြင်းနှင့်တကွ ပညတ်တော် (၁၀) ပါး

အစရှိသည့် ခရစ်ယာန်ယုံကြည်ချက်၏ အခြေခံအချက်ကြီးများကို လုံးလုံးကြီးငြင်းပယ်သည့် အခါများရှိသလို တစ်စိတ်တစ်ဒေသ ငြင်းပယ်သည့်အခါများလည်း ရှိပါသည်။ သမ္မာကျမ်းစာကို လုံးဝ ဥဿုံယုံကြည်အားကိုးခြင်းသည် အားနည်းမှုရှိနေကြောင်း၏ အထောက်အထားတစ်ခုဖြစ်သည်ဟုလည်း လူအများက ယူဆနေကြ ပါသည်။

သစ်သားရုပ်တု၊ ကျောက်ရုပ်တုများကို ထုလုပ်ရခြင်းသည် လွယ်ကူသကဲ့သို့ သီအိုရီအမှားရုပ်တုများကို တီထွင်ရသည်မှာလည်း စာတန်အတွက် အခက်အခဲမရှိပါချေ။ သူသည် ဘုရားသခင်၏ရုပ် လုံးကို မှားယွင်းစွာဖော်ပြခြင်းအားဖြင့် လူတို့အား ဘုရားသခင်၏ စာရိတ္တတော်ကို အထင်မှားစေခဲ့ပါသည်။

သူသည် သမ္မာကျမ်းစာတွင်လည်းကောင်း၊ ခရစ်တော်၏ အသက်တာတွင်လည်းကောင်း၊ ဖန် ဆင်းထားသည့် ထာဝရဘုရား၏ နေရာတွင် ဒဿနရုပ်တုတစ်ခုကို အစားထိုးနန်းတင်ထားပါသည်။ တက္ကသိုလ်များနှင့် ဘာသာရေးကျောင်းများမှ အတွေးအခေါ်ပညာ ရှင်များ၊ ကဗျာဆရာများ၊ နိုင်ငံရေးသမားများနှင့် သတင်းစာဆရာများ တို့၏ ဘုရားသည် ဧလိယအချိန်ကဖိုနီးရှား၊ နေဘုရားဖြစ်သော ဗာလဘုရားထက်မသာလွန်ပါ။

ဘုရားသခင်၏ ပညတ်တော်များကို လိုက်နာဆောင်ရွက်ရန် မလိုကြောင်း၊ ဖော်ပြသည့်သွန်သင်ချက်ထက် ဘုရားသခင်၏အာ ဏာတော်ကို ထိခိုက်စေသည့် အမှားမျိုးမရှိပါချေ။ ထိုသွန်သင်ချက် ထက် အာဏာတော်ကို မသိမသာပျက်စီးစေသည့် အမှားမျိုးမရှိတော့ ပြီ။ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများသည် ပြည်သူများ၏

လွတ်လပ်မှုကို ချုပ်ချယ်ခြင်းတစ်ရပ်သာ ဖြစ်သောကြောင့် ထိုဥပဒေများကို လိုက်နာရန်မလိုတော့ဟု နာမည်ကြီးတရားဟောဆရာတစ်ဦးက လူသိရှင်ကြားသွန်သင်နေသည်ဆိုပါစို့။ ထိုပုဂ္ဂိုလ်သည်မည်မျှကြာကြာ တရားဟောခွင့်ရတော့မည်နည်း။

ပညတ်တော်များဖျက်သိမ်းရန် ဘုရားသခင်စိတ်ပြောင်းလဲနိုင်သည်ထက် ၎င်းတို့၏ဥပဒေများကိုဖျက်သိမ်းရန် တိုင်းနိုင်ငံများကပို၍စိတ်ပြောင်းလဲလာနိုင်ပါလိမ့်မည်။

ပြစ်နိုင်ငံကို ဘရားမဲ့ဝါဒီများမင်းမူစဉ်အချိန်က ဘုရား၏ပညတ်တော်များကို ဘေးဖယ်ထားရန်ကြိုးစားစမ်းသပ်ခဲ့ဖူးသည်။ ဘုရားသခင်က စီမံထားသည့် အနှောင်အဖွဲ့များကို ဖယ်ရှားခြင်းသည် မကောင်းဆိုးဝါး၊ နတ်ဆိုးကြီး၏အုပ် စိုးမှုကို လက်ခံခြင်းဖြစ်ကြောင်း ထိုစဉ်က ထင်ရှားခဲ့ပြီးဖြစ်သည်။

## ဘုရားသခင်၏ပညတ်တော်ကိုဘေးဖယ်ထားခြင်း

ဘုရားသခင်၏ ပညတ်တော်ကို အလေးမထားရန် သွန်သင်နေကြသူများသည် နားမထောင်မှုကို ရိတ်သိမ်းရန်အတွက်နားမထောင်မှုကိုစိုက်ပျိုးနေကြပါသည်။ ဘုရားသခင်၏ပညတ်တော်ကပြဋ္ဌာန်းထိန်းချုပ်ထားသည့်အရာများကို လုံးလုံးဖယ်ရှားလိုက်ပါလျှင်လူသားများ ပြဋ္ဌာန်းထားသည့် ဥပဒေများကိုလည်း မကြာမီမှာပင်ဂရုထားကြတော့မည်မဟုတ်ချေ။ ဘုရား၏ ပညတ်တော်များကိုပစ်ပယ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ရလဒ်များသည် ၎င်းတို့မျှော်လင့်မထားသည့် ရလဒ်များကဲ့သို့ ဖြစ်နေလိမ့်မည်။ ဥစ္စာပစ္စည်း

များလည်း လုံခြုံမှုရှိတော့မည်မဟုတ်ဘဲ လူတို့သည် အိမ်နီးချင်း၏ ပစ္စည်းကို အကြမ်းဖက်လုယက်ကြတော့မည်။ ခွန်အားအကောင်းဆုံး ပုဂ္ဂိုလ်သည် အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာပေတော့မည်။ အသက် ကိုလည်း တန်ဖိုးထားကြတော့မည်မဟုတ်ချေ။ လက်ထပ်ကတိများ သည်လည်း မိသားစုကိုကာကွယ်သည့် ကတုတ်ကျင်းများအဖြစ်ဆက် လက်ရပ်တည်နိုင်တော့မည်မဟုတ်ချေ။ အာဏာရှိသူက အိမ်နီးချင်း ၏ဇနီးကို အကြမ်းဖက်သိမ်းပိုက်ကြတော့မည်။

ပဉ္စမ ပညတ်ကိုလည်း စတုတ္ထပညတ်နှင့်အတူဘေးဖယ်ကာ သားသမီးများတို့သည်မိမိတို့၏ ဇာတိပကတိအလိုကိုဖြည့်စေရန် ၎င်းတို့၏ မိဘများကိုပင်သတ်ဖို့ဝန်လေးကြတော့မည်မဟုတ်ချေ။ ယဉ်ကျေးသော ဤကမ္ဘာကြီးသည် လုယက်သူဓါးပြများနှင့် လုပ်ကြံသူ လူသတ်သမားများ၏စုဝေးရာ နေရာတစ်ခုဖြစ်လာပေတော့မည်။ ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းများသည် ဤကမ္ဘာမှပျောက်လွင့်သွား ကြပေတော့မည်။

ဤယုံကြည်ချက်သည် ဤကမ္ဘာတွင် ဒုစရိုက်မှုများတိုးပွား လာစေရန် လမ်းဖွင့်ထားပြီးဖြစ်သည်။ ဥပဒေမဲ့လုပ်ရပ်များနှင့်စာရိ တ္တပျက်ပြားမှုများသည်ဒီရေအလားကမ္ဘာကြီးကို ဖုံးလွှမ်းထားပါသည်။

သူတော်ကောင်းဟန်ဆောင်ခြင်း၊ တစ်ဦးအပေါ်တစ်ဦးစိမ်း ကားခြင်း၊ တစ်ဦးကိုတစ်ဦးသစ္စာဖောက်ခြင်းနှင့် ကာမဂုဏ်လွန် ကျူးခြင်းများကို ခရစ်ယာန်အိမ်ထောင်များထဲမှာပင် တွေ့နေရပါ သည်။ ဘာသာရေးစည်းမျဉ်းများနှင့် လူမှုရေး အုတ်မြစ်များမှာမူ ပြိုလဲကျတော့မယောင်ယိမ်းယိုင်နေသည့်အုတ်ပုံကြီးနှင့်တူနေပါသည်။ ယုတ်မာသည့် ရာဇဝတ်သားများကို မက်မောလောက်သည့်ဂုဏ်ထူး

ရများကဲ့သို့ သူတစ်ပါးအာရုံပြုလာအောင် မကြာခဏလုပ်တတ်ပါသည်။ ၎င်းတို့ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများကိုလည်း အကြီးအကျယ်ကျော်ကြားအောင် ကြေညာပေးတတ်ကြပါသည်။

စာပုံနှိပ်တိုက်များကလည်း မကောင်းမှုဒုစရိုက်များကို ရွံစရာကောင်းလောက်အောင်အသေးစိတ်ဖော်ပြကာအခြားသူများအား လှည့်ဖြားမှု၊ ဓါးပြမှုနှင့်လူသတ်မှုများကို ကျူးလွန်စေရန်အစပျိုးထားနေကြပါသည်။ မကောင်းမှုဒုစရိုက်များကို စွဲလမ်းခြင်း၊ ချုပ်တည်းမှုကင်းမဲ့ခြင်းနှင့်မတရားမှုများသည် လူအပေါင်းတို့အား နိုးဆွပါလိမ့်မည်။ ဤဒုစရိုက် ဒီလှိုင်းကြီးကိုတားရန် မည်သို့လုပ်ဆောင်ကြမည်နည်း။

## ချုပ်တည်းမှုကင်းမဲ့ခြင်းသည် လူအများအားမှိုင်းဝေစေခြင်း

တရားရုံးများသည် အကျင့်စာရိတ္တပျက်ပြားနေကြသည်။ အုပ်ချုပ်သူများသည်လည်း အနိုင်လိုချင်သည့်ဆန္ဒနှင့် ကာမဂုဏ်ခံစားလိုစိတ်များ၏ နိုးဆွမှုကို ခံနေကြရသည်။

စာတန်၏ထိန်းချုပ်မှုအောက်သို့ လုံးလုံးရောက်သွားစေရန်အလို့ငှာ ချုပ်တည်းမှုမရှိခြင်းသည် လူအများအား မှိုင်းဝေစေပါသည်။ ဂျူရီလူကြီးများသည်လည်းတရားလမ်းမှသွေဖည်ကာ လာဘ်စားခြင်း၊ လှည့်ဖြားခြင်းများကိုကျင့်သုံးနေကြပါသည်။တရားရေးဆိုင်ရာ ဝန်ထမ်းများ၌အသောက်အစား၊ အပျော်အပါးများ၊ မရိုးသားသည့်လုပ်ဆောင်မှုများရှိနေသည်ကိုလည်းတွေ့ရသည်။ယခုတွင်မူသမ္မာကျမ်းစာကိုထိမ်ချန်ထားခြင်းအားဖြင့် လူသားများကို မိမိထိန်းချုပ်မှုအောက်တွင် စာတန်ထားနိုင်စွမ်းမရှိတော့သည်ကို သိသဖြင့် မိမိ၏ဦးတည်ချက်

အတိုင်း ပြီးစီးအောင်လုပ်ဆောင်နိုင်ရန် နည်းလမ်းသစ်များကိုသူ ရှာဖွေထားပါသည်။ သမ္မာကျမ်းစာ၌ထားရှိသော ယုံကြည်ခြင်းကို ဖျက်ဆီးပစ်လိုက်ခြင်းသည် သမ္မာကျမ်းစာကို ဖျက်ဆီးပစ်ခြင်းကဲ့သို့ ထိရောက်မှုရှိပါသည်။

ထိုကြောင့် စာတန်သည် ရှေးယခင်အချိန်များကကဲ့သို့ပင် အသင်းတော်များကိုအသုံးပြုကာ မိမိ၏အကြံအစည်ကို အကောင် အထည်ဖော်ခဲ့ပါသ်ည။ ထိုအသင်းတော်များသည် သမ္မာကျမ်းစာထဲမှ ရေပန်းမစားသည့် တရားတော်များကိုထိုးနှိပ်ကာ မယုံကြည်ခြင်းမျိုး စေ့ကို ကျယ်ကျယ်ပြန့်ပြန့်ကြဲနေသည့် အနက်ဖွင့်ခြင်းများကို လက် ခံနေကြပါသည်။

၎င်တို့သည် ရောမအသင်းတော်၏ မှားယွင်းသည့်ယုံကြည် ချက်များဖြစ်သည့် အသက်ဝိညာဉ်သည် သေမျိုးမဟုတ်။သေလွန် ချိန်မှာပင် လူသားများ၌ အသိစိတ်ရှိနေသည်ဆိုသည့်အချက်များ ကိုစွဲလမ်းကာ နံဝိညာဉဝါဒ၏ လှည့်စားခြင်းကို ကာကွယ်နိုင်သည့် တစ်ခုတည်းသောအကာအကွယ်ဖြစ်သော သမ္မာကျမ်းစာကိုငြင်း ပယ်နေကြပါသည်။ ထာဝရနှိပ်စက်ညှင်းဆဲခြင်း ဆိုင်ရာယုံကြည်ချက် သည်လည်း လူအများအား သမ္မာကျမ်းစာအပေါ် အယုံအကြည်ကင်း မဲ့စေပါသည်။

စတုတ္ထပညတ်က တောင်းဆိုချက်အရ သတ္တမနေ့ဥပုသ်ကို တည်ဆောက်ရန်၎င်းတို့ ဆုံးမဩဝါဒပေးခဲ့ကြသော်လည်း၎င်းတို့ဆန္ဒမ ရှိသည့် ထိုတာဝန်မှကင်းလွတ်စိမ့်သော၄ာ နာမည်ကြီးတရားဟောဆ ရာများကိုယ်တိုင်ဥပုသ်တော်နေ့နှင့်တကွဘုရား၏ပညတ်တော်များကို စွန့်ပယ်နေကြပါသည်။ဥပုသ်တော်နေ့နှင့်ပတ်သက်သည့်ပြုပြင် ပြောင်း လဲမှုများကျယ်ကျယ်ပြန့်လုပ်ဆောင်နေစဉ်မှာပင်စတုတ္ထပညတ်တော်ကို

ရှောင်ရှားနိုင်ရန် ဘုရား၏ပညတ်တော်ကို ငြင်းပယ်မှုများမှာလည်း စကြဝဠာအတိုင်းအတာတမျှ ကျယ်ပြန့်နေပါသည်။ ဘာသာရေး ခေါင်းဆောင်များသည် သစ္စာမဲ့ဖောက်ပြန်ခြင်း၊ နံဝိညာဉ်အယူဝါဒနှင့် ပညတ်တော်ကိုစော်ကားခြင်းများအတွက် တံခါးကိုဖွင့်ပေးနေကြပါ သည်။ ဤအရာသည် ခရစ်ယာန်လောကတွင်တည်ရှိနေသည့်မ ကောင်းမှုများအတွက် ကြောက်စရာကောင်းသည့်လုပ်ဆောင်ချက် တစ်ခုဖြစ်သည်။

သို့စေကာမူ ပထမနေ့ဥပုသ်စောင့်ခြင်းကို အားပေးခြင်းသည် လူ့အသိုက်အဝန်း၏ ကိုယ်ကျင့်တရားများကို တိုးတက်ဖွံ့ဖြိုးစေသည် ဟု ထိုအဖွဲ့ကပင် ကြွေးကြော်နေပါသည်။ လှည့်ဖြားမှုတစ်ခုကိုယုတ္တိ တန်အောင် အမှားကိုအမှန်နှင့်ရော၍ တင်ဆက်ခြင်းမှာ စာတန်၏ နည်းပရိယာယ်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ပထမနေ့ဥပုသ်စောင့်ခြင်းအတွက် ဦးဆောင်လှုပ်ရှားနေသူ များသည် လူအများအတွက် အမှန်တကယ်လိုအပ်နေသည့် ပြုပြင်ပြောင်းလဲမှုများကိုလည်းကောင်း၊ သမ္မာကျမ်းစာနှင့်ကိုက်ညီ သည့် အခြေခံစည်းမျဉ်းများကိုလည်းကောင်း ထောက်ခံအားပေးနေ သည့် တစ်ချိန်တည်းမှာပင်ပညတ်တော်နှင့် ဆန့်ကျင်သည့် တောင်းဆိုချက်များကို ပြုလုပ်နေကြသဖြင့် ဘုရားသခင်၏ သားသမီး များသည် ၎င်းတို့နှင့်မပူးပေါင်းနိုင်ကြပါချေ။ လူသားများ၏ ပညတ် ချက်များကိုလက်ခံကျင့်သုံးရန် ဘုရား၏ပညတ်တော်ကို ဘေးဖယ် ထားခြင်းသည် မှန်ကန်မှုရှိသည်ဟု မဆိုနိုင်ပါချေ။

အသက်ဝိညာဉ်သည် သေမျိုးမဟုတ်ဟူသောသွန်သင်ချက် နှင့် ပထမနေ့ကို ဥပုသ်နေ့အဖြစ်စောင့်ထိန်းရန် ပညတ်ခြင်းတည်း

ဟူသော ဤမဟာမှားယွင်းမှုနှစ်ခုကို အသုံးပြုကာ စာတန်သည် လူအများအား ၎င်း၏ လှည့်ဖြားခြင်းထဲသို့ ဆွဲယူနေပါသည်။ အသက်ဝိညာဉ်သည် သေမျိုးမဟုတ်ပါဟူသောယုံကြည်ချက်က နံဝိညာဉ်ဝါဒ၏ အုတ်မြစ်ကိုချပေးသလို ပထမနေ့ဥပုသ်စောင့်ခြင်းဆိုင်ရာသွန်သင်ချက်ကလည်း လူတို့အား ရောမအသင်းတော်နှင့် ပို၍သံယောဇဉ်ခိုင်မြဲစေပါသည်။ နံဝိညာဉ်အယူဝါဒကို ပထမဦးဆုံး လက်ကမ်းကြိုဆိုမည့်သူများမှာ အမေရိကန်ပြည်ထောင်စုမှ ပရိုတက်စတင့်များဖြစ်လိမ့်မည်။

ထိုပရိုတက်စတင့်များသည် ကြီးမားသော ခြားနားမှုချောက်ကမ်းပါးကြီးကိုကျော်ကာ ရောမအသင်းတော်နှင့်လည်း လက်တွဲပါလိမ့်မည်။

ရောမအသင်းတော်၏ ယုံကြည်ချက်၊ နံဝိညာဉ်အယူဝါဒနှင့် ပရိုတက်စတင့်များတည်းဟူသော ထို (၃) ပါး၏ ဩဇာလွှမ်းမိုးမှုအောက်တွင် ထိုတိုင်းပြည်သည် ရောမ၏ ခြေရာကိုနင်းကာ ဩတ္တပ္ပဆိုင်ရာအခွင့်အရေးကို နင်းချေပါလိမ့်မည်။

နံဝိညာဉ်အယူဝါဒသည် ထိုအချိန်ထိုအခါက ခရစ်ယာန်အယူဝါဒကိုအတုခိုးသည်ဖြစ်ရာ လှည့်ဖြားခြင်းတန်ခိုးကြီးမားသော အယူဝါဒတစ်ခုဖြစ်ခဲ့ပါသည်။ စာတန်ကိုယ်တိုင်က သူ့ကိုယ်သူအသွင်ပြောင်းလဲကာ အလင်း၏ ကောင်းကင်တမန်တစ်ပါးကဲ့သို့ ကိုယ်ယောင်ပြလာပါလိမ့်မည်။ နံဝိညာဉ် အယူဝါဒအားဖြင့် အံ့ဩဖွယ်နိမိတ်လက္ခဏာများကို ပြပါလိမ့်မည်။ လူနာများကို သက်သာပျောက်ကင်းစေလိမ့်မည်။ ငြင်းမရအောင်ကောင်းသည့် အံ့ဩဖွယ်ရာများကိုလုပ်ပြပါလိမ့်မည်။

ထူးဆန်းသော နိမိတ်လက္ခဏာများအား စစ်မှန်သောအသင်းတော်၏ အမှတ်အသားတစ်ခုအဖြစ် ကြွားဝါခဲ့ကြသည့်ရောမအသင်းသားများသည်လည်း ဤအံ့ဖွယ်အမှုများကိုလုပ်ဆောင်သည့် တန်ခိုး၏ လှည့်ဖြားမှုကို ခံကြရလိမ့်မည်။ သမ္မာတရား၏ ဒိုင်းလွှားကြီးကို ဘေးဖယ်ခဲ့သည့် ပရိုတက်စတင့်များသည်လည်း အလှည့်ဖြားခံကြရလိမ့်မည်။ ရောမအသင်းသားများ၊ ပရိုတက်စတင့်များနှင့် လောကီသားများတို့သည် ထိုသုံးပါး၏ ပူးပေါင်းခြင်းကို ကမ္ဘာကြီးပြောင်းလဲလာရန်အတွက် လှုပ်ရှားမှုဖြစ်သည်ဟု အမြင်တူကြပါလိမ့်မည်။

စာတန်သည် နံ့ဝိညာဉ်အယူဝါဒအားဖြင့် ရောဂါများကိုကုသလျက်၊ ဘာသာရေးဆိုင်ရာ ယုံကြည်ချက်အသစ်များကို တင်ပြလျက် လူသားများကို ကောင်းကျိုးပြုသူတစ်ဦးအနေဖြင့် ပုံဖော်နေသော်လည်း၊ တစ်ချိန်တည်းမှာပင် လူထုကြီးအား ပျက်စီးခြင်းသို့သူပို့ဆောင်နေပါသည်။

ချုပ်တည်းမှုမရှိခြင်းကြောင့် ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းများပျောက်လွင့်သွားကာ ကာမဂုဏ်လွန်ကျူးခြင်း၊ ခိုက်ရန်ဖြစ်ခြင်းနှင့် သွေးထွက်သံယိုမှုများဖြစ်ပွားလာပါသည်။ စစ်ဖြစ်ခြင်းသည် လူသားတို့၏ အဆိုးဝါးဆုံးသော စိတ်ဇောကိုနိုးဆွကာ အကျင့်ဆိုးများနှင့် သွေးထွက်သံယိုမှုများတွင် နစ်မြုပ်သွားစေသည့်စစ်ဘေးဒုက္ခသည်ဘဝသို့ ထာဝရရောက်ရှိသွားစေသည်။

တိုင်းနိုင်ငံအချင်းချင်း စစ်ဖြစ်အောင် နိုးဆွပေးရန်မှာ စာတန်၏ ဦးတည်ချက်ဖြစ်သည်။ သို့မှသာ လူသားများသည် ဘုရားသခင်၏နေ့ရက်ကြီးကိုရင်ဆိုင်ရန် ပြင်ဆင်နိုင်ကြတော့မည်မဟုတ်ချေ။

စာတန်သည် သဘာဝ၏လျှို့ဝှက်ချက်များကို လေ့လာကာ သဘာဝအင်အားစုများကို ဘုရားသခင်ခွင့်ပြုသည့်အတိုင်းအတာအထိထိန်းချုပ်ရန် အစွမ်းကုန်အသုံးချနေပါသည်။ ဝေနေယျသတ္တဝါအပေါင်းအား စာတန်၏ အန္တရာယ်မှ အကာအကွယ်ပြုနေသူမှာ ထာဝရဘုရားပင်ဖြစ်သည်။ သို့ရာတွင် ခရစ်ယာန်များသည် ဘုရား၏ ပညတ်တော်များအပေါ် မထီမဲ့မြင်ပြုခဲ့ကြသဖြင့် မိန့်တော်မူထားသည့် အတိုင်း ပညတ်တော်ကို အန်တုနေသူများနှင့် အန်တုရန် အခြားသူများအား ခိုင်းစေနေသူများထံမှ မိမိ၏ ကွယ်ကာမှုကို ပြန်လည်ရုတ်သိမ်းတော်မူပါသည်။

ဘုရားသခင်က အကာအကွယ်ပေးမထားသူအပေါင်းတို့ကို စာတန်ထိန်းချုပ်ထားပါသည်။ သူသည် မိမိ၏အကြံအစည်ကိုအကောင်အထည်ဖော်ရန်အတွက် အချို့သူများကိုကြီး ပွားချမ်းသာစေလျက် လူသားများကို ဒုက္ခပေးနေသူမှာ ဘုရားသခင်ဖြစ်သည်ဟု ယုံကြည်လာစေရန် အချို့သူများကို ဒုက္ခရောက်စေပါလိမ့်မည်။

စာတန်သည် လူသားများခံစားနေရသော အနာရောဂါများကို ကုသပေးသည့် သမားတော်ကြီးတစ်ပါးအသွင်ကိုဆောင်နေစဉ်မှာပင် လူနေထူထပ်သည့်မြို့များကို ပျက်စီးသွားသည်အထိ ရောဂါများနှင့် သဘာဝအန္တရာယ်များကိုဖြစ်စေပါလိမ့်မည်။ ကုန်းတွင်းပိုင်းနှင့်မြစ်ချောင်းပင်လယ်များတွင် ဖြစ်ပွားနေသော မတော်တဆမှုများကြီးကျယ်သော မီးလောင်မှုများ၊ လေဆင်နှာမောင်းနှင့် မိုးသီးမုန်တိုင်းများ၊ လှိုင်းထန်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျခြင်း၊ ဒီလှိုင်းကြီးခြင်းနှင့် မြေငလျင်လှုပ်ခြင်းများတွင် စာတန်တန်ခိုးပြလျက်ရှိပါသည်။ ရင့်မှည့်နေသော စပါးပင်၊ ဂျုံပင်များကို သူဖျက်ဆီးကာ

ငတ်မွတ်ခေါင်းပါးခြင်းနှင့် ဝမ်းနည်းမှုများကို ဖြစ်ပေးစေပါသည်။ လေထုကို ညစ်ညမ်းအောင် သူဖန်တီးကာ လူအများကိုသေကြေပျက်စီးစေပါသည်။

ထိုနောက် ထိုကဲ့သို့သောဒုက္ခများကို ဖန်တီးသူများသည် ဘုရားသခင်၏ ပညတ်တော်ကို စောင့်နေသူများဖြစ်သည်ဟုလူအများ အထင်ရောက်လာအောင် သူသွေးဆောင်နေပါသည်။ လူတို့သည် ပထမနေ့ဥပုသ်ကိုမစောင့်ခြင်းအားဖြင့်လည်းကောင်း၊ ပထမနေ့ဥပုဉ်ကို ဖိဖိစီးစီးမစောင့်မချင်း ထိုဒုက္ခများကို ရင်ဆိုင်နေကြရဦးမည်ဟူ၍လည်းကောင်း သူဖွင့်ဆိုပါလိမ့်မည်။

"ပထမနေ့ကို အရိုအသေမပေးသူများသည် ဘုရားသခင်ပေးသနားမည့် ချမ်းသာ ကြွယ်ဝခြင်းကိုမရအောင် ဟန့်တားနေကြသည်" ဟု ရှေးအခါက ဘုရားသခင်၏ ကျွန်များအစွပ်စွဲခံရသကဲ့သို့ ယနေ့ခေတ်ဘုရားသခင့်သားသမီးများသည် အစွပ်စွဲခံကြရပါလိမ့်မည်။ "အာဟပ်မင်းသည် . . . ဧလိယကိုတွေ့မြင်သောအခါ သင်သည် ဣသရေလအမျိုးကို နှောင့်ယှက်သောသူမှန်သလော" ဟုမေးခဲ့၏။ ၃ရာ၊ ၁၈း၁၇-၁၈။

ထူးဆန်းအံ့ဩဖွယ်ရာများကို လုပ်ပြနိုင်သည့်တန်ခိုးသည် ဘုရားသခင်၏စကားကို နားထောင်လိုက်လျှောက်နေသူများ၌သာ ၎င်း၏ဩဇာသက်ရောက်မှုကို အသုံးပြုမည်ဖြစ်သည်။ ပထမနေ့ဥပုသ်ကို ငြင်းပယ်နေသူများအား သဘောပေါက် နားလည်အောင် သွန်သင်ရန် မိမိတို့အား ဘုရားသခင် စေလွှတ်တော်မူသည်ဟု ထိုနတ်ဆိုးဝိညာဉ်များက ဖွင့်ဟကြလိမ့်မည်။ ထိုဝိညာဉ်များသည် ကမ္ဘာကြီးတွင် ဖြစ်ပွားနေသည့် ဆိုးယုတ်မှုကြီးအတွက် ငိုကြွေးမြည်တမ်းပြကာ ကိုယ်ကျင့်တရားတွေပျက်ယွင်းရခြင်းမှာ ပထမနေ့

ဥပုသ်ကို ငြင်းပယ်ခြင်းကြောင့်ဖြစ်ရသည်ဟု သက်သေခံနေသော ဘာသာရေးဆရာကြီးများကို ထောက်ခံနေလိမ့်မည်။

ရောမအသင်းတော်ကြီး၏ အုပ်စိုးမှုအောက်တွင်ရှိစဉ်က ဧဝံဂေလိတရားတော်အတွက် ဒုက္ခရောက်ခဲ့သူများကို စာတန်၏အပေါင်းပါဒုစရိုက်သမားများဟု စွပ်စွဲအပြစ်တင်ခဲ့ကြသလို ယခုအချိန်တွင်လည်း ဖြစ်လာပါလိမ့်မည်။ ဘုရားသခင်၏ ပညတ်တော်ကို အလေးထားသူများအား ကမ္ဘာကြီးကို ဒုက္ခရောက်အောင်လုပ်သူများအဖြစ် လူအများက စွပ်စွဲလာအောင် စာတန်လုပ်ဆောင်ပါလိမ့်မည်။

ဘုရားသခင်၏ပညတ်တော်ကို ပြောင်ပြောင်တင်းတင်းဖီဆန်သည့် လူသားပညတ်များကိုပြဋ္ဌာန်းရန် အသင်းတော်နှင့်အစိုးရပိုင်းမှအာဏာရှိသူများအား လှုံ့ဆော်လျက် စိုးရိမ်ကြောက်ရွံ့သောစိတ်ဖြင့် လူသားများ၏ သြတ္တပ္ပစိတ်ကို အုပ်စိုးရန် သူကြိုးစားနေပါသည်။

သမ္မာကျမ်းစာပါ ဥပုသ်တော်နေ့ကို စောင့်ထိန်းသူများသည် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေး၏ ရန်သူများအဖြစ်လည်းကောင်း၊ လူ့အသိုက်အဝန်းကိုချုပ်ထိန်းထားသည့် ကိုယ်ကျင့်တရားများကိုဖောက်ဖျက်ကာ မင်းမဲ့စရိုက်နှင့် စာရိတ္တပျက်ပြားမှုကို ဖြစ်စေရုံသာမက ဘုရားသခင်၏တရားစီရင်မှုကို နှိုးဆွပေးသည့် ပုဂ္ဂိုလ်များအဖြစ် လူသိရှင်ကြားစွပ်စွဲခြင်းခံကြရလိမ့်မည်။ နိုင်ငံတော်အစိုးရအပေါ် မကျေမနပ်ဖြစ်နေသူများဖြစ်သည်ဟုလည်း အစွပ်စွဲခံကြရလိမ့်မည်။ ပညတ်တော်ကိုငြင်းပယ်နေသော တရားဟောဆရာများသည် ရပ်ရွာ အာဏာပိုင်များ၏ စကားကို နားထောင်လိုက်လျှောက်ရန် တရားဟော စင်မြင့်များမှ အသံကောင်း ဟစ်နေကြ

လိမ့်မည်။ ဥပဒေပြုရုံးများနှင့် တရားရုံးများတွင်ပညတ်တော်စောင့်ရှောက်သူများသည် ပြစ်ဒဏ်စီရင်ခြင်းခံကြရလိမ့်မည်။ ဘုရားသခင်သားသမီးများ၏ စကားများကို တလွဲအဓိပ္ပါယ်ပေါက်စေလျက် ၎င်းတို့၏ သဘောထားများကို မှားယွင်းစွာဖော်ပြနေကြလိမ့်မည်။

ပထမနေ့ဥပုသ်ကို စောင့်ရှောက်ကြရန် ဘာသာရေးနှင့်နိုင်ငံရေးအကြီးအကဲများက လူတို့အား သွေးဆောင်လိမ့်မည်။ လွတ်လပ်မှုရှိပါသည်ဆိုသည့် အမေရိကန်နိုင်ငံမှာပင် အုပ်ချုပ်သူများသည်အများအကြိုက်ကိုလိုက်ကာ ပထမနေ့ ဥပုသ်စောင့်ရန် ဥပဒေကိုပြဋ္ဌာန်းပေးကြလိမ့်မည်။ ကြီးမားသောအဖိုးအခအဖြစ် ရယူရသည့် သြတ္တပ္ပစိတ်လွတ်လပ်မှုကို လေးစားကြတော့မည်မဟုတ်ချေ။ "နဂါးသည် မိန်းမကိုအငြိုးထား၏။ ဘုရားသခင်၏ ပညတ်တော်တို့ကို ကျင့်၍ယေရှု၏ သက်သေခံတော်မူချက်ကို စွဲလမ်းသောသူတည်းဟူသော ထိုမိန်းမ၌ ကြွင်းသောအမျိုးအနွယ်ကို စစ်တိုက်ခြင်းငှာသွား၏" ဟူသော ပုရောဖက်စကား၏ သာဓကတင်ပြမှုများကိုလည်း မကြာမီဖြစ်ပွားတော့မည့် ဝိရောဓိအငြင်းပွားမှုတွင် မျက်ဝါးထင်ထင်ကျွန်ုပ်တို့မြင်တွေ့ကြရလိမ့်မည်။

-----o-----

# အခန်း (၃၇)
# ကျွန်ုပ်တို့အတွက်တစ်ခုတည်းသောကွယ်ကာရာ

ထာဝရဘုရားသည် မကောင်းသောနတ်ဆိုးများနှင့်မှားယွင်းသောဆရာများ၏ ဩဇာလွှမ်းမိုးမှုကင်းဝေးစေရန် အကာအကွယ်တစ်ခုအဖြစ် သမ္မာကျမ်းစာကို ဖတ်ရှုလိုက်နာကြရန် မိမိလူတို့အား ညွှန်ကြားထားတော်မူခဲ့သည်။

သမ္မာကျမ်းစာ၏ ရှင်းလင်းသောဖွင့်ဆိုချက်များက ၎င်း၏ လှည့်ဖြားမှုများကို ထုတ်ဖော်နေသည့်အတွက်လူတို့ကို သမ္မာကျမ်းစာဖော်ပြချက်များကို နားမလည်စေဖို့ နည်းမျိုးစုံသုံး၍ စာတန်ဟန့်တားနေပါသည်။

နောက်ဆုံးသောလှည့်ဖြားမှုကြီးကို မကြာမီတွင် ကျွန်ုပ်တို့ရင်ဆိုင်ကြရတော့မည်။ အန္တိခရစ်သည် ထူးဆန်းသောနိမိတ် လက္ခဏာများကို ကျွန်ုပ်တို့မြင်သာအောင်လုပ်ဆောင်ပြတော့မည် ဖြစ်သည်။ သမ္မာကျမ်းစာကို အခြေခံ၍မစူးစမ်းလျှင်သူပြမည့်နိမိတ် လက္ခဏာများသည် အစစ်နှင့်ခွဲမရအောင်တူနေပါလိမ့်မည်။

ဘုရားသခင်၏ ပညတ်တော်အလုံးစုံကို စောင့်ရှောက်သူများသည် ဆန့်ကျင်မှုကိုလည်းကောင်း ပြက်ရယ်ပြုခြင်းကိုလည်းကောင်း ခံကြရလိမ့်မည်။

ထိုအရာများကို ခံနိုင်ရည်ရှိစေရန် ထိုသူများသည်နှုတ်ထွက်စကားများတွင် ဖော်ပြထားသည့် ဘုရား၏အလိုတော်ကိုနားလည်ကြရပါမည်။ သမ္မာကျမ်းစာတွင်ပါရှိသည့် သမ္မာတရားများဖြင့် မိမိကိုယ်ကို အားဖြည့်မထားသူများသည် နောက်ဆုံးသောထိုတိုက်လှန်ပွဲကြီးတွင် ကြံ့ကြံ့ခံနိုင်ကြမည်မဟုတ်ချေ။

ခရစ်တော်သည် မိမိ၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကပ်တိုင်အတင်မခံရမီကတည်းက တပည့်တော်များကို မိန့်တော်မူထားပြီးဖြစ်သော်လည်း ထိုစကားများကို ၄င်းတို့မစွဲမှတ်ကြချေ။

၄င်းတို့အား ကြိုတင်သတိပေးထားတော်မူခြင်းမရှိသကဲ့သို့ ခရစ်တော်အသေခံတော်မူသောအချိန်တွင် မြော်လင့်ခြင်းမဲ့သလို တပည့်တော်များခံစားခဲ့ကြရပါသည်။ ခရစ်တော်ကအနာ ဂတ်နှင့်ပတ်သက်သည့် ကိစ္စများအတွက် တပည့်တော်များအားကြိုတင်မိန့်ဆိုတော်မူခဲ့သလို အနာဂတ်ကိစ္စများကို အနာဂတ္တိစကားများအားဖြင့် ကျွန်ုပ်တို့အား မိန့်ဆိုထားလျက်ရှိပါသည်။ ကရုဏာတံခါးပိတ်သည့်အချိန်နှင့် စပ်လျဉ်းသည့်အကြောင်းအရာများနှင့် ဆင်းရဲခြင်းကာလအတွက် ပြင်ဆင်ရမည့်အရာများအကြောင်းကို ရှင်းလင်းစွာဖော်ပြထားပါသည်။ သို့ရာတွင် လူအများသည် အရေးပါသောထိုသမ္မာတရားများကို နားလည်မှုမရှိကြသည့်အတွက် ဒုက္ခဆင်းရဲခြင်းကာလသို့ ရောက်သောအချိန်တွင် အဆင်သင့်ရှိကြလိမ့်မည်မဟုတ်ချေ။

ထာဝရဘုရားသည် သတိပေးစကားများကို မိန့်ဆိုသောအချိန်တွင် ကျိုးကြောင်းဆင်ခြင်မှုနှင့် ပြည့်စုံစေခဲ့သူများကို ထိုသတိပေးစကားအား လိုက်နာစေလိုတော်မူပါသည်။ သားရဲနှင့်တကွသူ၏ရုပ်တု ကိုးကွယ်သူများအပေါ် ကျရောက်မည့် ပြစ်ဒဏ်များအကြောင်း ဖော်ပြသည့်သတိပေးစကားသည် သားရဲ၏ ရုပ်တုသည် မည်သည့်အရာဖြစ်ကြောင်းနှင့် ထိုရုပ်တုကိုလက်မခံ၊ မကိုးကွယ်မိအောင် ရှောင်ရှားရမည့်နည်းလမ်းများကို လူအများအား သိရှိစေပါသည်။ သို့ရာတွင်လူအများသည်၄င်းတို့၏ အပြစ်နှင့်ပြည့်ဝသော

ဆန္ဒနှင့်မကိုက်ညီသည့် သမ္မာတရားကို လက်မခံလိုကြချေ။ ထို့ကြောင့် ၎င်းတို့လိုလားသည့် လှည့်ဖြားခြင်းများကို စာတန်ဖြည့်ဆည်းပေးနေပါသည်။

သို့စေကာမူ သမ္မာကျမ်းစာအား ယုံကြည်ချက်အပေါင်း၏ စံအဖြစ်လည်းကောင်း၊ ပြုပြင်ပြောင်းလဲမှုအားလုံး၏ အခြေခံအဖြစ် လည်းကောင်း ဆက်လက်ပြီး လက်ခံကျင့်သုံးမည့်လူတစ်စု ဘုရားသခင်၌ရှိပါလိမ့်မည်။ ပညာတတ်များ၏ ထင်မြင်ယူဆချက်များ သိပ္ပံပညာ၏ ကောက်ချက်ချခြင်းများ၊ ဘာသာရေးအဖွဲ့ကြီးများ၏ ဆုံးဖြတ်ချက်များနှင့် လူအများစု၏သဘောထားတို့ကို ယုံကြည်ချက်အပေါ်ထောက်ခံသည့် အထောက်အထား (သို့မဟုတ်) ယုံကြည်ချက်အပေါ်ကန့်ကွက်ဆန့်ကျင်သည့်အထောက်အထားများအဖြစ် မမှတ်ယူသင့်ပါချေ။

ဘုရားသခင်က မည်သို့မိန့်တော်မူထားသည်ဆိုသည့်အချက်ကိုသာ ကျွန်ုပ်တို့အလေးထားသင့်ကြပါသည်။ သမ္မာကျမ်းစာကို ကိုယ်တိုင်လေ့လာဆည်းပူးရမည့်အစား အသင်းအုပ်ဆရာများနှင့် ကျမ်းစာကျောင်းမှဆရာကြီးများ ဟောပြောသည့်စကားများကို ပို၍ အားကိုးလာရန် လူတို့အား စာတန်လမ်းပြနေပါသည်။ ထိုခေါင်းဆောင်ကြီးများကို ထိန်းချုပ်ခြင်းအားဖြင့် လူထုကြီးတစ်ရပ်လုံးကိုစာတန်သြဇာလွှမ်းမိုးနိုင်ခဲ့ပါသည်။

ဤလောကသို့ ခရစ်တော်ကြွလာခဲ့စဉ်က သာမန်လူတန်းစားများသည် ကိုယ်တော်၏ဟောကြားချက်များကို ဝမ်းပန်းတသာနာခံခဲ့ကြပါသည်။ သို့ရာတွင် အာဃာတစိတ်များဖြင့်ပြည့်နေသည့်ယဇ်ပုရောဟိတ်အဖွဲ့နှင့် ဘာသာရေးအကြီးအကဲများမှာမူ ကိုယ်တော်အား မေရှိယတစ်ပါးအဖြစ် လက်မခံခဲ့ကြချေ။ ထိုအခါ လူတို့က

"ဒါက ဘယ်လိုဖြစ်တာလဲ။ လူအကြီးအကဲများနှင့် ပညာတတ်များက ခရစ်တော်ကိုမယုံကြည်ကြပါလား" ဟု မေးမြန်းလာကြပါသည်။ ထိုကဲ့သို့သော ဆရာများသည် ယုဒလူမျိုးတို့အား ကယ်တင်ရှင်ကို ငြင်းပယ်စေခဲ့ပါသည်။

## လူ့တန်ခိုးအာဏာကိုမြှောက်စားခြင်း

ခေတ်အဆက်ဆက်တွင် ကြောက်စရာကျိန်စာတစ်ခုဖြစ်ခဲ့သော ဩတ္တပ္ပစိတ်ကိုအုပ်စိုးရန် လူ့တန်ခိုးအာဏာကို မြှောက်စားခြင်းအမှုနှင့်စပ်ဆိုင်သည့် အနာဂတ်မြင်ကွင်းတစ်ခုကို ခရစ်တော်မြင်တွေ့ခဲ့ပြီးဖြစ်သည်။ မျက်စိကန်းသောခေါင်းဆောင်များနောက်သို့ မလိုက်ကြဖို့ မိန့်ဆိုခဲ့သည့် ခရစ်တော်၏ သတိပေးချက်သည်အနာဂတ်မျိုးဆက်များအတွက် ဆုံးမစကားတစ်ခုအဖြစ် မှတ်တမ်းတင်ထားခြင်းခံရပါသည်။

သမ္မာကျမ်းစာကို အနက်ဖွင့်ရန် အခွင့်အာဏာမှာ ရောမအသင်းတော်၏ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်များ၌သာရှိသည်ဟု ထိုအသင်းတော်ကပြဋ္ဌာန်းပါသည်။ ဘာသာရေးပြုပြင်ပြောင်းလဲမှုများအရ သမ္မာကျမ်းစာကို လူတိုင်းရရှိလာကြသော်လည်း ရောမအသင်းတော်ကကျင့်သုံးနေသည့် ထိုစည်းမျဉ်းသည် ပရိုတက်စတင့်အသင်းသားများအား သမ္မာကျမ်းစာကို ကိုယ်တိုင်ရှာဖွေဆည်းပူးခြင်းမပြုစေရန် ဟန့်တားနေပါသည်။

အသင်းတော်က အနက်ဖွင့်ထားသည့်အတိုင်းသွန်သင်ချက်များကို လက်ခံရန် ၎င်းတို့အား သွန်သင်ထားပါသည်။ထို့ကြောင့် ထိုအသင်းတော်ဓမ္မဩဝါဒများနှင့်ဆန့်ကျင်သော ကျမ်းစာသွန်သင်ချက် တစ်ခုတစ်လေကိုမျှသူတို့မသိရှိကြတော့ချေ။

လူအများမှာ မိမိတို့၏အသက်ဝိညာဉ်ကို အသင်းတော်ခေါင်းဆောင်များလက်ထဲသို့ အပ်နှံရန် အဆင်သင့်ရှိနေကြသည်။ ခရစ်တော်၏ သွန်သင်ချက်များကို ဂရုမထားဘဲ ၄င်းတို့ကျော်သွားကြပါသည်။ တရားဟောဆရာများသည် အမှားအယွင်းမရှိတတ်ကြဘူးလား။

၄င်းတို့သည် အလင်းဆောင်သူများဖြစ်ကြောင်းကျမ်းစာအားဖြင့် ကျွန်ုပ်တို့မသိရလျှင် ၄င်းတို့အား လမ်းပြများအဖြစ် ကျွန်ုပ်တို့မည်သို့ ကိုးစားနိုင်ကြမည်နည်း။ ရဲရင့်သောစိတ်ဓါတ်ချို့တဲ့မှုကြောင့် လူအများတို့သည် ပညာတတ်များကို ဆရာတင်မိကာ အမှားနွံထဲတွင် ရုန်းထွက်မရအောင် နစ်မြုပ်နေကြပါသည်။ ထိုသူများသည် ဤခေတ်ဤအခါနှင့်သက်ဆိုင်သည့် အမှန်တရားများကို သမ္မာကျမ်းစာထဲတွင်တွေ့ကြသည်။ ထိုတရားများကို ဟစ်ကြွေးခြင်းအပေါ် သန့်ရှင်းသော ဝိညာဉ်တော်ပါရှိနေသည်ဟုလည်း ၄င်းတို့ခံစားရသည်။ သို့စေကာမူ ၄င်းတို့သည် မိမိတို့အား အသင်းတော်ဆရာကြီးများက အလင်းကွယ်ထားမှာကို ခွင့်ပြုနေကြပါသည်။

စာတန်သည် လူအများတို့အား ကပ်တိုင်တော်၏ရန်သူများနှင့်မေတ္တာနှောင်ဖွဲ့စေသည့်နည်းကိုအသုံးပြုကာ ရယူသိမ်းပိုက်ထားတတ်ပါသည်။ ဤမေတ္တာနှောင်ကြိုးသည် မိဘများနှင့်ဆိုင်သော မေတ္တာနှောင်ကြိုးဖြစ်နိုင်သလို သားသမီးများနှင့်စပ်လျဉ်းသည့်မေတ္တာနှောင်ကြိုး၊ အိမ်ထောင်ရေးနှင့်ပတ်သက်သည့် မေတ္တာနှောင်ကြိုးလူမှုရေးဆိုင်ရာ မေတ္တာနှောင်ကြိုးများလည်းဖြစ်နိုင်ပါသည်။ ထိုကဲ့သို့သောမေတ္တာနှောင်ကြိုးများနှင့် အချည်နှောင်ခံထားရသူများသည် မိမိတို့ လုပ်ဆောင်ရမည့်ဝတ္တရားများကိုကျင့်ဆောင်ရန် သတ္တိမရှိကြတော့ချေ။

မိမိ၏အသက်တာသည် အမှားအယွင်းကင်းလျှင်ပြီးတာပါပဲ။ မည်သည့်ဘာသာကို ယုံကြည်သည်ဆိုသောအချက်သည် ပဓာနမဟုတ်ပါဟု လူအများပြောတတ်ကြပါသည်။ သို့ရာတွင်အသက်တာကိုပြုပြင်ပုံသွင်းနေသောအရာမှာ ယုံကြည်ခြင်းပင်ဖြစ်နေပါသည်။ လက်လှမ်းမှီသောနေရာတွင်ရှိနေသည့် သမ္မာတရားများကို လျစ်လျူရှုကာ လက်ခံရန်ငြင်းဆိုခဲ့မည်ဆိုလျှင် အလင်းကိုငြင်းကာအမှောင်ကိုရွေးချယ်နေခြင်းသာဖြစ်ပါသည်။

ဘုရားသခင်၏ အလိုတော်ကိုသိနိုင်ရန် အခွင့်အလမ်းများရှိနေသည့်အချိန်တွင် မသိလို့အမှားလုပ်မိပါသည်။ မသိလို့အပြစ်လုပ်မိပါသည်ဟု ပြောလို့မရချေ။ လမ်းဆုံလမ်းခွသို့ရောက်ရှိလာသောခရီးသွားတစ်ဦးသည် လမ်းညွှန်ဆိုင်းဘုတ်များကို သတိမထားမိသဖြင့် မှန်သည်ထင်သည့်လမ်းကို လိုက်မိသည်ဆိုပါစို့။ ထိုသူသည် လူရိုးတစ်ဦးဖြစ်ကောင်းဖြစ်မည်ဖြစ်သော်လည်း မိမိကိုယ်ကို လမ်းမှားတစ်ခုပေါ်သို့ ရောက်ရှိနေမည်ကိုတွေ့ရမည်သာတည်း။

## အကြီးဆုံးသောရှေ့ဦးတာဝန်

မှန်သည်ထင်သဖြင့် ကျင့်ဆောင်ခြင်း (သို့မဟုတ်)တရားဟောဆရာက မှန်သည်ဟုပြောသည့်အရာများကိုကျင့်ဆောင်ခြင်း၊ စသည့်မှန်ကန်သောသဘောထားများကို ပိုင်ဆိုင်ထားရုံနှင့်မလုံလောက်သေးချေ။ သမ္မာကျမ်းစာကို ဖွင့်ကာ ကိုယ်တိုင်ရှာဖွေလေ့လာသင့်ကြပါသည်။

လူသားများ၌ ကောင်းကင်ခရီးအတွက် လိုအပ်သောမှတ်တိုင်များကိုပြညွှန်ထားသည့် မြေပုံတစ်ခုရှိထားရာ လမ်းမှန်ကိုရွေးရာတွင် မှန်း၍မရွေးချယ်သင့်ပါချေ။

သမ္မာတရားကို သမ္မာကျမ်းစာတွင်လေ့ကျက်ကာ ထိုသမ္မာတရားအလင်းအတိုင်း မိမိကိုယ်တိုင်လိုက်လျှောက်ရုံသာမက မိမိအားနမူနာယူကာ လိုက်လျှောက်ရန် သူတစ်ပါးကိုလည်းအားပေးရန်မှာ ဆင်ခြင်တုံတရားရှိသူတိုင်း ကျင့်ဆောင်ရမည့် အကြီးဆုံးသောရှေ့ဦးတာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်တွင် ကိုယ်တိုင်အစစ်ဆေးခံကြရမည်ဖြစ်သဖြင့် ယူဆချက်များကိုလည်း ကိုယ်တိုင်တည်ဆောက်ကြရပါမည်။

သမ္မာကျမ်းစာထဲတွင် အသုံးပြုထားသောဘာသာစကားများကထင်ရှားအောင်မဖော်ပြနိုင်သည့် နက်နဲသောဝိညာဉ်ရေးဆိုင်ရာ အနက်အဓိပ္ပါယ်များရှိနေသည်ဟု ကျမ်းတတ်ပုဂ္ဂိုလ်များက ပညာရှိဟန်ဆောင်ကာ သွန်သင်တတ်ကြပါသည်။ ထိုသူများသည် ဆရာအတုအယောင်များဖြစ်ကြပါသည်။ ပုံဆောင်မှုများကို အသုံးပြုမထားလျှင် ကျမ်းစကားများကို ၎င်း၏ထင်ရှားသော ရှင်းအဓိပ္ပါယ်အတိုင်း ရှင်းပြသင့်ပါသည်။

သမ္မာကျမ်းစာကို အရှိအတိုင်း လေ့လာသင်ယူ၊ ရှင်းလင်း၊ တင်ပြကြမည်ဆိုလျှင် အမှားလမ်းကိုလျှောက်နေသူထောင်ပေါင်းများစွာသောလူအပေါင်းတို့အား ခရစ်တော်၏သိုးစုထဲသို့ပို့ဆောင်နိုင်ကြပါလိမ့်မည်။

အရေးမပါဟု သဘောထားကာ ကျမ်းတတ်ပုဂ္ဂိုလ်များချန်လှပ်ထားခဲ့သည့် ကျမ်းချက်များတို့သည် ခရစ်တော်ထံတွင် နည်းခံသူများအတွက် နှစ်သိမ့်မှုအပြည့်အဝပေးသည့် ကျမ်းချက်များဖြစ်နေတတ်ပါသည်။ သမ္မာကျမ်းစာမှ သမ္မာတရားများကို နားလည်သဘောပေါက်ခြင်းသည် အတန်းပညာများအပေါ်တွင် အခြေမပြုဘဲ ဖြောင့်မတ်ခြင်း တရားကို ဆာငတ်ခင်မွတ်သည့် ခိုင်မာသော

ရည်ရွယ်ချက်ဖြင့် ရှာဖွေဆည်းပူးလိုစိတ်ပေါ်တွင် လုံးဝအခြေပြုနေပါသည်။

## ဆုတောင်းခြင်းနှင့်ကျမ်းစာဖတ်ခြင်းကို လျစ်လျူရှုခြင်း၏ဆိုးကျိုးများ

ဆုမတောင်းဘဲ မည်သည့်အခါမျှ ကျမ်းစာကိုမလေ့လာသင့်ချေ။ သန့်ရှင်းသောဝိညာဉ်တော်တစ်ပါးတည်းကသာ အရေးပါသောအချက်များကို လွယ်ကူစွာနားလည်စေနိုင်သကဲ့သို့ ခက်ခဲသည့် သမ္မာတရားများကို ကောင်းမွန်စွာ သဘောပေါက်စေနိုင်ပါသည်။ ဘုရား၏ နှုတ်တော်ထွက်စကားများကို နားလည်စေရန် ကောင်းကင်တမန်များက စိတ်နှလုံးများကို ပြုပြင်ပေးတော်မူကြပါသည်။ ကျွန်ုပ်တို့ကို သမ္မာတရား၏တင့်တယ်မှုဖြင့် ဆွဲဆောင်တော်မူ၏။

သမ္မာတရား၏ သတိပေးစကားများဖြင့် ဆုံးမတော်မူသည့်အပြင် သမ္မာတရားပါကတိတော်များအားဖြင့် အားဖြည့်ပေးတော်မူပါသည်။ စုံစမ်းခြင်းခံရသူများသည် ဘုရားသခင်၏ကတိတော်များကို သတိရအောက်မေ့နိုင်ခြင်းမရှိသည့်ပြင် သမ္မာကျမ်းစာတည်းဟူသော လက်နက်အားဖြင့်စာတန်အား မရင်ဆိုင်ကြခြင်းကြောင့် စုံစမ်းခြင်းများသည်တွန်းလှန်ရန်မဖြစ်နိုင်သည့်အခြေအနေသို့ မကြာခဏရောက်ရှိသွားတတ်ပါသည်။

သို့ရာတွင် အသွန်သင်ခံလိုသူများ၏ ပတ်လည်တွင်ကောင်းကင်တမန်များသည် ဝန်းရံနေကြကာ လိုအပ်သည့် သမ္မာတရားများကို ပြန်လည်သတိရ အောက်မေ့အောင် မစကူညီကြပါလိမ့်မည်။

"သန့်ရှင်းသောဝိညာဉ်တော်သည် ---- ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အားပေးတော်မူမည်။" ယောဟန် ၁၄း၂၆။ သို့သော် ခက်ခဲရာကာလတွင် ပြန်လည်သတိရ အောက်မေ့လာအောင် သန့်ရှင်းသောဝိညာဉ်တော်က မစနိုင်ရန် အလို့ငှာ ခရစ်တော်၏သွန်သင်ချက်များကို ယခင်ကတည်းကစိတ် ထဲတွင်သိုထားကြရပါမည်။

ဖွေးဖွေးလှုပ်အောင်များပြားလှသည့် လူထုကြီး၏ ကံကြမ္မာကို ဆုံးဖြတ်ချက်ချပေတော့မည်။ "သခင်ဘုရား၊ ကျွန်ုပ်လုပ်ဆောင်ရ မည့်အရာကို ပြညွှန်တော်မူပါ" ဟု ခရစ်ယာန်တိုင်း အနူးအညွတ် တောင်းလျှောက်သင့်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပတ် သက်သောအရာများတွင်ရှိသော လေးနက်အသက်ပါသော အတွေ့ အကြုံများကို ယခုအချိန်တွင် ကြိုးစားရှာဖွေသင့်ကြပါသည်။ ကျွန်ုပ် တို့သည် စာတန်ညှို့ယူဆွဲဆောင်နေသည့် နယ်မြေတွင် အသက်ရှင် နေထိုင်လျက်ရှိကြရာ တစ်မိနစ် တစ်စက္ကန့်ကိုပင် အချိန်မဖြုန်းသင့် ပါချေ။ ဘုရားသခင်၏ကင်းစောင့်တို့၊ ငိုက်မျဉ်းအိပ်ပျော်မနေကြ ပါနှင့်။

လူအများသည် မိမိတို့မကျူးလွန်သည့် မှားယွင်းသောလုပ် ဆောင်မှုများအတွက် ကိုယ့်ကိုကိုယ်ဝမ်းမြောက်ဂုဏ်ယူနေတတ်ကြ ပါသည်။

၎င်းတို့သည် ဘုရားသခင်၏ ဥယျာဉ်တော်ထဲမှသစ်ပင် များဖြစ်သည်ဆိုရုံနှင့်မလုံလောက်သေးဘဲ အသီးများလည်း သီးကြ ရပါမည်။ ကောင်းကင်စာစောင်များတွင် ၎င်းတို့အား ဆန်ကုန် မြေလေးအဖြစ် မှတ်တမ်းတင်ထားပါသည်။ သို့စေကာမူ ဘုရား၏ ကရုဏာတော်ကို အလေးမထား၊ ကျေးဇူးတော်ကို တလွဲ. . . . .

ကျွန်ုပ်တို့အတွက်တစ်ခုတည်းသောကွယ်ကာရာ ၆၅၇

အသုံးချနေသူများအတွက် စိတ်ရှည်ခြင်းနှင့်ပြည့်ဝသော မဟာမေတ္တာတော်ရှင်သည် ထာဝရဘုရားသခင်ရှေ့တော်တွင် အသနားခံဆဲဖြစ်တော်မူသည်။

အရွက်များဖြင့်စည်နေသောမိုးတွင်းကာလတွင် အမြဲစိမ်းလန်းသောအပင်နှင့် အခြားအပင်များ၏ ခြားနားမှုကို သတိထားမိကြမည်မဟုတ်သော်လည်း အရွက်ကြွေသောနွေကာလတွင် အမြဲစိမ်းအပင်များသည် ဆက်လက်စိမ်းလန်းနေကြမည်ဖြစ်သော်လည်း အခြားအပင်များမှာမူ အရိုးနှင့်ပြိုင်းပြိုင်း၊ အရွက်ဆိုလို့ဗလာနတ္ထိဖြစ်နေသည်ကိုတွေ့ကြရလိမ့်မည်။ ဘာသာရေးဆန့်ကျင်မှုများ၊ သဘောထားကျဉ်းမြောင်းသေးသိမ်မှုများ၊ နှိပ်စက်ညှင်းပန်းမှုများ ပြန်လည်အသက်ဝင်လာသည်ဆိုပါတော့။ ထိုအချိန်တွင် သူတော်ကောင်းယောင်ဆောင်သူများသည် ၎င်းတို့၏ယုံကြည်ခြင်းကို စွန့်လွှတ်ကြလိမ့်မည်ဖြစ်သော်လည်း ခရစ်ယာန်အစစ်အမှန်များသည် မားမားမတ်မတ်ရပ်တည်ကာ ဒုက္ခဆင်းရဲခြင်းကင်းသည့်ကာလမှာရှိသော ယုံကြည်ခြင်းထက် ၎င်းတို့၏ယုံကြည်ခြင်းသည် ပို၍ခိုင်မာလာလိမ့်မည်။ ၎င်းတို့၏မြော်လင့်ခြင်းသည်လည်း ပို၍ပီပြင်လာပါလိမ့်မည်။

"ထိုသူသည်ကား ရေရှိသောအရပ်၌စိုက်၍ မြစ်နားမှာအမြစ်ဖြာသဖြင့် ပူသောအရှိန်ရောက်ကြောင်းကိုမသိ။ အရွက်မညှိုးနွမ်း၊ မိုးခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ အစဉ်အမြဲအသီးကိုသီးတတ်သောအပင်နှင့်တူ၏။" ယေရမိ၊ ၁၇း၈။

-----o-----

## အခန်း (၃၈)
## ဘုရားသခင်ထံမှလာသောနောက်ဆုံး သတင်းစကား

"ကောင်းကင်တမန်တစ်ပါးသည် ကြီးစွာသောတန်ခိုးနှင့် ပြည့်စုံ၍ ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။သူ၏ရောင်ခြည် အားဖြင့် မြေကြီးထွန်းလင်းလျက်ရှိ၏။ သူသည် ကျယ်သောအသံဖြင့် ကြွေးကြော်၍ ဗာဗုလုန်မြို့ကြီးပြိုလဲပြီ၊ ပြိုလဲပြီ။ နတ်ဆိုးနေရာဖြစ် လေပြီ။

ညစ်ညူးသောဝိညာဉ်မျိုး၏တွင်းဖြစ်လေပြီ။ ညစ်ညူး၍စက် ဆုပ်ဖွယ်သောငှက်မျိုး၏မှီခိုရာဖြစ်လေပြီ။ ----- အခြားသောကောင်း ကင်အသံကား ငါ၏လူမျိုးတို့ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်လည်း ကောင်း၊ သူ၏ ဘေးဒဏ်များကိုခံခြင်းနှင့်လည်းကောင်း ကင်းလွတ် အံ့သောငှါ သူ၏အထဲကထွက်ကြလော့။" ဗျာ၊ ၁၈း၁-၂၄။

ဤကြွေးကြော်သံသည် ဗျာ၊ ၁၄ မှ ဒုတိယကောင်းကင်တ မန်၏ကြွေးကြော်သံကို တစ်ဖန်ကြွေးကြော်ထားသည့်အရာဖြစ်ပြီး ပထမအကြိမ် သတင်းပေးစဉ်ကတည်းက ဗာဗုလုန်ထဲသို့ရောက်ရှိ ထားပြီးသောညစ်ညူးခြင်းများနှင့် ထပ်လောင်းပေါင်းစပ်ထားသည့် သတိပေးချက်ဖြစ်သည်။

ဤတွင် ဖေါ်ပြထားသည့် ကြောက်စရာအခြေအနေတစ်ခု မှာသမ္မာတရားကိုလက်ခံရန် ငြင်းဆိုသူများ၏စိတ်သဘောထားသည် ပို၍မှောင်မိုက်၊ မာကျောလာခြင်းဖြစ်သည်။ ပညတ်တော်(၁၀) ပါးမှ

(၁) ပါးကို အမွန်အမြတ်ထားသူများအား ညှဉ်းပန်းနှိပ်စက်သည်အထိ သူတို့သည် ထိုပညတ်တစ်ပါးကိုနင်းချေကြပါလိမ့်မည်။

ဘာသာရေးခံဝန်ချက်များသည် အနိမ့်ကျဆုံးဒုစရိုက်ပြစ်မှုများကိုဖုံးကွယ်ရန် ဝတ်ရုံများဖြစ်လာကြပါမည်။ နာမ်ဝိညာဉ်များကိုကိုးကွယ်ယုံကြည်ခြင်းသည် နတ်ဆိုးများ၏ ယုံကြည်ချက်ကိုလက်ခံရန် တံခါးဖွင့်ခြင်းဖြစ်သဖြင့် အသင်းတော်များတွင် နတ်ဆိုးတို့၏ သြဇာလွှမ်းမိုးမှုများရှိလာပါသည်။ ဗာဗုလုန်သည် ဒုစရိုက်များနှင့်ပြည့်ဝနေပြီဖြစ်ရာ ပျက်စီးတော့မည့်ဆဲဆဲအခြေအနေတွင် ရောက်နေပါသည်။

သို့ရာတွင် ထိုဗာဗုလုန်ထဲတွင် ဘုရားသခင်၏သားသမီးများရှိနေကြဆဲဖြစ်ရာ "သူ၏ဘေးဒဏ်များကိုခံခြင်းမှ ကင်းလွတ်အံ့သောငှာ" ထိုသစ္စာရှိတပည့်များအား ဖေါ်ထုတ်ရမည်ဖြစ်သည်။ ထိုကြောင့် ကမ္ဘာကြီးအား မိမိ၏ဘုန်းနှင့်ထွန်းလင်းစေသည့် ကောင်းကင်တမန်တစ်ပါးသည် ကြွဆင်းလာကာ "ငါ၏လူမျိုးတို့၊ ဗာဗုလုန်ထဲကထွက်ကြလော့" ဟု ဟစ်ကြွေးခေါ်ထုတ်သံကို ကြားနေရပါသည်။ဤကြွေးကြော်သံသည် ကမ္ဘာသူကမ္ဘာသားများအတွက်နောက်ဆုံးသောသတိပေးချက်ဖြစ်ပါသည်။

ဘုရားသခင်၏ ပညတ်တော်များကို ဆန့်ကျင်တိုက်ခိုက်ရန် စုစည်းနေကြသည့် လောကီအာဏာပိုင်များက "ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ" ရှိသမျှတို့အား မှားယွင်းသောဥပုသ်နေ့ကို စောင့်ခြင်းအားဖြင့် အသင်းတော်၏ဓလေ့ထုံးစံများနှင့်အညီ ကျင့်ဆောင်ရန် အမိန့်ထုတ်ကြလိမ့်မည်။ (ဗျာ ၁၃း၁၆)။ လိုက်နာရန်ငြင်းဆန်သူများအား သေဒဏ်ထိုက်သည်ဟု

အဆုံးတွင်စီရင်ကြလိမ့်မည်။ တစ်ဘက်တွင်လည်း ဖန်ဆင်းရှင်၏နားနေရာနေ့တွင် ဥပုသ်စောင့်ရန် ပြဋ္ဌာန်းသည့် ပညတ်တော်ကိုချိုးဖေါက်သူများအား အမျက်တော်သင့်လိမ့်မည်ဟု သတိပေးဖွင့်ဆိုနေပါသည်။

ဘုရားသခင်၏ပညတ်တော်ကို နှင်းချေသောသူအပေါင်းတို့သည် ဤအချက်များကိုကောင်းစွာသိရှိလျက်ပင် လူတို့တီထွင်ပြဋ္ဌာန်းထားသည့် သားရဲ၏တံဆိပ်ကိုလက်ခံကြလိမ့်မည်။ အာဏာရှိသူများ၏ မဟာမိတ်ပြုခြင်းအထိမ်းအမှတ်ဖြစ်သော ထိုတံဆိပ်ကို ဘုရားသခင်၏ တံဆိပ်အစားနေရာတွင် သူတို့ရွေးချယ်လိမ့်မည်။ "အကြင်သူသည် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏ တံဆိပ်လက်မှန်ကို နဖူး၌ခံသည်ဖြစ်စေ၊ လက်၌ခံသည်ဖြစ်စေ၊ ထိုသူသည် ဘုရားသခင်၏ဒေါသဖလား၌လောင်းသော အမျက်တော်စပျစ်ရည်စစ်ကိုသောက်ရလိမ့်မည်။ သန့်ရှင်းသောကောင်းကင်တမန်တို့ရှေ့၊ သိုးသငယ်ရှေ့တွင် ကန့်နှင့်ရောသောမီးထဲမှာ ပြင်းစွာသောညှဉ်းဆဲခြင်းကိုခံရလိမ့်မည်။" ဗျာ၊ ၁၄း၉-၁၀။

သမ္မာတရားကိုကြားနာစစ်ဆေးပြီး မငြင်းပယ်မီတိုင်အောင်မည်သူမျှ ဘုရားသခင်၏အမျက်တော်ကိုခံရမည်မဟုတ်ချေ။ လူများစွာတို့သည် ဤအချိန်အခါအတွက် အထူးသောသမ္မာတရားကိုကြားနာခွင့်မရခဲ့ကြသေးချေ။ အငြင်းပွားစရာပြဿနာများနှင့်ပတ်သက်၍ အလှည့်ဖြားမခံရစေရန် လူသားတိုင်း၏ စိတ်နှလုံးကိုဖတ်လေ့ရှိသောကိုယ်တော်ရှင်သည် သမ္မာတရားကို သိရှိနားလည်လိုသူတစ်ဦးတစ်ယောက်ကိုမျှ ချန်ထားတော်မူလိမ့်မည်မဟုတ်ချေ။ လူအသီးသီးတို့သည် သတိပညာနှင့်ပြည့်စုံစွာ ဆုံးဖြတ်ချက်ချနိုင်ရန် လုံလောက်သောအလင်းတရားများကို ရရှိကြပါလိမ့်မည်။

## သစ္စာရှိမှုအတွက် မဟာစမ်းသပ်ချက်

သစ္စာရှိမှုအတွက် မဟာစမ်းသပ်ချက်ဖြစ်သော သတ္တမနေ့ ဥပုသ်သည် အထူးအငြင်းပွားစရာအမှန်တရားဖြစ်နေပါသည်။ မှားယွင်းသောဥပုသ်ကို စောင့်ရှောက်ခြင်းသည် ဘုရားသခင်ကိုဆန့်ကျင်သောတန်ခိုးအာဏာတစ်ခုကို မဟာမိတ်ပြုရန် ကတိကဝတ်ပြုခြင်းတစ်ခုဖြစ်သကဲ့သို့ စစ်မှန်သောဥပုသ်နေ့ကိုစောင့်ရှောက်ခြင်းသည် ဖန်ဆင်းရှင်အပေါ် သစ္စာရှိကြောင်း အထော်ကအထားတစ်ခုဖြစ်ပါသည်။ အဖွဲ့တစ်ဖွဲ့သည် သားရဲ၏တံဆိပ်ကိုလက်ခံနေစဉ်တွင် ကျန်တစ်ဖွဲ့မှာ ဘုရားသခင်၏တံဆိပ်ကိုလက်ခံနေပါသည်။

အယူဝါဒဆိုင်ရာ သည်းမခံမှုများဖြစ်လာကာ ဘုရားသခင်၏ ပညတ်တော်ကိုစောင့်ရှောက်သူများအား အသင်းတော်နှင့် အစိုးရ စုပေါင်းလျက် နှိပ်ကွပ်လိမ့်မည်ဖြစ်ကြောင်း ကြိုတင်ဟောကိန်းထုတ်ခြင်းများကို အခြေအမြစ်မရှိသော ယုံတမ်းစကားများသာဖြစ်သည်ဟု ကြွေးကြော်ခဲ့ကြသည်။ သို့သော် တနင်္ဂနွေဥပုသ်စောင့်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့်လှုံ့ဆော်လာသောအချိန်တွင် တစ်ချိန်ကသံသယဖြစ်ခဲ့သော ထိုအဖြစ်အပျက်သည် ဖြစ်ပျက်ဖို့နီးကပ်လာပြီဖြစ်ကြောင်း မြင်တွေ့ရရုံသာမက ထိုသတင်းစကားသည် ယခင်ကတစ်ခါမျှမဖြစ်ခဲ့ဖူးသော အကျိုးသက်ရောက်မှုမျိုးကို ဖြစ်ပေါ်စေပါလိမ့်မည်။

ဤလောကနှင့် အသင်းတော်တွင် ကျူးလွန်နေသောအပြစ်များကိုဆုံးမရန် ဘုရားသခင်သည် ကိုယ်တော်၏ ကျွန်များကိုလူသားမျိုးဆက်တိုင်းတွင် စေလွှတ်တော်မူခဲ့သည်။ ကျူးလွန်လျက်

ရှိသောအပြစ်များကို ဆန့်ကျင်တိုက်လှန်မှုတွင် ဘာသာရေးပြုပြင်ပြောင်းလဲရေးသမားများသည် အားသွန်ခွန်စိုက်ကြိုးစားခဲ့ကြသည်။ မိမိတို့၏ စင်ကြယ်သောခရစ်ယာန်အသက်တာပုံစံအားဖြင့် လူတို့ကို သမ္မာကျမ်းစာဆီသို့ ပြန်လည်ခေါ်ဆောင်နိုင်လိမ့်မည်ဟုလည်း သူတို့မျှော်လင့်ခဲ့ကြသည်။ သူတို့ထံသို့ သန့်ရှင်းသောဝိညာဉ်တော်ကျရောက်လာသောအခါ အကျိုးဆက်များကို ဂရုမထားတော့ဘဲသမ္မာကျမ်းစာမှရိုးစင်းသော ယုံကြည်ချက်များကို အထိန်းအချုပ်မဲ့ဟောကြားကြပါတော့သည်။

ထာဝရဘုရားသည် အမှုတော်အတွက် ဆက်ကပ်ထားသည့် နှိမ့်ချသောလူတန်းစားများကိုအသုံးပြုကာ သတင်းစကားများကိုထိုကဲ့သို့ကြွေးကြော်တော်မူလိမ့်မည်။ အမှုဆောင်များအား စာသင်ကျောင်း၌သင်သောစာများအားဖြင့်မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အရည်အသွေးပြည့်ဝစေတော်မူလိမ့်မည်။ လူတို့သည် ဘုရားသခင် မိန့်မြွက်သောနှုတ်ကပတ်တော်များကိုဖွင့်ဆိုလျက် ဖြူစင်သောဖွဲ့လုံ့လဖြင့် ရှေ့သို့ချီကာ ဟောကြားကြပါလိမ့်မည်။ ဗာဗုလုန်၏ အပြစ်များကိုဖော်ပြကြလိမ့်မည်။ ထိုသတင်းစကားများကိုတစ်ခါမျှမကြားဖူးသည့် လူပေါင်းများစွာတို့သည် လှုပ်ရှားလာကြလိမ့်မည်။ ဗာဗုလုန်ဆိုသည်မှာ မိမိ၏အပြစ်ကြောင့်လည်းကောင်း၊ သမ္မတရားကိုငြင်းပယ်ခြင်းကြောင့်လည်းကောင်း ကျဆုံးနေသောအသင်းတော်ဖြစ်သည်။

လူတို့သည် ၎င်းတို့၏ဆရာများထံသွားကာ "ဤအရာတွေဟာ တကယ်ပဲဖြစ်သေလား" ဟုမေးမြန်းကြရာ ၎င်းဆရာများသည် ယုံတမ်းစကားများကိုပြောကာ အသင်းသားများ၏နိုးထနေသော ဩတ္တပ္ပစိတ်ကို ငြိမ်သက်သွားစေကြပါသည်။ သို့ရာတွင်

အများစုက "ထာဝရဘုရားမိန့်တော်မူသည့်အရာများ" ကိုတောင်း ဆိုလာကြသောအခါ ရေပန်းစားနေသော ထိုအသင်းတော်၏လုပ် ဆောင်မှုများသည် သမ္မာတရားကို ကြွေးကြော်သူများအား နှိပ်စက် ညှဉ်းပန်းရန် ဒုစရိုက်ကိုချစ်သူများအား နှိုးဆွပေးကြပါသည်။

အသင်းတော်လူကြီးများသည် အလင်းတရားကိုဟန့်တားရန် သော်လည်းကောင်း၊ အရေးကြီးသည့် ထိုကဲ့သို့သောမေးခွန်းများကို မမေးဖို့ နှိပ်ကွပ်ရန်သော်လည်းကောင်း အစွမ်းကုန်ကြိုးစားကြလိမ့် မည်။

အသင်းတော်သည် အစိုးရထံ၌ အကူအညီတောင်းကာအ ကြမ်းဖက်နှိပ်ကွပ်ခဲ့ရာ ဤလုပ်ဆောင်မှုတွင် ကာသိုလစ်နှင့်ပရိုတက် စတင့်တို့သည် ပူးပေါင်းခဲ့ကြသည်။ တနင်္ဂနွေဥပုသ်ကို စောင့်ရန် ပို၍ ဖိအားပေးလာသည်နှင့်အမျှ ပညတ်တော်ကို စောင့်ရှောက်သူများ အား ဒဏ်ငွေဆောင်စေခြင်း၊ အကျဉ်းချခြင်းများဖြင့် ခြိမ်းခြောက်လာ ပါသည်။

တချို့မှာ ၎င်းတို့၏ ယုံကြည်ခြင်းကို စွန့်လွှတ်ရန် ကြီးမား သောရာထူးများနှင့် ဆုလက်ဆောင်များဖြင့် သွေးဆောင်ခြင်းခံကြ ရသည်။ သို့ရာတွင် "ကျွန်ုပ်တို့၏အမှားကို သမ္မာကျမ်းစာတွင်ထောက် ပြပါ" ဟူသောတုံ့ပြန်ချက်ကိုသာ ၎င်းတို့ပေးခဲ့ကြသည်။ ဤနည်း အားဖြင့် တရားရုံးများတွင် သမ္မာတရားအကြောင်း သိရှိခွင့်ရသွား ကာ လူတချို့တို့သည် ပညတ်တော်ကိုစောင့်ထိန်းရန် ရပ်တည်လာ ကြပါသည်။ ထိုသို့မှမဟုတ်လျှင် လူပေါင်းများစွာတို့သည်သမ္မာတ ရားအကြောင်းကို လုံးဝသိရှိကြမည်မဟုတ်ချေ။

ဘုရားသခင်၏ စကားတော်ကို နားထောင်လိုက်လျှောက် ခြင်းအား ပုန်ကန်ခြားနားမှုတစ်ခုအဖြစ် သတ်မှတ်ကြပါမည်။မိဘ များက ယုံကြည်သူသားသမီးများအပေါ် ရက်စက်ကြလိမ့်မည်။

ထိုသားသမီးများကို အမွေဖြတ်ကာ အိမ်မှမောင်းထုတ်ကြလိမ့်မည်။ "ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှာ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကိုခံရကြလိမ့်မည်" ဟု နှုတ်ကပါတ်တော်တွင် အနာဂတ်ပြုထားသည့်အတိုင်း သမ္မာတရားကို လက်ကိုင်ထားကာတနင်္ဂနွေဥပုသ်ကိုလက်ခံရန် ငြင်းပယ်သူတချို့သည် ထောင်ချခြင်းကိုခံရလိမ့်မည်။

တချို့မှာ နယ်နှင်ဒဏ်ထလိမ့်မည်။ တချို့မှာ ကျွန်များသဖွယ်ဆက်ဆံခြင်းခံရလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့ထံမှ ဆုတ်ခွာသွားသည်နှင့်အမျှ ထူးဆန်းသောအရာများဖြစ်ပျက်လာလိမ့်မည်။ ဘုရားသခင်ကို ကြောက်ချစ်သည့်စိတ်ကိုဖယ်ရှားလိုက်သည်နှင့်အမျှ စိတ်နှလုံးများသည် ရက်စက်ကြမ်းကြုတ်လာလိမ့်မည်။

## မုန်တိုင်းတီးကပ်လာခြင်း

တိုက်လှန်ပွဲ မုန်တိုင်းကြီး ချဉ်းကပ်လာသည်နှင့်အမျှ ကောင်းကင်တမန်သုံးပါး သတင်းစကားကို လက်ခံယုံကြည်သော်လည်း သမ္မာတရားကို နားထောင်လိုက်လျှောက်ခြင်းအားဖြင့် သန့်ရှင်းခြင်းကိုမခံယူရသေးသည့် လူများစွာတို့သည် ယုံကြည်ခြင်းကိုစွန့်ကာ ဆန့်ကျင်ဖက်အဖွဲ့များနှင့် ပူးပေါင်းသွားကြလိမ့်မည်။ တစ်ချိန်က သမ္မာတရားတွင် ပျော်ရွှင်အားရခဲ့သူများသည် လူအပေါင်းတို့ကို လမ်းမှားပြရန် ၎င်းတို့၏ အစွမ်းသတ္တိများကို အသုံးပြုကြလိမ့်မည်။ သူတို့သည် ယခင်ညီအစ်ကိုများ၏ ခါးသီးသောရန်သူများဖြစ်လာကြပါသည်။ ထိုပုဂ္ဂိုလ်များသည် ဥပုသ်အမှန်ကို စောင့်ထိန်းသူများ

အား ပြစ်တင်စွပ်စွဲရန်နှင့် အုပ်ချုပ်သူများကိုဆွပေးရန် စာတန်အ တွက် အထိရောက်ဆုံးသော ကိုယ်စားလှယ်များဖြစ်ကြပါသည်။

ဘုရားသခင်၏ ကျွန်များမှာ သတိပေးစကားများကိုပြောဆိုပြီးဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ၄င်းတို့အားအနိုင် အထက်ပြုထားပြီးဖြစ်သည်။ သူတို့သည် မတည်မြဲသောအကျိုးစီးပွားများအကြောင်းကို မဆွေးနွေးမတိုင်ပင်ရုံသာမက မိမိတို့၏အ သက်အိုးအိမ်ရာထူးရာခံများကို ဆက်လက်ထိန်းသိမ်းရန်ကိုပင်မကြိုးစားကြတော့ချေ။

မရင်ဆိုင်နိုင်မှုန်း သူတို့သိသော်လည်း ဘုရားသခင်ကိုသူတို့သစ္စာမဖေါက်ကြဘဲ မိမိတို့၏ အားကိုးရာမဲ့အခြေအနေကိုသိရှိကာ ခွန်အားရရန် ထာဝရဘုရားထံသို့ ပြေးဝင်ခိုလှုံကြပါသည်။

ခေတ်တစ်ခုတွင် အသက်ရှင်နေထိုင်သည့် ဘုရားသခင့်သားသမီးများအတွက် အထူးလိုအပ်သောသတင်းစကားများသည် ရာဇဝင်တစ်လျှောက်တွင် တစ်ချိန်နှင့်တစ်ချိန်မတူဘဲ ထင်ရှားစွာ ပေါ်ထွန်းလာခဲ့ပါသည်။ အသစ်သောသမ္မာတရားတိုင်းသည် ဆန့်ကျင်မှုများကို ရင်ဆိုင်ရပါသည်။ ခရစ်တော်၏ သံတမန်များမှာမူမိမိ လုပ်ဆောင်ရမည့်တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ရန်သာဖြစ်ပြီး ရလဒ်ကိုမူ ဘုရားသခင်၏ ကဏ္ဍတစ်ခုအဖြစ် မှတ်ယူကြရမည်။

## ဆန့်ကျင်မှုများအထွတ်အထိပ်ရောက်ရှိခြင်း

ဆန့်ကျင်မှုများအထွတ်အထိပ်ရောက်လာချိန်တွင် ဘုရားသခင်၏တပည့်တော်များမှာတစ်ဖန်စိတ်ပျက်ရပြန်သည်။အကြောင်းမှာသူတို့အား ပြဿနာကိုယူဆောင်လာသူများအဖြစ် အထင်ခံနေရပါ

သည်။ သို့ရာတွင် ၎င်းတို့၏ လုပ်ဆောင်မှုသည် မှန်ကန်ကြောင်း ၎င်းတို့၏ ဩတ္တပ္ပစိတ်နှင့် သမ္မာကျမ်းစာတို့က အာမခံနေပါသည်။ အရေးပေါ် အခြေအနေများသည် အရှိန်ကောင်းလာသည်နှင့်အမျှ သူတို့၏ယုံကြည်ခြင်းနှင့်ရဲစွမ်းသတ္တိတို့မှာလည်း မြင့်မားလာပါသည်။ "ခရစ်တော်သည် လောကီအာဏာစက်များကို အောင်နိုင်ပြီးဖြစ်ရာ တို့က လောကကိုကြောက်နေရဦးမှာလား" ဟူ၍ သူတို့သက်သေခံကြပါသည်။

မည်သူမျှ အမှောင်ကမ္ဘာ၏ဘုရင်ကို ဆန့်ကျင်ဖက်မပြုဘဲ ထာဝရဘုရားကို ကိုးကွယ်နိုင်မည်မဟုတ်ချေ။ မကောင်းဆိုးဝါး ကောင်းကင်တမန်များသည် လူတို့ကိုတိုက်ခိုက်ကာ စုံစမ်းနှောင့်ယှက်ခြင်းများဖြင့် သွေးဆောင်လျက် ဘုရားသခင်နှင့်ဝေးစေကြပါသည်။ ထိုသို့လုပ်ဆောင်မှုသည် မအောင်မြင်ပါက ဩတ္တပ္ပစိတ်ကိုဖိအားပေးရန် ခွန်အားသုံးတတ်ပါသည်။

သို့ရာတွင် ကောင်းကင်တဲတော်တွင် လူသားများကိုယ်စား အသနားခံခြင်းအမှုကို ခရစ်တော်ဆောင်ရွက်နေသမျှကာလပတ်လုံး အုပ်ချုပ်သူများနှင့် လူသားအပေါင်းတို့သည် ဝိညာဉ်တော်၏ အနိုင်အထက်သွေးဆောင်မှုကို ခံနေကြရပေမည်။ လောကီခေါင်းဆောင်များစွာတို့သည် စာတန်၏ ထက်မြက်သောကိုယ်စားလှယ်များဖြစ်ကြသော်လည်း နိုင်ငံခေါင်းဆောင်များတွင် ဘုရားသခင်၏ကိုယ်စားလှယ်များလည်းရှိပါသေးသည်။ ထိုလူနည်းစုကလေးက ဒုစရိုက်ရေစီးကြောင်းကြီးကိုတန့်သွားအောင် တားထားကြပါလိမ့်မည်။ ကောင်းကင်တမန်သုံးပါးသတင်းစကားကို ထွန်းလင်းနိုင်ရန် သမ္မာတရားအား ရန်ဘက်ပြုသူများကို ဆန့်ကျင်သူများအား အနိုင်အထက်သွေးဆောင်ကြလိမ့်မည်။ နိုင်ငံ့ခေါင်းဆောင်များသည် ကောင်းကင်တမန်သုံးပါး

သတင်းစကားကို စိတ်ဝင်စားလက်ခံလာကြကာ ဒုက္ခဆင်းရဲခြင်းကာလတွင် ဘုရားသခင်၏ သားသမီးများနှင့်အတူ ရပ်တည်ကြပါလိမ့်မည်။

## နောက်မိုးနှင့်ကျယ်သောကြွေးကြော်သံ

ကောင်းကင်တမန်သုံးပါးနှင့်အတူ ပူးပေါင်းလာသည့်ထို ကောင်းကင်တမန်သည် မိမိဘုန်းရောင်ခြည်ဖြင့် ကမ္ဘာကြီးအားထွန်းလင်းစေပါလိမ့်မည်။

ပထမကောင်းကင်တမန် သတင်းစကားကိုကမ္ဘာအရပ်ရပ်သို့ဖြန့်ချီခဲ့ရာ ပြုပြင်ပြောင်းလဲရေးအချိန်မှစ၍ တချို့နိုင်ငံများသည် ဘာသာရေးနိုးကြားမှုများရှိနေပေပြီ။ သို့ရာတွင်ထိုနိုင်ငံများကို တတိယကောင်းကင်တမန်၏ သတင်းစကားဖြင့်ပို၍အရှိန်ရစေရန် ဖြစ်ပါသည်။

ဤအမှုအရာသည် ပင်တေကုတ္တေပွဲနေ့တွင်ဖြစ်ပျက်ခဲ့သည့် အရာနှင့်ဆင်တူပါသည်။ အမှုတော်အစတွင် အဖိုးထိုက်တန်သော မျိုးစေ့များကို အပင်ပေါက်ရန် အရင်မိုးပေးခဲ့ပြီး အမှုတော်အဆုံးတွင် ရင့်မှည့်သောအသီးများကို ရိတ်သိမ်းနိုင်ရန် နောက်မိုးကိုပေးတော်မူခဲ့ပါသည်။ (ဟောရှေ ၆း၃၊ ယောလ၊ ၂း၂၃)။ ဧဝံဂေလိအမှုတော်လုပ်ငန်းသည် အဖွင့်တွင်ထင်ရှားခဲ့သော ဘုရားသခင်၏တန်ခိုးတော်ထက် လျော့နည်းသော တန်ခိုးတော်ထင်ရှားမှုဖြင့် အဆုံးသတ်ရမည်မဟုတ်ပါ။ ဧဝံဂေလိအမှုတော်အဖွင့်တွင် အရင်မိုးအားဖြင့် ပြည့်စုံစေခဲ့သည့် အနာဂတ္တိစကားသည် အမှုတော်အပိတ်တွင်နောက်မိုးအားဖြင့် တစ်ဖန်ပြည့်စုံခြင်းသို့ ရောက်ပါလိမ့်မည်။

"ထိုကြောင့် ထာဝရဘုရားသခင်ထံတော်မှ ချမ်းအေးသောအချိန်ကာလသည် ရောက်လာ၍ သင်တို့အဖို့အလို့ငှာ ခန့်ထားတော်မူနှင့်သောယေရှုခရစ်ကို စေလွှတ်တော်မူမည်အကြောင်း သင်တို့အပြစ်များကိုပြေစေခြင်းငှာ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့" ဟု ပေတရုက အနာဂတ်ကိုမျှော်မှန်းလျက် အကြံပြုဖွင့်ဆိုထားပါသည်။ တမန်၊ ၃း၁၉-၂၀။

သန့်ရှင်းသောဆက်ကပ်မှု ဘုန်းရောင်ခြည်များဖြင့်ထွန်းလင်းနေသောမျက်နှာများဖြင့် ဘုရားသခင်၏ကျွန်တို့သည် ကောင်းကင်မှလာသောသတင်းစကားကိုကြွေးကြော်ရန် တစ်နေရာမှတစ်နေရာသို့အမြန်သွားကြလိမ့်မည်။ နိမိတ်လက္ခဏာများကို ပြုကြလိမ့်မည်။လူနာများကို ရောဂါပျောက်ကင်းစေကြလိမ့်မည်။ စာတန်ကလည်းကောင်းကင်မှမီးကျလာသည့်နိမိတ်လက္ခဏာအတုများကို ပြသလိမ့်မည်။ (ဗျာ၊ ၁၃း၁၃)။ ကမ္ဘာသူကမ္ဘာသားများသည် ထိုအချိန်တွင်မည်သည့်ဘက်တွင်ရပ်တည်မည်ကို ဆုံးဖြတ်ရပေတော့မည်။

ဆွေးနွေးငြင်းခုံခြင်းသည်ဝိညာဉ်တော်၏ နက်နဲသောသွန်သင်မှုလောက် သတင်းစကားကို ကျယ်ပြန့်စွာမဖြန့်ချိနိုင်ချေ။ဆွေးနွေးဖြေရှင်းမှုများနှင့် စာအုပ်စာပေများကို တင်ပြပြီးဖြစ်သော်လည်း တချို့မှာသမ္မာတရားကိုလက်ခံရန် ငြင်းဆိုနေဆဲဖြစ်ပါသည်။ ယခုတွင်မူသမ္မာတရာကို အရှိအတိုင်း ထင်ရှားစွာမြင်တွေ့ကြရပြီး မိသားစုသံယောဇဉ်နှင့် အသင်းတော်၏ ပေါင်းသင်းဆက်ဆံရေးများက ဘုရားသခင်၏ ရိုးစင်းသောသားသမီးများကို ယခုတွင် မဟန့်တားနိုင်တော့ချေ။ သမ္မာတရားကို အင်နှင့်အားနှင့်ဆန့်ကျင်နေသည့်ကြားမှများပြားစွာသောလူတို့သည် ဘုရားသခင်ဘက်တွင်ရပ်တည်နေကြပါသည်။

-----o-----

## အခန်း (၃၉)
## ဒုက္ခဆင်းရဲခြင်းကာလ

"ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏ အမှုကို စောင့်သော အရှင်ကြီးမိက္ခေလသည် ပေါ်လာလိမ့်မည်။ လူမျိုးတစ်စုံတစ်မျိုးမျှ ဖြစ်သည်ကာလမှစ၍ ထိုကာလတိုင်အောင် မဖြစ်စဖူးသော ဆင်းရဲ ဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။ ထိုကာလအခါ စာစောင်၌ စာရင်းဝင်သမျှသော သင်၏ အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်း သို့ရောက်ကြလိမ့်မည်။" ဒံ၊ ၁၂း၁။

ကောင်းကင်တမန်သုံးပါးသတင်းစကားကို ဟောကြားပြီး သောအချိန်တွင် ဘုရားသခင်၏ လူတို့ လုပ်ဆောင်ရမည့်တာဝန်များ ပြီးစီးလေပြီ။ ၎င်းတို့သည် "နောက်မိုး" ကိုလည်း ရရှိထားပြီးဖြစ် ရာ ရင်ဆိုင်ရမည့် ဒုက္ခကာလအတွက် အဆင်သင့်ဖြစ်နေကြချေပြီ။ လူသားများကို နောက်ဆုံးသော စမ်းသပ်မှုပြုလုပ်ပြီးဖြစ်သဖြင့် ဘု ရားသခင်၌ သစ္စာစောင့်သိသူအပေါင်းတို့သည် ထာဝရဘုရား၏တံ ဆိပ်တော်ကို ရရှိထားကြပါပြီ။

ထိုနောက် ခရစ်တော်သည် အထက်ဗိမာန်တော်တွင် ဆောင်ရွက်နေသော ကြားဖျန်ဖြေရေးအမှုတော်ကို အဆုံးသတ် လိုက်ကာ "အမှုပြီးပြီ" "မတရားသောသူသည်မတရားသဖြင့် ပြုစေ ဦး၊ ညစ်ညူးသောသူသည် ညစ်ညူးစေဦး၊ ဖြောင့်မတ်သော သူသည် ဖြောင့်မတ်စေဦး၊ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး" ဟု ကျယ်သောအသံဖြင့် ဟစ်ကြွေးတော်မူ၏။ ဗျာဒိတ် ၂၂း၁၁။ ခရစ်တော်သည် မိမိလူတို့အတွက် အပြစ်ဖြေခြင်းအမှုကိုပြုကာ ၎င်းတို့၏ အပြစ်များကို ဆေးကြောခဲ့ပြီးဖြစ်သည်။

ထိုကြောင့် "ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ အာဏာစက် ဘုန်းတန်ခိုးရှိသမျှကို" ကယ်တင်ခြင်းအမွေခံစားကြမည့်သူအပေါင်း တို့အား ပေးတော်မူကာ ခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင် သခင်တကာတို့၏သခင်တစ်ပါးကဲ့သို့ စိုးစံအုပ်ချုပ်တော်မူလိမ့်မည်။

ကောင်းကင်ဗိမာန်တော်မှ ကိုယ်တော်ရှင်ထွက်ခွာလာသော အချိန်တွင် ကမ္ဘာသူကမ္ဘာသားများအပေါ်တွင် မှောင်မိုက်ဖုံးလွှမ်း နေပါသည်။ ဖြောင့်မတ်သူများသည် ကြားဖျန်ဖြေသူမဲ့ဘဝဖြင့် ဘုရား သခင်၏ ရှေ့တော်တွင် အသက်ရှင်နေထိုင်ကြရမည်။ ဆိုးညစ် သူများ အပေါ်ထိန်းချုပ်မှုမရှိတော့သည့်အပြင် နားကောက်သူများအား လည်း လုံးလုံးလျားလျား စာတန်ထိန်းချုပ်ထားပြီးဖြစ်နေပါသည်။သန့် ရှင်းသောဝိညာဉ်တော်ကိုလည်း ပြန်လည်ရုပ်သိမ်းတော်မူလိုက် ရာစာတန်သည် လူသားအပေါင်းတို့အား ဒုက္ခကာလထဲသို့ ပို့ဆောင် ပါလိမ့်မည်။

ဘုရား၏ ကောင်းကင်တမန်များကလည်း လူသားများ၏ ကြောက်စရာ အလိုရမ္မက်များကို ဟန့်တားခြင်းမပြုတော့ပြီဖြစ်ရာ တစ်ကမ္ဘာလုံးသည် ရှေးခေတ်ယေရုရှလင်မြို့၌ ဖြစ်ပျက်ခဲ့သည်ထက် ပို၍ဆိုးသောအခြေအနေနှင့် ရင်ဆိုင်ကြရလိမ့်မည်။ နေရာတကာတွင် အနိဋ္ဌာရုံမြင်ကွင်းများကိုဖန်တီးရန် ဘုရား၏ ခွင့်ပြုမိန့်တစ်ခုကိုသာ စောင့်နေသည့် အင်အားစုများသည်လည်း ယခုတွင် အဆင်သင့် ရှိနေကြချေပြီ။

ဘုရားသခင်၏ ပညတ်တော်ကို စောင့်သောသူများအား တစ်ကမ္ဘာလုံးတွင် ဖြစ်ပျက်နေသည့် သွေးထွက်သံယို၊ အတိုက် အခိုက်အနိဋ္ဌာရုံမြင်ကွင်းများကို ဖန်တီးသူများအဖြစ် မှတ်ယူကြ

လိမ့်မည်။ နောက်ဆုံးသတိပေးချက်များတွင် ပါရှိနေသည့်တန်ခိုး ကြောင့် လူယုတ်မာများသည် ဒေါသအမျက်ထောင်းထောင်းထွက် နေကြသည်။

ဤသည်ကို အခွင့်ကောင်းယူကာ စာတန်သည်ကောင်း ကင်တမန်သုံးပါးသတင်းကားရရှိထားသူများအား အမုန်းထားနှိပ် စက်ညှဉ်းပန်းလိုစိတ်များပေါ်လာရန် ၎င်းတို့အား နိုးဆွပေးပါလိမ့် မည်။

ဘုရားသခင်သည် ယုဒလူမျိုးတို့နှင့်အတူရှိနေခြင်းကို ပြန် လည်ရုပ်သိမ်းတော်မူခဲ့စဉ်အချိန်က ယဇ်ပုရောဟိတ်နှင့် ယုဒအ မျိုးသားအပေါင်းတို့သည် မိမိကိုယ်ကို ဘုရားရွေးချယ်ထားသည့်လူ မျိုးအဖြစ် ဆက်လက်မှတ်ယူခဲ့ကြသည်။ သားတော်ဘုရား၏အသွေး တော်ကိုစော်ကားသည့် လူသားများအပေါ်သို့ ကောင်းချီးချပေး ရန်နေ့စဉ်နှင့်အမျှ ဆုတောင်းခဲ့ကြသည်။ ဗိမာန်တော်၏ပြုပြင် ပြောင်းလဲ၍မရသည့် ဆုံးဖြတ်ချက်ကိုချကာ ကမ္ဘာ့ကံကြမ္မာကိုထာ ဝရကာလတည်မည့် သတ်မှတ်ချက်ချပြီးသည့်အချိန်မှာလည်း ထိုနည်း နှင်နှင့် ကမ္ဘာသားများသည် ထိုအခြင်းအရာကိုသိကြလိမ့်မည်မ ဟုတ်ချေ။

ဘာသာရေးဆိုင်ရာပုံဖော်မှုများကို ဝိညာဉ်တော်ဘုရား အတူမရှိတော့သည့် ပုဂ္ဂိုလ်များက ဆက်လက်လုပ်ဆောင်သွားကြ လိမ့်မည်။ မကောင်းသည့်အကြံအစည်ကို အကောင်အထည်ဖော် ရာတွင် ထင်ရှားသည့် စိတ်အားထက်သန်မှုသည် ဘုရားသခင်အ တွက် စိတ်အားထက်သန်စွာ လုပ်ဆောင်နေသလို ပုံဖော်နေပါလို့မ် မည်။

## ယာကုပ်၏ဒုက္ခကာလ

ခရစ်ယာန်လောကတွင် ဥပုသ်နေ့သည် အငြင်းပွားမှု၏ ပဓာနကိစ္စဖြစ်လာသောအချိန်တွင် ထိုအသင်းတော်နှင့် နိုင်ငံတော်ကို ဆန့်ကျင်သူလူနည်းစုကလေးကို သည်းခံခွင့်လွှတ်ခြင်းမပြုသင့်ကြောင်း တစ်နိုင်ငံလုံးဒုက္ခရောက်တာနှင့်စာလျှင် လူတစ်ဦးတစ်ယောက် ဒုက္ခရောက်သည်ကပို၍ကောင်းကြောင်း ပြောလာကြပါသည်။ ထိုသို့သောပြောဆိုမှုကို ခရစ်တော်သည်းခံခဲ့ရကြောင်း ယောဟန် ၁၁း၅၀၊ တွင် တွေ့ရပါသည်။

"ယုဒလူမျိုး အကုန်အစင်ပျက်စီးသည်ထက်လူတစ်ယောက်သည် လူများတို့အတွက်သေသော်သာ၍ကောင်းသည်။" ထိုပြောဆိုချက်သည် ပြည့်စုံခိုင်လုံလှပါသည်။ သတ္တမနေ့ဥပုသ်စောင့်သူများကို လူသိရှင်ကြားအပြစ်တင်လျက် ၄င်းတို့အားသတ်လိုက လွတ်လွတ်လပ်လပ်သတ်နိုင်ရန် အခွင့်အရေးပေးမည့်အမိန့်တစ်ခုကို အဆုံးတွင် ထုတ်ပြန်ကြလိမ့်မည်။ ရှေးခေတ်ကမ္ဘာတွင် ရောမအသင်းတော်ဝါဒနှင့် ခေတ်သစ်ပရိုတက်စတင့်ဝါဒတို့သည်ထိုလမ်းစဉ်ကို လိုက်ကြလိမ့်မည်။ ဘုရားသခင်၏ သားသမီးများသည် ထိုအချိန်တွင် ယေရမိ ၃၀း၅-၇ တွင် ဖေါ်ပြထားသည့် ယာကုပ်၏ ဒုက္ခကာလကဲ့သို့သော အနိဋ္ဌာရုံမြင်ကွင်းများထဲသို့ တွန်းပို့ခြင်းခံရကြလိမ့်မည်။

ဧသော၏ရန်မှလွတ်မြောက်ရန် ဆုတောင်းခြင်းဖြင့် တစ်ညလုံးယာကုပ်ရုန်းကန်ခဲ့ရခြင်းသည် ဒုက္ခဆင်းရဲခြင်းကာလတွင် ဘုရား၏သားသမီးများရင်ဆိုင်ရမည့်အတွေ့အကြုံများကို ပုံဆောင်ပါသည်။ ဧသောအတွက်ရာထားသည့် ကောင်းချီးမင်္ဂလာကို ရယူနိုင်ရန်

လိမ်ညာလှည့်ဖြားမှုကို အသုံးပြုခဲ့သောကြောင့် အစ်ကို၏အန္တရာယ်မှ ကင်းဝေးရာသို့ ယာကုပ်ထွက်ပြေးခဲ့ရပါသည်။ တစ်ကျွန်းတစ်နိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်ပြီးနောက် ဇာတိရပ်မြေသို့ပြန်ရန်ခရီးနှင်ခဲ့ပါသည်။

နယ်စပ်သို့အရောက်တွင် ဧသောချဉ်းကပ်လာကြောင်းသတင်းရရှိရာ မိမိအား လက်စားချေမည်ကိုစိုးသဖြင့် သူကြောက်လန့်နေပါသည်။ ထိုအချိန်တွင် သူ့အတွက်တစ်ခုတည်းသောမြော်လင့်ချက်မှာ ဘုရားသခင်၏ ကရုဏာတော်၌သာရှိသလို တစ်ခုတည်းသောအကာအကွယ်မှာလည်း ဆုတောင်းခြင်းဖြစ်နေပါသည်။

သူသည် အလွန်နှိမ့်ချသောစိတ်ဖြင့် မိမိ၏အပြစ်များကို ဘုရားသခင်ထံတော်တွင် ဝန်ချတောင်းပန်ခဲ့သည်။ ကြီးမားသောပြဿနာတစ်ခုကို သူရင်ဆိုင်နေရပြီဖြစ်ရာ အမှောင်ထုလွှမ်းမိုးလာသည့်အချိန်အထိပင် သူဆက်၍ဆုတောင်းနေပါသည်။ ထိုစဉ်တွင် သူ့ပခုံးပေါ်သို့ လက်တစ်ချောင်းတင်လိုက်သလို သူခံစားလိုက်ရသည်။ မိမိ၏အသက်ကို တစ်ယောက်ယောက်ကလုပ်ကြံရန် ကြိုးစားနေပြီဟု သူထင်ကာ အားကုန်ထုတ်လျက် သူတိုက်ခိုက်ပါတော့သည်။

သို့ဖြင့် အရုဏ်တက်စပြုလာသောအချိန်တွင် ယာကုပ်နှင့်တိုက်ခိုက်နေသောပုဂ္ဂိုလ်က အင်အားများကို အကုန်အသုံးချပြီး တိုက်ခိုက်လာသဖြင့် ယာကုပ်သည် တစ်ခြမ်းသေသွားသကဲ့သို့ ဖြစ်သွားကာ အကူအညီမဲ့ပုဂ္ဂိုလ်တစ်ဦးပမာ ငိုကြွေးလျက် မိမိနှင့်တိုက်ခိုက်နေသူ၏ လည်ပင်းတွင် မှီတွယ်လိုက်ပါသည်။ မိမိနှင့်ဆိုင်ပြိုင်တိုက်ခိုက်နေသူမှာ ပဋိညာဉ်ဆိုင်ရာ ကောင်းကင်ဗိုလ်မင်းဖြစ်ကြောင်း ထိုအချိန်ကျမှ သူသိရှိခဲ့ပါသည်။ သူသည် ကျိုးလွန်

ခဲ့မိသမျှအပြစ်များအတွက် နောင်တသံဝေဂများရကာ အပြစ်လွှတ်ခြင်းအတွက် အာမခံချက်ကို ယခုတွင်ရယူရပေတော့မည်။ထို့ကြောင့် "ထိုသူက ငါ့ကိုလွှတ်ပါ။ မိုးလင်းဆဲရှိပြီ" ဟု ဆိုသော်လည်းယာကုပ်က "ကိုယ်တော်သည် အကျွန်ုပ်ကို ကောင်းချီးမပေးလျှင်မသွားရ" ဟုဆိုလေ၏။

ယာကုပ်သည် မိမိ၏ မထိုက်တန်မှုများအတွက်ဝန်ချတောင်းပန်နေသော်ငြားလည်း ပဋိညာဉ်ကို ထိန်းသိမ်းစောင့်ရှောက်သည့် ထာဝရဘုရား၏ ကရုဏာတော်ကိုမူ ယုံကြည်ကိုးစားခဲ့ပါသည်။ ဤအပြစ်သားသေမျိုးကြီးသည် နောင်တရခြင်း၊ ကိုယ်ကိုဆက်ကပ်ခြင်းများအားဖြင့် ကောင်းကင်ဗိုလ်ခြေအရှင်ထံမှ အပြစ်လွှတ်ခြင်းအခွင့်ကို ရယူနိုင်ခဲ့ပါသည်။

စာတန်သည် ယာကုပ်အား အပြစ်များဖော်ပြကာ ဘုရားသခင့်ရှေ့မှောက်တွင် စွပ်စွဲခဲ့ပါသည်။ ယာကုပ်အား သွားရောက်တိုက်ခိုက်ရန် ဧသောကိုလည်း သူစေ့ဆော်ခဲ့ပါသည်။ ကောင်းကင်ဗိုလ်မင်းနှင့် တစ်ညလုံးနပမ်းလုံးနေစဉ်တွင်လည်း ထာဝရဘုရားအပေါ် မှီခိုခြင်းမပြုစေရန်အတွက် ယာကုပ်စိတ်ဓါတ်ကျအောင်သူစွမ်းဆောင်ခဲ့ပါသည်။ ထို့ကြောင့် ယာကုပ်သည် စိတ်ပျက်သွားကာဘုရားသခင်အား ကျောခိုင်းလုနီးနီးဖြစ်ခဲ့သော်လည်း သူသည်ကျူးလွန်ခဲ့သည့်အပြစ်များအတွက် အမှန်တကယ်နောင်တရကာမိမိ၏အပြစ်များကို ခွင့်လွှတ်သည်အထိ ကောင်းကင်ဗိုလ်မင်းအပေါ်တွင်မှီခိုဖက်တွယ်ခဲ့ပါသည်။

စာတန်သည် ယာကုပ်အား မဟုတ်တမ်းတရမ်းစွပ်စွဲခဲ့သကဲ့သို့ ဘုရားသခင်၏ သားသမီးများကိုလည်း သူစွပ်စွဲပါလိမ့်မည်။ လူသားများအား အပြစ်ကျူးလွန်စေရန် မိမိစုံစမ်းခဲ့သည့်အပြစ်များ၏

ဇာစ်မြစ်ကို စာတန်ကောင်းစွာသိထားရာ ဘုရားသခင်သည် မိမိနှင့် တကွ မိမိ၏နောက်လိုက်ကောင်းကင်တမန်များကို ပလပ်မပေးဘဲ ဇကန်အမှန်ဖျက်ဆီးပစ်လိမ့်မည်ဖြစ်သော်လည်း ထိုလူသားများကို တော့ အပြစ်လွှတ်ခြင်းအခွင့်ပေးမှာမဟုတ်ဟု သူကြွေးကြော်နေပါ သည်။ ထိုလူသားများကို ဖျက်ဆီးပစ်ရန် မိမိ၏ လက်ထဲအပ်လိုက် ပါဟုလည်း သူတောင်းဆိုနေပါသည်။

ဘုရား၏ သားသမီးများအား အစွမ်းကုန်စုံစမ်းရန် စာတန်ကို ထာဝရဘုရားခွင့်ပြုထားတော်မူပါသည်။ ထို့ကြောင့် ထိုသူများ၏ ယုံကြည်ခြင်းနှင့် ဘုရားအပေါ်ကိုစားမှုများကို စာတန်အကြီးအကျယ် စမ်းသပ်ပါလိမ့်မည်။

ထိုသူတို့သည် မိမိတို့၏ အတိတ်အကြောင်းကိုပြန်လည် သုံးသပ်လိုက်ကြရာ ကောင်းတာတစ်ခုကိုမျှ မိမိတို့၏အသက်တာ တွင် မတွေ့ကြရသဖြင့် အားငယ်နေကြပါသည်။ ၎င်းတို့၏အခြေအ နေမှာ မြော်လင့်ချက်မရှိသယောင် ခြိမ်းခြောက်ရန်စာတန်ကြိုးစား နေပါသည်။ ၎င်းတို့သည် စုံစမ်းခြင်းထဲသို့လိုက်ပါသွားကာဘုရားသ ခင်ကိုကျော်ခိုင်းသည်အထိ လုပ်ဆောင်နိုင်ရန် ၎င်းတို့၏ယုံကြည်ခြင်း ကိုဖျက်ဆီးပစ်ဖို့ သူမြော်လင့်ထားပါသည်။

## ဘုရားသခင်အရှက်ကွဲမည်ကိုစိုးရိမ်ပူပန်ခြင်း

ဘုရားသခင်၏သားသမီးများသည် နှိပ်စက်ညှဉ်းပန်းခြင်း၏ ကြောက်လန့်စရာများကြောင့် စိုးရိမ်နေခြင်းမဟုတ်ဘဲ "လောကီ နိုင်ငံအရပ်ရပ်တို့ကို နှံ့ပြားလတ္တံ့သောစုံစမ်းရာကာလတွင် သင့်ကို ငါစောင့်ရှောက်မည်" ဟူသော ကတိတော်၏ ပြည့်စုံခြင်းများကို မိမိတို့၏ အားနည်းမှုများကြောင့် အသိအမှတ်ပြုရန် ပျက်ကွက်မည်

ကိုသာ စိုးရိမ်နေကြခြင်းဖြစ်သည်။ မိမိတို့၏ စာရိတ္တပျက်ပြားမှုများကြောင့် မထိုက်တန်သူများဖြစ်ကြောင်း သူတို့ဖော်ပြမိခဲ့ကြမည်ဆိုလျှင် ဘုရားသခင်၏ သန့်ရှင်းသောနာမတော်သည် အရှက်ရပေလိမ့်မည်။

ထိုသူတို့သည် မိမိတို့အတိတ်အချိန်က ကျူးလွန်မိခဲ့သောအပြစ်များအတွက် နောင်တရကာ "ငါ၏အစွမ်းသတ္တိကို ကိုးစား၍ငါနှင့်မိတ်သဟာယဖွဲ့ကြစေ" ဟူသော ကတိတော်ကို ကိုင်စွဲကာအကူညီအညီတောင်းခံနေကြပါသည်။ သူတို့သည် ပူပန်သောကများကိုခံစားရသော်ငြားလည်း ထာဝရဘုရားနှင့် အဆက်အသွယ်မဖြတ်ဘဲ "ကျွန်ုပ်ကိုကောင်းချီးမပေးလျှင် ကိုယ်တော်ကို ကျွန်ုပ်မလွှတ်" ဟုယာကုပ် ပြောသလိုပြောကာထာဝရဘုရားကိုဖက်ယမ်းထားကြပါသည်။

## ဆေးကြောခြင်းခံရသောအပြစ်များ

စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခရောက်နေသည့် ဒုက္ခဆင်းရဲခြင်းကာလတွင် အပြစ်ဝန်ချတောင်းပန်ခြင်းမပြုရသေးသည့် အပြစ်များရှိနေသေးလျှင် ဘုရား၏သားသမီးများသည် ဒုက္ခရောက်ကြတော့မည်ဖြစ်သည်။

စိတ်ပျက်အားငယ်နေမှုကြောင့် သူတို့သည် ယုံကြည်ခြင်းအားနည်းနေကာ လွတ်မြောက်ဖို့ကူညီရန် ထာဝရဘုရားအထံတော်တွင်မတောင်းခဲ့ကြတော့ချေ။ သို့ရာတွင် သူတို့၌ဖော်ပြရန် ဖုံးကွယ်ထားသည့်အမှားအယွင်းများမရှိကြချေ။ အပြစ်သားများကို တရားစီရင်ခြင်းမတိုင်မီ တင်ကြို၍ဖော်ပြတောင်းပန်ခဲ့သဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကိုရရှိခဲ့ပြီးဖြစ်ရာ ထိုအပြစ်များကိုပင် သူတို့သတိမရကြတော့ချေ။

ထာဝရဘုရားသည် အပြစ်ဒုစရိုက်ကို မည်သည့်နည်းနှင့်မျှ သည်းခံတော်မူမည်မဟုတ်ကြောင်းကို ယာကုပ်နှင့်ဆက်ဆံရာတွင် ဖော်ပြထားတော်မူပါသည်။ ကျူးလွန်ခဲ့သည့်အပြစ်များကို ဆင်ခြေဆင်လက်များဖြင့် ဖုံးဖိထားသူများနှင့် ဝန်ချတောင်းပန်ခြင်း မပြုသူအပေါင်းတို့သည် စာတန်၏ တိုက်ခိုက်မှုအောက်တွင် အရှုံးနှင့်ရင်ဆိုင်ကြရလိမ့်မည်။

ပို၍မြင့်မြတ်သော ရာထူးအဆင့်များကို ကိုင်ဆွဲထားလေလေ စာတန်က ၎င်းတို့အပေါ်အောင်ပွဲဆင်ဖို့ ပို၍သေချာလေလေဖြစ်ပါသည်။

ထာဝရဘုရားသည် နောင်တရ၍ မိမိထံသို့ပြန်လာသည့် အပြစ်သားများကို မည်သည့်အခါမျှ နှင်ထုတ်တော်မူမည်မဟုတ်ကြောင်းကို ယာကုပ်၏ အဖြစ်အပျက်က အာမခံချက်ပေးနေပါသည်။ ဒုက္ခဆင်းရဲခြင်းကာလတွင် ထိုကဲ့သို့သောပုဂ္ဂိုလ်များကို နှစ်သိမ့်မှုပေးရန်အတွက်ပင် ကောင်းကင်တမန်များကို ကိုယ်တော်စေလွှတ်တော်မူလိမ့်မည်။ ဘုရားသခင်၏မျက်ဝန်းတော်သည် သားသမီးများအပေါ်တွင် အစဉ်ကြည့်ရှုလျက်ရှိနေရာ မီးလျှံများသည် ထိုသူများအားလောင်ကျွမ်းတော့မယောင်ဖြစ်နေသော်လည်း ချေးချွတ်ပြီးသောရွှေများပမာ ၎င်းတို့အား မီးလျှံများထဲမှ ထာဝရဘုရားယူဆောင်သွားတော်မူလိမ့်မည်။

## ခိုင်မြဲသောယုံကြည်ခြင်း

ကျွန်ုပ်တို့သည် ရင်ဆိုင်ရတော့မည့် ဒုက္ခဆင်းရဲခြင်းကာလတွင် မောပန်းနွမ်းလျမှု၊ ကြန့်ကြာမှုနှင့် ဆာလောင်မှုများကို ကြံ့ကြံ့ခံ

ကျော်လွှားနိုင်မည့် ယုံကြည်ခြင်းမျိုးရှိဖို့လိုအပ်သည်။ ပြင်းထန်သော စုံစမ်းနှောင့်ယှက်မှုများကြောင့် ပျော့ခွေမသွားသည့် ယုံကြည်ခြင်းမျိုးရှိဖို့လိုအပ်ပါသည်။ မရမချင်းပြုလုပ်သည့် ဆုတောင်းခြင်း၏ တန်ခိုးနှင့်ပတ်သက်သည့်သာဓကတစ်ခုကိုလည်း ယာကုပ်၏အောင်ပွဲတွင် တွေ့နေရပါသည်။ ယာကုပ်ကဲ့သို့ ဘုရား၏ ကတိတော်အပေါ် ခိုင်ခိုင်မာမာယုံကြည်သူအားလုံးသည် ယာကုပ်ကဲ့သို့အောင်ပွဲဆင်ရပါလိမ့်မည်။

ဘုရားသခင်နှင့်နပမ်းလုံးခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို သိရှိသူနည်းပါးလှပါသည်။ စိတ်ပျက်ခြင်း၊ လှိုင်းတံပိုးများ ရိုက်ခတ်လာသောအချိန်တွင် လူနည်းစုလောက်ကသာဘုရား၏ကတိတော်အပေါ် ယုံကြည်ခြင်း ခိုင်မာတတ်ကြပါသည်။

ယခုအချိန်တွင် ယုံကြည်ခြင်းခွန်အားနည်းပါးနေသူများသည် စာတန်၏လှည့်ဖြားခြင်းတန်ခိုးအောက်တွင် ကျဆုံးဖို့ အန္တရာယ်ရှိနေပါသည်။ စမ်းသပ်မှုများကို သူတို့ခံနိုင်သည်ဆိုစေဦးတော့ဒုက္ခဆင်းရဲခြင်းကာလသို့ရောက်သောအခါ သူတို့သည် အလွန်စိတ်ပျက်ကြလိမ့်မည်။ အကြောင်းမှာ ၎င်းတို့၌ ဘုရားသခင်ကို ယုံကြည်ကိုးစားသည့်အလေ့အကျင့်မရှိကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယခုအချိန်၌ပင် ကိုယ်တော်၏ ကတိတော်များကို သက်သေပြသင့်ကြပါသည်။

များသောအားဖြင့် ဒုက္ခဆင်းရဲခြင်းများသည် တကယ့်ဖြစ်နေသောအခြေအနေထက် ထင်ထားသည့်အခြေအနေက ပို၍ကြီးမားပြင်းထန်နေတတ်သည်။ (ထင်သလောက်မကြီးမားသည်ကများသည်)။ သို့ရာတွင် ကျွန်ုပ်တို့ရင်ဆိုင်ရမည့် ဒုက္ခဆင်းရဲခြင်းမှာမူ ထိုသို့မဟုတ်ပါချေ။ တကယ်ရင်ဆိုင်ရမည့် ဒုက္ခဆင်းရဲခြင်းသည် ဖော်ပြခြင်းငှာ

မစွမ်းလောက်အောင်ပင် ကြီးမားလှပါသည်။ ထိုကာလတွင်လူအသီးသီးတို့သည် မိမိအတွက် မိမိကိုယ်တိုင် ဘုရားသခင့်ရှေ့တော်တွင်ရပ်ထရင်ဆိုင်ကြရပါမည်။

ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းကြီးသည် ကျွန်ုပ်တို့အတွက် အပြစ်ဖြေခြင်းအမှုကို ဆောင်ရွက်လျက်ရှိနေရာ ကျွန်ုပ်တို့သည် ခရစ်တော်၌ စုံလင်ခြင်းရှိလာရန် ယခုပင် ကြိုးစားသင့်ကြပါသည်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်ခရစ်တော်သည် စုံစမ်းခြင်းထဲသို့စိတ်ဖြင့်ပင် လိုက်ပါဖူးခြင်းမရှိခဲ့ချေ။ စာတန်သည် လူသားများ၏ နှလုံးသားတွင် ခြေကုပ်ယူလို့ရနိုင်သည့်အရာများကို တွေ့ထားပါသည်။ အထူးသဖြင့် အပြစ်နှင့်မကင်းသည့် အလိုဆန္ဒများရှိနေခြင်းသည် စုံစမ်းခြင်းတန်ခိုးများကို အသုံးပြုနိုင်ရန် စာတန်အား အခွင့်သာစေပါသည်။သို့ရာတွင် ခရစ်တော်က “ဤလောကကိုအစိုးရသောမင်းသည်လာဆဲဖြစ်၏။ လာသော်လည်း ငါ၌ အဘယ်အခွင့်အရာကိုမျှမတွေ့” ဟုမိန့်တော်မူထားပါသည်။ (ယော၊ ၁၄း၃၀)။

ကိုယ်တော့်အပေါ် အောင်ပွဲဆင်ရန် စုံစမ်းနှောင့်ယှက်နိုင်မည့် အကွက်တစ်ကွက်ကိုမျှ ရှာလို့ စာတန်မတွေ့ခဲ့ချေ။ ၎င်းအခွင့်အရေးယူနိုင်မည့် အပြစ်တစ်ခုမျှ ကိုယ်တော်၌ရှာမတွေ့ခဲ့ချေ။ ဒုက္ခဆင်းရဲခြင်းကာလတွင် ကြံ့ကြံ့ခံရပ်တည်နိုင်မည့်သူများ၏ အခြေအနေမှာ ထိုအခြေအနေမျိုးဖြစ်သည်။

ကျွန်ုပ်တို့သည် ဤဘဝမှာကတည်းက ခရစ်တော်၏အပြစ်ဖြေရာအသွေးတော်ကို ယုံကြည်ခြင်းအားဖြင့် အပြစ်နှင့်ကင်းကင်းရှင်းရှင်းနေကြရမည်။ ကျွန်ုပ်တို့၏အားနည်းချက်များကို ကိုယ်တော်၏အားသာချက်နှင့်လည်းကောင်း၊ ကျွန်ုပ်တို့၏မထိုက်တန်မှုများကို ကိုယ်တော်၏ ကောင်းမှုကုသိုလ်နှင့်လည်းကောင်း ပေါင်းစပ်နိုင်ဖို့

ကိုယ်တော်ထံသို့ လာရောက်ဆက်သွယ်ကြရန် ကျွန်ုပ်တို့အားကယ်တင်ရှင်က ဖိတ်ခေါ်နေပါသည်။ ဘုရားသခင်၏စံနှင့်ကိုက်ညီသည့် အသက်တာပုံစံများအဖြစ် ပြောင်းလဲရေးလုပ်ငန်းများတွင် ကိုယ်တော်နှင့်ပူးပေါင်းဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်သာဖြစ်ပါသည်။

စာတန်၏ လှည့်ဖြားခြင်းနှင့်ဖျက်ဆီးခြင်းလုပ်ရပ်များသည် ဒုက္ခဆင်းရဲခြင်းကာလတွင် အထွတ်အထိပ်သို့ရောက်နေလိမ့်မည်။ ထူးဆန်းသောနိမိတ်လက္ခဏာပြနိုင်သည့် တန်ခိုးရှင်၏အထိမ်းအမှတ်တစ်ခုအဖြစ် သဘာဝလွန်ထူးခြားချက်များနှင့်ပြည့်စုံသည့်ကြောက်ရွံ့ဖွယ်မြင်ကွင်းများကို ကောင်းကင်ယံတွင် သူပြလိမ့်မည်။ ကောင်းကင်အစိုးရနှင့် ဆိုင်ပြိုင်တိုက်ခိုက်နေသည့် ထိုနောက်ဆုံးသောတိုက်လှန်ပွဲတွင် စာတန်နှင့်ပူးပေါင်းကြဖို့ လူအများအားစည်းရုံးရန် နတ်ဆိုးဝိညာဉ်များသည် အစိုးရမင်းများထံသို့လည်းကောင်း၊ ပြည်သူများထံသို့လည်းကောင်း ထွက်သွားကြလိမ့်မည်။

မိမိကိုယ်ကို ခရစ်တော်ဖြစ်သည်ဟု ကြွေးကြော်သူများလည်း ပေါ်ထွန်းလာလိမ့်မည်။ ထိုသူများသည် သမ္မာကျမ်းစာနှင့်ဆန့်ကျင်ကာ လုပ်ဆောင်နေကြလင့်ကစား မိမိတို့၌ ကောင်းကင်မှဗျာဒိတ်တော်ရှိသည် ဆိုလျက်အံ့ဩဖွယ်ကုသမှုများကို လုပ်ဆောင်လိမ့်မည်။

လှည့်ဖြားခြင်းအားလုံး၏ အထွတ်အထိပ်အဖြစ်စာတန်သည် မိမိကိုယ်ကို ခရစ်တော်ယောင်ဆောင်လိမ့်မည်။ အသင်းတော်သည် ခရစ်တော်၏ကြွလာခြင်းကို အချိန်ကြာမြင့်စွာကတည်းက မြော်လင့်နေခဲ့ရာ ယခုတွင် စာတန်သည် ခရစ်တော်ကြွလာသည့် ပုံမျိုးပြုလုပ်လိမ့်မည်။ ဗျာဒိတ် ၁း၁၃-၁၅ တွင်ဖော်ပြထားသည့် ခရစ်တော်၏

ပုံစံမျိုးအတိုင်း စာတန်သည် မိမိကိုယ်ကို အရှင်တစ်ပါးအလားအရောင်အဝါတောက်ပစွာဖြင့် ထင်ရှားပြပါလိမ့်မည်။

လူသားများမြင်ဖူးသည့်အထဲတွင် စာတန်၌ရစ်ပတ်နေသည့် ဘုန်းသည် အတောက်ပဆုံးဖြစ်နေရာ "ခရစ်တော်ကြွလာပြီ" ဟုပင် လူအများအော်ဟစ်ကြွေးကြော်ကြလိမ့်မည်။ လူတို့သည် သူ့ကိုပျပ်ဝပ်ကိုးကွယ်ကြလိမ့်မည်။ သူကလည်းလက်ကြီးကိုမြှောက်ကာ ကောင်းချီးပေးလိမ့်မည်။

အလွန်မတန်ချိုသာသောအသံဖြင့် ခရစ်တော်ဖွင့်ဟခဲ့သည့် ကျမ်းချက်များကို သူရွတ်ဆိုလိမ့်မည်။ လူနာများကို သူကုသပေးရုံသာမက ခရစ်တော်အယောင်ဆောင်ကာ ဥပုသ်နေ့ကိုပထမနေ့သို့ ပြောင်းလိုက်ပြီဖြစ်ကြောင်း သူကြေညာလိမ့်မည်။ သတ္တမနေ့ကို ဥပုသ်နေ့အဖြစ် စောင့်ရှောက်နေခြင်းသည် ဘုရား၏နာမတော်ကို ရှုတ်ချနေခြင်းဖြစ်သည်ဟု သူကြွေးကြော်လိမ့်မည်။ ဤအရာသည် အလွန်ထိရောက်ထက်မြက်သော လှည့်ဖြားမှုကြီးဖြစ်သည်။ ဤအရာသည် "ဘုရားသခင်၏ မဟာတန်ခိုးတော်" ပါတကားဟု ရေရွတ်ကာ လူအများသည် သူ၏သွေးဆောင်မှုနောက်သို့လိုက်ကြလိမ့်မည်။ တမန်၊ ၈း၁၀။

## လမ်းမှားမလိုက်သော-ယုံကြည်သူသားသမီးများ

သို့ရာတွင် ဘုရားသခင်၏သားသမီးများမှာမူ လမ်းမှားသို့ မလိုက်ကြချေ။ ထိုခရစ်တော်အတု၏သွန်သင်ချက်များသည် သမ္မာကျမ်းစာနှင့်မကိုက်ညီရုံသာမက ၄င်းပေးသောကောင်းချီးများသည်လည်း သားရဲ၏ရုပ်တုကို ကိုးကွယ်သူများအတွက်သာဖြစ်နေပါသည်။

ထိုအဖွဲ့အပေါ်သို့ ဘုရားသခင်၏ အမျက်တော်ကျရောက်လိမ့်မည်ဟု သမ္မာကျမ်းစာကဖွင့်ဆိုထားပါသည်။

ငင်းပြင် ခရစ်တော်ကြွလာသည့်ပုံစံကိုအတုပြုလုပ်ရန် စာတန်အခွင့်မရပါချေ။ ဤအချက်နှင့်ပတ်သက်သည့် လှည့်ဖြားမှုအကြောင်းကို ခရစ်တော်သတိပေးထားပြီးဖြစ်ပါသည်။ "ခရစ်တော်၏အယောက်ကိုဆောင်သောသူနှင့် မိစ္ဆာပုရောဖက်တို့သည်ပေါ်လာ၍ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကိုပြုကြလိမ့်မည်။

ထိုကြောင့် သူတို့က ခရစ်တော်သည် တော၌ရှိသည်ဟုဆိုသော်လည်း မထွက်မသွားကြနှင့်။ တိုက်ခန်း၌ ရှိသည်ဟုဆိုသော်လည်း မယုံကြနှင့်။ လျှပ်စစ်သည် အရှေ့မှပြက်၍ အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့လူသားသည် ကြွလာတော်မူလတ္တံ့။"မဿဲ ၂၄း၂၄-၂၇ (မဿဲ ၂၅း၃၁။ ဗျာ၊ ၁၁၇။ ၁သက်၊ ၄း၁၆-၁၇ တို့ကိုလည်းကြည့်ပါ။ ကိုယ်တော်၏ကြွလာခြင်းကို အတုလုပ်လို့မရနိုင်ပါ။ ကြွလာသောအခါတွင် ကိုယ်တော်အား တစ်ကမ္ဘာလုံးကမြင်တွေ့ကြရလိမ့်မည်။

သမ္မာတရား၏နှစ်လိုဖွယ်များကို ရယူထားကြသည့် ကျမ်းစာကိုနှစ်နှစ်ခြိုက်ခြိုက်လေ့လာသူများသာလျှင် ကမ္ဘာကြီးအား စာတန်၏ သုံ့ပန်းဘဝရောက်စေမည့် လှည့်ဖြားမှုမှ ကွယ်ကာခြင်းခံကြရလိမ့်မည်။ ထိုသူများသည် သမ္မာကျမ်းစာ၏ သက်သေခံချက်များအရ စာတန်၏ အယောင်ဆောင်မှုကို ထောက်လှမ်းသိရှိနိုင်ကြလိမ့်မည်။ ယခုတွင် သမ္မာကျမ်းစာအပေါ်တွင် ခိုင်ခိုင်မာမာ အခြေပြုထားကြသည့် ယုံကြည်သူများသည် ထိုဒုက္ခဆင်းရဲကာလတွင် မိမိတို့၏

အာရုံငါးပါးအလိုသို့လိုက်ကြလိမ့်ဦးမည်လား။ သမ္မာကျမ်းစာတစ်ခုတည်းကိုသာ ၎င်းတို့ စွဲကိုင်ထားကြမည်လား။

အစိုးရ၏ ကွယ်ကာမှုများကိုရုတ်သိမ်းကာ ပညတ်တော်စောင့်သူများကို ဖျက်ဆီးသတ်ဖြတ်မည့်သူများလက်ထဲသို့ထည့်မည့်အမိန့်ဒီဂရီကို ခရစ်ယာန်အစိုးရများက ထုတ်ပြန်လာသောအချိန်တွင် ဘုရားသခင်၏သားသမီးများသည် မိမိတို့၏ အိုးအိမ်၊ မြို့ရွာများကိုစွန့်ပစ်ကာ လူနေဝေးသည့်တောအရပ်သို့ ထွက်ပြေးကြရမည်။ လူအများတို့သည် တောင်များတွင် လုံခြုံသောခိုဝင်အောင်းစရာနေရာများကို တွေ့ကြမည်ဖြစ်သော်လည်း နိုင်ငံအသီးသီးရှိ ဆင်းရဲချမ်းသာ အဖြူအမည်း၊ ဂုဏ်နိမ့်ဂုဏ်မြင့်အလွှာအသီးသီးမှ ယုံကြည်သူများစွာတို့မှာမူ မတရားချုပ်နှောင်ဖမ်းဆီးခြင်းကို ခံရလိမ့်မည်။

ကရုဏာတော်အရှင်ဘုရားသခင်သည် မိမိသားသမီးများအားအကျဉ်းထောင်များတွင် ထည့်ထားခြင်းအားဖြင့်လည်းကောင်း၊ ကွပ်မျက်ရန် စီရင်ချက်ချခြင်းအားဖြင့်လည်းကောင်း၊ မှောင်မည်းသောအချုပ်ခန်းများတွင် အသေခံရန် ပစ်ထားခြင်းအားဖြင့်လည်းကောင်း၊ ဒုက္ခဆင်းရဲခြင်းနေ့ရက်များကို ကျော်လွှားစေတော်မူပါလိမ့်မည်။

ဘုရားသခင်သည် ထိုကာလတွင် မိမိသားသမီးတို့ကို မေ့လျော့နေလိမ့်မည်လား။ ကိုယ်တော်သည် ဒုက္ခရောက်နေသည့် နောဧ၊ လောတ၊ ယောသပ်၊ ဧလိယ၊ ယေရမိနှင့် ဒံယေလတို့ကို မေ့လျော့တော်မူခဲ့ပါသလား။ ရန်သူများသည်ကိုယ်တော်၏သားသမီးများကို ထောင်ချထားနိုင်သော်လည်း ထောင်တံတိုင်းများသည် ၎င်းတို့နှင့် ဘုရားသခင်အကြားရှိဆက်သွယ်မှုကို မပြတ်တောက်နိုင်

ပါချေ။ ကောင်းကင်တမန်များသည် ထိုအထီးကျန်အချုပ်ခန်းကျဉ်းကျဉ်းကလေးများထဲရှိ ဘုရားသခင့်သားသမီးများထံသို့ ရောက်လာကြလိမ့်မည်။

ဖိလိပ္ပိအချုပ်ခန်းထဲတွင် ညသန်းခေါင်အချိန်၌ရှင်ပေါလုတို့ သီချင်းဆိုစဉ်က ဖြစ်ပျက်ခဲ့သကဲ့သို့ ထိုအကျဉ်းထောင်များသည် နန်းတော်များကဲ့သို့ဖြစ်လာကာမှောင်မဲနေသောအခန်းများသည်လည်း ထွန်းလင်းလာပါလိမ့်မည်။

ဘုရားသခင်၏စီရင်မှုသည် ကိုယ်တော်၏သားသမီးများကို လိုက်လံဖျက်ဆီးနေသူများအပေါ်သို့ ကျရောက်လိမ့်မည်။ အပြစ်ဒဏ်စီရင်ခြင်းအမှုသည် ဘုရားသခင်အတွက် "ထူးခြားသောအမှုတော်" ဖြစ်နေပါသည်။ ဟေရှာ၊ ၂၈း၂၁။ (ယေဇကျေလ ၃၃း၁၁)။ "ထာဝရဘုရားသည်--- ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော---- တရားတော်ကို လွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်သော်လည်း အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော" ဘုရားဖြစ်၏။ ထွက်၊ ၃၄း၆-၇။ ကာလကြာမြင့်စွာ ကိုယ်တော်သည်းခံတော်မူခဲ့သော်လည်း အပြစ်နှင့်ပြည့်ဝလျက်ရှိသော ထိုလူမျိုးတို့သည် အဆုံးတွင် အမျက်တော်စပျစ်ရည်သန့်သန့်ကို သောက်ကြရလိမ့်မည်။

ခရစ်တော်သည် ကောင်းကင်ဗိမာန်တော်တွင် ဆောင်ရွက်နေသည့်ကြားဖျန်ဖြေရေးဆိုင်ရာအမှုတော်ကို ရပ်ဆိုင်းလိုက်သောအချိန်တွင် သားရဲကိုကိုးကွယ်သူများအပေါ်သို့ ကရုဏာမဖက်သည့်အမျက်တော်ဖလားကို သွန်းလောင်းတော်မူလိမ့်မည်။ အီဂျစ်ပြည်၌ကျရောက်ခဲ့သည့်ကပ်များသည် ယုံကြည်သူများကို မကယ်လွှတ်မီ

ဤကမ္ဘာပေါ်သို့ကျရောက်မည့် တရားစီရင်ခြင်းနှင့်ဆင်ဆင်တူနေပါသည်။ "သားရဲ၏တံဆိပ်လက်မှတ်ကိုခံ၍ သူ၏ရုပ်တုကိုကိုးကွယ်သောလူတို့၌ အလွန်ဆိုးသော အနာစိမ်းပေါက်လေ၏။" "ပင်လယ်သည် လူသေ၏အသွေးကဲ့သို့သော အသွေးဖြစ်၏။" "မြစ်နှင့်စမ်းရေတွင်းတို့သည် အသွေးဖြစ်ကြ၏" ဟု ရှင်ယောဟန်က ဖွင့်ဆိုထားပါသည်။ "ကောင်းကင်တမန်ကလည်း ---- ကိုယ်တော်သည် ဤသို့တရားစီရင်တော်မူသည်အမှုမှာ ဖြောင့်မတ်တော်မူ၏။ ထိုသူတို့သည် သန့်ရှင်းသူတို့၏အသွေး၊ ပုရောဖက်တို့၏အသွေးကိုသွန်းလောင်းကြသည်ဖြစ်၍ သူတို့အား အသွေးကိုတိုက်တော်မူပြီ။ သူတို့လည်းခံထိုက်ကြပါ၏" ဟု ဆိုလေ၏။ ဗျာဒိတ် ၁၆း၂-၆။ ခရစ်တော်အချိန်က ယုဒများသည် ပုရောဖက်များကို သတ်ခဲ့သည့် ၎င်းတို့၏ဘိုးဘေးများ၏ စိတ်ဓါတ်မျိုးရှိနေကြသဖြင့် အာဗေလအချိန်မှစ၍ သန့်ရှင်းသူများ၏ အသွေးကို သွန်းခဲ့ကြကြောင်း ကိုယ်တော်ရှင်မိန့်မြွက်ခဲ့ပါသည်။

ကျနေရာက်နေသည့်ကပ်များတွင် "လူတို့ကိုမီးလောင်ရသောအခွင့်" ရရန် နေအပေါ်သို့ အမျက်တော်ဖလားကိုသွန်းလောင်းတော်မူ၏။ ဗျာ၊ ၁၆း၈။ ဤကြောက်စရာအချိန်ကာလနှင့်ပတ်သက်၍ယောယဖွင့်ဆိုထားသည်မှာ "လယ်၌ရိတ်ရသော အသီးအနှံပျက်" လေ၏။ "တောသစ်ပင်ရှိသမျှတို့သည် ညှိုးနွမ်းကြ၏။ အကယ်စင်စစ်လူသားတို့၌ ဝမ်းမြောက်စရာအကြောင်းသည် သွေ့ခြောက်၏။" "တိရစ္ဆာန်တို့သည် အလွန်မြည်တမ်းကြ၏။ နွားစုတို့သည် ကျက်စားရာအရပ်မရှိသောကြောင့် ပင်ပန်းကြ၏။ ---- မြစ်ရေခန်းခြောက်ပါပြီ။ တော၌ကျက်စားရာအရပ်တို့ကိုလည်း မီးလောင်ပါပြီ" ဟူ၍ဖြစ်၏။ ယောလ ၁း၁၁၊၁၂၊၁၈-၂၀။

ဤကပ်များသည် စကြဝဠာအတိုင်းအတာဖြင့် ကျရောက်မှာ မဟုတ်သော်လည်း အလွန်မတန်ကြောက်စရာကောင်းလောက် အောင်ပြင်းထန်လိမ့်မည်။ ကရုဏာတံခါးမပိတ်မီ ကျရောက်သောပြစ် ဒဏ်များတွင် ဘုရား၏ ကရုဏာတော်ပါရှိနေပါသည်။ ပြည့်ဝသည့် အတိုင်းအတာအထိ မခံစားရစေရန် အပြစ်သားအား ခရစ်တော်၏ အသွေးတော်ကကာကွယ်ပေးထားပါသည်။ သို့ရာတွင် နောက်ဆုံး သောတရားစီရင်ခြင်းတွင်မူ ပြစ်ဒဏ်စီရင်မှု၌ ကရုဏာတော်မပါ တော့ချေ။ ထိုအချိန်တွင် ၎င်းတို့အလေးမထားခဲ့သည့် ကရုဏာ တော်၏ ကာကွယ်မှုကိုရရန် လူထုကြီးက ဆန္ဒပြင်းပြကြလိမ့်မည်။

ဘုရားသခင်၏သားသမီးများမှာမူ နှိပ်စက်ညှင်းပန်းခြင်းခံ ရစဉ် အစားအစာချို့တဲ့မှုများ၊ စိတ်ဆင်းရဲမှုများနှင့်ရင်ဆိုင်ရစဉ် ပျက်စီးခြင်းသို့ရောက်ရန် ပစ်ထားခြင်း ခံကြရလိမ့်မည်မဟုတ်ပါ။ "ထိုသူအား အစာကိုအစဉ်ပေးရလိမ့်မည်။ သောက်ရေလည်းမပြတ် ရ။" "ငါထာဝရဘုရားသည် သူတို့စကားကိုနားထောင်မည်။ ဣသရေ လအမျိုး၏ ဘုရားသခင်ဖြစ်သော ငါသည် သူတို့ကိုမစွန့်။" ဟေရှာယ ၃၃း၁၆။ ၄၁း၁၇။

သို့ရာတွင် လူတို့၏အမြင်တွင်မူ ဘုရားသခင်၏သားသမီး များသည် ၎င်းတို့ရှေ့က မာတုရသေခြင်းနှင့်ရင်ဆိုင်သွားခဲ့ရသူများ နည်းတူ ၎င်းတို့၏သက်သေခံချက်ကို ၎င်းတို့၏အသွေးဖြင့် တံဆိပ် ခတ်တော့မလိုဖြစ်နေလိမ့်မည်။ ထိုအချိန်သည် အလွန့်အလွန်ပြင်း ထန်သည့်ဝေဒနာကို ခံစားရမည့်အချိန်ဖြစ်ပါသည်။ "အခုတော့ မင်းတို့ယုံကြည်ခြင်းတွေဘယ်ရောက်ကုန်ပြီလဲ။ မင်းတို့ဟာ ဘုရား သခင်ရဲ့သားသမီးများ တကယ်ဖြစ်တယ်ဆိုရင် ငါတို့လက်ထဲက

ဘာကြောင့် ဘုရားကမကယ်နုတ်တော့တာလဲ” ဟူသောစကားများ ကိုပြောကာ ဆိုးယုတ်သူများသည် မြူးတူးနေကြမည်ဖြစ်သော်လည်း ကိုယ်တော်၏ သားသမီးများသည် ကပ်တိုင်ပေါ်တွင် အသေခံတော်မူခဲ့သည့် ခရစ်တော်ကို သတိရအောက်မေ့ကာ ယာကုပ်ကဲ့သို့ဘုရားသခင်နှင့် နပန်းသတ်ကြလိမ့်မည်။

## ကောင်းကင်တမန်များကစောင့်ကြည့်နေခြင်း

ကောင်းကင်တမန်များသည် ခရစ်တော်၏ နှုတ်တော်ထွက် စကားများကို စောင့်ရှောက်သူများ၏ ပတ်လည်တွင် တပ်ချစောင့်ကြပ်နေကြပါသည်။

ထိုကောင်းကင်သားများသည် သားသမီးများခံစားနေရသောဒုက္ခကိုမြင်တွေ့ကြရုံသာမက ဆုတောင်းသံများကိုလည်းကြားနေကြပါသည်။ ထိုကြောင့် သားသမီးတို့ကို ကယ်တင်ရန်ခရစ်တော်၏ အမိန့်ကို သူတို့စောင့်နေကြပါသည်။

ကိုယ်တော်၏ သားသမီးများသည်ဒုက္ခခွက်ဖလားကိုသောက်ကာ ဗတ္တိဇံခံကြရဦးမည်ဖြစ်သဖြင့် ထိုကောင်းကင်တမန်များသည် အနည်းငယ်စောင့်ကြရဦးမည်ဖြစ်သည်။ (မဿဲ ၂၀း၂၀-၂၄)။ သို့စေကာမူ ရွေးကောက်ခြင်းခံရသူများ၏ အကျိုးအလို့ငှာ ဒုက္ခဆင်းရဲခြင်းကာလကို လျော့ပေးတော်မူလိမ့်မည်ဖြစ်သဖြင့် ကပ်ကာလအဆုံးသည် လူသားများထင်သည်ထက် စောပါလိမ့်မည်။

ပညတ်တော်ကိုစောင့်ရှောက်သူများအား ကွပ်မျက်ရမည့်အချိန်ကို အကြမ်းဖျင်းအားဖြင့် သတ်မှတ်ထားပြီးဖြစ်သော်လည်းအချို့တို့သည် လက်ဦးမှုကို ရယူကာ အချိန်မတိုင်မီ ကွပ်မျက်ပစ်ရန်

ကြိုးစားကြလိမ့်မည်။ သို့သော် စောင့်ကြပ်နေသည့်ကောင်းကင်တမန်များကို ကျော်လွှားကာ မည်သည့်ယုံကြည်သူကိုမျှ သူတို့မကွပ်မျက်နိုင်ကြချေ။

မြို့ကြီးများမှ ထွက်ပြေးလာကြသည့် အချို့ယုံကြည်သူများသည် အတိုက်အခိုက်ခံကြရမည်ဖြစ်သော်လည်း ၎င်းတို့အားခုတ်ရန်မြှောက်လိုက်သောဓားများသည် ကောက်ရိုးများကဲ့သို့ကျိုးပဲ့ကုန်ကြလိမ့်မည်။ အချို့မှာမူ စစ်သည်အသွင်ဆောင်ထားသည့် ကောင်းကင်တမန်များ၏ ကာကွယ်မှုကို ခံကြရလိမ့်မည်။

ကောင်းကင်သားများသည် လူသားများ၏ အရေးကိစ္စတွင် ခေတ်အဆက်ဆက်ပါဝင်လှုပ်ရှားခဲ့ကြပါသည်။ ၎င်းတို့သည် လူသားများ၏ ဧည့်ခံကျွေးမွေးမှုကို လက်ခံခဲ့ကြသလို ဘုမသိဘမသိခရီးသွားများကိုလည်း လမ်းပြအဖြစ်ဆောင်ရွက်ပေးခဲ့ကြပါသည်။ ဘုရား၏အမှုတော်ဆောင်များအား ချုပ်နှောင်ထားသည့် အကျဉ်းထောင်တံခါးများကို ဖွင့်ပေးခဲ့ကြသလို ခရစ်တော်၏ သင်္ချိုင်းဂူဝကိုပိတ်ထားသည့် ကျောက်တုံးကြီးကိုလည်း ရွှေ့ပေးခဲ့ကြပါသည်။

ဆိုးယုတ်သောသူများသည် ဘုရား၏သည်းခံခြင်းနယ်နမိတ်ကို ကျော်လွန်နေခြင်းရှိ မရှိဆုံးဖြတ်ရန် သောဒုံမြို့သို့သွားခဲ့သလို ဆိုးယုတ်သူများစုဝေးသည့်နေရာများသို့လည်း ကောင်းကင်သားများလည်ပတ်နေကြပါသည်။ ထာဝရဘုရားသခင်သည် မိမိအားကိုးကွယ်သူလူနည်းစု၏ မျက်နှာကိုထောက်ထားလျက် ဘေးဒုက္ခများကိုချုပ်ထိန်းထားကာ ငြိမ်သက်သာယာမှုကို တာရှည်စေတော်မူပါသည်။ အပြစ်သားများသည် ၎င်းတို့ သုတ်သင်ပစ်ချင်သည့် ထိုသစ္စာရှိလူနည်းစုကလေးအပေါ်တွင် မိမိတို့အကြွေးတင်နေသည်ကို မသိကြချေ။

ကောင်းကင်တမန်များသည် လောကီကောင်စီအစည်းအဝေးများတွင်လည်း မကြာခဏပြောရေးဆိုခွင့်ရှိသူများဖြစ်နေကြပါသည်။ လူတို့၏နားဖြင့် ၎င်းတို့၏တောင်းဆိုသံများကြားနေရသော်လည်း လူတို့၏ပါးစပ်ဖြင့် ၎င်းတို့ပေးသောအကြံများကို ပြက်ရယ်ပြုနေကြပါသည်။ ဒုက္ခရောက်နေသူများ၏ ကိစ္စများတွင် အာဝဇ္ဇန်းရွှင်သောရှေ့နေရှေ့ရပ်များထက်ကောင်းကင်တမန်များက ပို၍ထိရောက်အောင် ကာကွယ်ပြောဆိုနိုင်ကြကြောင်း မိမိကိုယ်ကိုမိမိ သူတို့သက်သေပြခဲ့ကြပြီးဖြစ်သည်။ ဘုရားသခင်၏သားသမီးများအား ဒုက္ခပေးခဲ့ကြသော ဒုစရိုက်ကောင်များကိုလည်း သူတို့ဖမ်းဆီးချေမှုန်းခဲ့ကြပါသည်။

ဘုရားသခင်၏ သားသမီးများသည် ကြွလာတော့မည့်၎င်းတို့၏ဘုရင်ကြီး၏ အရိပ်အယောင်ကို တောင့်တမှုပြင်းပြစွာဖြင့်စောင့်မျှော်နေကြပါသည်။ ထိုသူများသည် ဘုရားသခင်ရှေ့မှောက်တွင် အသနားခံကြရာ ကိုယ်တော်သည် ထာဝရနေ့ရက်များ၏ရောင်ခြည်ဦးဖြင့် ထွန်းလင်းပေးတော်မူပါသည်။ "အမအစများရောက်လာပြီ" ဟူသော ကောင်းကင်သားများ၏ သီချင်းသံများကို ၎င်းတို့ကြားရစဉ်တွင် ကောင်းကင်ဂိတ်တံခါးပွင့်ဟလာကာ "ငါသည် သင်တို့နှင့်အတူရှိနေတော်မူတယ်။ မကြောက်ကြနှင့်။ တိုက်ပွဲတွင် သင်တို့ကိုယ်စား ငါတိုက်ပေးနေတယ်။ သင်တို့ဟာ ငါ၏နာမတော်အားဖြင့်အောင်မြင်သူများထက် ကြီးမြတ်သူများဖြစ်လာကြလိမ့်မယ်" ဟု ခရစ်တော်မိန့်ဆိုသည်ကိုလည်း သူတို့ကြားကြရပါသည်။

ကျွန်ုပ်တို့အကူအညီလိုအပ်သည့်အချိန်တွင် ထာဝရဘုရားသည်အကူအညီပေးတော်မူလိမ့်မည်။ ဒုက္ခဆင်းရဲခြင်းကာလသည် ဘုရားသခင်၏သားသမီးများအတွက် ကြောက်စရာကာလတစ်ခုဖြစ်သည်မှာ မှန်သော်လည်း ကတိတော်ဖဲကြိုးသည် ယုံကြည်သူတိုင်း

အား ဝန်းရံကာဆီးထားသည်ကို ယုံကြည်ခြင်းအားဖြင့် သူတို့မြင်တွေ့နိုင်ကြပါသည်။ "ထာဝရဘုရားကယ်လွှတ်တော်မူသော သူတို့သည် ပြန်လာ၍ သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက်ခြင်းသရဖူကိုဆောင်းလျက် ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကိုရကြ၍ ဝမ်းနည်းခြင်းနှင့် ညည်းတွားခြင်းသည် ပြေးသွားရလိမ့်မည်။ " ဟေရှာ၊ ၅၁း၁၁။

အကယ်၍သာ ခရစ်တော်အကြောင်းသက်သေခံသူများ၏ အသွေးကို ဤအချိန်တွင်သွန်းစေခဲ့မည်ဆိုလျှင် ၎င်းတို့၏ဘုရားတရားရှိမှုသည် အခြားသူများအား သမ္မာတရားကိုသဘောပေါက်စေမည့် သာဓကတစ်ခုဖြစ်တော့မည်မဟုတ်ချေ။ အကြောင်းမှာအသဲမာသူများသည် ကရုဏာတော်လှိုင်းကို တစ်ဖြန်ပြန်မလာနိုင်တော့သည်အထိ တွန်းလှန်ကန်ထုတ်ခဲ့ပြီးဖြစ်သည်။ အကယ်၍သာထိုဖြောင့်မတ်သူများသည် ဤအချိန်တွင် ရန်သူများ၏သားကောင်ဖြစ်ခဲ့ကြမည်ဆိုလျှင် ထိုအရာသည် စာတန်အတွက် အောင်ပွဲတစ်ခုဖြစ်သွားပေလိမ့်မည်။ "ငါ့လူတို့၊ လာကြ၊ အတွင်းအခန်းထဲသို့ဝင်၍ သင်တို့ကိုကွယ်ကာသောတံခါးများကို ပိတ်ထားကြ။ အမျက်ကာလလွန်သည်တိုင်အောင်ခဏသာပုန်းရှောင်၍နေကြလော့။ အကြောင်းမူကား ထာဝရဘုရားသည် မြေကြီးသားတို့ကို သူတို့ဒုစရိုက်ကြောင့် အပြစ်ပေးလိုသောငှာ မိမိအရပ်ဌာနထဲကထွက်တော်မူ၏။" ဟေရှာ ၂၆း၂၀-၂၁။

ကိုယ်တော်၏ ကြွလာခြင်းကို သည်းခံလျက်စောင့်မျှော်နေသူများနှင့်အသက်စာစောင်တွင်စာရင်းပါသော သူများ၏လွတ်မြောက်ခြင်းသည် အလွန်မင်္ဂလာရှိပေလိမ့်မည်။

-----o-----

# အခန်း (၄၀)
# ဘုရားသခင်၏သားသမီးများ ကယ်လွှတ်ခြင်းခံရခြင်း

ဘုရားသခင်၏ပညတ်တော်များကို အလေးထားရိုသေသူများအား အကာအကွယ်ပေးထားသည့် တရားဥပဒေများကို ပြန်လည်ရုပ်သိမ်းလိုက်သောအချိန်တွင် နိုင်ငံအသီးသီးတွင် ၎င်းတို့အားသုတ်သင်ကွပ်မျက်ရန် လှုပ်ရှားလုပ်ဆောင်လာကြလိမ့်မည်။ အမိန့်စာပါသတ်မှတ်ထားသည့် အချိန်နီးကပ်လာသောအခါ မညီညွတ်မှုနှင့်အပြစ်တင်ဆုံးမသံများကို တိတ်သွားစေမည့် ထိုးနှက်ချက်တစ်ခုကိုညတစ်ညတွင် လုပ်ဆောင်ကြရန် သူတို့ပူးပေါင်းကြံစည်ကြလိမ့်မည်။

အကျဉ်းထောင်နှင့်တကွ တောထဲတောင်ထဲသို့ရောက်ရှိနေကြသော ယုံကြည်သူသားသမီးများမှာမူ ဘုရား၏ကာကွယ်မှုကိုအသနားခံနေကြပါသည်။ နတ်ဆိုးများ၏ လှုံ့ဆော်ခြင်းခံရသောလက်နက်ကိုင်လူသားများသည် ဘုရား၏ သားသမီးများကိုသတ်ရန် အဆင်သင့်ရှိနေကြပါသည်။ အလွန့်အလွန်အကျဉ်းအကျပ်ဖြစ်နေသောထိုအချိန်တွင် “သင်တို့သည် ပွဲခံသောနေ့ညဉ့်တွင်ပြုသကဲ့သို့ သီချင်းဆိုရကြလိမ့်မည်။

ဣသရေလအမျိုး၏ကျောက်၊ ထာဝရဘုရား၏ တောင်တော်သို့ ----သွားသကဲ့သို့ ဝမ်းမြောက်ရကြလိမ့်မည်။ထာဝရ ဘုရားသည်လည်း ဘုန်းကြီးသောအသံတော်ကို လွှတ်တော်မူလိမ့်မည်။ လက်ရုံးတော်သက်ရောက်ခြင်း၊ ပြင်းစွာအမျက်ထွက်ခြင်းမီးလျှံလောင်ခြင်း၊ မိုးသီးပါသော မိုးသက်မုန်တိုင်းကျခြင်းများတို့ကို ပြတော်မူလိမ့်မည်။” ဟေရှာ၊ ၃၀း၂၈-၃၀။

ဤကမ္ဘာကြီးတွင် သာမန်ညဥ့်အချိန်ထက် ပို၍မိုက်သောအမှောင်ထုကြီးကျနေသောအချိန်တွင် လူယုတ်မာအုပ်ကြီးသည် ၎င်းတို့၏ သားကောင်များထံသို့ အပြေးအလွှားသွားကြတော့မည်ဖြစ်သည်။

ထိုစဉ်တွင် သက်တံ့တစ်ခုသည် ကောင်းကင်ယံတွင်ပေါ်လာကာ ဆုတောင်းနေသောအဖွဲ့တစ်ဖွဲ့စီကို ပတ်ရစ်ဝန်းရံထားသယောင်တွေ့ရပါသည်။ ထိုမြင်ကွင်းကြောင့် ဒေါသူပုန်ထနေသောထိုလူအုပ်ကြီးသည် ရပ်တန့်ငြိမ်သက်သွားကာ ဒေါသအလျှောက်လုပ်ဆောင်နေသည့် ၎င်းတို့ လုပ်ဆောင်မှု၏ ဦးတည်ချက်ကိုပင် မေ့လျော့ကုန်ကြပါသည်။ သူတို့သည် ဘုရားသခင်၏ ပဋိညာဉ်ဆိုင်ရာအထိမ်းအမှတ်များအပေါ် စူးစူးစိုက်စိုက်ကြည့်ကာ ထွန်းလင်းတောက်ပနေသည့် ဘုန်းရောင်ခြည်တော်များမှ ကာကွယ်မှုရရန် တောင့်တနေကြပါသည်။

"မော့ကြည့်လိုက်ပါ" ဟူသောအသံတစ်ခုကို ဘုရားသခင်၏ သားသမီးများကြားလိုက်သဖြင့် သတေဖန်ကဲ့သို့ ၎င်းတို့မော့ကြည့်လိုက်ရာ ပလ္လင်တော်ထက်တွင်ထိုင်နေသည့် ခမည်းတော်ဘုရားနှင့် သားတော်ဘုရားကိုဖူးမြင်ကြရပါသည်။ တမန်၊ ၇း၅၅-၅၆ ကိုကြည့်ပါ။ "အကျွန်ုပ်အား ပေးတော်မူသောသူတို့သည်---- အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏" ဟူသောတောင်းလျှောက်သံကို ၎င်းတို့ကြားရုံသာမကဘဲ ကိုယ်တော်ရှင်၏နှိမ့်ချမှုအမှတ်အသားများကိုလည်း ၎င်းတို့ သိမြင်ကြရပါသည်။ (တမန်၊ ၁၇း၂၄)။ "သန့်ရှင်းစင်ကြယ်၍အညစ်အကြေးနှင့်ကင်းလွတ်လျက်ရှိသောသူတို့၊ လာကြပါ။ ငါ့စကားကို သူတို့နားထောင်လိုက်လျှောက်ခဲ့ကြပြီ" ဟူသောအသံတစ်ခုကိုလည်း ကြားနေရပါသည်။

ညဉ့်သန်းခေါင်အချိန်ကြီးတွင် ဘုရားသခင်သည်မိမိလူတို့ကို ကယ်နုတ်ရန် တန်ခိုးပြပါတော့သည်။ ခြစ်ခြစ်တောက်ပူနေသည့်နေ မင်းကြီးပေါ်လာပါသည်။ ထိုနောက် ထူးဆန်းသည့်နိမိတ်လက္ခဏာ များဆက်တိုက်ဖြစ်ပေါ်လာပါသည်။ ဆိုးယုတ်သူများက ထိုမြင်ကွင်း များကိုကြောက်ရွံ့သောစိတ်ဖြင့် ကြည့်နေကြသော်လည်းဖြောင့်မတ် သူများမှာမူ ကယ်နုတ်ခြင်း၏ အထိမ်းအမှတ်ဖြစ်သော ထိုမြင်ကွင်း များကို ဝမ်းသာအားရရှုကြည့်နေကြပါသည်။

ထိုစဉ်တွင် ကောင်းကင်အလယ်၌ဖော်ပြခြင်းငှာမစွမ်းနိုင် လောက်အောင် ဘုန်းတော်နှင့်ပြည့်ဝသည့် အကွက်ငယ်တစ်ခုပေါ် လာပါသည်။ လှိုင်းတံပိုးသံများအလားကြီးမားသောအသံတော်တစ်ခု သည် ထိုနေရာမှပေးထွက်လာကာ "ပြီးပြီ" ဟုဖွင့်ဆိုနေပါသည်။ ဗျာ၊ ၁၆း၁၇။

ထိုအသံတော်ကြောင့် ကောင်းကင်နှင့်မြေကြီးလှုပ်ရှားသွား ကာကြီးမားပြင်းထန်သည့် မြေငလျင်တစ်ခုဖြစ်ပေါ်လာပါသည်။ "မြေ ကြီးပေါ်မှာ လူတို့ဖြစ်သည့်ကာလမှစ၍ ထိုသို့သောလက္ခဏာနှင့်ထို မျှလောက်ပြင်းထန်စွာမြေလှုပ်ခြင်းသည် မဖြစ်စဖူး။" ဗျာ၊ ၁၆း၁၈။ ကျောက်တောင်များပြိုကွဲကုန်ကြသည်။ ပင်လယ်ရေပြင်တွင်လည်း လှိုင်းတံပိုးများပြင်းထန်နေပါသည်။ လေမုန်တိုင်းအသံများသည်လည်း နတ်ဆိုးသံများအလား ဆူညံနေပါသည်။ မြေကြီးအုတ်မြစ်များပြို ကျကုန်သည့်အလား မြေကြီးမျက်နှာပြင်များသည်လည်း ကွဲကုန်ပါ သည်။

ဆိုးယုတ်မှုများကြောင့် သောဒုံမြို့ကြီးရင်ဆိုင်ခဲ့ရသလိုပင် လယ်ဆိပ်ကမ်းများသည်လည်း ရေအောက်ရောက်ကုန်ကြပါသည်။ "ဘုရားသခင်သည် ပြင်းစွာသောဒေါသအမျက်၏ စပျစ်ရည်ဖလားကို တိုက်ခြင်းငှာ ဗာဗုလုန်မြို့ကြီးကိုအောက်မေ့တော်မူ၏။" ဗျာ၊၁၆း၁၉။

ကြီးကျယ်သောမိုးသီးများသည် ၎င်းတို့လုပ်ဆောင်ရမည့်အဖျက်လုပ်ငန်းကို လုပ်ဆောင်နေကြပါသည်။ မာနထောင်လွှားခဲ့သည့် မြို့ကြီးများလည်း ပြိုပျက်ကုန်ကြချေပြီ။

လူသားများ ဂုဏ်ယူစည်းစိမ်ခံစားမိခဲ့ကြသည့် ဘုရင့်နန်းတော်ကြီးများလည်း ၎င်းတို့၏ မျက်စိရှေ့မှာပင် ပြိုလဲကုန်ကြချေပြီ။ အကျဉ်းထောင် အုတ်ရိုးများကွဲကုန်ကာ ဘုရားသခင်၏သားသမီးများလည်း လွတ်မြောက်လာကြချေပြီ။

သင်္ချိုင်းဂူများလည်းပွင့်လာချေပြီ။ "မြေမှုန့်၌အိပ်ပျော်သောသူများ" မှ ---- အချို့တို့ကား ထာဝရအသက်ရှင်ခြင်းနှင့်လည်းကောင်း၊ အချို့တို့ကား ရှက်ကြောက်ခြင်း၊ ထာဝရအသရေပျက်ခြင်းနှင့်လည်းကောင်း နိုးကြလိမ့်မည်။ "ကိုယ်တော်ကိုထိုးဖေါက်သောသူတို့၊ သေခါနီးကိုယ်တော်ရှင် ဝေဒနာခံစားနေသည်ကိုပြက်ရယ်ပြုသောသူတို့နှင့် သမ္မာတရားကို အကြမ်းဖက် ငြင်းဆန်ခဲ့သူတို့သည်သစ္စာစောင့်သိပြီး နားထောင်လိုက်လျှောက်သူတို့အား ဂုဏ်ပြုတော်မူခြင်းကို တွေ့မြင်နိုင်ရန် နိုးထကြရပါသည်။ ဒံ၊ ၁၂း၂။ ဗျာ၊ ၁း၇။

မီးလျှံများကြားတွင် ရောက်နေသော ဤကမ္ဘာကြီးကိုပြင်းထန်သောမိုးကြိုးသံများက လွှမ်းမိုးနေပါသည်။ ထိုမိုးကြိုးသံ၊ လှိုင်းတံပိုးသံများထက် ကျယ်လောင်သည့်အသံဖြင့် ဆိုးယုတ်သူများအားစီရင်ချက်ချနေသည်ကိုလည်း ကြားနေရပါသည်။ ထောင်လွှားဝါကြွားကာ ပညတ်တော်စောင့်ရှောက်သူများအား ရက်ရက်စက်စက်နှိပ်စက်ခဲ့သူများသည် ယခုတွင်မူ ကြောက်ရွံ့သဖြင့် ဖိမ့်ဖိမ့်တုန်နေကြချေပြီ။

## ဘုရားသခင်၏နေ့ကြီး

"ထိုကာလ၌ လူတို့သည် မိမိတို့ကိုးကွယ်ဖို့ မိမိတို့လုပ်ဖူးသောငွေရုပ်တု၊ ရွှေရုပ်တုတို့ကို ပွေးများ၊ လင်းနို့များ၌ပစ်ထားကြလိမ့်မည်။ ထာဝရဘုရားသည် မြေကြီးကို ခြောက်လှန့်အံ့သောငှာ ထတော်မူသောအခါ ထိုဘုရားကို ကြောက်ခြင်းအရှိန်၊ ဘုန်းတန်ခိုးအာနုဘော်တော် အရှိန်ကြောင့် ကျောက်တွင်းချောက်ကြားထဲသို့ ပြေးဝင်ကြလိမ့်မည်။" ဟေရှာ၊ ၂း၂၀-၂၁။

ခရစ်တော်အတွက် အရာခပ်သိမ်းကို ဆက်ကပ်အပ်နှံခဲ့သူများသည် ယခုတွင် လုံခြုံစိတ်ချစွာအသက်ရှင်ခွင့်ရကြပါသည်။ သူတို့သည် မိမိတို့အတွက် အသေခံတော်မူခဲ့သည့် ကိုယ်တော်အပေါ် သစ္စာစောင့်သိကြောင်းကို လောကသားများရှေ့တွင်လည်းကောင်း၊ သေခြင်းကိုရင်ဆိုင်လျက်လည်းကောင်း ဖော်ထုတ်ခဲ့ကြချေပြီ။ တစ်ချိန်က ဖြူဖတ်ဖြူရောက်မျက်တွင်းဟောက်ပက်ဖြစ်ခဲ့သည့် ၎င်းတို့၏ မျက်နှာကလေးများမှာ ယခုတွင်မူအံ့သြဝမ်းမြောက်မှုများဖြင့်တောက်ပနေပါသည်။

"ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍ခွန် အားကိုပေးတော်မူ၏။ ဘေးရောက်သောကာလ အထူးသဖြင့်ကူမတော်မူကြောင်းထင်ရှားလျက်ရှိ၏။ ထိုကြောင့် ပထဝီမြေကြီးသည်ရွေ့လျားသွား၍ တောင်များတုန်လှုပ်လျက် သမုဒ္ဒရာသို့ကျသော်လည်း ငါတို့သည် ကြောက်လန့်ခြင်းမရှိ သမုဒ္ဒရာရေသည် ဟုန်းဟုန်းမြည်၍ မွှေနှောက်ပါလေစေ။ လှိုင်းတံပိုးထသဖြင့် တောင်များတုန် လှုပ်ပါလေစေ" ဟူသော အောင်ပွဲခံမွေ့သီချင်းကို သူတို့သီဆိုကြပါသည်။ ဆာလံ ၄၆း၁-၃။

သန့်ရှင်းသာယာသော ထိုဓမ္မသီချင်းသံများသည် ဘုရားသခင့်နားတော်သို့ပေါက်သွားသော အချိန်တွင် ကောင်းကင်တံခါးများသည် အနည်းငယ်ပွင့်ဟလာကာ ကောင်းကင်ရွှေမြို့တော်မှ ဘုန်းရောင်ခြည်တော်များကွန့်မြူးလာကြပါသည်။ ထိုစဉ်တွင်ပညတ်တော်ကျောက်ပြား (၂) ပြားကို ကိုင်ထားသည့်လက်တစ်ခုကောင်းကင်ယံတွင် ပေါ်လာပါသည်။

သိနာတောင်တွင် ဖွင့်ဟတော်မူခဲ့သည့် ထိုပညတ်တော်(၁၀) ပါးကို တရားစီရင်ခြင်းအတွက် ဥပဒေတစ်ခုအဖြစ် ယခုတွင်ဖော်ပြနေပါသည်။ ပညတ်တော်တွင်အသုံးပြုထားသည့် စကားရပ်များသည် လူတိုင်းဖတ်ရှုနားလည်နိုင်လောက်အောင် ရှင်းလင်းပါသည်။ မှတ်မိမှတ်သားသော ဥာဏ်များလည်းပြန်လည်နိုးကြားလာပါပြီ။ အယူသီးခြင်းနှင့် အယူမှားခြင်းမှောင်မိုက်များလည်း ယခုတွင် သူတို့စိတ်ကို မစိုးမိုးနိုင်တော့ပြီ။

ဘုရားသခင်၏ ပညတ်တော်ကို နင်းချေခဲ့သူများခံစားနေရသည့်ကြောက်ရွံ့မှုနှင့် စိတ်ပျက်အားငယ်မှုများသည် စာဖွဲ့၍မပြနိုင်လောက်အောင် ကြီးကျယ်ပါသည်။ လောကီသားများ၏ ထောက်ခံမှုကိုရရှိရန် သူတို့ကိုယ်တိုင် ပညတ်တော်ကို ဘေးဖယ်ထားရုံသာမက အခြားသူများကိုလည်း ပညတ်တော်ကိုငြင်းပယ်ရန် သူတို့သွန်သင်ခဲ့ကြပါသည်။ ယခုတွင်မူ သူတို့ မထီမဲ့မြင်ပြုခဲ့သည့်ပညတ်တော်ဖြင့် သူတို့ကို တရားစီရင်နေပါသည်။ ဆင်ခြေပေးစရာမရှိတော့သည်ကိုလည်း သူတို့သိထားပါသည်။ သမ္မာတရားနှင့်ပတ်သက်သည့် သဘောတရားအသစ်များနှင့် ကျင့်ဆောင်ရမည့် တာဝန်များကိုသူတို့သိရှိနားလည်လာကြပါပြီ။ သတ္တမနေ့ဥပုသ်သည် ဘုရားသခင်၏တံဆိပ်ဖြစ်သည်ကို သူတို့နားအလည်နောက်ကျခဲ့ချေပြီ။

သဲပေါ်မှာ သူတို့ဆောက်ခဲ့မိပြီဆိုသည့် အချက်ကိုလည်း အသိနောက်ကျခဲ့ချေပြီ။ သူတို့သည် ထာဝရဘုရားကို ဆန့်ကျင်တိုက်ခိုက်နေကြပါတကား။

ဘာသာရေးဆရာကြီးများသည် လူသားများအားကောင်းကင်ဘုံသို့ပို့ဆောင်မည်ဟုပြောကာ ငရဲသို့ပို့နေကြပါတကား။ ဘုရားသခင်၏ အမှုတော်တွင် ပါဝင်လုပ်ဆောင်နေသူများ၏ တာဝန်ဝတ္တရားများမှာ ကြီးလေးလှပါတကား။ ၎င်းတို့၏ သစ္စာမရှိမှုကြောင့်ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည်လည်း အလွန်ကြောက်စရာကောင်းလှပါတကား။

## ဘုရင်တကာတို့၏ဘုရင်ကြီးပေါ်ထွန်းလာခြင်း

ခရစ်တော်ကြွလာမည့်နေ့ရက်နာရီကို ကြေညာနေသည့် ဘုရားသခင်၏အသံတော်ကို ကြားနေရပါသည်။ ဘုရားသခင်၏ သားသမီးများသည် ရပ်၍နားထောင်နေကြပါသည်။ ၎င်းတို့၏မျက်နှာများ၌လည်း ကိုယ်တော်၏ ဘုန်းရောင်ခြည်များထွန်းတောက်နေပါသည်။

မကြာမီမှာပင် အရှေ့အရပ်တွင် မိုးတိမ်အမည်းကလေးတစ်ကွက်ပေါ်လာပါသည်။ ထိုအရာမှာ ခရစ်တော်အားဝန်းရံထားသောမိုးတိမ်ဖြစ်သည်။ ထိုမိုးတိမ်ကလေးသည် တဖြည်းဖြည်းချင်းကပ်လာသည်ကို တိတ်ဆိတ်စွာဖြင့် သူတို့ကြည့်နေကြပါသည်။အဆုံးတွင် ထိုအရာကလေးသည် လောင်ကျွမ်းသောမီးလျှံများကဲ့သို့တောက်ပနေသော ဘုန်းရောက်ခြည်တော်ကိုအခြေပြုကာ ပဋိညာဉ်သက်တံကရစ်ပတ်ခြင်းပြုထားသည့်တိမ်တိုက်အဖြူကြီးဖြစ်နေသည်ကိုတွေ့ရပါသည်။ယေရှုသည် ယခုတွင် ဝမ်းနည်းသောလူသားအသွင်ဖြင့်

မဟုတ်ဘဲ အောင်ပွဲဆင်သည့်အင်အားကြီးသူတစ်ပါးအဖြစ် ကြွလာချေပြီ။ ထောင်သောင်းသိန်းသန်းမကသော ကောင်းကင်တမန်များက ကိုယ်တော်အား ခြံရံထားကြပါသည်။ ဘုန်းသရဖူဆောင်းထားသည့် ကယ်တင်ရှင်၏မျက်နှာတော်သည် မွန်းတည့် နေရောင်ခြည်ပမာ တောက်ပနေပါသည်။ "ဘုရင်တို့၏ဘုရင်၊ သခင်တို့၏ သခင်ဟုဘွဲ့နာမတော်သည် အဝတ်တော်၌လည်းကောင်း၊ ပေါင်တော်၌လည်းကောင်း ရေးထားလျက်ရှိသည်။" ဗျာဒိတ် ၁၉း၁၆။

ဘုရင်တကာတို့၏ဘုရင်ကြီးသည် ဘုန်းမီးလျှံများနှင့်ရစ်ပတ်ထားသည့် မိုးတိမ်ပေါ်သို့ကြွဆင်းတော်မူရာ ကမ္ဘာသူကမ္ဘာသားများသည် ကိုယ်တော်၏ရှေ့မှောက်တွင် ကြောက်ရွံ့တုန်လှုပ်နေကြပါသည်။

"ငါတို့၏ဘုရားသခင်ကြွလာတော်မူ၏။ တိတ်ဆိတ်စွာနေတော်မမူ။ ရှေ့တော်၌မီးလောင်လျက် ပတ်ဝန်းကျင်၌ မိုးသက်မုန်တိုင်းပြင်းထန်လျက်ရှိ၏။ မိမိလူတို့ကို စစ်ကြောစီရင်ခြင်းအလို့ငှာ အထက်ကောင်းကင်ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်း၊ခေါ်တော်မူ၏။" ဆာလံ ၅၀း၃-၄။

"လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေးသူကြွယ်၊ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည်မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှာရှိသောကျောက်များ၌ လည်းကောင်း၊ ပုန်းရှောင်လျက်နေ၍ ထိုတောင်များ၊ ကျောက်များတို့ကို ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့် သိုးသငယ်၏ အမျက်တော်ကိုကွယ်ကာ၍ ငါတို့ကိုဖုံးအုပ်ကြပါ။ အမျက်တော်ထင်ရှားသော နေ့ကြီးရောက်ပါပြီတကား။ အဘယ်သူသည် ခံရပ်နိုင်မည်နည်း။" ဗျာဒိတ် ၆း၁၅-၁၇။

ပြက်ရယ်ပြုသံများလည်း တိတ်ကုန်ပြီ။ လိမ်တတ်သောပါး စပ်များလည်း ပိတ်ကုန်ပြီ။ ဆုတောင်းသံနှင့် ငိုကြွေးသံမှလွဲ၍မည် သည့်အသံကိုမျှ မကြားရတော့ချေ။ ၎င်းတို့စော်ကားခဲ့သည့် ခရစ် တော်နှင့် မျက်နှာချင်းမဆိုင်ရဲကြတော့သဖြင့် ကျောက်များတွင်မြုပ် နှံပေးဖို့ သူတို့ဆုတောင်းနေကြပါသည်။ သေလွန်သူများသည်မိမိ တို့၏နားထဲသို့ ထိုးဖေါက်ဝင်ရောက်လာသောအသံကို သိထားပါ သည်။

နူးညံ့သောအသံဖြင့် နောင်တရဖို့ ၎င်းတို့အား မကြာခဏ ပြောဆိုခဲ့သည့် ကယ်တင်ရှင်၏အသနားခံသံများကို ၎င်းတို့မကြာခဏ ကြားခဲ့ရပါသည်။ ၎င်းတို့ မလေးမစားလုပ်ခဲ့သည့် သတိပေးစကား များနှင့် ငြင်းပယ်ခဲ့သောဖိတ်ခေါ်မှုများကို ထိုအသံက ပြန်၍သတိရ စေပါသည်။

ထိုနေရာတွင် ကပ်တိုင်အတင်ခံထားရသည့် ခရစ်တော်အား ပြက်ရယ်ပြုသူများရှိနေပါသည်။ "နောင်ကာလ၌ လူသားသည်တန် ခိုးတော်၏ လက်ျာဘက်၌ထိုင်လျက် မိုးတိမ်ကိုစီး၍ ကြွလာသည်ကို သင်တို့မြင်ရကြလတ္တံ့." (မဿဲ ၂၆း၆၄) ဟူသော မိန့်ဆိုလျက်အတိုင်း ဘုန်းတော်နှင့်ထင်ရှားသော ကိုယ်တော်ကို ၎င်းတို့ တွေ့မြင်ရသည် သာမက ဘုရားသခင်၏လက်ျာဘက်တွင်ထိုင်နေသည်ကိုလည်း မြင် တွေ့ကြရလိမ့်ဦးမည်။ ထိုနေရာတွင် ခရစ်တော်၏ ဘွဲ့နာမတော် ကိုပြက်ရယ်ပြုခဲ့သည့် မိုက်မဲသော ဟေရုဒ်မင်းလည်းရှိနေပါသည်။ ကိုယ်တော်ရှင်၏ ခေါင်းပေါ်တွင် ဆူးဦးရစ်သရဖူကို ဆောင်းပေးခဲ့ သူများနှင့် ကိုယ်တော်အား သံလျက်အတုပေးခဲ့သူများ၊ ကိုယ်တော့် ရှေ့တွင် ပြက်ရယ်ပြုကာ ပျပ်ဝပ်ခဲ့သူများ ကိုယ်တော်အား တံတွေး နှင့်ထွေးခဲ့သူများလည်း ထိုနေရာတွင်ရှိနေကြသည်။ ၎င်းတို့သည်

ကိုယ်တော်ထံမှထွက်ပြေးရန် ကြိုးစားနေကြသည်။ ကိုယ်တော်၏ခြေထောက်နှင့်လက်ဖဝါးများ၌ သံမှိုနှင့်ရိုက်ခဲ့သူများသည် ကိုယ်တော်၏လက်နှင့်ခြေထောက်များတွင်ရှိသည်။ အနာရွတ်များကို ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကြည့်မြင်ခဲ့ကြပါသည်။

"ဤသူသည် သူတစ်ပါးတို့ကို ကယ်တင်တတ်၏။ ကိုယ်ကို မကယ်တင်နိုင်ပါတကား" ဟု မိမိတို့ဝမ်းသာအားရပြက်ရယ်ပြုခဲ့ကြသည့် ကရာနီကုန်းအဖြစ်အပျက်များကို ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများလည်း ရှင်းရှင်းလင်းလင်း ပြန်လည်မြင်ယောင်နေကြပါသည်။

ယေရုရှလင်မြို့တစ်ခွင်မှာ လူတိုင်းကြားသာအောင်ကြွေးကြော်ခဲ့ကြသည်။ "ထိုသူသည် လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းကို ခံပါလေစေ" ဆိုသည့်အသံထက် "ကိုယ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူ၏" ဆိုသည့်အသံက ပို၍ကျယ်လောင် နေပါသည်။ ထို့ကြောင့် ထိုသူတို့သည် ဘုရင်တကာတို့၏ဘုရင်ရှေ့တော်မှ ထွက်ပြေးရန် ကြိုးစားနေကြပါသည်။

သမ္မာတရားကိုငြင်းပယ်သည့် လူအပေါင်းတို့၏ အသက်တာတွင် သြတ္တပ္ပစိတ်နိုးကြားသောအချိန်များရှိတတ်သလို စိတ်ထိခိုက်စရာကောင်းသည့် သံဝေဂရစရာများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသည့်အချိန်များလည်း ရှိတတ်ပါသည်။ သို့ရာတွင် ထိုနေ့ကြီးတွင် ရရှိသည့်သံဝေဂစိတ်ကို မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်လို့မရပါချေ။

ကြောက်ရွံ့တုန်လှုပ်နေရသည့်ကြားတွင် "ဤအရှင်ကား ငါတို့မြော်လင့်သော ငါတို့၏ဘုရားသခင်တည်း။ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်" ဟူသော သန့်ရှင်းသူများ၏ ကြွေးကြော်သံကိုလည်း သူတို့ကြားနေရပါသည်။ ဟေရှာ၊ ၂၅း၉။

သားတော်ဘုရားသည် ခရစ်တော်၌အိပ်ပျော်နေသောသန့်ရှင်းသူများကို နိုးထစေတော်မူပါသည်။ ကိုယ်တော်၏ အသံတော်ကိုကြားသည့်လူမျိုးအသီးသီးမှ သေလွန်သူများသည် အသက်ရှင်ခြင်းသို့ဝင်စားကြလိမ့်မည်။ သေခြင်း၏ အကျဉ်းထောင်မှထွက်လာကာမသေနိုင်တော့သည့်ဘုန်းနှင့် ရစ်ပတ်ခြင်းခံရသည့်ထိုသူများက "အို၊ သေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း" ဟု ဟစ်ကြွေးကြပါသည်။ ၁ကော၊ ၁၅း၅၅။

သူတို့အားလုံးသည် ၄င်းတို့အား မြေမြုပ်သင်္ဂြိုဟ်စဉ်အချိန်ကကိုယ်ခန္ဓာအချိုးအစားအတိုင်း သေခြင်းမှထမြောက်လာကြပါသည်။ သို့ရာတွင် ထာဝရနုပျိုသူများ၏လန်းဆန်းမှု၊ လူငယ့်အားမာန်တို့နှင့်ပြည့်စုံစွာထမြောက်လာကြခြင်းဖြစ်သည်။

ခရစ်တော်သည်ပျောက်ဆုံးနေသူများအား နဂိုမူရင်း အခြေအနေသို့ပြန်လည်ပို့ဆောင်ရန် ကြွလာတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏ဒုစရိုက်နှင့်ပြည့်ဝသောခန္ဓာကိုယ်ကို၄င်း၏ဘုန်းတော်နှင့်ပြည့်စုံသောခန္ဓာကိုယ်နှင့်တူသွားအောင်ပြုပြင်တော်မူလိမ့်မည်။

အပြစ်နှင့်ညစ်ညူးခဲ့သော သေတတ်၊ ပုတ်ပျက်တတ်သောခန္ဓာကိုယ်ကြီးသည် စုံလင်လှပ၍ မသေနိုင်သောအဖြစ်သို့ရောက်ရှိလာပါသည်။ အပြစ်အနာအဆာနှင့် အားနည်းမှုများသည်သင်္ချိုင်းထဲတွင်ကျန်ရစ်ခဲ့ချေပြီ။ ကယ်တင်ခြင်းခံရသော ထိုသူများသည်ကမ္ဘာဦးအချိန်က ဘုန်းမျိုးနှင့်ပြည့်စုံသော အသက်တာအထိကြီးပွားအသက်ရှင်ကြလိမ့်မည်။ အပြစ်၏ ကျိန်ခြင်းနှင့်ပတ်သက်သည့် လက္ခဏာအားလုံးသည် ရွေ့လျားသွားကြချေပြီ။ ခရစ်တော်၏သစ္စာရှိတပည့်တော်များမှာမူ ကိုယ်တော်၏ စုံလင်သော ရုပ်လုံးတော်ကို

၎င်းတို့၏ ကိုယ်စိတ်နှလုံးသုံးပါးစလုံးတို့တွင် ရောင်ပြန်ဟပ်နေကြလိမ့်မည်။

အသက်ရှင်လျက်ရှိသော သန့်ရှင်းသူများမှာမူ မျက်စိတမှိတ်လျှပ်တပြက်အတွင်းမှာပင် ပြောင်းလဲသွားကြလိမ့်မည်။ ထာဝရဘုရား၏အမိန့်တော်အားဖြင့် ၎င်းတို့သည် မသေနိုင်သည့်ဘဝသို့ ရောက်သွားကာ အကာကာသကောင်းကင်ယံတွင် ခရစ်တော်အား ဖူးမြော်ရန် စုသိမ်းခြင်းခံကြရလိမ့်မည်။ ကောင်းကင်တမန်များသည် "ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှခေါ်၍ စုရုံးကြလတ္တံ့။" မဿဲ ၂၄း၃၁။ ကလေးငယ်များကိုလည်း မိခင်များလက်ထဲသို့ ပြန်၍အပ်တော်မူလိမ့်မည်။ သေခြင်းကြောင့် ကွဲကွာသွားသောမိတ်ဆွေများလည်းပြန်လည်တွေ့ဆုံကြလိမ့်မည်။ မည်သည့်အခါမျှ ခွဲခွာခြင်းမရှိတော့ဘဲ ဝမ်းမြောက်ဖွယ်သီချင်းများကိုဆိုလျက် ရွှေမြို့တော်ဆီသို့ တက်ကြွသွားကြပါသည်။

## သန့်ရှင်းသောမြို့တော်ထဲသို့

ကုဋ္ဌေနှင့်ချီသော ထိုလူအုပ်ကြီးသည် ခရစ်တော်ကိုသာစူးစူးစိုက်စိုက်ကြည့်နေကြပါသည်။ "လူမဟုတ်သကဲ့သို့ မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်းအသရေပျက်ခြင်း" ရှိခဲ့ဖူးသော ကိုယ်တော်ရှင်၏ ဘုန်းတော်ကို ကယ်တင်ခြင်းခံရသူတိုင်းက ကြည့်နေကြပါသည်။ ဟေရှာ၊ ၅၂း၁၄။ ကိုယ်တော်ရှင်သည် အောင်ပွဲဆင်ခဲ့သော ထိုသူအပေါင်းတို့၏ဦးခေါင်းတွင် ဘုန်းဦးရစ်သရဖူကိုဆောင်းပေးတော်မူသည်။ မိမိ၏ "နာမည်သစ်" နှင့် "ထာဝရဘုရားအား သန့်ရှင်းခြင်း" ဆိုသည့်စာတမ်းကို ကမ္ပည်းထိုး. . . .

ထားသည့်သရဖူများကို ထိုသူအားလုံးရကြလိမ့်မည်။ (ဗျာ၊ ၂း၁၇)။ ထိုသူတိုင်း၏လက်ထဲတွင် အောင်သပြေခက်နှင့် ရွှေစောင်းများရှိနေပါသည်။

ထိုနောက် အမိန့်ပေးသောကောင်းကင်တမန်များက အချက်ပြလိုက်သည်နှင့်တစ်ပြိုင်နက် ညက်ညောသာယာသောသီချင်းသံစဉ်များကို ကျွမ်းကျင်စွာတီးခတ်ခကြပါသည်။ "ငါတို့ကိုချစ်၍မိမိအသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍ မိမိခမည်းတော်ဘုရားသခင်ရှေ့၌ ငါတို့ကို ရှင်ဘုရင်အရာ၌လည်းကောင်း၊ ယဇ်ပုရောဟိတ်အရာ၌လည်းကောင်း၊ ထားတော်မူသောသူသည်ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော်မူစေသတည်း" ဟူသော ဓမ္မသီချင်းဖြင့် လူတိုင်း ကြွေးကြော်နေကြပါသည်။ ဗျာဒိတ် ၁း၅-၆။

ထိုသူများ၏ရှေ့တွင် သန့်ရှင်းသောမြို့တော်ရှိနေပါသည်။ မြို့တော်၏ဂိတ်တံခါးများကို ခရစ်တော်ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် သမ္မာတရားကိုစောင့်ထိန်းခဲ့သူများသည် မြို့တော်ထဲသို့ဝင်သွားကြပါသည်။

ထိုစဉ်တွင် "ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကိုခံသောသူတို့ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့" ဟူသော ကိုယ်တော်၏မိန့်မြွက်သံကို ကြားရပါသည်။မဿဲ ၂၅း၃၄။ ခရစ်တော်က "ငါမှစ၍ ငါ့အား ဘုရားသခင်ပေးတော်မူသောသူငယ်တို့သည် ရှိကြပါ၏။" "အကျွန်ုပ်အားပေးတော်မူသောသူတို့ကို အကျွန်ုပ်စောင့်မပါပြီ" ဟု ကြွေးကြော်ကာ မိမိအသွေးတော်ဖြင့် ဝယ်ခဲ့ရသူများအား ခမည်းတော်ဘုရားသခင်ထံတွင်ဆက်ကပ်တော်မူပါသည်။ ဟေဗြဲ ၂း၁၃။ ယောဟန် ၁၇း၁၂။ မိမိ၏ ပုံသဏ္ဌာန်တော်ကိုလည်းကောင်း အပြစ်အနာအဆာ

ကင်းစင်၍ မိမိတို့နှင့်တစ်ဖန်လိုက်ဖက်ညီနေသည့် ကယ်တင်ခံရသူများကို ကြည့်မြင်တော်မူသောအခါ ထာဝရဘုရားသခင်သည် အလွန်ပီတိထောမနာဖြစ်လျက်ရှိနေပါသည်။

ပြင်းထန်သောဝေဒနာနှင့် အသရေပျက်ခြင်းများကိုရင်ဆိုင်လျက် ကယ်တင်ခဲ့ရသည့်အသက်ဝိညာဉ်များကို နိုင်ငံတော်တွင်တွေ့မြင်ရသည့်အတွက် ခရစ်တော်ကိုယ်တိုင်လည်း ဝမ်းသာပီတိဖြစ်နေပါသည်။

ကယ်တင်ခြင်းခံရသူများသည်လည်း ကိုယ်တော်နှင့်အတူဝမ်းမြောက်နေကြပါသည်။ ၎င်းတို့၏ ဆုတောင်းခြင်း၊ အမှုတော်ဆောင်ခြင်းနှင့် အနစ်နာခံခြင်းများကြောင့် ကယ်တင်ခြင်းခံရသူများကိုကြည့်ကာ သူတို့ဝမ်းမြောက်နေကြပါသည်။ မိမိတို့ကြောင့်ကယ်တင်ခြင်းခံခဲ့ရသူများကို တွေ့မြင်သောအချိန်တွင် ၎င်းတို့၏နှလုံးသားတွင် ဝမ်းသာမှုအပြည့်ခံစားကြရလိမ့်မည်။

## အာဒံ (၂) ယောက်တွေ့ဆုံခြင်း

ဘုရားသခင်၏ ကောင်းကင်ရွှေမြို့ကတော်က ကယ်တင်ခြင်းခံရသူများကိုကြိုဆိုနေစဉ် ဝမ်းမြောက်ပီတိအပြည့်ဖြင့် ဟစ်ကြွေးလိုက်သောအသံတစ်ခုကိုကြားရပါသည်။ အာဒံ (၂)ယောက်တွေ့ဆုံကြတော့မည်။ သားတော်ဘုရားသည် လူသားအပေါင်း၏ဖခင်ဖြစ်ပြီး မိမိကိုယ်တိုင်ဖန်ဆင်းခဲ့သည့် အာဒံ၊ သူကျူးလွန်သည့်အပြစ်ကြောင့် မိမိလက်မှာ အနာရွတ်များကိုဖြစ်စေခဲ့သည့် ထိုအာဒံကိုကြိုဆိုနေပါသည်။ ထိုအနာရွတ်များကို တွေ့သောအခါ အာဒံသည် ခရစ်တော်ရှေ့တွင်ပျပ်ဝပ်လိုက်ပါသည်။ ထိုစဉ်တွင် ခရစ်တော်သည်

၎င်းအား မတ်တတ်ထစေလျက် သူထာဝရနေသွားရမည့် ဧဒင်အိမ်တော်ကိုကြည့်ရန် အာဒံအားမိန့်ဆိုလိုက်ပါသည်။

အာဒံ၏ဘဝသည် ဝမ်းနည်းမှုများနှင့် ပြည့်ဝခဲ့ပါသည်။ကြွေသွားသည့်သစ်ရွက်များ၊ ယဇ်ပူဇော်ခံနေရသည့် တိရစ္ဆာန်များနှင့်တကွ စင်ကြယ်မှုများကို ပျက်စီးစေသည့် အစွန်းအထင်းများတို့သည် ၎င်းအား ကျူးလွန်ခဲ့သည့်အပြစ်ကို ပြန်လည်သတိရစေခဲ့ပါသည်။ အပြစ်တရားကိုအစပြုခဲ့သူအဖြစ် အပြစ်တင်ခံရသောအခါ ပြင်းထန်သည့်စိတ်ဆင်းရဲမှုကို သူခံစားခဲ့ရပါသည်။ သို့စေကာမူ မိမိကျူးလွန်ခဲ့သည့်အပြစ်အတွက် အမှန်တကယ်နောင်တရကာ ထမြောက်ခြင်းကိုမြော်လင့်လျက် သူသေလွန်ခဲ့ပါသည်။ ယခုတွင်မူ ခရစ်တော်ပြုခဲ့သည့်အပြစ်ဖြေခြင်းကြောင့် မူရင်းနေရာသို့ သူပြန်လည်ရောက်ရှိလာပါသည်။

ဧဒင်ဥယျာဉ်ထဲသို့ ဝမ်းပန်းတသာ ပို့ဆောင်ခြင်းခံရသောအာဒံသည် အပြစ်ကင်းသောဘဝတုန်းက သူအလွန်မတန်နှစ်သက်မြတ်နိုးစွာဖြင့်စုသိမ်းခဲ့သည့် အသီးများသီးသောအပင်များကိုတွေ့မြင်ရပါသည်။ သူကိုယ်တိုင်ပြုပြင်ခဲ့ရသည့် စပျစ်နွယ်ပင်ကိုလည်းသူတွေ့သည်။ ထိုဥယျာဉ်သည် ပြန်လည်ရရှိသည့် ဧဒင်ဥယျာဉ်အစစ်ပါတကား။

ကယ်တင်ရှင်သည် သူ့အား အသက်ပင်ဆီသို့ခေါ်သွားကာ အသက်ပင်၏အသီးကိုစားစေတော်မူ၏။ ထိုနောက် ကယ်တင်ခြင်းခံရသည့် မိမိ၏ သားမြေးများကိုတွေ့မြင်လိုက်ရာ ချက်ချင်း မိမိ၏ဦးရစ်သရဖူကို ချွတ်၍ ခရစ်တော်၏ ခြေတော်ရင်းတွင် ချကာဖန်ဆင်းရှင်ကို သူဖက်ထားပါသည်။ ထိုနောက် သူသည် ရွှေစောင်းကို

တီးခတ်လိုက်သည်နှင့် ကောင်းကင်နိုင်ငံရောက်ကယ်တင်ခြင်းခံရသူများက "အသေသတ်ခြင်းကိုခံခဲ့ပြီးသော သိုးသငယ်သည် ---- ကောင်းချီးမင်္ဂလာကိုခံထိုက်တော်မူ၏" ဟူ၍ အောင်မြင်ခြင်းဓမ္မတေးကိုကျူးဧကြေပါသည်။ ဗျာဒိတ် ၅း၁၂။ အာဒံမိသားစုတစ်ခုလုံးသည် ကိုယ်တော်အား ချီးမွမ်းထောမနာပြုကာ ကျူးဧနေကြစဉ်တွင် ၎င်းတို့၏သရဖူများကိုချွတ်ပြီး ခရစ်တော်၏ ခြေတော်ရင်းတွင်ချထားကြပါသည်။

အာဒံအပြစ်တွင် ကျဆုံးစဉ်က ကောင်းကင်တမန်များ ငိုကြွေးခဲ့ကြသော်လည်း နာမတော်ကိုယုံကြည်သူများအတွက် ခရစ်တော်က မြို့တော်တံခါးကို ဖွင့်ပေးသောအချိန်တွင် ကောင်းကင်တမန်များ ဝမ်းမြောက်နေကြပါသည်။ ကယ်တင်ခြင်း စီမံကိန်းကြီး အထမြောက်အောင်မြင်ကြောင်း ယခုတွင် သူတို့တွေ့ရှိကြပြီဖြစ်ရာ အာဒံ၏မိသားစုနှင့်အတူသူတို့လည်းဂုဏ်တော်ချီးမွမ်းကြပါသည်။

"သားရဲနှင့်လည်းကောင်း၊ သူ၏ရုပ်တုနှင့်လည်းကောင်း၊ သူ၏နာမအရေအတွက်နှင့်လည်းကောင်း လွတ်၍အောင်မြင်သောသူတို့သည်" "မီးနှင့်ရောသောဖန်ရေကန်" တွင် စုရုံးရောက်ရှိနေကြသည်။

လူတို့အထဲမှ ကယ်နုတ်ခြင်းခံရသော တစ်သိန်းလေးသောင်းလေးထောင်တို့သည် "မောရှေ၏ သီချင်းနှင့် သိုးသငယ်၏သီချင်း" တည်းဟူသော သီချင်းသစ်ကို သီဆိုကြပါသည်။ ဗျာဒိတ် ၁၅း၂-၃။ ထိုသီချင်းသစ်ကို တစ်သိန်းလေးသောင်းလေးထောင်မှ တစ်ပါးအခြားသူတို့မဆိုတတ်ကြချေ။ အကြောင်းမှာ "သိုးသငယ်သွားလေရာအရပ်သို့ နောက်တော်၌လိုက်သောသူများ" ၌သာ ထိုသီချင်းကိုဆိုနိုင်သည့် အတွေ့အကြုံရှိ၏။ ထိုအတွေ့အကြုံများကို အခြားသူများ၌

မတွေ့ရချေ။ ၄င်းပြင် ဤသူများသည် အသက်ရှင်သူများထဲမှရွေး နုတ်ခြင်းခံရသော အဦးသီးသည့်အသီးများဖြစ်ကြသည်။ ဗျာဒိတ် ၁၄း၄-၅။

လူသတ္တဝါများ ဤကမ္ဘာတွင်ရှိခဲ့သည့်အချိန်မှစ၍ထိုအ ချိန်အထိ တစ်ခါမျှမဖြစ်ဖူးခဲ့သော ဒုက္ခဆင်းရဲခြင်းကာလမျိုးကိုသူ တို့ကျော်လွှားခဲ့ကြပါသည်။ ယာကုပ်၏ဒုက္ခကာလကို သူတို့ရင်ဆိုင် နိုင်ခဲ့ကြပါသည်။ ဘုရားသခင်၏ နောက်ဆုံးတရားစီရင်ချက်ချနေ သည့်ကာလတစ်လျှောက်လုံးတွင် သူတို့သည် ကြားဖျန်ဖြေသူမရှိ ဘဲ ခံရပ်နိုင်ခဲ့ကြပါသည်။ သူတို့သည် "မိမိတို့ဝတ်လုံကိုသိုးသငယ် ၏အသွေး၌လျှော်" ခဲ့ကြပါသည်။

"အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့၏နှုတ်၌ မုသား မရှိ။" "သူတို့သည် နောက်တစ်ဖန်ရေစာကိုမငတ်မွတ်ကြရ။နေရောင် ခြည်အလျှင်းမထိရ။ အဘယ်အပူကိုမျှမခံရကြ။ အကြောင်းမူကား ပလ္လင်တော်အတွင်း၌ရှိသောသိုးသငယ်သည် သူတို့ကိုလုပ်ကျွေး၍ အသက်စမ်းရေတွင်းသို့လမ်းပြလိမ့်မည်။ ဘုရားသခင်လည်း သူတို့မျက်စိ၌ မျက်ရည်ရှိသမျှတို့ကိုသုတ်တော်မူမည်။" ဗျာဒိတ် ၇း၁၄။ ၁၄း၅။ ၇း၁၆-၁၇။

## ဘုန်းနှင့်ပြည့်စုံသောကယ်နုတ်ခံရသူများ

ဘုရားသခင်၏ သားသမီးများသည် ကျဉ်းသောလမ်းကို ခေတ်အဆက်ဆက်လျှောက်ခဲ့ကြပါသည်။ ဒုက္ခမီးလျှံအားဖြင့်အ သက်တာကို ဆေးကြောဖြူစင်စေခဲ့ကြပါသည်။ ခရစ်တော်အတွက် မုန်းတီးခြင်း၊ အရေဖျက်ခြင်း၊ ခါးသီးသော စိတ်ပျက်စရာများ

ကိုယ်အလိုကို ငြင်းပယ်ခြင်းများကို သူတို့ရင်ဆိုင်ခဲ့ကြရပါသည်။အပြစ်၏မကောင်းမှု၊ အပြစ်၏တန်ခိုးနှင့် အပြစ်၏မင်္ဂလာများကို သူတို့သိရှိခဲ့ကြရသဖြင့် စက်ဆုပ်ရွံ့ရှာစွာဖြင့် အပြစ်ကိုရှုမြင်နေကြပါသည်။ အကန့်အသတ်မဲ့ဆက်ကပ်မှုတစ်ခုကြောင့် သူတို့စိတ်နှလုံးများသည် ပျော်ရွှင်မှုများနှင့် ပြည့်ဝလာပါသည်။ သူတို့သည် များစွာအပြစ်လွှတ်ခံရသဖြင့် ခရစ်တော်နှင့်အတူ ဒုက္ခခံစားခဲ့ကြသဖြင့် ခရစ်တော်၏ဘုန်းတွင် ဝင်စားထိုက်သူများ ဖြစ်ကြပါသည်။

ဘုရားသခင်နိုင်ငံတော်ဝင်စားမည့် ထိုသူများသည် အထပ်ခိုးများ၊ တဲစုတ်ကလေးများ၊အကျဉ်းခန်းများ၊ကပ်တိုင်များတောတောင်များ၊ လိုဏ်ဂူများကို ကျော်လွှားလာခဲ့သူများဖြစ်ကြသည်။ထိုသူတို့သည် "လွှနှင့်အပိုင်းပိုင်းတိုက်ဖြတ်ခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်း၊ ဓါးလက်နက်နှင့်ကွပ်မျက်ခြင်း" ခံခဲ့ရသူများဖြစ်၏။

သန်းနှင့်ချီသောလူသား များသည် စာတန်နောက်သို့ မလိုက်လိုကြသဖြင့် ရှက်စရာအဖြစ် အပျက်နှင့် ရင်ဆိုင်ကာ သေပွဲဝင်ခဲ့ကြရသည်။ ယခုတွင်မူသူတို့သည် ဒုက္ခသည်အနှိပ်စက်ခံလူများမဟုတ်ကြတော့ချေ။ လောကတွင် အမြတ်ဆုံးဝတ်ရုံများထက်ကြီးမြတ်သော ဖြောင့်မတ်ခြင်းဝတ်ရုံကို ဝတ်ဆင်လျက်၊ လောကဘုရင်များဆောင်းသည့် သရဖူများထက် သာလွန်ကျက်သရေရှိသည့် သရဖူကိုဆောင်းလျက်ရှေ့တော် မှောက်တွင်ရပ်ထနေကြပါသည်။

ထာဝရဘုရားသခင်သည်၎င်းတို့၏မျက်နှာပေါ်မှမျက်ရည်များကို သုတ်ပေးတော်မူခဲ့ပြီဖြစ်ရာ ၎င်းတို့သည် သာယာသော အသံဖြင့်ဂုဏ်တော်ကိုချီးမွမ်းထောမနာပြုကြပါသည်။ "ပလ္လင်ပေါ်မှာ ထိုင်တော်မူသောငါတို့၏ ဘုရားသခင်နှင့်သိုးသငယ်. . . .

သည် ကယ်တင်တော်မူခြင်း ချမ်းသာရှိတော်မူစေသတည်း” ဟူသော ဓမ္မတေးသံသည် ကောင်းကင်ဘဝဂ်ဝယ် ပဲ့တင်ထပ်နေရာ “အာမင်၊ ငါတို့၏ ဘုရားသခင်သည် ကမ္ဘာအဆက်ဆက်ကောင်းချီးမင်္ဂလာ၊ ဘုန်း၊ ပညာနှင့်တကွ ကျေးဇူးချီးမွမ်းခြင်း၊ ဂုဏ်အသရေ၊ တန်ခိုး သတ္တိရှိတော်မူစေသတည်း” ဟု ခပ်သိမ်းသောသူတို့က တုံ့ပြန်ကြ၏။ ဗျာဒိတ် ၇း၁၀၊၁၂။

ကျွန်ုပ်တို့သည် ဤလောကတွင်ရှိစဉ် ကယ်တင်ခြင်းဆိုင်ရာ အံ့သြဖွယ်များကို နားလည်စပြုရုံသာဖြစ်၏။ ကျွန်ုပ်တို့၏ မဖြစ်စလောက်သောဉာဏ်ကလေးနှင့် ရှက်ကြောက်စရာနှင့် ဘုန်းအသရေကိုလည်းကောင်း၊ အသက်ရှင်ခြင်းနှင့်သေခြင်းကိုလည်းကောင်း၊ ကပ်တိုင်ထက်တွင် တွေ့ဆုံခဲ့ကြသော တရားမျှတခြင်းနှင့် ကရုဏာတော်များအကြောင်းကိုလည်းကောင်း စဉ်းစားတတ်ရုံလောက်သာ ရှိပါသည်။

သို့သော်ငြားလည်းဤအရာများ၏ အရေးပါထူးခြားချက်များကိုမူ နားလည်နိုင်စွမ်းမရှိကြချေ။ ကယ်တင်ခြင်းဆိုင်ရာ မဟာမေတ္တာတော်၏ အလျားအနံနှင့် အတိမ်အနက်ကိုမူ ဝိုးတဝါးသာသိမြင်နိုင်ကြပါသည်။ ထိုကယ်နုတ်ခြင်းခံရသူများသည် မိမိကိုယ်ကိုအရှိအတိုင်း သိမြင်သည့်အချိန်မှာပင် ကယ်တင်ခြင်းစီမံကိန်းကို လုံးစေ့ပတ်စေ့ နားလည်နိုင်ကြမည်မဟုတ်ပါ။ ဝမ်းမြောက်ကြည်နူးနေသော ထိုသူများသည် အသစ်အသစ်သော တရားတော်များကို စဉ်ဆက်မပြတ် သိရှိနားလည်လာကြလိမ့်မည်။ ဝမ်းနည်းခြင်းများ၊ နာကျင်မှုများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများ အဆုံးသတ်သွားသည်မှာမှန်သော်လည်း ဘုရားသခင်၏ သားသမီးများသည် ကယ်တင်ခြင်းအတွက် ပေးလိုက်ရသည့် တန်ဖိုးကို အသေအချာသတိရသိရှိနေကြပါလိမ့်မည်။

ထိုကပ်တိုင်သည် ကယ်တင်ခံရသူများသီဆိုကျူးဧသော သီချင်းအဖြစ် ထာဝရကာလရပ်တည်နေလိမ့်မည်။ ကပ်တိုင်အတင်ခံ ခဲ့ရသောခရစ်တော်ကို ဘုန်းဝင်စားသည့်ခရစ်တော်၌ သူတို့တွေ့မြင် ကြရမည်။ အပြစ်တွင်ကျဆုံးသွားသည့် လူသားများကို ပြန်လည် မြှင့်တင်နိုင်ရန်အလို့ငှာ ကောင်းကင်ဗိုလ်ခြေအရှင်သည် နှိမ့်ချခြင်းကို ခံခဲ့သည်ဆိုသည့်အချက်ကို မည်သည့်အခါမျှ မေ့ပျောက်နိုင်လိမ့်မည် မဟုတ်ချေ။

ပျောက်ဆုံးနေသောလူသားများ၏ အမင်္ဂလာများသည် ကိုယ်တော်၏နှလုံးသားကိုခွဲကာ ကိုယ်တော်၏ အသက်ကို အဆုံးစီ ရင်သည့်အချိန်အထိ ခရစ်တော်သည် အပြစ်၏ဆိုးကျိုးရှက်ကြောက် စရာများနှင့်တကွ ခမည်းတော်ဘုရားသခင်၏ မျက်နှာလွှဲခြင်းကိုခံ တော်မူခဲ့သည်ကိုလည်း မေ့ရနိုင်ကြမည်မဟုတ်ချေ။ လူသားများ အပေါ်ထားသည့် မဟာမေတ္တာတော်ကြောင့် မိမိ၏ ဘုန်းအာနုဘော် တော်များကို ဖန်ဆင်းရှင်ဘေးဖယ်ထားခဲ့သည်ဆိုသည့် အချက်မှာ လည်းစကြဝဠာကြီးအတွက် အမြဲတမ်းအံ့သြစရာတစ်ခုပမာ ဖြစ်နေ ပေလိမ့်မည်။

ကယ်တင်ခြင်းခံရသည့် လူမျိုးအသီးသီးတို့သည် မိမိတို့၏ ကယ်တင်ရှင်ကို မြော်ကြည့်လိုက်ကြရာ ကိုယ်တော်ရှင်၏နိုင်ငံတော် သည် ထာဝရနိုင်ငံဖြစ်ကြောင်း သိရှိလာကြသဖြင့် "အသေသတ်ခြင်း ကိုခံတော်မူသောအားဖြင့် ---- အကျွန်ုပ်တို့ကို ---- ဘုရားသခင် အဖို့ ရွေးနုတ်တော်မူ၏။"

ကပ်တိုင်၏အသိခက်စရာနက်နဲမှုသည် အခြားနက်နဲသော အရာအားလုံးကို ထင်ရှားစေ၏။ အနန္တဉာဏ်တော်အရှင်၊ ဘုရား သခင်သည် သားတော်အား ဆက်ကပ်ပူဇော်ခြင်းအားဖြင့် ကယ်တင် ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်ကိုထင်ရှားစွာတွေ့မြင်

နိုင်ပါသည်။ ထိုအနစ်နာခံမှုအတွက် ရရှိသည့်လျော်ကြေးမှာရွေးနုတ်တော်မူထားသည့် သန့်ရှင်းပြီး ပျော်ရွှင်၍ မသေတတ်သောလူသားများဖြင့် ကမ္ဘာကြီးအားပြည့်စေခဲ့သဖြင့် ခံစားရသောဝမ်းမြောက်မှုပင်ဖြစ်သည်။ ဤအရာမှာ အဖိုးအခပေးရန် သဘောတူတော်မူခဲ့သည့်လူသားတို့၏ တန်ဖိုးပင်ဖြစ်သည်။ မိမိကိုယ်တိုင်အနစ်နာခံမှု၏အသီးများကိုကြည့်ကာ ခရစ်တော်ကိုယ်တော်တိုင်လည်း ကျေနပ်တော်မူလျက်ရှိပါသည်။

-----o-----

# အခန်း (၄၁)
# ဤကမ္ဘာကြီးပျက်စီးသွားခြင်း

"ထာဝရဘုရားသည် စာတန်၏ဖမ်းစားခြင်းခံနေရသော မိမိ၏သားသမီးများဘက်သို့လှည့်၍ မိန့်တော်မူလိုက်ရာ ဘဝတိုက်ပွဲတွင် ပိုင်ဆိုင်သမျှအရာအားလုံးကို ဆုံးရှုံးခဲ့သူများ၏ ကြောက်စရာနိုးထလာမှုများကိုတွေ့ရပါသည်။ သူဌေးများသည် စာတန်၏လှည့်ဖြားမှုကြောင့် ကမ်းမမြင်လမ်းမမြင်ဖြစ်ကာ ချို့တဲ့သူများအပေါ် မာနထောင်လွှားခဲ့ပါသည်။ သူတို့သည် ငတ်သူကို အစာမကျွေး၊ အဝတ်မရှိသူကိုလည်းအဝတ်မပေး၊ အကြင်နာမေတ္တာကင်းစွာ ဆက်ဆံခဲ့ကြသည်။ ယခုတွင် ၎င်းတို့အား သူဌေးပါဟုခေါ်ဝေါ်သမုတ်စေသည့်အရာအားလုံးသည် ပြောင်တလင်းခါချေပြီ။ ရုပ်တုသဖွယ်ကိုးကွယ်ခဲ့သော ထိုပစ္စည်းဥစ္စာများပျက်စီးသွားသည်ကို ကြောက်လန့်တကြားသူတို့ကြည့်နေကြပါသည်။ သူတို့သည် လောကစည်းစိမ်များအတွက် မိမိအသက်ဝိညာဉ်ကိုရောင်းခဲ့ကြသော်လည်း ဘုရားသခင် ရှေ့မှောက်တွင် မချမ်းသာကြပါတကား။

သူတို့၏အသက်တာသည် ကျဆုံးမှုနှင့် သာအဆုံးသတ်ပြီး ခံစားခဲ့ရသောသာယာမှုများသည် ခါးသီးမှုများအသွင်သို့ပြောင်းသွားစေခဲ့ပါသည်။ တစ်သက်လုံးရှာဖွေစုဆောင်းခဲ့သမျှသည် တစ်ခဏချင်းတွင် ပျောက်ဖျက်သွားချေပြီ။ သူဌေးများသည် ၎င်းတို့ပိုင်သည့် အိမ်ကြီးရနိုင်များ ပျက်စီးဆုံးရှုံးမှုကြောင့်လည်းကောင်း၊ ပြန့်ကျဲနေသောရွှေငွေများကြောင့်လည်းကောင်း၊ ထိုပစ္စည်းများနှင့်အတူ မိမိတို့ပါပါသွားမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း ဝမ်းနည်းပက်လက် ..............................

ဖြစ်နေကြပါသည်။ ဖြစ်ပေါ်လာသည့်ရလဒ်များကြောင့် ထိုသူများဝမ်းနည်းပူဆွေးကြသော်လည်း ဆိုးယုတ်သောလုပ်ရပ်များအတွက် ၄င်းတို့နောင်တမရကြချေ။

သမ္မာတရားများကိုမဟောကြားဘဲ လူကြိုက်များသည့်တရားဟောချက်များကိုသာ ဟောကြားခဲ့သည့် တရားဟောဆရာသည် မိမိတို့ဟောကြားခဲ့သည့်အရာများ၏ ဩဇာသက်ရောက်မှုကို ယခုတွင် တွေ့မြင်ကြရပြီ။ လူတို့အား အမှားလမ်းထဲသို့ပို့ဆောင်သည့် ရေးသားခဲ့သမျှစာလုံးတိုင်းနှင့် ဟောပြောခဲ့သမျှစကားလုံးတိုင်းသည် မျိုးစေ့ကြဲလျက်ရှိရာ ယခုတွင် ရိတ်သိမ်းခြင်းကို သူတို့မြင်တွေ့ရပြီ။

"ထာဝရဘုရားမိန့်တော်မူသည်ကား ငါ့ထံမှကျက်စားသောသိုးတို့ကိုဖျက်စီး၍ အရပ်ရပ်သို့ကွဲပြားစေသောသိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏။ ထိုကြောင့် ဣသရေလအမျိုး၏ထာဝရဘုရားသခင်မိန့်တော်မူသည်ကား---- သင်တို့ပြုသောဒုစရိုက်အပြစ်ကို သင်တို့အပေါ်မှာ ငါသက်ရောက်စေမည်။"

"ငါမညှိုးငယ်စေသောလူကောင်းတို့ကို သင်သည် မုသားစကားအားဖြင့် ညှိုးငယ်စေသောကြောင့်လည်းကောင်း၊ လူဆိုး တို့သည် ဆိုးသောလမ်းကိုမရှောင်စေခြင်းငှါ အသက်ချမ်းသာပေး၍ သူတို့ကိုခိုင်မာစေသောကြောင့်လည်းကောင်း နောက်တစ်ဖန် သင် တို့သည် အချည်းနှီးသောအရာကိုမမြင်ရကြ။" ယေရမိ ၂၃း၁၃။ ယေဇကျေလ ၁၃း၂၂။

ဖြောင့်မတ်သောပညတ်တော်ကိုပေးတော်မူသည့် ဘုရားသခင်ကို မိမိတို့ပုန်ကန်မိပြီဖြစ်ကြောင်း တရားဟောဆရာများနှင့် လူအပေါင်းတို့သည် တွေ့မြင်ကြသည်။ ဘုရား၏ပညတ်တော် . . . .

တို့ကို ဘေးဖယ်ထားခြင်းကြောင့် ပျက်စီးခြင်းပင်လယ်တွင် ကမ္ဘာကြီး နစ်မြုပ်သွားသည့်တိုင်အောင် ဒုစရိုက်စမ်းချောင်းများစွာကို စီးဆင်းစေခဲ့ပါသည်။ ဆုံးရှုံးသွားသည့်ထာဝရအသက်အတွက် ထိုသစ္စာမဲ့သူများတမ်းတမှုကို စာဖွဲ့၍ပင်မဖော်ပြနိုင်အောင်ဖြစ်နေပါသည်။

ပျက်စီးခြင်းသို့ကျရောက်သွားခြင်းအတွက် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်အပြစ်တင်ခဲ့ကြသော်လည်း ထိုသူအားလုံးသည် လူတို့အား "ချော့မော့သောစကား"ကိုပြောကာ ဘုရား၏ပညတ်တော်အား အလေးမထားစေခဲ့ရုံသာမက ပညတ်တော်ကိုစောင့်သောသူများအား ညှဉ်းပန်းနှိပ်စက်ခဲ့သော တရားဟောဆရာများအပေါ် သို့ ခါးခါးသီးသီးအပြစ်ပုံခဲ့ကြပါသည်။ (ဟေရှာ၊ ၃၀း၁၀)။

"မင်းတို့ကြောင့် တို့တော့ဆုံးရှုံးခြင်းသို့ရောက်ပြီ"ဟု သူတို့ဟစ်အော်ငိုကြွေးခဲ့ကြ ပါသည်။ တစ်ချိန်က ၎င်းတို့အား သရဖူဆောင်းပေးခဲ့သည့်လက် များသည် ယခုတွင် ၎င်းတို့အား သတ်ဖြတ်ကြတော့မည်။ နေရာတကာတွင် တိုက်ခိုက်မှုများနှင့် သွေးထွက်သံယိုမှုများဖြစ်လျက်ရှိသည်။

ခရစ်တော်နှင့် ကိုယ်တော်၏ကောင်းကင်တမန်များသည် လူသားများကိုသတိပေးခြင်း၊ အလင်းပြခြင်းနှင့် ကယ်တင်ခြင်းလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် စာတန်နှင့်ရင်ဆိုင်တိုက်လှန်ခဲ့ကြရသည်။ ယခုတွင် လူအသီးသီးတို့သည် ဆုံးဖြတ်ချက်ချပြီးဖြစ်ရာ ဆိုးယုတ်သူများသည် ဘုရားသခင်အား ဆန့်ကျင်အန်တုရန် စာတန်နှင့် လုံးလုံးလျားလျားပေါင်းစည်းလိုက်ကြသည်။ "ထာဝရဘုရားသည် လူအမျိုးမျိုးတို့နှင့် တရားတွေ့စရာအကြောင်းရှိ၏"ဟု ကျမ်းစာလာသည့်အတိုင်း ဘုရားသခင်သည် စာတန်နှင့်သာတိုက်လှန်နေရ. . . .

သည်မဟုတ်ဘဲ လူသားများနှင့်လည်း တိုက်လှန်နေရပါသည်။ ယေရမိ ၂၅း၃၁။

## မရဏကောင်းကင်တမန်

"အသက်ကြီးသောသူ၊ အသက်ငယ်သောသူ၊ အပျိုမ၊ သူငယ်၊ မိန်းမတို့ကို ရှင်းရှင်းသတ်ကြလော့။ သို့ရာတွင် အမှတ်ပါသောသူကို မချဉ်းကပ်ကြနှင့်။ ငါ၏သန့်ရှင်းရာဌာနမှ အဦးပြုကြလော့"ဟူသော အမိန့်ကိုရရှိသည့် ဖျက်ဆီးသောလက်နက်များကိုင်ဆောင်ထားသူတို့ဖြင့် ပုံဆောင်ထားသော မရဏကောင်းကင်တမန်သည် ထွက်သွားကာ "အိမ်တော်ရှေ့မှာရှိသော အသက်ကြီးသူတို့ကို ရှေးဦးစွာသတ်၏။ "ယေဇကျေလ ၉း၆။

ကင်းစောင့်အတုများသည် ပထမဦးဆုံးကျဆုံးကြမည့်သူများဖြစ်သည်။ "ထာဝရဘုရားသည် မြေကြီးသားတို့ကို သူတို့ဒုစရိုက်ကြောင့် အပြစ်ပေးလိုသော်ါ မိမိအရပ်ဌာနေထဲက ထွက်တော်မူ၏။ ထိုအခါ မြေကြီးသည် မိမိ၌ရှိသောအသွေးကို ဖော်ပြရလိမ့်မည်။ မိမိ၌ အသေခံရသောသူတို့ကို နောက်တစ်ဖန်ဝှက်၍မထားရ။" "ထိုနေ့ရက်တွင် ထာဝရဘုရား၏တန်ခိုးတော်ကြောင့် သူတို့သည် အလွန်ရုန်းရင်းခတ်မှုပြု၍ တစ်ယောက်ကိုတစ်ယောက်လက်ချင်းရိုက်သော်လည်း တစ်ယောက်ကိုတစ်ယောက်တိုက်၍ သတ်ကြလိမ့်မည်။" ဟေရှာ၊ ၂၆း၂၁။ ဇာခရိ ၁၄း၁၃။

ဆိုးယုတ်သောတရားဟောဆရာများ၊ လောကီအာဏာရှင်များနှင့် လူယုတ်မာများသည် မိမိတို့၏ပြင်းထန်သောစိတ်ဖောအရ

ဆင်နွှဲသောတိုက်လှန်မှုများကြောင့်လည်း ဘုရားသခင်သွန်းလောင်း သည့် အမျက်တော်ကြောင့်လည်းကောင်း ကျဆုံးကုန်ကြပါသည်။

"ထာဝရကွပ်မျက်တော်မူခြင်းကိုခံရသောသူတို့သည် မြေကြီးတစ်ဘက်မှတစ်ဘက်တိုင်အောင် နှံ့ပြားကြလိမ့်မည်။" ယေရမိ ၂၅း၃၃။

ခရစ်တော်ကြွလာသောအချိန်တွင် လူယုတ်မာများသည် ကိုယ်တော်၏ဘုန်းတော်အလင်းကြောင့် ပျက်စီးကုန်ကြလိမ့်မည်။ ထိုနောက် ခရစ်တော်သည် မိမိလူတို့အား မြို့တော်သို့ခေါ်ဆောင် သွားမည်ဖြစ်ရာ ဤကမ္ဘာကြီးသည် နေသူမဲ့ဖြစ်လိမ့်မည်။ "ကြည့်ရှု လော့။ ထာဝရဘုရားသည် ပြည်တော်ကို လွတ်လပ်စေ၍ ပယ်ရှင်း မှောက်ထားသဖြင့် ပြည်သားတို့ကိုကွဲပြားစေတော်မူ၏။

---တစ်ပြည် လုံးလွတ်လပ်၍ ရှင်းရှင်းပျက်စီးရလိမ့်မည်ဟူ သောအရာကို ထာဝရ ဘုရားမိန့်တော်မူ၏။------ပြည်သားတို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကိုပြောင်းလဲခြင်း၊ ထာဝရ သစ္စာတော်ကိုဖျက်ခြင်းအကြောင်းကြောင့် ပြည်တော်သည် ညစ် ညူးခြင်းရှိ၏။ ထိုကြောင့် ကျိန်တော်မူသောအကျိန်သည် ပြည်တော် ကိုလွှမ်းမိုးပြီ။ ပြည်သားတို့ အပေါ်မှာ အပြစ်ရောက်လေပြီ။ ထိုကြောင့် ပြည်သားတို့သည် ပူလောင်ကြသဖြင့် ကျန်ကြွင်းသောသူတို့သည် နည်းကြ၏။" ဟေရှာယ ၂၄း၁၊ ၃၊ ၅-၆။

ဤကမ္ဘာကြီးသည် လူသူကင်းမဲ့သောကန္တာရကြီးနှင့်တူနေ ပါသည်။ မြေငလျင်ကြောင့် ပြိုပျက်နေသောမြို့များနှင့် အပြစ်မှလှန် ၍နေသောသစ်ပင်များ၊ ကျောက်တုံးကျောက်ခဲများသည် မြေမျက်နှာ ပြင်မှာပြန့်ကြဲနေပါသည်။ တောင်ကြီးများကွဲအက်ပြိုပျက်. . . . . .

သွားသည့်နေရာတွင် အလွန်ကြီးမားသည့်ဂလိုင်ကြီးများကိုတွေ့ရပါသည်။

## စာတန်ကိုနယ်နှင်ဒဏ်ပေးခြင်း

အပြစ်ဖြေရာနေ့တွင် နောက်ဆုံးကျင်းပသည့် အခမ်းအနားအားဖြင့် ကြိုတင်ပုံရိပ်ပြခဲ့သောအရာသည် ယခုတွင် အမှန်တကယ်ဖြစ်ပျက်ချေပြီ။ အပြစ်ဖြေရာယဇ်၏အသွေးအားဖြင့် တဲတော်တွင်တင်ကျံနေသောဣသရေလများ၏အပြစ်များကို ဖယ်ရှားပြီးသောအချိန်တွင် စကိပ်ဂုတ်ဟုခေါ်သည့်ဆိတ်ကို အရှင်လတ်လတ် ဘုရားသခင့်ရှေ့တော်တွင် ဆက်ကပ်ပါသည်။ ထိုနောက် ယဇ်ပုရောဟိတ်မင်းကြီးသည် "အသက်ရှင်သောဆိတ်ခေါင်းပေါ်မှာ လက်နှစ်ဖက်ကိုတင်လျက် ဣသရေလအမျိုးသားတို့၏ဒုစရိုက်မှစ၍ ပြစ်မှားသောအပြစ်အမျိုးမျိုးရှိသမျှတို့ကိုဖော်ပြ၍ ဆိတ်ခေါင်းပေါ်မှာတင်၏။" ဝတ်ပြုရာကျမ်း ၁၆း၂၁။ ထိုနည်းနှင်နှင်ပင် ကောင်းကင်ဗိမာန်တော်၌ဆောင်ရွက်နေသော အပြစ်ဖြေရာအမှုတော်ပြီးစီးသောအခါယုံကြည်သူသားသမီးများ၏အပြစ်များကို ဘုရားသခင့်ရှေ့၊ ကောင်းကင်တမန်တို့ရှေ့၊ ကယ်တင်ခြင်းခံရသူများရှေ့တွင် စာတန်အပေါ်သို့တင်တော်မူလိမ့်မည်။ သူ့စနက်ကြောင့် ဖြစ်ပွားခဲ့သော မကောင်းမှုများအတွက် သူ၌အပြစ်ရှိကြောင်း ကြေညာခြင်းခံရလိမ့်မည်။ လူသူကင်းမဲ့သောတောထဲသို့ စကိပ်ဂုတ်အား လွှတ်ခဲ့သကဲ့သို့ စာတန်အားလည်း လူသူကင်းမဲ့သောဤကမ္ဘာတွင် အထီးကျန်နေစေတော်မူလိမ့်မည်။

ခရစ်တော်၏ကြွလာခြင်းဆိုင်ရာမြင်ကွင်းကိုတပ်ဆင်ပြီး နောက် ယောဟန်က ဆက်လက်၍ "တစ်ဖန် ကောင်းကင်တမန်သည် အနက်ဆုံးသောတွင်း၏သော့နှင့်သံကြိုးကြီးကိုကိုင်လျက် ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။ ရှေးမြွေဟောင်းမာရ်နတ်စာတန်တည်းဟူသော နဂါးကိုကိုင်ဖမ်း၍ အနှစ်တစ်ထောင်ဖို့ ချည်နှောင်လေ၏။ အနှစ်တစ်ထောင်မကုန်မီတိုင်အောင် လူအမျိုးမျိုးတို့ကို မလှည့်ဖြားရမည်အကြောင်း အနက်ဆုံးသောတွင်းထဲသို့ ချပစ်လှောင်ထား၍ တံဆိပ်ခတ်လေ၏။ အနှစ်တစ်ထောင်ကုန်ပြီးမှ တစ်ဖန်ခဏလွှတ်ရဦးမည်"ဟု ဖွင့်ဆိုပြန်၏။ ဗျာ၊ ၂၀း၁-၃။

ထို"အနက်ဆုံးသောတွင်း"မှာ ရှုပ်ထွေးမှောင်မိုက်နေသော ဤကမ္ဘာကြီးကိုပုံဆောင်ပါသည်။ ဘုရားသခင်၏ကြီးမြတ်သော ထိုနေ့ကြီးကို မျှော်ကြည့်လျက် ယေရမိက "ငါသည် မြေကြီးကို ကြည့်ရှု၍ လွတ်လပ်လဟာဖြစ်၏။

မိုးကောင်းကင်ကိုလည်း ငါကြည့်ရှု၍ အလင်းမရှိ၊ တောင်တို့ကိုလည်း ငါကြည့်ရှု၍ သူတို့နှင့်တကွ ကုန်းရှိသမျှတို့သည် တုန်လှုပ်လျက်နေကြ၏။ ငါကြည့်ရှု၍ ဝပြောသောပြည်သည် တောဖြစ်လေပြီ။ မြို့များတို့သည် ပြိုပျက်လျက်ရှိကြ၏။ ထာဝရဘုရားရှေ့၊ ပြင်းစွာသောအမျက်တော်ရှေ့၌ ထိုသို့သော အချင်းအရာတို့သည်ဖြစ်ရကြ၏။ ယေရမိ ၄း ၂၃-၂၆။

ဤနေရာသည် စာတန်နှင့်သူ၏နတ်ဆိုးများ အနှစ်တစ်ထောင်ကြာစံမြန်းရမည့်အိမ်ဂေဟာဖြစ်သည်။ သူ့အား ဤကမ္ဘာမှတစ်ပါးအခြားသောအပြစ်တွင် ကျဆုံးခြင်းမရှိသေးသည့်ကမ္ဘာများသို့

သွားရောက်စုံစမ်းနှောက်ယှက်ခြင်းမပြုရန် တားမြစ်ထားတော်မူသည်။ ဤအနေအထားကို "ချည်နှောင်"သည်ဟူသောဝေါဟာရဖြင့် အသုံးပြုဖော်ပြထားပါသည်။

သူ၏တန်ခိုးကိုအသုံးပြုကာ စုံစမ်းနှောက်ယှက်ရ မည့်သူတစ်ဦးတစ်ယောက်မျှမရှိလေရာ။ သူအလွန်နှစ်သက်မြတ်နိုးသည့်လှည့်ဖြားခြင်း၊ ဖျက်ဆီးခြင်းအလုပ်များကို မလုပ်နိုင်အောင် ဖြတ်တောက်ခြင်းခံနေရပါသည်။

စာတန်ရင်ဆိုင်ရမည့် ထိုထိုးနှိပ်ချက်ကိုမျှော်ကြည့်ကာ ဟေရှာယက "အိုနံနက်သားမိုးသောက်ကြယ်၊ သင်သည် ကောင်းကင်ကကျလေပြီတကား။ အပြည်ပြည်တို့ကိုနှိပ်စက်သောသင်သည် မြေတိုင်အောင်ခုတ်လှဲခြင်းကိုခံရလေပြီတကား။ သင်ကလည်း ကောင်းကင်ပေါ်သို့ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကိုငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော်တောင်ပေါ်မှာ ငါထိုင်မည်။ မိုးတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံးသောဘုရားသခင်ကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။ သို့သော်လည်း သင်သည် မရဏာနိုင်ငံသချိုင်းတွင်းထဲသို့ နှိမ့်ချခြင်းကိုခံရလေပြီ။

သင့်ကိုမြင်သောသူတို့သည် စေ့စေ့ကြည့်ရှု၍ ဆင်ခြင်ပြီးလျှင် မြေကြီးကိုတုန်လှုပ်စေ၍ တိုင်းနိုင်ငံများကို လှုပ်ချောက်သောသူကား ဤသူလော။

လောကီနိုင်ငံကို တောကဲ့သို့ဖြစ်စေ၍ မြို့များကိုဖျက်ဆီးသောသူ၊ အချုပ်ခံရသောသူတို့ကို မိမိနေရာသို့ တစ်ဖန်မလွှတ်သောသူကား ဤသူလော"ဟူ၍ ဖွင့်ဆိုခဲ့ပါသည်။ ဟေရှာယ ၁၄း၁၂-၁၇။

စာတန်သည် အနှစ်၆၀၀၀တိုင်တိုင် ဘုရားသခင်၏သားသမီးများကို စိုးမိုးခဲ့သော်လည်း ခရစ်တော်သည် ထိုစိုးမိုးချုပ်နှောင်မှု

များကိုဖျက်ဆီးကာ အချုပ်ခံရသောသူများအား လွှတ်ပေးတော်မူခဲ့သည်။ မကောင်းဆိုးဝါးကောင်းကင်တမန်များနှင့် သူကိုယ်တိုင်မှာမူ အပြစ်၏အကျိုးသက်ရောက်မှုကိုသိရှိထားပါသည်။ "အပြည်ပြည်သောရှင်ဘုရင်အပေါင်းတို့သည် အသီးအသီးမိမိတို့သင်္ချိုင်း၌ ဘုန်းအသရေနှင့်အိပ်ကြသည်။ သင့်ကိုမူကား၊ ရွံရှာဖွယ်သော သစ်ခက်ကဲ့သို့ သင်္ချိုင်းထဲက ထုတ်ပစ်ရ၏။ သင့်ကိုမူကား၊ ရွံရှာဖွယ်သောသစ်ခက်ကဲ့သို့ သင်္ချိုင်းထဲကထုတ်ပစ်ရ၏။----သူတစ်ပါးတို့နှင့်ရောနှော၍ သင်္ဂြိုဟ်ခြင်းကိုမခံရ။ အကြောင်းမူကား၊ မိမိပြည်ကိုဖျက်ဆီးပြီ။ မိမိအမျိုးသားချင်းအလျင်းမရှိရ"ဟု ပြောဆိုကြလိမ့်မည်။ ဟေရှာယ ၁၄း၁၈-၂၀။

စာတန်သည် ဘုရားသခင်၏ပညတ်တော်ကို ဆန့်ကျင်ခြင်း၏ရလဒ်များကို နှစ်ပေါင်း ၁၀၀၀ တိုင်တိုင်တွေ့မြင်နေရလိမ့်မည်။ သူခံစားရသည့်ဝေဒနာမှာ ပြင်းထန်လှပါသည်။ ပုန်ကန်မှုစကတည်းက မိမိလုပ်ဆောင်ခဲ့သည့်အပိုင်းကဏ္ဍများကို ပြန်လည်သုံးသပ်ရန်လည်းကောင်း၊ ပြစ်ဒဏ်ခံရမည့်ကြောက်စရာအနာဂတ်ကို ကြောက်ရွံ့တုန်လှုပ်စွာမျှော်ကြည့်ရန်လည်းကောင်း ယခုတွင် သူ့အား အခွင့်အရေးပေးထားတော်မူပါသည်။

ပထမအကြိမ်ရှင်ပြန်ထမြောက်ခြင်းနှင့် ဒုတိယအကြိမ်ရှင်ပြန်ထမြောက်ခြင်းအကြားရှိ နှစ်ပေါင်း ၁၀၀၀ အချိန်အတောအတွင်း၌ လူယုတ်မာများကို တရားစီရင်ရမည်ဖြစ်သည်။ ထိုတရားစီရင်ခြင်းအမှုတော်ကို ဒုတိယအကြိမ်ကြွလာတော်မူပြီးနောက် ဆက်တိုက်လုပ်ဆောင်တော်မူမည်အကြောင်း ရှင်ပေါလုက ၁ကော၊ ၄း၅တွင် ထောက်ပြထားပါသည်။ ထိုအချိန်တွင် ဖြောင့်မတ်သူများသည် ရှင်ဘုရင်များ၊ ယဇ်ပုရောဟိတ်များကဲ့သို့ စိုးစံနေကြလိမ့်မည်။

"ပလ္လင်များကိုလည်းငါမြင်၏။ ပလ္လင်ပေါ်မှာထိုင်သောသူတို့သည် တရားစီရင်ရသောအခွင့်ကိုရကြ၏။ ----သူတို့သည် ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ယဇ်ပုရောဟိတ်ဖြစ်၍ အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့် အတူစိုးစံရကြလိမ့်မည်။" ဗျာဒိတ်ကျမ်း ၂၀း၄-၆။

ထိုအချိန်တွင် "သန့်ရှင်းသူတို့သည် လောကီနိုင်ငံကို တရားစီရင်မည်။" ၁ကော၊ ၆း၂။ ထိုသူတို့သည် ခရစ်တော်နှင့်အတူ လူယုတ်မာများအားငှင်းတို့၏လုပ်ရပ်များအတိုင်း တရားစီရင်ကြလိမ့်မည်။ ထိုနောက် ထိုလူယုတ်မာများခံရမည့်ပြစ်ဒဏ်များကို မရဏာစာစောင်တွင် ၎င်းတို့၏အမည်များနှင့် ယှဉ်တွဲဖော်ပြထားသည့် ဒုစရိုက်အကျင့်များအလျောက် စီရင်ချက်ချပါသည်။

စာတန်နှင့်၎င်း၏နတ်ဆိုးများသည် ခရစ်တော်နှင့် ကိုယ်တော်၏တပည့်တော်များ၏တရားစီရင်ခြင်းကိုခံကြရ ပါသည်။ "ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်မည်ဟု မသိကြသလော"ဟု ရှင်ပေါလုဖွင့်ဆိုထားပါသည်။ ၁ကော၊ ၆း၃။ ယုဒကလည်း "မိမိတို့အခွင့်အရာကိုမစောင့်၊ မိမိတို့နေရာအရပ်ကိုစွန့်ပစ်သော ကောင်းကင်တမန်တို့ကို ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလို့ငှါ ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာချုပ်နှောင်ထားတော်မူ၏" ယုဒ ၆။

နှစ်ပေါင်း ၁၀၀၀ အဆုံးတွင် ဒုတိယအကြိမ်ရှင်ပြန်ထမြောက်ခြင်းရှိပါသည်။ ထိုအချိန်တွင် လူယုတ်မာများသည် တစ်ဖန်ရှင်ပြန်လာကြကာ "မှတ်သားသောအပြစ်စီရင်ခြင်း"ကိုခံယူရန် ဘုရားသခင့်ရှေ့တော်မှောက်တွင် ခံစားကြရပါသည်။ (ဆာလံကျမ်း ၁၄၉း၉)။ ထိုကြောင့် ရှင်ယောဟန်က "ကြွင်းသောလူသေတို့သည်

ထိုအနှစ်တစ်ထောင်မကုန်မီ အသက်မရှင်ရကြ”ဟု ဖွင့်ဆိုခဲ့ပါသည်။ ဗျာဒိတ်ကျမ်း၊ ၂၀း၅။ ထိုလူယုတ်မာများနှင့်ပတ်သက်၍ ဟေရှာယကလည်း “သူတို့သည် တွင်းထဲမှတစ်စုတည်းစုဝေး၍ ချည်နှောင်ခြင်း၊ ထောင်ထဲမှာချုပ်ထားခြင်းကို ခံလျက်နေရကြလိမ့်မည်။ များစွာသောနေ့ရက်ကာလလွန်ပြီးမှ စစ်ကြောခြင်းကိုခံရကြလိမ့်မည်”ဟု ဖွင့်ဆိုထားပါသည်။ ဟေရှာယ ၂၄း၂၂။

-----ooo------

# အခန်း (၄၂)
# ထာဝရငြိမ်သက်ခြင်း
# (တိုက်လှန်ပွဲကြီးအဆုံးသတ်ခြင်း)

ခရစ်တော်သည် နှစ်ပေါင်း ၁၀၀၀အဆုံးတွင် ကယ်နုတ်ခြင်းခံရပြီးသူများနှင့် ကောင်းကင်တမန်များခြံရံကာ ဤလောကသို့ ပြန်လည်ကြွချီလာကြပါသည်။ ပြစ်ဒဏ်စီရင်ချက်ကိုကြားနာရန် သေလွန်လျက်ရှိသော လူယုတ်မာများအား ပြန်လည်ထမြောက်လာဖို့ အမိန့်ပေးတော်မူလိုက်သော် သမုဒ္ဒရာသဲလုံးတမျှ များပြားလှသည့်ထိုသူတို့သည် ရောဂါ၊ သေခြင်းနှင့်စပ်ဆိုင်သည့် တစ်စွန်းတစ်လက် ကျန်လက္ခဏာများနှင့်အတူ ထမြောက်လာကြပါသည်။ ပထမ ထမြောက်ခြင်းတွင် ပါဝင်သူများနှင့်ကွာခြားလှပါတကား။

ထိုသူအပေါင်းတို့သည် ဘုရားသခင့်သားတော်၏ဘုန်းကိုးဖူးမြော်ကာ "ထာဝရဘုရား၏အခွင့်နှင့်ကြွလာသောသူသည် မင်္ဂလာရှိစေသော"ဟု ညီညီညာညာကြွေးကြော်ကြပါသည်။ မဿဲ ၂၃း၃၉။ မေတ္တာ၏လှုံ့ဆော်မှုကြောင့်မဟုတ်ဘဲ အမှန်တရား၏စေ့ဆော်မှုကြောင့် ဆန္ဒမရှိသောနှုတ်ခမ်းများထဲမှ ထိုစကားလုံးများဖွင့်ဟလာခြင်းဖြစ်သည်။ သူတို့သည် သေပွဲဝင်ခဲ့စဉ်ကနည်းတူ ပုန်ကန်ခြားနားလိုသောစိတ်၊ ခရစ်တော်ကိုရန်ငြိုးဖွဲ့လိုသောဆန္ဒများဖြင့် နိုးထလာကြပါသည်။ အတိတ်ဘဝကိုကုစားပေးနိုင်မည့် အသစ်သောဂရုဏာကာလကို ၎င်းတို့ခံစားခွင့်မရှိချေ။

"ထိုနေ့ရက်၌ ခြေတော်သည် ယေရုရှလင်မြို့အရှေ့ သံလွင်တောင်ပေါ်မှာရပ်၍ သံလွင်တောင်သည် အလယ်၌ကွဲလေ၏။" ၇၂၇

ဇာခရိ ၁၄း၄။ အသင့်ပြင်ဆင်ထားသည့် ထိုနေရာတွင် ယေရုရှလင်မြို့ သစ်ကြီးဆင်းသက်လာရာ ခရစ်တော်သည် ကိုယ်တော်၏လူများ၊ ကောင်းကင်တမန်များနှင့်အတူ သန့်ရှင်းသောမြို့တော်ထဲသို့ ဝင်တော်မူ၏။

လှည့်ဖြားခြင်းအမှုကို မလုပ်နိုင်အောင် ဖြတ်တော်တားဆီး ခြင်းခံထားရသည့် စာတန်သည် စိတ်ပျက်လက်ပျက်ဖြစ်နေသော်လည်း သန်းနှင့်ကုဋေချီသော မိမိ၏ဘက်တော်သားလူယုတ်မာများ ထမြောက်လာသည်ကိုတွေ့ရသော အခါ ၎င်း၏မြော်လင့်ချက်များမှာ ပြန်လည်အသက်ဝင်လာပါသည်။ မဟာတိုက်လှန်ပွဲတွင် အရှုံးမပေးဖို့လည်း သူဆုံးဖြတ်လိုက်ပါသည်။ သူသည် ထိုသူအပေါင်းကို မိမိ၏ အလံအောက်တွင် ထိန်းကွပ်ပါလိမ့်မည်။ ခရစ်တော်ကို ငြင်းပယ်ထားသည့် ထိုလူယုတ်မာအပေါင်းတို့သည် စာတန်အားခေါင်းဆောင် အဖြစ်လက်ခံထားကြပြီးဖြစ်ရာ အမိန့်ပေးသမျှကို လိုက်နာရန် အဆင်သင့်ရှိနေကြပါသည်။

သို့စေကာမူ သူသည် ကလိန်ကကျစ်လုပ်တတ်သည့် မူလထုံးစံအတိုင်း မိမိကိုယ်ကို စာတန်ဖြစ်သည်ဟု အသိအမှတ်မပြုဘဲမိမိသည် အမွေဆက်ခံပိုင်ခွင့်များကို မတရားအလုယူခံရသော ဤကမ္ဘာကြီးကိုပိုင်ဆိုင်သူအစစ်ဖြစ်ကြောင်း ဖွင့်ဆိုပါသည်။ မိမိတန်ခိုးဖြင့်ရှင်ပြန်ထမြောက်စေခဲ့သယောင် ထိုသူများအား သူဖွင့်ဆိုလျက် ကယ်တင်ရှင်တစ်ပါးပမာ ကိုယ့်ကိုကိုယ်ပုံဖော်နေပါသည်။ စာတန်သည် အားနည်းသူများအား အားကြီးစေလျက် သန့်ရှင်းသော ထိုမြို့တော်ကို သိမ်းပိုက်ရန် လမ်းပြဖို့ ၎င်းတို့အားလုံးကို အားဖြည့်ပေးနေပါသည်။ မရေမတွက်နိုင်အောင် များပြားလှသည့်ထိုသူများကို လက်ညှိုးထိုးလျက် မိမိသည် လက်လွတ်.......................

ဆုံးရှုံးခဲ့ရသော နိုင်ငံတော်နှင့်တကွ အုပ်ချုပ်မှုအာဏာကို ပြန်လည်ရယူနိုင်သည့် ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သူကြေညာနေပါသည်။

ထိုလူအုပ်ကြီးထဲတွင် ရေမလွှမ်းမီကာလတွင် အသက်ရှင်နေထိုင်ခဲ့ကြသည့် ဖိုးသက်ရှည်၊ ဖွားသက်ရှည်များပါဝင်ပါသည်။ ခန္ဓာကိုယ်ကြီးမားထွားကျိုင်းသလို အသိဉာဏ်မြင့်မားသည့် ပုဂ္ဂိုလ်များ၊ လူအများက ဘုရားကဲ့သို့ ကိုးကွယ်လာသည်အထိ ထူးဆန်းသောအရာများကို တီထွင်ခဲ့သူများလည်းပါဝင်ပါသည်။ သို့ရာတွင် ၎င်းတို့၏ရက်စက်ယုတ်မာ၍ မကောင်းမှုနှင့် ပြီးသောတီထွင်မှုများကြောင့် ဘုရားသခင်သည် ၎င်းတို့အား ကမ္ဘာလောကမှပယ်ရှင်းတော်မူခဲ့ပါသည်။ တစ်ခါမျှစစ်မရှုံးဖူးသည့် ဘုရင်ကြီးများနှင့် ဗိုလ်ချုပ်များလည်း ထိုထမြောက်သူများထဲတွင် ပါဝင်နေပါသည်။ ဤအတွေ့အကြုံများသည် သေခြင်းကြောင့် ပြောင်းလဲခြင်းမရှိခဲ့ရာ။ ၎င်းတို့သေဆုံးသောအချိန်တွင် ၎င်းတို့အား အောင်ပွဲဆင်ခဲ့သူများအပေါ် အောင်ပွဲဆင်လိုသောဆန္ဒများဖြင့် သူတို့ထမြောက်လာခဲ့ကြပါသည်။

## ထာဝရဘုရားအား ပထမကြိမ်စစ်ဆင်ခြင်း

စာတန်သည် ဤပုဂ္ဂိုလ်ကြီးများနှင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ မြို့တော်ထဲတွင်ရှိနေသည့် ဗိုလ်ခြေများသည် ၎င်းတို့၏အင်အားနှင့်နှိုင်းစာလျှင် အလွန်နည်းသည်ဖြစ်ရာ မြို့တော်ကို မိမိတို့သိမ်းပိုက်နိုင်မှာဖြစ်ကြောင်း သူတို့ကြွေးကြော်ကြသည်။ ကျွမ်းကျင်သူများက စစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများကို လုပ်ဆောင်ကြသလို စစ်ခေါင်းဆောင်ကြီးများကလည်း ဗိုလ်ခြေများကို စနစ်တကျဖွဲ့စည်းကြပါသည်။

နောက်ဆုံးတွင်ချီတက်ရန် အမိန့်ရသည်နှင့်တစ်ပြိုင်နက် ခေတ်အဆက်ဆက်မှအင်အားစုများဖြင့်ဖွဲ့စည်းထားသည့် မရေမတွက်နိုင်အောင်များပြားသော ထိုဗိုလ်ခြေထုကြီးမှာ ရှေ့သို့စစ်ချီသွားပါတော့သည်။ ထိုဗိုလ်ခြေထုကြီးကို စာတန်ကိုယ်တိုင်ဦးဆောင်ပါသည်။ စစ်တပ်၏တိကျသောစည်းစနစ်များနှင့်အညီ ဗိုလ်ခြေအဆင့်ဆင့်သည် ဘုရားသခင်၏မြို့တော်ဆီသို့ စစ်ချီသွားကြပါသည်။ ယေရှု၏အမိန့်ဖြင့် ယေရုရှလင်မြို့သစ်ရှိတံခါးများကို ပိတ်ထားရာ စာတန်၏ဗိုလ်ခြေများသည် မြို့ပတ်လည်တွင် စတင်တိုက်ခိုက်ရန် အသင့်နေရာယူထားကြပါသည်။

ယခုတွင် ခရစ်တော်သည် ရန်သူများ၏မြင်ကွင်းတွင် ပေါ်လာချေပြီ။ ရွှေစင်ဖြင့်အုတ်မြစ်ချထားသည့် မြို့တော်၏အထက်ဝေးလံမြင့်မားသောနေရာတွင် ပလ္လင်တစ်ခုရှိ၏။ ထိုပလ္လင်ထက်တွင် သားတော်ဘုရားသည် ထိုင်တော်မူလျက် ပတ်လည်တွင်ကောင်းကင်သားများခစားနေကြပါသည်။ ခမည်းတော်ဘုရား၏ဘုန်းသည် သားတော်ဘုရားကိုပတ်ရစ်ထားတော်မူ၏။ ကိုယ်တော်၏ ဘုန်းရောင်ခြည်များသည် မြို့တံခါးများကိုကျော်ကာ ကမ္ဘာကြီးပေါ်တွင်ပင်ထွန်းလင်းနေပါတော့သည်။

ပလ္လင်တော်နှင့်အနီးဆုံးနေရာတွင် ခစားနေကြသူများမှာ တစ်ချိန်က စာတန်အတွက် စိတ်အားထက်သန်စွာအမှုဆောင်ခဲ့သော်လည်း အလုံးစုံဆက်ကပ်လျက် ခရစ်တော်နောက်တော်သို့ လိုက်ခဲ့ကြသူများဖြစ်ကြသည်။

၎င်းတို့၏ နောက်နားတွင် ခစားနေကြသူများမှာ လှည့်ဖြားမှုများနှင့် ဘုရားတရားမဲ့မှုများအကြားတွင် မိမိတို့၏စာရိတ္တကို စုံလင်စေခဲ့သူများ ပညတ်တော်ကိုပယ်ဖျက် . . . . . . . . . . . . . .

လိုက်ပြီဟု ကမ္ဘာကြီးကကြွေးကြော်နေသောအချိန်တွင် ဘုရား၏ပ ညတ်တော်များကို လေးစားလိုက်နာခဲ့သူများဖြစ်ကြသည်။ ယုံကြည် ခြင်းအတွက် ခေတ်အဆက်ဆက်အသက်စွန့်သွားသူများတို့သည် လည်း ဤသူများနှင့်အတူ ခစားနေကြပါသည်။ သူတို့၏နောက်နား မှနေ၍ ခစားနေသူများမှာမူ "အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍ အဘယ်သူမျှမရေမတွက် နိုင်သော----- ဖြူသောဝတ်လုံကိုဝတ်လျက်၊ စွန်ပလွံခက်ကိုကိုင် လျက်"နေကြသူများဖြစ်ကြသည်။ (ဗျာ၊ ၇း၉)။ ၎င်းတို့ဆင်နွဲခဲ့ရသော စစ်ပွဲများကား ပြီးဆုံးခဲ့ချေပြီ။ အောင်မြင်မှုအထိမ်းအမှတ်အဖြစ် စွန်ပလွံခက်များကို သူတို့ကိုင်ထားကြပါသည်။ ခရစ်တော်၏ ဖြောင့် မတ်ခြင်းကိုပုံဆောင်သည့် ဝတ်လုံဖြူကိုလည်း သူတို့ဝတ်ဆင်ထား ကြချေပြီ။

မိမိတို့၏ကောင်းမှုကုသိုလ်များကြောင့် ကယ်တင်ခြင်းရခဲ့ သည်ဆိုသည့် ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မျှ ထိုလူအုပ်ထဲတွင်မရှိချေ။ မိမိတို့ခံစားခဲ့ရသောအရာများကို မည်သူကမှတင်စားဖွင့်ဆိုခြင်း မပြုကြဘဲ လူတိုင်းဟစ်ကြွေးနေသောအရာမှာ "ဘုရားသခင်နှင့် သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိစေတော်မူသတည်း" ဟူ၍သာဖြစ်သည်။

## ပုန်ကန်ခြားနားသူများအားပြစ်ဒဏ်စီရင်ခြင်း

စုရုံးနေကြသည့်ကောင်းကင်သားများနှင့် မြေကြီးသားများ ရှေ့တွင် သားတော်ဘုရား၏ဘိသိက်မင်္ဂလာပွဲကို ကျင်းပပါသည်။

ယခုတွင် ကြီးမြတ်သည့်တန်ခိုးတော်နှင့်ပြည့်စုံတော်မူသည့် ဘုရင်တကာတို့၏ဘုရင်သည် ပညတ်တော်ကိုလွန်ကျူးကာ မိမိ၏သားသမီးများအား နှိပ်စက်ညှဥ်းပန်းခဲ့သူများအား ပြစ်ဒဏ်စီရင်တော်မူပါသည်။ "တစ်ဖန်တုံ ဖြူသောပလ္လင်ကြီးကိုလည်းကောင်း၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူကိုလည်းကောင်း ငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှာပြေးလွှင့်၍ သူတို့နေစရာအရပ်မရှိ၊ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတစ်ပါးသောစာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏။ဗျာဒိတ်ကျမ်း ၂၀း၁၁-၁၂။

ယေရှု၏မျက်ဝန်းတော်သည် ဆိုးယုတ်သူများအပေါ်သို့ ကြည့်တော်မူစဉ် ထိုသူများသည် မိမိတို့ကျူးလွန်ခဲ့သမျှအပြစ်အသီးသီးကို ပြန်လည်သတိရကြသည်။ သန့်ရှင်းခြင်းလမ်းမှ မည်သည့်နေရာတွင် မိမိတို့လမ်းခွဲခဲ့သည်ကိုလည်း သူတို့မြင်တွေ့နေကြပါသည်။ အပြစ်ဒုစရိုက်ကိုလိုက်စားရန် ၄င်းတို့ရင်ဆိုင်ခဲ့သည့် စွဲမက်စရာကောင်းသောစုံစမ်းနှောက်ယှက်ခြင်းများ၊ အစော်ကားခံရသည့် ဘုရား၏စေတမန်များ၊ ငြင်းပယ်ခြင်းခံခဲ့ရသည့် သတိပေးစကားများ၊ ခေါင်းမာသူများ၏ပြန်လည်ရိုက်ခတ်ခြင်းကိုခံရသည့်ဂရုဏာလှိုင်းများ၊ နောင်တမရသည့်နှလုံးသားများ စသည့်မြင်ကွင်းများသည် မီးနှင့်ရေးထားသည့်စာကဲ့သို့ အထင်အရှားပေါ်လာပါသည်။

ပလ္လင်တော်၏အထက်တွင်မူ ကပ်တိုင်တော်ကို အထင်အရှားတွေ့ရပါသည်။ အာဒံကျဆုံးသည့်မြင်ကွင်းမှအစ ကယ်တင်ခြင်း

စိမ်းကိန်းဝင်အဆင့်ဆင့်အကောင်အထည်ဖော်ပုံများကို မြင်ကွင်းကျယ်ကြီးအလား ထင်ရှားစွာတွေ့မြင်နေရပါသည်။ ကယ်တင်ရှင်၏နိမ့်ကျသောမွေးဖွားမှုကိုခံယူခြင်း၊ ကိုယ်တော်၏ရိုးစင်းသောအသက်တာ၊ ဂျော်ဒန်မြစ်တွင်နှစ်ခြင်းခံခြင်း၊ တောထဲတွင် အစာရှောင်ဆုတောင်းခဲ့ပုံများနှင့် စုံစမ်းနှောင့်ယှက်မှုခံရခြင်း၊ လူသားများအတွက်ကောင်းချီးမင်္ဂလာဖြစ်စေသည့် ကိုယ်တော်ဆောင်ရွက်ခဲ့သောအရာများ၊ ဂရုဏာတော်လုပ်ရပ်များနှင့် ကုန်ဆုံးခဲ့သောနေ့ရက်များ၊ တောင်များပေါ်တွင် ဆုတောင်းမှုအစုစုတို့ဖြင့် ကျော်လွှားခဲ့သောညများ၊ မနာလိုစိတ်၊ ရန်ညှိုးစိတ်များဖြင့် ပူးပေါင်းကြံစည်ခြင်းခံခဲ့ရပုံများ၊ ဂေသရှေမန်ဥယျာဉ်တွင် ကမ္ဘာ့အပြစ်ဝန်ထုပ်ပိသဖြင့် ခံစားခဲ့ရသောဝေဒနာများ၊ သွေးဆာနေသည့် လူထုကြီး၏လက်ထဲသို့အအပ်နှံခံရပုံ၊ တပည့်တော်များက စွန့်ပစ်သည်ကိုခံခဲ့ရပုံ၊ ယဇ်ပုရောဟိတ်မင်းနေအိမ်တွင် ရုံးတင်စစ်ဆေးခြင်းခံရပုံ၊ ပိလတ်မင်းရုံးတွင် အစစ်ဆေးခံရပုံ၊ သူရဲဘောကြောင်သောဟေရုဒ်မင်းရှေ့တွင် အစော်ကားအနှိပ်စက်အသေသတ်ခံခဲ့ရပုံများသည် ထိုသူတို့ရှေ့တွင် ထင်ထင်ရှားရှားပေါ်လာပါသည်။

ယခုတွင်မူ ကပ်တိုင်လမ်းကိုလျှောက်ခဲ့သူ ခရစ္စ်ပါရမီရှင်ခရစ်တော်၊ ကပ်တိုင်တွင်အသေသတ်ခံခဲ့ရသောခရစ်တော်၊ ကိုယ်တော်ရှင်ဝေဒနာခံစားနေရသည်ကိုကြည့်ကာ ပြက်ရယ်ပြုနေသော ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများ၊ သက်တော်စွန့်သောအချိန်တွင် တစ်ခဏမျှကျခဲ့သောမှောင်မိုက်စသည့် နောက်ဆုံးသောအချိန်တွင် တစ်ခဏမျှကျခဲ့သောမှောင်မိုက်စသည့် နောက်ဆုံးသောမြင်ကွင်းများကို လူထုကြီးရှေ့တွင် ဖော်ပြတော်မူပါသည်။

ကြောက်စရာမြင်ကွင်းသည် အရှိအတိုင်းပေါ်လာပါသည်။ စာတန်နှင့် သူ၏အပေါင်းအပါတို့မှာ ထိုမြင်ကွင်းကိုပြောင်းလဲခြင်းငှါ

မစွမ်းနိုင်ပါချေ။ ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သူများသည် မိမိတို့လုပ်ဆောင်ခဲ့သော ကဏ္ဍအသီးသီးကို ပြန်လည်သတိရကြလိမ့်မည်။ ဗက်လင်မြို့မှကလေးငယ်များကို သတ်ခဲ့သောဟေရုဒ်မင်း၊ နှစ်ခြင်းဆရာယောဟန်၏အသွေးကိုသွန်းစေခဲ့သော မိန်းမယုတ်ဟေရောဒိ၊ ဝတ်ကျေတမ်းကျေလုပ်တတ်သည့် အားနည်းသောပိလတ်မင်း၊ ကိုယ်တော်ကိုပြက်ရယ်ပြုခဲ့သော ရောမစစ်သားများ၊ ကိုယ်တော့်အသွေးသည် ငါတို့အပေါ်၌လည်းကောင်း၊ ငါတို့သားသမီးများ၏အပေါ်၌လည်း ကျပါစေဆိုပြီး ရူးသွပ်သွပ်ဖြစ်နေသောလူအုပ်ကြီးစသည့် လူယုတ်မာအပေါင်းတို့သည် မျက်နှာတော်မှအချည်းနှီးပုန်းရှောင်နေကြစဉ်တွင် "ငါတို့အတွက်အသေခံတော်မူသောအရှင်" များကို ကယ်တင်ရှင်၏ခြေတော်ရင်းတွင် ချထားကြပါသည်။

မိမိတစ်ချိန်က ညှဉ်းပန်းခဲ့သောသူများအား ချီးမြှောက်နေသည့် မြင်ကွင်းကိုလည်းကောင်း၊ မိမိအား ကျေနပ်နှစ်သိမ့်မှုကိုဖြစ်စေသည့်ငိုကြွေးညည်းတွားသူများအား ချီးမြှောက်နေသည့်မြင်ကွင်းများကိုလည်းကောင်း ကြည့်နေကြသူများထဲတွင် ရက်စက်ကြမ်းကြုတ်ရာတွင် အရှင်သခင်ဖြစ်သော နီရိုဘုရင်ကြီးလည်းပါဝင်နေပါသည်။ မိမိ၏ဩဇာလွှမ်းမိုးမှုနှင့် နမူနာပြုမှုများ၊ ကမ္ဘာကြီးအားရာဇဝတ်မှုအသီးအပွင့်များကို ဖြစ်ပေါ်စေခဲ့သော နီရိုး၏မိခင်ကြီးသည်လည်း မိမိ၏လုပ်ဆောင်မှုများကို ပြန်လည်တွေ့မြင်နေရပါသည်။

ခရစ်တော်၏သံတမန်များဖြစ်သည်ဟု မိမိကိုယ်ကိုတင်စားသော်လည်း ကပ်တိုင်များ၊ အချုပ်ခန်းများကိုပြကာ လူသားများအားထိန်းချုပ်ခဲ့သော ရောမဂိုဏ်းချုပ်ဂိုဏ်းအုပ်များလည်း ထိုနေရာတွင်

ရှိနေပါသည်။ မိမိကိုယ်ကို ဘုရားသခင်အထက်တွင်ချီးမြှောက်ကာ ဘုရား၏ပညတ်တော်ကိုပြောင်းလဲပစ်ရန် ကြိုးစားခဲ့ကြသည့် ရောမ သာသနာ့ခေါင်းဆောင်ကြီးများကိုလည်း ထိုနေရာတွင်တွေ့နေရ ပါသည်။ ဟန်ဆောင်ကောင်းသည့်ဂိုဏ်းအုပ်ကြီးများသည် ဘုရား သခင်နှင့်ဖြေရှင်းရမည့်ကိစ္စများရှိနေပါသည်။ ထာဝရဘုရားသည် ကိုယ်တော်၏ပညတ်တော်ကိုမြတ်နိုးသည်ဆိုသည့်အချက်ကို ၎င်းတို့ အသိနောက်ကျသွားချေပြီ။ ခရစ်တော်သည် ဒုက္ခနှင့်ရင်ဆိုင်ခဲ့ရသော သားသမီးများအား အထူးမြတ်နိုးကြောင်းကိုလည်း ယခုတွင် သူ တို့သိလာကြပါသည်။

ထိုလူယုတ်မာအားလုံးသည် ကောင်းကင်အုပ်ချုပ်ရေးကို သစ္စာဖောက်မှုဖြင့် တရားရင်ဆိုင်ကြရပါသည်။ လျှောက်လဲချက်တင် စရာမရှိသကဲ့သို့ ဆင်ခြေတက်စရာအကြောင်းလည်းမရှိပါချေ။ ထာဝ ရသေခြင်းပြစ်ဒဏ်ကိုခံယူစေဟု ၎င်းတို့အား အမိန့်ချမှတ်ပါသည်။

မိမိတို့လုပ်ဆောင်ခဲ့သော ပုန်ကန်ခြားနားမှုကြောင့် မိမိတို့အ ဆုံးရှုံးခံခဲ့ရသောအရာများကို ထိုလူယုတ်မာများတွေ့မြင်ကြပြီ။ "ဒါတွေဟာ တို့ပိုင်ဆိုင်ရမယ့်ဟာတွေဖြစ်တယ်။ အို၊ ငါတို့လုပ်ခဲ့တာ တွေဟာ တလွဲတွေပါလား။ စိတ်ဆင်းရဲစရာတွေ၊ စိတ်ပျက်စရာ တွေဟာ တလွဲတွေပါလား။ စိတ်ဆင်းရဲစရာတွေ၊ စိတ်ပျက်စရာတွေနဲ့ သိမ်ဖျင်းမှုတွေကို ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ဂုဏ်ပြုခြင်း များနဲ့လဲမိပါပြီတကားဟု သူတို့ငိုကြွေးမြည်တမ်းနေကြပါသည်။ မိမိတို့အား ကောင်းကင်သို့ဝင်ခွင့်မပေးခြင်းသည် တရားမျှတကြောင်း သူတို့မြင်တွေ့ရပါသည်။ သို့ဖြင့် " ဤယေရှုကို တို့အသက်တာများကို စိုးမိုးခွင့်တို့ပေးမှာမဟုတ်ဘူး"ဟု သူတို့ကြွေးကြော်ကြသည်။

## စာတန်ရှုံးနိမ့်ခြင်း

ထိုလူယုတ်မာများသည် ခရစ်တော်ဘိသိက်ခံနေသည်ကိုကြည့်ရင်း မှင်သက်မိသလိုဖြစ်နေကြပါသည်။ ကိုယ်တော်၏ လက်ထဲတွင် ၄င်းတို့အထင်သေးခဲ့သည့် ပညတ်တော် (၁၀) ပါး ကျောက်ပြား(၂)ချပ်ကို ကိုင်ထားတော်မူသည်ကို သူတို့တွေ့ ကြသည်။ ကယ်တင်ခြင်းခံရသူများ၏ ချီးမွမ်းထောမနာသံများပေါက်ကွဲလာသည်ကိုလည်း သူတို့ကြားရ၏။ ထိုအသံများသည် မြို့အပြင်တွင်ရှိနေသော လူထုကြီးထံအထိရောက်သွားရာ ၄င်းတို့အားလုံးက "လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏"ဟု ကြွေးကြော်ကာ ခရစ်တော်၏ရှေ့တွင် ပျပ်ဝပ်ကာ ကိုးကွယ်ကြပါသည်။ ဗျာ၊ ၁၅း၃။

စာတန်သည် တစ်ခြမ်းသေသွားသယောင်ဖြစ်သွားပါသည်။ တစ်ချိန်က လွှမ်းမိုးသောခေရုဗိမ်တစ်ပါးဖြစ်ခဲ့သော ထိုသူသည် မိမိကျဆင်းလာခဲ့သောနေရာကို သတိရမိနေသည်။ မိမိအား ဂုဏ်ပြုခဲ့သည့် ကောင်စီမှလည်း မိမိအား ရာသက်ပန်ထုတ်လိုက်ချေပြီ။ ထာဝရဘုရားသခင်အနီးတွင်ခစားနေသော ကောင်းကင်တမန်တစ်ပါးကို ယခုတွင် သူမြင်လိုက်ရာ ထိုကောင်းကင်တမန်ထမ်းရွက်နေသော ရာထူးတာဝန်မှာ ငါလုပ်ဆောင်ခဲ့ရသော ရာထူးတာဝန်ပါတကားဟု သူသဘောပေါက်ထားပါသည်။

မိမိ၏အပြစ်ကင်းသည့်ဘဝသည် ပုန်ကန်ခြားနားမှုမပြုမီအထိ မိမိရခဲ့သည့်ငြိမ်သက်ခြင်း၊ ကျေနပ်ရောင့်ရဲမှုများကို သူပြန်၍သတိရမိပြန်သည်။ လူသားများအချင်းချင်း ပြဿနာဖြစ်အောင် မိမိ

လုပ်ဆောင်ခဲ့သည့်အရာများကိုလည်း သူပြန်လည်ရှုမြင်မိပါသည်။ လူသားအချင်းချင်းရန်ငြိုးဖွဲ့အောင်လုပ်ဆောင်ခြင်း၊ အသက်များကိုသတ်ခဲ့ခြင်း၊ တိုင်းပြည်အုပ်ချုပ်ရေးများကိုမှောက်လှန်ခြင်း၊ ရုန်းရင်းဆန်ခတ်ဖြစ်စေခြင်း၊ တိုက်လှန်ပွဲနှင့် တော်လှန်ရေးများဖြစ်ပေါ်စေခြင်းစသည့် မိမိ၏လုပ်ရပ်များကို သူသတိရမိပါသည်။ ခရစ်တော်၏အမှုတော်ကို စဉ်ဆက်မပြတ်ဆန့်ကျင်လုပ်ဆောင်ခဲ့မှုများကိုလည်း သူသတိရမိသည်။ မိမိ၏ကြိုးစားလုပ်ဆောင်မှု၏ အသီးအပွင့်များကို သူကြည့်လိုက်ရာ ဆုံးရှုံးမှုများကိုသာ သူမြင်တွေ့ရပါသည်။ တိုက်လှန်ပွဲကြီးပြင်းထန်လာသည်နှင့်အမျှ သူသည် ရှုံးနိမ့်လာကာ အညှို့ခံရမလိုဖြစ်နေပါသည်။

ထိုမဟာသူပုန်ကြီး၏ရည်ရွယ်ချက်မှာ ထိုပုန်ကန်ခြားနားမှုအတွက် ဘုရားသခင်တွင်တာဝန်ရှိကြောင်း ဖော်ထုတ်ရန်ဖြစ်သည်။ ထိုအဆိုကိုလက်ခံစေရန် ထိုလူအုပ်ကြီးကို သူလမ်းပြခဲ့ပါသည်။ ထိုသစ္စာဖောက်ကြီးသည် သမ္မာတရားအစား၊ မှားယွင်းမှုများကို တင်ပြကာ ကမ္ဘာကြီးအား နှစ်ပေါင်းများစွာတစ်ပတ်ရိုက်ခဲ့ပါသည်။ သို့ရာတွင် ၎င်း၏ဇာတိရုပ်မှန်နှင့်လုပ်ရပ်များကိုဖော်ပြရန် အချိန်ကျရောက်လာချေပြီ။ ခရစ်တော်ကိုနန်းချကာ ကိုယ်တော်၏လူများကို သုတ်သင်ပြီး ဘုရား၏သန့်ရှင်းသောမြို့တော်ကိုသိမ်းပိုက်ရန် နောက်ဆုံးကြိုးစားခဲ့ခြင်းတွင် ထိုလှည့်ဖြားသူကြီး၏ဇာတိရုပ်မှန်ကို ထင်းထင်းကြီးမြင်တွေ့ကြရသည်။ သူနှင့်ပူးပေါင်းခဲ့မိသူများသည်လည်း ရှုံးနိမ့်ခြင်းနှင့် သာရင်ဆိုင်ကြရပါသည်။

မိမိသဘောအတိုင်း ပုန်ကန်ထကြွခဲ့ခြင်းကြောင့် ကောင်းကင်နိုင်ငံနှင့် မထိုက်တန်တော့ကြောင်းကို စာတန်မြင်ပါသည်။ သို့ဖြင့်

မိမိ၌ရှိသောတန်ခိုးများကို ဘုရားသခင်ကိုတိုက်ခိုက်ရာတွင် သူအသုံးပြုခဲ့သည်။ ကောင်းကင်နိုင်ငံ၏ညီညွတ်စင်ကြယ်မှုများသည် သူ့အတွက် မဟာညှဉ်းပန်းနှိပ်စက်မှုတစ်ခုအလား ဖြစ်လာပါသည်။ ထိုကြောင့် မိမိအပေါ်တွင်ချမှတ်သည့်စီရင်ချက်သည် တရားမျှတကြောင်း သူဝန်ခံကာ ဘုရားသခင်အား ဂါရဝပြုပါသည်။

သမ္မာတရားနှင့်ပတ်သက်သည့် မေးခွန်းအသီးသီးအတွက်လည်း ယခုတွင်ရှင်းသွားချေပြီ။ အချိန်ကြာမြင့်စွာဖြစ်ပွားခဲ့သည့် တိုက်လှန်ပွဲအတွင်းမှအမှားများလည်း ပေါ်လွင်ခဲ့ချေပြီ။ ဘုရား၏ပညတ်တော်များကို ဘေးဖယ်ထားခဲ့ခြင်းအတွက် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကိုလည်း စကြဝဠာတစ်ခုလုံးက မြင်ကြရချေပြီ။ ဘုရား၏ပညတ်တော်တည်ရှိခြင်းသည် ဝေနေယျသတ္တဝါများ၏ ပျော်ရွှင်မှုကိုဖြည့်ဆည်းပေးကြောင်း အပြစ်တရား၏သမိုင်းစဉ်က ထာဝရသက်သေတစ်ခုအဖြစ် ရပ်တည်နေလိမ့်မည်။ စကြာဝဠာအတွင်းရှိ လူကောင်းလူဆိုးအပေါင်းတို့က "လူမျိုးတကာတို့၏ဘုရင်၊ ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏"ဟု တစ်သံတည်းကြွေးကြော်ကြပါသည်။

ခရစ်တော်အား နာမအပေါင်းတို့၏အထက်တွင် ဂုဏ်ပြုရန် အချိန်သည် ရောက်လာချေပြီ။ ကိုယ်တော်သည် သားသမီးများအား ဘုန်းဝင်စားဖို့ခေါ်ဆောင်နိုင်ခြင်းကြောင့် ခံစားရမည့်ပျော်ရွှင်မှုအတွက် ကပ်တိုင်၏ဒုက္ခကိုခံတော်မူခဲ့ရသည်။ ရုပ်လုံးတော်အတိုင်း အသစ်ပြုပြင်ထားပြီးဖြစ်သော ကယ်တင်ခြင်းခံရသူများအား မျှော်ကြည့်လိုက်ရာ မိမိခံစားခဲ့ရသောဒုက္ခ၏အသီးအပွင့်များကို ကိုယ်တော်ရှင်တွေ့ရပါသည်။ ထိုကြောင့် ကျေနပ်အားရတော်မူလျက်ရှိပါသည်။

(ဟေရှာ၊ ၅၃း၁၁)။ ထိုစဉ်တွင် "ငါ့အသွေးတော်နဲ့ဝယ်ခဲ့ရသော သူတွေကိုကြည့်ကြပါ။ သူတို့အတွက် ငါအသေခံတော်မူခဲ့တယ်"ဟု လူကောင်းလူဆိုးအပေါင်းကြားလောက်သည့်အသံဖြင့် ကိုယ်တော် ကြွေးကြော်တော်မူ၏။

## လူယုတ်မာများ၏နိဂုံးချုပ်အကြမ်းဖက်မှု

စာတန်၏စာရိတ္တမှာ ပြောင်းလဲသွားခြင်းလုံးဝမရှိပါ။ ပုန်ကန် ခြားနားမှုကြီးသည် ပြင်းထန်သောရေအဟုန်ပမာ တစ်ဖန်ပေါ် ပေါက်လာပြန်ပါသည်။ ဘုရင်တကာတို့၏ဘုရင်ရှေ့တွင် အညံ့မခံဖို့ သူစိတ်ဆုံးဖြတ်ထားသော်လည်း ကုဋ္ဌေနှင့်ချီသော သူ၏နောက်လိုက် များထဲက တစ်ယောက်တစ်လေကမျှ သူ၏အကြီးအကဲပြုခြင်းကို အသိအမှတ်မပြုကြတော့ချေ။ ထိုလူယုတ်မာများသည် စာတန်ကဲ့ သို့ပင် ဘုရားသခင်ကိုအမုန်းကြီးမုန်းကြသော်လည်း မိမိတို့၏အ ခြေအနေသည် မျှော်လင့်ချက်မဲ့နေကြောင်း သူတို့သိပါသည်။ "သင် သည် ကိုယ်ကို ဘုရားသခင်ကဲ့သို့ထင်မှတ်သောကြောင့် ကြောက်မက် ဖွယ်သောတစ်ကျွန်းတစ်နိုင်ငံသားတို့ကို သင်ရှိရာသို့ ငါပို့ဆောင်သဖြင့် သူတို့သည် သင်၏ပညာဂုဏ်ကို ဓါးနှင့်ခုတ်၍ သင်၏တင့်တယ်ခြင်း အသရေကိုရှုတ်ချကြလိမ့်မည်။ သင့်ကို မြေတွင်းထဲသို့နှိမ့်ချလိမ့်မည်။ " "အိုလွှမ်းမိုးသောခေရုဗိမ်၊ မီးတောက်သောကျောက်တို့အထဲက သင့်ကိုငါပယ်ရှင်းမည်။ ----ငါသည် သင့်ကိုမြေသို့တိုင်အောင် နှိမ့်ချမည်။ ရှင်ဘုရင်တို့သည် သင့်ကိုကြည့်ရှု၍ ဝမ်းမြောက်စေခြင်းငှါ သူတို့ရှေ့မှာ သင့်ကိုငါချထားမည်။

သင့်ကိုမြင်သောသူအပေါင်းတို့ရှေ့မှာ သင်၏ပြာကို မြေပေါ်သို့ငါချထားမည်။ ----သင်သည် ကြောက်မက်ဖွယ်ဖြစ်လိမ့်မည်။ နောက်တစ်ဖန်မပေါ်လာရ။"ယေဇကျေလ ၂၈း၆-၈၊ ၁၆-၁၉။

"ထာဝရဘုရား၏------ပြင်းစွာသောအမျက်တော်သည် သူတို့အလုံးအရင်းအပေါ်မှာ သင့်ရောက်လေ၏။" "မတရားသောသူတို့အပေါ်မှာ တောက်သောမီးခဲ၊ ကန့်နှင့်ရောသောမီးလျှံ၊ ပူလောင်သောမုန်တိုင်းကိုသက်ရောက်စေ၍ သူတို့သောက်စရာဖို့ စီရင်တော်မူမည်။" ဟေရှာယ၊ ၃၄း၂၊ ဆာလံ ၁၁း၆။ ကောင်းကင်ထက်ရှိဘုရားသခင်ထံမှ မီးကျလေ၏။ ချိုင့်ဝှမ်းလျှိုမြောင်များထဲမှ မီးများထွက်လာကာ ကျောက်တောင်များပင် မီးလောင်ကုန်ကြ၏။ ဤကမ္ဘာကြီးသည် ပျက်သုဉ်းချေပြီတကား။ အရာဝတ္ထုများသည် မီးအပူရှိန်ကြောင့် အရည်ပျော်သွားကြကာ ကမ္ဘာကြီးသည် လောင်ကျွမ်းပျက်စီးသွားလေ၏။ (၂ပေ၊ ၃း၁၀)။ ကမ္ဘာကြီး၏မျက်နှာပြင်သည် ချော်ရည်ထုကြီးပမာဖြစ်နေပါသည်။ မီးရေကန်ကြီးပမာ အရာဝတ္ထုများသည် မီးအရှိန်ကြောင့် ပွက်ထနေပါသည်။ "ထာဝရဘုရားဒဏ်ပေးတော်မူရာနေ့၊ ဇိအုန်မြို့၏အမှုကိုစောင့်၍ အပြစ်ပေးတော်မူရာနှစ်ရောက်လာပြီ။"ဟေရှာယ၊ ၃၄း၈။

ဆိုးယုတ်သောသူများသည် မိမိတို့၏အကျင့်အလျောက်ပြစ်ဒဏ်စီရင်ခြင်းခံကြရပါသည်။ စာတန်မှာမူ မိမိကိုယ်တိုင်ကျူးလွန်ခဲ့သော အပြစ်များအတွက်သာမက သူတစ်ပါးအား အပြစ်ကျူးလွန်အောင်လုပ်ခဲ့သည့်အပြစ်အားလုံးအတွက်လည်း ပြစ်ဒဏ်စီရင်ခြင်းခံရပါသည်။ စာတန်တည်းဟူသော အပြစ်နှင့်တကွ အကိုင်းအခက်များဖြစ်သော ၎င်း၏နောက်လိုက်နောက်ပါများသည် နောက်ဆုံးတွင်

မီးအိုင်ထဲတွင် ရှင်းရှင်းဖျက်ဆီးခြင်းခံကြရပါသည်။ ပညတ်တော်ဆိုင်ရာ အလုံးစုံသောအပြစ်များကို စီရင်ချက်ချပြီးတော်မူပြီ။ တရားမျှတမှု၏တောင်းဆိုမှုကိုလည်း ဖြည့်ဆည်းပေးခဲ့ချေပြီ။ ယခုတွင်မူ ဘုရားသခင်၏သားသမီးများသည် စုံစမ်းနှောင့်ယှက်ခြင်းနှင့် ထာဝစဉ်ကင်းဝေးသွားကြပါပြီ။

ကမ္ဘာကြီးသည် မီးဟုန်းဟုန်းတောက်လောင်နေစဉ်တွင် ဖြောင့်မတ်သူများမှာမူ ရွှေမြို့တော်အတွင်း၌ ဘေးကင်းလုံခြုံစွာနေထိုင်လျက်ရှိပါသည်။ ဘုရားသခင်သည် ဆိုးယုတ်သောသူများအတွက် လောင်ကျွမ်းတတ်သောမီးဖြစ်နေသော်လည်း သားသမီးများအတွက်မှာမူ ဒိုင်းလွှားတစ်ခုဖြစ်နေပါသည်။ (ဗျာဒိတ်၊ ၂၀း၆။ ဆာလံကျမ်း ၈၄း၁၁)။

"ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွှေ့သွားကြပြီ။" ဗျာဒိတ် ၂၁း၁။ ထိုလူယုတ်မာများကို လောင်ကျွမ်းခဲ့သောမီးကြောင့်ဤကမ္ဘာကြီးသည် သန့်စင်သွားပါသည်။ ကျိန်ခြင်းအမင်္ဂလာ၏ အစအနကိုမျှ မတွေ့ရတော့ချေ။ မည်သည့်ထာဝရမီးအိုင်မျှလည်း အပြစ်၏ကြောက်စရာဆိုးကျိုးကို သတိရရန် ရွေးနုတ်ခြင်းခံရသူများရှေ့တွင်ရှိမနေပါ။

## ကပ်တိုင်ကိုသတိရစေသည့်အရာ

ကယ်တင်ရှင်သည် ကပ်တိုင်မှရလာသည့်အနာရွတ်များကို ဆက်လက်တည်ရှိစေလိမ့်မည်။ အပြစ်ကြောင့် ဖြစ်ပေါ်လာသည့်

ကြောက်ဖွယ်ရာဆိုးကျိုးများကို သတိရစေရန်အတွက် ထိုအရာသည် တစ်ခုတည်းသောအစအနတစ်ခုဖြစ်သည်။ ကပ်တိုင်မှရခဲ့သော ထိုအနာရွတ်များသည် ခေတ်အဆက်ဆက်ဘုန်းတော်ကို ထင်ရှားစေရုံသာမက တန်ခိုးတော်ကိုလည်း ဖွင့်ပြနေပါသည်။

တပည့်တော်များနေစရာဖို့ ခမည်းတော်ဘုရား သခင်၏အိမ်တော်တွင် မိမိပြင်ဆင်ရန်သွားခဲ့ကြောင်း ခရစ်တော်က တပည့်တော်များကို အာမခံခဲ့ပါသည်။ ဖြောင့်မတ်သောသူများရရှိမည့် ဆုကျေးဇူးကိုဖော်ပြရန် လူ့ဘာသာစကားသည် မစွမ်းနိုင်ပါချေ။ ထိုအရာကို မြော်ကြည့်သောသူတို့သည်သာ သိရှိနိုင်ပါလိမ့်မည်။ ဉာဏ်နည်းသောလူသားများသည်ဘုရားသခင့်နိုင်ငံတော်၏ဘုန်းကို နားလည်နိုင်စွမ်းမရှိပါချေ။

ကယ်တင်ခြင်းခံရမည့်သူများရရှိမည့်အမွေကို "ပြည်တစ်ပြည်ဟု ဟေဗြဲ ၁၁း၁၄-၁၆တွင် ဖော်ပြထားပါသည်။ ထိုပြည်တွင် သိုးထိန်းကြီးသည် မိမိသိုးစုအား အသက်စမ်းရေရှိရာသို့ ပို့ဆောင်လိမ့်မည်။

သလင်းကျောက်ပမာ ကြည်လင်သောရေများနှင့် ပြည့်လျှံလျက်ရှိသည့်ချောင်းများ စီးဆင်းနေပါသည်။ ထိုချောင်းများနံဘေးတွင် အရိပ်ကောင်းသောသစ်ပင်များရှိသည်။ ၄င်းတို့သည် ရွေးနုတ်ခံရသူများအတွက် ပြင်ဆင်ထားသည့်လမ်းများပေါ်တွင် မိုးနေပါသည်။ ကျယ်ပြန့်ညီညာသည့်လွင်ပြင်ကြီးများသည်လည်း တောင်ကုန်းများ၏အလှကို ပို၍တိုးပွားစေပါသည်။ တောင်တန်းကြီးများ၏ တောင်ထိပ်များသည်လည်း မိုးထိအောင်မြင့်မားလျက်ရှိပါသည်။ သာယာသောထိုလွင်ပြင်များနှင့် တသွင်သွင်စီးဆင်းနေသောရေချောင်းများနံဘေးတွင် ဘုရားသခင်၏သားသမီးများ နေထိုင်ကြပါသည်။

"ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကိုစားကြလိမ့်မည်။ သူတို့သည် အိမ်ကိုဆောက်၍ အခြားသောသူနေမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသူစားရမည်မဟုတ်။---

သူတို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာသုံးဆောင်ရကြလိမ့်မည်။" "တောနှင့်လွင်ပြင်သည် ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသောအရပ်သည်လည်း ရွှင်လန်းလျက် နှင်းပွင့်ကဲ့သို့ အပွင့်ပွင့်လိမ့်မည်။ "တောခွေးသည် သိုးသငယ်နှင့်အတူနေလိမ့်မည်။ ကျားသစ်သည် ဆိတ်သငယ်နှင့်အတူအိပ်လိမ့်မည်။ ------ လူသူငယ်တို့သည် သူတို့ကို ပို့ဆောင်လိမ့်မည်။" "ငါ၏သန့်ရှင်းသောတောင်တစ်ပြင်လုံး၌ အချင်းချင်းညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြ။" ဟေရှာ၊ ၆၅း၂၁-၂၂။ ၃၅း၁။ ၁၁း၆-၉။

နာကျဉ်မှုဝေဒနာသည် ကောင်းကင်နိုင်ငံတွင်ရပ်တည်နိုင်သည့်အရာမဟုတ်ချေ။ ထိုနေရာတွင် မျက်ရည်မကျရတော့ချေ။ ဈာပနအခမ်းအနားမကျင်းပရတော့ချေ။ "နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ။" "မြို့သားကလည်း ငါနာသည်ဟုမဆိုရ။ ထိုမြို့၌နေသောသူတို့သည် အပြစ်ဖြေရှင်းခြင်းသို့ရောက်ရကြလတ္တံ့။" ဗျာဒိတ်၊ ၂၁း၄။ ဟေရှာယ၊ ၃၃း၂၄။

ယေရုရှလင်မြို့သစ်သည် ကမ္ဘာသစ်၏မြို့တော်ဖြစ်သည်။ "ထိုမြို့၏အရောင်အဝါသည် ကျောက်သလင်း၊ နဂါးသွဲ့ကဲ့သို့ အမြတ်ဆုံးသောကျောက်မျက်မွန်နှင့်တူ၏။" "လူအမျိုးမျိုးတို့သည်

ထိုမြို့၏အလင်းကိုအမှီပြု၍ သွားလာကြ၏။ လောကီရှင်ဘုရင်တို့သည်လည်း မိမိတို့ဘုန်းအသရေကို ထိုမြို့ထဲသို့ဆောင်ခဲ့ကြလိမ့်မည်။"

"ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်။" ဗျာဒိတ်၊ ၂၁း၁၁၊ ၂၄၊ ၃။

"ထိုမြို့၌ ညမရှိရ။" ဗျာဒိတ် ၂၂း၅။ ထိုနေရာတွင် မောပန်းခြင်းလည်းမရှိပါ။ ကျွန်ုပ်တို့သည် နံနက်မိုးသောက်၏လန်းဆန်းမှုမျိုးကို အမြဲတမ်းခံစားကြလိမ့်မည်။ နေ၏အလင်းကို အခြားသောအလင်းတန်းတစ်ခုက စိုးမိုးထားသည်။ ထိုအလင်းတန်းသည် မကြည့်နိုင်လောက်အောင် တောက်ပလင်းလက်နေခြင်း မဟုတ်သော်လည်း မွန်းတည့်ချိန်အလင်းရောင်ထက် များစွာများစွာပို၍ ထွန်းလင်းနေပါသည်။ ကယ်တင်ခြင်းခံရသူများသည် ထာဝရနေ့ရက်ကာလ၏ ဘုန်းတော်တွင် လမ်းလျှောက်ကြပါသည်။

"မြို့ထဲ၌ ဗိမာန်တော်ကိုငါမမြင်။ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရဘုရားသခင်နှင့် သိုးသငယ်သည် ထိုမြို့၏ဗိမာန်တော်ဖြစ်၏။" ဗျာဒိတ် ၂၁း၂၂။ ကယ်တင်ခြင်းခံရသူများသည် ခမည်းတော်ဘုရား၊ သားတော်ဘုရားတို့နှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ရကြပေပြီ။ ယခုမျက်မှောက်အချိန်တွင် ကျွန်ုပ်တို့သည် ဘုရား၏ရုပ်လုံးတော်ကို မှန်အားဖြင့် ရိပ်မိလျက်သာ ရှိကြသော်လည်း ထိုအခါတွင်မူကား အတားအဆီးမရှိ။ မျက်နှာချင်းဆိုင်ဖူးမြော်ကြရလိမ့်မည်။

# ဘုရားသခင့်မေတ္တာတော်၏အောင်ပွဲ

ထာဝရဘုရားသခင်ကိုယ်တော်တိုင် လူသားများ၏နှလုံးသား၌ စိုက်ပျိုးပေးခဲ့သော မေတ္တာတရား၊ ကိုယ်ချင်းစာတရားများသည် ထိုပြည်တွင် အကောင်းဆုံးလှုပ်ရှားနေပါပြီ။ ကောင်းကင်သားများနှင့် တကွ ခေတ်အဆက်ဆက်တွင် သစ္စာရှိခဲ့သောသူများတို့နှင့်ပြုလုပ်သည့် သန့်စင်သောဆက်သွယ်မှု "ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံး"အား ချည်နှောင်ထားသည့် သန့်ရှင်းသော သံယောဇဉ်များသည် ကယ်တင်ခြင်းခံရသူများ၏ ပျော်ရွှင်သာယာမှုကိုတည်ဆောက်ရာတွင် အထောက်အကူပြုပါသည်။


ထိုအရပ်တွင် မသေကျေမပျက်စီးနိုင်တော့သည့်စိတ်ဓါတ်များဖြင့် ဖန်ဆင်းခြင်းတန်ခိုး၏အံ့ဖွယ်ရာများ၊ ကယ်နုတ်ခြင်းမေတ္တာတော်၏နက်နဲမှုများကို နှစ်နှစ်ခြိုက်ခြိုက်အာရုံပြုလေ့လာကြလိမ့်မည်။ စွမ်းရည်အသီးသီးသည် ဖွံ့ဖြိုးလာလိမ့်မည်။ လုပ်နိုင်စွမ်းများလည်း တိုးတက်လာလိမ့်မည်။ ဗဟုသုတများကို ရှာဖွေဆည်းပူးနေရသောကြောင့် အားကုန်သွားသည်ဟူ၍မရှိ။ ကြီးကျယ်ခမ်းနားသည့် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားကြလိမ့်မည်။ မြင့်မားသော မျှော်မှန်းချက်များကိုတက်လှမ်းနိုင်ကာ အမြင့်မားဆုံးသော ရည်ရွယ်ချက်ကိုပင် အကောင်အထည်ဖော်နိုင်ကြလိမ့်မည်။ သို့စေကာမူ နောက်ထပ်ပို၍သိစရာများပေါ်လာလိမ့်ဦးမည်။ ချီးမွမ်းစရာအံ့သြဖွယ်များ၊ သိရှိစရာသမ္မာတရားများ၊ ကိုယ်စိတ်နှလုံးသုံးပါးကို အင်အားဖြည့်ပေးမည့် လန်းဆန်းသောအရာများ နောက်ထပ်ပေါ်လာလိမ့်ဦးမည်။

စကြဝဠာ၏တန်ဖိုးရှိသောအရာအားလုံးကို ကယ်တင်ခြင်းခံရသူများမြင်တွေ့ကြရလိမ့်မည်။ သေတတ်သောဇာတိဖြင့် ထိန်းချုပ်ထားခြင်းမရှိတော့သဖြင့် သူတို့သည် အတောင်များဖြင့် အဝေးကမ္ဘာများဆီသို့ မမောမပန်းတမ်း ပျံသန်းသွားကြပါသည်။ ဤလောကမှ ကယ်တင်ခြင်းခံရသူသားသမီးများသည် အပြစ်နှင့်မညစ်ညူးသေးသည့် ကမ္ဘာများမှ ဝမ်းမြောက်မှုနှင့် ဉာဏ်ပညာများကို ရယူခံစားကြကာ ၎င်းတို့ခေတ်အဆက်ဆက်ရခဲ့ကြသည့် ဗဟုသုတများကို ထိုကမ္ဘာသားများအား မျှဝေကြပါသည်။ ဘုရားသခင်၏ပလ္လင်တော်ကို စနစ်တကျလှည့်ပတ်လှုပ်ရှားနေသော အရာအားလုံးနှင့်တကွ နေနှင့်ကြယ်များ စသည့်ဖန်ဆင်းခြင်း၏အသရေကို ၎င်းတို့ထင်ထင်ရှားရှား ကြည့်မြင်ကြရပါသည်။

သူတို့သည် ဘုရားသခင်နှင့် ခရစ်တော်တို့၏ဗျာဒိတ်တော်များကိုလည်း ထာဝရကာလဆက်လက်ခံယူကြပါလိမ့်မည်။ ထိုသူများသည် ဘုရားသခင့်အကြောင်းကို ပိုမိုလေ့လာသည်နှင့်အမျှ ကိုယ်တော်၏စာရိတ္တတော်ကို ပို၍ပို၍ ချီးမွမ်းလာကြပါသည်။ ရွေးနုတ်ခြင်း၏ကောင်းမြတ်ခြင်းများနှင့် မဟာတိုက်လှန်ပွဲတွင် စာတန်အပေါ် အောင်ပွဲဆင်ခဲ့သည့် အံ့ဩဖွယ်အောင်မြင်မှုများကို ၎င်းတို့အား ခရစ်တော်ပြတော်မူသောအခါ ထောင်ပေါင်း၊ သန်းပေါင်းများစွာသော ထိုသူများသည် ဝမ်းသာပီတိဖြစ်ကာ ဂုဏ်တော်ကိုချီးမွမ်းကြပါသည်။ "ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၊ သမုဒ္ဒရာအထဲအရပ်ရပ်တို့၌ ရှိရှိသမျှသော ဝေနေယျသတ္တဝါအပေါင်းတို့က ပလ္လင်တော်ပေါ် မှာထိုင်တော်မူသောသူနှင့် သိုးသငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူစေသတည်း" ဗျာဒိတ် ၅း၁၃

မဟာတိုက်လှန်ပွဲကြီးသည်လည်း အဆုံးသတ်သွားချေပြီ။ အပြစ်နှင့်တကွ အပြစ်သားများလည်းမရှိကြတော့ချေ။ စကြဝဠာ တစ်ခွင်လုံးသည် သန့်ရှင်းစင်ကြယ်ကာ ညီညွတ်မှု၊ ပျော်ရွှင်မှုများဖြင့် လွှမ်းမိုးနေပါသည်။ ကိုယ်တော်ရှင့်ထံမှ ယိုစီးထွက်လာသောအသက်၊ အလင်းနှင့် ဝမ်းမြောက်မှုများသည် ဝေနေယျသတ္တဝါများသို့ အကန့်အသတ်မရှိ ဖြန့်ကြက်နေပါသည်။ အသေးငယ်ဆုံးအက်တမ်မှအစ အကြီးကျယ်ဆုံးကမ္ဘာများအဆုံး သက်ရှိ၊ သက်မဲ့အရာအားလုံးတို့က ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်ဟု ဖုံးကွယ်၍ မရသောအလှ၊ စုံလင်သောပျော်ရွှင်မှုများဖြင့် ကြွေးကြော်ကြပါသည်။

-----ooo-----


မျက်မှောက်ကာလ မှ ထာဝရကာလသို့
မျက်မှောက်ကာလ မှ ထာဝရကာလသို့